www.burmeseclassic.com



www.burmeseclassic.com

# နက္ခတ္တရောင်ခြည်


စာတည်းချုပ်

ဦးကျော်မိုးသိန်း

တာဝန်ခံစာတည်း

ဝဏ္ဏဒေဝ

နယ်လှည့်အယ်ဒီတာ

အောင်ဇ(LL.B)ကိုရိုးဆန်း၊

သန်းထွန်း (ဘားအံ)

ပါဠိ အယ်ဒီတာ

ဦးစံတင့်

(ဝေဒနီဘာသာ ပဋိသမ္ဘိဒါမဂ်နိုင်ငံတော်ပရိယတ္တိ)

ဥပဒေအကြံပေး

ဦးထွန်းစိန်

B.A(Myanmar) H.G.P.R.I (Advocate)

ပန်းချီဒီဇိုင်းပညာရှင်

ကိုတင်ဦး၊

တင်တင်နွယ်

မျက်နှာဖုံးပန်းချီ

မြတ်မင်းဟန်

ဖြန့်ချိရေးမှူး

ယဉ်ကျေးဝေ

ကွန်ပျူတာစာစီ

ပါရမီ ကွန်ပျူတာစာစီပုံနှိပ်ငန်း

အတွင်းဖလင်

ပါရမီ

နာယကကြီး

ဒေါက်တာ အောင်နိုင်

M.B.B.S (Ygn)

အ-ဘ-ဝ(တိုင်းရင်းဆေး)

M.Med Sc (Pharmacology)

Advanced Pharmacometric

Training (London)

M.C.P.A, A.T.C.M

(Wuhan), D.M.A

Senior Fellowship of Ayurvedic

Medicine (India)

သာသနဇောတိကဓဇ

ကောလာသ ဆရာအောင်

တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ

အကြံပေး

ဒေါ်ဝတ်ရည်ထွေး

B.Sc(Bot), Dip.T.Med.

ဦးဝင်းထိန်ကျော်

B.A(Philos) Dip.T.Med.

T.L.R.M (INDIA)

အနောက်တိုင်း ဆေးကဏ္ဍ

အယ်ဒီတာ

ကိုကိုအောင်




မင်းတုန်းမင်းတရားကြီး လှူဒါန်းသော

ရွှေအကျအသုံး

မဟာအတုလ မံ ရုပ်ပွားတော်ကို...

● ၈၇-၁၀၉


ထုတ်ဝေသူ

ဦးခင်မောင်ဝင်း(၀၃၄၇၂) နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်၊

၂၃၃၊ ၂၉ လမ်း ရန်ကုန်မြို့၊

အတွင်းနှင့် မျက်နှာဖုံးရိုက်

ဦးခင်မောင်ဝင်း(၀၅၃၉၄) ပါရမီအော့ဖ်ဆက်၊

အမှတ် ၅၈၉၊ ရန်ကြီးအောင်လမ်း

၅-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊

ရန်ကုန်မြို့၊

မန္တလေးဖြန့်ချိရေး

နဂါးစာပေ

ရှမ်းတောင်ကယား ဖြန့်ချိရေး

မီလုံနာစာပေ (တောင်ကြီး)

ဂဂါနဒီစာပေဖြန့်ချိရေး(တောင်ကြီး)

မွန်ပြည်နယ်၊ ကရင်ပြည်နယ်ဖြန့်ချိရေး

တော့်ကော့်စာပေ(မော်လမြိုင်)

ဖြန့်ချိရေး

ကျော်မိုးသိန်းစာပေ၊ ၂၃၃၊ ၂၉ လမ်း၊ ရန်ကုန်မြို့၊

☎- ၀၁ ၂၄၂၂၈၄



ကြော်ငြာဌာနမှူး – ကိုတင်မောင်ဋ္ဌေး

မင်္ဂလာ ဓိးမွှားရေးကြော်ငြာလုပ်ငန်း



၂၀၀၃ ခုနှစ်၊ ဇွန်လ

အမှတ် ၃၂၃

အုပ်ရေ

၁၀၀၀

ငါးရာကျပ် (၅၀၀/-)

☎-၀၁ ၂၄၂၂၈၄




www.burmeseclassic.com

www.burmeseclassic.com



ဂိုးခေါင်းသော ကာလများတွင်
ဆင်ကိုးစီးဘုရားအား
ရှေးသပ္ပါယ်ပါက ... ☛ ဂ-၂၁

**အရွယ်အစားမျိုးစုံ**
**တစ်စုတဝေးတည်း မြင်တွေ့ရသော**
**ကြေးရုပ်အလေးများမှာ.. ☛ ဂ-၁၈၅**



## ➴ တွေ့ဆုံခြင်းရောင်ခြည် ➴

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ကျွန်းမာပါဝေ
တိုင်းရင်းဆေးခန်း ဆရာဦးသိဟ(တဆ-၀၃၃၈၀)၏
ဝရင်ဂျီနာရောဂါ ကာကွယ်စောင့်ရှောက်နည်း
[မြောင်းမြ မောင်ယဉ်တင့်] ၁၆၉

## ✽ ပညာပေးရောင်ခြည် ✽

သင်္ကေတများ၏ ဘာသာစကား (၂၄) [ဟူကျင်းဇီ] ၁၀၁
လူတိုင်းအတွက် တရုတ်ရိုးရာ
ဖိန်ပမ်ကော်ရှင်းတမ်း (၆၉) [သက်မင်းကျော်စွာ] ၁၄၀
တရုတ်ကြံ့ခိုင်ပညာ (၇၉) [ဟူကျင်းဇီ] ၁၆၁

## လက်တွေ့ဟောရောင်ခြည်

ကိုယ်ပိုင်အလုပ်ဆိုင်လုပ်ငန်းနဲ့ အောင်မြင်တိုးတက်နိုင်သလား
[ဆရာကြီး ဦးအောင်မြင့်-ဥပဒေဘွဲ့] ၁၂၃
တမ္ဘာကျော်အဆိုတော် မိုက်ကယ်ဂျက်ဆင်၏လက် ၁၅၁
ဘယ်လုပ်ငန်းနဲ့အကိုက်ညီမလဲ [ဦးသော်ခင်-ဟဿာတ] ၂၀၆
အမေးရှိ၍ အဖြေရှိရပါသည်
[ဆရာ ဦးခင်မောင်လင်း- ရွှေဘို၊ B.Sc] ၂၁၅

## ☛ လမ်းညွှန်ရောင်ခြည် ☛

သပြေဆောင်ကျွန်းနှင့် သိဒ္ဓိမြောက် ရွှေမိတော့ာင်း(၁)
[ငြိမ်းသော်တာ] ၁၅
ရွှေးလပို့တောင်တွေ အနောက်ဘက်အခြေမှ
ချမ်းမြေ့ရိပ်မြိုင် သပိတ်တိုင်သာသနာ့မြေသို့(၂)
[စင်ညိုဝေယံ] ၄၁
စိမ်းရောင်စို တောင်ညိုမှိုင်းရီသည့် သာသနာ့အောင်မြေ
ဌာနေတိုင်းဆီသို့ (၃) [သက်မင်းကျော်စွာ] ၄၉
ကိုးမြို့တောင်တန်းမှ သတ္တဝတီ သာသနာ့မြေ
နန်းဆီသို့(၈) [ဘုန်းကျော်စွာ-မြိုင်တဏ္ဍသိုလ်] ၅၅
မြင်သာတောင် ဆံတော်ရှင်
ရွှေစေတီကုန်းတော်ဆီသို့ (၃) [စံထွန်းသာ] ၈၁
ရှမ်းနိုင်ငံမြောက် ဘုံဘုရားတော့ာင်းသို့ [စံထွန်းသာ] ၁၅၃

## ○ အထူးကဏ္ဍရောင်ခြည် ○

မဟာဗောဓိ မြစိမ်းတောင်ဆရာတော်နှင့်
ဖူးရင်းစမ်းတောရ သာသနာ့မြေ(၁) [စံထွန်းသာ] ၉
အောင်အတိတ်ဆောင် သိင်္ဂုတ်တောင်မှီဆီမှ
ပုထိုးစေတီ နေရာထူးများ (၁၀) [သက်မင်းကျော်စွာ] ၆၅
စစ်ကိုင်းတောင် မဏ္ဍလာကျွန်းကူးရှောင် ဆရာတော်
ဦးကောဝိဒနှင့် ဓန္တာညာဏ်ရောက်ကျင့်စဉ်တရား(၃)
[သံသရာခရီးသည်တစ်ဦး] ၇၃
ဝေဟင်ယံတွင် မှတ်တမ်းပြု ဖူးတွေ့ရသည့်
ရေတံခွန်တောင်ခြေ မြတ်သမဏ၏ အောင်ရုပ်ဘွေ
မြေမဟိနန်းဆီသို့(၄) [ခရီးသည်သုတေသီတစ်ဦး] ၈၉
ပေါင်လောင်ရှင်တာသာပမထေရ် ကောင်းမှုစေတီများ
ပူဇော်မှုခန်း (ယင်းမာပင်မြို့နယ် ရေပုပ်ဘုရားကြီး-၂)
[ဘုန်းကျော်စွာ-မြိုင်တဏ္ဍသိုလ်] ၉၅
တောင်လေးလုံး မြသိန်းတန် အမလစေတီမှ
ထူးခြားအံ့ဖွယ်ရာများ [မကွေးလှမြင့်] ၁၀၅



www.burmeseclassic.com

www.burmeseclassic.com

## ကိုယ်တွေ့ရောင်ခြည်


ကျွန်ုပ် တွေ့ကြုံခဲ့ရသော ဒဏ္ဍာရီမဟုတ်သော ဖြစ်ရပ်မှန်များ(၂) [ထွေးနုဒီ] ၂၀၄
မြသပိတ်တောင်က ပုဂ္ဂိုလ်ထူး [ရွှေတောင် ကြည်မောင်အေး] ၂၄၁
ပဋိပတ်ထေရ်တော်နှင့် ကျွန်တော်၏ အတွေ့အကြုံများ [အေးချမ်းအောင်-ရမည်းသင်း] ၂၆၇
ရွက်ဖြူနတ်မင်းကြီးနှင့် ကျွန်မကိုယ်တွေ့ဖြစ်ရပ်များ [မေမိုးမြင့်ပန်း-ဘဝဝ်] ၂၇၃
တွေ့ရကြုံရ ကျောက်သမားဘဝ(၆) [ရွှေကသစ်-ကျောက်မျက်] ၂၈၉
ကျွန်တော်၏ တောတွင်းအတွေ့အကြုံများ ဖြစ်ရပ်မှန်(၈၉) [ဦးသန်းစိုး-ချောင်းနက်] ၁၇၇


## ထူးခြားဆန်းကြယ်ရောင်ခြည်



ကိုင်းတောတွင်းက ဗုဒ္ဓရုပ်ဆင်းတုတော် [ဦးစံဝင်း-သောင်ကုန်းရွာ တောင်ငူမြို့နယ်] ၇၉
ထူးဆန်းသော မီးလုံးကြီးနှင့် ပရလောကသား [ရွှေမှော်ချမြို့ မောင်ကြည်သိန်း] ၂၃၃
ဘကြီးမှံနှင့် ထူးဆန်းသော အပုလုံးကြီး [ဟင်္သာတ သန်းလှိုင်ကျော်-ရွှေပန်းချီ] ၂၅၇
ကုလားမတောင်မှ ထူးဆန်းသောမှို [သန္တာစိုး-ခင်ကျိုက်မြို့] ၂၄၆
သမထစွမ်းအင် အကြွားအခြင် [မောင်မောင်မြ-ရေစကြိုး] ၂၂၉


## ဆေးဖြိုးတိုရောင်ခြည်


သက်ရှည်အဘနှင့် ဖန်ခါးသီးဆေး [မြင့်သန်းအောင်] ၂၃
ဆီးချိုအတွက် ဆေးမခက် [ထီလာကျော်] ၁၆၀
အမျိုးသမီးများ မီးယပ်ချုပ်ရောဂါအတွက် ဆေးနည်းတစ်လက် [ဦးလှကြည်-အောင်လံမြို့] ၂၀၀
ဆင်ပွေးအတွက် မြစ်ချိုင်းပြီးဆေး [တုမ္ဗပတိကိုကိုလေး-ဘီအေ] ၂၁၆
ကလေးသူငယ်များ မေ့တတ်သောရောဂါပျောက် ဉာဏ်ရည်ထက်မြက်စေသည့် ဆေးနည်း [ဆရာသန်းဆောင်-နဘဲကန်] ၂၂၄



## ဆေးဗေဒရောင်ခြည်


ရွှေထွက်လွန်မှု သတိပြုနှင့် ရွှေထွက်လွန်ခဲ့ရင် [ဆင့်ပွားလှိုင်-ထိုင်းရှင်းဆေး] ၁၁၁
မျက်စိရောဂါ သေးနုအမျိုးမျိုးကို သက်သာပျောက်ကင်းစေနိုင်သည့် လရောင်အောက်ဖော်စပ်ရသော ဆေးနည်းဆန်းတစ်လက် [နယ်လှည့် သုတေသီ] ၁၆၈
သခေါ်ပြုပြ ချက်နည်းသုံးနည်း [ဦးဖွန်း] ၁၉၁
အကြောသေ အကြောကပ် လေဖြတ်ဆေးတစ်ခု [ကျော် - ရမည်းသင်း] ၁၉၅
အသည်းခြောက် ရေဖျဉ်းခြုံခြင်းအတွက် ဆေးကောင်းတစ်လက် [စင်ရော်] ၃၀၃

ဧရာပုပ်ရွာမှာ ရှားပေါင်းကျန်ရှိသော ကျန်ရစ်ခဲ့သော်လည်း စေတီတော်ကြီးမှာ ➡ စာ-၉၇

**တန်ခိုးရှိသော နဂါးရစ်ခွေတန်ခြင်း ပဋ္ဌာန်းပူဇော်ခြင်းဖြစ်ရာ ဈေးသည်၊ လေတပ္ပရာ အကျိုးထူးများကို** ➡ စာ-၅၇






BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ခန္ဓာနဲ့ စပ်ဆိုင်သမျှကို ရှုမှတ်ပါ
ခံစားမှုဝေဒနာကို ရှုမှတ်ပါ
ဖြစ်ပေါ်လာတဲ့ စိတ်အစဉ်မှန်သမျှကို… ☛ စာ-၂၅

BURMESE CLASSIC .com

တို့အသက်(၈၅)နှစ်မှာ
ဒီလို မှန်လာထုပ်ပင်ဒေသာမျိုး
တစ်ကြိမ်တစ်ခါမှ… ☛ စာ-၃၈




✻ အင်းဓမ္မရောင်ခြည် ✻

စည်းရုံးရေးဝါဒတော်နှင့် နည်းလမ်းစင်တော်
[မောင်မြင့်ရွှေ-နတ်မောက်ဘုတာ] ၇၃
ပညာရေးအတွက် အထူးအဆောင်[ဦးအောင်ဇော်ဝင်း] ၂၀၅
နေပူစေ မိုးဖွဲ့စေသောအင်း [ကောင်းထက်-ချောင်းနက်] ၂၂၂

✻ ကျင့်စဉ်ရောင်ခြည် ✻

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ရန်အောင်
ကျောင်းတိုက် အောင်မေတ္တာဝါဒီကျောင်းဆရာတော်
ဓမ္မဒီပ အရှင်ညာဏောဒယ(မြောစရိယ)၏ ဝုဏ်တော်
(၁၃)ပါးဂါထာ၊ မေတ္တာသုတ်ကျင့်စဉ်ဖြဲဝါဒထူးများနှင့်
လက္ခဏာပုံရိပ်များ [ဦးသော်ခင်-ဟသာ်တ] ၁၁၃
စမ်းပွင့်ကံပွင့်ဉာဏ်ပွင့်လာဘ်ပွင့် ဝမ္မီရအစီအရင်ကျင့်စဉ်
[ဦးခင်မောင်သန်း-အ.မ.က၊ ပခန်းတန်း] ၁၃၅
သိဒ္ဓိတင် စိပ်ပုတီး [တက္ကသိုလ်အပန်ငယ်] ၁၉၃
မဟာဘုတ်ချိန်ခွင်နှင့် အေးမြချမ်းသာကျင့်စဉ်
[သန်းပညာ] ၂၀၁

✻ ဂန္ထဝင်ဝတ္ထုရောင်ခြည် ✻

တမလွန်မှ ကယ်တင်ရှင် [အေးဆွေ-ပန်းတောင်း] ၂၅၁

✂ ဗေဒင်ဆုံးအစဉ်တမ်းညွှန်ရောင်ခြည် ✂

၂၀၁၃ ခုနှစ်၊ ဖွန်လအတွက်
ခုနစ်ရက်သားသမီး ဟောစာတမ်း [ဆရာ ရောင်ခြည်] ၁၆၆
၂၀၁၃ ခုနှစ်၊ ဖွန်လအတွင်း
လာဘ်လာဘရွှင်လန်းစေဖို့ [ထက်မင်းကျော်စွာ] ၁၈၂
၂၀၁၃ ခုနှစ်၊ ဖွန်လအတွင်း
ပုံရိပ်ရှင်တို့၏ ကံကြမ္မာ [ဟူဂျင်းစီ] ၂၁၃

✧ စိတ်ဖွင့်အင်းရောင်ခြည် ✧

ရုပ်ထားနာမ်စွာ (သို့) လိပ်ပြာလွှင့်မြင်းလော
[အောင်လှသန်း-မင်းဘူး] ၂၆၅

✢ ထူးခြားအစိမ်းဝင်ရောင်ခြည် ✢

ပေါင်းစည်းခြင်းမင်္ဂလာ ဝေါ်ဇီထုပ်ပဒေသာ
[ထိပ်တင်ထွေး-နဒီပါဒ] ၃၈
လပ်ကီးဝမှန်းတို့ ပွင့်လေပြီ [သခင်ဝင်း-ရွှေကျွန်းမြေ] ၁၃၇

❒ အကျိုးရတဲ့ရောင်ခြည် ❒

နည်းတူလျှင် မီးပူမခံရတဲ့ စိန်ခါတ်လုံး
[ကြည်စိုး-မနော်မယိဒ္ဓိ၊ ရောမြေ] ၁၃၉
လွယ်လွယ်လေးနဲ့ ချော်နှစ်ခံပြဒါး ဖမ်းရအောင်
[ဦးတင်ဝင်း-ဂန္ဓီရသုတေသီ] ၁၆၄
နတ်မီးတောင် ဘုန်းတော်ကြီး၏
ထွက်ရပ်ပေါက် ပြဒါးလမ်း [ဦးသုမန-မတိုးရိမ်] ၂၀၇
နှာတစ်ဆယ် ဝဲကာတော့ [ရွှေတောင် ခင်မောင်ကြည်] ၂၀၉




www.burmeseclassic.com

www.burmeseclassic.com


**● အစီအရင်ရောင်ခြည် ●**

မဟာဝဇ္ဇာရှိ ဝိဇ္ဇာမယက်နှုပေါင်းစီရင်နည်း
[ဂန္ဓိရလုလင်-ရွှေကျင်] ၄၆

အဘယသိဒ္ဓိ ဇေနန်ဆီမန်း [အောင်းရွှေ-ဇီးကုန်း] ၅၅

တနင်္လာသားသမီးများ တနင်္လာသက်ရောက်ကြုံလျှင်
[ရဲထွန်းအောင်] ၁၁၀

လာဘ်ပွင့်လာဘ်ခေါ် ကြက်မင်းမွေးနည်း အစီအရင်
[နတ်မောက် လှမြင့်သစ်] ၁၁၂

အင်္ဂဝိဇ္ဇာအခါ ယတြာမင်္ဂလာအခါပေး
[မောင်ဗဟိန်း-အင်းတော်] ၁၈၃

အိမ်မြေ ပိုင်ဆိုင်ဖို့ ယတြာအစီအရင်
[ဂါမဏိဇော်-ဝိဇ္ဇာဓရ၊ စစ်ကိုင်း] ၂၁၇

ဈေးမြရင်မှာရှိပါစေ[ကျန်းမာရေး မကောင်းလို့
ယတြာလုပ်ချင်ကြရင်] [သန်းခေါင်-ပညာရေး] ၃၀၁

**✱ ဂါထာမန္တန်ရောင်ခြည် ✱**

ဖာဓိဌာန်ဖြင့်ကျင့်သောသူတော်စင်များ အာဟာရအတွက်
အရသာပြောင်းဂါထာ
[စောလင်း-စောဝဂ်၊ နေပြည်တော် ပျဉ်းမနား] ၆၂

ဉာဏ်ပညာ ထက်မြက်၍ ဘေးအန္တရာယ် ကင်းဝေး
စေသောဂါထာတော် [ဦးအုန်းမြင့်-ဟသ်ာတ] ၁၂၅

ဆန္ဒပြည့်ဝ အိမ်မက်ရ ဘုရားရှိခိုး [ဦးနရိန္ဒ-ခရီးသည်] ၁၃၃

ပုဂံခေတ် မိုးကြိုးလွှဲဂါထာတော် [မောင်မေတ္တာ-ဝါးခယ်မ] ၂၀၂

**✳ ဗေဒသုတေရောင်ခြည် ✳**

ကျွန်ုပ်နှင့် ၄-ဂဏန်း မွေးနေ့ရှင် [အောင်ဆန်းလင်း] ၁၀၃

**✝ ထူးခြားပဒေသာရောင်ခြည် ✝**

မြို့ပေါ်ရွာမှ ရှေးမြန်မာအသုံးအဆောင်များ
[စောသိင်းလ] ၁၄

ချေတစ်ပင်တိုင်ချိုအစွမ်း အုံ့မခန်း [ဓမ္မာမိုး-တောင်ငူ] ၁၁၇

မဟာပိန္နဲ [ဝင်ငြိမ်းလင်း] ၁၂၇

ကျွန်ုပ်တို့ ဘိုးဘွားပိုင် ရှေးဟောင်းအမွေအနှစ်များ
[မင်းရဲထွန်းမြင့်-မြစ်သား] ၁၈၅

**● ရိုးရာဗေဒပညာရောင်ခြည် ●**

သိုင်းပညာရှင် ဆရာကြီး မင်းယတွေ၏ ဘဝအတွေ့
အကြုံများ (၁၇) [ဆရာကြီး မင်းယက္ခ-တိုက်ပွဲဝင်] ၁၈၀

**★ မြန်မာ့နှစ်သစ်ကူးရောင်ခြည် ★**

၁၃၇၅ ခုနှစ်မှာ သတိထားရမည့် အချိန်ကာလများ
[ကောင်းမြင့်မြတ်စိန်] ၁၉၆

**✍ အမျိုးသမီးအထူးရောင်ခြည် ✍**

သင်္ဘောဖို့ပွင့် မခါးဖောင်ပြုတ်နည်း
[တင်ထွန်းလှိုင်-မြစ်သား] ၁၇၄

ရာသီအစားအစာ စားတမာ
[ဒက္ခာရီ-စက်မှုလယ်ယာ၊ ဆင်ဖြူကျွန်း] ၁၉၂




မုန့်ပေါင်းနဲ့
ပူဇော်ထားတာ
တစ်နှစ်ကျော်
ကြာတဲ့အထိ
မပုပ်မသိုးဘဲ…
စာ-၈၉

ညီဗျတ္တာအား
ကြက်မ
တစ်ဝပ်တာ
မြေနေရာ
ပြပေးနေတဲ့…
စာ-၆၅





www.burmeseclassic.com

www.burmeseclassic.com



တံခါး
စောင့်
ဘီလူး
ရုပ်တု
ကို
ထူးခြား
စွာ
တွေ့
ရသည်...
♦ စာ-၁၇



မြစိမ်း
တောင်ညို
မှ
သာသနာ
ပြု
မယ်တော်
မြစိမ်း
သခင်မ
ရုပ်တုကို...
♦ စာ-၅၃

ပထမ သပိတ်ဗိုလ်ဆရာတော်ကြီး
တရားကျင့်ကြံခဲ့သော
လိုဏ်ဂူကို တွေ့ရသည်... ♦ စာ-၅၅




✻ ကုဖုံးရောင်ခြည် ✻

အကြောနှင့်ဆရာ ဆက်စပ်ပါ မြန်စွာပျောက်ကင်းမှု
[မခံမရပ်နိုင်အောင် ခေါင်းတိုက်နေသော]
[ဦးလှညိမ်း–တံတားဦး၊ အင်းဝ] ၁၄၃

ရှေးဆရာကြီးများ ထားခဲ့သော အလွယ်သဘော
စတိကုထုံးနည်းများ [ကောင်းခန့်–သခွတ်မြေ ဝက်လက်] ၁၇၂

○ သုတေသနရောင်ခြည် ○

မဟာဘုတ်ချိန်ခွင်နှင့် ကျေးဇူးရှင်ဆရာတော်ကြီးများ
(ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၊ နာဂလိုဏ်ဂူ
ကလေးဝကျောင်းတိုက် ပဓာနနာယက ဆရာတော်
အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဓာဂရာဘိဝံသအား
ပူဇော်ဂါရဝပြုခြင်း) [သန်းပညာ] ၁၂၉

စိတ်ဝင်စားဖွယ်ကောင်းသော
ထိုးမြဲလက်မှတ်များအကြောင်း
[ဆရာကြီး ဦးအောင်မြိုင်–ဥပဒေဘွဲ့] ၁၃၀

မြောက်ဦး တူးဖော်ရေးကုန်းအမှတ် (၂)မှ
တူးဖော်တွေ့ရှိသည့် ယဉ်ကျေးမှုရှေးလက်ရာများ (၁၅)
[ပန်းချီထူးလှ–ရှေးဟောင်းသုတေသန] ၂၁၉

◆ ကျန်းမာရေး မာဟီမာရောင်ခြည် ◆

၂၀၀၃ ခုနှစ်၊ ဇွန်လ ကျန်းမာရေးအတွက်
အကြံပေးချက်များ [ဟူဂျင်းဇီ] ၂၂၃

○ အမေးအဖြေရောင်ခြည် ○

အလောင်းထမ်းပုံစံဖြင့် မွေးကောင်းပါသည်
[မောင်အေးကြူ–စီးပွားရေး] ၉၄

တွန်းမင်းအကြောင်း သိသူများမှ ဖြေပေးကြပါ
[ကသာ သင်းမွေး] ၁၂၁

✻ ပါရမီဖြည့်ရောင်ခြည် ✻

တွဲ့နွားတို့ မျက်စိရောဂါကုနည်း
[နတ်မောက် လှမြင့်သစ်] ၂၀၈

▣ ကြံ့ညှိသိခြင်းရောင်ခြည် ▣

ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နယ်၊ တိုးသဲမြို့မှ
အန္တရာယ်ကင်း တပ်ကျော်ဆင်ကိုးစီးမြတ်စွာဘုရား
[ကိုသက်–ဇီးကုန်း] ၂၁

ရခိုင်မိုးမတစ်နေရာမှ အိပ်မက်အရ ပင့်ဆောင်ရရှိသော
ဓာတ်တော်တစ်ဆူ [ခင်ထွန်း] ၈၇




www.burmeseclassic.com

www.burmeseclassic.com


○ ပြန်ချင်းပြိုးစေးဝင်စေးမြစ်ရောင်ခြည် ○

အစွမ်းထက် လောက်သေရွက်
[မောင်စိမ်းဆွေး–ထားဝယ်] ၁၅၅

✍ ထပ်ဆင့်အသံရောင်ခြည် ✍

တေးနုဖူးတင်ပါသည် နက္ခတ္တရောင်ခြည်
[သွေးတိုးနှင့် နှလုံးသွေးကြောကျဉ်းသော်]
[ကျောက်ဆည်–မင်းမပေါ်] ၉၆

✻ အောင်မြေရောင်ခြည် ✻

စစ်ကိုင်းတစ်ခွင် သမိုင်းဝင်စေတီများ၏ အောင်မြေနှင့် နိမိတ်
ပုံဖော်ဂါထာတော်များ(၄)[အောင်ရွှေမြတ်–စစ်ကိုင်းတောင်] ၃၃

✧ ထီဗေဒရောင်ခြည် ✧

၂၀၁၃ ခုနှစ် ဇွန်လအတွက် ဓာတ်ကြီးငါးပါး
ရိုးရိုးမှုနှင့် အောင်ဘာလေထီဆုငွေ [ထက်မင်းကျော်စွာ] ၁၉၉
၂၀၁၃ ခုနှစ် ဇွန်လ ထီအတွက်
ရွှေချယ်ပါ ဤဂဏန်း [ဆရာရဲထက်–သုတေသီ] ၃၀၄

✎ ပုဂ္ဂိုလ်ထူးရောင်ခြည် ✎

ရုပ်ကလာပ်တော် မပုပ်ပျက်ဘဲ ဆံတော်ရှည်ထွက်နေဆဲ
ဖြစ်သည့် ပထမကြီးမြှပ်ဆရာတော် အရှင်သုဓိယအား
ကြည်ညိုပူဇော်မှုခရီး(၁) [ဇင်ညိုငယ်] ၂၅
ကြိမ်တောမြောင်သိမ်ကျောင်းဆရာတော်
ဦးအာဒိစ္စဝံသ၏ ထူးခြားသော ရုပ်ကလာပ်တော် (၁)
[ထက်မင်းကျော်စွာ] ၁၄၅

● ဖြစ်ရပ်မှန်ရောင်ခြည် ●

ဥစ္စာတို သိုက်ကသာ ပေးသည်မတုတ်
[မောင်နီး–ကျောက်မဲ] ၂၂၉
ရှာပုံတော်တစ္ဆေ တစ္ဆေလို့ရယ် [သီလာ–ရေတံခွန်တောင်] ၂၃၅
နီဗွာန်ယာဉ်မှ ထိုမိန်းမ [ရွှေကံမြေ ဖိုးကော] ၂၃၇
ကိုယ့်အသုဘထရေး ကိုယ်တိုင်နားသော ဝိညာဉ်
[ဦးမင်းညို–မြဝတီ] ၂၄၉
ငရဲပြည်မှ တျောက်ခဲရိုနိ ဘဝသစ်ရခဲ့သူ မဘင်းသင်းခေ
(ခေါ်) တရုတ်မ [နိုင်သန်းညွန့်–ပညာရေး] ၂၆၁
အမှာစကား ပါးလိုက်သော ပရလောကသား [ချစ်ဆိုင်] ၂၇၀
ငါ့ကြွယ်သီးပြန်ပေး [အောင်ရန်နိုင်–B.Sc] ၂၇၅
အိမ်အောက်က သစ်ငုတ်တို [မောင်ဇရာ–ရာမည] ၂၇၈
ပြောင်းလဲခြင်း [ကိုရွှေမိုး] ၂၈၁
မြွေဖမ်းကြသူများ [ရဲရဲထွန်း–ဟသ်ာတ] ၂၈၇
နတ်ဝှက်ခံရသော ဗုပန်လူဝင်စားလေးတစ်ဦး
[ဦးတင်ဝင်း–အောင်လံ] ၂၉၇




ကျွန်းတော
တိုင်းတွင်
ကျွန်းမင်း
မရှိ
ရှားရှား
ပါးပါး
ရှိခဲ့
ရင်လဲ..
➧ စာ–၁၂၁



ဤ
လယ်ကွင်း
ဂမုန်း
အပွင့်
ပွင့်သည်နှင့်
ငွေဝင်
လာတတ်ရှင်
သည်ကို...
➧ စာ–၁၃၇



ပထမဆရာတော် တရားကျင့်ရာ
ကျောက်လိုဏ်ဂူဖြစ်သည်
ဂူထဲအဝတွင်...
➧ စာ–၈၆



www.burmeseclassic.com

www.burmeseclassic.com

# မဟာဗောဓိ မြစိမ်းတောင် ဆရာတော်

## နှင့် ဒူးရင်းစမ်းတောရ သာသနာမြေ (၁)

စံလွင်သာ

စာရေးဆရာ အောင်ဝင်းတင့် (ကံမ) ၏ အကြံပေး လမ်းညွှန်မှုကြောင့် ကျိုက်မရောမြို့၊ **မဟာဗောဓိ မြစိမ်းတောင်ဆရာတော် အရှင်ရာဟုလာ** ထံတော်ပါးသို့ သွားရောက် ဖူးမြော်ကြည်ညိုဖြစ်ခဲ့ပါသည်။

---

ခရီးစဉ်

---

''ထန်းပင်, ထန်းလက်, ထန်းရွက် ဝေစည် သာယာလှပါသည်''ဟု စာဖွဲ့လေ့ရှိကြသော ကျိုက်မရောမြို့သို့ (မော်လမြိုင်ဘက်မှ)အဝင် လမ်းသုံးခွတွင် ခုနစ်ခွေ တောင်ကြားလမ်းဆီ ဦးတည်သော လမ်းကလေးအတိုင်း လိုက်ပါခဲ့ရာ ရုံးစုအလွန်တွင် မဟာဗောဓိ မြစိမ်းတောင် ဒူးရင်းစမ်းတောရသို့ လမ်းညွှန်ဆိုင်းဘုတ်ကို တွေ့ရသည်။

ထိုမှ လက်ယာဘက် မြေလမ်းအတိုင်း ချိုးကွေ့ဝင်ခဲ့ရာ လမ်းခုလတ်တွင် မဟာဗောဓိစေတီတော် ကိန်းဝပ်တော်မူသည့် မြစိမ်းတောင်ကို အဝေး၌ လှမ်းမြင်ရသည်။ မဟာဗောဓိ စေတီတော် တောင်ထွတ်၏ လက်ယာဘက် လျှိုအတွင်း၌ ဒူးရင်းစမ်းတောရ တည်ရှိကြောင်း သိရသည်။

ထိုမှ မြေလမ်းအတိုင်း ဆက်၍ ခရီးနှင်ရာ ဆယ်မိနစ်ခန့် (ဆိုင်ကယ်ခရီး)အကြာ လမ်းအဆုံးတွင် ကြည်လင်အေးမြသော ဒူးရင်းစမ်းရေနှင့် တစ်ဖက်တွင် တောရအဝင်မုခ်ကို တွေ့ရသည်။



◆ ဆရာတော် ဒိဋ္ဌပြုသည့် မဟာဗောဓိ စေတီပုံတော်

မုခ်ဦးအနီး၌ ဆိုင်ကယ်ရပ်နားကာ အတွင်းသို့ ဝင်ရောက် စုံစမ်းလျက် ဆရာတော် အရှင်ရာဟုလာအား ဖူးတွေ့ခွင့် ရခဲ့သည်။

ဆရာတော်က အနည်းငယ် မေးမြန်း အကဲခတ်ပြီးနောက် အချိန်ယူကာ စိတ်ရှည်စွာ ရှင်းပြတော်မူသည်။ ဆရာတော်ကား ဖူးတွေ့လာသူ၏ စိတ်အကြံ၊ ရည်ရွယ်ချက်ကို မှန်းဆ သိမြင်နိုင်သော ဆရာတော်တစ်ပါး ဖြစ်လေ

www.burmeseclassic.com



◆ အဝေးမှ မြင်ရသော ပုထိုးတောင်စေတီ

သည်။ **(ကောင်းသောစိတ်အကြံ ရည်ရွယ်ချက် ဟုတ်မဟုတ် မှန်းဆနိုင်ခြင်းကို ဆိုလိုပါသည်။)**

ဘုန်းကြီးရဲ့ သာသနာပြုခရီးမှာ မန္တလေး၊ ပုသိမ်ကြီးက ရေဝေစမ်းတောရနဲ့ သခင်မတောင်ပေါ်က အဇပါလ သိမ်တော်အကြောင်း မန္တလေးမြို့သစ်က စာရေးဆရာတစ်ယောက်က နဂ္ဂဟာရောင်ခြည် မဂ္ဂဇင်းမှာ ရေးဖူးတယ်။ စုံစမ်းကြည့်တော့ တပည့်ရင်း ဖြစ်နေတာနဲ့...

'မောင်(...) ဘုန်းကြီးမှာ အေးအေးဆေးဆေး နေချင်လို့ သားမယား စွန့်ပစ်ပြီး တရား ရှာပုံတော်ခရီး ထွက်ခဲ့တာ၊ မောင်ရင်က ဒီလို လူသိများတဲ့ မဂ္ဂဇင်းကြီးမှာ ရေးလိုက်တော့ လူတွေ တရုန်းရုန်းနဲ့ တရားရှာလို့ ရပါ့ဦးမလား'

လို့ မေတ္တာရပ်တာနဲ့ ဆက်မရေးဖြစ်တော့ဘူး။ အခုအချိန်မှာတော့ဘုန်းကြီး ရှာတွေ့ရသမျှ တရားအမြိုက်ဆေးကို ဉာဏ်ရှိသူ၊ ကံရှိသူတို့ သုံးစွဲအကျိုးရှိနိုင်အောင် အနည်းအကျဉ်းလောက် ပြောပြပါမယ်။ စာနယ်ဇင်းသမားတွေထဲမှာ ဒါယကာတစ်ယောက်ကိုသာ ပထမဦးဆုံး အသိပေး ပြောပြခြင်းပါ။

ဤသို့ နိဒါန်းချီတော်မူကာ တရားရှာပုံတော်ခရီး အတွေ့အကြုံကို မိန့်တော်မူသည်။

ဆရာတော်လောင်းလျာသည် ရေဝတီတိုင်းဒေသကြီး၊ ဘိုကလေးဇာတိဖွားဖြစ်ကာ ပါရမီဖြည့်ဖက်ကျိုက်မရောသူနှင့် အကြောင်းပါ၍ သားသမီး သုံးဦး ထွန်းကားပြီးနောက် ၁၃၃၅ ခုနှစ်၊ သက်တော် (၃၄)နှစ်အရွယ်တွင် တောထွက်ခဲ့သည်။

ဦးစွာ သရက်ခရိုင်၊ ကံမမြို့နယ်တွင်းရှိ ပုထိုးတောင်၌ သာမဏေကြီးဘဝဖြင့် စတင် လေ့လာ ကျင့်ကြံခဲ့သည်။ ကုန်သည်ဘဝ၊ သဘောာကိုယ်စားလှယ်ဘဝ အတွေ့အကြုံများအရ ပုထိုးတောင် ဆရာတော်ကြီးသည် တရားထူး ပေါက်မြောက်ပြီးသော ပုဂ္ဂိုလ်ထူးဖြစ်ကြောင်း ကြားသိရသောကြောင့် ဖြစ်သည်။ မူလက ရဟန်းဝတ်ရန် ဖြစ်သော်လည်း ဆရာတော်က...

'သာမဏေနဲ့ ရဟန်း ကွာခြားတာ နှစ်ချက်ပဲရှိတယ်။ သာမဏေက ရဟန်းပြုပေးခွင့် မရှိဘူး။ ကထိန်ခင်းခွင့် မရှိဘူး။ ကျန်တာက အတူတူပဲ။ ရွှေကျောင်းကြီး ဆောက်လှူရင် သာမဏေလဲ လက်ခံ သီတင်းသုံးနိုင်တယ်။ အလှူခံပုဂ္ဂိုလ်တွေချည်းပဲ။ သာလွန်တာက သာမဏေက ရဟန်းထက် ဗလိဗောဓ နည်းတယ်။ တရားအလုပ်အတွက် အချိန်ပိုပေးနိုင်တယ်'

လို့ အကြံပေးတာနဲ့ သာမဏေဝတ်နဲ့ ဆရာတော်ကြီးဆီမှာ နည်းနာခံယူကျင့်ကြံဖြစ်ခဲ့တယ်။

သုံးနှစ်လောက်ကြာတော့ အတော်ကလေး နေသားကျလာပြီ။ ပုထိုးတောင်စောင်း လိုဏ်ဂူထဲမှာ မြေအိုးထဲ ဆန် နှစ်ဘူး၊ ဆီ သုံးဖွန်းလောက်၊ ကြက်သွန်နီ သုံး,လေးခြမ်းလောက် ထည့်ပြီး ရေတော်ဆန်တော် ချက်လိုက်ရင် ဆွမ်းကိစ္စပြီးပြီ၊ အချိန်ပြည့် ကျင့်ကြံအားထုတ်နိုင်တယ်။

တစ်နေ့တော့ ဒါယကာတစ်ယောက်က ဘိုးဘွားမိဘ စဉ်ဆက် သိမ်းထားခဲ့တဲ့ ကျိုက်ထိုနယ်၊ သေက္ခတောင် ဆရာတော်ရဲ့ ဝိပဿနာ တရားရှုမှတ်နည်း ကျမ်းတစ်အုပ် လာလှူတယ်။ အဲဒီမှာ ခရီးထွက်ချင်စိတ် ပေါ်တော့တာပဲ။

'ဘာကြောင့်လဲ ဘုရား'

သေက္ခတောင် ဆရာတော် လယ်တီတိုက်မှာ သီတင်းသုံးစဉ်က ညဘက်အချိန် သူနေတဲ့အခန်းက မီးထွန်းထားသလို အရောင်တွေ လင်းလင်းနေတာကို လယ်တီ ဆရာတော်ကြီး မြင်ရတော့ ငါ့တပည့် ဒီမှာဆက်နေရင် ဗလိဗောဓ အနှောင့်အယှက်များပြီး ပေါက်မြောက်ဖို့ ခက်ခဲမယ်လို့ သိလိုက်တယ်။

ဒါကြောင့် တစ်ပါးတည်း တောဝင် ကျင့်ကြံဖို့ အကြံပေးတယ်။ သေက္ခ





www.burmeseclassic.com

www.burmeseclassic.com

တောင် ဆရာတော်က ကျောင်းက နှင်တယ်လို့ စိတ်ချပြီး **"တပည့်တော် ကောင်းကင်ခရီးနဲ့ လာနိုင်မှ ဆရာ တော်ဘုရား ခြေတော်အစုံကို ဦးခိုက်မယ်"**လို့ လျှောက်ထား ထွက် ခွာခဲ့တယ်။

ဒေါ်သအလျောက် ပြောခဲ့ပေမယ့် သေက္ခတောင်မှာ အချိန်အတော်ကြာ အောင် တဝဲလည်လည် ဖြစ်နေလို့ အမှားဝန်ခံပြီး တပည့်တော်ကို သွန် သင်ပေးဖို့ ကြွပါလို့ လျှောက်ထားတော့ ဆရာတော်က သေက္ခတောင်ကို ကြွပြီး သွန်သင် ဆုံးမပါတယ်။

ဒါတွေဖတ်ရတော့ သေက္ခတောင် ကို သွားချင်စိတ်ပေါ်ပြီး ပုထိုးဆရာ တော်ဆီ ခွင့်တောင်းတယ်။

'အင်းလေ ဉ,ကပေါက်တဲ့ ငှက်တွေတောင် အမွေးအတောင်စုံရင် ပျံသွားတတ်တာပဲ' လို့ပဲ မိန့်ကြားပါတယ်။

သာမဏေကြီး ရှင်ရာဟုလာသည် ပုထိုးဆရာတော်ထံမှ ခွင့်ရသဖြင့် သားရေနယ်တစ်ချပ်၊ စာအုပ်တစ်အုပ် ပိုက်ကာ ကျိုက်ထိုမြို့သို့ သွားရောက် သည်။ ကျိုက်ထိုတွင် အစ်ကို၏ မိတ်ဆွေဖြစ်သူက သေက္ခတောင်သို့ လိုက်ပို့ပေးသည်။

သို့သော်လည်း မှန်းချက်နှင့် နှမ်း ထွက် မကိုက်ပါ။ ကျင့်ကြံမှု အခြေခံ အတန်အသင့် ရပြီးဖြစ်ရာ တွေ့ဆုံပြော ဆို အကဲခတ်ရသလောက် မိမိအား နည်းနာ သင်ပြပေးနိုင်သူမရှိ ဖြစ်နေ သည်။

ထိုအခါ ဒါယိကာမဘက်မှ ဆွေမျိုး များက မော်လမြိုင်တောင်ဝိုင်းရှိ ခမ္မ သုခကျောင်းသို့ ပို့ပေးကြသည်။ ထို ကျောင်းတွင် သီတင်းသုံးစဉ် ဆွမ်းခံ စားရာ တောင်ဝိုင်းမှ ပဲခူးရုံကုန်းထိပ် အထိ ဆွမ်းခံကြွသည်။ ထိုလမ်း



▲ မဟာဗောဓိစေတီ ကိန်းဝပ်ရာတောင်ညို မြစိမ်းတောင်

အသွားအပြန်ခရီးတွင် အနည်းဆုံး သပိတ်လေးခါ လဲရသည် ဆို၏။

'သပိတ်ပြည့်သွားလို့ တွေ့တဲ့ ဦးပဉ္စင်းကို "ရပ်တော်မူပါ"လို့ တားပြီး ဆွမ်းအားလုံး လောင်း။ ဆက်ပြီးခံရတယ်။ လေယာဉ်ကွင်း ပြန်ရောက်ရင် လေးကြိမ်မြောက် သပိတ် ပြည့်ပြီး ကြုံရာ ဦးပဉ္စင်းကို လောင်းခဲ့။ လေယာဉ်ကွင်းကျော်တာနဲ့ သီလရှင် စာသင် တိုက်က ထွက်လှူပြန်လို့ သပိတ် ပြည့်တာ ချည်းပဲ'

ထိုဆွမ်းများကို ဆွမ်းတော်ကပ်၊ ကျောင်းနေဦးပဉ္စင်းများ ဆက်ကပ်ကာ တစ်ပါးစာချန်၍ ဘုဉ်းပေးပြီးနောက် ကမ္မဋ္ဌာန်းကို အချိန်ပြည့် အားထုတ် သည်။

ညဥ့်ဘက်တွင် ခေါင်းချမအိပ်၊ လဲလျောင်းရုံသာ အနားယူသည်။ တရားကျင့်သော သာမဏေကြီးဟု ကြည်ညိုကြသဖြင့် ဆွမ်း အလျှံပယ် အလှူခံရရှိခြင်း ဖြစ်သည်။

ထိုကျောင်း၌ လအနည်းငယ် သီတင်းသုံးပြီးနောက် တောင်ဝိုင်း မဟာစည်ရိပ်သာသို့ ပြောင်းရွှေ့ကာ ဆက်လက် အားထုတ်သည်။ ညဥ့် ဘက် လဲလျောင်းချိန်များတွင် အုန်းသီး ခေါင်းအုံးကို အသုံးပြုသည်။ ထိနမိဒ္ဓ ဝင်လာလျှင် စကြံလျှောက်၍ မှတ် သည်။

တောင်ဝိုင်းမဟာစည်တွင် ကျင့်ကြံ ၍ အားရသော်လည်း ညည်သည်ပေါ ကာ အလှူအတန်း များပြားသဖြင့် လ,အတန်ကြာ နေထိုင်ပြီးနောက် ဆရာတော် ဦးအာဒိစ္စအား ခွင့်တောင်း ရာ ခွင့်မပြုချေ။ နောင်တွင် မိမိတာဝန် များ လွှဲအပ်ပေးရန် ရည်ရွယ်ထားသည် ဆို၏။


သို့ဖြစ်၍ ညအချိန်အတွင်း မိမိ အပိုင်ပစ္စည်းဖြစ်သော သားရေနယ်နှင့် စာအုပ်များ ယူငင်ကာ တိတ်တဆိတ် ထွက်ခွာလာခဲ့သည်။ ၁၃၃၈ ခုနှစ်၊ ဝါခေါင်လဆုတ် (၁၄)ရက်နေ့ညတွင် မုဒုံမြို့သို့ ဦးတည်သော ကားလမ်းမ အတိုင်း လျှောက်လာခဲ့သည်။ လမိုက် ရက်ဖြစ်ရာ ကတ္တရာလမ်းပေါ်၌ စမ်း တဝါးဝါးဖြစ်နေရာ တည်းခိုစရာ ဇရပ် ကို ရှာဖွေရန် စိတ်ကူးမိသည်။

ထိုစဉ် ဒါယကာတစ်ဦးကို ရှေ့ မှောက်၌ ဘွားခနဲ မြင်တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



◆ မဟာဗောဓိ မြစိမ်းတောင် ဆရာတော် ဦးရာဟုလာ

ဒူးတုပ်ကန်တော့နေသော ထိုဒါယကာအား…

'ဒီနားမှာ ဇရပ်ကလေးများ မရှိဘူးလား'

'ရှိပါတယ်ဘုရား။ ရှေ့နားမှာ သုသာန်ဇရပ်တစ်ခု ရှိတယ်။ ဘာလုပ်ဖို့လဲ ဘုရား'

'ညဉ့်အိပ် နားမလို့ပါ'

'ဟာ… ဘယ်ဖြစ်မလဲ။ ဘာမှလဲ မပါဘဲနဲ့။ တပည့်တော် "ဘင်လှိုင်" ရွာကပါ။ ရွာမှာ ဘကြီးဘုန်းကြီး ရှိတယ်။ ကျောင်းမှာ လိုက်တည်းပါဘုရား'

'ကျုပ် တစ်ပါးတည်း အေးအေးဆေးဆေး နေချင်လို့ပါ'

'ဘကြီးဘုန်းကြီးကလဲ တစ်ပါးတည်းနေတာပါ။ လိုက်ခဲ့ပါဘုရား'

သို့ဖြင့် ဘင်လှိုင် ကန်ကြီးအနီးရှိ ဘုန်းကြီးကျောင်း၌ တည်းခိုဖြစ်ခဲ့သည်။ ဆရာတော်ကြီးက ကြေးစည်ကြီးကို သုံးချက်တီးလိုက်ရာ ရွာတွင်းမှ ဒါယိကာမသုံးဦး ရောက်လာသည်။ မွန်ဘာသာဖြင့် ပြောကြားနေခြင်းဖြစ်၍ နားမလည်သော်လည်း နံနက် အရုဏ်ဆွမ်းအတွက် စီစဉ်မှာကြားခြင်း ဖြစ်ပုံရလေသည်။

ဘင်လှိုင်ဆရာတော်ကြီးမှာ ဆွမ်းဘုဉ်းပေးချိန်မှလွဲ၍ ကမ္မဋ္ဌာန်း လိုဏ်ဂူအတွင်း၌သာ သီတင်းသုံးကာ တရားထူး ပေါက်မြောက်ပုံရသည်ဟု ခန့်မှန်းရသည်။

ဘင်လှိုင်၌ရှိစဉ် မဟာစည်တွင် အတူနေ သီတင်းသုံးဖော်ဖြစ်သော တောင်ပုလုကျောင်းမှ **ဦးပဉ္ဇင်း အရှင်အာဒိစ္စ** (တောင်ပိုင်း မဟာစည်ရိပ်သာ ဆရာတော်နှင့် ဘွဲ့တူသည်။) လည်း လိုက်လာကာ နှစ်ပါးအတူ အားထုတ်ဖြစ်သည်။

ဦးအာဒိစ္စက… "**ဘင်လှိုင် ဆရာတော် ခြေတော်ရင်း ခိုလှုံ၍ နည်းနာခံယူပါရစေ**"ဟု လျှောက်သော်လည်း ဆရာတော်က လက်ကာပြသည်။ ဆရာတော်သည် စကားနည်းလှသည်။ ဆွမ်းဘုဉ်းပြီးချိန် ခဏတာ ဖူးမြော်ခွင့်ရစဉ် မေးလျှောက်သမျှ တိုတိုရှင်းရှင်း ပြန်မိန့်သည်။ မလိုအပ်လျှင် စကားမဆိုချေ။ ရှင်ရာဟုလာက သူ၏ အခက်အခဲကို မေးလျှောက်၏။

'ဆရာတော်ဘုရား သမထ ကမ္မဋ္ဌာန်းကနေ ဝိပဿနာကို ကူးတဲ့အခါ တစ်ခါတလေ အမှတ် ပျောက်ပျောက်သွားပါတယ်။ ဘယ်လိုလုပ်ရမှာလဲဘုရား'

ဆရာတော်က **နှလုံးအိမ်ရှိရာ ရင်ချိုင့်ကို လက်ညှိုးထောက်ပြသည်။ ဟာဒယကို ရှုခိုင်းခြင်းဖြစ်လေသည်။**

ရှင်ရာဟုလာသည် လမိုက်ညတွင် နေမင်းကြီး မြင်ရသကဲ့သို့ ဝမ်းမြောက်စွာ ဦးချ၍ ပြန်ထွက်ခဲ့သည်။

'ကိုယ်မသိတာကို ပြပေးတဲ့ ကျေးဇူးရှင် ခင်ပွန်းကြီးသယ်ပိုးမှာ လောကုတ္တရာ အသိ



www.burmeseclassic.com

www.burmeseclassic.com

ပြသပေးတဲ့ ကျေးဇူးရှင် ဆရာတစ်ပါး ဖြစ်ပါတယ်'

မြစိမ်းတောင် ဆရာတော်က ဂါရဝပြု ဖော်ထုတ် မိန့်ကြားလေသည်။

'ဘင်လှိုင်ကျောင်းမှာ ဘယ်လောက် ကြာခဲ့သလဲ ဘုရား'

'ရက်ပိုင်းလောက်ပါပဲ။ ဆရာတော်ကြီးအတွက် အနှောင့်အယှက်ဖြစ်မှာ အားနာလို့ အေးအေးလူလူ နေလို့ရမယ့် တောတွင်းတစ်နေရာကိုရှာကြတယ်။ ဒါယိကာမရဲ့ ဆွေမျိုးတစ်ယောက်က **"တိတ်ဆိတ်အေးချမ်းတဲ့ နေရာတစ်ခု ရှိတယ်။ ရေတော့ (၁၂) ရာသီမပြတ် ရှိတယ်။ အသွားအလာခက်ခဲတယ်"**လို့ ဆိုလာတော **"ရေရှိရင်ရပြီ"**ဆိုပြီး လိုက်ပြခိုင်းတယ်။

ကျိုက်မရောမြို့နှင့် ခရီး သုံးမိုင်ခန့်ဝေး၍ လူသူ အရောက်အပေါက် နည်းသော တောင်ညိုတောင်ဆွယ်၊ မြစိမ်းတောင် လှိုအတွင်းရှိ ဒူးရင်းစမ်းသို့ ရောက်ရှိသောအခါ နေရာထိုင်ခင်းကို သဘောကျ၍ အခြေချ အားထုတ်ဖြစ်သည်။

ဒူးရင်းစမ်း ကမ်းနံ့ဘေး ဆင်လျှောကုန်းစောင်းတွင် မင်းဘောပင် လေးတိုင်စင် အင်ဖက်မိုးအကာမဲ့ တဲကျောင်းအတွင်း သီတင်းသုံး အားထုတ်ရာ အလွန် အားရဖွယ်ကောင်းလှသည်။

ညဉ့်ဘက်တွင် အိပ်ငိုက်သောအခါ စင်္ကြံလျှောက်ရန် မြေညီမရှိသဖြင့် အုန်းမှုတ်နှစ်လုံးကို ဂုန်နီအိတ်ဖုံးကာ ကြွ, လှမ်း, ချ, ထိ စသဖြင့် အမှတ်ပြုရသည်။ နောက်ပိုင်းတွင် ဆွမ်းခံ ဒါယကာများထံမှ လေးပတ်လည် တိုင်တစ်လုံး အလှူခံကာ စမ်းချောင်းတွင်



◆ ဒူးရင်းစမ်း တောင် ရောက်ရှိစဉ်က

အရှင် ရာဟုလာ

တံတားထိုး၍ စင်္ကြံလျှောက်သည်။

ကမ်းခြေနှစ်ဖက်မှာ အတန်မြင့်၍ အမှတ်တစ်ချက် လွတ်သည်နှင့် စမ်းချောင်းတွင်းရှိ ကျောက်ခဲများနှင့် မိတ်ဆက်ရဖွယ်ရှိသည်။ ထိုသို့ စင်္ကြံလျှောက်၍ မှတ်သားရသဖြင့် အခြေအနေ တိုးတက်လာကာ တရားထူးပေါက်မြောက်တော်မူသည်။

ထိုမှ နောက်ပိုင်းတွင် သာသနာတော် ထွန်းလင်းပြန့်ပွားရေးအတွက် ဝါယမစိုက်ကာ ဆည်းကပ်လာသူ ဒါယကာများ ထောက်ပံ့မှုဖြင့် မြစိမ်းတောင်ထက်တွင် မဟာဗောဓိ စေတီတော်ကြီး တစ်ဆူ တည်ထားကိုးကွယ်သည်။ မွန်ပြည်နယ်တွင် ဝါတော်အကြီးရင့်ဆုံး ပထမဦးဆုံး မဟာဗောဓိစေတီတော် ဖြစ်သည်။

ဒူးရင်းစမ်းသို့ ၁၃၃၈ ခုနှစ်တွင် စတင်ရောက်ရှိကာ ၁၃၄၀ ပြည့်နှစ်တွင် ဒူးရင်းစမ်းတောရ မဟာဗောဓိ မြစိမ်းတောင်ရိပ်သာ ကျောင်းအား တရားဝင် အသိအမှတ်ပြု ကျောင်းအဖြစ် စတင် တည်ထောင်ခဲ့သည်။

မဟာဗောဓိ စေတီတော်ကြီး ထီးတော်တင်လှူသော ၁၃၄၂ ခုနှစ်တွင် ဒါယကာများ တောင်းပန်သဖြင့် ရဟန်းဘောင်သို့ တက်ရောက်ခဲ့သည်။

ယခုအခါ ဝါတော် (၃၀)ကျော် ရှိပြီဖြစ်၍ အနယ်နယ်အရပ်ရပ်မှ ရဟန်း၊ လူယောဂီများစွာကို ဝိပဿနာကမ္မဋ္ဌာန်းများ ဖွင့်လှစ်ပြသပေးကာ မဟာဗောဓိ မြစိမ်းတောင်ဆရာတော်အဖြစ် လူသိများလေသည်။

### သာသနာပြု ကြွတော်မူခြင်း

မဟာဗောဓိ မြစိမ်းတောင် ဆရာတော် အရှင်ရာဟုလာသည် ဒူးရင်းစမ်းတောရ၌ ဆယ်နှစ်ကျော်မျှ သီတင်းသုံးပြီးနောက် ၁၃၄၉ ခုနှစ်တွင် တရားစခန်းဝင် ယောဂီ ဒါယကာများ ဖြစ်ကြသည့် မျက်စိ, နား, နှာခေါင်း, လည်ချောင်း ဆေးရုံအုပ်ကြီး ဒေါက်တာကိုလေး၊ ခွဲစိတ်ကုပါရဂူ ဒေါက်တာအောင်ခင်နှင့် ဌာနဆိုင်ရာ ပုဂ္ဂိုလ်များ လျှောက်ထား ပင့်ဖိတ်သဖြင့် မန္တလေးမြို့ ကြာနီကန်အရှေ့ဘက်၊ ပုသိမ်ကြီးမြို့နယ် တောစုရွာသို့ ကြွရောက်သီတင်းသုံးကာ ဇိနမာန်အောင်စေတီ၊ အဇပါလလိုဏ်ဂူ၊ ဝေဇယန္တာတိုက်ကျောင်း၊ ရွှေမြိုင်ဦး ဘောဇနသာလာ ဆွမ်းစားကျောင်းတို့ကို အများကောင်းမှုဖြင့် ဦးဆောင် တည်ဆောက်ပေးခဲ့သည်။


***ရွှေလ ဆက်ဖတ်ပါရန်***

**စံထွန်းသာ**



www.burmeseclassic.com

www.burmeseclassic.com



◆ ဝဲ ကွမ်းအစ်၊ အလယ် ဆွမ်းအစ်၊ ယာ ဆွမ်းအုပ်

ဇော်သိင်းလ


မြို့ပေါ်ရွာမှ

# ရှေးမြန်မာ အသုံးအဆောင်များ

ဘုတလင်မြို့နယ်၊ မြို့ပေါ်ကျေးရွာနေ ဦးဘိုကြီး၏ နေအိမ်တွင် ရှေးနှစ်(၂၀၀)ခန့်က ယွန်းနှင့် ဒေါင်းရွှေထည်များကို တွေ့ရှိခဲ့ရသည်။ ဘိုးဘွားအစဉ်အဆက် အမွေခံ ထိန်းသိမ်းခဲ့ကြသည်ဟု ဆိုသည်။

ယွန်းဆွမ်းအုပ်မှာ ဒေါင်းပေါင်အခြေ


◆ ရေနွေးကြမ်း(၂)လုံး






www.burmeseclassic.com

www.burmeseclassic.com



▲ ခွဲခြင်းနံရံမှ ဝေါ်ကြီးချက်ပန်းခွေများ

▼ အသုံးအဆောင်ထည့်သည့် ခံတောင်း





www.burmeseclassic.com

www.burmeseclassic.com



◆ မြို့ပေါ်ကျေးရွာသား ဦးဘိုကြီး

တွင် ကွမ်းရွက်များ မညိုးနွမ်းစေရန် လေလုံအံကျ ပြုလုပ်ထားသည်။

ကြိမ်ခံတောင်းမှာအဆင့် တစ်ထပ်ပါ၍ အဖုံးပျောက်ဆုံးနေသည်။ ထူထဲ လေးလံလှသည်။ အသုံးအဆောင်များ (အထူးသဖြင့် အမျိုးသမီးသုံး ပစ္စည်းကလေးများ) သိမ်းဆည်းရန်ဖြစ်သည်။

ဝါးဆွဲခြင်း နှစ်လုံးမှာ အောက်ခြေ ကရွတ်များ အနည်းငယ် ပျက်စီးနေသည်။ ဆွဲကိုင်းတွင် ကနုတ်ဖော် ရက်လုပ်ထားပုံမှာ လှပ၍ လက်ရာမြောက်လှသည်။ တစ်လုံးကို ဝါးချောင်းကလေးများစီ၍ နှစ်ထပ်ကာထားသည်။

ကျန်တစ်လုံးမှာ **စပါးကြီးညို့ကွက်ဖော်ကာရံထားသည်။ ရှေးမြန်မာဓလေ့အရ စပါးကြီးညို့ခေါ် စပါးကြီးချက်ထိုး ပန်းခွေသည် ကျွဲ၊ နွားများ ရောဂါဘယ ကင်းဝေးစေသော အဆောင်ဖြစ်လေသည်။**

သို့ဖြစ်ရာ ဤဆွဲခြင်းကို ကျွဲ၊ နွားများနှင့် ယှဉ်တွဲရသော တောင်ယာလုပ်ငန်းခွင်များ လှည်းယာဉ်ဖြင့် သွားလာရသော အလှူအတန်း အလည်အပတ်ခရီးများတွင် ယူဆောင်သွားလေ့ ရှိသည်ဟု မှန်းဆရလေသည်။

စပါးကြီးချက်ပုံစံကို လျှော်ကြိုး၊ ချည်ကြိုးများဖြင့်လည်း ထိုးကာ ကျွဲ၊ နွားတင်းကုပ်တွင် အဆောင်ပြုထားလေ့ရှိကြရာ ရှေးဟောင်း မွန်တိုင်းရင်းသားကျေးရွာများ၌သာ မြင်ရတော့သဖြင့် မှတ်တမ်းပြု၍ တင်ပြလိုက်ပါသည်။

**စောသိင်းလ**

သုံးချောင်း ပါဝင်သည်။ အဖုံးအထွတ် ကျိုးပျက်နေသည်။ ပွဲလမ်းသဘင်သုံး ဆွမ်းအုပ်ဖြစ်သည်။ ပိုးခြဖျက်ဆီးခြင်း မရှိ သစ်စေးသားရိုးများ ကွဲအက်၊ ကွာကျခြင်း မရှိသေးပါ။ ထူထဲခိုင်ခံ့လှသည်။

ဆွမ်းအုပ်ထက် အနည်းငယ်သေးသော ဆွမ်းအစ်မှာ သံဃာတော်များအား ဆွမ်းထမင်း လောင်းလှူရန် ထည့်သောအစ် ဖြစ်သည်။ အဖုံးမှာ အစ်နှင့် အံကျရှိကာ အငွေ့လုံအောင် ဂရုတစိုက် ပြုလုပ်ထားခြင်းဖြစ်သည်။ ယခုအချိန်တိုင် လေလုံအစ်တစ်ခုအဖြစ် ကောင်းမွန်စွာ အသုံးပြုနိုင်ဆဲဖြစ်သည်။

ယင်းနှင့်အရွယ်တူ ကွမ်းအစ်မှာ အံအဆင့်နှစ်ခုပါသည်။ အဖုံးပျောက်ဆုံးနေသည်။ ကြိမ်ကို နန်းဆွဲ၍ ကြိုးပမာကျစ်ကာ ရစ်ခွေရက်လုပ်ထားသော လက်စွမ်းပြ လက်ရာကောင်းဖြစ်သည်။ ပူပြင်းသော အညာရာသီဥတု

ပါသနာရှင်

သုတေသီနှင့်

ဆောင်းပါးရှင်များသို့…

၂၀၁၃ ခုနှစ်

ဇူလိုင်လထုတ်သည်

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၏

(၂၇)နှစ်ပြည့်

အမှတ်တရ

အထူးထုတ်လ ဖြစ်ပါသည်။

သို့ဖြစ်၍ မည်သူမဆို

ပါဝင်

ရေးသားနိုင်ပါကြောင်း

အသိပေး

ဖိတ်ခေါ်အပ်ပါသည်။

လေးစားစွာဖြင့်…

ဦးကျော်မိုးသိန်း

စာတည်းချုပ်

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း

အမှတ် ၂၃၃၊ (၂၉)လမ်း၊

ပန်းဘဲတန်းစာတိုက်၊ ရန်ကုန်မြို့။

ဖုန်း-၀၁-၂၄၂၂၈၄




www.burmeseclassic.com


www.burmeseclassic.com

သပြေဆောင်ကျွန်းနှင့်

# ဘိုးဗြိုက်ရှေ့ပိုးကျောင်း (၁)

ဖြိုးသော်တာ





◄ ထက်ကျောင်းရှေ့မှ ခြင်္သေ့ (၂)ကောင်

တံခါးစောင့် ဘီလူးရုပ် ►

## တရုန်ာ၏ ဖွင့်ဆိုချက်

မော်လမြိုင်၊ ကော့ဘိန်း၊ ကျုံဒိုး ချောင်းလမ်းပေါက်ရောက်ရာ ဂျိုင်းမြစ်သွားရေယာဉ်ဖြင့် (၃) နာရီကျော်မျှ စီးနင်းလိုက်ပါလာခဲ့ရာ မွန်ရာဇဝင် သမိုင်းတွင်အဓိကရ နေရာတစ်ခုဖြစ်သော "တရုနာရွာ"သို့ ဆိုက်ရောက်လာခဲ့သည်။

ရှေးမွန်ဘုရင်များ လက်ထက်တော်အခါ စစ်ချီရာတွင် ဤဒေသမှ သပြေခက်များ ယူဆောင် ဆင်မြန်းကာ စစ်ထွက်ရာတွင် အောင်ပွဲအလီလီ ရရှိခဲ့သဖြင့် အောင်နိမိတ်ထွန်းသည့် "**သပြေဆောင်ကျွန်း**"ဟု ခေါ်တွင်ခဲ့ကြသည်။

ကြေဝ်ဏာ (**ကြေဝ်** = **ကြင်** = သပြေ၊ **ဏာ** = ဆောင်ယူသွားသည်။) မွန်ဘာသာဖြင့် **ကြင်ဏာ** – ကရင်နာ။ မွန်တိုင်းရင်းသား အစဉ်အဆက်ယနေ့တိုင် ခေါ်ဝေါ်ခဲ့ရာ မြန်မာသံဖြင့် "**တရုနာ**"ဟု ခေါ်တွင်ကြခြင်း ဖြစ်လေသည်။

ဤတွင် မူလ အောင်နိမိတ်ထွန်းသည့် သပြေပင်တည်ရာ နေရာအား လေ့လာကြည့်ရှုရန် တရုနာကျောင်းကြီး (မူလ)အတွင်း ဝင်ရောက်သွားကြရာ ကမ်းနပူးတွင် ဉာဏ်တော်အတောင် (၃၀)မျှရှိသည့် စေတီတစ်ဆူအား ဖူးတွေ့ရလေသည်။

မူလသပြေပင်အား ပင်ငုတ်ဘဝမှ ဖယ်ရှားကာ ဘုရားရှင်၏ ဓာတ်တော်အချို့ ဌာပနာ တည်ဆောက်ထားခြင်းဖြစ်သည်။ ဘွဲ့တော်မှာ "**တရုနာမူလကျောင်းကြီး၊ ဆုတောင်းပြည့်ကမ်းဦးစေတီ**"ဟု တွင်လေသည်။

စေတီတော် တောင်ဘက်ထောင့်တွင် လူသူအများ ဖူးမြော် အာရုံပြုနိုင်သော တန်ဆောင်းနှင့် ဆီမီးပူဇော်ရန် စင်မြင့်ကလေးများ ပြုလုပ်ထားလေသည်။

ရှေးယခင်ကာလ မွန်ဘုရင်များအာရုံပြု ဆုတောင်းကြသော ဘူမိနက်သန် နေရာ အထူးအမြတ်ဖြစ်လေရာ ပူဇော်ကြသူ ရဟန်းရှင်လူအများတို့ အဓိဋ္ဌာန်ပါရမီအကျိုး ပြည့်စုံစေသည့် အောင်မြေဦးဖြစ်ကြောင်း သိရသည်။

## တရုနာရွာ၏ မူလဇာစ်မြစ်

"**သပြေဆောင်ကျွန်း**" ဟု အမိပွာယ်ရသော ဤနေရာတွင် ရှေးယခင်က လူသူမနေသော ကမ်းနပူးတောကြီးမျက်မည်း ဖြစ်ခဲ့ရာမှ ယနေ့အချိန် စည်ကားသော အချက်အချာဒေသ ဖြစ်ပေါ်လာပုံကို တရုနာမူလ






www.burmeseclassic.com

www.burmeseclassic.com



◆ ကျောင်းထောက် ဦးမွှေး ဦးကောဝိဒ



◆ ဦးကောဝိဒနှင့် ရွှေမီကျောင်းလေ့

◆ အောင်ချာသွန်းဟန် နတ်သားရုပ်



ကျောင်းကြီး ဆရာတော် ဦးဥတ္တရက ဤသို့ မြွက်ကြားသည်။

'တစ်ခါက နှစ်ရှည်စစ်ပွဲ (မြန်မာရာဇဝင်လာ မွန်-မြန်မာ နှစ်၄၀ စစ်ပွဲကာလကို ညွှန်းလိုဟန် ရှိသည်။) ဖြစ်ပေါ်တိုက်ခိုက်ကြတော့ ရေဝတီတိုင်းဒေသကြီး၊ မော်တင်စွန်းအနီး ငပုတောမြို့နယ်၊ ပြင်ခရိုင်က လူတွေဟာ စစ်ဘေး ရှောင်တိမ်းရင်း ဒီနေရာကို ရောက်ရှိ အခြေစိုက်နေထိုင်ကြတယ်။

ဒါကြောင့် ရွာလယ်မူလတည်ရာ နေရာ့ကို "ပြင်ခရိုင်" ရပ်ကွက်လို့ ခေါ်ကြတာ ယနေ့တိုင်ပဲပေါ့။ ဟောဒီ ဒါယကာကြီး အသိပါပဲ'

ထိုအခါ ဆရာတော့် အပါးတွင် ဝတ်ပြုနေသော ဦးမောင်လွင် အမည်ရှိ ရွာသားကြီးမှ...

'ကျွန်တော် နေတာက တရနာရွာ ရေကန်ကြီးအနီး စက်ပိုင်း ရပ်မှာပါ။ မော်လမြိုင်ဇာတိ ဖြစ်ပေမယ့် ဒီရွာသူ မတာရုတ်မနဲ့ အိမ်ထောင်ကျပြီး တရနာရွာသား ဖြစ်လာတယ်။

ဆရာတော် မိန့်ကြားတဲ့ "ပြင်ခရိုင်" ရပ်ကွက်ဆိုတာ တရနာရွာတွင်းမှာ ရှိပါတယ်။ "**ပြင်**"ဆိုတာ "**ပရင်း**"တဲ့ "**ကျွဲ**"ကိုခေါ်တဲ့ မွန်စကား။ "**ခရိုင်**" ကတော့ "**ခြံအဝန်း**"ကို ဆိုပါတယ်။ "**ကျွဲခြံ**"စုလို့ ဆိုလိုရင်းပါပဲ'

ဟူ၍ ထောက်ခံ ပြောဆိုသ
သည်။

## ကျောင်းခန်းမတွင်းမှ ရှေးဟောင်း ဆင်းတုတော်များ

ကျောင်းခန်းမ၏ ကျောင်းဆောင် အတွင်း သပ္ပာယ်လှသော ရှေးဟောင်း ဆင်းတုတော် အများအပြားကို ဖူးမြင် ရသည်။ ကြေးအိုး၊ ကြေးဖလား ဆွမ်းအုပ် စသည့် ရှေးခေတ်လက်ရာ များကိုလည်း တွေ့မြင်ရသည်။


မွန်ကျောင်းဆောင်အတွင်း စံပယ် နေသော ဉာဏ်တော် နှစ်ပေခန့်မြင့် သည့် ကြေးဆင်းတုတော်အား ဖူးမြ လျက်ရှိသော အရှည် (၄၂)ပေခန့်






www.burmeseclassic.com

www.burmeseclassic.com




▲ အလျား (၄၅)တောင်ရှိ ဈွမ်းမိကျောင်း လှေကြီး

▼ ပုံပိုင်းမှုပြုပ်ရသော ဈွမ်းမိကျောင်း





www.burmeseclassic.com



ရှေ့ဦးမှ မြင်တွေ့နိုင်သည့် ထွာဆိုင်ခန့် ထွင်းဖောက်ရာ

ဆင်စွယ်နှစ်ချောင်းကို တွေ့ရသည်။

ဆင်စွယ်အပြင်ခွံအား ကနုတ်ပတ်လည် ထွင်းထု၍ အတွင်းတွင် မှန်တံကဲပြုကာ တင်ပျဉ်ခွေ ဗုဒ္ဓရုပ်ပွားတော်များအား ခဲခဲကတ်ကတ် ထွင်းထုထားသည့် လက်ရာမြောက် ဆင်စွယ်ပန်းပုထည်များ ဖြစ်ကြသည်။

ဆင်စွယ်နှစ်ဖြင့် ထွင်းထုထားသော ဆင်ရုပ်များစွာလည်း တွေ့ရသည်။

ဆရာတော်က ဆင်စွယ်ရဲ့ ကြေးသွန်း ဗုဒ္ဓကိုယ်တော်အား စေ့စပ်စွာ ဖူးမြင်ထားရန် မွက်ကြားသဖြင့် အကြောင်းထူးတစ်ခုခု ရှိပေမည်ဟု အသေအချာ ဖူးမြော် ကြည်ညိုမိသည်။

ပခုံးကျယ် ခါးသိမ်၍ ပြည့်ဖြိုးသော လက်မောင်းတော်တို့ဖြင့် ဖွဲ့စည်းထားသဖြင့် ရှေးမွန်ဘုရင်ခေတ်ကာလ လက်ရာများဟု ခန့်မှန်းရသည်။ မျက်နှာတော်မှာ တည်ငြိမ်လှလေသည်။

ထို့နောက်တွင် ဆရာတော်က သော့ပိတ်ထားသော အခန်းတစ်ခန်းအား ဖွင့်ပြသည်။ အတွင်း၌ ညောင်စောင်းတစ်ခုရှိကာ ယခင် ဆရာတော်ဘဒ္ဒန္တ သီလမထေရ်၏ ကျိန်းစက်ခဲ့ရာ ဖြစ်ကြောင်း သိရသည်။

ခေါင်းရင်းဘက်တွင်ရှိသော စားပွဲထက်၌ ကြေးသွန်းဆင်းတုတစ်ဆူကို ဖူးမြင်ရလေရာ ဆရာတော် မိန့်ကြားသည့် အပြင်ခန်းမှ ဆင်စွယ်ရဲ့ ရုပ်ပွားတော်နှင့် လုံးတူ၊ ဉာဏ်တော်တူဖြစ်ကြောင်း ဖူးတွေ့ရတော့သည်။

စစ်ကြိုခေတ်ကာလတွင် တရနာရဟန္တာသိမ်တော်အတွင်း ဤဆင်းတုတော် နှစ်ဆူမှာ အတူတကွ စံပယ်လျက် အပူဇော်ခံခဲ့ကြသည်။ ကြေးချိန်တူ၊ ပန်းတဉ်းဆရာ တစ်ဦးတည်းမှ တစ်ပြိုင်တည်း သွန်းလုပ်ခဲ့သည့် လောဟာစပ် ဆင်းတုတော်များ ဖြစ်ကြသည်။ စစ်တွင်းကာလနှင့် နှောင်းပိုင်းတွင် မသမာသူများ ခိုးယူ သယ်ဆောင်သွားကြသဖြင့် ကိုယ်ရွှေတော်တစ်ဆူမှာ ပျောက်ကွယ်သွားလေသည်။

ထိုအခါ ဆရာတော် ဦးသီလမှ ကျန်ရှိသော ဆင်းတုတော်အား ကျက်သရေခန်းအတွင်း ဘုရားဆောင်သို့ ပင့်ဆောင် သီတင်းသုံးစေလေသည်။ မကြာမတင်ကာလအတွင်း ဒါယကာသုံးဦး ရောက်ရှိ ဝတ်ပြည့်ကာ တရနာရှာနှင့် မနီးမဝေး လယ်ကွင်းတစ်နေရာ

တွင် ဤဆင်းတုနှင့် ပုံစံတူ ဆင်း
တစ်ဆူအား ပင့်ဆောင်ပါရန် လျှော
ထားကြသည်။

ဆရာတော်မှ ထူးခြားမှုရှိသည်
မှတ်ယူ မေးမြန်းသောအခါ ရှေးဟော
ပစ္စည်း ရှာဖွေရောင်းချသူတစ်စုမှ ဤ
ဆင်းတုအား ရောင်းချရန် သယ်ဆော
သွားကြရာ တရနာ နယ်နိမိတ်အကျ
တွင် ပင့်၍မနိုင်အောင် လေးလံက
ထိုနေရာတွင်ပင် ကျောက်ချထားသ
သို့ စံပယ်နေလေသည်ကြောင့် လ
လျှော့ကာ ပြန်သွားကြကြော
လျှောက်ထားလေသည်။

ဆရာတော်လည်း ယင်းဆင်း
အား ကိုယ်တိုင် သွားရောက်ပင့်ဆော
ကာ တရနာကျောင်းကြီးရှိ မိမိ ကျိ
စက်ရာ အိပ်ခန်းဆောင်ဦးတွင် ထာ
ပူဇော်လေသည်။ နေ့စဉ် မျက်နှာတေ
သစ်ခြင်း၊ ဆွမ်းဦး, ရေချမ်း, သစ်
ဆွမ်း စသည် တင်လှူခြင်းတို့
ကိုယ်တိုင် ပြုစု ပူဇော်ခဲ့သည်။

မျက်နှာတော် သစ်ပြီးတိုင်းတွ
ဆင်းတုတော်မှာ အရောင်ဖိတ်ဖိ
တောက်ပလာကာ ဘုရားရှင် ထင်
ရှိသကဲ့သို့ ပြုံးတော်မူဟန် ကျက်သ
အထူးဖြင့် ဖူးတွေ့ရကြောင်း သိ
လေသည်။

ရုပ်ပွားတော်၏ နောက်တော်ပါးတွ
ရွှေပိန်းချ၊ ဒက္ခိဏာသာခါ ရုပ်ပွားတေ
ငယ် (ဉာဏ်တော် ၆လက်မခန့်)က
ဖန်ပေါင်းချောင်အတွင်း ရွှေပန်းခိုင်မ
ဖြင့် ပူဇော်ထားရှိသည်ကိုလည်း ဖူးမြ
ရလေသည်။

ရှေ့လ ဆက်ဖတ်ပါရန်

**ငြိမ်းသော်တာ**



www.burmeseclassic.com

www.burmeseclassic.com

ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နယ်၊ ကျီးသဲမြို့မှ အန္တရာယ်ကင်း ကယ်ကျော်

# ဆင်ကိုးစီးမြွတ်စွာဘုရား

ကိုသက် (ဓနိကုန်း)



◆ ဆင်ကိုးစီးမြတ်စွာဘုရား

ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နယ်၊ ကျီးသဲမြို့ ချောင်းဒေါင့်ရပ် ရွှေရင်အေးစေတီ ဂန္ဓကုဋ်တိုက်တွင် သီတင်းသုံး စံပယ်တော်မူသော ဆင်ကိုးစီးမြတ်စွာဘုရား ရုပ်ပွားတော်မြတ်အား ယနေ့တိုင် ပူဇော်လာခဲ့ကြသည်မှာ နှစ်ပေါင်း(၁၀၀)ကျော် ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း သိရပါသည်။

ရှေးဆရာတော်ကြီးများ အဆက်ဆက် ဆင်ကိုးစီး မြတ်စွာဘုရားအား ထိန်းသိမ်း စောင့်ရှောက်လာခဲ့ကြပါသည်။ ကျီးသဲမြေသည် ရှေးဟောင်းဘုရားစေတီ ပေါများသော ဒေသတစ်ခုဖြစ်ပြီး သာသနာပွင့်လန်းရာ နယ်မြေလည်းဖြစ်သည်။

ဆင်ကိုးစီး မြတ်စွာဘုရားသည် စင်စစ် ကျီးသဲမြို့သို့ ကြွရောက်လာပုံက ဆန်းသည်။ ကျီးသဲမြို့သည် ဧရာဝတီမြစ်ကမ်းဘေးမှ မြို့တစ်မြို့ဖြစ်ပြီး သဘော်ဆိပ်မြို့ မဟုတ်သော်လည်း ရေကြောင်းသွား ယာဉ်များနှင့် ထိစပ်မှုရှိနေသည်။

မြို့နှင့်အနီးတွင် မြေနုကျွန်းများ ရှိနေသည်။ ဧရာဝတီမြစ်ရေကျချိန်တွင် ကျီးသဲ အနီးတစ်ဝိုက် သဲသောင်ခုံများ၊ မြေနုကျွန်းများကို တွေ့ရှိရသည်။

ထိုမြေနုကျွန်းများတွင် ကိုင်းပင်အများအပြား ပေါက်ရောက်ကြသည်။ ကျီးသဲမှ လယ်ရှင်ယာရှင်တို့၏ ကျွဲ၊ နွားများမှာ မြေနုကျွန်းများရှိ ကိုင်းပင်ကိုင်းတောများတွင် လှည့်လည် ကျက်စားကြသည်။

နွားအုပ်၊ ကျွဲအုပ်များသည် ကိုင်းတောများအတွင်း လှည့်လည်သွားနေကြစဉ် တစ်ခုသော နံနက်ခင်းအချိန်... တစ်စုံတစ်ခုသော အခြင်းအရာကြောင့် ကျွဲအုပ်များ ကိုင်းတောအတွင်းမှ ရုတ်တရက် လန့်၍ အဝေးသို့ ထွက်ပြေးသွားကြသည်။ နွားများလည်း မနေနိုင်ဘဲ ထိုနေရာမှ ရှောင်ကွင်းထွက်



www.burmeseclassic.com

www.burmeseclassic.com

ပြေးကြပြန်သည်။

ဧရာဝတီမြစ်ရိုးအတိုင်း ရေစီးထဲတွင် ထူးဆန်းသော အရာတစ်ခုမှာ မျောပါလာခဲ့ပြီး ကျိုးသဲမြို့၊ ချောင်းဒေါင့်ရပ်မြေနုကျွန်းတစ်ကျွန်းရှိ ကိုင်းတောစပ်တွင် တင်ကျန်နေခဲ့သည်။

ထိုအရာမှ အလင်းရောင်များကဲ့သို့ ပေါ်ထွက်နေသည်ကို ကျွဲ၊ နွားများက မြင်တွေ့၍ လန့်ပြီး ထွက်ပြေးသွားကြခြင်းဖြစ်သည်။

ထိုအခြင်းအရာကို နွားကျောင်းသားများမှတစ်ဆင့် လူအများ သိရှိသွားပြီး ထိုနေရာအား သွားရောက်ကြည့်ရှုကြရာ ဘုရားတစ်ဆူအား တွေ့ရှိကြရတော့သည်။

ထိုအခါမှ လူအများ ဝိုင်းအုံလာကြပြီး ဘုရားရုပ်ပွားတော်အား ဝမ်းမြောက်ဝမ်းသာ ပင့်ဆောင်လာခဲ့ကြသည်။

မြတ်စွာဘုရား ဆင်းတုတော်အား ကျိုးသဲမြို့ ရွှေရင်အေးဂန္ဓကုဋီတိုက်သို့ ပင့်ဆောင်လာခဲ့ကြပြီးနောက် အနီးကပ် ဖူးတွေ့ရသောအခါ ဘုရားဆင်းတု၏ ပတ်လည်တွင် ဆင်ကိုးစီး ခံထားပြီး တစ်ကောင်တည်းသာ အစွယ်ပါသည်ကို တွေ့ကြရသည်။

ပလ္လင်တော်အမြင့်မှာ (၁၅)လက်မရှိပြီး ဘုရား၏ ဉာဏ်တော်မှာ (၃၅) လက်မရှိ၍ သင်္ကန်းတော် ရွှေချထားသည်မှ လွဲ၍ မျက်နှာတော်၊ လက်မောင်းတော်၊ ခြေဖဝါးတော်များမှာ ဆေးများ ခြယ်မှုန်းထားသည်။

ရုပ်ပွားတော်ကို ဖူးမြော်ကြရသူတိုင်း ကြည်ညိုသဒ္ဓါစိတ်များ ထက်သန် ပွားများကြရသည်။ ကျောက်သားဆင်းတုပမာ ဖူးရသည်မှာ အချိန်တိုင်း အချိန်တိုင်း ဖူး၍ မဝနိုင်ချေ။

လက်မောင်းတော်နှင့် ကိုယ်လုံးတော်များတွင် ငွေသင်္ကန်းများ ကပ်လှူထားပြီး ယင်းအပေါ်တွင် ဆေးစီရင်ထားသော အင်းကွက်တော်များ တွေ့ရှိရသဖြင့် ပုဂံခေတ် ထွက်ရပ်ပေါက်ရှင်အဇ္ဇဂေါဏ ဆေးစီရင် ကိုးကွယ်သော ဘုရားဖြစ်ကြောင်း ရှေးဆရာတော်များနှင့် လူကြီးသူမများက မှတ်ချက်ပြု ပြောဆိုခဲ့ကြောင်း သိရှိရပါသည်။

ကျိုးသဲမြို့တွင် ပင့်ဆောင်ကိုးကွယ်လာခဲ့ကြသည်မှာ နှစ်ပေါင်း(၁၀၀)ကျော်ကာလအတွင်း မြို့ရွာဒေသများတွင် ဘေးအန္တရာယ်တစ်စုံတစ်ခု ကျရောက်တော့မည်ဆိုပါက ဆင်အော်သံများကြားရခြင်း၊ အိပ်မက်ပေးခြင်းဖြင့် တန်ခိုးတော်များ ပြသလေ့ရှိပါသည်။

ဖက်ဆစ်ဂျပန်ခေတ်တွင် တစ်နိုင်ငံလုံး ဝမ်းရောဂါဘေးကြီး ကျရောက်ခဲ့ရာ ထိုခေတ်က မြို့သူမြို့သားများနှင့် သံဃာတော်များမှ ဆင်ကိုးစီးဘုရားအား ရပ်ကွက်အလိုက် အလှည့်ကျ ပင့်ဆောင်ပူဇော်ခဲ့ကြရာ ကပ်ဆိုးဘေးဆိုးမှ လွတ်မြောက်၍ ချမ်းသာရာရခဲ့ကြပါသည်။

(၁၃၄၅–၄၆)ခုနှစ်များတွင် မသမာသူများက ရွှေရင်အေး ဂန္ဓကုဋီတိုက်အတွင်းရှိ ရှေးဟောင်းဘုရားများ၊ အာရုံခံတန်ဆောင်းအတွင်းရှိ ရွှေချထားသောတိုင်များရှိ ရွှေများကိုပါ ခိုးယူကြရာ အမြောက်အမြား သူခိုးတို့လက်ပါသွားပြီး ဆုံးရှုံးခဲ့ကြရသည်။

ပါမသွားသည်မှာ ဆင်ကိုးစီးဘုရားတစ်ဆူတည်းသာကျန်ရှိခဲ့ပြီး ရွှေများလည်း ပါမပါသွားခဲ့ပေ။

တစ်ပတ်အတွင်း ဖမ်းမိသဖြင့် ယင်းသူခိုးများ၏ ဝန်ခံချက်အရ ဆင်ကိုးစီးဘုရားမှာ ရွှေများခွာမည်ပြုစဉ် နွေခေါင်ခေါင်တွင် မိုးထစ်ချုန်းသကဲ့သို့ အသံများ၊ ဆင်အော်သံများ၊ လေကြီးမိုးကြီး တိုက်ခတ်သံများကြားလာရသဖြင့် ဆက်မလုပ်ရဲတော့ဘဲ ထားခဲ့ရခြင်းဖြစ်ကြောင်း ဝန်ခံပြောကြားခဲ့သည်။

မိုးခေါင်သော ကာလများတွင် ဆင်ကိုးစီးဘုရားအား ရေသပ္ပာယ်ပါက လေမိုးများ ကျရောက်၍ မိုးရွာသွန်းသည်ကို ဒေသခံများက ယခုတိုင် ယုံကြည်စွာ ပြောဆိုလျက် ရှိပေသည်။

အခက်အခဲကြုံပါက မိုးကို ခေါ်ပေးသဖြင့် မိုးဘုရားဖြစ်သကဲ့သို့ ရပ်ကွက်တစ်ခုတွင် အိမ်မီးလောင်ရာ ဆင်ကိုးစီးပုံတော်ကိုးကွယ်ထားသော ဘုရားခန်းမှာ မီးဘေးမှ လက်တွေ့ လွတ်ကင်းခဲ့သဖြင့် မီးဘေးကင်းသောဘုရား၊ နာဂစ်မုန်တိုင်းကြီး ဧရာဝတီတိုင်းဒေသကြီးသို့ ဝင်ရောက်စဉ် ဆင်ကိုးစီးဘုရားပုံတော်ကို ကိုးကွယ်သော မိသားစုမှာ ပါးစပ်မှ တဖွဖွ ဆုတောင်းပြီး နီးရာကောက်ရိုးပုံထဲ ဝင်ပုန်းခဲ့ရာ လေနှင့်အတူ ကျွန်းတစ်ကျွန်းသို့ ရောက်သွားပြီး အသက်ချမ်းသာရာရခဲ့ကြသည်။

ဤမှာ သဘာဝဘေးဒဏ်အပေါင်းကို ကယ်တင်နိုင်သဖြင့် ယနေ့ထက်တိုင် ပူဇော်လိုသူများထံ ဒေသစာရီကြွချီ အပူဇော်ခံလျက်ရှိကြောင်း သိရပါသည်။

**မှတ်ချက်** ။ ။ ၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်နေ့တွင် စာရေးသူတို့အဖွဲ့အား လိုက်လံ ပို့ဆောင်ပြသပေးပါသော ကျိုးသဲမြို့မှ ဆရာမ ဒေါ်ခင်နွဲ့ [ပညာရေး(ငြိမ်း)]နှင့် ရွှေရင်အေး ဂန္ဓကုဋီတိုက်မှ ဦးပိုက်တင်တို့အား ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။ ***(စာရေးသူ)***

**ကိုသက် (စီးကုန်း)**




www.burmeseclassic.com

www.burmeseclassic.com

### သက်ရှည်အဘနှင့်

# ဖန်ခါးသီးဆေး



၁၉၈၀ ပြည့်နှစ်တွင် ကျွန်ုပ်သည် မြင်းခြံမြို့သူနှင့် အကြောင်းပါသဖြင့် ကျွန်ုပ် အလွန်ရောက်ချင်မိသော အထက်အညာဒေသ မြင်းခြံမြို့ကို ရောက်ဖူးသွား၏။ သမီးကို အချစ်ပိုရှာသော ဖခင် ယောက္ခမကြီး၏ နားချဖျောင်းဖျမှုကြောင့် ကျွန်ုပ်သည် မြင်းခြံမြို့မှာ သောင်တင်ခဲ့သည်။

ကျွန်ုပ်သည် စာရေးသားခြင်းအလုပ်ကို တစ်ဖက်မှလုပ်၍ ယောက္ခမကြီး၏ မြို့ဈေးထဲရှိ အထည်ဆိုင်နှင့် စက်ဘီးပစ္စည်း အရောင်းဆိုင်တို့ကို ဦးဆောင်လုပ်ကိုင်ပေးရသည်။ စက်ဘီးပစ္စည်း အရောင်းဆိုင်မှာ အရောင်းအဝယ်လည်ဝယ်သော မောင်မြတ်ကျော်နှင့် တွဲလုပ်ရ၏။

ယင်းသို့ဖြင့်...

မောင်မြတ်ကျော်နှင့် ပတ်သက်၍ ဆိုင်ကို တစ်နေ့တစ်ခေါက် ဝင်ထွက်သွားလာတတ်သော ဗေဒင်ဆရာကြီး အဘဦးလှမောင်နှင့် ကျွန်ုပ်တို့ ခင်မင်မှု ဖြစ်သွားကြသည်။

တစ်နေ့ ဆိုင်တွင် ဈေးဝယ်သူပါးချိန် အဘဦးလှမောင်နှင့် အေးဆေးစွာ စကားပြောခွင့်ရသည်။

'အဘကတော့ အမြဲတမ်းကျန်းမာနေတာပဲ။ အခု အဘ အသက်ဘယ်လောက်ရှိပြီလဲ'

'ကျုပ်အသက် (၄၈)နှစ်ရှိပြီဗျ'

အဘ ဦးလှမောင်က ရယ်စရာ သိပ်ပြောတတ်သည်။ ကျွန်ုပ်၏ အမေးကို အတည်ပေါက်နှင့် ပြန်ဖြေသည်။

'အဘကတော့ လုပ်ပြီ၊ (၈၄)ကို ပြောင်းပြန်လှည့်ပြောတာလား'

'သေမင်းကြားပြီး သတိရမှာစိုးလို့လေဗျာ'

'အဘကြည့်ရတာ အမြဲလိုလို စိတ်ချမ်းသာမှုအပြည့်နဲ့ပဲ။ ဒါလဲ ကျန်းမာရေးကောင်းလို့ပဲ ဆိုရမှာပေါ့။ ကျွန်တော့်ကျတော့လဲ ငယ်ငယ်ကတည်းက သိပ်ချူချာတယ် အဘရာ'

ကျွန်ုပ် ကျွန်ုပ်၏အဖြစ်ကို ညည်းညူစွာ ပြောပြတော့ အဘက ရယ်နေသည်။

'ဟုတ်မယ်ဗျ၊ ခင်ဗျားကြည့်ရတာ ညှောင်နာနာနဲ့'

မြင်းခြံမှ သက်ရှယ်ကြီးသူ အတော်များများမှာ တွေ့စ ခင်မင်စလူနှင့် စကားပြောရာတွင် ကျုပ်၊ ခင်ဗျား ဟူ၍ သုံးနှုန်းကြ၏။

'အဘလို အသက်ရှည်ပြီး ကျန်းမာနုပျိုနေချင်တယ်ဗျာ၊ ဆေးနည်းလေးရှိရင် အကြံပြုပါလား'

'ကျန်းမာနုပျို အသက်ရှည်ဖို့က လိမ္မာဖို့ လိုတယ်ဗျ'

'ဟုတ်ကဲ့ အဘ'

'ကျုပ်လဲ အစက ဝမ်းမကောင်းတဲ့ရောဂါနဲ့ တရှောင်ရှောင်သမားပဲဗျ၊ အဲတစ်နေ့တော့ နန်းတွင်းကုထုံးဆေးတစ်မည်နဲ့ ခုလို ဟန်ကျသွားတာဗျို့'

'ဟုတ်လား၊ ကျွန်တော့်ကိုလဲ ပြောပြပါအဘရယ်'

'ဒီလိုဗျ၊ ဆေးဝါးတစ်ခုကို မှီဝဲတဲ့အခါ ယုံကြည်မှုရှိဖို့၊ ဆေးပတ်လည်အောင်သောက်ဖို့ စည်းကမ်းက သိပ်အရေးကြီးတယ်'

'ဒီအတွက် စိတ်ချပါအဘ၊ ကျွန်တော့် စည်းကမ်းရှိပါ့မယ်'

'ကဲဗျာ၊ ခင်ဗျား ဒီလောက် အလိုရှိနေမှတော့ ပြောပြရတာပေါ့'

အဘ ဦးလှမောင်က သူ မှီဝဲခဲ့သည့် သက်ရှည်ကျန်းမာ နုပျိုဆေးကို ကျွန်ုပ်အား စာတစ်ရွက်ဖြင့် ကူးမှတ်စေသည်။ ကျွန်ုပ်လည်း လိုလားလွန်းစွာပင် ကူးယူခဲ့မိ၏။

**ဆေးနည်းမှာ...**

ဖန်ခါးသီးခြောက်များကို အမှုန့်ဖြစ်အောင် ကြေညက်စွာ ထောင်းရသည်။ အမှုန့်ဖြစ်သောအခါ အဝကျယ်ပုလင်းတစ်လုံးမှာ ထည့်ပြီး အဖုံးလုံစွာ ပိတ်ထားရ၏။ ထိုအမှုန့်တစ်မတ်သားကို အောက်ပါအစာတစ်ခုခုနှင့် ရော၍ ရာသီအလိုက် နံနက်တိုင်း စားရသည်။

**မိုးဥတု (၃)လတွင်** ဆားနှင့်ရော၍ စားရသည်။ **ယင်း နောက်(၃)လတွင်** သကြားနှင့်ရော၍ စားရ၏။ **ယင်း နောက် (၃)လတွင်** ငရုတ်ကောင်း အနည်းငယ်နှင့် ရော၍စားရ၏။ **နွေအခါ၌** သကာနှင့်ရော၍ စားရ၏။

အဘ ပြောသည့်အတိုင်း တစ်နှစ်တိတိ စားသုံးမှီဝဲခဲ့ခြင်းဖြင့် ကျွန်ုပ်သည် ဝမ်း၌ ဖြစ်တတ်သော ရောဂါများ ကင်းစင်သွားသည်။ နေ့စဉ်လိုလိုပင် စိတ်လက်ကြည်သာ ရွှင်လန်းလျက် အရောင်းအဝယ် လုပ်ငန်းသာမက မူလအလုပ်ဖြစ်သည့် စာရေးခြင်း အလုပ်ကိုလည်း စိတ်သွားတိုင်းကိုယ်ပါ ဆောင်ရွက်နိုင်ခဲ့သည်မှာ ယခုထက်တိုင်ဖြစ်၏။

အသက်ရှည်ရေး ဖန်ခါးသီးဆေးကို စေတနာကောင်းဖြင့် အများသူငှာ ကျန်းမာရေးအကျိုးငှာ ရေးသားဖော်ပြအပ်ပါ၏။ ရှေးအတိတေကာလသမားတော်ကြီးများနှင့် ရှေးဟောင်းနန်းတွင်း ကုထုံးကျမ်းများ ပြုစုခဲ့ကြသည့် ဆရာများ၊ ကွယ်လွန်ရှာပြီဖြစ်သော အဘဦးလှမောင်တို့အား ဤဆောင်းပါးဖြင့် ကန်တော့ပန်းဆင် ကျေးဇူးအထူးတင်လျက်...။

**မြင့်သန်းအောင်**



www.burmeseclassic.com

www.burmeseclassic.com

ရုပ်ကလာပ်တော် မပုပ်ပျက်ဘဲ ဆံတော် ရှည်ထွက်နေဆဲဖြစ်သည့်

# ပထမဇီးဖြူပင်ဆရာတော် အရှင်သူရိယ

အား ကြည်ညိုပူဇော်မှုခံရ (၁)




ဇီးဖြူပင်ဆရာတော် ဦးသူရိယ

နိဒါန်း

'ဇီးဖြူပင် ဆရာတော်ကြီးကို သွားရောက်ဖူးမြော်ရင် ဆေးလုံးကလေးနှစ်လုံး စွန့်လေ့ရှိတယ်။ အဲ၊ ကျွဲ၊ နွားအသားရှောင်၊ သီလထိန်းပြီး တစ်လုံးကိုစား၊ တစ်လုံးကိုဆောင် ရောဂါဝေဒနာနဲ့ ဘေးအန္တရာယ်အသွယ်သွယ် ကင်းဝေးစေသတဲ့။ ၂၀၁၁ ခုနှစ် (သက်တော် ၁၀၂–နှစ်)က ကျွန်တော် သွားဖူးပြီး ရုပ်ရှင်မှတ်တမ်း ရိုက်ထားတာရှိတယ်။ ကြည့်ညိုကြည့်ပါဦး'

**တောင်ငူမြို့ ထီးနီကုန်းရပ်ရှိ ဆရာ ဦးကျော်မြင့်(မဟောသဓ)**၏ နေအိမ်သို့ ရောက်ခိုက် ခရီးရောက်မဆိုက်ပင် ဤသို့ဆိုကာ ရုပ်ရှင်မှတ်တမ်းကို ဖွင့်ပြပေးသည်။

ဆရာတော်ကြီးမှာ ကျန်းမာရေး အနည်းငယ် ချို့ယွင်းနေသော်လည်း အသံတော်မှာ အောင်မြင်လှသည်။

'မြို့ကြီးငူဘုန်းကြီး တလောက ရောက်လာတယ်။ ဩဝါဒပေးပါဆိုလို့...

"အေး ကိုယ့်ကိုယ်ကိုယ် အထင်မကြီးနဲ့၊ ဘဝင်မမြင့်နဲ့ ကိုယ့်အလုပ်ကိုယ်လုပ်"

လို့ ပြောလိုက်တယ်။

"တပည့်တော် ဆရာတော်တွေ အများကြီး ဖူးဖူးတယ်။ ဒီလိုပြောတာ ဆရာတော် တစ်ပါးတည်းရှိတယ်။ ကိုယ့်အလုပ် ဘယ်လို လုပ်ရမလဲ"

လို့ ပြန်မေးတယ်။

ခန္ဓာကိုယ်နဲ့ စပ်ဆိုင်သမျှကို ရှုမှတ်ပါ။ ခံစားမှုဝေဒနာအစုကို ရှုမှတ်ပါ။ ဖြစ်ပေါ်လာတဲ့ စိတ်ဖြစ်စဉ် မှန်သမျှကို ရှုမှတ်ပါ။ ဖြစ်ပျက်မြင်အောင်ရှု ဖြစ်စဉ်ခမ္မကို သတိကပ်ပြီး ရှုမှတ်ပါလို့ သတိပဋ္ဌာန်တရားလေးပါးကို ရှင်းပြပေးလိုက်တယ်။

လအတော်ကြာတော့ ထပ်ရောက်လာတယ်။ **"တပည့်တော်တင်မက တပည့် သံဃာတွေပါ ဖိုးတောင်သုံး,လေးလုံး အဝေးက အသံတွေကို ကြားနိုင်နေပါပြီ"** တဲ့။ ဝိပဿနာ

www.burmeseclassic.com



◆ အင်းလေးဖောင်တော်ဦးဘုရား ရောက်ခဲ့စဉ်က

ကျိုက်ထီးရိုးဘုရားရင်ပြင်မှ

ဖီးဖြူပင်ဆရာတော် ◆



**ရှုနည်းတွေ ထပ်ပြီး သင်ယူသွားပြီး** မော်တော်ကားတစ်စီး လှူသွားသကွ။ ဟား ဟား ဟား'

**[ယင်းနှင့် ပတ်သက်၍ မြိုင်ကြီးငူ ဆရာတော်က "ကျေးဇူးတော်ရှင် ဖီးဖြူပင်တောရ ဆရာတော်ကြီးအား ဘုန်းကြီးက သွားရောက်ဖူးမြော်ရင်း ဂုဏ်တော်အပေါင်းကို လေးစား ကြည်ညိုသဖြင့် မော်တော်ယာဉ် တစ်စီး လှူဒါန်းခဲ့ဖူးပါသည်"**ဟူ၍ ***(ဖီးဖြူပင်ဆရာတော်၏ သာသနာပြု သမိုင်းမှတ်တမ်းများစာအုပ် စာမျက်နှာ (၁၉)တွင်)*** ကိုယ်တိုင်ရေးသားထား သည်ကို တွေ့ရသည်။ ထို့အပြင်...

"ဖီးဖြူဆရာတော်ကြီးသည် ဝိပဿနာဗုဒ္ဓ ပဋိပတ်ကမ္မဋ္ဌာန်း ဝိပဿနာအလုပ်စခန်းတို့ ကို ကိုယ်တိုင်လဲ မဆုတ်မနစ် ကြိုးပမ်း အားထုတ်တော်မူသည်။ တရားချစ်ခင် သူတော်စင်တို့ကိုလည်း သစ္စာလေးပါး သိမြင်လာအောင် ဟောကြားတော်မူ၍ ပဋိပတ်ကမ္မဋ္ဌာန်း ဝိပဿနာအလုပ်စခန်းတို့ ကို အားထုတ်စေရန် အမြဲနှိုးဆော်တိုက်တွန်း သတိပေးနေလေ့ရှိသည်"

ဟုလည်း ဆက်လက်ရေးသားထား လေသည်။]

ဆရာတော်ကြီးက ဆက်လက်၍ ဝိပဿနာတရား ရှုမှတ်နည်းများ၊ ကျိုက်ထီးရိုး၊ အင်းလေးဒေသဘုရားဖူး အတွေ့အကြုံများ စသည်တို့ကို မြွက် ကြားတော်မူသည်။

'ကျွန်တော့် Memory Cardက 2GBပဲ ရှိတာမို့ အများကြီးမရိုက်နိုင် ခဲ့ဘူး။ အခု ဆရာတော် မရှိတော့တဲ့ နောက်ပိုင်း အမှတ်တရ ကြည်ညိုခွင့် ရတာပေါ့ဗျာ။ ပျံလွန်တော်မူပြီး တစ်လ ကျော်လောက် ရှိနေပေမယ့် ရုပ်ကလာပ် တော် မပုပ်သိုးဘူး။ တောင်ငူရောက် တုန်း ဖီးဖြူပင်ကျောင်းကို သွားကြည့် ပါလား။ ပရိတ်ရေဆွတဲ့ ရေဆူဆရာ တော်တစ်ပါးပါပဲ'

သို့ဖြင့် ဆရာဦးကျော်မြင့်ကပင်လျှင် ဆိုင်ကယ်သမားတစ်ဦး ခေါ်ယူပေး သဖြင့် ဖီးဖြူပင်ကျောင်းတိုက်သို့ သွား ရောက်ဖြစ်ခဲ့လေသည်။

## ဖီးဖြူပင်ကျောင်း

တောင်ငူမြို့မှ မန္တလေးသို့အထွက် အဝေးပြေးကားလမ်း၏ လက်ယာ ဘက်(အရှေ့ဘက်) နှစ်မိုင်ခန့်အကွာ တွင် တည်ရှိသည်။ သာသနာ့ရိပ်သာ ကျောင်းတိုက်ဟု ကမ္ပည်းတင်ထား သော်လည်း ဖီးဖြူပင်ကျေးရွာအနီး၌ တည်ရှိသဖြင့် ဖီးဖြူပင်ကျောင်းဟုပင် ခေါ်တွင်ကြသည်။

ဤကျောင်းတိုက်ကို ၁၃၃၄ ခုနှစ် တွင် စတင်တည်ဆောက်ကာ ကျွန်း တောကုန်းရွာဦးကျောင်းတွင် သီတင်း သုံးနေတော်မူသော ဆရာတော် အရှင်သူရိယအား ပင့်ဖိတ်လှူဒါန်းခဲ့ ကြောင်း သိရှိရသည်။


ကျောင်းတိုက်တွင်း ရောက်ရှိသော အခါ ဒုတိယ ဖီးဖြူပင်ကျောင်းထိုင် ဆရာတော်အဖြစ် ဆက်ခံတော်မူသော





www.burmeseclassic.com

www.burmeseclassic.com



▲ ဇီးဖြူပင် သာသနာ့ရိပ်သာမုခ်ဦး



မွေးနေ့ ဓိဓိတာဒါန ငါးလွှတ်နေသော ဇီးဖြူပင်ဆရာတော် ▶



▼ ခန်းနေဦးပဉ္စင်း ဦးကောသရ

အရှင်ပဏ္ဍိစ္စက သိလိုသမျှကို ဖြေကြားကူညီပေးတော်မူလေသည်။

## ထေရုပ္ပတ္တိအကျဉ်း

ဆရာတော်လောင်းလျာကို တောင်ငူမြို့နယ်၊ ပဒဲကျေးရွာနေ ဦးဖိုးချိုနှင့် ဒေါ်ပန်းရင်တို့မှ ၁၂၇၀ ပြည့်နှစ်၊ တပေါင်းလဆုတ် (၈)ရက်၊ သောကြာနေ့တွင် ဖွားမြင်ခဲ့သည်။ ငယ်မည် မောင်သန်းဖေဖြစ်၍ မောင်နှမလေးဦးအနက် သားကြီးဩရသဖြစ်သည်။

၁၂၈၂ ခုနှစ်တွင် တောင်ငူမြို့နယ်၊ ကျွန်းကုန်းကျေးရွာသို့ ပြောင်းရွှေ့နေထိုင်ကာ ထိုနှစ်တွင်ပင် ကျွန်းကုန်းရွာဦးကျောင်း၌ ရှင်သာမဏေဝတ်ရာ ရှင်သူရိယ ဘွဲ့မည်တွင်သည်။

ရှင်သာမဏေ လေးဝါခန့်အထိ ရေတာရှည်မြို့ ကွင်းကျောင်းဆရာတော်ထံမှ ပရိယတ်စာပေများ သင်ယူကာ ကျမ်းကြီး ပေါက်မြောက်အောင်မြင်ခဲ့သည်။ သဒ္ဒါကို ကောင်းစွာ ကျွမ်းကျင်ပိုင်နိုင်သည်။ (၁၇)နှစ်အရွယ်ခန့်၌ ကန်တော်ဦးလက္ခဏာကျောင်းတွင် လောကဓာတ်ပညာ သတ္တမတန်းကို ဖြေဆိုအောင်မြင်ကာ အသက်(၁၈)နှစ်အရွယ်တွင် ကျန်းမာရေးကြောင့် လူထွက်ခဲ့ရသည်။


လူ့ဘောင်တွင်နေစဉ် တို့ဗမာအစည်းအရုံးဝင် သခင်တစ်ဦးအဖြစ် နယ်ချဲ့ဆန့်ကျင်ရေး၊ ပြည်သူ့လွတ်မြောက်ရေး တိုက်ပွဲများတွင် ရှပ်ရှပ်ချွံချွံ ပါဝင်ခဲ့သည်။ ဒေသတွင်းစည်းရုံးရေး အလွန်ကောင်း၍ ကညွတ်ကွင်း၊ တောင်ငူ၊ အုတ်တွင်း၊ ရေတာရှည်မြို့များတွင် နာမည်ကောင်းသတင်း ကျော်ကြားခဲ့သည်။


သခင်သန်းဖေသည် ဒေါ်အေးခင်နှင့် အိမ်ထောင်ကျ၍ ယာလုပ်ခြင်း၊ မျောတုံးရောင်းဝယ်ခြင်းတို့ဖြင့် အသက်မွေးခဲ့သည်။ ဒိုးအင်းကျေးရွာ၊ ပဒဲကျေးရွာများတွင် စေတနာကျောင်းဆရာအဖြစ် ပညာဒါန ပြုခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com





▲ ပထမ ဆေးလုံးများ

◀ ပရိတ်ရေ ဆူနေစဉ်

၁၃၂၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆုတ်(၈)ရက်နေ့ [သက်တော်(၅၀)အရ] တွင် ဖနီးသည်အား ခွင့်ပန်ကာ စည်ပင်တောရကြီးကျောင်း ဆရာတော် အရှင်ကုသလအား ဥပဇ္ဈာယ်ပြုလျက် ကျွန်းကုန်းကျောင်း ခဏ္ဍသိမ်တွင် မြင့်မြတ်သော ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့သည်။ ဘွဲ့မည် **ဦးသူရိယ** ဖြစ်၏။

ရဟန်းအဖြစ် (၅)ဝါရသည်အထိ ကျွန်းကုန်းရွာ အနန်းပင်တောရကျောင်း၊ ရေတာရှည်မြို့နယ် **"နဂျ" တောရ**ကျောင်းတို့၌ ဝိပဿနာတရားများ အားထုတ်ခဲ့သည်။

(၆)ဝါအရတွင် **သောင်ကုန်းဆရာတော် အရှင်ဇောတိက**ထံမှ နည်းနာခံယူကျင့်ကြံခဲ့သည်။ (၁၁)ဝါအရတွင် ကျွန်းတောကုန်း ရွာဦးကျောင်းသို့ ပြောင်းရွှေ့ကာ ဝိပဿနာကမ္မဋ္ဌာန်း အားထုတ်သကဲ့သို့ အင်္ဂရတ်ပညာကိုလည်း လိုက်စားတော်မူသည်။

သိက္ခာတော်(၁၄)ဝါအရ ၁၃၃၄ ခုနှစ်တွင် ဖီးဖြူပင်ရွာနေ ဦးသိမ်းမောင်၊ ဒေါ်မြရင်တို့ လျှောက်ထားတောင်းပန်သဖြင့် ဖီးဖြူပင် သာသနာ့ရိပ်သာကျောင်းသို့ ကြွရောက်သီတင်းသုံးတော်မူသည်။

ကရင်ပြည်နယ်မြောက်ပိုင်း သထုံခရိုင်၊ တောင်ငူခရိုင် စသည်တို့၌ သမထ ဝိပဿနာကမ္မဋ္ဌာန်းတရားများ ပြန့်ပွားစေရန် ကြိုးပမ်းတော်မူခဲ့၍ ဖီးဖြူပင် သာသနာ့ရိပ်သာတွင် အချိန်ပြည့်ယောဂီ (၆၀)ဦး၊ အချိန်ပိုင်း ယောဂီ (၁၅၀)ဦးခန့် ကမ္မဋ္ဌာနာစရိယ ဆရာတော်အဖြစ် နည်းလမ်းပြသပေးခဲ့သည်။

ခရစ်နှစ် ၂၀၀၂ခုနှစ်တွင် အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ(ကမ္မဋ္ဌာန်း နည်းပြ ပထမအဆင့်) ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိခဲ့သည်။

ဆရာတော်သည် အနောက်တိုင်းဆေးဝါး၊ ခေတ်ပေါ်စားဖွယ်များကို မလိုလား၊ နှစ်သက်တော်မမူချေ။ အရွယ်နှင့်မမျှအောင် ကျန်းမာသွက်လက်၍ အသံသြဇာနှင့် ပြည့်စုံသည်။ သတိကောင်းမွန်သည်။ **သက်တော် (၈၆)နှစ်ပြည့်မွေးနေ့ (၁၃၅၆ ခုနှစ်၊ တပေါင်းလဆုတ် (၈)ရက်)**မှ စတင်ကာ ဖိဝိတဒါန ငါးလွှတ်ပွဲ၊ ပဋ္ဌာန်းဒေသနာ ရွတ်ဖတ်ပူဇော်ပွဲများ နှစ်စဉ်ကျင်းပခဲ့သည်။

သက်သတ်လွတ် ဘုဉ်းပေး၍ ဝတ္ထုငွေ ကိုင်ဆောင်ခြင်းမရှိ။ တိရစ္ဆာန်ဆွဲသောလှည်းများ စီးနင်းခြင်း၊ ဖိနပ်စီးခြင်းမပြုပါ။


**လောကီပညာရပ်ကို လိုက်စားခဲ့သော်လည်း တပည့်သာဝကများကို သတိပဋ္ဌာန်တရားသာ အားထုတ်ကြရန် တိုက်တွန်းလမ်းပြတော်မူသည်။ ဝိပဿနာကမ္မဋ္ဌာန်း အကြောင်းနှင့် ပတ်သက်၍ မေးမြန်းလိုပါက အိပ်နေသည်ဖြစ်စေ နှိုး၍ မေးပါဟု မိန့်တော်မူလေ့ရှိသည်။**

ဆရာတော်ကြီးသည် ရဟန်းဘဝဖြင့် (၅၄)ဝါတိုင်အောင် ပရိယတ္တိသာသနာ ပျံ့ပွားစေရန် ကြိုးပမ်း



www.burmeseclassic.com

www.burmeseclassic.com



ပီကင်းမှ ဗုဒ္ဓမြတ်စွယ်တော်

ဆောင်ရွက်တော်မူပြီးနောက် **သက်တော် (၁၀၄)နှစ်အရွယ် ခရစ်နှစ် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ (၂၇) ရက်၊ ကြာသပတေးနေ့ ညနေ (၆) နာရီ (၁၀)မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်။**

## ပထမံဆေး


ဆရာတော်ကြီး ထေရုပ္ပတ္တိအကျဉ်းကို မှတ်တမ်းပြုပြီးနောက် ဆရာတော်ကြီးရှိစဉ်က စွန့်လှူလေ့ရှိသော ဆေးလုံးကလေးများအကြောင်း မေးမြန်းလျှောက်ကြည့်ရာ လက်ရှိဆရာတော်က ရှင်းပြတော်မူသည်။

'ဆရာတော်ကြီး လူ့ဘဝတုန်းက လောကီပညာ သင်ပေးခဲ့သူက ဘိုးဗုဒ္ဓါပါ။ အဲဒီဆရာက ၁၃၅၀ ပြည့်နှစ်လောက်မှာ ပြန်ရောက်လာပြီး ဆရာတော်ကို ခေါ်သွားတယ်။ အောက်စက်တော်ရာ အနောက်ဘက်တောင်ကြားလေးအတိုင်း ဝင်သွားပြီး နဂါးဘုရားရောက်တော့ ပထမံဆေးတောင့်ပေးပြီး သတ္တုဝါတွေကို ကယ်တင်ပါလို့ မှာသွားတယ်။ ပထမံတစ်ပဲ၊ မြေဖြူတစ်လှည်းတဲ့။ မြေဖြူမှုန့်ရယ် နံ့သာမှုန့်ရယ်ကို ပထမံဆေးနည်းနည်းရောပြီး သမအောင်မွှေ အလုံးကလေးတွေ လုပ်ထားတာပါ'

'အဲဒီ ပထမံဆေးတောင့်က အခုရှိသေးသလား အရှင်ဘုရား'



စတီးကုလားထိုင်



ကျိန်းစက်ခဲ့ရာ ခုတင်



www.burmeseclassic.com

www.burmeseclassic.com





▲ ဆရာတော်ကြီး ကျောင်းဆောင်

◀ ဘုရားဆောင်

'ဆရာတော်ကြီးက အိတ်ကလေး ထဲထည့်ပြီး ကိုယ်နဲ့မကွာ သိမ်းထား လေ့ရှိတယ်။ မမာမကျန်းဖြစ်လို့ ဆေးရုံ တက်တော့ အိတ်ကလေးလဲ ပါသွား တယ်။ ပျံလွန်တော်မူပြီးနောက် ဘယ်သူရလိုက်တယ်ဆိုတာ ဘုန်းကြီး မသိလိုက်ပါဘူး။ ဆေးလုံးတွေကတော့ ရှိပါသေးတယ်။

ခန်းနေဦးပဥ္စင်း ဦးကေသရက သိမ်း ဆည်းထားသော ဆေးလုံးများကို ယူပြ ပေးသဖြင့် မှတ်တမ်းပြုနိုင်ခဲ့သည်။ အမဲ၊ ကျွဲ၊ နွား အသားစားခြင်း ရှောင် ကြဉ်ရသည်။ အရက်သေစာ ရှောင် ကြဉ်ရသည်။ အမျိုးသမီးဖြစ်က ထဘီ ကို ဦးခေါင်းမှစွပ်၍ မဝတ်ရ။ ထဘီဖြင့် မျက်နှာ မသုတ်ရပါ။

အထက်ပါတို့ကို ရှောင်ကြဉ်၍ ဆေး တစ်လုံးစား၊ တစ်လုံးကို ဆောင်ထား ပါက အနာဆိုးများ နှိပ်စက်ခြင်းမှ ကင်းဝေးစေသည်။ ဘေးအန္တရာယ် ကင်းသည်၊ အနှောင့်ပယောဂများ မနှောင့်ယှက်နိုင်ဟု သိမှတ် ရသည်။

ဆရာတော်ထံမှ ဆေးလုံး အလှူခံရသူတို့သည် ထူးခြားမှုများ ကြုံတွေ့ရသည်။ လွန်ခဲ့သည့် နှစ် (၂၀)ခန့်က ရထားဝင်းနေ ဦးစိုးရီသည် ဆေးလုံးများကို ဘုရားစင်ထက် တင် ထားရာ ဘိန်းစေ့များအရွယ် အစိတ် စိတ်ကွဲကာ ဓာတ်တော်များပမာ ဖြစ်သွားသောကြောင့် ဆရာတော် ကြီးက တချို့တစ်ဝက်ကို ပြန်၍အလှူခံ ယူခဲ့သည်ဆို၏။

မဟာင်ရွာမှ ဦးအုန်းမြင့်ထံတွင်ကား ဇီး(ဆီး)သီး အရွယ်ခန့် ကြီးလာကာ စီးပွားဥစ္စာလည်း တိုးတက်ဖြစ်ထွန်း သဖြင့် ကျောင်းတွင်သုံးရန် မီးစက် တစ်လုံး လှူဒါန်းခဲ့သည်ဟု သိရ သည်။

## ထူးခြားသော မွေးနေ့တစ်နေ့

ဆရာတော်ကြီးသည် သက်တော် (၈၆)နှစ်မြောက် မွေးနေ့မှ စတင်ကာ နှစ်စဉ် ဇီဝိတဒါန ငါးလွှတ်ပွဲ ကျင်းပခဲ့ ရာ ငါးဒိုင်မှ ငါးအရှင် ပိဿာ တစ်ရာ ကျော် ဝယ်ယူပေးရသည်ဟု သိရ သည်။ သက်တော် (၁၀၁)နှစ်မြောက် မွေးနေ့ ငါးလွှတ်ပွဲတွင်မူ ကျန်းမာရေး အနည်းငယ် ယိုယွင်းသဖြင့် ဆရာ တော်က ကျောင်းတွင် နေရစ်ကာ တပည့်ဒါယကာများက ရွှေလောင်း အရပ်သို့သွားကာ ကိုယ်စား ငါးလွှတ် ပေးခဲ့ကြသည်။

နောက်တစ်နေ့တွင် ရွှေလောင်းမှ ဒါယကာများက သူတို့ဒေသ ကောင်းကင်ယံတွင် ဇီးဖြူပင်ဆရာ တော်ကြီးကို ဖူးတွေ့ရကြောင်း ပြောဆို ကြသည်။ ဆရာတော်က မည်သို့မျှ မိန့်တော်မမူ၊ မှတ်ချက်မပေးချေ။ ထိုကဲ့ သို့ပင်...

မကြာမတင် ရက်များ၌ မြန်မာ တပ်မတော် လေတပ်မှ လေယာဉ်မှူး များ ဇီးဖြူပင်ကျောင်းသို့ လာရောက် ဖူးမြော်ကာ ဇီးဖြူပင်ရွာထက် ကောင်းကင်ပြင်၌ ဆရာတော်ကို ဖူး တွေ့ရကြောင်း လျှောက်ထားကြ သည်။ ဆရာတော်က နှုတ်ဆိတ်နေ၍ ပြန်လည်မိန့်ကြားခြင်းမရှိဟု သိရလေ သည်။



www.burmeseclassic.com

www.burmeseclassic.com

## ဆရာတော့်ထံမှ

## ဓာတ်ပြာ

တစ်နေ့တွင် ဖိုးဖြူပင်ဆရာတော်ကြီးထံသို့ သီတင်းသုံးဖော်ဖြစ်သူ ရဟန်းတစ်ပါး ရောက်လာသည်။

'အံရှင်ဘုရားဆီမှာ ဓာတ်ပြာ ရှိတယ်လို့ ကြားရတယ်'

'ရှိပါတယ်'

'အရှင်လား အသေလား'

'အရှင်ပါ'

'တပည့်တော်ကို ပြလို့ရမလား'

'ရပါတယ်ဘုရား'

သီတင်းသုံးဖော် ရဟန်းက ဓာတ်ပြာ အနည်းငယ်ကို သွားကြားထိုးတံ အဖျားဖြင့် တို့ယူလိုက်သည်။ ထို့နောက် ငှက်ပျောသီးမှည့် တစ်လုံးယူကာ အညာဘက်၌ နေရာအနှံ့ ထိုးစိုက်သည်။ ပြီးသော် မိုင်းကိုင်စက္ကူဖြင့် ထုပ်ပိုးယူဆောင်လျက်...

'နောက်သုံးရက်ကြာရင် လာခဲ့ပါ့မယ်ဘုရား'

ဟု လျှောက်သွားသည်။

သုံးရက်မြောက်နေ့တွင် ပြန်လာကာ မိုင်းကိုင်စက္ကူကို ဖွင့်ပြသောအခါ ငှက်ပျောသီးမှည့်မှာ ပြန်လည်၍ စိမ်းမာနေသည်ကို တွေ့ရသည် ဆိုလေသည်။

ဖိုးဖြူပင်ဆရာတော်က ဆရာဦးကျော်မြင့်ကို မိန့်ကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

'ကျွန်တော့်ကို အဲဒီ ဓာတ်ပြာစွန့်ချင်လို့ပဲ လားမသိဘူး ဒီအကြောင်းတွေ ပြောပြပါတယ်။ လိုချင်မေမယ့် တောင်းလဲ မတောင်းရဲ ဆရာတော်ကလဲ ဘာမှ ထပ်မပြောတာနဲ့ မရလိုက်ပါဘူး'



◆ လက်ရှိ ဒုတိယဖိုးဖြူပင်ဆရာတော် ဦးပဏ္ဍိစ္စ

ဟု ဦးကျော်မြင့်က မှတ်ချက်ချသည်။

ဖိုးဖြူပင်ဆရာတော်ကြီးနှင့် ဓာတ်ပြာများအကြောင်းကို **ဦးအောင်မြင့်ထွန်းက ပထမဖိုးဖြူပင်ဆရာတော်ကြီး သာသနာပြု သမိုင်းမှတ်တမ်းစာမျက်နှာ (၄၆)တွင်** ဤသို့ ရေးသားထားသည်။

'ဖိုးဖြူပင် ဆရာတော်ကြီးသည် အသက်အရွယ်အားဖြင့် ကြီးရင့်နေပြီဖြစ်သော်လည်း အာယုဝဍ္ဎနဆေးပြားဆေးဝါးဓာတ်စာများကို အစဉ်မှီဝဲသုံးဆောင်သောကြောင့် အရွယ်နှင့်မမျှအောင် ကျန်းမာသွက်လက်သည်။ ပေါ့ပါးလန်းဆန်းနေသည်။ သတိကောင်းနေသည်။ အသံသြဇာနှင့် ပြည့်စုံနေသည်။

ထို့အပြင်လည်း **ယင်းမှတ်တမ်းစာမျက်နှာ(၃၉)တွင်...**

'ဆရာတော် လောင်းလျာသည် သက်တော် (၆၀)နှစ်၊ ဝါတော် (၁၁)ဝါမြောက်မှ သက်တော် (၆၃)နှစ်၊ ဝါတော် (၁၃)ဝါအထိ (ခရစ်နှစ် ၁၉၆၉ ခုနှစ်မှ ၁၉၇၁ ခုနှစ်အထိ) ကျွန်းတောကုန်းရွာ ဦးကျောင်းတွင် သီတင်းသုံး၍ ရဟန်းတရားများ အားထုတ်တော်မူခဲ့သည်။ ထိုအချိန်က တစ်ခါတစ်ရံ အင်္ဂရုတ် ဖိုထိုးတော်မူခဲ့သည်'

ဟု ဖော်ပြထားလေသည်။

## ကြည်ညိုရာသမျှ

ဆရာတော် သီတင်းသုံးခဲ့သော ကျောင်းဆောင်တွင်း ဝင်ရောက်ကြည်ညိုရာ တောင်ဘက်တွင် ဘုရားစင်၊ လက်ဝဲဘက်နံရံတွင် အိပ်ရာခုတင်နှင့် စတီးကုလားထိုင် တစ်လုံးတို့ကို တွေ့ရသည်။ အပြင်ဘက်မူလကျောင်းဆောင်တွင် ဗိကင်းမြို့တွင် စံပယ်တော်မူသော ဗုဒ္ဓမြတ်စွယ်တော်ဓာတ်ပုံကြီး ချိတ်ဆွဲပူဇော်ထားသည်။ ဓာတ်ပုံအောက်ခြေ၌...

"ဗုဒ္ဓမြတ်စွယ်တော်( ဗိကင်းမြို့၊ ပါးတချုလင်းကွမ်းကျောင်းတိုက် )"

ဟု အဓိပ္ပာယ်ရသော တရုတ်စာကမ္ပည်း ရေးထိုးထားသည်။

ပင်မကျောင်းဆောင်၏ အရှေ့ဘက်တွင်ကား ကြီးမားကျယ်ဝန်းလှသော အုတ်တိုက် ဓမ္မာရုံကြီးတစ်ဆောင် တွေ့ရသည်။

ရှေ့လ ဆက်ဖတ်ပါရန်

ဖင်ညိုငယ်



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

# သားမင်း ချောင်းဆိုးပျောက် သလိပ်ပျော် ပူရှိန်းငုံဆေးပြား

အမှတ်တံဆိပ်

ဝ၂၁၁ Y ၀၀၉၅၈၀ လိုင်စင်၇/၂၀၀၈/တဆထလ (၁၆၂၅)
ကြော်ငြာခွင့်ပြုချက်
တဆဝက (စာနယ်ဇင်း) ၁၆၉/၀၂၀၁၀



သလိပ်ပျော်၊ ရင်ချောင်၊ အစာကြေ၊
ဆီး၊ ဝမ်း၊ သွေးလေညီညွတ်အောင်
**သားမင်း** (အမှတ်တံဆိပ်)
**ချောင်းဆိုးပျောက် သလိပ်ပျော်**
**ပူရှိန်းငုံဆေးပြားကိုဆောင်**

လေထန်ကုန်းတွင် ရေးဖော်စာရေးဆရာများ ဆုံကြသည်။ ကိုဇော်ရဲနိုင်၊ ကိုအောင်မြတ်ဦး၊ ကိုနေမျိုးသီဟတို့ကို တစ်ဝိုင်းတည်းတွင် တွေ့ရသည်။ ဆရာဇော်ရဲနိုင်က "လာထိုင် ကိုယဉ်တင့်... အဟွပ်...အဟွပ်...အဟွပ်"

"ချောင်းဆိုးလှချည်လား...ကိုဇော်ရဲနိုင်"

"ဟုတ်တယ်ဗျာ... ဆေးလိပ်မသောက်၊ ကွမ်းမစားဘဲနဲ့ ဘာကြောင့်များ ဒီလောက်ချောင်းဆိုးမှန်းမသိဘူး"

"ရာသီဥတု အကူးအပြောင်းမှာ ဖြစ်တတ်တဲ့ အာဂန္တုကရောဂါပဲ"

"ကိုယဉ်တင့်က တိုင်းရင်းဆေးသုတေသီမို့ ကျွန်တော်တို့ထက် ရောဂါအကြောင်း ပိုနားလည်မှာပါ ရှင်းပြစမ်းပါဦး"

"ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဆိုတဲ့ သမုဋ္ဌာန်လေးပါး ညီညွတ်မျှတအောင် နေထိုင်နိုင်ရင် ကျန်းမာနေတာပါပဲ...ဒါပေမဲ့ အာဟာရသမုဋ္ဌာန်နဲ့ ဥတုသမုဋ္ဌာန် လွန်ယုတ်လွဲမှား ပြဖန်များရင် အာဂန္တုက ချောင်းဆိုးရင်ကျပ်ရောဂါ စလာတာပဲ...ကိုဇော်ရဲနိုင်ကို ကြည့်ရတာ ရေချိုးစောတာမျိုး ရာသီနဲ့ မတည့်တဲ့အစားအစာကို စားတာကစပြီး ချောင်းဆိုးရင်ကျပ်စလာတာပါ"

ဆရာနေမျိုးသီဟက ဆက်ပြောသည်။ "ကျွန်တော်တို့လို ကွမ်းစားတဲ့သူတွေ၊ ဆေးလိပ်သောက်တဲ့သူတွေအတွက် ချောင်းဆိုး ရင်ကျပ်ရောဂါ မကင်းဘူးဗျ...ဒါကြောင့် ဘယ်ဆေးကို ဆောင်ပြီး သုံးစွဲရမယ်ဆိုတာ ပြောပြပေးပါဦး"

"ရာသီမရွေးလဲ စားသုံးနိုင်ပြီး ရာသီအကူးအပြောင်းတွေမှာ ဖြစ်တတ်တဲ့ ချောင်းဆိုးရင်ကျပ် သလိပ်ကပ်ရောဂါကို သက်သာပျောက်ကင်းစေတဲ့ဆေးတစ်မျိုးရှိတယ်ဗျ...ကျွန်တော့်မိတ်ဆွေ **သမားတော် ဦးကိုကိုကြီး**က ရောဂါရှင်များကို လက်တွေ့ကုသပေးခဲ့ပြီး အစွမ်းထက်ထိရောက်မှုကို သိရှိပြီး ဈေးကွက်ထဲမှာ ဖြန့်ချိနေတဲ့ **သားမင်း အမှတ်တံဆိပ် သလိပ်ပျော်ပူရှိန်းငုံ ဆေးပြား**ရှိတယ်။ ကလေး၊ လူကြီးအရွယ်မရွေး သုံးစွဲနိုင်တဲ့ ဆေးကောင်းတစ်လက်ပဲဗျ"

"အဲဒီ သားမင်းအမှတ်တံဆိပ် သလိပ်ပျော်ပူရှိန်းငုံဆေးပြားရဲ့ ဆေးအညွှန်းကိုလဲ ပြောပြပေးဦးမှပေါ့"

"ဆရာတို့အားလုံး သုံးစွဲချင်ရင် သုံးစွဲရအောင် ဆေးအညွှန်း ပြောပြပေးပါမယ်။ ဆေးအညွှန်း မပြော ကျွန်တော် လက်ဆောင်ရ တဲ့ဆေးဘူးထဲက သားမင်း သလိပ်ပျော် ပူရှိန်းငုံဆေးပြား (၄)ပြား ဆရာကိုဇော်ရဲနိုင် ရေနွေးနဲ့ အရင်သောက်လိုက်ဦး... ကဲ ပြောတော့ မယ် နားထောင်...သားမင်း အမှတ်တံဆိပ် သလိပ်ပျော်ပူရှိန်းငုံ ဆေးပြားဟာ ရာသီဥတု အကူးအပြောင်းကြောင့် အအေးမိခြင်း၊ နှာစေး ချောင်းဆိုးခြင်း၊ အပူရှပ်ခြင်း၊ အပူချောင်းဆိုးခြင်း၊ ရင်ကျပ် သလိပ်ကပ်၊ ချွဲကျပ်ခြင်း၊ သလိပ်ပုပ် ထခြင်း၊ လည်ချောင်းစပ်ယားၡ ချောင်း ဆိုးခြင်း၊ ကျောရင်အောင့်၍ အသက်ရှူ ကျပ်ခြင်းများကို ကွမ်းရွက်စိမ်းရည် (သို့) ရေနွေးနဲ့ သောက်ရင် သက်သာပျောက်ကင်းစေတယ်ဗျ"

"ကောင်းတယ်ဗျာ... ဆက်ပြောပါဦး"

"အစာမကြေ၊ ရင်ပြည့်ရင်ကယ်ဖြစ်ခြင်း၊ လေထိုး လေ အောင့်၊ လေနာရောဂါဖြစ်ခြင်း၊ လေပွခြင်း၊ လေချုပ်၍ မအီ မသာဖြစ်ခြင်းများ ကို သက်သာပျောက်ကင်းစေပြီး ဆီး၊ ဝမ်း လေချုပ်ခြင်းများကို မှန်ကန်ညီညွတ်စေတဲ့ဆေး ဖြစ်တယ်ဗျ... ခံတွင်းအနံ့မကောင်းသူများနဲ့ မူးဝေ၊ ပျို့အန်ခြင်းများအတွက် ငုံပေးပါက ခံတွင်းလဲရှင်း၊ မူးဝေခြင်းလဲ ကင်းလျက် ချွဲသလိပ် ပျော်စေပါတယ်။ ကလေး၊ လူကြီး နေ့စဉ် သုံးစွဲရင် အစာကြေ ရင်ချောင်ပြီး အစားအစာ စားချင်စိတ် ဖြစ်ပေါ်စေတယ်တဲ့ဗျ"


ဆေးညွှန်းများ တရစပ်ပြောပြီး လက်ဖက်ရည်သောက် ရင်း စကားခေက်ပြတ်သွားချိန်တွင် ဆရာဇော်ရဲနိုင်က "ဆရာ ကိုယဉ်တင့် တိုက်လိုက်တဲ့ သားမင်းအမှတ်တံဆိပ်သလိပ်ပျော် ငုံဆေးပြားရဲ့ အစွမ်းတော့ပြပြီဗျို့...ဆေးသောက်ပြီး နာရီပိုင်း အတွင်းမှာ ခံတွင်းလဲရှင်း၊ သလိပ်လဲပျော်ပြီး ရင်ချောင်သွား တယ်...**သားမင်းအမှတ်တံဆိပ် သလိပ်ပျော် ပူရှိန်းငုံဆေးပြား** ရဲ့အစွမ်းကို လုံးဝယုံကြည် လိုက်ပြီ...ကျွန်တော်လဲ သုံးစွဲမယ် အပေါင်းအသင်းတွေသိအောင် ဆေးရဲ့ကောင်းခြင်း ဂုဏ် သတင်းကို တစ်အိမ်တက်တစ်အိမ်ဆင်း သတင်းပေးဦး မယ်ဗျို့..."

**ပင်ရင်း-သားမင်းဆေးတိုက်** အမှတ် (၁၀၁၃)၊ ဣန္ဒာ(၁၀)လမ်း၊ ၄/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ☎၀၁-၇၀၅၁၆၄ ၊ ၀၉ ၅၇၇၉၈၃



www.burmeseclassic.com

www.burmeseclassic.com



◆ ပတ္တမြားစေတီတော် စနေထောင့်မှ အောင်မြေနေရာ

အောင်ရွှေမြတ်
(စစ်ကိုင်းတောင်)

# စစ်ကိုင်းတောင်တွင်း သမိုင်းဝင်စေတီများ

ပတ္တမြားစေတီ

**နမောတဿ ဘဂဝတော အရဟာတော သမ္မာသမ္ဗုဒ္ဓဿ။** *[၃–ကြိမ်ရွတ်ဆိုပါ။]*

သီရိဝမ္မာ အသောကေန၊
မဟာရာဇေန နိမ္မိတံ၊
ပဗ္ဗတဂ္ဂေ ယံမထိထူပံ၊
ဝန္ဒေတံ သိရသာမဟံ။

ခက်ခဲသော ပါဠိအသံထွက်

**သီရိဝမ္မာ** = **သီရိဝမ်မာ**
**နိမ္မိတံ** = **နိမ်မိတံ**
**ပဗ္ဗတဂ္ဂေ** = **ပပ်ဗတက်ဂေ**
**ဝန္ဒေတံ** = **ဝန်ဒေဒံ**

မြန်မာပြန်

**သီရိဝမ္မာ အသောကေန၊** သီရိဝမ္မာ သောက ဘွဲ့မည်ရတော်မူသော။

## ၏ အောင်မြေနှင့် ရှိခိုးပူဇော်ဂါထာတော်များ [ ၃ ]

**မဟာရာဇေန၊** တတိယ သင်္ဂါယနာတင် ဘဝရှင် မင်းတရားကြီးသည်။

**ပဗ္ဗတဂ္ဂေ၊** စစ်ကိုင်းဇေယျာ တောင်သေလာတွင်။

**ယံမထိထူပံ၊** အကြင်ပတ္တမြားစေတီတော်မြတ်ကို။

**နိမ္မိတံ၊** တည်ထားကိုးကွယ်အပ်လေပြီ။

**တံ၊** ထိုပတ္တမြားစေတီတော်မြတ်ကြီးကို။

**အဟံ၊** "......"ဟု နာမ သမုတ်အကျွန်ုပ်သည်။


**[မှတ်ချက်။ ။"......"နေရာတွင် မိမိအမည် ထည့်ဆိုရန်]**

**သိရသာ၊** ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။



www.burmeseclassic.com

www.burmeseclassic.com





◄ ပတ္တမြားစေတီမှ တံ(၃)တံအပါအဝင်
ရှေးဟောင်းဆင်းတုတော်မြတ်အား ဖူးမြင်ရစဉ်
ပတ္တမြားစေတီတောင်တော်အား အထူးစောင့်ရှောက်သော
"ပုဏ္ဏက ဘီလူးမင်းကြီး" ►

**ဝန္ဒေဝန္ဒာမိ၊** လွန်စွာမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား။

ဘုရားတည်နှစ်

သက္ကရာဇ် ၆၆၂ ခုနှစ်။

ဘုရားဒါယကာ

ပဒူးကြီး သဃ်ရာဇာ၊ အရှင်သီရိမဟာထေရ်။

တည်နေရာ

ပတ္တမြားတောင်ကုန်း၊ စစ်ကိုင်းတောင်။

ပွဲတော်ရက်

နှစ်စဉ် တော်သလင်းလပြည့်နေ့။

အောင်မြေနေရာ

စနေထောင့်။

အစောင့်အရှောက်

ပုဏ္ဏက ဘီလူးမင်း။

ထူးခြားချက်

ရှေးခေတ် နှစ်ပေါင်းများစွာမှ စတင်၍ ယနေ့ထက်တိုင်အောင် ထွက်ရပ်ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များ၊ ဝိဇ္ဇာဓိုရ်များနှင့် လူသူတော်များ **တရားဆွေးနွေးရာ၊ တရားထိုင်ရာဌာန**ဟု အဆိုရှိကြောင်း မှတ်တမ်းများရှိနေလေ၏။

စစ်ကိုင်းမြို့နယ် ဖြစ်စဉ်မှတ်တမ်းတွင် သတိုးမင်းဖျားလက်ထက်၌ ဆေးဝါးအတတ် လုပ်ရတ်အပြီးတိုင်သော **ဘုန်းတော်ကြီး "အရှင်စိတ္တကျော်"** သီတင်းသုံးခဲ့လေ၏။

"မင်းကြီးစွာစော်ကဲ" လက်ထက်တွင်လည်း ထူးခြားဆန်းပြားသော တန်ခိုးက္ကဒ္ဓိပါဒ်နှင့် ပြည့်စုံသော ဆေးဝိဇ္ဇာကြီး နေဖူးလေ၏။

ညောင်ရမ်းမင်းတရား လက်ထက်တွင် **ဗားမဲ့၊ ဗားတမော့၊ ဗားမောက်၊ ဗားမြို့ကျ** စသော ဗားလေးပါးဆရာတော်ကြီးများနှင့် မွန်ခင်ကြီး စသည့် ပုဂ္ဂိုလ်ထူးများ ဤပတ္တမြားစေတီတောင်၌ ဆေးဝါးနှင့်အဂ္ဂိရတ်ကိစ္စ အပြီးတိုင် ပြီးမြောက်ခဲ့ဖူးလေ၏။

၆၆၂ ခုနှစ်၌ ပြန်လည်တည်ထားသော ပဒူးကြီးသဃ်ရာဇာကိုယ်တိုင် ဓာတ်ကိစ္စ ပြီးမြောက်ခဲ့ကြောင်း မှတ်တမ်းများ ရှိခဲ့လေ၏။

ယနေ့တိုင် ပေါက်မြောက်သော **"ပေါက်ဂူ"**ကို မြင်တွေ့နိုင်လေ၏။

ပတ္တမြားစေတီနှင့် ပတ္တမြားတောင်သည်ကား ဆေးပညာရှင်များအတွက် ဘုမ်နက်သန် နေရာတော်အမှန် ဖြစ်လေတော့သည်။

---

ထူပါရုံစေတီ

---

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။** *[၃-ကြိမ်ရွတ်ဆိုပါ။]*

နရပတိ ပါကဋေန၊
အင်းဝရာဇေန ကာရိတံ၊
ထူပါရာမ စေတီယံ၊
ဝန္ဒေ ယန္တံ သုခါဝဟံ။

ခက်ခဲသော ပါဠိအဿံထွက်

**ပါကဋေန** = ပါကဋေန
**ဝန္ဒေယန္တံ** = ဝန်ဒေယန်တံ

မြန်မာပြန်

**နရပတိ ပါကဋေန၊** နရပတိဟု






www.burmeseclassic.com

www.burmeseclassic.com





▲ ပထ္တမြားစေတီတော်အား တန်ဆောင်းမှ မြင်ရပုံ

◀ ပထ္တမြားစေတီ၏ မြောက်ဘက်မျက်နှာဘက်အတွင်းမှ ပုဂ္ဂိုလ်ထုများ မြောက်ရာ မြင်တွေ့ရပုံ

ထင်ရှားကျော်ကြားတော်မူသော။

**အင်းဝရာဇေန၊** အင်းဝပြည်ရှင်မင်းဘုရင်သည်။

**သုခါဝဟံ၊** နတ်လူနိဗ္ဗာန် သုံးတန်သောချမ်းသာကို ဆောင်နိုင်သော။

**ယံ ထူပါရာမဝှ စေတီယံ၊** အကြင်ထူပါရုံ အမည်ရှိသော စေတီတော်မြတ်ကြီးကို။

**ကာရိတံ၊** လူရှင်အများ ကုသိုလ်ပွားအောင် တည်ထားသမှု ကိုးကွယ်ခြင်းပြုခဲ့လေပြီ။

**တံ၊** ထိုထူပါရုံ စေတီတော်မြတ်ကြီးကို။

**အဟံ၊** "……"ဟု နာမ သမုတ်အကျွန်ုပ်သည်။

**[မှတ်ချက်။ ။"……"နေရာတွင် မိမိအမည် ထည့်ဆိုရန်]**

**ဝန္ဒေဝန္ဒာမိ၊** လွန်စွာမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပါ၏ဘုရား။

ဘုရားတည်နှစ်

သက္ကရာဇ် ၈၀၆ ခုနှစ်။

ဘုရားဒါယကာ

အင်းဝဘုရင် နရပတိ၊ ယခု ဒါယကာ ဒီပါအေးမြဆရာတော်ကြီး အရှင်နန္ဒာသီရိ မဟာထေရ်။

တည်နေရာ

ရောဝတီမြစ်အနီး၊ ထူပါရုံလမ်း၊ စစ်ကိုင်းမြို့။

ပွဲတော်ရက်

နှစ်စဉ် တော်သလင်းလပြည့်ကျော် (၈)ရက်။

အောင်မြေနေရာ

စေတီတော်ကြီး၏ တနင်္ဂနွေထောင့် ဂြိုဟ်တိုင်အနီး။

အစောင့်အရှောက်

ဗောဓိပင် ဘိုးဘိုးကြီး။

ထူးခြားချက်

ထူပါရုံစေတီတော်ကြီးအား သားပန်ကုန်းမြေကို စည်မျက်နှာကဲ့သို့ ညီညာအောင်ပြုပြင်၍ တည်ထားခဲ့သော နေရာမြတ် ဖြစ်လေ၏။

စေတီတော်ကြီး ထီးတင်သောအခါ အင်းဝနေပြည်တော်မှ စစ်ကိုင်းဘက်ကမ်းသို့ စစ်အင်္ဂါ(၄)ပါးနှင့်တကွ များစွာသော ရဟန်းရှင်လူများ၊ မိဖုရားနှင့် သားတော်သမီးတော်များ၊ ဆွေတော်မျိုးတော်များ၊ မှူးမတ်အပေါင်း ခြံရံလျက် အရိယာ သံဃာတော်တို့အား အတိုင်းမသိနိုင်သော အလှူကြီး လှူနိုင်ရန် ရောဝတီမြစ်ကူးတံတားကြီး တည်ဆောက်ခဲ့လေ၏။

သိန်းဃိုကျွန်း၊ ပြည်၊ ဟံသာဝတီ၊ ယိုးဒယား၊ ပဲခူး၊ လင်းဇင်း၊ တနသ်ာရီ၊ မျက်နှာမည်း တရုတ်၊ မိုင်းစည်စော်ဘွား၊ ဝန်းခင်စော်ဘွားတို့ အလုံးအရင်းနှင့်ရောက်ရှိလာကြသဖြင့် မင်းအဆက်ဆက်တို့ မခံယူဘူးသော မင်းပွဲသဘင်ကို ခံတော်မူသော **ရာဇအောင်မြေ** ဖြစ်လေ၏။

နရပတိမင်းကြီး တည်ဆောက်ခဲ့သော ရှေးဟောင်းတံတားကြီး မရှိတော့သော်လည်း၊ အင်းဝတံတားကြီးနှင့် ရတနာပုံတံတားသစ်ကြီး နှစ်စင်းအားဖြင့် အလွယ်တကူ အချိန်မရွေး လာရောက် ဖူးမြော်နိုင်ကြလေ၏။

ဂမ္ဘီရလမ်းသို့ ဦးတည်ချက် အမျိုး



www.burmeseclassic.com

www.burmeseclassic.com



▲ ထူပါရုံဘုရား စနေထောင့်မှ ရှုမြင်ရပုံ


▼ ထူပါရုံဘုရား တနင်္ဂနွေထောင့်မှ အောင်မြေနေရာ





www.burmeseclassic.com

www.burmeseclassic.com



▲ ထူပါရုံဘုရားရှိ

ကြာသပတေးအရပ်မှ ဆင်မင်း



◀ ထူပါရုံဘုရား အဂ္ဂိထောင့်မှ ဘိုးဘိုးကြီး

မျိုးဖြင့် လျှောက်လှမ်းနေသော သူတော်ကောင်း ပုဂ္ဂိုလ်များအတွက် နေရာထူး ဖြစ်လေ၏။

မှတ်ချက်

(၁၁.၁၁.၂၀၁၂)နေ့က လှုပ်ခဲ့သော ငလျင်ဒဏ်ကြောင့် ပြိုပျက်ဖွယ်ရာ အခြေအနေ ဖြစ်ပေါ်နေသောကြောင့် "သီတဂူ ဆရာတော်ကြီး အရှင်ဉာဏိ သသရ"မှ ဦးဆောင်၍ ဗိသုကာပညာရှင် ကြီး ဦးဝင်းမောင်-တမ္ပဝတီအား ပုံစံတော်ထုတ်စေ၍ တစ်ဖန် ပြန်လည် ပြုပြင်တည်ဆောက်ရန် စီစဉ်လျက်ရှိနေပါပြီ။

ရွှေလ ဆက်ဖတ်ပါရန်

အောင်ရွှေမြတ်
(စစ်ကိုင်းတောင်)



www.burmeseclassic.com

www.burmeseclassic.com



◆ ဂေါ်ဖီထုပ် ပဒေသာ(၁၈)ထုပ်

ထိပ်တင်ငွေ
(နဒီပါဒ)

ပေါင်းစည်းခြင်းမင်္ဂလာ

# ဂေါ်ဖီထုပ်ပဒေသာ

ဆောင်းရာသီ မီးဖိုချောင်သုံး စားဖွယ်ထဲက အသီးအနှံလို့ ပြောလို့ မရတဲ့ မုန်လာနှစ်မျိုးရှိပါတယ်။ အဲဒီ မုန်လာနှစ်မျိုးက **ပန်းမုန်လာနဲ့ အထုပ်မုန်လာ**ခေါ်တဲ့ **မုန်လာထုပ်**ပဲ ဖြစ်ပါတယ်။

ပန်းမုန်လာကို **ဂေါ်ဖီပန်း**လို့လဲ ခေါ်ပါတယ်။ ဟိန္ဒီစကား"**ဂေါ်ဘီ**"နဲ့ မြန်မာစကား "**ပန်း**"တို့ကို ပေါင်းစပ်ပြီး အဆုပ်လိုက်၊ အဆုပ်လိုက် ပွင့်နေတဲ့ အပွင့်များကို ညှာတံတစ်ခုတည်းမှာ စုစည်းပြီး ပန်းခိုင်ပန်းပွင့်ကြီးလို ဖြစ်နေတာမို့ "**ဂေါ်ဖီပန်း**" ကြော်၊ ချက်၊ သုပ်၊ ပြုတ် စားရတဲ့အစာပဲ ဖြစ်ပါတယ်။

အထုပ်မုန်လာကိုတော့ မုန်လာထုပ်၊ ဂေါ်ဖီထုပ်လို့လဲ ခေါ်ပါတယ်။ အဲဒီ ဂေါ်ဖီထုပ်ကလဲ ဟိန္ဒီစကား "**ဂေါ်ဘီ**" နဲ့ မြန်မာစကား "**ထုပ်**"ဆိုတာကို ပေါင်းစပ်ပြီး အရွက်တွေ အထပ်ထပ်ကို စုထုပ်ထားသလို ရှိတာကြောင့် "**ဂေါ်ဖီထုပ်**" ကြော်၊ ချက်၊ သုပ်၊ ပြုတ် စားရတဲ့ အစာပဲဖြစ်ပါတယ်။

ခုလို အဓိပ္ပာယ်အပြည့်ရှိတဲ့ "ဂေါ်ဖီပန်း" နဲ့ ဂေါ်ဖီပန်းခေါ်တဲ့ မုန်လာထုပ်ဆိုပြီး စားဖွယ်နှစ်မျိုးထဲက ထူးခြားဆန်းပြားတဲ့ "ဂေါ်ဖီထုပ်ပဒေသာ" ခေါ် "မုန်လာထုပ်ပဒေသာ"အကြောင်း ထူးခြားဆန်းပြားမို့ ရေးပြောလိုက်ရတာ ဖြစ်ပါတယ်။

ဂေါ်ဖီထုပ်ရဲ့ သဘောသဘာဝက ပထမဆုံးမြေပြင်မှာ ခုံတင်၊ မျိုးစေ့လေးတွေကို ကြဲပက်ပြီး ဖြစ်လာတဲ့ ပျိုးပင်ပေါက်ကလေးတွေကို တစ်ပင်ချင်း တစ်ပင်ချင်း တစ်တောင်ကွာစီ အကွက်ချစိုက်ရတာ ဖြစ်ပါတယ်။

အဲဒီ အပင်ပေါက်ကလေးတွေက တစ်ဆင့် သက်တမ်းရင့်လာတဲ့အခါ မုန်လာရွက်ကလေးတွေ တစ်ထပ်ချင်း တစ်ထပ်ချင်းပဲ ထပ်ထပ်သွားရာကနေ လုံးလုံးဝိုင်းဝိုင်း လူလုပ်ယူသလို ဘောလုံးလေးနဲ့ တူအောင်ကို ဖြစ်လာရပါတယ်၊ အဲဒီလုံးလုံးကလေး ထွားဆိုင်ခန့် ဒါမှမဟုတ် ကြီးထွားနိုင်သေးရင် ထွားဆိုင်သာသာအထိ ရှိလာတဲ့အခါမှ အပင်ခြေကကပ်ပြီး ဖြတ်ယောက်ယူရ



www.burmeseclassic.com

www.burmeseclassic.com

တာ ဖြစ်ပါတယ်။

ဒီနေ့ (၃-၂-၂၀၁၃)ညနေပိုင်း (၅) နာရီလောက်မှာ ဆရာဦးတင်ငွေ ရောက်လာပြီး...

'မောင်အာယု ဒီလို မှန်လာထုပ်ကြီးမျိုး တွေ့ဖူးသလား။ ထူးခြားဆန်းပြားလေးများ ရေးရင် အဆင်ပြေမလားလို့ ဆရာ့စိုက်ပျိုးရေး ဆရာ့သက်တမ်းမှာ တစ်ခါမှ မတွေ့ဖူး ဘူးနော်'

လို့ ပြောပါတယ်။ ဒီစကားသံကြောင့် အိမ်မှာ လက်သမားလုပ်နေကြတဲ့ ကျွန်းဘက်မှ စိုက်ပျိုးရေးလုပ်ဖူးသူများ က လာရောက် ဝိုင်းဝန်းကြည့်ရှု ကြပါ တယ်။ အားလုံးက မတွေ့မမြင်ဘူး ကြောင်း ဝန်ခံပြီး တစ်ဦးကတော့ အထုပ်တွေ ရေတွက်ကြည့်ပြီး (၁၈) ထုပ်ရှိကြောင်း ပြောပါတယ်။စာရေးသူ ထပ်ပြီးရေကြည့်တော့လဲ(၁၈)ထုပ်ပါပဲ။

သာမန် မုန်လာထုပ်ရဲ့ သဘာဝ အခြေအနေကို ရှေ့ပိုင်းမှာ ရေးပြောပြီး ဖြစ်ပါတယ်။ ထူးခြားဆန်းပြားတဲ့ မုန်လာထုပ်ဆိုတာထက် ဖြစ်တည်ရှိမှု ကို မြင်ရတွေ့ရတဲ့အတိုင်း ဗိဂြိုဟ် အနက်ပြုပြီး အထပ်ထပ် အစုစု အများအပြား တိုးပွားနေတာကြောင့် **"မုန်လာထုပ်ပဒေသာ"**၊ **"ဂေါ်ဖီထုပ် ပဒေသာ"**မည်ကြောင်း ဂုဏ်ပြုပြော ပြလိုက်ပါတယ်။ အားလုံးက သဘော ကျပါတယ်။

ဆရာ ဦးတင်ငွေကတော့...

အဲဒါဆို ပဒေသာပင်ရဲ့ သတ္တိ သဘောအရ အဲဒီမုန်လာထုပ် အိမ်ကို ရောက်လာတဲ့နေ့က ဆရာ့အိမ်ကို ဆယ်လီကွန်ခေါင်းအုံးနှစ်လုံး လက်ဆောင်ပေးခဲ့သူရှိခဲ့ပြီး ခေါက်ဆွဲ ကြော်ထုပ်လဲ နှစ်ထုပ် လာရောက်ပေးခဲ့သူ ရှိပြီး ပဒေသာပင်ရဲ့ အစွမ်းသတ္တိနဲ့အညီ ပစ္စည်းပစ္စယများ စားသောက်ဖွယ်များ ရောက်လာတယ်'

လို့ ပြောပြပါတယ်။

အဲဒီလိုပြောပြီး မိနစ်အနည်းငယ် အတွင်း စာရေးသူထံသို့ ရန်ကုန်ဦးတင် ဆောင်၊ ဒေါ်မြစောတို့ဆီက ပုစွန် ခြောက်၊ ငါးပိ၊ ငရုတ်တို့ ဆီနိုင်နိုင်နဲ့ ကြော်ထားတဲ့ ဗာလချောင်ကြော်ကို ပလတ်စတစ်ဘူး အကြီးစားကြီးနဲ့ ထည့်ပြီး ပို့လိုက်တာကို ကိုမြင့်ကျော်က လာပို့ပါတယ်။

ည(၇)နာရီလောက်မှာ တူတော် မောင် စည်သူလွင်(အဆိုတော်မဟုတ်) က မုန့်ဟင်းခါးချိုင့် နှစ်ချိုင့် လာပို့ပါ တယ်။ နာရီဝက်လောက်အရှိမှာ ချောက်မှာနေတဲ့ သမီးဆီက ပဲလမုန့် (၁၅)ခု လူကြုံနဲ့ အပို့ခိုင်းပါတယ်။

အဲဒီနောက် မကြာခင်မှာပဲ ဓာတ်ပုံ မှတ်တမ်းတင်ပြီး နိုင်ဝင်းကွန်ပျူတာ ဓာတ်ပုံလုပ်ငန်းကို ကူးပေးဖို့ မေတ္တာ ရပ်ပြီး ကျသင့်ငွေပေးဖို့ မေးတော့ "ကိုအာယုရဲ့ အဆုံးအမ ကျေးဇူးတွေ ရှိတာမို့" ဆိုပြီး ထောင့်စုံက ရိုက်ထားတဲ့ ပုံ(၃)ပုံကိုအလကားကူးပေးလိုက်ပါတယ်။

တကယ့်ကိုပဲ ပဒေသာပင်တို့ရဲ့ ဂုဏ်သတ္တိပြခြင်းပေပဲလား။ ဒါမှမဟုတ် တိုက်ဆိုင်မှုပေလား ဆိုတာတော့ ပြော ဖို့ အတော်ခက်နေပါတယ်။ ဒါနဲ့ပဲ စာရေးသူရဲ့ ညှိခန်းက စားပွဲမှာ တင်ထားပြီး ဂေါ်ဖီထုပ်ပဒေသာကို ပြသထားလိုက်ပါတယ်။

ည အိပ်မက်ဆုံရာ လာကြည့်တဲ့ အဘွားဒေါ်ကြင်မေက...

'တို့ အသက်(၈၅)နှစ်မှာ ဒီလိုမုန်လာထုပ် ပဒေသာမျိုး တစ်ကြိမ်တစ်ခါမှ မမြင်မတွေ့ ဖူးပါဘူးတော်'

ဒီတော့ကာ ဂေါ်ဖီထုပ်ပဒေသာ၊ မုန်လာထုပ်ပဒေသာရဲ့ ပုံသဏ္ဌာန်ကို ပုံထဲပါတဲ့အတိုင်း ရေးပြပါ့မယ်။ ပုံက ဘေးတိုက်ရိုက်ထားတဲ့ပုံ ဖြစ်ပါတယ်။

နောက်ရေးပြောချင်တာက အဲဒီ ဂေါ်ထီ ထုပ်ပဒေသာရဲ့ မျက်မြင် ထူးခြားချက် တွေအပြင် ဂဏန်းအက္ခရာနဲ့ အတိတ် နိမိတ်ကောက် ဖတ်ကြည့်ရင်လဲ ထူးခြားချက်တွေ အများကြီး တွေ့ရ ပါတယ်။

အဲဒီ ဂေါ်ဖီထုပ်ပဒေသာ၊ မုန်လာ ထုပ်ပဒေသာဟာ အညာတစ်ခုတည်း မှာ ကြီးကြီးငယ်ငယ် အထုပ်ပေါင်း (၁၈)ထုပ် ပါရှိပါတယ်။ (၁၈)ဟာ လာဘ်နံပါတ်လို့ သတ်မှတ်ထားကြပါ တယ်။ အဲဒီ (၁၈)ကို ၁ + ၈ = ၉ ဂဏန်းဟာ ဗုဒ္ဓဘာသာ မြန်မာတို့ အကြိုက် ဗုဒ္ဓဂုဏ်တော်ကိုးပါးကို ရည်ညွှန်းတဲ့ ဂဏန်းဖြစ်နေပါတယ်။

ဂေါ်ဖီထုပ်ပဒေသာကို ဆောင်းပါး ရေးဖို့ လာပြတဲ့နေ့ကလဲ တနင်္ဂနွေ ဗေဒင်စကားအရ (၁)နွေအောင်နေ့ အောင်ရက်၊ လအလိုက ပြာသိုလပြည့် ကျော်(၈)ရက်၊ အဲဒီ(၁)နွေရဲ့ လဆုတ် (၈)ရက်ကို ပေါင်းရင်လဲ (၉)ဂဏန်းပဲ ရတာမို့ (၉)ဂဏန်း နှစ်သက်သူတွေ ကတော့ ဒီဂေါ်ဖီထုတ်ပဒေသာ ရလာ ရောက်လာတဲ့နေ့ဟာ တြင်းကျေ နဝင်းကျေလို့ပဲ ခေါ်ကြပြောကြမလား တော့ မသိပါဘူး။

အဲဒီနေ့မှာပဲ အမြိတ္တစုတ်လဲ ကျတဲ့ အတွက် အရာရာ အောင်မြင်ခြင်းကို ဆောင်တဲ့ အဓိပတိ အောင်နေ့အောင် ရက်လို့ပဲ ပြောရမှာဖြစ်ပါတယ်။

စာရေးသူအမြင်နဲ့ အတွေးကတော့ ပြည်မကြီးဘေးက ပြည်နယ်လေးများ ဝန်းရံပြီး တစ်စုတစ်စည်းတည်း ပေါင်း ဆုံစုစည်း ညီညွတ်သွားခြင်းရဲ့ အတိတ် နိမိတ်အရိပ်လက္ခဏာပဲလို့ စဉ်းစား တွေးတောပြီး ဝမ်းသာပီတိတောင် ဖြစ်နေမိပါတယ်။

**ထိပ်တင်ထွေး (နဒီပါဒ)**



www.burmeseclassic.com

www.burmeseclassic.com


ကြော်ငြာခေါင်းပါး




တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687
လိုင်စင် ၇/၂၀၀၈၊ တဆထလ(တိုး)-၁၃၁၂

အဆီကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့

# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက (တနင်္သာရီ) ၁၃၀/၀၁၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို **မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး** လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်,မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဂီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ။

**ပင်ရင်း - မုံရွာ-ဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း**

အမှတ်-၅၂/၃၅၆၊ ဗမာ့ဗိုလ်လမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၇၇၊ ၀၉-၅၁-၈၈၆၁၂

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်းခွဲ (၃၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၃၄၇)




www.burmeseclassic.com

www.burmeseclassic.com

စင်သိုင်ယ်

နွားလပို့တောင်တွေအနောက်ဘက်အခြေမှ ချမ်းမြေ့ပိုင်ခွင်

# သပိတ်အိုင် သာသနာမြေသို့ (၂)


**ယခင်လမှ အဆက်**

စေတီအခြေတွင် ဆရာတော်၏ အရိုးပြာများနှင့် ပရိက္ခရာများ ထည့်သွင်းကာ အထက်တွင် ဘုရားရှင်၏ ဓာတ်တော်များ ဌာပနာပြု ပူဇော်ထားသည်။

ဉာဏ်တော်အမြင့် (၁၂)တောင်ရှိကာ အောက်ခြေမုခ်လေးခုအတွင်း တင်ပျဉ်ခွေ ရုပ်ပွားငယ်တစ်ဆူစီ ပူဇော်ထားသည်။ ဤစေတီနှင့်ပတ်သက်၍ သဲကုန်းအရှင်ဉာဏိသရက ဤသို့ ရေးဖွဲ့တော်မူသည်။

'စေတီတော်ကလေး၏ ဆည်းလည်းသံများသည် မိမိအား ဤသပိတ်အိုင်တောရမှာ နိဗ္ဗာန်မပါရမီ လာရောက် ဖြည့်ကျင့်ပါတော့လား။ ဝိဝေကသုံးပါးကို အစဉ်ပွားများလိုကုန်ရကား ထိုဝိဝေကသုံးပါးသို့ ညွှတ်ကိုင်းသော စိတ် ရှိကြကုန်သော အမျိုးကောင်းသားတို့သည် တောတောင်သစ်ပင်ရင်း လှိုဏ်မြောင်လိုဏ်ခေါင်းတို့တွင် ကိုယ်နှင့်အသက် မငဲ့ကွက်ဘဲ နေထိုင်ကျင့်သုံးကြကုန်ပြီ'

ဟု သပိတ်အိုင်တောရ ဆရာတော်ကြီးကိုယ်တိုင် တရားဟောနေသည့်ပမာ သာယာကြည်နူးစေပါတော့သည်။



◆ ဆရာတော်ဦးကိတ္တိမ၏ ရုပ်ပုံတော်

**သုသာန်**

လွှမ်းစေတီအောက်ဘက် ကပ်လျက် ကုန်းမြေတွင် သုသာန်ရှိသည်။ ဆရာတော်ကြီးရှိစဉ်က ရွာသုသာန် မဆင်းရဘဲ တောတွင်းမှာပင် အဆင်ပြေစွာ သုသာန်ဓူတင် ကျင့်သုံးနိုင်ရန်အတွက် ဦးဘိုးစိန်နှင့် ဦးထွန်းဖေပု အမည်ရှိသော လူပျိုကြီး ဒါယကာနှစ်ဦး၏အလောင်းကို အလှူခံ၍ မြှုပ်နှံထားခြင်းဖြစ်သည်။

ယခုအခါ နှစ်လောင်းမကတော့ပါ။ အုတ်ဂူကမ္ပည်းတွင် သံဃာဘွဲ့မည်များလည်း တွေ့ရသည်။ ကမ္ပည်းတစ်ခုတွင် ဦးကေသဝဟူသော ဘွဲ့မည်ရေးထားသည်။ ဦးကေသဝသည် ယခုလက်ရှိ သပိတ်အိုင်ဆရာတော် ဦးဉာဏတိက္ခ မတိုင်မီ ကျောင်းထိုင်ခဲ့သော ဆရာတော် ဖြစ်သည်။


သပိတ်အိုင်တောရတွင် ဆရာတော်



www.burmeseclassic.com

www.burmeseclassic.com





◆ သပိတ်အိုင်တောရတွင်းမှ သုသာန်

◆ ဆရာတော်ဦးကိတ္တိ၏ရုပ်တုတော်

ဦးကိတ္တိ ပျံလွန်တော်မူပြီးနောက်…

- အရှင်ဝဏ္ဏိတ(ကျိုက်ထို)
- အရှင်ပညာဇောတ(တောင်စွန်း-ဓမ္မဒူတ)
- အရှင်ဝိသဝ(မိတ္ထီလာ)
- အရှင်ဉာဏိဿရ(သဲကုန်း)
- အရှင်ကောလာသ(ကျိုက်လတ်)
- အရှင်ကောသဝ(ကျုံက)
- အရှင်ဉာဏတိက္ခ(လက်ရှိ ကျောင်းထိုင်ဆရာတော်)

စသည်ဖြင့် အစဉ်အဆက် သီတင်းသုံးကာ သာသနာတာဝန်ကို ထမ်းဆောင်တော်မူခဲ့ကြသည်ဟု သိရပေသည်။

## ရုပ်တုရုပ်ပုံတော်များ

ထို့နောက်တွင် အသစ်မွမ်းမံထားသော သပိတ်အိုင်တောရ ကျောင်းကလေးပေါ်သို့ တက်ရောက်ကြည့်ရှုရာ လက်ရှိဆရာတော်မှာ ကျန်းမာရေးအနည်းငယ် ချို့ယွင်းသဖြင့် ကျိန်းစက်နေသည်ကို တွေ့ရသည်။

ခေါင်းရင်းဘက် မှန်ကျောင်းဆောင်အတွင်းသို့ လှမ်းကြည့်ရာ မူလသပိတ်အိုင်ဆရာတော် ဦးကိတ္တိ၏ တင်ပျဉ်ခွေရုပ်တုကို ဖူးမြော်ရသည်။

ကျောင်းကလေးမှ ခြေဖော့နင်း၍ ပြန်ဆင်းလာကာ သိမ်အတွင်း ဝင်ကြည့်ရာ ဆရာတော် ဦးကိတ္တိ၏ တင်ပျဉ်ခွေရုပ်ပုံနှင့် ဆွမ်းခံရာမှ ပြန်ကြွလာသော မတ်ရပ်ပုံတော်တို့ကို တွေ့ရသည်။

ဓာတ်ပုံဆေးသားများ ပျက်ပြယ်ကာ ပျက်စီးနေသည်ကို မြင်ရသဖြင့် ထေရုပ္ပတ္တိစာအုပ်တွင် ပါရှိသည့် ပုံတော်ကို ထပ်ဆင့် ရိုက်ကူးဖော်ပြလိုက်ပါသည်။

## သိမ်နှင့် ဓမ္မာရုံ

သိမ်တော်အတွင်း ဓမ္မဒူတ အရှင်ပညာဇောတ၊ သဲကုန်း အရှင်ဉာဏိဿရ စသည့် ဆရာတော်တို့ သီတင်းသုံးစဉ်က ပုံတော်များကိုလည်း တွေ့ရသည်။

ဤသိမ်နှင့် ဆွမ်းစားဆောင်အဖြစ် အသုံးပြုသော ဓမ္မာရုံတို့ကို သဲကုန်း အရှင်ဉာဏိဿရ လက်ထက်တော်တွင် တည်ဆောက်ခဲ့သည်ဟု သိရသည်။ ဓမ္မာရုံအတွင်း၌ ကမ္ပည်းကျောက်စာတိုင်တစ်ခုထားကာ…

ပေါင်မြို့နယ်၊ သပိတ်အိုင်တောရကျောင်း၊ သာဓုဇနပါသာဒိကာ သိမ်တော်မော်ကွန်းဟု ခေါင်းစဉ်တပ်လျက် သပိတ်အိုင်ဆရာတော်ကြီး ဦးကိတ္တိ တည်ထောင်ခဲ့သော သပိတ်အိုင်တောရကျောင်းတွင် သဲကုန်းဇာတိ ဆရာတော် ဦးဉာဏိဿရ သီတင်းသုံးနိုက် ၁၃၃၆ ခုနှစ်၊ ပြာသိုလတွင် သိမ်သမုတ်ပြီးကြောင်း နဘေကာရန်စပ်လက်ာသွားဖြင့် ဖော်ပြထားလေသည်။

## သပိတ်အိုင်


ကျောင်းနှင့် သိမ်တို့အား လှည့်လာကြည့်ရှုပြီးနောက် မဝေးလှသော စမ်းရေအိုင်သို့ သွားရောက်သည်။ တောင်ကြားမှ စီးဆင်းလာသော တောင်ကျစမ်းရေများ ပြည့်လျှံနေသည့် ရေအိုင်သည် အကျယ်(၂၅)ပေ၊ အနက်(၁၅)ပေခန့်ရှိသော သပိတ်လုံးကြီးပုံသဏ္ဌာန်ရှိသောကြောင့် သပိတ်အိုင်ဟု ခေါ်တွင်ကြသည်။

အိုင်အတွင်း ငါး၊ ပုစွန်များ ရှိကြကာ




www.burmeseclassic.com

www.burmeseclassic.com



▲ သပိတ်အိုင်လှွမ်းစေတီ

▼ ကျားရှုအာဝင်



ဆရာတော်ကြီး သက်တော် ထင်ရှားရှိစဉ်က ဆွမ်းအကျန်များ စွန့်လှူကျွေးမွေးတော်မူသည်ဟု သိရသည်။

ယခုအခါတွင်လည်း တောရကျောင်းနေ သံဃာများက ဆွမ်းကျန်များ ကျွေးမွေးကြဆဲဖြစ်သည် ဆို၏။ ဤသပိတ်အိုင်ကြီးသည် သာမဏေများနှင့် အနီးချုပ်စပ် ရော်ဘာခြံများမှ ကလေးငယ်များ၏ သဘာဝရေကူးကန်လည်း ဖြစ်လေသည်။

သပိတ်အိုင်နှင့် တောရကျောင်းကလေးအကြား တောင်ခါးပန်းပေါ်တွင် တစ်ပါးစာ ကမ္မဋ္ဌာန်းကျောင်းကလေး အချို့ကို တွေ့ရသည်။ ဆိတ်ငြိမ်အေးချမ်းလှသော တောတောင်အရိပ်ခိုကာ ကမ္မဋ္ဌာန်းဆောက်တည်လိုသူများအတွက် အလွန်ပင် အဆင်ပြေလှသဖြင့် ရက်တိုရက်ရှည် အဓိဋ္ဌာန်ပြု ကမ္မဋ္ဌာန်း ဆောက်တည်ကြသည့် ယောဂီ မပြတ်ရှိကြောင်း သိရပေသည်။

## ဆရာတော်၏ ထေရုပ္ပတ္တိအကျဉ်း

သပိတ်အိုင်ဆရာတော် ဦးကိတ္တိလောင်းလျာ မောင်ဖိုးသောင်ကို ညောင်လေးပင်မြို့နယ်၊ ဖိုးတုပ်ပုံ အလယ်ရွာနေ ဦးလုံးတုံးနှင့် ဒေါ်ရွှေနုတို့မှ ၁၂၅၅ ခုနှစ်၊ ကဆုန်လဆန်း (၃)ရက် တနင်္လာနေ့တွင် ဖွားမြင်ခဲ့သည်။ မောင်နှမ(၆)ယောက်တွင် ဒုတိယမြောက်ဖြစ်သည်။

အသက်(၆)နှစ်တွင် ဖိုးတုပ်ပုံ အလယ်ရွာကျောင်း ဆရာတော် ဦးစန္ဒောဘာသထံတွင် ပညာသင်ယူသည်။ အသက်(၁၆)နှစ်တွင် သာမဏေဝတ်ကာ ရှင်ကိတ္တိ ဘွဲ့မည်ရသည်။

၁၂၇၈ ခုနှစ်၊ တပေါင်းလဆန်း(၄)ရက်နေ့တွင် ညောင်လေးပင်မြို့ အနောက်သပြေပင် တောရကျောင်း ခဏ္ဍာသိမ်၌ သပြေပင်တောရ ဆရာတော်ဦးဥေ ယျကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘောင်သို့ ရောက်ရှိသည်။

ညောင်လေးပင်၊ အုတ်တွင်း၊ ပခုက္ကူ၊ မြင်းခြံ၊ မန္တလေးမြို့များတွင် စာဝါသင်ယူခဲ့သည်။ ၁၂၈၄ ခုနှစ်တွင် ညောင်လေးပင်သို့ပြန်ကာ တောရကြီး၊ သပြေပင်တောရ၊ ဖိုးတုပ်ပုံတောရတို့တွင် လှည့်လည်ကာ စာပေပို့ချပေးသည်။

၁၂၈၈ ခုနှစ်၊ ကဆုန်လဆန်း(၁၂)ရက်နေ့တွင် သီတင်းသုံးဖော် ဦးသုနန္ဒကိုသာ အသိပေးကာ ရထားဖြင့် တိတ်တဆိတ် ခရီးထွက်ခဲ့သည်။ ပဲခူးမှ မုတ္တမသို့ သွားကာ ထိုမှတစ်ဆင့် ဘီလူးကျွန်း ဂူကလေးတောရသို့ ရောက်ရှိလျက် နှစ်ဝါဆိုသည်။

ဂူကလေးတောရတွင် သံဃာသုံး, လေးပါး သီတင်းသုံးကြရာ တစ်ပါးတည်း ကေစာရီ နေလိုသည့်အတွက်



www.burmeseclassic.com

www.burmeseclassic.com

ပေါင်မြို့နယ်၊ ကျွဲခြံကျေးရွာ စာပြန်ပွဲသို့ ကြွရောက်စဉ်က သိရှိခဲ့ရသော ကျုံကရွာ သပိတ်အိုင်အနီး တောရဆောက်တည်ရန်အတွက် ၁၂၈၈ ခုနှစ်၊ နတ်တော်လဆန်း (၁၃)ရက်နေ့တွင် ပြောင်းရွှေ့ခဲ့သည်။

ရောက်ခါစ(၆)ရက်အထိ ဟင်းမပါ ဆွမ်းထမင်းကိုသာ ဘုဉ်းပေးရပြီး (၇)ရက်မြောက်နေ့တွင် ကရင်တိုင်းရင်းသားတို့ "တာလပေါ်"ဟု ခေါ်သော သီးစုံ ရေလုံပြုတ် ဟင်းတစ်ခွက်ရရှိသည်။


ပထမဆုံးရသော ဆွမ်းဟင်း ဖြစ်သည်။ သို့သော် မကြာမီကာလအတွင်း သပိတ်အိုင်တောရတွင် မီးဖိုမရှိ၊ ဆန်မရှိ၊ ကပ္ပိယမရှိကြောင်း သိကြသဖြင့် အပြိုင်အဆိုင် လောင်းလှူကြရာ ဆရာတော်၏ သီလ၊ သမာဓိ၊ ပညာနှင့် ရွာသူရွာသားများ၏ သဒ္ဓါတရား ဆက်နွယ်ပေါင်းစည်းကာ ဆွမ်းထမင်း ဆွမ်းဟင်း၊ သီးနှံစုံ မသယ်နိုင်အောင် ရရှိတော့သည်။

ဒကာ,ဒကာမတို့ သဒ္ဓါတက်ရန်သာ အလှူခံကာ ပထမဆုံးရသော ဆွမ်းသပိတ်ကို ရွာကျောင်း၌ လှူဒါန်းကာ ဒုတိယသပိတ်ကိုသာ ယူ၍ တောရသို့ ပြန်ကြွသည်။

တောရကျောင်းတွင် ဆွမ်းဘုဉ်းပြီးနောက် ကျန်သမျှကို တောနေသတ္တဝါများအား ကျွေးမွေးလှူဒါန်းလေသည်။ ထိုစဉ်မှ စတင်ကာ ပျံလွန်တော်မူသည့် ၁၃၃၁ ခုနှစ်၊ တော်သလင်းလ တိုင်အောင် သပိတ်အိုင်တောရတွင် သီတင်းသုံးကာ ကျုံကရွာသို့ နေ့စဉ် ဆွမ်းခံကြွတော်မူခဲ့လေသည်။


## လူမသိ နတ်သိ

ဆရာတော်ကြီး သီတင်းသုံးတော်မူ



◆ လက်ဝဲဘက်မှ ကျားဂူအဝေးမြင်ကွင်း

◆ လက်ယာဘက်မှ မြွေဂူ



စဉ်ကာလတွင် တောင့်တရုံဖြင့် အလိုဆန္ဒ ပြည့်စုံရသည်ကို သတိပြုမိသဖြင့် ကမ္မဋ္ဌာန်းတရားကိုသာ ပမာနပြုအားထုတ်ဖြစ်ခဲ့သည်။

ဖြစ်ပုံကား ဆရာတော်ကြီးသည် စုတ်ပြဲနေသည့် ခေါင်းအုံးစွပ်ကို ချုပ်နေစဉ်"အသစ်ရရင်ကောင်းမှာပဲ"ဟု တောင့်တမိသည်။ နောက်တစ်နေ့ နံနက်တွင် ဒကာမကြီးတစ်ဦး ခေါင်းအုံးစွပ်နှစ်ခု လာရောက်လှူဒါန်းကာ...

'ညက အိပ်မက်ထဲမှာ ပိတ်ဖြူနဲ့ လူကြီးတစ်ယောက်လာပြီး သပိတ်အိုင်ဆရာတော်မှာ ခေါင်းအုံးစွပ် စုတ်ပြဲနေပြီ သွားလှူလိုက်လို့ ပြောသွားလို့ လာလှူပါတယ် ဘုရား' ဟု လျှောက်ထားလေသည်။

တစ်ခါတွင်လည်း ပျားရည်နှင့်ဆေးကို ကာလအတန်ကြာ ဘုဉ်းပေးနေခိုက် ဆေးမကုန်မီ ပျားရည် ကုန်သွားသည်။ ဆေးစားခါနီးတွင် ပျားရည်ကုန်နေသည်ကို တွေ့ရသဖြင့် "ပျားရည်လဲ



www.burmeseclassic.com

www.burmeseclassic.com



▲ ပထမလိုဏ်ဂူအဝ

▼ ပထမလိုဏ်တွင်းမြင်ကွင်း



ကုန်ပါပေါ့လား''ဟု နှုတ်မှ ရွတ်မိသည်။ နောက်တစ်နေ့တွင် ဒကာတစ်ယောက်ပျားရည်နှစ်ပုလင်း လာရောက်လှူဒါန်းကာ...

'ညက အိပ်မက်ထဲမှာ "သပိတ်အိုင်ဆရာတော်မှာ ပျားရည်ကုန်နေပြီ၊ သွားလှူပါ"လို့ ပြောသံကြားရလို့ လာလှူပါတယ်ဘုရား'

ဟု လျှောက်သွားလေသည်။

ဤကဲ့သို့ အဖြစ်အပျက်များ ကြုံပါများသဖြင့် ဆရာတော်ကြီး စဉ်းစားမိသည်မှာ...

'အင်း... ငါ့စိတ်အကြံကို နတ်တွေသိလို့ လူတွေကို သွားပြီး နှိုးဆော်ကြတယ်နဲ့ တူတယ်။ ဒီလိုဆိုရင် နောက်ကို လိုချင်မှုနဲ့ ပတ်သက်ပြီး ဘာမှ မကြံတော့ဘူး။ လူမသိ နတ်သိတဲ့။

ငါ့ရဲ့အကြံကို နတ်တွေသိနေတာ ခက်တယ်။ တော်တော်ကြာ မိစ္ဆာဝိတက် ကြံမှားချက်တွေ ကြံမှားမိတဲ့အခိုက် နတ်တွေသိသွားရင် ရှက်စရာကြီးပဲ။ စိတ်မှာ ကိလေသာ မဝင်အောင် ထိန်းမှုပဲ'

ဤသို့ စဉ်းစားပြီးနောက် မိမိစိတ်ကို ပဓာနအလုပ်ဖြစ်သော ကမ္မဋ္ဌာန်းအားထုတ်ခြင်းဖြင့် မအားအောင် ခိုင်းထားတော်မူသည်။

## သာမှုနာမှု ကြွတော်မမူ

သပိတ်အိုင်တောရသို့ ရောက်ခါစတွင် ဝိနည်းစာပြန်ပွဲများ၊ သိမ်သမုတ်ပွဲများကို တစ်ခါတစ်ရံ ကြွရောက်တော်မူသော်လည်း နောက်ပိုင်းတွင် တရားအလုပ် အပျက်မခံလိုသဖြင့် သာမှုနာမှု မည်သည့်အမှုကိုမျှ လိုက်တော်မမူချေ။ မော်လမြိုင်၊ ရန်ကုန် စသော မြို့ကြီးများမှ ဒကာ,ဒကာမများက အထူးအစီအမံဖြင့် ပင့်လျှောက်ကြသည့်အခါ...

'ဒီလိုသာ ငါ့ကို လူတောထဲ ပင့်နေကြရင်တော့ ငါ့အကျိုး ယုတ်လိမ့်မယ်။ လူတောထဲလိုက်၊ လူတွေရဲ့ အကြည်ညိုခံနေရင် ဣန္ဒြေမညီမျှလို့ တရားရမှာမဟုတ်ဘူး။ တရားဆိုတာ ဣန္ဒြေညီမျှမှရတာ။ ဒါကြောင့် ငါ မလိုက်နိုင်'

ဟု ငြင်းပယ်တော်မူခဲ့သည်။ ဤသို့ ငြင်းပယ်ကာ မည်သည့် မြို့ရွာသို့မှ ကြွရောက်တော်မမူပါ။ ဆွမ်းခံကြွရာတွင်လည်း ကျုံကရွာ ကြွနေကျအပိုင်းမျှသာ ဆွမ်းခံတော်မူလေသည်။

သို့ပါလျက် ဝေးလံသော မြို့ရွာများ၌ ဆရာတော် ဆွမ်းခံကြွသည်ကို လောင်းလှူကြရသည်ဆို၏။ တစ်ခါသော် မော်လမြိုင်မှ ဒကာတစ်ဦးက ကျွဲကောသီးပေါ်တွင် စာရေးမှတ်၍ လောင်းလှူလိုက်သည်။

**ရှေ့လ ဆက်ဖတ်ပါရန်**

**ဇင်ညိုငယ်**



www.burmeseclassic.com

www.burmeseclassic.com

ဂမ္ဘီရလုလင် (ရွှေကျင်)

မဟာဂန္ဓာရီ

# ဝိဇ္ဇာမယကျိုးပေါင်း

စီရင်နည်း

ကျိုးပေါင်း ဟူသည် မြေပေါ်တွင် တိုက်ရိုက် မြေဓာတ်ကို စုပ်ယူပြီး ရှင်သန်ပေါက်ဖွားလာရသော အပင်မျိုး မဟုတ်ချေ။ သစ်ပင်(ကြီး)များပေါ်တွင်သာ ရှင်သန်ပေါက်ရောက်သော ထူးခြားသောအပင်မျိုး ဖြစ်သည်။

သစ်ပင်ပေါ်တွင် ပေါက်ရောက်သည်ဟု ဆိုသော်လည်း နွယ်ပင်မျိုး စသည်တို့ကဲ့သို့ တွယ်ကပ်နေရသည် မဟုတ်ဘဲ သစ်ဆုံ (သို့မဟုတ်) အနာတရဖြစ်ပေါ်သော . သစ်ကိုင်းကြီး၊ အကြောင်းတစ်ခုခုကြောင့် သစ်ဖုထွက်လာသောနေရာ၊ အပွေးတက်ပြီး ထူထဲနေသောသစ်ကိုင်း စသည်များက အများအားဖြင့် ဖြစ်တည်လာခြင်း ဖြစ်သည်။

ပေါက်ရောက်ရာသစ်ပင်၏ အဆီဩဇာဓာတ်ကို စားသုံးပြီး ရှင်သန်နေသော သဘာဝထူးဆန်းသစ်ပင် အမျိုးအစား ဖြစ်သည်။ ပေါက်ရောက်ရာသစ်ပင်၏ဩဇာဓာတ် ကောင်းလျှင် ကောင်းသလောက် အပင်ကြီးထွားမှုလည်း ရှိသည်။

မိမိဖြစ်တည်ရာသစ်ပင်၏ အရွက်၊ အသီး၊ အပွင့် စသည်တို့နှင့် မတူဘဲ သီးခြား အရွက်၊ အပွင့်၊ အသီး ရှိသည်။ ၎င်းအသီးကို ငှက်ကလေးများ အလွန်ကြိုက်ကြသည်။ သစ်ပင်ကြီးတို့၏ အမျိုးအစားအလိုက် **ကျိုးပေါင်းသီး၏ အရသာမှာ အနည်းငယ် ကွဲပြားမှု ရှိကြသည်။** ကျိုးပေါင်းပင်သည် နေရာဒေသမရွေးမှာ ရှိကြသော်လည်း သစ်ပင်တိုင်းမှာတော့ မရှိချေ။

ကျိုးပေါင်းပင်၏ ထူးခြားသောဂုဏ်သတ္တိကြောင့်ပင် လောကီဝိဇ္ဇာမယ ဂမ္ဘီရပညာနယ်ပယ်တွင် အသုံးပြုတွင်ကျယ်လျက် ရှိသည်။ အချို့လောကီဆရာကြီးများက အချို့သော သစ်ပင်၏ ကျိုးပေါင်းကို **သစ်ပျံ** ဟူ၍ပင် တင်စား ခေါ်ဝေါ်လျက် ရှိသည်။



စာရေးသူ၏ ဆရာသခင်တစ်ပါးဖြစ်သူ အဘိုး ဘိုးသီလ,ကမ္မ အမျိုးစုံသော ကျိုးပေါင်းသီးတို့ကို စုဆောင်းစုပေါင်းပြီး **ရက္ခမူဆား ချက်ခြင်း၊ ဓာတ်ဆေး ချက်ခြင်း၊ အဆီထုတ်ခြင်းနှင့် ကြေးနီဓာတ်ထုတ်ခြင်း** စသည် အမျိုးမျိုးသော ဝိဇ္ဇာမယပညာနည်းဖြင့် အသုံးပြုခဲ့သည်။ ကျိုးပေါင်းပြာကို ဓာတ်ကစားသောနေရာမှာ သုံးစွဲခဲ့ကြောင်းလည်း စာရေးသူ တွေ့သိခဲ့ရ၏။ သုတေသီတို့ သုတေသနပြုကြည့်သင့်ပေ၏။

၂၀၀၆ ခုနှစ်၊ စက်တင်ဘာလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၌ ပါရှိသော **နတ်မောက် လှမြင့်သစ်၏ "ဩဇာကျိုးပေါင်း အဆောင်ကောင်း" ဆောင်းပါး**ကို ဖတ်ရှုရသဖြင့် သိလိုသော ဩဇာကျိုးပေါင်း စီရင်မှုနှင့် အခြားကျိုးပေါင်းစီရင်မှုများကို အများသူငါ ဗဟုသုတ ဖြစ်စိမ့်သောငှာ ရေးသားတင်ပြပေးပါမည်။

ဤကျိုးပေါင်း စီရင်မှုများသည်ကား စာရေးသူ၏ ကျေးဇူးရှင် ဆရာအရှင်မြတ်ကြီး စီရင်ရေးသားအပ်သော "မဟာဂန္ဓာရီ ဂမ္ဘီရနိမိတ္တ ရွှေလမ်းစဉ် ကျမ်း"မှ ထုတ်နုတ်ခြင်း ဖြစ်လေ၏။

စာရေးသူအနေဖြင့်လည်း အချို့ လက်လှမ်းမီရာ ကျိုးပေါင်းများကို လက်တွေ့ သုတေသနပြုပြီး ဖြစ်ပါ၏။

စီရင်မှု၌ အဆင့်သတ်မှတ်ချက်များ ရှိသော်လည်း ပထမအဆင့်ဖြစ်သော အဆောင်ပြုလုပ်စီရင်ခြင်း ဆိုင်ရာကိုသာ ရေးသားမည် ဖြစ်ပါသည်။ ဤအဆောင်စီရင်မှုသည် ကျိုးပေါင်းစီရင်မှု၏ ပထမအဆင့်သာ ဖြစ်ကြောင်း မှတ်စေလိုပါသည်။

**ကျိုးပေါင်းအမျိုးမျိုးနှင့် အဆောင်ပြုလုပ် စီရင်ပုံ**

ဥန္နဲကျိုးပေါင်း

အလွန်တွေ့ရခဲသောကျိုးပေါင်း ဖြစ် သည်။ တွေ့ရှိခဲ့လျှင် **သောကြာနေ့ နံနက် (၁၀)နာရီ (၃၀)မိနစ်အချိန်** ၌ ၎င်းအပင်၏ ဆိုင်ရာရုက္ခစိုးနတ် ကွမ်း၊ ဆေး၊ လက်ဖက်တို့ဖြင့် တင် မြှောက်ပြီး ၎င်းကျိုးပေါင်းကို ခုတ်ယူ



www.burmeseclassic.com

www.burmeseclassic.com

ပါ။ တစ်ဆက်တည်းဖြစ်စေ သို့မဟုတ် အဆင်ပြေသော သောကြာနေ့တွင် ဖြစ်စေ အထက်ပါအချိန်အတွင်း၌ **ဥဒေါင်းရုပ်တု ထုလုပ်ပါ**။ သိဒ္ဓိတင်ခြင်း၊ ဓာတ်သက်သွင်းခြင်း၊ ဓာတ်နှိုးခြင်းများကို ဆက်လက် ဆောင်ရွက်ပါ။

**အလွဲ့အစည်းပြည့်လုပ်ရသော လုပ်ငန်းများ အောင်မြင်ခြင်း၊ ဝင်တူ(ရှယ်ယာ) ရှေ့ကွက်များ ဖြစ်တွင်နိုင်ခြင်း၊ ရွှေဖြင့်အကျိုးမြဲခြင်း စသည်အကျိုးရှိ၏။ (အထူးသဖြင့် ရွှေဆိုင်ကြီးများတွင် စီရင်ထားသင့်သည်။)**

သိဒ္ဓိတင်ရန် ဂါထာ

ဉုံ နမော ပရံ ယုတ္တေ လာဘံ မဟာလာဘံ အဂ္ဂလာဘံ သွာဟာ။

***(၇ ခေါက် အသက်အောင့်ပြီးရွတ်)***

စီရင်ပုံ

ကလပ်တွင် အမွှေးနံ့သာ ထုံမွှမ်းထားသော ဖက်ဖူးရောင်ပိတ်စ လက်ကိုင်ပဝါသာသာခန့်တစ်ထည် ဖြန့်ခင်းပါ။ ရွှေဆိုင်း(၉)ချပ်တင်ပါ။ ထုလုပ်ပြီး ဥဒေါင်းရုပ်တု တင်ပါ။ ကလပ်ကို လက်နှစ်ဖက်ဖြင့်ကိုင်ပြီး နဖူးပြင်သို့ ထိကပ်လျက် အထက်ပါဂါထာဖြင့် သိဒ္ဓိတင်ပါ။

ပြီးလျှင် သီးခြားဖော်ပြထားသော ဓာတ်သက်သွင်းခြင်း အဟိန်းမန္တန်၊ ဓာတ်နှိုးခြင်း အဟိန်းမန္တန်များဖြင့် ဓာတ်သက်သွင်းခြင်း၊ ဓာတ်နှိုးခြင်းများ ပြုလုပ်ပါ။ နောက် ပြဆိုလတ္တံ့သော ကျိုးပေါင်းအစီအရင်တို့၌လည်း ဤကဲ့သို့ပင် ဆောင်ရွက်ရမည်ကို သိရှိပါလေ။

သပြေကျိုးပေါင်း

ရှားပါးလှသော ကျိုးပေါင်းမျိုးနွယ်ပင် ဖြစ်သည်။ **ဗုဒ္ဓဟူးနေ့ နံနက်(၁၀)**



**နာရီ (၃၀)မိနစ်အချိန်၌** ဆိုင်ရာ ရုက္ခစိုးနတ်ကို အထက်ပါအတိုင်း တင်မြှောက်ပြီး ခုတ်ယူပါ။ တစ်ဆက်တည်းဖြစ်စေ သို့မဟုတ် အဆင်ပြေသော ဗုဒ္ဓဟူးနေ့၏ အထက်ပါအချိန်တွင်း၌ ဖြစ်စေ **သိကြားမင်းရုပ်တု ထုလုပ်ပြီး** စီရင်ပါ။

**ငွေဝင်မြဲခြင်း၊ လုပ်ငန်း အဆင်ပြေ အောင်မြင်ခြင်း၊ လူနတ်ချစ်ခင်ခြင်း အကျိုးရှိ၏။**

သိဒ္ဓိတင်ရန် ဂါထာ

ဉုံ နမော ပရံ ယုတ္တေ ခေမံ မဟာခေမံ အဂ္ဂခေမံ သွာဟာ။

***(၇ ခေါက် အသက်အောင့်ပြီးရွတ်)***

စီရင်ပုံ

ကလပ်တွင် အမွှေးနံ့သာ ထုံမွှမ်းထားသော အဖြူရောင်ပိတ်စလက်ကိုင်ပဝါသာသာခန့်တစ်ထည် ဖြန့်ခင်းပါ။ ငွေမတ်စေ့ကိုးစေ့ ထည့်ပါ။ သိကြားမင်းရုပ်တု တင်ပါ။ အထက်ပါနည်းအတိုင်း စီရင်ပါ။

မရန်းကျိုးပေါင်း

**အင်္ဂါနေ့နံနက် (၁၀)နာရီ (၃၀) မိနစ်အချိန်၌** ဆိုင်ရာ ရုက္ခစိုးနတ်ကို တင်မြှောက်ပြီး ကျိုးပေါင်းကို ခုတ်ယူပါ။ တစ်ဆက်တည်း သို့မဟုတ် အဆင်ပြေသော အင်္ဂါနေ့၏ အထက်ပါအချိန်အတွင်း၌ ဖိုးဝရုပ်ကလေး ထုလုပ်ပါ။ အစီအစဉ်တကျ ဆောင်ရွက်ပါ။

**ဩဇာတည်ခြင်း၊ နေရာရခြင်း၊ မြို့ရွာ၊ ဦးစီးခေါင်းဆောင်ဖြစ်ရခြင်း၊ အိမ်ခြံမြေတို့နှင့်ပတ်သက်၍ အကျိုးများခြင်း စသည် အကျိုးရှိ၏။**

သိဒ္ဓိတင်ရန် ဂါထာ

ဉုံ နမော ပရံ ယုတ္တေ ဣဒ္ဓိ မဟာဣဒ္ဓိ အဂ္ဂဣဒ္ဓိ သွာဟာ။

***(၇ ခေါက် အသက်အောင့်ပြီးရွတ်)***

စီရင်ပုံ

ကလပ်တွင် အမွှေးနံ့သာ ထုံမွှမ်းထားသော အနီရောင်ပိတ် လက်ကိုင်ပဝါသာသာခန့်တစ်ထည် ဖြန့်ခင်းပါ။ မတ်စေ့ကိုးစေ့ထည့်ပါ။ ဖိုးဝရုပ်တင်ပါ။ အထက်နည်းအတိုင်း စီရင်ပါ။

ဩဇာကျိုးပေါင်း

တွေ့ရခဲသော်လည်း တွေ့ရတတ်ပါသည်။ မရှိမရှား ကျိုးပေါင်းမျိုး ဖြစ်သည်။ ၎င်းကျိုးပေါင်းကို **ဗုဒ္ဓဟူးနေ့ နံနက်(၁၀)နာရီ (၃၀)မိနစ်အချိန်၌** ဆိုင်ရာ ရုက္ခစိုးနတ်ကို တင်မြှောက်ပြီး ခုတ်ယူပါ။ တစ်ဆက်တည်း သို့မဟုတ် ဗုဒ္ဓဟူးနေ့၏အထက်အချိန်အတွင်း၌ အိုးစည်ပုံကို အပြီးထုလုပ်ပါ။ အထက်နည်းအတိုင်း စီရင်ပါ။

**ငွေကြေးဖြင့်အကျိုးပြု၏။ ကြွေးမြီများ ရကိုရှယ်ခြင်း၊ ငွေဝင်လွယ်ခြင်း၊ ဝင်သော ငွေ အကျိုးမဲ့ မပြုန်းတီးနိုင်ခြင်း၊ ငွေကြေး အသက်အခဲများ နည်းပါးခြင်း စသည် အကျိုးရှိ၏။ (အထူးသဖြင့် ဈေးဆိုင်ကြီးငယ် မှန်သမျှ၌ စီရင်ထားသင့်သည်။ ဈေးပေါ်ကောင်းလှပေသည်။)**

သိဒ္ဓိတင်ရန် ဂါထာ

ဉုံ နမော ပရံ ယုတ္တေ ရတနာကရ ရတနံ အဒ သွာဟာ။

***(၇ ခေါက် အသက်အောင့်ပြီးရွတ်)***

စီရင်ပုံ

ကလပ်တွင် အမွှေးနံ့သာ ထုံမွှမ်းထားသော အဖြူရောင်ပိတ်စလက်ကိုင်



www.burmeseclassic.com

www.burmeseclassic.com

ပဝါသာသာခန့်တစ်ထည် ဖြန့်ခင်းပါ။ ငွေကိုးဆယ်တင်ပါ။ အိုးစည်တင်ပြီး အထက်အတိုင်း စီရင်ပါ။

### ပိတောက်ကျိုးပေါင်း

အပင်တစ်ရာ၊ တစ်ထောင်မှာပင် တစ်ပင်တွေ့ရခဲသော ကျိုးပေါင်းမျိုးဖြစ်သည်။ စာရေးသူတို့ဒေသ ဥယျာဉ်ခြံများ ပေါများပြီး ပိတောက်ပင်များ လက်ညှိုးထိုးမလွဲ ရှိသော်လည်း မှတ်မှတ်သားသား ကျိုးပေါ င်းတက် ပိတောက်ပင်ကို နှစ်ပင်သာ တွေ့ခဲ့ရဖူးသည်။

ထိုပိတောက်ကျိုးပေါင်းကို တွေ့ရှိလျှင် **တနင်္ဂနွေနေ့နံနက် (၁၀)နာရီ (၃၀)မိနစ်အချိန်၌** ဆိုင်ရာရက္ခစိုးနတ်အား တင်မြှောက်ပြီး ခုတ်ယူပါ။ တစ်ဆက်တည်းဖြစ်စေ သို့မဟုတ် အဆင်ပြေသော တနင်္ဂနွေနေ့ အထက်ပါအချိန်၌ ပိတုန်းရုပ် ထုလုပ်ပြီး စီရင်ပါ။

ကျိုးပေါင်းမှဖြစ်သော ပိတောက်ပိတုန်းသည် လှည်းပဒေါင်းမှဖြစ်သော ပိတုန်းထက် အာနိသင်ပိုကြောင်း ကျိုးပေါင်းညွှန်းဆိုချက်တွင် မိန့်ဆိုထားလေ၏။ တစ်ခုရှိသည်မှာ ကျိုးပေါင်းသားသည် လုံးပတ်ကြီးကြီးမားမား မရှိလှသဖြင့် အရုပ်ထုလုပ်ရာတွင် အရွယ်အစား သေးပေမည်။ ထို့ကြောင့် အရုပ်ပီပြင်မှုအတွက် ဂရုပြုရပေမည်။

ပိတောက်ကျိုးပေါင်းပိတုန်းသည် ဗီယခာတ်ကို အထူးဖြစ်စေရာ မလိုမုန်းထားရန်ငြိုးဖွဲ့သူများပင်လျှင် မုန်းမျက်ကို ပြေစေလေ၏၊ ရန်သူတို့ မခြင်မျက်ကွယ်ပြုခြင်း၊ အတိုက်ဟူသမျှတို့၌ တန်ပြန်ကို ဖြစ်စေခြင်း၊ အဟာန့်ကို ဖြစ်စေခြင်း၊ ခရီးသွားလာခြင်းတို့၌ အန္တရာယ်ကင်းခြင်း၊ အနုပညာလုပ်ငန်းများတွင် အကျိုးများခြင်း စသည် အကျိုးရှိ၏။ အထူးသဖြင့် ရောင်းဝယ်ရေး စီးပွားရှာနေရသူများ၊ အနုပညာရှင်များနှင့် နိုင်ငံခြားသွားသူများ ဆောင်ထားသင့်ပေသည်။

### သိဒ္ဓိတင်ရန် ဂါထာ

ဥုံ နမော ပရံ ယုဇ္ဇေ၊ သဗ္ဗပိယံ လာဘံ န ဘယံ သွာဟာ။

***(၇ ခေါက် အသက်အောင့်ပြီးရွတ်)***

### စီရင်ပုံ

ကလပ်တွင် အမွှေးနံ့သာ ထုံမွမ်းထားသော ကောင်းကင်ပြာရောင်ပိတ်စ လက်ကိုင်ပဝါသာသာခန့် တစ်ထည်ဖြန့်ခင်းပါ။ ငွေကိုးမတ်ထည့်ပါ။ ပိတုန်းရုပ် တင်ပါ။ အထက်နည်းအတိုင်း စီရင်ပါ။

### ဓာတ်သက်သွင်းမန္တန်

ဗုဒ္ဓတန်ခိုး ထီးသို့မိုး။ ဓမ္မတန်ခိုး ထီးသို့မိုး။ သံဃာ့တန်ခိုး ထီးသို့မိုး။ ဝိဇ္ဇာတန်ခိုး ထီးသို့မိုး။ ဖြုဟ္မာတန်ခိုးထီးသို့မိုး။ ဒေဝါတန်ခိုး ထီးသို့ မိုး၍။ ဂုဏ်တော်မြတ်ဘုန်း။ မိုးနှယ်ချုန်း၍ သိဒ္ဓိအပေါင်း။ ရုံခညောင်းလျက်၊ အ,ဝိညာဏက၊ ရုပ်ဘာဝဟူ၊ သ,ဝိညာဏက၊ နာမ်ဟိတ်ခတ်လျက် (ဤပိတုန်း။ ဥဒေါင်း။ အိုးစည် စသည် အဆောင်၌) မကြာချက်ချင်း ဖွပ်ဟဲ့ အသက်ဝင်စေသော် ဝင်စေသော်။ (ကျိုးပေါင်းအဆောင်မှန်သမျှကို သိဒ္ဓိတင်ပြီးသည်နောက် ဤမန္တန်ဖြင့် (၇)ခေါက် ဓာတ်သက်သွင်းရမည်။)

မှတ်ချက်

အချို့သော လောကီပညာရှင်များက မန္တန်ရှေ့တွင် 'ဥုံ' ထည့်၍ ရွတ်ဆိုကြသည်။

### ဓာတ်နှိုးမန္တန်

ဗမ္မာဒီပါ။ ကျယ်စွာပတ်ကုံး။ ကျွန်းလုံးနှံ့မျှ စောင့်ကုန်ကြသော၊ ဒေဝဒေဝါ။ နတ်များစွာနှင့်၊ လောကီဣဒ္ဓိပါဒ်၊ လွန်ကြီးမြတ်သည့်၊ အင်းဝိဇ္ဇာ, ဆေးဝိဇ္ဇာ, ပြဒါးဝိဇ္ဇာ, မန္တန်ဝိဇ္ဇာ, စမဝိဇ္ဇာ, ဂန္ဓာရီဝိဇ္ဇာ၊ လောကီယဝိဇ္ဇာ, အရိယဝိဇ္ဇာ၊ ဝိဇ္ဇာတန်ခိုး စက်ကုန်နှိုး၍ သိဒ္ဓိတန်ခိုး စက်ကုန်နှိုး၍ ဣဒ္ဓိ မဟိဒ္ဓိတန်ခိုး စက်ကုန်နှိုး၍ ဂန္ဓာရီဝိဇ္ဇာ၊ ဓာတ်တေဇောဟိတ်၊ ခတ်နှိပ်စကြာ၊ သွက်သွက်ခါလျက် (ဤပိတုန်း၊ အိုးစည်၊ ဥဒေါင်း စသည်အဆောင်၌) မကြာချက်ချင်း ဓာတ်သက်ချဉ်း၍ ဖွပ်ဟဲ့ အာဏာစက်ကြီး နှိုးစေသော် နှိုးစေသော်။

**[ဓာတ်သက်သွင်းပြီးသော ကျိုးပေါင်းအဆောင်မှန်သမျှကို ဤမန္တန်ဖြင့် (၇)ခေါက် ဓာတ်နှိုးရမည်။]**

ရတနာသိုက်ဝင် ကျိုးပေါင်း(၅)မျိုး ရွေးနုတ်ပြီး ရေးသား တင်ပြလိုက်ရပါ၏။ ဤစီရင်ခန်းများသည် အင်္ဂဝိဇ္ဇာနှင့် လျော်ညီစွာ အခါ ဖမ်း၍ စီရင်ထားခြင်းဖြစ်ပြီး အဆောင်ပြုလုပ်စီရင်ခြင်း သက်သက် ဖြစ်သည်။

ရက္ခဗေဒသဘောတရားအရ ဗိဇသတ္တိထူးခြားချက်ရှိနေသောကျိုးပေါင်းတို့နှင့် ပတ်သက်ရာတို့ကို သုတေသနပြုနိုင်လျှင် အဖိုးတန် အကျိုးပြုရလဒ်များ ရရှိနိုင်လိမ့်မည်ဟု ယူဆရပေ၏။

အထူးသဖြင့် ဤကဲ့သို့ ရက္ခဗေဒမျိုး ရတနာဝင် သိုက်ဝင် ဓာတ်ဝင်ပစ္စည်းများနှင့် ပတ်သက်လာလျှင် ဆိုင်ရာ အစိုးပုဂ္ဂိုလ်များ၏ ချစ်ခင်မှု၊ ကူညီစောင့်ရှောက်မှုများသည်ကား အလွန်အရေးကြီးလှသဖြင့် ဤနေရာ၌ သမ္မာဒေဝ ရက္ခစိုးနတ်များ၏ မေတ္တာကို ရရှိဖို့ လိုပေလိမ့်မည်။

သို့မှသာ မိမိရှာဖွေသော ကျိုးပေါင်းသို့မဟုတ် ဂမုန်းပေါင်းတို့ကို အလွယ်တကူ ရရှိနိုင်မည်ဖြစ်သည်။ ဤအချက်ကြောင့် ရက္ခစိုးနတ်များ၏ နှစ်သက်မှုကို ရရှိလေအောင် ရှေးဦးစွာ ပြုလုပ်ထားသင့်ကြောင်းကိုလည်း ထည့်သွင်းအကြံပြုလိုက်ရပါ၏။

**မေတ္တာဖြင့်...**

**ဂမ္ဘီရလုလင် (ရွှေကျင်)**



www.burmeseclassic.com

www.burmeseclassic.com



◆ ဓာတ်ပေါင်းစုစေတီ



တောင်ဘက်မှ ဖူးရသော
ဓာတ်ပေါင်းစုစေတီ
ဒေါင်းလောင်းမှောက်ပုံတော် ◆

ထက်မြင့်ကျော်စွာ စိမ်းရောင်စို တောင်သို့မှိုင်းရီသည့်

# သာသနာ့အောင်မြေ ရှေးဟောင်းဆီသို့ (၃)

### ယခင်လမှ အဆက်

ထိုမှ အရှေ့မြောက်ထောင့်အရပ်တွင် **ဒုတိယအနိမိသ သတ္တာဟ စံပယ်တော်မူပုံ** (မြတ်စွာဘုရားရှင် သတ္တသတ္တာဟ စံပယ်တော်မူပုံကို နှလုံးသွင်းပူဇော် ကျင့်ကြံခြင်းဖြစ်ရာ မြတ်စွာဘုရား စံပယ်တော်မူဟန်ကို ရည်ညွှန်းပါသည်။) **တတိယသတ္တာဟ အဖြစ် သတ္တာဟနှစ်ဌာနအကြား ရတနာစကြံဖြင့် ရတနစင်္ကမသတ္တာဟ စံပယ်တော်မူပုံ။**


ထိုမှ အနောက်မြောက်ထောင့်အရပ် (မြစိမ်းတောင်)တွင် နတ်တို့ ဖန်တီးသော ရတနာဃရစံအိမ်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်တော်မူကာ ရတနဃရ သတ္တာဟစံပယ်တော်မူပုံ **(ထိုအရပ်တွင် ရွှေးနှစ်အတန်ကြာကပင်**



www.burmeseclassic.com

www.burmeseclassic.com





◀ ဆရာဝံအောင်မြေ လေးမျက်နှာဘုရား
ရှေ့အကျဆုံးသော လက်ရာဟန်ဖြင့်
ဆုတောင်းပြည့် ရုပ်ပွားတော် ▶

**တည်ထားပူဇော်ခဲ့သော တင်ပျဉ်ခွေ ရုပ်ပွားတော်ကြီး ကိန်းဝပ်တော်မူသည်။ မူလကုသိုလ်ရှင်ကို မသိရပေ။)**

ယင်းနောက် ပဥ္စမသတ္တာဟအဖြစ် (မြစိမ်းတောင်၏) အရှေ့ဘက် မာရ်နတ်မင်းသမီးသုံးယောက်၊ ဟုံဟုက်ပုဏ္ဏားတို့အား တရားအမြိုက်ဆေး တိုက်ကျွေးတော်မူလျက် ခုနစ်ရက်ပတ်လုံး စံပယ်တော်မူရာအရပ် **အဇပါလသတ္တာဟ စံပယ်တော်မူပုံ။ (ယခုအခါ ဆရာတော် ဦးဓမ္မိက ရုပ်တုတော်နှင့် ပုံတော်ကားချပ်များ ပူဇော်ထားသည့် ပင်မကျောင်းဆောင်အဖြစ် မြင်တွေ့ရသည်။)**

ဆဋ္ဌမသတ္တာဟအဖြစ် အရှေ့တောင်ထောင့်အရပ်၌ မုစလိန္ဒ သတ္တာဟ စံပယ်တော်မူပုံ။**(ယခုအခါ ဆရာတော် ဦးဝေပုလ္လ ဦးဆောင်၍ တည်ထားသော နဂါးရုံရုပ်ပွားတော်နှင့် ရေကန်ကို ဖူးတွေ့ရသည်။)**

နောက်ဆုံး သတ္တမသတ္တာဟအဖြစ် ဗောဓိပင်၏တောင်ဘက် လင်းလွန်ပင်ဖ်ရင်း၌ **ရာဇာယတနသတ္တာဟ စံပယ်တော်မူပုံ။**

စသည်ဖြင့် ဘုရားရှင်အား နှလုံးသွင်းပူဇော်ကာ တစ်ဌာနတွင် ခုနစ်ရက်စီ စုစုပေါင်း (၄၉)ရက် အဓိဋ္ဌာန်လျက် ဆရာတော် အရှင်ဓမ္မိကသည် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းအောင်မြင်တော်မူခဲ့လေသည်။

အဘ အောင်မင်းခေါင် ညွှန်ပြသော ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း အောင်မြင်တော်မူခဲ့သည်။ ဆရာတော် အရှင်ဓမ္မိကသည် ပါရမီကျင့်စဉ်စခန်း ထွက်လှမ်းတော်မူပြီးသော အဘအောင်မင်းခေါင် ညွှန်ပြသည့် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း ကျင့်စဉ်ကိုလည်း အောင်မြင်တော်မူခဲ့ကြောင်း သိရသည်။

**ထိုကျင့်စဉ် ကမ္မဋ္ဌာန်းမှာ...**

✤ ဩကာသ နမော ဗုဒ္ဓါယ ဿာ ဘဂဝါ က္ကုတိပိ အရဟံ။


ဟူ၍ နှလုံးသွင်း ပူဇော်ကာ ပုတီး တစ်လုံးချ၊ (၁၀၈)လုံးပုတီး စိပ်ပတ်





www.burmeseclassic.com

www.burmeseclassic.com



ဆေးဗိန္ဓော ဘိုးတောင်ညိုနှင့် ဦးဓမ္မိကရုပ်တု(၂)ခု



ဆေးဝက်ပါဆရာတော် ဦးသုရိယပုံတော်



တောင်ညိုဝိသိမ်တော်

ပြည့်အောင် စိပ်ပွားရသည်။ ထို့နောက်...

- ✤ ဩောင်း နမော ဗုဒ္ဓါယ သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ။
  ဟူ၍ ပုတီး တစ်ပတ်။
- ✤ ဩောင်း နမော ဗုဒ္ဓါယ သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော။
  ဟူ၍ ပုတီး တစ်ပတ်။
- ✤ ဩောင်း နမော ဗုဒ္ဓါယ သော ဘဂဝါ ဣတိပိ သုဂတော။
- ✤ ဩောင်း နမော ဗုဒ္ဓါယ သော ဘဂဝါ ဣတိပိ လောကဝိဒူ။
- ✤ ဩောင်း နမော ဗုဒ္ဓါယ သော ဘဂဝါ ဣတိပိ အနုတ္တရောပုရိသဒမ္မသာရထိ။
- ✤ ဩောင်း နမော ဗုဒ္ဓါယ သော ဘဂဝါ ဣတိပိ သတ္ထာဒေဝမနုဿာနံ။
- ✤ ဩောင်း နမော ဗုဒ္ဓါယ သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ။
- ✤ ဩောင်း နမော ဗုဒ္ဓါယ သော ဘဂဝါ ဣတိပိ ဘဂဝါ။

စသည်ဖြင့် (၁၀၈)လုံးပုတီး တစ်ပတ်စီပြည့်အောင် စိပ်ပွားရသည်။

မြန်မာပြက္ခဒိန် လဆန်း (၉)ရက် (သို့မဟုတ်) လဆုတ် (၉)ရက်နေ့တွင် စတင် စိပ်ပွားရသည်။ (၉)ရက်ပြည့် မြောက် အောင်မြင်သောအခါ ဒုတိယ (၉)ရက်တွင် တစ်ရက်လျှင် (၁၀၈)လုံး ပုတီး နှစ်ပတ်စီ၊ တတိယ(၉)ရက်တွင် သုံးပတ်စီ စသည်ဖြင့် တိုးကာ နဝမ မြောက်(၉)ရက်တွင် (၉)ပတ်စီ စိပ်ပွား ရသည်။

စုစုပေါင်း (၈၁)ရက်စေ့လျှင် ပုတီး တစ်ဝါရသည်။ **(ပုတီးဝါစဉ် (၁)ဝါဟု ဆိုလိုခြင်းဖြစ်သည်။ ရဟန်းသံဃာ တို့၏ နှစ်၊ ဝါ မဟုတ်ပါ။)** ဤသို့ဖြင့် ဆက်ကာဆက်ကာ စိပ်ပွားခြင်းဖြင့် ပုတီးဝါစဉ် တိုးပွားသည်နှင့်အမျှ အကျိုးစီးပွားများလည်း တိုးတက်ခံစား နိုင်ကြလေသည်။

ဆရာတော် ဦးဓမ္မိကသည် မြစိမ်း တောင်တွင် မြစိမ်းတောင်ပိုင်ဘိုးဘိုး၊ မြစိမ်းမယ်တော်ရုပ်တုနှင့်အတူ အဘ အောင်မင်းခေါင်ရုပ်တုတို့ကိုပါ ပူဇော်



www.burmeseclassic.com

www.burmeseclassic.com



◆ သိမ်တွင်းမှ ဓမ္မစကြာရုပ်ပွားတော်



◆ မြဝင်းတောင်မှ မတ်ရပ်တော်

ထားသည်။ ယခုအခါ ဆရာတော် ဦးဓမ္မိကာ၏ ရုပ်တုကိုပါ အဘအောင်မင်းခေါင်ရုပ်တုနှင့် ယှဉ်တွဲဖူးမြော်ခဲ့ရပေသည်။ **(မိမိ လေ့လာစုံစမ်းရသမျှဖြစ်သည်။ ဆရာတော် ကျင့်ကြံပေါက်မြောက်ခဲ့သော ကမ္မဋ္ဌာန်းကျင့်စဉ်များ ကျန်ရှိပါလိမ့်မည်။ သုတေသီများ ဆက်လက်ဖော်ထုတ်စေလိုပါသည်။)**

ဝိပဿနာကမ္မဋ္ဌာန်း

ကျင့်ကြံပြီးမြောက်တော်မူခြင်း ရှိ/မရှိ

ဆရာတော်သည် တောင်ညိုတောင်သို့ ရောက်ပြီး (၄)နှစ်အကြာ ရဟန်းဝါ (၉)ဝါအရတွင် ဝိပဿနာကမ္မဋ္ဌာန်းကို တွဲဖက်ကျင့်ကြံတော်မူကြောင်း (၂၉) နှစ်ကြာ အတူနေတပည့် ဦးချစ်မောင်ထံမှ သိရှိရသည်။

ပျံလွန်တော်မမူမီ နှစ်,နှစ်ခန့်အလိုတွင် မိုးကုတ်ဆရာတော်၏ နည်းနာအတိုင်း လုံ့လကြီးစွာ အားထုတ်ကျင့်ကြံခဲ့ကြောင်း လက်ရှိဆရာတော် ဦးဝေပုလ္လ မိန့်ကြားသဖြင့် ကြားနာသိမှတ်ခွင့်ရခဲ့သည်။

ဆရာတော် ဦးဓမ္မိကာ၏ ဝိပဿနာတရားထူး ပေါက်မြောက်မှုကို သိဝှက်လှသော ဆရာတော်၏ စရိုက်အရ သိကြားခွင့် မရခဲ့သော်လည်း ပျံလွန်တော်မူပြီးနောက် (၁၃)နှစ်အကြာ ယခုကာလ (၁၃၇၄ ခုနှစ်၊ သီတင်းကျွတ်လ) တိုင်အောင် ရုပ်ကလာပ်တော် ပုပ်ပျက်မှု မရှိခြင်း...

အထူးသဖြင့် အရည်အကြောများဖြင့် ဖွဲ့စည်းထားသော မျက်လုံးတော်များ ခြောက်သွေ့ဟောက်ပက်မှုမ[...] ပကတိပြည့်ဖြိုးနေခြင်း၊ ဆံပင်, မျက်ခုံ[...] မွေး, မျက်တောင်မွေး၊ နှုတ်ခမ်းမွေးမျ[...] ဆက်လက်ရှင်သန် ပေါက်ရောက်နေ[...] ခြင်းတို့ကို ကိုယ်တွေ့ဖူးမြော်ခဲ့ရပေ[...] သည်။ ဝိပဿနာတရားထူး ပေါက်[...] မြောက်အောင်မြင်ခြင်း၏ အကျိုးလာ[...] ဟု ယူဆဖွယ်ရှိသည်။

ရုပ်ကလာပ်တော် မပုပ်ပွ မပျက်စီး[...] ခြင်း၏ အကြောင်းရင်းများအနက်[...] သုတ္တနိပါတ(၄-၃၀၃)အရ '**န ကိလေ[...] သာ နံ့ မတာသရိရမ္ပိ ဒုဂ္ဂန္ဓံ န ဟောတိ**[...] 'ကိလေသာမရှိသော အသေကောင်[...] သည်လည်း မကောင်းသော အနံ့မ[...] (ဝါ) ပုပ်နံ့ခြင်းမဖြစ်' ဟု ဆိုထား[...]

ထို့အပြင် ရှေးဘဝက[...] ဆုတောင်းထား၍ ယ[...]ဘဝတွင်လည်[...]

www.burmeseclassic.com

www.burmeseclassic.com

သီလစင်ကြယ်စွာ ဆောက်တည်ကာ အဓိဋ္ဌာန် ပြုထားပါကလည်း ရုပ်ကလာပ် မပုပ်မပျက် တည်ရှိနိုင်လေသည်။

တော်ကူးဆရာတော်ကြီးသည် ပျံလွန်တော်မူခါနီး နှစ်ရက်ခန့်အလိုတွင် တပည့်ဒါယကာများအား အောက်ပါလင်္ကာကို ချပေးကာ လိုက်ဆိုစေသည်။

'ညည်းညူမှုရှိ
သတိမမေ့
ချိန်နေ့သိပြန်
မျက်လန်ကြောဆွဲ
မရှိတဲ့နှင့်
သေလည်းမတောင့်တင်း
ပုပ်နံ့ကင်းသည်
ကျိုးရင်းဝိပဿနာတန်ခိုးတည်း'

ကျောင်းနံရံတွင်လည်း ရေးမှတ်ထားစေသည်။

ဆရာတော် ဦးဓမ္မိကသည် ပျံလွန်တော်မမူမီ (၁၅)မိနစ်အလိုတွင် ဒါယကာတို့အား…

'နာယကဆရာတော်တွေ ကြွလာလိမ့်မယ် ဆွမ်းပွဲအသင့်ပြင်ထားကြ'

ဟု မိန့်ကြားသည်။ နောက်ထပ် (၅)မိနစ်အကြာ နံနက်(၁၀)နာရီအချိန်တွင် ဉက္ကံဘုရားကြီးတိုက် ဆရာတော် ဦးဆောင်သော ကျေးရွာအုပ်စု သံဃနာယကဆရာတော်များသည် ဦးဓမ္မိက နေမကောင်းကြောင်း ကြားသိရသဖြင့် ရန်ကုန်ဆေးရုံကြီးသို့ လာရောက်ကြည့်ရှုကြလေသည်။ နံနက် (၁၀)နာရီ (၁၀)မိနစ်တွင် ဆရာတော် အရှင်ဓမ္မိက ဘဝနတ်ထံ ပျံလွန်တော်မူသည်။

ဤဖြစ်ရပ်ကြောင့် ဆရာတော် ဦးဓမ္မိကသည် ဝိပဿနာအကျိုးကို ခံစားရသည်အထိ ကျင့်ကြံအားထုတ်ပြီးခဲ့ကြောင်း ယူဆရခြင်းဖြစ်လေသည်။



သာသနာပြုမယ်တော် မြစ်မသဘင်မဂ္ဂတာ

## နောက်ဆုံးကာလများ

ဆရာတော် ဦးဝေပုလ္လက ဆရာတော် ဦးဓမ္မိက၏ နောက်ဆုံးကာလများနှင့် ပတ်သက်၍ ဤသို့ မိန့်ကြားတော်မူသည်။

'၁၃၆၀ ပြည့်နှစ် ဝါကျွတ်ကတည်းက မြန်မာနိုင်ငံအနှံ့ ပင့်ဖိတ်ထားတဲ့ ဒကာတွေဆီ အလှည့်ကျ ကြွရောက်ပြီး တပေါင်းလပွဲတော်ချိန်သာ တောင်ညိုကို ခဏပြန်ကြွတယ်။ နောက်တော့ ဆက်ပြီး ဒေသစာရီကြွချီကာ သီပေါကအပြန် ရန်ကုန်ရောက်တော့ ဒကာတွေက **"လမ်းကြုံတုန်း ဆေးစစ်ကြည့်ပါ"** ဆိုတာနဲ့ ဆေးစစ် စမ်းသပ်မှု ခံယူပါတယ်။

၁၃၆၁ ခုနှစ်၊ ပထမဝါဆိုလ ရောက်နေပါပြီ။ တောင်ညိုမှာ ဝါကပ်မြဲဖြစ်လို့ တောင်ညိုပြန်ဖို့ ဆန္ဒပြင်းပြနေပါတယ်။ ဒါပေမယ့် ဒကာတွေက ရက်မကြာစေရပါဘူးဆိုလို့ လိုက်လျောခဲ့တယ်။


ဆေးမှတ်တမ်းအရ ကျောက်ကပ်



www.burmeseclassic.com

www.burmeseclassic.com





◆ ဆရာတော် ဦးဓမ္မိကနှင့် အဘအောင်မင်းခေါင်ရုပ်ပွားများ

◀ မြစိမ်းတောင်ဘိုးဘိုး

ပျက်စီးနေတာ တွေ့ရလို့ ခွဲစိတ်ကုသရမယ် ဆိုပါတယ်။ ရန်ကုန် ပြည်သူ့ဆေးရုံကြီးကိုပင့်ပြီး ဆေးဝါး ကုသကြတယ်။ ခွဲစိတ်ဖို့ လျှောက်ထားတိုင်း တောင်ညိုပြန်မယ်လို့သာ မိန့်ကြားလို့ ဒကာတွေက ဆရာဝန်တွေနဲ့ တိုင်ပင်ပြီး ခွဲစိတ်ဖို့ ပြင်ဆင်ကြတယ်။

ခွဲစိတ်ခန်းထဲရောက်ပြီး ပဏာမ စစ်ဆေးတဲ့အခါ ခန္ဓာကိုယ်အတွင်း ဘာအပြစ်အနာအဆာမှ မတွေ့ရဘူး။ ဒီလိုပဲ နှစ်ကြိမ်,သုံးကြိမ်လောက် ကြိုးစားပေမယ့် ခွဲစိတ်လို့ မရခဲ့ဘူး။

နောက်ဆုံးမှာ ဒါယကာတွေ သတိထားမိကြတယ်။ ဆရာတော်ရဲ့ ပုံတော်ကို ခွင့်မတောင်းဘဲ ဓာတ်ပုံရိုက်ရင် ပုံရိပ်မထင်ဘူး။ လျှောက်ထားပြီး ခွင့်ပြုချက်ရမှ ပုံရိပ်ထင်တယ်။ ဒါကြောင့် ဆရာတော်ဆီက ခွဲစိတ်မှု သဘောတူကြောင်း ခွင့်ပြုချက်ရအောင် ဦးဓမ္မိကရဲ့ ဥပဇ္ဈာယ်ဆရာဖြစ်တဲ့ ဗဟန်း၊ ရွှေဟသ်ာတိုက်သစ်ဆရာတော်ဆီ အကူအညီတောင်းကြတယ်။

ဆရာတော် ကြွလာတော့ တောင်ညိုကိုပြန်ဖို့သာ လျှောက်တယ်။

''အင်းလေ ခွဲစိတ်ကုသပြီး ရောဂါစင်မှပြန်တာ ပိုကောင်းတာပေါ့။ ခွဲစိတ်တာကလဲ ရက်ကာလ ကြာရှည်မှာ မဟုတ်ပါဘူး''

လို့ နားချတယ်။

အဲဒီအခါ ဦးဓမ္မိက,က...

"တပည့်တော်ရဲ့ ရုပ်နာမ်နှစ်ပါးကို ဆရာတော်အား အပ်နှံလှူဒါန်းပါတယ်"

လို့ နောက်ဆုံးစကား လျှောက်တယ်။ အဲဒီအချိန်ကစလို့ ပျံလွန်တော်မူတဲ့အထိ တောင်ညိုအတွက် အရေးကိစ္စ အပါအဝင် ဘာတစ်ခွန်းမှ မပြောမဆိုတော့ပါဘူး။ နောက် သုံးရက်အကြာမှာ ပျံလွန်တော်မူပါတယ်။

အဲ ပျံလွန်တော်မူခါနီး (၁၅)မိနစ်အလိုမှာတော့ နာယကဆရာတော်တွေ ကြွလာလိမ့်မယ်။ ဆွမ်းပွဲ အသင့်ပြင်ထားကြလို့တော့ ဒကာတွေကို မိန့်တယ်။

မိန့်ကြားပြီးလို့ (၁၅)မိနစ်အကြာ **၁၃၆၁ ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် (၃)ရက် နံနက် (၁၀)နာရီ (၁၀)မိနစ် အချိန်မှာ** တစ်ဘဝခန္ဓာ ချုပ်ငြိမ်းတော်မူပါတယ်'

ဆရာတော်၏ ရုပ်ကလာပ်တော်ကို တောင်ညိုသို့ ပင့်ဆောင်လာကြရာ ထိုစဉ်က မြင်ကွင်းကို အတူနေ တပည့်ရင်းတစ်ဦးဖြစ်သူ ကပ္ပိယကြီး ဦးကံလှက ဤသို့ ပြောပြသည်။

'ရုပ်ကလာပ်တော် ပင့်လာတဲ့ကား ရွာထိပ်ရောက်ရင်ပဲ လူတွေကပို ရှိသမျှ ခွေးတွေက အူနဲ့ ဘဝကို ဆူညံသွားတာ ကြောက်စရာပါ'

'ခွေးတွေလဲ သိကြတာလားအဘ'

'ဆရာတော် အပြင်ကို ကြွရင် ငွေအကြေတွေ၊ မုန့်တွေ တစ်ပွေ့တစ်ပိုက်ကြီး သယ်သွားပေးရတယ်။ လမ်းမှာတွေ့သမျှ ကလေးတွေကို မုန့်ကျွေး၊ မုန့်ဖိုးပေး၊ တွေ့သမျှ ခွေးတွေကိုလဲ မုန့်ကျွေးတယ်။ ခွေးတွေက ဆရာတော့်အရိပ် မြင်တာနဲ့ မုန့်စားရတော့မယ်ဆိုပြီး အူမြူးနေကြတာကွ'

ရွှေလ ဆက်ဖတ်ပါရန်

ထက်မင်းကျော်စွာ



www.burmeseclassic.com

www.burmeseclassic.com

အဘယသိဒ္ဓိ

# ရေနံဆီမီးခွက်



ဤနည်းသည် ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း) **နတ္တလင်းမြို့နယ်၊ ကွမ်းသာရွာရှိ ဆရာကြီး ဦးသန်းမောင်ထံမှ** ရရှိခဲ့သောနည်း ဖြစ်ပါသည်။

ဆရာကြီး ဦးသန်းမောင်ဆိုသူမှာ သူ့ခေတ်သူ့အခါတွင် အလွန်ထင်ရှားကျော်ကြားသော ဓာတ်ပီနွှောဆရာကြီး ဖြစ်ပါ၏။ ဆရာကြီးနှင့် တွေ့သမျှ ဆရာကြီး ကုသမျှ လူနာတိုင်း အပျက်အစီး အယိုအယွင်း မရှိဘဲ ချမ်းသာရာ ရခဲ့ကြပါသည်။

ဆရာကြီးသည် လူနာတစ်ယောက် ကုသရန် လာပင့်သည်ဆိုလျှင် မီးခွက်အသစ်များ များစွာလုပ်ထားပြီး ထိုအထဲမှ တစ်လုံးကို ယူသွားကာ လူမမာ၏ ခြေရင်း လူနာမြင်လောက်သည့် နေရာ၌ အသင့်ပုလင်းနှင့် ထည့်ယူလာသော ရေနံဆီကို ထည့်ကာ ထွန်းလေ့ရှိပါ၏။ လူနာတစ်ယောက် မီးခွက်အသစ်တစ်လုံး ထွန်းသည်ဟု ဆိုပါ၏။

တစ်နေ့ ကျွန်တော်တို့ရွာမှ ကျွန်တော်နှင့် ညီအစ်ကိုဝမ်းကွဲတော်သူ ဦးတင်အုန်း နေမကောင်းသဖြင့် သွားရောက်ပင့်ခဲ့ရာမှ ဆရာကြီး၏ ဤသို့ မီးထွန်းပြီး ကုသသောနည်းကို သိရခြင်းဖြစ်ပါသည်။ အထူးသဖြင့် ည(၆)နာရီ၌ စတင်၍ တစ်ညလုံးလိုလို မီးထွန်းကြောင်း ဆရာကြီးက ဆိုပါသည်။

အစ်ကိုဖြစ်သူ ဦးတင်အုန်း ဆရာကြီး၏ ဆေးများဖြင့်ပင် မကြာမီ ကောင်းသွားပါသည်။ အစ်ကိုဖြစ်သူကို ကုစဉ် ဆရာကြီးသည် ကျွန်တော်တို့ အိမ်၌ တည်းသဖြင့် ဆရာကြီးနှင့် ကျွန်တော် ခင်မင်ခဲ့ကြပါသည်။

ကျွန်တော့်မိဘများနှင့်မူ မူလကပင် ခင်မင်သူများ ဖြစ်ခဲ့ကြပါသည်။ လူနာအိမ် သွား,ပြန် ကျွန်တော်က လိုက်ပို့ရပါသည်။ သို့ကြောင့်လည်း ပိုမိုရင်းနှီးခဲ့ကြပါ၏။

ဆရာကြီး ပြန်မည့်နေ့၌ ကျွန်တော်က ထိုနည်းကို မေးသဖြင့် ဆရာကြီးက...

'အေး... မင်းသိချင်လဲ ပြောရတာပေါ့ ကလေးရယ်၊ မှတ်လဲထား၊ မေးပြီး ပြောပျောက်တော့ မဖြစ်စေနဲ့၊ ဒီနည်းတွေက တို့က ကလေးတို့လို ဝါသနာပါသူတွေကို လက်ဆင့်ကမ်းခဲ့ရမယ့်နည်းတွေပဲ'

ဟု ဆိုကာ အောက်ပါအတိုင်း ပြောပြခဲ့ပါသည်။

**ရေနံဆီကို မန်းရမည့်မန္တန်များ**

* * *

| | |
|---|---|
| ပထမ → | "ဥုံ ဗုဒ္ဓတေဇေန၊ ဓမ္မတေဇေန၊ သံဃတေဇေန သွာဟ" [(၇)ခုစ်] |
| ဒုတိယ → | "ဥုံ ဗုဒ္ဓမာရောင်၊ ဓမ္မမာရောင်၊ သံဃမာရောင် သွာဟ" [(၇)ခုစ်] |
| တတိယ → | "ဥုံ ဗုဒ္ဓသံ ပိမာ သွာဟ" [(၃)ခုစ်] |
| စတုတ္ထ → | "ဥုံ နာညတြဗောဇ္ဈာတပသာ နာညတြိန္ဒြိယသံဝရာ နာညတြသဗ္ဗနိဿဂ္ဂါ သောတ္ထိ ပဿာမိပါဏိနံ" [(၃)ခုစ်] |

**အသုံးကား**

၁။ ရပ်ရွာထဲ၌ ရောဂါဘယ တစ်ခုခု ကပ်ရောက်ခဲ့သော် ရွာကို (၃)ပိုင်း ပိုင်း၍ ထိုရေနံဆီကို မီးခွက်အသစ်တွင် ထည့်၍ ထွန်းရမည်။

၂။ လူတစ်ဦးတစ်ယောက် မကျန်းမာလျှင် ထိုမကျန်းမာသူ၏ ခြေရင်း၌ လူနာမြင်နိုင်အောင် ခုံမြင့်မြင့်ပေါ်တင်ပြီး ထွန်းရမည်။

၃။ အိမ်ရာကျောင်းရာ မသန့်ရှင်းလျှင် အပေါက်ဝ၌ ထွန်းရမည်။

၄။ ဖုတ်တစ္ဆေများ ပူးကပ်ဝင်ရောက်လျှင် ထို ဝင်ရောက်ပူးကပ်ခံရသူ၏ ခြေရင်း၌ ထွန်းရမည်။

၅။ အတိုက်အခိုက် မှန်သမျှ ထွန်းရမည်။

**မှတ်ချက်**

ထိုရေနံကို ထွန်းတိုင်းထွန်းတိုင်း မီးခွက်အသစ်တွင် ထည့်ထွန်းရမည် ဖြစ်ပြီး ထွန်းထားစဉ် အပေါက်ဝ၌ လူမနေစေရ။

**အကျိုး**

အဘယသိဒ္ဓိ ဆိုသည့်အတိုင်း ကျန်းမာရေးမှအစ ဘေးအမျိုးမျိုးမှ လွတ်ကင်းနိုင်ပါ၏။

**[ဆရာကြီး ဦးသိန်းမောင်၏ မှုအတိုင်း]**

**အေးရွှေ (စီးကုန်း)**



www.burmeseclassic.com

www.burmeseclassic.com



ကြော်ငြာဆောင်းပါး

•••••••• ဆေးစွမ်းထက်မြက်ကြောင်း အကြွားမပိုတဲ့ ••••••••

# သမားအိုဆေးတိုက်

မှ ထုတ်လုပ်သော နှန်းတွင်းလိမ်းဆေး၊ လေးဖက်နာဆေး၊ နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး



သီပေါမင်း ပါတော်မူပြီးနောက်နန်းတွင်းသမားတော်ကြီးများ မြို့နယ်အသီးသီးသို့ ပြန့်ကျဲရောက်ရှိခဲ့ကြရာ ဘီလူးကျွန်း၊ ကမာမွန်ရွာသို့ ရောက်ရှိခဲ့ကြသည့် နန်းတွင်း သမားတော်ကြီး ဦးပန္နဝ၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာမျိုးချစ်တော်လှန်ရေး ခေါင်းဆောင်ဆရာစံ (သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်းသမားစဉ် မူရင်းဆေးစွမ်းကောင်းတို့ကို **သမားတော်ကြီး ဦးနွယ်၏မြေး သမားတော်ကြီး ဦးတင့်လွင်(ငြိမ်း/ဗိုလ်ကြီး) ဇနီး ဒေါ်ကျင်သိန်း၊ တိုင်းရင်းသမားတော် ဦးသန်းဇော်၊ ညီမဒေါ်ခင်ခင်ထွေး**တို့ အကြောင်းပြု ပေါင်းစုလျက် သမားအိုဆေးတိုက်မှ မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက် ရှိပါသည်။

## သမားအို နန်းတွင်းလိမ်းဆေးကြီး

*[တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် ဝ၅၁ဝ YR ဝဝဝ၉၉၇]*

*[လိုင်စင်အမှတ် ၁၁/၂ဝဝ၈ တဆထလ တိုး(ဝ၁၂၁)]*

မြန်မာ့နန်းတွင်း အစဉ်အဆက် သုံးစွဲခဲ့သည့် လိမ်းဆေးဖြစ်ပြီး **ပရုတ်၊ မင်သော် စသည့် ဆေးပူများ မပါရှိသော** ဆေးအေးဖြစ်၍ ဘေးထွက်ဆိုးကျိုး လုံးဝ မပါရှိဘဲ အပူနာများကိုပါ သက်သာပျောက်ကင်းစေကြောင်း အာမခံသည့် လိမ်းဆေးတစ်လက်ဖြစ်သည်။

ပျောက်ကင်းစေသော ရောဂါများ

သမားအို နန်းတွင်းလိမ်းဆေးကြီးသည် အဆစ်၊ အမြစ်၊ အကြောရောင်/နာ၊ ကိုက်ခဲခြင်း၊ ဒူးနာ၊ ခါးနာ၊ လေးဖက်နာ၊ ဂေါက်နာ၊ ဖက်ထိုး၊ ခေါင်းအုံ၊ ခေါင်းကိုက်၊ ပန်းနာ၊ ရင်ကျပ်၊ နှာစေး၊ နှာပိတ်၊ ထိပ်ကပ်နာ၊ အရိုးကျိုး၊ အဆစ်လွဲ၊ အဆစ်ဟ၊ ဒဏ်နာဖြစ်၊ လက်ကပ်ခြင်းနှင့် အပူလောင်ခြင်းများကို သက်သာ ပျောက်ကင်းစေပါသည်။

အသားပပ်ခြင်း၊ အသားကွဲခြင်း၊ ဝက်ခြံ၊ တင်းတိပ်၊ နေလောင်ကွက်များကို ညအိပ်ရာဝင်ချိန်၌ မျက်နှာအား ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောပြီးမှ ဆေးလိမ်း တစ်ရှူးကပ် အိပ်ပါ။

နေ့စဉ်ရက်ဆက် လိမ်းပေးခြင်းဖြင့်"**အသားအရေ ဖြူနု ချောမွတ်ပြီး မကြုံဘူးအောင် အလှထူးစေသည့်**"ကမ္ဘာ့ ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။ မန္တလေးတောင်၊ ကျိုက်ထီးရိုးတောင်၊ ပုပ္ပါးတောင်ကဲ့သို့ အလေ့အကျင့်မရှိသော တောင်တက်ဘုရားဖူး ခရီးသည်များ သုံးစွဲလျှင် ထုံကျဉ်ညောင်းညာ ကိုက်ခဲခြင်းများ သက်သာပျောက်ကင်းစေသည့်အပြင် ကျီးပေါင်းရောဂါဝေဒနာရှင်များ အသားထဲ စိမ့်ဝင်အောင် ညင်သာစွာ လိမ်းပေးခြင်းဖြင့်ကျီးပေါင်းရောဂါဝေဒနာများ အချိန်တိုအတွင်း သက်သာပျောက်ကင်းစေပါသည်။

## သမားအို လေးဖက်နာဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် အမှတ် ဝ၃ဝ၅ YR ၃ဝ၆၃]*

လူတစ်ယောက်၏ခန္ဓာကိုယ်အား သိပ္ပံနည်းကျ သွေးစစ်ကြည့်ခြင်းဖြင့် **ယူရစ်အက်စစ် အလွန် များနေခြင်း၊ အေအက်စ်အို သီတာယူနစ်(၂ဝဝ)ထက် ရှိခြင်း၊ နောက်ဆုံး အာအေ စမ်းသပ်မှု၌ (+) အပေါင်းလက္ခဏာ တွေ့ရှိခြင်း**စသည်ဖြင့် လေးဖက်နာရောဂါအဆင့်ဆင့်တို့ကိုသိရှိနိုင်ပေသည်။

လေးဖက်နာရောဂါ၏ ဆင့်ပွားရောဂါများဖြစ်သော နှလုံး၊ သွေးတိုး၊ ဆီးချိုရောဂါများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်သည့် ဆေးဖက်များ သမားအို လေးဖက်နာဆေးတွင် ထည့်သွင်း ဖော်စပ်ထားပါသည်။

သမားအိုလေးဖက်နာဆေးတွင် သက်စောင့်ဆေးဖက်များ ပါရှိသည့်အတွက် ရာသီဥတုဒဏ်ခံနိုင်ပြီး တရားထိုင်သူများ၊ ယာဉ်မောင်းသူများ၊ စက်ချုပ်သမားများ၊ လက်နှိပ်စက်နှင့် ကွန်ပျူတာ အော်ပရေတာများ ဤဆေးကို မှန်မှန် စားသုံးသွားပါက ဆီး၊ ဝမ်း၊ လေမှန်ကန်ပြီး ကျန်းမာရေးနှင့် ညီညွတ်ကာ ကိုယ်လက်ပေါ့ပါး သွက်လက်စေပါသည်။

## သမားအို နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် ဝ၃၁၁ YR ဝဝ၃ဝ၆၂]*

မြန်မာ့နန်းတွင်းသမားတော်ကြီးများ အသုံးပြုခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်သည်။ **နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှလုံးကျပ်ခြင်း၊ နှလုံးခုန်လွန်းခြင်း၊ မောပန်းခြင်း၊နှလုံးအားနည်းခြင်း၊ နှလုံးရောင်ခြင်းနှင့် နှလုံးရောဂါအမျိုးမျိုးတို့ကို** သက်သာပျောက်ကင်းစေပြီး စိတ်ဓာတ်ကို ကြည်လင် လန်းဆန်း၍ ဉာဏ်ရည်ထက်မြက်စေသော "**သတ္တဂုဏ်**"နှင့် ပြည့်စုံသော ဆေးကောင်းတစ်လက် ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းသူ ကျောင်းသားများနှင့် ရဟန်းသံဃာ အရှင်မြတ်များ စာမေးပွဲနီးသောအခါ၌ လည်းကောင်း၊ ပရိယတ္တိ,ပဋိပတ္တိ ဝန်ဆောင်ရာ၌ လည်းကောင်း အစဉ်အလာအားဖြင့် အောင်မြင်စွာ သုံးစွဲခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

**ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (တဆ-ဝ၂၉၁၇) ဖုန်း-ဝ၉-၄၉၂၆၄၄ဝ၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်။**

**သမားအိုဆေးတိုက်**

အမှတ်(၄၇)၊ (၁၁၈)လမ်း မင်္ဂလာဈေးအနီး၊

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၂၉ဝ၆၁ဝ အမြို့မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com

ဂျိုးဖြူတောင်တန်းမှ

# သင်္ဂြိုဟ်ဝတ် သာသနာပြန့်နှံ့ဆောင် (၈)


ဘုန်းကျော်စွာ
(မြိုင်တက္ကသိုလ်)

### ယခင်လမှ အဆက်

ပရိတ်ကြီး အာဋာနာဋိယသုတ်တွင်လည်း **'ဒေဝါ နာဂါ မဟိဒ္ဓိကာ'** ဟူ၍ နဂါးတန်ခိုးကြီးပုံကို ထည့်သွင်းထားသည်။ နဂါးတို့သည် တိရစ္ဆာန်ပင်ဖြစ်သော်လည်း ဒုဂ္ဂတိအဟိတ်ပဋိသန္ဓေနေသူတို့တွင် စည်းစိမ်ချမ်းသာရှိကြသဖြင့် ဒါနကောင်းမှုပြုနိုင်သည်။

ဘုရားရှင် ကိုယ်တော်တိုင်ကလည်း နဂါးတို့အား သရဏဂုံသုံးပါးနှင့် ငါးပါးသီလကို ပေးတော်မူကြောင်းနှင့် ဘုရားအလောင်းတော် ဖြစ်တော်ပေါင်း (၅၅၀)တွင် နဂါးဘဝ သုံးကြိမ်ဖြစ်တော်မူခဲ့သည်။ ဇာတ်ကြီးဆယ်ဘွဲ့တွင် ဘုရားအလောင်းတော် ဘူရိဒတ် နဂါးမင်းဘဝ၌ ဖြစ်ခဲ့ရလေသည်။

ဤသို့ တန်ခိုးရှိသော နဂါးရစ်ခွေဟန်ဖြင့် ပဋ္ဌာန်းပူဇော်ခြင်းဖြစ်ရာ လောကီ၊ လောကုတ္တရာ အကျိုးထူးများ ပြည့်စုံစွာ မျှော်လင့်နိုင်လေသည်။




◆ မဟာပဋ္ဌာန်းအင်းတော်ကြီး

### ဆရာတော် ဦးအဂ္ဂသာရ၏ ဖြစ်စဉ်တော်အကျဉ်း


လက်ရှိဆရာတော် ဦးအဂ္ဂသာရသည် ပြည်ခရိုင်၊ ရွှေတောင်မြို့ဇာတိဖြစ်၍ ၁၂၉၂ ခုနှစ်၊ ဝါဆိုလဆန်း(၁၂)ရက် တနင်္ဂနွေနေ့တွင် ဦးလူငယ်၊ ဒေါ်ဆယ်တို့မှ မွေးဖွားခဲ့သည်။ ရွှေတောင်မြို့တွင် နဝမတန်း အောင်မြင်ပြီးနောက် ရန်ကုန်၊ စမ်းချောင်းရှိ ဒေါ်မမကြီး အလွတ်ပညာသင်ကျောင်း၌ တက္ကသိုလ်ဝင်ခွင့် စာမေးပွဲဖြေဆိုခဲ့ရာ မြန်မာစာနှင့် အင်္ဂလိပ်စာ ဂုဏ်ထူးဖြင့် အောင်မြင်သည်။


ရန်ကုန်တက္ကသိုလ်တွင် မြန်မာစာဘာသာ အထူးပြု သင်ယူ၍ ၁၉၅၄ ခုနှစ်တွင် ဥပစာတန်း အောင်သည်။ ၁၉၅၆ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ရရှိကာ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတွင်



www.burmeseclassic.com

www.burmeseclassic.com





လည်ဆွဲပုတီး လက်စွပ်နှင့် ဓာတ်လုံးများ

အင်းဝိဇ္ဇာကြီးများ ထိန်းသိမ်းခဲ့သော စီကွင်းအင်း

နည်းပြဆရာအဖြစ် ထမ်းဆောင်သည်။

၁၉၆၀ ပြည့်နှစ်တွင် ဥပဒေဝိဇ္ဇာဘွဲ့ ရယူကာ မဟာဝိဇ္ဇာတန်း ဆက်လက်သင်ယူသည်။ ၁၉၆၆ ခုနှစ်၌ လက်ထောက်ကထိက ဖြစ်လာ၍ ၁၉၇၃ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့ M.A ရရှိသည်။ ၁၉၈၃ ခုနှစ်တွင် ဂျပန်နိုင်ငံ၊ အိုဆာကာ တက္ကသိုလ် မြန်မာစာဌာန၌ ဧည့်ပါမောက္ခအဖြစ် သွားရောက်တာဝန်ယူသည်။

(၆)နှစ်ကြာသော် မြန်မာနိုင်ငံသို့ ပြန်ရောက်၍ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန တွဲဖက် ပါမောက္ခအဖြစ် ထမ်းဆောင်လျက် ၁၉၉၅ ခုနှစ်တွင် တာဝန်မှ အနားယူခဲ့သည်။ လုပ်သားသတင်းစာတွင် ဂျပန်တက္ကသိုလ် အတွေ့အကြုံဆောင်းပါးများ၊ ဒါရိုက်တာ ရွှေဒုံးဘီအောင်၏ အတ္ထုပ္ပတ္တိ ဆောင်းပါးများကို ရေးသားခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် ဒေါ်ခင်မြသိန်းနှင့် အကြောင်းပါ၍ သားတစ်ဦး(မောင်ထိန်လင်းအေး) ထွန်းကားခဲ့သည်။

ဆရာကြီးသည် တက္ကသိုလ်၌ရှိစဉ်ကပင် ပထမံဘိုးဘိုးအောင်၏ ကျင့်စဉ်အတိုင်း အဓိဋ္ဌာန်ပြု ကျင့်ကြံခဲ့သည်။ ရွှေတိဂုံစေတီသို့ တစ်ပတ်တစ်ကြိမ်သွားကာ အဓိဋ္ဌာန်ဝင်သည်။ တစ်ကြိမ်တွင် ပထမံဆရာကြီး ဦးဘဆင်ဆိုသူနှင့် တွေ့ဆုံ၍ ဆေးလုံးတိုက်ကျွေးကာ (၉)လုံးပုတီးတစ်ကုံး ပေးလျက် အထက်ပစ္စယံရှိ ပတ္တမြားမျက်ရှင်ဘုရား၌ **ဣန္ဒဝဇ္ဇိရဂါထာ** အမြဲပူဇော်ရန် မှာကြား၏။

ဓမ္မစကြာ ရွတ်ဖတ်ပူဇော်ခြင်းကို ရက်ပေါင်း(၉၀)တိတိ အဓိဋ္ဌာန်၍ မပျက်မကွက် ပူဇော်ခဲ့ရာ (၃)ကြိမ်မြောက် (၂၇၀)ရက်အပြီးတွင် ထူးဆန်းသော အိပ်မက်တစ်ခု မြင်မက်သည်။

သာယာသော တောကြီးတစ်ခုတွင် မေတ္တာဘာဝနာ ပွားများနေစဉ် ဆရာတော်များ၊ အဘဘိုးဘိုးအောင်၊ အဘအောင်မင်းခေါင်တို့ ကောင်းကင်ခရီးချာန်ပျံကြွနေကြသည်ကို မြင်ရသည်။ ဆရာတော်တစ်ပါးက ကောင်းကင်မှ ဆင်းလာကာ ဓာတ်လုံး တစ်လုံးနှင့် ဆေးလုံး(၉)လုံး ချီးမြှင့်တော်မူသည်ဟု မြင်မက်ခြင်း ဖြစ်သည်။

နောက်မကြာမီ တပည့်တစ်ဦးခေါ်ဆောင်သွားသဖြင့် ဆရာကြီး ဦးအေးဖေမိသားစု ဂျိုးဖြူဆရာတော် ဦးအာဒိစ္စဝံသထံသို့ သွားရောက်ဖူးမြော်ဖြစ်သည်။

ထိုဆရာတော်ကြီးကား အိပ်မက်ထဲတွင် ဆေးလုံး၊ ဓာတ်လုံးများ ချီးမြှင့်ခဲ့သည့် ဆရာတော်ကြီး ဖြစ်နေလေသည်။ ထိုအချိန်(၁၉၆၇ ခုနှစ်ခန့် ဖြစ်သည်။)မှစ၍ ဂျိုးဖြူဆရာတော်ထံမှ နည်းခံလမ်းညွှန်မှုဖြင့် သာသနာပြုလုပ်ငန်းများ စတင် ဆောင်ရွက်ခဲ့သည်။

အဘိုးဆရာတော် ရှိစဉ်ကပင် တာဝန်ပေးခဲ့သည့်အတိုင်း ယခုအခါ ဂျိုးဖြူတောင် သက္ကဝတီသာသနာမြေ၏ စတုတ္ထမြောက် နာယကဆရာတော်အဖြစ် တာဝန်ယူတော်မူရာ (၁၀)ဝါ ကျော်မျှရှိပြီဖြစ်ကြောင်း သိရှိရသည်။


၁၃၄၁ ခုနှစ်တွင် အဘိုးဆရာတော် ပျံလွန်တော်မူပြီးနောက် **သရက်မရိုင်၊**

F.8B. June, 2013.



www.burmeseclassic.com

www.burmeseclassic.com



◆ ငွေပွားအဆောင်မျက်နှာနှင့် ကျောဘက်

**ကံမမြို့နယ်၊ ထုံးကြီးကျောင်း သက်တော်ရှည်ဆရာတော် ဦးကောဝိဒ၏ ဆုံးမသြဝါဒခံယူကာ ဆက်၍ သာသနာပြုစုတော်မူကြောင်း** မြွက်ကြားသည်။

ဆရာတော်၏

အထူးမေတ္တာပွားနည်း

၁။ သီလမရှိသောသူတို့ကို သီလရှိခြင်းဖြင့် အောင်နိုင်ရပါစေသတည်း။

၂။ သီလ မစင်ကြယ်သောသူတို့ကို သီလစင်ကြယ်ခြင်းဖြင့် အောင်နိုင်ရပါစေသတည်း။

၃။ သမာဓိ မတည်ကြည်သောသူတို့ကို သမာဓိတည်ကြည်ခြင်းဖြင့် အောင်နိုင်ရပါစေသတည်း။

၄။ အကြားအမြင် ဉာဏ်ပညာ နည်းပါးသူတို့ကို အကြားအမြင် ဉာဏ်ပညာ များပြားကြီးမားခြင်းဖြင့် အောင်နိုင်ရပါစေသတည်း။

၅။ မပေးကမ်း မလှူဒါန်းသူတို့ကို ပေးကမ်း လှူဒါန်းခြင်းဖြင့် အောင်နိုင်ရပါစေသတည်း။

၆။ သဒ္ဓါတရားမရှိသော သူတို့ကို သဒ္ဓါတရားရှိခြင်းဖြင့် အောင်နိုင်ရပါစေသတည်း။

၇။ မုန်းသူတို့ကို ချစ်ခြင်းဖြင့် အောင်နိုင်ရပါစေသတည်း။

၈။ သနားအကြင်နာ ကင်းမဲ့သူတို့ကို သနားကြင်နာ ကရုဏာဖြင့် အောင်နိုင်ရပါစေသတည်း။

၉။ ရန်ငြိုးကြမ်းတမ်းသူတို့ကို နူးညံ့သိမ်မွေ့ခြင်းဖြင့် အောင်နိုင်ရပါစေသတည်း။

၁၀။ မေ့လျော့သူတို့ကို မမေ့မလျော့ အသိတရားရှိခြင်းဖြင့် အောင်နိုင်ရပါစေသတည်း။

၁၁။ ကျေးဇူးမသိသူတို့ကို ကျေးဇူးတရားဖြင့် အောင်နိုင်ရပါစေသတည်း။

၁၂။ ကဲ့ရဲ့ရှုတ်ချသူတို့ကို ချီးမွမ်းခြင်းဖြင့် အောင်နိုင်ရပါစေသတည်း။

၁၃။ မိုက်မဲသူတို့ကို လိမ္မာခြင်းဖြင့် အောင်နိုင်ရပါစေသတည်း။


၁၄။ ပျင်းရိတွေဝေသူတို့ကို ထကြွလုံ့လ ဝီရိယ ကြီးမားခြင်းဖြင့် အောင်နိုင်ရပါစေတသည်း။



www.burmeseclassic.com

www.burmeseclassic.com

၁၅။ ကောက်ကျစ် စဉ်းလဲသူကို ဖြောင့်မတ်ခြင်းဖြင့် အောင်နိုင်ရပါစေသတည်း။
၁၆။ ယုတ်မာသူကို မြင့်မြတ်ခြင်းဖြင့် အောင်နိုင် ရပါစေသတည်း။
၁၇။ မသိတတ်သူကို သိတတ်ခြင်းဖြင့် အောင်နိုင်ရပါစေသတည်း။
၁၈။ မှားယွင်းသူကို မှန်ကန်ခြင်းဖြင့် အောင်နိုင်ရပါစေသတည်း။
၁၉။ သည်းခံမှု ကင်းမဲ့သူကို သည်းခံခြင်းဖြင့် အောင်နိုင်ရပါစေသတည်း။
၂၀။ တရားတော်နှင့် အညီ အရာရာကို အောင်နိုင်ရပါစေသတည်း။



စာဖေးပွဲအောင်ဂါထာ

ကျွဲ့ဆာသယ

မန္တန်တော်ကြီး

ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ။

ဓမ္မော လောကေ သမုပ္ပန္နော၊ သုခါယ သဗ္ဗပါဏိနံ။

သံဃော လောကေ သမုပ္ပန္နော၊ ပုညာယ သဗ္ဗပါဏိနံ။

ဗုဒ္ဓတေဇေန အရိန္ဒမော၊ ဗုဒ္ဓေါ မေ ရက္ခတု နိစ္စံ။

ဓမ္မတေဇေန မဟာလာဘော၊ ဓမ္မော မေ ရက္ခတု သဒါ။

သံဃတေဇေန မဟာလာဘော၊ သံဃော မေ ရက္ခတု ဒိနေ။

✤ နမော တေ ဗုဒ္ဓ ဝီရတ္ထု၊ ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။

သမ္ဗာ ဓပ္ပဋိပန္နောသ္မိ တဿ မေ သရဏံ ဘဝ။

✤ အရဟံ ဗုဒ္ဓေါ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

အကာလိကော ဓမ္မော ဓမ္မံ သရဏံ ဂစ္ဆာမိ။

သုပ္ပဋိပန္နော ဘဝတော သာဝက သံဃော၊ သံဃံ သရဏံ ဂစ္ဆာမိ။

ဗုဒ္ဓေါ သဗ္ဗညုတဉာဏော၊ ဓမ္မော လောကုတ္တရော နဝ။

သံဃော မဂ္ဂဖလ ဋ္ဌော စ၊ ဣစ္စေတံ ရတနတ္တယံ။

တေနသစ္စေန သဂ္ဂါမေ ဟောတု မေ ဇေယျမင်္ဂလံ။

အနက်

**လောကေ၊** လောက၌။ **ဗုဒ္ဓေါ၊** မြတ်စွာဘုရားသည်။ **သဗ္ဗပါဏိနံ၊** အားလုံးသော သတ္တဝါတို့၏။ **ဟိတာယ၊** အကျိုးစီးပွားအလို့ငှာ။ **သမုပ္ပန္နော၊** ကောင်းစွာပွင့်ထွန်း၍ လာခဲ့ပေ၏။

**လောကေ၊** လောက၌။ **ဓမ္မော၊** တရားတော်သည်။ **သဗ္ဗပါဏိနံ၊** အားလုံးသော သတ္တဝါတို့၏။ **သုခါယ၊** ချမ်းသာခြင်းငှာ။ **သမုပ္ပန္နော၊** ကောင်းစွာဖြစ်ပေါ်၍ လာခဲ့ပေ၏။

**လောကေ၊** လောက၌။ **သံဃော၊** သံဃာတော်သည်။ **သဗ္ဗပါဏိနံ၊** အားလုံးသော သတ္တဝါတို့၏။ **ပုညာယ၊** ကောင်းမှုအကျိုးငှာ။ **သမုပ္ပန္နော၊** ကောင်းစွာ ဖြစ်ပေါ်၍ လာခဲ့ပေ၏။

**ဗုဒ္ဓတေဇေန၊** မြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့်။ **အရိန္ဒမော၊** ရန်ကို ဆုံးမနိုင်၊ အောင်နိုင်၏။ **ဗုဒ္ဓေါ၊** မြတ်စွာဘုရားသည်။ **မေ၊** ငါ့အား။ **နိစ္စံ၊** အမြဲ။ **ရက္ခတု၊** စောင့်ရှောက်ပါ စေသတည်း။

**ဓမ္မတေဇေန၊** တရားတော်၏ တန်ခိုးတော်ကြောင့်။ **မဟာလာဘော၊** ကြီးစွာသော လာဘ်လာဘရ၏။ **ဓမ္မော၊** တရားတော်သည်။ **မေ၊** ငါ့အား။ **သဒါ၊** အခါခပ်သိမ်း။ **ရက္ခတု၊** စောင့်ရှောက်ပါစေသတည်း။

**သံဃတေဇေန၊** သံဃာတော်၏ တန်ခိုးတော်ကြောင့်။ **မဟာလာဘော၊** ကြီးစွာသော လာဘ်လာဘရ၏။ **သံဃော၊** သံဃာတော်သည်။ **မေ၊** ငါ့အား။ **ဒိနေ၊** နေ့တိုင်း။ **ရက္ခတု၊** စောင့်ရှောက်ပါစေသတည်း။

**ဝီရ၊** ကြီးသောလုံ့လ ရှိတော်မူသော။ **ဗုဒ္ဓ၊** မြတ်စွာဘုရား။ **တေ၊** အရှင်ဘုရားအား။ **နမော၊** ရှိခိုးပါ၏။




www.burmeseclassic.com

www.burmeseclassic.com

**တွံ၊** အရှင်ဘုရားသည်။ **သဗ္ဗဓိ၊** အားလုံးသော ဥပဓိမှ။ **ဝိပ္ပမုတ္တော၊** လွတ်ကင်းသည်။ **အသိ၊** ဖြစ်တော်မူပါ၏။ **အဟံ၊** တပည့်တော်သည်။ **သမ္မာ ဓပ္ပဋိပန္နော၊** အကျဉ်း အကျပ်သို့ ရောက်သည်။ **အသ္မိ၊** ဖြစ်ပါ၏။ **တသ္မာ၊** ထိုတပည့် တော်၏။ **သရဏံ၊** ကိုး ကွယ်ရာသည်။ **ဘဝ၊** ဖြစ် တော်မူပါဘုရား။

**ဗုဒ္ဓါ၊** မြတ်စွာဘုရား သည်။ **အရဟံ၊** ပူဇော် အထူးကို ခံတော် မူထိုက် ပါပေ၏။ **ဗုဒ္ဓံ၊** မြတ်စွာ ဘုရားကို။ **သရဏံ၊** ကိုး ကွယ်ရာဟူ၍။ **ဂစ္ဆာမိ၊** မှီဝဲ ဆည်းကပ်ပါ၏။



ပျူဒေသတ် ဓာရဏာပရိတ်တော်နှင့် အင်း

**ဓမ္မော၊** မဂ်လေးပါး တရားတော် သည်။ **အကာလိကော၊** အခါကာလ မခြား၊ အကျိုးပေးပါ၏။ **ဓမ္မံ၊** တရား တော်ကို။ **သရဏံ၊** ကိုးကွယ်ရာဟူ၍။ **ဂစ္ဆာမိ၊** မှီဝဲ ဆည်းကပ်ပါ၏။

**ဘဂဝတော၊** မြတ်စွာဘုရား၏။ **သာဝကသံဃော၊** တပည့်သား သံဃာတော်သည်။ **သုပ္ပဋိပန္နော၊** ကောင်းစွာ ကျင့်တော်မူပါပေ၏။ **သံဃံ၊** သံဃာတော်မြတ်ကို။ **သရဏံ၊** ကိုးကွယ်ရာဟူ၍။ **ဂစ္ဆာမိ၊** မှီဝဲ ဆည်း ကပ်ပါ၏။

**သဗ္ဗညုတဉာဏော၊** သဗ္ဗညုတ ဉာဏ်တော်သည်။ **ဗုဒ္ဓေါ၊** ဘုရား မည်၏။ **နဝလောကုတ္တရော၊** လောကုတ္တရာတရား ကိုးပါးသည်။ **ဓမ္မော၊** တရားတော်မည်၏။ **မဂ္ဂဖလဋ္ဌောစ၊** မဂ်ဖိုလ်၌ တည်သော ပုဂ္ဂိုလ်သည်ကား။ **သံဃော၊** သံဃာ တော်မည်၏။ **ဣစ္စေတံ၊** ဤဘုရား, တရား,သံဃာသည်။ **ရတနတ္တယံ၊** ရတနာသုံးပါးဖြစ်၏။ **တေနသစ္စေန၊** ထိုမှန်သော သစ္စာစကားကြောင့်။ **သဂါမေ၊** စစ်မြေပြင်၌။ **မေ၊** ငါ့အား။ **ဇေယျမင်္ဂလံ၊** အောင်ခြင်းမင်္ဂလာ သည်။ **ဟောတု၊** ဖြစ်ပါစေ သတည်း။

### တိုက်တွန်း လမ်းညွှန်ချက်

ဂျိုးဖြူတောင် သက္ကဝတီ သာသနာ ကုန်းတော်မြေသည် ဂေါတမမြတ်စွာ ဘုရား သာသနာ၌ ဆံတော်ကို အဦး အစ ပူဇော်ခွင့်ရခဲ့သော ရွှေတိဂုံ ဒါယကာ ဥက္ကလာပမင်းကြီး၏ နန်းမြို့ တော်တည်ရာ အဓိကရဋ္ဌာန ဖြစ်သည့် အပြင် အေးချမ်းသော ပတ်ဝန်းကျင်နှင့် အထူး ထူးသော ရုပ်ပွားစေတီ များ ကြည်ညို ဖူးမြော်နိုင် သည်ဖြစ်ရာ ဘုရားဖူး အလည်အပတ်ခရီး ဖြစ် စေ၊ ဝိပဿနာကမ္မဋ္ဌာန်း ဘာဝနာပွားများ လို၍ဖြစ် စေ ကြွရောက်နိုင်စေရန် တိုက်တွန်း လမ်းညွှန် အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့မှအရှေ့ဘက် ယွန်းယွန်း (၇)မိုင်ခန့် အကွာရှိ "ချင်းကုန်း" ကျေးရွာသို့** ဂျိုးဖြူရေပိုက် ကြီးများအတိုင်း ဆိုင်ကယ် တက္ကစီဖြင့် လာရောက်နိုင် ပါသည်။ ချင်းကုန်းရွာနှင့် ရန်ကုန်(သခင်မြပန်းခြံ)သို့ ပြေးဆွဲသော ဘတ်စ်ကားဖြင့်လည်း စီးနင်း လိုက်ပါနိုင်သည်။

ချင်းကုန်းမှ ရန်ကုန်သို့ နံနက် (၇) နာရီတွင် စတင်ထွက်ခွာ၍ ရန်ကုန်မှ ချင်းကုန်းရွာသို့ မွန်းလွဲ (၃)နာရီခန့် တွင် ပြန်လည်ထွက်ခွာလေ့ရှိပါသည်။ တိုက်ကြီးမှတစ်ဆင့် သွားလျှင် **အဘိုး ကျောင်း**ဟူ၍ အလွယ်တကူ စုံစမ်းနိုင် သည်။

ဆရာတော် ဦးအဂ္ဂသာရနှင့် ကုန်း တော်မြေမှ မြင်အပ်,မမြင်အပ်သော ပုဂ္ဂိုလ်အပေါင်း၊ ဝေနေယျအပေါင်း ကိုယ်စိတ်ချမ်းသာစွာဖြင့် သာသနာ အကျိုး သယ်ပိုးနိုင်ကြပါစေ။

**ဘုန်းကျော်စွာ**
*(မြိုင်တက္ကသိုလ်)*



www.burmeseclassic.com

www.burmeseclassic.com

အစိဋ္ဌာန်ဖြင့် ကျင့်သော သူတော်စင်များ အာဟာရအတွက်

# အရသာပြောင်းဂါထာ

စောလင်း
(စောငှဝါ-နေပြည်တော် ပျဉ်းမနား)

တစ်နေ့တွင် ဆရာကြီး ဆေးခန်းတွင် လူနာပါးသည့်အခိုက် သူ၏ တပည့်နှစ်ယောက်ကို ပရဆေးဥယျာဉ်သော့တွဲနှင့် ရေလောင်းပုံးများ ယူခဲ့ဟု ဆိုကာ...

'လာဗျာ ဥယျာဉ်ထဲ သွားရအောင်'

ဟု ပြောဆိုပြီး ရှေ့က ဦးဆောင်ထွက်သွားပါသည်။ ဆရာကြီးက...

'အသက်က (၇၈)နှစ်ထဲမှာ အရွယ်နဲ့ ရာသီဒဏ်ကြောင့် ဒူးက နာချင်လာတယ်'

ဟု ပြောဆိုလျက် ဥယျာဉ်တံခါးသော့ကို ကိုယ်တိုင်ဖွင့် ဝင်သွားပါသည်။

ဥယျာဉ်ထဲတွင် ဂမုန်းပင်များ၊ ဆေးဖက်ဝင် အပင်များနှင့် အလှပန်းပင်များကို ခြေချစရာ အနည်းငယ်မျှ ချန်ကာ စိုက်ထား၍ ဂရုစိုက်လိုက်ပါခဲ့ရပါသည်။ ဆောင်းတွင်းကာလ ဂမုန်းမျိုးနွယ်အပင်များ သဘာဝအရ အပင်ချထားကြသည်ကို တွေ့ရပါသည်။ ယင်း၏ တပည့်နှစ်ယောက် အပင်တွေရေလောင်းကြရန် မှာခဲ့ပြီး စာရေးသူကို ဘုံ(၇)ဆင့် ပထမအထပ်ပေါ်သို့ ဦးဆောင်ခေါ်သွားပါသည်။

စာရေးသူကို ရှားပါးသော မကိုဒေါင်းဂမုန်း၊ ကျားလက်ဝါးအဖို၊အမနှင့် အခြားဂမုန်းပင် အချို့ကို ဓာတ်ပုံရိုက်ခွင့်ပေးခဲ့ပါသည်။ ဆရာကြီးက ဝါသနာအရ ရွှက်လှနှင့် အခြားအလှပင် အချို့ကို တန်ဖိုးအတော်ကြီးကြီးပေး၍ ဝယ်ယူ စိုက်ထားပုံကိုလည်း ပြောပြပါသည်။

ဆေးခန်း ပြန်ရောက်တော့...

'ခဏထိုင်ဦး၊ ခင်ဗျားကို ဂါထာ တစ်ပုဒ်ပေးမယ်'



ဟု ဆိုကာ သော့ခတ်ထားသော သေတ္တာများကို တစ်ခုပြီးတစ်ခု သော့ဖွင့် ရှာနေပါသည်။ မှတ်စုစာအုပ်အချို့ကို ယူလာကာ လှန်လှော ရှာနေပြီးနောက် မတွေ့၍ အခြားသော သေတ္တာများကို ဆက်ဖွင့်ပြန်ပါသည်။ စာအုပ်အချို့ကို ယူလာကာ လှန်လှော ရှာဖွေနေစဉ်...

'ဂါထာက ဂန္ဓာရီလှည့်လည် အစိဋ္ဌာန်နဲ့ ကျင့်စဉ်ပြုလုပ်နေကြတဲ့ သူတော်စင်များ အစာအာဟာရအတွက် အရသာပြောင်း ဂါထာပဲ။ ဒီဂါထာကို "မန်း"စားရင် အခါး၊ အချဉ် စတဲ့ အစားအစာတို့ကို ချိုဆိမ့်သော အရသာ ဖြစ်သွားစေရုံမက အဆိပ်ပင်များ၊ အစာများကိုပင် အဆိပ် အာနိသင်ပြယ်ကာ အာဟာရ ဖြစ်သွားတယ် ဗျတဲ့'

ဟု ပြောပြပါသည်။

ဒီလိုကြားရတော့ စာရေးသူလည်း အလွန် စိတ်ဝင်စားသွားတာကြောင့် ဆရာကြီး ရှာနေတဲ့ ဂါထာကို တွေ့ပါစေလို့ မျှော်လင့်နေစဉ် ဆရာကြီးက ဒီမှာ တွေ့ပြီဟု ဆိုကာ ဂါထာ (၂)ပုဒ်ကို ရွတ်ဆိုပြပါတော့သည်။

စာရေးသူကလည်း ဆရာကြီးကိုယ်တိုင် ကူးရေးပေးပါဟု မေတ္တာရပ်ခံကာ မှတ်စုစာအုပ်နှင့် ဘောလ်ပင်ကို ထိုးပေးမိပါသည်။ စာရေးသူ လိုက်ရေးလျှင် သတ်ပုံများ လွဲမှားမှု မရှိအောင်ပါ။ ဆရာကြီးက ဂါထာများကို ကူးရေးပေးပြီးနောက် စာရေးသူကို ဖတ်ပြပြန်ရာ လိုက်၍ တိုက်ဆိုင်မှု လုပ်ခဲ့ရပါ၏။

ဆရာကြီး၏ ဟောင်းနွမ်းနေသော မှတ်စုစာအုပ်ထဲမှ ဂါထာများကို တွေ့ရသော စာရေးသူလည်း အလွန် စိတ်ဝင်စားသွားရုံမက မန္တန် အင်းအိုင်တို့၏ စွမ်းအားဆန်းပြားမှုများ ဂမ္ဘီရနယ်မြေလောကတွင် ရှိနေတာကို ယုံကြည်သိရှိထားတာကြောင့် ဆောင်းပါးအဖြစ် ရေးသားမည်ဟု ဆုံးဖြတ်မိခဲ့ရပါသည်။

တိုက်ဆိုက်မှုတစ်ခုကိုလည်း တစ်ဆက်တည်း ဖော်ပြလိုက်ရပါသည်။ ဒီဆောင်းပါးကို ရေးလက်စ တစ်ရက်တွင် ညီမောင်တူသားကဲ့သို့ ရင်းနှီးခဲ့သော ယောက်သွားအင်းရပ်ကွက်မှ ကိုသိန်းသန်းဌေးနှင့် အပေါင်းအသင်း တချို့ ရောက်လာကြပါသည်။

စာရေးသူ ရေးနေသော အရသာပြောင်း ဂါထာအကြောင်း သူတို့ သိရှိကြားသိပြီး သူကိုယ်တိုင် ကြုံတွေ့ခဲ့ရသော ဆန်းပြားလှသော အဖြစ်အပျက်တစ်ခုကို ပြန်လည်၍ အကျဉ်းမျှ ဖော်ပြလိုက်ပါသည်။

ကိုသိန်းသန်းဌေးသည် ငယ်စဉ်က တောင်တွင်းကြီးနယ်မှာ အင်းဝိဇ္ဇာဟု နာမည်ကြီးသော "အဘသာတင့်" အဘိုး၏ ယုယချစ်ခင်မှုကို ခံခဲ့ရပါသည်။ တစ်ရက်တွင် အဘိုး၏ တပည့်နှင့် မြေးတို့ကိုခေါ်ကာ အထက်ဝိဇ္ဇာ တစ်ဦးနှင့် တွေ့ဆုံရန် "ရွှေရောင်တော်" ဘုရားသို့ နံနက်စာများ ယူဆောင်၍ သွားရောက် စောင့်ဆိုင်းနေကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အဘိုးက ပုံစံမျိုးစုံနှင့် လာနိုင်သော ဝိဇ္ဇာကို ဂရုစိုက်ကြည့်ရှု၍ သတိထားကြရန် မှာကြားထားခဲ့သည်ဟု ဆိုပါသည်။

သို့သော် ဘုရားပေါ်သို့ ဘုရားဖူးလာရောက်သူ အလွန် နည်းနေသည်ကို သူ မှတ်မိကြောင်း၊ ထမင်းစားချိန်ရောက်၍ အဘိုးနှင့် ဝိုင်းဖွဲ့ကာ ပါလာသော နံနက်စာများကို စားခဲ့ကြောင်း၊ ထမင်းစားသုံးနေစဉ် လူ (၂)ယောက် ဘုရားလာဖူးကြောင်း၊ တစ်ဦးက လွယ်အိတ်တစ်လုံး လွယ်ထားပြီး ထီးကောက်တစ်လက်ကို ပခုံးပေါ်မှာ ချိတ်ထားတာ တွေ့ရသလို သာမန်လူတစ်ယောက်ပုံစံနှင့် ဘုရားကို ရှိခိုးဦးခိုက်နေကြောင်း တွေ့ရသည်ဟု ဆိုပါသည်။

အဘိုးနှင့် သူတို့တစ်တွေ အမှတ်မဲ့နှင့် ထမင်းဆက်စားနေခိုက် အဲဒီပုဂ္ဂိုလ်က အနားရောက်လာပြီး "ထီးပါရင်ခဏလောက်"ဟု တောင်း၍ အနားမှာ ချထားသော ထီးကောက်ကို ပေးလိုက်ရာ သူ၏ ထီးကောက်နှင့် တိုင်းကြည့်ပြီး...

'မင်းတို့ထီးက တိုတယ်၊ လိုသေးတယ်'

ဟု ပြောဆိုကာ ပြန်ပေးခဲ့ကြောင်း၊ အဘသာတင့်က ထမင်းစားခေါ်တော့...

'မင်းတို့ ထမင်းဝိုင်းမှာ ဒါလိုသေးတယ် ရော့'

ဟု ပြောပြီး သူ၏ လွယ်အိတ်ထဲက သံပရာသီးတစ်လုံး ပေးကာ ဘုရားစောင်းတန်းအတိုင်း ဆင်းသွားပြီး တစ်အောင့် တစ်ခဏကြာမှ အဘသာတင့် သတိရလို့ လိုက်ကြဟုဆိုမှ နောက်က အပြေးလိုက်သွားသော်လည်း လုံးဝ ရှာမတွေ့ကြောင်း ပြောပြပါသည်။

နံနက်စာကို စားပြီးနောက် အဘသာတင့်က ပေးခဲ့သော သံပရာသီးကို ခွဲ၍ စားစေခဲ့ရာ သံပရာသီးက မချဉ်ဘဲ ပျားရည်ထက် အလွန်အရသာရှိသော ချိုဆိမ့်နေသည့် သံပရာသီးကို စားခဲ့ရကြောင်း စသည် ကိုယ်တိုင် စားသုံးခဲ့ရမှုကို အားပါးတရ ပြောဆိုကာ အရသာပြောင်း ဂါထာဟာလည်း သီလ၊ သမာဓိ၊ စရဏ အားကောင်းတဲ့ သူတော်စင်၊ သမားတော်တို့အတွက် အမှန်အစွမ်းသတ္တိ တန်ခိုးရှိနိုင်ကြောင်း ကောက်ချက်ချ ပြောဆိုခဲ့သည်ကို စာရေးသူမှ ပေါင်းစပ်ဖော်ပြလိုက်ရပါသည်။

ပျဉ်းမနား သမားတော် ဆရာမော်ကိုယ်တိုင် ဂန္ဓာရီလှည့်လည် ကျင့်ကြံစဉ် ကိုယ်တိုင် အသုံးပြုခဲ့သော ဂါထာများဖြစ်၍ တိမ်ကော မပျောက်ပျက်စေလို၍တစ်ကြောင်း၊ ကိုယ်တိုင်ကျင့်ကြံပွားများနေသူများ ဆန္ဒရှိလျှင်လိုအပ်ပါက အသုံးချနိုင်ရန်နှင့် နောင်လာနောက်သားများ လက်တွေ့လေ့လာစမ်းသပ်သိရှိနိုင်စေရန်အတွက် နက္ခတ်ရောင်ခြည်မဂ္ဂဇင်းတစ်ဆင့် ရေးသားဖော်ပြလိုက်ရပါသည်။

---

အရသာမရှိသော အစားအစာကို

အရသာရှိအောင် မန်း၍ စားရန်ဂါထာ

---

ဣစ္ဆန္တော အ,မဓုရမ္ပိ၊
မဓုရံဝ ကရောတိ သော။

**သော၊** ထိုဂါထာရွတ်သည့်ပုဂ္ဂိုလ်သည်။ **(ဝါ)** ထိုဂါထာသည်။ **အ,မဓုရမ္ပိ၊** မချိုသည်ကိုလည်း။ **(ဝါ)** မချိုသော အရသာကိုလည်း။ **မဓုရံဝ၊** ချိုသကဲ့သို့၊ **(ဝါ)** ချိုအောင်။ **ကရောတိ၊** ပြုတတ်၏။

---

အရသာရှိသော အစားအစာကို

အရသာမရှိအောင် မန်းသည့်ဂါထာ

---

ဣစ္ဆန္တော မဓုရံဝါပိ၊
အ,မဓုရံ ကရောတိ သော။
ဇေတေန သစ္စဝဇ္ဇေန၊
တထာ မေ ဟောတု သဗ္ဗဒါ။

**သော၊** ထိုဂါထာရွတ်သည့်ပုဂ္ဂိုလ်သည်။ **(ဝါ)** ထိုဂါထာသည်။ **မဓုရံဝါပိ၊** ချိုသည်ကိုလည်း။ **(ဝါ)** ချိုသော အရသာကိုလည်း။ **အ,မဓုရံ၊** မချိုသည်ကို။ **(ဝါ)** မချိုအောင်။ **ကရောတိ၊** ပြုတတ်၏။

**ဧတေန သစ္စဝဇ္ဇေန၊** ဤမှန်သော စကားကို ဆိုရခြင်းကြောင့်။ **တထာ၊** ထို့အတူ။ **မေ၊** ငါ့အား။ **သဗ္ဗဒါ၊** အခါခပ်သိမ်း။ **ဟောတု၊** ဖြစ်ပါစေသတည်း။



---

မြေကြီးကို ရွှေငွေ၊ ရွှေငွေကို

မြေကြီးဖြစ်အောင် မန်းသည့်ဂါထာ

---

ဣစ္ဆန္တော မဟာမဟိံ ပိ၊
ဇာတရူပံ ကရောတိ သော။
ဣစ္ဆန္တော ဇာတရူပံပိ၊
မဟာမဟိံ ကရောတိ သော။
ဧတေန သစ္စဝဇ္ဇေန၊
အာသယံ မေ သမိဇ္ဈတု။

**သော၊** ထိုဂါထာရွတ်သည့်ပုဂ္ဂိုလ်သည်။ **ဣစ္ဆန္တော၊** အလိုရှိသော်။ **မဟာမဟိံ ပိ၊** မြေကြီးကိုလည်း။ **ဇာတရူပံ၊** ရွှေငွေကို။ **(ဝါ)** ရွှေငွေဖြစ်အောင်။ **ကရောတိ၊** ပြုလုပ်နိုင်၏။

**သော၊** ထိုဂါထာရွတ်သည့်ပုဂ္ဂိုလ်သည်။ **ဣစ္ဆန္တော၊** အလိုရှိသော်။ **ဇာတရူပံပိ၊** ရွှေငွေကိုလည်း။ **မဟာမဟိံ၊** မြေကြီးကို။ (ဝါ) မြေကြီးဖြစ်အောင်။ **ကရောတိ၊** ပြုလုပ်နိုင်၏။

**ဧတေနသစ္စဝဇ္ဇေန၊** ဤမှန်သော သစ္စာစကားကြောင့်။ **မေ၊** ငါ၏။ **အာသယံ၊** အလိုဆန္ဒသည်၊ **သမိဇ္ဈတု၊** ပြီးပြည့်စုံပါစေသတည်း။

**စောလင်း**
*(စောင့်ဝါ–နေပြည်တော် ပျဉ်းမနား)*



www.burmeseclassic.com

www.burmeseclassic.com

▶ ကြော်ငြာ ဆောင်းပါး ◀

• မှတ်ပုံတင် - ၁၁၁၄ y ၁၁၀၇၃၆ လိုင်စင် ၇၊၂၀၁၁၊ တာသထလ၊တိုး (၁၃၁၂) •

## နှလုံးရောဂါ ကင်းဝေးအောင်

# မုံရွာဆရာမိုး

အမှတ်တံဆိပ်

# အမောလုံ နှလုံးအားဆေးကိုဆောင်

" ဆရာကိုယဉ်တင့်နဲ့ တွေ့ချင်နေတာ အတော်ပဲ။ ခုတလော အသက်ရှူကျပ်ပြီး မောတယ်ဗျာ။ ညဘက်လည်း အိပ်မပျော်ဘူး။ တစ်ခါတစ်ရံ နှလုံးနေရာက အောင့်တယ်။ ကိုယဉ်တင့်က တိုင်းရင်းဆေး သုတေသီဆိုတော့ ကျွန်တော့်ရဲ့ ဝေဒနာကို ဆန်းစစ်ပါဦး "

" ကိုချစ်ဆွေ ခံစားနေရတာ နှလုံးရောဂါပါ။ နှလုံးရောဂါဟာ ကံ၊ စိတ်၊ ဥ တု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်လေးပါး ညီညွတ်မျှတအောင် နေထိုင်စားသောက်မှုမရှိတဲ့အတွက် ဖြစ်ရတဲ့ရောဂါပါ။ အထူးသဖြင့် စိတ်ကြောင့် ဖြစ်ရတာများပါတယ်။ လောဘ၊ ဒေါသ၊ မောဟ လွန်ကဲတဲ့သူတွေ ပရိဒေဝမီးတောက်လောင်ပြီး၊ နှလုံးအိမ်ကို လောင်မြိုက်တဲ့အတွက် နှလုံးရောဂါဖြစ်စေတာပါ "




" နှလုံးရောဂါဟာ စိတ်ကြောင့်ဖြစ်ရတယ်ဆိုတာ လက်ခံပါတယ်။ ဆက်ပြောပါဦး "

" နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှကာလပတ်လုံး နေ့၊ ညမပြတ် အလုပ်လုပ်ရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခုပါ။ နှလုံးရောဂါ ခံစားနေရတာမသိဘဲ သန္နိပါတ်နှလုံးရောဂါဖြစ်လာပြီဆိုရင် ညဘက် အိပ်မပျော်ခြင်း၊ မူးခြင်း၊ မောခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပူခြင်း၊ အသက်ရှူကျပ်မောခြင်း၊ နှလုံးနေရာမှ အောင့်ခြင်း၊ ခြေဖျားလက်ဖျားအေးခြင်း၊ ဘယ်သူမှ စကားမပြောဘဲ စကားပြောသံကြားရခြင်း(စိတ်မှ ထင်မှတ်ခြင်း)၊ နှလုံးနေရာမှာ အပ်နဲ့ ဆွသလို နာကျင်ခြင်း၊ လက်သည်းခွံအရောင်မမှန်ခြင်း၊ လက်သည်းများပြာ နှမ်းလာခြင်း၊ အိပ်နေရင်း ကယောင်ကတမ်းပြောခြင်း၊ သွေးစမ်းကြည့်ပါက သွေးတိုးမမှန်ခြင်း၊ နှလုံးနေရာ အောင့်နေခြင်း၊ တစ်ကိုယ်လုံး အေးစက်နေခြင်း၊ လေးလံနေခြင်းစတဲ့ လက္ခဏာတွေ ဖြစ်တတ်တယ် ကိုချစ်ဆွေ "

" ကိုယဉ်တင့် ပြောခဲ့တဲ့ နှလုံးရောဂါလက္ခဏာတွေထဲက ကျွန်တော် ခံစား နေရတဲ့ အချက်သုံးမျိုးနဲ့ တူတယ်ဗျ။ ဒါဆို ဘာဆက်လုပ်ရမှာလဲ "

" ကိုချစ်ဆွေ ခံစားနေရတာ ဘယ်လောက်ကြာပြီလဲ။ ဖြစ်တာမကြာသေးဘူးဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပြီး ရောဂါသက်ကြာရင်တော့ ဆေးရုံဆေးခန်းပြရမှာပေါ့ "

" ကျွန်တော် ခံစားနေရတာ ဆယ်ရက်၊ ဆယ့်ငါးရက်လောက်ပဲ ရှိသေးတယ် "

" ဒါဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပါတယ် "

" သက်သာပျောက်ကင်းဖို့ဆိုရင် ဘယ်ဆေးစားရင် ကောင်းမယ်ဆိုတာ ကိုယဉ်တင့် ညွှန်ပြပေးပါဦး "

" သမားတော်ကြီး မုံရွာဆရာမိုး ကိုယ်တိုင် ကုသအောင်မြင်ခဲ့တဲ့ **မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံနှလုံးအားဆေး** သောက်ရင် ကိုချစ်ဆွေ ခံစားနေရတဲ့ နှလုံးရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

" ဒါဆို မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးသောက်မယ်ဗျာ။ ဆေးအညွှန်းကို သိပါရစေ "

" ကဲ ကိုချစ်ဆွေ နားထောင်ပြောပြမယ်။ အညွှန်းက နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ ရင်ညွှန့်၌ စူး၍အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးတိုးခြင်း၊ ကျောနှင့်ရင် ညှပ်အောင့်ခြင်း၊ နှလုံးတုန်ရင်ခုန်မောပန်းနွမ်းနယ်ခြင်း၊ နှလုံးအားနည်းခြင်း၊ ရောင်ခြင်း၊ အနည်းငယ်လှုပ်ရှားရုံဖြင့် မောပန်းခြင်း၊ ချွေးထွက်လွန်၍ နှလုံးခုန်မမှန် မောပန်းခြင်း၊ မူးဝေခြင်း၊ စိတ်ဖိစီးမှုများ၍ အိပ်မပျော်၊ စားမဝင်၊ စိတ်မကြည်ခြင်း၊ အားအင်ကုန်ခမ်းစိတ်မရွှင်လန်းခြင်းတို့အတွက် သုံးစွဲနိုင်တယ်တဲ့ "

" ကိုယဉ်တင့် ညွှန်မှတော့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားတိုးဆေးဟာ ဆေးစွမ်းကောင်းတစ်လက်ဖြစ်တာ သေချာတယ်။ သောက်မယ်ဗျာ။ အဲဒီဆေးကို ဘယ်ဆိုင်တွေမှာ ဝယ်ရင်ရနိုင်မှာလဲ "

" အဆီကျ၊ အကြောပြေ၊ ဆီး၊ ဝမ်း မှန်စေတဲ့ မုံရွာဆရာမိုးရဲ့ ရောက်တစ်လုံး ဝမ်းမှန်ဆေးဟာ တိုင်းသိပြည်ကျော်ဖြစ် ပြီးသားမို့ အထူးညွှန်းစရာမလိုတဲ့ ဆေးဖြစ်ပြီး ခုအသစ်တဖန် ထုတ်လုပ်လိုက်တဲ့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးကိုလည်း မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် ဝယ်ယူရရှိနိုင်ပါတယ်။ ကဲ ကိုချစ်ဆွေ ယုံယုံကြည်ကြည် သောက်ကြည့်လိုက်စမ်းပါ။ ခင်ဗျား ခံစားနေရတဲ့ နှလုံးရောဂါဝေဒနာဟာ သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံး ဖြန့်ချိပေးနေပါပြီ။

ပင်ရင်း

**မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊**

အမှတ်-(ရ/၃၅၆)သေဘာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊


ရန်ကုန်မြို့။ ဖုန်း၀၁-၆၉၁၀၇၉ ၊ ၀၉-၅၁၀၀၆၁၂

**ပြောင်းခြွ တောင်ယဉ်တင့်**



www.burmeseclassic.com

www.burmeseclassic.com



▲ ပုဂံသူရဲကောင်းလေးဦး ဗိမာန်

ထက်မြင့်ကျော်စွာ


အောင်အတိတ်ဆောင်

# သိဂ်နိုက်တောင်ကြီးဆီ မှ

## ပုထိုးစေတီ နေရာထူးများ (၁၀)

### ယခင်လမှအဆက်

တောကြမ်းသည်ဆိုကာ မည်သူမျှ မသွားဝံ့ကြပေ။ သထုံမြို့မှ ဦးဘိုးစ၊ ဦးကျော်ဒွန်း စသော မြို့မျက်နှာဖုံးများက တောင်ခြေတွင် ကျောင်းများ ဆောက်ကာ ဆရာတော်ကြီးတစ်ပါးအား ရဟန်း၊ သူတော်၊ သီလရှင် အခြံအရံများနှင့်တကွ ပင့်ဆောင်၍ သီတင်းသုံးစေသည်။



ညီမျှဘွားအား ကြက်မတစ်ဝင်စာ
မြေနေရာပြပေးနေသော ဗျာဒိ ▶



www.burmeseclassic.com

www.burmeseclassic.com






◆ ဒုတိယမဟာစေတီ (ဓာတ်တော်စေတီ) အဝင်ဝ

ဓာတ်တော်စေတီ ◆

◆ ဓာတ်တော်ချိုင့်



တောင်ထိပ်တွင် သိမ်တစ်ဆောင် အတွက် သိမ်သမုတ်ရန် စီစဉ်ကြကာ လိုအပ်သော ပစ္စည်းများ တောင်ပေါ် တင်ကြရာ နံနက်လင်းသည်နှင့် ထို ပစ္စည်းအားလုံး တောင်အောက်သို့ ပြန်ရောက်နေကြသည်။ နောက် တစ်နေ့တွင် ထပ်၍တင်စေကာ လူများ ကို ညဥ့်အိပ်အစောင့်ထားသည်။

နံနက်လင်းသော် သစ်ဝါးပစ္စည်း များသာမက လူများပါ တောင်အောက် ပြန်ရောက်နေကြသဖြင့် လူအချို့က ကြောက်လန့်၍ ရှောင်တိမ်းသွား၏။ ဆရာတော်ကြီးလည်း ရုတ်တရက် ပျံလွန်တော်မူကာ တောင်ပေါ်တွင် နတ်ဖြစ်နေကြောင်း အသံပေးပြော ကြားသည်။

ထိုအချိန်တွင် ရသေ့ကြီး ဦးခန္တီ သထုံသို့ ရောက်လာသဖြင့် သိမ် သမုတ်ရန်ကိစ္စ အပ်နှံကြသည်။ ရသေ့ ကြီးက ရဟန်းတို့အရာဖြစ်၍ ပရိယတ်၊ ပဋိပတ် ပြည့်စုံသော ညောင်လွန်း ဆရာတော်ကိုပင့်လျှင် အောင်မြင်လိမ့် မယ်ဟု အကြံပေးသည်။

သွား၍ ပင့်လျှောက်ကြသောအခါ ညောင်လွန်းဆရာတော်က အခြေအနေ ကို စမ်းသပ်ကြည့်ရှု ဆင်ခြင်တော်မူပြီး မှ လက်ခံကာ စွန်းလွန်းဆရာတော် အပါအဝင် သံဃာပေါင်း (၁၇)ပါးဖြင့် ကြွရောက်လာကြသည်။

ညောင်လွန်းဆရာတော်အား တောင် ထိပ် အင်္ဂါထောင့် ဒုတိယပစ္စယံ မြေ ကွက်လပ်တွင် တဲကျောင်းဖြင့် သီးသန့်တစ်ပါးတည်း သီတင်းသုံးစေ သည်။ ကျန်ဆရာတော်များကို တောင် ခြေတဲကျောင်းသို့ ပင့်ဆောင် နေရာ ပေးကြသည်။


ညောင်လွန်းဆရာတော်သည် နေ့ အခါတွင် လူများကို တရားဟော၍ ညအခါတွင် နတ်များ နာနာဘာဝများ ကို ဟောပြောရသည်။ (၁၀)ရက် (၁၀)ညပတ်လုံး နေ့ပရိသတ်၊ ည ပရိသတ်တို့ဖြင့် အားလပ်ခွင့် ရတော်





www.burmeseclassic.com


www.burmeseclassic.com




မူလအတုလမာန်အောင်စေတီ

မပူချေ။

၁၂၈၄ ခုနှစ်၊ တပေါင်းလပြည့်နေ့ ည (၁၀)နာရီတွင် နယ်သိမ်းစနစ်ဖြင့် သိမ်သမုတ်ကြသည်။ သို့သော် ဘုန်းကြီးတစ်ပါးက နှောင့်ယှက်သဖြင့် သိမ်မအောင်ခဲ့ချေ။ ထို့ကြောင့် တပေါင်းလဆုတ် (၇)ရက်နေ့နံနက်(၇)နာရီ



ပစ္စယံတော်ရွှန်းမှ မန္တာဘုံ



စန္ဒကူးနံ့သာကျောင်း အဝင်မုခ်



www.burmeseclassic.com

www.burmeseclassic.com

တွင် ထပ်၍ သမုတ်ရသည်။

သိမ် သမုတ်ပြီးသောအခါ ညောင်လွန့်ဆရာတော်သည် တပည့်နှစ်ပါး၊ ဒုလ္လဘရဟန်းများနှင့်အတူ နေမိန္ဒရတောင်ပေါ်တွင် သီတင်းသုံးနေရစ်တော်မူသည်။ ဝန်းကျင်မြို့ရွာအပေါင်းမှ ပင့်ဖိတ်ရာသို့ ကြွရောက်၍ အပူဇော်ခံ တရားချီးမြှင့်ပေးရသည်။ ၁၂၈၅ ခုနှစ်၊ နယုန်လကုန်မှ ညောင်လွန့်တောရသို့ ပြန်ကြွရောက်တော်မူလေသည်။

ထိုအချိန်မှစ၍ အလွန် နတ်ကြမ်းသော နေမိန္ဒရတောင်သည်လည်း သာသနာရောင်လွှမ်း၍ ကမ္မဋ္ဌာန်းဌာနကြီးအဖြစ် သထုံမြို့၏ ကျက်သရေကို တိုးမြင့်စေတော့သည်။ **(ဓမ္မာစရိယ ဦးဌေးလှိုင်၏ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ စာအုပ်၊ စာမျက်နှာ ၄၁၃၊ ၄၁၄၊ ၄၁၅။)**

ဖူးမြင်ရသမျှ

နေမိန္ဒရစေတီတော်မှာ ပစ္စယံသုံးဆင့်အထက် ကြေးဝန်းသုံးဆင့်တင်ကာ ထိုအထက်တွင်မှ ထုလုံးပုံမဏ္ဍိုင်ခံ၍ အထက်စေတီပေါက်ထားသည်။ ထူးခြားသော ပုံဟန်တော် ဖြစ်သည်။ ပစ္စယံတိုင်းတွင် အရံစေတီများ ပူဇော်ထားကာ စုစုပေါင်း (၃၆)ဆူ ရှိသည်။

ရင်ပြင်တော် တနင်္ဂနွေထောင့်တွင် **အောင်မြေ** ရှိသည်။ ပါတိမောက်ကျောက်စာများနှင့် ၁၂၈၃ ခုနှစ်တွင် ရသေ့ကြီး ဦးခန္တီ ရောက်ရှိခဲ့ကြောင်း ကျောက်စာရှိသည်။ ကျောက်စာမှာ ရာသီဥတုဒဏ်ကြောင့် အပြည့်အစုံဖတ်၍မရအောင် ပျက်ယွင်းနေ၏။

တနင်္ဂနွေထောင့်ရှိ အောင်မြေမှာ ၁၂၈၄ ခုနှစ်က နေမိန္ဒရတောင် သိမ်သမုတ်ပွဲသို့ ကြွရောက်တော်မူသော




သိဒ္ဓိအောင်ရုပ်ပွားတော်

စွန်းလွန်းဆရာတော်နှင့် ဆက်စပ်မည်ဟု ယူဆရသည်။ စွန်းလွန်းဆရာတော်တို့ နေမိန္ဒရသို့ ရောက်သော ညတွင်ပင် တစ်တောင်လုံးကို ဆီမီး ထွန်းညှိစေကာ ကြက်လျှာတိုင်များ လိုက်လံထိုးစိုက်၍ နတ်များအား ဘုရားလှူရန် ပေးစွန့်တော်မူသည်။ တနင်္ဂနွေထောင့်တွင် ပရိက်ပြုကာ မေတ္တာပို့တော်မူသည်။

အမျိုးမျိုးသော သရဲ၊ တစ္ဆေ၊ ပြိတ္တာ၊ နတ်၊ နတ်စိမ်းများ သူ့အုပ်စုနှင့်သူ လာရောက်ကန်တော့ကြရာ တရားဟောဆုံးမ၍ လွှတ်သည်။ နောက်ဆုံးရောက်လာသူမှာ မင်းမြောက်တန်ဆာနှင့် ယခင်က ဆရာဒကာ ဖြစ်ခဲ့ဖူးသူ မန္ဒဟာမင်းမှန်း သိတော်မူသဖြင့်...

'အသင်နတ်မင်း ဤတောင်၌ ထူပါရုံစေတီရှိတယ်။ ဓာတ်တော်များ ကိန်းဝပ်တော်မူသဖြင့် လူအများ ဖြတ်သန်းသွားလာ၍ အပြစ်ကြီးလေးတယ်။ ငါတို့ ...

www.burmeseclassic.com





◆ အရှင်သောဘဏကျောင်းတော်

◆ အရှင်သောဘဏထေရ်

သာသနာပြုမယ်။ သင်တို့ စောင့်ရှောက်ကြပါ။ သင့်အတွက် အိမ်တော်(နတ်ကွန်း)လဲ အသစ် ဆောက်ပေးကြလိမ့်မယ်'

စသည်ဖြင့် မေတ္တာရပ်ခံ၍ တရားအနည်းငယ် ဟောပြပေးသည်။

အထက်ပါ အကြောင်းအရာကို ရဟန္တာနှင့် ပုဂ္ဂိုလ်ထူး စာအုပ်စာမျက်နှာ (၄၁၃)၌ ဖော်ပြထားသည်။ ထို့ကြောင့် နေမိန္ဒရကုန်းတော်တွင် ဤစေတီမတိုင်မီက ထူပါရုံစေတီရှိခဲ့ကြောင်းနှင့် ဓာတ်တော်များ တည်ရှိကြောင်း သိရသည်။

ရွှန်းလွန်းဆရာတော်သည် တနင်္ဂနွေထောင့်မှနေ၍ ဆွဲချွတ် အောင်မြင်တော်မူသဖြင့် ဤအောင်မြေ ပြုလုပ်ထားသည်ဟု မှတ်သူမှတ်သယ် ရှိလေသည်။

## ရန်ပြေအေးစေတီ

ထို့နောက်တွင် အရှေ့ဘက်မုခ်မှ ထွက်ကာ စေတီတော်၏ ဝင်းအပြင်ဘက် အရှေ့တောင်ထောင့်သို့ သွားရောက်သည်။ ညောင်လွန့်ဆရာတော်ကြွရောက်စဉ်က ဤကွက်လပ်တွင် တဲကျောင်းဖြင့် သီတင်းသုံးကာ ဆယ်ရက် ဆယ်ညတိုင်အောင် ဝေနေယျတို့အား တရားဟော ချေချွတ်တော်မူခဲ့သည်။

ယခုသော် ကျောင်းအဆောင်များ ဝေဝေဆာဆာ တွေ့ရသည်။ မြေကွက်လပ်၏ မြောက်ဘက်စွန်းတွင် စေတီတစ်ဆူရှိ၍ **ရန်ပြေအေး၊ မာန်ပြေအေး** စေတီတော်ဟု ဘွဲ့မည် ရေးသားထားသည်။ ၁၁၀၈ ခုနှစ်တွင် တည်ဆောက်သော မူလစေတီ ပျက်ယွင်းသဖြင့် ၁၉၉၀ ပြည့်လွန်ကာလတွင် အသစ်မွမ်းမံကြောင်း သိရှိရသည်။

အလွန်နတ်ကြမ်းသည်ဟု နာမည်ကျော်သော နေမိန္ဒရတောင်ပေါ်တွင် ဝေနေယျများအား ညောင်လွန့် ဆရာတော်ကြီးက တရားပြ ချေချွတ်ကာ သာသနာထွန်းလင်းသော ဌာနကြီးအဖြစ် ပြောင်းလဲ အောင်မြင်စေခဲ့မှု



www.burmeseclassic.com


www.burmeseclassic.com



အရှင်ဥပဂုတ္တထေရ်



အရှင်သိတ္တာသဝထေရ်



အရှင်အရဟံထေရ်

သဖြင့် ဤရန်ပြေအေးစေတီ တည်ထားခဲ့ကြောင်း မှတ်သားရသည်။


စေတီ၏ မြောက်ဘက်တွင် နတ်မင်းလေးပါးရုပ်တု၊ အနောက်မြောက်နှင့် အနောက်တောင်ထောင့်တို့၌ မြတ်စွာဘုရား မတ်ရပ်တော်တစ်ဆူစီ ပူဇော်ထားရှိသည်ကို တွေ့ရသည်။

ရန်ဘက် အငြိုးအတေးများ ပြေပျောက်၍ ချစ်ခင်ညီညွတ် ပြေလည်မှု ရရှိစေရန် နိမိတ်ကောင်းယူ ပူဇော်ကာသိုလ်ပြုလေ့ရှိသော စေတီတော်ဖြစ်ကြောင်း သိရလေသည်။

ထိုမှ ခရီးဆက်ရန် စေတီတော်အား နှုတ်ဆက်ကန်တော့ရာ ရင်ပြင်တော်မြောက်ဘက် လှေကားအနီး၌ **"ညောင်လွန့်ဆရာတော် စံကျောင်း"** နှင့် **"စွန်းလွန်းဆရာတော် စံကျောင်း"** ဟူ၍ အုတ်တိုက်ငယ်နှစ်ခုကို တွေ့ရသည်။ ကျေးဇူးတော်ကို ရည်မှန်း၍ အထိမ်းအမှတ်ပြု တည်ဆောက်ထားခြင်း ဖြစ်ပေမည်။

စေတီတော်၏ မြောက်ဘက်စောင်းတန်း အခြေတွင်ကား သုဝဏ္ဏဘူမိ

ရှင်သောဏနှင့် ရှင်ဥတ္တရ



ဓာတ်နန်းဟူသော မုခ်ဦးကမ္ပည်းနှင့် အတူ မနူဟာမင်းမောင်နှံ ရုပ်တုများ ထားရှိလေသည်။

လွန်ခဲ့သော နှစ်(၉၀)ခန့်က လူသူ မသွားမလာဝံ့သော နေမိန္ဒရကုန်းတော် ဝန်းကျင်၌ ယခုအခါ စာသင်တိုက်များ၊ တရားရိပ်သာများ၊ သီလရှင်ကျောင်းများ စသည်ဖြင့် အစီအရီ ဝေဆာစွာ မြင်တွေ့ရပြီဖြစ်ရာလက်မှန်မဆွ ဝါမယ စိုက်ထုတ်တော်မူခဲ့သော ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့၏ ကျေးဇူးဂုဏ်ကို ဂါရဝပြုကာ သာဓုအနုမောဒနာ ခေါ်ဆိုပေသည်။

ရွှေလ ဆက်ဖတ်ပါရန်

ထက်မင်းကျော်စွာ



www.burmeseclassic.com

www.burmeseclassic.com

* * *


သဗ္ဗေ ဗုဒ္ဓါ ဣန္ဒြိ ပတ္တာ

| | | | | | |
|---|---|---|---|---|---|
| | နာ | သာ | ဝ | သာ | |
| ဏီ | သံ | ပ | ည | န | ရာ |
| သ | ပ | နံ | မိ | ဂ္ဂိ | တြ |
| ယ | ပါ | ဗ္ဗ | တိ | နာ | ည |
| တ | တြ | နွီ | သ | ဗော | သော |
| | နိ | ဗ္ဗ | ည | တြိ | |

# စည်းချ ဂါထာတော်နှင့်

## နည္တြ အင်းတော်

မောင်မြင့်ဇွေး
(နတ်မောက်ဘူတာ)



ရှေး ဝိဇ္ဇာယာန လောကီဆရာတို့၏ အဆိုအရ ဤ ဂါထာတော်၊ အင်းတော်ကြီးသည် အဝရုဒ္ဓ နတ်ဆိုး၊ ဘီလူးဆိုး၊ အစိမ်းသရဲ၊ စုန်းပယောဂများ အလွန်ကြောက်တတ်သော အဆောင် အစီအမံကြီး ဖြစ်သည်။ တောကြမ်းရာ၊ မသန့်ရှင်းရာ စသည်တို့တွင် ဆောင်သွား အနှောင့်အယှက် မပေးနိုင်။ ပယောဂမှန်လျှင် ရေစိမ်၍ တိုက်၊ ဂါထာကိုလည်း အမြဲ ရွတ်ဖတ်ပါက အန္တရာယ်မျိုးစုံ ကင်း၏။

ဝင်းခြံ အကာအရံအဖြစ် စည်းချလိုပါက ယင်းဂါထာဖြင့် အရပ် ရှစ်မျက်နှာတို့၌ အောက်ပါတိုင်း သုံးထပ်စီကျ ရွတ်ဆိုရမည်။

---

နည္တြစည်းချ ဂါထာတော်

---

ပါဠိ

၁။ သဗ္ဗေ ဗုဒ္ဓါ ဣန္ဒြိပတ္တာ၊
ပစ္စေကာနဉ္စ ယာ ဣန္ဒြိ၊
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

၂။ နာညတြ ဗောဇ္ဈတပသာ၊
နာညတြိန္ဒြိယ သံဝရာ၊
နာညတြ သဗ္ဗ နိဿဂ္ဂါ၊
သောတ္ထိံ ပဿာမိ ပါဏိနံ။

အသံထွက်

သတ်ဗေ ဗုတ်ဒါ အိတ်မိပတ်တာ၊
ပစ်စေကာနင်စ ယာ အိတ်မိ၊
အရဟန်တာနင်စ တေဇေန၊
ရက်ခံ ဗန်ဓာမိ သပ်ဗသော။

နင်ညတ်တရ ဗွတ်ဇတပသာ၊
နင်ညတ်တရိန်ဒရိယ သံဝရာ၊
နင်ညတ်တရ သပ်ဗနိတ်သက်ဂါ၊
သွတ်ထိန် ပတ်သာမိ ပါဏိနံ။

အနက်

၁။ **သဗ္ဗေ၊** အလုံးစုံကုန်သော။ **ဗုဒ္ဓါ၊** ဘုရားရှင်တို့သည်။ **ဣန္ဒြိပတ္တာ၊** သိဒ္ဓိတန်ခိုး အမျိုးမျိုးသို့ ရောက်တော်မူကြကုန်၏။ **ယာ ဣန္ဒြိ၊** အကြင် သိဒ္ဓိတန်ခိုး အမျိုးမျိုးသည်။ **ပစ္စေကာနဉ္စ၊** ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့အား လည်းကောင်း။ **အရဟန္တာနဉ္စ၊** ရဟန္တာ အရှင်မြတ်တို့အား လည်းကောင်း။ **အတ္ထိ ၊** ထင်ရှားမသေ့ ရှိပါပေ၏။ (**တေသံ၊** ထိုဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာတို့၏။) **တေဇေန၊** တန်ခိုးရှိန်စော်အာနုဘော်ကြောင့်။ **သဗ္ဗသော၊** ထက်ဝန်းကျင်ဒိသာ အရပ်ဆယ်မျက်နှာမှ။ **ရက္ခံ၊** အစောင့်အရှောက်ကို။ **ဗန္ဓာမိ၊** ဗုဒ္ဓ ဓမ္မ သံဃဂုဏ်ရည် ထုံဝသီဖြင့် ယုံကြည်လေးစား ဖွဲ့ထားပါ၏။

၂။ **ဗောဇ္ဈတပသာ၊** ဗောဇ္ဈင် ခုနစ်ပါး အကျင့်တရားကို။ **အညတြ၊** ကြဉ်ထား၍။ **ပါဏိနံ၊** သတ္တဝါတို့၏။ **သောတ္ထိံ၊** ချမ်းသာခြင်းကို။ **နပဿာမိ၊** ငါဘုရား မြင်တော်မမူ။ **ဣ န္ဒြိယသံဝရာ၊** ဣ န္ဒြိယသံဝရ ခြောက်ပါး မြတ်တရားကို။ **အညတြ၊** ကြဉ်ထား၍။ **ပါဏိနံ၊** သတ္တဝါတို့၏။ **သောတ္ထိံ၊** ချမ်းသာခြင်းကို။ **နပဿာမိ၊** ငါဘုရား မြင်တော်မမူ။ **သဗ္ဗ နိဿဂ္ဂါ၊** အလုံးစုံ တပ်နှစ်သက်ခြင်း ကင်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာကို။ **အညတြ၊** ကြဉ်ထား၍။ **ပါဏိနံ၊** သတ္တဝါတို့၏။ **သောတ္ထိံ၊** ချမ်းသာ



www.burmeseclassic.com

www.burmeseclassic.com


ခြင်းကို။ **နပဿာမိ၊** ငါဘုရား မြင်တော်မမူ။

အင်း စီရင်ပုံ

* * *




(လက်ယာရစ် မြင်းသွားချ)



(ပုံစံ-၁)

နာညတြ ဇောရွတပသာ


(လက်ယာရစ် မြင်းသွား,သွား၍ချ)



(ပုံစံ-၂)

နာညတြိရွှိယသံဝရာ၊ နာညတြ

("သ"ပုံစံ မြင်းသွား,သွား၍ ချ)




(ပုံစံ-၃)


သဗ္ဗ နိသဂ္ဂါ

အင်းကွက်တွင် ပုံစံ သုံးမျိုးပါ အစီအစဉ်အတိုင်း အင်းဆန်ဂါထာကို ပူးပေါင်း၍ ထည့်သွင်းပါက အောက်ပါ အတိုင်း (ပုံစံ-၄)ကို ရရှိမည်။ ဤ အဆင့်တွင် အထူး မှတ်စရာ မလိုတော့ပေ။ ယင်းတွင် "**သောတ္တိ ပဿာမိ ပါဏိနံ**" ဂါထာအတိုင်း ဆက်လက်၍ လက်ယာရစ် မြင်းသွား သွတ်သွင်းသွားပါက (ပုံစံ-၅) အင်းတော်ကို ရရှိတော့သည်။

* * *



(ပုံစံ-၄)



(ပုံစံ-၅)

သောတ္တိံ ပဿာမိ ပါဏိနံ

ဤသို့ စီရင်ပြီးပါက "**သဗ္ဗေဗုဒ္ဓါ ဏုဒ္ဒိပတ္တာ၊ ပစ္စေကာနဥ္စ ယာ ဏုဒ္ဒိ၊ အရဟန္တာနဥ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော**" ဝန်းရံပြီး စည်းချ ဂါထာတော်ကို ကိုယ်တတ်နိုင်သလောက် စုတ်၍ ဆောင်၊ ပယောဂအမှောင့် ကင်းတော့၏။

မှတ်ချက်

အချို့သော လောကီပညာရှင်များက ဂါထာရှေ့တွင် ==ဦ++ထည့်၍ ရွတ်ဆို ကြသည်။

* * *

| | | | | | |
|---|---|---|---|---|---|
| | ၁ | ၈ | ၁၅ | ၂၈ | |
| ၃၁ | ၁၄ | ၂၇ | ၂ | ၉ | ၁၆ |
| ၂၀ | ၇ | ၃၂ | ၂၉ | ၂၄ | ၃ |
| ၁၃ | ၃၀ | ၂၁ | ၂၆ | ၁၇ | ၁၀ |
| ၆ | ၁၉ | ၁၂ | ၂၃ | ၄ | ၂၅ |
| | ၂၂ | ၅ | ၁၈ | ၁၁ | |

အင်းသွားပုံစံ ဂဏန်းထည့်ပြထားပုံ

***နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။***

**မောင်မြင့်ဌေး**

***(နတ်မောက်ဘူတာ)***



www.burmeseclassic.com

www.burmeseclassic.com

စစ်ကိုင်းတောင် မန္တလာကျွားကူးချောင် ဆရာတော်

# ဦးကောဝိဒ

နှင့် ခန္ဓာဉာဏ်ရောက် ကျင့်စဉ်တရား (၃)

သံသရာခရီးသည်တစ်ဦး



▲ ကျွားကူးချောင် ဆရာတော် ဦးကောဝိဒ

ယခင်လမှအဆက်

သမာဓိရင့်လေ တွေ့လေပဲ။ တစ်ခါ တစ်ခါ နတ်ဝိဇ္ဇာ, ရက္ခစိုး, ဇော်ဂျီ, တပသီ, ဖုတ်, ပြိတ္တာ, တစ္ဆေ စတာတို့နဲ့ တွေ့တတ်တယ်။ စကားပြောရတတ်တယ်။ ဒါပေမယ့် တွေ့တဲ့အခါ မိမိစိတ်ထဲမှာ မထူးဆန်းဘူး။ လူလူချင်း တွေ့ရသလိုပဲ ရှိတတ်တယ်။ သူတို့ကလဲ တချို့က ကြောက်လန့်အောင် လုပ်တတ်တယ်။ တချို့က အားပေးသွားကြတယ်။

တချို့ကတော့ မိမိအလိုရှိရင် လာတယ်၊ မေးရင် ပြန်ဖြေတယ်၊ ဒီအခါမှာ သမထအားထုတ်တဲ့ ယောဂီဟာ မိမိအလုပ်ကို မိမိ ကောင်းစွာ ဆက်မလုပ်တော့ဘဲ ဒါတွေနဲ့ ပျော်မွေ့နေတတ်တယ်။ မိမိကိုယ်ကို အထင်ကြီးပြီး နတ်ယောင်ယောင်၊ ဝိဇ္ဇာယောင်ယောင် ပြောပုံဆိုပုံတွေကလဲ ရူးသလိုလိုတောင် ဖြစ်လာတတ်တယ်။

ဒီလိုနဲ့ မူလရည်ရွယ်ရင်း ကမ္မဋ္ဌာန်းအလုပ်ပျက်ပြီး တောင်မရောက်၊ မြောက်မရောက် ဖြစ်သွားတတ်တယ်။ သမထကမ္မဋ္ဌာန်းမှာ ဝိပဿနာအတွက် မြင်လွယ်လောက်တဲ့ သမာဓိရှိရင် အာရုံကိုပယ်ပြီး ဝိပဿနာကို ရှုသွားတာ ကောင်းတယ်။

ဒီနေရာမှာ စောဒကတက်စရာ ရှိမယ်။ ဒီလိုသာဖြစ်ရင် ဈာန်အဘိညာဉ်ရအောင် အားထုတ်တဲ့သူများ ဒီလိုပဲ နေရတော့မှာလား၊ ဈာန်အဘိညာဉ်မရ,ရတော့ဘူးလား မေးစရာရှိတယ်။ ဒီတော့ ပြောရမယ်ဆိုရင် ဈာန်အဘိညာဉ်ရအောင် အားထုတ်တဲ့ပုဂ္ဂိုလ်တွေက ဒီလို ရက္ခစိုး အစရှိတဲ့ နတ်တွေနဲ့ တွေ့ရမြင်ရ၊ ပြောဆိုနေရတာနဲ့ အာရုံမပြေ မနှစ်သက်၊ မိမိတရားကိုသာ ဆက်ပြီး အားထုတ်သွားကြတာမို့ ဈာန်အဘိညာဉ်ရတဲ့အထိ ပေါက်ရောက်သွားကြတာ ဖြစ်တယ်။

အခုပြောခဲ့တဲ့ နိမိတ်တွေဆိုတာ ကမ္မဋ္ဌာန်းလေးဆယ်ထဲက ကသိုဏ်း၊ အသုဘ၊ အနုဿတိ စတဲ့ ကမ္မဋ္ဌာန်းတွေမှာလဲ ပေါ်တတ်၊ မြင်ရတတ်ပါတယ်။ ဝိပဿနာကို ပြလိုတဲ့အတွက် အယောင်ယောင်အမှားမှား မဖြစ်အောင် ဒီလောက်ဆို တော်ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

အာနာပါန မကြိုက်ရင်လဲ ကြိုက်ရာ သမထကို သမာဓိရအောင် လုပ်ပါ။ ဘယ်သမထမဆို သမာဓိရအောင် လုပ်နိုင်ရင် ပြီးပါတယ်။

ကဲ…အခု ဝိပဿနာဘက် ကူးတော့မယ်။ **"သတိသမ္ဗောဇ္ဈင် အမြဲယှဉ် မဂ်မှန်ဖိုလ်ပေါက် နိဗ္ဗာန်ရောက်"** တဲ့။ အာရုံ (၆) ပါးငြိမ်းမှ နိဗ္ဗာန်ရောက်မယ်။ (၃၁)ဘုံမှာ အာရုံမရှိတော့မှ၊ ငြိမ်းအေးမှ နိဗ္ဗာန်ကို သိမြင်မယ်။ ဒီလို အထူးသိမြင်အောင် ဝိပဿနာ တရားအကြောင်း ပြောတဲ့အခါ အရေးကြီးတယ်။ ဒါကြောင့် ဦးပဥ္စင်း တရားပြတဲ့အခါ သာဝကတွေ ရေးမှတ်ထားတာ ရှိတယ်။ ဒါကို ကူးသွားပါ။

---

## ဝိပဿနာ တရားအကြောင်း

---

ဝိပဿနာတရားဆိုတာ သင်္ခါရတရားတွေကို အနိစ္စအစရှိတဲ့ အထူးထူး၊ အပြားပြားသော အခြင်းအရာအားဖြင့် ရှုတတ်၊ ကြည့်တတ်သောကြောင့် နိဗ္ဗာန်မျက်မှောက်ပြုနိုင်ကြောင်း တရား ဖြစ်တယ်။ ဝိပဿနာတရားကို ပေါက်မြောက်အောင် အားမထုတ်ဖူးသေးလို့ နိဗ္ဗာန်မဂ်ဖိုလ် မရသေးဘဲ သံသရာမှာ တဝဲလည်လည် နေရတယ်။

ပေါက်မြောက်အောင်ဆိုတာ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်အောင်လို့ ဆိုလိုတယ်။ ဒီလို အရိယသစ္စာကို ပေါက်မြောက်အောင် မရှုဖူးသေးလို့ သာမန်လူမဆိုထားနဲ့ မြတ်စွာဘုရားတောင် ဟိုတုန်းက သံသရာမှာ ပြေးလွှား၍ နေရသေးတယ်လို့ ဟောတော်မူတယ်။

'စတုန္နံ ဘိက္ခဝေ အရိယသစ္စာနံ ယထာဘူတံ အဒဿနာ အနနုဗောဓာ အပ္ပဋိဝေဓာ ဧဝမိဒံ ဒီဃမဒ္ဓါနံ သန္ဓာဝိတံ သံသရိတံ မမဉ္စေဝ တုမှာကဉ္စ'

**ဘိက္ခဝေ၊** ချစ်သားတို့။ **စတုန္နံ၊** လေးပါးကုန်သော။ **အရိယသစ္စာနံ၊** အရိယသစ္စာ(လေးပါး) တရားတို့ကို။ **ယထာဘူတံ ယထာ သဘာဝံ၊** သဘောမှန်တိုင်း။ **ပညာစက္ခုနာ၊** ဝိပဿနာ ပညာမျက်စိဖြင့်။ **အဒဿနာ၊** မမြင်ခြင်းကြောင့်။ **အနနုဗောဓာ၊** မသိခြင်းကြောင့်။ **အပ္ပဋိဝေဓာ၊** ထိုးထွင်း မသိခြင်းကြောင့်။ **ဧဝံ၊** ဤသို့။ **ဒီဃံ၊** ရှည်လျားစွာ။ **ဒ္ဓါနံ အဒ္ဓါနံ၊** **ဒ္ဓံ ကာလံ၊** ဤသို့ ကာလပတ်လုံး။ **မမဉ္စေဝ၊** ငါဘုရားသည် လည်းကောင်း။ **တုမှာကဉ္စ၊** သင်ချစ်သားတို့သည် လည်းကောင်း။ **သန္ဓာဝိတံ၊** ပဋိသန္ဓေ နေအံ့သောငှာ ပြေးလွှား၍ နေရခြင်းသည်။ **ဟောတိ၊** ဖြစ်၏။ **သံသရိတံ၊** ထိုထိုဘဝမှ ထိုထိုဘဝသို့ အတန်တန် ကျင်လည် ပြေးသွားရခြင်းသည်။ **ဟောတိ၊** ဖြစ်၏။

ဒီလို အရိယာသစ္စာလေးပါးကို မသိသေးလို့သာ သံသရာမှာ ပဋိသန္ဓေနေခြင်း စသည်တို့နဲ့ လှည့်လည်မျောပါ၍ နေရသေးတယ် ဆိုသည်ကြောင့် သံသရာဝဲသြဃမှ လွတ်မြောက်အောင် သစ္စာလေးပါးကို ထိုးထွင်းသိအောင် လုပ်ပါမှ သံသရာဝဋ်ဒုက္ခက လွတ်မှာ ဖြစ်တယ်။

သစ္စာလေးပါးဆိုတာ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ ဆိုပြီး လေးပါးရှိတယ်။ ဒီလေးပါးသော သစ္စာတို့ကို သိအောင် ဘယ်လိုလုပ်မလဲ၊ ဘယ်လိုရှာမလဲဆိုရင် မိမိကိုယ်မှာ ရှာရမယ်တဲ့။

'အပိစာဟံ၊ အာဝုသော ဗျာမမတ္တေ ကဠေဝရေ သသညိမှိ သမနကေ လောကဉ္စ ပညပေမိ လောက သမုဒယဉ္စ လောကနိရောဓဉ္စ လောကနိရောဂါမိနိဉ္စ ပဋိပဒန္တိ'

**သဂါထာ ဝဂ္ဂသံယုတ် ပါဠိတော်**မှာ ဟောထားတယ်။

**အာဝုသော၊** ရောဟိတဿ နတ်သား။ **အပိစ၊** စင်စစ်ကား။ **အဟံ၊** ငါဘုရားသည်။ **သသညိမှိ၊** သညာရှိသော။ **သမနကေ၊** စိတ်ရှိသော။ **ဗျာမမတ္တေ၊** တစ်လံမျှသော။ **ဗျာမသ္မိ ဧဝ ကဠေဝရေ၊** ဤကိုယ်၌လျှင်။ **လောကဉ္စ၊** ဒုက္ခသစ္စာဟူသော သံသရာလောကကို လည်းကောင်း။ **ပညပေမိ၊** သိစေတော်မူ၏။

**လောကသမုဒယဉ္စ၊** ဒုက္ခသစ္စာ၏ အကြောင်းဖြစ်သော သမုဒယသစ္စာကို လည်းကောင်း။ **လောကနိရောဓဉ္စ၊** ဒုက္ခသစ္စာ၏ ချုပ်ရာဖြစ်သော နိရောဓသစ္စာကို လည်းကောင်း။ **လောကနိရောဂါမိနိ ပဋိပဒဉ္စ၊** ဒုက္ခသစ္စာ၏ ကုန်ရာ နိဗ္ဗာန်သို့ရောက်ခြင်း၏ အကြောင်းဖြစ်သော မဂ္ဂသစ္စာကို လည်းကောင်း။ **ပညပေမိ၊** သိစေတော်မူ၏။

ဒီလို ရောဟိတဿနတ်သားကို ဒုက္ခသစ္စာဆိုတဲ့ သံသရာလောကကြီးဟာ ဤကိုယ်တွင်းမှာ ရှိတယ်တဲ့။ သမုဒယမဂ္ဂသစ္စာ ဆိုတာလဲ ဤ သံသရာလောကဆိုတဲ့ ကိုယ်ကောင်ကြီးထဲမှာပဲ ရှိတာပဲတဲ့။ နိရောဓသစ္စာကိုလဲ ကိုယ်ကောင်ကြီးထဲမှာ ရှာရင်တွေ့မယ်တဲ့။ ဒါကြောင့်မို့ ကိုယ်ကောင်ကြီးထဲမှာသာ ရှာရမယ်။ တခြားမှာ မရှာရဘူးလို့ ဘုရားရှင် ဟောတော်မူတယ်။

ဤကိုယ်ကောင်ကြီးထဲမှာ ဘယ်လိုဟာကို တွေ့မှာလဲဆိုတော့ သေသေချာချာ စေ့စေ့စပ်စပ်ရှာရင် ခန္ဓာ၊ အာယတန၊ ဓာတ်တို့ကို တွေ့မယ်။ ဘယ်လို တွေ့မလဲဆိုရင် ခန္ဓာ(၅)ပါး၊ ဓာတ် (၁၈)ပါး၊ အာယတန (၁၂)ပါး





www.burmeseclassic.com

www.burmeseclassic.com



◆ ရွှေဒေတ် ဥမင်ဂူအချို့

တို့ရဲ့ အစဉ်မပြတ် ဖြစ်ချုပ်နေတာကို တွေ့မယ်။ ဒါကြောင့်မို့လို့…

ခန္ဓာနဉ္စ ပဉ္စိပါဋ္ဌိ၊
ဓာတုအာယတနာနဉ္စ။
အဗ္ဗောစ္ဆိန္နံ ဝတ္တမာနာ၊
သံသာရောတိ ပဝုစ္စတိ။
လို့ ဟောတော်မူတယ်။

**ခန္ဓာနဉ္စ၊** ခန္ဓာငါးပါးတို့၏ လည်းကောင်း။ **ဓာတုအာယတနာနဉ္စ၊** ဓာတ်(၁၈)ပါး, အာယတန (၁၂)ပါး တို့၏ လည်းကောင်း။ **အဗ္ဗောစ္ဆိန္နံ၊** မပြတ်။ **ပဋိပါဋိ၊** အစဉ်အဆက်။ **ဝတ္တမာနာ၊** ဖြစ်ခြင်းကို။ **သံသာရောတိ၊** သံသရာဟူ၍။ **ပဝုစ္စတိ၊** ဆိုအပ်၏။

ဤ ခန္ဓာငါးပါး၊ ဓာတ် (၁၈)ပါး၊ အာယတန (၁၂)ပါးတို့ရဲ့ အစဉ်မပြတ် ဖြစ်ချုပ် ဖြစ်ချုပ် နေတာကိုလဲ တွေ့ရမှာပဲတဲ့။ ဒါကို သံသရာခေါ်တယ်။ အစဉ်အမြဲ ဖြစ်ချုပ်နေတဲ့ သံသရာဟာ ပါရမီကလဲ အလွန်ထူး၊ မိမိကလဲ လိုလိုချင်ချင်နဲ့၊ အားထုတ်ပြသတဲ့ ဆရာကလဲ ကျကျနနပြမှ သိရတွေ့ရတဲ့ ပရမတ်သံသရာ ဖြစ်တယ်။

(၃၁)ဘုံဆိုတဲ့ သံသရာက ပညတ်သံသရာတွေ။ ပရမတ်သံသရာကို မတွေ့ရတဲ့အတွက် သစ္စာလေးပါးကို မတွေ့ရတာ။ သစ္စာလေးပါးကို မတွေ့ရလို့ ပညတ်သံသရာ (၃၁)ဘုံမှာ လည်နေတာ။

ပရမတ် သံသရာဆိုတာလဲ ခန္ဓာ အာယတန ဓာတ်သစ္စာပဲ။ ခန္ဓာ အာယတနဓာတ်သစ္စာ ဆိုတာလဲ အစဉ်အမြဲ ဖြစ်ချုပ်ဖြစ်ချုပ် ဖြစ်နေတာပဲ။ သဘောလက္ခဏာတွေ များနေလို့သာ အမည်တွေ များနေတာ။ တရားကိုယ်ကတော့ ဇေကာဓမ္မော ဆိုတဲ့အတိုင်း တစ်ပါးတည်းပဲ။

အနိစ္စ,ဒုက္ခ,အနတ္တဆိုတဲ့ လက္ခဏာရေး (၃)ပါးတို့ကို ရှုမြင်လိုသူဟာ သူတို့ တည်ရာမှီရာဖြစ်တဲ့ ရုပ်ဓာတ် နာမ်ဓာတ်တို့ကို တစ်ကိုယ်ကောင်လုံး အုန်းအုန်းကျွက်ကျွက် အကုန်ထအောင် ဆွရတယ်။ အုန်းအုန်းဆူကြွ အကုန်ထမှ မြင်ရတယ်။ ဤ ခန္ဓာကိုယ်ကို ရုပ်တစ်စု၊ နာမ်တစ်စုပြုပြီး ဆွရတယ်။ ဒါကို နှစ်ပုံခွဲ၍ဆွနည်း ခေါ်တယ်။

ခန္ဓာကို လက္ခဏာရေးနဲ့ ကြိတ်နယ်လိုသောသူမှာ အဘိဓမ္မာနည်းမလို ပညာပါရမီပွားဖို့၊ ပဋ္ဌိသမ္ဘိဒါဉာဏ် ပွားများဖို့သာ လိုတယ်။ အဘိဓမ္မာနည်းနဲ့ တရားကို အစိတ်အလီ များပြားလွန်းရင် ခွဲမှု,ခြမ်းမှု ဝန်ကြီးပြီး ခရီးမတွင် ဖြစ်တတ်တယ်။

အစိတ်များရင် မမြင်နိုင်၊ မထင်နိုင်တဲ့ တရားစု အများပါရှိတယ်။ မမြင်တဲ့ တရားကို လက္ခဏာရေးတင်ပြီး ဘာဝနာအစစ် မဖြစ်နိုင်။ တရားကို တရားချက်ကို အတတ်မြင်၍ ထင်မှသာ ဘာဝနာအစစ် ဖြစ်တယ်။

မြတ်စွာဘုရားဟာ အဘိဓမ္မာနည်းကို တာဝတိံသာမှသာတစ်ခါ၊ စန္ဒကူးတောမှာ ရှင်သာရိပုတ္တရာကို တစ်ခါသာ ဟောကြားတယ်။ ဒီပြင် ဘယ်သတ္တဝါကိုမှ အဘိဓမ္မာနည်းနဲ့ ဟောပြီးချွတ်တာ မရှိဘူး။

တာဝတိံသာမှာ အဘိဓမ္မာ ဟောစဉ် အခါမှာလဲ နတ်, ဗြဟ္မာတို့ကို သုတ္တန်နည်းနဲ့ ညှပ်၍ ညှပ်၍ ချွတ်ရတယ်။ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းလိုသောသူဟာ ကျယ်ဝန်းနက်နဲလှလို့ ရှာန်မရဘူး။ စတုဓာတုပဝတ္ထာန်ကမ္မဋ္ဌာန်းကို စီးဖြန်းလိုသောသူဟာ သိမ်မွေ့နက်နဲလှလို့ ရှာန်မရဘူး။ ဒါကို သိချင်ရင် လက္ခဏာဒီပနီကျမ်း စာမျက်နှာ (၁၀၁)မှာ ကြည့်နိုင်တယ်။

## နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့

ဤခန္ဓာကိုယ်ကောင်ကြီးမှာ ရှာလို့ အာယတန ခန္ဓာဓာတ်နဲ့ ဖြစ်ပျက်ကို တွေ့ပါပြီတဲ့။ တွေ့တော့ ဘာဖြစ်ဦးမှာလဲ မေးရင် ခန္ဓာအာယတနဓာတ်တို့ကိုတွေ့မှ များများကြီး၊ ကျကျနနကြီးတွေ့မှ သစ္စာလေးပါးကို မြင်တယ်။ သစ္စာလေးပါးကိုမြင်မှ အရဟတ္တဖိုလ်



www.burmeseclassic.com

www.burmeseclassic.com

နိဗ္ဗာန်ကို မျက်မှောက်ပြုရတယ်လို့ ဘုရားရှင် ဟောကြားတယ်။

ဇာနတော ဟံဘိက္ခဝေ ပဿတော၊
အာသဝါနံ ခယံ ဝဒါမိ၊
နော အဇာနတော နော အပဿတော။

*(မူလ ပဏ္ဏာသပါဠိတော်)*

**ဘိက္ခဝေ၊** ချစ်သားတို့။ **ဇာနတော ဇာနန္တဿေဝ၊** ခန္ဓာအာယတန ဓာတ်တို့၏ ဖြစ်ခြင်း ပျက်ခြင်းကို သိသောသူအားသာလျှင်။ **ပဿတော ပဿန္တဿေဝ၊** ဖြစ်ခြင်း ပျက်ခြင်းကို မြင်သောသူအားသာလျှင်။ **အာသဝါနံ၊** အာသဝေါတရားတို့၏။ **ခယံ၊** ကုန်ခြင်းကို။ **အဟံ၊** ငါဘုရားသည်။ **ဝဒါမိ၊** အောင်တော်မူ၏။ **အဇာနတော၊** မသိသောသူအား။ **အဟံ၊** ငါဘုရားသည်။ **နောဝဒါမိ၊** အာသဝေါ တရားတို့၏ ကုန်ခြင်းကို မဟော။ **အပဿတော၊** မမြင်သူအား။ **နောဝဒါမိ၊** မဟော။

ဒီလို မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုရဖို့ သစ္စာလေးပါးကို တွေ့အောင် ရှာရမယ်။ သစ္စာလေးပါးကို ရှာတဲ့အခါ ဒုက္ခသစ္စာခေါ်တဲ့ ခန္ဓာငါးပါးတို့ရဲ့ ဖြစ်ချုပ်ကြိမ်ဖန် အတန်တန်ကို တွေ့မယ်။ ဘယ်မှာ တွေ့မလဲဆိုရင် ဤကိုယ် ကောင်ကြီးထဲမှာ တွေ့မယ်။

ဤကိုယ်ကောင်ကြီးက ပဋိသန္ဓေ နေကတည်းက ဖြစ်လာတာ။ အခု ထက်ထိ ရှိနေတုန်းပဲ။ တစ်သက်လုံး ကြည့်လာတာပဲ။ ဘယ်တော့ကမှ ဖြစ် ပျက်ကို မတွေ့ရပါကလားလို့ဆိုရင် မရှာတတ်လို့ မတွေ့တာ။ ရှာတတ်ရင် တွေ့ရမယ်။

ရှာတတ်အောင် ဘယ်လိုလုပ်ရ မလဲ။ ဆရာ မပြရင် ငါးပိဖုတ်တောင် နည်းမကျဘူး။ ပြတတ်တဲ့ ဆရာကို ရှာပြီး ဆည်းကပ်ကိုးကွယ်ရမယ်။ ပိဋကတ်သုံးပုံ ရှိနေတာပဲ။ ဆရာရှာရ ဦးမှာလားဆိုရင် ရှိတာတော့ မှန်တယ်။ ဒါပေမယ့် ပိဋကတ်အတိုင်း တိတိကျ ကျ ယူတတ်သူက ယခုအခါ အလွန် ရှားတယ်။ ပို၍ဖြစ်စေ၊ လို၍ဖြစ်စေ ယူဆတွေးတောနေတတ်သူ ပညာရှိ သူတို့ ပိုများနေလို့ ပိဋကတ်သုံးပုံရှိ လျက် ပြတတ်တဲ့ ရဟန်းဆရာ၊ လူ ဆရာ ရှာရမယ်လို့ သံယုတ်ပါဠိတော် မှာ...

'ယထာဘူတံ ဉာဏာယ သတ္ထာ ပရိယေ သိ တဗ္ဗော'

လို့ ဟောတော်မူတယ်။

**ယထာဘူတံ၊** ခန္ဓာငါးပါး, ရုပ်နာမ် နှစ်ပါးတို့၏ ဖြစ်ချုပ်ကြိမ်ဖန် အတန် တန်ကို မဖောက်မပြန် ဟုတ်ကိုင်းမှန် စွာ။ **ဉာဏာယ၊** သိခြင်းငှာ။ **သတ္ထာ၊** ပြတတ်သော ဆရာကို။ **ပရိယေသိ တဗ္ဗော၊** ရှာမှီးအပ်၏။

ဒါ ဘုရားဟောတာ။

ဆရာ အရေးကြီးပါတယ်။ တရား ရှာချင်,လိုချင်သူက ဆရာ ရှာပေမယ့် လဲ ဆရာလုပ်၍ ပြမယ့်သူက စာတတ် ရုံနဲ့ တရားပြလို့ ပုဂ္ဂိုလ်တိုင်း ဖြစ်တာ မဟုတ်ဘူး။ ဆရာဖြစ်သူက မိမိကိုယ် တိုင် အားထုတ်ကျင့်ကြံပြီး အစစ ကျနသေချာ တတ်မြောက်နားလည် ပြီးမှ သူတစ်ပါးကို ပြသင့်တယ်။

ဒီလိုမှမဟုတ်ရင် တပည့်က စာရေး အားထုတ်တဲ့အခါ **"ဆရာရယ် ကျွန်တော် ဘယ်လို ထင်မြင်လာပါ တယ်"**လို့ဆိုရင် ဆရာက ကိုယ်တိုင် မမြင်ဖူးတော့ နားမလည် မဆုံးဖြတ် တတ် ဖြစ်နေတတ်တယ်။ နားမလည် ဘူး ပြောရမှာ ရှက်တော့ မိမိထင်တာ တွေ လျှောက်ပြော တပည့်လဲ နစ်နာ၊ ဆရာလဲ စိတ်မချမ်းမသာ ဖြစ်ရတတ် တယ်။ ဒါကြောင့် ဓမ္မပဒပါဠိတော် မှာ...

အတ္တာနမေဝ ပဌမံ၊
ပတိရူပေ နိဝေသယေ။
အထညမနုသာသေယျ၊
နကိလိဿေယျ ပဏ္ဍိတော။

**ပဏ္ဍိတော၊** ပညာရှိသောသူသည်။ **အတ္တာနမေဝ၊** မိမိကိုယ်သာလျှင်။ **ပဌမံ၊** ရှေးဦးစွာ။ **ပတိရူပေ၊** သင့် လျော်လျောက်ပတ် မြင့်မြတ်သော သမထဝိပဿနာ၌။ **နိဝေသယေ၊** အခါခါပွားများ ယုံကြည်စွာ သွင်းထား ရာ၏။ **အထ၊** ထိုသို့ မိမိကိုယ်ကို သင်ဆိုဆုံးမ လိမ္မာကြီးလှသည့်နောက် မှ။ **အညံ၊** လိမ္မာလိုဘိ တပည့်များကို။ **အနုသာသေယျ၊** သွန်သင်ဆုံးမ နိုင် နိုင်ကြီး ပြသရာသည်။

**နကိလိဿေယျ၊** သို့မှသာလျှင် မိမိ, သူတစ်ပါး အများအတွက် စိတ် ပျက်နောက်မှုး ညစ်ညူးပင်ပန်းခြင်းသို့ မရောက်ရရှာ။

ဆရာကလဲ ဆရာရဲ့ အင်္ဂါနဲ့အညီ တပည့်ကလဲ တပည့်ရဲ့အင်္ဂါနဲ့ ညီကြ မယ်ဆိုရင် လျင်မြန်စွာ ခရီးရောက်ပါ တယ်။ ဆရာက တပည့်ကို သားသမီး နဲ့မခြား ကရုဏာထားရမယ်။ တပည့် ကလဲ ဆရာကို ချစ်ကြောက်ရိုသေရ မယ်။

မိဖုရားကြီးဖြစ်တဲ့ သာမာဝတီဟာ ကျွန်မကို ပလ္လင်ထက်တင်ပြီး ရှိခိုး တရားနာတယ်။ ကျွန်မက တရားဟော မှ မိဖုရားကြီး သောတာပန်တည်ရ တယ်။ မဟာနာဂနဲ့ ပေါဋ္ဌိလမထေရ် ကြီးတို့လဲ တပည့်ကို အရိုအသေပြုပြီး တရားတောင်းရတယ်။

ဘုရားလောင်း ဥဒေါင်းမင်း မှဆိုး တရားဟောလို့ ပစ္စေကဗုဒ္ဓါ ဖြစ် တယ်။ ပစ္စေကဗုဒ္ဓါ ဖြစ်ပြီးတောင် တိရစ္ဆာန်ဖြစ်တဲ့ ဥဒေါင်းမင်းကို ကျေး



www.burmeseclassic.com

www.burmeseclassic.com



ယောဂီများ ကျင့်ကြံနေထိုင်ရာ ဓမ္မသာလာ

တင်လို့ ရှိခိုးကန်တော့ပြီးမှ ပျာန်ကြွသွားတယ်။

ဒါတွေကို ထောက်ရင် ဆရာကို ရှိသေရာမှာ ရှက်ကြောက်ခြင်း မရှိသင့်ဘူး။ ဆရာကလဲ တပည့်ကို သားသမီးရင်းပမာ သည်းခံရတယ်။ စိတ်ရှည်ရှည်နဲ့ မထင် ထင်အောင် တစ်နည်းမရရင် တစ်နည်းနဲ့ လှည့်ပြီး အောင်မြင်သည့်တိုင်အောင် ပြသ။

တရားအားထုတ်လိုတဲ့ သူတော်ကောင်းတို့ဟာ ဆရာကောင်းနဲ့ တွေ့လို့ဖြစ်စေ၊ မတွေ့ရဘဲ ဤတရားစာဖတ်လို့ဖြစ်စေ အားထုတ်နိုင်ကြပါတယ်။

အားထုတ်မယ့် ယောဂီသူမြတ်များ အထူးသတိပြုရန်မှာ မြတ်စွာဘုရားကိုယ်တော်တိုင် ဟောတော်မူတဲ့ အတိုင်း တစ်လံမျှလောက်သော ဤခန္ဓာကိုယ်မှာ ခန္ဓာငါးပါးရဲ့ ဖြစ်ခြင်း၊ ပျက်ခြင်းကိုသာ အတပ်ဒိဋ္ဌ သိမြင်အောင် ရှာရပါမယ်။ လျင်မြန်တဲ့နည်း ဖြစ်ပါတယ်။

မိမိတို့ ရှေးက သင်ကြားနာယူခဲ့ဖူးတဲ့ တရားသဘောတွေကို တွေးတောခြင်း၊ ကြံစည်ခြင်း၊ စိတ်ကူးခြင်း၊ အနုမာနအားဖြင့် မှန်းဆနေခြင်းတို့ကို မပြုရပါ။ ပြုရင် အခုအခိုက်အတန့်မှာ တကယ်ဖြစ်ပျက်နေတဲ့ ပစ္စုပ္ပန်ခန္ဓာငါးပါးတို့ကို အတပ်ဒိဋ္ဌ မသိမမြင်ရဘဲ ဖြစ်ရတတ်တယ်။

ပစ္စုပ္ပန် ခန္ဓာငါးပါးတို့ရဲ့ ဖြစ်ပျက်ခြင်းကို အတပ်ဒိဋ္ဌ တွေ့မြင်မှ ဘာဝနာအစစ် ဖြစ်နိုင်တယ်။ အတပ်ဒိဋ္ဌမြင်မှ သမ္မာဒဿနဉာဏ်အမြင် ဥဒယဗ္ဗယဉာဏ်လို့ ခေါ်တယ်။

**ဇာတာနံ၊** ဖြစ်ဆဲကုန်သော။ **ပစ္စုပ္ပန္နာနံ၊** ယခု ဖြစ်နေသော ခန္ဓာငါးပါးတို့၏။ **နိဗ္ဗတ္တိ လက္ခဏံ၊** ဖြစ်ခြင်းလက္ခဏာသည်။ **ဇာတိ၊** ဖြစ်ခြင်းသည်။ **ဥပ္ပါဒေါ၊** ဥပါဒ်သည်။ **အဘိနဝါကာရော၊** အသစ်သော အခြင်းအရာသည်။ **ဥဒယောနာမ၊** ဥဒယမည်၏။ **ဝိပရိဏာမလက္ခဏံ၊** ဖောက်ပြန်ယိုယွင်းခြင်း လက္ခဏာသည်။ **ခယော၊** ကုန်ခြင်းသည်။ **ဘင်္ဂေါ၊** ပျက်ခြင်းသည်။ **ဝယောနာမ၊** ဝယမည်၏။

ဒီလို တွေးတောကြံစည်စိတ်ကူးဆင်ခြင်မှုတို့ မပါဘဲ ယခု ဖြစ်ပျက်နေတဲ့ ပစ္စုပ္ပန်ခန္ဓာငါးပါးတို့ကို ဒိဋ္ဌဓမ္မ သိမြင်နေရုံတင် သိမြင်နေခြင်းဟာ ဥဒယဗ္ဗယဉာဏ် ခေါ်ပါတယ်။ ဒိဋ္ဌေ ဒိဋ္ဌ မတ္တေနဝါဆိုတဲ့ ဥပရိပဏ္ဏာသ ပါဠိတော်နဲ့လဲ တစ်ထပ်တည်း ကိုက်ညီပါတယ်။ မြင်ကာ၊ ကြားကာ၊ နံကာ၊ ထိကာ၊ သိကာ မတ္တသာလျှင် ဖြစ်ပါတယ်။

မဂ်ဖိုလ်နိဗ္ဗာန်ကို ရဖို့ရာလဲ ဖြစ်ပျက်နေသော ရုပ်နာမ်ကို သိမြင်နေရုံသာ သိမြင်နေရမယ်လို့ ဘုရားရှင် ဟောတော်မူပါတယ်။ ဒါကြောင့် အနုစိတ် ဝေဖန်နေဖို့ မလိုပါ။ ဝေဖန်နေရင် ဝိပဿနာအန္တရာယ် ဖြစ်တတ်ပါတယ်။ ဝေဖန်သင့်တဲ့ နေရာကျမှ ဝေဖန်ရပါတယ်။

ဒါကြောင့် အခုဖြစ်နေတဲ့ ခန္ဓာနာမ်ရုပ်ကိုသာ ရှုမြင်ပွားများရမယ်လို့ ဘုရားရှင် အထင်အရှား ဟောကြားပါတယ်။

အတီတံ နန္ဝာဂမေယျ
နပ္ပဋိကင်္ခေ အနာဂတံ။
ယဒတီတံ ပဟီနံ တံ၊
အပ္ပတ္တဉ္စ အနာဂတံ။
ပစ္စုပ္ပန္နဉ္စ ယော ဓမ္မံ၊
တတ္ထ တတ္ထ ဝိပဿတိ၊
အသံဟိရံ အသံကုပ္ပံ၊
တံ ဝိဒွါ မနုဗြူဟယေ။

**အတီတံ၊** အတိတ်ကို။ **နန္ဝာဂမေယျ၊** မလိုက်ရာ။ **အနာဂတံ၊** အနာဂတ်ကို။ **နပ္ပဋိကင်္ခေ၊** အလိုမရှိရာ။ **ယံအတီတံ၊** အကြင်အတိတ်။ **တံ၊** ထိုအတိတ်သည်။ **ပဟီနံ၊** ပျောက်ပြီး။ **ယံအနာဂတံ၊** အကြင်အနာဂတ်။ **တဉ္စ၊** ထိုအနာဂတ်သည်လည်း။ **အပ္ပတ္တံ၊** မရောက်သေး။

**တတ္ထ တတ္ထ ခဏေ ခဏေ၊** ထိုထို ခဏခဏ၌။ **ပစ္စုပ္ပန္နံ၊** ပစ္စုပ္ပန် အခိုက်အတန့်ဖြစ်သော။ **ယဉ္စဓမ္မံ၊**



www.burmeseclassic.com

www.burmeseclassic.com

အကြောင်း ရုပ်နာမ် ဖြစ်ခိုက်ပျက်ခိုက် အာရုံကိုလည်း။ **ယော၊** အကြင်သူသည်။ **အသံဟိရံ၊** မပြောင်းရွှေ့မီ။ **အသံကုပ္ပံ၊** မပျောက်ပျက်မီ။ **ဝိပဿတိ၊** ရှုမြင်တတ်၏။ **တံဓမ္မံ၊** ထိုရုပ်နာမ် ဖြစ်ခိုက် ပျက်ခိုက် အာရုံကို။ **ဝိဒါ၊** ပညာရှိသည်။ **အနုဗြူဟယေ၊** ပွားများရာ၏။

## ခုနစ်ရက်နဲ့ ရနိုင်တယ်

ဘုရားရှင် လက်ထက်တော်အခါက ဥဂ္ဃဋိတညုပုဂ္ဂိုလ်များဟာ တရားကို တစ်ပိုဒ်၊ တစ်ဂါထာ ကြားနာရရုံနဲ့ အရဟတ္တဖိုလ်ကို ရကြတယ်။ ဝိပဉ္စိတညူပုဂ္ဂိုလ်များကျတော့ တရားကို အကျယ်ဝိတ္ထာရဟောမှ အရဟတ္တဖိုလ် တည်ကြတယ်။

ဦးပဥ္စင်းတို့ ယခုခေတ် နေယျပုဂ္ဂိုလ်များကျတော့ တရားနာရုံလောက်နဲ့ အရဟတ္တဖိုလ်မရနိုင်။ အားထုတ်မှ ရနိုင်မယ်လို့ မြတ်ဘုရား ဟောကြားခဲ့တယ်။ အားထုတ်တဲ့အခါ ကျကျနန အားထုတ်ရင် (၇)ရက်အတွင်း အရဟတ္တဖိုလ်ကို ရနိုင်တယ်လို့ မူလပဏ္ဏာသ သတိပဋ္ဌာနသုတ် ပါဠိတော်မှာ...

'ယောဟိကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တာဟံ တဿ ဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ ဒိဋ္ဌေဝဓမ္မေ အညာ သတိဝါ ဥပါဒိသေသေ အနာဂါမိတာ'

လို့ ဟောတော်မူတယ်။

**ဘိက္ခဝေ၊** ချစ်သားတို့။ **ယောဟိကောစိ၊** ရဟန်းရှင်လူ ခပ်သိမ်းသူသည်။ **သတ္တာဟံ၊** ခုနစ်ရက်တို့ပတ်လုံး။ **ဣမေစတ္တရော သတိပဋ္ဌာနေ၊** ဤသတိပဋ္ဌာန်တရား လေးပါးတို့ကို။ **ဧဝံ၊** ဤသို့ ငါဘုရား ဟောတော်မူတိုင်း။ **ဘာဝေယျ၊** နေ့ညမနား ပွားများ အားထုတ်အံ့။ **တဿ၊** ထိုသူအား။ **ဒိဋ္ဌေဝဓမ္မေ၊** ယခု မျက်မှောက်သော ဘဝ၌ပင်။ **အညာဝါ၊** အရဟတ္တဖိုလ်သည်လည်း။ **ဘဝိဿတိ၊** ဖြစ်လတ္တံ့။

**ဥပါဒိသေသေ၊** ခန္ဓာကြွင်းသည်။ **သတိ၊** ရှိသော်။ **အနာဂါမိတာဝါ၊** အနာဂါမိဖိုလ်သည်လည်း။ **ဘဝိဿတိ၊** ဖြစ်လတ္တံ့။ **ဣတိ၊** ဤသို့။ **ဒွိန္နံဖလာနံ၊** ဖိုလ်နှစ်ပါးတို့တွင်။ **အညတရံဖလံ၊** ဖိုလ်တစ်ပါးပါးကို။ **ပါဋိကင်္ခံ၊** အလိုရှိအပ်၏။(ဝါ)ရအပ်၏ ဆိုပြီး ဟောပါတယ်'

ဤတွင် စစ်ကိုင်းတောင်ရိုး မန္တလာကျားကူးချောင်ဆရာတော် ဦးကောဝိဒ၏ ခန္ဓာဉာဏ်ရောက် ကျင့်စဉ်တရား အားထုတ်နည်းအဆုံးသတ်ပြီးဖြစ်သည်။

## မှာတမ်းတော်

သာဝကများ စေ့စေ့တွေး၍ သတိသံဝေဂ ယူနိုင်စေရန် မှာကြားသော မှာတမ်းလင်္ကာ ဖြစ်ပါသည်။

✦ အမိဝမ်းမှ ကျွတ်လွတ်စတွင် ငါ့ရုပ်ခန္ဓာ အဖြေရှာ၍ ဦးစွာပထမ ရေချိုးရ၏။

ထိုမှတစ်ဆင့် ကြီးရင့်လာ၍ ဤချိန်ခါထိ ငါသည် ရေချိုးနေရဆဲ။

ဤမျှမပြီး တရားစီး၍ ခရီးလမ်းဆုံး အသက်သုဉ်းလျှင် နောက်ဆုံးရေချိုး ရဦးမည်။

ငါ့ရုပ်ခန္ဓာ မမြဲပါ၍ သေချာစေ့ငှ သတိပြုမှ အသုဘကြီးပါတကား။

✦ အရှည်ဆုံးတွင် သံသရာ၊
အပူဆုံးတွင် ကိလေသာ၊
အအေးဆုံးတွင် မေတ္တာသာ။

ကိုယ်တိုင်ပြုမှ ကံကမ္မ ချမ်းသာကြမည်သာ။

မိခင်ကိုကျော် ဟိုဒွေးခေါ် မမျှော်လင့်ကြရာ။

လူပျင်းနတ်မ မရှိပါ မှတ်ကြယုံကြည်စွာ။

## ယောဂီ သတိပြု

ရဟန်းပုဂ္ဂိုလ် လူထိုထို စာကို ကျင့်သုံး၏။ စာကမှန်၏ ဉာဏ်မမီ ထိအောင် သူမသိ။ ယထာဘူတ ကျဖို့ရာ ဆရာရှာလေဘိ။

တိမ်လျက်နက်ကယ် ကျဉ်းလျက်ကျယ် ကျမ်းဝယ်ညွှန်ကြားဘိ။

လွယ်လျက်ခက်တယ် သိနိုင်ဖွယ် တကယ်ဆရာရှိ။

ခန္ဓာကိုယ်တွင်း ဉာဏ်စိုက်သွင်း အလင်းရှုလေဘိ။

ရှုကြည့်သောအခါ ဖောက်ပြန်တာ မကြာမြင်လေ၏။

ဖောက်ပြန်ဖြစ်ပျက် ဉာဏ်မြင်ချက် တွေ့လျက်ထပ်ကာကြည့်။

ထပ်ကာထပ်ကာ သိနေပါ ဉာဏ်သာတက်လေ၏။

သိဉာဏ်တက်လျှင် ဆင်းရဲမြင် ဤတွင်သစ္စာသိ။

သစ္စာလေးချက် တစ်ပြိုင်နက် မဂ်၏ကိစ္စသာ။

**(ဤလင်္ကာမှာဦးသာသနကကျားကူးချောင်ဆရာတော် ဦးကောဝိဒထံ ဆက်ကပ်ပူဇော်ခြင်း ဖြစ်သည်။)**

ကန်တော့ နှုတ်ဆက်ပြီးနောက် ကျောင်းပေါ်မှ ဆင်းသက်ထွက်ခွာလာရာ အပြန်ခရီးတွင် ဆရာတော်က ဝရန်တာသို့ထွက်၍ လက်ဝါးမှောက်လျက် ဆန့်တန်းကာ တစ်စုံတစ်ရာ ရွတ်ဆိုနေသည်။ အပြန်ခရီးလမ်း အေးချမ်းစေရန် မေတ္တာပို့ပေးတော်မူကြောင်း သိရလေသည်။

**သံသရာခရီးသည်တစ်ဦး**



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူ ၁၉၉၆ ခုနှစ်ကာလ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူ မြို့နယ်၊ သဖန်းပင်ကျေးရွာ အုပ်စုတွင် စစ်တောင်း မြစ်ရေတင် နွေစပါး (၁၀,၀၀)ကေ သွားရောက် လုပ်ကိုင်စဉ်က သဖန်းပင် ကျေးရွာမှ ဦးကြိုင် (ယခုသက်ရှိ ထင်ရှား) ပြောကြားချက်အရ သဖန်း ပင်ရွာသားတစ်ဦး၏ နွားပျောက်ရှာစဉ်ကာလ အလွန်ထူးဆန်းသော ရွှေဆင်းတုတော်တစ်ဆူနှင့် စေတီတစ်ဆူ တို့ကို ဖူးတွေ့ခဲ့ရသော ဖြစ်ရပ်မှန် ဇာတ်လမ်းတစ်ခုကို မှတ်တမ်းတစ်ခု အနေနှင့် ရေးသား တင်ပြပါရစေ။



ဦးစံဝင်း
(ယောင်ကုန်းရွာ၊ တောင်ငူမြို့နယ်)

# ကိုင်းတောကျွင်းက

## ဗုဒ္ဓရွှေဆင်းတုတော်

* * *

သဖန်းပင်ကျေးရွာနေ ဦးလှလေး တစ်ယောက် အိမ်မှ နိုင်းနွားနှစ်ကောင်ကို ထွန်ဖြုတ်ပြီးနောက် ပုံမှန်လွှတ်နေကျအတိုင်း စားကျက်တွင်းသို့ ကြိုးဖြေ၍ လွှတ်လိုက်ပါသည်။ အချိန် ကာလက တပို့တွဲလ ကိုင်းဆင်းချိန် ဖြစ်ပါသည်။ ညနေ(၅း၃၀)နာရီ အချိန် နွားများကို လွှတ်ကျောင်းသော စားနေကျနေရာသို့ သွားရောက်ရှာဖွေရာ လုံးဝ မတွေ့ရပါ။

နွားရှာရင်း မိုးချုပ်တော့ အိမ်ပြန်ခဲ့ရပါသည်။ နွားမတွေ့၍ စိတ်တော့ မချမ်းမြေ့ပါ။ နောက်တစ်နေ့နံနက် မိုးလင်းသည်နှင့် အိမ်နီးချင်းဖြစ်သူ ဦးမောင်ကြီးကို အဖော်ခေါ်၍ ထမင်းထုပ်၊ ရေဘူးများထည့်၍ နီးစပ်ရာ ရွာများဖြစ်သော ကျွန်းတော၊ ကွမ်းသီးပင်၊ ရွာတန်းရှည်၊ ရွှေလေးတော၊ ဆင်ရွာမဟာင်အုပ်စုရှိ စားကျက်များသို့ လိုက်ရှာပါသော်လည်း နွားမှာ မည်သည့်သတင်းမှ မရခဲ့ပါ။

ညနေ(၄း၃၀)အချိန် အိမ်ပြန်ရောက်ပါသည်။ ဇနီးဖြစ်သူမှ နွားအကြောင်း မေးမြန်းရာ...

'နွားအကြောင်းတော့ မမေးပါနဲ့တော့ကွာ ဥစ္စာရင်းမှန်ရင် ပြန်ရမှာပေါ့။ အခုမှ တစ်ရက်ပဲရှိသေးတာ နောက်နေ့ တွေ့မှာပေါ့ကွာ'

ဟု နှစ်သိမ့်စကား ပြန်ပြောလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နွားပျောက်ပြီးနောက် သုံးရက်မြောက်နေ့တွင် ယခင်ရှာဖွေခဲ့သော နေရာများသို့ပင် ဦးလုလေးတစ်ယောက် ထမင်းထုပ်၊ ရေဘူးများ ထည့်၍ တစ်ကိုယ်တည်း နေအိမ်မှ နံနက်(၈း၀၀)နာရီအချိန် နွားပျောက်ရှာပုံတော်ဖွင့်ပြန်ပါသည်။

ရာသီက နွေခင်းတွင် အပူရှိန်မြင့်တက်လာသည့်အတွက် ထင်တိုင်း ခရီးမပေါက်ခဲ့ပါ။ (၁၂း၀၀)နာရီ ထိုးပြီးချိန်တွင် ပါလာသော ထမင်းထုပ်ကို ဖြေစား၍ ညောင်ပင်ရိပ်၌ တစ်မှေးအိပ်ပျော်သွားခဲ့ပါသည်။

အိပ်ရာမှ နိုးပြီးနောက် ကြံတောဥယျာဉ်စုကျေးရွာ၏ တောင်ဘက် ဖောင်တော်ဦးဘုရား (အင်းပုတ်ဘုရား၏ အရှေ့တောင်ဘက်၊ ယခု တောင်ငူကွန်ပျူတာတက္ကသိုလ်၏ အရှေ့ဘက် ကံရိုးရွာ၏ အရှေ့မြောက်ဘက်၊ သဖန်းပင်ရွာ၏ အနောက်ဘက် နေ့ခင်း (၁း၃၀)နာရီအချိန် ယာကြီးကိုင်းတောထဲသို့ တိုးဝင်၍ နွားရှာစဉ် မမျှော်လင့်သော မြင်ကွင်းတစ်ခုကို ဦးလုလေး မြင်တွေ့လိုက်ရပါသည်။

ရသေ့တစ်ပါး၊ နန်းဝတ်နန်းစား အဝတ်နှင့် မိန်းကလေး(၅)ယောက်၊ သာမန်အရပ်သား အမျိုးသား(၃)ယောက် ပေါင်း (၁၀)ယောက်ရှိပြီး မဏ္ဍပ်အတွင်း၌ သန့်ရှင်းသပ်ရပ်သော ဘုရားစင်တစ်ခု ဘုရားစင်ပေါ်တွင် ရွှေရောင်ဝင်းလက်ပြီး အရောင်တဖိတ်ဖိတ် တောက်ပနေသည့် ဉာဏ်တော် (၁၂)လက်မ(တစ်ပေ)ခန့်ရှိ ရွှေသားစစ်စစ် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ၊ မဏ္ဍပ်နှင့် မလှမ်းမကမ်းတွင် ကိုးတောင်ပြည့် ထုံးသက်န်း ကပ်ထားသော စေတီတစ်ဆူ၊ ထီးတော်ရှိ စိန်ဖူးတော်မှာ နေရောင်တွင် အရောင် တလက်လက်နှင့် တောက်ပနေသည်ကို ကြည်ညိုဖွယ်ရာ ဖူးတွေ့လိုက်ရပါသည်။

ရသေ့နှစ်ပါးမှ ဦးလုလေးအား ရေအေးအေး သုံးဆောင်ရန် သောက်ရေအိုးစင်ကို ညွှန်ပြပါသည်။ဦးလုလေးလည်း နေပူပူ ရေဆာသည်နှင့် ရေအိုးစင်မှ ရေနှစ်ခွက် ခပ်သောက်လိုက်ပါသည်။ အလွန်အေးမြ၍ အမောပြေလန်းဆန်းသွားပါသည်။

ထိုအချိန်တွင် မိန်းကလေးနှစ်ဦးမှာ နွယ်ပုခက်ကိုစီး၍ တစ်ဦးနှင့်တစ်ဦး ကျီစယ်ပျော်မြူးနေသည်ကို ထူးဆန်းစွာ မြင်တွေ့လိုက်ရပါသည်။ ဦးလုလေးမှာလည်း မိမိရောက်ရှိသော နေရာကို စိတ်ထဲမှ မှတ်သားပြီး ထိုစခန်းမှ အိမ်ပြန်ခဲ့ပါသည်။ ညနေ ရွာသို့ရောက်သောအခါ ပျောက်နေသော နွားနှစ်ကောင်ကို အိမ်အနီး၌ မမျှော်လင့်ဘဲ ပြန်တွေ့ခဲ့ပါသည်။

စာရေးသူမှာ နက္ခတ္တရောင်ခြည် မဂ္ဂဇင်းကို အမြဲဖတ်ရှုနေသူဖြစ်ရာ ယခုကဲ့သို့ ထူးဆန်းသော စေတီပုထိုးများ တောကြီးများထဲတွင် တွေ့ရှိရကြောင်း မကြာခဏ ဖတ်ဖူးခဲ့ပါသည်။

ဦးလုလေးတစ်ယောက် နောက်တစ်နေ့တွင် ရွာမှ သူငယ်ချင်း(၃)ယောက်ကို ခေါ်၍ သူ ယမန်နေ့က တွေ့ခဲ့ရသော ဘုရားဆင်းတုစေတီနှင့် လူပုဂ္ဂိုလ်များကို တွေ့လိုတွေ့ငြား မိမိမှတ်သားခဲ့သော နေရာကို သွားရောက်ရှာဖွေရာ မည်သည့်အရာမှ မတွေ့ရဘဲ ကိုင်းတောကြီးသာ တွေ့ခဲ့ရပါသည်။

စာရေးသူ သိသလောက် မဟင်ကွင်း၊ သဖန်းပင်ကွင်း၊ ကံရိုးကွင်းမှ ကိုင်းပင်နှင့် ထိမ်ပင်များသာရှိပြီး ဦးလုလေး တွေ့ခဲ့သော ရွှေစေတီနှင့် လူပုဂ္ဂိုလ်များမှာ မည်သူမှ တွေ့သည်ဟူ၍ မကြားဘူးပါ။

ဦးလုလေးတစ်ယောက် ပဋ္ဌာန်းဆက်ရှိ၍သာ အထက်ဖော်ပြပါ ထုံးစေတီနှင့် ရွှေစေတီမြင်ကွင်းကို ဖူးတွေ့ခဲ့ရခြင်း ဖြစ်သည်ဟု ထင်မြင်ယူဆပါသည်။ ဦးလုလေးတစ်ယောက် နေအိမ်မှ နွားပျောက်သည့် ကိစ္စပင် စဉ်းစားစရာ ပဟေဠိတစ်ခုဖြစ်သည်ဟု ဆိုလိုက်ချင်ပါတော့သည်။

***သီလမြဲ၍ တရားရှိကြပါစေ။***

**ဦးစံဝင်း**
***(သောင်ကုန်းရွာ၊ တောင်ငူမြို့နယ်)***



www.burmeseclassic.com


www.burmeseclassic.com

မြင်သာတောင်

# ဆံတော်ရှင်ရွှေစေတီ

ကုန်းတော်ဆီသို့ (၃)

စဝ်လွန်းသာ



◆ ရန်ပြေမာန်အောင် ရုပ်ပွားတော်

## ယခင်လမှအဆက်

ရန်ပြေမာန်အောင် ရုပ်ပွားတော်အား သဒ္ဒါထက်သန်စွာဖြင့် သစ္စာပြုအဓိဋ္ဌာန်ဖူးမြော်ပါက နှုတ်ခမ်းတော်ပြုံးရယ်တော်မူခြင်း၊ မျက်လုံးတော်အရည်လည်ကာ သက်တော်ထင်ရှားဘုရားရှင်တော်ကဲ့သို့ ဖူးမြင်ရခြင်းတို့ကြုံရနိုင်သည်ဟု သိရသည်။

ကြည့်ညိုလေ့လာရာ မကိုဋ်နှတော်ပူဇော်တန်ဆာဆင်မှုမှာ ခရုံဂူ၊ စံပယ်ဂူ၊ ကော့ဂွမ်းဂူ စသည်မှ ရှေးမွန်ဘုရင်မင်းညီမင်းသားတို့ ပူဇော်ကြသည့် ရုပ်ပွားပုံတော်နှင့် ဆင်တူသည်ကို တွေ့ရသည်။

မကိုဋ်နှသရဖူ သုံးဆင့်တင်ကာ အထက်မှ ချရားသီးအထွတ် ပူဇော်ထားသည်။ ရေမြေ့သနင်း ပြည့်ရှင်မင်းသာလျှင် ပူဇော်ခွင့်ရသော တန်ဆာဆင်မှု ဖြစ်သည်။

ကျောက်မျက်ရတနာများစွာ ပူဇော်ထားသဖြင့် ဖိတ်ဖိတ်တောက်ကာ ဖူးမြော်ရသူအား ကြည်နူးဝမ်းမြောက်မှုကိုပေးစွမ်းသော ရုပ်ပွားတော်ဖြစ်သည်။

ဤ ကိုယ်စားတော်မြတ်ထံတွင် သစ္စာအဓိဋ္ဌာန်ပြုကာ စီးပွားဥစ္စာ၊ ရာထူး၊ အဆင့်အတန်း တိုးတက်အောင်မြင်သွားကြသည်တို့ကို အမည်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာနှင့်တကွ ကြားသိရသဖြင့် သူတို့အတွက် အထူးပင်မုဒိတာပွားကာ သာခုခေါ်ရပေသည်။

ရုပ်ပွားတော်အနီးတွင် စမ္မခဏ်အားသံကွင်းတပ်ထားသည့် ရှေးယွန်း (မံ) ဘုရားတစ်ဆူကိုလည်း ဖူးတွေ့ရသည်။


## တစ်ဝမျက်ရှင်စေတီ

ဦးစိုးမင်းသန်းက ရန်ပြေမာန်အောင်တန်ဆောင်းမှ အောက်ဘက်စောင်းတန်းမုခ်ဦးရှေ့ရှိ စေတီတစ်ဆူဆီသို့ ဦးတည်သွားသည်။ **'ဣန္ဒာသယတစ်ဝမျက်ရှင်စေတီ'**ဟု ဘွဲ့မည်ရှိလျက် မကြာသေးသည့် လပိုင်းတွင်မှ ထီး



www.burmeseclassic.com

www.burmeseclassic.com



▲ ရန်ပြေမာန်အောင် ဘုရားခန်း



မံ(ယွန်း)ဘုရား ▶



▼ ရန်ပြေမာန်အောင်တန်ဆောင်း

ပူဇော်ပြီးကြောင်း သိရသည်။ ရှေ့လှည့်မှန်နှင့် ကုလားကျောင်းခံ လိုဏ်တစ်ထပ်စေတီ ဖြစ်သည်။

စေတီအနီး တန်ဆောင်းအတွင်း၌ကား စေတီတော်အား လက်အုပ်ချီပူဇော်နေသည့် နဂါးမယ်တော် (၃)ပါး ရုပ်တုကို တွေ့ရသည်။ အလယ်မှ အစ်မတော်ကြီး ဒေါ်သီလဝတီ၊ လက်ဝဲဘက်တွင် ညီမလတ် ဒေါ်ပညာဝတီ၊ လက်ယာဘက်တွင် ညီမငယ် ဒေါ်စာဂဝတီဖြစ်ကြောင်း ကမ္ပည်းစာအရ သိရသည်။ ပန်းတော့ဆရာအား အာရုံတွင် ထင်မြင်စေလျက် ပုံတူချရေးကာ သွန်းလုပ်ထားသော ရုပ်တုများဖြစ်သည် ဆို၏။

"ဒီကောင်းမှုရှင်တွေဆိုရင် အမျိုးသမီးက ဌာနဆိုင်ရာအရာရှိတစ်ဦးပါ။ အိပ်မက်အရ ရွှေစေတီကို လာဖူးရင်းက သဒ္ဒါပေါ်ပေမယ့် အင်အားမရှိလို့ အနည်းအကျဉ်းသာ လှူဒါန်းနိုင်တယ်။ အဲဒီနောက် "အိပ်မက်ထဲမှာ ဆွမ်းရေးသာ ကြိုးစားပါ။ ဝမ်းရေးက အလိုအလျောက် ပြည့်လာလိမ့်မယ်"

လို့ ပြောသံကြားရတာနဲ့ ရှိသမျှလေး စုဆောင်းပြီး နာဂစ်မုန်တိုင်းကာလက ယိုယွင်းသွားတဲ့ အရံစေတီတချို့ မွမ်းမံကုသိုလ်ပြုဖြစ်တယ်။

အမျိုးသားက ကိုယ်ပိုင်လုပ်ငန်း လုပ်ပေမယ့် သိပ်အအောင်မြင်ကြီး မဟုတ်သေးဘူး။ ဒီလိုပဲ အလျဉ်းသင့်သလို တစ်နိုင်ကုသိုလ်ပြုနေရာက တဖြည်းဖြည်း စီးပွားရေး အဆင်ပြေလာတယ်။

ဒီစေတီတည်ဖို့ အိပ်မက် မက်တော့ အတန်အသင့် ပြည့်စုံနေပြီ။ မေတ္တာရပ်ခံတာက ဒီမယ်တော်သုံးပါးပါ။ နိုင်သမျှဝန် ထမ်းပါ့မယ်ဆိုပြီး ကတိပေးလိုက်တယ်။

စေတီပြီးလို့ ထီးတော်တင်မယ့်ရက်သတ်မှတ်၊ ဒီတန်ဆောင်းကိုလဲ အပြီးသတ်ပေါ့လေ။ အဲဒီအချိန်မှာ ထီးတော်တင်ပွဲမှာ အိုးစည်ဗုံမောင်း အကအခုန်တွေ ပါဝင်ရမယ်လို့ဆိုတော့ သူ့ခမျာ ကတုန်ကယင်နဲ့...

"အယ် ရှိသမျှလဲ စိုက်ထားပြီးတဲ့





www.burmeseclassic.com

www.burmeseclassic.com



ဂူဗျူဟာသသယ တစ်ဝမျက်ရှင်စေတီ

နဂါးမယ်တော်ရုပ်တုများ



အပြင် လောလောဆယ်ဆယ် မပေး မဖြစ်တဲ့ အကြွေးကလဲ (၂၀၀) လောက် ရှိနေတယ်။ ပွဲလမ်းသဘင် ပါရဦးမှာတဲ့လား''

လို့ ချုံးပွဲချ ညည်းပါလေရော။

အဲဒီအချိန်မှာ ရုတ်တရက် ဖုန်းဝင်လာတယ်။ သူ့ခင်ပွန်းဆီကပါ။

''အမြန်လာခဲ့ပါ။ ဒီမှာ တစ်ထောင်လောက်ရောက်နေတယ်။ မိန်းမကိုယ်တိုင် လက်မှတ်ထိုးရမှာမို့ပါ''

တဲ့။ ကဲ အဲဒီလိုလဲ ကျီစယ်တတ်ပါတယ်'

ဦးစိုးမင်းသန်း ပြောပြသော ကောင်းမှုရှင်များမှာ အမည်နေရပ် အလုပ်အကိုင် ကမ္ဘည်းအပြည့်အစုံ ရှိပါသည်။ ပုဂ္ဂိုလ်ရေးရာ ငဲ့ကွက်၍ ချန်လှပ်ခဲ့ပါသည်။

ဤတွင် လေသာတောင်ဆရာတော် မိန့်ကြားချက်ကို အမှတ်ရမိသဖြင့် နဂါးမယ်တော်တို့အား မရေတွက်သာ သံသရာဘဝ အဆက်ဆက် တော်စပ်ခဲ့ဖူးသော မိခင်အဖြစ် ပူဇော်ဂါရဝပြု မေတ္တာပို့သကာ ပြုပြီးသမျှ ရပြီးသမျှ ကုသိုလ်ဘာဂအစုစုကို အမျှပေးဝေခဲ့လေသည်။

## ဆရာတော် အရှင်မဟိန္ဒ ဗိမာန်

ထိုစေတီ၏ မျက်စောင်းထိုး၊ တောင်တက်လမ်းတစ်ဖက် ကုန်းမြေတွင် မြင်သာတောင် သာသနာမြေကို စတင်ခဲ့သူ ဆရာတော် အရှင်မဟိန္ဒ၏ ဗိမာန်



www.burmeseclassic.com

www.burmeseclassic.com

ရှိလေသည်။

'ဒီဗိမာန်ကို ဆရာတော် ပျံလွန်တော်မူပြီး လေးနှစ်လောက်မှ တည်ဆောက်ဖြစ်တယ်။ အဲဒီမတိုင်ခင် ဂူသွင်းပြီး ဘူမိစျာပန ကျင်းပခဲ့တယ်။ ဆရာတော်က ရွှေကျင်ဂိုဏ်း ကန်သာယာရပ်ကွက် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌပါ။ ဒီတော့ အစဉ်အလာအတိုင်း တေဇောစျာပန ကျင်းပပူဇော်ဖို့ ဆုံးဖြတ်ကြတယ်။

အဲဒီမှာ ဓာတ်စီး၊ နတ်ပူး လူအစုံရောက်တယ်။ ဆရာတော်က ထွက်ရပ်ပေါက်ဝိဇ္ဇာပဲ။ အလောင်းတော်က မပုပ်မသိုးဘဲ ဝင်းဝါနေတယ်။ တချို့ကလဲ အမွှေးနံ့သာနံ့ထွက်တယ် ဘာညာနဲ့ ဓာတ်စီး၊ နာမ်စီး ပြောဆိုကြတာပေါ့။

လက်ရှိဆရာတော်က တစ်ဘဝ တစ်ခန္ဓာ စွန့်ခွာပြီပဲ (တေဇောစျာပန) မီးရှို့ပြီး အရိုးတော်ဓာတ်ကို (ဥဒကစျာပန) ရေမျှောပူဇော်ဖို့ ဆုံးဖြတ်တယ်။ ရုပ်ကလာပ်ဖော်လိုက်တော့ အရိုးအဆစ်တွေ ကြွေနေပြီ။ ပုပ်ပျက်နေပြီ။ ဒီတော့မှ ဓာတ်စီး၊ နာမ်ချဉ်းသူတွေလဲ အလျှိုလျှို ပျောက်သွားတော့တယ်။

မီးရှို့ပြီး အရိုးတော်ဓာတ် နည်းနည်းကို အောက်ခံပလ္လင်ခုံမှာ ပူဇော်၊ ကျန်တာ ဥဒကစျာပနသဘင် ဆင်ယင်ပါတယ်။ ပလ္လင်ခုံပေါ်မှာ ဆရာတော်ရုပ်တုတော်၊ ထေရုပ္ပတ္တိစာတမ်းနဲ့ အသုံးအဆောင်ပစ္စည်းတချို့ ပူဇော်ထားပါတယ်။ ထွေထွေထူးထူးတော့ မဟုတ်ပါဘူး။ ပလတ်စတစ်ခြင်း၊ စတီးချိုင့်၊ ရေနွေးဓာတ်ဘူး စတာတွေပါ'

ဗိမာန်တွင်း ဝင်ရောက်ကာ ဆရာတော်၏ ရုပ်တုတော်ကို ရှိခိုးဂါရဝပြုလျက် ထေရုပ္ပတ္တိကို လေ့လာကြည့်ရှုသည်။



ပထမဆရာတော် ဗိမာန်

## အရှင်မဟိန္ဒ၏ ထေရုပ္ပတ္တိအကျဉ်း

ဆရာတော် လောင်းလျာ မောင်အောင်ကို မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ ညောင်ပင်သာကျေးရွာနေ ဦးဖိုးရှုံ၊ ဒေါ်မယ်ဖွားတို့မှ ၁၂၈၃ ခုနှစ်၊ ကြာသပတေးနေ့တွင် မွေးဖွားခဲ့သည်။

အသက်(၆)နှစ်အရွယ်တွင် ညောင်ပင်သာရွာကျောင်း၌ သာမဏေဝတ်ကာ ပညာ စတင်သင်ယူသည်။ နေပြည်တော်ပျဉ်းမနား ရေသိမ်ကျောင်း၊ မန္တလေး ရွှေရေးဆောင်၊ မြင်းဝန်မင်းကြီးတိုက် (ဦးဉာဏဝံသ)တို့ထံမှ လောကီ၊ လောကုတ္တရာ စာပေများ သင်ယူခဲ့သည်။ စစ်ကိုင်း အရိယဝံသချောင်တွင် တရားဓမ္မ ကျင့်ကြံအားထုတ်ကာ ၁၃၀၃ ခုနှစ်တွင် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟဖြင့် ပြည်မြို့ ဆရာတော် အရှင်သုဇာတထံတွင် ရဟန်းဘောင်သို့ ဝင်ရောက်သည်။

ထို့နောက် ဆရာတပည့်နှစ်ပါး ပုပ္ပားတောင်သို့ကြွကာ အားထုတ်ကြသည်။ နှစ်အတန်ကြာသော် ကပ္ပိယကာရက မရှိသဖြင့် နှစ်ပါးစလုံး ရသေ့ဝတ်ပြောင်းလျက် အားထုတ်ကြရသည်။

ထို့နောက်တွင် ဦးသုဇာတက ရွှေတောင်မြို့သို့ ကြွရောက်၍ နိဗ္ဗာန်လမ်းမျှော် ချော့ခေါ်စေတီတော်ကြီး တည်ကာ သာသနာပြုသည်။

ဦးမဟိန္ဒက နေပြည်တော် လယ်ဝေး၊ သထုံ၊ ဘီးလင်းမြို့နယ် တောတောင်များသို့ ကြွရောက်၍ အားထုတ်ရင်း သာသနာပြုသည်။ ဘီးလင်းမြို့နယ်တွင် ကေလာသတောင်၊ ဝါးဖြူတောင်၊ နဂါးပတ်တောင်၊ အောင်သိဒ္ဓိကုန်း စသည်တို့၌ နှစ်အတန်ကြာလှည့်လည် အားထုတ်ပြီးနောက် ၁၃၃၅ ခုနှစ်၊ တပေါင်းလဆုတ် (၁၄) ရက်နေ့ ညနေတွင် မြင်သာတောင်သို့ ရောက်ရှိသည်။


၁၃၃၆ ခုနှစ်၊ ကဆုန်လဆုတ် (၁၄) ရက်နေ့တွင် ပါရမီကျင့်စဉ်လမ်းမှ ပုဂ္ဂိုလ်များ ညွှန်ပြသဖြင့် သောဏ္ဍာယ ရွှေစေတီ ဆံတော်တိုက်ကို တွေ့ရှိရသည်။ ၁၃၃၆ ခုနှစ် ဆောင်းဦးကာလတွင် နှင်းပုလဲရွာလယ်ကျောင်း ဆရာတော် ဦးဝိမလကို ဉပဇ္ဈာယ်ပြု၍ ရဟန်းဘောင်သို့ ပြန်လည်ဝင်ရောက်သည်။

ဆံတော်ရှင် ရွှေစေတီ၏ ဦးဆောင်



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော် ဗိမာန်တွင်းမြင်ကွင်း

တည်လုပ်ကာ ၁၃၄၅ ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် ထီးတော်တင်လှူသည်။

(၂၅.၅.၁၉၉၉)နေ့တွင် သာသနာထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ ဘီးလင်းမြို့ အထူးသာသနာပြုအဖြစ် ခန့်အပ်သည်။ မြင်သာတောင်ပေါ်တွင် စေတီ၊ ပုထိုး၊ ကျောင်းဇရပ် သာသနိက အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ လျှပ်စစ်မီး သွယ်တန်းခြင်း၊ တောင်တက်ကားလမ်း ဖောက်လုပ်ခြင်း၊ တောင်ခြေတွင် မြင်သာတောင် ပရိယတ္တိစာသင်တိုက် တည်ထောင်ကာ ပစ္စည်းလေးပါး ထောက်ပံ့ခြင်း၊ ဘီးလင်းမြို့ ရွှေကျင်နိကာယ သံဃပဝါရဏာအဖွဲ့ မဟာနာယက ဆရာတော်အဖြစ် ဆောင်ရွက်ခြင်း။

သာသနာ ထွန်းကားပြန့်ပွားရေး ထေရဝါဒ ဗုဒ္ဓသာသနာပြု ဇဟိုတာဝန်ခံ ဆရာတော်၊ ဘီးလင်းမြို့ ကန်သာယာရပ်ကွက် သံဃနာယကအဖွဲ့ (ရွှေကျင်) ဥက္ကဋ္ဌဆရာတော်အဖြစ် ဆောင်ရွက်ခြင်းတို့ဖြင့် သာသနာ့အကျိုးဆောင်ရွက်တော်မူပြီးနောက် ၁၃၆၆ ခုနှစ် ပထမဝါဆိုလဆုတ် (၇)ရက် (၈.၇.၂၀၀၄) ကြာသပတေးနေ့ မွန်းလွဲ (၃)နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

ဆရာတော်သည် **ပညာဓိက ဗောဓိဆုပန်ပုဂ္ဂိုလ်**ဖြစ်ကြောင်း ဖော်ပြထားပေသည်။

## ဘေးမဲ့တောင်တော်

ဆရာတော်ကြီး၏ ဗိမာန်မှ ပြန်ထွက်ကာ ကုန်းတော်အထက်ရှိ တရားကျင့်ဂူသို့ သွားရောက်လေ့လာကြသည်။ သဘာဝကျောက်လိုဏ်ဂူဖြစ်၍ အတွင်း၌ ပရိဘောဂ အသုံးအဆောင်များမရှိ၊ ပကတိ ကျောက်သားကြမ်းခင်းသာ တွေ့ရသည်။

ဆရာတော်ကြီး စတင်ရောက်ရှိစဉ်က ကျားသစ်၊ မြွေ စသည့် တောတိရစ္ဆာန်များ ပေါ်များသည့်အပြင် မမြင်အပ်သော ပုဂ္ဂိုလ် အခြောက်အလှန့် ပေါ်များလှသည်။ အာဟာရအဖြစ် တောင်ပေါ်ပေါက် ဝါးမျှစ်များကို အားပြုခဲ့ရသည်။

ယခုအခါတွင်ကား မပင်မပန်း တက်ရောက်နိုင်သည့် တောင်တက်ကားလမ်းအတိုင်း လာရောက်ကာ ဝိပဿနာ၊ သမထ မိမိတို့ ဆန္ဒရှိရာ ကမ္မဋ္ဌာန်းကို ဆောက်တည်ကျင့်ကြံနိုင်ရန် ကမ္မဋ္ဌာန်းကျောင်းများ၊ ဇရပ်၊ တန်ဆောင်း ဓမ္မာရုံများစွာ ရှိနေပြီဖြစ်သည်။ ဆွမ်းအာဟာရအနေဖြင့် သက်သတ်လွတ်ဆွမ်းသာ အားပြုရပါသည်။

မိတ်ဆွေ စစ်မှုထမ်းဟောင်း ဦးစိုးလွင်က ငါးဟင်းယူဆောင်လာမိသဖြင့် ဒုက္ခကြုံရပုံကို ပြောပြသကဲ့သို့ ဦးစိုးမင်းသန်းကလည်း ဤသို့ပြောပြသည်။

'မြင်သာတောင်ပေါ်ကို ဘီးလင်းမြို့ထဲက အတော်များများ လာကြ၊ ဘုရားဖူး ဒါနပြုကြပါတယ်။ ဒါယကာ တစ်ယောက်ကတော့ ကျောင်းအတွက် ဟင်းသီးဟင်းရွက်တွေ လှူဒါန်းဖို့ ဝယ်နေရင်းက ပုစွန်ခြောက်သန့်သန့်ကလေးတွေ တွေ့တာနဲ့ ငါးဆယ်ကျပ်သားလောက် ဝယ်ခဲ့တယ်။

တောင်ပေါ်တက်စမှာပဲ ကားစက်ရပ်သွားတယ်။ ဘယ်လိုမှ အပြစ်ရှာမရတာနဲ့ ခြေလျင်လျှောက်တက်တယ်။ ဒီလောက် ရှင်းလင်းနေတဲ့ တောင်တက်ကားလမ်း၊ လမ်းခွဲတွေလဲ မရှိဘူး။ တက်သာတက်နေရတယ်။ အတော်ကြာလို့ သတိထားကြည့်ရင် ကားပျက်တဲ့နေရာကိုပဲ ပြန်ရောက်နေတာ တွေ့ရတယ်။

နောက်ဆုံး ပုစွန်ခြောက်တွေကြောင့်များလားလို့ သင်္ကာမကင်းဖြစ်တာနဲ့ ချောက်ထဲ လွှင့်ပစ်လိုက်မှ ကားစက်နိုးပြီး တောင်ပေါ်တက်လာနိုင်တယ်။ တောင်ပေါ်ကို အခုအချိန်အထိ ငါးပိ၊ ငံပြာရည်ကလေးတောင် ယူလာလို့ မရပါဘူး'

## ဖိတ်မန္တကာပြု လမ်းညွှန်

မြင်သာတောင်ပေါ်တွင် သက်သတ်လွတ်စား၍ အားထုတ်နိုင်ပါက မညီသူ




www.burmeseclassic.com

www.burmeseclassic.com

မဆို ကြွရောက်အားထုတ်ကြပါ။ နေရေး စားရေး ရေမီးအစ မပူပင်ရပါ။ သကြိန်ကာလများဆိုပါက တရားကျင့်ဖော် စုံလင်စည်ကားစွာ တွေ့ဆုံနိုင်ကြပါသည်ဟု လက်ရှိ မြင်သာတောင် ဆရာတော် ဦးသုန္ဒရက ဖိတ်မန္တက ပြုတော်မူသည်။

ဘီးလင်းမြို့လယ်တွင် တည်ရှိသဖြင့် သွားလာရေး မခက်မခဲ ရောက်ရှိနိုင်သောကြောင့် အလျဉ်းသင့်ပါက တစ်ခါတစ်ခေါက် သွားရောက်လေ့လာကြည့်ညိုနိုင်ကြစေရန် လမ်းညွှန်တင်ပြရပေသည်။



◆ ပထမဆရာတော် တရားကျင့်ကြံရာ ဂူဘာဝ

## ဒေါ်သုမင်္ဂလာ၏ မှတ်ချက်

ထို့နောက်တွင် စာတည်းချုပ် တာဝန်ပေးသဖြင့် မန္တလေး အမရပူရဒေသများသို့ စာပေခရီး ဆန့်ရသည်တွင် တံတားဦးမြို့နယ်ရှိ ပင်းယရွှေစည်းခုံကုန်းတော်သို့ သွားရောက်ကာ သီလရှင်မယ်တော်ကြီး ဒေါ်သုမင်္ဂလာအား ဂါရဝပြု ဖူးတွေ့ဖြစ်သည်။ ထို့နောက် စွန့်လှူကျွေးမွေးသမျှ စားသောက်ပြီး ပြန်ရန် နှုတ်ဆက်ကန်တော့ရာ...

'နေဦး အဆောင်ငွေပွား ယူသွား'

ငွေစက္ကူ (၂၁)ရွက် ချီးမြှင့်သည်။ သောကြာဂြိုဟ်သက် အတိအကျ ဖြစ်နေသည်။

'မင်းက သောကရတက်ပွေနေတယ် သားလေး။ ကိန်းကျေသွားအောင်လို့'

'အဲဒါဆိုရင် အမေ ကူညီပြီး မေတ္တာပို့ပေးပါ အမေ'

'မင်းကမှ မတောင်းတော့ ငါ ဘယ်လိုပေးရမှာလဲ လူလေး'

'ဒါလဲ ဟုတ်တာပဲ။ ဒါထက် အမေ အတိတ်ဘဝ တော်စပ်ခဲ့ဖူးတဲ့ မိဘတွေကို သိနိုင်မလား။ ရှိနိုင်သလား'

'ရှိတာပေါ့ သားရယ်။ လူ့ရယ်လို့ဖြစ်လာရင် သံသရာမှာ အကြိမ်ပေါင်း မရေမတွက်နိုင်အောင် ဘဝတွေ၊ ဘဝတွေ အများကြီး ကျင်လည်ခဲ့ကြတာပဲ။ တစ်ချိန်မဟုတ် တစ်ချိန်မှာ မောင်နှမ၊ သားအမိ တော်စပ်ခဲ့ကြတာချည်းပဲပေါ့'

'ဒီလိုဆိုရင် ဘီးလင်းမြို့ မြင်သာတောင်မှာ အရင်ဘဝက တော်စပ်ခဲ့ဖူးတဲ့ မိခင်ရှိမလား အမေ'

မယ်တော်ကြီးက အချိန်အနည်းငယ် ငြိမ်သက်စွာ အာရုံပြုပြီးနောက်...

'ဟဲ့ သုံးယောက်ပါလား။ အမယ် နဂါးမယ်တော်တွေကွယ့်'

'ဟုတ်ကဲ့ သီလဝတီ၊ ပညာဝတီ၊ စာဂဝတီတဲ့။ ဘယ်တစ်ယောက်က ကျွန်တော့်မိခင် ဖြစ်ခဲ့နိုင်သလဲ အမေ'

'ပညာဝတီ ဒေါ်ပညာဝတီပဲ။ ဇါလဲ တစ်ဘဝတုန်းက လူလေးရဲ့မိခင် ဖြစ်ခဲ့ဖူးတာပဲ။ အခု မိခင်က ရုပ်သွင် အတော်နုသေးတာပဲ။ ငါကတော့ အိုမင်းပြီကွယ့်'

'ဩော် ကျွန်တော့် ကင်မရာထဲမှာ တော့ ပုံတွေရှိသေးတယ်၊ အမေ ကြည့်ပါဦး'

ကင်မရာ စကရင်ကိုဖွင့်၍ နဂါးမယ်တော်သုံးပါး ပုံကို အကြီးချဲ့လျက် တစ်ပါးချင်း ပြကြည့်သည်။ အလယ်မှ ဒေါ်သီလဝတီရုပ်ပုံကို မြင်ရသော် ခေါင်းခါ၏။ လက်ယာဘက်မှ ဒေါ်စာဂဝတီပုံ။

'မဟုတ်သေးဘူး သားရဲ့'

လက်ဝဲဘက်မှ ဒေါ်ပညာဝတီ။

'ဒါပဲ။ အဲဒါ ယခင်ဘဝက လူလေးရဲ့ မိခင်ပါ'

'ကျွန်တော် ဘာလုပ်ပေးသင့်သလဲ အမေ'

'ကုသိုလ်ပြုပြီးတိုင်း အထူးပြု အမျှဝေပေးပေါ့ လူလေးရယ်'

ပင်းယရွှေစည်းခုံမှ ပြန်လာပြီးနောက် ပဋ္ဌာန်းဂုဏ်တော်ကွန်ချာ ပူဇော်ပြီးလေတိုင်း ပြုမြဲဖြစ်သော ဆရာ၊ စာဖတ်ပရိသတ်မှစ၍ ကုသိုလ်အမျှ ပေးဝေခဲ့ရာမှ ယခုသော် ဆရာ၊ စာဖတ်ပရိသတ်နှင့်အတူ ယခင်ဘဝ တော်စပ်ခဲ့ဖူးသည့် မိခင် ဒေါ်ပညာဝတီအားလည်း အထူးပြု၍ အမျှပေးဝေ မေတ္တာပို့ဖြစ်ခဲ့လေသည်။

သဗ္ဗေသတ္တာ ကမ္မသကာ

**စံထွန်းသာ**



www.burmeseclassic.com

www.burmeseclassic.com

# ရခိုင်ရိုးမတစ်နေရာမှ

အိပ်မက်အရ ပင့်ဆောင်ရရှိသော

# အံ့တော်တစ်ဆူ

ခင်လွှန်း



◆ အံ့တော်ကြုတ်စေတီ

'ဦးဖြူပင်ကျောင်းမှာ တရုတ်နိုင်ငံက စွယ်တော်မြတ်ပုံတော်ရှိတယ်... ဆရာ မြင်ခဲ့သေးလား။ ကျွန်တော့်မှာလဲ တစ်ဆူ ရှိတယ်။ စွယ်တော်တော့ မဟုတ်ဘူး။ အံ့တော် လို့ ဆိုပါတယ်'

ဆရာ ဦးကျော်မြင့်က ထိုသို့ပြောပြသဖြင့် တောင်ငူမြို့ မင်းကြီးညိုရပ်ကွက်၊ ထီးနီကုန်းရှိ သူ၏ နေအိမ်သို့ လိုက်ပါ၍ ဖူးမြော်ဖြစ်ခဲ့သည်။

ငွေစေတီသဏ္ဍာန် ရှစ်မြှောင့်ပစ္စယံ ကျည်းဝန်းငါးဆင့်အထက် ဖန်ပေါင်းချောင်ဖြင့် ပူဇော်ထားသည်။ အံ့တော်ကို အ,ဂါရဝဖြစ်မည်စိုးသဖြင့် ကိုင်တွယ်ခြင်း မပြုဘဲ အနီးကပ် ဖူးမြော်ကြည့်ရာ အလျား သုံးလက်မကျော်ခန့် ရှိမည်ဟု မှန်းဆရသည်။

အံ့တော် မူလကိန်းဝပ်ရာနေရာကား ရခိုင်ရိုးမတွင်းတစ်နေရာ ဖြစ်သည်။ ၁၉၉၈ ခုနှစ်တွင် ဒလမြို့တွင် သီတင်းသုံးသော ဆရာတော်တစ်ပါးက အိပ်မက်တွင် အံ့တော် ဖူးမြော်ရသည်ဟု မက်သဖြင့် အဆိုပါနေရာအား သွားရောက် ရှာဖွေသောအခါ အိပ်မက်တွင်းမှ အခြေအနေအတိုင်း ကျောက်ဆောင်ကြီးကို တွေ့ရသည်။


အနီးတွင် အနက်ရောင်မြွေကြီး တစ်ကောင်က ခွေလျက်သား ငြိမ်နေသည်။ အိပ်မက်အရ အံ့တော်လာပင့်ခြင်းဖြစ်သည်ဟု ပြောဆိုအမျှဝေပေးရာ မြွေကြီးက လျှိုအတွင်းသို့ အသာအယာ ဆင်းသက်သွားလေသည်။

သို့သော် အံ့တော်ကို မဖူးမြင်ရချေ။ သို့ဖြင့် ပူဇော်ခွင့်ရပါလျှင် နိမိတ်ပြတော်မူပါဘုရားဟု တိုင်တည်လျှောက်ထားလေရာ ကျောက်ဆောင်တွင်းမှ အလင်းရောင်တန်းကြီးတစ်ခု ထွက်လာသည်။ ထိုနေရာအား တူးရွင်းဖြင့် ပိုင်းတူးလေမှ အံ့တော်ကို ဖူးတွေ့



www.burmeseclassic.com

www.burmeseclassic.com



◆ အံတော်အနီးကပ်ပုံမြင်ရစဉ်

ပင့်ဆောင်လာရသည်ဆို၏။

ဒလဆရာတော်ထံမှ သီတင်းသုံးဖော်ဖြစ်ခဲ့ဖူးသော **စစ်ကိုင်း ငှါတရော် မြောက်ကျောင်းဆရာတော် ဦးကုမ္ဗြိယ** က ပင့်ဆောင်သွားခဲ့သည်။

'ဆရာတော် ဦးကုမ္ဗြိယက သိရိလင်္ကာ စွယ်တော်မြတ်နဲ့ ရင်ငွေ့လှုံခဲ့တဲ့ စွယ်တော်ပွားတစ်ဆူ ပူဇော်ခွင့်ပေးမယ်၊ လာပင့်ပါဆိုလို့ ငှါတရော်ရွာ လိုက်သွားတယ်။

ကျောင်းရောက်တော့ ရင်းနှီးတဲ့ သံဃာတွေက သူတစ်ဆူ၊ ငါတစ်ဆူ ဆိုသလို အတင်းအကျပ် ပင့်သွားကြလို့ စွယ်တော်ပွားတစ်ဆူမှ မကျန်တော့ဘူး။

ဒါနဲ့ ဆရာတော်က အေးလေ ဆိုထားတဲ့ စကားရှိမှတော့ ကတိပျက်လို့ မဖြစ်ဘူး။ ဒီအံတော်သာ ပင့်သွားပါတော့။

ဆိုတာနဲ့ ဝမ်းသာအားရ ပင့်လာခဲ့တာ (၆)နှစ်လောက်ရှိပါပြီ၊ ၂၀၀၇ ခုနှစ်လောက်က ဖြစ်မယ်ထင်ပါရဲ့'

◆ အံတော်ပူဇော်ခွင့်ရသူ ဆရာဦးကျော်မြင့်



'ဒလဆရာတော်ရဲ့ ဘွဲ့မည်မသိဘူးလား ဆရာ'

'ဆရာတော် ဦးကုမ္ဗြိယတော့ သိပါတယ်။ ကျွန်တော် မေ့နေလို့ပါ'

သို့ဖြစ်လေရာ အများပြည်သူကြည်ညို ကုသိုလ်ပွားနိုင်ကြစေရန် ဓာတ်ပုံရိုက်ကူး ပူဇော်၍ တင်ပြလိုက်ပါသည်။

**ခင်ထွန်း**



www.burmeseclassic.com

www.burmeseclassic.com

ဝေဟင်ယံတွင် မှတ်တမ်းပြု ဖူးတွေ့ရသည့်

# ရေတံခွန်တောင်ခြေ ဗြဟ္မာသမား

၏ အောင်ရုပ်ဘွေ ဖြေမဟီနှုန်းဆီသို့ (၄)

ခရီးသည်
သုတေသီတစ်ဦး

## ယခင်လမှ အဆက်

'အဲဒီစာရွက်ကလေးကို ကျွန်တော် ဓာတ်ပုံရိုက်ချင်ပါတယ်။ အဘ သိမ်းထားတယ် မဟုတ်လား'

'ရှိတယ်၊ ရှိတယ်။ ကျုပ်သိမ်းထားတယ်'

ဦးဘဟင်က အသက်အရွယ်နှင့်မလိုက်အောင် လျင်မြန် ဖျတ်လတ်စွာဖြင့် အိမ်ပေါ်ထပ်သို့ တက်သွားကာ ပစ္စည်းပစ္စယများ လှန်လှောရှာဖွေလေသည်။ ထိုအခါ သမီးဖြစ်သူ ဒေါ်စန်းလှိုင်က...

'အဘက အစ်မတန် တစ်ယူသန်ဆန်တယ်။ ရေတံခွန်ဆရာတော်ကလွဲပြီး ဘယ်ဘုန်းကြီးမှ မကြည်ညိုလို့ ကျွန်မတို့က အမြဲဖျောင်းဖျပြောဆိုပေးရတယ်။

ဆရာတော်ရဲ့ အမှတ်တရပစ္စည်းတွေ သိမ်းထားပေးမယ့် ကြည်ညိုလိုပါဆိုပြီး လာတောင်းရင် ပေးပစ်တာပဲ။ ဆရာတော်ရဲ့ သင်္ကန်းသင်းပိုင်တွေဆိုရင် သုံး,လေးစုံက ရှိပေမယ့် ဟိုလူတစ်စ၊ ဒီလူတစ်စ ဖြတ်တောင်းလို့ ပေးလိုက်တာ လုံးဝ မကျန်တော့ဘူး'

ဟု ပြောပြသည်။ အတန်ကြာသော် ဦးဘဟင်က ဆရာတော်၏ ဓာတ်ပုံ (နိုပ်ကားချပ်)ကို ကိုင်၍ ပြန်ဆင်းလာသည်။

'ဘယ်ရောက်ကုန်တယ် မသိပါဘူး။ ဒီပုံကလေးပဲ ရှိတော့တယ်'

ဆိုပုံတော်အား ဓာတ်ပုံ ရိုက်ယူထားလိုက်သည်။

'ပုံလွန်တော်မူပြီးနောက် ရေတံခွန်တောင်မှာ စံကျောင်းဆောက်၊ မှန်ခေါင်းနဲ့ ပူဇော်ထားတာ တစ်နှစ်လောက်ကြာတဲ့အထိ



သက်တော် (၉၆)နှစ်က ဦးဇောတိပါလ


www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းအလှူမှတ်တမ်းမှ မိတ္တူပုံ

မပုပ်မသိုးတဲ့ ခြေလက်တွေ ကွေးလို့ ဆန့်လို့ ရသေးတယ်။ တစ်နှစ်လောက်ကြာမှ အုတ်ဂူထဲသွင်း အလုံပိတ်ပြီး ပူဇော်လိုက်ကြတယ်။

နောက်ပိုင်း အုတ်ဂူအပေါ်ပိုင်း ဖွင့်ပြီး ဖူးလို့ရအောင် လုပ်ထားတယ်လို့ ကြားရတယ်။ ဒီအတိုင်းဆိုရင် ပိုးမွှားတွေဝင်ပြီး ရုပ်ကလာပ်တော် ပျက်စီးနေပြီ ထင်ပါရဲ့'

'ကျွန်တော် သွားဖူးပြီးပါပြီ။ မျက်နှာနဲ့ ခြေလက်တွေ ပုံမှန်အတိုင်း ရှိတယ်။ အသားတွေကတော့ ကျုံ့သွားပြီ အဘ။ အနံ့အသက်တော့ မရှိပါဘူး'

'ကျုပ်လဲ တောင်ပေါ် မရောက်တာ နှစ်ပေါင်း (၂၀)လောက်ရှိပြီ။ အင်းလေ... ခန္ဓာအစု ရုပ်ကလာပ်ကို ခင်တွယ်ကြည်ညိုနေတာထက် ဆရာတော်ကြီးရဲ့ ဩဝါဒအတိုင်း နေထိုင်တာက ဆရာတော်ရဲ့ တပည့်ပီသပါလိမ့်မယ်။ ဆရာတော် အမြဲမှာလေ့ရှိတာက "**လူကတော့ သေချင်သေပါစေ၊ နာမည်တစ်လုံးတော့ မသေစေနဲ့**"တဲ့။

## ဆရာတော်ကြီး၏
## ဩဝါဒတရားအချို့

ဒကာ,ဒကာမအပေါင်းတို့ လူတော့ သေချင်သေပါစေ၊ နာမည်တစ်လုံးကိုတော့ မသေပါစေနဲ့ ဟုတ်လား။ နာမည်တစ်လုံး ပျက်သွားပြီဆိုရင် နောင်အခါ ပြုပြင်ဖို့ မလွယ်တော့ဘူး။ ကောက်ပဲသီးနှံတွေ ကောင်းဖို့ဟာ ဘာကြောင့်လဲ မြေဩဇာကြောင့်၊ သားသမီးများ ကောင်းဖို့ဟာလဲ မိဘနှစ်ပါးကြောင့်၊ လူကောင်းဖို့ရာ မိတ်ဆွေများကြောင့်လို့ မှတ်ထားကြပါ။

ဒီလောကမှာ ကောက်ပဲသီးနှံတွေ စိုက်ပျိုးထားပြီး မြေတောင်မြှောက်မပေး၊ မြေဩဇာမကျွေး၊ ရေမလောင်း၊ မြက်ပေါင်းတွေကို ရှင်းမပေးဘူးဆိုရင် အဲဒီကောက်ပဲသီးနှံ ဟင်းသီးဟင်းရွက်တွေ ဘယ်နည်းနဲ့မှ ကောင်းလာမယ် မဟုတ်ဘူး။


အလားတူပဲ သားသမီး၊ တပည့်တပန်းတွေကို အကျင့်သီလ ... ဆိုတဲ့





www.burmeseclassic.com

www.burmeseclassic.com



◆ အနီးကပ် မြင်တွေ့ရသော ဆရာတော်ဒီမာန်

မြိသြဇာ ထည့်မကျွေးဘူးဆိုရင် **"သားသမီးမကောင်း၊ မိဘခေါင်း"၊ "တပည့်မကောင်း ဆရာခေါင်း"** ဖြစ်သွားလိမ့်မယ်။

ကောက်ပဲသီးနှံများ ကောင်းဖို့ဟာ မြေသြဇာနဲ့ ရေ အကူအညီ ရမှသာလျှင် စိမ်းလန်းစိုပြည်ပြီး ကြီးထွားတိုးတက် ကောင်းမွန်လာသလို ထို့နည်းတူစွာ ဤလောကကြီးမှာ သားသမီးတွေဟာ ထမရှေးဦးစွာ မိဘနှစ်ပါးတို့ရဲ့ ဆုံးမ သြဝါဒကို ရပြီး၊ ဒုတိယ ကလျာဏ မိတ္တသမ္ပဒါ၊ ကောင်းကျိုးချမ်းသာကို ညွှန်ပြတတ်တဲ့ မိတ်ဆွေကောင်းတွေနဲ့ ပေါင်းသင်းနေထိုင်ရလျှင် လူကောင်း၊ သူကောင်းဘဝ ရောက်ပြီး ပစ္စုပ္ပန်နဲ့ သံသရာ ချမ်းသာနှစ်မျိုးလုံးကို ခံစား ပြီး မအိုရာ၊ မနာရာ၊ မသေရာဖြစ်တဲ့ နိဗ္ဗာန်ကို ရောက်တဲ့အထိ အကျိုးရှိနိုင် တယ်။

## အိမ်ကို ဖျက်တာ ခြ၊ လူကို ဖျက်တာ ပါပမိတ္တ

ဒါယကာ၊ ဒါယိကာမအပေါင်း သူတော်ကောင်းတို့... အိမ်, ကျောင်း, ဇရပ် စတာတို့ကို သဘော်သဆေး၊ ရေနံချေး စသည်တို့ဖြင့် သုတ်လိမ်းမပေးဘူးဆိုရင် ခြသတ္တဝါများ အခွင့်ရ၍ တက်မိသောအခါ သူတို့သွားလာ၊ အိမ်ဖွဲ့ရုံမျှနဲ့ ကြာသောအခါ ပျက်စီးတတ်တယ်။ စားပစ်လိုက်ပါမူကား ပြောစရာမရှိ၊ ပျက်စီးကေန် ဖြစ်တော့တယ်။

ထို့နည်းတူ ဒကာ၊ ဒကာမတို့ဟာလဲ ရှင်တော်ဘုရားရဲ့ နိယျာနိက သာသနာနဲ့ တွေ့ဆုံကြုံကြိုက်ရပါသော်လဲ ပါပမိတ္တနဲ့ သွားပြီးပေါင်းမိရင် ခြစားခြင်းခံရတဲ့ အိမ်ကဲ့သို့ ဒီလူဟာ လောကီ လောကုတ္တရာ ချမ်းသာနှစ်မျိုးလုံး ဆုံးရှုံးကာ ဘဝပြောင်းတဲ့အခါ အပါယ်လေးရွာသို့ ကျရောက်မှာ မြေကြီးလက်ခတ်မလွဲ မှတ်ထားကြပါ ဒကာတို့'

ထို့နောက်တွင် ဆရာတော်ကြီးက ပါပမိတ္တဖြစ်သော ဒေဝဒတ်နှင့် ပေါင်းမိ၍ ပိတုဃာတကကံထိုက်ကာ ပူပန်မှုကြီးစွာဖြစ်ရစဉ် ကလျာဏမိတ္တဖြစ်သော ဇီဝကနှင့် ပေါင်းမိပြီးနောက် ရတနာသုံးပါး သက်ဝင်ယုံကြည်၍ အသက်ခန္ဓာကိုယ်ပါ စွန့်လှူသည်အထိ ကြည်ညိုအားကောင်းခဲ့သူ အဇာတသတ်ကို စံပြုဟောကြားတော်မူသည်။

'ဤဘုရားရှင် သာသနာ၌ အဇာတသတ်နှင့်တူသော ပုထုဇဉ်တို့၏ ဘုရား စသော ရတနာသုံးပါး၌ သက်ဝင်ယုံကြည်မှု သဒ္ဓါမရှိဟု ဘုရားရှင်ကိုယ်တော်တိုင် မိန့်မြွက်တော်မူခဲ့တယ်။

အဇာတသတ်ဟာ လောဟကုမ္ဘီငရဲမှ လွတ်ပြီးနောက် နောင်အနာဂတ်ကာလမှာ ဝိဇိတာဝီအမည်ရှိ ပစ္စေကဗုဒ္ဓါဖြစ်ပြီး ကိလေသာချုပ်ငြိမ်း ဘဝဇာတ်သိမ်းလိမ့်မယ်လို့ ဘုရားရှင်မိန့်တော်မူတဲ့ စကားကို မှတ်သားပြီး ကြိုးစား၍ ပွားများကြပါရန် နှိုးဆော်တိုက်တွန်းရင်း တရားနိဂုံးချုပ်အပ်ပါတယ် ဒကာ၊ ဒကာမအပေါင်းတို့'

မဟာရင်ဂိုဏ်းချုပ် ဆဋ္ဌမဆရာတော် အရှင်ဇောတိပါလသည် ဤတရားတော်ကို **ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ တောင်ပေါက်ရွာ၊ သာသနာ့ပါလကျောင်း**တွင် ဟောတော်မူခဲ့ခြင်း ဖြစ်ပါသည်။

## ညီညွတ်ရေး တရားတော်

ဆရာတော်သည် တရားဟောပလ္လင်ထက် ထိုင်နေရာမှ လက်ငါးချောင်း ထောင်ပြပြီး...

'ကဲ မြင်ကြရဲ့လား... လက်ငါးချောင်း အစီအရီ ညီညာစွာ ရှိကြသလို ဒကာ၊ ဒကာမတွေကလဲ အားလုံး ညီညီညွတ်ညွတ်နဲ့ ရှင်တော်ဘုရားရဲ့ သာသနာကို ထိန်းသိမ်းစောင့်ရှောက် ချီးမြှောက်အားပေးကြပါ။

ဘုရားသားတော်များ ဖြစ်ကြတဲ့ သံဃာတော်များကရော လူဒါယကာ၊ ဒါယိကာမများကပါ အလွန်ကောင်း



www.burmeseclassic.com

www.burmeseclassic.com

မြတ်ပြီး အဖိုးမဖြတ်နိုင်တဲ့ မိမိတို့ နာမည်တစ်လုံးကို ဖျက်မပစ်လိုက်ပါနဲ့။ လူသေပါစေ၊ နာမည်တော့ မသေပါစေနဲ့။

**"သမဂ္ဂါနံ တပေါ သုခေါ"** ဤလူတွေအားလုံး ညီညီညွတ်ညွတ်နဲ့ တိုင်တိုင်ပင်ပင် လုပ်ကိုင်ကြရင် ကိုယ်စိတ်နှစ်ဖြာ အမြဲချမ်းသာစွာ နေရမည်မှာ မလွဲပါဘူး။ တစ်ဦးနဲ့တစ်ဦး ညီညွတ်ဖို့ဟာလဲ ခန္တီတရားကို လက်ကိုင်ထားရပါမယ်။ ခန္တျာဘိယျောန ဝိဇ္ဇတိ၊ ခန္တီတရားထက် ကောင်းမြတ်တဲ့တရား မရှိပါဘူး။

အခုလို ဒါနကုသိုလ်၊ သီလကုသိုလ် လှူကြတန်းကြ ဆောက်တည်ကြတာဟာ ဘာကို အလိုရှိလို့ လှူကြတန်းကြ ဆောက်တည်ကြတာလဲ။ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို လိုချင်တောင့်တလို့ လှူကြတန်းကြ ဆောက်တည်ကြတယ် မဟုတ်လား။

နိဗ္ဗာန်ကို လိုချင်ရင် ပါရမီဆယ်ပါးထဲက ခန္တီပါရမီဆိုတာ အမြတ်ဆုံးပဲ။ ဒါကို လက်သုံးလက်ကိုင် ပြုထားရမယ်။ ဒါမှလဲ လောကီလောကုတ္တရာ အကျိုးပွားတိုးမှာ။

ပညာရှိ အများကလဲ ချီးမွမ်းပြီး မိမိအကျိုးစီးပွားလဲ ဖြစ်ထွန်းပေါ်ပေါက်မယ်။ **"ခန္တီပရမံ တပေါတိ တိက္ခာ"** ဆိုတဲ့ ဂါထာကို ဩဝါဒ ပါတိမောက် အခန်းမှာ ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားတော်မူပါတယ်။

ဒါကြောင့်မို့ ကျိုက်သီမွန်ကျောင်း ဒါယကာ၊ ဒါယိကာမ အားလုံးက မိမိတို့ လုပ်တဲ့အလုပ်၊ ပြောတဲ့အပြော၊ ကြံတဲ့အကြံကို တစ်လုံးတစ်စည်းတည်း ညီညီညွတ်ညွတ်ဖြစ်အောင် **"သည်းခံမှ နိဗ္ဗာန်ရောက်"** ဆိုတဲ့အတိုင်း ခန္တီတရား အမြဲ လက်ကိုင်



◆ အတုနေတာပည့် ဦးမြမင်းထိဌြေး ဦးညွန့်အောင်

◆ အတုနေတာပည့် ဦးဘဟင်နှင့် သမီး ဒေါ်စန်းလှိုင်



ထားပြီး လုပ်၊ ကိုင်၊ ပြော၊ ဆို၊ ကြံ၊ စည်ကြပါ။

ပရိယတ်၊ ပဋိပတ်သာသနာနဲ့ ပတ်သက်လို့လဲ တစ်လုံးတစ်ဝတည်း ဖြစ်ကြဖို့ သမ္မပ္ပစာန်တရားတော်လာ အတိုင်း လိုက်နာကျင့်သုံးကြပါ။ အဲဒီလို ကျင့်သုံးကြရင် မိမိတို့ မဟာရင်ဂိုဏ်းသာမက ဘုရားရှင်သာသနာ ကြီးပွားတိုးတက်မှာ ဧကန်ဖြစ်ပါတယ်။

★ ခန္တီတစ်လုံး လက်ကိုင်သုံး လူမုန်း မရှိရာ။
★ ခန္တီတစ်လုံး လက်ကိုင်သုံး အပါယ်ဘုံ မလားပါ။
★ ခန္တီတရား လက်ကိုင်ထား အများမ...
★ ခန္တီလက်ခံ ပြည့်နိဗ္ဗာန် ပျော်စံရလိ...

ကောက်စား မလောက်

ဖြောင့်စား မကုန်

ဒီလောကမှာ စိတ်ထား မကော... ဖြောင့်မတ်ရိုးသားသူဟာ မည်သ... အရပ်၌နေနေ ဘေးအန္တရာယ်... အမြဲကိုယ်စိတ် ချမ်းသာတယ်... တယ်ဆိုတာ ဘယ်လိုဖြ...လဲ။ အ...



www.burmeseclassic.com

www.burmeseclassic.com

ကာယကံလဲ ဖြောင့်တယ်။ ဝစီကံလဲ ဖြောင့်တယ်၊ မနောကံလဲ ဖြောင့်တယ်လို့ဆိုရင် ဘုရားအစ သူတော်ကောင်း သူမြတ်လောင်းတို့က ချီးမွမ်းကြလိမ့်မယ်။

ဘဝ ပြောင်းသွားတဲ့ အခါလဲ နတ်ပြည်မှာ မွေ့လျော် ပျော်ပါးရတယ်၊ ရိုးသား ဖြောင့်မတ်သူကို လူတွေကလဲ ကြည်ညိုနတ်တွေကလဲ ချစ်မြတ်နိုးပြီး အမြဲလိုလို ကိုယ်စိတ်နှစ်ပါး ချမ်းသာစွာ နေရတယ်။

လူ့ပြည်မှာ လူဖြစ်ရပြီး သာသနာတော်နဲ့ ကံကောင်းထောက်မစွာ ကြုံတွေ့ရတဲ့အခါ ကာယကံ၊ ဝစီကံ၊ မနောကံတို့ကို ဖြောင့်မှန်အောင် ထားပြီး ကုသိုလ်တရားကို ပွားများအားထုတ်ကြပါ။

ယခုလို အားထုတ်ရင် ဖြစ်လေရာရာ သံသရာမှာ အသက်အားဖြင့်လည်းကောင်း၊ အဆင်းအားဖြင့်လည်းကောင်း၊ စည်းစိမ်အားဖြင့်လည်းကောင်း၊ ခွန်းအားဗလအားဖြင့်လည်းကောင်း၊ ဉာဏ်ပညာအားဖြင့်လည်းကောင်း အားလုံး အထက်တန်းကျပြီး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာနဲ့ သံသရာမှာ ကျင်လည်ရရုံမက အဆုံးဘဝမှာလဲ နိဗ္ဗာန်ကို မဂ်ဖိုလ်ဉာဏ်တို့ဖြင့် မျက်မှောက်ပြုနိုင်သည်အထိ အကျိုးရှိနိုင်တယ်။

ဒါကြောင့် သာသနာတော် အနှစ်



◆ ရေတံခွန်

ဝါးတောင်အထိ အစွန့်ရှည်စွာ ကြီးပွားတိုးတက်ထွန်းကားအောင် ဝိုင်းဝန်းပြီး လက်တွဲညီညီ မဖြုတ်စတမ်း ကြိုးပမ်းဆောင်ရွက်သွားကြပါလို့ တိုက်တွန်းရင်း နိဂုံးချုပ်ပါတယ်'

ဤတရားကို ဆရာတော်ကြီးသည် ရန်ကုန်မြို့၊ ဗဟန်းကြားတောရလမ်း၊ အမှတ်(၂၃)ရှိ ကျိုက်သီမွန်ပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ၁၃၃၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ်(၃)ရက်နေ့တွင် ဟောကြားခဲ့ခြင်း ဖြစ်လေသည်။

## နိဂုံးချုပ် ကျေးဇူးတင်လွှာ

မဟာရင်ဂိုဏ်းချုပ် ဆဋ္ဌမဆရာတော် ရေတံခွန်တောင်တောရ အရှင်ဇောတိပါလ အရှင်မြတ်အား ပူဇော်မှုစာစုအတွက် အားပြု ကိုးကားခဲ့သည်များမှာ...

(က) မုဒုံမြို့နယ်၊ ညောင်ကုန်းကျေးရွာ၊ မဟာဇောဝိကျောင်း ဆရာတော် အရှင်ဝေဒဂူ စုဆောင်းပြုစုသော "ဆဋ္ဌမမြောက် မဟာရင် ဂိုဏ်းချုပ် ဆရာတော်မြတ်၏ ထေရုပ္ပတ္တိကထာကျမ်း"။ ၁၃၈၇ ခုနှစ်၊ ငွန်လထုတ်။

(ခ) ဆရာတော်ကြီး၏ အနီးနေတပည့်ရင်း ဝင်းရော်ဆိပ်ကြီးဇာတိ မုဒုံမြို့နေ ဦးဘဟင်နှင့် တွေ့ဆုံမေးမြန်းခြင်းများ။

(ဂ) ကျိုက်မရော မဟာဇောဝိ မြစိမ်းဆရာတော် အရှင်ရေဟုလာ မိန့်ကြားချက်များ။

(ဃ) ဆရာတော်၏အနီးနေ တပည့်တစ်ဦးဖြစ်သူ ဦးမြမင်း၏မြေး ဦးညွန့်အောင်နှင့် တွေ့ဆုံမေးမြန်းခြင်းများ။

(င) ကော့ခပုံရွာ၊ သာသနာဝေပုလ္လာရာမကျောင်းဆရာတော် အရှင်ဥပါလိ၏ မိန့်ကြားကူညီမှုများတို့ ဖြစ်ကြပါသည်။

ထို့ကြောင့် ဤပူဇော်မှု ဖြစ်မြောက်ရေးအတွက် ကူညီကြပါသော ဆရာတော်များ၊ သံဃာတော်များ၊ တပည့်ဒါယကာ လူပုဂ္ဂိုလ်များအားလုံးကို ကျေးဇူးဥပကာရ တင်ရှိပါကြောင်း မှတ်တမ်းပြုလျက် နိဂုံးချုပ် အဆုံးသတ်ရပါသည်။

**ခရီးသည်သုတေသီတစ်ဦး**



www.burmeseclassic.com

www.burmeseclassic.com



# အလောင်းထမ်းပုံစံဖြင့်

မွေးကောင်းပါသည်

မောင်ငြိမ်းကြူ
(စီးပွားရေး)

၂၀၁၃ ခုနှစ်၊ မတ်လ၊ အမှတ်(၃၂၀)၊ စာမျက်နှာ(၂၆၄)၊ နက္ခတ္တရောင်ခြည် မဂ္ဂဇင်းတွင် ဆရာ နတ်မောက် လှမြင့်သစ်က **"အလောင်းထမ်း မမွေးကောင်းဘူးလား"**ဟု ခေါင်းစဉ်တပ်၍ ဆောင်းပါးတစ်ပုဒ် ရေးသားသည်ကို ဖတ်ရှုရပါသည်။

ဆောင်းပါးတွင် ပထမ သားယောကျ်ားလေး၊ ဒုတိယက သမီးမိန်းကလေး၊ တတိယက သားယောကျ်ားလေး၊ စတုတ္ထကလည်း သားယောကျ်ားလေး ဖြစ်နေသဖြင့် နှစ်ဖက်မိဘများက...

'နင်တို့ နောက်ထပ် သားသမီးမယူနဲ့တော့'

ဟု တားမြစ်ကြောင်း၊ နောက်ထပ် မွေးသော ကလေးသည် မိန်းကလေး ဖြစ်က မထောင်းသာသော်လည်း သားယောကျ်ားလေး ဖြစ်နေပါက သား(၄)ယောက်၊ သမီး(၁)ယောက်ဖြစ်၍ သမီးမိန်းကလေး ပျက်စီးပြီး သားလေးယောက်က ထမ်းပို့ရတတ်သည်၊ စသဖြင့် **"အလောင်းထမ်းမွေးသည်"** ဟု ခေါ်ကြောင်း စသဖြင့် ရေးသားထားပါသည်။

ကျွန်တော် လေ့လာမိသမျှကို တင်ပြပါမည်။ သားသမီးများ မွေးဖွားရာ၌ **ယောကျ်ားလေး၊ လေးယောက် ပထမဦးစွာ မွေးဖွားပြီးနောက် ပဉ္စမမြောက်ကလေးသည် မိန်းကလေး ဖြစ်နေမှသာလျှင် အလောင်းထမ်း မွေးသည်ဟု ခေါ်ကြောင်း မှတ်သားမိဖူးပါသည်။**

တစ်နည်းအားဖြင့် ကျား(၄)၊ မ(၁) ကို ဆက်တိုက်မွေးမှသာ အလောင်းထမ်းမွေးသည်ဟု ခေါ်ပါသည်။ ဆရာလှမြင့်သစ်ရေးသကဲ့သို့ သားသမီး (၅) ဦး ဖြစ်သော်လည်း အလယ်တွင် (မ) တစ်ဦး ရှိနေပါက အလောင်းထမ်းမွေးသည်ဟု မခေါ်နိုင်ပါ။

အလောင်းထမ်း မွေးသည်ဟု နာမပညတ် တပ်ဆိုရာတွင်လည်း သမီးမိန်းကလေး ပျက်စီး မပျက်စီးတတ်သည်ကို အပထား။ နာမပညတ်အရအားဖြင့် ယောကျ်ားလေး လေးယောက်က ထမ်းစင်၏ ထောင့်လေးထောင့် လေးဖက်တွင် တစ်ယောက်စီ အသင့်ထမ်းထားပြီး ပဉ္စမမြောက် မိန်းကလေး မွေးမှသာ ထမ်းစင်ပေါ်တင်၍ ထမ်းသွားသည့်သဘော လက္ခဏာဖြစ်၍ အလောင်းထမ်းမွေးခြင်းဟူသော နာမပညတ်နှင့် သင့်လျော်သည်ဟု ယူဆရပါသည်။

ဆီလျော်သင့်မြတ်ဖွယ်လည်း ဖြစ်ပါသည်။ အလောင်းထမ်းသွားသည့် ပုံစံနှင့် တူညီနေသောကြောင့် ဖြစ်ပါသည်။

သို့သော် ယခု ကျွန်တော့်အသက် (၆၆)နှစ် ရှိပါပြီ။ ဤသို့ ကျား(၄)၊ မ(၁) ဆက်တိုက်မွေးသည်ကို တစ်သက်တာတွင် တစ်ခါမျှ မကြုံတွေ့ခဲ့ရဘူးသေးပါ။ ထို့ကြောင့် ပဉ္စမမြောက် မိန်းကလေး ပျက်စီး၊ မပျက်စီးသည်ကိုလည်း အတပ်မပြောနိုင်ပါ။

ဆရာလှမြင့်သစ်၏ ဆောင်းပါးကို ဖတ်ပြီးနောက် သားချည်းငါးယောက် မွေးထားသော သူငယ်ချင်း ရဲတင့်နှင့် ဝင်းဝင်းရီတို့ ဇနီးမောင်နှံကို ပြေးမြင်မိခဲ့ပါသည်။

သားလေးယောက် မွေးပြီးနောက် နောက်ထပ်တစ်ယောက် ယူသောအခါ မည်သို့ ခံစားရပါသလဲ၊ ပဉ္စမမြောက်ကလေးသည် မိန်းကလေး ဖြစ်နေပါက မည်သို့ဖြစ်မည်လဲ၊ "အလောင်းထမ်းမွေးသည်"ဟူသော စကားနှင့် အယူအဆကိုရော ကြားဖူးပါသလား။ ဘယ်လိုသဘောထား ရှိပါသလဲ စသဖြင့် သူတို့ကို မေးကြည့်မည်ဟု စိတ်ကူးထားခဲ့မိပါသည်။

ဤမှာခေတ်တွင် သားသမီးငါးယောက်ယူသည့် မိဘ(ဝါ)အိမ်ထောင်စုကိုကပင် ရှားပါးပစ္စည်း ဖြစ်နေပါပြီ။

တိုက်တိုက်ဆိုင်ဆိုင်ပင် သူငယ်ချင်းတစ်ယောက်အိမ်တွင် ဝင်းဝင်းရီနှင့် ဆုံမိပါသည်။ ကျွန်တော်လည်းစိတ်ထဲ



www.burmeseclassic.com

www.burmeseclassic.com

တေးထားသည့်အတိုင်း မေးမိပါသည်။ ဝင်းဝင်းရီကတော့ သူ့ထုံးစံအတိုင်း မျက်လုံးအပြူးသားနှင့်...

'ကြားတော့ ကြားဖူးတယ်။ ဒါပေမယ့် ဘာမှန်းတော့ မသိဘူး'

တဲ့၊ ကောင်းရော၊ ဒီတော့ ကျွန်တော်က Five in oneအကြောင်း ရှင်းပြရပါသည်။

'ဪ ဒီလိုလား၊ ဝင်းဝင်းတို့တော့ ဘာမှအယူမရှိပါဘူး။ သားလေးယောက်မွေးပြီး သမီးတစ်ယောက်လိုချင်လို့ ကလေးထပ်ယူလိုက်တာ မိန်းကလေး မဖြစ်ဘဲ ယောက်ျားလေးပဲဖြစ်နေလို့ နောက်ထပ် မယူရဲတော့ဘဲ ရပ်လိုက်ရတယ်။ မိန်းကလေး ရနိုးရနိုးနဲ့ ထပ်ယူနေလို့ ယောက်ျားလေး ထပ်ဖြစ်နေရင် ဒုက္ခပဲလေ ဟင်း ဟင်း ဟင်း'

ဝင်းဝင်းက သူ့စကားကို သူ သဘောကျကာ ရယ်နေသည်။

'ဘာဖြစ်လဲဟ၊ ဘုရားရှင်လက်ထက်တုန်းက ဗန္ဓုလစစ်သူကြီးကတော် မလ္လိကာဆိုရင် သားချည်း တစ်ကျိပ်နှစ်ယောက် မွေးခဲ့သေးတာပဲ'

ဟု ကျွန်တော်က နောက်ပြောင်လိုက်တော့ ဝင်းဝင်းက...

'သားချည်း ငါးယောက်နဲ့တင် ခါးချည့်လှပါပြီ ကိုအေးကြူရယ်'

ဟု ညည်းပါလေ၏။

ဝင်းဝင်းနှင့် တွေ့ပြီး တစ်လခန့်အကြာတွင် သူငယ်ချင်း ရဲတင့်နှင့် ဆုံမိပြန်ပါသည်။

စာရေးသူတို့ ၁၉၆၄–၆၈ ခုနှစ်က ရန်ကုန် စီးပွားရေးတက္ကသိုလ်ဘွဲ့ရ သူငယ်ချင်းများသည် နှစ်စဉ် ဖေဖော်ဝါရီလ (၁၂)ရက် ပြည်ထောင်စုနေ့၌ မိတ်ဆုံပွဲ ကျင်းပလာသည်မှာ ယခုနှစ် ၂၀၁၃ ခုနှစ်တွင် (၁၀)ကြိမ်မြောက်



ရှိပြီဖြစ်ပါသည်။

ယခုနှစ်တွင် ဖလွန်ပြည်တော်ပြန်ဘုရားနှင့် နေပြည်တော် သမိုင်းဝင် ကျိုက္ကလွန်ပွန်းဘုရားများကို သွားရောက်ဖူးမြော်ပြီး ကျိုက္ကလွန်ပွန်းဘုရားအနီးရှိ စိတ္တသုခပရိယတ္တိကျောင်း၌ နေ့ဆွမ်း ဆက်ကပ် လှူဒါန်းပြီး ဆောက်လုပ်ဆဲကျောင်းဆောင်သစ်၏ အပေါ်ထပ်အခင်းအတွက် ငွေ ကျပ်(၁၃)သိန်းကို လှူဒါန်းကြရန် စီစဉ်ထားခဲ့ပါသည်။

စီစဉ်ထားသည့်အတိုင်းပင် ဖေဖော်ဝါရီလ (၁၂)ရက်နေ့တွင် (၄၅)ယောက် စီး လေအိတ်ကားကြီး နှစ်စီးဖြင့် ခရီးထွက်ဖြစ်ခဲ့ပါသည်။ ကားတစ်စီး၏ နောက်ဆုံးတန်းတွင် ရဲတင့်နှင့်အတူ ထိုင်ရင်း ထွေရာလေးပါး ပြောမိကြရာမှ **"အလောင်းထမ်းမွေးခြင်း"** အကြောင်း ရောက်သွားခဲ့သည်။

ရဲတင့်က...

'ငါလဲ ကြားတော့ ကြားဖူးတယ်ကွ။ ဒါပေမယ့် သမီးလေးတစ်ယောက်လောက်ရရင် ကောင်းမယ်ဆိုပြီး သမီးတစ်ယောက် လိုချင်လို့ ပဥ္စမမြောက်ကလေးကို ထပ်ယူလိုက်တာပဲ။ ဒါပေမယ့် ယောက်ျားလေးပဲ ဖြစ်နေလို့ ဆက်မယူရဲတော့ဘဲ ရပ်လိုက်ရတယ် သူငယ်ချင်းရေ'

တဲ့။

'ပြီးတော့ သိပ်လဲ အယူမရှိပါဘူးကွာ'

ဟု ရဲတင့်က သူ့စကားကို အဆုံးသတ်ခဲ့ပါသည်။

ထိုစဉ် ကျွန်တော်တို့ နှစ်ဦးအနီးတွင် ထိုင်နေသော သူငယ်ချင်း ဝင်းလှိုင်က ဝင်ပြောလာပါသည်။

'ဒီမှာ မင်းတို့ပြောတာကြားလို့ ငါ့ကိုယ်တွေ့ကို ပြောပြမယ်။ ငါ့အမေရဲ့ အစ်မ ငါ့ကြီးတော်ကြီးဆိုရင် သားလေးယောက်မွေးပြီးမှ သမီးတစ်ယောက်မွေးတယ်။ ဘာအဖိတ်အစဉ်မှ မရှိဘူး။ ခုထိ သက်ရှိထင်ရှား ရှိနေကြတုန်းပဲ။ ခုဆို (၇၀)ဝန်းကျင်တွေတောင် ဖြစ်နေကြပြီ။

ပြီးတော့ ငါ့အမေ၊ ဒီအတိုင်းပဲ သားလေးယောက်မွေးပြီး သမီးတစ်ယောက် မွေးတယ်။ အားလုံး အိုကေမှာ စိုပြည်နေတာပဲ။ ဘာအခိုက်မှ မရှိဘူး။ တို့မောင်နှမ ငါးယောက်ထဲမှာ ငါက အကြီးဆုံးသား။ အသက်က (၆၇)နှစ် ညီသုံးယောက်နဲ့ ညီမတစ်ယောက်လဲ အသက်ထင်ရှားရှိဆဲပဲ။ မယုံတဲ့လူရှိရင် ငါ့ဆီ လွှတ်လိုက်စမ်းပါ'

ဝင်းလှိုင်က သူ့ထုံးစံအတိုင်း ပြုံးစိစိဖြင့် အားရပါးရ ပြောရင်း စိန်ခေါ်နေသည်။

ကျွန်တော်က...

'ဒါဆိုရင်တော့ကွာ **ခုတင်ထမ်းမွေးလို့ ခိုက်တတ်တယ်ဆိုတာ** အယူသီးမှု တစ်ခုပဲ နေမှာပါ'

ဟု မှတ်ချက်ပြုမိတော့ ရဲတင့်နှင့် ဝင်းလှိုင်တို့ နှစ်ယောက်လုံးကပင် ပြိုင်တူ ထောက်ခံလိုက်ကြပါသည်။

'ဒါပဲပေါ့ကွ'

တဲ့။ ဆက်ပြောလိုက်ကြသည်ကတော့...

'ယူသော်ရ၏။ မယူသော် မရပေါ့ကွာ... ဟား ဟား ဟား ဟား'

ကဲ ဒါပါပဲ ဆရာ လှမြင့်သစ်ရေ။

**မောင်အေးကြူ (*စီးပွားရေး*)**



www.burmeseclassic.com

www.burmeseclassic.com

# ကျေးဇူးတင်ပါသည် နက္ခတ္တရောင်ခြည်

### သွေးတိုးနှင့် နှလုံးသွေးကြောကျဉ်းသော်

နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို ဖတ်ရှု၍ တန်ဖိုးမဖြတ်နိုင်သည့် ရလဒ်တစ်ခုကို တင်ပြပါမည်။ စာရေးသူ အသက် (၆၃)နှစ်ထဲတွင် ကျန်းမာရေးက ချို့ယွင်းလာခဲ့လေသည်။

ရောဂါက သွေးတိုးရောဂါကစ၍ နှလုံးသွေးကြောကျဉ်းသောရောဂါ ဖြစ်လာ၍ အနောက်တိုင်းဆေး၊ ပါရဂူများနှင့်ကုသသော်လည်း ရောဂါမသက်သာပါ။ လမ်းလျှောက်လျှင်လည်းမောသည်၊ စကားပြောလျှင်လည်းမောသည်။ "ဒီလိုရောဂါဖြစ်နေမှတော့ ငါတော့ သေရမှာပဲ" ဟု တွေး၍သေမင်းခေါ်မည့်ရက်ကို စောင့်နေရပါသည်။

သေသံမရောက် သက်မပျောက်ဆိုသည့် စကားအတိုင်းပဲ သူငယ်ချင်းတစ်ယောက် စာရေးသူထံ ရောက်လာပြီး...

'သူငယ်ချင်း ရောဂါသက်သာရဲ့လား'

ဟု မေးသော်...

'မသက်သာဘူး'

ဟု ဖြေလိုက်ပြီးနောက်...

'အေး ဒီလိုရောဂါက ပရုတ်လုံးလိုပါပဲကွာ။ ပရုတ်လုံးက လေတိုက်တိုင်း သေးငယ်ပြီး တဖြည်းဖြည်းနဲ့ လုံးပါးပါးသွားသလို၊ သူငယ်ချင်းရောဂါက သွေးတိုးရောဂါနဲ့ နှလုံးသွေးကြောကျဉ်းတဲ့ ရောဂါဆိုတော့ ဒီရောဂါတွေဟာဆေးကုသရင်းနဲ့ လုံးပါးပါးရတာကများတယ် သူငယ်ချင်း။ အခု သူငယ်ချင်းဆေးရုံတက်ရဦးမှာလား'

ဟု မေးသော်...

စာရေးသူက...

'ဆေးရုံက ဆင်းလာခဲ့တာ'

ဟု ဖြေလိုက်စဉ် သူငယ်ချင်း ကျော်မင်းထွန်းက ရယ်မော၍...

'ဒီလိုဆိုတော့ သူငယ်ချင်းကို ကယ်မ,ရမှာပေါ့ကွာ၊ ငါက ဆေးပညာတတ်လို့ မဟုတ်ပါဘူးကွာ။ အတွဲ မမှတ်မိတော့ဘူး။ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ ဆေးသုတေသီတစ်ဦး ရေးထားတဲ့ သွေးတိုးရောဂါနဲ့ နှလုံးသွေးကြောကျဉ်းတဲ့ ရောဂါတွေ သက်သာပျောက်ကင်းတဲ့ ဆေးနည်းပေးခဲ့မယ်။ ဖော်စားပါ'

ဟု ပြော၍ ဆေးနည်းပေးသွားသည်။



သူငယ်ချင်းပေးသွားသည့် ဆေးနည်းကို ကျွန်တော်၏ ဇနီးနှင့် သားဖြစ်သည့် မောင်ကျော်ဇေယျတို့က ဆေးကျိုပြီး ပေးပါသည်။ ဆေးက စားရမှာက တစ်နေ့(၂)ကြိမ်ဖြစ်ပါသည်။ သို့သော် စာရေးသူက ပျောက်ချင်သည့်ဇောနှင့် တစ်နေ့(၃)ကြိမ် စားခဲ့ပါသည်။

ဆေးစားပြီးသည့် အချိန်ကာစ၍ (၄၅)ရက်မြောက်သောနေ့မှာ မောသော ဝေဒနာ သက်သာပျောက်ကင်းလာပြီး ရေထမ်းရာမှာပင် မမောတော့ပါ။

**ဆေးနည်းမှာ...**

ရဲယိုသီးအမှည့်ငါးလုံးနှင့် ထန်းလျက် (သို့မဟုတ်) ပျားရည် (၁၀)ကျပ်သား ကျို၍ နံနက်၊ နေ့လယ်၊ ညအချိန် တစ်နေ့သုံးကြိမ် လက်ဖက်ရည်ဇွန်းနှင့် စားရပါမည်။ ရောဂါရင့်လျှင် (၄)လ စားရပါသည်။

**ကျောက်ဆည် မင်းမဟော်**



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကျော်စွာ
(မြင်တက္ကသိုလ်)

ရေပုပ်ဆုတောင်းပြည့်ဘုရား

# ပေါင်းလောင်းရှင်ကဿပမထေရ်

## ကောင်းမှုစေတီများ ပူဇော်မှုခရီး

### ယင်းမာပင်မြို့နယ် ရေပုပ်ဘုရားကြီး (၂)

**ယခင်လမှအဆက်**

သို့သော် ထိုအမတ်သည် အနန္တသူရိယ(ခေါ်) မင်းနန်သူ ဖြစ်ခဲ့ပါက အမတ်မင်းကတော်သည် နရပတိစည်သူမင်း၏ မိဖုရား '**မစုမကြင်**'၏ သမီးတော် နောင်တွင် နန်းမွေဆက်ခံသည့် ဇေယျသိခ်ဥဇနာ (ခေါ်) ထီးလိုမင်းလိုမင်း၏ နှမတော် ဖြစ်သည်။

ဇနီးမှာ ဘုရင့်သမီးတော်ဖြစ်သောကြောင့် ဤသို့ ပူဇော်ခွင့် ရနိုင်ပေသည်။ **(မှန်နန်းမဟာရာဇဝင်တော်ကြီး ပဥ္စမတွဲ၊ စာမျက်နှာ (၂၀၁)၊ ပထမကော်လံ)**

စေတီတော်၌ အရှေ့လှည့်မုခ်နှင့် အာရုံခံတန်ဆောင်း ပါရှိလေရာ တန်ဆောင်းအတွင်း ဝင်ရောက်ဖူးမြော်သည်တွင် ဘူမိဖဿမုဒြာ တင်ပျဉ်ခွေ ရုပ်ပွားတော်ကြီးတစ်ဆူ ဖူးတွေ့ရသည်။

ဤရုပ်ပွားတော်မှာ မူလက ပုဂံခေတ်လက်ရာ ရုပ်ပွားတော်ကြီး ဖြစ်သော်လည်း ရေပုပ်ကျောင်းဆရာတော် လစ်လပ်ခိုက် မသမာသူများက ရွှေခွာဖျက်ဆီးယူကြသဖြင့် မတင့်မတယ် အင်္ဂါရဝဖြစ်ဖွယ် ရှိနေသည်ကို ကျားတောဆရာတော်က မူလ ရုပ်ပွားများအားငုံ၍ လက်ရှိ ရုပ်ပွားတော်ကို အသစ်မွမ်းမံပူဇော်ခဲ့ကြောင်း သိရလေသည်။

'အဖြင့် ဒီကုန်းတော်မှာ မူလလက်ရာမပျက်ဖူးတွေ့နိုင်တဲ့ စေတီ၊ ရုပ်ပွား ရှိသေးလား' ဟု စုံစမ်းကြည့်ရာ စေတီတော်



www.burmeseclassic.com

www.burmeseclassic.com





◆ ရေပုပ်ဆုတောင်းပြည့်ဘုရားကြီးနှင့် အာရုံခံတန်ဆောင်း

◆ ရေပုပ်ဆုတောင်းပြည့် ရုပ်ပွားတော်

◆ နောင်းဆော်သိမ်တစ်ခု



အရှေ့မြောက်ထောင့်အရပ်ရှိရာ ပွတ်ဘုရား (ခေါ်) ပစ္စယံအပိုင်းခံစေတီကို ညွှန်ပြကြသည်။ မှန်စီ၊ ထုံးသက်န်း ကပ်ထားသည်မှလွဲ၍ မူလလက်ရာ အတိုင်းဖြစ်ကြောင်း ပြောပြကြသည်။

## တောကျောင်းနှင့် သိမ်တော်

ပေါင်လောင်ရှင်ကဿပ တည်ထောင် သီတင်းသုံးခဲ့သော တောကျောင်းနေရာကား စုံစမ်း၍ မရချေ။ လက်ရှိ ရေပုပ်ကျောင်း (ခေါ်) ရွှေမင်းဝံ ကျောင်း နေရာမှာလည်း ရှေးအတီတေကာလများကပင် မိုးတွင်းကာလ ယမားချောင်းရေလျှံကာ ရင်စို့ခန့်ထိ ရေလွှမ်းလေ့ရှိသဖြင့် ရဟန်းသာမဏေတို့မှာ ရေလွတ်ရာ ဆုတောင်းပြည့်စေတီကုန်းတော်သို့ ပြောင်းရွှေ့သီတင်းသုံးကြရသည်ဆို၏။

ပြီးခဲ့သော မိုးရာသီက ရေလွှမ်းခဲ့သော ရေချိန်အမြင့်ဆုံးအမှတ်နေရာကို အုတ်ကျောင်းနံရံတွင် ညွှန်ပြပေးသဖြင့် အနီးကပ်လေ့လာကြည့်ရာ မိမိမေးဖျားနှင့် တစ်ညီတည်းရှိကြောင်း တွေ့ရသည်။ ထို့ကြောင့် ပေါင်လောင်ရှင်ကဿပ၏ တောကျောင်းနေရာ ဖြစ်နိုင်ခြေ နည်းပါး၏။

ဆုတောင်းပြည့်စေတီ၏ အရှေ့ဘက်တွင် သိမ်တစ်ဆောင်ကို တွေ့ရသည်။ ဤသိမ်ကို သမုတ်စဉ် မိမိတို့ကောင်းစွာ မှတ်မိသိရှိကြောင်း ဦးကြီးစိုးက ပြောသည်။ အသက် (၇၀)ကျော် အရွယ်ဖြစ်ရာ သိမ်သမုတ်သည်မှာ (၆၀)ကျော်နှစ် အနည်းငယ် စွန်းစွန်းသာ ရှိပေမည်။

ရှေးသိမ်ဟောင်းကို သိမ်အင်္ဂါနှင့် မညီ ပျက်ယွင်း၍ သမုတ်ခြင်းပေလော ဟု မေးမြန်းကြည့်ရာ သိမ်ဟောင်းနေရာမှာ စေတီ၏ အနောက်မြောက်ထောင့်အရပ် ယာခင်းအတွင်းဖြစ်ကြောင်း သိရသည်။

သွားရောက် လေ့လာသောအခါ ယာတစ်ခင်းကျော်မျှ ကွာဝေးသော





www.burmeseclassic.com

www.burmeseclassic.com



▲ သိမ်တန်းမှ ပွတ်စေတီ(လက်ဝဲရှု)



▼ ရွာခံ ဦးကြီးဆို

နေရာ၌ ကုန်းမို့မို့ကို တွေ့ရသည်။ စေတီဟောင်းကုန်းမြေဖြစ်ရာ သိမ်စေတီဖြစ်ဖွယ်ရှိသည်။ သိမ်နိမိတ်တိုင်များကား မတွေ့ရတော့ပေ။

ထိုနေရာအနီးတစ်ဝိုက်တွင် တောင်သူများ ထွန်ယက်စိုက်ပျိုးခြင်း မရှိချေ။ **ဘိုးဘွားလက်ထက်ကပင် ချန်ရစ်ခဲ့သော မြေနေရာဖြစ်၍ အစဉ်အဆက် ထွန်ယက်ခြင်း မပြုကြောင်း သိရလေသည်။**

## ရှေးပစ္စည်းများ

ပေါင်လောင်ရှင်ကဿပ၏ သိမ်ကုန်းတွင် ရှေးအထောက်အထား တစ်စုံတစ်ရာ မတွေ့ရသော်လည်း စေတီအနီးဝန်းကျင် ယာခင်းများတွင် ထွန်ယက်တူးဆွရာမှ မြေဆေးတံများ၊ အိုးခွက်ပန်းကန်၊ မြေထည်အပိုင်းအစများ၊ ခဲ(သတ္တု)အလုံးကလေးများ ထွက်ပေါ်လာတတ်သည်ဆို၏။

မြေဆေးတံနှင့် ပတ်သက်၍ တွေ့မြင်ဖူးသမျှတွင် နေရာဒေသကွဲပြားသော်လည်း လက်ရာပုံစံဆင်တူသည်ကို သတိပြုမိသည်။ မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ဓာတ်တော်ကျေးရွာ(စမ္မာနုဂိုရ်မြို့ဟောင်း)မှ ရရှိသော မြေဆေးတံ၊ စစ်ကိုင်းနှင့် **ခေါက်လောက်တောင်** (အလောင်းတော်ကဿပလိုဏ်ဂူရှိရာ)တို့မှ တွေ့ရှိရသော မြေဆေးတံတို့မှာ တူညီနေလေသည်။

ထို့ကြောင့် မြေဆေးတံအိုး သိမ်းဆည်းထားသည်ဆိုသော ထန်းတောကြီးရွာသား မိတ်ဆွေ၏ နေအိမ်သို့ လိုက်ပါကြည့်ရှုပါသော်လည်း ကလေးများ ဆော့ကစား၍ ပျောက်သွားပြီဟု သိရသည်။ ခဲအလုံးကလေးတစ်လုံးကိုကား တွေ့ခဲ့ရသည်။

ငါးဖမ်းပိုက်အခြေတွင် ချိတ်ဆွဲထားသော ခဲပြား၊ လေသေနတ်ကျည်စေ့ စသည်တို့ကဲ့သို့ အလွန်ပျော့သော ''ခဲမပုပ်'' မဟုတ်ပါ။ မကြာခဏ တူးဆွရရှိတတ်သည်ဆို၏။

ကြေးနီ ထုတ်လုပ်သောဒေသဖြစ်ရာ ခဲဓာတ်သတ္တုလည်း ရရှိနိုင်ပါသည်။ သို့သော် လက်မဝက်ခန့် အချင်းရှိသော စက်လုံးသဏ္ဌာန်ချည်းသာ ဖြစ်နေသည်က ထူးခြားလေသည်။

ရေပုပ်ဘုရား လှေလာပူဇော်မှုခရီးမှ အပြန်တွင် ခဲသတ္တုအား မြင်တွေ့လှေလာခွင့်ရခြင်းကား နိမိတ်ကောင်းဆောင်သည်ဟု ဆိုရပေမည်။ ထန်းတောကြီးရွာမှ အရှေ့ဘက်သို့ထွက်ကာ ချင်းတွင်းမြစ်ကမ်းနဖူးရှိ ကျောက်မျက်ရွှေပေါင်လောင်ဘုရား ပူဇော်မှုခရီး စတင်ရမည် ဖြစ်သည်။

အချိန်ကာလကား တပေါင်းလ အခါသမယ ဖြစ်သည်။ **'ပေါင်းနွေ**



www.burmeseclassic.com

www.burmeseclassic.com

**ဆုန်နောက်**'ဟူ၏။ တပေါင်းလတွင် အနောက်သို့ နဂါးလှည့်၏။ အရှေ့သို့ ခရီးထွက်ခြင်း၊ ပြောင်းရွှေ့ခြင်း မပြုအပ်၊ နဂါးခံတွင်းသို့ ဝင်ခြင်းဖြစ်သည် ပျက်စီးတတ်၏။

ဤခရီးအစတွင် ခဲကို တွေ့ရ၏။ ခဲကို အင်္ဂလိပ်စကားဖြင့် '**နာ**'ဟုခေါ်သည်။ '**နဂါးမသေ၊ ဖားမကြေ**'ဟု ဆိုရိုးရှိရာ ဖားသည် နဂါးတို့ကြိုက်သော အစာဖြစ်၍ နဂါးက ဖားကို ဖမ်းမိလျှင် မလွှတ်တော့ဘဲ ခဲကိုက်ထားလေ့ရှိသည်။

ဤနည်းတူ နဂါး(ပြဒါး)ဓာတ်သည် နာ(ခဲ)ဓာတ်ကို ကြိုက်သည်။ သူ့အကြိုက်ဖြစ်သော နာ(ခဲ)ဓာတ်နှင့် တွေ့လျှင် နဂါး(ပြဒါး)သည် မလှုပ်ရှားတော့ဘဲ ငြိမ်သက်နေ၏။

ထို့ကြောင့် နာ(ခဲ)သည် နဂါး(ပြဒါး)ကိုဖမ်းသော ဂဠုန်ဓာတ်တွင် အပါအဝင်ဖြစ်သည်။ နဂါးက အဖိုဓာတ်၊ နာက အမဓာတ် ဖြစ်သည်။ နဂါး(ပြဒါး)သည် မ,ဓာတ်ဖြစ်သော နာ(ခဲ)၏ သွေးဆောင်မှုကြောင့် အရည်အဖြစ်မှ အခဲအဖြစ် ပြောင်းလဲကာ အမိခံလိုက်ရတော့သည်။ နဂါး(အဖို)ဓာတ်သည် နာ(အမ)ဓာတ်၏ လက်တွင်း၌ ပျော်ပိုက်ကာ အမိခံလိုက်ရခြင်းဖြစ်သည်။

ထို့ကြောင့် ကျောက်မျက်ရှာသွားမည့်ခရီးစဉ်သည် အနှောင့်အယှက် အခက်အခဲ နည်းပါး၍ အဆင်ပြေအောင်မြင်မည့် နိမိတ်သဘော ဆောင်လေသည်။


### နိဂုံးဂါရဝ

ရေပုပ် ဆုတောင်းပြည့်ဘုရားနှင့် ပတ်သက်၍ နိဂုံးချုပ်ဂါရဝပြုသည့် အနေဖြင့် ဆန်းစစ်ပူဇော်ကြည့်ရာ



◆ သိမ်တော်ကြီးနေရာ

◆ မြေအောက်မှ ရလေ့ရှိသော ခဲ(နာ)လုံး



နရပတိစည်သူမင်းက ရေပုပ်ဆုတောင်းပြည့်စေတီဟု ဘွဲ့မည်သမုတ်တော်မူခဲ့သည်။ '**ရေပုပ်**'ကား '**ရေဘူး**'ဓာတ်ရန် ဆောင်၏။ ဥစ္စာလိုရန်ပြုဟ်ရှာထား၏။

ပြုဟ်သင်္ချာအတွဲကား ဗုဒ္ဓဟူး၊ ကြာသပတေး (၄, ၅)ဖြစ်၏။ သက်တော် (၄၅)နှစ်တွင် စေတီ ဉာဏ်တော်အမြင့် (၄၅)တောင်အထိ တိုးမြှင့်ပူဇော်ခဲ့၏။ (၄, ၅)သင်္ချာအတွဲ ဝဂ္ဂဏ္ဏမအမြတ်ပြုကာ '**ရေဘူး**'ဓာတ်ရန်မှ ရသော ဥစ္စာကို မြဲမြံစေလေသည်။

ထို့ကြောင့် ရေပုပ်ရွာမှာ ရွာဟောင်းကုန်းသာ ကျန်ရစ်သော်လည်း စေတီတော်ကြီးမှာ ရေပုပ်ရွာ ဆုတောင်းပြည့်စေတီ ဟူ၍ ထင်ရှားစွာ ကိန်းဝပ်တော်မူကာ မိမိတို့ပြုသမျှ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်များ အကြောင်းပြု၍ တောင်းသောဆုနှင့် ပြည့်စုံကြရခြင်းဖြစ်သည်ဟု ယူဆကော်ရော်လိုက်ရပါသည်။

**ဘုန်းကျော်စွာ**
**(မြိုင်တက္ကသိုလ်)**



www.burmeseclassic.com


www.burmeseclassic.com

### ဓာတ်ကြီးလေးပါး သင်္ကေတ


ပထဝီ၊ တေဇော၊ ဝါယော၊ အာပေါ ဟူသည့် အခြေခံ ဓာတ်ကြီးလေးပါး ဆိုင်ရာ သင်္ကေတပုံသဏ္ဌာန် ဖြစ်သည်။ စကြဝဠာအတွင်း ရှိရှိသမျှသော အရာအားလုံးကို ခွဲခြမ်းစိတ်ဖြာရာတွင် ဤလေးပါးသော သင်္ကေတဖြင့်သာ ဖွဲ့စပ်တည်မှီနေသည်ကို မြင်တွေ့ရပါမည်။


အရေအတွက်အားဖြင့် လေးခုသော ဂဏန်းခြေကို သတ်မှတ်ဖော်ပြထားသော်လည်း ဆက်စပ် ဖြန့်ကြက်နေမှုမှာ အတိုင်းအဆမဲ့ ခန့်မှန်းသတ်မှတ်၍ မနိုင်လောက်အောင် များပြားလှပါသည်။

* * *


water အာပေါ


air ဝါယော


fire တေဇော


earth ပထဝီ

ဤအခြေခံ သင်္ကေတများသည် လူသားနှင့် လောက စကြဝဠာကြီး တိုးတက်မှုဖြစ်စဉ်တွင် အဓိက ပါဝင်နေသည်။ ကျန်းမာရေး ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ဘာသာရေး၊ လူမှုရေး၊ စာပေအရေးအသား၊ စိုက်ပျိုးရေး၊ မိုးလေဝသ စသည်ဖြင့် သဘာဝသိပ္ပံပညာ၊ လူမှုရေးသိပ္ပံပညာ ဘာသာရပ် အသီးသီးသို့ ဖြန့်ကြက်သွားလေသည်။

**ဥပမာအားဖြင့်** စာပေအရေးအသားတွင် ဤသင်္ကေတများနှင့် ပန်းပွင့်များ၊ သစ်ခက်များ၏ ကနုတ်အမွမ်းအပြောက်များ ပေါင်းစပ်ကာ ပျည်းအက္ခရာများ ဖြစ်ပေါ်လာကြ

# သင်္ကေတများ၏

ဘာသာစကား(၂၄)

ဟုကွင်းဇီ

သည်။ အထူးသဖြင့် အရှေ့အလယ်ပိုင်းဒေသ ဗျည်းအက္ခရာများတွင် ရှာဖွေကြည့်ပါက ပို၍ သိသာထင်ရှားစွာ တွေ့မြင်နိုင်သည်ဆို၏။

အလားတူပင် **စစ်ဂမာ**(Sigma)၊ **အကွေ့အကောက်**(Zigzag)၊ **အာလ်ဖာ**(Alpha)၊ **အိုမီဂါ**(Omega) စသည့် ဘာသာရပ်ဆိုင်ရာ သင်္ကေတများ၊ နက္ခတ်ရာသီဆိုင်ရာ သင်္ကေတများ အစရှိသည်တို့တွင်လည်း ဓာတ်လေးပါး အခြေခံသင်္ကေတများကို တန်ဆာဆင်ချဲ့ထွင် သုံးစွဲထားသည်ကို မြင်တွေ့နိုင်ပေသည်။

ထို့ကြောင့် စကြဝဠာအတွင်းရှိ အရာအားလုံးသည် ရေ,မြေ,လေ,မီး ဓာတ်ကြီးလေးပါး၊ သင်္ကေတကြီးလေးပါး၊ သင်္ကေတကြီးလေးခု၏ အစုအဝေးသာ ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

အရာအားလုံးအတွက် စစ်မှန်သော ပေါင်းစပ်မှုသင်္ကေတ Whole Constitutes a Varitable Symbolic Syntaxများ ဖြစ်လေသည်။

**မီးဖို** (သို့မဟုတ်) **မီးလင်းဖို** (ဆောင်းတွင်း ချမ်းအေးသောကာလ အပူငွေ့ရရှိရန် အိမ်ခန်းအတွင်း ဖိုထားသော မီးဖို)။

**"သားသည်မိခင်"** ကိုယ်စားပြုသော သင်္ကေတဖြစ်သည်။ အရာရာတိုင်းအတွက် အားကိုးအားထား ပြုနိုင်သော လုံလောက်သည့် စိတ်စွမ်းအား၊ သတ္တိနှင့် နွေးထွေးမှုတို့ကို ပေးစွမ်းနိုင်သော မာတာမိခင်ကိုယ်စား မီးဖို (သို့မဟုတ်) မီးလင်းဖိုကို ဖွဲ့ဆိုတတ်ကြသည်။

ထို့အပြင်လည်း အသက်ဝိညာဉ်တို့၏ စတင်တည်မှီ ပဋိသန္ဓေ ဆောင်နေခြင်းကိုလည်း "မီးဖို"သင်္ကေတဖြင့် ဖော်ပြတတ်ကြသည်။ ပဋိသန္ဓေဆောင်ခြင်းနှင့် မိခင်တည်းဟူသော ဝေါဟာရ နှစ်ခုမှာ အခြေခံခြင်း တူညီသည်သာ ဖြစ်လေသည်။

### လုံ (Crucible)



အင်္ဂလိပ်ထိုးရာတွင် အသုံးပြုကြသော (လုံ)ကို ဆိုလိုသည်။

ယင်းသည် ကိုယ်ခန္ဓာ (သို့မဟုတ်) အရာဝတ္ထုတစ်ခု၏ ကိုယ်ထည်ပိုင်းကို ညွှန်းသောသင်္ကေတ ဖြစ်သည်။

အဓိကကျခြင်း၊ အရေးပါခြင်း၊ ပမာဏ,ထုထည် များပြားကြီးမားခြင်း စသော သဘောများ သက်ဝင်နေလေသည်။

### ဇီးကွက်



အီဂျစ် ရှေးဟောင်းအယူအဆအရ ဇီးကွက်သည် မရဏ သေခြင်းတရား အကာလမှောင်မိုက်သော ညာ၊ အေးခဲ



www.burmeseclassic.com

www.burmeseclassic.com

ခြင်းနှင့် တုဏှိဘာဝေ နေခြင်းတို့၏ ကိုယ်စား အမှတ်အသားဖြစ်သည် ဆို၏။

အနောက်ဂေါယာကျွန်းသို့ ငုံ့လျှိုး ဝင်ရောက်သွားသော ဝင်စ,နေ (DeadSun)ဟုလည်း တင်စားကြသည်။ နေမင်းသည် အနောက်မိုးကုပ်စက်ဝိုင်းအောက်သို့ ငုံ့လျှိုးပျောက်ကွယ်သွားသောအခါ အမှောင်တိုက်ကြီး ကျရောက်လာသည်ကို ဇီးကွက်ဖြင့် ခိုင်းနှိုင်းခြင်း ဖြစ်သည်။

အထူးသဖြင့် ပင်လယ်သမုဒ္ဒရာနှင့် အင်းအိုင် ရေကန်ကြီးများအတွင်း နေဝင်ခြင်းကို ဇီးကွက်တို့ ရောက်လာပြီဟု သုံးနှုန်းတတ်ကြလေသည်။

**(အာရှနှင့် အရှေ့တိုင်းဆိုင်ရာ အယူအဆများကို ဖော်ပြထားခြင်း မရှိပါ။)**

### နွားထီး(နွားသိုး)



နွားထီးကို အကြမ်းဖျင်းအားဖြင့် စကြဝဠာ၏ အင်အားစုအဖြစ် သတ်မှတ်ထားသည်။ အီဂျစ်နှင့် အိန္ဒိယ ယဉ်ကျေးမှုတွင်မူ နွားထီးကို ပိုမိုကျယ်ပြန့်သော အယူအဆ၊ ရည်ညွှန်းချက်များ ကိုယ်စားပြု သုံးနှုန်းလေ့ရှိကြသည်။

သဘောသဘာဝချင်း မတူညီသော ခြင်္သေ့နှင့် နွားထီးကို လက်တစ်ဖက် တစ်ချက်စီတွင် ထားရှိခြင်းဖြင့် စိတ်ရှည် သည်းခံခြင်း၊ စွန့်လွှတ် အနစ်နာခံခြင်း၊ ခွင့်လွှတ် သဘောထားကြီးခြင်းနှင့် အလုပ်အကျွေးပြု ပါရမီဖြည့်ခြင်း စသည်တို့၏ သင်္ကေတ ဖြစ်လာသည်။

ဂရိနှင့်ရောမ ခေတ်ကာလတွင် နွားထီးကို စိုက်ပျိုးရေးနည်းပညာ၏ သင်္ကေတအဖြစ် လည်းကောင်း၊ အဆောက်အအုံ ဆောက်လုပ်ခြင်း၏ အုတ်မြစ် အောက်ခြေပိုင်းဆိုင်ရာ သဘောတရားများအတွက် အမှတ်အသားအဖြစ် လည်းကောင်း အသုံးပြုခဲ့ကြသည်။ အလားတူပင် နွားနှင့် ဆက်စပ်လျက်ရှိသော **"လှမ်းထမ်းပိုး"** ကိုလည်း ထပ်တူထားကာ သင်္ကေတပြုတတ်ကြသည်။

နက္ခတ္တဗေဒပညာရပ်တွင်မူ နွားထီးကို အမှောင်နှင့် ည၏ သင်္ကေတအဖြစ် သုံးစွဲလေ့ရှိကြသည်။ နွားဆွဲသည့် လရထားဒဏ္ဍာရီများလည်း ရှိခဲ့သည်။

ခြင်္သေ့နှင့်နေကို တွဲဖက်ကာ အလင်း၏ သင်္ကေတ၊ နေ့၏ ကိုယ်စားလှယ်အဖြစ် သုံးလေ့ရှိသကဲ့သို့ နွားထီးနှင့် လကို ယှဉ်တွဲကာ အမှောင်နှင့် ည ကိုယ်စားပြုကြခြင်း ဖြစ်လေသည်။

အလယ်ခေတ် ကာလများတွင် နွားထီးကို စိတ်ပိုင်းဆိုင်ရာ ခွင့်လွှတ် အနစ်နာခံခြင်း၊ သည်းခံခြင်း၊ အငြိုးအတေး ပျက်ပြယ်ခြင်း စသည်တို့၏ သင်္ကေတအဖြစ် အသုံးပြုကြသည်။

**ကိုယ်ထည်မပါသော နွားခေါင်း (ဦးချိုနှစ်ချောင်းနှင့် နွားခေါင်းပုံစံ)** ကို သရဖူနှင့်အလားတူ ဖွဲ့နွဲ့ရည်ညွှန်းမှုလည်း ရှိလေသည်။

ယင်းသည် နွား၏ မူလ သဘောထားဖြစ်သော ခွင့်လွှတ်၊ သည်းခံ၊ ကျေအေးခြင်းနှင့် ဆန့်ကျင်ကာ မာနထောင်လွှားခြင်း၊ ကိုယ်ရည်သွေးခြင်းနှင့် တစ်ကိုယ်ကောင်းဆန်ခြင်း အဓိပ္ပာယ်ကိုလည်း ဆောင်တတ်လေသည်။

### ဝက်သစ်ချပင်

အားအင်သန်မာခြင်းနှင့် သက်ရှည်ကျန်းမာခြင်း၏ သင်္ကေတဖြစ်သည်။ ဒဏ္ဍာရီလာလူသန်ကြီး **"ဟာကျူလီ"** ကိုင်စွဲသော တင်းပုတ်သည် ဝက်သစ်ချသားဖြင့် ပြုလုပ်ထားသည် ဆို၏။

ရုရှား၊ ဂျာမဏီ၊ ဂရိနှင့် စကင်ဒီနေဗီးယန်းတို့ကလည်း ဝက်သစ်ချကို ယင်းသို့အလားတူ သန်မာခြင်းအနက်ဆောင် သုံးနှုန်းကြသည်။ ဝက်သစ်ချပင်သည် အပင်လောကတွင် ကမ္ဘာ့ဝင်ရိုးကိုယ်စားပြုသစ်ပင် ဖြစ်သည်ဟု ဆိုကြလေသည်။

### လှော်တက်



ရှေးဟောင်း ဘုရားကျောင်း တစ်ဆောင်အား တူးဖော်တွေ့ရှိရာ အရာရာကို ဖန်တီးနိုင်သော ဖန်ဆင်းရှင် နတ်ဘုရား၏လက်တွင် လှော်တက်တစ်ချောင်း ကိုင်ထားသည်ကို တွေ့ရှိခဲ့ကြသည်ဆို၏။ လှော်တက်သည် ကမ္ဘာလောကကြီးနှင့် အတွေးအခေါ် အယူအဆများဆိုင်ရာတို့၏ ဖန်ဆင်းမှု သင်္ကေတဖြစ်သည်ဟု ဖွင့်ဆိုကြသည်။ အရာအားလုံး၏ အရင်းအမြစ်ဖြစ်သည်ဆို၏။

အင်္ဂလိပ်စာပေတွင်ကား လှော်တက် (Oar)ကို အလုပ်မလုပ်ဘဲ နားနေသည်၊ ရှေးယခင်က ရှာဖွေရရှိထားသည့် စည်းစိမ်ဥစ္စာ၊ အမည်ကောင်း ဂုဏ်သိန်ပေါ်တွင်သာ အမှီပြုရပ်တည်နေသည်ဟု အဓိပ္ပာယ်ဆောင်လျက် Rest on one's oars.ဟု သုံးနှုန်းကြလေသည်။

(စာမျက်နှာ (၁၀၄) သို့)




www.burmeseclassic.com

www.burmeseclassic.com

# ကျွန်ုပ် (၄)ဂဏန်း မွေးနေ့ရှင်

အောင်ဆန်းလင်း



ကျွန်ုပ်၏ဇနီးသည်မှာ ကိုင်ရို၏ ဂဏန်းဗေဒင်စာအုပ်မှ စာမျက်နှာတစ်ခုကို လှန်ပြရင်း အောက်တိုဘာ (၂၂)ရက်တွင် မွေးဖွားခဲ့သော (၄) ဂဏန်းမွေးနေ့ရှင် ကျွန်ုပ်အား ဤအိမ်ကို အမြန်ရောင်းပြီး အခြားတစ်နေရာသို့ ပြောင်းရွှေ့သင့်ကြောင်း အရေးဆိုနေပါတော့သည်။

ဤအိမ်၏ နံပါတ်သည်လည်း ကံမကောင်း အကြောင်းမသင့်စွာပင် (၈)ဂဏန်း ကျနေပါသည်။

ဤအိမ်ကို လွန်ခဲ့သော နှစ်ပေါင်း (၃၀)နီးပါးခန့်က ဝယ်ယူခဲ့ခြင်း ဖြစ်ပြီး ထိုစဉ်က တန်ဖိုးငွေ ခြောက်သောင်းကျော်ဖြင့် ဝယ်ခဲ့သော မြေနှင့်အိမ်သည် ယနေ့ခေတ်တန်ဖိုးနှင့် ဖြတ်ရလျှင် သိန်းပေါင်း ထောင်ဂဏန်းနီးနီးခန့်ပင် ရှိချေမည်။

နာမည်ကျော် လက္ခဏာဆရာကြီး ကိုင်ရို၏ ဂဏန်းဗေဒင်စာအုပ် အဆိုအရ မွေးဂဏန်း(၄)ရစေသော မည်သည့်လတွင်မဆို (၄)ရက်၊ (၁၃)ရက်၊ (၂၂)ရက်နေ့မွေးသော မွေးနေ့ရှင်များသည် ကံဆိုးမိုးမှောင်ကျခြင်း၊ ဘေးဒုက္ခရောက်ခြင်း၊ ကံမကောင်း အကြောင်းမလှခြင်းတို့မှ ကင်းလွတ်အောင် မွေးနေ့ဂဏန်း (၄) နှင့် (၈)ဂဏန်း ကျရောက်သောနေ့ရက် အချိန်ကာလများကိုလည်းကောင်း၊ နေအိမ်, တိုက်တာ, လမ်းနံပါတ် စသည်တို့ကိုလည်းကောင်း အထူးသတိထား ရှောင်ကြဉ်သင့်ကြောင်း အတိအလင်း ဖွင့်ဆိုထားပါသည်။

လောက၌ လူတို့သည် မိမိတို့ကိုယ်တိုင် ပြုပြင်နိုင်စွမ်းသော အရာတို့သည်လည်း ရှိ၏။ ကိုယ်တိုင်ပြုပြင်၍ မရနိုင်စကောင်းသော အရာတို့သည်လည်း ရှိနေတတ်၏။

ယခု ကျွန်ုပ် ရောက်ရှိနေထိုင်သော ရပ်ရွာတွင် ဇနီးဖြစ်သူသည် လုံးဝ မပျော်ရွှင်ကြောင်း ကျွန်ုပ် ကောင်းကောင်း သိထားပါသည်။

ဤအိမ်မြေနေရာသည် အတော်ကောင်းမွန်သည်ဟု လူပြောသူပြောများသောနေရာ၊ ကျောင်း, ဈေးနှင့် ကားမှတ်တိုင် အစစ အဆင်ပြေသော နေရာ ဖြစ်ပါသည်။ ယုံကြည်မှုအစွဲအလမ်း တစ်စုံတစ်ရာကြောင့် ကျွန်ုပ်၏ အိမ်ကို အိုးရောင်းခွက်ရောင်း ရောင်းချပြီး အခြားတစ်ပါးသို့ ပြောင်းရွှေ့သွားရတော့မှာလား။

လွန်ခဲ့သော (၅)နှစ်ကျော်ခန့်က ဖြစ်သည်။ ကျွန်ုပ်၏ သားငယ်ကို ပြည်ပသို့ အလုပ်အကိုင်အတွက် ငွေအရင်းအနှီး လိုအပ်သဖြင့် ကျွန်ုပ် ပိုင်ဆိုင်သော မန္တလေးမြို့သစ်မှ မြေကွက်တစ်ကွက်ကို ရောင်းချရန် ကြေညာထား၏။

မတ်လဆန်းပိုင်းတွင် မြေကွက် ဝယ်လိုသူမှ ဆက်သွယ်လာပါသည်။ ရောင်းသူဝယ်သူ နှစ်ဖက်သဘောတူ အဆင်ပြေကြပြီး မတ်လ(၇)ရက်နေ့ကို ချိန်းဆိုလိုက်ကြ၏။

အမှန်တကယ်တွင် မမျှော်လင့်သော ကိစ္စတစ်ခုကြောင့် အဆင်မပြေခဲ့ပါ။ နောက်တစ်နေ့ဖြစ်သော မတ်လ (၈)ရက်နေ့ ရောက်မှ အဆင်ပြေပြီး အရောင်းအဝယ်စာချုပ် ချုပ်ဆိုပြီး မြောက် အောင်မြင်ခဲ့ပါသည်။

အမှတ်ထင်ထင် ကျွန်ုပ်၏ စိတ်ထဲတွင် သတိထားမိနေသော (၈)ဂဏန်းနှင့် ကျွန်ုပ်၏ ဘဝထဲမှတစ်ခု ဖြစ်ပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။

ကျွန်ုပ် ဝယ်ယူခဲ့သော ကားတစ်စင်း၏ နံပါတ်သည် ဂဏန်း(၄)လုံး ပါဝင်ပြီး ထိုဂဏန်း(၄)ဂဏန်းလုံးကို ဆက်ပေါင်းလျှင် (၁၇)ဂဏန်း ရသည်။ (၁၇)ဂဏန်းကို ထပ်ပေါင်းလျှင် (၈) ဂဏန်းသည်။

ထိုကားသည် ကျွန်ုပ်အား အထွေအထူး ဒုက္ခမပေးဘဲ ပြန်ရောင်းလိုက်သောအခါတွင်လည်း သင့်တင့်သော အမြတ်အစွန်း ရရှိခဲ့ပါသေးသည်။

ကျွန်ုပ်သည် ငယ်စဉ်က တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့စဉ် ကိုယ်ပိုင်နံပါတ်မှာ ဂဏန်း (၅)လုံးရှိသည်။ ထိုဂဏန်း(၅)လုံးကို ပေါင်းလိုက်လျှင် (၁၇)ဂဏန်းရပါသည်။ ထို(၁၇)ဂဏန်းသည်လည်း (၈)ဂဏန်းပင် ဖြစ်တော့သည်။

အသက် (၂၃)နှစ်တွင် စစ်သင်တန်းတက်ခဲ့သော ကျွန်ုပ်သည် နောင်(၈) နှစ်အကြာတွင် အသက်(၃၁)နှစ် (၄) ဂဏန်းဖြစ်သောနှစ်ကို ရောက်ခဲ့ပြီးနောက် မိခင်တပ်ရင်းမှ အခြားတပ်ရင်းတစ်ရင်းသို့ ပြောင်းရွှေ့မိန့် ကျလာခဲ့ပါသည်။

ပြောင်းရွှေ့ခဲ့သော တပ်ရင်း၏ နံပါတ်သည် ဂဏန်းနှစ်လုံးပင်ဖြစ်ပြီး ထိုဂဏန်းနှစ်လုံးကို ဆက်ပေါင်းလျှင် (၄)ဂဏန်း ရပါသည်။

တပ်ရင်းအသစ်သို့ ရောက်ရှိပြီး ၁၉၇၉ ခုနှစ် (ဂဏန်းများ ဆက်ပေါင်းလျှင် (၈)ဂဏန်းရသောနှစ်)သို့ ရောက်ခဲ့ သည်။

ထိုနှစ် မေလ (၂၆)ရက် (၈)ဂဏန်းကျသောရက်တွင် ကျွန်ုပ် ဒဏ်ရာရရှိခဲ့ပါသည်။

သို့ဖြင့် နောင် ၁၉၈၄ ခုနှစ် ဆက်ပေါင်းလျှင် နောက်ဆုံး (၄)ဂဏန်းပင် ရသော နှစ်၏ (၈)လပိုင်းဖြစ်သော ဩဂုတ်လ (၄)ရက်နေ့တွင် ဆေးပင်စင်ဖြင့် တပ်မတော်မှ နုတ်ထွက်ခွင့် ပြုခဲ့ပါသည်။

တပ်မတော်မှ နုတ်ထွက်ပြီးနောက် နေထိုင်အခြေချရန် ရန်ကုန်မြို့တွင် နေအိမ်ပါသော မြေတစ်ကွက်ကို ဝယ်လိုက်ရာ ကျွန်ုပ် မွေးဂဏန်း အောက်တိုဘာ(၂၂)ရက် (၄)ဂဏန်းသမား၏ အကြောင်းမသင့်စေသော အိမ်နံပါတ် (၄၆၇) (၈)ဂဏန်းနံပါတ်နှင့်အိမ် ဖြစ်နေပါတော့သည်။

(၄)ဂဏန်းသည် ကျွန်ုပ်၏ ဘဝဖြစ်စဉ် ဆိုးကောင်းနှစ်ထွေကို ပြန်လည်သုံးသပ်လျှင် ကံကောင်းချင်လျှင်ဖြစ်စေ၊ ကံဆိုးချင်လျှင်ဖြစ်စေ (၄) ဂဏန်းနှင့် (၈)ဂဏန်းသည် တစ်လှည့်စီ အလည်လာလေ့ရှိကြောင်း တွေ့ရပါသည်။

ကျွန်ုပ်၏ (၈)ဂဏန်း ကျနေသော ဂဏန်းနံပါတ်နှင့် အိမ်ကိုတော့ မရောင်းနိုင်ပါ။ အိမ်နံပါတ်(၄၆၇-၁)ဟု အိမ်နံပါတ်တွင် (၁)ကို သေးသေးလေး ဖြည့်စွက်ပြီး နံပါတ်ပြားကို အိမ်ရှေ့တွင် ပြောင်းလဲချိတ်ဆွဲထားလိုက်ပါတော့သည်။

**အောင်ဆန်းလင်း**

### စာမျက်နှာ (၁၀၂)မှ အဆက်

#### ပိုးတုံးလုံး

(အမျိုးသမီးများ) ချောမောလှပခြင်း၊ အရုပ်ကလေးသဖွယ် ပျိုမျစ်တင့်တယ်ခြင်း အဓိပ္ပာယ်ကို ရည်ညွှန်းသော သင်္ကေတ ဖြစ်သည်။

မူရင်းစာလုံးဖြစ်သော Nymph(နင့်ဖ်)သည် ပိုးတုံးလုံးကို ရည်ညွှန်းသကဲ့သို့ ဒေဝတာပုရာဏ်လာ မြစ်စောင့်၊ တောတောင်စောင့်၊ သစ်ပင်စောင့်နတ်သမီးကိုလည်း သုံးစွဲကြသောကြောင့် ဖြစ်သည်။

နင့်(ဖ်)နတ်သမီးနှင့် ပတ်သက်သော ဒေဝတာပုရာဏ်များစွာ ရှိလေသည်။ များသောအားဖြင့် နုနယ်၍ ချောမောလှသော မိန်းကလေး (Beauty Young Woman)ကို နင့်(ဖ်) (Nymph)ဟု တင်စားခေါ်ဝေါ်ကြပါသည်။

#### အောဗီလစ်(စ်)(Obelisk)

အဖျားရှူးသော လေးမြှောင့်ပုံရှိသည့် ကျောက်တိုင် ဖြစ်သည်။

ယင်းသည်နေရောင်ခြည်ကိုကိုယ်စားပြုသော သင်္ကေတ ဖြစ်ပေသည်။ မာကျောသော ကျောက်သားနှင့် ဖြောင့်မတ်သော တိုင်ပုံစံက တည်ကြည် လေးနက်မှုကို ပြသည်။

နေနတ်သားဆိုင်ရာ ဒဏ္ဍာရီများတွင် အောဗီလစ်(စ်)ကို တွေ့ရတတ်သည်။ ထိုသင်္ကေတသည် ထိုးဖောက် **သိမြင်နိုင်စွမ်းရှိသော ဝိညာဉ်** (Penetrating Sprit)ကဲ့သို့အလင်းကို ဆောင်သော အမှတ်အသားဖြစ်သည်။ အောဗီလစ်(စ်)ကို ပိရမစ်များ အထွတ်တွင် တွေ့မြင်ရတတ်ပေသည်။

**ဟူဂျင်းဇီ**



www.burmeseclassic.com

www.burmeseclassic.com

တောင်လေးလုံး

# မြသိန်းတန် အမရပူရေတော်မှ

ထူးခြားအံ့ဖွယ်ရာများ

မဂေ့နေလှိုင်မြင့်



▲ စကြာဒေဝီမိဖုရားကြီးလှူဒါန်းသော ထီးဖြူတော်

◆ မဟာအတုလမံ ရုပ်ပွားတော်

ဗန်းမောက်မြို့သည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်အတွင်းမှ မြို့တစ်မြို့ဖြစ်သည်။ ရွှေဘို–မြစ်ကြီးနား မဟာ ဗျူဟာလမ်းပေါ်ရှိ အင်းတော်မြို့မှ ဗန်းမောက်သို့ ခွဲထွက်သောလမ်း ရှိ၏။

အင်းတော်မှ ဗန်းမောက်သို့ (၃၉)မိုင်ဝေး၏။ မဲဇာသစ်တောနှင့် မဲဇာချောင်းကို ဖြတ်၍ သွားရ၏။

ဗန်းမောက်သည် တောင်ပတ်လည်ဝိုင်းရံလျက် ဒယ်အိုးသဏ္ဌာန်ရှိပြီး အိမ်ခြေတစ်ထောင်မှုံမှုံသာ ရှိ၏။ ကတူးကနန်း၊ ရှမ်းဗမာတိုင်းရင်းသားများ နေထိုင်ကြ၏။ ရွှေထွက်သော ကချင်ပြည်နယ် မန်စီဒေသနှင့် မိုင်(၃၀)ခန့်ဝေးသည်။

ဗန်းမောက်မြို့မှ စက်တော်ရှာ တောင်လေးလုံးကျောင်းသို့ (၃)မိုင်



www.burmeseclassic.com

www.burmeseclassic.com



◆ ဖန်းမောက်မြို့နယ် ကော်တော့ရွာ တောင်လေးလုံးမှ မြသိန်းတန်အမလေးစေတီတော်



◆ မဟာသကျမုနိ ရုပ်ပွားတော်

ကျော်ဝေးသည်။ တောလမ်းခရီး ဖြစ်၏။ တောအုပ်ကြီး ထူထပ်စွာ ဖုံးအုပ်နေသဖြင့် ဘာမှမမြင်ရ။ အထဲရောက်သွားမှ တောင်လေးလုံးကျောင်းနှင့် ရှေးဟောင်းစေတီပုထိုး၊ ဂူ၊ ကျောင်းဇရပ်များကို တွေ့ရ၏။ ခရီးက ဝေးလံ၍ လူသူ အရောက်အပေါက်နည်းသော ဒေသဖြစ်၏။

သစ်တောထဲ၌ တောင်လေးလုံးကို ဖိုခုံလောက်ဆိုင်တွေ့ရ၏။ "ကျောင်းတောင်၊ သိတာတောင်၊ စေတီတောင်၊ သစ်ကနက်တောင်"ဟု ခေါ်သည်။

ကျောင်းတောင်ပေါ်တွင် လွန်ခဲ့သည့် နှစ်တစ်ရာကျော်က ရွှေမှူးကြီး ဦးရဲကျော် ဆောက်လုပ်လှူဒါန်းခဲ့သော ရှေးဟောင်းကျောင်းကြီး တစ်ကျောင်း တွေ့ရ၏။

ကျွန်းတိုင်ပေါင်း (၁၂၅)လုံး အဆောင်ဆောင် အခန်းခန်း ကြီးကျယ်ခမ်းနားလှသည်။ ရှေးက ဤဒေသတွင် ရွှေမှူး၊ သံမှူးများ ရှိ၏။ နေပြည်တော်သို့ ရွှေများ ဆက်သရကြောင်း သိရသည်။


ဆရာတော်မှာ ဦးပဏ္ဍဝံသ ဖြစ်သည်။ ကတူးတိုင်းရင်းသားဖြစ်၏။ စကားပြောလျှင် ခပ်ဝဲဝဲဖြစ်၏။ သက်တော်(၇၂)နှစ်၊ သိက္ခာတော်(၅၂)ဝါ ဖြစ်သည်။ မင်းတုန်းမင်းလက်ထက်တွင် ပထမဆရာတော် ဦးဂန္ဓမာ၊ သီပေါမင်းလက်ထက် ဒုတိယ ဆရာတော် ဦးဂန္ဓမာ (ဘွဲ့မည်အတူတူ)၊ တတိယဆရာတော်မှာ ဦးအာဒိစ္စဖြစ်ပြီး ယခုဆရာတော်မှာ ကတူးတိုင်းရင်းသား ဦးပဏ္ဍဝံသဖြစ်၏။

ထိုဒေသမှ ကတူးကနန်း၊ ရှမ်းဗမာ တိုင်းရင်းသားများသည် ဘာသာရေးကို ကိုင်းရှိုင်း၍ ရိုးသားကြ၏။ ကျောင်းပေါ်ထပ်တွင် ရှေးဟောင်းရုပ်ပွားတော်များကို တွေ့ရသည့်ပြင် မင်းတုန်းမင်း၏ မိဖုရား စကြာဒေဝီမိဖုရားကြီး လှူဒါန်းခဲ့သော ထီးဖြူတော်နှစ်လက်အား တွေ့ရ၏။ စက်တောဂိုဏ်း၊ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်၊ ခန့်အပ်လွှာ၊ ရှေးဟောင်းပေစာများကို ဆရာတော် ဦးပဏ္ဍဝံသက ထုတ်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



◆ မိုးရာဇာတိုက်စားမှုကြောင့် ပေါ်လာသော ရုပ်ပွားတော်များ



ဆရာတော် ဦးပဏ္ဍဝံသက ဒီပင်္ကရာရုပ်ပွားတော်ကို ပြသနေစဉ် ◆



◆ ရှေးဟောင်းစေတီများ

ထို့နောက် ဆရာတော်ဦးပဏ္ဍဝံသသည် ကျွန်တော့်အား စေတီတောင်သို့ ခေါ်သွား၏။ အုတ်လှေကားအတိုင်း ဖြည်းဖြည်းချင်း တက်ခဲ့ကြသည်။ တောင်ထိပ်မှာ မင်းတုန်းမင်းတရားကြီး၏ ကောင်းမှုတော် "မြသိန်းတန်အမလ"စေတီကို ဖူးတွေ့ရ၏။

ဘုရားသမိုင်းအကျဉ်းမှာ မင်းတုန်းမင်းလက်ထက် နေပြည်တော်က စေလွှတ်သည့် အထောက်တော် ဦးရုံးသည် စက်တောရွာ တောင်လေးလုံးသို့ ရောက်ခဲ့၏။

ဤဒေသသည် သစ်တောကြီး ထူထပ်စွာ ပေါက်ရောက်၍ ဆိတ်ငြိမ်အေးချမ်းလှသဖြင့် စေတီပုထိုးများ တည်ထားဖို့ အလွန် သင့်လျော်ကြောင်း မင်းတရားကြီးထံ လျှောက်ထား၏။

ထို့ကြောင့် မင်းတရားကြီးသည် ၁၂၃၆ ခုနှစ်တွင် စက်တောကိုးခရိုင် ရွှေခွန်တော်မှူးစုများအား ခေါ်တော်မူ၍ စက်တောရွာ ကုန်းရိုးကြီးပေါ်တွင် "မြသိန်းတန်အမလ"စေတီကို တည်စေ၏။

ထိုနှစ် တပို့တွဲလပြည့်နေ့တွင် သီဟိုဠ်ကျွန်း (သီရိလင်္ကာ)မှ ပင့်ဆောင်လာသော သဗ္ဗညုဘုရားရှင်၏ သရီရဓာတ်တော်များ၊ မောင်းထောင်မြို့၊ ရေဦးမြို့၊ မန်လည်မြို့များမှ မြတ်စွာဘုရား၏ ဓာတ်တော်မွေတော်များကို ရွှေစေတီ၊ ငွေစေတီ၊ မိုးကြိုးစေတီများတွင် အထပ်ထပ်သွင်းလျက် ဥက္ကလာပမင်းကြီး တည်ထားတော်မူသော ရွှေတိဂုံစေတီပုံတော်ပာန်အတိုင်း ဖိနပ်တော် အတောင် (၃၅)တောင် (၂)မိုက်၊ အရပ်အတောင်(၄၀)ရှိ "မြသိန်းတန်အမလ"စေတီနှင့် နှစ်ကျိပ်ရှစ်ဆူသော စေတီရံများကို တည်တော်မူ၏။

ဘုရားပရိဝုဏ် ဂန္ဓကုဋိတိုက်ထဲ၌ ပဥ္စမသင်္ဂါယနာတင် ဘဝရှင် မင်းတုန်းမင်းတရားကြီး လှူဒါန်းတော်မူသော ရှေးအကျဆုံး မဟာအတုလမံ ရုပ်ပွားတော်၊ မဟာသကျမုနိရုပ်ပွားတော်နှင့် ဒီပင်္ကရာမြတ်စွာဘုရား ရုပ်ပွားတော်တို့အား ဖူးတွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ကျိပ်ရှစ်ဦး နတ်စစ်မှူး ရုပ်တုများ

ဘဝရှင်မင်းတရားကြီးက "မြသိန်းတန်အမလ"စေတီတော်ကို တည်စေသော ရွှေမှူးကြီးနှင့် ကိုးဌာနလူကြီးများမှာ ရွှေမှူးကြီး ဦးရဲကျော်၊ စက်တော ကိုးဌာန ရွှေခွန်တော်မှူးစု ကုန်းမိုးကြီးသူကြီး မောင်ကြာညွန့်၊ ကန်ရွာသူကြီး မောင်တေ၊ တောင်မော်သူကြီး မောင်ရွှေကျော်၊ တာပေါ်သူကြီး မောင်အောင်မြတ်သူ၊ ဆိပ်သာသူကြီး မောင်အောင်ထွန်း၊ နှံ့သာသူကြီး မောင်ကြာစိမ့်၊ ပန်းတောသူကြီး မောင်ကာ၊ အင်ပင်သူကြီး မောင်ရွှေတူ၊ အလယ်ရွာသူကြီး မောင်စံပြောင်းတို့ ဖြစ်ကြ၏။

မြသိန်းတန်အမလစေတီ၏ မဟာရံတံတိုင်း ပတ်လည်၌ (၂၈)ဦးသော နတ်စစ်ဘီလူးရုပ်များ တွေ့ရ၏။

ဆရာတော်ဦးပဏ္ဍဝံသက ဤရုပ်တုများသည် "နှစ်ကျိပ်ရှစ်ဦး နတ်စစ်မှူး"များဖြစ်ကြောင်း၊ ဌာပနာတိုက်ကို စောင့်ကြပ်သည့် ဂမ္ဘီရအစီအရင်များ ဖြစ်ကြောင်း၊ ဤနေရာဤဒေသသည် ရှေးဟောင်းသမိုင်းကွင်းဆက်နှင့် ဂမ္ဘီရကွင်းဆက် နယ်မြေများ ဖြစ်ကြောင်း ပြောပြ၏။

နတ်စစ်မှူးရုပ်များသည် ဘယ်လက်တွင် ဘွဲ့ဖြူလက်နက်ကိုင်ထားပြီး ဘယ်ပခုံးပေါ် တင်ထား၏။ ညာလက်သည် ညာဒူးပေါ်တင်လျက် မျက်နှာအနေအထားက မာန်အပြည့်နှင့် ကြောက်မက်ဖွယ် ကောင်းလှ၏။


ဘုရားစောင့် နတ်စစ်မှူးများသည် ဂမ္ဘီရသဘော သက်ဝင်နေသည့် ဂမ္ဘီရရုပ်တုများ ဖြစ်ကြသည်။ ပလ္လင်အုတ်ခုံတွင် နှစ်ကျိပ်ရှစ်ဦး နတ်စစ်မှူးများ၏ အမည်နာမ ရေးထိုးထားသည်ကို တွေ့ရ၏။

၁။ ပနာဒ ယက္ခသေနာပတိ၊
၂။ ဩပမညာ ယက္ခသေနာပတိ၊
၃။ ဒေဝသုတ ယက္ခသေနာပတိ၊
၄။ စိတ္တသေန ယက္ခသေနာပတိ၊
၅။ နဠောရာဇ ယက္ခသေနာပတိ၊
၆။ ဇနေသဘ ယက္ခသေနာပတိ၊
၇။ သာတဂိရ ယက္ခသေနာပတိ၊
၈။ ဟေမဝတ ယက္ခသေနာပတိ၊
၉။ ပုဏ္ဏက ယက္ခသေနာပတိ၊
၁၀။ ကရတိ ယက္ခသေနာပတိ၊
၁၁။ ဒိဝတ ယက္ခသေနာပတိ၊
၁၂။ မုစလိန္ဒ ယက္ခသေနာပတိ၊
၁၃။ ဝိဿာမိတ္တ ယက္ခသေနာပတိ၊
၁၄။ ယုဂန္ဓရ ယက္ခသေနာပတိ၊
၁၅။ ဂေါရိ ယက္ခသေနာပတိ၊
၁၆။ မာရိဝရ ယက္ခသေနာပတိ၊
၁၇။ ဂေါပါလ ယက္ခသေနာပတိ၊
၁၈။ သုပ္ပရောဓ ယက္ခသေနာပတိ၊
၁၉။ ဟိရိယ ယက္ခသေနာပတိ၊
၂၀။ နေတ္တိယ ယက္ခသေနာပတိ၊



www.burmeseclassic.com

www.burmeseclassic.com





◆ ဆရာတော်ကြီး ဦးဣန္ဒမာ

◀ ရွှေပောင်းနတ်ရုပ်ကြီး

၂၁။ မန္ဒိယ ယက္ခသေနာပတိ၊
၂၂။ ပဥ္စလစက္က ယက္ခသေနာပတိ၊
၂၃။ အာဠာဝက ယက္ခသေနာပတိ၊
၂၄။ ကုမန ယက္ခသေနာပတိ၊
၂၅။ ပဇ္ဇုန္န ယက္ခသေနာပတိ၊
၂၆။ သုမုခ ယက္ခသေနာပတိ၊
၂၇။ ဒဓိမုခ ယက္ခသေနာပတိ၊
၂၈။ မဏိ ယက္ခသေနာပတိ

တို့ ဖြစ်ကြသည်။

ထို့နောက် စေတီတောင်မှ ဆင်းခဲ့ကြ၏။ တောင်ခြေမှာ ကျွန်းတိုင်ကို ထွင်းထုပြုလုပ်ထား နတ်ရုပ်ကြီးနှစ်ရုပ်အား တွေ့ရသည်။ နှစ်ကာလ အချိန်တို့၏ တိုက်စားမှုကြောင့် အချို့ အစိတ်အပိုင်းများ ပျက်စီးနေသည်။ ခပ်လှမ်းလှမ်းတွင် စေတီအို၊ စေတီပျက်များ တွေ့ရ၏။

'ဒီစေတီတွေကို ပထမဆရာတော်ကြီး ဦးဣန္ဒမာ တည်ခဲ့တာပေါ့။ ဌာပနာတွေ အများကြီး ရှိတယ်။ ဒီနတ်ရုပ်ကြီးတွေအောက်မှာ ဌာပနာတိုက်ကိုသွားတဲ့ လိုဏ်ခေါင်းကြီး ရှိတယ်လို့ ငယ်ငယ်က ကြားခဲ့ဖူးတယ်။

ခုလဲ မိုးသည်းထည်စွာ ရွာရင် ဌာပနာစေတီတွေ ခဏခဏ တွေ့ရတယ်။ တချို့လဲ ပြုပြင်ပြီး ထိန်းသိမ်း စောင့်ရှောက်ထားတယ်'

ဆရာတော်ဦးပဏ္ဍဝံသက ရှင်းပြသည်။ အချိန်နည်း၍ နေညိုလာပြီ၊ မြူများ အုံ့ဆိုင်းလာ၏။ မလှမ်းမကမ်းရှိ သစ်ကနက်တောင်သည် မှုန်ဝါးနေ၏။ သစ်ကနက်တောင်နှင့် ပတ်သက်၍ ကျွန်တော်က စူးစမ်းကြည့်ရာ ဆရာတော်က…

'ဒီတောင်ပေါ်မှာ အဆိပ်ပင်ရှိတယ်။ ဂှက်ဆိုးတွေ ဖြတ်ပျံရင် အောက်ပြုတ်ကျတယ်။ မကောင်းဆိုးဝါးသတ္တဝါတွေ မလာဘူး။ ဆေးဖက်ဝင်တဲ့ လက်ပံခါး၊ ပရန္နဝါ၊ တောင်ကတက်၊ တောင်ကန်စွန်း၊ ဆင်တုံးမနွယ်၊ ဘုမ္မရာဇ၊ နွှင်းခါး၊ သက်ရင်းကြီး၊ ရှဉ့်မတက်၊ မိသလင်၊ ဆေးဝါကြီး၊ ရင်းပြာစတဲ့ အပင်တွေ ရှိတယ်'

ဤတော ဤတောင်သည် ခရီးဝေးလံ၍ သွားလာရေးခက်ခဲပြီး အလွန်ချောင်ကျသောဒေသ ဖြစ်သော်လည်း ရှေးနှစ်ပေါင်းများစွာကတည်းက ထေရဝါဒ ဗုဒ္ဓဘာသာ ထွန်းကားခဲ့ကြောင်း စေတီပုထိုး၊ ဂူ၊ ကျောင်းဇရပ်များက သက်သေခံလျက်ရှိ၏။

ထို့ပြင် နှစ်ကျိပ်ရှစ်ဦး နတ်စစ်မှူးရုပ်တုများသည်လည်း ဂမ္ဘီရဆန်လှပြီး သမိုင်းကြောင်းကို မီးမောင်းထိုးပြနေသည်ကို တွေ့ရ၏။ ထိုဒေသကို ရောက်လျှင် ကိုယ်တိုင် ခံစားကြည့်ပါ၊ သွားရောက် လေ့လာကြည့်ဖို့လည်း တိုက်တွန်းလိုက်ပါသည်။

**(ဤဆောင်းပါး ဖြစ်မြောက်ရေးအတွက် အကူအညီပေးကြသော ထိုစဉ်က ကသာခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူးကြည်ညွန့်နှင့် ဗန်းမော်မြို့မှ ရဲစခန်းမှူး ရဲအုပ်တင်ထွန်းတို့အား အထူးကျေးဇူးတင်ပါသည်။)**

**မကွေးလှမြင့်**

**နဂ္ဂုတ္တရောင်ခြည်မဂ္ဂဇင်း ၁၉၉၉**

www.burmeseclassic.com

www.burmeseclassic.com

# တနင်္လာသားသမီးများ

**တနင်္လာသက်ရောက်ကြံ့လျှင်**



ရန်ပြေစေတီတော်

တနင်္လာဂြိုဟ်၏ အဓိကရည်ညွှန်းမှုသည် "**ငွေကြေး**" ဖြစ်ပါတယ်၊ ဒါကြောင့် ငွေကြေး လာဘ်လာဘ မရှားပါးရအောင်၊ ငွေကြေးရလွယ်အောင် ဤ စရဏာယတြာကို ဆောင်ရွက်ပါ။

တနင်္လာသားသမီး **ဂြိုဟ်ဖွား(ရာဇ အထွန်း၊ သိုက်၊ အဓိပတိ)**များသည် ရန်ပြေစေတီတစ်ဆူဆူတွင် အားထုတ်ရပါမယ်။ ကြည့်ပါ။

**ရန်** → ကိုရှာ → မိတ်
တစ်ဖန်, → လာဘ်

**ပြေ** → ဂဗ္ဘေ → ဓာတ် → ပွင့်

**အနိဋ္ဌဖွား(မရဏ၊ ပုတိ၊ ဘင်)** များသည် တနင်္လာနံ့ဖြင့် စသော စေတီ **(ဥပမာ ကျောက်တော်ကြီး၊ ချမ်းသာကြီး)**လာဘမုနိရုပ်ပွားတော်ရှေ့တွင် အားထုတ်ရပါမယ်။

ဦးစွာ **ဂြိုဟ်ဖွားများသည်...**

- ❖ အဖြူရောင်မွှေးသောပန်း ၁၅ပွင့်၊
- ❖ ကြံပန်းခိုင် ၂ခိုင်၊
- ❖ အလင်းတိုင် ၁၅တိုင်၊

ကို လှူပြီး **အနိဋ္ဌဖွားများကတော့...**

- ✇ ကုံကော်ညွန့် ၁၅ညွန့်၊
- ✇ နံ့သာတိုင် ၁၅တိုင်၊
- ✇ ကိတ်မုန့်(၂-ချပ်) ၁ပွဲ

ကို လှူပါ။

**ဂြိုဟ်ဖွားများကတော့...**

ဒိဝါ တပတိ အာဒိစ္စော၊
ရတ္တိံ မာဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။
အထ သဗ္ဗ မဟော ရတ္တိံ၊
ဗုဒ္ဓေါ တပတိ တေဇသာ။

ဂါထာကို (၁၅)ခေါက် ရွတ်ပါ။ ပြီးလျှင်...

လာဘံ တဿ မယှံ ဘဝန္တု *(ပုတီးတစ်လုံးချ)*

ပုတီး (၂)ပတ်စိပ်ပါ။

**အနိဋ္ဌဖွားများကတော့...**

✦ သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊
ဒွါဒသဉ္စ သဟဿကေ။
ပဉ္စသတ သဟဿာနိ၊
နမာမိ သိရသာမဟံ။

✦ အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊
အနန္တာ နိဗ္ဗုတာ ဇိနာ။
တေသံ ဓမ္မဉ္စ သံဃဉ္စ၊
အာဒရေန နမာမဟံ။



လာဘမုနိရုပ်ပွားတော်

✦ နမက္ကာရာနုဘာဝေန၊
ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ၊
အနေကာ အန္တရာယာပိ။
ဝိနဿန္တု အ,သေသတော။

ဂါထာကို (၁၅)ခေါက် ရွတ်ပါ။ ပြီးလျှင်...

န ဘိက္ခာ အန္တရာယောပိ ကာတုံ ဗုဒ္ဓဿ ကောနစိ၊ တထာ မေ ဟောတု။

*(ပုတီးတစ်လုံးချ)*

(၂)ပတ်စိပ်ကာ ပြီးဆုံးစေရပါမယ်။

**ရဲထွဋ်အောင်**




www.burmeseclassic.com

www.burmeseclassic.com

ချွေးထွက်လွန်မှု သတိပြုရန်

# ချွေးထွက်လွန်ခဲ့ရင်



တင့်ပွားလှိုင်
(တိုင်းရင်းဆေး)

ဝမ်းများစွာသွားခြင်း၊ ဆီးများစွာသွားခြင်း၊ သွေးအန်သွေးကျ သွေးထွက်လွန်ခြင်းများကိုကား အထူးအလေးဂရုပြု ပြုစုကြ၊ ကုသကြရလေ့ရှိ၏။ ယခုလို အပူပြင်းထန်ကာလတွင် ချွေးထွက်မှုများခြင်း၊ လွန်ခြင်းများကို ဂရုပြု၍ ပြုစုကုသသူ၊ သတိပြုကြသူ နည်းနေသည်ကို တွေ့ရပေသည်။

အနားမရ အလုပ်လုပ်ကြရသူများ၊ ခရီးသွားများ၊ သက်ကြီးရွယ်အိုများ၊ မူလအင်အားနည်းပါးကလေးငယ်များ၊ ချွေးထွက်များလျှင် ဂရုပြု သတိထားသင့်လှပေသည်။ ရှတ်တရက် ဖြစ်ရပ်တစ်ခုကား မကြာမီက ဖြစ်ခဲ့၏။

ပင်စင်စားတစ်ယောက် အလုပ်မှ အငြိမ်းစားယူအပြီး စုဆောင်းရရှိငွေလေးဖြင့် အေးအေးဆေးဆေးနေထိုင်ရန် ကျောက်မြောင်းတွင် သင့်လျော်သည့် တိုက်ခန်းတစ်ခန်းကို စရန်ပေး ငှားရမ်း၏။ ရက်များမကြာမီ ငွေအကျေပေးချေ၍ တိုက်ခန်းသို့ အပြီးရွှေ့ပြောင်း လာရောက်ရမည့်နေ့အရောက်တွင်ကား အကျိုးဆောင်များ၊ တိုက်ခန်းရှင်နှင့် မိတ်ဆွေများထံသို့ တယ်လီဖုန်းရောက်လာသည်မှာ ညသန်းခေါင်ကျော်အချိန်က ရှတ်တရက် ကွယ်လွန်သွားကြောင်း၊ ထို့ကြောင့် ဒီရက်ပိုင်းအတွင်း တိုက်ခန်းမတက်ဖြစ်၊ မရွှေ့ပြောင်းနိုင်သေးကြောင်း သူ့သားစုမှ ဝမ်းနည်းစကားပြော၍ အကြောင်းကြားလာတော့သည်။

မိတ်ဆွေများအားလုံး အံ့သြမဆုံး ဝမ်းနည်းမဆုံး ဖြစ်ကြရသည်။ သူကား ရောဂါစွဲမရှိ ကျန်းမာရေးကောင်းလျက် မနေ့က နံနက်ပိုင်း၊ နေ့လယ်၊ ညနေအထိ ကျန်းကျန်းမာမာ ရွှင်ရွှင်လန်းလန်းဖြင့် မိတ်ဆွေများဆီသို့ သွားလာ လည်ပတ် စကားပြောခြင်း၊ နှုတ်ဆက်ခြင်းများ ပြုသေးသည်ဆို၍ ရှတ်တရက် ဖြစ်ရချက်ကား အကြောင်းရင်း စဉ်းစားမရပင် ဖြစ်ကြရသည်။

တစ်နေ့က စာရေးသူ ကျောက်မြောင်းအရောက် ပင်စင်စားမိတ်ဆွေကြီးတစ်ယောက်အိမ် ဝင်လိုက်ရာ (မိတ်ဆွေကြီးကား စာရေးသူထက် (၁၀)နှစ်ကျော်ကြီး၍ ပညာရှင် ဗိုလ်ကြီးအငြိမ်းစားဖြစ်သည်။)

'လာ ဆရာရေ... ဆရာပွားလာတာအတော်ပဲ'

တိုက်တံခါး ဖွင့်ပေးပြီး...

'ကျွန်တော်လဲ စကားပြောချင်နေတာ'

ဗိုလ်ကြီး စကားဆက်လာသည်။

'တစ်နေ့က ကျွန်တော့်ဖြစ်ပုံများကံကောင်းလို့ဗျ။ ခုလိုမြင်ရတာ ဆွမ်းခံဦးပဥ္စင်းပြောလို့သာပေါ့'

'ဦးပဥ္စင်းက ဘာပြောတာလဲဗျ။ ဘာလိုဖြစ်လို့လဲ ဗိုလ်ကြီး၊ ခုကောနေကောင်းပါတယ်နော်'

'ခုတော့ နေကောင်းပါတယ်ဗျာ။ ဒီလိုဗျ... အဲဒီနေ့က မနက်ဆွမ်းထလောင်းတော့ မောဟိုက်ဟိုက် နုံးချည့်ချည့်နဲ့ ခြေထောက်တွေကလဲ မသန်သလိုဖြစ်လို့၊ အနောက်အခန်းက တိုက်ရှေ့အလာ တစ်ဝက်လောက်မှာ ထိုင်ချ နားနေလိုက်တယ်။

ဆွမ်းခံ ထိုင်ကိုယ်တော်တွေ ကိုရင် (၄)ပါးနဲ့ ဦးပဥ္စင်းလေးရောက်လာတော့ အဲလိုပဲ နား,နားပြီးတော့ အရှင်ဘုရားတို့ သည်းခံပြီး စောင့်ဆိုင်းပေးကြပါ။ တပည့်တော် အရင်လိုမဟုတ် ဘယ်လိုဖြစ်မှန်းမသိ။ နုံးချည့်ချည့်နဲ့လို့ ပြောတော့ ဦးပဥ္စင်းလေးက **"ဒကာကြီး မနေ့ကညကကော နေကောင်းရဲ့လား။ အဲ... ညက သိပ်အိုက်တာပဲ။ နုံးချည့်ချည့်ဆိုတော့ ဒကာကြီး ချွေးတွေ သိပ်ထွက်သလားတဲ့"**။

"ဟာ...ဟုတ်ပါရဲ့ဘုရား။ ညက (၂)ချက်ထိုးမှာ တပည့်တော် ချွေးတွေပြန်လို့ နိုးတာ အိပ်မရလို့ ထပြီး ဘုရားသောက်တော်ရေ မနက်ဆက်ကပ်စရာတွေ ပြင်ဆင်ဝတ်ရွတ်၊ အဲ...ဘုရားရှိခိုးတော့လဲ ချွေးပြန်လို့ ချွေးက သုတ်လိုက်,ထွက်လိုက်နဲ့။ မိုးလင်းခါနီးမှာ ပြန်အိပ်ပျော်သွားတာ"

"အဲ...ဒကာကြီး အဲဒါပဲ၊ **ချွေးထွက်လွန်းလို့ ရေဓာတ်ဆုံးရှုံးလို့ ဖြစ်တာ၊** ဓာတ်ဆားရည်သာ သောက်ကြည့်လိုက်ပါတဲ့"။

ဦးပဥ္စင်းလေး ပြောတော့မှ ကျွန်တော်လဲ ချက်ချင်းပဲ ဓာတ်ဆား (၂)ထုပ် ဖျော်သောက်လိုက်တာ



www.burmeseclassic.com

www.burmeseclassic.com

ကောင်းသွားတယ်ဗျာ။ မောလိုက်တာ၊ နုံးချည့်တာ၊ အကြောမသန်သလို ဖြစ်တာ မရှိတော့ဘူး။ ခုထိ ဘာဆေးမှလဲ မလုပ်ရတော့ဘူး'

ရွှင်ရွှင်လန်းလန်း ပြောနေသော ဗိုလ်ကြီး၊ သူ့ကို ကြည့်မြင်ရသည်မှာ (၈၀)ကျော်လို့ပင် မထင်ရ၊ နုပျိုတုတ်ခိုင် ဝဝဖြိုးဖြိုး။ သူ့ကြည့်ရင်း သတိရလာသည် ကိုယ်ကိုယ်တိုင် တလောက နေ့ခင်းဘက် နေပူမရှောင် သွားလာလှည့်ပတ် အိမ်ပြန်အရောက် ညနေတွင် နုံးချည့်နေလို့၊ ဓာတ်ဆားရည် သောက်လိုက်ရသည်။ စကား ဆက်လက်ပြောကြရင်း...

တလောက ရုတ်တရက် ကွယ်လွန်သွားရှာသော ပင်စင်စားကြီး၊ သူကား အသက်(၆၀)ကျော်ရုံ၊ ယခုဗိုလ်ကြီးကား (၈၂)နှစ် ဓာတ်ဆားရည်သောက်ခြင်း ကံကောင်းလို့သာပင်။

ချွေးထွက်များခြင်း၊ ချွေးထွက်လွန်ခြင်းဖြစ်လျှင် ဓာတ်ဆားရည် သောက်ရန် သတိရကြပါကုန်။

**မှတ်ချက်**

နေပူပြင်းထန်ကာလတွင် ချွေးထွက်များလွန်ခြင်းကြောင့် ဆီးခန်း၊ ဆီးအောင့်၊ ဆီးထိုးခြင်းများလည်း ဖြစ်တတ်ပါသေးသည်။ ပူစပ်သောအစာ ငရုတ်သီးစသည် အစားများလျှင်လည်းကောင်း၊ ရေခဲရည်သောက်များသော်လည်းကောင်း၊ ဆီးထိုးအောင့်နာ ဖြစ်တတ်သည်။ ဆီးထိုးအောင့်နာဖြစ်လျှင် **ဖဝက်သာဖွန်းသေး တစ်ဖွန်း၊ ထန်းလျက် ကွမ်းသီးလုံး(၃)လုံးခန့် ရောစား၍ ရေအေးများများ သောက်ပေးပါ။**

**ဖဝက်သာအစား**– တိုင်းရင်းဆေးလျက်ဆားတစ်မျိုးမျိုးကို ထန်းလျက်နှင့် စားနိုင်ပါသည်။

**တိုင်းရင်းဆေးပညာဖြင့် ပြည်သူကို အကျိုးပြုပါအံ့။**

**တင့်ပွားလှိုင်** *(တိုင်းရင်းဆေး)*

# လာဘ်ပွင့်လာဘ်ခေါ် ကြက်မင်းမွေးနည်း အစီအရင်



'ကိုလှမြင့်သစ်နဲ့ တွေ့တုန်း အစီအရင်လေးတစ်ခု ပေးချင်တယ်ဗျာ။ ယူမလား၊ လုပ်မလား'

'ကောင်းတာဆိုရင် ယူမှာ လုပ်မှာပေါ့ဗျာ'

**၂၀–၈–၂၀၀၈ ဗုဒ္ဓဟူးနေ့** နံနက်စော ဘုရားမှအပြန်တွင် သူငယ်ချင်း ဗေဒင်ဆရာနှင့် တွေ့ဆုံရပြီး သူပြောပြသော ''လာဘ်ပွင့်လာဘ်ခေါ် ကြက်မင်းမွေးနည်း အစီအရင်''ကို တင်ပြလိုက်ပါသည်။

သူ၏ ကြက်မင်းအစီအရင်မှာ မခက်ခဲပါ။ ငွေကုန်ကြေးကျလည်း သိပ်မရှိပါ။ ဝန်ပေါ့ပါသည်။

ဆန်လက်တစ်ဆုပ်ခန့်ကို အောက်ပါဂါထာနှင့် (၃၇)အုပ်မန်းပြီး သင့်အိမ်တွင် မွေးထားသောကြက်ဖကို ကျွေးပေးစားစေပါ။

ထိုကြက်ဖတွန်တိုင်း လာဘ်ပွင့်ပြီး ကြက်ဖမျက်နှာမူ၍ တွန်ရာအရပ်ဒေသမှ လာဘ်ဝင်,ငွေဝင်လာမည်။ ကြီးပွားတိုးတက်မှု ရှိလာစေပါသည်။

ဆန်ကိုမန်းရမည့် ဂါထာမန္တန်မှာ...

'ဥုံ အအအအ၊ ကကကက၊ ဝဝဝဝ၊ ဒိဝါစရွတ္တိ စ ခမတိ'

ဟူ၍ ဖြစ်ပါသည်။ ထိုဂါထာနှင့် ဆန်ကို (၃၇)အုပ်မန်းပြီး သင့်အိမ် မွေးကြက်ဖကို နေ့စဉ်ကျွေးပေးပါ။ လာဘ်ပွင့်လာဘ်ရွှင်လာပါလိမ့်မည်။

ခက်ခဲပင်ပန်းမှုမရှိသော လောကီအစီအရင်တစ်မျိုးဖြစ်လို့ ဝါသနာထုံသူများ ပြုလုပ်နိုင်ရန် တင်ပြလိုက်ပါသည်။

*လိုရာဆန္ဒ ပြည့်ဝကြပါစေ။*

**နတ်မောက် လှမြင့်သစ်**



www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ် ရန်အောင်ကျောင်းတိုက် အောင်မေတ္တာဝါဒီကျောင်းဆရာတော်

# ဓမ္မဒီပ အရှင်ဉာဏောဒယ

(ဓမ္မာစရိယ)၏ ဂုဏ်တော်(၁၃)ပါးဂါထာ၊ မေတ္တာသုတ်ကျင့်စဉ်ဩဝါဒထူးများနှင့် လက္ခဏာပုံရိပ်များ

ဓမ္မဒီပ အရှင်ဉာဏောဒယ(ဓမ္မာစရိယ)သည် ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်၊ ငကျီးထူအုပ်စု၊ အောင်လံကျေးရွာနေ ခမည်းတော် ဦးသိန်း၊ မယ်တော် ဒေါ်ရီငွေးတို့က ၁၉၇၁ ခုနှစ်၊ တပို့တွဲ လဆန်း (၂)ရက် နေ့တွင် ဖွားမြင်တော်မူပါသည်။

၁၉၉၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၃)ရက်တွင် ရှင်သာမဏေပြုခဲ့ပြီး ၁၉၉၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၈)ရက်တွင် ရဟန်းပြုခဲ့ပါသည်။ ဉပဇ္ဈာယ်ဆရာတော်မှာ ဘဒ္ဒန္တ ဉာဏုတ္တရ ဖြစ်ပါသည်။ အခြေပြုမူလတန်း ပထမ ငယ်၊ ပထမလတ်၊ ပထမကြီး၊ ဓမ္မာစရိယ စာမေးပွဲများ အောင်မြင်ပါသည်။

## ဩဝါဒ

### ❍ လူဖြူနဲ့ လူမည်း

လောကမှာ လူဖြူ လူမည်း၊ ရုပ်ဆိုး ရုပ်လှကို အပေါ်ယံ အရေပြားကြည့်ပြီး ဆုံးဖြတ်တတ်ကြတယ်။ တကယ်တော့ ဗုဒ္ဓတရားနဲ့ နှိုင်းချိန်ကြည့်ရင် ဘယ်လောက်ပဲ အသားဖြူပြီး ရုပ်ချော နေပါစေ အတွင်းစိတ် မကောင်းလို့ ကတော့ တကယ်မည်းတဲ့ လူမည်းပါပဲ။ အပြင်ပန်းက အသားမည်းပြီး ဘယ်လောက်ပဲ ရုပ်ဆိုးနေပါစေ အတွင်းစိတ်ဓာတ် ကောင်းမွန်ဖြူစင် နေရင် သူ့ကို လူဖြူ လူချော လူလှလို့ ခေါ်ရမှာပါပဲ။

ဦးသော်ဇင် (ဟသ်ာတ)

### ❍ လူနှစ်မျိုး

ပခုံး နှစ်ဖက်ကြားမှာ ခေါင်းပေါက် လာတဲ့သူ တိုင်းကို လူလို့ ခေါ်တာပါပဲ။ ဒါပေမယ့် လူစင်စစ်နဲ့ လူ့တိရစ္ဆာန်လို့တော့ ကွဲပြားတာပေါ့။ (ဘုရား၊ တရား၊ သံဃာ) ရတနာသုံးပါးနဲ့ ငါးပါးသော သီလတွေ ရင်ထဲမှာ တည်ကိန်းနေရင် လူစင်စစ်၊ မတည်ရင်တော့ လူ့တိရစ္ဆာန်ပေါ့။



ဓမ္မဒီပ အရှင်ဉာဏောဒယ(ဓမ္မာစရိယ)

### ❍ အရည်အချင်းရှိတဲ့သူ

ကိုယ့်စိတ်ထဲက ဖြစ်ချင်တာတွေ အားလုံးဖြစ်လာမှ၊ ကိုယ့်ရဲ့ရည်မှန်းချက်တွေ အောင်မြင်မှ၊ အရာအားလုံး ကိုယ့်ရဲ့ စိတ်တိုင်းကျမှ ကိုယ့်အနေနဲ့ စိတ်ချမ်းသာနိုင်မယ်ဆိုရင် ကိုယ်ဟာ ဘယ်တော့မှ စိတ်ချမ်းသာတဲ့သူဖြစ်လာမှ မဟုတ်ပါဘူး။

အဆင်မပြေမှုတွေ၊ စိတ်ဆင်းရဲမှုတွေရဲ့ ကြားထဲကနေ စိတ်ချမ်းသာအောင် နေနိုင်မှ အရည်အချင်းရှိတဲ့သူ ဖြစ်လာမှာပေါ့။

## ဂုဏ်တော် (၁၃)ပါး ဂါထာတော်

ဤဂုဏ်တော် (၁၃)ပါးဂါထာကို ဓမ္မဒီပ အရှင်ဉာဏောဒယ(ဓမ္မာစရိယ)သည် ကိုရင်ဘဝကတည်းက ရွတ်ဆိုပုတီးစိပ်ခဲ့ပါသည်။ ငွေကြေးအခက်အခဲကို ပြေလည်ကြောင်း ကိုယ်တွေ့အရအားဖြင့် စာရေးသူကို ချီးမြှင့်ပြီး ပုတီးစိပ်ရန်လည်း မိန့်ပါသည်။

ဤဂါထာကို အများသူငါ ကျယ်ကျယ်ပြန့်ပြန့် သိရှိသွားလျှင် အလွန်ကျေးဇူးများကြောင်းလည်း မိန့်ပါသည်။ အရှင်မြတ်၏ တပည့်သာမဏေများ အားလုံးကို သင်ပေးပြီး ရွတ်ဆိုခိုင်းပါသည်။

ကြီးပွားချမ်းသာဖို့ အားကိုးအားထားပြုနိုင်သည့် ဂါထာဖြစ်၍ အရှင်



www.burmeseclassic.com

www.burmeseclassic.com

မြွတ်က ကိုယ်တိုယ်ကိုယ်ကျ ပါဠိရော၊ အနက်ကို စေတနာထက်သန်စွာနှင့် ရေးသားချီးမြှင့်လိုက်ပါသည်။

အရဟံ၊ ဗဟိအန္တဇယံ၊ သုဂတံ၊ အမိတံ ဝိရဇံ၊ လလိတံ၊ အတုလံ၊ စရဏံ၊ တိဘဝူ ပသမံ၊ ယမကံ၊ သုခဒံ၊ သရဏံ၊ ပဏာမာမိ ဇိနံ။

*[တစ်ပုဒ်ဆုံး ပုတီးတစ်လုံးချပါ။]*

**အရဟံ** – လူမင်း၊ နတ်မင်း၊ ဗြဟ္မာ မင်းတို့၏ ဝပ်စင်းကော်ရော် ပူဇော် အထူးကို ခံယူတော်မူထိုက်ပါပေထ သော၊ (သို့မဟုတ်)

ဆိတ်ကွယ်ရာအရပ်၌ပင် မကောင်း မှုကို ပြုတော်မမူ၊ ပြောတော်မမူ၊ ကြံ စည် တော် မမူတတ် ပါပေထ သော၊ (သို့မဟုတ်) ကိလေသာ အပေါင်း တို့မှ ဝေးကွာတော်မူ တတ်ပါပေထသော။

**ဗဟိအန္တဇယံ** – အတွင်းရန်၊ အပြင်ရန်၊ ကိလေသာ ရန်မာန်အပေါင်း တို့ကို အောင်မြင်တော်မူတတ် ပါပေထသော။

**သုဂတံ** – ကောင်းသော နိဗ္ဗာန်သို့ ကြွသွားတော်မူပေထသော။

(သို့မဟုတ်)

ကောင်းသော စကားကိုသာ ဆို တော်မူတတ်ပါပေထသော။

**အမိတံ** – မနှိုင်းယှဉ်အပ်သော ဂုဏ်ကျေးဇူးတော်တို့နှင့် ပြည့်စုံတော် မူတတ်ပါပေထသော။


**ဝိရဇံ** – ကိလေသာမြူ အညစ် အကြေးမှ ကင်းဝေးစင်ဖြူတော်မူတတ် ပေထသော။

**လလိတံ** – ရောင်ခြည်တော် ခြောက်သွယ်တို့ဖြင့် ကွန့်မြူးတင့်တယ် စံပယ်တော်မူတတ်ပါပေထသော။

**အတုလံ** – သီလ အစရှိသော ဂုဏ်တော်တို့ကြောင့် မည်သူတစ်ဦး တစ်ယောက်နှင့်မျှ တူတော်မမူ... သော။

**စရဏံ** – ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်... စရဏ တစ်ဆယ့်ငါးပါးတို့နှင့် ပြည့်... တော်မူပါပေထသော။

**တိဘဝူပသမံ** – ဘဝသုံး... သုံးပါးတို့၌ ကိလေသာ အပူ...






www.burmeseclassic.com

www.burmeseclassic.com




ငြိမ်းအေးတော်မူပါပေထသော။

**ယမကံ** – ရေမီးအစုံစုံ တန်ခိုးပြာဋိဟာကို ပြစွမ်းတော် မူတတ်ပါပေထသော။

**သုခဒံ** – မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာတည်းဟူသော အမြင့်ဆုံးချမ်းသာကို ပေးတော်မူထသော။

**သရဏံ** – လူသုံးပါးတို့၏ ကိုးကွယ်အားထားရာအစစ် ဖြစ်တော်မူပေထသော။

**ဇိနံ** – မာရ်ငါးပါးတို့ကို အောင်မြင်တော်မူပြီးသော မြတ်စွာဘုရားကို။

**အဟံ** – ဘုရားတပည့်တော်သည်။

**ပဋ္ဌာမာဓိ** – ရှိခိုးဦးညွှတ်ပါ၏။

---

မေတ္တာသုတ် အဓိဋ္ဌာန်ကျင့်စဉ်

---

**မကျင့်မီ ပုဗ္ဗကိစ္စ** → ဆိတ်ငြိမ်ရာနေရာကို ရွေးချယ်ပြီး သီလပြည့်စုံအောင် (သို့မဟုတ်) သီလကို စင်ကြယ်အောင် ပြုလုပ်ပါ။ ထို့နောက် ဘုရား၌ လက်အုပ်ချီပြီး အဓိဋ္ဌာန်ပြု ပြောဆိုပါ။

---

အဓိဋ္ဌာန်ဆောက်တည်ပုံ

---

'မြတ်စွာဘုရား...

ဘုရားတပည့်တော်သည် ယခုအချိန်မှစတင်၍ မေတ္တာသုတ် ပရိတ်တော်ကို (...) ခေါက်ပြည့်အောင် ရွတ်ဖတ်ပူဇော်ပါမည် ဘုရား။ (...)အခေါက်ရေ မပြည့်မချင်း...

၁။ ဤနေရာမှ မထပါ။

၂။ ဘယ်သူ ခေါ်ခေါ် လှည့်မကြည့်ပါ။

၃။ ခြင်၊ မှက် ကိုက်ခဲသော်လည်း မပုတ်ထုတ်ပါ။ မရိုက်ပါ။ မသတ်ပါ။

၄။ မည်သည့်အကြောင်းနှင့်မျှ ဤအဓိဋ္ဌာန်ကို မဖျက်ပါ။

မြတ်စွာဘုရား...

ဘုရားတပည့်တော်၏ ယခုအဓိဋ္ဌာန် အောင်မြင်ပြီးလျှင် ဘုရားတပည့်တော်အား

• (...ဆု)နှင့် ပြည့်ပါစေဘုရား'

အထက်ပါအဓိဋ္ဌာန်အတိုင်း မေတ္တာသုတ်ကို (၉)ခေါက်၊ (၁၈)ခေါက်၊ (၂၇)ခေါက်၊ နောက်ဆုံး (၁၀၈)ခေါက် အထိ မိမိနိုင်သမျှ အဓိဋ္ဌာန်ပြုပါ။

*[၁၀၈–ခေါက်ထက် ပို၍ကား မသင့်ပြီ။]*

---

လက္ခဏာတော် လှေ့လာချက်

---

★ ဘယ်ဘက်၌ **ဖေယျထီးရိုး** ထင်ရှားသော်လဲ ညာဘက်၌




www.burmeseclassic.com

www.burmeseclassic.com

မထင်ရှားဘဲ ကန့်လန့်ဖြတ်မျဉ်း တစ်ကြောင်း ထင်ရှားနေတယ်။ (၁)


* * *




ဒါကတော့ ရည်ရွယ်ချက် ထားရှိခြင်းနဲ့ ရည်ရွယ်ထားတဲ့အတိုင်း ပြည့်ဝစေတတ်တဲ့ သင်္ကေတတစ်ခုပါပဲ။ သို့သော် ညာဘက်အရ အနှောင့်အယှက် အခက်အခဲကြုံပြီးမှ အဆင်ပြေပါလိမ့်မယ်။ ဒါ့ပြင် ရည်ရွယ်ထားတာထက် မရည်ရွယ်ထားတာက ပို၍ အဖြစ်များတတ်ပါတယ်။

★ ညာဘက် ဗုဒ္ဓဟူးဂြိုဟ်ခုံတွင် **မျဉ်းမတ်များ** တွေ့ရတယ်။ (၂)


* * *




ဒါကတော့ ငွေကြေးရလွယ်ခြင်း၊ ဂါထာမန္တန် စွမ်းစေခြင်း၊ အပြောအဟော ကောင်းခြင်း၊ ဆေးပညာ တတ်ကျွမ်းခြင်း၊ ဆေးလိုက်ခြင်းတို့ ဖြစ်ပါတယ်။

★ ဘယ်ဘက် ဉာဏ်လမ်းကြောင်းဟာ **တနင်္လာဂြိုဟ်ခုံဆီသို့** ကွေးညွှတ်နေပါတယ်။ (၃)

* * *





ဒါကတော့ စိတ်ကူးစိတ်သန်း ကောင်းခြင်း၊ စိတ်ကူးနဲ့ လက်တွေ့ တစ်ထပ်တည်းကျအောင် စွမ်းဆောင်နိုင်ပါတယ်။ စာပေလုပ်ငန်း၊ စာရေးဆရာ၊ ပရိယတ္တိလုပ်ငန်းများနဲ့ ပို၍ အကျိုးပေးပါမယ်။

★ ဘယ်ညာ **အသက်လမ်းကြောင်း** ကျယ်ပါတယ်။ (၄)

ဒါကတော့ မွေးရပ်မြေမှာ မကြီးပွားတတ်တဲ့ သင်္ကေတတစ်ခုပါ။ ရပ်ခြားမြေခြား နယ်စပ်ရပ်ဝေး နိုင်ငံခြား၊ လူမျိုးခြားများနဲ့ အကျိုးပေးပါတယ်။ နိုင်ငံရပ်ခြား သာသနာပြုခရီး ကြွရပါလိမ့်မယ်။ ခန့်မှန်းရရင် (၂၈,၃၁ နှစ်ဝန်းကျင်) အထူးကတော့ ပေါင်းခြင်း (၁, ၄)ရသော နှစ်မျိုးတွင် သွားရပါမယ်။

★ ဘယ်ညာ နှစ်ဖက်လုံးတွင် **ကာမဂုဏ်လမ်း** တွေ့ရတယ်။ (၅)

* * *




ဒါကတော့ ကျောက်ကပ်၊ ဆီးဝေဒနာ ဖြစ်တတ်တယ်။ ခွဲစိတ်ခံရတတ်တယ်။

★ ဘယ်ညာ **လက်သန်းတို**ပါတယ်။ (၆)

ဒါကတော့ အားမနာတတ်တဲ့ သဘော၊ တဲ့တိုးပြောတတ်တဲ့သဘော၊ ဟန်မဆောင်တဲ့သဘော၊ ဘွင်းဘွင်း ပြောတတ်တဲ့ သဘောကို ပြပါတယ်။

***ပရံ ရက္ခန္တော အတ္တာနံ ရက္ခတိ။***

**ဦးသော်ခင်(ဟင်္သာတ)**

**စာမူရှင်များသို့ . . .**

**ပေးပို့သော စာမူများကို မူပွား ထားကြပါရန်နှင့် မရွေးချယ်ပါက ပြန်လည်ပေးပို့မည် မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။**

*လေးစားစွာဖြင့်...*

**နက္ခတ္တရောင်ခြည်မဂ္ဂ**



www.burmeseclassic.com

www.burmeseclassic.com

# ချေတစ်ပင်တိုင်ချိုအာခွမ်း

အံ့မခန်း

စန္ဒာဗို
(တောင်ငူ)


ကျွန်တော့်ရဲ့ အစ်ကိုကြီး ဦးလှရှိန်ဟာ အသက် (၁၈)နှစ်အရွယ်ကတည်းက မြန်မာ့သစ်လုပ်ငန်းမှာ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ပထမ ချောင်းခေါင်း၊ ယင်းနောက် တောအုပ်၊ ပြီးနောက် သစ်အုပ်၊ နောက်ဆုံး တောအုပ်ကြီးအထိ ရာထူးများ အဆင့်ဆင့်တက်ပြီး တာဝန်ထမ်းဆောင်ခဲ့ရာ ၁၉၉၅ ခုနှစ်မှာ အသက် (၆၀)ပြည့်လို့ အငြိမ်းစား ယူခဲ့ပါတယ်။

အငြိမ်းစားယူပြီး နားနေခိုက်မှာ (WOOD WORLD ENTERPRISE) ဝုဒ်ဝေါလ်အင်တာပရိုက်(စ)ရဲ့ ကယားဖူးကုမ္ပဏီမှာ သစ်ကွင်းအထွေထွေမန်နေဂျာအဖြစ် တာဝန်ထမ်းဆောင်ရပြန်ပါတယ်။

တာဝန်ထမ်းဆောင်ရတဲ့ နေရာကတော့ ပဲခူးရိုးမရဲ့ချောင်းဖျား ဇောင်းတူဦးတော ပဲခူးမြစ်ဖျားကစပြီး ဖြူး၊ ကျောက်တံခါး၊ အနောက်ဘက်က ဖဒိုမြို့ချောင်းမှာ ရုံးထိုင်ပြီး အမှတ်(၅၆) သစ်ကွင်းမှာ သစ်ထုတ်လုပ်ရတာ ဖြစ်ပါတယ်။

တစ်နေ့မှာ အစ်ကိုကြီးဆီ လိုက်သွားဖို့ ကိစ္စတစ်ခု ပေါ်လာပါတယ်။ အစ်ကိုကြီးက G.S.M ဖုန်း လျှောက်ထားတာ ကျလာလို့ ဖုန်းကိစ္စ ဆောင်ရွက်ရန်အတွက် အစ်ကိုကြီးရဲ့ မှတ်ပုံတင် သွားယူရမှာ ဖြစ်ပါတယ်။

ဒီလိုနဲ့ မနက်စောစောမှာ ကျွန်တော်တစ်ကိုယ်တည်း ကျောပိုးအိတ်တစ်လုံးနဲ့ တောင်ငူကနေ ပဒုမ္မာကားစီး၍ ဖဒို မြို့ချောင်းရှိ ကုမ္ပဏီရုံးကို ရောက်သွားခဲ့ပါတယ်။



ဓာတ်ပုံရိုက်ယူရာတွင် ပုံတော်မပီပြင်သည့် ရှင်သီဝလိ ရုပ်ပွားတော်လေး

ရုံးရောက်တော့ အစ်ကိုကြီး မရှိပါဘူး။ တောထဲ ကွင်းနင်းလိုက်သွားတယ်ဆိုလို့ ကုမ္ပဏီရုံးမှာ စောင့်နေတာ (၃)ရက် ကြာသွားပါတယ်။

ရုံးထဲက သူ့တပည့်တွေက ကျွန်တော့်ကို…

'တောထဲ လိုက်သွားမလား'

လို့ မေးတော့ ကျွန်တော်လဲ စောင့်ရတာ ပျင်းတာနဲ့…

'လိုက်မယ်ဗျာ ရောက်ဖူးတယ် ရှိတာပေါ့'

လို့ ပြောလိုက်ပါတယ်။

နောက်တစ်နေ့ မနက်စောစောထ စားသောက်ကြပြီး ဝန်ထမ်းအဖော်သုံးဦးနဲ့အတူ မနက် (၇)နာရီအချိန်လောက်မှာ ရဲနွယ်ချောင်းထဲ၌ စက်လှေဖြင့် ဆန်တက်သွားတာ ညနေ (၅)နာရီမှာ ပထမသစ်စခန်းကို ရောက်ပါတယ်။

စခန်းမှာ သစ်ခုတ်လုပ်သားအဖွဲ့နဲ့ တွေ့ပါတယ်။ သူတို့လဲ (၅၆)ကွင်းကို သွားကြမှာမို့ သူတို့နဲ့ လိုက်ခဲ့ဖို့ ခေါ်ကြပါတယ်။ (၅၆)ကွင်းကို ရောက်ဖို့ (၁၂) နာရီလောက် သွားရမယ်လို့ ပြောပါတယ်။

ပထမစခန်းမှာ တစ်ညအိပ်ပြီး မနက်စောစောထ စားသောက်ကြပြီး အထုပ်အပိုးကိုယ်စီနဲ့ ကျွန်တော်တို့ တစ်တွေ ခြေကျင်ခရီး စတင်ပါတော့တယ်။ ကျွန်တော်ကတော့ သူတို့အဖွဲ့ရဲ့ အလယ်ကနေ လိုက်ပါတယ်။

ပဲခူးရိုးမဟာ မြန်မာနိုင်ငံမှာ အင်မတန်မှ တောကြီးတဲ့ ရိုးမဖြစ်ပါတယ်။ သစ်ကြီး၊ ဝါးကြီးများ မျိုးစုံအောင် ပေါက်ရောက်လျက် ရှိကြပြီး တချို့ချောက်ကမ်းပါးတွေထဲမှာ သစ်ကြီး၊ ဝါးကြီးတွေ အများကြီး ရှိနေပါသေးတယ်။

အရင်က လမ်းပန်းအခက်အခဲကြောင့် ကျန်နေတဲ့ သစ်များဖြစ်ပြီး ယခုအချိန်မှာ စက်ယန္တရားများ ပိုမိုတိုးတက်လာသလို နိုင်ငံတော်အစိုးရ



www.burmeseclassic.com

www.burmeseclassic.com

က ကုမ္ပဏီများကို ထုတ်လုပ်ဖို့ လုပ်ပိုင်ခွင့် ပေးလိုက်တော့ ခေတ်မီစက်ကိရိယာတွေနဲ့ လမ်းတွေဖောက်ထားတာများ များလွန်းလို့ မျက်စိလည်ချင်စရာပါ။

တောထဲရောက်တော့လဲ ပျော်စရာအလွန်ကောင်းပါတယ်။ သစ်ပင်မြင့်ကြီးများ, ချုံပုတ်များမှ ငှက်မျိုးစုံရဲ့ ဘာသာဘာဝ အော်မြည်သီကျူးသံများ၊ မျောက်တွေရဲ့ အော်သံများ၊ ချေ(ဂျီ)ဟောက်သံများ၊ တောကြက်တွန်သံများ အစရှိတဲ့ တောတိရစ္ဆာန်ပေါင်းစုံတို့ရဲ့ အော်သံများကို လမ်းလျှောက်ရင်း ကြားနေရပါတယ်။

ဒီလိုနဲ့ ချောင်းရိုးတစ်ခုအနီးရှိ သစ်ပင်ကြီးအရင်းမှာ နားကြပြီး ပါလာတဲ့ ထမင်းထုပ်များ ဖြေ၍ နေ့လယ်စာစားသောက်ကြပါတယ်။ စားသောက်ကြပြီး ခေတ္တ အနားယူကာ နေ့လယ် (၁)နာရီလောက်အချိန်မှာ တောလမ်းခရီးအတိုင်း ဆက်လက်ထွက်ခွာလာကြရာ ညနေ (၅)နာရီအချိန်လောက်မှာ ဆင်စခန်းတစ်ခုကို ရောက်ရှိကြပါတယ်။

ဆင်စခန်းရောက်တော့ ဆင်စခန်းမှာရှိတဲ့ အဖွဲ့သားတွေက လှမ်းအော်ကြပါတယ်။

'ဟေ့ ယောက်ဖတို့ ပြန်လာကြပြီလား၊ နင်တို့ရိက္ခာ ပြန်ပို့တာ (၅)ရက်လောက်ကြာတယ်။ ဝ,ခဲ့ကြရဲ့လား ဟား ဟား ဟား'

လို့ အော်ပြော နှုတ်ဆက်နေကြပါတယ်။

ကျွန်တော်တို့အဖွဲ့ကလဲ ပြန်လည်၍...

'နင်တို့ ဘာဟင်းချက်လဲဟေ့၊ ငါတို့မှာ အာမိ (၅)လုံး ပါလာတယ်။ နင်တို့ဆင်တဲရောက်မှ သောက်မယ်လို့



ရှဉ်ပွားတော်ကို ရိုက်ပြီးနောက် ရိုက်ထားသည့် နွယ်ဝင်ကွင်းထိုးများ

ယူဆောင်လာတာ ယောက်ဖရေ'

လို့ ပြန်အော်ကြပါတယ်။

ဆင်တဲရှိ ဆင်သမားများနဲ့ ကုမ္ပဏီဝန်ထမ်းများထဲတွင် ကျွန်တော်နဲ့ ခင်မင်ရင်းနှီးသူ (၃)ဦးကို တွေ့ရပါတယ်။ သူတို့ကတော့ ဖြတ်ပိုင်းစာရေး ကိုစိုးလွင်၊ မတူပီချင်းတိုင်းရင်းသားဖြစ်သူ ကိုတင်ညွန့်၊ ကရင်တိုင်းရင်းသား စောလယ်ထူး သူကတော့ (ရွှေပြည်နန်း သနပ်ခါး အမြဲလိမ်းလို့) ရွှေပြည်နန်းလို့ အမည်တွင်နေပါပြီ။ ဆင်တဲမှာ တစ်ညအိပ်ဖို့ ပြင်ဆင်နေကြပါတယ်။

ညမအိပ်ခင် ပါလာတဲ့ အာမီငါးလုံးထဲက နှစ်လုံးကို ကုန်အောင် သောက်ကြပါတယ်။ အမြည်းကတော့ တောဝက်သားနှင့် ငှက်ပျောအူ ရောချက်ထားတာရယ်၊ ရေတ်သီးစပ်စပ်နဲ့ ထောင်းထားတဲ့ ငါးပိထောင်း စားလို့ကောင်းမှကောင်း။ စားပြီး အိပ်လိုက်တာ မောမောနဲ့ဆိုတော့ တုံးခနဲ အိပ်ပျော်သွားတော့တာပါပဲ။

မနက် (၄)နာရီလောက်မှာ အားလုံးနိုးကြပါတယ်။ ဆင်သမားတွေက အစောကြီးထရပါတယ်။ နေမြင့်အောင် မအိပ်ရ။ ငှက်ဖျားစွဲတတ်တယ်တဲ့။ ဆင်ကို အစောကြီး လိုက်ကောက်ကြရတယ်။

ဆင်သမားတွေရဲ့ ဘဝဟာ တကယ် သနားစရာကောင်းလှပါတယ်။ အစောကြီးဆိုတော့ ဖြုတ်၊ ခြင်၊ မှက်တွေ ကိုက်လို့ ဆေးတံကို အငွေ့ထွက်အောင် ဖွာပြီး ကာကွယ်ကြရတယ်။

ဆင်လိုက်ကောက်တာ (၁)နာရီလောက် ကြာတော့ ပြန်ရောက်လာတယ်။ ဆင်ကို ရေချိုးပေးပြီး အစာကျွေးတယ်။ ဆင်အစာကတော့ ဆန် (၂)ပြည်လောက်နဲ့ မန်ကျည်းမှည့် (၃၀)ကျပ်သားလောက်ကို ကျွေးပြီးတော့ ဆင်မှာ က,ဆင်၍ ရိက္ခာများ တင်ပါတယ်။

ဆင် (၂)ကောင်မှာ ဆီပုံး (၄)ပုံး၊ ဆန် (၃)အိတ်၊ ငါးပိ၊ ငါးခြောက်၊ ငရုတ်သီး၊ ပဲ စတဲ့ ရိက္ခာမျိုးစုံပါပဲ။ ဆင်ဦးစီးရယ်၊ ကျွန်တော်ရယ်၊ ကိုစိုးလွင်ရယ်တို့က ရှေ့ဆုံးဆင်မှာ လိုက်ပါတယ်။ နောက်ဆင်ပေါ်မှာကတော့ ဆင်ဦးစီးရယ်၊ ရွှေပြည်နန်းနဲ့ ကိုတင်ညွန့်တို့ လိုက်ကြပါတယ်။

မနက် (၆)နာရီအချိန်မှစ၍ ဆင် (၂)ကောင်နဲ့ လူ (၆)ယောက်အဖွဲ့ဟာ တစ်တောဝင်၊ တစ်တောင်တက်နဲ့ ခရီးနှင်လာလိုက်တာ ညနေ (၄)နာရီ အချိန်လောက်မှာ ကျွန်တော့်အဖွဲ့ကို



www.burmeseclassic.com

www.burmeseclassic.com

ရှိတဲ့ သစ်ကွင်းက ဘိုတဲကို ရောက်ကြပါတယ်။

ကျွန်တော်လဲ ဆင်ပေါ်ကဆင်းပြီး ဖိုက္ကာတွေကို ကူချပေးနေတုန်းမှာ ဖြတ်ပိုင်းစာရေး ကိုစိုးလွင်က ကျွန်တော့်အစ်ကို့ကို လှမ်းပြောသံ ကြားလိုက်ပါတယ်။

'ဖထီးရေ ဒီမှာ ဖထီးညီ လိုက်လာတယ်'

လို့ သတင်းပို့ပြီး ဘိုတဲထဲ ဝင်သွားပါတယ်။

ကျွန်တော့်အစ်ကို့ကို ကုမ္ပဏီက လူတွေအားလုံးက ဖထီးလို့ပဲ ခေါ်ကြတယ်။ ဘာလို့ ခေါ်ကြသလဲဆိုရင် အစ်ကိုဟာ သစ်ထုတ်လုပ်ငန်းမှာ ဝန်ထမ်းဘဝ စလုပ်ကတည်းက ပဲခူးရိုးမတောထဲမှာပဲ အနေများတာရယ်၊ ကရင်တိုင်းရင်းသားဖြစ်တဲ့ သစ်ခုတ်သမားများ၊ ဆင်သမားများဖြင့်သာ အနေများတာကြောင့် သူလဲ ကရင်တိုင်းသား ဖြစ်နေပါပြီ။ ဒါကြောင့် သူ့ကို ဖထီးလို့ ခေါ်ကြခြင်းပါ။

ရောက်ရောက်ချင်းမှာပဲ အစ်ကိုက ကျွန်တော့်ကို မေးပါတယ်။

'ဘာကိစ္စရှိလို့ လိုက်လာတာလဲ'

လို့ မေးရာ ကျွန်တော်က...

'အစ်ကို G.S.Mဖုန်း လျှောက်ထားတာ ကျလာလို့ မှတ်ပုံတင် လာယူတာပါ'

လို့ ပြောပါတယ်။ အစ်ကိုမှ...

'အေး အေး မင်းတို့လဲ ထမင်းဆာကြရောပေါ့။ ကဲ ကဲ ထမင်းစားကြရအောင်။ မင်းတို့ရောက်လာတာ ကံကောင်းတယ်။ ချေ(ဂျီ)တစ်ကောင် ရထားလို့ ချေဝမ်းတွင်းသားဟင်းနဲ့ အသားကင်တွေလဲရှိတယ်။ ငါတို့လဲ စားတော့မှာ အတူတူပေါ့'

လို့ ပြောပြီး တစ်ဆက်တည်းမှာ...

'တင်ညွန့်ရေ မင်းတို့ ငါ့အတွက် ပါလာလား'

လို့ မေးရာ ကိုတင်ညွန့်မှ...

'ပါလာပါတယ်။ ဖထီးအတွက် မန်းရှယ် (၂)လုံးနဲ့ ကျွန်တော်တို့အတွက်လဲအာမီ(၃)လုံးရှိပါသေးတယ်'

လို့ ပြောပါတယ်။

ဘိုတဲရှိ ထမင်းချက် ကိုဝင်းအောင်ကလဲ ထမင်းများခူး၍ ပြင်ဆင်နေပါပြီ။ ကျွန်တော့်အစ်ကိုက ထမင်းမစားခင် မန်းရှယ်နှစ်ပက်ခန့်ကို မတ်ခွက်ထဲ ထည့်ပြီး ရေများများရောပြီး တဖြည်းဖြည်းချင်း သောက်ပြီးမှ ထမင်းစားပါတယ်။

တောက စိမ့်အေးနေတော့ အပူလေးခံပြီးမှ စားတာပါ။ မိုးအကုန် ဆောင်းအကူးမို့ တောထဲမှာ စိမ့်ပြီး အေးနေတာကြောင့် ကျွန်တော်တို့လဲ တစ်ယောက် နှစ်ပက်စီလောက် ထည့်ပြီး ခွက်ကိုယ်စီနဲ့ ချေဝမ်းတွင်းသားဟင်းနဲ့ မြည်းကြတာပေါ့။

ထမင်းချက် ကိုဝင်းအောင်က ပြောပါတယ်။

'အခုစားနေတဲ့ ချေဝမ်းတွင်းသားဟင်းက သာမန်ချေဝမ်းတွင်းသားဟင်း မဟုတ်ဘူး။ ချေရဲ့ချို(ဂျို)ဟာ တစ်ချောင်းတည်းပေါက်တဲ့ ချေတစ်ပင်တိုင်ချိုရှိတဲ့ ချေရဲ့ဝမ်းတွင်းသားဟင်းပါ။ အင်မတန်စွမ်းတဲ့ ချေဖြစ်ပါတယ်။ သူ့ကို သေနတ်နဲ့ ချောင်းပြီးပစ်တာ လေးငါးကြိမ်လောက် ရှိတယ်။ မီးမကူးတဲ့ ကျည်ဆန်မထွက်ဘူး။ နောက်ဆုံး သူလာတဲ့လမ်းမှာ လှံကျင်းနဲ့ ထောင်ဖမ်းမှရတာ'

ဟု ပြောပါတယ်။

ဆက်လက်၍ သူ့ချိုက အနက်ရောင်ရှိပြီး (၇)လက်မခန့် ရှိကြောင်း၊ ဒီချိုကို ရဟန္တာရုပ်ပွားတော် ထုပြီး အိမ်မှာကိုးကွယ်ထားရင် မီးကွင်းကြောင်း၊ လာဘ်လာဘ ပွင့်လန်းကြောင်းတို့ကို ပြောပြပါတယ်။ ကိုဝင်းအောင်မှာ တောနဲ့ပတ်သက်တဲ့ လုပ်ငန်းမှန်သမျှ အကုန်ကျွမ်းကျင်သူမုဆိုးတစ်ဦးလဲ ဖြစ်ပါတယ်။

ကိုဝင်းအောင်က ကျွန်တော့်ကို မေးပါတယ်။

'ကိုနေဝင်း ခင်ဗျားတို့ တောင်ငူမြို့က ရွှေဆံတော်ဘုရားရဲ့အရှေ့ဘက်စောင်းတန်းမှာ နိဗ္ဗာန်ကုန်ဆိုင်တွေရှိတယ်။ ကျွန်တော် တစ်ခါရောက်ဖူးပါတယ်။

အဲဒီနိဗ္ဗာန်ကုန်ဆိုင်တွေမှာ ပန်းပုထုတဲ့ ဆိုင်တွေလဲ ရှိတယ်။ ပန်းပုထုတဲ့ဆိုင်မှာ ဒီချိုကို တစ်လက်မအရွယ် ရှင်သီဝလိလို ရဟန္တာပုံတော်ထုရင် ပုံတော်တွေ အများကြီးရမှာ။ ကျွန်တော်တို့ ဝန်ထမ်းတွေ ဝေယူကြတာပေါ့။ ကိုနေဝင်းလဲယူပါ။ ဟုတ်ဖူးလား ဖထီးရာ'

လို့ ကျွန်တော့်အစ်ကို့ကိုပါ တစ်ဆက်တည်း ပြောပြပါတယ်။ ကျွန်တော့်အစ်ကိုကြီးကလဲ ချက်ချင်းပဲ ပုံတော်ထုခအဖြစ် စရန်တစ်သောင်း ပေးလိုက်ပါတယ်။ ကိုဝင်းအောင်က ချေတစ်ပင်တိုင်ချိုကို ပေးပါတယ်။

ကျွန်တော်လဲ အစ်ကိုကြီးဆီက မှတ်ပုံတင် ရပြီဆိုတော့ နောက်တစ်နေ့မနက်မှာ ဆင်ကြုံရှိတာနဲ့ တစ်ဦးတည်း ပြန်လိုက်ခဲ့ပါတယ်။ အပြန်ခရီးက အဆင်းတွေချည်းများတော့ မြန်ပါတယ်။

ပထမတည်းတဲ့ ဆင်တဲကိုရောက်တော့ အပြန်ခရီး ကားကြုံရှိတာနဲ့ ညတွင်းချင်းပဲ ကုမ္ပဏီရုံးခန်းကို ပြန်ခဲ့ပါတယ်။ လမ်းမှာလဲ ကုမ္ပဏီက ယန္တရားစက်တွေနဲ့ လမ်းဟောင်းများကို ပြန်ညှိခြင်း၊ အသစ်ဖောက်လုပ်ခြင်းစတာတွေကို ဘူဒိုဇာ (၇)စီးနဲ့ ဒသြား



www.burmeseclassic.com

www.burmeseclassic.com

ယန္တရားများနဲ့ပါ ဖောက်လုပ်နေကြတာ မိုင် (၇၀)ခန့် ပြီးစီးနေပါပြီ။

ဒီလိုနဲ့ ည (၉)နာရီလောက်မှာ မြို့ချောင်းရုံးကို ရောက်ပါတယ်။ ရုံးမှာ တစ်ညအိပ်ပြီး တောင်ငူကို ပဒုမ္မာကားနဲ့ ပြန်ရောက်ခဲ့ပါတယ်။

တောင်ငူပြန်ရောက်တော့ G.S.M ဖုန်းကိစ္စ လိုက်လုပ်ပြီးနောက် ရွှေဆံတော်ဘုရားရဲ့ အရှေ့ဘက် စောင်းတန်းက နိဗ္ဗာန်ကုန်ဆိုင်မှာ ချိုကို အပ်ပြီး ရှင်သီဝလိရဟန္တာပုံတော် တစ်လက်မအရွယ် ရသလောက်ကို စရန်တစ်သောင်းပေးပြီး ပုံတော် ထုခိုင်းပါတယ်။

(၁၅)ရက်လောက် ကြာတော့ G.S.Mဖုန်းလဲ ရတာနဲ့ နိဗ္ဗာန်ကုန်ဆိုင်မှာ အပ်ထားတဲ့ ရှင်သီဝလိရဟန္တာ ရုပ်တုတော် (၃၇)ဆူနဲ့အတူ မြို့ချောင်းရုံးကို သွားပါတယ်။

မြို့ချောင်းရုံးမှာ အစ်ကိုနဲ့ အဆင်သင့် တွေ့တာနဲ့ G.S.Mဖုန်းနဲ့တကွ ရုပ်တုတော် (၃၇)ဆူကို ပေးလိုက်ပါတယ်။ နောက်ထပ် ရုပ်တုတော် (၇)ဆူလောက် ထပ်ရဦးမှာဖြစ်ကြောင်း အစ်ကို့ကို ပြောပါတယ်။

အစ်ကိုက...

'ကျန်တဲ့ရုပ်တုတော်တွေကို မင်းယူလိုက်တော့။ ဒီရုပ်တုတော် (၃၇)ဆူကို ငါ့တပည့်တွေကို ဝေပေးလိုက်မယ်'

လို့ ပြောပါတယ်။ ရုပ်တုတော်တွေ ထုလုပ်ခ တစ်သောင်းရှစ်ထောင်ကျပါတယ်။ ကျွန်တော်က ရှစ်ထောင်စိုက်ပေးထားကြောင်းကိုလဲ ပြောပြလိုက်ပါတယ်။

ညနေပိုင်းမှာ တောင်ငူပြန်တဲ့ ရုံးကားရှိတာနဲ့ ရုံးကားနဲ့ပဲ တောင်ငူကို ပြန်လိုက်ခဲ့ပါတယ်။ ကျန်တဲ့ ရုပ်တုတော် (၇)ရုပ်တုကို (၇)ရက်လောက်နေတော့ ရပါတယ်။

အိမ်ရောက်တော့ အများသူငါ ပြောနေကြတဲ့ ချေတစ်ပင်တိုင်ချိုဟာ အစွမ်းထက်တယ်။ မီးမကူးဘူး။ မီးမလောင်ဘူး ဆိုတာတွေကို မယုံကြည်နိုင်သဖြင့် ကိုယ်တိုင် လက်တွေ့စမ်းသပ်ကြည့်ချင်တဲ့စိတ်ကို မျိုသိပ်လို့ မရတာနဲ့ အောက်ပါအတိုင်း ကျွန်တော်ကိုယ်တိုင်လက်တွေ့စမ်းသပ်ခဲ့ပါတယ်။

ချေတစ်ပင်တိုင်ချိုကို ထုလုပ်ပူဇော်ထားတဲ့ ရှင်သီဝလိရဟန္တာရုပ်တုတော် တစ်ဆူကို ဘုရားစင်မှ ယူပြီး ပထမ ဦးစွာ ဦးသုံးကြိမ်ချ ရှိခိုးပူဇော်ပါတယ်။ နှုတ်မှလဲ...

'တပည့်တော်ဟာ အရှင်ဘုရားကို စော်ကားလိုစိတ်၊ မရိုမသေသောစိတ်၊ ပြစ်မှားလိုသောစိတ် အလျှင်းမရှိပါဘုရား။ တပည့်တော်ကို သူများပြောတာ မယုံကြည်လို့ စမ်းသပ်ခြင်း ဖြစ်ပါတယ်ဘုရား။ ကံ (၃)ပါး အပြစ်များရှိရင်လဲ ခွင့်လွှတ်တော်မူပါဘုရား'

လို့ ကန်တော့ တောင်းပန်၍ ဆိုင်ကယ်ထဲမှ ဓာတ်ဆီ အနည်းငယ်ယူပြီး ဝါဂွမ်းကို စွတ်ကာ အလယ်မှာ ရုပ်တုတော်ကို ထည့်၍ ဂတ်(စ်)မီးခြစ်ဖြင့် ခြစ်၍ မီးတို့လိုက်ရာ မီးလုံးဝမလောင်ပါ။

ဓာတ်ဆီမှာ ရေပါတယ်ထင်၍ နောက်တစ်ကြိမ် ထပ်ရှို့ရာတွင်လဲ မီးမလောင်ပါ။ ဒါနဲ့ ရုပ်တုတော်ကို ဝါဂွမ်းမှထုတ်ပြီး ဝါဂွမ်းကို မီးရှို့ကြည့်ရာ ချက်ချင်းပဲ မီးလောင်သွားပါတယ်။ မကျေနပ်လို့ အကြိမ်ကြိမ် အမျိုးမျိုး မီးရှို့ကြည့်ပါတယ်။ လုံးဝ မီးမလောင်ပါကြောင်း ကျွန်တော်ကိုယ်တိုင် လက်တွေ့ စမ်းသပ်ချက်ကလေးကို ရေးသားတင်ပြလိုက်ပါတယ်။

အချို့ အကြောင်းသိသူများမှာ တောင်းဝယ်ကြပါတယ်။ ကျွန်တော်ကတော့ ရောင်းဖို့စိတ်ကူး မရှိပါဘူး။ မိမိကိုယ်တိုင် ရာသက်ပန် ကိုးကွယ်ထားမှာပါ။

**မှတ်ချက် ॥ ॥ ဦးနေဝင်း(မင်းကြီးညိုရပ်ကွက်)၏ ရေးသား ပြောပြပေးချက်များအား ဆီလျော်အောင် ရေးဖွဲ့ပါသည်။ ဦးနေဝင်းကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။**

**ချေတစ်ပင်တိုင်ချို ထုလုပ်ပူဇော်ထားသည့် ဉာဏ်တော် တစ်လက်မခန့်၊ လုံးပတ်တော် အမွှေးတိုင်ရိုးခန့်ရှိ ရှင်သီဝလိ ရုပ်ပွားတော်လေးကို (၅)ကြိမ်ခန့် ဓာတ်ပုံရိုက်ယူရာတွင် ပုံတော်မပီပြင်သည့် အတိုင်းသာ ပုံတော် ရရှိပါသည်။**

**ရုပ်ပွားတော်ကို ရိုက်ပြီးနောက် ရိုက်ထားသည့် နှယ်ဝင်ကွင်းထိုးများကျတော့ ရှင်းလင်းပြတ်သားသော ပုံများ ရရှိပါသည်။ အမြုတေပစ္စည်းများဖြစ်သည့် ချိုးအမြုတေ၊ ဝက်စွယ်နပင်းပိတ် စသည်တို့သည် ခွဲစိတ်ပစ်လျှင် အစွမ်းအာနိသင် ပျက်ပြယ်သွားကြောင်း မှတ်သားဖူးပါသည်။**

**ယခုတင်ပြသည့် ချေတစ်ပင်တိုင်ချိုကတော့ ခွဲစိတ်ပြီးလည်း အစွမ်းအာနိသင် ရှိနေကြောင်းကို မှတ်သားရပါသည်။**

**ဦးနေဝင်း၏ ချေတစ်ပင်တိုင်ချိုလေးသည် ရတနာ (၃)ပါးနှင့် ပတ်သက်နေ၍ စာရေးသူ ကိုယ်တိုင်ကိုယ်ကျ မစမ်းသပ်ရဲပါကြောင်း စာရှုသူများခင်ဗျား။**

**ဇေန္ဒာမိုး *(တောင်ငူ)***



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်းမင်း အကြောင်း

သိသူများ ဖြေပေးကြပါ

ကသာ သင်းဇော်



စာရေးသူကိုယ်တိုင်ရပ်လျက် သစ်မင်းနှင့် ကျွန်းမင်းများကို မ,ထားသည့် ဓာတ်ပုံဖြစ်ပါသည်

**"သစ်မင်း"**ကိုတော့ လူတိုင်း သိကြလိမ့်မည် ထင်ပါသည်။ သစ်မင်းသည် အနှစ်မပါသော အူတိုင်အဂေါ်င်း ဖြစ်သလို အပေါ်ယံအသားသည် ခေါင်းမြီးကွက်များလို အကွက်များ ရှိပါသည်။

သစ်မင်းပင်၏ အရွက်သည် လုံသွားကဲ့သို့ရှိပြီး အလုံးမဟုတ်၊ အပြားမဟုတ် ရှည်ရှည်မျောမျောရှိပြီး ထိပ်တွင် ဆူးချွန်ရှိပါသည်။

ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်ရှိ စိမ့်ရှိသော တောကြီးများတွင် အရှုံလိုက်ပေါက်သည်ဟု သိရပါသည်။ သစ်ပင်ကြီးများလို မတ်ထောင်မနေဘဲ ပင်စည်ပျော့မျိုးဖြစ်ပါသည်။

အိမ်၊ ကျောင်း၊ တံတား ဆောက်ရာတွင် အသုံးမပြုကောင်းသော သစ်များ ရှိပါသည်။ ဥပမာ သစ်တံစို့ထိုး၊ သစ်ဆွဲချ၊ သစ်ယောက်ျား၊ အသံမြည်(တောက်ခေါက်သံလို)သစ် စသည်တို့ ဖြစ်ကြပါသည်။

မိမိတို့ အိမ်ဆောက်ရာတွင် မသက်ာဖွယ်၊ စိုးရိမ်ဖွယ်ဖြစ်လျှင် ထိုသစ်၊ ထိုတိုင်ထဲသို့ သစ်မင်းအသားကို ရိုက်သွင်းထားလျှင် ပြေပျောက်သည်ဟု သိရပါသည်။

မကောင်းဆိုးဝါးများ ကပ်ပါလာလျှင် ထိုသို့ပြုလုပ်ပါက မကပ်နိုင်တော့ဟုလည်း သိရပါသည်။ အိမ်မှာ သစ်မင်းအသားကို ဆောင်ထားလျှင်လည်း အိမ်လုံခြုံသည်ဟု ယုံကြည်ကြသဖြင့် ဝယ်ပြီး ဆောင်ထားကြသည်လည်းရှိပါသည်။ သစ်မင်းပင်ကို ပန်းအိုးများတွင် အလှစိုက်ထားကြသည်လည်း ရှိပါသည်။

သစ်မင်းပင်၏ အရွက်ချွန်ကို မီးမဖွားနိုင်သော မိန်းမ၏ ဆံပင်ကြားတွင် ထိုးစိုက်ထားပါက မီးဖွားလွယ်သည်ဟု လည်းသိရပါသည်။ အမှောင့်ပယောဂ ကပ်နေသောသူအား ထိုသစ်မင်းအရွက်ချွန်နှင့် ထိုးပါက ကပ်ပါနေသော မကောင်းဆိုးဝါးကောင်သည် ထွက်ပြေးရသည်ဟုလည်း ကြားဖူးပါသည်။

စာရေးသူသည် ကသာမြို့နယ်၊ ဘွက်ရွာ အလယ်တန်းကျောင်းအုပ် လုပ်ရစဉ် ရွှေလီမြစ်ရိုးတစ်လျှောက် (မြို့နယ်တွင်း) ပညာရေးစစ်တမ်း





www.burmeseclassic.com

www.burmeseclassic.com

ကောက်ရန် ၁၉၉၈ ခုနှစ်က လှည့်ခဲ့ရပါသည်။

တစ်ရွာဝင် တစ်ရွာထွက် ရောက်သမျှ ရွာတိုင်းတွင် တပည့်ဟောင်းများနှင့် တွေ့ရသဖြင့် ဝမ်းသာပီတိ ဖြစ်ခဲ့ရပါသည်။ ချောင်းဝရွာသို့ ရောက်သောအခါ ကျေးရွာဥက္ကဋ္ဌအိမ်တွင် တည်းကြရပါသည်။

ထိုဥက္ကဋ္ဌအိမ်ရှိ ဘုရားခန်းတွင် ကျွန်းသားများအား အကွက်ဖော်၍ ပေါလစ်တိုက်ထားသည်ကို တွေ့ရပါသည်။

စာရေးသူက သေချာစွာကြည့်သောအခါ သဘာဝအတိုင်းရှိသော အကွက်များဖြစ်ကြောင်း သိရပါသည်။ မေးသောအခါ **ကျွန်းမင်း(သို့မဟုတ်) ကျွန်းသစ်မင်း**ဖြစ်ကြောင်း ပြောပြပါသည်။

သစ်မင်းလိုပဲ အစွမ်းရှိမရှိ မေးရာ ဘယ်လို အစွမ်းရှိမှန်းတော့ မသိကြောင်း၊ လှတာကြောင့် ခွဲစိတ်ပြီး အလှဆင်ထားကြောင်း ပြောပြပါသည်။

စာရေးသူကလည်း ရှိသေးလျှင် တစ်ပိုင်းတစ်စလောက် ပေးပါရန် တောင်းသောအခါ လိုလိုချင်ချင်ပင် ဖြတ်ပြီး ပေးလိုက်ပါသည်။

ထို့အတူ စာရေးသူသည် ဘွက်ရွာ အလယ်တန်းကျောင်းမှ ကသာမြို့နယ်ထဲတွင်ရှိ မိုးတားကြီးအလယ်တန်းကျောင်းသို့ ပြောင်းရွှေ့ တာဝန် ထမ်းဆောင်ခဲ့ရသဖြင့် မိုးတားကြီး ရွာသူရွာသားများနှင့်လည်း ခင်ကြပါသည်။

စာရေးသူသည် ပင်စင်ယူပြီးနောက် ဘွက်ရွာ၊ မိုးတားကြီးရွာသို့ အလည်အပတ် ရောက်လျက်ရှိပါသည်။ ၂၀၀၉ ခုနှစ်တွင် မိုးတားကြီးကထိန်သို့ ရောက်သွားပါသည်။

နီးနား ဝန်းကျင်ရွာများသို့လည်း လည်ပတ်နေပါသည်။ တစ်ညနေတွင် မိုးတားကြီးရှိ ဦးသောင်းညွှန့်အိမ်သို့ ရောက်သွားရာ ကျွန်းမင်းအတုံးနှစ်တုံးကို တွေ့ရပါသည်။ တစ်တုံးအား တောင်းလာခဲ့ပါသည်။

ကျွန်းမင်း(သို့မဟုတ်) ကျွန်းသစ်မင်း၏ အသုံးဝင်ပုံကို ရေရေရာရာ မသိရသော်လည်း လှလည်းလှ ဆန်းလည်းဆန်းလို့ တောင်းယူခဲ့ခြင်း ဖြစ်ပါသည်။

ထိုကျွန်းမင်းသည် ရှေးရှေးကျွန်းထက် သုံးဆမက ဈေးပိုကြီးသည်ဟု သိရပါသည်။ ကျွန်းတောတိုင်းတွင် ကျွန်းမင်းမရှိပါ။ ရှားရှားပါးပါးရှိခြင်းဖြစ်ပါသည်။ ပိုက်ဆံချမ်းသာသော သူဌေးအိမ်များ၊ ဟိုတယ်ကြီးများတွင် အလှထားကြကြောင်းသာ သိရပါသည်။

သို့ဖြစ်ပါ၍ ကျွန်းမင်း(သို့မဟုတ်) ကျွန်းသစ်မင်း၏ အစွမ်းရှိသည်ကို သိကြသူများ ဖော်ထုတ်ပေးကြပါရန် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ တစ်ဆင့် မေတ္တာရပ်ခံပါသည်။

ဤဆောင်းပါးနှင့်အတူ စာရေးသူကိုယ်တိုင်ရပ်ပြီး သစ်မင်းနှင့် ကျွန်းမင်းတို့ကို မ,လျက် ရိုက်ထားသည့် ဓာတ်ပုံကိုလည်း ပူးတွဲပေးပို့ပါသည်။

**အောက်ကအတုံးသည်** ရွှေလီချောင်းဝရွာမှ ရလာသော ကျွန်းမင်းဖြစ်၍ လက်ပတ်နာရီ ပတ်ထားသော ဘယ်ဘက်ရှိ အပေါ်က အတုံးသည် မိုးတားကြီး ဦးသောင်းညွှန့်ထံမှ ရခဲ့သော ကျွန်းမင်းဖြစ်ပါသည်။ လက်ယာဘက်ရှိအပေါ်ကအတုံးသည် ဝယ်ထားသော သစ်မင်းအစစ် ဖြစ်ပါသည်။

*အားလုံး ကျန်းမာချမ်းသာကြပါစေ။*

ကသာ သင်းမွှေး

---

**စာရှုသူ၊ သုတေသီနှင့်**

**စာရေးသူ**

**ဆောင်းပါးရှင်များသို့ ...**

နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြပါရှိသော ရောင်ခြည်ကဏ္ဍအသီးသီးရှိ ဆောင်းပါးများမှ သင့်လျော်သည်များကို ရွေးချယ်၍ **ဆောင်းပါးပေါင်းချုပ်**များ ထုတ်ဝေနေပါသည်။

သို့ဖြစ်၍ စာရေးသူဆောင်းပါးရှင်များမှ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြခံရပါက **ဆောင်းပါးပေါင်းချုပ်များတွင် ထည့်သွင်းမည်ကို သဘောတူညီပြီးဖြစ်သည်ဟု** နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတိုက်မှ မှတ်ယူပါသည်။

အကယ်၍ ဆောင်းပါးပေါင်းချုပ်များတွင် **ပါဝင်လိုခြင်းမရှိသူ စာရေးသူ ဆောင်းပါးရှင်များအနေနှင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းသို့ ဆောင်းပါးများကို မူလကပင် ပေးပို့ခြင်း မပြုကြပါရန်** မေတ္တာရပ်ခံအပ်ပါသည်။

အကယ်၍ ပေးပို့ပါက ဆောင်းပါးပေါင်းချုပ်များတွင် ထည့်သွင်းမှုကိုပါ သဘောတူညီပြီးဖြစ်သည်ဟု နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတိုက်မှ မှတ်ယူပါမည်။

**ထပ်မံပြီး ရွေးချယ်ဖော်ပြခံရပါက သင့်လျော်သောစာမူခနှင့် စာအုပ်လက်ဆောင်ပါ ပေးပို့ပေးပါမည်။**

လေးစားစွာဖြင့်...

ဦးကျော်မိုးသိန်း

စာတည်းချုပ်

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**

**ပါရမီမဂ္ဂဇင်း**

အမှတ် ၂၃၃၊ (၂၉)လမ်း၊

ပန်းဘဲတန်းစာတိုက်၊ ရန်ကုန်မြို့

F.16B. June 2013.




www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ပိုင်

# အလုပ်ပြင်ဆိုင်လုပ်ငန်းနဲ့

အောင်မြင်တိုးတက်နိုင်သလား





ဆရာကြီးဦးအောင်မြင့်
(ဥပဒေအတွဲ.)
လက္ခဏာဗေဒင်ပညာသုတေသီ



အသက် (၂၉)နှစ်အရွယ် မိန်းမပျို လေးတစ်ဦးရဲ့ ဘယ်လက်ဖဝါးပြင်ပုံစံ ကို ဖော်ပြပေးလိုက်ပါတယ်။ ရန်ကုန် မြို့က အလှပြင်ဆိုင်ကြီးတစ်ခုမှာ ဝန်ထမ်းအဖြစ် လာရောက်လုပ်ကိုင် နေတဲ့ အညာသူလေး ဖြစ်ပါတယ်။

**"ကိုယ်ပိုင် အလှပြင်ဆိုင်လုပ်ငန်း တည်ထောင်လုပ်ကိုင်ရင် အောင်မြင် တိုးတက် ကြီးပွား ချမ်းသာနိုင် မလား"**ဆိုတဲ့ မေးခွန်းကို အဓိက မေးမြန်းသူ ဖြစ်ပါတယ်။

အလှပြင်လုပ်ငန်းနဲ့ အောင်မြင်ဖို့ဆို တာ ကိုယ်တိုင်ကလဲ အလှအပ ကြိုက် နှစ်သက်သူဖြစ်ဖို့ လိုပါမယ်။

**"က"အကွရာနဲ့** ညွှန်ပြထားတာက တော့ နှလုံးလမ်းကြောင်း ဝိုက်ကွေးပြီး အမျှင်ကလေးတွေနဲ့ ဖွဲ့စည်းထားခြင်း၊ နှလုံးလမ်းအဖျားမှာ လှပတဲ့ ခက်ရင်းခွ သင်္ကေတာန်ရှိခြင်း ဖြစ်ပါတယ်။

* * *







www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်ရဲ့ အတွေ့အကြုံအရဆိုရင် ဒီလို နှလုံးလမ်းကြောင်း ပိုင်ရှင်မျိုးဟာ၊ အလှအပ အလွန်ကြိုက်ကြတယ်။ အလှပြင်ပစ္စည်းတွေကိုလဲ၊ ငွေ မနှမြောဘဲ ဝယ်ယူသုံးစွဲ အလှပြင်တတ်ကြတယ်။

**"ခ" အက္ခရာနဲ့** ညွှန်ပြထားတာက ဦးခေါင်းလမ်းကြောင်းအဖျားနဲ့ အသက်လမ်းကြောင်းအဖျား အနည်းငယ်ကွာဟနေခြင်း ဖြစ်ပါတယ်။


* * *




အဲဒီလို လမ်းကြောင်းမျိုးရှိသူဟာ ကိုယ်ပိုင်လုပ်ငန်းနဲ့ ပိုပြီး အကျိုးပေး စီးပွားဖြစ်နိုင်တယ်။

**"ဂ" အက္ခရာနဲ့** ညွှန်ပြထားတာဟာ လက်မရဲ့ ဒုတိယဆစ်မှာ **ကန့်လန့် အရစ်ကြောင်း (၂)ကြောင်း** ရှိနေခြင်း ဖြစ်တယ်။


* * *




ကျွန်ုပ်ရဲ့ အတွေ့အကြုံအရ ဒီလို အရစ်ကြောင်း (၂) ကြောင်း ရှိသူတွေဟာ ဆိုင်လုပ်ငန်းနဲ့ အကျိုးပေးတတ်တယ်။

**"ဃ" အက္ခရာနဲ့** ညွှန်ပြထားတာဟာ အသက်လမ်းကြောင်းမှ အပေါ်ကို ထောင်တက်နေတဲ့ တိုးတက်မှုလမ်းများ ဖြစ်ပါတယ်။


* * *




အဲဒီ တိုးတက်မှုလမ်းရှိသူတွေဟာ ဘဝမှာ အလုပ်အကိုင်၊ အခြေအနေ၊ အဆင့်အတန်း တိုးတက်မှုတွေ ရရှိနိုင်ကြတယ်။

**"င" အက္ခရာနဲ့**ညွှန်ပြထားတာဟာ ဦးခေါင်းလမ်းကြောင်း **တနင်္လာဂြိုဟ်ခုံဘက် ကွေးညွတ် အဆုံးသတ်နေခြင်း** ဖြစ်ပါတယ်။


* * *




ဒီလို ဦးခေါင်းလမ်းကြောင်း ရှိသူတွေဟာ စိတ်ကူးစိတ်သန်းကောင်းခြင်း၊ တီထွင်ဖန်တီးဉာဏ်ရှိခြင်း၊ အနုပညာဆန်တဲ့ အတွေးအခေါ်များရှိခြင်း ဖြစ်နိုင်တယ်။

**"စ" အက္ခရာနဲ့**ညွှန်ပြထားတာဟာ နှလုံးလမ်းအထက်၊ လက်သူကြွယ်အောက်၊ **တနင်္ဂနွေဂြိုဟ်ခုံမှာ အောင်မြင်ရေးလမ်းနဲ့ အကူလမ်းရှိခြင်း** ဖြစ်တယ်။

* * *





အောင်မြင်ရေးလမ်းထက် အကူလမ်းက ပိုပြီး ထင်ရှားနေတဲ့အတွက် အနုပညာနယ်က အနုပညာရှင်၊ အောင်မြင်ကျော်ကြားနေသူများရဲ့ အားပေးပံ့ပိုးမှု ရနိုင်တယ်။

**"ဆ" အက္ခရာနဲ့** ညွှန်ပြထားတာကတော့ **လက်သူကြွယ်အောက်၊ တနင်္ဂနွေဂြိုဟ်ခုံ**မှာ တွေ့ရတဲ့ **"အနုပညာဗွေ"**(သို့မဟုတ်)**"အောင်မြင်ရေးဗွေ"** ဖြစ်ပါတယ်၊ အလွန်ရှားပါးတဲ့ဗွေ အမျိုးအစား ဖြစ်ပါတယ်။

* * * ⟶

အနုပညာ ပင်ကိုဗီဇပါသူ၊ အနုပညာနဲ့ အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားနိုင်သူလို့ အဟောထုတ်ရပါမယ်။

**"ဇ" အက္ခရာနဲ့** ညွှန်ပြထားတာကတော့ **လက် ခလယ်နဲ့လက်ညှိုးကြား စနေဂြိုဟ်ခုံနဲ့ ပိုနီးတဲ့ နေရာမှာ ညောင်ရွက်ပုံ မင်္ဂလာ အမြဲ အရံရှိခြင်း** ဖြစ်ပါတယ်။




* * *


ဒီသင်္ကေတရှိသူဟာ ရာထူးဩဇာမြင့်မားသူ မိသားစုဝင်တို့နဲ့ ရင်းနှီးကျွမ်းဝင်ခြင်း၊ ကိုယ်တိုင်လဲ ဩဇာမြင့်မားခြင်းမျိုး ဖြစ်တတ်တယ်။ သူဌေးသမီး၊ အရာရှိသမီးတွေနဲ့ ရင်းနှီးမိတ်ဆွေ ဖြစ်ရတတ်ကြောင်း ဟောရပါမယ်။

အထက်ပါ အချက်(၈)ချက်ကို ပေါင်းစပ် သုံးသပ်မယ်ဆိုရင် ကိုယ်ပိုင်အလှပြင်ဆိုင်လုပ်ငန်းနဲ့ အောင်မြင်တိုးတက် ချမ်းသာကြီးပွားမယ်လို့ အဟောထုတ်ရန်သာ ရှိပါတယ်။

အလှပြင်ဆိုင် တည်ထောင်လုပ်ကိုင်ဖို့ စိတ်ကူးရှိတယ်ဆိုရင်တော့ အထက်ပါ အချက် (၈) ချက်အနက်၊ အနည်းဆုံး (၅) ချက်လုပ် ကိုက်ညီဖို့ လိုပါလိမ့်မယ်။

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***

ဆရာကြီး ဦးအောင်မြိုင်
*(ဥပဒေဘွဲ့)*
လက္ခဏာဗေဒင်ပညာသုတေသီ






www.burmeseclassic.com


www.burmeseclassic.com

ဉာဏ်ပညာထက်မြက်၍

# ဘေးအန္တရာယ် ကင်းဝေးစေသော

# ဂါထာတော်

ဦးထွန်းမြင့်
(ဟသ်ာတ)



တစ်နေ့...

စာရေးသူနှင့် သူငယ်ချင်းဖြစ်သူ ကိုမြင့်ခိုင်တို့နှစ်ဦး ပြည်တော်သာလမ်းရှိ ပန်းပုဆရာကြီး ဦးထွန်းရွှေထံသို့ အလည် သွားရောက်ခဲ့ကြပါသည်။ စာရေးသူတို့အား မြင်လျှင် ဆရာကြီး ဦးထွန်းရွှေမှ...

'လာကြကွာ မင်းတို့မလာတာကြာပြီပဲ၊ ငါတောင်မျှော်နေသေးတယ်'

ဟု စတင်၍ ပြောပါတော့သည်။ စာရေးသူမှ...

'ဟုတ်ကဲ့ ကျွန်တော်တို့လည်း အလုပ်ကများနေလို့ စိတ်ကရောက်ပေမယ့် လူကမရောက်ဖြစ်ဘူး ဖြစ်နေတယ် ဆရာကြီး'

ဟုပြန်ပြောလိုက်ပါသည်။

'အေးပေါ့လေ။ လူတိုင်းအလုပ်ရှိမှ စားဝတ်နေရေးအတွက် အခက်အခဲမရှိ နေနိုင်မှာပေါ့။ ဘယ့်နှယ့် လုပ်ရကိုင်ရတာတွေ အဆင်ပြေကြရဲ့လား'

ဟု မေးသောအခါ ကိုမြင့်ခိုင်မှ...

'အသင့်အတင့်ပါပဲ ဆရာကြီး။ လုပ်ဖော်ကိုင်ဖက်တွေကလည်း တချို့ကတော့ ကောင်းကြပါတယ်။ တချို့ကျတော့ သိပ်မနိုင့်ဘူးဆရာကြီး။ လူ့စိတ်ဆိုတာ အကဲခတ်ရ ခက်သားပဲနော်။ ကျွန်တော်ကတော့ ကိုယ့်အပေါ်မှာ ကောင်းကြမှာပဲလို့ ထင်ထားတာ'

ဟု ပြန်ပြောလိုက်ရာ...

'အေး စိန်ကဲ၊ ရွှေကဲခတ်ရတာထက် လူ့ကဲခတ်ရတာ ခက်သားလေကွာ။ ဒါနဲ့ မင်းသား ဘယ်နှစ်တန်းရောက်ပြီလဲ'

ဟု ဆရာကြီးမှ မေးရာ...

'ဒီနှစ် ရှစ်တန်း တက်နေတယ် ဆရာကြီး'

'ဘယ့်နှယ့် စာကောလိုက်နိုင်ရဲ့လား'

'ကြိုးစားတော့ ကြိုးစားရှာသားပဲ။ ကျူရှင်တွေ ဘာတွေလည်းမထားနိုင်ပါဘူးဗျာ။ တစ်နေ့စာကို တစ်နေ့နိုင်အောင်တော့ လုပ်နိုင်းပါတယ်။ ဒီကောင်က ဉာဏ်သိပ်မကောင်းပေမယ့် ကြိုးစားပါတယ် ဆရာကြီး။

ဟု ကိုမြင့်ခိုင်မှ ပြောပြလိုက်ပါသည်။

ထိုကဲ့သို့ ဆရာကြီး ဦးထွန်းရွှေနှင့် စာရေးသူတို့ စကားပြောနေကြစဉ် အိမ်ပေါ်သို့ အသက်(၆၀)ကျော်ခန့်ရှိမည်ထင်ရသော လူနှစ်ယောက်တက်လာသည်ကို တွေ့လိုက်ရပါသည်။ ခပ်ဝဝလူကြီးတစ်ယောက်မှ စတင်၍...

'ဆရာကြီး နေကောင်းတယ်နော်'

ဟု ပြောရာ...

'အေး ကောင်းပါတယ်ဗျာ။ ဒါနဲ့ ဘယ်ကလှည့်လာကြတာတုံး'

ဟု ပြန်မေးရာ...

'ဆရာကြီးဆီ သက်သက်ပဲ ဆိုပါတော့ဗျာ'

'လာရင်းကိစ္စတော့ ရှိမှာပဲနော်'

'ဟုတ်ကဲ့ ရှိပါတယ် ဆရာကြီး။ ဆရာကြီးက ပြောတောင်မပြောရသေးဘူး။ ကျွန်တော်တို့ စိတ်ထဲရှိတာကို တန်းမေးနေတော့တာပဲ'

ဟု ရယ်မောပြောဆိုပါသည်။

'ခင်ဗျားတို့ ခရီးထွက်ကြမယ်ထင်တယ်'

ဟု ဆရာကြီးမှ ဆက်လက်ပြီး မေးသောအခါ အဆိုပါ ခပ်ဝဝလူကြီးမှပင်...

'ဟာ ဆရာကြီးပြောတာ ဟုတ်ပ့ါဗျာ။ အဲဒါ ကျွန်တော်တို့နှစ်ယောက် တောဘက်ကို သွားကြမလို့။ ခရီးသွားတဲ့အခါ အန္တရာယ်ကင်း ဘေးရှင်းစေမယ့် အဆောင်လေးဘာလေးလိုချင်လို့ပါ ဆရာကြီး'

ဟု ပြောပြသောအခါ...

'ဟုတ်လား အဆောင်တော့ မပေးဘူး။ ဂါထာပဲပေးလိုက်မယ်။ ဒီက မောင်မြင့်ခိုင်တို့ရော ခင်ဗျားတို့ပါ တစ်ခါတည်း မှတ်သွားပေါ့'

ဟု ဆရာကြီးမှပြောရာ...

'ဘာဂါထာလဲ ဆရာကြီး'

ဟု ကိုမြင့်ခိုင်မှ စိတ်အားထက်သန်



www.burmeseclassic.com

www.burmeseclassic.com

စွာဖြင့် မေးလိုက်ရာ...

'ဉာဏ်ပညာထက်မြက်စေပြီး ဘေးအန္တရာယ်ကင်းဝေးစေတဲ့ ဂါထာတော်ပါ'

ဟု ပြန်ပြောရာ...

'ဒီဂါထာကို ခုမှပဲ ကြားဖူးပါတယ် ဆရာကြီး'

ဟု ကိုမြင်နိုင်နှင့် ခပ်ဝဝလူကြီးတို့မှ ပြိုင်တူ ပြောလိုက်ပါတော့သည်။

'ကျွန်တော်လည်း ခုမှကြားဖူးတယ် ဆရာကြီး။ အများသိရအောင်လည်း စာရေးမယ်နော် ဆရာကြီး'

ဟု စာရေးသူမှ ပြောလိုက်ရာ...

'မင်းကတော့ စာရေးဆရာ ဗီသပါတယ်ကွာ။ ကုန်ကြမ်းရရင် ရေးဖို့ပဲ'

ဟု ခပ်ပြုံးပြုံးလုပ်၍ ပြောပါတော့သည်။

ထို့နောက် ဆရာကြီးဦးထွန်းရွှေမှ အောက်ပါအတိုင်း ရေးပေးလိုက်ပါတော့သည်။

**ဉာဏ်ပညာထက်မြက်၍ ဘေးအန္တရာယ်ကင်းဝေးစေသော ဂါထာတော်...**

၁။ ဝေဒါသာကု ကုသာဒါဝေ 'ဒါယသာဒ ဒသာယဒါ

သာသာဓိကု ကုဓိသာသာ၊ ကုဒဘုကု ကုဘုဒကု၊

၂။ ဒေဝါကာနိ နိကာဝါဒေ ဝါဟိကာသု သုကာဟိဝါ၊

ကာကာရေဘာ ဘရေကာကာ၊ နိသုပါရုံ ရုံပါသုနိ။

ခက်ခဲသော ပါဠိအသံထွက်

**နိဿုပါရုံ** = နိတ်သုပါရုံ

**ရုံပါဿုနိ** = ရုံပါတ်သုနိ

**အနက်**

၁။ **ဝေ၊** ရန်သူတို့သည်။ **ဒါ၊** ဝေးသော အရပ်သို့။ **သာ၊** လျှင်စွာ။ **ကု၊** ပြေးစေကုန်သတည်း။ **ကု၊** မကောင်းသော သူတို့သည်။ **သာ၊** မိမိအလိုလို။ **ဒါ၊** အကြံအစည် ပျက်သောအားဖြင့်။ **ဝေ၊** ပျောက်စေကုန်သတည်း။ **ဒါ၊** ဒါန စေတနာကြောင့်။ **ယသာ၊** အခြံအရံ အကျော်အစောတို့သည်။ **ဒ၊** ပွားစေသတည်း။ **ဒသာ၊** ဆယ်ပါးသော ရန်တို့သည်။ **ယ၊** ကာသိုလ်ဆယ်ပါး တန်ခိုးအားကြောင့်။ **ဒါ၊** ပျောက်စေကုန်သတည်း။

**သာသာ၊** မက်မောခြင်းဖြစ်သော သူတို့နှင့်။ **ဓိ၊** ရှည်မြင့်စွာ။ **ကု၊** မပေါင်းရသည် ဖြစ်စေကုန်သတည်း။ **ကုဓိ၊** အမျက်ဒေါသကြီးသော သူတို့ကို။ **သာသာ၊** ဆုံးမဩဝါဒ ပေးသဖြင့် သာလျှင် အောင်စေသတည်း။ **ကု၊** သူတော်ကောင်းတို့နှင့်။ **ဒ၊** မပြတ်။ **ဘု၊** ဖြစ်လေရာရာ သံသရာ ဘဝ အဆက်ဆက်၌။ **ကု၊** ပေါင်းဖော်ခြင်းကို ပြုရစေသတည်း။ **ကု၊** စက်ဆုပ်ရွံရှာ မကောင်းစွာသော သူတို့နှင့်။ **ဘု၊** ဖြစ်လေရာ အရပ်၌။ **ဒ၊** အခါခပ်သိမ်း။ **ကု၊** မတွေ့ရသည် ဖြစ်စေသတည်း။

(လောကီအင်္ဂုတ္တိုရ်မန္တန် + ၁၀၃။)

၂။ **ဒေဝါကာနိ၊** ဒေ- ဒေဝ **ဒေဝေန၊** နတ်တကာတို့ထက် မြက်သော ဝိသုဒ္ဓိနတ် ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ **ဝါ၊** ဝါနဟု ဆိုအပ်သော။ **ကာ- ကာမတဏှာယ၊** ကာမတဏှာမှ။ **နိ- နိက္ခမိ၊** ထွက်မြောက်တော်မူပြီ။

(**နိကာဝါဒေ**ကိုလည်း ဤအနက်တိုင်း ပေးပါ။)

**ဝါဟိကာသု- ဝါ၊** ဝါနဟုဆိုအပ်သော။ **ကာ- ကာမေ၊** ကာမဂုဏ်တို့ကို။ **ဟိ- ဟိတွာ၊** ပယ်စွန့်၍။ **သုဂတော၊** နိဗ္ဗာန်သို့ ကြွသွားတော်မူ၏။

(**သုကာဟိဝါ**ကိုလည်း ဤအနက်အတိုင်းပေးပါ။)

**ကာကာရေဘာ၊ ကာ-ကုစ္ဆိတော၊** စက်ဆုပ်ဖွယ်ကုန်သော။ **ကာ- ကာမသဉ္ဉိတော၊** ကာမဟုဆိုအပ်ကုန်သော။ **ရေ-အရေ၊** ရန်သူတို့ကို။ **ဘ-ဘဇိ၊** ချိုးဖျက်တော်မူပြီ။

(**ဘရေကာကာ**ကိုလည်း ဤအနက်အတိုင်းပေးပါ။)

**နိဿုပါရုံ၊ နိ- နိဗ္ဗာနံ၊** နိဗ္ဗာန်ဟုဆိုအပ်သော။ **ပါရုံ၊** သံသရာမှ ဟိုဘက်ကမ်းသို့။ **သု- သုဂတော၊** ကြွသွားတော်မူ၏။

(ရုံပါသုနိကိုလည်း ဤအနက်အတိုင်းပေးပါ။)

*(နကွတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်း၏ ပါဠိအယ်ဒီတာ ဆရာကြီးဦးစံတင့် (စတုနိကာယကောဝိဒ၊ ဝိနယဓရ၊ ဓမ္မာစရိယ)မှ ပါဠိအနက်ပြန်ဆိုပေးပါသည်။)*

**အကျိုး။** ။ တစ်နေ့ (၂)ခါရွတ်သော် လူတို့စိတ်ကို သိနိုင်၏။ (၃)ခါရွတ်သော် ဉာဏ်ပညာကြီး၏။ (၈)ခါရွတ်သော် အာနုဘော်ကြီး၏။ ခရီးသွားသော် (၇)ခါရွတ်ပါ။

တောမှာအိပ်သော် ကျောက်ခဲ (၄) လုံးကို (၇)ခါမန်း၍ အရပ်လေးမျက်နှာမှာ ထားအိပ်လျှင် ရန်သူမဝင်နိုင်၊ မြွေကိုက်လျှင် ရေကို (၃၇) အုပ်မန်း၍ လိမ်းပါ။ လူနာ အသည်းအသန်ဖြစ်သော် သက်စေ့ရွတ်၍ တိုက်ပါ။

**မှတ်ချက်။** ။**ဂါထာပေးသော ဆရာကြီး ဦးထွန်းရွှေ(ကွယ်လွန်)**အား ဤဆောင်းပါးဖြင့် ကန်တော့အပ်ပါသည်။


*ကောင်းကျိုးလိုရာပြည့်ကြပါစေ။*

ဦးအုန်းမြင့် *(ဟသ်ာတ)*



www.burmeseclassic.com

www.burmeseclassic.com



စင်ပြိုင်းလင်း

# မဟာပိန္နဲ

ကျွန်မသည် ကျွန်မ၏ အဒေါ်နှင့် အတူ နံနက်စောစောတွင် မန္တလေး ကိုင်းတန်းဈေးသို့ သွားကာ လိုအပ်သည်များကို ဝယ်ယူပြီး သစ်သီးတန်းသို့ လျှောက်ခဲ့ကြသည်။

ပန်းသီးများ၊ စပျစ်သီး၊ သခွားမွှေးသီးများကို ဝယ်ပြီး ပြန်အလှည့်တွင် လှပကြီးမား၍ မွှေးကြိုင်သော ပိန္နဲသီးတစ်လုံးကို မြင်၍ ဝယ်ယူခဲ့ရာ ကျွန်မ၏ အဒေါ်မှ...

'ဒီလောက်တောင်ကြီးတဲ့ ပိန္နဲသီး နင်တစ်ယောက်တည်း စားလို့ ကုန်မှာလား'

'မဟုတ်ဘူး အဒေါ်ရဲ့၊ ဘကလေးမြ အတွက် ဝယ်လာတာ'

'ဘကလေးမြက ဒီလောက်အများကြီး ကုန်မှာလား'

'ဘကလေးမြက တစ်ယောက်တည်း စားမှာမှ မဟုတ်တာ။ ဘကလေးမြရဲ့ တပည့်တွေ ရှိတာပဲ အဒေါ်ရဲ့'

ထို့နောက် ကျွန်မသည် ပစ္စည်းများကို အိမ်သို့ထားကာ ပန်းသီးအချို့နှင့် ပိန္နဲသီးကို ယူကာ ဘကလေးမြထံသို့ သွားခဲ့သည်။

ဘကလေးမြထံသို့ ရောက်သောအခါ ဘကလေးမြနှင့်အတူ တပည့်များအား တွေ့လိုက်ရသည်။ ကျွန်မသည် ဘကလေးမြအား...

'ဘကလေးမြကြိုက်တဲ့ ပန်းသီးနဲ့ ပိန္နဲသီးပါတယ်'

'ကဲ ကဲ လာလာ အိမ်ထဲဝင် အဲဒီ ပိန္နဲသီးနဲ့ ပန်းသီးကိုယူခဲ့။ ပန်းသီးကို အခွံခွာ ရေစင်စင်ဆေးပြီး ဆွမ်းတော်ကပ်ရအောင် ယူခဲ့'

ဟု ဆိုကာ ဘကလေးမြသည် အခွံနွှာ၍ ရေဆေးထားသော ပန်းသီးများအား မြတ်စွာဘုရားကို ကပ်လှူ ရှိခိုးပူဇော်လိုက်လေသည်။

ထို့နောက် ကျွန်မသည်လည်း ဧည့်ခန်းသို့ထိုင်ကာ ဘကလေးမြအား မေးရမည့် မေးခွန်းကို စဉ်းစားနေသည်။ ထိုအချိန်တွင် ဘကလေးမြသည် ဧည့်ခန်းသို့ ရောက်လာကာ...

'ကဲ ကဲ ပိန္နဲသီးတွေကို ခွဲပြီးရင် ဘုရားကိုလဲ ဦးဦးဖျားဖျားကပ် ကျန်တာကို တပည့်တွေ စားကြ'

ဘကလေးမြသည် နောက်ဘက်သို့ လှမ်းလှမ်းကြည့်ကာ အနံ့ခံသကဲ့သို့ လုပ်နေလေသည်။ ခဏမျှကြာသောအခါ သူ၏တပည့်တစ်ဦးအား လှမ်း၍ ခေါ်လိုက်သည်။ တပည့်တစ်ဦး ရောက်လာသောအခါ ဘကလေးမြမှ...

'စောစောက ပိန္နဲသီးတွေ အကုန်စားပြီးကြပြီလား'

'ဟုတ်ကဲ့ စားပြီးပြီ ဘကလေးမြ၊ တချို့အစေ့တွေတောင် ပြုတ်စားဖို့ ယူသွားကြတယ်၊ ဘကလေးမြအတွက် သိမ်းထားတာတော့ရှိတယ်'

တပည့်တစ်ဦးသည် ဘကလေးမြ စားရန် သိမ်းထားသော ပိန္နဲသီးများအား ယူလာသည်။ ဘကလေးမြမှ...

'ဟာ ဟုတ်ပြီ၊ သေချာပြီ။ ငါ ဒီက အနံ့ခံနေတာ သေချာပြီ။ ဒါ ရိုးရိုးပိန္နဲသီး မဟုတ်ဘူး'

ကျွန်မသည် ဘကလေးမြအား ကြောင်၍ ကြည့်လိုက်သည်။

'ဒီလိုဆိုရင် ဘကလေးမြ ဒါ ရိုးရိုးပိန္နဲသီး မဟုတ်ရင် ဒါ ဘာပိန္နဲသီးလဲ'

'ဒီပိန္နဲသီးဟာ မဟာပိန္နဲသီး ဖြစ်နိုင်



www.burmeseclassic.com

www.burmeseclassic.com

တယ်'

ဟု ဆိုကာ ပိန္နဲသီးအဆန်အား စားလိုက်သည်။ စား၍ အရသာခံကာ စဉ်းစားနေလေသည်။ စဉ်းစားနေရင်းဖြင့်...

'ဒါ သေချာတာပေါ့ ဒါ မဟာပိန္နဲပဲ'

ထို့နောက် ကျွန်မမှ...

'ဘကလေးမြ မဟာပိန္နဲဆိုတာ ရိုးရိုးပိန္နဲနဲ့ ဘာခြားလို့လဲ၊ ဘကလေးမြ ပြောမှပဲ ကြားဖူးတော့တယ်'

'ဒီမဟာပိန္နဲသီးဟာ ရိုးရိုးပိန္နဲသီးထက် ပိုပြီး ထူးကဲတယ်။ အရသာ၊ အနံ့ အကုန်ထူးကဲတယ်။ ဒါကြောင့်မို့ စောစောကပဲ အလုံးလိုက် ယူလာကတည်းက ဒီအနံ့ကို ခံစားဖူးတယ်လို့ အောက်မေ့နေတာ။ ဘကလေးမြ အသက် (၂၀)လောက်က တစ်ခါ စားဖူးတယ်။

အဲဒါ ဘကလေးမြရဲ့ အဘိုးခြံထဲက သီးတဲ့အသီးပဲ။ အဲဒီအသီး သီးပုံက တခြား ပိန္နဲသီး သီးပုံနဲ့ မတူဘူး။ တခြား ပိန္နဲသီး သီးပုံနဲ့ မတူတာက တခြားပိန္နဲသီးက အပင်ပေါ်မှာ သီးကြတယ်။ မဟာပိန္နဲက မြေကြီးထဲက အမြစ်ထဲမှာ စ,သီးတယ်'

'ထူးဆန်းလိုက်တာ ဘကလေးမြရယ် ဆက်ပြောပါဦး။ မြေကြီးထဲမှာ သီးတာ ဘယ်လိုလုပ် သိမှာလဲ'

'အေး မဟာပိန္နဲသီး ရင့်ပြီး မှည့်လာတဲ့အခါ မြေကြီး အက်ကွဲသွားတယ်။ နောက်တစ်ချက်က အနံ့တွေ တော်တော်မွှေးလာတယ်။ အဲဒီအချိန်မှာ သိရတာပဲ။

မဟာပိန္နဲပင်ရှိတဲ့ မြေတစ်ဝိုက်ကို လက်ဝါးနဲ့ ပုတ်ပုတ်ပြီး ကြည့်ရတယ်။ လိုဏ်သံပေါက်တဲ့ မြေနေရာမှာ မဟာပိန္နဲသီး သီးနေပြီပေါ့'

'ဒီမဟာပိန္နဲမှာ ဘာအစွမ်းသတ္တိတွေ ရှိသလဲ'

'ရှိသမှ သိပ်ရှိတာပေါ့။ တစ်လုံးလုံးကို စားကြည့်ရတော့မှာပဲ။ စားတဲ့အခါမှာ နေ့ခင်းကြောင်တောင် မွန်းတည့် (၁၂)နာရီမှာ စားရမယ်။

အဆန်တစ်ဆန် စားပြီးတိုင်း စားပြီးတိုင်း အစေ့ကို ရှေ့သွားနဲ့ အသာအယာကိုက်ပြီး ကောင်းကင်ကို မော့ကြည့်ရတယ်။

ဘာမှ မထူးခြားရင် နောက်အဆန်တစ်ခုကို စားပြီး ရှေ့သွားနဲ့ အသာအယာကိုက်ပြီး ကောင်းကင်ကိုမော့ကြည့်၊ ထူးခြားမှုမရှိမချင်း အဲဒီလိုလုပ်ပြီး ကြည့်ရမယ်'

ကျွန်မသည် ဘကလေးမြအား သိလိုဇောဖြင့်...

'ထူးခြားမှုဆိုတာ ဘယ်လိုထူးခြားမှုလဲ ဘကလေးမြ'

'အေး နေ့ခင်းကြောင်တောင်မှာ အပေါ်မော့ကြည့်ရင် ကြယ်တစ်လုံးတွေ့ရမယ်။ ကိုက်ပြီးကြည့်လို့ မြင်ရတဲ့ အစေ့ဟာ အစွမ်းဆုံးပဲ။ အဲဒီအစေ့ကို သိမ်းထားပေတော့'

'ဒီလိုဆိုရင် ဘကလေးမြ အဲဒီအစေ့က ဘာအသုံးဝင်သလဲ'

'ဖုံးထားတဲ့ အရာတွေကို မြင်နိုင်တယ် သမီးရယ်။ မြေကြီးထဲမှာ ပစ္စည်းမြှုပ်ထားရင်လဲ မဟာပိန္နဲအစေ့ကို ကိုက်ပြီးကြည့် ဘာပစ္စည်းလဲဆိုတာ သိတယ်။ ဖောက်ထွင်းပြီး မြင်နေရတယ်'

'ဒီလိုဆိုရင် ဒီအစေ့တွေကို လုပ်ကြည့်ရင် ရလား ဘကလေးမြ'

'မဟာပိန္နဲတစ်လုံးလုံးကို တစ်ယောက်တည်းစားပြီး ဒီအစေ့ကို ရှာဖွေစမ်းသပ်ရမှာ။ အခုတော့ အစေ့တွေက လဲ တစ်စစီ ဖြစ်နေပြီ။ ဘယ်လိုလုပ် စမ်းသပ်လို့ ရတော့မှာလဲ၊ အေး နောက်တစ်ခါ ဒါမျိုးတွေ့ရင် သတိထားရတော့မှာပဲ'

'ဒီလိုဆို တစ်လုံးလုံးကို တစ်ယောက်တည်း စားရင် ဗိုက်ကွဲ သေတော့မှာပဲ'

'စားပြီး တစ်ဝက်လောက်နေရင် အဲဒီ အစေ့ကို တွေ့တတ်တယ်။ တစ်ခါတလေလဲ စစားစားချင်းလဲ တွေ့တတ်တယ်။ မိမိ ကံတရားအပေါ် မူတည်တယ်။

အေး ဒါပေမယ့် တစ်ခုတော့ ရှိတယ်။ ဒီအစေ့ရဲ့ လျှို့ဝှက်ချက်ကတော့ ရှိတယ်။ ပိန္နဲသီးရဲ့ဖင်ပိုင်း တည့်တည့်နေရာမှာ ရှိတတ်တယ်။ အညှာပိုင်းကို ပြောတာ မဟုတ်ဘူး'

ကျွန်မသည် ဘကလေးမြ ပြောသမျှကို မှတ်သားပြီး မှတ်တမ်းတင်လိုက်၍ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ ဗဟုသုတ ဖြစ်စေခြင်းငှာ တင်ပြလိုက်ရပါသည်။ ဘကလေးမြသည် ကျွန်မ စားနေသော ပိန္နဲဆန်အား ကြည့်၍...

'ကဲ စားတော့ ဘာထူးကဲလဲ'

'တစ်မျိုးတော့ တစ်မျိုးပဲ။ အမောလဲ ပြေတယ်။ အားလဲ ပြည့်သလိုပဲ'

'အမောပြေ အားပြည့်သလိုတောင် မဟုတ်ဘူး သက်လုံကောင်းပြီး အားခွန်ပြည့်စေတယ်'

တရားမျှတ၍ မှန်ကန်သော နေရာ၌ အသုံးပြုနိုင်ကြပါစေဟု ဆန္ဒပြုပါသည်။

*သဗ္ဗေသတ္တာ ဝေနေယျာ ချမ်းသာ ကိုယ်စိတ် မြဲပါစေ။*

ဖင်ငြိမ်းလင်း



www.burmeseclassic.com

www.burmeseclassic.com

# မဟာဘုတ်ချိန်ခွင် နှင့်

## ကျေးဇူးရှင် ဆရာတော်ကြီးများ

သန်းပညာ

ရန်ကုန်တိုင်းဒေသကြီး၊
မရမ်းကုန်းမြို့နယ်၊ နာဂလိုဏ်ဂူ
ကလေးဝကျောင်းတိုက်
ပဓာန နာယက ဆရာတော်
အဂ္ဂမဟာပဏ္ဍိတ
ဘဒ္ဒန္တဇောဂရာဘိဝံသအား
ဂါရဝပြု ပူဇော်ခြင်း

ဆရာတော်သည် ၁၃၀၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၆)ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်တော်မူရာ မဟာဘုတ်အရ (၁)ကြွင်း မဟာဘုတ်ပိုင်ရှင် ဖြစ်ပါတယ်။

**လေ့လာကြည့်ပါ။**

| | | |
|---|---|---|
| | ၅ | |
| ၀ | ၃ | ၆ |
| ၄ | ၁ | ၂ |

**(၁)ကြွင်း မဟာဘုတ်**

တနင်္ဂနွေဂြိုဟ်သည် ဘင်္ဂအပျက်အိမ်၌ ရပ်တည်နေပါတယ်။ တနင်္ဂနွေဂြိုဟ်သည် အလုပ်၊ အုပ်စု၊ အိုးအိမ်၊ အိမ်ထောင်၊ အောင်မြင်မှု စသည်တို့ကို ကိုယ်စားပြုပါတယ်။ ထို့ကြောင့်...

- ❖ အလုပ်အကိုင်မမြဲ ပြောင်းလဲမှုကြုံရခြင်း၊
- ❖ နေရာဒေသမမြဲ ပြောင်းရွှေ့လှည့်လည်နေရခြင်း၊
- ❖ အောင်မြင်မှုအတိုင်းအတာတစ်ခုသာ ရရှိခြင်း၊
- ❖ အုပ်စုတွင်း မငြိမ်သက်မှုများ ရှိတတ်ခြင်း၊
- ❖ စိတ်ဝမ်းကွဲရတတ်ခြင်း

တို့ ဖြစ်ပါတယ်။



◆ အဂ္ဂမဟာပဏ္ဍိတ
ဘဒ္ဒန္တဇောဂရာဘိဝံသထေရ်

ဗုဒ္ဓဟူးဂြိုဟ်သည် မရဏ(အသေ)အိမ်၌ ရပ်တည်နေတဲ့အတွက် ကောင်းကျိုးရမှု နည်းစေပါမယ်။ ဗုဒ္ဓဟူးဂြိုဟ်သည် ရုပ်၊ လူ၊ လူမှုရေး စသည်ကို အဓိက ကိုယ်စားပြုထားပါတယ်။ ဒါကြောင့်...

- ❒ လူနှင့်ပတ်သက်ပြီး လူကောင်းထက်လူဆိုးများ (ဆိုးသွမ်းသူဒုက္ခရောက်နေသူ)များနှင့် ကြုံတွေ့ရ စောင့်ရှောက်ရခြင်း၊
- ❒ လူမှုရေး ပရဟိတလုပ်ငန်းများ ဆောင်ရွက်ရာ၌ ဘာသာရေးထက် လူမှုဝန်ထမ်းလုပ်ငန်းများကို ပိုပြီး ဆောင်ရွက်ရခြင်း၊

တို့ကို ဖြစ်စေတတ်ပါတယ်။

ကျန်းမာရေးနဲ့ ပတ်သက်ပြီး...

- ❖ လေနှင့်ပတ်သက်သော ဝေဒနာ၊
- ❖ အစာအိမ် ဝေဒနာ၊
- ❖ ရင်နှင့်ပတ်သက်သော ဝေဒနာ၊
- ❖ ဝမ်းနှင့်ပတ်သတ်သော ဝေဒနာ

တို့ ဖြစ်တတ်ပါတယ်။ ဂရုပြုနိုင်ရန် အကြံပြု ရေးသားရပါတယ်။

တနင်္လာဂြိုဟ်သည် ပုတိ(အပုပ်)အိမ်၌ ရပ်တည်နေပါတယ်။ တနင်္လာဂြိုဟ်သည် ငွေ၊ ခရီး၊ အချစ်ကို အဓိက ကိုယ်စားပြုပါတယ်။ ဒါကြောင့်...

* ငွေကြေးနဲ့ ပတ်သက်ရင် စိစစ်လွှန်းမယ်၊
* ချွေတာစုဆောင်းတဲ့အတွက် ငွေကြေးပြည့်စုံမယ်။

လို့ သုံးသပ် တင်ပြရပါတယ်။

စနေဂြိုဟ်သည် အထွန်းအိမ်၌ ရပ်တည်နေပါတယ်။ စနေဂြိုဟ်သည် ဘာသာရေး၊ ပုပ်ပင်သောက၊ အခက်အခဲ၊ အကျဉ်းအကျပ်၊ ထိ၊ နိုင်ငံခြား၊ လူမျိုးခြား စသည်တို့ကို ကိုယ်စားပြုပါတယ်။ ဒါကြောင့်...

- ❑ ပူပင်သောက ငြိမ်းအေးစေနိုင်ခြင်း၊
- ❑ အခက်အခဲ အကျဉ်းအကျပ်မှ



 စာမျက်နှာ (၁၃၂) သို့

www.burmeseclassic.com

www.burmeseclassic.com

စိတ်ဝင်စားဖွယ်ကောင်းသော

# ထိုးမြဲလက်မှတ်များ အကြောင်း

သရာကြီးဦးအောင်မြင့် (ဥပဒေဘွဲ့)

လက္ခဏာဗေဒင်ပညာသုတေသီ



မူလမဟာဘုတ်ခွင်နဲ့ နာမက္ခရာတိုင်စဉ်ချကြည့်ရင်...

* * *

နံပါတ်-၁


| | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

| | | |
|---|---|---|
| | ၆* | |
| ၁ | ၄ | ၀ |
| ၅ | ၂ | ၃ |

| | |
|---|---|
| | ၁ |
| ၀ | ၆ |
| ၅ | ၄ |
| ၃ | ၂ |

၁။

* * *



ယခုလအတွက် နံပါတ်(၁)နေရာမှာ ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှတ်ပိုင်ရှင်ကတော့ မြန်မာသက္ကရာဇ် **၁၃၃၉ ခုနှစ်၊ ဝါဆိုလ၊ သောကြာနေ့ဖွား** အမျိုးသမီးတစ်ဦး ဖြစ်ပါတယ်။

မိဘများပေးထားတဲ့ နာမည် **"သင်ဇာထူး"**ကို လက်မှတ်ထိုးရာမှာ **"သင်ဇာ"**နှစ်လုံးတွဲ မြန်မာလို ထိုးထားခြင်း ဖြစ်ပါတယ်။

**လက်မှတ်ပုံသဏ္ဌာန်က** စိတ်မြန်ကိုယ်မြန်၊ စားမြန်သွားမြန် ပင်ကိုဗီဇရှိကြောင်း ဖော်ပြနေတယ်။ ခွက်မှောက်သင်္ကေတတွေကြောင့် ငွေဝင် ဘယ်လောက်ကောင်းကောင်း ငွေမမြဲတတ်ဘူး။ ဝမ်းနည်းပူဆွေးဖွယ်ရာများ မကြာခဏ ရင်ဆိုင်ရတတ်တယ်။

အဆိုးဆုံးကတော့ လက်မှတ်နောက်ဆုံးမှာ ထောင်လိုက်မျဉ်းမတ်ပိတ်ထားတဲ့သင်္ကေတပါပဲ။

ဘာလုပ်လုပ် အတားအဆီး အပိတ်အပင်တွေ ကြုံရပြီး ရပ်တန့် ပျက်ပြားမှု ကြုံတတ်တယ်။ ဝန်ထမ်းဆိုရင် ရာထူးမတိုး၊ အလုပ်ပြုတ်၊ ထုတ်၊ ထွက်ဖြစ်နိုင်တယ်။

ကိုယ်ပိုင်လုပ်ငန်းဆိုရင် လုပ်ငန်းစီးပွား ပျက်ပြားဆုတ်ယုတ်ခြင်း ဖြစ်နိုင်တယ်။ အိမ်ထောင်ရှင်ဆိုရင် အိမ်ထောင်ရုတ်တရက် ကွဲရတတ်တယ်။

သောကြာ အဓိပတိဖွားဖြစ်သူကို သောကြာအစ၊ စနေအဆုံး **အဓိပတိ+ ရာဇ= ဣဋ္ဌ + ဣဋ္ဌ** မွေးနံကို အညွန့်အုပ် နာမည်ပေးနည်း နာမက္ခရာတိုင်စဉ်မှန်ဖြစ်လို့ နာမည်ကောင်းတစ်ခု ဖြစ်ပါတယ်။

ထိုးမြဲလက်မှတ်က "သင်ဇာ"နှစ်လုံးတွဲထိုးထားလို့ သောကြာအစ၊ အင်္ဂါအဆုံး **အဓိပတိ + ပုတိ = ဣဋ္ဌ + အနိဋ္ဌ** နာမက္ခရာတိုင်စဉ်မှား ဖြစ်နေတယ်။

ဒါကြောင့် လက်မှတ်ရွေးထိုးတဲ့ စာလုံးနဲ့ ပုံသဏ္ဌာန် ညှိပါတယ်။ နာမည်နောက်ဆုံးစာလုံး "ထူး"ကို လက်မှတ်ပုံသဏ္ဌာန်ကောင်း ပြုပြင် ထိုးသင့်ပါတယ်။



* * *


**(လက်မှတ်နမူနာပုံ)**

လက်မှတ်အောက်က မျဉ်းမသား[illegible]ပါ။ ငွေအိတ်သင်္ကေတ တည့်တည့်လု[illegible]လှ ဆွဲပါ။ အညွန့်နေရာမှာ ပွင့်ဖတ်(၆)ခုပါတဲ့ ပန်းပွင့်သင်္ကေတထည့်ပါ။

"ထ"အက္ခရာကို အသည်းပုံ (သို့မ[illegible]ဟုတ်)စွယ်တော်ရွက်ပေါ် (သို့မဟုတ်) အရွက်(၂)ရွက်ပူး အညွန့်ပုံ ကြိုက်သလို ဆွဲနိုင်ပါတယ်။

၂။

* * *



ယခုလအတွက် နံပါတ်(၂)နေရာမှာ ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှတ်ပိုင်ရှင်ကတော့ မြန်မာသက္ကရာဇ် **၁၃၄၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလ[illegible] အင်္ဂါနေ့ဖွား** အမျိုးသားတစ်ဦး ဖြစ်[illegible]





www.burmeseclassic.com

www.burmeseclassic.com

...ယ်။ မိဘများပေးထားတဲ့ "**စိုးစိုး**...''ဆိုတဲ့ နာမည်ကို လက်မှတ်ရွေး...တော့ "**စိုးစိုး**"နှစ်လုံးတွဲကို ထိုး...ခြင်း ဖြစ်တယ်။

မူလမဟာဘုတ်နဲ့ နာမက္ခရာတိုင်စဉ် ချကြည့်ရင်...

* * *

နံပါတ်-၂

| | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင် | ပုတိ |

| | | |
|---|---|---|
| | ၀ | |
| ၂ | ၅ ↑ | ၁ |
| ၆ | ၃ * | ၄ |

| | |
|---|---|
| ၂ | |
| ၁ | ၀ |
| ၆ | ၅ |
| ၄ | ၃ ↑ |


အင်္ဂါ(ဘင်ဌာနဖွား)ဖြစ်သူကို "**စိုးစိုးဘို**"ဆိုတဲ့ နာမည်ပေးထားတာ နာမက္ခရာတိုင်စဉ်မှန် အနိဋ္ဌ + ဣဋ္ဌ အတွင်းမိတ်နာမည် သိပ်မညံ့လှပေမယ့် ထိုးမြဲလက်မှတ် "စိုးစိုး"ဘင်ဌာန (၂)လုံးဆင့် ရွေးထိုးခြင်းကတော့ ညံ့ပါတယ်။

ရောဂါဘေး ထိခိုက်အန္တရာယ်ဘေးတွေနဲ့ ကံဆိုးရတတ်တယ်။ ပက္ခမိတဲ့ လက်မှတ်ပါ။

ဒီနာမည်မျိုးမှာ နောက်ဆုံးစာလုံး "**ဘို**" ကြာသပတေးနံ (သိုက်ဌာန) တစ်လုံးတည်း ရွေးထိုးရင် ကောင်းပေမယ့် သင်္ချာဗေဒင်ပညာအရ (၉)ဂဏန်း ရတဲ့အတွက် မကောင်းပြန်ဘူး။

"**စိုးဘို**"နှစ်လုံးတွဲဆိုရင် **စိုး**=၁၅၊ **ဘို**=၉ စုစုပေါင်း(၂၄)ဂဏန်းတွဲရတဲ့အတွက် လက်မှတ်ရွေးထိုးရင် ပိုကောင်းတယ်။

* * *



**(လက်မှတ်နမူနာပုံ)**

လက်မှတ်အောက်က **မျဉ်းမသားရပါ။** ငွေအိတ်သဏ္ဌာန် လှလှတည့်တည့် ဆွဲပါ။

၃။

* * *



ယခုလအတွက် နံပါတ်(၃)နေရာမှာ ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှတ်ပိုင်ရှင်ကတော့ **မြန်မာသက္ကရာဇ် ၁၃၅၁ ခုနှစ်၊ ကဆုန်လ၊ ဗုဒ္ဓဟူးနေ့ နံနက်ပိုင်း**မွေးသူ အမျိုးသမီးတစ်ဦး ဖြစ်ပါတယ်။

မိဘများပေးထားတဲ့ "**ရင်ရင်ဆွေ**" ဆိုတဲ့နာမည်ရဲ့ ထိပ်ဆုံးနှစ်လုံးကို မြန်မာလို လက်မှတ်ရေးထိုးထားခြင်း ဖြစ်တယ်။

ထိုးမြဲလက်မှတ် ပုံသဏ္ဌာန်က အပြိုင်သဏ္ဌာန်ဖြစ်နေလို့ ဘယ်ကိစ္စမဆို အယှဉ်အပြိုင်များတတ်တယ်။ ချစ်သူ၊ ခင်ပွန်း၊ မိဘမောင်နှမတို့နဲ့ မကြာခဏ ခွဲခွာနေထိုင် လုပ်ကိုင်ရခြင်း၊ ခရီးသွားများခြင်း၊ အိမ်မမြဲ အလုပ်မမြဲ၊ နေရာမမြဲဖြစ်ခြင်းတွေလဲ ကြုံရတတ်တယ်။

မူလမဟာဘုတ်ခွင်နဲ့ နာမက္ခရာတိုင်စဉ် ချကြည့်ရင်...

* * * ──────→

ဗုဒ္ဓဟူးအဓိပတိဖွားကို **ဗုဒ္ဓဟူးအစ၊ အင်္ဂါအဆုံး**မွေးနံကို အမြစ်အုပ် နာမည်ပေးထားလို့ နာမည်ပေးမှားပါတယ်။ **အဓိပတိ + မရဏ၊ နာမက္ခရာတိုင်စဉ်**များဖြစ်လို့ နာမည်ညံ့လွန်းတယ်။ ပက္ခမိတဲ့နာမည်ပါ။

ထိုးမြဲလက်မှတ်ကို အဓိပတိဌာနက ဗုဒ္ဓဟူးနံ အက္ခရာနှစ်လုံးဆင့် လက်မှတ်ရွေးထိုးထားက မှန်ပါတယ်။ ဒါပေမယ့် ပုံသဏ္ဌာန်ညံ့တဲ့အတွက် ပြုပြင်ထိုးသင့်ပါတယ်။

* * *



**(လက်မှတ်နမူနာပုံစံ)**

နံပါတ်-၃

| | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင် | ပုတိ |

| | | |
|---|---|---|
| | * ၄ | |
| ၆ | ၂ | ၅ |
| ၃ | ၀ | ၁ |

မူလမဟာဘုတ်ခွင်

| | |
|---|---|
| ၆ | |
| ၅ | ၄ |
| ၃ | ၂ |
| ၁ | ၀ |

နာမက္ခရာတိုင်




www.burmeseclassic.com

www.burmeseclassic.com

လက်မှတ်အောက်က မျဉ်းမသားရပါ။ အညွှန့်နေရာမှာ ပွင့်ဖတ်(၄)ခုပါတဲ့ ပန်းပွင့်သင်္ကေတထည့်ပါ။ ပစ်တိုင်းထောင်ပုံ၊ ငွေအိတ်ပုံ တည့်တည့်လုလု ဆွဲပါ။

၄။

* * *



ယခုလအတွက် နံပါတ်(၄)နေရာမှာ ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှတ်ပိုင်ရှင်ကတော့ **မြန်မာသက္ကရာဇ် ၁၃၄၅ ခုနှစ်၊ တပို့တွဲလ၊ သောကြာနေ့ဖွား** အမျိုးသားတစ်ဦး ဖြစ်ပါတယ်။ မိဘများပေးထားတဲ့ **"သန်းဇင်ဦး"** ဆိုတဲ့ နာမည်(၃)လုံးတွဲကို အင်္ဂလိပ်အက္ခရာနဲ့ လက်မှတ်ထိုးထားခြင်း ဖြစ်တယ်။

လက်မှတ်ပုံသဏ္ဍာန်က ငွေထွက်များ၊ ငွေမမြဲ၊ ကြေကွဲဝမ်းနည်း၊ အယှဉ်အပြိုင်များ အချစ်ရေး၊ အိမ်ထောင်ရေး ရှုပ်ထွေးခြင်းတွေ ဖြစ်တတ်တယ်။ ပုံသဏ္ဍာန် မကောင်းပါဘူး။ မူလမဟာဘုတ်ခွင်၊ နာမက္ခရတိုင်စဉ်တို့ကိုချကြည့်ရင်...


* * * ⟶

သောကြာရာဇဖွားကို သောကြာအစ၊ တနင်္ဂနွေအဆုံး အတွင်းမိတ်ကြိုဟ်တွဲ နာမည်ပေးထားပေမယ့် **ရာဇ+ဘင်္ဂ = ဣ၅ + အနိဋ္ဌ** ဖြစ်သလို နာမက္ခရတိုင်စဉ်လဲ မှားတဲ့အတွက် နာမည်ပေးမှားပါတယ်။

ဘာလုပ်လုပ် အစကောင်းပြီး အနှောင်းပျက် ဖြစ်ရတတ်တယ်။ ဒီလို နာမည်ညွှံကို (၃)လုံးတွဲ လက်မှတ်ထိုးထားခြင်းကြောင့် လက်မှတ်လဲ ညံ့ပါတယ်။

ဤနာမည်မျိုးမှာ နာမည်ထိပ်ဆုံး စာလုံး"သန်း"ကိုသာ လက်မှတ်ထိုး သင့်တယ်။

* * *




**(လက်မှတ်နမူနာပုံစံ)**

**လက်မှတ်အောက်က မျဉ်းမသားရပါ။ ငွေအိတ်သင်္ကေတ တည့်တည့်လုလု ဆွဲပါ။**

***ကိုယ်ရောစိတ်ပါ ချမ်းသာကြပါစေ။***

**ဆရာကြီး ဦးအောင်မြိုင်**
*(ဥပဒေဘွဲ့)*
**လက္ခဏာဗေဒင်ပညာသုတေသီ**




စာမျက်နှာ (၁၂၉)မှ အဆက်

လွှတ်မြောက်စေနိုင်ခြင်း၊

- ❑ ထီ၊ကံထိုက်၊မဲကိစ္စများ အကျိုးပေး[...] တတ်ခြင်း၊
- ❑ ရေခြားမြေခြား နိုင်ငံခြားခရီး သွား[...] ရခြင်း၊
- ❑ ဘာသာရေးလုပ်ငန်းများ အထူး[...] အောင်မြင်ခြင်း၊
- ❑ ဘာသာရေးဆိုင်ရာ လုပ်ငန်းများ၌[...] အကြီးအကဲဖြစ်ရခြင်း၊
- ❑ ဘာသာရေးဆိုင်ရာ ဘွဲ့တံဆိပ်များ[...] ရရှိခြင်း၊
- ❑ မင်းစိုးရာဇာများရဲ့ ဆည်းကပ်[...] ကိုးကွယ်မှုခံရခြင်း၊
- ❑ လူမျိုးခြား၊ ရေခြားမြေခြား ရပ်ဝေး[...] က ဒကာ၊ဒကာမများက အထူး[...] အကျိုးပြုခြင်း၊
- ❑ အလှူကြီးများ ပေးရခြင်း

စသည့် ကောင်းကျိုးတရားကို ဖြစ်[...] ပွားစေပါမယ်။

သောကြာဂြိုဟ်သည် ရာဇအိမ်မှာ ရပ်တည်နေပါတယ်။ သောကြာဂြိုဟ်သည် ခရီး၊ စကား၊ လှုပ်ရှား၊ ကာမ[...] ဂုဏ်၊ စည်းစိမ်ဂုဏ်သိန် စသည်တို့ကို[...] ကိုယ်စားပြုပါတယ်။

ထို့ကြောင့်...

- ❉ ပြောသမျှဆိုသမျှစကား အောင်[...] ခြင်း၊ စကားတည်ခြင်း၊
- ❉ ဘုရားဖူးခရီး ကြွရောက်ရခြင်း၊
- ❉ စည်းစိမ်ချမ်းသာသုခနှင့် ပြည့်[...] ခြင်း၊
- ❉ ပစ္စည်းလေးပါး ထောက်ပံ့ကူညီ[...] လှူဒါန်းမည့်သူ ပေါ်များစေခြင်း၊
- ❉ ခြွေရံပရိသတ် တပည့်တပန်းများ[...] ပေါ်များစေခြင်း၊
- ❉ တပည့်ကောင်းများ မွေးထုတ်ပေး[...] နိုင်ခြင်း

စသည့် ကောင်းကျိုးဖြစ်ထွန်းနိုင်[...] ကြောင်း တင်ပြရင်း ဂါရဝပြုပူဇော်[...] လိုက်ပါတယ်။

***အေးပါစေ၊ အောင်ပါစေ။***

**သန်းပညာ**




www.burmeseclassic.com

www.burmeseclassic.com

ဆန္ဒပြည့်ဝ

# အိပ်မက်ရ ဘုရားရှိခိုး

ဦးနန္ဒ (ခရီးသည်)



စာရေးသူနေတဲ့ နေပြည်တော် တပ်ကုန်းမြို့တွင် ငွေတောင်တောရ ကျောင်းတိုက်ကြီးက အရှေ့ဘက်ကို လှမ်းမျှော်ကြည့်ရင် ညို့ညို့ဆိုင်းဆိုင်း အုံ့အုံ့မှိုင်းမှိုင်း တောနဲ့တောင်ပြာတန်း ကြီးများကို မြင်ရပါတယ်။

မြင်တိုင်းလဲ စာရေးသူ၌ လွမ်းလွမ်း ဆွေးဆွေး ငေးငေးမောမော ဖြစ်ခဲ့ပါ တယ်။ ပန္နက်ဟောင်း ဆုတောင်းတွေ ကလဲ လူတိုင်းကိုယ်စီ ရှိတတ်ကြပါ တယ်။

ရှိတဲ့အတိုင်းလဲ အခွင့်ထောက်လို့ အချိန်ရောက်လာရင် အားထုတ်ရန် နေရာမှန်ကို မသိစိတ်က ရွေးချယ်ပြီး သား ဖြစ်သလို ဘုရားအလုပ်၊ တရား အလုပ်နဲ့ တာရိပ်တောင်ရိပ် ခိုဝင်စိတ် ကိုလဲ တားမရ ဆီးမရလောက်အောင် ဖြစ်တတ်တယ်။

သဒ္ဓါစိတ်ကို စေတနာ စေတသိက် ကလေး စေ့ဆော်တိုက်တွန်းလာတဲ့ အခါ မဖြစ်မနေ တရားအားထုတ်ချင် တာ၊ မေတ္တာပို့ချင်တာ၊ စွန့်ကြဲပေးကမ်း လှူဒါန်းတတ်တာ ဖြစ်လာတယ်လို့ ရှေးဦးစွာ ပြောကြားလိုပါတယ်။

စာရေးသူဟာ အစိုးရပထမပြန်ဖြေ ဆိုပြီး တောကို (၂)လတာ အဓိဋ္ဌာန် ခရီး ထွက်ခဲ့ပါတယ်။ (ကိုရင် (၁၇)နှစ် အလတ်တန်း ဖြေဆိုစဉ်က ဖြစ်ပါ တယ်။) အတိတ်ခြေရာ စိတ်အဖြေရှာဖို့ ဆိုရင် မမှားပါဘူး။

အဓိဋ္ဌာန်အတွင်းမှာ ဗုဒ္ဓါနုဿတိ၊ အာနာပါန(ထွက်သက် ဝင်သက်)ကို ဖြစ်ပျက်တင် သမထ ဝိပဿနာအဖြစ် အဓိကထား အားထုတ်ပါတယ်။

စာတွေ့လက်တွေ့ လေ့လာရာ ရောက်လို့ သမ္မာဆန္ဒကို ထက်သန်တဲ့ လုံ့လဝီရိယလေးနဲ့ စူးစိုက်လိုက်တော့ သဒ္ဓါစိတ်ကလေးဟာ ကြည်ကြည် ပေါ့ပေါ့ပြီး လန်းဆန်းလာပါတယ်။

ဘုရားရှင် သာသနာမှာ ကြုံကြိုက် ရခဲ့တဲ့ အခွင့်အရေး တစ်ရပ်ကို အောက်မေ့ပြီး လောဘမဖက် သဒ္ဓါ သက်သက်ပဲ အားထုတ်ခဲ့ပါတယ်။ အားထုတ်ပြီး တိုင်း...

"ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဗုဒ္ဓံပူဇေမိ၊
ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဓမ္မံပူဇေမိ၊
ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ
သံဃံပူဇေမိ"

""ဤမြတ်သော လောကုတ္တရာ တရား (၉)ပါး အားလျော်သော အကျင့် မြတ်ဖြင့် ဘုရားရှင်ကို ပူဇော်ပါ၏။ တရား တော်ကို ပူဇော်ပါ၏။ သံဃာတော်ကို ပူဇော်ပါ၏""

လို့ ရှိခိုးကော်ရော် ပူဇော်ပါတယ်။ စာသင်သားဘဝမှာ တောနေတဲ့ လက်တွေ့ဘဝကို သင်ရိုးတစ်ခု ရှေ့တက်တယ်လို့ ယူဆပါတယ်။

တောနေ(ကေစာရီ) ပုဂ္ဂိုလ်များရဲ့ နေနည်းထိုင်နည်း ကျင့်ကြံအားထုတ် နည်းကလေးများနဲ့ တောသဘာဝ တောဓလေ့ဟာ လက်တွေ့ငြိမ်းချမ်း အောင် တစ်မျိုးပျော်မွေ့ စိတ်ဝင်စား စရာ တွေ့တယ်ဆိုလဲ မမှားပါဘူး။

အားထုတ်လိုသူတိုင်း စိတ်ကူးမှ လက်တွေ့ဘဝကို ကူးသင့်တယ်လို့လဲ တိုက်တွန်းစိတ်နဲ့ တွေးမိပါတယ်။

တောရကျောင်းတိုက်ကြီး တစ်ခုမှာ နေတဲ့ စာရေးသူဟာ ကျောင်းတိုက်ကြီး က အတုယူဖွယ် ဆရာတော်ကြီးများရဲ့ လမ်းစဉ်နည်းနာနိဿယများရဲ့ စာပေ ပရိယတ္တိများကို သင်ယူကာ နေ့ကို စာဝါ၊ ညမှာ ဘာဝနာဆိုသလို နေ့ဘက် တွင် စာကျက်စာတက်၍ ညဘက်တွင် ဗုဒ္ဓါနုဿတိနဲ့ မေတ္တာဘာဝနာတို့ကို စွမ်းအားရှိသလောက် အားထုတ်ခဲ့ပါ တယ်။

ရည်ရွယ်ချက်ထားတာ အဓိဋ္ဌာန် ဝင်တာသိတဲ့ အတူနေ သံဃာတွေက ဘာရသလဲ၊ ဘာထူးခြားသလဲလို့ မေးတတ်ကြပါတယ်။ ခုလို အားထုတ် ရတဲ့ အကျိုးကြောင့်လို့ မတောင့်မတ မကြောင့်မကြနေရပါတယ်။

ကြွေးဆိုတာ ကိုယ်က ပေးလိုက်ရ တာမှန်းမသိ၊ သူက ယူလိုက်ရတာမသိ၊ ကိုယ်က ယူလိုက်ရတာမှန်းမသိ၊ သူက ပေးလိုက်ရတာမှန်းမသိနဲ့ အနမတဂ္ဂ သံသရာနဲ့ကြည့်ရင် (ဝဋ်)ကြွေးတွေ



www.burmeseclassic.com

www.burmeseclassic.com

များလှပြီ။ ကြွေးတင်မှာ ကြောက်တယ်။ ကြွေးမလိုချင်တော့ဘူးလို့လဲ ဆင်ခြင်မိပါတယ်။

နောက်တစ်ခုက အချိန်များများ ဦးစားပေးနိုင်ပြီး တိုတိုကလေးနဲ့ အရာရောက်တဲ့ ဘုရားရှိခိုးရရင် ကောင်းမှာပဲဆိုတဲ့ဆန္ဒ ဖြစ်ပေါ်ခဲ့ပါတယ်။

ဒီဆန္ဒကလေး ပြည့်ဝသလို ရှိခဲ့ပါတယ်။ တောမှာနေစဉ် ဖြစ်ပေါ်လာတဲ့ ဆန္ဒကို မေ့မေ့ပျောက်ပျောက်နဲ့ ရွှေ့စာသင်နှစ် လိုအပ်တဲ့ အတန်းဆိုင်ရာ စာအုပ်စာတမ်းများ ဝယ်ယူရေး အတွက်(၂)လတာ အဓိဋ္ဌာန်ခရီး ပြီးဆုံးချိန်မှာ စာရေးသူဟာ **ဇာတိရပ်ရွာ တောင်သာနယ် မြောင်းဆုံကျောင်း** ကို တစ်ခါတည်း ပြန်ခဲ့ပါတယ်။

ရွာကိုရောက်တဲ့အခါ မိဘနဲ့ ညီအစ်ကိုမောင်နှမကို အသိပေးပြီး ကျောင်းမှာနေပါတယ်။ ကျောင်းမှာနေစဉ် ကိုရင်ကျောင်းသားကလေးများရဲ့ ဆူညံပွက်ကဝေးအောင်၊ ကိုယ့်စိတ်ငြိမ်းချမ်းမှုရှိအောင် ဆိုပြီးတော့လဲ ကံကြီးအောက်ဖျားရှိ အရိုးဘုရားနဲ့နီးပြီး ရေင်ချောက် ခြားတဲ့ အရိပ်ရကမ္မဋ္ဌာန်းကျောင်းကလေးကို ရွေးချယ်လိုက်လို့ တစ်ပါးတည်း နေထိုင်ပါတယ်။

ကမ္မဋ္ဌာန်းကျောင်းကလေးမှာ အရှိန်မပျက်သေးတဲ့ အဓိဋ္ဌာန်တွေကို ဆက်လုပ်နေခဲ့ပါတယ်။

မန္တရားဘုရားရှိခိုး ရပုံကတော့... ကျောင်းကလေးကို လုံခြုံစွာပိတ်၊ ဂျက်ထိုးပြီး ကျိန်းစက်နေတဲ့တစ်နေ့ အရုဏ်ဦးမှာ ပတ်ဝန်းကျင် ကျေးငှက်ငယ်ကလေးတွေရဲ့ တီတီတာတာ အော်မြည်သံကလေးများက အာရုံမစိုက်ပေမယ့် နားဝကို ဆိုက်ဆိုက်မြိုက်မြိုက် ကြားနေရတဲ့ အသံကလေးများကို အဖော်ပြု နားထောင်နေရင်း



မျက်လုံးအစုံကိုမှိတ် မှိန်းနေစဉ် သင်္ကန်းတော် နီညိုရောင် ဆရာတော်ကြီး တစ်ပါး၊ တရုတ်ဘိုးတော်လို့ ထင်ရတဲ့ ဆံပင်ဖြူ မုတ်ဆိတ်မွေးရှည်များနဲ့ ပုဂ္ဂိုလ်ကြီးတစ်ဦးက စာရေးသူကို ကံကြီးအရှေ့ဘက်စောင်း ခေါ်ပြီး လှပခမ်းနားကြီးကျယ်တဲ့ အဆောက်အအုံကြီး(၂)ခုကို ပြပါတယ်။

အေးချမ်းဖွယ် တသွင်သွင်စီးနေတဲ့ စမ်းချောင်းတစ်ခုကို ဖြတ်ရတာကိုလဲ အမှတ်တမဲ့ သတိထားမိပါတယ်။ အဆောက်အအုံကြီးများက နံရံပန်း၊ ပန်းချီများက စာရေးသူကို တအံ့တသြ ရှိစေတာမို့ "ဘယ်ခေတ်က လက်ရာတွေလဲ" ဆိုတဲ့ သဘောနဲ့ အဆောတလျင် လှေ့လာနေရာ မခန့်မှန်းတတ်ခင်မှာပဲ တရုတ်အမျိုးသားကြီးက အလွန်အောင်မြင်ခံ့ညားတဲ့ အသံကြီးနဲ့...

'ဩောင်း နမော တေ ဗုဒ္ဓသ သမ္မာသမ္ဗုဒ္ဓသ'

လို့ စာရေးသူကို စူးစူးရဲရဲကြည့်ပြီး ရွတ်ဆိုနေပါတယ်။

သင်ပေးနေတာပဲလို့ အသိဖြစ်လျှင်ဖြစ်ချင်း စာရေးသူ လိုက်ရွတ်ဆိုပါတယ်။ အလွတ်ရ သတိရလို့ မျက်စိဖွင့်ကြည့်တဲ့အခါ ဆရာတော်ကြီးနဲ့ ပုဂ္ဂိုလ်ကို မတွေ့ရတဲ့အတွက် စိတ်မကောင်းသလို ဖြစ်မိပါတယ်။

အတွေးလဲမဟုတ်၊ အပြင်လဲ မရှိတဲ့ အဖြစ်က မယုံနိုင်စရာ ဖြစ်ပေမယ့် ကြုံတင် စိတ်ကူးခြင်းမရှိဘဲ ထူးထူးဆန်းဆန်း မန္တရားက အလွတ်ရနေပြီ။

ဟိုဟိုဒီဒီ ထကြည့်လိုက်ရာမိတော့လဲ အေးအေးမြမြ တိုက်ခတ်နေတဲ့ လေအေးကလေးများနဲ့ အရိုးဘုရားဆီက ဆည်းလည်းသံ ကြည်ကြည်ကလေးများက အမှတ်မထင် အပြင်တွင် ဖြစ်နေပါတယ်။

ကျောင်းဝိုင်းအတွင်း ကံကြီးအရှေ့ဘက်စောင်းကို လှည့်ပတ်ကြည့်ရှုလိုသော်လဲ သူတို့ပြတဲ့ ဘုံဗိမာန်ကြီးများနေရာတွင် ထနောင်းပင်ဝိုက်ဝိုက်ကြီး (၂)ပင်နဲ့ တသွင်သွင်စီးနေတဲ့ စမ်းရေမှာ ကံကြီးအတွင်း မိုးအခါ ရေစီးတဲ့ ချောက်ငယ်မျှသာ ဖြစ်နေပုံကို သိနေလို့ မကြည့်ရှုတော့ပါ။

ဤဆောင်းပါး ဤမန္တရားနဲ့ ပတ်သက်လို့ ရေးရခြင်း ရည်ရွယ်ချက်မှာ စာရေးသူကိုယ်၌ဖြစ်စေ၊ အကယ်၍ တစ်စုံတစ်ယောက်ကဖြစ်စေ အဓိဋ္ဌာန်ဝင်တာ ဘာရသလဲ၊ ဘာထူးခြားသလဲ မေးခဲ့ရင် အတွေ့အကြုံများစွာထဲက အတွေ့အကြုံလေးတစ်ခု၊ ဖြစ်ရပ်ကလေးတစ်ခုကို အောက်မေ့သိနိုင်ရန် ရည်ရွယ်ပါတယ်။

ဦးနရိန္ဒ (ခရီးသည်)



www.burmeseclassic.com

www.burmeseclassic.com

# စန်းပွင့် ကံပွင့် ဉာဏ်ပွင့် လာဘ်ပွင့်

## ဂမ္ဘီရ အဓိဋ္ဌာန်ကျင့်စဉ်

ဦးခင်မောင်သန်း
(အ-မ-က၊ ပခန်းတန်း)



ဤဂမ္ဘီရ အဓိဋ္ဌာန်ကျင့်စဉ်သည် ပိတ်ဆို့နေသော ကံတရားများကို ဒါနကို အရင်းပြုပြီး သီလသစ္စာ ဘာဝနာတရားဖြင့် စန်းပွင့်အောင်, ကံပွင့်အောင်, ဉာဏ်ပွင့်အောင်, လာဘ်ပွင့်အောင် စီရင်ထားသည့် ကိုယ်တွေ့ကျင့်စဉ်လည်း ဖြစ်ပါသည်။

ဤကျင့်စဉ်ကို ကျင့်ကြံမည့်ပုဂ္ဂိုလ်သည် အနန္တောအနန္တငါးပါး၊ ခင်ပွန်းကြီးဆယ်ပါးတို့အား ဦးစွာ ပထမ ဝန်ချတောင်းပန် ကန်တော့ရမည်။ ပြီးရင် ဩကာသ ဘုရားရှိခိုးဖြင့် ရှိခိုးရပါမည်။

သီလဆောက်တည်ပြီး မေတ္တာပို့ခြင်း၊ အမျှဝေခြင်းများကို ရှေးဦးပြုကာ စိတ်စင်ကြယ် သန့်ရှင်းစေရပါမည်။ ကြည်လင်အေးချမ်းပြီး စင်ကြယ်စိတ်သည် စွမ်းအားများနှင့် ပြည့်စုံလျက်ရှိပါသည်။

### အပြစ်ကို ဝန်ချကန်တော့နည်း

အစ္စယော မံ ဘန္တေ အစ္စာဂမာ၊
ယထာဗလံ ယထာမုဠှံ၊
ယထာအကုသလံ ယောဟံ၊
ဇဝမကာသိ တဿ မေဘန္တေ၊
အယျော အစ္စယံ အစ္စယတော၊
ပဋိဂ္ဂဏှာတု အာယတိံ သံဝရာယ။

ခက်ခဲသော ပါဠိအသံထွက်

**အစ္စယော** = အစ်စယော
**ဘန္တေ** = ဘန်တေ
**အစ္စာ** = အစ်စာ
**မုဠှံ** = မုန်လံ
**တဿ** = တတ်သ
**ပဋိဂ္ဂဏှာတု** = ပတိတ်ဂနှာတု
**အာယတိံ** = အာယတိန်

အနက်

**ဘန္တေ၊** အရှင်ဘုရား။ **ယထာဗလံ၊** မိုက်သည့်အားလျော်စွာ။ **ယထာမုဠှံ၊** တွေဝေသည့်အားလျော်စွာ။ **ယထာအကုသလံ၊** မလိမ္မာသည့်အားလျော်စွာ။ **အစ္စယော၊** အပြစ်သည်။ **မံ၊** အကျွန်ုပ်သို့။ **အစ္စဂမာ၊** ရောက်ခဲ့ပြီ။

**အဟံ၊** အကျွန်ုပ်သည်။ **ဧဝံ၊** ဤသို့။ **အကာသိ၊** ပြုမိခဲ့ပြီ။ **ဘန္တေ၊** အရှင်ဘုရား။ **အယျော၊** အရှင်ဘုရားသည်။ **တဿ မေ၊** ထိုအကျွန်ုပ်၏။ **အစ္စယံ၊** အပြစ်ကို။ **အစ္စယတော၊** အပြစ်အားဖြင့်။ **အာယတိံ၊** နောင်အခါ၌။ **သံဝရာယ၊** စောင့်ရှောက်ခြင်းငှာ။ **ပဋိဂ္ဂဏှာတု၊** သည်းခံတော်မူပါလော့။

မွေးနေ့ဆောင် အောင်ဆိုသည့်အတိုင်း မွေးနေ့မနက် (၉း၄၅)နာရီတိတိတွင် စတင်ပြီး အဓိဋ္ဌာန် ပြုရပါသည်။ ဤဂမ္ဘီရကျင့်စဉ်သည် အထူးကျင့်စဉ် ဖြစ်သဖြင့် ဒါနဖြင့် ဖွင့်ရပါသည်။ လှူဖွယ်ပစ္စည်းများ တိကျစွာ စီစဉ် လှူဒါန်းရမည်။

### လှူဒါန်းရမည့် ပစ္စည်းများ

- ❖ အိုးသစ်တစ်လုံးထဲ၌ ရေကြည်ရေသန့်ထည့်ပြီး ထိုအိုးထဲတွင် သပြေ (၉)ညွန့်၊ ကံ့ကော် (၉)ညွန့်၊ အဖြူရောင်ပန်း (၉)ပွင့်ကို တပေါင်းတည်း ထည့်ပါ။
- ❖ ပန်းကန်ပြားကြီးကြီး တစ်ချပ်တွင် ဆွမ်းဖြူဖြူထဲတွင် သကြား (၂၁) ဇွန်း ထည့်ပါ။ (၁)ပွဲ။
- ❖ ရေသန့် (၁)ပုလင်း။
- ❖ ဖရုံယို(ဖြောင့်ဖြောင့်) (၁)ပွဲ။
- ❖ ကံပွင့်အမွှေးတိုင် (၃၆)တိုင်။
- ❖ အလင်းတိုင်(နာရီတိုင်) (၉)တိုင်။
- ❖ သခွားသီးဆွမ်း (၁)ပွဲ (သခွားသီးကို အခွံသင်ပြီး အစိတ်ငယ် ၂၁ စိတ်)။
- ❖ မုန့်လုံးရေပေါ်ဆွမ်း(၁)ပွဲ (၉-လုံး ၁-ပွဲ)။
- ❖ တံခွန် (၃)ချောင်း။
- ❖ ခရေညွန့် (၁၅)ညွန့်။



www.burmeseclassic.com

www.burmeseclassic.com



## ဆုတောင်းနည်း

ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူပြီးကုန်သော ဘုရားရှင်တို့အား ရည်စူးရည်မှန်းပြီး မျက်မှောက်၌ရှိသော လှူဖွယ်ဝတ္ထု အစုစုတို့ကို လှူဒါန်းပါ၏ဘုရား။ ဤကောင်းမှုအား လောကပါလနတ်၊ သာသနာတော်စောင့်နတ်၊ ဘိုးတော်သိကြား အစထား၍ နတ်ကောင်းနတ်မြတ်များ အရိယာ သူတော်စင်တို့အား သက်သေအရာထားပြီး လှူဒါန်းပါ၏။ ဆုတောင်းခြင်း သစ္စာဆိုခြင်း ပြုပါမည်။

ဤသို့ လှူဒါန်းရသော ဒါနကံကြောင့် ပိတ်ဆို့နေသော စီးပွားလာဘ်လာဘများ အမြန်ဆုံး ပွင့်ထွန်းပါရစေ အရှင်မြတ်ဘုရား။

အဓိဋ္ဌာန်ရက်ပေါင်း

(၉)ရက် အဓိဋ္ဌာန်ဖြစ်သည်။ အဓိဋ္ဌာန် စတင်သောနေ့၌သာလျှင် လှူဖွယ်များကို တစ်ကြိမ်သာ လှူဒါန်းရပြီး ကျန်ရက်များ အလင်းတိုင်၊ နံ့သာတိုင်သာ စွမ်းအားရှိသလောက် လှူရသည်။

## ရွတ်ဆိုရမည့် ဂါထာ

အဘိနိပ္ပန္နော လာဘော စ၊
သိလောကော စ မဟောသိနော။
တဒေဝ ဝစနံ သစ္စံ၊
ဝနေ့ တံ လောကနာယကံ။
တေန သစ္စေန ပုညေန၊
ဟောတု မေ လာဘဝမုနံ။

*(၃-ခေါက်)*

ခက်ခဲသော ပါဠိအသံထွက်

**အဘိနိပ္ပန္နော** = အဘိနိပ်ဖန်နော
**သစ္စံ** = သစ်စံ
**ဝန္ဒေ** = ဝန်ဒေ
**သစ္စေန** = သစ်စေန
**ပုညေန** = ပုန်ညေန
**လာဘဝမုနံ** = လာဘဝတ်တနံ

အနက်

**မဟောသိနော၊** သီလစသည့် ရှာဖွေမှီ၍ မဟောသိတွင် ရှင်တော်မြတ်ဘုရား၏။ **လာဘော စ၊** အများကြည်ဖြူ လှူပူဇော်ကြ ပစ္စည်းလာဘ်လာဘသည်လည်းကောင်း။ **သိလောကော စ၊** လောကဓာတ်ဘုံ လုံးစုံပျံ့သင်းကျော်စောခြင်းသည် လည်းကောင်း။ **အဘိနိပ္ပန္နော၊** မကုန်ခန်းနိုင် ဖြိုးလှိုင်ကုံလုံ ပြီးပြည့်စုံလှပါ၏။

**တဒေဝ ဝစနံ၊** ထိုစကားသည်။ **သစ္စံ၊** မှန်ပေ၏။ **တံ လောကနာယကံ၊** လောကသုံးပါး၏ အကြီးအမှူးဖြစ်သော ထိုမြတ်စွာဘုရားကို။ **အဟံ၊** အကျွန်ုပ်သည်။ **ဝန္ဒေ၊** ရှိခိုးပါ၏။

**တေန သစ္စေန၊** ထိုသစ္စာစကားကြောင့်လည်းကောင်း၊ **တေန ပုညေန၊** ရှိခိုးပြုရ ထိုမြတ်ကောင်းမှုကြောင့်လည်းကောင်း။ **မေ၊** တပည့်တော်အား။ **လာဘဝမုနံ၊** လာဘ်လာဘ ငွေကြေး နေ့ညစွာ တိုးပွားခြင်းသည်။ **ဟောတု၊** ဖြစ်ပါစေသတည်း။

*(၁-ခေါက်)*

## ပုတီးစိပ်ရန် ဂါထာ

လာဘံ တဿ မယှံ ဘဝန္တု

*(ပုတီးတစ်လုံးချ)* [၃-ပတ်]

## ဆုတောင်းရန်ဂါထာ

ဂါမေ ဝနေ စ သဗ္ဗတ္ထ၊
ဒေဝေဟိ မနုဿေဟိ စ။
အာဘတော နန္တလာဘော မေ၊
သဒါ ဟောတု ဘဝါဘဝေ။

*(၃-ခေါက်)*

ခက်ခဲသော ပါဠိအသံထွက်

**သဗ္ဗတ္ထ** = သတ်ဗတ်ထ
**မနုဿေဟိ** = မနုတ်သေဟိ
**နန္တ** = နန်တ

အနက်

**မေ၊** ငါ့အား။ **ဘဝါဘဝေ၊** ဘဝကြီးငယ်၌။ **ဂါမေစ၊** ရွာ၌လည်းကောင်း။ **ဝနေစ၊** တော၌လည်းကောင်း။ **သဗ္ဗတ္ထ၊** ခပ်သိမ်းသောအရပ်တို့၌။ **ဒေဝေဟိစ၊** နတ်တို့သည်လည်းကောင်း။ **မနုဿေဟိစ၊** လူတို့သည်လည်းကောင်း။ **အာဘတော၊** ဆောင်အပ်သော။ **နန္တလာဘော၊** အဆုံးမရှိသော လာဘ်လာဘသည်။ **သဒါ၊** အခါခပ်သိမ်း။ **ဟောတု၊** ဖြစ်ပါစေသတည်း။ *(၁-ခေါက်)*

အဓိဋ္ဌာန် ပြီးဆုံးလျှင် *(၉ရက်ပြည့်လျှင်)*...

ခိုစာကျွေးခြင်း
ရေသတ္တဝါများကို ဘေးမဲ့ပေးခြင်း
ရဟန်းတော်တစ်ပါးကို အဖြူရောင်ပစ္စည်းတစ်ခုခု လှူဒါန်းခြင်း

စသည်တို့ကို ပြုရမည်။ ခက်ခဲကျပ်တည်းနေသော ငွေကြေးပြဿနာများ ပြေလည်ပြီး စိတ်ချမ်းသာမှု မလွဲအမှန် ရရှိသွားပါလိမ့်မည်။

*သင်၏ဘဝ သာယာပါစေ။*

**ဦးခင်မောင်သန်း**
*(အ-မ-က၊ ပခန်းတန်း)*



www.burmeseclassic.com

www.burmeseclassic.com



▲ တစ်ပင်လုံးပြည့်ပြီး အပွင့်အားလုံး ဖြောက်ရိုက်ပွင့်ပါသည်။



▲ အနီးကပ် တစ်ခိုင်လိုက်ပုံ

# လပ်ကီးဂမုန်းတို့ ပွင့်လေပြီ

သဇင်ဝင်း
(ရွှေကျွန်းမြေ)

ကျွန်မတို့ကျောင်းတွင် လပ်ကီးဂမုန်းပင်များ စိုက်ပျိုးထားပါသည်။ စိုက်ပျိုးထားသည်မှာ လွန်ခဲ့သည့်(၁၅)နှစ်ခန့်က စိုက်ပျိုးခဲ့ပြီး အပွင့် ပွင့်သည်မှာ (၃)နှစ်တည်းသာ ရှိပါသေးသည်။ (၃)နှစ် အပွင့်,ပွင့်သည့်ကာလတွင် ကျွန်မ သတိထားမိသည့်အကြောင်းကို ရေးသားတင်ပြလိုပါသည်။ ယခင်က လည်း နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ဖတ်ဖူးပါသည်။

ကျွန်မ၏ တွေ့ရှိထားချက်များအရ လပ်ကီးဂမုန်းနှစ်မျိုးရှိပါသည်။ အဖိုအမ ဖြစ်မည်ဟု ယူဆမိပါသည်။ နှစ်မျိုးစလုံး ကျောင်းတွင် စိုက်ပျိုးထားပါသည်။

**အဖိုဟု ယူဆရသော အပင်သည်** အပင်ကြီးထွားစဉ် အညွန့်များဖြစ်သော ရွက်နုများ ထွက်သည့်အခါ အစိမ်းနှင့် အဝါစပ်ကြား အဝါများများနှင့် အညွန့် ထွက်ပါသည်။

**အမဟု ယူဆရသောအပင်သည်** အရွက်နုထွက်သည့်အခါ အစိမ်းရောင် သက်သက်ထွက်ပြီး အပွင့်,ပွင့်ပါသည်။ အပွင့်,ပွင့်သည်နှင့် ငွေဝင်လာဘ်ရွှင်သည်ကိုလည်း တွေ့ရပါသည်။

ကျွန်မတို့ကျောင်းတွင် ပညာရည်ချွန်ဆုပေးပွဲကို နှစ်စတွင် ကျင်းပပြီး စုံညီပွဲတော်ကို ဇန်နဝါရီ၊ ဖေဖော်ဝါရီ စသည်ဖြင့် အဆင်ပြေသလို ကျင်းပရပါသည်။ ၂၀၁၀/၁၁ ခု ပညာသင်နှစ်တွင်မူ ရပ်မိရပ်ဖများ၏ ငွေကြေး အခက်အခဲများကြောင့် ဆုပေးပွဲ ကျင်းပနိုင်ခြင်း မရှိသေးပါ။ သည့်လိုနှင့် စုံညီပွဲတော် ကျင်းပသည့်လသို့ပင် ချဉ်းကပ်လာခဲ့ပါသည်။

တစ်နှစ်မှာ ပွဲတစ်ပွဲတော့ မဖြစ်မနေ ကျင်းပနိုင်ရန် ကျွန်မ ဆန္ဒပြင်းပြလျက် ရှိပါတော့သည်။ သည့်လိုနှင့် ဇန်နဝါရီလ ဆန်းပိုင်းတွင် လပ်ကီးဂမုန်းများ ဖူးပွင့်သည်ကို မြင်ရသဖြင့် ကျွန်မ အားတက်မိပါသည်။

မျှော်လင့်ထားသည့် အတိုင်းပင်



www.burmeseclassic.com

www.burmeseclassic.com



◆ ကင်မရာနှင့် ချိန်၍ရသမျှပုံ

ပညာရေးစုံညီပွဲတော်အတွက် လိုအပ်သည့် ငွေအလှူရှင်များ ပေါ်ပေါက်လာကာ ဆုပေးပွဲရော၊ စုံညီပွဲတော်ပါ ဖျော်ဖြေရေးအစီအစဉ်များနှင့် ပျော်ရွှင်ချမ်းမြေ့စွာ ကျင်းပနိုင်ခဲ့ပါသည်။

၂၀၁၁/၁၂ ပညာသင်နှစ်သို့ ရောက်ခဲ့ပြန်ပါသည်။ မိဘများ၏ ငွေကြေးအခက်အခဲအရ ပွဲနှစ်ပွဲကို တစ်ပွဲတည်းပေါင်းပြီး လုပ်ရန် ဆုံးဖြတ်ထားပြီးဖြစ်ပါသည်၊ သည်လိုနှင့် အောက်တိုဘာလကုန်ပိုင်းလောက်တွင် လပ်ကီးဂမုန်းများ ဖူးနေသည်ကို တွေ့ရပါတော့သည်။ စုံညီပွဲကား ကျင်းပရန်လည်း ဝေးပါသေးသည်။

တစ်နှစ်တည်းမှာပင် ဇန်နဝါရီလဆန်းပိုင်းရောက်တော့ ဂမုန်းပန်းတစ်ကြိမ် ထပ်ပွင့်ပါသည်။ ပညာရေးစုံညီပွဲတော် ကျင်းပရန် အလှူရှင်များပေါ်ပေါက်ကာ ဆုပေးပွဲကို အဆင်ပြေချောမောစွာ ကျင်းပနိုင်ခဲ့ပြန်ပါသည်။ ပန်းနှစ်ကြိမ်ပွင့်သည့်အလျောက် ကွန်ပျူတာဝယ်ရန် အလှူရှင်နှစ်ဦးမှ (၁၀)သိန်းနှင့် (၁၀)သိန်းတန် ရေသန့်စက်အလှူရှင်များ တွေ့ရှိခဲ့ပါသည်။

ဆက်လက်၍ ၂၀၁၂/၁၃ခု ပညာသင်နှစ်သို့ ရောက်ရှိ လာပါသည်။ အောက်တိုဘာလသာကုန်သွားသည် ပန်းပွင့်ခြင်း မရှိခဲ့ပါ။ သို့သော် ကျွန်မဖွဲ့မလျှော့ခဲ့ပါ။ ဒုတိယအကြိမ် ပွင့်တတ်သည့်အချိန်ကို စောင့်ခဲ့ရာ ဒီဇင်ဘာ လကုန်ပိုင်းတွင် ပန်းများ ဖူးပွင့်လာကြပါသည်။ ပန်းများ ဖူးပွင့်လာသည့်အလျောက် ပညာရေးစုံညီပွဲတော်ကို ယခင်နှစ်များနည်းတူ ပျော်ရွှင်စွာကျင်းပနိုင်ခဲ့ပြန်သည်။

လပ်ကီးဂမုန်း ပွင့်ခဲ့သည့်(၃)နှစ်တာကာလသည် ဟိုယခင် ပညာသင်နှစ်များထက် ပညာရေးစုံညီပွဲတော်ကို စိတ်တိုင်းကျ ဆောင်ရွက်နိုင်ခဲ့သည်မှာ ကျွန်မ၏ ဝန်ထမ်းသက်တမ်း (၂၆)နှစ်အတွင်း ထူးခြားမှုများပင် ဖြစ်ပါသည်။

ကျွန်မကိုယ်ပိုင်ဝင်ငွေအဖြစ် မမျှော်လင့်ဘဲ (၁၀)သိန်းကျော် ရရှိပါသည်။ ထိုအချက်များကို ကြည့်ခြင်းအားဖြင့် လပ်ကီးဂမုန်းများပွင့်လျှင် ဝမ်းသာရပြီဟု ယုံကြည်မိပါတော့သည်။

အထက်က ဖော်ပြချက်များသည် ဝမ်းသာစရာများ ဖြစ်ခဲ့ရသော်လည်း ဝမ်းနည်းစရာတစ်ခုကိုလည်း တွေ့ရပြန်ပါသည်။ အကြောင်းမှာ ကျွန်မတို့အိမ်ရှေ့မှ အိမ်တွင် အပွင့်ပွင့်သည့် အမျိုးစားကိုပင် အိမ်လှေကားရင်းတွင် စိုက်ပျိုးထားရာ အပင်သည် အကိုင်းအတက် မပွားဘဲ တစ်ပင်တိုင်ရှည်ထွက်သွားပြီး အိမ်ခေါင်မိုးနီးပါး မြင့်နေပါပြီ။

အပွင့် ပွင့်ခြင်း မရှိသည့်အပြင် အရွက်များမှာလည်း စိမ်းစိမ်းစိုစိုမရှိဘဲ အဖျားများ ညှိုးကျကာ သေမတတ်ဖြစ်နေပါသည်။ ထိုသို့ဖြစ်နေသော အချိန်တွင် အိမ်ရှင်အမျိုးသမီးကြီးမှာ ကျန်းမာရေး မကောင်းဖြစ်ကာ နေ့လားညလား စိုးရိမ်စရာ ဖြစ်ခဲ့ရပါသည်။

ယင်းအဖြစ်ကို သတိထားမိကာ အိမ်ရှင်အမျိုးသားအား ကျောင်းတွင် တွေ့ကြုံရပုံကို ပြောပြပြီး အပင်ကို ခုတ်ပိုင်းပစ်ရန် အကြံပေးရပါသည်။ အိမ်ရှင်က အစတွင် အယုံအကြည်မရှိဟု ဆိုပါသည်။ နောက်ပိုင်း ပြောဖန်များမှ အရင်းနား ခါးလောက်တွင် ပိုင်းဖြတ်လိုက်ရာ ဘေးတက်ငါးတက်ထွက်ကာ စိမ်းစိမ်းစိုစို စည်ကားလာပြီး အိမ်ရှင်၏ ကျန်းမာရေးလည်း တဖြည်းဖြည်း ပြန်ကောင်းလာသည်ကို တွေ့ရပါသည်။

ထို့ကြောင့် လပ်ကီးဂမုန်း၏ ကောင်းကျိုးဆိုးကျိုးများကို သတိထားမိသမျှ မှတ်တမ်းဓာတ်ပုံများနှင့်တကွ ရေးသား တင်ပြလိုက်ရပါသည်။ **(ပုံ–၁)မှာ** တစ်ပင်လုံးပုံဖြစ်ပြီး အားလုံး(၆)ခိုင် ပွင့်ပါသည်။ **(ပုံ–၂)မှာ** အနီးကပ် တစ်ခိုင်လိုက်ဖြစ်ပါသည်။ **(ပုံ–၃)မှာ** ကင်မရာနှင့်ချိန်၍ ရသမျှ ရိုက်ထားခြင်း ဖြစ်သည်။

***အားလုံး ကျန်းမာချမ်းသာကြပါစေ***


**သဇင်ဝင်း (ရွှေကျွန်းမြေ)**

**F.188. June, 2013.**



www.burmeseclassic.com

www.burmeseclassic.com



နည်းတူလျှင် မီးပူမခံရတဲ့

# စိန်တက်လုံး

ဂြည်းဝိုး (မနောမယိဒ္ဓိ)
ရေးမြေ

စာရေးသူသည် လက်ဖက်ရည်ဆိုင်တစ်ခုတွင် အသိမိတ်ဆွေတစ်ဦးနှင့် တွေ့ရာ စကားလက်ဆုံကြရာမှ အင်္ဂရတ်အကြောင်း ဆွေးနွေးကြသည်။

ကျွန်ုပ်ထက် အသက်အရွယ် ကြီးပါသည်။ သူတော့ အင်္ဂရတ်အကြောင်းကို လေ့လာသည်။ မလုပ်ဘူးသေးကြောင်း။ ဒါပေမယ့် ငါသိရယ် အင်္ဂရတ်မှာ နည်းတူရင် မီးပူမခံကြောင်း ဓာတ်သဘောကို ပြောပြပါသည်။

ပြဒါးစစ်၊ ပြဒါးမှန်ရလျှင် လက်ဝါးထဲတွင် ပြာချ၍ရကြောင်း၊ သူတို့ ဆရာကြီးက ပြောကြောင်း စာရေးသူကို ပြောပြပါသည်။

ဤကဲ့သို့ ပြောရင်း အင်္ဂရတ်ဆိုတာ မီးပြင်းသုံးစရာမလို မီးရပ်သင့်ကြောင်း တင်ပြပါသည်။ စာရေးသူမှလည်း...

'ဦးလေးရယ်... အကောင်းသားပဲ မီးသွေးဈေးတွေက ကြီးတော့ မီးရပ်ရရင် အကောင်းဆုံးပေါ့။ မီးမသုံးဘဲ ဓာတ်လုံးရတဲ့နည်းလေး ပေးပါလား'

ဟု ပြောတော့...

'အေး နည်းတော့ရှိတယ်။ ဆရာကို ဒီလိုတောင်းလို့ ဘယ်ရမလဲ'

ဟု ရယ်သွမ်းသွေးပြီး ပြောပါသည်။

'ကဲ...ဆရာရယ် လက်ဖက်ရည်ဖိုး ရှင်းပါ့မယ်။ ကျွန်တော်တို့က ပညာဝယ်တဲ့အချိန်၊ ရသမျှ ဗဟုသုတလေးတွေ စုဆောင်းနေရတဲ့အချိန် ဆရာတို့လို သက်ကြီးစကား သက်ငယ်ကြား မှတ်သားပါရစေ'

ဟု တောင်းပန်ရိုကျိုးပြောတော့...

'အေးကွယ် သေချာစွာမှတ်'

ဟု စာရွက်နဲ့ ဘောလ်ပင်ရှာ ဆိုပြီးမှင်းတော့ စာရေးသူအိတ်ထဲမှာ စာရွက်တစ်ရွက် ပါလာတာနှင့်...

'ဆရာ အိုကေ ပြောပါ'

ဟု ဆိုလျှင်...

'အေး...ဓာတ်လုံးကတော့ ဆေးကုဓာတ်လုံး၊ စိန်ဓာတ်လုံးဆိုတော့ ကာယပေါ့ကွာ'

တဲ့။ ယင်းနောက် လက်ာလေး ရွတ်ပြ၊ စာရေးသူမှ နောက်က လိုက်ရေးပါသည်။

ဘေးမှ လက်ဖက်ရည်သောက်နေကြသည့် လူတွေက...

'ဒီလူတွေ ဘာတွေလုပ်နေလဲ'

ဟု ပြောရာ စာရေးသူမှ လက်ကာပြ၍ သူရွတ်ပြသည့်လက်ာကို အမှီလိုက်ရေးပါသည်။

လင်္ကာ...

လက်ချားကေမှုနှင့်၊ စတုဝီစိန်ခြယ်၍၊
အဌဝယ်ဆိုတဲ့ဟိုင်း၊ ရှိင်းသွင်းပါလေ။
မြိုင်မရှုဘက်ကူတော့မနေး၊ အထက်ဆို
ဂျူနိမ၊ ဖမ်းသတ်တဲ့ဆေး။

**အဓိပ္ပာယ်ကတော့...**

**လက်ချားကေမှုဆိုတာက** လက်ချား တစ်မူးသား၊

**စတုဝီစိန်ခြယ်၍ ဆိုတာကတော့** စိန်နီမြင်းသွား(၄)မူးသား၊

**အဌဝယ်ဆိုတဲ့ ဟိုင်းရှိင်းသွင်းယူက** ဟင်းရှိင်း(၈)မူးသား၊

**မြိုင်မရှုဘက်ကူတော့ မနေးဆိုတာက** ပျားရည်နဲ့တေရန်၊

**အထက်ဝယ်ဂျူနိမ ဆိုတာကတော့** နာကို ဆိုပါတယ်။

**ဤလုပ်ရတ်မှာ...**

၁။ **လက်ချား** (၁) မူးသား၊
၂။ **စိန်နီမြင်းသွား** (၄) မူးသား၊
၃။ **ဟင်းရှိင်း** (၈) မူးသား

ယင်းတို့ကို အမှုန့်ထောင်း၍ ပျားရည်နှင့် လုံး၍ ရအောင်တေ။ လုံး၍ နေသွေ့အောင်လှန်း။ ခြောက်သော

 စာမျက်နှာ (၁၄ ) သို့

www.burmeseclassic.com

www.burmeseclassic.com



◎ မင်းစိုးရာဇာအိမ်သို့ ဝင်ထွက်ရသည် မက်သော်...

စိတ်ဆန္ဒ၊ အကြံအစည် အောင်မြင်လိမ့်မည်။

**(သူကြီး၊ မြို့ပိုင်၊ နယ်ပိုင် စသည် အုပ်ချုပ်ရေးဆိုင်ရာ အကြီးအကဲ၏ ရုံး၊ အိမ်၊ ခြံဝင်း စသည်များကို ဝင်ရောက်ရခြင်းကို ဆိုလိုသည်။)**



လူတိုင်းအတွက် တရုတ်ရိုးရာ

# အိပ်မက်ရှင်းတမ်း (၆၉)

BURMESE CLASSIC .com

ထက်မင်းကျော်စွာ

✤ **ကျောင်းသူကျောင်းသားက မြင်မက်လျှင်...**

မေးခွန်းပေါက်ကြားသဖြင့် ဘာသာရပ်ပေါင်းစုံတွင် ဂုဏ်ထူးရမည်။

✤ **စာရေးစာချီ၊ ဝန်ထမ်းက မြင်မက်လျှင်...**

အလုပ်ရှင် မျက်နှာသာပေးခြင်း ခံရမည်။

✤ **အကျဉ်းကျနေသူက မြင်မက်လျှင်...**

အမှိအခိုကောင်းရသဖြင့် အပြစ်ဒဏ် လျှော့ပေါ့ခြင်း ခံရမည်။

✤ **ရှေ့နေက မြင်မက်လျှင်...**

ဝိသမလောဘကြောင့် ဒုက္ခရောက်မည်။

✤ **ကိုယ်ဝန်ဆောင်မိခင်က မြင်မက်လျှင်...**

သမားကောင်း၊ လက်သည်ကောင်းကြုံ၍ ကောင်းမွန်စွာ မျက်နှာမြင်မည်။

✤ **ဆေးသမား၊ ဆရာဝန်က မြင်မက်လျှင်...**

ဒေသတွင်း ကူးစက်ရောဂါကပ်ဘေးကို ကာကွယ်နိုင်မည်။

✤ **နာတာရှည် လူမမာက မြင်မက်လျှင်...**

ကောင်းမွန်စွာ ဘဝကူးပြောင်းခွင့်ရမည့်နိမိတ် ဖြစ်သည်။

✤ **မိဘသားချင်း ဆွေမျိုးနီးစပ်တို့နှင့်ပတ်သက်၍ သောကပူပန်မှုကြုံရစဥ် မြင်မက်ပါက...**

ဝိုင်းဝန်းကူညီမှုဖြင့် ပြေလည် အေးချမ်းသွားမည်။

◎ မိတ်ဆွေနှင့်အတူ ဝင်ထွက်ရသည် မြင်မက်လျှင် ထိုမိတ်ဆွေနှင့် မကြာမီ တွေ့ဆုံဖြစ်မည်။

✤ **ချစ်သူ(မိန်းကလေး၊ ယောက်ျားလေး)သူငယ်ချင်းနှင့် အတူသွားရသည်ဟု မြင်မက်လျှင်...**

မကြာမီ နီးစပ် အဆင်ပြေနိုင်သည်။

✤ **ဇနီးနှင့် အတူသွားရသည် မက်လျှင်...**

အိမ်ထောင်မှုသုခ ရရှိမည်။

✤ **ခင်ပွန်းနှင့် အတူသွားရမက်လျှင်...**

စားဖိုချောင် ဖူလုံပြည့်စုံမည်။

✤ **ရန်သူနှင့် အတူသွားရသည်ဟု မက်လျှင်...**

မကြာမီ(ရန်သူက) သူ့အင အလျော့ပေး အရှုံးပေး စေ့စပ် အညှိ လိမ့်မည်။

✤ **ရင်းချာသော သူငယ်ချင်းနှင့် သွားရသည် မက်လျှင်...**

လုပ်ငန်းကြီး အောင်မြင်မည်။

✤ **လူအများနှင့် ဝင်ထွက်ရသည်ဟု မြင်မက်လျှင်...**

သာရေးနာရေးနှင့် ပရဟိတလုပ်ငန်းများပြား၍ ကိုယ်ပိုင်ဗာဟီရလုပ်ငန်းများ ပျက်ကွက်ရဖွယ် ရှိသည်။

✤ **သားနှင့်အတူ ဝင်ထွက်ရမက်လျှင်...**

သားအတွက် အလုပ်အကိုင်ကောင်း ရရှိမည်။

✤ **သမီးနှင့် အတူဝင်ထွက်ရ မက်လျှင်...**

မကြာမီ သမက်လောင်းနှင့် စကားပြောရမည်။

✤ **ဖခင်နှင့် အတူဝင်ထွက်ရ မက်လျှင်...**



www.burmeseclassic.com

www.burmeseclassic.com

မျိုးရိုးဂုဏ်သတင်းကောင်း ကျော်ကြားမည်။

✤ **မိခင်နှင့် အတူဝင်ထွက်ရ မက်လျှင်...**

သောကအပူမီး ငြိမ်း၍ အေးချမ်းမည်။

✤ **ကွယ်လွန်ပြီး မိဘတစ်ဦးဦးနှင့် အတူဝင်ထွက်ရ မက်လျှင်...**

စိတ္တသုခ ပြည့်ဝမည်။

❂ အဝင်ဝ၊ တံခါးဝတွင် စစ်ဆေးမေးမြန်းခြင်း ခံရသည် မက်လျှင် အမှုကိစ္စ ပွေရှုပ်ကိန်းရှိ၏။

❂ စီးပွားပြိုင်ဘက်အား မင်းစိုးရာဇာ၏ နေရာတွင် မြင်တွေ့ရသည်မက်လျှင် အကောက်ကြံခံရ၍ စီးပွားဥစ္စာ လျော့ပါးတတ်သည်။ သို့သော် ဆုံးရှုံးမှု(အစားထိုး)ပြန်လည်ရရှိမည်။

✤ **ရန်သူကို မင်းစိုးရာဇာအိမ်တွင် တွေ့ရမက်လျှင်...**

ပြုသမျှရန်တို့ မိမိအား ကြီးကျယ်စွာ သက်ရောက် ထိခိုက်စေခြင်း မရှိနိုင်ပါ။

✤ **အိမ်ထောင်ဖက် ချစ်သူကို မင်းစိုးရာဇာအိမ်တွင် တွေ့ရ မက်လျှင်...**

အဖိုးထိုက်၊ ချစ်သက်လက်ဆောင် ရရှိမည်။

✤ **ဖနီးကို မင်းစိုးရာဇာအိမ်တွင် တွေ့ရမက်လျှင်...**

ဖနီး၏ ပါရမီဖြည့်မှုကြောင့် မိမိ လုပ်ငန်းဆောင်တာများ အောင်မြင်မည်။

✤ **ခင်ပွန်းယောက်ျားကို မင်းစိုးရာဇာအိမ်တွင် တွေ့ရမက်လျှင်...**

မိမိ၏ခင်ပွန်း ရာထူး၊ အလုပ်အကိုင် တိုးတက်အောင်မြင်မည်။

✤ **နာမကျန်းဖြစ်နေသူ အိမ်သားတစ်ဦးဦးအား မင်းစိုးရာဇာအိမ်တွင် တွေ့ရမက်လျှင်...**

ဆရာကောင်း၊ ဆေးဝါးကောင်း တွေ့၍ ဝေဒနာ သက်သာပျောက်ကင်းမည်။

✤ **မင်းစိုးရာဇာအိမ်ကို ရေ့မီး သဘာဝဘေးရန်က ဖျက်ဆီးသည်ဟု မြင်မက်လျှင်...**

မိမိ၏ စီးပွားအလုပ်အကိုင် ပျက်စီးဆုံးရှုံးတတ်၏။

❂ လိုဏ်ဂူမင်ကို မြင်မက်ခြင်းသည် အေးချမ်း၍ သုခပြည့်စုံမည့်နိမိတ် ဖြစ်သည်။

✤ **ခင်ပွန်းသည်က မြင်မက်လျှင်...**

စီးပွားဥစ္စာ တိုးတက်၍ အနှောင့်အယှက်ကင်းမည်။

✤ **ဇနီးသည်က မြင်မက်လျှင်...**

အိုးအိမ်ကောင်း၊ အဆောက်အအုံကောင်း ရတတ်သည်။

✤ **လူပျိုလုလင်က မြင်မက်လျှင်...**

ပညာ၊ ကြွင်ရာ စုံလင်မည်။

✤ **အပျို လုံမက မြင်မက်လျှင်...**

အမှီအခိုကောင်းရ၍ "ကတော်" ဖြစ်နိုင်သည်။

✤ **လူမမာ၊ ဝေဒနာခံစားနေရသူက မြင်မက်လျှင်...**

နေရာထိုင်ခင်း ပြောင်းရွှေ့ခြင်းဖြင့် ရောဂါဝေဒနာ သက်သာပျောက်ကင်းမည်။

✤ **ကျောင်းသူကျောင်းသားက မြင်မက်လျှင်...**

စာမေးပွဲတွင် ရှောရှူစွာ အောင်မြင်မည်။

✤ **ခရီးသွားနေစဉ် မြင်မက်ပါက...**

ကူညီသူပေါ်ပေါက်၍ ခရီးစဉ် ချောမွေ့မည်။

✤ **ပြည်ပရပ်ခြားရောက်စဉ် မြင်မက်ပါက...**

အေးချမ်းလုံခြုံသော နေရာထိုင်ခင်း ရရှိမည်။

✤ **အမှုတာပေါင် ရင်ဆိုင်ရစဉ် မြင်မက်ပါက...**

ကျေအေးမှု ရရှိမည်။

✤ **အချုပ်အကျဉ်းကျနေသူက မြင်မက်လျှင်...**

မကြာမီ လွတ်မြောက်၍ ပြင်ပလောကနှင့် ထိတွေ့ခွင့် ရရှိမည်။

✤ **လူပျောက်ရှာစဉ် မြင်မက်ပါက...**

အခန့်သင့်စွာ တွေ့ဆုံရမည်။

✤ **ပစ္စည်းပျောက်ရှာစဉ် မြင်မက်ပါက...**

ပြန်ရမည်။ သို့သော် ကြာပါဦးမည်။

✤ **ချစ်အဖြေ တောင်းထားစဉ် မြင်မက်ပါက...**

စိတ်ရှည်ရှည်နှင့် သည်းခံ စောင့်ဆိုင်းရဦးမည်။

❂ လိုဏ်ဂူမင်အတွင်း ဝင်ရသည်ဟု မြင်မက်လျှင် သောကပြဿနာ ငြိမ်းအေးမည်။

✤ **စာမေးပွဲဖြေထားစဉ် မြင်မက်ပါက...**

ချောမောစွာ အောင်မြင်မည်။

✤ **ရောဂါသည် နာတာရှည် ဝေဒနာရှင်က မြင်မက်လျှင်...**

ရောဂါသက်သာနိုင်သည်။ လုံးဝပျောက်ကင်းရန်အတွက်မူ အချိန်ယူကုသရပါဦးမည်။

✤ **ခင်ပွန်းသည်က မြင်မက်လျှင်...**

လုပ်ငန်းတည်မြဲ၍ စိတ်အေးချမ်းမည်။

✤ **ဇနီးသည်က မြင်မက်လျှင်...**

စားဝတ်နေမှု ဖူလုံမည်။

✤ **လုံမပျိုက မြင်မက်လျှင်...**

ဓနဝ,ဝယ ပြည့်စုံသူ ခင်ပွန်းကောင်း ရမည်။

✤ **လုလင်ပျိုက မြင်မက်လျှင်...**

စီးပွားရေးတွင် အခြေတကျဖြစ်ကာ အိမ်ထောင်ရေးအတွက် အရေးထား စဉ်းစားနိုင်လိမ့်မည်။

✤ **အကျဉ်းကျနေစဉ် မြင်မက်ပါက...**



www.burmeseclassic.com

www.burmeseclassic.com

မမျှော်လင့်ဘဲ လွတ်မြောက်လာမည်။

✤ **ရှေ့နေက မြင်မက်လျှင်...**

လိုက်ပါဆောင်ရွက်သော အမှု ကြန့်ကြာ၍ သေချာစွာ ကိုင်တွယ်ဖြေရှင်းမှသာ အနိုင်ရမည်။

✤ **ဆရာဝန်၊ ဆေးသမားက မြင်မက်လျှင်...**

ခဲယဉ်းသော ရောဂါဝေဒနာများ ကြုံဆုံရကိန်း ရှိသည်။

❂ အဖော်မိတ်ဆွေနှင့်အတူ လိုဏ်ဂူအတွင်း ဝင်ရသည်ဟု မြင်မက်လျှင် သူတစ်ပါး အကူအညီကြောင့် အမှုကိစ္စပြဿနာများ ပြေလည်သွားမည်။

✤ **အိမ်ရှင်မက မြင်မက်လျှင်...**

ကြွေးပူများ ပြေလည်မည်။

✤ **ခင်ပွန်းသည်က မြင်မက်လျှင်...**

အမှီအခိုကောင်း၊ အလုပ်ရှင်ကောင်း ရရှိမည်။

✤ **အပျိုက မြင်မက်လျှင်...**

ဂုဏ်သရေရှိ အိမ်ထောင်စုဝင် ဖြစ်နိုင်သည်။ ဂုဏ်သရေရှိ ခင်ပွန်းကောင်းနှင့် ဖူးစာဆုံမည်။

✤ **လူပျိုက မြင်မက်လျှင်...**

နေဂုဏ်ပြည့်စုံသော်လည်း အသက်အရွယ်ကြီးရင့်သူနှင့် လက်ဆက်ရဖွယ်ရှိသည်။

✤ **ကုန်သည်က မြင်မက်လျှင်...**

စီးပွားဖက်ကောင်းတွေ၍ အကျိုးတူပူးပေါင်းခြင်းဖြင့် ငွေကြေး အမြတ်အစွန်း ပိုမိုရရှိမည်။

✤ **နာတာရှည် လူမမာက မြင်မက်လျှင်...**

ဆေးဝါးကောင်းတွေ၍ နာလန်ထူနိုင်မည်။

✤ **အချုပ်အကျဉ်းကျနေသူက မြင်မက်လျှင်...**

အာမခံသူ၊ ကူညီသူ ပေါ်ပေါက်၍ ဒုက္ခငြိမ်းမည်။

✤ **ကျောင်းသူကျောင်းသားက မြင်မက်လျှင်...**

စာမေးပွဲတွင် အရည်အချင်းပြည့်မီစွာ အောင်မြင်မည်။

❂ ဇနီးသည်နှင့်အတူ လိုဏ်ဂူတွင်းဝင်ရ မက်လျှင် ဇနီးမောင်နှံ အပန်းဖြေ အပျော်ခရီးသွားရကိန်းရှိသည်။

✤ **ခင်ပွန်းနှင့် အတူဝင်ရမက်လျှင်...**

တူနှစ်ကိုယ် ပွဲလမ်းသဘင် တက်ရဖွယ်ရှိသည်။

✤ **ချစ်သူ(ကျား/မ) သူငယ်ချင်းနှင့် အတူ ဝင်ရမက်လျှင်...**

မကြာမီ ဖူးစာဆုံ ပျော်မြူးရမည်။

✤ **ဆန့်ကျင်ဘက်လိင်နှင့်အတူ ဝင်ရမက်လျှင်...**

ဘဝဖော်၊ ဖူးစာဖက် တွေ့ရလိမ့်မည်။

✤ **မိတ်ဆွေများနှင့် အတူဝင်ရမက်လျှင်...**

သူမင်္ဂလာကိစ္စ ပေါ်ပေါက်တတ်သည်။

❂ ရန်သူကို လိုဏ်ဂူတွင်း၌ တွေ့ရသည်ဟု မြင်မက်လျှင် ဘေးဘယာဝေးကွာမည်။

✤ **ကွယ်လွန်ပြီးမိဘကို လိုဏ်တွင်း တွေ့ရမက်လျှင်...**

မိဘများအတွက် ကုသိုလ်ပြု ဖြစ်မည်။

✤ **ထင်ရှားရှိဆဲ မိဘအား လိုဏ်ဂူတွင်း တွေ့ရမက်လျှင်...**

သူတို့၏ ကျန်းမာရေးကို အထူးဂရုစိုက်ပါရန် သတိပေးခြင်း ဖြစ်သည်။

✤ **သားသမီးကို လိုဏ်ဂူတွင်း တွေ့ရမက်လျှင်...**

သားသမီးအကျိုး ခံစားရတတ်သည်။

ထက်မင်းကျော်စွာ

---

**စာမျက်နှာ (၁၃၉)မှ အဆက်**

အခါ နာ(ခ) (၂)ကျပ်သားကို လုံတွင် အရည်ကျို၊ အရေပျော်လျှင် ငြိမ်သက်သောနေရာ သဲခွက်တွင်ချ၊ နေလှန်း၍ ခြောက်သွေ့ပြီး ဓာတ်လုံးကို နာရည်ပူပေါ်တွင် လိမ့်လိုက်ရမည်။

ဤကဲ့သို့ လိမ့်လိုက်လျှင် ဓာတ်လုံး၌ နာများ ရစ်ပတ်၍ နေလိမ့်မည်။ အအေးခံ၍ အေးသောအခါ နာများကို ခွာ၍ ပစ်။ ဤကဲ့သို့ (၄)ကြိမ် လုပ်ပြီးလျှင် ဖြူစင်စွာသော ဓာတ်လုံးကို ရပါတော့သည်။

**ဓာတ်လုံး၏အသုံး**

ခွေးရူးကိုက်၊ ခွေးရူးပြန်လျှင် ဓာတ်လုံးကို ရေစိမ်၊ ကိုက်သည့်နေရာကို အဝလှုပ် လိမ်းပေး၊ တိုက်ကျွေး၍လည်းပေး။

မြွေကိုက်လျှင် ဓာတ်လုံးရေစိမ်တိုက်။

**သတိပြုရန်။** ။ ဓာတ်လုံးဆောင်ထားသူသည် လမ်း၌ မြွေတွေ့ခဲ့လျှင် ဖြတ်မကျော်မိစေရန်နှင့် မနင်းမိစေရန် အထူးသတိပြုပါ။ စိန်ဓာတ်လုံးသည် မြွေကို အပိုင်းပိုင်း ပြတ်စေပါသည်။

နောက် တစ္ဆေပူးကပ်ခြင်း၊ စုန်းစသော ပယောဂများကိုလည်း ဘယ်ပယောဂမဆို နိုင်နင်းပါသည်ဟု စာရေးသူအား ပြောပြပါသည်။

နည်းတူလျှင် မီးပူမခံသော စိန်ဓာတ်လုံးကို စာဖတ်ပရိသတ်များနှင့် အဂ္ဂိရတ်ဝါသနာရှင်များ အသုံးပြုနိုင်ရန် စာရေးသူမှ တင်ပြအပ်ပါသည်။

**နည်းလမ်း** ပြောပြပေးသော **မိတ်ဆွေဦးလေးအား ကျေးဇူးအထူးတင်လျက် ဂါရဝပြုပါသည်။**

ကြည်စိုး *(မနော်မယီဒွီ)*
ရောမြေ

www.burmeseclassic.com

# အကြောနှင့်ဆရာ

ဆက်စပ်ပါ မြန်စွာပျောက်ကင်းမှု

ဦးလှညိမ်း (တံတားဦး၊ အင်း၀)
အကြောပညာရှင်

## မခံမရပ်နိုင်အောင် ခေါင်းကိုက်နေသော်

ကျွန်တော် မန္တလေးမြို့ (၃၈)လမ်း၊ (၈၂)လမ်း×(၈၃)လမ်းကြားတွင် ဆေးခန်းဖွင့်လျက်ရှိရာ ကျွန်တော့်ရဲ့ ဆေးခန်းကို အသက်(၄၀)ကျော်ခန့် အမျိုးသမီးတစ်ဦး ရောက်ရှိလာပြီး...

'ဆရာနဲ့ တွေ့ချင်လို့ပါ'

လို့ ပြောသဖြင့်...

'ကျွန်တော် ဆရာ ဦးလှညိမ်းပါ။ ဘာများ အကူအညီ ပေးရမလဲ'

လို့ မေးတော့...

'ကျွန်မ မခံမရပ်နိုင်အောင် ခေါင်းကိုက်နေလို့ ဆရာ့ထံ လာရောက်ပြသတာ ဖြစ်ပါတယ်'

လို့ပြောရာ ကျွန်တော်မှ ဝေဒနာရှင်အား သေချာကျနစွာ အကြောပြုပြင်ပေးပြီးနောက်...

'ခင်ဗျား ခေါင်းကိုက်တာ သက်သာသလား'

လို့ မေးရာ ဝေဒနာရှင်မှ သက်သာကြောင်း ပြောသဖြင့်...

'အခုလို (၃)ရက်ဆက်တိုက် အကြောပြုပြင်ပေးရမယ်'

လို့ ပြောပြီး ပြန်လွှတ်လိုက်တယ်။


ထိုဝေဒနာရှင်အား (၃)ရက်ဆက်တိုက် အကြောပြုပြင်ပေးပြီးနောက် ဝေဒနာရှင်က ခေါင်းကိုက်ရောဂါ သက်သာပျောက်ကင်းကြောင်း ပြောပြီး ယခုလို ခေါင်းကိုက်ရောဂါ ဘာကြောင့်ဖြစ်သလဲမေးရာ ကျွန်တော်မှ...

'ခေါင်းကိုက်တာ ဖြစ်ရခြင်း အကြောင်းက (၁၁)ပါးရှိတယ်။ အဲဒါတွေကတော့...

၁။ ဝါတ
၂။ ပိတ္တ
၃။ ကဖ
၄။ သန္နိပါတ်
၅။ ရတ္တ
၆။ ခယဇ
၇။ ကိမိ
၈။ သူရိယဝတ္တ
၉။ အနန္တဝါတ
၁၀။ သံခက
၁၁။ အဒ္ဓဝဘေဒ

တို့ ဖြစ်တယ်။

ပုံ-၁




၁။ သလုံးမောင်းထိပ်ကြော
၂။ သလုံးမောင်းဖြေကြော
၃။ ပါဒရက်ကြော

၁။ **ဝါတဇ** = ခေါင်းကိုက်လက္ခဏာက ဦးခေါင်းမှာ အကြောင်းမဲ့ နာကျင်တယ်။ နေ့မှာ အနည်းငယ် နာ၍ ညမှာ အလွန်ကိုက်ခဲနာကျင်တယ်။

ထိုခေါင်းကိုက်နာကတော့ ဦးခေါင်းကို စည်းနှောင်ခြင်းဖြစ်စေ၊ အပူပေးခြင်းဖြစ်စေ ကိုက်ခဲနာကျင်ခြင်း သက်သာရင် ထိုဦးခေါင်းကိုက်နာကို ဝါတဇ ဦးခေါင်းကိုက်နာလို့ မှတ်ရမယ်။

၂။ **ပိတ္တဇ** = ခေါင်းကိုက်လက္ခဏာက ဦးခေါင်းမှာ ကိုက်ခဲနာကျင်၍ မီးကဲ့သို့ ပူလောင်တယ်။ မျက်စိ၊ နှာခေါင်းတို့ကိုလဲ ကိုက်ခဲနာကျင် ပူလောင်တယ်။ ညမှာ ကိုက်ခဲနာကျင်ခြင်း အနည်းငယ် သက်သာတယ်။ သည်းခြေကြောင့်ဖြစ်သော ပိတ္တဇခေါင်းကိုက်နာလို့ မှတ်ရမယ်။

၃။ **ကဖ** = ခေါင်းကိုက်လက္ခဏာက ဦးခေါင်းအေးတယ်၊ လေးတယ်၊ မျက်စိ, နှာခေါင်း အနည်းငယ် ရောင်တယ်။ အဲဒီ ဦးခေါင်းကိုက်နာကို သလိပ်ကြောင့်ဖြစ်တဲ့ ကဖဦးခေါင်းကိုက်နာလို့ မှတ်ရမယ်။

၄။ **သန္နိပါတ်တဇ** = ခေါင်းကိုက်လက္ခဏာက အထက်က ဆိုခဲ့သော ဒေါသ(၃)ပါး လက္ခဏာ



www.burmeseclassic.com

www.burmeseclassic.com

များပေါ်ရောက်၍ ထိုခေါင်းကိုက် နာကို "တြိ"ဒေါသကြောင့်ဖြစ် သော သန္တိပါတ် တဇ ဦးခေါင်းကိုက်နာလို့ မှတ်ရမယ်။

၅။ **ရတ္တဇ** = ဦးခေါင်းကိုက်လက္ခဏာက ဦးခေါင်းကို လက်ဖြင့် ထိရင် သည်းမခံနိုင်အောင် နာကျင်တယ်။ ထိုအနာကို သည်းခြေကြောင့်ဖြစ်သော ရတ္တဇ ခေါင်းကိုက်နာလို့ မှတ်ရမယ်။

၆။ **ခယဇ** = ဦးခေါင်းကိုက်လက္ခဏာက နှာစေး၍၊ နှပ်ထွက်၍၊ ဦးခေါင်းပူ၍ အလွန်နာကျင်၏။ ထိုအနာကို ခယဇ ဦးခေါင်းကိုက်နာလို့ မှတ်ရမယ်။


၇။ **ကိမိဇ** = ဦးခေါင်းကိုက်လက္ခဏာက ဦးခေါင်းကို အပ်နဲ့ ထိုးသကဲ့သို့ နာကျင်တယ်။ ဦးခေါင်းတင်းကျပ်မယ်။ ထိုအနာကို ပိုးကြောင့်ဖြစ်လို့ ကိမိဇ ဦးခေါင်းကိုက်နာလို့ မှတ်ရမယ်။

၈။ **သူရိယဝတ္တ** = ဦးခေါင်းကိုက်လက္ခဏာက နေထွက်တဲ့အခါ ဦးခေါင်း တဖြည်းဖြည်း နာကျင်ကိုက်ခဲခြင်းဖြစ်တယ်။

နေမွန်းတည့်ချိန်တွင် မျက်စိ၊ မျက်မှောင်ရိုး၊ ဦးခေါင်းတစ်ခုလုံး နာကျင်တယ်။ နေကွယ်ပျောက်တဲ့အခါ အလုံးစုံသော ကိုက်ခဲနာကျင်ခြင်း ပျောက်ကင်းတယ်။ အဲဒီခေါင်းကိုက်နာကို သူရိယဝတ္တ ခေါင်းကိုက်နာလို့ မှတ်ရမယ်။

၉။ **အနန္တဝါတ** = ခေါင်းကိုက်လက္ခဏာက နားထင်၊ မေးရိုး၊ လည်ပင်း၊ မျက်စိ၊ မျက်မှောင်တို့မှာ အလွန် နာကျင်ကိုက်ခဲတယ်။ လေ၊ သည်းခြေ၊ သလိပ်တို့

ပုံ-၂




၁။ ဇက်တွင်းလိုင်းကြော
၂။ ထုံကြော
၃။ ပေါင်တွင်းသွေးအိမ်ကြော
၄။ ကပ်ပယ်အိတ်ကြော
၅။ ခုံညင်းကြော

ပျက်စီးလို့ အနန္တဝါတ ခေါင်းကိုက်လက္ခဏာလို့ မှတ်ရမယ်။

၁၀။ **သံခက** = ခေါင်းကိုက်လက္ခဏာက နားထင်မှာ ပြင်းထန်စွာ နာကျင်ခြင်း၊ ကိုယ်ပူခြင်း၊ အရောင်အဆင်းနှင့်ယှဉ်၍ ရောင်ရမ်းခြင်းဖြစ်စေ၍ ထိုခေါင်းကိုက်နာကို သံခက ခေါင်းကိုက်နာလို့ မှတ်ရမယ်။

၁၁။ **အဒ္ဓဝဘေဒ** = ခေါင်းကိုက်လက္ခဏာက အဆီအနှစ် မရှိသော အစားအစာကို စားသုံးခြင်း၊ အစာစားပြီးနောက် ထပ်မံစားခြင်း၊ ဝမ်းချုပ်၊ ဆီးချုပ်ခြင်း၊ အလုပ်ကို ပင်ပန်းစွာ ပြုလုပ်ခြင်း၊ မေထုံအမှု လွန်ကျူးခြင်းကြောင့် နားထင်၊ နားခေါင်တို့၌ ပြင်းထန်စွာ ပူလောင်၍ နာကျင်ကိုက်ခဲသော ဝေဒနာဖြစ်ခြင်းကို အဒ္ဓဝဘေဒ ဦးခေါင်းကိုက်နာလို့ မှတ်ရမယ်'

ဦးခေါင်းတစ်ခုလုံးအုံပြီး ကိုက်ခဲနေသော် ပထမဦးစွာ လူနာကို ဝမ်းလျားမှောက်လျက် သလုံးမောင်းထိပ်ကြောကို ဖိဖိပြီး(၁၅)မိနစ်ကြာအောင် နှိပ်ပေးရမည်။ သလုံးမောင်းထိပ်ကြောကို နှိပ်ပြီးနောက် သလုံးမောင်းခြေကြောကို အောက်မှ အထက်သို့နှိပ်ပြီး (၂၀) မိနစ်ခန့် ဖိနှိပ်ပေးပါ။

ပါဒရက်ကြောကို ဖိဖိပြီး ဖွဖွ၍ ဖြေပေးပါ။ ထို့နောက် ခုံညင်းကြောကို ဖိဖိပြီး လိုမ့်၍ ပြုပြင်ပေးပါ။ ပေါင်တွင်းသွေးအိမ်ကြော၊ ကပ်ပယ်အိတ်ကြောကို (၅)မိနစ်ခန့် ပြုပြင်ပေးပါ။ ထိုအကြောများ ပြုပြင်ပေးပြီးနောက် ဇက်တွင်းလိုင်းကြောနှင့် ထုံကြောတို့ကို (၁)မိနစ်ခန့် ထောက်၍ပေးပြီး၊ ဖိ၍ပေးပါ။ (၅)ကြိမ်ခန့်။

အထက်ပါအတိုင်း ကုသရင် အမှန်တကယ် သက်သာပျောက်ကင်းမှာဖြစ်ကြောင်း ဝေဒနာရှင်၊ ဝါသနာရှင်များ အသုံးပြုနိုင်ရန်အတွက် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ ရေးသားတင်ပြလိုက်ပါတယ်။

**ဦးလှညီမိး**
*(တံတားဦး၊ အင်း၀)*
**အကြောပညာရှင်**



www.burmeseclassic.com

www.burmeseclassic.com

ကြိမ်တောမြောင် သိမ်ကျောင်း ဆရာတော်

# ဦးအာဒိစ္စဝံသ

၏ ထူးခြားသော ရုပ်ကလာပ်တော် (၁)

ထက်မင်းကျော်စွာ

ခရစ်နှစ် ၂၀၁၃ ခုနှစ်၊ နှစ်ဆန်းစ သမယတွင် စာတည်းချုပ်က ထန်းတပင်မြို့နယ်၊ ကြိမ်တောမြောင် သိမ်ကျောင်းဆရာတော်၏ ကျောက်ဖြစ်သွားသည့် ရုပ်ကလာပ်တော် အကြောင်း သတင်းတိုကလေးကို ဖတ်ရှုစေကာ သွားရောက်လေ့လာ ပူဇော်ရန် တာဝန်ပေးခဲ့သည်။

ထို့ကြောင့် ရန်ကုန်–တောင်ငူ အဝေးပြေးယာဉ်ဖြင့် တောင်ငူသို့ သွားရောက်ပြီးနောက် မိတ်ဆွေရင်းတစ်ဦး ဖြစ်သည့် **ဆရာဦးကျော်မြင့် (မဟောသဓဆေးတိုက်)**၏ အကူအညီဖြင့် ဆိုင်ကယ်တက္ကစီငှားရမ်းလျက် ခရီးစဉ် စတင်ဖြစ်သည်။

တောင်ငူမှ အုတ်တွင်းမြို့ကို ကျော်လွန်ပြီးနောက် ''ကျွဲပွဲ''မြို့ကလေးသို့ ရောက်သောအခါ အရှေ့ဘက် မြေလမ်းကလေးအတိုင်း ခွဲထွက်၍ (၅)မိုင်ခန့် ခရီးနှင်ရသည်။ ထိုမှ စစ်တောင်းမြစ်ကူးတံတားကို ကျော်ဖြတ်လျက် မြစ်လယ်သောင်ခုံသို့ ရောက်သည်။

သောင်ခုံ၏ အရှေ့ဘက်တွင် ယာယီ တံတားတစ်စင်းရှိကာ လူ၊ စက်ဘီး၊ ဆိုင်ကယ်များ ဖြတ်ကျော်သွားနိုင်သည်။ ရေစီးအနည်းငယ်သန်၍ ရေပြင် ကြည်စိမ်းလှသည်။ မြစ်အရှေ့ဘက်ကမ်းသို့ ရောက်သော် ဆိုင်ကယ်သမားက...

'ရေစီးကသန် တံတားက ကျဉ်းနဲ့ အကာအရံလဲမရှိတော့ စိတ်ဖိစီးမှုများတယ်ဗျာ'

ဟူ၍ သက်ပြင်းချ၍ ဆိုရှာသည်။ ဆိုင်ကယ်ဘီး လိမ့်လိုက်တိုင်း သိမ့်ခနဲ ယမ်းခါသွားသဖြင့် သူပြောသလိုပင် စိတ်လှုပ်ရှားရသော တံတားဖြစ်သည်။

မြစ်အနောက်ဘက်ကမ်းမှ ကန်သင်းရိုးများအတိုင်း တောင်ဘက်စူးစူးသို့ မောင်းနှင်ကာ ကြိမ်တောမြောင်ရွာ တစ်ဖက်ကမ်းမှ စက်တပ်လှေများဖြင့်လည်း ကူးသန်းနိုင်သော်လည်း ယခု လမ်းက လူအသွားအလာ ပို၍များကြောင်း သိရသည်။



ကြိမ်တောမြောင် သိမ်ကျောင်း ဆရာတော် ဦးအာဒိစ္စ

www.burmeseclassic.com



◆ မြို့ဗိုလ်ရွာအနီးမှ စစ်တောင်းမြစ်နှင့် ယာယီတံတား



◆ မသုံးဖြစ်သော လောင်တိုက်

◆ ကြိမ်တောမြောင် သိမ်ကျောင်းအဝင်မုခ်ဦး



◆ ကြိမ်တောမြောင် သိမ်ကျောင်း



မြစ်အရှေ့ဘက်ကမ်း၌ **"မြို့စိုး"**ရွာ ရှိသည်။ ထိုရွာမှ တောင်ဘက်သို့ လေးမိုင်ခန့် ခရီးနှင်ခြင်းဖြင့် **ကြိမ်တောမြောင်**ရွာသို့ ရောက်သည်။ ရွာ၏ တောင်ဘက်အစွန်တွင် **"သိမ်ကျောင်းတိုက်"** တည်ရှိလေသည်။

ပူဇော်သူများ မကြာခဏ လာရောက်ကြသဖြင့် ဈေးဆိုင်ကလေးများ စည်စည်ကားကား တွေ့ရသည်။ ဈေးတန်းကလေးအလွန်တွင် ကျောင်းဝင်မုခ်ဦးရှိ၍ ဓမ္မကထိကဆရာတော်သုံးပါး ပုံများ ချိတ်ဆွဲထားသည်။

ဆရာတော်ကြီးသည် သက်တော် (၉၅)နှစ်တွင် ခန္ဓာဝန်ချသည်ဖြစ်၍ ရုပ်ကလာပ်တော်အား ယာယီစံကျောင်းတွင် (၉၅)ရက် ထားရှိပူဇော်ပြီးနောက် အသင့်ဆောက်လုပ်ထားသော ဗိမာန်သို့ ရွှေ့ပြောင်းပင့်ဆောင် အပူဇော်ခံထားရှိမည် ဖြစ်သည်။

ထိုအခါတွင် ဓမ္မကထိက ဆရာတော်များက တရားဓမ္မဟောကြား



www.burmeseclassic.com

www.burmeseclassic.com

ချီးမြှင့်ကြမည်ဖြစ်ကြောင်း ကြေညာထားလေသည်။

ကျောင်းဝင်းအတွင်း၌ မကျင်းပဖြစ်သော တေဇောဈာပနသဘင်မှ လောင်တိုက်တော်ကို တွေ့ရသည်။ ထိုမှ မနီးမဝေးကျောင်းဝင်းတွင်း အရှေ့တောင်ထောင့်အရပ်တွင် ဆရာတော်ဦးအာဒိစ္စဝံသ၏ မပုပ်မပျက်သော ရုပ်ကလာပ်တော်ကို ယာယီပူဇော်ထားသည်။

## မပုပ်သိုးသော ရုပ်ကလာပ်တော်

ရုပ်ကလာပ်တော်ကို မှန်ခေါင်းသွင်းပူဇော်ထားကာ ခြေရင်းဘက်အောက်မှ ပိုက်ငယ် တပ်ဆင်ထားသော်လည်း အပုပ်ရည်များ ယိုစီးထွက်ကျမှုမရှိ အနံ့အသက် ဆိုးများလည်း ထွက်ပေါ်မှုမရှိသည်ကို တွေ့ရသည်။

ခြေဖဝါးနှစ်ဖက်မှာ အဖြူရောင်မှိုများ ဖုံးလွှမ်းနေသော်လည်း ခြေဖမိုးမှ မွေးညှင်းများကိုမူ ထင်ရှားစွာ မြင်တွေ့ရသည်။ ဦးခေါင်းမှာလည်း အဖြူ့အညိုအကွက်များနှင့် မှိုကွက်များ ဖုံးလွှမ်းကာ ဆံပင်မွေးနုများကို ရှင်းလင်းစွာမြင်ရသည်။

ပုံတော်မှုသည်မှာ သုံးလခန့် ရှိပြီဖြစ်၍ မျက်နှာတော်မှာ ခြောက်၍ အနည်းငယ် ကျုံ့သွားသည်ကို တွေ့ရသည်။ အနီးရှိ ဂေါပကအဖွဲ့ဝင်တစ်ဦးအား စုံစမ်းကြည့်သောအခါ...

'အသားတွေ မပုပ်မကြေဘဲ ခြောက်သွေ့ပြီး မာကျောသွားလို့ ကျောက်ဖြစ်သွားတယ်လို့ ဆိုတာပါ။ ပကတိ ကျောက်ဆစ်ရုပ်တုလို ဖြစ်သွားတာတော့ မဟုတ်ပါဘူး' ဟု ရှင်းပြသည်။

ရွှေဘိုမြို့ **"စေတီ(၉)ဆူကုန်းတော်"**တန်ဆောင်းမှ ကျောက်ဖြစ်သွားသော ဆရာတော် ဦးနရိန္ဒာဘိ၏ ရုပ်ကလာပ်တော်ယမှာ ပကတိကျောက်ဆစ်ရုပ်ပမာ ဖြစ်တည်၍ **သက်တော်ထင်ရှားရှိစဉ်က စိုက်ထူခဲ့သည့် တမာသား၊ ထန်းသား သိမ်နိမိတ်တိုင်များမှာလည်း ကျောက်ဖြစ်ရုပ်ကြွင်းများ ဖြစ်သွားသည်ကို** ကြုံတွေ့ခဲ့ရဖူးသည်။

ယခု ကြိမ်တောမြောင်သိမ်ကျောင်း ဆရာတော် ဦးအာဒိစ္စဝံသ၏ ရုပ်ကလာပ်တော်မှာ ကျောက်သား ပကတိ မဖြစ်သော်လည်း ပုံရောင်ပုပ်ပျက်ခြင်း မရှိဘဲ ခြောက်သွေ့ ကျစ်လျစ်သွားကာ မှိုများ ဖုံးလွှမ်းနေသည်က ထူးခြားလှသည်။

ရုပ်ကလာပ်တော်သာမက ဆရာတော် အစဉ်အမြဲ စိပ်ပွားလေ့ရှိသော စိပ်ပုတီးမှာလည်း မှိုများ ဖုံးလွှမ်းနေသည်ကို မြင်ရသည်။



▲ ရုပ်ကလာပ်တော် ပူဇော်ထားရာ ယာယီစံကျောင်း

▼ ဆရာတော် သီတင်းသုံးခဲ့ရာ သိမ်တော်



## ထေရုပ္ပတ္တိအကျဉ်း

ထို့နောက်တွင် ဂေါပကအဖွဲ့နှင့် တွေ့ဆုံမေးမြန်းကြည့်ရာ ဆရာတော်



www.burmeseclassic.com

www.burmeseclassic.com



▲ ဧြောက်ကျွံသွားသည့် မျက်နှာပိုင်း

▼ နို့ညိုကွက်များနှင့် မှို့များဖုံးနေသည့် ဦးခေါင်း



၏ ထေရုပ္ပတ္တိအကျဉ်းကို သိရှိခဲ့ရသည်။

ဆရာတော် လောင်းလျာကို တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်၊ ကြိမ်တောမြောင်ကျေးရွာနေ ဦးခိုင်လေး၊ ဒေါ်ထွေးညိုတို့မှ ၁၂၇၉ ခုနှစ်၊ တပေါင်းလဆန်း(၅)ရက်၊ တနင်္ဂနွေနေ့တွင် ဖွားမြင်ခဲ့သည်။

(၁၀)နှစ်သားအရွယ်တွင် ကြိမ်တောမြောင်သိမ်ကျောင်းတွင် သာမဏေဝတ်ကာ ၁၂၉၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၈)ရက်၊ ဗုဒ္ဓဟူးနေ့တွင် ကြိမ်တောမြောင် သိမ်ကျောင်းဆရာတော် ဦးသုဇာတအား ဥပဇ္ဈာယ်ပြုလျက် ရဟန်းဘောင်သို့ ရောက်ရှိသည်။

အသက်(၇)နှစ်သား အရွယ်မှ စတင်ကာ အခြေခံ ပရိယတ္တိစာပေများ သင်ယူခဲ့၍ ရဟန်းအဖြစ်သို့ ရောက်ပြီးနောက် အုတ်တွင်းမြို့နယ်၊ ကျွဲပွဲမြို့ ဝံသာရုံကျောင်းတိုက်နှင့် ရန်ကုန်မြို့ ဗားကရာတိုက်၊ ဝါးကျောင်းတို့တွင် ပိဋကတ်စာပေ သင်ရိုးပေါက် သင်ယူတော်မူခဲ့သည်။

ရန်ကုန်တွင် သီတင်းသုံးစဉ် တိုင်းရင်းဆေးပညာ သုံးဘာသာ **"ဒေသနာနယဆေးပညာ၊ ဗေဒတ္ထနယဆေးပညာ၊ ဘေသဇ္ဇနယဆေးပညာ"** သုံးဘာသာစလုံးကို သင်ယူအောင်မြင်ခဲ့သည်။

နှစ်စဉ် မိမိမွေးနေ့ရောက်တိုင်း နှင်းဆီကုန်း ဘိုးဘွားရိပ်သာသို့ ဘိုးဘွားများအား စောင့်ရှောက်နိုင်ရန် လှူဒါန်းခဲ့သည်။ ကျောင်းတစ်ကျောင်းတည်း၌ စွဲမြဲသီတင်းသုံးခြင်း မပြုဘဲ စေတီပုထိုးများတွင် အများအားဖြင့် သီတင်းသုံးကာ ကြည်ညိုဆည်းကပ်ကြသူများအား မေတ္တာပို့သပေးခြင်း၊ ပညာလိုလားသူ ရဟန်းရှင်လူတို့အား တိုင်းရင်းဆေးပညာ သင်ကြားပို့ချပေးခြင်း (အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် သင်ကြားပေးလေ့ရှိကြောင်း သိရသည်။)

ဒါယကာ, ဒါယိကာမများအား တရားဓမ္မ ဟောကြားဆုံးမတော်မူခြင်းဖြင့် သာသနာတော် အရေးအရာများ ဆောင်ရွက်တော်မူသည်။

၁၃၆၁ ခုနှစ်တွင် ကြိမ်တောမြောင် သိမ်ကျောင်းဆရာတော် ဦးသာဓိန ပျံလွန်တော်မူသောအခါ တပည့်ဒါယကာများ ပင့်လျှောက်ချက်အရ ကြိမ်တောမြောင် သိမ်ကျောင်းသို့ ကြွရောက်၍ ကျောင်းထိုင်ဆရာတော်အဖြစ် တာဝန်ယူ ဆောင်ရွက်တော်မူသည်။

ဝါတွင်းကာလတွင် သိမ်ကျောင်း၌ သီတင်းသုံးကာ ဝါပကာလများတွင် ရန်ကုန်မြို့အတွင်း လှည့်လည်သီတင်းသုံးတော်မူကြောင်း သိရသည်။

ဒါယကာရင်း တစ်ဦးဖြစ်သော ဦးမျိုးညွန့် ပြောပြချက်အရ ရွှေတိဂုံစေတီ ရင်ပြင် တနင်္လာအရပ်နှင့် အင်္ဂါထောင့်




www.burmeseclassic.com

www.burmeseclassic.com

အကြားတွင် ဖူးတွေ့ရလေ့ရှိကာ တစ်နေကုန် သီတင်းသုံးပြီး ညနေစောင်း လေးနာရီခွဲ၊ ငါးနာရီခန့်တွင် ဘုရားကရာသို့ ပြန်ကြွလေ့ရှိသည်။ ပုံမှန်ကျိန်းစက်သော ကျောင်းမရှိပါ။ ကျောင်းလေး,ငါးကျောင်း၌ အလျဉ်းသင့်သလို နားခိုကျိန်းစက်တော်မူကြောင်း သိရှိရလေသည်။

ဆရာတော်ကြီးသည် ကြိမ်တောမြောင်သိမ်ကျောင်းတွင် (၁၃)နှစ်ကျော် သီတင်းသုံးခဲ့ရာ **၁၃၇၄ ခုနှစ်၊ ဝါအတွက် သီတင်းကျွတ်လပြည့်ကျော် (၁)ရက်၊ ဗုဒ္ဓဟူးနေ့ ညနေ(၆း၅၀) နာရီ၌ တောင်ငူမြို့ ကေတု အထူးကုဆေးခန်းတွင်** ပျံလွန်တော်မူခဲ့လေသည်။



- ဦးခေါင်းမှ ဆံပင် မွေးညှင်းများ

- မီးများပုံးလွှမ်းနေသော ခြေအစုံ



## ပျံတော်မူခါနီးကာလ

ဆရာတော် နောက်ဆုံးကာလနှင့် ပတ်သက်၍ ပျံတော်မူသည်အထိ အနီးကပ်ပြုစုခွင့်ရခဲ့သော ဒါယိကာမ မခင်စန်းက ဤသို့ ပြောပြသည်။

'သီတင်းကျွတ်လဆန်း(၈) ဥပုသ်နေ့မှာ သီလပေးတော့ ဆရာတော်အသံတွေ တုန်နေတာ သတိထားမိကြတယ်။ နေ့ခင်းဘက်ကျတော့ ဖျားချင်သလိုဖြစ်ပြီး တရားမဟောနိုင်ဘူး။ (၉)ရက်နေ့မှာ ပိုဆိုးလာလို့ ရန်ကုန်က ဒကာရင်းဖြစ်တဲ့ မိုးယံရွှေလမင်း ဦးမျိုးညွန့်ဆီ အကြောင်းကြားတယ်။

(၁၀)ရက်နေ့မှာ သူ့မိတ်ဆွေ ဦးငွေစိုးဆိုတာ ရောက်လာပြီး ဆေးရုံတင်မှ ဖြစ်မယ့် အခြေအနေမို့ (၁၂)ရက်နေ့မှာ တောင်ငူပြည်သူ့ဆေးရုံကြီးကို တင်လိုက်ကြတယ်။

အဲဒီနေ့ မနက်စောစော တောယာခင်း)သွားဖို့ ကျောင်းရှေ့အဖြတ်မှာ ကျောင်းပေါ်က လူစုစုရုံးရုံး မြင်ရတာနဲ့ ဝင်ကြည့်တယ်။ ဆရာတော်ကြီး နေမကောင်းလို့ ဆေးရုံတင်ရမယ်ဆိုလို့ ချက်ချင်း လိုက်သွားဖြစ်တာ ပျံတော်မူတဲ့အထိ ကြာသွားတယ်။

ဆေးရုံကြီးမှာ နှစ်နေ့နဲ့ တစ်ညကြာပြီး (၁၄)ရက် ညနေကျတော့ "ကေတု" အထူးကုဆေးခန်းကို ပြောင်းတယ်။ ဦးနှောက်အမြှေးရောင်ပြီး နှလုံးသွေးကြောလဲ ကျဉ်းနေသတဲ့။ အောက်ဆီဂျင် ပေးထားရတယ်။ ဆွမ်းတွေ၊ အစာတွေလဲ မဘုဉ်းနိုင်လို့ အစာပိုက်တပ်ပေးတာ လက်မခံဘူး။ သတိတော့ ရှိတယ်။


သမီးတို့ ကြိမ်တောမြောင်ရွာကြီး မကြာခင် စည်ကားလိမ့်မယ်လို့ ပီပီသသ မိန့်ကြားပါတယ်။ အခြေအနေမဟန်လို့ ရွာကို ပင့်မယ်လုပ်တော့ လက်မခံဘူး။ သုံးရက်မြောက်နေ့ ညနေ (၆)နာရီကျော်လောက်မှာ ဘုန်းဘုန်း ရေသောက်မလားမေးတော့ ခေါင်းညိတ်ပြတယ်။ ကျွန်မတိုက်တဲ့ ရေတစ်ဇွန်းကို မျိုချပြီးတာနဲ့ ငြိမ်ငြိမ်



www.burmeseclassic.com

www.burmeseclassic.com





◄ ဆွမ်းတော်ဦးလေ့ရှိသော စင်္ကြံ

◄ သိမ်တွင်းဘုရားဆောင်

သက်သက်ပဲ ပျံလွန်တော်မူပါတယ်'

## ဦးငွေစိုး၏ အတွေ့အကြုံ

ဆရာတော်၏ ဒါယကာရင်းတစ်ဦးဖြစ်သော ဦးငွေစိုး(ရန်ကုန်)က ဆေးရုံတက်စဉ်ကာလ အနီးကပ် ပြုစုပေးခဲ့ရသည်ဟု သိရသဖြင့် ဆက်သွယ်မေးမြန်းကြည့်ရာ ဤသို့ပြောပါသည်။

'ကြိမ်တောမြောင် ဆရာတော်ကို ၁၃၇၄ ခုနှစ်၊ ဝါဆိုလဆန်း(၁၃)ရက်နေ့မှာ ရွှေတိဂုံရင်ပြင်တော်မှာ စတင်ဖူးမြော်ရပါတယ်။ မိုးယံ ကိုမျိုးညွန့်ဆီက သတင်းကြားလို့ ကြည်ညိုပြီး ဖူးတွေ့ဖြစ်တာပါ။

သက်နှင်းအနွမ်းနဲ့ ဟိတ်ဟန်မရှိ၊ ကျေးငှက်တိရစ္ဆာန်တွေကို အင်မတန်ကြင်နာတတ်တဲ့ ဆရာတော်ပါ။ ရင်ပြင်တော်က ခိုလေးတွေကို ဆရာတော်လက်ပေါ်တင်ပြီး အစာခွံ့ကျွေးလေ့ရှိပါတယ်။

ဆရာတော် နာမကျန်းဖြစ်တဲ့အချိန်မှာ ကိုမျိုးညွန့်က သူ့အဓိဋ္ဌာန်ကျင့်စဉ်မပြည့်သေးလို့ ကျွန်တော့်ကို အကူအညီတောင်းတာနဲ့ (၂၅-၁၀-၂၀၁၂) နေ့မှာ ကြိမ်တောမြောင် သိမ်ကျောင်းကို ရောက်သွားတယ်။

တောင်ငူ ပြည်သူ့ဆေးရုံမှာ နှစ်နေ့နဲ့ တစ်ညကြာပြီး "ကေတု"အထူးကုဆေးခန်းကို ပြောင်းရွှေ့ကုသပါတယ်။ ဆေးရုံတက်ကတည်းက သစ်သီးကလေး တစ်စိတ်၊ နှစ်စိတ်၊ ဆန်ပြုတ်ကလေး တစ်ဇွန်း၊ နှစ်ဇွန်း စသာ ဘုဉ်းပေးနိုင်တယ်။

"ကေတု"ဆေးခန်း ရောက်ခါစက ဆရာတော့် အခြေအနေ သက်သာလာတာ တွေ့ရလို့ **"ဆရာတော်ဘုရား ရောဂါသက်သာလာရင် တပည့်တော် ရန်ကုန် ခဏပြန်ပါရစေ"** လျှောက်ထားတယ်။

ဆရာတော်က **"မပြန်ပါနဲ့ဦး လဆုတ်(၅)ရက်နေ့မှ ပြန်ပါ"**လို့ မိန့်ကြားပါတယ်။ သီတင်းကျွတ်လဆုတ်(၅)ရက်နေ့မှာ ဆရာတော့်ဈာပန စံကျောင်းချတော့မှ အဲဒီ စကားကို ပြန်ကြားယောင်နေမိတယ်။

ခန္ဓာဝန်ချမယ့်နေ့ နံနက်ပိုင်းမှာ...

"ယောင်မျိုးညွန့်ကို ပြောလိုက် ဒို့နာ့သေ" လို့ အမိန့်ရှိတာနဲ့ ကိုမျိုးညွန့်ဆီ ဖုန်းနဲ့ လှမ်းပြောရသေးတယ်။ နောက်တော့ ကြိမ်တောမြောင်သိမ်ကျောင်းက ဦးပဏ္ဍဝ၊ တောင်ငူ မေဃဝတီကျောင်းက ဆရာတော် သံဃာတော်တွေ ကြွလာပြီး ပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပေးကြတယ်။ နာရီဝက်လောက်အကြာ ပဋ္ဌာန်းဒေသနာ ပြီးဆုံးသွားတော့ **"ပဋ္ဌာန်းနာရတာ အရသာရှိတယ်"**လို့ မိန့်တော်မူပါတယ်။

ဆေးရုံမှာရှိတုန်း သတင်းမေး ကြည်ရှုကြတဲ့ ရဟန်း၊ လူဒကာ အားလုံးကို မှတ်မိတယ်။ သတိမလွတ်ဘူး။ ဝေဒနာအတွက်လဲ တစ်ချက်ကလေးမှ မရှုံ့မဲ့ မညည်းညူဘဲ ညနေ (၆)နာရီ (၅၀)မိနစ်မှာ ရေတစ်ဇွန်း ဘုဉ်းပေးပြီး ခန္ဓာဝန်ချတော်မူပါတယ်'

**ရွှေလ ဆက်ဖတ်ပါရန်**

**ထက်မင်းကျော်စွာ**



www.burmeseclassic.com

www.burmeseclassic.com

သာရာကြီး ဦးအောင်မြင့်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

ကမ္ဘာကျော်အဆိုတော်

# မိုက်ကယ်ဂျက်ဆင်၏ လက်




အနုပညာရှင်တစ်ဦးရဲ့ လက်ချောင်းတွေဟာ ရှည်ရှည်သွယ်သွယ် ထိပ်ဖျားကတော့ချွန်အမျိုးအစား ဖြစ်ရမယ်လို့ လက္ခဏာပညာကျမ်းတွေမှာ ဖော်ပြထားပါတယ်။

ဒါပေမယ့် အမေရိကန်နိုင်ငံသား အနုပညာရှင်တစ်ဦးဖြစ်တဲ့ ကမ္ဘာကျော် အဆိုတော် မိုက်ကယ်ဂျက်ဆင်ရဲ့ လက်ချောင်းတွေကတော့ ကတော့ချွန်အမျိုးအစားမဟုတ်သလို ရှည်ရှည်သွယ်သွယ်လဲ မဟုတ်ကြဘူး။

**(က) လက်မကို ပထမဆုံး လေ့လာကြည့်ရအောင်။**

* * *





လက်မရဲ့အချိုးအစားက မတိုလွန်း၊ ရှည်လွန်း၊ မကြီးလွန်း၊ မသေးလွန်း ပြစ်မှုရှိတယ်။

ဒါကြောင့် ဦးနှောက်ကောင်းခြင်း၊ စိတ်စွမ်းရည်ပြည့်ဝခြင်းရှိမယ်။ ဒါ့အပြင်မှာတဲ့ အနေအထားမျိုးရှိလို့ စိတ်ဓာတ် ခိုင်မာမယ်။ အလုပ်လုပ် ပြီးဆုံးတဲ့အထိ ဇွဲနဲ့လုပ်တတ်တယ်။

လက်မနဲ့ လက်ညှိုးကြား အကွာအဝေးက ကိုးဆယ်ဒီဂရီ အောက်ကျဉ်းတဲ့ အနေအထားကြောင့် **အုံ့ပုန်းစိတ်မျိုး၊ လျှို့ဝှက်ကျစ်လျစ်မယ်။ မပွင့်လင်းတတ်ဘူး။** ဒါကြောင့် သူတစ်ပါးရဲ့ အထင်အမြင်လွဲမှားခြင်းတွေ ခံရတတ်တယ်။

**(ခ) လက်ညှိုး လက်ချောင်းကို ဒုတိယအဖြစ် လေ့လာကြည့်ပါ။**

* * *




လက်ညှိုးလက်ချောင်း ထိပ်ဖျားဟာ လက်သူကြွယ်လက်ချောင်းရဲ့ ထိပ်ဖျားထက် မသိမသာ ပိုရှည်နေတယ်။

ဒါကြောင့် သူတစ်ပါးအပေါ် လွှမ်းမိုးလိုစိတ်၊ သူတစ်ပါးထက် ပိုသာလိုစိတ်တွေရှိတတ်တယ်။

ဒါ့အပြင် လက်ညှိုးဒုတိယဆစ်ဟာ ဖုနေတယ်။ ဒါကြောင့် လက်ခလယ်၊ လက်သူကြွယ်၊ လက်သန်းတွေလဲ ဒုတိယဆစ် နည်းနည်းဖုထစ်နေလိမ့်မယ်။

ဒါဟာ အလုပ်လုပ် စေ့စပ်သေချာခြင်း၊ တိကျခြင်း၊ တည်ငြိမ်ခြင်း၊ စိတ်ရှည်ခြင်း၊ သည်းခံတတ်ခြင်းဆိုတဲ့ ပင်ကိုယ်ဗီဇမျိုး ရှိစေလိမ့်မယ်။


**(ဂ) လက်သူကြွယ်နဲ့ လက်ခလယ် လက်ချောင်းတို့ကို တတိယအဖြစ် လေ့လာကြည့်ပါ။**



www.burmeseclassic.com

www.burmeseclassic.com

* * *





လက်သူကြွယ် လက်ချောင်းဟာ လက်ခလယ် လက်ချောင်းဘက်ကို သိသိသာသာ ယိမ်းယိုင်နီးကပ်နေတယ်။

ဌဲရှိခြင်း၊ စိတ်ဓာတ် ခိုင်မာပြတ်သားခြင်း၊ အနုပညာလုပ်ငန်းတွေအတွက် မကြောက်မရွံ့ နောက်မတွန့် ရဲဝံ့စွာ လုပ်ကိုင်တတ်ခြင်းဆိုတဲ့ ပင်ကိုစရိုက်မျိုးရှိမယ်။

**(ဃ) လက်သန်း လက်ချောင်းကို စတုတ္ထအဖြစ် လေ့လာကြည့်ရအောင်။**

* * *




ပိန်ပိန်သေးသေးတိုတိုလေး ဖြစ်နေတယ်။

ဒါကြောင့် လူမှုဆက်ဆံရေး ကာမဂုဏ်ကိစ္စ အိမ်ထောင်ရေး သားသမီးရေးတွေမှာ အားနည်းမယ်၊ ညံ့မယ်။

သူ့ဘဝဇာတ်ကြောင်းကို လေ့လာကြည့်ရင် သူ့ရဲ့ အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားမှုတွေ အားလုံးကို အဲဒီ လက်သန်းလေးတစ်ချောင်းကြောင့် ဆုတ်ယုတ်ပျက်ပြားခဲ့ရကြောင်း အံ့သြဖွယ် တွေ့ရှိရပါတယ်။

**(င) ပဥ္စမအဖြစ် လက်ဖဝါးအမျိုးအစားကို လေ့လာကြည့်ပါ။**

ထောင့်မှန်စတုဂံပုံ လက်ဖဝါးရှည်၊ လက်ချောင်းအနည်းငယ်တို တေဇော လက်ဖဝါးအမျိုးအစားအဖြစ် တွေ့ရမယ်။

ထကြွနိုးကြား ကြိုးစားတတ်ခြင်း၊ ဌဲ့လုံ့လ၊ ဝီရိယကြီးခြင်း၊ စိတ်ဓာတ် ခိုင်မာပြည့်ဝခြင်း၊ အကင်းပါးပြီး လက်တွေ့လုပ်ကိုင်နိုင်ခြင်း၊ အပင်ပန်းခံနိုင်ခြင်း၊ ဆင်ခြင်တုံတရားရှိခြင်းဆိုတဲ့ ပင်ကိုအကျင့်စရိုက်မျိုးရှိတယ်။

ဘယ်ကိစ္စမဆို ထကြွရှင်သန်အားကောင်း စူးရှပေါက်ရောက်တဲ့သဘောကြောင့် ကောင်းမှုကောင်းရာကို ဖန်တီးရင် ကြီးကျယ်စွာ အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားနိုင်သလို မကောင်းတဲ့ဘက်ကို ဖန်တီးရင်လဲ ကြောက်စရာ ကောင်းလောက်အောင် ပျက်စီးတတ်တယ်။

ကမ္ဘာမှာ အလွန်ထင်ရှားကျော်ကြားတဲ့ ဂီတ၊ အနုပညာရှင်ကြီးတွေ၊ ဗိသုကာပညာရှင်ကြီးတွေ၊ ဆရာဝန်ကြီးတွေ၊ စာပေပညာရှင်ကြီးတွေဟာ **တေဇောလက်ဖဝါးပိုင်ရှင်တွေ ဖြစ်ကြကြောင်း လက္ခဏာကျမ်းများစွာ မှတ်တမ်းတင်ထားတယ်။**

ထို့အတူ နာမည်ဆိုးနဲ့ လူသိများထင်ရှားသူတွေဟာလဲ တေဇော လက်ဖဝါးပိုင်ရှင်တွေပဲ ဖြစ်မှာပါ။

**(စ) ဆဋ္ဌမအဖြစ် လက်ဖဝါးစောင်း တနင်္လာဂြိုဟ်ခုံကို လေ့လာကြည့်ပါ။**

လက်ဖဝါးစောင်း တနင်္လာဂြိုဟ်ခုံ ပိုင်းဟာ ထင်ထင်ရှားရှား ဖောင်းကြွ အားကောင်းနေတာ တွေ့ရတယ်။

အနုပညာလုပ်ငန်းနဲ့ ကမ္ဘာကျော် အောင် ထင်ရှားအောင်မြင်ခဲ့ခြင်း၊ အားပေးတဲ့ ပရိသတ်အင်အား များပြားခဲ့ခြင်းတွေဟာ အဲဒီတနင်္လာဂြိုဟ်ခုံရဲ့ စွမ်းရည်ကြောင့်ပဲဆိုတာ ငြင်းနိုင်မှာ မဟုတ်ပါဘူး။

အနုပညာရှင်အဖြစ် အောင်မြင် ကျော်ကြား ချမ်းသာကြီးပွားဖို့ဆိုတာ **"စန်းကောင်းမှု၊ စန်းရှိမှု"** ဖြစ်မယ်လို့ လူတွေ ပြော့ပြောနေကြတာ ကြားဖူးကြမှာပေါ့။

ဇာတာမှာ စန်းလို့ ခေါ်တဲ့ တနင်္လာဂြိုဟ်(၂)ဂဏန်း အားကောင်းတဲ့သူတွေဟာ လက်ဖဝါးပြင်မှာလဲ တနင်္လာဂြိုဟ်ခုံ အခုလိုပဲ ပြည့်ဖြိုးဖောင်းကြွ အားကောင်းကြပါတယ်။

ယခုအခါ ကွယ်လွန်ခဲ့ပြီဖြစ်တဲ့ ကမ္ဘာကျော် အနုပညာရှင် အဆိုတော် မိုက်ကယ်ဂျက်ဆင်ရဲ့လက်ဟာ သူ့ဘဝရဲ့ အတက်အကျ အနိမ့်အမြင့်တွေကို တစ်စိတ်တစ်ဒေသအားဖြင့် ဖန်တီးခဲ့တယ်လို့ ယူဆရမှာပါ။

*လက္ခဏာပညာသုတ တိုးပွားကြပါစေ။*

*အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...*

**ဆရာကြီး ဦးအောင်မြိုင်**
*(ဥပဒေဘွဲ့)*
**လက္ခဏာဗေဒင်ပညာသုတသီ**

www.burmeseclassic.com

www.burmeseclassic.com

# ရှန့်ခိုမြောက်

## ဘုံဘုရားကျောင်းသို့

ဟူကွင်းဇီ



◆ ရှန်ခိုမြောက် ဘုံဘုရားကျောင်း

◆ ရှန်ခိုမြောက် နဖူးစည်းကမ္ပည်း




ပေါင်မြို့ ကြန့်တိတ်ဘုံဘုရားကျောင်း မိုးနဂါးအဖွဲ့မှ မော်လမြိုင်မြို့တွင် နှစ်သစ်မင်္ဂလာ ဆုတောင်းပွဲ လှည့်လည်ပြီးစီး၍ အပြန်တွင် **ပေါင်မြို့နယ်၊ ကျုံကကျေးရွာတွင် တည်ရှိသော ရှန်းခိုမြောက်**(Shāng Kè Miào)ဘုံဘုရားကျောင်းမှ ဂေါပကဥက္ကဋ္ဌ ဦးမြင့်ဝေက ဘုံဘုရားကျောင်းသို့ ဝင်ရောက် ဂါရဝပြုပေးပါရန် ဖိတ်ကြားလေသည်။

သို့ဖြစ်၍ ''ရှန်းခိုမြောက်'' ဘုံဘုရားကျောင်းသို့ သွားရောက်ဖြစ်ခဲ့ရာမှ တွေ့မြင်ရသမျှကို မှတ်တမ်းပြု ဖော်ပြပါသည်။

### လင်းမျိုးရိုး မိသားစုဘုံဘုရားကျောင်း

**'ရှန်းခိုမြောက်'** ဟူသည် **'တောင်တံခါးဝ ဘုံဘုရားကျောင်း'** ဟူ၍ အဓိပ္ပာယ်ရသည်။ တောင်တန်းနောက်ခံကာ ပင်လယ်ပြင်ကို မျက်နှာပြုထားသော အဆောက်အအုံဖြစ်သည်။ တောင်တန်းပမာ တည်တံ့နိုင်မာ၍ ပင်လယ်ပြင်ပမာ လောကလူ့ရွာအနှံ့ ကောင်းကျိုးဆောင်ရွက်သယ်ပိုးနိုင်စေရန် ရည်ရွယ်ခြင်း ဖြစ်ပေသည်။

ခန်းမအလယ်တွင် ပူဇော်ထားသော **သိဒ္ဓိရှင်မှာ 'ယှိုင့်လင်းကုန်း'**(Xing Lin Gōng) ဖြစ်သည်။ 'လင်း' မျိုးရိုးမိသားစုကို စတင် ဖြစ်တည်စေခဲ့သော လင်းဘိုးဘိုးကို အနန္တဂိုဏ်းဝင် ကျေးဇူးရှင်အဖြစ် ပူဇော်ထားခြင်း ဖြစ်ပေသည်။

လင်းဘိုးဘိုး၏ရှေ့ ဝဲယာတွင် မြင်းတစ်ကောင်နှင့် နောက်မှ ဦးထုပ်ဆောင်းထားသော လူတစ်ဦး ရုပ်တုတစ်စုံ ရှိသည်။ ကာလကြာသဖြင့် ခြေ့လက်မစုံ ကျိုးပျက်နေသည်ကို တွေ့ရသည်။ လင်းဘိုးဘိုး၏ လက်ရုံးတပည့်နှစ်ဦး ဖြစ်သည်။

ထိုသူတို့၏ အမည်နာမများကို သစ်သားကမ္ပည်းတိုင်ဖြင့် ရေးထွင်းထားရှိဟန် တူသော်လည်း ပျောက်ပျက်လေပြီ။ လင်းဘိုးဘိုး၏ ရုပ်တုအခြေရှိ ကမ္ပည်းစာသည်ပင် မွမ်းမံသူတို့ ဆေးအထပ်ထပ် သုတ်လိမ်းထား



www.burmeseclassic.com


www.burmeseclassic.com



ခန်းမတွင်းမြင်ကွင်း


သဖြင့် အစအနပင် မမြင်ရတော့ချေ။
ဝဲယာရှိ ဆုတောင်းစာများမှ အလှူရှင် ကမ္ပည်းအရ ပြည်သူ့တရုတ်ပြည်

သက္ကရာဇ် ၂၀ ခုနှစ်(၁၉၃၂ ခုနှစ်)တွင် ပေးပို့လှူဒါန်းသည်ဟု သိရသည်။ ဘုံဘုရားကျောင်း



တံခါးစောင့်နတ်မင်း

နံရံမှ သရုပ်ဖော်ပုံအချို့








www.burmeseclassic.com

www.burmeseclassic.com



◆ ခန်းမလက်ယာဘက်မှ ဖွဲ့စာရင်းထိန်းမယ်တော်



◆ လက်ဝဲဘက်မှ ရည်းစားထိန်းနတ်မင်း

တံခါးဝနှင့် ပြင်ပ အပြင်အဆင်များတွင် သက္ကရာဇ် အထောက်အထား တစ်စုံတစ်ရာ မတွေ့ရပေ။

ဆုတောင်းစာတန်းအရ ၁၉၃၂ ခုနှစ် မတိုင်မီတွင် ဤဘုံဘုရားကျောင်း ဆောက်လုပ်ပြီးစီးသည်ဟု ယူဆဖွယ်ရှိလေသည်။

## သမိုင်းကောက်ကြောင်း

သို့ဖြစ်၍ ဘုံဘုရားကျောင်းသမိုင်းနှင့် ပတ်သက်၍ အထောက်အပံ့ ရလိုငြား မြန်မာနိုင်ငံသား တရုတ်အနွယ်များတို့ မြန်မာနိုင်ငံသို့ စတင် ရောက်ရှိလာပုံကို ပြန်လည် ဆန်းစစ်ကြည့်သည်။

(၁၄)ရာစု ကာလများကပင် တရုတ်ကုန်သည် ရွက်လှေများသည် မြန်မာနိုင်ငံတွင်းရှိ ဆိပ်ကမ်းမြို့ကြီးများဖြစ်ကြသော TANASILIတာနာစာလီ (တနင်္သာရီ)၊ BADYMAပါဒူးမာ (မုတ္တမ)၊ BAIGUပိုင်ကူး(ပဲခူး)မြို့များသို့ ကူးလူးဆက်သွယ် ရောင်းဝယ်ဖောက်ကားခဲ့ကြသည်။

'မင်'မင်းဆက်ခေတ် (၁၃၆၈–၁၆၄၄) ကာလ **'ကျူးမဲန်ကျင်း'** ရေးသားသော မှတ်တမ်းအရ ပဲခူးဆိပ်ကမ်း အခြေအနေကို ဤသို့ တွေ့ရသည်။

'ပိုင်ကူး(ပဲခူး)မြစ်အတွင်း၌ လှေ၊ သင်္ဘောများ မရေမတွက်နိုင်အောင် များပြားလှသည်။ အလျား (၂၀၀)ပေ၊ အမြင့် (၄၀၊ ၅၀)ပေရှိ၏။ ရွက်တိုင်ကြီး၍ ကျောက်ကြိုးများလည်းကြီးမားလှသည်။ လှေရေယာဉ်ပတ်လည် ကုန်းပတ် ကျယ်ဝန်းစွာ ပါဝင်၏။

သင်္ဘောများသည် ကြေးထည်၊ သံထည်၊ ကြွေထည်ပစ္စည်းများ တင်ဆောင်လာကြသော တရုတ်ပြည် ကွမ်းတုံးနယ်၊ ဖုကျန့်နယ်တို့မှ ဖြစ်နိုင်သည်'

ဟူ၍ ဖြစ်သည်။

(၁၆)ရာစုကာလအထိ တနင်္သာရီ၊ မုတ္တမနှင့် ပဲခူးဆိပ်ကမ်းမြို့များသာရှိ၍ ဒဂုံမှာ အလောင်းမင်းတရား ရန်ကုန်မြို့တည်သော ၁၇၅၅ ခုနှစ်တွင်မှ ဝါဂွမ်းနှင့် ဆန်စပါး တင်ပို့သော ဆိပ်ကမ်းမြို့ ဖြစ်လာခဲ့လေသည်။

၁၇၅၅ ခုနှစ်တွင် စတင် တည်ထောင်သော ရန်ကုန်မြို့ အကျယ်အဝန်းမှာ အရှေ့တွင် ယခု သိမ်ဖြူလမ်း၊ တောင်တွင် လှိုင်မြစ်၊ အနောက်တွင် ယခု လမ်း(၃၀)၊ မြောက်တွင် ကုန်သည်လမ်းတို့အကြား တည်ရှိလေသည်။

တရုတ်ကုန်သင်္ဘောများမှာ မြန်မာတို့က 'တပ်ကလေး'ဟု ခေါ်ကြသော ယခု (၂၄)လမ်းနှင့် (၂၅)လမ်း အောက်




www.burmeseclassic.com


www.burmeseclassic.com




◆ လက်ယာရံဗာယည့်



◆ ထောင်တွက်ကိရိယာ ပါးကွဲတာလိမ့်တုံး



◀ လက်ဝဲရံဗာယည့်



◀ ၁၉၃၂ ခုနှစ်က လှူဒါန်းသော ပရိဘောဂများ

ဘက် ဆိပ်ကမ်းတွင် ဆိုက်ကပ် ပြုပြင်လေ့ ရှိကြသည်။ ၁၈၅၂ ခုနှစ်တွင် နယ်ချဲ့အင်္ဂလိပ်တို့က ရန်ကုန်မြို့ကို သိမ်းယူသောအခါ ယခု ရွှေတိဂုံဘုရားလမ်းအောက်ပိုင်းကို China Streetဟု ခေါ်တွင်လေသည်။


ထိုသို့ မြန်မာနိုင်ငံသို့ ရောက်ရှိလာရာတွင် ရွက်လှေများဖြင့် မလက္ကာရေလက်ကြားကို ကျော်ဖြတ်ကာ တနင်္သာရီ၊ မြိတ်၊ ထားဝယ်၊ မုဒုံ၊ မော်လမြိုင်၊ ပေါင် စသည် တစ်စစဖြင့် ရန်ကုန်သို့ ရောက်ရှိကြခြင်း ဖြစ်သည်။


ကုန်သွယ် ရောင်းဝယ်မှုအပြင် လယ်ယာစိုက်ပျိုးခြင်း၊ တိရစ္ဆာန်မွေးမြူခြင်းဖြင့် အသက်မွေးသူတို့လည်း ရှိကြသည်။

၁၆၄၄ ခုနှစ်တွင် မင်မင်းပေါက်

www.burmeseclassic.com

www.burmeseclassic.com





◆ 'လင်း'ဘိုးဘိုးကွန်းဆောင်

'လင်း'ဘိုးဘိုးရုပ်တု ▶

ပျက်သုဉ်းသောအခါ မလေးကျွန်းဆွယ်မှတစ်ဆင့် မြန်မာနိုင်ငံသို့ ဝင်လာသော တရုတ်များ တဖြည်းဖြည်း-များပြားလာသည်။ စတင် လာရောက်စဉ်က တစ်နယ်တစ်ကျေးတွင် သုံး, လေး, ငါးနှစ်ခန့် ငွေကြေး၊ စီးပွား ရှာဖွေပြီး ဇာတိမြေသို့ ချောမောစွာ ပြန်ရောက်ကာ မိသားစုနှင့် ပြန်လည် ဆုံစည်းရန် မျှော်လင့်ကြသည်။

သို့သော် ဆန္ဒ မပြည့်ဝခဲ့ကြပေ။ နှစ်လေး,ငါး,ခြောက်ဆယ်ခန့် အပင်ပန်းခံပြီးနောက် တစ်ရပ်တစ်ကျေး၌ပင် ကွယ်လွန်ခဲ့ကြသည်က များ၏။

ထို့ကြောင့် ရောက်သည့်နေရာတွင် နောက်ဆံမတင်းဘဲ စိတ်ချလက်ချ ခေါင်းချနိုင်ရန် သင်္ချိုင်းများ တည်ဆောက်ကာ တရုတ်ထုံးစလေ့အတိုင်း စနစ်တကျ ဆောင်ရွက်နိုင်ရန် အလေးပေး စဉ်းစားလာကြသည်။

ရပ်ဝေးရောက်နေစဉ် လုပ်ငန်းတူ၊ ဆွေမျိုးစုတူတို့ ပူးပေါင်းကာ ဝိုင်းဝန်းရိုင်းပင်း ကူညီနိုင်ရေး အသင်းအဖွဲ့များ ဖွဲ့လာကြသည်။ ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ဘုံဘုရားကျောင်းများ တည်ဆောက်လာကြသည်။

မြန်မာနိုင်ငံရောက် တရုတ်အနွယ်ဖွား အများစု ကိုးကွယ်ဆည်းကပ်ကြသည်များကား အဝလောကိတေသွရ လောကနာထ(ကွမ်းယင်း)၊ ပင်လယ်ဒေဝီ(ထျန်းဟို့)၊ ကုန်ကူးသန်းရောင်းဝယ်မှုအတွက် စစ်သူကြီးနတ်မင်း (ကွမ်းကုန်း(ခေါ်)ကွမ်းတိကုန်း)တို့ ဖြစ်ကြလေသည်။

ဤသည်ကား တရုတ်နွယ်ဖွား အများစု ယေဘုယျ ကိုးကွယ်မှုဖြစ်ကာ ယခု မြင်တွေ့ရသော 'ရှန်းခိုမြောက်' ဘုံဘုရားကျောင်းမှာ 'လင်း'မျိုးရိုး မိသားစုသာ ကိုးကွယ်သော ဘုရားကျောင်း ဖြစ်လေရာ ကွမ်းယင်း၊ ထျန်းဟို့၊ ကွမ်းကုန်း စသည်တို့အစား လူတိုင်းအတွက် မဖြစ်မနေ ကြုံတွေ့ရသော မွေးစာရင်းထိန်း မယ်တော်နှင့် စည်းကမ်းထိန်း နတ်မင်းတို့ကိုသာ မြင်တွေ့နိုင်လေသည်။


သီးခြား အထောက်အထားအနေဖြင့် ဘုံဘုရားကျောင်း လှူဒါန်းမှုကမ္ပည်းပါ ဒါယကာ အမည်အရ နှားလပို့တောင် ရသေ့ရွက်ဆံတော်ရှင်စေတီ မွမ်းမံမှုသမိုင်းကိုလည်း ဆက်စပ်ယှဉ်နိုင်သည်ကို တွေ့ရသည်။

ဘုရားကျောင်း၏ အဓိက အကျိုးရှင်



www.burmeseclassic.com

www.burmeseclassic.com



◆ ဘုံကျောင်းအပြင် မြင်းမိုရ်ပိတ်မှ အဆင်တန်ဆာ

ဘုံကျောင်းနှင့် ဆံတော်ရှင်ဒါယကာ

လင်းလျောင်ကြူး ▶



လင်းလျောင်ကြူးမှာ ရသေ့ရွက်ဆံတော်ရှင် ပြန်လည်ပွင့်ထွန်းရေးအတွက် ဦးဆောင်ခဲ့သူ အဘိုးကြူးပင် ဖြစ်နေခြင်းပင်။

ဘုရားကျောင်းဒါယကာ လင်းလျောင်ကြူးနှင့် ဒါယိကာမ မနန်းခါတို့သည် ၁၉၂၀ ပြည့်နှစ်လွန်ကာလများတွင် ပေါင်မြို့နယ်၊ ကျူံကကျေးရွာသပိတ်အိုင်တောရအထက် နွားလပို့တောင်ထိပ်ရှိ ဆံတော်ရှင်စေတီအား ဦးဆောင် ကမကထပြုကာ မွမ်းမံပြုပြင်ခဲ့ကြကြောင်း စေတီသမိုင်းက ဆိုထား၏။

ထို့ကြောင့် ၁၉၂၀ ပြည့်နှစ်ခန့်တွင် ကျူံကရွာ၌ အခြေချ နေထိုင်ခဲ့သော လင်းလျောင်ကြူးသည် မျိုးနွယ်စု ဘုံကျောင်းကို ထိုကာလဝန်းကျင်၌ တည်ဆောက် ကိုးကွယ်ခဲ့သည်ဟု ယူဆဖွယ် ရှိလေသည်။

ဘုံကျောင်း တည်နေရာမှာ ဆံတော်ရှင် ကိန်းဝပ်ရာ နွားလပို့တောင်သို့ တက်ရောက်နိုင်သော တောင်ကြားလမ်းဝ၌ ရှိသဖြင့် တောင်ကြားဝ၊ တောင်တံခါးဝ ဘုရားကျောင်းဟု အမည်ပေးခဲ့ဟန် ရှိလေသည်။

၁၉၃၂ ခုနှစ်ကာလ ရောက်သော် ပူဇော်ဆည်းကပ်သူ များပြားစည်ကားလာကာ လက်ရှိ အုတ်တိုက်ကျောင်းတော်ကို တည်ဆောက်ခြင်း ဖြစ်နိုင်သည်။

အလှူရှင်စာရင်းအရ ဘီးလင်း၊ မော်လမြိုင်၊ ဘားအံ၊ ထားဝယ်၊ မြိတ်၊ ရန်ကုန် ဒေသများ ပါဝင်လေရာ လမ်းပန်းဆက်သွယ်ရေး သက်သောင့်သက်သာ မရှိသေးသော ကာလတွင်ပင် အထူးစည်ကားခဲ့သော ဘုရားကျောင်း ဖြစ်ပေသည်။

## သားဆုပန်မယ်တော်

ခန်းမတွင်း လက်ယာဘက်နံရံ၌ **'ကျူရှန်းချန်းချန်း'** (Zhù Shãng Niáng Niáng)ဟူသော ကမ္ပည်းနှင့် သားဆုပန်မယ်တော်ရုပ်ပုံ ရှိသည်။ လောကကြီးအတွင်း ရောက်ရှိလာသည့် အချိန်မှစ၍ မှတ်တမ်းရေးသွင်း ထိန်းသိမ်းရသော နတ်ဒေဝီ ဖြစ်သည်။

သားသမီးရတနာ ထွန်းကားလိုသူများကလည်း သားဆုပန်လေ့ ရှိကြသကဲ့သို့ မွေးဖွားလာသော သားသမီးများ ကျန်းမာသန့်စွမ်း ထက်မြက်စွာဖြင့် လောကအကျိုး သယ်ပိုးမည့် သားသမီးကောင်းများ ဖြစ်စေရန် ဆုပန်လေ့ ရှိကြသည်။

'လင်း'မျိုးရိုးသာမက မည်သူမဆို ဆုပန်နိုင်ကြသည်။ ရပ်နီးရပ်ဝေးမှ ပူဇော်သူပရိသတ် များပြားစည်ကားရခြင်းတွင် ဤမယ်တော်ထံ ဆုပန်မှု ပြည့်ဝခြင်းလည်း အဓိကအကြောင်း တစ်ရပ်ဖြစ်ကြောင်း သိရသည်။

## စည်းကမ်းထိန်းနတ်မင်း

ခန်းမ လက်ဝဲဘက်တွင်ကား **'ယဲန်လွောထျန်းကျူ'** (Yán Luó Tiãn Zhǔ) စည်းကမ်းထိန်းနတ်မင်းရုပ်ပုံ ရှိသည်။ ကောင်းမှုပြုသူတို့ ကောင်းကျိုးခံစားရ၍ အကုသိုလ် ဒုစရိုက်အမှုပြုသူတို့ ဆိုင်ရာ မကောင်းကျိုးများ ခံစားရပုံကို သရုပ်ဖော်ပန်းချီများ ရေးဆွဲထားသည်။



www.burmeseclassic.com

www.burmeseclassic.com



▲ တောင်တန်းများကဲ့သို့ အရှည်တာ

သီလစောင့်ထိန်း၍ ကောင်းမှုကုသိုလ် မမေ့မလျော့စေရန် သတိပေးကြပ်မတ်သော နတ်မင်း ဖြစ်သည်။ ငရဲပြည်မှ ယမမင်းနှင့် ဆင်တူသော်လည်း ကောင်းမှုကုသိုလ် ပြုသူတို့ကို ကောင်းရာသုဂတိဘုံသို့ ပို့ဆောင်ပေးခြင်း၊ မကောင်းမှု အကုသိုလ် ပြုသူတို့အား ဒုက္ခဆင်းရဲ ငရဲတွင်း သက်ဆင်းစေခြင်းတို့ ကြပ်မတ်ဆောင်ရွက်လေသည်။

## နံ့ရုံမှ ပြဿဒါးများ

ခန်းမနံရံ နှစ်ဖက်တွင်မူ လောကနီတိကျမ်းလာ အသက်၊ ဂုဏ်အားဖြင့် ကြီးမြင့်သူကို လေးစားရခြင်း၊ မိမိ နာကျင်ဆာလောင် ခါးသီးသကဲ့သို့ သူတစ်ပါးလည်း နာကျင်ဆာလောင် ခါးသီးမည်ဖြစ်ကြောင်း ကိုယ်ချင်းစာနာ၍ ထောက်ထားညှာတာခြင်း၊ ခိုးသတ် လုလိမ် မကောင်းမှုဒုစရိုက်များ မပြုလုပ်ခြင်း စသည်ဖြင့် ရှေးထုံးတမ်း ပုံပြင်များကို သရုပ်ဖော်ပုံများဖြင့် ရေးထုတ်၊ မြန်မာ နှစ်ဘာသာဖြင့် ဖော်ပြထားလေသည်။

လူတိုင်
မွန်၍ လူ့ေ
ဆောင်ရွက်
ဖြစ်ကာ ႏ
ပင် ေ
ပြန်လည်
အကျိုး

---

ခန်းမ
ပုံစံ ပါး
ရှိသည်။ ေ
ဖြစ်သည်။
အကြောင်းကံ
တလိမ့်တုံးကို
ကြမ်းပြင်သို့
ရပ်သွားသောအ
မျက်နှာပြင်မှ စာလုံး
ထုတ်ရသည်။ (၈)မျက်နှ

၁။ ကျပြီးရင်း ကျနေခြင်း၊
၂။ တက်ပြီးရင်းတက်၊
၃။ အရှေ့အနောက် တကွဲတပြား၊
၄။ တောင်မြောက် အလှမ်းကွာ၊
၅။ ကျက်သရေမင်္ဂလာ၊
၆။ ကြံ့တိုင်းအောင်လို့ ဆောင်တိုင်းမြောက်၊
၇။ အလယ်အလတ်အေးချမ်းမှု
၈။ ခရီးရောက်တွင်ကျယ်ခြင်း
စသည်ဖြင့်

နံ
ချမ်း
သီးကို
ခွန်းပေး

မ်သားစုသာ
ာ အစဉ်အလာ
က်ဆင့်ကမ်းပေးရန်
အားပေးလေသည်။

**ဟူလျှင်းဇီ**



www.burmeseclassic.com

www.burmeseclassic.com

ဆီးချိုရောဂါသည် လူတိုင်း ဖြစ်နိုင်သည်။ ဆီးချိုရောဂါဝေဒနာ ခံစားရသူများသည် အစားအသောက် ဆင်ခြင်ရသည်။ ငွေကုန်ကြေးကျခံကာ ကုသကြရသည်။ သို့သော် ရှင်းရှင်းလင်းလင်း မပျောက်ကြပေ။

အချို့ ငွေကြေးမတတ်နိုင်၍ ကောင်းနိုးရာရာ ငွေကုန်သက်သာသော ဆေးအချို့ကိုသာ မှီဝဲကြ၍ (ဆရာဝန် ညွှန်ကြားချက်မရှိသော) မသက်သာဘဲ အသက်စွန့်သွားရသူများလည်း ရှိကြပါသည်။

အချို့မှာ အသက် မဆုံးရှုံးသော်လည်း ဝေဒနာ ပြင်းပြင်းထန်ထန်ခံစားကြရသည်။ အသားအရေ စိုပြည်ခြင်း မရှိပေ။

စာရေးသူသည် လက်ဖက်ရည်ဆိုင်တွင် အ.မ.က(၃၀)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်နှင်းယုအောင်၊ ထိုကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်ခင်စောဝင်းတို့နှင့်အတူ လက်ဖက်ရည်သောက်လျက် ရှိသည်။

ထိုစဉ် ဆိုင်ရှေ့သို့ ဆိုင်ကယ်တစ်စီး ထိုးရပ်လာသည်။ ကြည့်လိုက်တော့ အ.ထ.ကမှ အလယ်တန်းပြဆရာ ဦးမြင့်လွင် ဖြစ်နေသည်။ စာရေးသူသည် အိမ်ရှင်ပမာ ဦးမြင့်လွင်ကို ဖိတ်မန္တကပြုလိုက်သည်။ ဦးမြင့်လွင်လည်း စာရေးသူတို့ဝိုင်းသို့ ဝင်ထိုင်လိုက်သည်။

'ဘာသောက်မလဲ မှာလေ'

ဟု ပြောတော့ မသောက်တော့ကြောင်း ပြောနေသည့်အတွက်...

'ဘာလို့ မသောက်တာလဲ အားနာလို့လား'

ဟု မေးတော့မှ အဖြေက ပေါ်လာသည်။ ဆီးချိုရောဂါကြောင့် မသောက်ခြင်းဖြစ်သည်။

# ဆီးချို အကျက်

ဆေးမှတ်

ထိုအခါမှာတော့ ဒေါ်ခင်စောဝင်းက စကားဆိုလာသည်။

'ဆရာရယ် ဘာမှမပူနဲ့ ဆီးချိုရောဂါပျောက်တဲ့ဆေး ကျွန်မပေးမယ်။ ကျွန်မကိုယ်တိုင် ပျောက်ထားတာမို့ အာမခံနဲ့ကိုပေးမှာ။

ကျွန်မလဲ ဝေဒနာ ခံစားနေရတုန်းက ဟိုဟာရှောင်ရ ဒီဟာရှောင်ရနဲ့ အတော်ကို စိတ်ညစ်ခဲ့တာ။ အခုတော့ မိုးဒီကြော်ငြာထဲကလို ''သားသားစားချင်တာ စားလို့ရပြီ'' ဆိုသလိုပဲ ကြိုက်တာစားလို့ ရနေပါပြီ။

ဆေးကလဲ ဘာမှ မခက်သလို ငွေကုန်လဲ မများဘူးလေ။ နောက်ပြီး နေ့စဉ်ရက်ဆက် သောက်ရတာလဲ မဟုတ်ဘူး။ သုံးလ တစ်ကြိမ်နှုန်းနဲ့ သုံးကြိမ်ပဲ စားရတာ။ ဒါပေမယ့် နည်းနည်းတော့ ခါးတယ်နော်'

'ဘယ်လောက်ခါးမလဲ။ ခါးစမ်းပါစေ ကျွန်တော်စားပါ့မယ်။ ကျွန်တော်စားသလို ဆရာကျော်ကလဲ ရေးလိမ့်မယ်။ အများပြည်သူအတွက် အကျိုးပြုတာပေါ့။ ဘာတွေ လိုအပ်သလဲ၊ ဘယ်လိုလုပ်ရမလဲသာ ပြောပြပေးပါ'

'ဟုတ်ကဲ့... ပြောပါ့မယ်၊ ဒီလိုပါ ဆရာ...

ဗမာကြက်(အိမ်ကြက်) ငါးဆယ်သားခြောက်ဆယ်သားလောက် တစ်ကောင်ဝယ်ပါ။ အမွေးသန့်စင်ပြီးရင် ဗိုက်ကို ဖောက်ပါ။ အတွင်းကလီစာတွေကို နုတ်လိုက်ပါ။ ဗိုက်ဖောက်တဲ့အခါ ပြန်ပိတ်လို့ရအောင် ခပ်ကျဉ်းကျဉ်းပဲ ဖောက်ပါ။ မခုတ်မထစ်၊ မစိတ်မပိုင်းလိုက်ပါနဲ့။



သံပရာသီး(၁၀)လုံးလဲ အဆင်သင့် ဝယ်ထားရပါမယ်။ အလုံးတိုင်းကို လေးစိတ်စိတ်ပါ။ အလုံးလဲ မပျက်ပါစေနဲ့။ သံပရာသီးစိတ်တွေကို ကြက်ဗိုက်ထဲထည့်လိုက်ပါ။ ပြီးရင် လုံအောင် ပြန်ပိတ်ပါ။

အား အနေတော် သုတ်လိမ်းပြီးရင် နူးအိတဲ့အထိ ပေါင်းလိုက်ပါ။ ပြီးရင် ကုန်တဲ့အထိ စားပါ။ အရည်ကျန်ရင် အရည်ကိုပါ သောက်ပါ။ အခြား မည်သူတစ်ဦးတစ်ယောက်ကိုမှ မကျွေးပါနဲ့။ လစ်ဟင်းမှုမရှိပါစေနဲ့။ အရသာခါးတဲ့အထိကိုတော့ ဆရာခံရလိမ့်မယ်'

'ဟာ ဆရာမ ကျွန်တော် ဒီကနေ အိမ်ပြန်ရောက်တာနဲ့ စပြီးလုပ်လိုက်၊ စားလိုက်တော့မယ်'

ဟု ဆိုကာ တက်ကြွရွှင်လန်းစွာဖြင့် ပြန်သွားတော့လေသည်။

ဆေးနည်း ပြောပြပေးပါသော **အ.မ.က(၃၀)မှ ဆရာမ ဒေါ်ခင်စောဝင်းအား အထူးကျေးဇူးတင်ပါသည်။**


နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်အတွက်လည်း အကျိုးရှိမည် ထင်ပါသည်။ လက်လှမ်းမီသမျှ ရေးသားဖော်ပြသွားပါဦးမည်။

**ထီလာကျော်**



www.burmeseclassic.com

www.burmeseclassic.com




(က) ထွမ်ကျောင်

ယခင်လမှ အဆက်

# တရုတ် ကြိုးထုံးပညာ (၅၉)

ဟူကျင်းဇီ

အခြေခံ ကြိုးထုံးနည်း( ၅၉ )

团锦结

Tuán Jǐn Jié


ထွမ်ကျောင်ကျဲ

(ဘ) ထွမ်ကျောင် ကြိုးထုံး

**ထွမ်**(Tuán)သည် အလုံးအဝိုင်းပုံစံ သို့မဟုတ် အဖွဲ့အစည်း၊ စည်းလုံးခြင်း စသည့် အဓိပ္ပာယ်ရှိ၍ **ကျင်** (Jǐn)သည် ရွှန်းတင့်လှပခြင်း ဖြစ်သည်။

ထို့ကြောင့် တိုက်ရိုက်ပြန်ဆိုပါက တင့်ရွှန်းသည့်အဝိုင်း သို့မဟုတ် တင့်ရွှန်းသည့် ဖွဲ့စည်းခြင်းဖြစ်သည်။


(ခ) ရတနာယန်တောင်းချည်နည်း








www.burmeseclassic.com

www.burmeseclassic.com









(ဂ) မြွေသွားချည်နည်း










ကျစ်လျစ်သော ဝေါဟာရမရှိသဖြင့် မူလအသံထွက်အတိုင်း **ထွမ်းကျင်ကြိုးထုံးနည်း**ဟု ရေးသားခြင်း ဖြစ်သည်။

အခြေခံကြိုးထုံးနည်းတစ်ခု ဖြစ်ကာ အခြားသော ကြိုးထုံးနည်းများနှင့် ပေါင်းစပ်ကာ အဆင်တန်ဆာများ ပြုလုပ်နိုင်ပါမည်။

**ပုံ(၁)**တွင် မြင်ရသည့်အတိုင်း မြားပြထားသကဲ့သို့ ကြိုးစကို ခေါက်ပါ။ နှစ်ခေါက်,ခေါက်ပါ။

**ပုံ(၂)** ကြိုးခေါက်(ကြိုးကွင်း) တစ်ခုအတွင်းသို့ ကျန်ကြိုးခေါက်တစ်ခုကို လျှိုသွင်းပါ။ ထိုကြိုးခေါက်ကို မြားပြထားသော လားရာအတိုင်း ယူကာ...

**ပုံ(၃)**အရ ကြိုးနှစ်ထပ်အောက် လျှိုပါ။ ထိုကြိုးခေါက်ကို မြားအတိုင်း ယူကာ...

**ပုံ(၄)**အတိုင်းဖြစ်အောင် လျှိုသွင်းပါ။ ထိုမှ ကြိုးခေါက်ကို ယူ၍ မြားအတိုင်း...

**ပုံ(၅)**ကဲသို့ ဖြစ်အောင် ထပ်လျှိုပါ။ ပုံ(၅)ပါ မြားပြကြိုးစကို ယူ၍...

**ပုံ(၆)**အတိုင်း လျှိုပါ။ မြားပြသည့် ကြိုးစကို ယူ၍...

**ပုံ(၇)**အတိုင်း ထပ်လျှိုပါ။ ထိုမှ ကြိုးစကို ယူ၍...

**ပုံ(၈)**အတိုင်း လျှိုသွင်းပြီးပါက ထွမ်းကျင်ကြိုးသီနည်း ပြည့်စုံပါပြီ။

**ဖန်ကျန်းကျဲ** (Pǎn Zhāng Jíe)

(盘长结)

(ခ) ရတနာပန်းတောင်းကြိုးထုံးနည်း

တရုတ်ကြိုးထုံးပညာ အမှတ်(၂၀) တွင် ရတနာပန်းတောင်း ကြိုးချည်နည်းကို ဖော်ပြပြီးခဲ့ပါပြီ။ အနည်းငယ် အလုမ်းကွာသဖြင့် ပြန်လည် တင်ပြ ပေးပါမည်။

**ပုံ(၁)**အတိုင်း တစ်ပင်ကျော် တစ်ပင်ချ သီသွားပါ။

**ပုံ(၂)** အတိုင်း လေးကွက်ကြား ဖြစ်အောင် မြားအတိုင်းသီပါ။

**ပုံ(၃)**အထက်မှ ကြိုးကို မြား အတိုင်း ဆက်သီပါ။

**ပုံ(၄)** ပုံ(၃)မှ ကြိုးစကို အောက် တွင် ထပ်မံ လျှိုသွင်းပါ။

**ပုံ(၅)**မြားအတိုင်း ထောင်လိုက် သီပါ။

**ပုံ(၆)**အောက်ခြေတွင် လက်ယာ ဘက်ကူး၍ အထက်အောက်သီပါ။

**ပုံ(၇)**နားရွက်ခေါ် ဝန်းကျင်အနား ကြိုးကွင်းများ ဖော်ထားသည့် ရတနာ ပန်းတောင်းကြိုးထုံးရပါပြီ။

**ပုံ(၈)**အလယ်ဗဟို လေးချောင်းကို (၉၀)ဒီဂရီ ချိုးကွေ့၍ သီထားပုံ ဖြစ် သည်။

**ပုံ(၉)**အလယ်တွင် မြွေသွားချည် နည်းဖြင့် ဖြည့်ထားပုံဖြစ်သည်။

**မြွေသွားချည်နည်း**ကို အောက် တွင် လေ့လာပါ။

(蛇结步骤)

(Shě Jié Bù Zhòu)

**ရှယ် ကျဲ ပု ကျို့**

(ဂ) မြွေသွားချည်နည်း

**ပုံ(၁)**ထောင်လိုက်ကြိုးကို တစ်ပတ် ပတ်ပါ။

**ပုံ(၂)**ဝဲဘက်ကြိုးစကို ယူ၍ ယာ ဘက်ကြိုးကိုပတ် အနောက်ဘက်





www.burmeseclassic.com

www.burmeseclassic.com

ပြန်ထွက်ပါ။

**ပုံ(၃)** အောက်ဘက်ကွင်းအတွင်း လျှိုပါ။

**ပုံ(၄)**တင်းတင်းရင်းရင်း ဖြစ်အောင် ဆွဲညှိပါ။

မြွေသွား အခြေခံချည်နည်း ရပါပြီ။

( 盘长胸饰 )


(Pán Zhāng Xiōng Shì)

**ဖန်ကျန်း ရှုန်း ရှိရ်**

(ဃ) ရတနာပန်းတောင်း ရင်ထိုးချည်နည်း

ရတနာပန်းတောင်း ချည်နည်းကို အခြေခံသော ရင်ဖွဲ့အဆင်တန်ဆာ ဖြစ်သည်။ ထွမ်းကျင်ချည်းနည်းနှင့် ပေါင်းစပ်ထားသည်။

**ပုံ(၁)**ထွမ်းကျင်ချည်နည်းဖြင့် သုံး





ကွင်းချည်ထုံးထားသည်။ လေးကွင်းအထိ ထုံးပါ။


**ပုံ(၂)** အလယ်တွင် ရတနာပန်းတောင်းချည်နည်းဖြင့် ချည်ထားသည်။


**ပုံ(၃)**အရောင်ကွဲကြိုးစဖြင့် ရတနာပန်းတောင်း နောက်တစ်ကြိမ်ချည်ပါ။


**ပုံ(၄)**အရောင်ကွဲ ကြိုးခေါက်ကို မူလအရောင်ရှိ ကြိုးကွင်းမှ လျှိုသည်။


**ပုံ(၅)**လေးကွင်းစလုံး လျှိုပြီးနောက် ပန်းပွင့်များအလယ်၌ ဝတ်ဆံအဖြစ် ဘော်ကြယ်(ရောင်စုံကော်လုံး)





◆ (ဃ)ရတနာပန်းတောင်းရင်ထိုး

တစ်ခုစီ ထည့်ထားသည်။

**ပုံ(၆)**ကြိုးစများကို တင်းတင်းရင်းရင်းဖြစ်အောင် ဆွဲညှိထားသည်။


**ပုံ(၇)**ရတနာပန်းတောင်း ရင်ထိုးပုံများ ဖြစ်သည်။ ကြိုးထုံးအမည်အရ မြင့်မြတ်သည်တွင် ရင်၌ အမြတ်တနိုးဆင်ယင်သော ရင်ထိုးဖြစ်ရာ အထူးညွှန်းဖွဲ့ရန် မလိုတော့ပါ။

**ဟူဂျင်းဖီ**



www.burmeseclassic.com

www.burmeseclassic.com



လှယ်လှယ်လေးနဲ့ ချော်နှစ်ခဲ

# ပြဒါးဖမ်းရအောင်

ဦးတင်ဝင်း
(ဇမ္ဗူရသုတေသီ)

ပြဒါးဟာ အင်မတန် မူရာမာယာ များတယ်။ ဖမ်းမိရင်လဲ အင်မတန် ချစ်စရာ ကောင်းလှပါတယ်။ ဝါဂွမ်း ဖြူဖြူလေးအတိုင်း ပါပဲ။ မီးလဲ အင်မတန် ကြောက်တယ်။ အဖမ်းလဲ ခက်တယ်။

အဲဒီပြဒါးကို ဉာဏ်ကွန့်ပြီး နည်းမျိုးစုံနဲ့ ကြံဆပြီး ဖမ်းထားတာလေး ကို အားရပါးရကြီး ရေးပြချင်လွန်းလို့ပါ။ ဖမ်းတတ်ရင် လှယ်လှယ်လေး မဖမ်းတတ်ရင်ဝေး...ဝေး...

များသောအားဖြင့် ပြဒါးကို ခဲနဲ့ရောပြီး ဖမ်းကြတာ များတယ်။ ခဲမှန်းမသိ၊ ပြဒါးမှန်းမသိ ခဲရောင်ကြီး ထနေတာကို ပြဒါးဆိုတော့ ဘယ်လို ပြောရမှန်းတောင် မသိတော့ဘူး။

ကျွန်တော် အဲဒါကြီးကို မကြိုက်တာ အမှန်ပဲ။ ပြဒါးဟာ ပြဒါးပဲ ဖြူဖြူလေး။ ဘော်သွေးဘော်ရောင် ထုံးဖြူဖြူလေး လို ဖြစ်နေမှ ကြိုက်တာ။

ပြဒါးဟာ မမိတာများပေမယ့် မိပြီ ဆိုရင်လဲ အင်မတန် မာကြောတာ၊ တစ်နေ့ကုန်အောင်ထိုးလို့ မပျော်တော့ဘူး။ ဆက်ထိုးလေ မပျော်လေပဲ။ အဲဒါ ပြဒါးရဲ့သတ္တိပဲ။

ရှင်းရှင်းပြောရရင် အိုဘား ဖြစ်သွားခြင်းပါပဲ။ အိုဘား မဖြစ်ခင်လေးမှာ **ဖြတ်စား**မှ ရတယ်။ အဲဒါကို သဘောပေါက်မှ ကိုယ်လိုချင်တဲ့အရာကို ရပေလိမ့်မယ်။

မီးထိုးခံပြဒါးကို လုံခြောက်ထိုးတဲ့ အဆင့်ရောက်ရင် အဲဒီလုံခွံထဲမှာ ဘော်ထည့်၍ ထိုးသော် **ဘော်ကြောပြတ်၍** **လောင်းမီးခံတယ်။ အဲဒါ ပြဒါးရဲ့သတ္တိပဲ။ ယင်းကို နာမ်မြှောက်မှ ရတယ်။ မင်းလေးပါးနဲ့ထိုးပြီး အသက်သွင်း လုံခြောက်ထိုးပါ။ ဒါမှ ယင်း ပြဒါးကို နိုင်းလို့ရပါတယ်။**

ဆိုလိုရင်းကို တင်ပြပြီးသွားရင် လုပ်ရတ်လမ်းကလေးကို တင်ပြကြပါစို့။

ပြဒါးဖမ်းနည်းလမ်း သုံးလမ်းကို အားရပါးရပြီး တင်ပြပေးပါ့မယ်။

**၁။ ပထမလမ်းစဉ်**

သွပ် (၂)ကျပ်သား။

**ဓာတ်ခဲ**မှရသော **သွပ်**ကို သန့်စင်အောင်ချွတ်၍ **ယင်းသွပ်**ကို နံပါတ် **လေး**လုံထဲသို့ ပျော်အောင် ထိုးချလိုက်ပါ။ ပြီးရင် သဲခွက်ထဲ ဆွဲချလိုက်ပါ။ သွပ်ဓာတ်ခဲသွားတာနဲ့...

- ✦ စိန့်
- ✦ ဒေါ။
- ✦ ကန့်
- ✦ ဝက်၊
- ✦ ဒုတ်၊
- ✦ ဟင်း။
- ✦ လက်၊
- ✦ ယမ်း။
- ✦ ဆား။

နာမ်ဓာတ် (၉)ပါး **တစ်မူးသားစီ** ကြိတ်ပါ။

ခဲသွားသော သွပ်လုံးပေါ်သို့ ပြဒါးနှစ်ကျပ်သား လောင်းချလိုက်ပါ။ ပြီးရင် **နာမ်ဓာတ် (၉)ပါးအမှုန့်ကို တင်လိုက်ပါ။** ပြီး ထုံး+ဂျင်း(ချင်း) နှစ်မျိုးကို ဖိသိပ်ပြီး ဇော်ပိတ်၍ မီးပြင်းမထိုးပါနဲ့၊ မီးလျှံမီးလတ်ဖြင့် သွားပါ။ နာရီဝက်လောက် ထိုးပြီး ဖိုဆွဲခြင်းကို ရပ်ထားလိုက်ပါ။ သူ့မီးအရှိန်နဲ့ သွားပါစေ။

ပြီးရင် လုံကို သဲခွက်ထဲ ဆွဲချ၍ အအေးခံခွဲသော် ဇလုံထဲမှာ အုန်းသီးထည့်သလို ဖြစ်နေပါတယ်။ ပြဒါးက အောက်က ဇလုံထဲ အုန်းသီးပွဲ ထည့်သလို ဖြစ်နေပါတယ်။

အဲဒီပြဒါးကို အသာလေး ခွာယူလိုက်ပါ။ တော်တော်မာတဲ့ ပြဒါးပါ။ အလေးချိန်ကလဲ (၂)ကျပ်သားကွက်တိပဲ။ ကြမ်းပေါ်သို့ ပစ်ချလိုက်ရင် ချွင်ခနဲ အသံမြည်ပါတယ်။

အဲဒီပြဒါးကို လုံထဲထည့်၍ ထိုးပါ။ မီးလှုပ်ရုံဖြင့် လုံပူလျှော အပျော်မြန်ပါတယ်။ ချော်နှစ် မခံသေးပါ။ လုံတစ်လုံးတွင် ပြဒါးကိုထည့်ပါ။ တခြားလုံတွင် လက်ချားကို ချော်ချက်၍ ယင်းပြဒါးထဲသို့ လောင်းချပြီး အကြိမ်များစွာ လှေ့ကျင့်ပေးပါ။

ပထမအကြိမ် လောင်းချင်



www.burmeseclassic.com

www.burmeseclassic.com

လက်ချားချော် ဖောင်းကြွလာပါတယ်။ နောက် တဖြည်းဖြည်း လောင်းရင်နဲ့ ငြိမ်သွားပါက မီးနဲ့ ထိုးကစားလို့ ရပါတယ်။ အဲဒါကို ချော်ကျင့်ပြီး ထိုးခြင်းလို့ ခေါ်ပါတယ်။ ပြဒါးကို ချော်လိမ်၍ နှစ်ခြင်းဖြစ်ပါတယ်။

အဲဒီချော်အောက်မှ ထွက်လာတဲ့ ပြဒါးဟာ ဝါဂွမ်းလေးလို ဖြူဖြူဖွေးဖွေး လေးနဲ့ အင်မတန် ချစ်စရာ ကိုင်တွယ်လို့ ကောင်းပါတယ်။

**၂။ ဒုတိယလမ်းစဉ်**
**လိုအပ်သောပစ္စည်း**


၁။ မဲဇလီရွက်၊
၂။ ရွှံ့လုံးကြီးကြီး၊
၃။ အုတ်ခဲကြီးကြီးတစ်လုံး။

ပထမ **ပြဒါးကို** သန့်စင်အောင် **ဆားနဲ့နယ်၍** စစ်သွန်းပါ။ ပြီးရင် **ပိတ်စ** ထဲ ထည့်၍ ကြိုးချည်ပါ။ ကြိုးစကို တုတ် တစ်ထွာကျော်ကျော် အလယ်မှ ချည်နှောင်ပါ။

အိုးထဲရေထည့် မဲဇလီရွက် ထုထောင်း၍ အိုးနှုတ်ခမ်းပေါ် တုတ်ကန့်လန့်တင်ပြီး သုံးရေခန်း ပြုတ်ပါ။ ပြီးရင် ကြွေပန်းကန်ထဲ ညှစ်ယူပါ။ ပြဒါးသန့်သန့် "ပြုတ်ပြဒါး"ရပါတယ်။ မဲဇလီဓာတ်အရည် ဝင်နေပါတယ်။ မူလ ပြဒါးစိမ်းဓာတ် မဟုတ်တော့ပါ။

နံပါတ်(၄)လုံးကို မီးပြင်းပြင်း ဖွဲခေါင်း ဖြူအောင် (သို့မဟုတ်) လုံဖြူဖွေးအောင် မီးပြင်းထိုးချပါ။ ပြဒါးစိမ်း အနည်းငယ်ထည့်ရင် ဖျောက်ခနဲ ပျောက်သွားမယ်။

အဲဒီ မီးပြင်းပြင်းထိုးထားတဲ့ လုံကို သဲခွက်ပေါ် ဆွဲချပါ။ လုံနှုတ်ခမ်း နည်းနည်းညိုလာရင် ကြွေပန်းကန်ထဲမှ ပြဒါးကို ရဲရဲသာ လောင်းချလိုက်ပါ။ ပြီးရင် ရွှံ့လုံးကြီးကြီးနဲ့ ဖိလိုက်ပါ။ ပြီးရင် အုတ်ခဲကြီးကြီးပါ ထပ်တင်ထားပါ။



လုံထဲမှ ပြဒါးဟာ "ဂွီ ဂွီ ဂွီ"နဲ့ ငယ်သံပါအောင် အသံကုန် အော်ပါတော့တယ်။ နောက်ဆုံး ဂွီခနဲ တစ်ချက်သာ အော်နိုင်ပါတော့တယ်။ အဲဒီလုံကို ညှပ်ဖြင့် ကိုင်ပြီး သွန်ချလိုက်ပါ။ အရည် မဟုတ်ပါ။ အခဲဘဝ ပြောင်းသွားပါတယ်။ သွားမကိုင်နဲ့။ အသားကုန်ပူပါတယ်။ ရေထဲချပြီး အအေးခံပါ။

အဲဒီပြဒါးကို နံပါတ်(၁)လမ်းစဉ် အတိုင်း ချော်ကျင့်၍ ထိုးပါ။ သူလဲ ဝါဂွမ်းလေးလို ဖြူဖြူဖွေးဖွေး ချစ်စရာလေးပါပဲ။

**၃။ တတိယလမ်းစဉ်**

နို့ဆီခွက်သံကို ကတ်ကြေးစချ၍ မီးရဲအောင်ထိုးချပါ။ ပြီးရင် ဆေးဒန်း (၁)ကျပ်သား ပေါက်ထိုး၍ ပျော်လုလု အချိန်မှာ ဒုတ္တာ (၂)ကျပ်သားထည့် လုံငှားဖုံးတင်ပြီး ထိုးပါ။ (၃)နာရီလောက် ထိုးပါ။

လုံအေး၍ ခွဲသော် သံထိပ်ဆောင်း၍ ရပါတယ်။ ထိပ်ဆောင်းကို ဖယ်၍ အောက်က သံကိုယူပါ။ ချော်နဲ့ထိုးလိုက်၊ အခြောက်ထိုးလိုက်လုပ် ချော်ဖြူရင် သံတွယ်ပြုတ်၍ သံမလိုက်တော့ပါ။

အဲဒီသံလုံးကို လက်ချားမီးဖောက် အပြည့်သိပ်ပြီး မီးပြင်းပြင်းထိုးပါ။ ချော်ချောင်ကျရင် ထပ်ဖြည့်ပြီးထိုး။

ချော်ပြည့်ရင် သဲခွက်ထဲ ဆွဲချပါ။ ထိပ်တင်းရင် စက္ကူစလေးနဲ့ တို့ကြည့်ပါ။ မီးလောင်ရင် အဲဒီချော်ပေါ် ပြဒါး မတင်ပါနဲ့။ စက္ကူ မီးမလောင်ဘဲ ညိုမည်းလေးဖြစ်ရင် တော်ပြီ။ ပြဒါး တင်လိုက်ပါ။ ဖိုခွင်ထဲ အသာထည့်ထားပါ။ မီး နည်းနည်းလှုပ်ပေးပါ။ ချော်ပျော်တာနဲ့ ပြဒါးအလိုအလျောက် ချော်ကို ဖောက်ပြီး ဆင်းသွားပါလိမ့်မယ်။

ဖိုကို မဆွဲပါနဲ့။ နည်းနည်းချင်း လှုပ်.လှုပ်ပေးရမယ်။ ချော်ပျော်ရင် သဲခွက်ထဲ ဆွဲချလိုက်ပါ။ ချော်အေးရင် ပြန်တင်။ ချော်ပျော် ပြန်ချ.တင်ချ အကြိမ်(၉)ကြိမ်လောက် ပြုလုပ်ရင် ပြဒါးချော်အောက်တွင် ဖြူဖြူဖွေးဖွေး ဘော်သားရောင် **ဝါဂွမ်းဖြူဖြူ**လေး အတိုင်း တွေ့ရပါလိမ့်မယ်။

ဤတွင် ချော်နှစ်ခံပြဒါး သန့်သန့်လေး ရရှိပါတော့တယ်။ ပြဒါးမီးပြင်း ထိုးလိုရင် ပြဒါးဟာ မီးတက်သွားပြီး ထိုးရင်း ထိုးရင်း တေဇောဓာတ်ဝင် သွားရင် အဲဒီပြဒါးပြင်း ဖြစ်ပါတော့တယ်။ ပေတုံးပေါ်တင်၍ တူနဲ့ ထုချလိုက်ရင် ပြဒါး မကွဲမကြေဘဲ ပေတုံး သာလျှင် ချိုင့်ဝင်သွားပေလိမ့်မယ်။ အဲဒီ ပြဒါးရဲ့သတ္တိပါပဲ။

**မြန်မာတစ်နိုင်ငံလုံးမှာ ရှိကြတဲ့ အဂ္ဂိရတ်ပညာရှင်များ ယခု ကျွန်တော် ရေးသားသော ပညာရပ်မှာ တိကျ မှန်ကန် မြန်ဆန်လွန်းတဲ့ ချော်နှစ်ခံ ပြဒါးဤတွင် ပြီးဆုံးသွားပါပြီ။ ဆရာ အပေါင်းတို့ ဉာဏ်ရှိသလို ဆက်လက်ပြီး လိုရာစခန်းကို တက်လှမ်းနိုင်ကြပါစေ။**

ဦးတင်ဝင်း (ဂမ္ဘီရသုတေသီ)



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ ဇွန်လ (၁)ရက်မှ (၃၀)ရက်နေ့အထိ
ခုနစ်ရက်သားသမီးများအတွက်

# ဟောစာတမ်း

ဆရာရောင်ခြည်

## တနင်္ဂနွေ

**စီးပွားရေး။** ။ လုပ်ငန်းများ တိုးတက် အောင်မြင်မည်။ မြို့ပြဆိုင်ရာ စီမံကိန်းလုပ်ငန်းများ လုပ်ကိုင်ခွင့်ခွဲတမ်း ရလိမ့်မည်။ ငွေကြေးဝင်မည်။

**ဝန်ထမ်းရေးရာ။** ။ ပင်ပန်းသမျှ အကျိုးခံစားရမည့်ကာလဖြစ်သည်။ အိမ်ယာဆောက်လုပ်ရေး၊ မြေယာကိစ္စများ၊ ခြံမြေဥယျာဉ်ကိစ္စများ တာဝန်ပေးခံရလိမ့်မည်။ အောင်မြင်စွာ လုပ်ဆောင်နိုင်မည်။

**အိမ်တွင်းရေး။** ။ အိမ်တွင်းရေး သာယာမည်။ အိမ်ထောင်ရေး အောင်မြင်နိုင်မြဲမည်။ မိခင်၏ကျန်းမာရေးအတွက် ဂရုစိုက်ပေးပါ။ သားသမီးများ၏ အလိုဆန္ဒကို ဖြည့်ဆည်းပေးပါ။

**အချစ်ရေး။** ။ အချစ်ရေး အဆင်ပြေသော်လည်း လက်မထပ်သင့်သောကာလ ဖြစ်သည်။ လက်ထပ်ရန် ရည်ရွယ်ချက်ရှိလျှင် ငွေစုဆောင်းပါဦး။

**ပညာရေး။** ။ မိမိသင်ယူလိုသော ပညာရေး၊ ပညာရပ်များကို သင်ယူခွင့် ရလိမ့်မည်။

**ကျန်းမာရေး။** ။ ဆီးကျဉ်ခြင်း၊ ဆီးအောင့်ခြင်း ဖြစ်တတ်၍ ဖြစ်လျှင် ဖြစ်ချင်း နားလည်တတ်ကျွမ်းသော သမားတော်နှင့် ပြသကုသပါ။

**ဆောင်ရန်ရက်များ။** ။ ၁၊ ၂၊ ၅၊ ၉၊ ၁၁၊ ၁၄၊ ၁၈၊ ၂၀၊ ၂၃၊ ၂၈၊ ၃၀။

**ရှောင်ရန်ရက်များ။** ။ ၃၊ ၄၊ ၆၊ ၁၀၊ ၁၂၊ ၁၅၊ ၁၉၊ ၂၁၊ ၂၄၊ ၂၉။

**ထီထိုးရန်ရက်များ။** ။ ၃၊ ၅၊ ၇၊ ၈၊ ၁၃၊ ၁၆၊ ၁၇၊ ၂၂၊ ၂၅၊ ၂၆၊ ၂၇။

**ထီထိုးရန်ဂဏန်းများ။** ။ ၁၊ ၂၊ ၅၊ ၇ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။** ။ ဘုန်းတော်ကြီးများအား အရုဏ်ဆွမ်းအဖြစ် မုန့်ဟင်းခါး ကပ်လှူပါ။

## တနင်္လာ

**စီးပွားရေး။** ။ အလုပ်များကို ခိုင်ခိုင်မာမာလုပ်ကိုင်နိုင်သည်။ ငွေကြေးထောက်ပံ့မည့်သူ သို့မဟုတ် အတူတကွ ပူးပေါင်းလုပ်ကိုင်မည့်သူ (ရှယ်ယာပါတနာ)များ ပေါ်ပေါက်လာလိမ့်မည်။

**ဝန်ထမ်းရေးရာ။** ။ တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်၍၊ အောင်မြင်စွာလုပ်ဆောင်နိုင်၍ ချီးကျူးဂုဏ်ပြုခံရမည်။ ဆုကြေးငွေ ရရှိမည်။ စာရင်းဇယားကိုတော့ သတိထားပါ။

**အိမ်တွင်းရေး။** ။ အိမ်တွင်းရေး သာယာပါသည်။ ငွေကြေးနေအင်အားလည်း ပြည့်စုံနေပါသည်။ ငွေချေးမည့် အကူအညီတောင်းမည့် ဆွေမျိုးများ ရောက်လာလိမ့်မည်။

**အချစ်ရေး။** ။ "ချစ်သူဝေးဝေးမသွားပါနဲ့လားကွယ်" ဆိုသောကိန်း ဆိုက်နေသည်။ သူငယ်ချင်းမိတ်ဆွေတို့၏ အကူအညီဖြင့် အားလုံး အဆင်ပြေသွားပါလိမ့်မည်။

**ပညာရေး။** ။ ပညာရေးကံဇာတာကောင်းသောကာလ ဖြစ်သည်။ မိမိ၏ဉာဏ်နှင့် ဝီရိယကိုသာ ပေါင်းစပ်ပေးလိုက်ရလျှင် အထွဋ်အထိပ်သို့ ရောက်ရှိသွားမည်။

**ကျန်းမာရေး။** ။ စိတ်ချမ်းသာအောင်နေပါ။ ခန္ဓာကိုယ်ကျန်းမာရေးက အရေးကြီးသလို စိတ်ကျန်းမာရေးကလည်း အရေးကြီးပါသည်။

**ဆောင်ရန်ရက်များ။** ။ ၃၊ ၅၊ ၉၊ ၁၂၊ ၁၄၊ ၁၈၊ ၂၁၊ ၂၄၊ ၂၈၊ ၃၀။

**ရှောင်ရန်ရက်များ။** ။ ၄၊ ၆၊ ၁၀၊ ၁၃၊ ၁၅၊ ၁၉၊ ၁၉၊ ၂၂၊ ၂၅၊ ၂၉။

**ထီထိုးရန်ရက်များ။** ။ ၂၊ ၅၊ ၇၊ ၈၊ ၁၁၊ ၁၆၊ ၁၇၊ ၂၃၊ ၂၆၊ ၂၇။

**ထီထိုးရန်ဂဏန်းများ။** ။ ၃၊ ၅၊ ၉၊ ၀ ဂဏန်းများများ ပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။** ။ ဆွမ်းခံကြွသော ဘုန်းတော်ကြီး (သို့မဟုတ်)ကျောင်းထိုင်ဘုန်းတော်ကြီးအား သီးမွှေးငှက်ပျောသီးတစ်ဖီး (သို့မဟုတ်) (၆)လုံး ကပ်လှူပါ။

## အင်္ဂါ









**စီးပွားရေး။** ။ ငွေပန်းထိမ်လုပ်ငန်းများ၊ ငွေထည်အရောင်းအဝယ်လုပ်ငန်းများ၊ ငွေကြေး လဲလှယ်ရေးလုပ်ငန်းများ လုပ်ငန်းကောင်းမည်။ အမြတ်များမည်။ ရွှေလုပ်ငန်းကို ထိန်းလုပ်ပါ။ ရွှေအတုများ၊ ရွှေလိမ်ခံရခြင်းများ တွေ့ရတတ်သည်။

**ဝန်ထမ်းရေးရာ။** ။ လုပ်ငန်းဆိုင်ရာ ငွေကြေးသုံးစွဲမှုနှင့် ပတ်သက် အထင်လွဲ ခံရတတ်သည်။ သည်းခံဖြေရှင်းပါ။

**အိမ်တွင်းရေး။** ။ ငွေကြေးသုံးစွဲမှုနှင့် ပတ်သက်၍ အိမ်ထောင်ဖက်နှင့် စကားများမည်။ သားသမီး ကျန်းမာရေး ညံ့မည်။ သားသမီးအတွက် ငွေကုန်ကြေးကျများမည်။

**အချစ်ရေး။** ။ အချစ်ရေး သာယာဖြောင့်ဖြူးမည်။ ချစ်သူမရှိသေးသူများ ဖူးစာရှင်ချစ်သူနှင့် တွေ့ရမည်။ ရင်းနှီးပြီးသား သူငယ်ချင်းထဲမှ ဖြစ်လိမ့်မည်။

**ပညာရေး။** ။ သုတကာထက်တော်အောင်၊ တတ်အောင် သုတကာထက် ပိုကြိုးစားမှရမည်။ ကံ,ဉာဏ်,ဝီရိယ လိုချင်သောဆန္ဒ ရှိမှသာလျှင် အရာရာကို အောင်မြင်နိုင်မည်။

**ကျန်းမာရေး။** ။ လေထိုးလေအောင့်ရောဂါ ဖြစ်တတ်သည်။ အစားအသောက် သတိထားပါ။

**ဆောင်ရန်ရက်များ။** ။ ၄၊ ၆၊ ၉၊ ၁၃၊ ၁၅၊ ၁၈၊ ၂၂၊ ၂၆၊ ၂၉။

**ရှောင်ရန်ရက်များ။** ။ ၅၊ ၇၊ ၁၀၊ ၁၄၊ ၁၆၊ ၁၉၊ ၂၃၊ ၂၇။

**ထီထိုးရန်ရက်များ။** ။ ၄၊ ၈၊ ၁၁၊ ၁၂၊ ၁၇၊ ၂၀၊ ၂၁၊ ၂၄၊ ၂၅၊ ၂၈၊ ၃၀။

**ထီထိုးရန်ဂဏန်းများ။** ။ ၄၊ ၆၊ ၈၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။** ။ သက်ကြီးဝါကြီး လူကြီးများကို နွားနို့ ဒိန်ချဉ်တိုက်ကျွေးပါ။ တတ်နိုင်ပါက နွားနို့ထမင်း ကျွေးမွေးဒါန်ပြုပါ။

## ဗုဒ္ဓဟူး

**စီးပွားရေး။** ။ ငွေရေးကြေးရေး အဆင်ပြေမည်။ အလုပ်များမည်။ ပုံမှန်လုပ်ကိုင်နေရမည်။ ခေတ်ပေါ်ပစ္စည်းများ အရောင်းအဝယ်ကောင်းမည်။ စက်ပစ္စည်းများ ရောင်းဝယ်သူများ အမြတ်များများရမည်။

**ဝန်ထမ်းရေးရာ။** ။ အလုပ်အကိုင်နှင့် ငွေကြေးဆက်စပ်နေသည်။ အသုံးစရိတ်များ၊ ဝင်ငွေထွက်ငွေများကို စာရင်းအတိအကျထားပါ။ ငွေကြေးနှင့်ပတ်သက်၍ စွပ်စွဲခံရတတ်သည်။

**အိမ်တွင်းရေး။** ။ ငွေရေးကြေးရေး၊ မိသားစုအရေးအားလုံး အဆင်ပြေသည်။ အိမ်ထောင်ဖက် ကျန်းမာရေး ညံ့တတ်သည်။

**အချစ်ရေး။** ။ အချစ်ရေး အဆင်ပြေမည်။ သို့သော် အိမ်ထောင်ပြု[illegible] မကောင်းသေးပါ။ အချိန်ကောင်း၊ အခါကောင်းကို စောင့်ပါ။

**ပညာရေး။** ။ ပညာရေးတွင် ကြိုးစားရမည်။ ကံနည်းသည့်အ[illegible] ဉာဏ်နှင့်ဝီရိယကို ပိုမိုစိုက်ထုတ်ပါ။

**ကျန်းမာရေး။** ။ ရောဂါဟောင်းရှိသူများ ရောဂါဟောင်း ပြန်[illegible] သည်။ ကျန်းမာရေးအတွက် ဆေးစစ်ပါ။



www.burmeseclassic.com

www.burmeseclassic.com





**ဆောင်ရန်ရက်များ** ။ ၃၊ ၇၊ ၉၊ ၁၂၊ ၁၆၊ ၁၈၊ ၂၁၊ ၂၅၊ ၂၇၊ ၃၀။
**ရှောင်ရန်ရက်များ** ။ ၄၊ ၈၊ ၁၀၊ ၁၃၊ ၁၇၊ ၁၉၊ ၂၂၊ ၂၆၊ ၂၈။
**ထီထိုးရန်ရက်များ** ။ ၂၊ ၅၊ ၆၊ ၁၁၊ ၁၄၊ ၁၅၊ ၂၀၊ ၂၃၊ ၂၄၊ ၂၇၊ ၂၉။
**ထီထိုးရန်ဂဏန်းများ** ။ ၃၊ ၇၊ ၉၊ ၀ ဂဏန်းများများပါအောင် ရွေး ချယ်ပါ။
**အဆောင်အယတြာ** ။ "အောင်တော်မူ"ဘွဲ့တော်ရှိသော စေတီတစ်ဆူဆူ သို့မဟုတ် "ကျိုက်"ဘွဲ့ပါသော စေတီတစ်ဆူဆူတွင် "ဒိဗ္ဗံတပတိ"အစရှိသော ဂါထာတော်ကို (၁၇)ကြိမ် ရွတ်ပွားပူဇော်ပါ။

## ကြာသပတေး

**စီးပွားရေး** ။ ဓာတုဗေဒပစ္စည်း ထုတ်လုပ်ရောင်းဝယ်ရေး ပလတ်စတစ်ပစ္စည်း ထုတ်လုပ်ရောင်းဝယ်ရေးများ အရောင်းအဝယ် ကောင်းမည်။ အိုးအိမ်ဆောက်လုပ်ရေး ကန်ထရိုက်လုပ်ငန်းများ အမြတ်နည်းမည်။
**ဝန်ထမ်းရေးရာ** ။ မိမိလုပ်ငန်းခွင် သို့မဟုတ် မိမိဌာနခွဲတွင် အမျိုးသမီးဝန်ထမ်းများနှင့် ပူးတွဲလုပ်ဆောင်ရမည်။ ဂုဏ်သိက္ခာ ထိခိုက်ခံရကိန်းရှိ၍ အထူးသတိထားလုပ်ပါ။
**အိမ်တွင်းရေး** ။ အိမ်တွင်းရေး အဆင်ပြေပါသည်။ သားသမီးများအတွက် ငွေကုန်ကြေးကျများမည်။ လောင်းကစား လုံးဝမလုပ်ပါနှင့်။
**အချစ်ရေး** ။ ငွေကြေးဂုဏ်သိက္ခာကြောင့် အချစ်ရေးကို ထိခိုက်တတ်သည်။ မင်္ဂလာကိစ္စ လုံးဝမလုပ်ပါနှင့်ဦး။
**ပညာရေး** ။ လူကြီးမိဘများက ပညာရေးအတွက် အထူးအားပေးပါလိမ့်မည်။ ကြိုးစားရမှာက မိမိတာဝန်ပါ။
**ကျန်းမာရေး** ။ အကြောအဆစ်နာခြင်း၊ ခြေထောက်နာခြင်း၊ ခြေချော်လဲခြင်းတို့ဖြစ်တတ်၍ သတိထားသွားပါ။ အထိုင်အထကအစ ဂရုစိုက်လုပ်ပါ။
**ဆောင်ရန်ရက်များ** ။ ၂၊ ၆၊ ၉၊ ၁၁၊ ၁၅၊ ၁၈၊ ၂၀၊ ၂၄၊ ၂၇၊ ၂၉။
**ရှောင်ရန်ရက်များ** ။ ၃၊ ၇၊ ၁၀၊ ၁၂၊ ၁၆၊ ၁၉၊ ၂၁၊ ၂၅၊ ၂၈။
**ထီထိုးရန်ရက်များ** ။ ၄၊ ၅၊ ၈၊ ၁၃၊ ၁၄၊ ၁၇၊ ၂၂၊ ၂၃၊ ၂၆၊ ၃၀။
**ထီထိုးရန်ဂဏန်းများ** ။ ၄၊ ၅၊ ၈၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။
**အဆောင်အယတြာ** ။ မိခင်(သို့မဟုတ်) ဘုန်းတော်ကြီးတစ်ပါးပါးအား သစ်သီး ကိတ်တစ်လုံး လှူဒါန်းပါ။

## သောကြာ

**စီးပွားရေး** ။ အလုပ်များအောင်မြင်တိုးတက်မည်။ အဝတ်အထည် ထုတ်လုပ်ရေး၊ ရောင်းဝယ်ရေးလုပ်ငန်းများ အကျိုးအမြတ်များမည်။ ငွေကြေးလဲလှယ်ရေးလုပ်ငန်းများ၊ မျှော်လင့်ထားသည်ထက် ပို၍ အမြတ်ငွေရမည်။
**ဝန်ထမ်းရေးရာ** ။ ပေးအပ်ထားသော တာဝန်နှင့် ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်နိုင်ပါလိမ့်မည်။ ဂုဏ်ပြုခံရမည်။
**အိမ်တွင်းရေး** ။ အိမ်တွင်းရေး အဆင်ပြေမည်။ ဝင်ငွေလည်း ကောင်းမည်။ သားသမီးထဲမှ အိမ်ထောင်ပြုချင်သူ ရှိနေလိမ့်မည်။ စဉ်းစားစီစဉ်ပေးပါ။
**အချစ်ရေး** ။ အချစ်ရေးတွင် ငွေကြေးကိစ္စ၊ မင်္ဂလာကိစ္စကြောင့် စိတ်မချမ်းမသာဖြစ်ရကိန်းရှိနေသည်။ ယခုကာလအတွင်း မင်္ဂလာကိစ္စ မဆောင်ရွက်သင့်ပါ။
**ပညာရေး** ။ ပညာရေးကံကောင်းသောကာလဖြစ်သည်။ မိမိ သင်ယူလိုသောပညာများ သင်ယူပါ။
**ကျန်းမာရေး** ။ ဆီးရောဂါဖြစ်တတ်၍ အပူအစပ်များကို လျှော့စားပါ။ လုံးဝမစားဘဲ နေနိုင်လျှင် ပိုကောင်းသည်။
**ဆောင်ရန်ရက်များ** ။ ၄၊ ၇၊ ၉၊ ၁၃၊ ၁၆၊ ၁၈၊ ၂၂၊ ၂၅၊ ၂၇၊ ၃၀။
**ရှောင်ရန်ရက်များ** ။ ၅၊ ၈၊ ၁၀၊ ၁၄၊ ၁၇၊ ၁၉၊ ၂၃၊ ၂၆၊ ၂၈။
**ထီထိုးရန်ရက်များ** ။ ၆၊ ၉၊ ၁၁၊ ၁၂၊ ၁၅၊ ၁၈၊ ၂၀၊ ၂၁၊ ၂၄၊ ၂၈၊ ၂၉။
**ထီထိုးရန်ဂဏန်းများ** ။ ၄၊ ၆၊ ၇၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။
**အဆောင်အယတြာ** ။ ဒေါ်နပ်း(၁၀)ခက်ကို ဘုရားတွင်တင်လှူ၍ မေမြို့ပန်း (၅)ပွင့် သို့မဟုတ် ကုက္ကိုခက်(၁၅)ခက်ကိုနှင့်၍ "ဒိဗ္ဗံတပတိ"ဂါထာတော်ကို (၆)ခေါက် ရွတ်ပွားပူဇော်ပါ။ လိုရာဆုတောင်းပါ။

## စနေ

**စီးပွားရေး** ။ နိုင်ငံခြားသားများ၊ နိုင်ငံခြားကုမ္ပဏီများနှင့် ဆက်သွယ်လုပ်ကိုင်ခွင့်ရလိမ့်မည်။ စက်မှုဆိုင်ရာလုပ်ငန်းများ၊ ဆေးဝါးများ၊ စက်ပစ္စည်းများ၊ ပလတ်စတစ်ပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်က အကျိုးရှိမည်။
**ဝန်ထမ်းရေးရာ** ။ ပေးအပ်သောတာဝန်များ၊ လုပ်ငန်းများကို အချိန်မီပြီးစီးရန် အတော်ပင် ကြိုးပမ်းရလိမ့်မည်။ လုပ်ဖော်ကိုင်ဖက်များ၏ကူညီမှုဖြင့် အောင်မြင်ပြီးစီးမည်။
**အိမ်တွင်းရေး** ။ ဆွေမျိုးများကြောင့် အိမ်တွင်းရေး အဆင်မပြေဖြစ်တတ်သည်။ သားသမီးထဲမှ ခရီးဝေးသွားခြင်း သို့မဟုတ် အိမ်မှ ထွက်သွားခြင်း ရှိမည်။
**အချစ်ရေး** ။ အချစ်ရေးတွင် အောင်မြင်နေသော်လည်း ဖခင် သို့မဟုတ် အိမ်တွင်းအတူနေအုပ်စုများကြောင့် စိတ်ညစ်ရကြုံရမည်။
**ပညာရေး** ။ စာမေးပွဲဖြေစရာရှိလျှင် ရဲရဲရင့်ရင့် ဝင်ဖြေပါ။ အောင်မြင်မည်။ သင်တန်းတက်လိုကတက်ပါ အောင်မြင်မည်။
**ကျန်းမာရေး** ။ ခေါင်းမူးခေါင်းကိုက်ရောဂါ ဖြစ်တတ်သည်။ စိတ်ရောကိုယ်ပါ အနားယူပေးပါ။
**ဆောင်ရန်ရက်များ** ။ ၁၊ ၃၊ ၆၊ ၁၀၊ ၁၃၊ ၁၆၊ ၂၀၊ ၂၃၊ ၂၆၊ ၃၀။
**ရှောင်ရန်ရက်များ** ။ ၂၊ ၄၊ ၇၊ ၁၁၊ ၁၄၊ ၁၇၊ ၂၁၊ ၂၄၊ ၂၇၊ ၂၈။
**ထီထိုးရန်ရက်များ** ။ ၃၊ ၅၊ ၈၊ ၉၊ ၁၂၊ ၁၅၊ ၁၈၊ ၁၉၊ ၂၂၊ ၂၅၊ ၂၉။
**ထီထိုးရန်ဂဏန်းများ** ။ ၃၊ ၅၊ ၆၊ ၈ ဂဏန်းများများပါအောင် ရွေးချယ်ပါ။
**အဆောင်အယတြာ** ။ ကျန်းမာချမ်းသာစေရန် ရှင်သီဝလိဆယ်ဂါထာကို ရွှေကျဲ့အစရှိသော စေတီတော်သို့မဟုတ် ဗုဒ္ဓရုပ်ပွားတော်ရှေ့တွင် ရွတ်ပွားပူဇော်ပေးပါ။

*ကျန်းမာ ချမ်းသာကြပါစေ*

**ဆရာ ရောင်ခြည်**



www.burmeseclassic.com

www.burmeseclassic.com

# မျက်စိရောဂါ ဝေဒနာအမျိုးမျိုးကို

### သက်သာပျောက်ကင်းစေနိုင်သည့် လရောင်အောက် ဖော်စပ်ရသော ဆေးနည်းဆန်းတစ်လက်



မျက်စိရောဂါ ဝေဒနာအမျိုးမျိုးကို ပျောက်ကင်းစေနိုင်သည့် ဆေးနည်းဆန်းကို ရှင်းပြသူ ဆရာကြီး ဦးသံခဲ

၂၀၀၀ ပြည့်နှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့ကို ရောက်ခဲ့စဉ်က အောင်ဖေယျုရပ်ကွက်က ဦးသံခဲ (၇၀)နှစ်ဟာ သမားတော်ကြီး ဦးဖိုးလူရဲ့သားပါ။ ဦးသံခဲ အသက် (၂၆)နှစ်လောက်မှာ တစ်လံကွာလောက်က လူကိုကြည့်ရင် မသဲကွဲတဲ့ ဖြစ်နေတယ်လို့ ဆိုပါတယ်။ အကောင်းပကတိကနေ အမြင် မှုံသွားတာပါ။

ဒါကို ဦးသံခဲက ရှေးတိုင်းရင်းသမားတော်ကြီး ဖခင် ဦးဖိုးလူကို ပြောပြတဲ့အခါ ဆရာကြီးက သား မျက်စိပြန်ကောင်းဖို့ အခုတင်ပြမယ့် ဆေးကို ဖော်စပ်ပေးကြောင်း သိရပါတယ်။

ဒီဆေးကို မှီဝဲပြီးတဲ့နောက်ပိုင်း ဦးသံခဲဟာ အလင်း ပြန်ကောင်းခဲ့တဲ့အပြင် နောင်လဲ မျက်စိရောဂါ မဖြစ်တော့ဘူးလို့ ဆိုပါတယ်။

## လရောင်နဲ့ ဖော်စပ်ရတဲ့ဆေး

ဒီဆေးကို ဖော်စပ်နည်းက ခပ်ဆန်းဆန်းပါပဲ။ အနည်းဆုံး လရောင်ကလေး ရလာတဲ့ လဆန်း (၃)ရက်လောက်မှာ ဖော်စပ်ရလို့ပါ။

ဒီထက် ဆေးစွမ်းစေချင်ရင် **စနေ၊ အင်္ဂါ တစ်ရက်ရက်နဲ့ ကြုံအောင် စောင့်ပြီး** ဖော်စပ်ရပါတယ်။

## ပါဝင်တဲ့ ဆေးမယ်များနဲ့ စီရင်နည်း

လဆန်းရဲ့ လရောင်အောက်မှာ ကျောက်ဖျာပေါ် ကြွေစေ့တစ်စေ့ (ကြွေအန်ကစားတဲ့ကြွေ) တစ်စေ့ကို ထားပါ။ သူ့ကို ဗဟိုပြုပြီး ဆန်စေ့ (၇)ပတ် ပတ်ဝိုင်းထားပါ။ (ဆန်စေ့အရေအတွက် အဓိကမဟုတ်) အပြင်ကနေပြီး ငရုတ်ကောင်းစေ့များ တစ်ပတ်ပတ်ပါ။

ဖော်ပြပါအကွက်ထဲ ဒေါင်းမြီးအစစ် (၃)ကွက်ကိုအုပ်ကာ မှုန့်ညက်နေအောင် ကြိတ်ပါ။

## သုံးစွဲနည်း

သုံးစွဲနည်းကလဲ လွယ်ပါတယ်။ မကြာခဏ ရှူပေးရုံပါပဲ။ အဲဒီရက်မှာ ဓာတ်မချုပ်ပါနဲ့။ မျက်စိရောဂါ သက်သာ မပျောက်ကင်းခင် ကြက်သား၊ ငရုတ်သီးနဲ့ အရက် စတဲ့ အပူစာများကို ရှောင်ပါ။ အဖျားသွေး မရှိပါက နေ့စဉ် မနက် (၉)နာရီမှာ ရေချိုးပါ။

## ပျောက်ကင်းနိုင်တဲ့ ရောဂါများ

မျက်စိမှုန်သွားခြင်း၊ မျက်ရိုးကိုက်၊ မျက်သားတက်ခြင်း၊ မျက်လုံးအိမ်နာခြင်း၊ အကြောတက်, ခေါင်းခဲ, ခေါင်းကိုက်ခြင်းနဲ့ အခြား မျက်စိရောဂါများ။

မှတ်ချက်

ဖော်ပြပါ ရောဂါများကို ရှေးက **ဒေါင်းမြီးနာ, ကြွေနာ**လို့လဲ ခေါ်ခဲ့ကြကြောင်း သိရပါတယ်။

**နယ်လှည့်သုတေသီ**

www.burmeseclassic.com

www.burmeseclassic.com

မြောင်းမြ မောင်လယ်ဉ်ဝင့်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်

ကျန်းမာပါစေ တိုင်းရင်းဆေးခန်း

# ဆရာ ဦးသီဟ

(တဆ-၀၃၇၉၈၀)နှင့် တွေ့ဆုံဆွေးနွေးခဲ့သော

# ဂရင်ဂျီနာရောဂါ

ကာကွယ်စောင့်ရှောက်နည်း

ဂရင်ဂျီနာရောဂါဝေဒနာဟာ လူတိုင်း မဖြစ်တတ်ပေမယ့် ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်တရား (၄)ပါးကို လွန်၊ ယုတ်၊ လွဲမှားနေထိုင်မှုများရင် ဖြစ်နိုင်တဲ့ရောဂါဖြစ်ပါတယ်။ အဲဒီ ဂရင်ဂျီနာရောဂါရဲ့ ကာကွယ်ကုသနည်းများကို ဆွေးနွေးဖို့တောင်ဥက္ကလာပမြို့နယ်ကို သွားရောက်ပြီး ဦးသီဟနဲ့ ဆွေးနွေးခဲ့ပါတယ်။

ဆရာဦးသီဟဟာ **အနုပေါက်ကုတိုင်းရင်းဆေးဆရာကြီး ဦးဝင်းလေးနဲ့ တိုင်းရင်းဆေး ဆရာမကြီး ဒေါ်လှသိန်းတို့**ရဲ့သား ဖြစ်ပါတယ်။ **ဆေးကုသက် (၁၃)နှစ်ခန့်ရှိပြီးဖြစ်တဲ့** ဆရာဦးသီဟနဲ့ ဆွေးနွေးမေးမြန်းခဲ့သမျှ ပြန်လည်တင်ပြလိုက်ပါတယ်။

❐ **"ဒီတစ်ပတ် ဆရာနဲ့ ဆွေးနွေးမှာကတော့ ဂရင်ဂျီနာရောဂါအကြောင်းပဲ ဖြစ်ပါတယ်။ ဒုပထမ ဂရင်ဂျီနာရောဂါရဲ့ နိဒါန်းကို ပြောပြပေးပါဦး ဆရာ"**

❍ 'ယနေ့ခေတ်အခေါ် ဂရင်ဂျီနာကို ဘေသဇ္ဇကျမ်း၊ ဓာတုဝိနိစ္ဆယကျမ်းနဲ့ အဋ္ဌနနိဒါန်းဘာသာဋီကာကျမ်းမှာ ဘဂန္ဒြိုရ်(ဂရင်ဂျီနာ)လို့ ပြဆိုထားပါတယ်။ ဝစ္စမဂ်၏ ထက်ဝန်းကျင် လက်နှစ်လုံးအတွင်း၌ အနာအဖုဖြစ်ပေါ်လာ၏။ လွန်စွာ ကိုက်ခဲနာကျင်တတ်၏။ ပေါက်ကွဲသွားသည်ရှိသော် ထိုအနာကို ဘဂန္ဒြိုရ်(ဂရင်ဂျီနာ)ဟု ဆိုအပ်၏ ဖွင့်ဆိုထားပါတယ်။

အဲဒီဂရင်ဂျီနာဟာ ဂေါတမမြတ်စွာဘုရားလက်ထက်မှာ တိုင်းပြည်အုပ်ချုပ်မင်းပြုနေတဲ့ ဗိမ္ဗိသာရမင်းကြီးမှာ စွဲကပ်ခံစားခဲ့ပါတယ်။ ဝတ်လဲတော် စိုစွတ်ပြီး အစွန်းထင် ညစ်



◆ ဆရာဦးသီဟ တဆ-၀၃၇၉၈၀

ပေနေခြင်းကို မင်းကြီး ကြားသိကာ ဘုရင်ကြီး ရာသီလာနေတယ်ဟု ပျက်ရယ်ပြုပြီး "ဘုရင်ကြီးနာ"ဟု လှောင်ပြောင်ခြင်းကို မင်းကြီးကြားသိကာ သမားတော်ကြီး ဇီဝကကို ကုသစေခဲ့လို့ ဂရင်ဂျီနာ ပျောက်ကင်းကြောင်း ရာဇဝင်မှာ စာတင်ခဲ့တာ မှတ်သားဖူးပါတယ်'

❐ **"အနာပေါက်ရောဂါ အမျိုးမျိုးကို ဆရာ့ရဲ့ဖခင် ဆရာကြီး ဦးဝင်းလေး ကုသအောင်မြင်ခဲ့တာ သိရပါတယ်။ ဆရာကြီးရဲ့ မျိုးဆက်သစ်အနေနဲ့ ဂရင်ဂျီနာကို ဆရာ့အမြင်နဲ့ ပြောပြပေးပါဦး"**

❍ 'နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်များနဲ့ အနာပေါက်ဝေဒနာရှင်များ အနာတစ်မျိုးမျိုး ဖြစ်လာခဲ့ရင် ကြိုတင် ကာကွယ်နိုင်အောင် ကျွန်တော့်ရဲ့ကိုယ်တွေ့ကို ပြောပြပါရစေ။

အနာပေါက်ကြတဲ့ ဝေဒနာရှင်အတော်များများဟာ မိမိတို့ပေါက်ရောက် ခံစားနေရတဲ့ အနာရောဂါကို ကွဲကွဲပြားပြားမသိ၍ ထင်ယောင်ထင်မှားဖြစ်ပြီး ဆေးအမျိုးမျိုးလိမ်းခြင်း၊ ဆေးအမျိုးမျိုးတို့ကို မှီဝဲသုံးစွဲမှုတွေကြောင့် ဝေဒနာဟာ



www.burmeseclassic.com

www.burmeseclassic.com

ကြီးထွားသွားတာကို တွေ့ရပါတယ်။

ဥပမာပြောရရင် အနာစိမ်း၊ သွေးစုနာနဲ့ဆင်တူသလို ကွဲပြားမှုတွေ အများကြီး ရှိပါတယ်။ ဂရင်ဂျီနာဟာ ပြည်ပေါက်ရုံနဲ့ လွယ်ကူစွာ မပျောက်ဘဲ အတွင်းမှာ အမြစ်ကျနိုင်ပါတယ်။ ဝစ္စမဂ်နာခေါ် လိင်ခေါင်းရောဂါနဲ့ ဂရင်ဂျီနာရောဂါတို့ကို ကွဲကွဲခြားခြားမသိ၍ အနာပေါက်ရောဂါအတွက် လိမ်းဆေးများ၊ သောက်ဆေးများကို လွဲမှားစွာ အသုံးပြုတတ်ကြတာ တွေ့ရပါတယ်။

ဒါကြောင့် အနာပေါက်ဝေဒနာရှင်များဟာ တတ်ကျွမ်းနားလည်တဲ့ တိုင်းရင်းဆေးဆရာများ၊ သိပ္ပံဆေးပညာရှင်ဆရာဝန်းများထံ ပြသကုသခြင်းဟာ အကောင်းဆုံး ဖြစ်ပါတယ်။

ဂရင်ဂျီနာဟာ လိင်ခေါင်းရောဂါထက် ပိုမိုခံစားရတဲ့ ဝေဒနာတစ်ခုဖြစ်ပါတယ်။ အချိန်ကာလကြာရှည်စေတဲ့ အနာလဲ ဖြစ်ပါတယ်။ "**တေဇောရောက်ရာ အနာပေါက်ရာ**"ဟု ရှေးသမားတော်ကြီးများ ပြောခဲ့ဖူးပါတယ်။ ခန္ဓာကိုယ်နှိပ်စက်တဲ့ ဥဏှတေဇော အပူနှိပ်စက်ခြင်းကြောင့်"ပသာဝမဂ်" ဟု ခေါ်ဆိုတဲ့ ကျင်ချောင်းအတွင်းမှ နီရဲသော အရောင်အဆင်း ကျဆင်းလာသည်ကို ရိနီလို့ခေါ်ပါတယ်။

အဲဒီရိနီဟာ မပျောက်ဘဲ ကာလရှည်လာပြီး ဆီးကိုသွားတဲ့အကြောနဲ့ ဒွါရအကြောအဆုံတွင် အလွန်ကျဉ်းမြောင်းသဖြင့် ရိသွေးပိတ်ဆို့ပြီး ဝစ္စမဂ်ခေါ် ဒွါရဘက်သို့လည်၍ သွားတဲ့အခါ ဒွါရနှုတ်ခမ်း ဘေးပတ်ပတ်လည်တွင် အဖုအပိန့်များ ထွက်လာပြီး ယားယံခြင်း၊ ရောင်ခြင်း၊ နာကျင်ခြင်း၊ ကိုက်ခဲခြင်း၊ ထိုမှတစ်ဆင့် အနာနဲ့ အနာပေါက်လေးများ ထွက်ပေါ်လာပါတယ်။ အဲဒီ အနာရောဂါဝေဒနာကို ဘဂန္ဒြိုရ်နာခေါ် ဂရင်ဂျီနာလို့ ခေါ်ဆိုကြပါတယ်'

❒ 'ဂရင်ဂျီနာ ဘယ်နှစ်မျိုး ရှိပါသလဲ ဆရာ'

❍ 'ဂရင်ဂျီနာကို

၁။ ခွေးဂရင်ဂျီနာ

၂။ ဂရင်ဂျီအမြစ်စိုနာ

၃။ ဂရင်ဂျီအမြစ်ခြောက်နာ ဆိုပြီး (၃)မျိုး တွေ့ရပါတယ်'

❒ 'အဲဒီ ဂရင်ဂျီနာ (၃)မျိုးရဲ့ လက္ခဏာများကို ဆက်ပြီး ပြောပြပေးပါဦး ဆရာ'

❍ 'ဂရင်ဂျီနာ(၃)မျိုးထဲက ခွေးဂရင်ဂျီနာဟာ တေဇောဓာတ်လွန်ကဲမှုကြောင့် ရိသွေးပိတ်ဆို့ပြီး ဝစ္စမဂ်ခေါ် ဒွါရဘက်သို့ လည်၍သွားသော ဒွါရနှုတ်ခမ်းဘေးပတ်လည်များ ပေါင်၊ တင်ပါး၊ ဆီးခုံဝန်းကျင် ယားယံခြင်း၊ ရောင်ခြင်း၊ ဒွါရတင်း၍ ဝမ်းချုပ်ခြင်း၊ ဆီးချုပ်ခြင်း၊ ဆီးနည်းခြင်း၊ ဆီးနီခြင်းများဖြစ်၍ ဒွါရဝန်းကျင်တွင် အဖုလေးများ ထွက်ပေါ်လာပါတယ်။ အဲဒါကို ခွေးဂရင်ဂျီနာလို့ ခေါ်ပါတယ်။

အချို့ဝေဒနာရှင်များဟာ အဖုငယ်တစ်ဖုမှ များစွာထွက်၍ အချို့ဝေဒနာရှင်များကတော့ ဒွါရနှုတ်ခမ်းဘေးမှ မထွက်ဘဲ ပေါင်ကြားနှစ်ဖက် လိင်အင်္ဂါဝန်းကျင် တင်ပါးထိ အဖုငယ်များ ထွက်ပေါ်ပေါက်ရောက်ခြင်းကို တွေ့ရှိရပါတယ်။

ဂရင်ဂျီနာအမြစ်စိုနာဟာ ရိသွေးပိတ်ဆို့ခြင်း၊ ဝမ်းချုပ်လွန်ကဲခြင်း၊ ဆီးနည်းခြင်း၊ အညောင်းထိုင်များခြင်း၊ နေပူမီးပူနေရာများတွင် နေထိုင်မှုများခြင်း၊ အညှီအဟောက် အပုပ်နံ့ခံခြင်း၊ အညှော်အနံ့များခံခြင်း၊ ရေချိုးမမှန်ခြင်း စသော အကြောင်းအရာများကြောင့် ဥဏှတေဇော အပူနှိပ်စက်လွန်ကဲခြင်းကြောင့် ဒွါရရဲ့ ဘေးပတ်ပတ်လည် တင်ပါးဝန်းကျင်၊ လိင်အင်္ဂါဝန်းကျင်၊ ဆီးခုံအစပ်တို့တွင် အဖုငယ်များ ထွက်ပေါ်လာ၍ ရိသွေးမျှင်စသည် ဒွါရအပေါ်အောက်သို့ လည်ပတ်စားတဲ့အတွက် အပေါက်ငယ်လေးများဖြစ်ပြီး ပြည်သွေး၊ ငန်းမန်းရည်များ တစိုစို ထွက်ပေါ်နေပါတယ်။

အချို့ဝေဒနာရှင်တို့ဟာ အပေါက်ငယ်တစ်ပေါက်မှ သုံးပေါက်ထိ ထွက်ပေါ်တတ်ပါတယ်။ အချို့ဝေဒနာရှင်များကတော့ ကာလရှည်မှု၊ ဂရင်ဂျီနာအမြစ်စို၏ ရိသွေးမျှင်စသည့် ပြည်ဖွဲ့တည်မှုများသောကြောင့် လည်ပတ်စားကာ အပေါက်ငယ်များစွာ ထွက်ပေါ်နိုင်ပါတယ်။ အဲဒီဂရင်ဂျီနာ အမြစ်စိုနာဟာ အချိန်ကာလရှည်လာရင် အရေပြားအတွင်းမှတစ်ဆင့် အသားကောင်းများထိ လည်ပတ်ပြီး စားတတ်ပါတယ်။

ဂရင်ဂျီနာ အမြစ်ခြောက်နာဟာ အမြစ်စိုနာနဲ့ ကွဲပြားခြားနားမှု အနည်းငယ်ရှိပါတယ်။ ရိသွေးပိတ်ဆို့မှုများပြီး ဒွါရတွင်းကို ကျစ်လစ်မာကြောစွာ ဖွဲ့တည်တတ်ပါတယ်။ ဒွါရနှုတ်ခမ်းမှ အတွင်းပိုင်းရှိ အသားကောင်းများကို ရစ်ပတ်စားပြီးမှ ပြည်၊ ငန်း၊ မန်းရည်များ ပြင်ပသို့ ပေါက်ထွက်လာပါတယ်။

အသားတွင်း၌ မန်ကျည်းစေ့လို ခပ်မာမာအဖုလေးတွေကို ဖွဲ့တည်ခြင်း ပိုက်ပုံသဏ္ဍာန် အမြစ်လမ်းကြောင်းတည်ခြင်းတို့ကို ပြုလုပ်၍ ပြည်၊ သွေး ငန်းရည်၊ မန်းရည်ထွက်ပြီး အနာကို သက်သာ ခြောက်သွေ့စေပါတယ်။

ဂရင်ဂျီနာ အမြစ်စိုနာကဲ့သို့ မဟုတ်ဘဲ အနာဟာ တေဇောလွန်မှု၊ ဆီးဝမ်းချုပ်ရင် အနာကျက်သလို ခံစားရ ဝေဒနာဟာ ခေတ္တသက်သာစေပြီး အချိန်ကြာလာတာနဲ့အမျှ အရေပြား





www.burmeseclassic.com

www.burmeseclassic.com

တစ်ဆင့်ပြီးတစ်ဆင့် အသားတွင်း ကို ဝင်ရောက်ပြီး အမြစ်နေရာယူကာ ခုစ်ပတ်စားတတ်တဲ့ ရောဂါဝေဒနာ ဖြစ်ပါတယ်။

ကာလရှည်ကြာလာရင် အမြစ်ဟာ အတွင်းပိုင်းကိုရောက်ပြီး ဒွါရနဲ့ဝစ္စမဂ် အတွင်းမှ အစာဟောင်းအိမ်နဲ့ ဝမ်းတွင်းထဲထိ လည်ပတ်ထိုးပေါက်နိုင်ပါတယ်။

ဂရင်ဂျီနာခေါ် ဘဂန္ဒြိုရ်ရောဂါဟာ အနာ၏အတွင်းမှာ အမြစ်ပွားခြင်း၊ အမြစ်ခြောက်ဖွဲ့တည်ခြင်း၊ ပြည်သွေး ထည်စေတဲ့ အနာတစ်မျိုးဖြစ်ပါတယ်။

ဒါကြောင့် ဒီရောဂါမျိုးဟာ ခွဲစိတ် ဖြတ်တောက်ခြင်း၊ နည်းစနစ်ကျ အောင်မကုရင် အမြစ်နဲ့ ရိသွေးမျှင်စများ ကျန်နေရင် အဲဒီအနာရောဂါဟာ ပြန်ဖြစ်ပေါ်တတ်တာကို တွေ့ရှိရပါတယ်။ ဒါကြောင့် ရောဂါဝေဒနာကို နည်းစနစ်တကျကုသပြီး အမြစ်လမ်းကြောင်းနဲ့ ရိသွေးတို့ကို စင်ကြယ်စေမှ အနာရောဂါဝေဒနာပျောက်ကင်းနိုင်ပါတယ်'

❒ **'အဲဒီ ဂရင်ဂျီနာ အနာရောဂါကို ကြိုတင်ကာကွယ်နိုင်တဲ့ နည်းလမ်းတွေ ရှိပါသလား ဆရာ'**

❍ 'ဂရင်ဂျီနာရောဂါကို ကြိုတင် ကာကွယ်နိုင်တဲ့ နည်းလမ်းရှိပါတယ်။ အနာရောဂါဆိုတာ ဆီး၊ ဝမ်း၊ သွေး၊ လေ၊ ချွေး၊ အခိုး၊ မလ (အညစ်အကြေး)တွေကြောင့် အနာရောဂါ ဖြစ်တာပါ။

အဓိကကတော့ ဆီး၊ ဝမ်း၊ သွေး၊ လေ၊ ချွေး ပုံမှန်ဖြစ်ဖို့ လိုပါတယ်။ မြန်မာ့တိုင်းရင်းဆေးပညာဟာ **ဆီး၊ ဝမ်း၊ သွေး၊ လေနဲ့ ရသာ(၆)ပါးတို့ကို** မျှအပ်သလို ညှိပေးပြီး ကုသရတဲ့ ပညာ ဖြစ်ပါတယ်။



လူတိုင်း နေ့စဉ် အစားအစာစားခြင်း၊ ရေသောက်ခြင်းတို့အတွက် နေ့စဉ်ဝမ်းသွားခြင်း၊ ဆီးသွားခြင်းပြုလုပ်ဖို့ လိုအပ်ပါတယ်။ ဆေးပညာအရ ရောဂါဖြစ်လာရင် ဆီး၊ ဝမ်းချုပ်ရာမှစပြီး ဖြစ်တာများပါတယ်။ ဂရင်ဂျီနာ ပေါက်ရောက်ခံစားရတဲ့ ဝေဒနာရှင်များ အဓိက သတိပြုရမှာက ဆီး၊ ဝမ်း၊ လေ မှန်ဖို့ အရေးကြီးပါတယ်။

အညောင်းထိုင်မှုများခြင်း၊ အပူရှိန်ပြင်းသောနေရာများမှာ ကြာရှည်စွာ နေထိုင်ခြင်းမှ ရှောင်ကြဉ်ရပါမယ်။ ရေမှန်မှန်ချိုးပေးရပါတယ်။ ရေချိုးရင် နံနက်(၁၀)နာရီအတွင်း နေပွင့်ချိန်မှာ ချိုးရပါမယ်။ လက်သုပ်ချဉ်၊ ပုပ်သိုးတဲ့ ငါးပိ၊ ငါးခြောက်၊ ငံပြာရည်၊ ငါးချဉ်နဲ့ ဝမ်းတွင်းကလီစာတွေ၊ သန့်ရှင်းမှုမရှိတဲ့ အစားအစာနဲ့ အဆီ၊ အဆိမ့်တွေ၊ ပင်လယ်ငါးအမျိုးမျိုး၊ ဝက်သား၊ ဘဲသား၊ အပူအစပ်လွန်ကဲတဲ့ အစားအစာတွေကို ရှောင်ကြဉ်ရပါမယ်။

အမျိုးသား/အမျိုးသမီး ကာမဂုဏ်လွန်ကဲခြင်းရှောင်ပါ။ သဘာဝမဟုတ်တဲ့ ဖျော်ရည်မျိုးစုံသောက်သုံးခြင်း၊ အရက်၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ရှောင်ကြဉ်ပါ။ ရေခဲရည် အလွန်အကျွံသောက်ခြင်း ရှောင်ကြဉ်ပါ။

သဘာဝရေသန့်သန့် သောက်ပါ။ အအေးခန်း၊ လေပန်ကာနဲ့ နေထိုင်ခြင်း ရှောင်ကြဉ်ပါ။ အညှီအဟောက်နဲ့ အပုပ်နံ့၊ အညှော်နံ့များ အဓိက ရှောင်ရမှာ ဖြစ်ပါတယ်။

**အဲဒီ အပြုအမူလက္ခဏာတွေကို သတိပြုခြင်းဟာ** အနာရောဂါကို လွယ်ကူစွာ ကြိုတင်ကာကွယ်နိုင်ပြီး ရောဂါအဖြစ်နည်းခြင်း၊ ငယ်သော ရောဂါပျောက်၍ ကြီးမားသောရောဂါ မရောက်ဘဲ ကျန်းမာရေးအတွက် အကောင်းဆုံး ဖြစ်စေပါတယ်'

❒ **'ဂရင်ဂျီနာရောဂါ ဝေဒနာရှင်များအတွက် ကုထုံးများကို လိုရင်းတိုရှင်း ပြောပြပေးပါ ဆရာ'**

❍ 'ဂရင်ဂျီနာရောဂါ ဝေဒနာရှင်များ အတွက် သောက်ဆေးကတော့ **တိုင်းရင်းဆေး ဆေးအမှတ်(၂၁) ဆီးဆေးဖြူနဲ့ သကြားဆတူ** ရောစပ်ပြီး ဆေးလက်ဖက်ရည် ဇွန်းခန့် နံနက်(၈)နာရီခန့်မှာ သောက်ရပါမယ်။

နေ့လယ် (၁၂)နာရီခန့်မှာ **တိုင်းရင်းဆေး ဆေးအမှတ်(၁၆) အပူငြိမ်းသွေးဆေး**ကို သံပုရာရည်၊ ရှောက်ရည်၊ သကြားရည် တစ်မျိုးမျိုးနဲ့ ဆေးလက်ဖက်ရည် တစ်ဇွန်းခန့် သောက်ရပါမယ်။ ညအိပ်ရာဝင်ချိန်မှာ တိုင်းရင်းဆေး ဆေးအမှတ် (၁၀) ဆီးရွှင်ဝမ်းနုတ်ဆေး လက်ဖက်ရည်တစ်ဇွန်းခန့် ရေအေးနဲ့တိုက်ရပါမယ်။

ဂရင်ဂျီနာ ရောဂါရှင်များအတွက် ဖန်ရည်ကတော့ **လေးညှင်းပွင့် (၁)ကျပ်သား၊ ကြစုသီး(၅)ကျပ်သား၊ ဆီးဖြူသီး(၁၀)ကျပ်သား၊ ဖန်ခါးသီး (၁၀)ကျပ်သား**တို့ကို ပေါင်းစပ်ပြီး ရေအနည်းငယ်ထည့်ပြီး မြေအိုးနဲ့ ကျက်ကျက်ဆူအောင် ကျိုပြီး အအေးခံပါ။

အဲဒီဖန်ရည်ကို အင်တုံ၊ ဇလုံတွင် ထည့်ပြီး စအိုပါထိအောင် စိမ်ထားပါ။ အချိန်(၁၀)မိနစ်မှ (၁၅)မိနစ်ထိ စိမ်



www.burmeseclassic.com

www.burmeseclassic.com

ရာသီအားဖြင့် နွေအကုန် မိုးအကူး ဖြစ်သော်လည်း မိုးခေါင်ရေရှားရပ်ဝန်း ဒေသ ဖြစ်သည်နှင့်အညီ မိုးရေမိုးပေါက် ကား မကျရောက်သေးပေ။

ထို့ကြောင့် မိုးဦးနေမင်းကြီး၏ အပူရှိန်ဒဏ်ကို ကျွန်ုပ် အပါအဝင် လူသားများပါမက သက်ရှိသက်မဲ့ သတ္တဝါအားလုံး အလူးအလဲ ခံစားနေ ကြရသည်။

ထိုသို့ ပူရှိန်ပြင်းသော နေ့လေးတစ် နေ့၌ ကျွန်ုပ်သည် ငယ်ပေါင်းမိတ်ဆွေ ဖြစ်သူ ကိုမြသိန်းတို့ရှိရာ စမွန်းရွာသို့ အလုပ်ကိစ္စတစ်ခုနှင့် ရောက်ခဲ့၏။

ကိုမြသိန်း၏ အိမ်ဝင်းအတွင်းသို့ ရောက်၍ ဆိုင်ကယ် စက်သတ်လိုက် သည်နှင့်...

'အလို... စာရေးဆရာ မလာစဖူး အလာထူးပါလား'

'ဒီလိုပေါ့ သူငယ်ချင်းရာ မရောက် တာလဲကြာ၊ အလုပ်ကိစ္စလေးလဲရှိလို့ ဆိုပါတော့။ ဒါနဲ့ အဲဒီ မန်ကျည်းကိုင်း လေးကို ဘာကိစ္စ ချိုးနေတာလဲဟင်'

တိုက်အိမ်မျက်နှာစာ အိမ်ရှေ့ဘက် ယွန်းယွန်းရှိ မန်ကျည်းပင်မှ အကိုင်း လေးကို ချိုးနေသော ကိုမြသိန်း၏ ညှော်ကြိုစကားကို အလိုက်အထိုက် ဖြေရင်း ကျွန်ုပ် တစ်ဆက်တည်း မေး လိုက်၏။

'ကဲ သိချင်တာ အိမ်ထဲကျမှမေး။ စာရေးဆရာအတွက် ရေးစရာ ကုန် ကြမ်းလဲ ရတာပေါ့။ လာ အိမ်ထဲ သွားကြစို့'

ပြောပြောဆိုဆို မန်ကျည်းကိုင်းကိုင် ၍ အိမ်ထဲသို့ ဝင်သွားရာ ကျွန်ုပ်လည်း စပ်စုလိုသော စိတ်ဖြင့် သူ့နောက်ကို တိတ်ဆိတ်စွာ လိုက်ခဲ့သည်။

အိမ်ထဲတွင်မူ သူ့ဇနီးသည် မမြင့်ရီ နှင့် အမျိုးသမီး ခပ်ရွယ်ရွယ်တစ်ဦးတို့



ကောင်းခန့်
(သချွတ်မြေ၊ ဝက်လက်)

ရှေးဆရာကြီးများ ထားခဲ့သော အလွယ်

# မကြာဝတ်ကုထုံးများ

ထိုင်ခုံအသီးသီးတွင် ထိုင်ရင်း စကား ပြောဆိုနေကြ၏။

'လာ သူငယ်ချင်း ဒီမှာထိုင်ဦး။ ကိုယ် မျက်စိဝေဒနာ ဆေးကုပေးလိုက် ဦးမယ်'

ကိုမြသိန်းသည် ကျွန်ုပ်အား နေရာ ပေး၍ မျက်စိဝေဒနာ ခံစားနေရဟန် တူသော အမျိုးသမီးကို နေရာတွင် မတ်တတ်ရပ်စေ၍ လက်ထဲတွင် ကိုင် ထားသော မန်ကျည်းခက်နှင့် မျက်နှာ ကို အထက်မှအောက်သို့ ဆွဲသပ်ကာ သူ၏ ပါးစပ်မှလည်း တတွတ်တွတ် ရွတ်ဆိုနေ၏။

ထို့နောက် မန်ကျည်းကိုင်းကိုယူကာ အပြင်သို့ ပြန်ထွက်သွားပြီး ခဏ အကြာမှ ပြန်၍ရောက်လာသည် မျက်စိလာကုသော အမျိုးသမီးသည် လည်း ကျေးဇူးတင်စကားပြော ပြန်သွားသည်။

ဒီတွင်မှ သူ၏ဇနီးဖြစ်သူ မမြင့် မှ...

'ကိုင်း... စာရေးဆရာရေ ရှင့်သူငယ် ချင်းကတော့ မြင်တဲ့အတိုင်းပဲ။ ဆရာတစ်ပိုင်း ဖြစ်နေပြီရှင့်။ ဆေး လာဘ်လာဘ မရဘဲ ကျေးဇူးအ တင် မန်ကျည်းတစ်ပင်ဆုံးတဲ့ လေ။ အိမ်ရှေ့က မန်ကျည်းပင် ဆေးကုလို့ သေပြီပေါ့'



www.burmeseclassic.com

www.burmeseclassic.com

'ဟာ မင်းကတော့ ပြောရော့မယ်ကွာ၊ ဇီဝိတဒါနအနေနဲ့ သူတစ်ပါးရဲ့ ဝေဒနာ အခက်အခဲကို ကူညီတာဟာ ခနလာဘရတာထက် အများကြီး တန်ဖိုးသာတဲ့ ကုသိုလ်ဒါနကို ရပါတယ်ကွာ'

သူတို့ ဇနီးမောင်နှံနှစ်ဦး၏ စကားကို ထောက်ကြည့်ခြင်းအားဖြင့် ကျွန်ုပ်၏ သူငယ်ချင်းဖြစ်သူ ကိုမြသိန်းသည် မျက်စိနာအစ အပယိက ရောဂါလေးများကို ရှေးယတြာစတိကုထုံးနည်းနှင့် ကုသဒါန ယူနေသူမှန်း ဗေဒင်ဆရာဖြစ်သော ကျွန်ုပ်အနေနှင့် ခန့်မှန်းမိ၏။

ထို့ကြောင့် ကျွန်ုပ်သည် စာရေးဆရာ ကုန်ကြမ်းရှာနေသူပီပီ လာရင်းကိစ္စကို ဘေးဖယ်ထား၍ သူ၏ ယတြာစတိကုထုံးနည်းလေး များစွာတို့ကို လက်ဆင့်ကမ်း ရရှိလာပုံနှင့်တကွ စုံလင်အောင် မေးမြန်းမှတ်သား၍ ထိုနည်းလေးတွေထဲမှ ယခုလအတွက် **'ယတြာစတိကုထုံးနည်း'** သုံးနည်းကို ပထမအနေနှင့် စာရှုသူများအတွက် တစ်ဆင့် ရေးသားဖြန့်ဝေလိုက်ရပါသည်။


* * *

မျက်စိနာကုနည်း ယတြာစတိနည်း

အပူကြောင့်နာသော မျက်စိနာ၊ ဒဏ်ကြောင့်နာသော မျက်စိနာဖြစ်စေ မန်ကျည်းပင်တစ်ပင်မှ အလားတော်ကိုင်းအငယ်လေးတစ်ခုကို ချိုးယူပါ။ လူနာ၏ မျက်စိ မျက်နှာရှေ့မှ အောက်ပါဂါထာကို (၇)ခေါက် ရွတ်ဆို၍ (၇)ချက် အထက်မှ အောက်သို့ ဆွဲသပ်ချပါ။

**ရွတ်ဆိုရန် ဂါထာ...**

'ဉ့ မျက်စိနာ အခိုးလျှောက် မန်ကျည်းပင် ရောက် ပျောက်'



ထိုဂါထာနှင့် (၇)ခေါက် ရွတ်ဆိုဆွဲသပ်၍ မန်ကျည်းကိုင်းကို ချိုးယူခဲ့သော မန်ကျည်းပင်မှ မူလချိုးသောနေရာသို့ ပြန်ပြီး ချိတ်တင်ထားခဲ့ပါ။ ထိုမန်ကျည်းရွက် ခြောက်နွမ်းချိန်၌ မျက်စိဝေဒနာ ပျောက်ကင်းစေပါမည်။

'ဒီနည်းက လွယ်လွန်းတော့ အစက ကိုယ်တိုင်တောင် မယုံကြည်ခဲ့ဘူး။ ဒါပေမယ့် အခု ရွာထဲက မျက်စိဝေဒနာရှင်တွေပါမက တခြားရွာက ဝေဒနာရှင်တွေပါ အကုများလာပြီး အပျောက်များလာမှ လက်တွေ့ယုံတော့တယ်။

မန်ကျည်းတစ်ပင်ချိုးပြီး ကုပါများလာတော့ ဟိုအိမ်ရှေ့ အနောက်နားက မန်ကျည်းတစ်ပင်တောင် ခြောက်ပြီး သေသွားတယ်။ ဒီအထိအောင် ဒီဂါထာက အစွမ်းထက်တာ'

တိုက်ဆိုင်မှုလား။ သူ့ဂါထာက စွမ်း၍လားတော့မသိပေ။ သူ့ခြံအတွင်းက မန်ကျည်းပင်တစ်ပင်ကတော့ ခြောက်သွေ့၍ သေနေသည်ကို စာရေးသူ ကိုယ်တိုင် တွေ့မြင်ခဲ့ရ၏။

**နောက်တစ်နည်းကတော့...**

အရိုးမျက်လျှင်

ယတြာဂါထာနှင့် စတိနည်း

ကျွန်ုပ်တို့၏ အညာဒေသတွင် ငါးပေါများသောဒေသ ဖြစ်သကဲ့သို့ ငါး၊ ငါးပိကောင် စသဖြင့် အစားများကြ၏။ အထူးသဖြင့် ထိုငါးတွေထဲမှ ငါးကြင်း၊ ငါးဖယ်၊ ငါးပြေမ စသဖြင့် အရိုးပေါသော ငါးများထဲမှ အရန်မသင့် အစားမတော်လျှင် ငါးရိုးမျက်ခြင်း ဟူသော အန္တရာယ်တို့နှင့် ကြုံရတတ်၏။

ထိုသို့ ငါးရိုးမျက်ခြင်းနှင့် မည်သည့်အသားငါးမှ အရိုးမျက်ခြင်းဖြစ်စေ အောက်ပါဂါထာနှင့် ရွတ်ဆိုကုသလျှင် အရိုးမျက်ခြင်းမှ အမြန်ပျောက်ကင်းစေပါမည်။

သောက်ရေတစ်ခွက်ကို ခပ်၍ တောင်အရပ်ကိုလှည့်ပြီး အောက်ပါဂါထာကို (၇)ခေါက် ရွတ်ဆိုပါ။

**ရွတ်ဆိုရန် ဂါထာမှာ...**

'ဉ့ တောင်အရပ်က ဦးရွှေရိုး အရိုးကို ယူလိုက်ပါ'

ဟူ၍ (၇)ခေါက် ရွတ်ဆိုကာ ထိုရေနှင့် အရိုးမျက်သူ၏ လည်ပင်းကို အထက်မှ အောက်သို့ လက်နှင့် (၇)ခါ သပ်ချပါ။

ထိုသို့ သပ်ပြီးလျှင် ကျန်ရေကို ကုန်အောင် အသောက်ခိုင်းပါ။ အရိုးကျသွားပါလိမ့်မည်။

**နောက်တစ်နည်းက...**

ဒီနည်းကတော့ ရောဂါဝေဒနာကို ကုသသောနည်း မဟုတ်ပါ။ **သူခိုးရန်မှ ကာကွယ်၍ သူခိုး မျက်စိမှောက်သောဂါထာနှင့် ယတြာပြုလုပ်နည်း** ဖြစ်ပါသည်။

မိမိသည် ကိစ္စတစ်ခုနှင့် အိမ်စောင့်မရှိဘဲ ခရီးသွားလိုလျှင် တောအရပ်ဖြစ်စေ၊ မြို့အရပ်မှာဖြစ်စေ အလစ်သုတ်သမား သူခိုးတို့၏ လက်ချက်ဖြင့် အဖိုးတန်ပစ္စည်းများကအစ အိုးအိမ် ခွက်ယောက် အဝတ်အထည် အဆုံး အခိုးခံရမည်မှာ မလွဲပေ။

ထိုသူခိုးတို့၏ ခိုးယူမှုကို ကာကွယ်ရန် ယတြာနည်း ရှိပါသည်။

ထိုနည်းကတော့...

မိမိ၏ **မီးဖိုချောင် မီးဖို့ စားဖို**



www.burmeseclassic.com

www.burmeseclassic.com

**လယ်ပြာကို လက်ဖြင့် ဆုပ်ယူလိုက်ပါ။** ပြီးလျှင် အောက်ပါဂါထာနှင့် (၇)ခုပ် မန်းပါ။

'ဥုံ သူခိုးမျက်လုံး ငါ ဖုံးလိုက်ပြီ'

အထက်ပါ ဂါထာကို (၇)ခုပ်ရွတ်ဆို၍ အိမ်အပေါက်အပြင်ထွက်ပြီးလျှင် ကုန်း၍ ခြေထောက်နှစ်ခုကြားမှ နောက်ပြန် ပြာကို ပက်ဖြူးပါ။ **(တံစက်မြိတ်နှင့်လွတ်သော အပေါက်တည့်တည့် အပြင်ဘက် ကျပါစေ။)** အမှန်ပင် သူခိုးရန်မှ ကာကွယ်ပါလိမ့်မည်။

'ဒီနည်းတွေကတော့ ကိုယ် အထက်အရပ် သွားတုန်းက အသက်အရွယ်ကြီးပြီဖြစ်တဲ့ ဆေးကုစားတဲ့ ဆရာမဟုတ်တဲ့ ဆရာကြီးတစ်ယောက်က ပေးခဲ့တဲ့ နည်းတွေပဲ သူငယ်ချင်း။

တစ်ခု သတိပြုရမှာက ဒီနည်းတွေနဲ့ ဆေးကုရင် **ကိုယ်ကိုယ်တိုင်လဲ သီလ လုံရမယ်။ ပြီးတော့ ငွေကြေးအသပြာကို မယူဘဲ စေတနာ မေတ္တာသက်သက်နဲ့ ကုပေးရမယ်လို့လဲ** မှာသေးတယ်'

သူငယ်ချင်းဖြစ်သူ ဆရာမဟုတ်သော ဆြာကိုမြသိန်းထံမှ အထက်ပါ အလွန်လွယ်ကူသော ယတြာနည်းတို့နှင့်တကွ လက်တွေ့ ကုနေပုံတို့ကို စာရေးသူမှတစ်ဆင့် ရေးသားဝေမျှပေးလိုက်ရပါသည်။

**[စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မြို့နယ်၊ စမွန်းရွာမှ ကိုမြသိန်းနှင့် မိသားစုကို ကျေးဇူးတင်လျက်...]**

***အထွေထွေဗဟုသုတ ရရှိကြပါစေ။***

**ကောင်းခန့်**
*(သခွတ်မြေ၊ ဝက်လက်)*

# သဘော်ဖိုပွင့်
## မခါးအောင်ပြုတ်နည်း



နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိတ်သတ် အိမ်ရှင်မများအတွက် အလွန်ခါးသော အရသာရှိတဲ့ သဘော်ဖိုပွင့်ကို မခါးဘဲ စားကောင်းအောင် ပြုတ်နည်း တင်ပြလိုက်ပါတယ်။

ပြုတ်နည်းက ဒီလိုပါ။ **သဘော်ဖိုပွင့် ပြုတ်တဲ့အခါမှာ မန်ကျည်းသီးမှည့် သင့်ရုံထည့်ပြီးပြုတ်ပါ။** ကျက်ရင် ဖိုပေါ်မှချ၊ ပြုတ်ရေကိုသွန်ပစ်ပြီး ရေအသစ် ထည့်စိမ်ထားရပါတယ်။

အဲဒီနောက် စားလိုတဲ့အခါ ခရမ်းချဉ်သီး၊ ပဲမှုန့်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ စတဲ့ အမွှမ်းအမံ စုံလင်စွာထည့်ပြီး သုပ်စားလို့ရပါပြီ။ အဲဒီ သဘော်ဖိုပွင့် သုပ်ဟာ မိသားစု ထမင်းဝိုင်းအတွက် ခံတွင်းမြိန်စေတဲ့ ဟင်းတစ်ခွက်အဖြစ် ရရှိစေပါတယ်။

**တင်ထွန်းလှိုင်(မြစ်သား)**

စာမျက်နှာ (၁၇၁)မှ အဆက်

ပေးပါ။ တစ်နေ့တစ်ကြိမ်မှ နှစ်ကြိမ် စိမ်ပါ။ ဂရင်ဂျီနာအတွင်းရှိ ငန်း၊ မန်းရည်များ၊ ပြည်သွေး အမြစ်များ သန့်ရှင်းကြည်လင်စေပြီး ဝေဒနာကို သက်သာစေပါတယ်။

ဂရင်ဂျီနာအတွက် လိမ်းဆေးကတော့...

၁။ ဒုတ္ထာ (၁)ပဲ၊
၂။ နုပ်ချိုမြစ် (၈)ပဲ၊
၃။ မန်ကျည်းစေ့ (၈)ပဲ၊
၄။ ကွမ်းသီး ကြက်ချေး (၈)ပဲ၊
၅။ ငရုတ်ကောင်းစေ့ (၈)ပဲ

**ဆေး(၅)မျိုးဆေးချိန်(၂)ကျပ်နှင့် (၁)ပဲသား**တို့ကို မီးသင်းပြီး ညက်အောင်ကြိတ်ကာ အမှုန့်ကို အုန်းဆီ၊ ရှောက်ရည်တို့နှင့် သမအောင် ရောစပ်ပြီး အနာကို အုံပေးရပါမယ်။

အရည်တစိုစိုထွက်သော ဂရင်ဂျီနာ၊ ဂရင်ဂျီနာအမြစ်ခြောက်နာ၊ ခွေးဂရင်ဂျီနာတို့ကို သက်သာပျောက်ကင်းစေပါတယ်'

❒ 'အခုလို ဂရင်ဂျီနာရောဂါအတွက် လိုရင်းတိုရှင်း ပြောပြပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ဆရာ'

❍ 'ဆရာဦးသီဟနဲ့ ဆက်သွယ်နိုင်တဲ့ လိပ်စာကတော့...

**ဆရာ ဦးသီဟ**
**ကျန်းမာပါစေတိုင်းရင်းဆေးခန်း**
အမှတ်(ဂ၂)၊ ဧယျာလမ်း၊ (၁၀)ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း-၀၉ ၄၂၀၀၆၆၃၉၈၊
၀၉ ၇၃၀၈၅၄၄၀၊ ၀၉ ၅၀၅၉၇၇၀

**မြောင်းမြ မောင်ယဉ်တင်**



www.burmeseclassic.com

www.burmeseclassic.com



◆ မုဆိုးလုံ့ရွက် (ခေါ်) လောက်သေရွက်အား အနီးကပ်မြင်ရပုံ

# အစွမ်းထက် လောက်သေရွက်

မောင်ခြိမ်းမွှေ
(ထားဝယ်)

ကျွန်တော်ငယ်စဉ်က အမေသည် အိမ်တွင် မိုးတွင်းကာလ စားသုံးရန် ငါးပိသိုလှောင်လေ့ရှိသည်။ စိစိညက် ထောင်းထုပြီးသား ဆားပက်ထားသော ငါးပိကို စဥ့်အိုးငယ်များတွင် ကျစ်ကျစ်ပါအောင် ဖိသိပ်လျက် လောက်သေရွက်များခူးကာ အကျအနအုပ်ပြီး အဖုံးလုံလုံဖြင့် စည်းနှောင်ထားသည်။

ငါးပိအိုးများတွင် ဤကဲ့သို့ လောက်သေရွက်ကို ထည့်ထားခြင်းဖြင့် လောက်မကျတော့ကြောင်း၊ ကျသည့် လောက်ကောင်များလည်း သေကြောင်း အမေပြောပြသည်ကို အမှတ်ရမိပါသည်။

လောက်သေပင်သည် မြန်မာနိုင်ငံအောက်ပိုင်း၌ အလေ့ကျပေါက်ပင် ဖြစ်သည်။ အပင်ငယ်မျိုးနှစ်ကြာခံပင် ဖြစ်သည်။ အရွက်အရင်းတွင် အထစ်ထစ်နှင့် ယင်းအထစ်မှ အဖျားချွန် အရွက်ပြားထွက်သည်။

အရွက်ကလေးများမှာ ရုတ်တရက်ကြည့်လျှင် မုဆိုးလက်နက် လှံသွားနှင့်တူသဖြင့် ကျွန်တော်တို့ ထားဝယ်က **"မုဆိုးလှံ့ရွက်"** ဟုခေါ်သည်။ နတ်တော်လလောက်တွင် အပင်ဖျား၌ ပန်းပွင့်ကဲ့သို့ အသီးပြားကလေးများ သီးသည်။

လောက်သေရွက်မှာ ပူ၍ ခါးသက်သက်အရသာရှိသည်။ ဂုဏ်အားဖြင့် လေရှင်စေသည်။ ဆီး,ဝမ်းမှန်စေသည်။ အကြောလေလျှောက် သွေးသားသန့်စင်ပေါ့ပါးကာ အခိုးအငွေ့ထွက်စေသော အစွမ်းရှိသည်။

ဤသို့ ဆီး,ဝမ်း,လေ မှန်စေ သဖြင့် လောက်သေရွက်ကို ကျေးလက် နေလယ်သမား,ယာသမားတို့က လက်ဖက်ခြောက်အဖြစ် သောက်သုံးကြသည်။

နေမထိ အရိပ်ထဲ အခြောက်ခံထားသော လောက်သေရွက်ခြောက်၊ ပေါက်ပွင့်ခြောက်၊ လက်ဖက်ခြောက်(၃)မျိုးဆတူရော၍ အကြမ်းရည်သောက်လျှင် ဒူလာ၊ မီးယပ်၊ ဝမ်းဗိုက်နာ၊ ရင်ဘတ်နာ၊ လေထိုးလေအောင့်၊ ညောင်းကျ ဆီးပူ ဆီးအောင့်၊ ဆီးကျန် ဆီးပုပ်ရောဂါ၊ သွားကိုက်သွားပိုးရောဂါ၊ နားအူရောဂါ ပျောက်



www.burmeseclassic.com

www.burmeseclassic.com

ရောဂါ၊ မူးဝေရောဂါများ ပျောက်ကင်းချမ်းသာသည်။

ငါးကျည်း၊ ငါးဖျင်းသလက် တစ်မျိုးမျိုးကို ရဲယိုရွက်နှင့်ထုပ်၊ မီးကင်ပြီး လောက်သေရွက်၊ လယ်ပတူရွက်၊ ငရုံ့ပတူရွက်၊ ချင်းရွက်ရေနွေးဖျော၊ ပါးပါးလှီး၊ သံပရာရည်ညှစ် သုပ်စားလျှင် အဖျဉ်းရောဂါ၊ ဆီးအောင့် ကျောက်တည်ရောဂါတို့ကို ကာကွယ်သည်။


ထို့ပြင် ချောင်းဆိုးပန်းနာ၊ ပူတုံ့ချမ်းတုံ့နာ၊ ခေါင်းကိုက်နာ၊ ဘေလုံးငှက်ဖျားတက်အနာ၊ အမျိုးသမီးများ သွေးမမှန်၍ အဖြူအနီဆင်းရောဂါ၊ သားအိမ်ရောဂါ၊ စအိုမှ တုတ်ကောင်ရောဂါတို့ကိုလည်း သက်သာစေသည်။ မီးဖွားပြီး အမျိုးသမီးများစားလျှင် ကလေး နာပိတ်၊ ချွဲထ၊ သူငယ်နာဝမ်း၊ လန့်တတ်သောရောဂါတို့ကို ပျောက်ကင်းစေသည်။

လောက်သေရွက်ခြောက်၊ ဖလံတောင်ဝှေးရွက်ခြောက် ဆတူအမှုန့်ပြု၍ အုန်းဆီသန့်သန့်နှင့် နားကျပ်ပေးလျှင် နားပြည်ယို၊ နားလေထွက်၊ နားလေးကောင်းသည်။ ကလေး လည်ပင်းအပူလောင်၊ အနာဖု၊ နို့ပွေး၊ နှင်းခူစသည့် အရေပြားအနာများကိုလည်း လိမ်းပေးနိုင်သည်။

ခေါင်းကိုက်.ခေါင်းခဲ, ခေါင်းနာအမျိုးမျိုးနှင့် ဖောက်၊ သန်း၊ ဆံပင်ကျွတ်ဖြစ်ပါက လောက်သေရွက်ခြောက်၊ စံကားစိမ်းပွင့်ခြောက် ဆတူ အမှုန့်ကို နှမ်းဆီစစ်စစ်နှင့် စိမ်ပြီး လိမ်းပေးပါလျှင် သက်သာပျောက်ကင်းသည်။

လောက်သေရွက်နုကို ရေနွေးနှင့်ဖျော၍ တို့စားလျှင် ဝမ်းနာ၊ ပန်းနာကောင်း၏။ ချွေးငုပ်သူများစားက ချွေးစို့ လန်းဆန်း၏။

လောက်သေရွက်နုနှင့် ထားဝယ်မှိုင်းရွက်နုတို့ကို ပါးပါးလှီး သံပရာရည်ညှစ်သုပ်စားလျှင် ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုသည့်အတိုင်း ဝမ်းကိုက်၊ ဝမ်းဖော၊ ဝမ်းရောင်၊ ဝမ်းနာ၊ ကလေးသန်ဝမ်း၊ ရင်ပြည့်ရင်ကယ် အားလုံး ချမ်းသာပါသည်။



◆ အလေ့ကျပေါက် လောက်သေပင်များအား တွေ့ရပုံ

လောက်သေရွက်၊ ခရုရွက်၊ လင်းနေစုန်းရွက်၊ ကွမ်းရွက်ဆတူကြိတ်၍ နှမ်းဆီစစ်စစ်နှင့်ဖျော်ပြီး ကလေးငယ်များအား ခေါင်းမှ ခြေဖျားအထိ လိမ်းပေးလျှင် ကလေး ကိုယ်ပူချွဲထ ချောင်းဆိုးနာစေး ပျောက်ကင်းသည့်အပြင် အညှော်အညှစ်ကိုလည်း နိုင်သည်။

မီးဖွားပြီးကလေးများကို ရေချိုးပေးသည့်အခါ လောက်သေရွက်နှင့် ဆောက်ပြာရွက်တို့ကို ပြုတ်၍ ရောစပ်ချိုးပေးလျှင် ကလေးသူငယ်များတွင်ဖြစ်တတ်သော ကျဗဟုံး၊ သူငယ်နာရှိက ညှိုးမည်းပြီး အနာအဖြစ်ထွက်လာသည်။ ယင်းအပြင် တကျွန်းနာကိုလည်း ပျောက်ကင်းစေပါသည်။

ကလေးချက်ကိုက်လျှင်၊ ချက်ကြိုးပြုတ်ခဲ့လျှင် လောက်သေရွက်၊ နနွင်းရွက်၊ ခရာရွက် ဆတူပြာချ၍ နှမ်းဆီနှင့် ဖျော်လိမ်းပေးက အမြန်ဆုံးအနာကျက်အကင်းသေသည်။ ထို့ပြင် နို့ချောင်းပိတ်၊ နို့နာကိုလည်း လိမ်းပေးနိုင်သည်။

မိန်းမအင်္ဂါနှင့် သားအိမ်တို့၌ဖြစ်တတ်သောရောဂါများ မဖြစ်ပွားအောင် လောက်သေရွက်၊ အညာ ကသစ်ရွက်၊ သစ်ထောင့်ဆေးရွက် ဆတူပြုတ်၍ အဖန်ရည် ဆေးပေးနိုင်၏။

လယ်ယာချောင်းမြောင်း ဥယျာဉ်ခြံနှင့် အသက်မွေးသူတို့အနေဖြင့် မထင်မှတ်ဘဲ မျှော့,ကျွတ် စအိုထဲဝင်လျှင် လောက်သေရွက်၊ကြွက်နားပေါင်းရွက်၊ ကြက်မွေးဆတူပြုတ်၊ ပြုတ်ရည်၏ အခိုးကို စအိုအား မှိုင်းခံပေးလျှင် မျှော့သေ၊ ကျွတ်သေ ပြန်ထွက်သည်။

သို့မဟုတ် လောက်သေရွက်နှင့် ကြွက်နားပေါင်းရွက် ဆတူကြိတ်ပြီး သတ္တုရည်ကို အကြမ်းပန်းကန် တစ်လုံး ခန့် သောက်လျှင် မျှော့ကျွတ်ကို ပျော် ကျစေသည်။

ကျွန်တော်တို့၏ ဘိုးဘွားဘီဘင် အဆက်ဆက် ဆေးဖက်သုံးစွဲလာသော လောက်သေရွက်အစွမ်းကို ရေးသား တင်ပြလိုက်ရပါသည်။

**မောင်စိမ်းထွေး (ထားဝယ်)**



www.burmeseclassic.com

www.burmeseclassic.com



နန္ဒင်းနက်ရှိ

နေ့စဉ်မှတ်တမ်း စာမျက်နှာ အထက်ဘက် ရက်စွဲကတော့ **၁၉၈၀ ပြည့်နှစ် ဇန်နဝါရီလ (၁၀)ရက်**ဟု တွေ့ရပါသည်။

ထိုနှစ်များအတွင်းက စာရေးသူမှာ ပျဉ်းမနား ယခု နေပြည်တော် သစ်ထုတ်ရေး၊ အနောက်ပိုင်းခရိုင်၊ တောင်တွင်းကြီးမြို့နယ်၊ ကင်ပွန်းတောင် ကြိုးဝိုင်းအတွင်းမှာ ချောင်းခေါင်းတာဝန် ထမ်းဆောင်နေရဆဲ အချိန် ဖြစ်ပါသည်။

ပြန်လည် စဉ်းစား တွေးခေါ်ရင်းမှပင် စာရေးသူမှာ ကင်ပွန်းတောင် ကြိုးဝိုင်း ကွင်း အမှတ်(၃၅)ရှိ ငါးခုန်းမ ဆင်တဲ စခန်းသို့ စိတ်ရောကိုယ်ပါ ပြန်လည် ရောက်ရှိနေပြီဟု ခံစားရပါတော့သည်။

ထိုစဉ်အခါက အလုပ်အတူတွဲကာ တာဝန် ထမ်းဆောင်ရသူကတော့ ချောင်းအုပ်ကြီး ဦးထွန်းလှ ဖြစ်ပါသည်။ ချေနီနယ်တုန်းကတော့ ချောင်းအုပ် ကြီး ဦးထွန်းမောင်နှင့်အတူ လုပ်ခဲ့ရတာ ပါ။

ချောင်းအုပ်ကြီးများမှာ နာမည်ချင်း ဆင်တူသော်လည်း အမူအကျင့်က တခြားစီပါ။ ဦးထွန်းမောင်တုန်းက အရက် အလွန်ကြိုက်သော်လည်း ယခု

ကျွန်တော်၏

# တောကျွန်းအတွေ့အကြုံများ

ဖြစ်ရပ်မှန် (၈၉)

ဦးသန်းစိုး
(ချောင်းနက်)

ဦးထွန်းလှကျပြန်တော့ ဘာသာရေး လေးစားသူ ပုတီးသမားပါ။ ဒါကြောင့် လည်း ဦးထွန်းလှကို ခင်မင်လေးစားသူ လက်အောက်ငယ်သားများက "ဘိုး





www.burmeseclassic.com

www.burmeseclassic.com

**တော်**''ဟု ခေါ်ကြပါသည်။

## တောတောင်၏အလှ

ကင်ပွန်းတောင်ကြိုးဝိုင်း တည်ရှိရာ ပဲခူးရိုးမ အနောက်ဘက်ခြမ်းကား သစ်ကြီးဝါးကြီးများဖြင့် စိမ်းစိုညို့မှိုင်းကာ အုပ်အုပ်ဆိုင်းဆိုင်း ရှိလှပါသည်။

ရေတံခွန် စိမ့်စမ်းများနှင့် သာယာလှပလျက် ရှိပါသည်။ ယခုတော့ကား ပဲခူးရိုးမကြီးမှာ တောင်ကတုံးများ တွေ့မြင်လျက် ''တောင်ကတုံး သျှောင်ထုံးမယ့်သူ'' မျှော်နေရှာပါပြီ။

ယခုအခါ ကျွန်း၊ ပျဉ်းကတိုးပင်များကေ ထောင်သောင်းချီကာ ပြန်လည်စိုက်ပျိုးပြုစုပျိုးထောင်နေပါပြီ။ နောင်နှစ်ပေါင်း (၁၀၀–၉၀) ရှိလျှင်တော့ ယခင်ကကဲ့သို့ ပြန်လည် စိမ်းစိုလာမည်ဟု မျှော်လင့်ရပါသည်။

အဲဒီ ၁၉၈၀ ပြည့်နှစ်ဝန်းကျင်ကတော့ ဖန်နဝါရီလကဲ့သို့ ဆောင်းတွင်းအခါများမှာတော့ ဆီးနှင်းပေါက်များ တပေါက်ပေါက်နှင့် ''ဆီးနှင်းပေါက်လည်း မိုးလောက်ပြင်းထန် ရွာသွန်းဖျန်းသော်''ဟု ရှေးစာဆိုနှင့် ညီလှပါသည်။

နှင်းပေါက်များကား နေမဝင်မီ (၅) နာရီခန့်ကတည်းကစ၍ ကျဆင်းခဲ့ရာ မိုးလင်းပြီး နံနက် (၇)နာရီခန့် ရှိပါမှ နှင်းကွဲသွားပါသည်။

နေခြည်ဖြာမှ နွေးသောကြောင့် ဆိုသည့်အတိုင်း နေရောင်ခြည်လာမှ ဆီးနှင်းပျောက်ကာ အနွေးဓာတ်ကလေး ရလာပါသည်။ ညအခါ မည်မျှအေးမည်ကို စဉ်းစားကာ ကြည့်ကြပါရောဗျား။

## အလုပ်တာဝန်

သစ်ထုတ်ရေး ဝန်ထမ်းများ၏ ဆောင်းတွင်းကာလ အလုပ်တာဝန်များကတော့ မိုးတွင်းကာလကဲ့သို့ မပင်ပန်းလှပါ။ သစ်လှဲပြီး သစ်ဖြတ်ပြီးကွင်းများတွင် ငုတ်စစ်ခြင်း၊ ငုတ်စစ်ခြင်းအလုပ်ကတော့ သစ်လှဲဖြတ်ပြီး ပင်ထောင်ခြေတွင် ငုတ်ထုတ်သူများက သစ်ကုန်အောင် ထုတ်ယူမှု ရှိမရှိ စစ်ဆေးခြင်း ဖြစ်ပါသည်။

ငုတ်ရင်းတွင် သစ်လုံးမရှိပါက ထိုသစ်ငုတ်ပေါ်တွင် စစ်ဆေးသူ ချောင်းအုပ်က ကိုယ်တိုင်တံဆိပ်တုံးဖြင့် ဖိုခုံလောက်သဏ္ဌာန် သုံးပွင့်ရိုက်ခဲ့ရပါသည်။

သစ်လုံးကျန် တွေ့ရပါက ငုတ်ထုတ်တာဝန်ခံသို့ ပင်ထောင်အမှတ်နှင့်တကွ သတင်းပို့ရပါသည်။

ယင်းသို့ ငုတ်စစ်ခြင်းနှင့်အတူ သစ်အပ်ဆိပ်များတွင် သစ်တိုက်ကားများဖြင့် သစ်တိုက်သယ်ယူနေပြီ ဖြစ်သဖြင့် ဖြတ်ပိုင်းစာရေးများ၏ ဖြတ်ပိုင်းပေးမှု မှန်မမှန် စစ်ဆေးကြီးကြပ်ရပါသည်။

ထို သစ်တိုက်ကားများတွင် အစိုးရပိုင် ဟီးနိုးကားအဖွဲ့နှင့် ပုဂ္ဂလိကပိုင် သစ်ဆွဲကားများကို သစ်အပ်ဆိပ်တစ်ခုစီ အပ်နှံလျက် သစ်တိုက်မှုကို ကြီးကြပ်ကွပ်ကဲပေးရပါသည်။

ထိုသို့ သစ်တိုက်ရာသီတွင် သစ်ကားအသွားအပြန် အဆင်ပြေနေသဖြင့် (၇)ရက်တစ်ပတ်ခန့် မြို့ကို ပြန်နိုင်ပါသည်။ ထို့ကြောင့် ဆောင်းရာသီသစ်ထုတ်ရေး အလုပ်တာဝန်က အဆင်ပြေသက်သာသည်ဟု ဆိုရခြင်း ဖြစ်ပါသည်။

## နန္ဒင်းနက်ရှာပုံတော်

ဒီနေ့တွင် (၃၈)ကွင်းသို့ သစ်ကွင်းလမ်းဖောက်ရေးအလုပ်ကို ချောင်းအုပ်ကြီး ဦးထွန်းလှနှင့်အတူ သွားရောက်စစ်ဆေးကြရန် ယမန်နေ့ကတည်းက တိုင်ပင်ထားကြပါသည်။

သို့သော် နံနက်လင်း အိပ်ရာထကာ ဦးလှမြင့် စီစဉ်ဆောင်ရွက်ထားသည့် ထမင်းကြမ်းကြော်နှင့် ရေနွေးကြမ်းစားသောက်ကြပါသည်။ ယင်းသို့ ထမင်းကြမ်း စားနေခိုက် လမ်းအလုပ်သမားခေါင်းကြီး ဦးချစ်တင်လည်း ရောက်လာပါသည်။ ထမင်းဝိုင်းတွင် ဦးချစ်တင်လည်း ဝင်၍ ချေသားခြောက်နှင့် ရေနွေးဝင်သောက်နေပါသည်။

ထိုအခိုက်မှာပင် ဦးထွန်းလှက ဘာစဉ်းစားမိသည်မသိပါ။ စာရေးသူအား...

'ခင်ဗျား နန္ဒင်းခါးပင်ကို သိသလား'

ဟု မေးရာ စာရေးသူမှလည်း...

'အင်း ဟိုတစ်ခါတုန်းက ချောင်းအုပ်ကြီး ဦးထွန်းမောင် ပြထားလို့ သိပါတယ်'

ဟု ပြောပါသည်။ ဦးထွန်းလှမှ...

'ဒီဆို ကျုပ်တို့ ကွင်းအမှတ်(၃၈)ကနေပြီ မြစိမ်းတောင်ပေါ်တက်ကြစို့ဗျား အဲဒီမှာ နန္ဒင်းနက်သွားရှာရအောင်'

ဟု ပြောရာ စာရေးသူမှ ခေါင်းညိတ်ပြရပါသည်။

စာရေးသူတို့မှာ သစ်ကားတိုက်လမ်းဖောက်သည်ကို စစ်ဆေးရမှာမို့ တံဆိပ်တုံး၊ ပေဘူး စသည် မယူခဲ့ပါ။ လေးခွလွယ်အိတ်နှင့် သစ်ထုတ်ရေးသုံးဓားသာ ယူခဲ့ပါသည်။

တဲစခန်းမှ (၃၆)ကွင်းကိုဖြတ်ကာ သွားရပါသည်။ ဖြတ်လမ်းမို့ ဦးချစ်တင်က ရှေ့က တောရှင်းရင်း သွားသည်ကို နောက်မှ လိုက်ခဲ့ပါသည်။ အချို့နေရာများတွင် ဆူးပင်၊ ချုံပင်များကို တိုးရသည်။

နေထွက်စ၊ မြူနှင်းကွဲစ ဖြစ်သော်လည်း ချမ်းအေးတုန်း ဘောင်းဘီ





www.burmeseclassic.com

www.burmeseclassic.com



ရှည် ဒူးအောက်ပိုင်းတွင် မြက်ပင်များမှတစ်ဆင့် နှင်းများဖြင့် စိုရွှဲနေပါသည်။

(၃၈)ကွင်း သစ်ပုံအနီးမှ ချောင်းကိုဖြတ်ကူးရန် မျောတုံးများ ခင်းနေသည်ကို တွေ့ရပါသည်။ နေ့စားအလုပ်သမား(၈)ယောက် တွေ့ရပါသည်။ ချောင်းထဲမှာ ရေအနည်းငယ် စီးနေသဖြင့် မျောတုံးကြီးကြီးနှင့် နှစ်ထပ်မျှခင်းရန် ချောင်းအုပ်ကြီးမှ မှာကြားနေပါသည်။

ထိုမှ (၃၆)ကွင်းကို ဖြတ်ကာ မြစိမ်းတောင်ကျောသို့ သွားရန်ဖြစ်ပါသည်။ မြစိမ်းတောင်ကို ယခင်ကလည်း ဆေးမြစ်ရှာ ဆေးမြစ်တူး ရောက်ဖူးပါသည်။

မြစိမ်းတောင်မှာ ဆေးမြစ်စုံနှင့် ဂမုန်းပေါင်းစုံ ပေါပါသည်။ အချို့ ဂမုန်းများကို အမျိုးအမည် မသိပါ။ နန္ဒင်းပင်နှင့် ဂမုန်းပင်များမှာ အရွက်များ ကျလုနေပါပြီ။ မိုးပြတ်သွားသည့်အချိန်မှာ အရွက်များ ကျမြဲပါ။

နေလည်း အတော်မြင့်လာပါပြီ။ အနွေးဓာတ်လည်း ရလာပါပြီ။ သို့သော် နေပူကွက်က နည်းပါသည်။ တစ်ပင်မှ အခက်က တစ်ပင်မှာ ရောယှက်၍ အထက်ရှုပ် အောက်ခြေရှင်း ဖြစ်နေပါသည်။ လွင်ပြင်ကျသော နေရာတွင် ချုံပုတ်ကလေးများနှင့် နန္ဒင်းပင်များ၊ ဂမုန်းပင်များကို တွေ့ရပါသည်။

တဖြည်းဖြည်း လမ်းလျှောက်ရင်း ပတ်ဝန်းကျင်ကို ဂရုတစိုက်ကြည့်ရှုသွားရပါသည်။ အလုပ်ကြပ်ကြီး ဦးချစ်တင်မှလည်း ဂမုန်းပင်များကို လက်ညှိုးညွှန်ကာ...

'ဒါက ဘာဂမုန်း၊ ဒါက ဘာဂမုန်း'

စသည်ဖြင့် ပြသသောကြောင့် စာရေးသူတို့ မှတ်သားကြရပါသည်။

တစ်နေရာတွင် တောက်တာပင်များနှင့် ရောနှောပေါက်ရောက်နေသော နန္ဒင်းပင်များကို တွေ့ရပါသည်။ ထိုအစိမ်းရောင် အရွက်ရှည်များရှိသည့် နန္ဒင်းပင်များအကြားတွင် ရှားရှားပါးပါး **အရွက်ကြော နီညိုရောင်ရှိသည့် အပင်တချို့ကို တွေ့ရှိရာ** ဦးထွန်းမောင်ပြသခဲ့သည့် နန္ဒင်းနက်မျိုးနှင့် ဆင်တူလှ၍ အရွက်ကိုခူးကာ ခြေမွ၍ နမ်းကြည့်ပါသည်။ နန္ဒင်းနံ့ ရပါသည်။

ထို့ကြောင့်...

'နန္ဒင်းနက်ပင် တွေ့ပြီဗျို့'

ဟု ပြောကာ ချောင်းအုပ်ကြီးအား ပြသပါသည်။ ချောင်းအုပ်ကြီးမှ အလုပ်ကြပ်ကြီး ဦးချစ်တင်အား ဓားဖြင့် တူးစေပါသည်။ ဥ လေး,ငါးဥ ရပါသည်။

ဥကို ချိုးကြည့်လိုက်သောအခါ အနက်အစစ်မဟုတ်ပါ။ ပြာနှမ်းနှမ်း တွေ့ရပါသည်။ ဦးချစ်တင်ကလည်း...

'ဒီလို ပြာနှမ်းနှမ်း နန္ဒင်းဥကိုပဲ နန္ဒင်းနက်လို့ ခေါ်တာပါ'

ဟု ပြောပါသည်။ အနံ့ကလည်း နန္ဒင်းနံ့ နံပါသည်။ ရိုးရိုးနန္ဒင်းဥထက် အနည်းငယ် သေးပါသည်။ တိုလည်း တိုပါသည်။ ဥအပွားအစီးလည်း နည်းပါသည်။

ချောင်းအုပ်ကြီးမှ နောက်တစ်ပင် ရှာတူးစေရာ ဥလေး,ငါးဥ ရပါသည်။ ဦးချစ်တင်က ပြောပါသည်။ အပွင့်ပွင့်တုန်းကလည်း **နီညိုညိုအပွင့်ပွင့်သတဲ့**။ ချောင်းအုပ်ကြီးနှင့် စာရေးသူလည်း နန္ဒင်းနက်ဥ လေး,ငါးဥစီယူကာ တဲစခန်းသို့ ပြန်ခဲ့ပါသည်။

စာရေးသူမှာ နန္ဒင်းနက်ဥကို ဘာသုံး၍ ဘာဆေးဖက်ဝင်သည် မသိပါ။ သို့သော် အိမ်၊ ဥယျာဉ်ခြံထဲတွင် စိုက်ပျိုးထားခဲ့ပါသည်။ ယခုအခါ နန္ဒင်းနက်ပင် အတော်များများ ပွားစီးဖြစ်ထွန်းနေပါသည်။

အလိုရှိပါက **စာရေးသူ၏ခြံ ချောင်းနက်အရှေ့ရွာ တောင်တွင်းကြီးမြို့နယ်သို့ လာရောက်ရယူနိုင်ပါသည်။ နန္ဒင်းခါး၊ နန္ဒင်းဖြူ၊ နန္ဒင်းနက်များ ရှိပါသည်။** ဤစာစုဖြင့် ချောင်းအုပ်ကြီး ဦးထွန်းလှအား သတိရခြင်းများ စွာနှင့်ပါ။

*အားလုံး ကျန်းမာချမ်းသာကြပါစေ။*

**ဦးသန်းစိုး(*ချောင်းနက်*)**

www.burmeseclassic.com



သိုင်းပညာရှင်

# ဆရာကြီး မင်းယက္ခ

၏ ဘဝအတွေ့အကြုံများ

( ၁၇ )

ဆရာကြီးမင်းယက္ခ
(တိုက်ပွဲဝင်)

အားကစားသမားသည်
အားရဝမ်းသာစွာ
ကြိုဆိုကြပါသည်
သူတို့၏ မျက်နှာပေါ်တွင်
စိုးရိမ်သောကများ
ပျောက်ကွယ်သွား၍
ဝမ်းသာကြည်နူး
အပြည့်ဖြင့် မြင်တွေ့
နေရပါသည်။ ယခု
ပြုံးနိုင်ကြပါတော့သည်
ဆရာဦးအောင်ကျော်သိန်းနှင့် ဆရာ
များကလည်း...

'ရခိုင်ပြည်နယ် သိုင်းအားကစား
အဖွဲ့အပေါ်မှာ ဆရာကြီးမင်းယက္ခရဲ့
ကျေးဇူးကြေး တင်ရှိသွားပါပြီ
ကျွန်တော်တို့ ဆရာရဲ့ကျေးဇူးကို
သေတစ်ပန်သက်ဆုံး မမေ့ပါ ခင်ဗျား'
ဟု ကျေးဇူးတင်စကား ပြောကြပါ
သည်။

လူငယ် မောင်မယ်များကလည်း
ကြည်နူးမှု အပြုံးကိုယ်စီဖြင့် တိုင်
ကန်တော့ကြပါသည်။ သူတို့တွေ
စိတ်ချမ်းသာမှုရရှိစေရန် စေတနာ

## ယခင်လမှ အဆက်

ဆုတံဆိပ်လုပ်ပြီးသား အဆင်သင့် မရှိ၍ အမြန် အော်ဒါမှာရပါသည်။ နာမည်ထိုးရန်အတွက် ကွန်ပျူတာစာစီသို့ သွားပြီး စီစဉ်ရပါသည်။ ပလတ်စတစ်အမာစားလောင်း၍ အောက်ခြေခုံတုံးတွင် စူပါဂလူးဖြင့် ကပ်ရပါသည်။

အလွန် လှပခံ့ညားသော ရွှေရောင်ကလပ်ကြီးမှာ ကျပ်လေးသောင်းကျပါသည်။ ဆရာဦးအောင်ကျော်သိန်း လေယာဉ်လက်မှတ် သွားဝယ်ရာတွင် ပိုက်ဆံပါသွားသောကြောင့် စာရေးသူကပင် ခေတ္တ စိုက်ထုတ်ပေးချေခဲ့ရပါသည်။

သုဝဏ္ဏ အားကစားကွင်းသို့ ရွှေရောင်ကလပ်ကြီးကို ပွေ့ပိုက်လျက်ပြန်လာကြရာ လှပခံ့ညားသော ရွှေရောင်ကလပ်ကြီးကို တွေ့လိုက်,မြင်လိုက်ရသော ရခိုင်ပြည်နယ် သိုင်း



www.burmeseclassic.com

www.burmeseclassic.com

မေတ္တာဖြင့် အကျိုးဆောင်ပေးလိုက်ရ၍ ရင်ထဲတွင် မဖော်ပြနိုင်လောက်အောင် ဝမ်းသာပီတိ ဖြစ်ခဲ့ရပါသည်။

ထိုသို့သော ကိစ္စကြောင့်လည်း ရခိုင်ပြည်နယ် သိုင်းအားကစားသမားများနှင့် ပို၍ ပို၍ ချစ်ကြည် ရင်းနှီးခဲ့ရပါသည်။

ထိုပြည်နယ်တိုင်း သိုင်းပြိုင်ပွဲကြီး ပြီးတော့ ဆရာဦးအောင်ကျော်သိန်းမှာ ရခိုင်သို့ မပြန်သေးပါ။ ရန်ကုန်တွင် နေခဲ့၍ စီးပွားရေးကိစ္စများကို ဆက်လုပ်ခဲ့ပါသည်။

ဒီဇင်ဘာလတွင် ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့သိုင်းပြိုင်ပွဲကြီးကို ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် အားကစားရုံတွင် စည်ကား သိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။

ထိုပွဲသို့ ဆရာဦးအောင်ကျော်သိန်းလည်း လာရောက် ကြည့်ရှုခဲ့ပါသည်။ စာရေးသူ (ဆရာကြီးမင်းယက္ခ)နှင့် ဆရာကြီးဦးစိန်မြင့် (မြန်မာ့သိုင်းသင်တန်းကျောင်း ကျောင်းအုပ်ကြီး) တို့ နှစ်ယောက်သားမှာ ထမင်းစားချိန် ပြိုင်ပွဲများ ခေတ္တနားခိုက် "မဝတ" လမ်းဆုံရှိ ကောလင်းစားသောက်ဆိုင်ဘက်သို့ ထွက်လာခဲ့ပါသည်။

ထိုစဉ် နောက်ဘက်မှနေ၍ "ဆရာမင်းယက္ခ၊ ဆရာမင်းယက္ခ" ဟု လှမ်းခေါ်၍ လှည့်ကြည့်လိုက်ရာ ဆရာဦးအောင်ကျော်သိန်း ဖြစ်နေသောကြောင့် ရပ်စောင့်နေလိုက်ပါသည်။

ဆရာ ဦးအောင်ကျော်သိန်းက "ဆရာတို့ကို ကျွေးမွေးဧည့်ခံချင်လို့ ကောလင်းဆိုင်ကို သွားရအောင်" ဟု ဆိုသဖြင့် သုံးယောက်သား ကောလင်းစားသောက်ဆိုင်ဘက်သို့ ထွက်လာခဲ့ကြပါသည်။



ဆိုင်သို့ရောက်လျှင် ဆိုင်အတွင်းရှိ စားပွဲတစ်လုံးတွင် နေရာယူလိုက်သောအခါ ဆရာဦးအောင်ကျော်သိန်းက ဆိုင်မှ စားပွဲထိုးမိန်းကလေး "ပပ" အား "မြီးရှေနှစ်လုံး" ဟု ရခိုင်သံဝဲဝဲဖြင့် မှာလိုက်ပါသည်၊ လက်ညှိုးနှင့် လက်ခလယ် နှစ်ချောင်းကို ဟန်ပါပါနှင့် ထောင်ပြလိုက်ပါသေးသည်။

'ဩော်...သူက ငါတို့ကို မြီးရှည် ကျွေးချင်လို့ကိုး'

ဟု စိတ်ထဲမှ ထင်လိုက်မိပါသည်။

တအောင့်လောက် ကြာသောအခါ ဝက်သားမြီးရှေနှစ်ပွဲ လာချပါသည်၊ ထိုအခါကျမှ ဆရာဦးအောင်ကျော်သိန်းက ပြူးတူးပြဲတဲနှင့်...

'ဒါမဟုတ်...ဒါမဟုတ် မြီးရှေနှစ်လုံး၊ မြီးရှေနှစ်လုံး'

ဟု အော်ပြောသောကြောင့် ဆိုင်မှ စားပွဲထိုးမိန်းကလေး "ပပ" ကလည်း...

'ဟုတ်ပါတယ်အဘရဲ့ ဒါ မြီးရှေပဲ။ ဘာမှားလို့လဲ၊ အဘပဲ မြီးရှေနှစ်လုံးလို့ မှာတာ ဟောဒီက အဘတို့လဲ ကြားပါတယ်'

ဟု ပြန်လည် ရှင်းပြရာ ဆရာဦးအောင်ကျော်သိန်းမှာ မကျေမနပ် စိတ်ပျက်သောအမူအရာနှင့် ဆိုင်တစ်ဆိုင်လုံးကို ဟိုကြည့်ဒီကြည့်နှင့် လိုက်ကြည့်နေပါသည်။

ကျွန်တော်တို့ နှစ်ယောက်သားမှာလည်း ပါးစပ်ရှေ့တွင် ရောက်နေသော ဝက်သားမြီးရှေ ကြည့်ရုံသာကြည့်၍ မထိရဲသေးပါ။ မြင်ရတာကတော့ စားချင်စရာ ကောင်းလှသည်။

သူက သူမှာတာ ဒါမဟုတ်ဘူးဆို၍ မစားရဲသေးပါ။ တော်ကြာ မြီးရှေကို စားလိုက်သည့်အချိန်ကျမှ "မစားနဲ့... မစားနဲ့" ဟု ရခိုင်သံဝဲဝဲနှင့် အသံကျယ်ကြီး အော်လိုက်မှာကိုလည်း စိုးထိတ်ရသေးသည် မဟုတ်ပါလား။

ဒီတစ်ပိုက်မှာ ကျွန်တော်တို့ ဆရာတပည့်နှစ်ယောက်ကို မသိတဲ့သူမရှိ။ ဆိုင်ထဲတွင်လည်း အားကစားသမားများနှင့် ပြည့်နေပါသည်။ ထိုအချိန်တွင် ဆရာ ရခိုင်ဦးအောင်ကျော်သိန်း၏ အသံကြီးက ထွက်ပေါ်လာပါတော့သည်။

'ဟော...ဟိုမှာ အဲဒီမြီးရှေကို ပြောတာ'

ဟူ၍ အားရဝမ်းသာစွာ ပြောလိုက်သောကြောင့် သူပြောတာ ဘယ်လိုမြီးရှေပါလိမ့်ဟူ၍ သိလိုဇောဖြင့် သူပြရာ စားပွဲနှစ်လုံးကျော်မှ စားပွဲကို လှမ်းကြည့်လိုက်ရာ...

**"ဖွန်းတပ်ထားသော ကော်ဖီမစ်ရှယ်"** ကို လှမ်းတွေ့လိုက်ရပါတော့သည်။

ဒီတော့မှ စားပွဲထိုးမိန်းကလေး "ပပ" က...

'အဘရယ်...ဒါဆိုရင်လဲ ကော်ဖီမစ်ရှယ်နှစ်ခွက်လို့ ပြောလိုက်ရောပေါ့။ အဘက မြီးရှေနှစ်လုံး၊ မြီးရှေနှစ်လုံးလို့ မှာလိုက်တော့ ကျွန်မကလဲ မြီးရှေနှစ်လုံးကို လာချတာပေါ့။ ကဲပါ... အဘပြောတဲ့ မြီးရှေနှစ်လုံး အဲ...ဟုတ်ပါပြီ...



www.burmeseclassic.com

www.burmeseclassic.com

ကော်ဖီမစ်ရှစ်နှစ်ခွက်ကို အမြန်ဆုံး ယူလာပါ့မယ်'

ဟု ရယ်ကျဲကျဲဖြင့် ပြောဆိုရင်း ပြန်သွားပြီး မကြာမီမှာပင် Gold Roast Coffee Mixကို ကိုင်းခွက်နှင့်ထည့်၊ နို့ဆီနို့စိမ်းများထည့်ပြီး "မစ်ရှယ် နှစ်ခွက်"ကို လာချပေးပါသည်။ ဒီတော့မှ ဆရာဦးအောင်ကျော်သိန်းက ရယ်ကျဲကျဲဖြင့် ရှက်ရမ်း,ရမ်းရင်းက...

'ဆရာကြီးတို့ ဒီမြီးရှေ့နှစ်လုံးကိုလဲ စား၊ ဟောဒီ မြီးရှေ့နှစ်လုံးကိုလဲ သောက်ပါ'

ဟု ညွှန်ပြပါသည်။ သူ၏ ရရိုင်းသံဝဲမှုကြောင့် အမှားကောင်းဖြစ်ကာ ကျွန်တော်တို့ ဆရာတပည့်နှစ်ဦးသားမှာ အရသာရှိလှသော ကောလင်း၏ နာမည်ကျော် ဝက်သားမြီးရှေ့နှစ်လုံးကိုလည်း စားရ၍ ကော်ဖီမစ်ရှယ် နှစ်ခွက်ကိုလည်း သောက်ခဲ့ရပါသည်။

သဘောမနောကောင်း၍ ကျွေးချင်မွေးချင်စိတ်ရှိလှသော ရခိုင်ပြည်နယ် စစ်တွေမြို့မှ ဆရာအောင်ကျော်သိန်းကို ယနေ့တိုင် မမေ့နိုင်တော့ပါခင်ဗျား...။

**မှတ်ချက်။ ။ ဆရာဦးအောင်ကျော်သိန်း အသက်(၆၂)နှစ်မှာ (၁၁–၂–၂၀၁၀)ရက် အင်္ဂါနေ့ မွန်းလွဲ (၂)နာရီအချိန်က စစ်တွေပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်ကြောင်း (၁၄–၅–၂၀၁၀)ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာ၌ စိတ်မကောင်းစွာဖြင့် ဖတ်ရှုခဲ့ရပါသည်။ ဆရာဦးအောင်ကျော်သိန်း ကောင်းသော သုဂတိဘုံသို့ ရောက်ပါစေရန် ဆုမွန်ကောင်း တောင်းလိုက်ပါသည်။**


*[ဗန်းမော် အနွယ်ဝင်များအား ဂါရဝပြုလျက်...]*

**ဆရာကြီး မင်းယက္ခ**
***(တိုက်ပွဲဝင်)***

---

၂၀၁၃ ခုနှစ်၊ ဇွန်လအတွင်း

# လာဘ်လာဘ ရှင်လန်းစေဖို့



ဇွန်လတွင် ကြုံဆုံရင်ဆိုင်ရဖွယ်ရှိသော ငွေကြေးဆိုင်ရာကိစ္စများအတွက် အခက်အခဲနည်းပါး အဆင်ပြေစေရန်၊ လာဘ်လာဘ ဝေဝေဆာဆာ ရှိစေရန် လုံးဝိုင်းသော ပုံသဏ္ဌာန်ရှိသည့် ပစ္စည်းတစ်မျိုးကို မွေးနှစ်အရ လက်ဆောင်ပေး လှူဒါန်းနိုင်သည်။

အောက်တွင် ကြည့်ပါ။

* * *

| မွေးနှစ် | ခုရေ | အရပ်မျက်နှာ | အလှူခံပုဂ္ဂိုလ် | လှူရန်နေ့ |
|---|---|---|---|---|
| ကြွက် | ၉ | တောင် | ဗုဒ္ဓဟူးသားသမီး | အင်္ဂါ |
| နွား၊ ကျား | ၇ | အနောက် | ကြာသပတေးသားသမီး | သောကြာ |
| ယုန် | ၂ | အနောက်တောင် | စနေသားသမီး | တနင်္လာ |
| နဂါး၊ မြွေ | ၃ | အရှေ့ | သောကြာသားသမီး | ကြာသပတေး |
| မြင်း | ၈ | အရှေ့မြောက် | တနင်္လာသားသမီး | စနေ |
| ဆိတ်၊ မျောက် | ၁ | မြောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူး |
| ကြက် | ၆ | အနောက်မြောက် | ကြာသပတေးသားသမီး | တနင်္ဂနွေ |
| ခွေး၊ ဝက် | ၄ | အရှေ့တောင် | တနင်္ဂနွေသားသမီး | ကြာသပတေး |

**ဥပမာ။ ။ ကြွက်နှစ်ဖွား ဇာတာရှင်** ဘီစကစ်မုန့်ဝိုင်း(၆)ခုကို အနောက်မြောက်ထောင့်အရပ်ရှိ ကြာသပတေးသားသမီး သူငယ်တစ်ဦးအား တနင်္ဂနွေနေ့တွင် ကျွေးမွေးလှူဒါန်းပြီးနောက် သမ္မာဒေဝများထံ လိုရာ ဆုတောင်း လျှောက်ထားနိုင်ကြပေသည်။

*လာဘ်လာဘ ရှင်လန်းကြပါစေ။*

**ထက်မင်းကျော်စွာ**



www.burmeseclassic.com

www.burmeseclassic.com

အင်္ဂဝိဇ္ဇာအခါ

# ယတြာမင်္ဂလာအခါပေး

မောင်ပယ်ဟိန်း
(အင်းတော်)



စာရေးသူ ယခု ရေးသားတင်ပြမည့် ယတြာမှာ ထီးချိုင့်မြို့မှ စာရေးသူ ဘကြီးဖြစ်သူ ဦးဘကြည်၏ ဦးလာဘ မှတ်စုမှ ရေးသား ဖော်ပြခြင်း ဖြစ်ပါသည်။

ဤအခါပေး အင်္ဂဝိဇ္ဇာယတြာကို မြန်မာ့ ကျေးလက်တောရွာများတွင် အိမ်ဆောက်၊ ကျောင်းဆောက်၊ ရေတွင်းတူးအပြင် မင်္ဂလာအခါမှန်သမျှကို ဤတွက်နည်းဖြင့် အသုံးပြုနေကြခဲ ဖြစ်ပါသည်။

မြန်မာ့လက်ရိုးနည်းအရ အခါပေး ပညာဖြင့် ယှဉ်နိူင်းလျှင် ပျော့ကွက် ဟာကွက်များ ရှိနေမည် ဖြစ်သည်။ မည်သို့ဆိုစေကာမူ သူ့ဒေသနှင့် သူ့အခါကတော့ ဟုတ်နေပါသည်။ တွက်နည်းသည် လွန်စွာ လွယ်ကူပြီး မည်သူမဆို အချိန်အခါမရွေး မြန်မြန် အဖြေရှာနိုင်သည့်နည်း ဖြစ်ပါသည်။

မည်သည့်နေ့မဆို အခါပေးလိုသော အချိန်နာရီ မိနစ်ကို တိုင်ထူပြီး အသုံးပြုလိုသော ဂြိုဟ်သက်ကိုတည်၍ (၁၂)နှင့် မြှောက်ရမည်။

ယင်းကိန်းကိုတည် (၇)နှင့်စားပါ။ အကြွင်းမလို၊ လဒ်ကိုမှတ်ထားပါ။ တစ်ဖန် ထိုကိန်းကိုပဲတည်ပြီး (၈)နှင့်ပေါင်းပါ (၉)နှင့်ပြန်စား၊ အကြွင်းမလို၊ လဒ်ကိုမှတ်ထား။

နောက်တစ်ကြိမ် ထိုကိန်းကိုတည်ပြီး (၉) ရောပါ၊ (၈)နှင့် ပြန်စား၊ အကြွင်းမလို လဒ်ကိုမှတ်ထား။ မှတ်ထားသောရလဒ်ကိန်း (၃)ခုကို ပြန်ပေါင်းပါ၊ (၇)နှင့် နောက်ဆုံး ပြန်စားပါ၊ အကြွင်းအရ အင်္ဂဝိဇ္ဇာ အခါ ယတြာ ရပါသည်။

**(၁)ကြွင်းပါက** အရှေ့မြောက်မှ လူအိုပုဂ္ဂိုလ် အမှန်လာမည်။ ဤအခါ အတိုင်း အမှန် ဖြစ်ပေါ်လာပါက မင်္ဂလာအခါတွက် ပြုလုပ် ဆောင်ရွက်နိုင်သည်။

**(၂)ကြွင်းလျှင်** အရှေ့တောင်မှ လူသော်လည်းကောင်း၊ တိရစ္ဆာန်သော်လည်းကောင်း ပန်းပန်၍လာမည်။

**(၃)ကြွင်းလျှင်** တောင်အရပ်မှ ကြက်တွန်သံ၊ ခွေးဟောင်သံ ကြားရမည်။

**(၄)ကြွင်းလျှင်** အနောက်တောင်မှ တူရိယာသံ၊ သီချင်းသံ ကြားရမည်။

**(၅)ကြွင်းလျှင်** အနောက်အရပ်မှ ရယ်ရွှင်သံ ကြားရမည်။

**(၆)ကြွင်းလျှင်** အရှေ့အရပ်က ဖြစ်စေ၊ အနောက်တောင်ထောင့်အရပ်က ဖြစ်စေ နွားသံ၊ ပလွေသံ ကြားရမည်။

**(၀)ကြွင်းလျှင်** မြောက်အရပ်မှ ဓား၊ လှံ၊ သေနတ်၊ လက်နက်များ ကိုင်ဆောင်လာမည်။

ဤအခါအတိုင်း မြင်တွေ့ရပါက မိမိတို့ ပြုလုပ်ရမည့် ကိစ္စမှန်သမျှ ပြုလုပ်အပ်သော အခါပင် ဖြစ်သည်။

**နေ့အလိုက် အခါများကို အောက်ပါအတိုင်း ရေးသား တင်ပြပါမည်။**

* * *

| | | | |
|---|---|---|---|
| (၁) တနင်္ဂနွေကို | ➪ | (၁)ဟုမှတ်ပါ။ | ဂြိုဟ်သက်အရ ၆ နှစ် |
| (၂) တနင်္လာကို | ➪ | (၂)ဟုမှတ်ပါ။ | ဂြိုဟ်သက်အရ ၁၅ နှစ် |
| (၃) အင်္ဂါကို | ➪ | (၃)ဟုမှတ်ပါ။ | ဂြိုဟ်သက်အရ ၈ နှစ် |
| (၄) ဗုဒ္ဓဟူးကို | ➪ | (၄)ဟုမှတ်ပါ။ | ဂြိုဟ်သက်အရ ၁၇ နှစ် |
| (၅) ကြာသပတေးကို | ➪ | (၅)ဟုမှတ်ပါ။ | ဂြိုဟ်သက်အရ ၁၉ နှစ် |
| (၆) သောကြာကို | ➪ | (၆)ဟုမှတ်ပါ။ | ဂြိုဟ်သက်အရ ၂၁ နှစ် |
| (၇) စနေကို | ➪ | (၀)ဟုမှတ်ပါ။ | ဂြိုဟ်သက်အရ ၁၀ နှစ် |



www.burmeseclassic.com

www.burmeseclassic.com

နေ့(၇)နေ့အရ အင်္ဂဝိဇ္ဇာအရ အခါ တစ်ခုလျှင် (၁)နာရီ (၃၀)မိနစ်နှုန်းနှင့် (၈) ချိန် ပိုင်းပါသည်။ နံနက် (၆) နာရီမှ ညနေ (၆) နာရီအထိ ဖြစ်ပါသည်။

* * * ——————→


**ဥပမာ** တွက်ပြပါမည်။

တနင်္ဂနွေနေ့ နံနက် (၇) နာရီ (၃၀)မှ (၉) နာရီအတွင်း မင်္ဂလာအခါအရ မည်သည့်နိမိတ်ပုံရမည်ကို တွက်ကြည့်မည်ဆိုလျှင် ဇယားအရ နံနက် (၇) နာရီ (၃၀)မှ နံနက် (၉) နာရီအရ ကြည့်လျှင် သောကြာအချိန် ဖြစ်ပါသည်။ သောကြာအချိန်ဖြစ်၍ (၆)ဂဏန်းကို တွေ့ပါမည်။ သောကြာဂြိုဟ်သက်အရ (၂၁)နှစ် ဖြစ်ပါသည်။

* * * ——————→

တနင်္ဂနွေနေ့ သောကြာအချိန် (နံနက် ၇ နာရီ ၃၀ မိနစ်မှ နံနက် ၉ နာရီထိ) မင်္ဂလာအခါ **(၅)ကြွင်းအရ အဖြေမှာ** အနောက်အရပ်မှ ရယ်ရွှင်သံကြားရမည် ဖြစ်သည်။ အနောက်အရပ်မှ ရယ်ရွှင်သံ ကြားသည့်အချိန်သည် မင်္ဂလာအခါ ဖြစ်သည်။

နေ့အလိုက် အင်္ဂဝိဇ္ဇာအရ မင်္ဂလာအခါကို ယခုတွက်နည်း နမူနာအတိုင်း ကျန်နေ့အလိုက် မင်္ဂလာအခါများအတွက် အဖြေရှာကြည့်ကြပါကုန်။





| နေ့ | နံနက် ၆ နာရီမှ နံနက် ၇း၃၀ ထိ | နံနက် ၇း၃၀ မှ နံနက် ၉နာရီ ထိ | နံနက် ၉ နာရီ မှ နံနက် ၁၀း၃၀ ထိ | နံနက် ၁၀း၃၀ မှ မွန်းတည့် ၁၂ နာရီ ထိ | မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၁း၃၀ ထိ | မွန်းလွဲ ၁း၃၀ မှ နေ့လယ် ၃နာရီ ထိ | နေ့လယ် ၃ နာရီမှ ညနေ ၄း၃၀နာရီထိ | ညနေ ၄း၃၀ နာရီ မှ ည ၆နာရီ ထိ |
|---|---|---|---|---|---|---|---|---|
| ၁ | ၁ | ၆ | ၄ | ၂ | ၀ | ၅ | ၃ | ၁ |
| ၂ | ၂ | ၀ | ၅ | ၃ | ၁ | ၆ | ၄ | ၂ |
| ၃ | ၃ | ၁ | ၆ | ၄ | ၂ | ၀ | ၅ | ၃ |
| ၄ | ၄ | ၂ | ၀ | ၅ | ၃ | ၁ | ၆ | ၄ |
| ၅ | ၅ | ၃ | ၁ | ၆ | ၄ | ၂ | ၀ | ၅ |
| ၆ | ၆ | ၄ | ၂ | ၀ | ၅ | ၃ | ၁ | ၆ |
| ၀ | ၀ | ၅ | ၃ | ၁ | ၆ | ၄ | ၂ | ၀ |

၂၁ နှစ် သောကြာအချိန် (သောကြာဂြိုဟ်သက်)
× ၁၂
၂၅၂ တည်ကိန်း

(၁)
၇) ၂၅၂ (၃၆
၂၁
၄၂
၄၂
၀ ကြွင်း

(၂)
၂၅၂
\+ ၈ ရောပါ။
၉) ၂၆၀ (၂၈
၁၈
၈၀
၇၂
၈ ကြွင်း

(၃)
၂၅၂
\+ ၉ ရောပါ။
၈) ၂၆၁ (၃၂
၂၄
၂၁
၁၆
၅ ကြွင်း

(၁) ၇နှင့်စားသော ရလဒ်မှာ ၃၆
(၂) ၉နှင့်စားသော ရလဒ်မှာ ၂၈
(၃) ၈နှင့်စားသော ရလဒ်မှာ ၃၂
စုစုပေါင်း = ၉၆


(၄)
၇) ၉၆ (၁၃
− ၇
၂၆
− ၂၁
၅ ကြွင်း

*အာယု ဝဍ္ဎော သုခံဗလံ*

**မောင်ဗဟိန်း(အင်းတော်)**

www.burmeseclassic.com

www.burmeseclassic.com



◆ ရှေးခေတ်သုံး မြေဆေးတံများနှင့် မြေထည် ထမင်းစားပန်းကန်ပြား


မင်းရဲထွန်းမြင့်
(မြစ်သား)

ကျွန်ုပ်တို့ ဘိုးဘွားပိုင်

# ရှေးဟောင်း အမွေအနှစ်များ

ကျွန်ုပ်သည် နက္ခတ္တရောင်ခြည် မဂ္ဂဇင်းတွင် စာရေးသူအဖြစ် နေရာတစ်နေရာလေးရသည့် အခိုက်အတန့်၌ မဂ္ဂဇင်းကြီး၏ အစဉ်အလာအတိုင်း စာရှုသူများအပေါ် သုတ, ရသများ ပေးစွမ်းနိုင်ရေးအတွက် အတတ်နိုင်ဆုံး ကြိုးစားအားထုတ်ခဲ့ပါသည်။

ဤသို့ အပတ်တကုတ် ကြိုးစားအားထုတ်၍ ရရှိလာသော အကြောင်းအရာမျိုးစုံကို စာတစ်ပုဒ်ဖြစ်အောင် ဖန်တီး၍ တင်ပြခဲ့သည့်အပေါ် နက္ခတ္တရောင်ခြည် မဂ္ဂဇင်း၏ တာဝန်ရှိသူများမှ အသိအမှတ်ပြု ဖော်ပြပေးခဲ့သည့်အတွက် ကျွန်ုပ်အနေနှင့် ကြိုးစားအားထုတ်ရကျိုး နပ်သည်ဟု ဆိုရမည် ဖြစ်ပေသည်။



◆ ရှေးခေတ်သုံး မြေဆေးတံနှင့် ကြွေခလောက် (အနီးကပ်ပုံ)

## ရှေးခေတ်သုံး မြေထည်ပစ္စည်းများ

ဓာတ်ပုံမှတ်တမ်းဖြင့် တင်ပြထားသော မြေထည်ပစ္စည်းများအား ကျွန်ုပ်နှင့် ရင်းနှီးသော မူလတန်းကျောင်း ဆရာကြီး ဦးခင်မောင်ညွန့် (ငြိမ်း)၏ ကျေးဇူးဖြင့် ဖော်ပြခွင့်ရရှိခဲ့ခြင်း ဖြစ်၏။


ဆရာကြီးသည် ကျောင်းဆရာဘဝ






www.burmeseclassic.com

www.burmeseclassic.com



◆ ရှေးခေတ်သုံး မြေဆေးတံ (အနီးကပ်ပုံ)





◆ ရှေးခေတ် အသုံးအဆောင်ပစ္စည်းတစ်မျိုး (လက်တက်အစ်အဖြစ် အသုံးပြုခဲ့ဟန်ရှိသည်)

◀ ရှေးခေတ်သုံး မြေထည် ထမင်းစားပန်းကန်ပြား

▼ ထူးထူးခြားခြား ရှေးဟောင်းပစ္စည်း အစာချိ ဟင်္သာကြေးရုပ်အလေး



မှ အငြိမ်းစားယူပြီးနောက်ပိုင်း ခြံလုပ်ငန်းနှင့် အသက်မွေးမြူရင်း တစ်ဖက်တစ်လမ်းမှလည်း ရှေးဟောင်းပစ္စည်းများအား ဝါသနာအလျောက် ရှာဖွေစုဆောင်းခဲ့သူ ဖြစ်၏။

ဤရှေးခေတ်သုံး မြေထည်ပစ္စည်းများကို မြစ်သားမြို့နယ်အတွင်းရှိ ရွာနိုင်ကြီးတိုက်နယ်၊ မိုင်းမောကျေးရွာ အုပ်စုအတွင်းမှ ရရှိခဲ့ကြောင်း ဆရာကြီးထံမှ ကြားသိခဲ့ရ၏။

မိုင်းမောကျေးရွာသည် ကူမဲ (၂၁)မိုင် လမ်းကြောင်းမှ ပြက္ခရွှေတောင်သို့ သွားရာလမ်းကြောင်းပေါ်၌ တည်ရှိသော ရွာကြီးတစ်ရွာ ဖြစ်၏။ ကျွန်ုပ်တို့ ငယ်စဉ်က ကြားခဲ့ရသော ပါးစပ်ရာဇဝင်အရ ပြောရမည်ဆိုလျှင် ထိုမိုင်းမောကျေးရွာ နေရာသည် တစ်ချိန်က မင်းနေပြည်တော်အဖြစ် နန်းစိုက်ရာ နေရာဒေသဖြစ်ကြောင်း သိရ၏။

ထိုပြည်ကို အုပ်ချုပ်သော ဘုရင်၏ မယ်တော်သည် ရုပ်အဆင်းရူပကာ အင်မတန်မှ လှပသည်ကို အကြောင်းပြု၍ သားဖြစ်သူ ဘုရင်က မယ်တော်၏ လှပမှုအပေါ် တပ်မက်စွဲလမ်းစိတ်နှင့် မိခင်အရင်းဖြစ်သော မယ်တော်ကို မိဖုရားအဖြစ် ပြန်လည် သိမ်းပိုက် ပေါင်းသင်းမိရာမှ အစပြုပြီး ကြီးစွာသော သဲမိုး





www.burmeseclassic.com

www.burmeseclassic.com



◆ အရွယ်မျိုးစုံနှင့် မြင်တွေ့ရသော ကြေးရုပ်အလေးများ

ကြီး ရွှာသွန်းချသဖြင့် မင်းနေပြည်တော်တစ်ခုလုံး သဲများ ဖုံးလွှမ်း၍ ပျောက်ကွယ်ခဲ့ရသည်ဟု ကြားသိခဲ့ရဖူး၏။

◆ ရှမ်းပြည်နယ်သုံး တာသီအလေး



ထိုပါးစပ်ရာဇဝင်သည် မည်မျှ ခိုင်မာသည် မခိုင်မာသည်ကို မသိရသော်လည်း လောလောဆယ် လက်တွေ့အရ ပြောရလျှင်မူ ဤမိုင်းမောရွာအနီးဝန်းကျင် တစ်ဝိုက်သည် သဲများ ထူထပ်စွာ ရှိနေသည်ကိုမူ ယနေ့ထိ တွေ့မြင်နေရဆဲ ဖြစ်၏။

ထို့အပြင် ဤမိုင်းမောကျေးရွာ ပတ်ဝန်းကျင်တစ်ဝိုက်မှ အဖိုးထိုက်တန်သော ရှေးဟောင်း ရွှေထည်ပစ္စည်းများ မကြာခဏ တူးဖော် ရရှိနေခြင်းသည်လည်း စဉ်းစားဖွယ်ရာ ဖြစ်၏။

ရှေးဟောင်း ရွှေထည်ပစ္စည်းများ တွေ့ရှိခြင်းနှင့် ပတ်သက်ပြီး နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၊ ၂၀၁၀ ပြည့်နှစ်၊ စက်တင်ဘာလ၊ အမှတ်စဉ် (၂၉၀)တွင် “**အလေးချိန် (၆)ကျပ် (၆)ပဲသားရှိ ရှေးဟောင်း ရွှေလက်စွပ်ကြီး**” ခေါင်းစီးဖြင့် ကျွန်ုပ်ကိုယ်တိုင် ရေးသား ဖော်ပြခဲ့ဖူး၏။

ယခုလည်း ဤမိုင်းမောကျေးရွာ ဝန်းကျင်တစ်ဝိုက်မှာပင် ရှေးဟောင်း နန်းတော်ရာတစ်ခု ဖော်ထုတ်တွေ့ရှိရကြောင်း၊ ရှေးဟောင်း သုတေသနဌာနမှ ဝန်ထမ်းများ မြစ်သား ရွှေမုဋ္ဌောဘုရားအား လာရောက် ဖူးမြော်ရင်း စကားလက်ဆောင်ပါးခဲ့၍ သိခဲ့ရ၏။

ကျွန်ုပ် တာဝန်ထမ်းဆောင်ရာ မြစ်သား ရွှေမုဋ္ဌောဘုရား၏ ပရိဝုဏ် အတွင်း၌ပင်လျှင် ထိုမိုင်းမောကျေးရွာ တစ်ဝိုက်မှ ရရှိခဲ့သော ရှေးဟောင်း ကျောက်စာချပ်ကြီးအား အထင်ကရ ထိန်းသိမ်းထားရှိသည်ကို တွေ့မြင်နေရ၏။

ကျွန်ုပ်အနေနှင့် ဤမျှ ရှေးကျသွား



www.burmeseclassic.com

www.burmeseclassic.com




▲ ဟင်္သာကြေးရုပ်အလေးများ

◆ ခြင်္သေ့ (၂၀)ကျပ်သားအလေးနှင့်
ခြင်္သေ့(ထိုင်း ဆွဲ) (၁၀)ကျပ်သားအလေး

◆ ရှေးဟောင်း ဆိတ်ရုပ်ပစ္စည်း (မည်သည့်နေရာတွင်
အသုံးပြုသည်ကို မသိရသော်လည်း
ဗဟုသုတအဖြစ် တင်ပြလိုက်ခြင်း ဖြစ်ပါသည်)







www.burmeseclassic.com

www.burmeseclassic.com

သော အစများကို ဆွဲထုတ်၍ တင်ပြနေရခြင်းမှာ ဓာတ်ပုံမှတ်တမ်းအရ ဖော်ပြထားသော ရှေးဟောင်း မြေထည်ပစ္စည်းများသည် သမိုင်းမတင်ခဲ့သော်လည်း သမိုင်းဝင်ခဲ့သော ပစ္စည်းများဖြစ်သည်ကို အလေး ဂရုမူနိုင်ရန်အတွက် ဖြစ်ပါသည်။

ဤ ရှေးဟောင်းပစ္စည်းများသည် ကျွန်ုပ်တို့ကဲ့သို့သော သာမန်လူများအတွက် အထူးအဆန်း မဟုတ်သော်လည်း ပညာရှင်များအတွက်မူ သမိုင်းတန်ဖိုးကြီးမားသော ပစ္စည်းများအဖြစ် အလေးအနက် ထားရှိလိမ့်မည်ဟု ယူဆ၍ တင်ပြရခြင်း ဖြစ်ပါ၏။

## ရှေးခေတ်သုံး ကြေးသွန်းအလေးများ

ပစ္စည်းများ အလေးချိန် ချိန်တွယ်ရာ၌ ပေါင်နှင့် ဖော်ပြသော ခေတ်မီချိန်တွယ်ပစ္စည်းများ၊ ပိဿာဖြင့် ဖော်ပြသော ခေတ်မီ ချိန်တွယ်ကိရိယာများကို အသုံးပြုနေကြပြီဖြစ်သော ယနေ့ခေတ်တွင် ယခင်က အလေးအဖြစ် သတ်မှတ်အသုံးပြုခဲ့သော ကြေးသွန်းအလေးများသည် တစ်စတစ်စနှင့် ပျောက်ကွယ်ခဲ့ပြီ ဖြစ်သည်။

ယခုခေတ် လူငယ်များအနေနှင့် ရှေးခေတ်သုံး ကြေးသွန်းအလေးများ ရှိခဲ့ဖူးသည်ကို ဗဟုသုတအဖြစ် သိရှိစေရန် ဖော်ပြလိုက်ရပေသည်။

ရှေးခေတ်သုံး ပစ္စည်းများသည် ရှေးခေတ်လူတို့၏ ယဉ်ကျေးမှုကို တစ်စွန်းတစ်စအဖြစ် ဖော်ထုတ်ပြသနိုင်သော အမာခံ ပစ္စည်းသက်သေများဖြစ်ပေရာ ယခု ဖော်ပြအပ်သော ကြေးသွန်းအလေးများနှင့် ပတ်သက်၍ ရှေးဟောင်း သုတေသနပညာရှင်များအတွက် ထိုက်သင့်သော အကျိုးကျေးဇူး ဖြစ်ထွန်းနိုင်မည်ဟုလည်း ယူဆပါသည်။

ဤရှေးခေတ်သုံး အလေးများအကြောင်းကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၌ ဖတ်ရှုခဲ့ရပြီးဖြစ်သော်လည်း ယခု ကျွန်ုပ် ရေးသားတင်ပြသော ကြေးသွန်းအလေးများ မပါသေးဟု ယူဆမိ၍ ထပ်မံ တင်ပြရခြင်း ဖြစ်သည်။

ဤ ကြေးသွန်းအလေးများအား ကျွန်ုပ်၏ သားဖြစ်သူ မောင်မောင်ထင်ကျော်မြင့်နှင့် ပတ်သက်ပြီး ယင်း၏ သူငယ်ချင်းဖြစ်သူ မောင်မောင်သိန်းထံမှာ တစ်စုတစ်ဝေးတည်း တွေ့မြင်ရသဖြင့် ဤသို့ ပြန်လည် တင်ပြနိုင်ခြင်းသာ ဖြစ်သည်။

ကျွန်ုပ် ရေးသားတင်ပြသော ဤ "ရှေးဟောင်း အမွေအနှစ်များ" ဆောင်းပါးတွင် ပါရှိသည့် ရှေးဟောင်းပစ္စည်းများနှင့် ပတ်သက်၍ သက်ဆိုင်ရာ ပညာရှင်များအတွက်သော် လည်းကောင်း၊ သာမန် လေ့လာလိုသူ ဝါသနာရှင်များအတွက်သော် လည်းကောင်း အကျိုးထူး တစ်စုံတစ်ရာ ရရှိခဲ့မည်ဆိုပါက ကျွန်ုပ်အနေနှင့် ကြိုးစားဖော်ထုတ် ရေးသားရကျိုးနပ်ပြီဟု ဆိုရမည် ဖြစ်ပါသည်။

ထို့ပြင်တစ်ဝ ဤစာမူ ဖြစ်မြောက်ရေးအတွက် ကူညီပံ့ပိုးမှုပေးခဲ့သော **ဆရာကြီး ဦးခင်မောင်ညွန့် (ပညာရေးဌာန/ငြိမ်း)နှင့် ရှေးဟောင်းပစ္စည်း စုဆောင်းထားရှိသော ဝါသနာရှင် မောင်မောင်သိန်းတို့အား** ကျေးဇူးတင်ထိုက်သူများအဖြစ် မှတ်တမ်းတင်အပ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**မင်းရဲထွန်းမြင့် *(မြစ်သား)***

○စာရှုသူ

သုတေသီနှင့်

ဝါသနာရှင်များသို့...

၂၀၁၃ ခုနှစ်

ဇူလိုင်လသည်

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၏

(၂၇)နှစ်ပြည့်

အမှတ်တရ

အထူးထုတ်လ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မည်သူမဆို

ပါဝင်ရေးသား

ပေးပို့နိုင်ပါကြောင်း

ဖိတ်ခေါ်

အသိပေးအပ်ပါသည်။

*လေးစားစွာဖြင့်...*

ဦးကျော်မိုးသိန်း

စာတည်းချုပ်

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း

အမှတ် ၂၃၃၊ (၂၉)လမ်း၊

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊


ဖုန်း-၀၁-၂၄၂၂၈၄



www.burmeseclassic.com

www.burmeseclassic.com

# သင်္ဘောမီးပြာ



## ချက်နည်း သုံးနည်း

ဦးမှန်း

သင်္ဘောပင်သည် အဖိုပင်၊ အမပင် ဟု ရှိသည့်အလျောက် အဖိုပင်ကို ရွေးချယ်ရပါသည်။ လုံးပတ် ထွာဆိုင် ခန့်ရှိသော သင်္ဘောဖိုပင် (၂)ပင်ကို ပင်စည်ရင်းမှ ဖြတ်ပါ။ အပင်ထိပ် အရွက်ကိုင်းများ သုတ်သင်ပြီး ထင်းခွဲသလို ထင်းချောင်းအရွယ်များ စိတ်ပါ။ ပြီး နေလှန်းပါ။

သင်္ဘောပင် အမြစ်တူးရလွယ်သော် အမြစ်ပါ အခြောက်လှန်း ထည့်သွင်းသုံးပါ။ မီးရှို့လျှင် လောင်မည့်အနေ အထား ဆိုရပါပြီ။

သန့်ရှင်းသော မြေသလင်း၊ အင်တေသလင်း၊ မြေမရှိပါက သွပ်ပြားချပ်ပေါ်တွင် ထင်းစီသလို စီ၍ မီးရှို့ပါ။ သင်္ဘောထင်းကုန်သည်အထိ မီးရှို့ပါ။ ပြာမလွင့်အောင် လေကွယ်ရပါမည်။ တော်တန်ရုံလေဖြင့် ပြာမလွင့်ပါ။

ပြာအေးသောအခါ ပြာများ လှည်းကျင်း စုဆောင်းပြီး လေးဂါလံဝင် ပလတ်စတစ်ပုံးထဲထည့်ပါ။ အိမ်သုတ်ဆေးပုံးလွတ်များသည် အဖုံးပါ၍ ပိုမိုအဆင်ပြေပါသည်။ ပုံးထဲသို့ ပြာထည့်ပြီး **ရေစိမ်း**ထည့်ပါ။ ပြာပေါ်မှတည်၍ ရေကို မပျစ်မကျဲ ထည့်ရပါမည်။ ကျဲလျှင် ကိစ္စမရှိပါ။ မပျစ်ပါစေနှင့်။

ရေနှင့် ပြာကို ပုံးထဲတွင် မွှေပေးပါ။ တစ်နေ့ (၃)ကြိမ်လောက် မွှေပေးပြီး ငြိမ်သော မလှုပ်သောနေရာတွင် အဖုံး (သို့မဟုတ်) ပိတ်စ၊ ပုဆိုးဟောင်း တို့ဖြင့် ဖုန်မဝင်အောင် ဖုံးထားပြီး ရက်စွဲမှတ်ပါ။ (၁၀)ရက်တိတိစိမ် ရပါမည်။

ရက်သိပ်ကြာလျှင် ဆေးပြာ သိပ်ပြင်းသောကြောင့် ကျွန်ုပ် တင်ပြမည့် ဆေးအချိန်အဆ မကိုက်မှာစိုး၍ ဖြစ်ပါသည်။ မအားလပ်၍ ရက်သိပ်ကြာပြီးမှ ချက်ရသော် ကျွန်ုပ် တစ်ဖွန်းဟု တင်ပြသည်ကို ဖွန်းဝက်သာ ထည့်ပါ။ ဉာဏ်ရှိသလို ချင့်ချိန်ပါ။ ရက်ကြာလေ ဆေးပြင်းလေ ဖြစ်သည်ကို သတိပြုပါ။ အဖုံးပိတ်ပြီး (၁၀)ရက် လုံးလုံး မမွှေရတော့ပါ။ အနည်ထိုင်ပါစေ။

ရက်ပြည့်၍ ပြာချက်ရန် အဆင်သင့် ဖြစ်ပါက ပုံးသန့်သန့်တစ်ခုဖြင့် အရည်ကြည်သာ ခပ်ထည့်ပါ။ အနည်မထအောင်၊ အနည်မပါအောင် စိတ်ရှည်ပါ။ အရည်ကြည်ဘက်ခံပုံးတွင် ရေစစ်ခံထားက ပိုကောင်းပါသည်။

ကျွန်ုပ်ကတော့ ဓာတ်ဆီစုပ်သော ပိုက်ဖြူလေးဖြင့် အပေါ်ရည်ကြည်ကို စုပ်ပါသည်။ တဖြည်းဖြည်း ပိုက်ကို အောက်နှိမ့်ရင်းဖြင့် အနည်ပါတော့မည်ထင်က ရပ်လိုက်ပါသည်။ ပြီးလျှင် ပြာအနည်ပုံးအား သွန်ပစ်ပါသည်။ ပြာချက်မည်မှာ အရည်ကြည်သာ ဖြစ်ပါ သည်။

ဆေးချက်ရာတွင် အရည်ကြည် ဝင်လောက်သော ဒယ်အိုးလိုပါသည်။ မီး အတိုးအလျှော့ လွယ်ကူစေရန် ထင်းမီးသည် သင့်တော်လှပါသည်။ သန့်ရှင်းသော ဒယ်အိုးထဲသို့ အရည်ကြည်များ သွန်ပါ။ မီးဖြင့် ဆူနေပါစေ။ မကြာမကြာ မွှေပေးပါ။

ရေခန်းခါနီးတွင် မွှေရသည်မှာ လေးပျစ်လာပါသည်။ ရေအရောင်မှာလည်း အဖြူရောင် နောက်လာပါမည်။ ခန်းခါနီးလျှင် မီးလျှော့ပါ။ မွှေပါ။ လုံးဝ ရေခန်း ချိုးကပ်သည်အထိ မပြုပါနှင့်။

ခွဲလာလျှင် အိုးကိုချပါ။ အိုးအပူရှိန်ဖြင့် မွှေနေပါကလည်း ခြောက်သွေ့သော ပြာကို ရပါသည်။ အနည်းငယ် စိုထိုင်းသည်ဟု ထင်ပါက နေလှန်း



www.burmeseclassic.com

www.burmeseclassic.com

၍ ခြောက်သွေ့အောင် လုပ်ပါ။ သို့မှ သာ ဖြူသော၊ လှပသော ပြာကို ရပါ ည်။

မီးပြင်း၍ ပြာမှာမဖြူဘဲ ညိုတိုတို ကြင်ကြင်ဆို မလှပါ။ ရလာသော ပြာများကို အဝကျယ် ဟောလစ် လင်းမျိုးဖြင့် ထည့်သိမ်းပါ။ ဟောလစ် လင်းကြီး နှစ်လုံး,သုံးလုံးခန့် ပြာရပါ သည်။

ထိုပြာကို လက်ဖက်စားဇွန်းတစ်ဇွန်း န်းကန်ထဲထည့်၍ သံပရာသီး ညှစ် ထည့်ပါက ဆူလာပါမည်။ ငြိမ်သွား သော် လျှာဖြင့် ပြာကိုလျက်ကြည့်ပါ။ ချဉ်ဘဲ ချိုနေပါမည်။

ဇလုံကြီးကြီးထဲသို့ ပြာ လက်ဖက် စားဇွန်း မောက်မောက်ထည့်၍ ပျားရည်တစ်ပုလင်း သွန်ထည့်ပါ။ ပျားရည်များ ဆူနေပါမည်။ နှံ့အောင် မွှေပေးပါ။ ကြာကြာမွှေပါ။ ပြီးလျှင် ထားလိုက်ပါ။ တစ်နာရီခန့် ကြာပြီး နောက် ပျားရည်ကို မူလပုလင်းထဲ ထည့်ပါ။ ပျားရည် နှစ်ပုလင်း ရပါမည်။

ပြာတစ်ဇွန်း ပျားရည်တစ်ပုလင်း သည် ပျားရည်နှစ်ပုလင်း ရသည်ဟု ဆိုလိုပါသည်။ ထိုပျားရည်ကို ဟင်းစား စတီးဇွန်း တစ်ဇွန်းသောက်ပါက စားကောင်းအိပ်ကောင်း အားအင် ပြည့်ဖြိုးပါသည်။

နယ်ဆပ်ဒေသများတွင် တွင်း အောင်းပျား ဆေးပျားရည်ဟု အထူး လက်ဆောင်ပေးရန် ပျားရည် တစ်ပုလင်း ငါးသောင်းကျပ်မှ တစ် သိန်းကျပ်အထိ ရောင်းနေရသည်မှာ ကျွန်ုပ် ရေးသားသော ပျားရည်ဖြစ် ကြောင်း ကျွန်ုပ် ထဲထဲဝင်ဝင် လေ့လာ သိရှိခဲ့ရဖူးပါသည်။

ထိုပျားရည်မှာ အမှန်တကယ် လည်း ကောင်းနေသဖြင့် မှာသူမှာ၊ ဝယ်သူဝယ်ဖြင့် ဈေးကြီးတာ မမြင် တော့ဘဲ ဝယ်ယူနေကြပါသည်။ ရောင်း သူမှာ တစ်ခါတစ်ရံ ပစ္စည်းပြတ်နေ သည်ဟု အကြောင်းပြကာ တစ်လ, နှစ်လ ရပ်ဆိုင်းထားသည်ကိုလည်း သိရှိရပါသည်။

**သဘော်ဖိုပြာအား ဆေးသုံးနည်း မှာ** သွေးတိုး၊ ဆီးချို၊ နှလုံးတို့အတွက် ဆေးပြာ လက်ဖက်စားဇွန်းတစ်ဇွန်း အရည်ရွှမ်းသံပရာတစ်လုံး ဖျော်၍ တစ်နေ့တစ်ခွက်သောက်ပါ။ ပြာနှင့် သံပရာတွေ့က ဆူနေပါမည်။ ငြိမ်သွား မှ သောက်ပါ။

ပြီး လက်ဖက်စားဇွန်း နှစ်ဇွန်း၊ ပျားရည်တစ်ပုလင်း ဖျော်ထားပြီး တစ်နေ့ ဟင်းစားဇွန်းတစ်ဇွန်း သောက် ပါက အစာအိမ်ဝေဒနာ အထူး ပျောက်ကင်းပြီး နုပျိုသက်ရှည် ကျန်းမာ စေပါသည်။

အလျဉ်းသင့်၍ သဘော်သီး အကြောင်း တင်ပြပါဦးမည်။ ကျွန်ုပ် ၏ ဇာတိမှာ ရှမ်းပြည်နယ်ဖြစ်သဖြင့် ရှမ်းပြည်နယ်မှ ဆေးဆရာကြီးများ သက်ရှည် ရဟန်းသံဃာများ၏ သဘော်သီးရာဇဝင် ပုံတိုပတ်စ အမျိုး မျိုး ကြားဖူးပါသည်။ အဓိကမှာ သက်ရှည်နုပျို အရွယ်တင် ကျန်းမာ ကြောင်းဖြင့် နိဂုံးဆုံးပါသည်။

သဘော်သီးမှည့်များကို ခွဲစိတ်၍ စဉ့်အိုးကြီး,သေးတို့တွင် ထည့်၍ အပေါ်မှ ပျားရည် မြုပ်ရုံလောင်းထည့်၊ အဖုံး လုံအောင်ပိတ်ပြီး မြေကြီး ကျင်းတူး၍ မြှုပ်ပါ။ မည်သည့်အိုး အရွယ်ဖြစ်စေ စဉ့်အိုးမျက်နှာပြင်သည် ကျင်းနှုတ်ခမ်းနှင့် တစ်ပေခန့် ကွာရပါ သည်။

မြေမြှုပ် မြေဖုံး နေရာမှတ်သားပြီး အချိန်ကာလ (၂)နှစ် ထားရပါသည်။ ကာလပြည့်၍ ဖော်ယူဖွင့်ပါက တေဆေးကဲ့သို့ဖြစ်၍ မွှေးနေပါသည်။ တစ်နေ့ လက်ဖက်စားဇွန်း တစ်ဇွန်း သာ စားကြပါသည်။

စားသုံးသူများသည် အသက် (၆၀, ၇၀)ဖြစ်သော်လည်း (၄၀,၅၀) အရွယ်ခန့်သာ ထင်ရအောင် နုပျိုကြ ပါသည်။ အသက် နှစ်ဆယ်လောက် ပြန်ငယ်သည့်ဆေးဟု တင်စားကြပါ သည်။ အမှန်တကယ် စားသုံးသူတွေ ကို အမှန်တကယ် နုငယ်နေသည်ကို တွေ့မြင်ရပါသည်။

ထို ဆေးဖော်နည်းအစား ယခု ပြာချက်နည်း အဆင့်တက် မြင့်မား လာခြင်း ဖြစ်ပါသည်။ သို့သော် အချို့ ပြာမချက်တတ်၍ ယနေ့တိုင် (၂)နှစ် မြေမြှုပ်နည်းကို သုံးနေဆဲပါ။ တစ်ခါ က ရှမ်းပြည်နယ်ဘက်မှ ဆရာတော် တစ်ပါး နိုင်ငံတော်မှ ဘွဲ့တံဆိပ် ဆက်ကပ်သဖြင့် ရန်ကုန်ကမ္ဘာအေး သို့ ကြွရောက်ရာ နုငယ်နေသဖြင့် တာဝန်ရှိသူများ သက်တော်၊ ဝါတော် မေးမှ အံ့ဩစွာ နုငယ်နေသည်ကို တွေ့ကြရပါသည်။

ထိုဆရာတော်မှာ ကျွန်ုပ်နှင့် ရင်းနှီး လွန်းပါသည်။ ဆရာတော် အမြဲစားသုံး သည်မှာ **သဘော်ဖိုပြာနှင့် ပျားရည် ဖျော်ထားပြီး တစ်နေ့တစ်ဇွန်း** မှီဝဲ ခြင်းသာ ဖြစ်ပါသည်။

ထို့ကြောင့် မပင်မပန်း လွယ်ကူစွာ ပြာချက်၍ နုပျိုကျန်းမာစွာ ဆောင်ရွက် ကြပါဟု တိုက်တွန်းရေးသား တင်ပြ အပ်ပါသည်။

**ဦးဖုန်း**




www.burmeseclassic.com

www.burmeseclassic.com

ရာသီအစားအစာ

# စားတမာ



ဆောင်းအကုန် နွေအကူး လေရူး ပွေစ ဂိမှာန်ရာသီသို့ ကူးပြောင်းရောက်ရှိပေတော့မည်။ **"တမာလည်းနု၊ ကျေးလည်းဥ"** ဆိုသကဲ့သို့ ပြာသိုလကုန် တပို့တွဲလဆန်း ရွက်ဟောင်းညှာကြွေ ရွက်သစ်တွေ ဝေတော့မည်။

ဒီရာသီမှ အညာဒေသအဖို့ ရာသီစာအဖြစ် တမာရွက်နုနုလေးများကို အတို့အမြုပ်အဖြစ် စားသောက်ကြသည်မှာ ဒေသ၏ ထုံးစံတစ်ရပ် ဖြစ်နေပါပြီ။ အစာလည်းဆေး၊ ဆေးလည်းအစာအဖြစ် တမာရွက်နု ပေါ်ဦးပေါ်စကို ခုံမင်နှစ်သက်စွာ သုံးဆောင်ကြသည်။

တမာရွက်သည် ဝမ်းတွင်းပိုးကို သေစေသည်။ သည်းခြေကို အားပေးသလို သလိပ်ကို နိုင်စေသည်ဟု တမာရွက်၏ အာနိသင် မြောက်မြားစွာ ရှိလေသည်။

စာရေးသူ ဆိုလိုတာကတော့ တမာရွက်နုများကို အတို့အဖြစ် သုံးဆောင်သည့်အခါမှာ အခါးသက်သာပြီး စားကောင်းအောင် ပြုလုပ်နည်းကို တမာရွက်ကြိုက်သူများအတွက် ရည်ရွယ်ရေးသားပါမည်။

တမာရွက်နုများကို အခါးသက်သာအောင် ပြုလုပ်သောနည်းမှာ ဦးစွာပထမ **စားတမာပင်ခေါ်သည့် အရွက်ဖားဖား တမာပင်ကြီးများမှ တမာရွက်နု အစိမ်းနု ရောင်ရွှမ်းလတ်လတ်လေးများကို** ခူးယူပြီးလျှင် ရေတွင် တစ်ညအိပ်ခန့် စိမ်ထားပါ။ ပြီးလျှင် ရေစိမ်ပြီးသား တမာရွက်နုများကို မြေအိုးအနေတော်ထဲသို့ ထည့်၍ ပြုတ်ရမည်။


တမာရွက်နုများ မထည့်ခင် မြေအိုးအား သန့်စင်အောင် ဆေးကြောပြီး အညာဒေသမှာ ပေါက်လေ့ရှိသည့် ဇီး (ဆီး) ချဥ်သီး အလုံးသေးလေးများ လက်တစ်ဆုပ်ခန့်ထည့်ပြီး အပေါ်မှတစ်ဆင့် တမာရွက်နုများ ထည့်ပါ။ ပြီးလျှင် တမာရွက်ပေါ်မှလည်း ဇီး(ဆီး) ချဥ်သီး လက်တစ်ဆုပ်ခန့် ဖုံးအုပ်ပြီး ရေမြုပ်အောင်ထည့်၍ (၁)နာရီခန့် ဆူပွက်နေအောင် ပြုတ်ရမည်။

ပြီးလျှင် ပြုတ်ပြီးသား တမာရွက်နုများကို ဇီး(ဆီး)ချဥ်သီးများ ဖယ်ရှားပြီး ဆယ်ယူကာ ရေအေးတွင် စိမ်ထားလိုက်ပါ။

မိမိတို့ သုံးဆောင်ချင်သလောက် ရေအေးမှ ဆယ်ယူပြီး အခါးကင်း၍ ဆိမ့်သက်သော အရသာဖြင့် ထမင်းမြိန်ဆေးစဖွယ် သုံးဆောင်နိုင်ပါတယ်။

**ကိုယ်တွေ့ ရေးသား တင်ပြအပ်ပေသည်။**

ဒဏ္ဍာရီ
(စက်မှုလက်ယာ၊ ဆင်ဖြူကျွန်း)





(၁)နာရီခန့် ပွက်ပွက်ဆူအောင်ပြုတ်ပါ



www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ် ဘုန်းနိုင်

# သိဒ္ဓိတင် စိပ်ပုတီး

စာရေးသူသည် ငယ်ရွယ်စဉ်ကပင် ပုတီးစိပ်သော အလေ့အကျင့် ရရှိခဲ့သည်။ ပုတီးစိပ်သက် တစ်နှစ်ရလာသောအခါ စိပ်ပုတီးတစ်ကုံးကို မော်လမြိုင်မြို့မှ အဒေါ်တစ်ယောက်က လက်ဆောင်အဖြစ် ပေးလာ၏။ ထိုစိပ်ပုတီးကို ဆရာတော်ကြီးတစ်ပါးက စာရေးသူအတွက် သိဒ္ဓိတင်၍ စွန့်ကြဲလိုက်ကြောင်း သိရပါသည်။

စာရေးသူသည် ဆရာတော်ကြီးကို တစ်ကြိမ်တစ်ခါမျှ ဖူးတွေ့မြင်တွေ့ဖူးခြင်း မရှိသော်လည်း ဆရာတော်ကြီးက စာရေးသူနှင့် ပုတီးစိပ်သည့်အကြောင်းကို အကြောင်းစုံသိရှိနေသည်ဟု အဒေါ်ဖြစ်သူက ပြန်ပြောပြပါသည်။ ဆရာတော်ပေးလိုက်သော ပုတီးမှာ ပုလဲလုံးလေးအရွယ်မျှရှိသော သာမန်သစ်စေးပုတီးသာ ဖြစ်ပါသည်။

၁၉၅၈ ခုနှစ်၊ နွေနှောင်းကာလတွင် စာရေးသူသည် ရွှေပြည်သာမြို့နယ်ရှိ သာစုကန်ဘုရားသို့ ပုတီးသွားစိပ်ခဲ့သည်။ ပုတီးစိပ်ပြီးသောအခါ ရဟန်းတော်တစ်ပါး ကြွလာပြီး စာရေးသူအား ပုတီးစိပ်နည်းတစ်ခုကိုပေးပြီး လူကြားထဲသို့ တိုးဝင် ပျောက်ကွယ်သွားပါသည်။ ပုတီးစိပ်နည်းမှာ **"ရက်ကန်းစင်တောင်ဆရာတော်"၏ ပုတီးစိပ်နည်းဖြစ်ပြီး** ထိုပုတီးစိပ်နည်းဖြင့် စာရေးသူ ပင်စင်ယူသည်အထိ စိပ်ခဲ့သည်။

၁၉၆၇ ခုနှစ်၊ လပြည့်နေ့တစ်နေ့တွင် ရွှေတိဂုံဘုရား တောင်ဘက်မုခ်ရှိ စာရင်းစစ်ဓမ္မာရုံတွင် ထန်တလန်ခန္တီး ဆရာတော်ကြွလာပြီး တရားဟောပါသည်။ ဆရာတော်သည် တောင်တန်းသာသနာပြုပုဂ္ဂိုလ် ဖြစ်ပါသည်။ တရားပွဲတွင် အဆောင်ပစ္စည်းများ ပေးမည်ဟု သတင်းရသဖြင့် တောင်ဘက်ရှိ စာရင်းစစ်ဓမ္မာရုံသို့ စာရေးသူ အပြေးအလွှား သွားခဲ့၏။

ဓမ္မာရုံထဲသို့ ဝင်လိုက်သောအခါ တရားနာပရိသတ်ဖြင့် ပြည့်ကျပ်နေသည်။ စာရေးသူသည် အဝင်အဝရှိ ဆေးသုတ်ထားသော တိုင်နားတွင်ပင် နေရာယူလိုက်ရ၏။ ဆရာတော်သည် သက်တော်(၅၀)မျှသာရှိပြီး အသားအရေမှာ ဝင်းဝါစိုပြည်နေသည်။ ရွှေရောင်မျက်မှန်ကိုင်းကို တပ်ထားသဖြင့် ဆရာတော်၏ ဥပမိရုပ်မှာ ကြည်လင်၍ ကြည်ညိုဖွယ်ရာ ဖြစ်ပါသည်။

ဆရာတော်က သီလပေးပြီး တစ်နာရီကျော်ကြာမျှ တရားဟောပါသည်။ တရားပွဲအပြီးတွင် တရားနာပရိသတ်က စိပ်ပုတီးများကို ဆရာတော်၏ရှေ့တွင် လက်ဆင့်ကမ်း၍ စုပုံကြသည်။ ဆရာတော်က ပုတီးများကို သိဒ္ဓိတင်ပေးမည်ဟု သိရှိရသဖြင့် စာရေးသူလည်း စိပ်နေကျပုတီးကို အိတ်ထဲမှ ထုတ်၍ ဆေးမခြောက်သေးသော တိုင်မှ ဆေးနီဖြင့် အမှတ်အသားပြုပြီး ဆရာတော်၏ ရှေ့သို့ လက်ဆင့်ကမ်း၍ ပေးပို့လိုက်သည်။ ဆရာတော်၏ ရှေ့တွင် စိပ်ပုတီးပုံသည် (၃၀၀)ကုံးကျော်မျှ ရှိမည်ထင်ပါသည်။

စိပ်ပုတီးများကို သိဒ္ဓိမတင်ခင် ဆရာတော်သည် ပြားစေ့နှင့် ပရိတ်ကြိုးများကို တရားနာပရိသတ်အချို့ကို ဝေပေးပါသည်။ ပြားစေ့မှာ အဝိုင်းသေးသတ္တုစေ့ဖြစ်၏။ ဆရာတော်သည် ဘုရား(၁၀၈)ဆူတွင် အဓိဋ္ဌာန်ဝင်၍ ပရိတ်တော်များ ရွတ်ဖတ်သရဇ္ဈာယ်ခဲ့သော အဆောင်ပစ္စည်းများ ဖြစ်ကြောင်း သိရှိရပါသည်။

ပရိတ်ကြိုးမှာ (၅)လက်မအရှည်ရှိပြီး ပရိတ်ပြားနည်းတူ ရွတ်ဖတ်သရဇ္ဈာယ်ခဲ့သော အဆောင်ပစ္စည်းများ ဖြစ်၏။ အမျိုးသမီးတစ်ဦးမှ တစ်ဆင့် လက်ဆင့်ကမ်း၍ ပေးလာသဖြင့် အဆိုပါ အဆောင်နှစ်မျိုးစလုံး





www.burmeseclassic.com

www.burmeseclassic.com

ကို ရလိုက်ပါသည်။

ပရိတ်ပြားနှင့် ပရိတ်ကြိုးများ ဝေငှပြီးနောက် ဆရာတော်သည် ရှေ့တွင် စုပုံထားသော စိပ်ပုတီးပုံကြီးကို လက်နှစ်ဖက်နှင့်မွှေ၍ သိဒ္ဓိတင်ပေးပါသည်။ စာရေးသူ၏ စိပ်ပုတီးသည် အပေါ်ဆုံးမှ အောက်ဆုံးသို့ လည်းကောင်း၊ အောက်ဆုံးမှ အတွင်းထဲသို့ လည်းကောင်း လှည့်ပတ်ရောက်သွားပြီးနောက် ဆရာတော်က သိဒ္ဓိတင်ခြင်းကို ရပ်ဆိုင်းလိုက်သည်။

ဆရာတော်သည် ပုတီးကုံးအချို့ကို အပုံထဲမှဆွဲယူပြီး ပိုင်ရှင်များကို မေးမြန်း၍ ပြန်ပေးပါသည်။ ကိုးယောက်မြောက်တွင် စာရေးသူ၏ ပုတီးကုံးကို အပုံထဲမှ ဆွဲထုတ်ပြီး စာရေးသူအား လှမ်းခေါ်၍ပေး၏။ စာရေးသူသည် ဓမ္မာရုံအဝမှနေ၍ လူအုပ်ကိုကျော်လွှားပြီး သွားယူခဲ့ရာ ဆေးနီတို့ထားသော စာရေးသူ၏ ပုတီးအစစ်အမှန် ဖြစ်နေသည်ကို အံ့သြဖွယ်ရာ တွေ့ရှိရပါသည်။ ပုတီးကုံး (၃၀၀)ကျော်ထဲမှ စာရေးသူ၏ပုတီးကို ဆွဲထုတ်၍ ပိုင်ရှင်အမှန်ကို ခေါ်၍ပေးသဖြင့် ထူးခြားသောရဟန်းအဖြစ် ထင်မြင်ယူဆရပါမည်။

၁၉၇၅ ခုနှစ်၊ နွေဦးကာလတွင်ဖြစ်၏။ စာရေးသူသည် ဝန်ထမ်းဘဝဖြင့် သစ်ထုတ်လုပ်ရေး လုပ်ငန်းများကို စစ်ဆေးရန် မဟာမြိုင်တောထဲကို ရောက်ခဲ့သည်။ မဟာမြိုင်တောသည် ယခင်က ပန်ထွာမင်းသမီး မြို့နန်းတည်ရာဒေသ ဖြစ်ခဲ့၏။ တောထဲတွင် ရှေးဟောင်းစေတီများ မြောက်မြားစွာ ရှိသည်။ အချို့စေတီများမှာ ယိုယွင်းပျက်စီးလျက်နေပြီး လူသူနှင့်နီးသော စေတီအချို့ကိုမူ ပြန်လည်၍ ပြုပြင်ထား၏။



တစ်နေ့တွင် စေတီတစ်ဆူသို့ သွား၍ ပုတီးစိပ်သည်။ စေတီမှာ တည်းခိုသောနေရာနှင့် (၃)မိုင်မျှဝေးပြီး လူသူကင်းမဲ့ပါသည်။ စေတီတော်မှာ ကိုးတောင်မျှရှိပြီး ထီးတော်မှာ မြောက်ဘက်သို့ အနည်းငယ် စောင်းနေသည်။

စာရေးသူသည် စနေထောင့်တွင် နေရာယူပြီး ပုတီးကိုးပတ်ကို အာရုံမိမိ စိပ်လိုက်၏။ ထီးတော်၏ ဆည်းလည်းသံမှအပ တိတ်ဆိတ်ငြိမ်သက်နေပြီး အာရုံတွင် လင်းထိန်နေသည်။ ခန္ဓာကိုယ်သည် အေးစိမ့်ပေါ့ပါး၍ လေထဲလွင့်နေသယောင် ခံစားနေရ၏။

ပုတီးကိုးပတ် စိပ်ပြီးသောအခါ အမျှပေးဝေ၍ သာဓုခေါ်နေချိန်တွင် နံဘေး၌ ရဟန်းတော်တစ်ပါး ရောက်နေသည်ကို ထူးဆန်းစွာ တွေ့လိုက်ရ၏။ ထိုရဟန်းတော်မှာ သက်တော် (၆၀)မျှရှိပြီး အသားတော်မှာ ဝင်းဝါစိုပြည်နေသည်။ မျက်လုံးအစုံမှာလည်း ကြည်လင်တောက်ပနေ၏။ စာရေးသူက အံ့သြထိတ်လန့်စွာနှင့် လက်စုံမိုး၍ ရှိခိုး ကန်တော့လိုက်သောအခါ ဆရာတော်က...

'ဒကာ ဦးပဉ္စင်းကို ပုတီး ခဏငှားပါ'

ဆရာတော်က လက်ဖြန့်၍ ငှားရမ်းလာသဖြင့် စာရေးသူသည် ပုတီးကို တရိုတသေပင် ဆရာတော်၏ လက်ထဲသို့ ထည့်လိုက်သည်။ ဆရာတော်က ပုတီးကို ညာလက်နှင့်ကိုင်၍ ဘုရားကို ပတ်ပြီး နှုတ်မှ တဖွဖွ ရွတ်ဆိုနေ၏။ ပုတီးစိပ်သည်လား၊ ဂါထာရွတ်သည်လား မသိပါ။ ခုနစ်ပတ်ပြည့်သောအခါ စာရေးသူထံ ပြန်လာပြီး ပုတီးကို ပြန်ပေးရန် ဟန်ပြင်ပြီးမှ လက်နှစ်ဖက်နှင့် အုပ်၍ သိဒ္ဓိတင်ပေးပါသည်။

ထို့နောက် ပုတီးကို စာရေးသူလက်ထဲသို့ ပြန်ထည့်၍ ဆုများပေးပြီး ဘုရားထဲမှ ထွက်သွားသည်။ စာရေးသူက နောက်မှ လိုက်ကြည့်သောအခါ ဆရာတော်ကို မတွေ့ရတော့ပါ။

၁၉၈၂ ခုနှစ်၊ ဆောင်းကာလတွင် စာရေးသူသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့သို့ အလုပ်ကိစ္စဖြင့် ရောက်ခဲ့၏။ အလုပ်ကိစ္စများ ပြီးစီးသောအခါ ရုံးက ဝန်ထမ်းများ အကူအညီဖြင့် ညောင်ပင်အိုင်တောရကျောင်းသို့ ဆရာတော်အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ နန္ဒောဘာသအား ဖူးတွေ့ရန် သွားကြသည်။ ဆရာတော်ကြီးသည် ရဟန္တာပုဂ္ဂိုလ်ထူးဟု ထင်ရှားကျော်ကြားလျက် ရှိပါသည်။

ဆရာတော်ကြီးအား ကျောင်းသစ်ဆောက်လုပ် လှူဒါန်းထားသော်လည်း မူလ တဲကျောင်းတွင်သာ သီတင်းသုံး၏။ ကိုယ်ပိုင်ကားများ လှူဒါန်းထားသော်လည်း ခြေကျင်ခရီးဖြင့်သာ ကြွ၏။ မလွှဲမရှောင်သာမှ ကားစီးသည်။ ဆရာတော်ကြီးသည် ဂူသေးသေးထဲတွင် တရားကျင့်ခဲ့သဖြင့် ဖက်အနည်းငယ် စောင်းနေပါသည်။ ဆရာတော်ကြီးမှာ သက်တော်(၇၀)ကျော်မျှ ရှိနေပါပြီ။

ပထမနေ့တွင် ညောင်ပင်အိုင်တောရကျောင်းသို့ သွားကြရာ ဆရာတော်ကြီးအား မဖူးတွေ့ခဲ့ရပါ။ နောက်





www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့တွင်လည်း ဆရာတော်ကြီးသည် နံနက်စောစောကပင် ကြွသွားသဖြင့် ဆရာတော်ကြီး ကြွသွားရာရွာသို့ စုံစမ်းမေးမြန်း၍ လိုက်သွားကြသည်။ ဆရာတော်ကြီးသည် စေတီတည် ပန္နက်ချ အခမ်းအနားအတွက် သီတင်းသုံးရာကျောင်းမှ နံနက်စောစော ခြေကျင်ဖြင့် ကြွရောက်လာခြင်း ဖြစ်ပါသည်။ ထိုရွာမှာ ကျောင်းမှ (၇)မိုင်မျှ ဝေးပါသည်။

ဆရာတော်ကြီးသည် ပန္နက်ချ အခမ်းအနား မပြုလုပ်ခင် အရဏ်ဆွမ်း ဘုဉ်းပေးနေသည်။ အရုဏ်ဆွမ်းဘုဉ်းပေးပြီးနောက် အချိုပွဲအဖြစ် နွားနို့ဆွမ်း ဘုဉ်းပေးနေရာမှ စာရေးသူအား လှမ်းခေါ်၍ သောက်လက်စ နွားနို့ဆွမ်းကို စွန့်ကြဲပါသည်။ ပြီးနောက် စာရေးသူ၏ လက်ထဲတွင် ကိုင်ထားသော စိပ်ပုတီးကိုတောင်းပြီး သိဒ္ဓိတင်၍ ပြန်ပေးလာပါသည်။ စာရေးသူသည် ဝမ်းသာအားရ ဆရာတော်ကြီး၏ ခြေဖဝါးအစုံကို နဖူးနှင့်ထိ၍ ဦးညွှတ်ကန်တော့လိုက်ပါသည်။

စာရေးသူ၏ ပုတီးအား ဆရာတော်ကြီးလေးပါးမှ သိဒ္ဓိတင်ပေးထားသဖြင့် စိပ်ပုတီးကို ဘုရားစင်ပေါ်တွင် အမြဲတင်ထားသည်။ ဘုရားများတွင် ပုတီးသွားစိပ်သောအခါ ပုတီးကို အိတ်ဖြင့်ထည့်၍ လွယ်အိတ်ဖြင့် ဆောင်သွားလေ့ရှိသည်။ သာသနာပွဲများ ထိုးရာတွင် စိပ်ပုတီးကို ပွဲထဲတွင်ထည့်ပြီး သိဒ္ဓိတင်သောအခါများလည်း ရှိတတ်ပါသည်။

ဤသို့ သိဒ္ဓိတင်ပြီးဖြစ်သဖြင့် ပုတီးစိပ်ရာတွင် ခန္ဓာကိုယ်ကို သန့်ရှင်းစင်ကြယ်စေပြီးမှ ပုတီးစိပ်ရပါသည်။ ပုတီး၏ စွမ်းအားကို စမ်းသပ် ကြည့်ရှုရာတွင် ပယောဂ၊ စုန်းပူး၊ နတ်ပူးနှင့် သရဲပူးများ ပုတီးမြင်ရုံဖြင့် ထွက်ပြေးသည်ကို ကြုံတွေ့ခဲ့ဖူးပါသည်။

ပုတီးစိပ်ရာတွင်လည်း လမိုင်းများ မကပ်နိုင်ခြင်း၊ စိတ်အေးချမ်းတည်ငြိမ်မှုဖြစ်ခြင်း၊ အာရုံထူးများပေါ်လာခြင်းနှင့် စရဏအားများ လျှင်မြန်စွာတိုးပွားစေခြင်းကို ဖြစ်စေတတ်သဖြင့် သိဒ္ဓိတင်ပြီး ပုတီးကို ဆောင်ထားသင့်ကြောင်း အကြံပြု ဖော်ပြလိုက်ပါသည်။

တက္ကသိုလ် အပန်ငယ်

# အကြောသေ အကြောကပ်

လေဖြတ် ဆေးတစ်ရပ်

ရေ, မြေ, လေ, မီး ဓာတ်ကြီးလေးပါး အစုဖြစ်သည့် ရုပ်ခန္ဓာကြီးသည် စက္ကန့်မလပ်၊ မိနစ်မလပ် ဖြစ်ခြင်းပျက်ခြင်းတို့ဖြင့် ရင်ဆိုင်နေရသည်။

ထိုဓာတ်ကြီးလေးပါး ညီညွတ်မျှတနေလျှင် ကျန်းမာပြီး တစ်ခုခု ဖောက်ပြန်နေလျှင် ရောဂါဝေဒနာတစ်ခုခု ရရှိခံစားရသည်။

လေဓာတ် များပြားနေလျှင် လေထိုး လေအောင့် စသောရောဂါများ ဖြစ်တတ်ပြီး လေအားနည်းသွားသောအခါ လေဖြတ်ရောဂါ ရရှိခံစားရသည်။

လေဖြတ် လေပြတ်သောအခါ သွေးတို့သည် လိုရာသို့မသွားနိုင်ဘဲ သွေးပါ ပြတ်သွားသည်။

သွေး,လေ မလျှောက်သဖြင့် အကြောသေ, အကြောကပ်, လေဖြတ်, ကိုယ်တစ်ပိုင်းသေစသော ရောဂါတို့ ဖြစ်ပြီးကုသ၍ ခက်လှပါသည်။

ရာသီဥတု သာယာသော နေ့တစ်နေ့တွင် **ရမည်းသင်းမြို့နယ်၊ အုတ်ဖို အနောက်ရွာ၊ အုတ်ဖိုတောင်ကျောင်း ဆရာတော် ဘဒ္ဒန္တပဏ္ဍဝထံသို့** လှူဖွယ်ဝတ္ထုများနှင့်အတူ သွားရောက်ဖူးမြော်ခဲ့ပါသည်။



ဆရာတော်သည် ဒါယကာတစ်ဦးနှင့်အတူ စကားပြောနေသဖြင့် ခဏစောင့်ပြီးမှ ဖူးတွေ့ရသည်။

'စောစောက ဒကာပေါ့။ လေဖြတ်, အကြောသေ, အကြောကပ်ဖြစ်နေတာ တစ်လ လောက်ရှိပြီ။ ဒီကိုရောက်လို့ (၁၅)ရက်လောက် အတွင်းမှာပဲ သက်သာနေပါပြီ'

ဆေးနည်းကောင်းတစ်လက် ရရှိဖို့ အခွင့်အလမ်း ပေါ်လာသဖြင့် ဆေးနည်းကို ရေးမှတ်ထားလိုက်ပါသည်။

ဆေးနည်းမှာ

ကျားရိုးကို ခပေါင်းခါးမြစ်နှင့် သွေး၍ သုတ်လိမ်းပေးရန် ဖြစ်ပါသည်။ ဆားကို အဝတ်နှင့်ထုပ် အပူပေးပြီး ဆား ကြပ်ထုပ်ဖြင့် ရောဂါဖြစ်သောနေရာကို မကြာမကြာ ကြပ်ထုပ်ထိုးပေးရသည်။

အတွေ့အကြုံ ရင့်ကျက်လှသော ဆရာတော်၏ ကုသနည်းမှာ ဘဝတူ ဝေဒနာရှင်တို့အတွက် သတင်းကောင်း တစ်ခုပင် မဟုတ်ပါလော။

ကျော်(ရမည်းသင်း)

www.burmeseclassic.com

# ၁၃၇၅ ခုနှစ်မှာ

## သတိထားရမည့် အချိန်ကာလများ

ကောင်းမြင့်မြတ်စိုး




**ကောဇာသက္ကရာဇ် ၁၃၇၅ ခုနှစ်** မှာ ခုနှစ်ရက်သားသမီးတွေအနေနဲ့ သတိထားရမယ့် အချိန်ကာလတွေကို မြန်မာ့ရိုးရာ ဗေဒင်အချုပ် မဟာဘုတ်ပညာနဲ့ စိစစ်တွက်ချက် ဖော်ထုတ်ပေးလိုက်ပါတယ်။

ဦးစွာ ကျွန်တော် သုတေသနပြု စိစစ်တွက်ချက်ပုံကို ဖော်ပြပေးပါမယ်။ ကောဇာနှစ်တိုင်းမှာ ကောဇာမဟာဘုတ်ဂြိုဟ်ခွင် ရှိပါတယ်။ ကောဇာမဟာဘုတ်မှာ ဂြိုဟ်သွားလမ်းကြောင်း ရှိပါတယ်။

* * *

| | အဓိပတိ | |
|---|---|---|
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |


ရိုးရာမဟာဘုတ်ဇာတာခွင်



ဂြိုဟ်သွားလမ်းကြောင်း

ဂြိုဟ်တစ်လုံးဟာ အဲဒီဂြိုဟ်သွားလမ်းကြောင်းအတိုင်း မဟာဘုတ်ဌာန (၇)ဌာနကို တစ်လပြီး တစ်လရွှေ့ပြောင်းသွားပါတယ်။ ဥပမာ ၁၃၇၄ ခုနှစ်မှာ တနင်္ဂနွေ ဂြိုဟ်ဟာ အောက်ပါအတိုင်း သွားပါတယ်။

* * *




၁၃၇၄ ခုနှစ်မှာ နှစ်ဆန်းတစ်ရက် (၁၇-၄-၂၀၁၂)ကစလို့ တနင်္ဂနွေဂြိုဟ်ဟာ **အထွန်းဌာနမှာ(၁၆-၅-၂၀၁၂)** ထိ တစ်လနေပြီး (၁၇-၅-၂၀၁၂)မှာ **သိုက်အိမ်ကို** ပြောင်းပါတယ်။ **(၁၆-၆-၂၀၁၂)ထိ တစ်လတိတိ သိုက်မှာနေပြီး** (၁၇-၆-၂၀၁၂)မှာ **ရာဇဌာနကို** ပြောင်းပါတယ်။

**ရာဇဌာနမှာ (၁၆-၇-၂၀၁၂)ထိ** တစ်လတိတိ နေပါတယ်။ အဲဒီနည်းအတိုင်း တနင်္ဂနွေဂြိုဟ်ဟာ တစ်နှစ်တာ လုံးလုံး မဟာဘုတ်ဂြိုဟ်ခွင် (၇)ဌာနကို လှည့်ပတ်သွားလာပါတယ်။

* * *

လို့ သတ်မှတ်ပါမယ်။

ဒါဆိုရင် တနင်္ဂနွေဂြိုဟ်သွားနေပုံကို အောက်ပါအတိုင်း တွေ့နိုင်ပါတယ်။


| | | | | |
|---|---|---|---|---|
| ၁၇-၄-၂၀၁၂ | မှ | ၁၆-၅-၂၀၁၂ | တစ်လတာကာလကို | ၁ |
| ၁၇-၅-၂၀၁၂ | မှ | ၁၆-၆-၂၀၁၂ | တစ်လတာကာလကို | ၂ |
| ၁၇-၆-၂၀၁၂ | မှ | ၁၆-၇-၂၀၁၂ | တစ်လတာကာလကို | ၃ |
| ၁၇-၇-၂၀၁၂ | မှ | ၁၆-၈-၂၀၁၂ | တစ်လတာကာလကို | ၄ |
| ၁၇-၈-၂၀၁၂ | မှ | ၁၆-၉-၂၀၁၂ | တစ်လတာကာလကို | ၅ |
| ၁၇-၉-၂၀၁၂ | မှ | ၁၆-၁၀-၂၀၁၂ | တစ်လတာကာလကို | ၆ |
| ၁၇-၁၀-၂၀၁၂ | မှ | ၁၆-၁၁-၂၀၁၂ | တစ်လတာကာလကို | ၇ |
| ၁၇-၁၁-၂၀၁၂ | မှ | ၁၆-၁၂-၂၀၁၂ | တစ်လတာကာလကို | ၈ |
| ၁၇-၁၂-၂၀၁၂ | မှ | ၁၆-၁-၂၀၁၃ | တစ်လတာကာလကို | ၉ |
| ၁၇-၁-၂၀၁၃ | မှ | ၁၆-၂-၂၀၁၃ | တစ်လတာကာလကို | ၁၀ |
| ၁၇-၂-၂၀၁၃ | မှ | ၁၆-၃-၂၀၁၃ | တစ်လတာကာလကို | ၁၁ |
| ၁၇-၃-၂၀၁၃ | မှ | ၁၆-၄-၂၀၁၃ | တစ်လတာကာလကို | ၁၂ |




www.burmeseclassic.com

www.burmeseclassic.com

* * *





ကောဇာ တနင်္ဂနွေဂြိုဟ်ဟာ အင်္ဂါ၊ အထွန်း၊ သိုက်၊ ရာဇ၊ ပုတိ၊ အဓိပတိ ဌာနတွေကို နှစ်ကြိမ်စီ ဖြတ်သန်းသွားပါတယ်။ ဘင်္ဂနဲ့ မရဏဌာနတွေကိုတော့ တစ်ကြိမ်စီပဲ ဖြတ်သွားပါတယ်။

ကျန်တဲ့ ဂြိုဟ်တွေဟာလဲ အဲဒီနည်း အတိုင်း သွားလာပါတယ်။ ကောဇာ မဟာဘုတ်ဂြိုဟ်ခွင်မှာ ဂြိုဟ်တစ်လုံးဟာ မိမိတို့တည်ရှိရာ ဌာနကနေ စတင်ပါတယ်။

**ဥပမာ။** ။ တနင်္လာဂြိုဟ်ဟာ ဘင်္ဂမှာ တည်ရှိလို့ ဘင်္ဂက စတင်ပါတယ်။ ဘင်္ဂမှ မရဏဌာန၊ အထွန်းဌာန၊ သိုက်ဌာန၊ ရာဇဌာန၊ ပုတိဌာန၊ အဓိပတိဌာန ပြီးရင် ဘင်္ဂ၊ မရဏ၊ အထွန်း၊ သိုက်နဲ့ နောက်ဆုံး ရာဇဌာနအိမ်ထိ သွားလာ လှုပ်ရှားနေပါတယ်။

ဂြိုဟ်အသီးသီးဟာ အဲဒီလို လှည့်လည်သွားလာနေရာမှာ ရောက်ရှိဌာန အဲဒီဌာနရှိ ဂြိုဟ်တွေနဲ့ မိတ်၊ ရန်၊ ဓာတ်နဲ့ ပက္ခအားဖြင့် ဆက်ဆံပတ်သက်နေပုံ အရ အကျိုးအပြစ်တွေ ဖြစ်ပေါ်လာ ပါတယ်။

**၁။ ပက္ခ**

မဟာဘုတ်ဂြိုဟ်ခွင်မှာ...

- ❖ ဘင်္ဂနဲ့ ဘင်္ဂ
- ❖ မရဏနဲ့ အဓိပတိ
- ❖ အထွန်းနဲ့ ပုတိ
- ❖ သိုက်နဲ့ ရာဇဌာန

တွေဟာ ပက္ခဖြစ်တဲ့ ဌာနတွေပါ။ ဆိုလိုတာကတော့ အဲဒီဌာနမှာရှိနေတဲ့ ဂြိုဟ်တစ်ခုနဲ့တစ်ခု ရန်သဘော၊ ပြဿနာသဘော၊ ပဋိပက္ခသဘော ဆောင် နေပါတယ်။

**၂။ အထွန်းနဲ့ အဓိပတိဟာ အပြန် အလှန် အကျိုးပြုတတ်ပါတယ်။**

ပုတိရယ်၊ ဘင်္ဂရယ်၊ မရဏရယ် အချင်းချင်း အကျိုးပြုပါတယ်။ သိုက်နဲ့ ရာဇကလဲ အပေးအယူသဘော ရှိပါ တယ်။ (ဒါပေမယ့် အထွန်းနဲ့ သိုက်ဟာ သုံးနဲ့လေးလို ကျောခိုင်းနေပါတယ်။ ပုတိနဲ့ အဓိပတိကျတော့ အထွန်းနဲ့ အတွဲ ဖြစ်နေပါတယ်။)

၃။ မိတ်ဂြိုဟ်တွေမှာ အပြင်မိတ်၊ အတွင်းမိတ်၊ ဓာတ်မိတ် ရှိသလို ရန်ဂြိုဟ်မှာလဲ အပြင်ရန်၊ အတွင်း ရန်၊ ဓာတ်ရန်ဆိုပြီး ရှိပါတယ်။

ဂြိုဟ်တစ်လုံးဟာ ရောက်ရှိရာဌာန မှာ ရှိတဲ့ဂြိုဟ်နဲ့ မိတ်ရန်ဓာတ်ဆက်ဆံ ပုံ သတိထားရပါမယ်။

၄။ သုတေသနပြုပြီး အထူး တွေ့ရှိ ထားတဲ့ အချက်ကတော့ ပက္ခ အမြင်ရှိနေတဲ့ ဌာန(၂)ခုက ဂြိုဟ် (၂)လုံးဟာ မိတ်ဂြိုဟ် ဖြစ်နေပြီး ဖြတ်သန်းလာတဲ့ မွေးနံဂြိုဟ်တစ် လုံးဟာ အဲဒီဌာနတွေ ရောက်ရင် မွေးနံရှင်ဟာ အလွန် အထိနာ တတ်ပါတယ်။

ဥပမာ။ ။ **ကောဇာ ၁၃၅၄ ခုနှစ်**မှာ တနင်္ဂနွေသားသမီးတစ်ဦးဟာ မေ(၁၇) ရက်မှ ဇွန်(၁၆)ရက်အထိ သိုက်ဌာနကို ရောက်တယ်။ ပြီးတော့ ဇွန်(၁၇)ရက်မှ ဇူလိုင်(၁၆)ထိ ရာဇဌာကို ရောက်ပါ တယ်။

တနင်္ဂနွေဂြိုဟ်ဟာ သိုက်ဌာနက ၄–ဟူးနဲ့ **(အင်း၀)** အတွင်းရန် ဖြစ်နေ တယ်။ သိုက်နဲ့ ရာဇဌာန (၂)ခုဟာ **ပက္ခ**ဌာနတွေဖြစ်တယ်။

သိုက်မှာရှိတဲ့ ၄–ဟူးနဲ့ ရာဇဌာနမှာ ရှိတဲ့ စနေတို့ဟာ **(ဒန်းလှ)အတွင်း မိတ်တွေ**ဖြစ်ပါတယ်။ မဟာဘုတ် ဗေဒင် လေ့လာလိုက်စားသူတွေ ကတော့ သဘောပေါက်မယ် ထင်ပါ တယ်။

တနင်္ဂနွေဟာ သိုက်ဌာနရောက်ရှိ ချိန်မှာ ရန်ဂြိုဟ်ပေါ်စီးနေတာပါ။ ရာဇ ဌာနနဲ့ ပက္ခဖြစ်နေပါတယ်။ ရန်အား နှစ်ဆတိုးပွားသွားပါတယ်။ တနင်္ဂနွေ ဂြိုဟ်ဟာ ရာဇဌာနကို ရောက်တော့လဲ ပက္ခဖြစ်နေတဲ့ သိုက်ဌာနက ၄ဟူးနဲ့ အတွင်းရန် ဖြစ်နေပြန်လို့ ရန်အား နှစ်ဆ ဖြစ်သွားပြန်ပါတယ်။

ဒါကြောင့် တနင်္ဂနွေသားသမီးတွေ ဟာ (မေ ၁၇ ရက်မှ ဇွန် ၁၆ ရက်ထိ)၊ (ဇွန် ၁၇ ရက်မှ ဇူလိုင် ၁၇ ရက် အထိ) ဆက်တိုက် အိမ်တွင်းရေးမှာ၊ အလုပ် ဌာနတွေမှာ ရန်အတိုက်အခိုက် ပြဿနာတွေ ကြုံပြီး အထိနာတတ်ပါ တယ်။

ကျွန်တော့်ရဲ့ သုတေသနပြုပုံ၊ စိစစ်



www.burmeseclassic.com

www.burmeseclassic.com

တွက်ချက်ပုံ၊ တွေ့ရှိပုံတွေကို တင်ပြပေးပြီးပါပြီ။ ဉာဏ်နဲ့ယှဉ်ပြီး ချိ့ထွင်ရန် ရှိပါတော့တယ်။

ယခုဆက်ပြီး သိထားသင့်တဲ့ အချိန်ကာလတွေကို စေတနာရှေ့ထား ဖော်ပြလိုက်ပါတယ်။ ရန်ပဋိပက္ခများ၊ အဆင်မပြေမှုများ၊ ဆုံးရှုံးနစ်နာမှုများ၊ အနာရောဂါရမှုများ၊ အန္တရာယ်ကြုံမှုများ၊ ဆွေမျိုးမိတ်ပြဿနာများ၊ အိမ်ထောင်ရေး ပြဿနာများ၊ ပညာရေးမအောင်မြင်မှုများ၊ ချောက်တွန်းခံရခြင်း၊ မကောင်းကြံခံရခြင်းများ တစ်မျိုးမဟုတ်တစ်မျိုး ကြုံတွေ့တတ်ပါတယ်။

ထို ညံ့သောကာလများတွင် ကျွန်တော် အကြံပြုထားတဲ့အတိုင်း ဆောင်ရွက်ပေးမယ်ဆိုရင် သက်သာရာရနိုင်ပါတယ်။ ကံကောင်းထောက်မမှုတွေ ကြုံတွေ့မှာပါ။

* * *

| နေ့သားသမီး | သတိထားရမည့်ကာလနံပါတ်များ | အကြံပြုချက် |
|---|---|---|
| တနင်္ဂနွေ | ၂, ၄, ၆, ၇, ၉, ၁၁ | သရဏဂုံ(၃)ပါး တစ်နေ့(၅)ကြိမ်ပွားပါ။ |
| တနင်္လာ | ၂, ၄, ၆, ၇, ၉, ၁၁ | မေတ္တာသုတ်နေ့စဉ် နံနက်,ည ရွတ်ပွားပါ။ |
| အင်္ဂါ | ၁, ၈, ၃, ၁၀, ၅, ၁၂, ၆ | မေတ္တာဘာဝနာ နေ့စဉ် (၃)ကြိမ်ပွားပါ။ |
| ဗုဒ္ဓဟူး | ၃, ၁၀, ၅, ၁၂, ၆, ၇ | ဝဋ္ဋသုတ်နေ့စဉ် (၇)ခေါက် ရွတ်ပါ။ |
| ကြာသပတေး | ၂, ၉, ၃, ၁၀, ၄, ၁၀, ၆ | သရဏဂုံ(၃)ပါး တစ်နေ့ (၅)ကြိမ်ပွားပါ။ |
| သောကြာ | ၂, ၉, ၅, ၁၂, ၆ | ပဋ္ဌာန်းတရားတော် နံနက်,ည ရွတ်ပါ။ |
| စနေ | ၂, ၉, ၃, ၁၀, ၅, ၁၂, ၆ | ခန္ဓသုတ်ကို နေ့စဉ်နံနက်တိုင်း (၇)ခေါက်ရွတ်ပါ။ |

**မှတ်ချက်**

* * *

ကာလနံပါတ်(၁)သည် ၁၇-၄-၂၀၁၃ မှ ၁၆-၅-၂၀၁၃
(၂)သည် ၁၇-၅-၂၀၁၃ မှ ၁၆-၆-၂၀၁၃
(၃)သည် ၁၇-၆-၂၀၁၃ မှ ၁၆-၇-၂၀၁၃
(၄)သည် ၁၇-၇-၂၀၁၃ မှ ၁၆-၈-၂၀၁၃
(၅)သည် ၁၇-၈-၂၀၁၃ မှ ၁၆-၉-၂၀၁၃
(၆)သည် ၁၇-၉-၂၀၁၃ မှ ၁၆-၁၀-၂၀၁၃
(၇)သည် ၁၇-၁၀-၂၀၁၃ မှ ၁၆-၁၁-၂၀၁၃
(၈)သည် ၁၇-၁၁-၂၀၁၃ မှ ၁၆-၁၂-၂၀၁၃
(၉)သည် ၁၇-၁၂-၂၀၁၃ မှ ၁၆-၁-၂၀၁၄
(၁၀)သည် ၁၇-၁-၂၀၁၄ မှ ၁၆-၂-၂၀၁၄
(၁၁)သည် ၁၇-၂-၂၀၁၄ မှ ၁၆-၃-၂၀၁၄
(၁၂)သည် ၁၇-၃-၂၀၁၄ မှ ၁၆-၄-၂၀၁၄ကို ကိုယ်စားပြုသည်။

ကောင်းမြင့်မြတ်စိန်

စာ
ပု
ဝို
လို
တ...

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၃၃၊ (၂၉)လမ်း၊
ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း-၀၁ ၂၄၂၂၈၄



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ခုနှစ်၊ ဇွန်လအတွက် ဓာတ်ကြီးငါးပါးစိုးမိုးမှုနှင့် အောင်ဘာလေ


# ထီဆုငွေ



ဇွန်လတွင် ဖွင့်လှစ်မည့် အောင်ဘာ လေထီဖွင့်ပွဲတွင် ဆွတ်ခူးငွေ များစွာ ပိုင်ဆိုင် နိုးစပ်နိုင်ကြစေရန် ၈၊ ၆၊ ၉၊ ၇ ဂဏန်းခြေများကို **ဃ၊ ဆ၊ ထ၊ ရ** အက္ခရာဝလီတို့နှင့် တွဲဖက် ရွေးချယ်သင့်ပါသည်။ မိမိတို့ မွေးနှစ်အရ အထူးပြု ကံစမ်း လိုပါလျှင် အောက်တွင် ကြည့်ပါ။

* * *

| မွေးနှစ် | လာဘ်ပွင့် အရောင် | ကံပွင့် ဂဏန်း | ကံပွင့်အရပ် | စပ်တူထိုးလျှင် | ကံပွင့်နေ့ |
|---|---|---|---|---|---|
| ကြွက် | အနီ | ၉ | တောင် | ဗုဒ္ဓဟူးသားသမီး | အင်္ဂါ |
| နွား၊ ကျား | ရွှေဝါ | ၇ | အနောက် | ကြာသပတေးသားသမီး | သောကြာ |
| ယုန် | မြေဝါ | ၂ | အနောက်တောင် | စနေသားသမီး | တနင်္လာ |
| နဂါး၊ မြွေ | အစိမ်းနု | ၃ | အရှေ့ | သောကြာသားသမီး | ကြာသပတေး |
| မြင်း | အညို | ၈ | အရှေ့မြောက် | တနင်္လာသားသမီး | စနေ |
| ဆိတ်၊ မျောက် | အပြာ | ၁ | မြောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူး |
| ကြက် | အဖြူ | ၆ | အနောက်မြောက် | ကြာသပတေးသားသမီး | တနင်္ဂနွေ |
| ခွေး၊ ဝက် | အစိမ်းရင့် | ၄ | အရှေ့တောင် | တနင်္ဂနွေသားသမီး | ကြာသပတေး |



**ဥပမာ။** ။ ကြွက်နှစ်ဖွားတို့သည် (၉)ဂဏန်းနှင့် အကျိုးပေးမည်။ တောင်အရပ်သို့သွား၍ ကံစမ်းသင့်သည်။ စပ်တူ ထိုးလိုပါက ဗုဒ္ဓဟူးသားသမီးနှင့် ကံစပ်ပါ။ အင်္ဂါနေ့ ကံလာဘ်ပွင့်လင်းစေသော နေ့ကောင်းနေ့မြတ် ဖြစ်သည်။

ဆိုင်တည်ရာ နေရာအရ ဌာနဗလ အင်အားရယူလိုပါက အရိပ်ကောင်းသော သစ်ပင်ကြီးများအောက်ရှိ ဆိုင်၊ ပန်းခြံ များအနီးရှိဆိုင်၊ ပန်းမန်အရောင်းဆိုင်အနီးရှိဆိုင်၊ အရှေ့အရပ်သို့ မျက်နှာပြုထားသောဆိုင်၊ သစ်၊ဝါး၊ ကြိမ်ထည်ပရိ ဘောဂဆိုင်များအနီးရှိ ဆိုင်၊ အထည်အလိပ်နှင့် စာအုပ်ဆိုင်ကြီးများအနီးရှိ ထီအရောင်းဆိုင်များ၌ ကံစမ်းပါ။

**ထီကံပွင့် ယတြာပြုလိုပါက...**လူ အများကိုးကွယ်သော ဘုရားစေတီတော်တွင် ရွှေရောင်စက္ကူဖြင့် ကြက်လျှာ(၇)ခု ပြုလုပ်ပြီး အနောက်ဘက်အရပ်၊ ကြာသပတေးဂြိုဟ်တိုင်အနီးမှ ကပ်လှူကာ ကောင်းမှုအစုစုကို တိုင်တည်လျက် ငွေ ကြေးစီးပွား တိုးတက်ပွားများစေရန် ဆုတောင်းပါ။ ကြာသပတေးနေ့ ညနေခင်းအချိန်တွင် လှူဒါန်းသင့်ပါသည်။

***ဝှယင်း ဓာတ်ကြီးငါးပါး အကူအညီဖြင့် ထီဆုကြီးများ ဆွတ်ခူးနိုင်ကြပါစေ။***

**ထက်မင်းကျော်စွာ**



www.burmeseclassic.com

www.burmeseclassic.com

အမျိုးသမီးများ

# မီးယပ်ချမ်းရောဂါ အတွက်

ဆေးတစ်လက်



၁၃၂၅ ခုနှစ်က ကျွန်တော်၏ဇနီး (၄)ယောက်မြောက် သမီးကလေးကို ဖွားမြင်ပါသည်။ မွေးဖွားပြီး (၃)လကြာသည့် အခါမှာ အမျိုးသမီးများမှာ ဖြစ်တတ်သည့် မီးယပ်ချမ်းရောဂါ ဖြစ်လာသည်။

မီးယပ်ချမ်း ထလာပြီးဆိုလျှင် ထိုင်နေ၍မရအောင် မချိမဆံ့ တစ်ကိုယ်လုံး တုန်နေပါသည်။ မီးယပ်ချမ်း,ချမ်းနည်းသည် ငှက်ဖျားတက်၍ ချမ်းသည့်နည်းထက် အဆပေါင်းများစွာ ချမ်းပါသည်။

ဆေးနည်းမသိလျှင် သေမတတ် ခံစားရပါသည်။ ဆရာဝန်များနှင့်ပြ၍ ဆေးထိုး,ဆေးစားလုပ်၍လည်း မထူးခြားပါ။ မြန်မာတိုင်းရင်းဆေးနည်းများနှင့် လုပ်၍လည်း မရပါ။ အချိန်ကျလျှင် ချမ်းတုန်လာပါသည်။

တစ်ပတ်လောက်ကြာသည့်အခါမှ ကျွန်တော်၏အမေကို သွားပြီး အသိပေးတော့ ကျွန်တော့်အမေက ပြောပါသည်။

'ဒါများ မခက်ပါဘူး။ ငါပြောတာကို လုပ်လိုက်။ နင့်မိန်းမ တစ်သက် ဘယ်တော့မှ မီးယပ်ချမ်းမထတော့ဘူး'

ဟု ပြောပြီး အိမ်ပြန်သွားပါသည်။

ကျွန်တော်လည်း မယုံကြည် မလုပ်ဘဲနေခဲ့ပါသည်။ နောက် (၂)ရက်လောက်ကြာတော့ ကျွန်တော့်အမေလာပြီး...

'သက်သာလား။ ချမ်းသေးလား'

မေးတော့...

'ချမ်းသေးတယ်၊ မသက်သာဘူး'

ဟု ပြောတော့...

'သား... အမေခိုင်းတာ မလုပ်ဘူးလား'

ဟု မေးပါသည်။

ကျွန်တော်က အမှန်အတိုင်း "မလုပ်ဘူး" ဟု ပြောတော့...

'နင် မလုပ်ချင်နေ၊ ငါကိုယ်တိုင် လုပ်ပေးမယ်'

ဟု ပြောပြီး လုပ်ပေးပါသည်။ တစ်ခါတည်း လုပ်လိုက်ရုံနှင့် အနှစ် (၂၀)ကျော်တိုင်အောင် သက်သာပျောက်ကင်းသွားပါသည်။

ဆေးနည်းမှာ...

ဝါးခြမ်းကို မီးဖိုထဲမှာ မှားမှားထည့်၍ မီးတောက်အောင်လုပ်ပြီး မီးလှုံရပါသည်။ ဝါးခြမ်းမီးလှုံသည့်အခါမှာ ရှေ့ဘက်လှည့် လှုံလိုက်၊ နောက်ဘက်လှည့် လှုံလိုက် လုပ်ရပါသည်။ လှုံရင်းနှင့် ချွေးများ ထွက်ပြီး သက်သာပျောက်ကင်းသွားပါမည်။ ချွေးမထွက်သေးလျှင် ဝါးခြမ်းမီး များများထည့်ပြီး ချွေးထွက်အောင် လှုံပါ။

တချို့ အမျိုးသမီးများ တစ်လတစ်ခါလောက် ဖြစ်တတ်ပါတယ်။ အဲဒီလို နှစ်ရှည်လများဖြစ်နေတဲ့ အမျိုးသမီးများ (၃)ခါလောက်လုပ်လိုက်ရင်တစ်သက်စာ သက်သာပျောက်ကင်းသွားပါလိမ့်မယ်။ ယုံကြည်စွာနဲ့ လုပ်ကြည့်ပါ။

**မှတ်ချက်။ ။ဝါးခြမ်းဆိုသည်မှာ** ဝါးလုံးတစ်တောင်လောက်ကို လေးစိတ် ခွဲထားခြင်း ဖြစ်ပါသည်။

***ကျေးဇူးရှင်မေမေကို ဦးထိပ်ထားလျက်...***

ဦးလှကြည် *(အောင်လံမြို့)*

**မှတ်ချက်။ ။စာရှုသူ သုတေသီတို့မှ သိလျှင် ဖြေကြားပေးကြပါရန်၊ မည်သည့် ဝါးအမျိုးအစား မဆို အသုံးပြု၍** ရနိုင်,မရနိုင်နှင့် အကယ်၍ သီးသန့်အသုံးပြုရမည့် ဝါးအမျိုးအစားရှိလျှင်လည်း ဖော်ပြရေးသား ပေးပို့စေလိုပါသည်။

*ဦးကျော်မိုးသိန်း*
*(စာတည်းချုပ်)*



www.burmeseclassic.com

www.burmeseclassic.com

# မဟာဘုတ်ချိန်ခွင် နှင့်

**အေးမြချမ်းသာကျော့စဉ်**

(၂-ကြွင်း သိုက်ဖွား

ဗုဒ္ဓဟူးသားသမီးများအတွက်)

အေးမြချမ်းသာကျော့စဉ်သည် (၂) **ကြွင်း မဟာဘုတ်ပိုင်ရှင် သိုက်ဖွား ဗုဒ္ဓဟူးသားသမီးများအတွက်** အထူးယတြာလည်းဖြစ်ပါတယ်။

**လေ့လာကြည့်ပါ။**

* * *

| | | |
|---|---|---|
| | ၆ | |
| ၁ | ၄ | ၀ |
| ၅ | ၂ | ၃ |

(၂)ကြွင်း မဟာဘုတ်အရ ဗုဒ္ဓဟူးသားသမီး(သိုက်ဖွား)များသည်...

အမြစ်ဂြိုဟ်ဖြစ်သော အင်္ဂါ(၃-ဂါ)သည် ပုတိ (အပုပ်)အိမ်မှာ ရှိနေတဲ့အတွက် အမြစ်အားမကောင်းဘူးလို့ ယူဆရမှာပါပဲ။

အမြစ်အား မကောင်းတဲ့အတွက် ပင်စည်အား မကောင်းနိုင်သလို အညွန့်လည်း ရှင်သန်ဖွံ့ဖြိုးဖို့ရာ ခက်ခဲပါလိမ့်မယ်။ ဗုဒ္ဓဟူးသားသမီးရဲ့အညွန့် ကြာသပတေး(၅-တေး)သည် မရဏအိမ်(အသေ)မှာ ရပ်တည်ကြောင်း တွေ့ရပါတယ်။

ထို့ပြင်...

မူလဂြိုဟ်ဖြစ်တဲ့ ဗုဒ္ဓဟူး(၄-ဟူး)သည် မိတ်ဖက်ဖြစ်သော စနေ(၀-နေ)နဲ့ ပက္ခမိနေပါတယ်။

ဒါကတော့ အိမ်ထောင်ရေး သာယာမှု နည်းပါးခြင်း၊ စိတ်သဘောထားကွဲလွဲမှုများရှိတတ်ခြင်း၊ အိမ်တွင်းပဋိပက္ခများ မကြာခဏပေါ်ခြင်း၊ ညီညွတ်မှု၊ အေးချမ်းမှု ကင်းမဲ့ခြင်းတို့ ရှိနေ

သန်းပညာ

တတ်ပါတယ်။ အချုပ်ပြောရရင် အတွင်းမိတ်ပျက်နေတဲ့အတွက် မကောင်းနိုင်ပါဘူး။

တစ်ဖန်...

အမြစ်ဂြိုဟ် အင်္ဂါ (၃-ဂါ)သည် တနင်္ဂနွေဂြိုဟ် (၁-နွေ)နဲ့ ပက္ခမိနေပြန်ပါတယ်။

ဒီတော့...

❖ ရန်များမယ်၊
❖ အတိုက်အခိုက်တွေ ပေါ်မယ်၊
❖ ဘာပဲလုပ်လုပ် အခက်အခဲကြုံမယ်၊
❖ စိတ်ပူပန်ရမှု များမယ်၊
❖ လုပ်ငန်းခွင် အန္တရာယ် များတတ်တယ်။

ဒါပြင်...

အညွန့်ဂြိုဟ် **ကြာသပတေးသည် သောကြာဂြိုဟ်နဲ့ ပက္ခမိပြန်ပါတယ်။** ဒီတော့**(ပူပင်သောက)**ဆိုတဲ့ ရန်မာတ်ကို ဖော်ဆောင်သလိုပါပဲ။

ဒီတော့...

* ရန်မကင်းဘူး။
* ပူပင်သောက များခြင်း။
* အပြိုင်အဆိုင် ပေါ်ခြင်း။

တို့ကို ဖြစ်တတ်တယ်။

အေးမြချမ်းသာကျော့စဉ်ကို ပြောပြပါ့မယ်။

ကြည့်ပါ။

* * *

ကြည့်ပါ။



ဗုဒ္ဓဟူးနေ့တွင် ဗုဒ္ဓဟူးအရပ်၌...


* စဉ့်ပန်းအိုးတစ်လုံးတွင် ရေသန့်သန့်ကြည်ကြည် ထည့်ပါ။

ပြီးလျှင်...

သပြေညွန့် (၁၁)ညွန့်
နှင်းဆီပန်းအဝါရောင် (၄)ပွင့်
ထည့်ပြီးလှူပါ။

ပြီးလျှင်...

*ရေသတ္တဝါများကို ငါးစာကျွေးခြင်း၊
* အားဆေးလှူခြင်း၊
* သင်္ဘောသီးလှူခြင်းတို့ကို ဆောင်ရွက်ပါ။





စာမျက်နှာ (၂၀၄) သို့
www.burmeseclassic.com

www.burmeseclassic.com



မောင်မြေတ္တာ
(ပါးခယ်မ)

## ပုဂံခေတ်
# မိုးကြိုးဂါထာ
## ဂါထာတော်

ရာသီစက်ဝန်းသည် နွေ၊ မိုး၊ ဆောင်း ဟူသော အဖော်အပေါင်းများနှင့် အလီလီပြောင်းကာ လည်ပတ်လျက်ရှိနေပေသည်။ ဝသန်ကာလ မိုးကျပြီဟု ပင် မဆိုသာပါ။ "မိုးကြိုး"ဟူသော ညွှဲသည်သည်ကား မဖိတ်ခေါ်ဘဲ ရောက်လာတတ်သည်။

နွေကာလတွင် အပူရှိန်ပြင်းလေ လေ မိုးကြိုးများများ ကျတတ်လေပင် ဖြစ်သည်။

"မိုးကြိုး"...ဟူသည် သိပ္ပံလောက အဆိုအရ အပူအအေးကို အခြေခံသော လျှပ်စစ်ဓာတ်စီးကူးမှု သဘောပင် ဖြစ်ပေသည်။

ထိုသို့သော "မိုးကြိုး"... ဆိုသည့် အခြင်းအရာနှင့် ပတ်သက်၍လည်း ဗုဒ္ဓဘုရားရှင်၏ ဒေသနာတော်များနှင့်တကွ ကျမ်းအစောင်စောင်တွင် အဘိဓာန်နှင့်တကွ ပြသကြသည်လည်း အများအပြား ရှိကြပေရာ၊ ထိုပြဆိုချက်တို့အနက်မှ မိုးကြိုးနှင့် ပတ်သက်၍ **"သမန္တစက္ခုဒီပနီကျမ်း"** တွင်ပြဆိုချက်ကို အကျဉ်းမျှပြရန် လိုအပ်ပေမည်။

**"မိုးကြိုး"**...ဟူသော စကားကို **"မာဂဓ အဘိဓါန်"**...တွင် **"အသနိ=ကုလိသံ=ဝဇိရံ"**...ဟူ၍ ပြ၏။ **"သုတ်မဟာဝါ မဟာပရိနိဗ္ဗာနသုတ် အဋ္ဌကထာ"**တွင် **"အသနိ ပန နဝ ဝိဓာ ဟောန္တိ။ အသညာ။ ဝိစက္ကာ။ သတေရာ။ ဂဂ္ဂရာ။ ကပိသီသာ။ မစ္ဆဝိလောဠိကာ။ ကုက္ကုဋကာ။ ဒဏ္ဍမဏိကာ။ သုက္ခာသနိ"** ...ဟူသော ပါဠိနှင့်အညီ မိုးကြိုး (ကိုး)မျိုးကို ပြဆိုရာတွင်...

(၁) အသံမပြုဘဲကျသောမိုးကြိုး
(၂) တစ်ဖက်သွားမိုးကြိုး
(၃) ရိုသကဲ့သို့ကျသော မိုးကြိုး
(၄) ဂျက်ဂျက်မည်လျက်ကျသော မိုးကြိုး
(၅) မျောက်မျက်နှာ မျှော်သကဲ့သို့ကျသော မိုးကြိုး
(၆) ငါးမြှုံးသကဲ့သို့ ကျသော မိုးကြိုး
(၇) ကြက်တောင်ဖြန့်သကဲ့သို့ ကျသော မိုးကြိုး
(၈) ထွန်တုံးကဲ့သို့ ကျသော မိုးကြိုး
(၉) လောင်မီးမိုးကြိုး

ဟူ၍ (ကိုး)ပါးအပြား ရှိကြောင်း ပြဆိုသည်။

ထိုသို့ အထူးထူးအပြားပြား ခြားနားကြကုန်သော မိုးကြိုးတို့သည် ပထဝီဓာတ်ကြောင့်လည်း ဖြစ်၏။ ဝါယောဓာတ်ကြောင့်လည်း ပေါ်၏။ တေဇောဓာတ်ကြောင့်လည်း တောက်၏။ ကမ္မပစ္စယ ဥတုဇကြောင့်လည်း ဖြစ်သည်ရှိ၏။ နတ်၊ နဂါး၊ ဂဠုန်၊ ဂုမ္ဘာန်တို့၏ လက်နက်အဖြစ် သုံးစွဲမှုကြောင့်လည်း ရောက်၏ဟု ဆိုပေသည်။

ထိုထိုသော အကြောင်းတရားများ ကြောင့် ဖြစ်ပေါ်လာသော မိုးကြိုးတို့၏ စွမ်းအား အာနိသင်များသည် ထိမှန်သောအရာကို အမှုန်အမွှားအဖြစ်သို့ ကြေပျောက်လွင့်စင်စေသည်မှ စ၍ တောင်ကိုပင် ကွဲအက်ပြိုပျက်စေနိုင်သည်အထိ စွမ်းပကားရှိကြောင်း ထို ကျမ်းအထောက်အထားများအရ ပြဆို ထားပေသည်။

ထိုသို့ အမျိုးအစားကိုးပါးရှိကြကုန် သော မိုးကြိုးကို ယခုခေတ်ကာလသို့ လောကသားတို့က အန္တရာယ် ဖယ်စေရန် ကြိုးဆောင်အံတုရာ ရှိ ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

အလားတူစွာ ရှေးမဆွကပင်လျှင် အထူးထူးအပြားပြား ကိုးပါးကုန်သော ဘေးကြီးတို့ တိုးမလာစေရန် လောက အစဉ် ဒေသနာအလာ နည်းလမ်းတို့အရ အံ့ဖွယ်ကောင်းအောင် ရှောင်ရှား ကြံတင်အသင့်ပြင်ကာ ကာကွယ်ခဲ့ကြသည်များလည်း ထင်ရှားစွာရှိနေပေသည်။

သို့သော် ထိုထိုသော နည်းကောင်းလမ်းမှန်တို့သည် ရှိနေသော်ငြား ရှာမစားတတ်သည် ဆိုသကဲ့သို့ စာကောင်းပေမွန်တို့သည် လောက၏ လူမှုဒုက္ခ သုက္ခတို့ အောက်ဝယ်၊ တစ်ထပ်ပြီးတစ်ထပ်၊ တစ်ရစ်ပြီးတစ်ရစ်၊ နစ်၍နစ်ကာ နစ်ရင်းဖြင့်ပင် ပျောက်ကွယ်လုခမန်း ဖြစ်နေကြရတော့သည်။

ကံအားလျော်စွာပင် မစ္စတာမောင်မှိုင်း အမည်ခံ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ရေးသားစီရင်အပ်သော **"ဂဠုန်ပျံ ဒီပနီ ဋီကာကျမ်း"** စာအုပ်ကို ဆရာဦးအောင်မွန်မှ ပေး၍ ဖတ်စေသဖြင့် တစ်ရစ်ရစ်နစ်ကာနေသော နည်းကောင်းလမ်းမှန် တစ်ခုကို တူးဆွခဲ့မိပါသည်။ ယင်းသည်ကား **"မိုးကြိုးလွှဲ(နှစ်)ဂါထာ"**ပင် ဖြစ်ပါသည်။

မစ္စတာမောင်မှိုင်း အမည်ခံ ဆရာကြီး သခင်ကိုယ်တော်မှိုင်း ရေးသားစီရင်အပ်သော **"ဂဠုန်ပျံ ဒီပနီ ဋီကာကျမ်း"**၊ စာမျက်နှာ(၁၅၃၊၁၅၆)တွင်...

'ရှေးအခါ ပေါက္ကံပြည် ကောင်းစားစဉ်ကာလ၊ ရာမညတိုင်းမှ ကြွလာတော်မူသော ရှင်အရဟံသည် ဤမည်သော ရွှေစည်းခုံဘုရားကြီး၏ ထီးတော် ကြေးစလောင်းအောက်၌၊ မိုးကြိုးသား အပေါင်းတို့မှ ကင်းကွာဖို့ရာ၊ ဂါထာပဌ္ဌာ ဖန်သစီကုံးသောအား၊ ရေးသားပေးတော်မူသော ဂါထာကို၊ မကြာမကြာ ရွတ်ဖတ်ပြီး၊ ဝတ်မပြတ် သရဏ္ဍာယ်ကြရမည်ဟု ပြောပြီး၊ တလော ရေးပေးခဲ့ပြန်သည့်မှာလည်း အောက်ပါအတိုင်းပင် ဟူ၏'

...ဆိုကာ ရှင်အရဟံကိုယ်တော်မြတ် စီရင်သည့် ရွှေစည်းခုံဘုရားကြီး၏ ထီးတော်ကြေးစလောင်းအောက်၌ရှိသော မိုးကြိုးလွှဲ(နှစ်)ဂါထာကို အောက်ပါအတိုင်း ဖော်ပြထားပါသည်။

### ပုဂံရွှေစည်းခုံ စေတီတော်ကြီး၏ ကြေးစလောင်း၌ရှိသော မိုးကြိုးလွှဲ (နှစ်) ဂါထာ

(၁) ဇေယျာ မုနိ ဗုဒ္ဓရူ၊
ဇေယျကံ ဇေယျ မေဝစ။
ဣမာနိ တိဏိ လေခါနိ၊
အသနိ ပရိဝဇ္ဇယိ။ ။

(၂) ဝိယော ဒေဝ မနုဿာနံ၊
ဝိယော နာဂ သုပဏ္ဏနံ၊
ဝိယော ပြဟ္မဏ ပုတ္တမံ၊
ဝိယိန္ဒြိယ နမာ မဟံ။ ။

အနက်

၁။ **မုနိ၊** ရွှေစည်းခုံစေတီတော်မြတ်ကြီး၏။ **ဇေယျော၊** ဇေယျမည်သော အရေးလည်းကောင်း။ **ဗုဒ္ဓရူ** ဗုဒ္ဓရမည်သော အရေးလည်းကောင်း။ **ဇေယျမေဝစ၊** ဇေယျသာလျှင်ဖြစ်သော။ **ဇေယျကံ၊** ဇေယျကမည်သော အရေးလည်းကောင်း။ **တိဏိ၊** သုံးပါးကုန်သော။ **ဣမာနိလေခါနိ၊** ဤအရေးတို့ကို။ **အသနိ၊** မိုးကြိုးသည်။ **ပရိဝဇ္ဇယိ၊** ဖဲကြဉ်လေ၏။

၂။ **မုနိ၊** မြတ်စွာဘုရားကို။ **ဒေဝ မနုဿာနံ၊** နတ်လူတို့သည်။ **ဝိယော၊** ချစ်အပ်၏။ **နာဂ သုပဏ္ဏာနံ၊** နဂါး ဂဠုန်တို့သည်။ **ဝိယော၊** ချစ်အပ်၏။ **ဥတ္တမံ၊** မြတ်သော။ **ပြဟ္မဏံ၊** ပုဏ္ဏားသည်။ **ဝိယော၊** ချစ်အပ်၏။ **ဝိယိန္ဒြိယံ၊** ချစ်အပ်သော ဣန္ဒြေရှိသော မြတ်စွာဘုရားကို။ **အဟံ၊** အကျွန်ုပ်သည်။ **နမာမိ၊** ရှိခိုးပါ၏။

***(နက္ခတ္တရှောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်း၏ ပါဠိအယ်ဒီတာ ဆရာကြီးဦးစံတင့် (ဓာတုကိကာယကောဝိဒ၊ ဝိနယဓရ၊ ဓမ္မာစရိယ)မှ ပါဠိအနက် ပြန်ဆိုပေးပါသည်။)***

ဆရာကြီး၏ ထိုကျမ်းတွင် ဂါထာ၏ ပါဠိကို ဖော်ပြထားသော်လည်း ဂါထာ၏ အနက်နှင့် အဓိပ္ပာယ်ကို ကျမ်းကိုင်၍ ဖော်ပြထားခြင်းမရှိပေ။

သို့အတွက် အနက်၊ အဓိပ္ပာယ်ပါသိရလျှင် ပိုမိုကောင်းမွန်မည်ဟု ကြံဆမိသည့်အတွက် ပါဠိစာပေတွင် နှံ့စပ်ကျွမ်းကျင်သူ မိတ်ဆွေရင်းတစ်ဦးဖြစ်သည့် "ဦးမြစိန်" အား အဓိပ္ပာယ်ပြန်ဆိုပေးပါရန် မေတ္တာရပ်ခံ တောင်းပန်ချက်အရ ဦးမြစိန်မှ အဓိပ္ပာယ်ပြန်ဆိုပေးခဲ့ပါသည်။

ဂါထာတော်၏ ဆိုလိုရင်း အဓိပ္ပာယ်မှာ...**"အနှောင်အဖွဲ့တို့မှ အောင်မြင်တော်မူသဖြင့်၊ လူနတ်တို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား။ အောင်မြင်ခြင်းဟူသမျှတို့ကို အောင်နိုင်တော်မူထ၍ နဂါးဂဠုန်တို့၏ ရှိခိုးကော်ရော်ဖူးမြော်ခံထိုက်တော်မူသော မြတ်စွာဘုရား။ အောင်နိုင်ခြင်းတို့ကို ပိုင်ပိုင်စွဲကိုင် အောင်နိုင်တော်မူသောကြောင့်လည်း မြတ်သောရဟန်း ပြဟ္မာတို့၏ မြတ်နိုးကြည်ညို ဖူးမြော်သည်ကိုထိုက်တော်မူသော မြတ်စွာဘုရား... တည်းဟူသော ခြင်းရာသုံးစုံ တန်ခိုးဂုဏ်တို့တွင် ညွတ်တွား ကြည်ညိုဖွယ်ရာသော ဣန္ဒြေတော်တို့ဖြင့် လွှမ်းခြုံအပ်သော ကိုးပါးဂုဏ်ထင် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး**



www.burmeseclassic.com

www.burmeseclassic.com

**အား၊ ကိုးထွေထွေမျိုး၊ ထိုထိုသော မိုးကြိုးအပေါင်းတို့မှလွင့်ပကင်းအောင်၊ လွှဲရှောင် အောင်နိုင်တော်မူပါပေ၏။**

**ထိုထိုဂုဏ်ထင် ဘုရားရှင်အား ခန္ဓာငါးမည် နှစ်လီရှပ်နာမ် သမုတ်ခံသည့် ဘုရားတပည့်တော်သည် အဋ္ဌလီဂါရဝ ဆယ်ဖြာသ၍ လက်စုံချီမိုး ရှိခိုးပူဇော်ပါ၏။ ဖူးမြော်မာန် လျှော့ ကန်တော့ပါ၏။**

**ထိုသို့ ရှိခိုးကန်တော့ရသော ကောင်းမှုကံစေတနာတို့၏ အာနုဘော်တို့ကြောင့် တပည့်တော်တို့ အပေါင်းသည်လည်း ကိုး၀၊ ကိုးတန် မိုးကြိုးရန်မှ ချမ်းသာလွတ်ကင်း ပြည့်စုံခြင်းကို ဖြစ်ရပါစေသား''**

ဟူ၍ အဓိပ္ပာယ်ရပေသည်။

ထို မိုးကြိုးလွှဲဂါထာတော်အား နှုတ်တက်ရွရွ ဝတ်မပြတ် ဆောင်ကြ၍ လည်းကောင်း၊ ဂါထာတော်ကို ကြေးပြား၊ သွပ်ပြား၊ စက္ကူကတ်ပြား အစရှိသည်တို့တွင် ရေးသား၍ မိမိတို့ အဆောက်အအုံထောင့်တိုင် လေးတိုင် တို့တွင် ကပ်ထားခြင်းဖြင့် မိုးကြိုး အန္တရာယ်မှ ကင်းပလွတ်ငြိမ်းနိုင်ကြပါသည်။

ထိုမျှမက အခြား၊ အခြားသော နည်းလမ်းတို့ဖြင့်လည်း ဉာဏ်ရှိသလို အသုံးပြုသောအားဖြင့် အစစ်အမှန်ရှိနေသော အကျိုးတရားများကို ကိုယ်တိုင်လည်းရရှိ ခံစားနိုင်ကြ၍ တစ်ပါးသူများသို့လည်း လက်ဆင့်ကမ်း ပေးဝေခြင်းဖြင့် အတ္တပရ မျှတပြည့်စုံစွာ ခံစားနိုင်ကြစေရန် ရည်သန် ကြိုးပမ်းကာ ရေးသားကမ်းလင့် လိုက်ရပါတော့သည်။

[ဤဆောင်းပါးဖြင့် ''မိုးကြိုးလွှဲဂါထာ''အား စီရင်အပ်သော ရှင်အရဟံ ကိုယ်တော်မြတ်ကြီးအား လည်းကောင်း၊ တစ်ဆင့်ရှာဖွေဖော်ထုတ်ကာ နည်းလမ်းပေးခဲ့သော ဆရာကြီးသခင်ကိုယ်တော်မှိုင်းအား လည်းကောင်း၊ ဆရာကြီး၏ ''ဂဠုန်ပျံ ဒီပနီဋီကာကျမ်း'' စာအုပ်ကိုပေး၍ ဖတ်စေခဲ့သော ဆရာဦးအောင်မွန် (လက်ထောက်ညွှန်ကြားရေးမှူး၊ တရားရုံးချုပ်)အား လည်းကောင်း၊ ယင်းဂါထာ(နှစ်)ဂါထာ၏ အဓိပ္ပာယ်ကို ဖွင့်ဆောင်ပေးသူ မိတ်ဆွေကြီး ဦးမြစိန်အား လည်းကောင်း အစဉ်အားဖြင့် အလေးအနက် ဂါရဝပြု ရှိခိုးပူဇော်လျက်၊ အထူးပင် ကျေးဇူးဥပကာရ တင်ရှိပါကြောင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။ ။ စာရေးသူ]


**မောင်မေတ္တာ** *(ဝါးခယ်မ)*

ကျမ်းကိုးစာရင်း

(၁) **မုံရွေး ဆရာတော်ကြီးသည် မုံရွာ**–အရှင်သီရိမာယာ၏ အမေးတို့ကို ဖြေကြားတော်မူအပ်သော **''သမန္တစက္ခုဒီပနီကျမ်း''** (ပြည်ထောင်စု မြန်မာနိုင်ငံတော် သာသနာရေးဦးစီးဌာနထုတ်၊ စာမျက်နှာ၊ ၁၇–၂၅)

(၂) မစ္စတာမောင်မှိုင်းအမည်ခံ ဆရာကြီး သခင်ကိုယ်တော်မှိုင်း ရေးသားစီရင်အပ်သော **''ဂဠုန်ပျံဒီပနီဋီကာ''**၊ စာမျက်နှာ ၁၅၃–၁၅၆ (ဦးတင်မောင်ကြီး မိသားစုစာပေ မြဲ–၀၇၇၅၊ အမှတ် (၁၉၉)၊ (၃၃) လမ်း ရန်ကုန်မြို့–ထုတ်၊ ဒုတိယအကြိမ်၊ ၁၉၇၈–ခုနှစ် ဇန်နဝါရီလ)

စာမျက်နှာ (၂၀၁)မှ အဆက်




**အေးမြချမ်းသာကျင့်စဉ်ကို ဂန္ထိရအမြင်ဖြင့်ကြည့်ရင်...**

* * *

ဗုဒ္ဓဟူးသားသမီး ဖြစ်တဲ့အတွက် **ပေါက်သားပုတီးဖြင့် လောကဝိဒူဂုဏ်တော်ကို ပုတီးစိပ်ပါ။**

***အေးပါစေ အောင်ပါစေ။***

**သန့်ပညာ**

www.burmeseclassic.com

# ပညာရေး အတွက်



## အထူးအဆောင်

မြတ်ဗုဒ္ဓသည် ပဋ္ဌာန်းဒေသနာတော်ကို ဆင်ခြင်တော်မူသောအခါမှသာ ခြောက်သွယ်သောရောင်ခြည်များ ကွန့်မြူးလာကြောင်း စာရှုသူတို့သိပြီး ဖြစ်ပါသည်။

မြတ်ဗုဒ္ဓကို ရည်မှန်း၍ စီရင်အပ်သော ပဋ္ဌာန်းအင်းတော်ကြီး မည်မျှ အစွမ်းထက်သည်ကို စာရေးသူအနေဖြင့် ကိုယ်တွေ့ကြုံရဖူးပါသည်။

အခက်အခဲဖြစ်နေသူများကို ပဋ္ဌာန်းအင်းတော်ကြီးအဆောင်များ စီရင်ပေးရာ ရက်ပိုင်း,လပိုင်းအတွင်း အခက်အခဲများ ပြေပျောက်သွားကြပါသည်။

ပညာရေးအတွက် ဆိုသော်လည်း ပညာရေးတစ်ခုအတွက်သာ မဟုတ်ပါ။ အလုပ်အကိုင်၊ အတိုက်အခံရန်မှစ၍ အန္တရာယ်အသွယ်သွယ်ကို ကျော်လွှားနိုင်သော လာဘ်လာဘပေါ်များစေသောအဆောင် ဖြစ်ပါသည်။

**ဤ အင်းတော်ကြီးစီရင်ပုံမှာ** ပထမဦးစွာ ပဋ္ဌာန်းပစ္စယုဒ္ဒေသကို ရအောင်ကျက်ပါ။ အများစုအနေနှင့် ရပြီး ဖြစ်ပါလိမ့်မည်။

ထို့နောက် ဖော်ပြထားသည့် အင်းကွက်တွင် ထည့်သွင်းတတ်ရန် အကြိမ်များစွာ လေ့ကျင့်ပါ။ **(မြင်းသွားဖြစ်ပါသည်။)** အကြိမ်များစွာ လေ့ကျင့်နိုင်လေကောင်းလေ ဖြစ်ပါသည်။

**စီရင်ရန်မှာ...**

- နေ့ကောင်းရက်သာရွေးပြီး စီရင်မည့်နေ့တွင် ကိုယ်လက်သန့်စင်ပါ။
- ငါးပါးသီလခံယူပါ။
- မိမိစီရင်မည့် ရွှေပြား၊ ငွေပြား၊ စက္ကူစသည်တို့ကို ပစ္စယုဒ္ဒေသရွတ်ဆို၍ သိဒ္ဓိတင်ပါ။
- သမာဓိတည်ငြိမ်သောအခါ မြတ်ဗုဒ္ဓ၏ ဉာဏ်တော်ကို အာရုံပြု၍ အင်းကွက်တွင် ရေးသွင်းပါ။
- ဖျက်ရာပြစ်ရာများ မရှိစေရန် အထူး သတိပြုရပါမည်။
- အင်းစီရင်၍ပြီးလျှင် ပစ္စယုဒ္ဒေသ သုံးခေါက်ဆို၍ သိဒ္ဓိတင်ပါ။
- ဤတွင် အင်းစီရင်ခြင်း ပြီးဆုံးပါပြီ။

* * *

| | | | | | |
|---|---|---|---|---|---|
| | | ဟေတု ပစ္စယော | ဏ္ဍမ္ဗိယ ပစ္စယော | | |
| | ဈာန ပစ္စယော | သဟဇာတ ပစ္စယော | ဝိဂတ ပစ္စယော | အာရမ္မဏ ပစ္စယော | |
| ဥပနိဿယ ပစ္စယော | နတ္ထိ ပစ္စယော | အာဟာရ ပစ္စယော | မဂ္ဂ ပစ္စယော | အညမည ပစ္စယော | အဝိဂတ ပစ္စယော |
| ဝိပါက ပစ္စယော | သမနန္တရ ပစ္စယော | နိဿယ ပစ္စယော | အတ္ထိ ပစ္စယော | အာသေဝန ပစ္စယော | အဓိပတိ ပစ္စယော |
| | ပုရေဇာတ ပစ္စယော | ကမ္မ ပစ္စယော | အနန္တရ ပစ္စယော | သမ္ပယုတ္တ ပစ္စယော | |
| | | ဝိပ္ပယုတ္တ ပစ္စယော | ပစ္ဆာဇာတ ပစ္စယော | | |

အင်းတော်ထည့်ထားပုံ

ပဋ္ဌာန်း အင်းတော်ကြီးကို ကိုယ်နှင့်မကွာ ဆောင်ထားရပါမည်။ ကျောင်းမှ၊ အလုပ်မှ၊ ရုံးမှ ပြန်လာလျှင် ဘုရား ကျောင်းဆောင်ပေါ်တွင် ထားပါ။ အလုပ်သွား၊ ကျောင်းသွားမည်ဆိုလျှင် ရိုသေစွာ ဦးချ၍ သန့်ရှင်းသော လက်နှစ်ဖက်ဖြင့် ယူပါ။ နိမ့်သောနေရာတွင် မထားမိရန် သတိပြုရပါမည်။

ကျောင်းသားများ အထူးဆောင်သင့်၏။ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးသာမက အကျိုးအနန္တပြီးသော အင်းတော်ကြီး ဖြစ်ပါသည်။

ပဋ္ဌာန်းပစ္စယုဒ္ဒေသကို နံနက် သုံးခေါက်၊ ညသုံးခေါက်ရွတ်ဆို သိဒ္ဓိတင်ပေးပါ။ ဉာဏ်ရှိသလိုသုံးနိုင်သော အင်းတော်ကြီးဖြစ်သောကြောင့် အောင်မြင်အောင် စီရင်စေလိုပါသည်။

အင်းကျိုးခြင်း၊ ကန်းခြင်း၊ ပေါက်ခြင်း စသည်တို့ မဖြစ်စေရန် မိမိတို့ဒေသ ရပ်ရွာအနီးအနားရှိသော သီလ သမာဓိကောင်းသည့် အင်းပညာရှင်တို့နှင့် တိုင်ပင်ဆွေးနွေးမှုပြုပါ။

**လေ့ကျင့်ရန်...**

***

| | | | | | |
|---|---|---|---|---|---|
| | | ၁ | ၁၆ | | |
| | ၁၇ | ၆ | ၂၃ | ၂ | |
| ၉ | ၂၂ | ၁၅ | ၁၈ | ၇ | ၂၄ |
| ၁၄ | ၅ | ၈ | ၂၁ | ၁၂ | ၃ |
| | ၁၀ | ၁၃ | ၄ | ၁၉ | |
| | | ၂၀ | ၁၁ | | |


အင်းသွားအစဉ်

**ဦးအောင်ဇော်ဝင်း**

www.burmeseclassic.com

# ဘယ်ဂါလုပ်ငန်းရဲ့

အကျိုးပေးမလဲ




လေ့လာကြည့်ပါ။

❒ **ဖေယျထီးရိုး ပါတယ်။ (က)**

ဒါကတော့ ရည်ရွယ်ချက်အတိုင်း ပြီးမြောက်ခြင်း၊ ဦးစီးခေါင်းဆောင် ဖြစ်စေခြင်းရဲ့ ပြယုဂ်ပါ။

❒ **စနေဂြိုဟ်ခုံတွင် ဩဇာလမ်း ပါတယ်။ (ခ)**

ဒါကတော့မင်းစိုးရာဇာများအကျွမ်းဝင် အကျိုးပေးခြင်း၊ကံကောင်းခြင်းရဲ့ ပြယုဂ်ပါ။

❒ **ဗုဒ္ဓဟူးဂြိုဟ်ခုံ မျဉ်းမတ်များ တွေ့ရပါတယ်။ (ဂ)**

ဒါကတော့ ဆေးဝါးဆိုင်ရာ လုပ်ငန်းများနဲ့ အကျိုးပေးပါတယ်။

❒ **တနင်္ဂနွေဂြိုဟ်ခုံ သရဖူ ထွန်းတဲ့ ဩဇာလမ်းပါတယ်။ (ဃ)**

ဒါကတော့ ရာထူးဂုဏ်ဒြပ် ရစေခြင်းရဲ့ ပြယုဂ်ပါ။

ကဲ... ဒီပုဂ္ဂိုလ်သည် ဆေးဝါးဆိုင်ရာ လုပ်ငန်းတစ်ခုရဲ့ အကြီးအကဲ တစ်ဦးပါပဲ။ ဝန်ထမ်းအလုပ်နဲ့ အကျိုးပေးပါတယ်။ ဗဟုသုတအဖြစ် တင်ပြပေးတာ ဖြစ်ပါတယ်။

**ပရံ ရက္ခန္တော အတ္တာနံ ရက္ခတိ။**

ဦးသော်ခင်(ဟသ်ာတ)




www.burmeseclassic.com

www.burmeseclassic.com

နတ်မီးတောက် ဘုန်းတော်ကြီး၏

# ဓာတ်ရပ်ပေါက် ပြဒါးလမ်း



ယခု ရေးသားဖော်ပြပေးသွားမည့် လမ်းစဉ်မှာ ပရိက္ခရားလမ်း (ပြဒါးရှင် လမ်း)ဟု အသိများကြသော လမ်းစဉ် တစ်ခုကို ကိုယ်တွေ့ ဖြစ်ပါသဖြင့် ဝိသနာရှင်အပေါင်း လေ့လာသိရှိနိုင် ကြစေရန် ထွက်ရပ်လမ်းသို့ ကြွသွား တော်မူပြီးဖြစ်သော နတ်မီးတောက် ဘုန်းတော်ကြီး နှုတ်ထွက်စကား အတိုင်း အပိုအလိုမရှိဘဲ ရေးသား တင်ပြပေးလိုက်ပါသည်။

ငွေစစ်ငွေမှုန်ကောင်းကောင်း တစ်မတ် သားကို အမှုန့်ဖြစ်အောင် တံစဉ်းသေးသေး နှင့် တိုက်၍ နုနုမှုန်မှုန်ကလေး ဖြစ်နေသော ငွေမှုန်ကလေးများနှင့် ပြဒါးစစ်တစ်ကျပ် သားနှင့် ရောစပ်လိုက်ပါ။

နှစ်ပါး ရောစပ်ပြီးလျှင် ဆန်ဆေး သလို သံပရာရည်နှင့် အကြိမ်ကြိမ် နယ်ပြီး ဆေးပါ။ မည်းမည်းညစ်ညစ် တွေ ထွက်လာမည်။ သွန်ပစ်လိုက် ပါ။ နောက်ထပ် သံပရာရည်ထည့်ပြီး ဆေးပါ။ အဲဒီလို အကြိမ်ကြိမ်နယ်၍ ဆေးပေးလျှင် နောက်ထပ် အညစ် အကြေး မရှိတော့ဘဲ သံပရာရည် ကြည်လာသောအခါမှ တော်ပါ။

သံပရာရည်နှင့် ဆေး၍ စင်ကြယ် နေသော ဓာတ်လုံးကို ကြွေပန်းကန် တွင် ထည့်၍ သံပရာရည်နှင့် မြုပ် အောင် စိမ်ပြီး နေ့ နေလှန်း၊ ည စိမ် ထားပါ။ အားလုံး ငါးရက်စေ့အောင် ပြုလုပ်ပါ။ အဲဒါ **ပထမအဆင့်**ပါပဲ။

**ဒုတိယအဆင့်**ကတော့ သံပရာ ရည် မထည့်ဘဲနှင့် နေ့ နေလှန်း၍ ညကျတော့ သံပရာရည်နှင့် စိမ်၊ အားလုံး ရက်တစ်ပတ် ပြုလုပ်ပါ။ အဲဒါ ဒုတိယအဆင့်ပါပဲ။

**တတိယအဆင့်ကတော့** ဓာတ်လုံး လုပအောင် ကြိမ်ဖန်များစွာ လက်နှင့် လုံးပေးပါ။ ပြီးလျှင် ပျားရည်ထဲ၌ နေ့ရောညပါ ဆယ်ရက်စေ့အောင် စိမ်ထားပါ။

ရက်စေ့သောအခါ ဖော်ထုတ်ရာ ရေသန့်သန့်နှင့် ယင်းဓာတ်လုံးကို ထည့်၍ နေ့ နေလှန်း၊ ည စိမ်ထားပါ။ အားလုံး ရက်ပေါင်းနှစ်ဆယ် ပြုလုပ် ပေးပါ။

ဓာတ်လုံးကို လက်နှင့် လုံးပေးပါ။ အရောင်လက်နှစ်သစ် ထွက်လာမည်။

ထို့နောက် သဲသန့်သန့် တစ်စိတ် သားလောက်တွင် အလယ်၌ မြှုပ် ထားပါ။ မဖော်ပါနှင့်။ အားလုံး ဆယ် ရက်စေ့အောင် ထားပါ။ အရောင် လက်လေးသစ် ထွက်လာမည်။ မထွက်သေးလျှင် အထက်ကနည်း အတိုင်း ပြန်၍ ပြုလုပ်ပါ။ အရောင် လက်လေးသစ် ထွက်လာသောအခါ စာဆိုအတိုင်း ပြီးဆုံးတော့၏။

## ဓာတ်လုံး အသုံးပြုနည်း

ရွှေဆိုင်းတစ်ဆိုင်းကို ခွာ၍ ဓာတ်လုံး ကိုပတ်ပြီး ပုလင်းထဲထည့်၍ လုံ့စွာ ပိတ်ထားပါ။ ရွှေပြာ အနံ့လာလိမ့် မည်။ အနံ့လာသော ရွှေပြာကို ပျား ရည်နှင့် စိမ်စားပါ။ ပြာတစ်ရွေး ပျား ရည် နှစ်ဆယ့်ငါးကျပ်သားနှင့် စား၊ အာယု ပေါက်၏။

ထို့နောက် ပုရပိုက်ခေါက် တစ်မတ် သားကို အမှုန့်ပြု၍ ပုလင်းတွင် ဓာတ်လုံးနှင့် ရောထည့်ပြီး လုံ့စွာ ပိတ်ထားပါ။ ရွှေပြာ အနံ့လာမည်။ ယင်းပြာ နာတွင် ပစ်က ကိတ်ကောင်း ဖြစ်၏။

အထက်တက်ရန်နည်းမှာ အခေါက် တစ်မူးသားကို အမှုန့်ပြု၍ ပုလင်းတွင် ဓာတ်လုံးနှင့်အတူ ထည့်၊ လုံ့စွာပိတ် ထားပါ။ ရွှေပြာ အနံ့လာမည်။ ယင်း ပြာ့ဘော်တွင် ပစ်ရာ ကိတ်ကောင်း ဖြစ်၏။

ယင်းပြာ တစ်ဆယ့်နှစ်ဆင့် ပြုလုပ် ၍ ပျားရည်နှင့် စား၊ အာဟာရသိဒ္ဓိ ထိုက်၏။ ယင်းနောက် ဓာတ်လုံးကို ပျားရည်တစ်ကျပ်သားနှင့် စိမ်သောက်၊ လက်နက်မျိုးစုံ ပြီး၏။

ပျားရည် သုံးကျပ်သားနှင့် စိမ် သောက်၊ အားအင် ကြီးမား၏။

ပျားရည် လေးကျပ်သားနှင့် စိမ် သောက်၊ ဆရာတစ်ဆူ ဖြစ်၏။

ပျားရည် ငါးကျပ်သားနှင့် စိမ် သောက်၊ ဆင်ပြောင်ငါးစီး အားမာန် ကြီး၏။

ပျားရည် ခြောက်ကျပ်သားနှင့် စိမ်သောက်၊ ကိုယ်ပျောက်၏။

ပျားရည် ခုနစ်ကျပ်သားနှင့် စိမ် သောက်၊ မနောမယိဒ္ဓိ မြောက်၏။

ဓာတ်လုံးတည်သည့် နေ့မှစ၍ အဓိဋ္ဌာန်တစ်ခုခု ထားပါ။ ဂုဏ်တော် ပုတီးပတ်ရေ အရေအတွက်ဖြင့် စိပ် ပါ။ အထက်ပုဂ္ဂိုလ်များအား မေတ္တာ ပို့ပါလေ။

ဦးသုမန (မစိုးရိမ်)



www.burmeseclassic.com

www.burmeseclassic.com



# ကျွဲ၊ နွားတို့ မျက်စိရောဂါကုနည်း



ကျွဲ၊ နွားတို့ မျက်စိတွင် ဖြစ်တတ်သော မျက်စိရောဂါ မြောက်မြားစွာ ရှိပါသည်။

❖ မှုန်မှုန်ဝါးဝါးသာ မြင်နိုင်ခြင်း၊
❖ အရာဝတ္ထုတစ်ခုကို များပြားစွာ မြင်နေရခြင်း၊
❖ အဝတ်ပါးဖြင့် ဖုံးအုပ်ထားသကဲ့သို့ မြင်ရခြင်း၊
❖ နာကျင်ကိုက်ခဲနေသော မျက်စိ၊
❖ မျက်ရည် ယိုစီးကျနေခြင်း၊
❖ ရောင်တင်း မို့မောက်နေသော မျက်စိ၊
❖ နီရောင်သမ်းနေသော မျက်စိရောဂါ၊
❖ တိမ်ဆူးထွက်နေသော မျက်လုံး၊
❖ တိမ်သလာဖုံးပြီး ပြာနေသော မျက်လုံး

စသည်... စသည်ဖြင့် တိရစ္ဆာန်တို့တွင် မျက်စိရောဂါများ ဖြစ်တတ်ပါသည်။

တိရစ္ဆာန်များ မျက်စိရောဂါ ဖြစ်ရခြင်း အကြောင်းအရင်းများမှာ အအေးမိခြင်း၊ လွန်စွာ အပူပြင်းထန်စွာမိခြင်း၊ အနံ့ဆိုးများ ထွက်သောနေရာများတွင် နေထိုင်ရခြင်း၊ စူးရှပြင်းထန်သော ရေခိုးရေငွေ့နှင့် အခြားအငွေ့များ ရှူမိခြင်း၊ ကြိမ်လုံး၊ နင်တံ ကြိုးတစ်ခုခုနှင့် ထိခိုက်မိခြင်း၊ ပွတ်မိရိုက်မိခြင်း၊

သဲ၊ ဖုန်၊ သံစ၊ ကျောက်ခဲ၊ ကောက်ရိုးခြောက်၊ ပဲရိုးခြောက်၊ ပိုးမွှားအင်းဆက်များ မျက်လုံးထဲ ဝင်ရောက်ခြင်းတို့ကြောင့် အများဆုံး မျက်စိရောဂါ ဖြစ်ရခြင်း ဖြစ်ပါသည်။

**ကျွဲ၊ နွားတို့ မျက်စိရောဂါ ဖြစ်လာလျှင်...**

❂ မျက်စိကို ခပ်မှေးမှေး (သို့မဟုတ်) လုံးဝ မှိတ်ထားတတ်ခြင်း၊
❂ တစ်ခါတစ်ရံတွင် ခဏခဏ ဖွင့်လိုက်ပိတ်လိုက် ပြုလုပ်နေတတ်ခြင်း၊
❂ မျက်ခွံပိုင်း ရောင်ရမ်းပြီး မျက်ရည်စီးကြောင်း မျက်နှာတွင် ထင်နေအောင် မျက်ရည် ယိုစီးခြင်း၊
❂ နေရောင်ခြည်နှင့် အလင်းရောင်ကို မကြည့်နိုင်သဖြင့် အရိပ်ထဲ၊ အမှောင်ထဲသို့ ဦးခေါင်းတိုးဝင်နေတတ်ခြင်း၊
❂ မျက်ခွံကို ဖြဲကြည့်လျှင် အတွင်းပိုင်း၌ နီရဲနေတတ်ခြင်း၊ (ထိခိုက်ထားသောနေရာတွင် ပိုမို သိသာစွာ နီနေတတ်သည်။)
❂ မျက်စိတွင် တိမ်စွဲပြီး မြူပြာရောင် တောက်လာတတ်ခြင်း၊

စသည်ဖြင့် ထင်ရှား သိသာ မြင်သာသော မျက်စိရောဂါလက္ခဏာများ ပြလာပါမည်။

ထိုသို့ ကျွဲ၊ နွားတို့ မျက်စိရောဂါ လက္ခဏာ ပြသလာလျှင် ပထမဦးစွာ မျက်လုံးကို ဖြဲပြီး အထက်၊အောက် သဲ၊ ဖုန်၊ အမှိုက်စများ ရှိမရှိ ကြည့်ရမည်။ ရှိလျှင် အသာအယာ ပြောင်စင်အောင် ဖယ်ပေးရမည်။

ထမင်းကြမ်းခဲနှင့် ရိုးရိုး မီးဖိုချောင်သုံးဆားကို ရောဝါးပြီး မျက်စဉ်းအဖြစ် မျက်လုံးထဲ ထွေးထည့်ပေးရမည်။

ကွမ်းဝါးသူ၊ အရက်သောက်ထားသော အာခံတွင်း မဖြစ်စေရပါ။ မျက်စိရောဂါ ဖြစ်နေသော တိရစ္ဆာန်ကို အလင်းရောင်တွင် မထားဘဲ မှောင်သောနေရာတွင် ထားပေးပါ။

ကုက္ကိုရွက်ကို ကြိတ်ပြီး သတ္တုရည်ဝါးကျပ်သားတွင် ရေတစ်ပိဿာနှင့် ရောဖျော်ပါ။ ထိုရေထဲသို့ အဝတ်သန့်သန့် စိမ်ထားပြီး မျက်စိပေါ် အုပ်ပေးရပါမည်။

**နွား၊ ကျွဲ မျက်စဉ်းခတ်ရန်အတွက်...**

'ကုက္ကိုရွက်ကို ထောင်း၍ ရေအနည်းငယ်ဆွတ်ကာ အရည်ညှစ်ယူပါ။ ထိုရေထဲသို့ ဝါဂွမ်းဖတ်နှစ်ထားပြီး နေရိပ်ထဲမှာပင် ခြောက်သွေ့အောင်ထားပါ။

ခြောက်သွေ့လျှင် ထောပတ်ထဲသို့ ထပ်မံနှစ်ပြီး မီးရှို့ပြာချပါ။ ယင်းပြာကို ကောင်းစွာ သိမ်းဆည်းထားပါ'

အသုံးပြုလိုသောအခါ ယင်းပြာမှုန့်ကို မျက်စဉ်းအဖြစ် ကျွဲ၊နွားတွင် ခတ်ပေးပါ။ မျက်စဉ်းခတ်ပေးသည့် သုံး၊ လေးရက်အတွင်း ဝမ်းမချုပ်ပါစေနှင့်။ ဆားခါးကို ရေဖျော်တိုက်ပြီး ကျွဲ၊ နွား ဝမ်းမချုပ်အောင် ပြုပြင်ပေးပါ။

အထက်ပါအတိုင်း ဂရုတစိုက် ပြုစုကုသပေးပါက ယင်း ကျွဲ၊ နွားသည် မျက်စိရောဂါ ဝေဒနာ ကင်းရှင်းစွာ ပ၊ပျောက်ပြီး ကျန်းမာသွားပါမည်။

**နတ်မောက်မြို့နယ်၊ ဒဟာတ်ကုန်းရွာ ရောက်ရှိစဉ် နွားဆေးသမား ဦးသန်းမောင်နှင့်** တွေ့ဆုံ ပြောပြသည်များ အသံ ဖမ်းယူခဲ့ပြီး ဗဟုသုတ တင်ပြ ရေးသားလိုက်ပါသည်။

*ကြီးပွား တိုးတက်ကြပါစေ။*

**နတ်မောက် လှမြင့်သစ်**



www.burmeseclassic.com

www.burmeseclassic.com

ဝေထွန်းနီ

ကျွန်ုပ်တွေ့ကြုံခဲ့ရသော

# ဒဏ္ဍာရီ မဟုတ်သော

ဖြစ်ရပ်မှန်များ (၂)



ယခင်လမှ အဆက်

ထိုစဉ် မုတ်ဆိတ်မွေးတွေ လွန်စွာရှည်လျား၍ တောင်ဝှေးကြီးကိုင်ထားသော ဒေါက်ချာဆောင်းရသေ့ကြီးတစ်ပါးသည် လူအုပ်ကြီးကြားထဲမှ ခပ်မြန်မြန် အလောတကြီး တိုးထွက်လာကာ မိဘနှစ်ပါးကို အထုပ်တစ်ထုပ် ကမ်းပေးလိုက်ပြီး "ငိုမနေကြနဲ့၊ ဒီအထုပ်ကိုယူပြီး အိမ်ကို ခပ်မြန်မြန်ပြန်ကြတော့၊ အချိန်မရှိတော့ဘူး"ဟု ပြောလိုက်လေသည်။

မိဘနှစ်ပါးက ခေါင်းတွေငုံ့နေကြကာ ကမ်းပေးလာသော အထုပ်လေးကို လက်နှစ်ဖက်စီဖြင့် ရိုရိုသေသေ လှမ်းယူလိုက်ကြပြီး အိမ်ပြန်သွားကြတော့၏။ ကျွန်ုပ် ထိုအချိန်မှာပဲ အိပ်ရာမှ လန့်နိုးလာခဲ့လေတော့သည်။

ထိုအိပ်မက်,မက်ပြီး နောက်ပိုင်းတွင် ဖျားလိုက်၊ ပျောက်လိုက်ဖြင့် လပေါင်း (၅)လကြာကြာ ဒုက္ခဆင်းရဲခြင်းကို ကြီးစွာ ခံစားလိုက်ရပါတော့သည်။

(ဤသို့ ကာလရှည်ကြီး ဖျားနေစဉ် အတောအတွင်း (၃)ရက်ပဲ ခွင့်ယူပြီး အလုပ်ကို နေ့စဉ် သွားအလုပ်လုပ်နိုင်တာကတော့ အတော့်ကို ထူးဆန်းသည်ဟု ကျွန်ုပ်စိတ်ဝယ် ခံစားရလေသည်။ ကျွန်ုပ် ခန္ဓာကိုယ်တစ်ကိုယ်လုံးလည်း ပိုးဟပ်ဖြူလို ဖြူဖပ်ဖြူရော်ဖြစ်၍နေခဲ့ပါသည်။ ပုံမှန်ငှက်ဖျားဖြစ်ခြင်း မဟုတ်နိုင်ပါ ဆိုတာကတော့ ကျွန်ုပ်သည်သာ အသိဆုံးဖြစ်ပါတော့သည်။)

ကျွန်ုပ်အတွက် မိဘများက စိုးရိမ်ကြီးစွာ ဗေဒင်များမေးမြန်းကြည့်သော အခါ၌လည်း စန်းသုဉ်း, နဝင်းသုဉ်းနေပြီဟု ဟောပြောကြလေသည်၊ ကျွန်ုပ်၏ အသက်အပိုင်းအခြားသည် အဲဒီအချိန်ကတည်းက နိဋ္ဌိတံဖွယ်ရာပဲ ရှိပါတော့သည်။ သို့သော် ကျွန်ုပ် မသေခဲ့ပါ။

ကျွန်ုပ်သည် ထိုအချိန်ကစပြီး ဂုဏ်တော်တစ်ထောင်ကို စတင် စိပ်တတ်ခဲ့လေတော့သည်၊ ဘာကိုမှ မကြောက်မလန့်တတ်သော ကျွန်ုပ်သည် တော်တော်ကြီးကို ကြောက်လန့်တုန်လှုပ်သွားခဲ့ရလေတော့သည်။ မရှိမသေ မလေးမစားတွေဖြင့် ရွတ်ရွတ်နောက်နောက်များလည်း ဘယ်တော့မှ မပြောတော့ပေ။

ဒီသတ္တလောကကြီးထဲတွင် ကျွန်ုပ်မသိသောအရာများ အနန္တမက ရှိနေပေသေး၏။ လက်တွေ့မှယုံကြည်တတ်သော ကျွန်ုပ်အတွက် လက်တွေ့ပြလိုက်သောအခါ ဘာမှ မတတ်နိုင်ခဲ့တော့ပေ။

ငှက်ဖျားဖြစ်တာနဲ့ ပြောဆိုမိတာ တိုက်ဆိုင်သွားလို့ပါဟု ထင်ကောင်း



www.burmeseclassic.com

www.burmeseclassic.com

ထင်ကြပေလိမ့်မည်။

မဟုတ်ပါ။ နောက် ဆက်ရန်တွေ ရှိပါသေး၏။

အခါမပြတ် စိတ်ဒုက္ခအခက်အခဲတွေ ရင်ဆိုင်ရစ ပြုလာခဲ့တော့၏။ ကျွန်ုပ်ကို တစ်ခါတည်း သေဆုံးသွားအောင် ပြုမှု သည်လည်းမဟုတ်ပေ။(**မှတ်လောက်အောင်၊ သံဝေဂရအောင်ဆုံးမလိုက်ခြင်း ဖြစ်ပေမည်ဟု ထင်ပါသည်။)**

ကျွန်ုပ် ကြောက်ရွံ့လာသောအခါ ရတနာမြတ်သုံးပါးအား မမေ့မလျော့ ဆည်းကပ် ကိုးကွယ်ဖြစ်ခဲ့တော့၏။ အချိန်ကို အအားမထားရဲဘဲ အချိန် ရလျှင်ရသလို ဂုဏ်တော်ကိုးပါးကို ပွားများ ထုံမွှမ်းဖြစ်ခဲ့ရပါ၏။ ကျွန်ုပ်၏ ဒုက္ခများကို တစ်ဖက်တစ်လမ်းက စောင့်ရှောက်ကူညီခဲ့သော မြင်အပ် မမြင်အပ် ပုဂ္ဂိုလ်ကြီးများကို ကျွန်ုပ် နေ့စဉ် မေတ္တာများ ပို့သဖြစ်ပါ၏။

ကျွန်ုပ် မသိနားမလည်စွာဖြင့် ဝစီကံဖြင့် စော်ကားခဲ့မိသော "ရွှေရင်ကျော် ကုဿာသယမဟိဒ္ဓိစေတီဂိုဏ်း"မှ မြင်အပ်၊ မမြင်အပ် ပုဂ္ဂိုလ်ကြီးများကို လည်း နေ့စဉ် ရှိခိုးဝန်ချ တောင်းပန်နေရတော့၏။

ကျွန်ုပ်သည် တစ်ရံမလပ်၊ နေ့သည မပျက် ရတနာသုံးပါး၊ မိဘ၊ ဆရာသမားများကို ရှိခိုးပူဇော်နေရင်းမှပင် ၁၉၉၈ ခုနှစ်၊ မတ်လ၌ ပြင်းထန်သော ကားအက်ဆီးဒင့် ဖြစ်ခဲ့ပြန်တော့၏။

ထိုအချိန်က ကျွန်ုပ်သည် မန္တလေးမြို့က ကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်နေခိုက်ဖြစ်၏။ ကျွန်ုပ်စီးသော မာဇဒါဂျစ်ကားက ရှေ့မှမောင်းနေသော ပါဂျဲရိုးကားကို တိုက်မိမလိုဖြစ်သွား၍ ကားဆရာက ကြောက်လန့်တကြား ဘရိတ်ဆောင့်အုပ်လိုက်သောအခါ ဘာပြောကောင်းမလဲ ကားက ဖင်ထောင်သွား



တော့၏။

ထိုအခါ နောက်ခန်းမှ လိုက်လာသော ကျွန်ုပ်မှာ ရှေ့ကကာထားသော သံတိုင်ဘား(၃)ခုနှင့် လျှောခနဲ ပစ်ရိုက်မိတော့၏။ ညာဘက်ဒူးခေါင်း၊ ညာဘက်တံတောင်ဆစ်၊ လည်ပင်း ညာဘက် (၃)ချက်ထိခဲ့၏။ လည်ပင်းမှ အသံ "အွတ်"ခနဲ ထွက်သွားသံကို ကားဆရာပင် ကြားရသည်ဟု ဆို၏။ ကျွန်ုပ် တစ်ခဏ အသက်ထွက်သွားခဲ့သည်ထင်၏။

ဆေးခန်း ချက်ချင်းမောင်းပြီး ဆေးထိုးလိုက်ရ၏။ ဒူးခေါင်းက ဒဏ်ရာက နာကျင်လွန်းအားကြီး၍ မျက်ရည်ပေါက်ပေါက် ကျခဲ့ရ၏။ ဆရာဝန်က "ဒီတစ်ရက် ငြိမ်ငြိမ်နေကြည့်လိုက်ပါ။ မသက်သာရင် ဓာတ်မှန် ရိုက်ကြည့်ရပါမယ်"ဟု ဆို၏။ ထိုနေ့က ဒဏ်ရာက သက်သာသွား၍ ဓာတ်မှန်မရိုက်ကြည့်ခဲ့ခြင်း၏ အကျိုးဆက်များ နောက်မှ ပေါ်ပေါက်လာခဲ့တော့၏။

နောက်(၂)လ (၃)လအကြာ ဒူးခေါင်းက ဒဏ်ရာက ကိုက်ခဲလာခဲ့၏။ ညာဘက်လက်မောင်း လက်ပြင်ကြောများ ကိုက်ခဲလာခဲ့၏။ လည်ပင်းက ဒဏ်ရာက ဘာမှမဖြစ်သေး။ (တစ်ပတ်ကို (၂)ရက်လောက်က ခွင့်ယူပြီး နားနေရတော့၏။ ပုဂ္ဂလိကကုမ္ပဏီဖြစ်သည့်အတွက် ရက်ပျက်လျှင် ပျက်သလောက် လစာထဲက ဖြတ်တောက်ခြင်း ခံရ၏။)

ဝေဒနာများဖြစ်လေ အိပ်မက်ထဲက အဘ၏ ဂုဏ်တော်တစ်ထောင်ကို ရွတ်ဖတ်ပူဇော် ပုတီးစိပ်ဖြစ်လေ ဖြစ်ခဲ့ရ၏။ ကျွန်ုပ်အဖြစ်နှင့်ကျွန်ုပ် ကြိတ်မှိတ်ခံစားခဲ့ရတော့၏။

မန္တလေးမြို့ပေါ်ရှိ တိုင်းရင်းဆေးဆရာများနှင့်ပါ ပြသသော်လည်း မသက်သာခဲ့ပါ။

၁၉၉၉ ခုနှစ်၏ နောက်ဆုံးလတွင် ဆင်ဖြူရှင်တံတားရှိရာ ဆိုက်ထဲသို့ အလုပ်တာဝန်ဖြင့် ရောက်ခဲ့ရာမှ အကြောပြင်ဆရာတစ်ဦးကို ထူးခြားဆန်းကြယ်စွာဖြင့် မထင်မှတ်ဘဲ ဆုံတွေ့ခဲ့ရ၏။

လမ်းကောင်းကောင်း လျှောက်မရချင်သော ဝေဒနာနှင့် ညာဘက်လက်ပြင်ကြော ဝေဒနာတွေပါ မိနစ်(၂၀)လောက်ဖြင့် ပျောက်ကင်းသွားပြန်၏။ ဆရာကို ကန်တော့ခငွေမှာ (၂၀၀)ကျပ်ပဲ ရှိပါ၏။

**(နောက်မှ သိရှိခဲ့ရသည်မှာ ကျွန်ုပ် ကို အကြောပြုပြင်ပေးသော ဆရာ သည် သူ့တောရွာလေးကလွဲပြီး ဘယ်မှာမှ ဆေးလိုက်မကုပါ။ ငယ်စဉ် (၁၅)နှစ်သားကတည်းက အကြောပြုပြင်နိုင်သူဟု သိရပါသည်။ ဆရာ၏လက်နှင့် အကြောကိုထောက်လိုက်လျှင် သန်မာလှသော နွားမတမ်း တစ်ကောင်ပင်လျှင် ဖင်ထိုင်လဲကျသွားသည်ဟု သိရပါသည်။ အဲဒီလောက်ထိ အကြောကို ပိုင်နိုင်စွာ ပြုပြင်ကုသနိုင်သော ဆရာ ဖြစ်သည်တဲ့။ လေဖြတ်သွားသည့် လူနာလောက်ကတော့ ကျွမ်းကျင်စွာ**





www.burmeseclassic.com

www.burmeseclassic.com

**ကုသပေးနိုင်သည်ဟုလည်း သိရှိခဲ့ရပါသည်။)**

၂၀၀၀ပြည့်နှစ်တွင် ရှေးမှုတော်တားစီမံကိန်းသို့ (၆)လတာမျှ ရောက်ခဲ့ရ၏။ နံနက်(၇)နာရီမှ ညနေ(၆)နာရီထိ စာရင်းဇယားများကို တွက်ချက်စစ်ဆေးလုပ်ကိုင်ရသောအခါ ပင်ပန်းပြီး အားနည်းကာ ညာဘက်နားထဲမှ လေများ ထွက်လာခဲ့၏။

စစ်ဆေး စမ်းသပ်ကြည့်တော့လည်း မထူးခြား မသက်သာ။ လေတွေက အခါမလပ် နေ့ညမပြတ် ထွက်နေတော့၏။ ကျွန်ုပ်က သိလိုက်ပါပြီ။ ဘာနှင့်မှ ကုလို့ရအံ့မထင်ပါ။ ကိုယ့်အပြစ်နှင့် ကိုယ် ခံနေရပေတော့မည်။

သို့သော် ထူးခြားတာက ကျွန်ုပ်နေ့စဉ် အိပ်ပျော်နိုင်ခြင်းပင် ဖြစ်၏။ တကယ်ဆို အခါမလပ် နား လေထွက်နေပုံမျိုးဖြင့် ဒီဝေဒနာဆိုးကြီးကို ခံနိုင်ရည် ရှိနိုင်မည်မထင်ပါ။ ကျွန်ုပ် မသိတာကို သိအောင်ပြနေလေရော့ထင့်။ နောင်တသည် နောင်မှ ပူပန်ရခြင်းပင် ဖြစ်ပါသည်။

သို့သော် ရတနာမြတ်သုံးပါးအား နေ့ညမပျက် ကိုးကွယ်ဆည်းကပ်နေ၍ တစ်ဖက်က ကူညီစောင့်ရှောက်ခြင်းအမှု ရှိပေးနေသည်ထင်ပါ၏။

ရှိရှိသမျှ ရောဂါဝေဒနာများကို အန်တုရင်ဆိုင်ရင်းရန်ကုန်သို့သင်တန်းသွားတက်ရပြန်၏။ ပုဂ္ဂလိကကုမ္ပဏီမှ အလုပ်ထွက်ပြီး အစိုးရရုံးလုပ်ငန်းသို့ ဝင်ရောက် အလုပ်လုပ်နေပြီ ဖြစ်သည့်အတွက် ၂၀၀၂ ခုနှစ်မှ ၂၀၀၆ ခုနှစ်၊ မတ်လအထိ နားလေထွက်၊ အာရုံကြောညှပ်၊ နားအနည်းငယ်မကြား၊ ကြာကြာမထိုင်နိုင်သည့် ဝေဒနာများ ကြားမှပင် ဇွဲမလျှော့ မာန်တင်းပြီး သင်တန်းကို အောင်မြင်စွာ တက်နိုင်ခဲ့၏။



သင်တန်းတက်နေစဉ် ၂၀၀၆ ခုနှစ်၏ တစ်ရက်သောရက်၌ ကျွန်ုပ်သည် ရွှေတိဂုံဘုရားပေါ်ရှိ ရှင်စောပုဘုရားရှေ့၌ စိပ်ပုတီးစိပ်နေခိုက် အာရုံထဲ၌ လည်ကတုံး ရှပ်အင်္ကျီအဖြူလက်တို ဝတ်ထားသူတစ်ဦးကို ဖျတ်ခနဲ မြင်လိုက်ရ၏။ မျက်နှာကိုတော့ သဲကွဲစွာ မမှတ်မိလိုက်ပါ။ ''ဘာများပါလိမ့်'' ဆိုပြီး အမှုမဲ့နေခဲ့၏။

နောက်တစ်နေ့၌ အတူနေ အစ်မကြီးတစ်ဦးက ကျွန်ုပ်၏ ရောဂါဝေဒနာများကို ပြကြည့်ရန် ဆရာတစ်ဦးထံ ခေါ်ခဲ့၏။ ဆရာက ဝန်ထမ်းတစ်ဦး ဖြစ်သည်ဟု ဆိုပါသည်။ ညနေရုံးဆင်းမှ ဆေးကုသပေးမှာဖြစ်၍ ခဏစောင့်နေရသေး၏။ (ဆရာက မြန်မာတိုင်းရင်းဆေးသမားတော်ကြီးလည်း ဖြစ်ပါသည်။)

ဆရာ့ဆေးခန်းထဲ ထိုင်စောင့်နေစဉ် မျက်လုံးကို ဟိုဒီ ဝေ့ဝဲကြည့်မိသည့်ခဏ ဆရာ့ဆေးခန်းထဲရှိ ဘုရားစင်၏ အောက်နားကျကျ၌ ချိတ်ဆွဲထားသော ဓာတ်ပုံကြီးကို မြင်ရသည့်အခိုက် အံ့သြသွားမိရပါ၏။

ထိုဓာတ်ပုံကြီးမှာ ကျွန်ုပ်အိမ်မှာရှိနေသော ဓာတ်ပုံကြီးနှင့် တစ်ပုံစံတည်း ဖြစ်နေ၍ ဖြစ်ပါသည်။ ကျွန်ုပ် ဝစီကံဖြင့် စော်ကားသလိုဖြစ်သွားခဲ့မိသော ပုဂ္ဂိုလ်ကြီးများ၏ ဓာတ်ပုံများပင်တည်း။ တိုက်ဆိုင်မှုကား နည်းနည်းနောနော တိုက်ဆိုင်မှုမဟုတ်ပါ။ (တဖြည်းဖြည်းနှင့် အပြစ်တွေကို ကျေအောင် ချေပေးနေလေရော့သလား။)

ဆရာလာပြီဆို၍ လှမ်းကြည့်မိတော့လည်း ကျွန်ုပ် အာရုံထင်မြင်ခဲ့သည့်အတိုင်း လည်ကတုံးရှပ်အဖြူလက်တို ဝတ်ထားသူ ဖြစ်နေတော့၏။

ကျွန်ုပ်အလှည့် ရောက်အောင် အတော်ကြာသည်းခံပြီး စောင့်ဆိုင်းနေရ တော့၏။ လူနာများကား အလွန်များပြားလှတာကို တွေ့ရ၏။ ဆရာ ဆေးကုတာကို ကျွန်ုပ်ထိုင်ကြည့်ပြီး အကဲခတ်နေမိ၏။ ဆရာသည် ဆေးဖိုးဝါးခကို အများကြီးမယူရှာပါ။ စေတနာအပြည့်ဖြင့် ဆေးကုပေးနေတာကို မြင်ရ၏။

အဓိက,ကတော့ အကြောများကို ပြုပြင်ပေးနေရတာကို မြင်နေရ၏။ (လေဖြတ်ရောဂါ ဝေဒနာသည်များ အများဆုံး လာရောက် ကုသနေတာကို မြင်နေရပါသည်။)

ကျွန်ုပ်အလှည့် ရောက်သောအခါ ဇာတ်ကြောင်းစုံ ခင်းပြလိုက်၏။

'အမလေး ငါ့သမီးရယ် ညည်းဖြစ်နေတာ ကြာလှပြီပဲ။ ဒါကို ဆရာ့ဆီအခုမှ ရောက်လာတယ်။ ရန်ကုန်ရောက်နေတာ ကြာနေတာတောင် မသိဘူးလား။ အင်းလေ အချိန်ကျမှ ရောက်လာကြရတာပါပဲလေ'

ဟု ပြောလေ၏။

ဆရာ့ထံ (၂)ရက်ခြား၊ (၃)ရက်ခြား တစ်ခါ သွားသွားပြီး အကြောတွေပြင်ရ၏။ ကျွန်ုပ်၏ ဆေးဖိုးဝါးခသည် တစ်ခါသွားမှ (၂၀၀)ကျပ်နှင့် (၅၀၀)ကျပ်ထိပဲ ကုန်ပါ၏။ အဲဒါတောင် သောက်ဆေးပေးလိုက်မှ (၅၀၀)ကျပ်ပဲ ပေးရပါ၏။



www.burmeseclassic.com

www.burmeseclassic.com

အကြောပြင်နံ့ဆို (၂၀၀)ကျပ်ပဲယူ၏။

ဆရာ့ထံပြသနေရင်း တစ်ရက်တွင် ဆေးခန်းလာပြသော အမျိုးသမီးကြီး တစ်ဦးနှင့် ဆုံမိကြလေ၏။ ကျွန်ုပ်ဆေးခန်းမှ အထွက်တွင် ထိုအမျိုးသမီးကြီးလည်း လိုက်ထွက်လာခဲ့ပြီး "ဒီမယ်ငါ့တူမကြီးကို ပြောရဦးမယ်။ ယုံတာမယုံတာတော့ မတတ်နိုင်ဘူးပေါ့"ဟု ဆိုလာ၏။

ကျွန်ုပ်က...

'ပြောပါ အန်တီ။ ကျွန်တော် နားထောင်နေပါတယ်"

ဟု ပြောလိုက်၏။

'ငါ့တူမကြီး ဆေးခန်းထဲဝင်လာတာ မြင်တော့ အန်တီ ကြက်သီးတွေ တဖြန်းဖြန်း ထသွားတယ်။ တစ်ခုခုတော့ တစ်ခုခုပဲ။ ငါ့တူမကြီးမှာ ထူးခြားချက် ရှိနေတယ်။ ဗိုလ်တထောင်ဘုရားက မြနန်းနွယ်နန်းမှာ ပွဲတစ်ပွဲသွားပေးကြည့်လိုက်ပါလား'

ဟု ဆို၏။

ကျွန်ုပ်က "လုပ်ကြည့်တာပေါ့ အန်တီ"ဟု ပြောကာ လမ်းခွဲထွက်ခဲ့၏။ (နောက်မှသိရသည်က ထိုအန်တီကြီးသည် အရင်က ဗုဒ္ဓဘာသာဝင်မဟုတ်ပေ။ အိမ်ထောင်ကျပြီးမှ ဗုဒ္ဓဘာသာဝင်ဖြစ်လာခဲ့ကာ အမြင်ဓာတ်၊ အကြားဓာတ်တွေပါ ရလာခဲ့သည်ဟု သိရပါသည်။)

ကျွန်ုပ်သည် ကိုယ်မသိသော်လည်း စော်ကားသည့်အမှုကို မပြုလုပ်ရဲတော့ဘဲ နောက်နေ့တွင် မြနန်းနွယ်နန်းသို့ သွားကာ ပွဲတစ်ပွဲပေးလိုက်၏။ ထိုင်၍ ကား မကန်တော့ပါ။ ဘာထူးခြားချက်ရှိမလဲ သိချင်၍သာ လုပ်ပေးလိုက်ခြင်း ဖြစ်၏။

အဲဒီညဌ် အသံကြီးကြားရပါသည်။ "**ဆရာရိုက်တာ**"ဟူသတည်း။ အသံ



ကြီးက ပီသကြည်မြလွန်းလှပါ၏။ ဟိန်းထွက်နေပါ၏။ ကိုင်း... ဘာများ တတ်နိုင်ကြပါမည်နည်း။ ဘာမှ မတတ်နိုင်တော့ပါ။ လွန်ခဲ့ပါပြီ။

ကျွန်ုပ်သည် လှိုင်မြို့နယ်ထဲတွင်ရှိ သမားတော်ကြီး ဆရာကြီးဦးသန်းဆွေထံ (၁၁)ခါ အကြောပြင် ကုသခဲ့၏။ ဝေဒနာများ တော်တော်ကြီးကို သက်သာခဲ့ပါသည်။

နားက ဝေဒနာကို အချိန်ဆက် မပေးနိုင်၍ ရှင်းရှင်းတော့ မပျောက်ခဲ့ပါ။ တဖြည်းဖြည်းနှင့်တော့ ဝေဒနာများ လျော့ပါးစ ပြုလာခဲ့ပါပြီ။

တစ်ခါတစ်ရံ နားထဲတွင် အသံကြီး ကြားရလေသည်။

'သံသရာတစ်ကြောမှာ အိပ်ခဲ့ပေါင်း များလှပြီ မပျင်းပါနဲ့။ ကိုယ့်အလုပ်ကို မပျက်မကွက် လုပ်နေပါ'

တဲ့...။

တစ်ခါတစ်ရံ၌လည်း အိပ်မက်ထဲတွင် တောင်ဝှေးကြီး ကိုင်ထားသော ဒေါက်ချာဆောင်းရသေ့ကြီး ပေါ်လာပြီး...

'အေး အခုလုပ်နေတဲ့အလုပ်ထက် လျော့လုပ်ဖို့တော့ စိတ်မကူးနဲ့၊ လျော့လုပ်လို့က

တော့ ရှုံးအောင်လုပ်ပစ်မယ်။ ရှုံးဖို့သာပြ... ထား'

ဟု လာပြောတတ်လေသည်... ကျွန်ုပ်သည် တဖြည်းဖြည်း ကြောက်... ကြောက် လာခဲ့မိပါတော့သည်။

နောက်ဆုံးတော့ ကြောက်ကြောက်... နှင့်ပင် ပုတီးကို အချိန်ရရင် ရသလို... နင်းကန် စိပ်နေမိခဲ့ရတော့သည်။ ဘယ်... လိုမှ လျှော့လုပ်လို့ မရတော့တာ... ကတော့ အသေအချာ ဖြစ်နေပါပြီ...

တချို့ မသိနားမလည်သူများက... "ပုတီးချည်းပဲ စိပ်မနေနဲ့၊ ရှုံးသွားလိမ့်... မယ်"ဟု ပြောဆိုကြ၏။ ကျွန်ုပ်က... ဘာမှ ပြန်မပြောပါ။ ပြုံးရုံသာ ပြုံးနေ... လိုက်ပါသည်။ သို့သော် ကျွန်ုပ်၏... စိတ်ထဲကတော့ "ငါကတော့ ပုတီး... စိပ်ရင် မရှုံးဘူး။ မစိပ်ဘဲ ပစ်ထား... တော့မှ သွက်သွက်ခါအောင် ရှုံးသွား... မှာမို့ ပုတီးစိပ်နေရတာပါ"ဟု ပြော... မိပါသည်။

'လူဆိုတာ မွေးဖွားလာကတည်းက ဘေး... ဆုံးခြင်းနဲ့ နိဂုံးချုပ်ရမှာ မလွှတာပဲ။ အေး... အဲဒီ မသေဆုံးခင်စပ်ကြားမှာ ရတနာမြတ်... သုံးပါးကို ရိုသေကိုင်းရှိုင်းတဲ့ လူတွေကို ဆင်း... ဒုက္ခကြီးစွာ မရောက်ရအောင်၊ မဖြစ်သင့်... တာတွေ မဖြစ်ရအောင် ငါတို့က တတ်နိုင်... သမျှ စောင့်ရှောက်နိုင်တယ်။ ငါတို့ကို ကိုးကွယ်... ဆည်းကပ်စရာ မလိုဘူး။ ရတနာမြတ်သုံး... ကိုပဲ မမေ့မလျော့ ကိုးကွယ်ဆည်းကပ်...

ကျွန်ုပ်အား အသံဖြင့် ညွှန်ကြားခဲ့... ပေးသူကား အဘယ်သူနည်း။ ကျွန်ုပ်... အဲဒီအချိန်က မသိခဲ့ပါ။ (**အခုတော့... သိရှိသင့်သလောက် သိရှိခဲ့ပါပြီ...**

လူဆိုသည်မှာ ကိုယ့်ကံအကြောင်း... နှင့် ကိုယ်လာကြသူများ ဖြစ်ပါ၏... ကျွန်ုပ်သည် ဘယ်ကလာခဲ့သည်... ဘယ်ကိုသွားရမှာလဲ၊ မသိမမြင်နိုင်... အမှောင်ထဲက လာခဲ့သည်...





www.burmeseclassic.com

www.burmeseclassic.com



# ၂၀၁၃ ခုနှစ်၊ ဇွန်လအတွင်း ပုံရိပ်ရှင်တို့၏ ကံကြမ္မာ

ဟူကျင်းဇီ (Hu Jin Zhi)

ဤလတွင်...



✣ ကြွက်နှစ်ဖွား

လုပ်ငန်းစီးပွား အခက်ခအခဲ နည်းပါး၍ ပုံမှန် လည်ပတ်သွားနိုင်ပါမည်။ ဝန်ထမ်းများ ရာထူးလစာ တိုးတက်နိုင်ခြေ မရှိသေးသော်လည်း လုပ်ငန်းခွင်ပြဿနာများ နည်းပါးလိမ့်မည်။

ပတ်ဝန်းကျင်မှ လူများနှင့် သင့်တင့်မျှတအောင် ဂရုစိုက် ပြောဆိုနေထိုင်သင့်သည်။ အမျိုးသမီးများ ကြောင်းလမ်း စေ့စပ်ခြင်း ခံရတတ်သည်။



✣ နွားနှစ်ဖွား

မိတ်ဆွေသားချင်းများ၏ အရေးကိစ္စများတွင် ကိုယ်ရောစိတ်ပါ အင်တိုက်အားတိုက် ကူညီပေးရဖွယ် ရှိသည်။ လျှပ်စစ်အသုံးအဆောင် ပစ္စည်းများ ပျောက်ဆုံးပျက်စီးသဖြင့် အစားထိုး လဲလှယ်ပြုပြင်ရကိန်းရှိသည်။

သမိုင်းဝင် အဓိကရနေရာများသို့ သွားရောက်ရတတ်သည်။ နွားပုံရိပ်ရှင် အိမ်ထောင်ဦးစီးတို့မှာ ချွေးမ, ရနိုင်ခြေရှိသည်။



✣ ကျားနှစ်ဖွား

ရတနာပုံ ဆိုက်ကိန်းကြုံသောကာလ ဖြစ်သည်။ ငွေကြေးအစုအပုံလိုက် ရနိုင်သည်။ စည်းစိမ်ဥစ္စာ တိုးပွားမည်။ အိမ်ထောင်ရှိ အမျိုးသမီး ဇာတာရှင်တို့ သားသမီးရတနာ ရလိမ့်မည်။

လူပျိုလူလွတ် "**ကျား**"တို့မှာ ဇနီးမယား ရတတ်လေသည်။ ထိထိုးလိုပါက နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာတည်းအဖွဲ့မှ ထုတ်ဝေသော တရုတ်ရိုးရာ ဟောကိန်းစာအုပ် (ကျားနှစ်ဖွား)တွင် ရှာဖွေကံစမ်းပါက ပို၍ ကံထူးနိုင်ကြသည်။



✣ ယုန်နှစ်ဖွား

ငွေကြေးလာဘ်လာဘ အတန်အသင့် ရွှင်လန်းစွာ ဝင်ကိန်းရှိပါသည်။

လေ့လာမှတ်သားထားသော နှုတ်မှုလက်မှု အတတ်ပညာများကြောင့်လည်း တိုတိုထွာထွာ လာဘ်လာဘများ ဝေဝေဆာဆာ ရှိနေတတ်သည်။

ဆန်စပါးဝင်နိုင်သည်။ ရွှေငွေ လက်ဝတ်တန်ဆာများ အသစ် လဲလှယ်ရဖွယ်ရှိသည်။



✣ နဂါးနှစ်ဖွား

ပရဟိတလုပ်ငန်းများပြား၍ ကိုယ်ပိုင်ဝတ္တရား ဟာဟိရများ လစ်ဟင်းရတတ်သည်။

ရပ်ဝေးဇာတိမြေမှ မိတ်ဆွေသားချင်း ရောင်းရင်းများ ရောက်ရှိလာကာ သူတို့၏ အရေးကိစ္စများအတွက် အချိန်ပေး ကူညီရကိန်းရှိသည်။ ဖန်ထည်မှန်ထည် အသုံးအဆောင် ပစ္စည်းများ ဝင်နိုင်သည်။



✣ မြွေနှစ်ဖွား

သွားပုပ်လေလွင့် ပြောဆို နှိမ့်ချမှုများ ခံရတတ်သည်။ ရန်သူပေါ်များသောကာလ ဖြစ်ရာ အပြောအဆို အနေအထိုင် သတိထားပါ။

အိုးအိမ်ခြံမြေ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများ ပျောက်ပျက်နိုင်သည်။ လူငယ်လူရွယ်တို့မှာ နှလုံးသားရေးပြဿနာများ ပေါ်ပေါက်၍ ခက်ခဲစွာ ဖြေရှင်းရဖွယ်ရှိသည်။



✣ မြင်းနှစ်ဖွား

အကြံအစည် အောင်မြင်တတ်သည်။ ကြိုတင်မျှော်လင့်ထားသော စိတ်ကူးအိပ်မက်များ အကောင်အထည် ပေါ်လာနိုင်သည်။

ကြွေထည်မြေထည် အသုံးအဆောင်ပစ္စည်းများ လက်ဆောင်ရဖွယ်ရှိသည်။ အိမ်ထောင်မရှိသေးသူ မြင်းနှစ်ဖွားတို့သည် လက်တွဲဖော် ချစ်သူရည်းစားရကိန်းရှိသည်။



✣ ဆိတ်နှစ်ဖွား

သားသမီး ငယ်ရွယ်သူများအတွက် စိတ်လက်ရှည်စွာ ဆုံးမနားချ ဩဝါဒ ပေးရကိန်းရှိသည်။ ကျီအက်အမ်ဖုန်းများ ဝင်တတ်သည်။ စားဖိုဆောင်သုံးပစ္စည်းများနှင့် ဆက်စပ်၍ ငွေကြေး အကျိုးအမြတ်များ ရရှိနိုင်ကြသည်။

ယာဉ်ရထား မတော်တဆဖြစ်မှု သတိပြုပါ။ ဒဏ်ရာမကြီးမားသော်လည်း အလုပ်အကိုင် ပျက်ရတတ်သည်။



✣ မျောက်နှစ်ဖွား

ကံဇာတာ မှေးမှိန်



www.burmeseclassic.com

www.burmeseclassic.com

သောကာလ ဖြစ်သည်။ အခက်အခဲ ပြဿနာ ကြုံဆုံ ရင်ဆိုင်ရသောအခါ မိတ်ဆွေ အပေါင်းအသင်းများက မျက်နှာလွှဲသွားခြင်းကို ခံရတတ်သည်။

ခါးဝတ်တန်ဆာများ ပျောက်ဆုံး ပျက်စီးနိုင်သည်။ ကျန်းမာရေးကိစ္စ ကြုံရပါက ဆေးထိုးဆေးစားမှုများ၍ ဒုက္ခပိုနိုင်သဖြင့် သတိပြုပါ။



✣ ကြက်နှစ်ဖွား

ကူဖော်လောင်ဖက် တပည့်တပန်း ရရှိနိုင်ကြသည်။ စီးပွားရေးနှင့် နှလုံးသားရေးကိစ္စများအတွက် အကူအညီ အထောက်အပံ့ကောင်းများ လက်ခံရတတ်သည်။

သစ်၊ ဝါး၊ ကြိမ် အိမ်ထောင်ပရိဘောဂများ ဝင်ကိန်းရှိပါသည်။ ကြက်နှစ်ဖွားအိမ်ရှင်မတို့အတွက်သမက်ရနိုင်ကြသည်။



✣ ခွေးနှစ်ဖွား

ကြိုးစည် လုပ်ဆောင်သမျှ အောင်မြင် ဖြစ်ထွန်းသောကာလဖြစ်သည်။ စွမ်းဆောင်ရည်မြင့်မား၍ ကောင်းစွာ စိုက်ထုတ်ခဲ့သော လုံ့လဥဿဟ အကျိုးကြောင့် သူကောင်းပြုချီးမွမ်းခြင်းခံရတတ်သည်။

ရှေးဟောင်း စေတီပုထိုးများသို့ သွားရောက် ဖူးမြော်ရကိန်းရှိသည်။ မင်းစိုးရာဇာ ဂုဏ်သရေရှိမိတ်ဆွေများ တိုးပွားနိုင်သည်။



✣ ဝက်နှစ်ဖွား

နေထိုင်မှုအဆင့်အတန်း လျော့ကျတတ်သည်။ သူခိုးသူဝှက်ရန်ကာကွယ်ထားသင့်သည်။ စီးပွားရေးသမားတို့ အပြိုင်အဆိုင် ဒုက္ခပေးတတ်သောကာလ ဖြစ်သည်။

စိတ်မချမ်းမြေ့ဖွယ် သတင်းစကားများ ကြားသိရတတ်သည်။

အဝေးရောက်နေသူထံမှ အဆက်အသွယ်ရနိုင်သည်။ ရေထွက်ပစ္စည်းအကျိုးအမြတ်ရနိုင်၍ မိန်းမပျိုတို့မှာ ခင်ပွန်းရကိန်းရှိသည်။

ဤလတွင် ကံဇာတာညံ့ဖျင်းနေသူများသည် စာရွက်စာတမ်း လှူဒါန်းခြင်းဖြင့် ကံမြှင့်နိုင်ကြပါသည်။ ကြာသပတေးနေ့တွင် သုတ်ပရိတ်ဂါထာများ ပုံနှိပ်ထားသည့် တရားစာအုပ်များ ဓမ္မဒါနပြု လှူဒါန်းပါ။ အခက်အခဲပြဿနာများ ပြေလျော့ ပျောက်ကွယ်သွားပါလိမ့်မည်။

***ကြိုးဆောင်သမျှ အောင်မြင်ကြပါစေ။***

ဟူဂျင်းဇီ *(Hu Jin Zhi)*

---

စာမျက်နှာ (၂၁၂)မှ အဆက်

အလင်းထဲကလာခဲ့သည်လား၊ ဘယ်က လာခဲ့၍ ဘယ်ကို သွားရမည့်သူလဲ။

ဘယ်ကပဲ လာခဲ့လာခဲ့၊ အလင်းထဲကိုရောက်ဖို့ ပြုလုပ်အားထုတ်ရန်မှာ ကျွန်ုပ်၏တာဝန်ပဲ ဖြစ်ပါ၏။

'ဘဝဆိုတာ အချိန်တွေနဲ့ ဖွဲ့စည်းထားတာ'

ဟု ဆိုရိုးစကား ရှိထားပါသည်။ ဒီအတွက် အချိန်ကို အလကား အကုန်မခံနိုင်တော့ဘဲ ရသမျှအချိန်ကိုကောင်းရာမှန်ရာတွေကိုပဲ လုပ်ဆောင်နေရင်းဖြင့် လူဖြစ်ကျိုးနပ်ရလေအောင်ကြိုးဆောင်ကြိုးစားနေမှတော်ကာကျပေရော့မည်လေ။

ထို့ကြောင့်လည်း ကျွန်ုပ်သည် လူဖြစ်ကျိုး နပ်ရလေအောင် ကြောက်တတ်ခဲ့သည့် အချိန်မှစ၍ စိတ်ရင်းကို အတတ်နိုင်ဆုံး(အတတ်နိုင်ဆုံး) ဖြူစင်အောင်ထားပါသည်။ ကျွန်ုပ်သည် ပုထုဇဉ်လူသားပီပီ စိတ်ဆိုးစိတ်ညစ်များ မပေါ်ထွက်ပါဟုတော့ မပြောလိုပါ။ တစ်ခါတစ်ရံ ပေါ်ထွက်လာခဲ့ပါသည်။ သို့သော် အသိတရားဖြင့် ချက်ချင်းထိန်းချုပ်လို့ရအောင် ကျင့်စဉ်စရဏများကို ကြိုးစား ဆောက်တည်နေရပါ၏။

မြင်အပ်၊ မမြင်အပ်သော သူတော်စင်ပုဂ္ဂိုလ်၏ "**စိတ်ကိုဖြူစင်အောင်ထားပါ**"၊ "**သူတစ်ပါးကို အပြစ်မတင်မိအောင် ကြိုးစားပြီးနေထိုင်ပါ**" ဆိုသော ဆုံးမစကားအောက်တွင် ပျပ်ဝပ်ကျိုးနွံစွာ လိုက်နာစောင့်ထိန်းနေပါ၏။

ရတနာမြတ်သုံးပါးကို အစဉ်ရှိသေ ကိုင်းရှိုင်းနေအောင် ဆွဲဆောင်ပေးနိုင်ကြသူများ အမှန်တကယ် ရှိနေပါလားဆိုတာ အထိတ်ထိတ် အလန့်လန့်ဖြစ်စွာ ယုံကြည်မိခဲ့ရပေပြီ။ ကျွန်ုပ် နောက်ဆုတ်လို့ မရတော့ပါ။

ထို့ကြောင့် ကျွန်ုပ်သည်၊ နေ့စဉ်ဝတ်မပျက် သီလခံယူ၊ ခင်ပွန်းကြီးဆယ်ပါးကို ရှိခိုးကန်တော့၊ စရဏများဆောက်တည်ပြီးသည်နှင့် မြင်အပ်၊ မမြင်အပ် ပုဂ္ဂိုလ်များအားကုသိုလ်အဖို့ကို အမျှ အတန်းပေးဝေပါ၏။ "ဝစီကံ၊ မနောကံ" များဖြင့် ပြစ်မှားကျူးလွန်မိခဲ့သည်များကိုလည်း အခါအခါ ဝန်ချတောင်းပန် ကန်တော့မိရပါ၏။

အထက်ပါ အကြောင်းအရာများသည် လက်တွေ့မှ ယုံကြည်တတ်သော ကျွန်ုပ်၏ အမှန်တကယ်ကြုံတွေ့ခဲ့ရသော ဒဏ္ဍာရီမဟုတ်သော ကိုယ်တွေ့ ဖြစ်ရပ်မှန်များ ဖြစ်ပါသည်။

***စိတ်၏ ငြိမ်းချမ်းခြင်းများစွာဖြင့် ပြည့်စုံနိုင်ကြပါစေ။***

ထွေးနုဒီ



www.burmeseclassic.com

www.burmeseclassic.com

# အမေး ဖြေ

ညာ




အဖြေရှိခဲ့ပါသည်

အသက်အားဖြင့် (၃၁)နှစ်ရှိ အမျိုးသမီးတစ်ဦးက...

'ကျွန်မ အကြီးအကဲ၊ ဦးစီး ခေါင်းဆောင်တစ်ယောက် ဖြစ်နိုင်သလား'

လို့ မေးခဲ့ပါတယ်။ ကြည့်ပါ...

❂ **လက်မမှာ အရစ်ပိုများ** ပါတယ်။(A)

ဒါက အုပ်စု၊ အဖွဲ့အစည်း၊ ကုမ္ပဏီ လုပ်ငန်းများနဲ့ အကျိုးပေးတယ်။

❂ **ကြာသပတေးကွင်း** ပါတယ်။(B)

ဒါက အကြီးအကဲ ဦးစီးခေါင်းဆောင် အုပ်ချုပ်သူဖြစ်စေတဲ့ သင်္ကေတပါ။

❂ **ရတနာဘဏ်တိုက်** ပါတယ်။ (C)

ဒါက ကံကောင်းမှုတွေ၊ ငွေကြေး ချမ်းသာမှုတွေ ဖြစ်စေတယ်။

ကဲ...

ဒီသင်္ကေတ(၃)ချက်အရ သိနိုင်လောက်ပါပြီ။


*သင်၏ဘဝ သာယာချမ်းမြေ့ပါစေ။*

**ဆရာဦးခင်မောင်လင်း-ရွှေဘို**(*B.Sc*)
*(လက္ခဏာ မဟာဘုတ်သုတေသီ)*



www.burmeseclassic.com

www.burmeseclassic.com



▲ နှင်းပန်းအဖြူပင်

# ဆင်ပွေးအတွက်

## မြစ်ချင်းပြီးဆေး

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်၊ ရှားစေးဘိုရွာမှ စာရေးသူနဲ့ ဆွေမျိုးတော်စပ်သူ ကိုမြသီးမှာ ဆင်ပွေးများ တစ်ကိုယ်လုံး ပေါက်ခဲ့ပါတယ်။

ဆင်ပွေးဆိုတာ ဆင်သားရေကဲ့သို့ မွဲခြောက်ခြောက်အရောင် ပွေးများပေါက်ပြီး ယားယံကာ ကုတ်နေရသော ဝေဒနာဆိုးတစ်ရပ် ဖြစ်ပါတယ်။

ကိုမြသီးဟာ ဆင်ပွေးဝေဒနာ ခံစားရတဲ့အတွက် ပြည်မြို့က သမားတော်ကြီးထံလဲ ရောက်ခဲ့ပြီး အနောက်တိုင်းဆေးများကို စားသုံးခဲ့ပါတယ်။ ဝေဒနာက ဘယ်လိုမှ မထူးခြားပါ။

သတ္တုကွတ္တံ ဓာတ်ဆေးချိုးများကို အုန်းဆီနဲ့ဖျော်ပြီး လိမ်းတော့လဲ အလွန်စပ်တဲ့ ဝေဒနာက မထူးရေးချ မထူးပါ။

ဆင်သားရေကို ပြာချပြီး အုန်းဆီနဲ့ လိမ်းရတယ်ဆိုပြီး လိမ်းပြန်တော့လဲ ဆင်ပွေးဝေဒနာက မသက်သာ၊ ယားလွန်းပြီး ကုတ်ရဖွဲ့ရနဲ့ အတော် အခံရခက်နေပါတယ်။

အခြားအခြားသော ဆေးမြီးတိုများနဲ့ ကုသပါသော်လဲ ရောဂါဝေဒနာက မသက်သာ။ အခက်တော့ တွေ့နေချေပြီ။

ပိုးတွေကို သေစေသော ဆောင်းမေးခါး(ခေါ်) လောက်သေရွက်၊ သဘော်မဲဇလီရွက်၊ တမာရွက်၊ ကလောသီးများကို ဆတူရောစပ်ပြီး အခြောက်လှန်းကာ လက်ဖက်ခြောက်ကဲ့သို့ ခတ်ကာ သောက်သုံးပါသော်လဲ ယားယံလှပါသော ဆင်ပွေးရောဂါဝေဒနာကို သက်သာ ပျောက်ကင်းအောင် မစွမ်းနိုင်ပါချေ။

သို့ရာတွင် ဆင်ပွေးရောဂါကို ပျောက်ကင်းစေတဲ့ မြစ်ချင်းပြီးဆေးကား ရှိနေပါတယ်။ ယင်းဆေးကား အခြားမဟုတ် **နှင်းပန်းဥအဖြူပင် ဖြစ်ပါတယ်။**

နှင်းပန်းဆိုတာ ဗုဒ္ဓဘာသာဝင်တိုင်း သိကြမှာပါ။ ဘုရားပန်းကပ်ရတဲ့ ပန်းပင်ကြောင့်ပါ။ ရိုးတံရှည်ရှည်နဲ့ အပွင့်ဖြူဖြူပွင့်တဲ့အပင်ပါ။ မိုးရာသီမှာ သစ္စာပန်းနဲ့ အပြိုင်လို ပွင့်တဲ့ အပင်ပါ။

အဲဒီ နှင်းပန်းအဖြူပင်ရဲ့ဥကို အိုးငယ်ငယ် တစ်လုံးထဲထည့်၊ အဖုံးကို ဖော်မံပြီး ဖွဲသုံးတင်းနဲ့ ကျင်းချ ဖုတ်လိုက်တဲ့အခါ နှင်းပန်းဥပြာကို ရရှိပါတယ်။

အဲဒီပြာကို အုန်းဆီနဲ့ ဖျော်လိမ်းလိုက်တဲ့အခါ ဆင်ပွေးများ အလွှာလိုက် ကွာကျကာ လူရဲ့ပကတိ အသားအရေအတိုင်း ဆင်ပွေးဟာ တစ်ပတ်အတွင်း သက်သာ ပျောက်ကင်းသွားပါတော့တယ်။

လက်တွေ့ဆေးနည်းမို့ ဆင်ပွေးရောဂါဝေဒနာ ခံစားနေရတဲ့သူတွေ ပျောက်ကင်းစေဖို့ ဦးမြသီးရဲ့ကိုယ်စား နက္ခတ္တရောင်ခြည်မဂ္ဂဇင်း မြစ်ချင်းပြီးဆေးပင်ဆေးမြစ် ရောင်ခြည်ကဏ္ဍမှ ရေးသား ဖော်ပြလိုက်ရပါတယ်။

**ဘုမ္မဝတီကိုကိုလေး**
*(ဘီအေ)*




www.burmeseclassic.com

www.burmeseclassic.com

# အိမ်မြေပိုင်ဆိုင်ဖို့

ယတြာအစီအရင်

ဂါမဏိစော် (စစ်ကိုင်း)
(ဝေဒဝိဇ္ဇာဓရ)





လွန်ခဲ့သော လအနည်းငယ်ခန့်က မိတ်ဆွေတစ်ဦးအား အိမ်ခြံမြေရောင်းထွက်စေရန်အတွက် ယတြာအစီအရင်ပြုပေးခဲ့စဉ်တွင် အနီးတွင်ရှိသော ရုံးစာရေး ကိုလှအောင်သည် ကျွန်ုပ်အား…

'ကိုယ့်ဆရာရယ်…ရှိပြီးသားလူတွေ ထပ်ရှိလာဖို့ အိမ်မြေရောင်းထွက်အောင် ယတြာစီရင်ပေးသလို ကျွန်တော်တို့လို အိမ်မြေ မရှိသူတွေအတွက် အိမ်ပိုင်,မြေပိုင် ဖြစ်လာအောင်လဲ ယတြာလုပ်ပေးစမ်းပါဦး'

ဟု တောင်းဆိုခဲ့ပါသည်။

'ငါ့လူရယ်… ယုံကြည်မှုလဲ ရှိမယ်။ သင့်တင့်တဲ့ ဝင်ငွေအလုပ်အကိုင်လဲရှိမယ်ဆိုရင် အိမ်ပိုင်,မြေပိုင်ဖြစ်စေမယ့် ယတြာအစီအရင်တွေရှိပါရဲ့'

ဟု ကျွန်ုပ်မှ ပြောလိုက်သောအခါ…

နောက်တစ်ရက် ရုံးဆင်းချိန်တွင် ကိုလှအောင်သည် ဇနီးသည်နှင့်အတူ ရောက်ရှိလာပြီး ယတြာအစီအရင်ကို တောင်းခံခဲ့ပေသည်။

ထိုအခါ ကျွန်ုပ်မှ…

'ကဲ…ကိုလှအောင် ခင်ဗျားအနေနဲ့ တလေးတစား လာရောက်ပြီး တောင်းခံနေမှတော့ အစီအရင် လုပ်ပေးရတာပေါ့ဗျာ။ ဒါပေမယ့် ကိုလှအောင်အနေနဲ့ ဒီအစီအရင်ပေါ်မှာ ပထမဦးစွာ ယုံကြည်မှု ရှိရပါလိမ့်မယ်။

ပြီးတော့ အိမ်မြေတို့ကို ပြင်းပြင်းပြပြ ပိုင်ဆိုင်လိုတဲ့ဆန္ဒမျိုး ဖြစ်ပေါ်လာအောင် ကိုယ့်စိတ်ကို ကြိုးစားလှုံ့ဆော်ပေးရမယ်'

ဟု ပြောလျှင်…

'စိတ်ချစမ်းပါဗျာ ကျွန်တော်မှာ အိမ်တစ်ဆောင် မီးတစ်ပြောင်နဲ့ မိသားစုလေး စုစုစည်းစည်းနေချင်ခဲ့တာ ကြာလှပေါ့ဗျာ။ ဒီဆန္ဒကြောင့် ငယ်ထိပ်ရောက်နေထင်ပါရဲ့'

ဟု ကိုလှအောင်မှ ပြောရှာလေ၏။

'ကောင်းပါ့ဗျာ… ဒီလိုဖြင့် အိုးပိုင်အိမ်ပိုင်ဖြစ်စေမယ့် ယတြာအစီအရင်ကို ပေးလိုက်ပါ့မယ်'

ဟု ဆိုကာ ကျနစွာ စီရင်၍ ပေးခဲ့ပါသည်။

နှစ်လ,သုံးလခန့် ကြာသောအခါတွင် ကိုလှအောင်တို့ ဇနီးမောင်နှံသည် လက်ဆောင်ပစ္စည်းများ ဖွယ်ဖွယ်ရာရာဖြင့် လာရောက်၍…

'ကျေးဇူးတင်လွန်းလို့ လာကန်တော့တာပါခင်ဗျာ။ ဆရာပြောတဲ့အတိုင်း တစ်သဝေမတိမ်းလုပ်ခဲ့တာ အမျိုးသမီးဘက်က အမွေအနှစ် အနည်းငယ်ရလိုက်တာနဲ့ ဟိုဟိုဒီဒီက ဝင်လာတဲ့ အပိုငွေလေးတွေကို စုပေါင်းပြီး (၂၀× ၆၀)ပေ မြေကွက်လေး တစ်ခြမ်းကို ဝယ်နိုင်ခဲ့ပါပြီ ခင်ဗျာ။ ကျွန်တော့်မိသားစုအတွက်တော့ သုခဘုံလေးပါပဲ'

ဟု ပြောကာ ပျော်ရွှင်စွာ ပြန်သွားကြလေသည်။

သို့ဖြင့် ကိုလှအောင်ကဲ့သို့ အိမ်မြေတို့ကို လိုအပ်နေသော မိသားစုများစွာပင် ရှိနေလိမ့်မည်ဟု စဉ်းစားမိကာ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ရေးသား၍ ဖော်ပြပါလျှင် အကျိုးရှိကြလိမ့်မည်ဟု ယူဆကာ ရေးသားဖော်ပြလိုက်ပါသည်။

### အိမ်မြေပိုင်ဆိုင်ရန်

### ယတြာအစီအရင်များ

**"လိုရာမိတ်စီး, မိတ်ကြီးမှာတ်မ"**ဟူသော အင်္ဂဝိဇ္ဇာပညာရပ်အရ…

၁။ အရွယ်သင့်သော ပလတ်စတစ်ပုံးထဲတွင် နှမ်းမြေထည့်ပါ။
၂။ ပိတောက်သား တစ်တောင်ခန့်ဖြတ်၍ စိုက်ပါ။
၃။ အိမ်လှလှ ရိုက်ကူးထားသော ဓာတ်ပုံတစ်ပုံကို ထောင်ထည့်ထားပါ။
၄။ ဓာတ်ပုံနောက်ကျောတွင် "အ"အက္ခရာ ရေးသားထားပါ။
၅။ ရေလောင်းလျှင် ရေဝင်,ရေထွက်သင့်အောင် ပုံးအောက်တွင် အပေါက်ဖောက်ပေးထားပါ။






www.burmeseclassic.com

www.burmeseclassic.com

၆။ အထက်ပါ အစီအရင်များကို မည်သည့်နေ့တွင်မဆို ဗုဒ္ဓဟူးအခါ၌ ပြုလုပ်ပါ။
၇။ အစီအရင်ပြုထားသည့်ပုံးကို မိမိတို့၏ နေ့နံအရ လက်ရှိနေထိုင်သော နေရာအတွင်း "ဌာန"အရပ်တွင် သန့်ပြန့်စွာထား၍ အိမ်ပိုင်မြေပိုင်ဖြစ်စေရန်အတွက် ဆုတောင်းမှုများ ပြုပေးပါ။



### နေ့စဉ် တနင်္ဂနွေနံပေါ်သော ဗုဒ္ဓဟူးအချိန်များ

* * *

| | |
|---|---|
| **တနင်္ဂနွေနေ့တွင်** | ➪ နံနက်(၉)နာရီမှ (၁၀)နာရီ(၃၀)မိနစ်အတွင်း |
| **တနင်္လာနေ့တွင်** | ➪ ညနေ(၃)နာရီမှ (၄)နာရီ(၃၀)မိနစ်အတွင်း |
| **အင်္ဂါနေ့တွင်** | ➪ နံနက်(၁၀)နာရီ (၃၀)မိနစ်မှ (၁၂)နာရီအတွင်း |
| **ဗုဒ္ဓဟူးနေ့တွင်** | ➪ နံနက်(၆)နာရီမှ (၇)နာရီ(၃၀)မိနစ်အတွင်းနှင့် ညနေ(၄)နာရီ(၃၀)မိနစ်မှ (၆)နာရီအတွင်း နှစ်ချိန်ရပါသည်။ |
| **ကြာသပတေးနေ့တွင်** | ➪ နေ့လယ်(၁၂)နာရီမှ (၁)နာရီ(၃၀)မိနစ်အတွင်း |
| **သောကြာနေ့တွင်** | ➪ နံနက်(၇)နာရီ (၃၀)မိနစ်မှ (၉)နာရီအတွင်း |
| **စနေနေ့တွင်** | ➪ နေ့လယ်(၁)နာရီ (၃၀)မိနစ်မှ (၃)နာရီအတွင်း |

ယင်းအချိန်များသည် **တနင်္ဂနွေနံပေါ်သော ဗုဒ္ဓဟူးအခါ** ဖြစ်ပါသည်။ မည်သည့်နေ့တွင်မဆို အထက်ပါအချိန်များနှင့် ရွေး၍ ယတြာအစီအရင်များကို ပြုလုပ်ပေးရပါမည်။

* * *

### ဌာနအရပ်ယူပုံ

အရှေ့

| | | | | |
|---|---|---|---|---|
| | *၁ | ၂ | ၃ | |
| မြောက် | ၆ | | ၄ | တောင် |
| | ၈ ဌာန | ၅ | ၀ | |

အနောက်

မိမိမွေးနံအကွက်မှ စ,ရေတွက်ပါ။ (၇)ခုမြောက်အကွက်သည် ဌာနအရပ်ဖြစ်ပါသည်။

**ဥပမာ။ ။ တနင်္ဂနွေသား၏ ဌာနအရပ်သည် အနောက်မြောက်ထောင့်ဖြစ်သော ရာဟုထောင့်** ဖြစ်ပါသည်။

**သတိပြုရန်မှာ ။ ။** အစီအရင်ပြုလုပ်ပြီး၍ ပိတောက်ကိုင်း ခြောက်ခြင်း၊ ညှိုးနွမ်းခြင်းတို့ဖြစ်လျှင် အသစ်* ပြန်လည် ပြုလုပ်ပေးရပါမည်။

အထက်ပါ ယတြာအစီအရင်များ ပြုလုပ်သည့်နေ့မှစ၍ နံနက်စောစောတွင် မိမိတို့နေထိုင်ရာ မြို့ရွာ၊ ရပ်ကွက် ပတ်ဝန်းကျင်တွင် လမ်းလျှောက်ထွက်ရပါမည်။ ဖြစ်နိုင်လျှင် နံနက်တိုင်း လမ်းလျှောက်ပါ။

အိမ်မှ စထွက်၍ လမ်းလျှောက်နေစဉ်တွင် မိမိရရှိထားသော ပရိတ်တရားများ၊ ဂါထာများ၊ ဂုဏ်တော်များ စသည် ရွတ်ဆို၍ မြို့ရွာ၊ ရပ်ကွက်တို့ကို အပေါ်စီးမှ မြင်နိုင်လောက်သော တောင်၊ တံတား၊ ကုန်းမြေ စသည်တို့ တွင် အရောက်သွား၍ အပေါ်စီးမှ မြို့ စသည်တို့၏ အစိတ်အပိုင်းကို မြင်ရ လျှင် ရပ်နား၍ ကြည့်ရှုရပါမည်။

ထို့နောက် တအောင့်မျှ မြို့ရွာ မြင် ကွင်းတို့ကို ကြည့်ရှုပြီးလျှင်...

'ငါသည် ဤမြို့ ဤရွာအတွင်း၌ အိမ်မြေ တစ်ခု ပိုင်ဆိုင်ရမည်၊ ငါ ပိုင်ဆိုင်ရမည်၊ အိမ်မြေသည် ဧကန်ပင် ဤမြို့ရွာအတွင်း၌ ရှိပေသည်'

ဟု စိတ်တွင်းမှ ယုံယုံကြည်ကြည် ဖြင့် ရွတ်ဆို၍ မိမိနှင့် မြို့ရွာတို့ တစ် သားတည်းကျအောင် စိတ်မှာထား၍ အောက်ပါဂါထာတို့ကို ရွတ်ဆို ပူဇော် ပါ။

၁။ သဒ္ဒံ ဟေမစ္ဆ ရတာနံ
ဓေယာံ ဝတ္တဓ္ဓ ဘောဇနံ၊
တဒသ္သေပိ ယထာစိတ္တံ၊
မာဟေယျံ တံ နမေ ဝိနံ။
၂။ သဒ္ဒံ ဟေမစ္ဆ ရတာနံ
ဓေယာံ ဝတ္တဓ္ဓ ဘောဇနံ၊
တဒသ္သေပိ ယထာစိတ္တံ၊
မာဟေယျံ ကမ္မဝိဒ္ဓိယာ။

**ခက်ခဲသော ပါဠိအသံထွက်**

| | | |
|---|---|---|
| **သဒ္ဒံ** | = | သစ်ဓံ |
| **ဟေမစ္ဆ** | = | ဟေမင်စ |
| **ဝတ္တဓ္ဓ** | = | ဝတ်ထင်စ |
| **တဒသ္သေပိ** | = | တဒင်ညေပိ |
| **စိတ္တံ** | = | စိတ်တံ |
| **ကမ္မ** | = | ကမ်မ |
| **ဝိဒ္ဓိယာ** | = | ဗိတ်မိယာ |

အနက်

၁။ **ယောဗိနော၊** အကြင် မြတ်စွာဘုရား သည်။ **သဒ္ဒံ၊** ငွေကိုလည်းကောင်း



www.burmeseclassic.com


www.burmeseclassic.com


မြောက်ဦး တူးဖော်ရေးကွင်း အမှတ်(၂)မှ တူးဖော်တွေ့ရှိသည့်

# ယဉ်ကျေးမှု ရှေးလက်ရာများ (၁၅)

ပန်းချီ ထူးလှ
(ရှေးဟောင်းသုတေသန)

ယခင်လမှအဆက်


ပုံ-၂၁


ပုံ-၂၂

* * * ပုံ (၂၁)

**ပုံ (၂၁)** ဒီဇိုင်းလက်ရာသည်လည်း A1ကျင်း မြောက်ဘက် ကျင်းပေါင်မှ (၃)ပေခန့်အကွာ ကျင်းအနက် (၂ $\frac{၁}{၂}$) ပေခန့်မှ တူးဖော်တွေ့ရှိရသော မြေမီးဖုတ် အိုးခြမ်းကွဲ အပဲ့အစကို ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာပင် ဖြစ်ပါသည်။

မူလ အိုးခြမ်းကွဲ အပဲ့အစ အမြင့် (၃ $\frac{၁}{၂}$)လက်မခန့်၊ အကျယ် (၄)လက်မခန့်နှင့် အထူ ($\frac{၁}{၄}$)လက်မခန့် ရှိပါသည်။ အရောင်မှာ မြေမီးဖုတ် အရောင်ဖျော့ တွေ့ရှိရပါသည်။

ပုံ (၂၁) လက်ယာဘက် ဒီဇိုင်းတွင်လည်း အိုးခြမ်းကွဲ အထူပမာဏကို အနက်ပြောင်ဖြင့် ရေးဆွဲ ဖော်ပြထားပါသည်။ အိုးခြမ်းကွဲ အပြင်မျက်နှာ၏ အဆင်တန်ဆာများမှာ ဒေါင်လိုက် အစင်းကြောင်းများဖြင့် တန်ဆာဆင်ထားပါသည်။

* * * ပုံ (၂၂)

မြေမီးဖုတ် ပန်းအိုး အပိုင်းအစဟု ခန့်မှန်း ယူဆရပါသည်။ မြေမီးဖုတ်ရောင် တောက်ပလျက် တွေ့ရှိရပါ၏။ A1ကျင်း အရှေ့ဘက် ကျင်းပေါင်မှ (၃)ပေခန့်အကွာ ကျင်းအနက် (၂ $\frac{၁}{၂}$) ပေခန့်မှ တူးဖော် တွေ့ရှိရပါသည်။

ထိုမြေမီးဖုတ်ပန်းအိုး အစိတ်အပိုင်းကို ကူးယူ၍ ပုံ (၂၂)တွင် ရေးဆွဲ ဖော်ပြထားပါသည်။ တူးဖော် တွေ့ရှိရသော မြေမီးဖုတ်ပန်းအိုး အစိတ်အပိုင်း အမြင့် (၆)လက်မခန့်၊ အတွင်းအချင်း (၃) လက်မခန့်နှင့် အထူ ($\frac{၁}{၂}$)လက်မခန့် ရှိပါသည်။

ပြန့်ကားနေသော အနားမှာလည်း ($\frac{၃}{၄}$)လက်မခန့် ရှိပါသည်။ အပေါ်ပိုင်း ပါးလွှာသွားပါသည်။ ပုံ(၂၂) ဒီဇိုင်း လက်ရာကို လက်ဝဲ၊ လက်ယာ ပုံစံ နှစ်မျိုးဖြင့် ရေးဆွဲ ဖော်ပြထားပါသည်။ လက်ဝဲဘက် ဒီဇိုင်းမှာ ပန်းအိုး အပိုင်းအစ၏ ဘေးအမြင်ကို ရေးဆွဲထားသော ဒီဇိုင်းလက်ရာဖြစ်ပြီး လက်ယာဘက် ဒီဇိုင်းလက်ရာမှာ ပန်းအိုးကို အပေါ်စီးတည့်တည့်မှ အမြင်ကို ရေးဆွဲထားသော လက်ရာပင် ဖြစ်ပါသည်။

ကျိုးပဲ့သော သွားနေရာများကို အစက်ကလေးများဖြင့် ရေးဆွဲ ဖော်ပြထားပါသည်။ လက်ဝဲ၊ လက်ယာပုံနှစ်ပုံကြားတွင် ပန်းအိုး အထူပမာဏကို အနက်ပြောင်ဖြင့် ရေးဆွဲ ဖော်ပြထားပါသည်။

* * * ပုံ (၂၃)

**ပုံ (၂၃)** ဒီဇိုင်းလက်ရာမှာ A1ကျင်း



www.burmeseclassic.com

www.burmeseclassic.com

အနောက်တောင်ထောင့်ချိုးမှ ကပ်လျက် (၁ ၁/၂)ပေခန့် အနက်တွင် တူးဖော်တွေ့ရှိရသော မြေမီးဖုတ် စဥ့်ပန်းအိုးကွဲ အပိုင်းအစကို ကူးယူ ရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။

မူလ မြေမီးဖုတ် ပန်းအိုးကွဲလက်ရာ အမြင့် (၆)လက်မခန့်၊ အကျယ် (၃ ၁/၂) လက်မခန့်နှင့် အထူ (၁/၄)လက်မခန့် ရှိပါသည်။ ပန်းအိုးကွဲ အခြမ်းတစ်ခြမ်း ဖြစ်နိုင်ဖွယ် ရှိပါသည်။


ပန်းအိုးခြမ်းကွဲ အစိတ်အပိုင်းတွင် အပေါ်၌ စက်သွားစိပ်ကလေး ဆယ်စိတ်ခန့် ကျန်ရှိပြီး ပြန့်ကားနေသော စက်သွားစိပ် အနားအကျယ် (၃/၄)လက်မခန့် ရှိပါသည်။ ပန်းအိုးခြမ်း အတွင်း အချင်း (၃ ၁/၂)လက်မခန့် ရှိပါသည်။

စက်သွားစိပ် အပေါ်တွင်လည်း အပေါက်ကလေး တစ်ခြမ်း ပါရှိပါသေးသည်။ ပန်းအိုးကွဲ အပြင်ဘက်တွင် စဥ့်အဖြူရောင် ထောင့်ချိုး လှိုင်းတွန့်နှင့် စဥ့်အနက်ရောင် ထောင့်ချိုး လှိုင်းတွန့်များဖြင့် တန်ဆာဆင်ထားပါသည်။


စက်သွားစိပ်အပေါ်တွင် စဥ့်ရောင် မတွေ့ရှိရဘဲ မြေနီရောင်သာ တွေ့ရှိရပါသည်။ ပုံ(၂၃) ဒီဇိုင်းလက်ရာကို လက်ဝဲ, လက်ယာ ပုံစံနှစ်မျိုးဖြင့် ရေးဆွဲဖော်ပြထားပါသည်။

ထိုနှစ်ခုအလယ်တွင် ပန်းအိုး အစိတ်အပိုင်း၏ အထူပမာဏကို အနက်ပြောင်ဖြင့် ရေးဆွဲ ဖော်ပြထားပါသည်။ လက်ဝဲဘက် ဒီဇိုင်းလက်ရာမှာ မြေမီးဖုတ် စဥ့်ပန်းအိုးခြမ်းကွဲ အစိတ်အပိုင်း၏ ဘေးအမြင်ကို ရေးဆွဲထားသောပုံဖြစ်ပြီး လက်ယာဘက်ပုံမှာ အပေါ်တည့်တည့် အမြင်မှ ရေးဆွဲထားသော ဒီဇိုင်း

ပုံ-၂၃



ပုံ-၂၄



လက်ရာပင် ဖြစ်ပါသည်။

ကျိုးပဲ့သွားသော နေရာများကို အစက်ကလေးများဖြင့် ရေးဆွဲ ဖော်ပြထားပါသည်။

* * * ပုံ (၂၄)

မြေမီးဖုတ် စဥ့်ပန်းအိုး အပိုင်းအစ တစ်ခု ဖြစ်မည်ဟု ခန့်မှန်းရပါသည်။ ဤပန်းအိုးကွဲ အစိတ်အပိုင်းကို စက်သွားစိပ်ခြောက်စိတ်နှင့် အဖြူရောင် စဥ့်ရောင်ဖြင့် တန်ဆာဆင်ထားပါသည်။

စက်သွားစိပ် အပေါ်ပိုင်းတွင် အပေါက်ကလေးတစ်ပေါက် ပါရှိပါသည်။ ဤဧရိယာတွင် စဥ့်ရောင် မတွေ့ရှိရဘဲ မြေနီရောင်သာ တွေ့ရှိရပါသည်။

ဖော်ပြပါ မြေမီးဖုတ် စဥ့်ပန်းအိုးကွဲ အစိတ်အပိုင်းကို A1ကျင်း အနောက်ဘက် (၂)ပေခန့်အကွာ ကျင်းအနက် (၁ ၁/၂)ပေခန့် တူးဖော် တွေ့ရှိရပါသည်။

ဤမြေမီးဖုတ် စဥ့်လက်ရာ အပိုင်းအစကို ပုံ(၂၄) ဒီဇိုင်းလက်ရာအဖြစ် ရေးဆွဲ ဖော်ပြထားပါသည်။ မူလ မြေမီးဖုတ် စဥ့်လက်ရာ အမြင့် (၃ ၃/၄) လက်မခန့်၊ အတွင်းအချင်း (၂)လက်မခန့်နှင့် အထူ (၁/၄)လက်မခန့် ရှိပါသည်။ စက်သွားစိပ် (၁/၂)လက်မခန့် ကျယ်ပါ၏။

ဤပုံ(၂၄) ဒီဇိုင်းလက်ရာကို လက်ဝဲ, လက်ယာ ပုံစံနှစ်မျိုးဖြင့် ရေးဆွဲဖော်ပြထားပါ၏။ အလယ်တွင် စဥ့်ပန်းအိုး အစိတ်အပိုင်း အထူပမာဏကို အနက်ပြောင်ဖြင့် ရေးဆွဲ ဖော်ပြထားပါသည်။

လက်ဝဲဘက် ဒီဇိုင်းမှာ ဘေးအမြင်ကို ရေးဆွဲထားသောပုံဖြစ်ပြီး၊ လက်ယာဘက်ပုံမှာ အပေါ်စီးတည့်တည့်မှ အမြင်ကို ရေးဆွဲထားသောပုံပင် ဖြစ်ပါသည်။ ပဲ့သွားသည့် နေရာများကို အစက်ကလေးများဖြင့် ရေးဆွဲထားပါသည်။

* * * ပုံ (၂၅)


ပုံ(၂၅) ဒီဇိုင်းလက်ရာသည်လည်း A1ကျင်း တောင်ဘက်မှ (၂)ပေခန့်



www.burmeseclassic.com

www.burmeseclassic.com

ပုံ-၂၅



အကွာ ကျင်းအနက် (၁ ၁/၂)ပေခန့် တူးဖော် တွေ့ရှိရသော မြေမီးဖုတ် ပန်းအိုးလက်ရာ အစိတ်အပိုင်းတစ်ခုကို ကူးယူ ရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။

တူးဖော်တွေ့ရှိရသော မူလ မြေမီးဖုတ် ပန်းအိုး အစိတ်အပိုင်း အမြင့် (၃ ၁/၂)လက်မခန့်၊ အကျယ် (၄ ၁/၂) လက်မခန့်နှင့် အတွင်းအချင်း (၃ ၁/၂) လက်မခန့်၊ အထူ (၁/၂)လက်မခန့် ရှိပါသည်။ မြေမီးဖုတ်ရောင်သာ တောက်ပစွာ တွေ့ရှိရပါသည်။

ဤပုံ(၂၅) ဒီဇိုင်းလက်ရာကို လက်ဝဲ, လက်ယာ ပုံစံနှစ်မျိုးဖြင့် ရေးဆွဲ ဖော်ပြထားပါသည်။ လက်ဝဲ, လက်ယာ ပုံနှစ်ပုံကြားတွင်လည်း ပန်းအိုးကွဲ အစိတ်အပိုင်း အထူပမာဏကို အနက်ပြောင်ဖြင့် ရေးဆွဲ ဖော်ပြထားပါသည်။

လက်ယာဘက် ဒီဇိုင်းမှာ မြေမီးဖုတ် ပန်းအိုးကွဲ အစိတ်အပိုင်းကို အပေါ် စီးမှ မြင်ရသည့် အနေအထား ရေးဆွဲ ထားပြီး လက်ဝဲဘက်မှ ဒီဇိုင်းလက်ရာကို ဘေးအမြင် အနေအထားမျိုး ရေးဆွဲ ဖော်ပြထားပါသည်။ ပြန့်ကားနေသော ပန်းအိုးအနားကို ပုံ(၂၄)ကဲ့သို့ စက်သွားစိပ်မျိုး မတွေ့ရှိရဘဲ အဝန်းသာ တွေ့ရှိရပါသည်။

အထက်ဖော်ပြပါ ဒီဇိုင်းလက်ရာများ အားလုံးမှာ မြောက်ဦး တူးဖော်ရေးကုန်း အမှတ်(၂)မှ တူးဖော် တွေ့ရှိရသော ရှေးဟောင်းလက်ရာများကို ကူးယူရေးဆွဲ ဖော်ပြထားသော ဒီဇိုင်းလက်ရာများပင် ဖြစ်ပါသည်။

ဤလက်ရာများ ရေးဆွဲထားသော မူလလက်ရာများမှာ မြောက်ဦးခေတ် အေဒီ (၁၆)ရာစုမှ လက်ရာများ ဖြစ်လိမ့်မည်ဟု ယူဆရသော မြေကြီးအောက်မှ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များပင် ဖြစ်ပါသည်။

***အနန္တောအနန္တငါးပါးကို ထာဝရ ဦးထိပ်ပန်ဆင် ကန်တော့လျက်...***

**ပန်းချီထူးလှ**
***(ရှေးဟောင်းသုတေသန)***

ကိုးကားချက်

၁။ ကိုယ်တိုင်တူးဖော်မှု မှတ်စု။
၂။ ဦးဦးသာထွန်း၊ မြောက်ဦးမြို့ ဘုရားသမိုင်း။
၃။ ငမည်ပျာသတ်ဆရာ၊ ရခိုင်ရာဇဝင်ကျမ်း။
၄။ တက်ထွန်းဦး(မြောက်ဦး)၊ ကိုးသောင်း ပုထိုးတော်ကြီးနှင့် ပတ်သက်၍။
၅။ ရမ်းပြဲတောင်ကျောင်း ဆရာတော် စန္ဒမာလာလင်္ကာရ၊ ရခိုင်ရာဇဝင်သစ်ကျမ်း (ဒုတိယတွဲ)။

စာမျက်နှာ (၂၁၈)မှ အဆက်

**ဟောမဋ္ဌ**၊ ရွှေကို လည်းကောင်း။ **ရတနံ**၊ ပုလဲစသော ရတနာကို လည်းကောင်း။ **ဂေဟံ**၊ ကျောင်းအိမ်ကို လည်းကောင်း။ **ဝတ္ထဋ္ဌ**၊ အဝတ်ကို လည်းကောင်း။ **ဘောဇနံ**၊ ဘောဇဉ်ကို လည်းကောင်း။ **တဒညေပိ**၊ ထိုမှတစ်ပါး များစွာသော အလိုရှိသမျှတို့ကို လည်းကောင်း။ **ယထာစိတ္တံ**၊ စိတ်ရှိသလောက် (စိတ်အလိုအတိုင်း)။ **မာပေယျံ**၊ ဖန်ဆင်းတော်မူနိုင်ပါပေ၏။ **တံဖိနံ**၊ ထိုမြတ်စွာဘုရားကို။ (**အဟံ**၊ အကျွန်ုပ်သည်။) **နမေ**၊ ရှိခိုးပါ၏။

၂။ (**အဟံပိ**၊ ငါသည်လည်း။) **သဇ္ဇံ**၊ ငွေကို လည်းကောင်း။ **ဟောမဋ္ဌ**၊ ရွှေကို လည်းကောင်း။ **ရတနံ**၊ ပုလဲစသော ရတနာကို လည်းကောင်း။ **ဂေဟံ**၊ ကျောင်းအိမ်ကို လည်းကောင်း။ **ဝတ္ထဋ္ဌ**၊ အဝတ်ကို လည်းကောင်း။ **ဘောဇနံ**၊ ဘောဇဉ်ကို လည်းကောင်း။ **တဒညေပိ**၊ ထိုမှတစ်ပါး များစွာသော အလိုရှိသမျှတို့ကိုလည်းကောင်း။ **ယထာစိတ္တံ**၊ စိတ်ရှိသလောက် (စိတ်အလိုအတိုင်း)။ **ကမ္မဖိဒ္ဓိယာ**၊ ကံကြောင့်ဖြစ်သော တန်ခိုးဖြင့်။ **မာမေယျံ**၊ ဖန်ဆင်းနိုင်ရပါလို၏။

*[ဤဂါထာတော် ပါဠိအနက်ကို နဂ္ဂတွာရောင်ခြည်မဂ္ဂဇင်းနှင့်ဝါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာ ဆရာကြီးဦးစံတင့် (မဟာစရိယ၊ ဝိနယဓရ၊ စတုနိကာယကောဝိဒ)မှ ပြန်ဆိုပေးပါသည်။]*

"**ဆန္ဒဇာတော ဥဿဟာတိ**" ဟူသော စကားအတိုင်း ဆန္ဒနှင့် အလုပ်တို့ တစ်ထပ်တည်းကျခဲ့ပါလျှင် နှစ်ပိုင်းအတွင်း အကျိုးပေး၍ အိုးပိုင်အိမ်ပိုင် ဖြစ်ပါလိမ့်မည်။

**ဂါမထိဇော်** ***(စစ်ကိုင်း)***
**(ဝေဒဝိဇ္ဇာမရ)**



www.burmeseclassic.com

www.burmeseclassic.com



## နေပူစေ
# မိုးအုံ့စေသောအင်း

ရှေးသောအခါက နေပူစေ၊ မိုးအုံ့စေလိုသောအခါတွင် အင်းအတတ်ပညာဖြင့် စီရင်ခဲ့ကြောင်း သိရပါသည်။ ယခုခေတ်အခါသမယတွင် မိုးတွင်းအခါတွင် သာရေးနာရေးကိစ္စများရှိပါက မိုးမရွာစေရန် မိုးတားနည်းအမျိုးမျိုးဖြင့် မိုးတားခဲ့ပါသည်။

ယင်း မိုးတားပုံတားနည်းများကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကြီးတွင် ပါလာပါက ဖတ်ရှုမှတ်သားရပါသည်။

ယင်းမိုးတားနည်းများတွင် ယခုဖော်ပြအံ့သော အင်းချနည်းဖြင့်လည်း မိုးကို တားနိုင်မည်၊ မိုးလွတ်အောင် ပြုလုပ်နိုင်မည် ထင်ပါသည်။

ဤအင်းချပုံကို ဖခင်ကြီး အင်းကျမ်းလက်ရေးမူစာအုပ်မှ ကူးယူဖော်ပြလိုက်ပါသည်။

တနင်္ဂနွေဂြိုဟ်တက်အင်းပြုလုပ်ပုံ

ငါးကွက်အင်းတားပါ။ အလယ်ကွက်တွင် တနင်္ဂနွေနံ(၁)ကို သွတ်ပါ။ တနင်္ဂနွေ၏ တြိရုန်း၊ စတုရန်း အမြစ်ဂြိုဟ်တို့ကို ပေါင်းပါက (၁၄) ရပါသည်။

ထို(၁၄)ဂဏန်းကို အလယ်ကွက်ပထမအကွက်တွင်သွတ်ပါ။(ရေးပါ။) ယင်း(၁၄)ကို (၉)နဝင်းပေါင်းပါက (၂၃) ရ၏။ ယင်း(၂၃)ကို ဒုတိယကွက်တွင် ထည့်ပါ။

ဤသို့ စသည်ဖြင့် သွင်းသွားပါ။ ဤသို့ (၉)နဝင်းပေါင်း၍ လက်ယာရစ်ခရုပတ်လှည့်ပြီးလျှင် ရထားသွားလေ။ ထို့နောက်မှ အပြင်ထပ် အင်းကွက်အတွက် '**အောင်ပ၊ ကုလား၊ ဆွေသား၊ နောင်ရင်း၊ တူမိတ်ဂြိုဟ်ရံပါလေ'** အင်း ပြီးပါပြီ။

အသုံးပြုပုံ

နေပူခြင်းကို အလိုရှိပါအံ့၊ တနင်္ဂနွေနံသင့်အခါ အစေအပါး စသော ပုဗ္ဗကိစ္စတို့ကို ပြီးဆုံးစေပြီး မိတ်နံ့ဂြိုဟ်တက်အင်းကို အိုးအောက်မှာထား(အိုးကိုမှောက်၍) ကဆုန်၊ နယုန်လကဲ့သို့ နေပူ၏။

မိုးအုံ့စေလိုသော် ယင်းအင်းကို အိုးဖင်တွင်ထည့်၍ ပက်လက်လှန်ကာထားပါ။ မိုးကြီး ရွာအံ့ဆဲဆဲကဲ့သို့ မိုးအုံ့သောဟူ၏တဲ့ဗျား။

* * * ————————→

တနင်္ဂနွေ၏ ဂြိုဟ်တက်အင်းပုံစံမှာ ယခုအတိုင်း ဖြစ်ပါသည်။ အင်းပညာရှင်များနှင့် အင်းဝါသနာရှင်များ ရေးဆွဲစမ်းသပ်ကြည့်ပါရန် ရှာဖွေတင်ဆက်ပါသည်။

နောင် အလျဉ်းသင့်ပါက အခြားဂြိုဟ်တက်အင်းများကို ဆက်လက်ဖော်ပြပါမည်။ အခြားအခြားသော

တနင်္ဂနွေဂြိုဟ်တက်အင်းပုံစံ

| | | | | |
|---|---|---|---|---|
| ၁၅ | ၂၄ | ၃၆ | ၇၈ | ၁၅ |
| ၇၈ | ၁၄ | ၂၃ | ၃၂ | ၂၄ |
| ၃၆ | ၇၇ | ၁ | ၄၁ | ၃၆ |
| ၂၄ | ၆၈ | ၅၉ | ၅၀ | ၇၈ |
| ၁၅ | ၇၈ | ၃၆ | ၂၄ | ၁၅ |

အသုံးဝင်အင်းများကိုလည်း ဤနက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ ဖော်ပြပေးကြပါလို့ ဆန္ဒပြုရင်းပေါ့။

***အားလုံး ကျန်းမာ ချမ်းသာကြပါစေ။***

**ကောင်းထက်(ချောင်းနက်)**



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ ဇွန်လ

# ကျန်းမာရေး အတွက် အကြံပေးချက်များ

| ပုံရိပ် | ဝမ်းတွင်း အင်္ဂါ | အရောင် | ဂဏန်း | စားဖွယ် | အရပ် | မိတ်ဖက် | ကူညီသူ | ကံပွင့်နေ့ | အာရုံ |
|---|---|---|---|---|---|---|---|---|---|
| ကြွက် | နှလုံး | အနီ | ၉ | ပြောင်း | တောင် | မြင်း၊ ခွေး၊ ကျား | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ | သဒ္ဒါရုံ |
| နွား | အူမ | ရွှေဝါ | ၇ | ဆန် | အနောက် | ကြွက်၊ နွား၊ မြွေ | ကြာသပတေးသားသမီး | သောကြာနေ့ | ဂန္ဓာရုံ |
| ကျား | အူမ | ရွှေဝါ | ၇ | ဆန် | အနောက် | ကြွက်၊ နွား၊ မြွေ | ကြာသပတေးသားသမီး | သောကြာနေ့ | ဂန္ဓာရုံ |
| ယုန် | သရက်ရွက် | မြေဝါ | ၂ | ကောက်ညှင်း | အနောက်တောင် | ဆိတ်၊ ဝက်၊ ယုန် | စနေသားသမီး | တနင်္လာနေ့ | ရသာရုံ |
| နဂါး | အသည်း | အစိမ်းနု | ၃ | ဂျုံ | အရှေ့ | ယုန်၊ ဆိတ်၊ ဝက် | သောကြာသားသမီး | ကြာသပတေးနေ့ | ဖဿာရုံ |
| မြွေ | အသည်း | အစိမ်းနု | ၃ | ဂျုံ | အရှေ့ | ယုန်၊ ဆိတ်၊ ဝက် | သောကြာသားသမီး | ကြာသပတေးနေ့ | ဖဿာရုံ |
| မြင်း | အစာအိမ် | အညို | ၈ | ကောက်ညှင်း | အရှေ့မြောက် | ကျား၊ မြင်း၊ ခွေး | တနင်္လာသားသမီး | စနေနေ့ | ရသာရုံ |
| ဆိတ် | ဆီးအိမ် | အပြာ | ၁ | ပဲအမျိုးမျိုး | မြောက် | ကြွက်၊ နဂါး၊ မျောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ | သောတာရုံ |
| မျောက် | ကျောက်ကပ် | အပြာ | ၁ | ပဲအမျိုးမျိုး | မြောက် | ကြွက်၊ နဂါး၊ မျောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ | သောတာရုံ |
| ကြက် | အဆုတ် | အဖြူ | ၆ | ဆန် | အနောက်မြောက် | ဝက်၊ ယုန်၊ ဆိတ် | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ | ဂန္ဓာရုံ |
| ခွေး | သည်းခြေ | အစိမ်းရင့် | ၄ | ဂျုံ | အရှေ့တောင် | နဂါး၊ မျောက်၊ ကြွက် | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ | ဖဿာရုံ |
| ဝက် | သည်းခြေ | အစိမ်းရင့် | ၄ | ဂျုံ | အရှေ့တောင် | ဆိတ်၊ ဝက်၊ ယုန် | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ | ဖဿာရုံ |

* * *

**ဇွန်လတွင် မြွေနှစ်ဖွား၊ မျောက်နှစ်ဖွားနှင့် ဝက်နှစ်ဖွားတို့မှာ** ကျန်းမာရေး ညှိုးဖျင်းတတ်ကြသည်။ ထို့ကြောင့် ဤလတွင် ဝက်နှစ်ဖွားတို့ကို စံပြု၍ ဇယားကို ရှင်းပြပါမည်။

**ဝက်နှစ်ဖွားတို့**သည် သည်းခြေနှင့် ပတ်သက်သော ရောဂါဝေဒနာများ သတိထားပါ။ အစိမ်းရင့်ရောင်နှင့် (၄) ဂဏန်းတို့ လာဘ်ကောင်းစေသည်။ ဂျုံနှင့် ပြုလုပ်ထားသော စားဖွယ်များက ကျန်းမာရေး အထောက်အကူပေးနိုင်သည်။ အရှေ့တောင်ထောင့်အရပ်သည် ကံလာ်ပွင့်အရပ်ဖြစ်သည်။

**ဆိတ်နှစ်ဖွား၊ ဝက်နှစ်ဖွား၊ ယုန်နှစ်ဖွားတို့မှာ** မိတ်ဖက်ပုံရိပ်ရှင်များ ဖြစ်ကြသည်။ အရေးကိစ္စရှိ၍ အကူအညီလိုအပ်ပါက တနင်္ဂနွေသားသမီးက ကူညီပေးနိုင်ပါလိမ့်မည်။



ကြာသပတေးနေ့ နေ့ကောင်း နေ့မြတ် ဖြစ်သည်။ ဖဿာရုံနှင့် ပတ်သက်၍ ကျန်းမာရေး ကောင်းမွန်တိုးတက်အောင် ဆောင်ကျဉ်းပေးနိုင်ပါမည်။

**ကျန်ပုံရိပ်ရှင်များ အထက်ပါအတိုင်း ကောက်ချက်ပြုကြပါ။**

**အာရောဂျဆုလာဘ်နှင့် ပြည့်ဝကြပါစေ။**

**ဟူဂျင်းဇီ**
***(Hu Jin Zhi)***



www.burmeseclassic.com

www.burmeseclassic.com



# ကလေးသူငယ်များ

## မေ့တတ်သော ရောဂါပျောက်လျက် ဉာဏ်ရည်ထက်မြက်စေသည့် ဆေးနည်း

"ယနေ့ လူငယ်၊ နောင်ဝယ် လူကြီး" ဟူသော ဆိုရိုးစကား ရှိသည့်အတိုင်း ယနေ့ ကျောင်းသူကျောင်းသား ကလေးသူငယ်များသည် နောင်တစ်ချိန်တွင် တိုင်းပြည်အတွက် အားထားရသော ထွန်းတောက်လာမည့် ကြယ်ပွင့်ကလေးများ ဖြစ်ကြပါသည်။

ထိုကဲ့သို့ သားကောင်းရတနာများ ဖြစ်လာကြမည့် မိမိတို့၏ သားသမီးများကို ဉာဏ်ပညာ ထက်မြက်လာကြစေရန် လေ့ကျင့်ပေးကြရမည့် တာဝန်မှာ မိဘတိုင်း၏ တာဝန်ပင် ဖြစ်ပါသည်။

တချို့ မိဘများမှာ မိမိတို့၏ သားသမီးများကို သူတစ်ပါးတို့၏ သားသမီးတို့ထက် တော်စေချင်၊ တတ်စေချင်ကြသဖြင့် ကလေးအား ပုစ္ဆာများများပေးကာ မရမချင်း ဖွတ်အတင်း အော်ဟစ်ကြိမ်းမောင်း ငေါက်ငမ်းကာ ဖြေခိုင်းလေ့ရှိကြသည်။

မဖြေနိုင်ပါက ကလေးအား ဆူပူရိုက်နှက်တတ်ကြသည်ကို စာရေးသူ တွေ့ရှိခဲ့ဖူးသဖြင့် ထိုကလေးအတွက် များစွာ စိတ်မကောင်းဖြစ်ခဲ့ရပါသည်။

မိဘတိုင်းပင် မိမိတို့၏ ကလေးကို တော်စေချင်၊ တတ်စေချင်ကြသည် မှန်သော်လည်း ထိုကဲ့သို့ **ကလေး၏ အရွယ်နှင့်မမျှသော၊ ကလေး၏ ဉာဏ်ရည်မလိုက်နိုင်သော စာများကို ဖွတ် တင်းတင်းကျပ်ကျပ် မလုပ်နိုင်းစေသင့်ပေ။**

ထိုကဲ့သို့ ခိုင်း၍ မရပါက ဆူပူခြင်း၊ ကြိမ်းမောင်းခြင်း၊ အော်ဟစ်ငေါက်ငမ်းခြင်း၊ ရိုက်နှက်ခြင်းများ မကြာခဏ ပြုလုပ်ပါက **ကြာလာလျှင် ကလေးငယ်များမှာ အကြောက်လွန်ရောဂါ စွဲလာကာ ထုံထိုင်းလာပြီး မေ့တတ်သောရောဂါပါ ရလာတတ်ပါသည်။**

စာရေးသူကိုယ်တိုင်(၇)တန်း၊ (၈)တန်းလောက် ရောက်သည်အထိ ထိုကဲ့သို့ မေ့တတ်သောရောဂါ ရရှိခဲ့ဖူးပါသည်။ ပစ္စည်းတစ်ခုခု အယူခိုင်းလိုက်လျှင် လမ်းတွင်ပင် မေ့မေ့နေတတ်သဖြင့် ခဏခဏ ပြန်၍ မေးရလွန်းသဖြင့် အဆူအငေါက် ခံရသည်မှာလည်း အကြိမ်ကြိမ်ပင်။

ထိုသို့ မေ့တတ်လွန်းသဖြင့် စာရေးသူ ဘကြီးဘုန်းကြီးက စာရေးသူအား တစ်နေ့လျှင် ဆယ်မိနစ်ခန့် **"ဝင်လေ၊ ထွက်လေ"** နေ့စဉ် ရှုခိုင်းကာ **တရားထိုင်ခိုင်း**ပါသည်။ တရားထိုင်ပြီးတိုင်း သူကိုယ်တိုင် ဖော်စပ်ထားသော ဆေးကို လက်ဖက်စားဇွန်း သေးသေးလေးဖြင့် တစ်နေ့နှစ်ကြိမ် ပုံမှန်ကျွေးပါသည်။

ထိုဆေးကြောင့်လည်း စာရေးသူမှာ ယခုကဲ့သို့ စာများ ရေးသားနိုင်ကာ ကျောင်းဆရာတစ်ယောက် ဖြစ်လာရခြင်းပင်။ ထိုဆေးကိုသာ မတွေ့ပါက တက္ကသိုလ်ဝင်တန်းတောင် အောင်မည် မထင်ပေ။

အထူးသဖြင့် ကျောင်းသူကျောင်းသားများ နေ့ညမပြတ် ပညာကို ကြိုးစားနေရသောအချိန်တွင် **ဦးနှောက်မကြည်မလင်ဖြစ်လျက်** ကျောင်းစာကို မကြည့်ချင်ခြင်း၊ ရရှိပြီးသော စာများကို မေ့ပျောက်သွားခြင်း၊ မအီမသာ ဖြစ်နေခြင်း၊ အားအင် ကုန်ခန်းကာ မောပန်းလွယ်ခြင်း၊ စာကို စိတ်မဝင်စားခြင်းများ ဖြစ်နေတတ်ပါသည်။ ထိုသို့ ဖြစ်နေပါက ဆေးကို စားကြည့်ပါက မကြာမီကာလ ဆေး၏အစွမ်းသတ္တိကြောင့် ဦးနှောက်ကြည်လင်၍ ဉာဏ်ရည်ထက်မြက်လာပြီး မေ့တတ်သောရောဂါပျောက်ကာ စာပေများကို မမေ့မပျောက်ဘဲ စိတ်ထဲတွင် စွဲထင်ကျန်ရစ်ကာ ပညာများ တိုးပွားလာပါလိမ့်မည်။

ဤဆေးကို မည်သူမဆို အလွယ်တကူ ဖော်ယူ အသုံးပြုနိုင်ကြပါသည်။ တန်ဖိုးလည်း မများလှပါ။

ဆေးဖော်နည်းမှာ

၁။ မြင်းခွာရွက် ပွတ်ပါးမှုန့် (၅)ကျပ်သား
၂။ ကြိတ်မှန်ရွက် ပွတ်ပါးမှုန့် (၅)ကျပ်သား
၃။ ကြံစုမှုန့် (၅)ကျပ်သား

တို့ကို **ပျားရည် (၃၀)ကျပ်သားနှင့် ရောစပ်ကာ** လေလုံ ဖန်ပုလင်းတစ်လုံးထဲတွင် ထည့်ထားကာ **နေ့စဉ် တစ်နေ့နှစ်ကြိမ် လက်ဖက်စားဇွန်းဖြင့်** တိုက်ကျွေးပေးပါက ဉာဏ်ရည် ထက်မြက်ကာ ကျန်းမာဝဖြိုးလျက် အသက်ကို ရှည်စေနိုင်ပါသည်။

**ဆရာသန်းဆောင် (နဘဲ[illegible])**




www.burmeseclassic.com

www.burmeseclassic.com

# သေမသေစွမ်းဆောင်

အကြားအမြင်

မောင်မောင်မြ
(ရေစကြို)



လွန်ခဲ့တဲ့ ငါးနှစ်ခန့်က ကျွန်ုပ်ကိုယ်တိုင် သေဆုံးသူရဲ့ ဝိညာဉ်ကို ခေါ်ပြီး မေးလိုရာ မေးပေးနိုင်သော **ရေစကြိုမြို့နယ်၊ နေရင်းကျေးရွာ ဦးကျော်တင်**ထံသို့ သွားပြီး မေးမြန်းခဲ့ပုံနဲ့ ပြန်လည် ဖြေကြားခဲ့ပုံများကို စာဖတ်ပရိသတ်များ ဝေဖန် သုံးသပ် အကဲဖြတ်နိုင်စေခြင်းငှာ ရေးသားလိုက်ပါတယ်။

**မကွေးတိုင်း၊ ရေစကြိုမြို့နယ်၊ နေရင်းကျေးရွာအုပ်စုတွင် "ဦးကျော်တင်" ဆိုတဲ့ ပုဂ္ဂိုလ်ဟာ** သေဆုံးသွားသူရဲ့ဝိညာဉ်ကို ခေါ်ပြီး မသေမီက အဖြစ်အပျက်များနဲ့ သေဆုံးပြီး အဖြစ်အပျက်များကို မေးမြန်းပေးနိုင်ကြောင်း သတင်းများ ကြားသိရတဲ့အတွက် ကျွန်ုပ်ရဲ့စိတ်တွင် ဘယ်လို အစွမ်းသတ္တိမျိုးတွေနဲ့ သေဆုံးသူရဲ့ဝိညာဉ်ကို ခေါ်ပြီး မေးနိုင်ရပါသလဲဆိုတဲ့ အတွေးစိတ်ဝင်ခဲ့ရပါတယ်။

ထိုသတင်းကြားရပြီးနောက် သုံးလခန့်အကြာမှာ ကျွန်ုပ်တို့ရဲ့ ဖခင်ဖြစ်သူ **ဦးချစ်စုံ** သေဆုံးခဲ့ရာ မွေးချင်း ညီငယ်၊ နှမငယ်များက ဖခင်ကြီး ဘယ်ဘဝ ရောက်နေတယ်၊ ဘယ်လို နေထိုင်စားသောက်ရတယ်ဆိုတာ သိလိုတဲ့ သံယောဇဉ်စိတ်ဓာတ်တွေနဲ့ သတင်းကြားရတဲ့ နေရင်းကျေးရွာ ဦးကျော်တင်ထံသို့ သွားပြီး မေးပေးဖို့ ကျွန်ုပ်ကို တိုက်တွန်း ပြောဆိုကြပါတယ်။

ကျွန်ုပ်ကလဲ မှန်တာ၊ မမှန်တာကို သိလိုတဲ့စိတ် ရှိနေတာဖြစ်လို့...

'အေး အေး နက်ဖြန် ငါသွားပြီး မေးပါမယ်။ မောင်လှကြိုင်ပါ လိုက်ခဲ့ပါ'

လို့ နှမလတ် မအုံးမြင့်ရဲ့ ခင်ပွန်းဖြစ်သူကိုပါ အတူလိုက်ခဲ့ဖို့ ခေါ်ထားပါတယ်။

နောက်နေ့ နံနက်တွင် ကျွန်ုပ်နှင့် မောင်လှကြိုင်တို့ နေရင်းကျေးရွာ ဦးကျော်တင်ထံသို့ အမေးသွားကြပါတယ်။ နေ့ ဆယ်နာရီအချိန်ခန့်မှာ နေရင်းကျေးရွာ ဦးကျော်တင်အိမ်ကို ရောက်ကြပါတယ်။

ဦးကျော်တင်မှာ ကိုကြီးကျော် ဂူနီနတ်ပွဲ (ဂူနီပွဲတော်)သို့ သွားတဲ့အတွက် မရောက်လာသေးကြောင်းကို ဦးကျော်တင်ရဲ့ဖခင်ဖြစ်သူ ဦးဘက ပြောပြတဲ့အတွက် ကျွန်ုပ်တို့ ဦးကျော်တင် ပြန်အလာ စောင့်ဆိုင်းနေကြရပါတယ်။

စောင့်ဆိုင်းနေချိန်မှာ ကျွန်ုပ်က ဦးကျော်တင်ရဲ့ "**အကြားဓာတ်၊ အမြင်ဓာတ်" စိတ်စွမ်းအား**ရှိပုံကို သိလိုတဲ့အတွက် ဦးလေးဘကို...

'ဦးလေးဘ ဦးကျော်တင်က ပရလောကသားရဲ့ ဝိညာဉ်ကိုခေါ်ပြီး မေးနိုင်တယ်၊ ပြီးတော့ ပရလောကသားရဲ့ အဆင်းပုံ၊ ရုပ်သဏ္ဌာန်ကိုလဲ မြင်ရတယ်၊ ပြောတဲ့အသံကိုလဲ ကြားရတယ်လို့ သိရပါတယ်။ အဲဒီလို အစွမ်းတွေရှိတာ ဘယ်လို ကျင့်စဉ်တွေကြောင့်ပါလဲ'

လို့ မေးတဲ့အခါမှာ...

'ကျင့်စဉ်ကတော့ဖြင့် အထူးအဆန်း မရှိ





www.burmeseclassic.com

www.burmeseclassic.com

ဘူး။ ငယ်စဉ် ကလေးအရွယ်ကစပြီး ပုတီးစိပ်တာကို ဝါသနာပါတယ်။ ပုတီးစိပ်တာပါပဲ'

လို့ ပြောပြပါတယ်။ နောက်...

'ဘယ်လိုဂါထာတွေကို ပုတီးစိပ်ပါသလဲ'

လို့ မေးတော့...

'ဦးလေး သိတာကတော့ ဘုရားဂုဏ်တော်တရားဂုဏ်တော်၊ သံဃာဂုဏ်တော် အဲဒီဂုဏ်တော်တွေ စိပ်တာပါပဲ'

လို့ ပြောပြပါတယ်။

နောက်တစ်ခါ...

'ဦးကျော်တင် ဘယ်အရွယ်လောက်ကစပြီး ဟောတတ် ပြောတတ်ပါသလဲ'

လို့ မေးတဲ့အခါ ဦးလေးဘ ပြောပြတာက...

'နွားကျောင်းသားအရွယ် ကျွဲကျောင်းရာကစပြီး ဟောတတ် ပြောတတ်တယ်လို့ ဆိုရမှာပဲ။ ဘာကြောင့်လဲဆိုတော့ ကျွဲကျောင်းတဲ့အဖော်တွေက သူတို့ကျွဲ ပျောက်တဲ့အခါ မောင်ကျော်တင်ကို မေးကြတော့ မောင်ကျော်တင်က ကျွဲရှိတဲ့နေရာကို ထိုင်ရာကနေ ပြောနိုင်တယ်။

နောက် အဖော်အချင်းချင်း မင်းတို့အိမ်မှာ ဝက်သားချက်တယ်၊ ကြက်သားချက်တယ် စလို့ ပြောနိုင်တယ်။ ပြီးတော့ ပြောတဲ့အတိုင်း အမှန်တွေချည်းပဲ ဖြစ်နေတယ်။

အဲဒီ ကျွဲကျောင်းတဲ့အချိန်ကစပြီး ဟောနိုင်ပြောနိုင်တာပဲ။ ဒါကြောင့် အဖော်တွေက မောင်ကျော်တင်ကို "ကျွဲမင်းသား"လို့ ခေါ်ကြသေးတယ်'

လို့ ပြောပြအပြီးမှာ ကျွန်ုပ် သိလိုသေးသဖြင့်...

'ဦးကျော်တင်က သေဆုံးသူအားလုံးရဲ့ ဝိညာဉ်ကို ခေါ်နိုင်ပါသလား'

လို့ မေးတဲ့အခါမှာတော့...

'သေဆုံးသူ အားလုံးကို မခေါ်နိုင်ပါဘူး။ သေဆုံးသူ ဝဲကျရင် ခေါ်မရပါဘူး။ နောက် တိရစ္ဆာန်ဖြစ်နေရင်လဲ ခေါ်လို့မရဘူး။ နောက်



ပြီးတော့ နိဗ္ဗာန်ရောက်တဲ့ပုဂ္ဂိုလ် ဆိုရင်လဲ ခေါ်မရဘူး။ ကျန်တဲ့ဘဝတွေ ရောက်ရင် ခေါ်ရပါတယ်။ တကယ်လို့ လူဝင်စား ဖြစ်နေတယ်ဆိုရင် သူ့ရဲ့စိတ်အာရုံမှာ ပုံသဏ္ဌာန် အနေအထား အရပ်ဒေသတွေ ပြောနိုင်တယ်'

လို့ ရှင်းလင်း ပြောပြအပြီးမှာ ဦးလေးဘ ဆက်ပြောပြတာကတော့...

'မောင်ကျော်တင်က ပြောပြဖူးတယ်။ အရင်ဘဝဟောင်းက အဘခေါင်တို့၊ ဘိုးဘိုးအောင်တို့လို ထွက်ရပ်လမ်းကျင့်စဉ်တွေ ကျင့်ခဲ့ဖူးတယ်။ သူ့လိုပဲ ကျင့်ကြတဲ့ပုဂ္ဂိုလ်တွေ ကမ္ဘာမှာ မြောက်မြားစွာ ရှိတယ်လို့ ပြောလို့သိရ တာပဲ။ ဒါကြောင့် ရှေးက ပါရမီဓာတ်ခံ ပါလို့ အခုလို ခေါ်နိုင်၊ မေးနိုင်တယ် လို့ ဦးလေး ထင်မိတာပဲ'

လို့ ပြောပြအပြီး ဦးကျော်တင် ပြန်ရောက်လာပါတယ်။ ဦးကျော်တင်က ရောက်လျှင်ရောက်ချင်း ကျွန်ုပ်တို့ကို...

'ညည်သည်တွေ ရောက်နေတာ ကြာပြီ ထင်တယ်။ အားနာစရာပဲ'

လို့ နှုတ်ဆက်ပြီး ကျွန်ုပ်နဲ့ ကိုလှကြိုင်တို့ ထိုင်နေကြတဲ့အိမ်ပေါ် အရှေ့အခန်းကို တက်လာကာ အရှေ့ထိပ်ကနေ အနောက်ကို မျက်နှာပြုပြီး တင်ပျဉ်ခွေ ထိုင်လိုက်ပါတယ်။ ထိုင်အပြီးမှာ...

'ကဲ ခင်ဗျားတို့ မေးလိုရာ ပြောပါ။ သေဆုံးသူ မေးမယ်ဆိုရင် အဖအမည်၊ အမိအမည် နောက် သေဆုံးသူရဲ့ အမည်တို့ကို ပြောပါ'

လို့ ခိုင်းပါတယ်။

ကျွန်ုပ်က...

'သေဆုံးသူအမည်က ဦးချစ်စုံ၊ အဖအမည် ဦးဖိုးထယ်၊ အမိအမည်က ဒေါ်ရွှေသ၊ နေရပ်က ကံသာရွာပါ'

လို့ ပြောလိုက်တဲ့အခါ ဉာဏ်ပူဇော်တဲ့အနေနဲ့ အပူဇော်ခိုင်းပါတယ်။

'ကဲ စေတနာရှိသရွေ့ ဉာဏ်ပူဇော်ပါ'

တဲ့။ အဲဒီလိုခိုင်းတော့ ကျွန်ုပ်က ငွေ (၁၀၀)ကျပ် ပူဇော်လိုက်ပါတယ်။ ဦးကျော်တင်က ငွေ (၁၀၀)ကို လက်နှစ်ဖက်ဖြင့် အထက်မြှောက်လျက် ရွတ်ဆိုတာက...

'ယခု ရေစက်ကြိုးပြီးနယ်၊ ကံသာကျေးရွာမှ အဖ ဦးဖိုးထယ်၊ အမိ ဒေါ်ရွှေသတို့၏ သားဖြစ်သူ ဦးချစ်စုံအတွက် ရည်မှန်းပြီး ကျွန်ုပ်အား ကုသိုလ်ပြုပါတယ်။ ယင်း ကုသိုလ်အဖို့တာကို သတ္တဝါ ဝေနေယျအပေါင်းအား အမျှပေးဝေပါတယ် ခင်ဗျား။ အားလုံး အမျှရကြပါစေဗျား။

သေဆုံးသွားတဲ့ ဦးချစ်စုံ ခင်ဗျား ခင်ဗျားရဲ့ မွေးချင်း သားသမီးများက တွေ့ဆုံ မေးမြန်းလိုတဲ့အတွက် ရောက်ရာဘဝ ဘုံဌာနက ဤဌာနသို့ အခုအမြန် လာရောက်ဖို့ ဖိတ်ခေါ်လိုက်ပါတယ်။ သက်ဆိုင်ရာ အုပ်ချုပ်သူ အကြီးအကဲများကလဲ ခွင့်ပြုပေးကြပါရန် မေတ္တာရပ်ခံပါတယ် ခင်ဗျား'

လို့ ဖိတ်ခေါ်ပြီး အာရုံစူးစိုက်ပြီး မျက်နှာကို ရှေ့တည့်တည့် ကြည့်နေပါတယ်။

နောက် ခဏအကြာမှာ...

'ဟော လာနေပါပြီဗျာ၊ လာပြီ။ ခင်ဗျားတို့ ဦးချစ်စုံက ခါးလှိုင်းကိုင်း

www.burmeseclassic.com

www.burmeseclassic.com

မျက်ခုံးမွေးထူထူ၊ ခေါင်းတုံးနဲ့ပါပဲလား။ အခုပြောတဲ့ ပုံစံအတိုင်း ဟုတ်ကြရဲ့လား'

လို့ ကျွန်ုပ်တို့ကို မေးပါတယ်။

'ဟုတ်ပါတယ်။ အခုပြောတဲ့ ပုံစံအတိုင်းပါပဲ'

လို့ ကျွန်ုပ်က ဖြေလိုက်ပါတယ်။

'ကဲ ဟုတ်ပြီ။ အခုရောက်လာတာ ဦးချစ်စုံအမှန် ဟုတ်တယ်ဆိုရင် ဦးချစ်စုံ မသေမီ၊ ဝိညာဉ်မချုပ်မီက အဖြစ်အပျက်ကို မှတ်မိသရွေ့ ပြောပြပါ'

လို့ ခိုင်းပြီး ပရလောကသားရဲ့ ပြောမယ့်စကားကို ငြိမ်သက်စွာ အာရုံပြုပြီး နားထောင်နေပါတယ်။ နောက် နားထောင်ပြီး ပြန်ပြောပြတာက...

'မှတ်မိတာ ပြောပြရမယ်ဆိုရင်တော့ ဝိညာဉ်မချုပ်မီ ထိုးတဲ့ဆေးက ဘာဆေးလဲ မသိဘူး နာလိုက်တာ အလွန်ပဲတဲ့။ ပြီးတော့ ဦးခေါင်းကို ပြောက်တက်လှည့်ပြီး ဝိညာဉ်ချုပ်ခဲ့ရပါတယ်တဲ့ ပြောနေပါတယ်ဗျား။ သူပြောတဲ့အတိုင်း ဟုတ်ကြရဲ့လား'

လို့ မေးတော့ ကျွန်ုပ်စိတ်မှာ တအံ့တသြ ဖြစ်မိပါတယ်။

'ဟုတ်ပါတယ်ဗျား၊ သူ ပြောတဲ့အတိုင်း အမှန် ဟုတ်ပါတယ်'

လို့ ဖြေလိုက်ပါတယ်။

နောက်ပြီး ဦးကျော်တင်က...

'ဦးချစ်စုံက ပြောနေတယ်။ သူ ဝိညာဉ်ချုပ်စဉ်က ချက်ချင်း ခြေမ,ကြီး၊ လက်မ,ကြီး ချည်ကြလို့ စိတ်မကောင်း ဖြစ်မိပါသတဲ့ဗျား။ ဟုတ်ကြသလား'

လို့ မေးတော့ ကျွန်ုပ်နှင့်အတူ လိုက်ပါလာသူ ကိုလှကြိုင်က...

'ဟုတ်ပါတယ် ကျွန်တော်နဲ့ ကိုအောင်လှတို့ ချည်ကြတာပါ'

လို့ ပြောလိုက်ပါတယ်။

'ဦးချစ်စုံက နောက် မေးနေတယ်ဗျ။ အ,သုဘပို့ပြီး အပြန် အိမ်ယူလာ



တဲ့ ကန်တော့ပွဲ နှစ်ပွဲက အပိုလား၊ အရောလား။ ဘုန်းကြီး မကြွတာလားတဲ့'

လို့ မေးလိုက်တော့ ကျွန်ုပ်တို့ ရုတ်တရက် မဖြေနိုင်ကြလို့ စဉ်းစားပြီးမှသာ...

'အဲဒီ ပြန်ယူလာတဲ့ ကန်တော့ပွဲ နှစ်ပွဲက ခြင်းယား ဆရာတော်တစ်ပါးနဲ့ မန္တလေး ဆရာတော်တစ်ပါးအတွက် အရာပွဲ နှစ်ပွဲကို အိမ်ပြန်ယူခဲ့တာပါ'

လို့ ပြန်ပြောပြလိုက်ရပါတယ်။ နောက် ဆက်ပြီး မေးပါသေးတယ်။

'အ,သုဘပို့ပြီးတဲ့ နောက်တစ်နေ့ညမှာ အိမ်ဝိုင်းထဲက ဆူလိုက်ကြတာ ဘာ ဖြစ်ကြတာလဲ တဲ့။ ပြောကြပါဦး'

ဆိုတော့ ကျွန်ုပ်က...

'ကိုသိန်းထွန်းနဲ့ ကိုဖိုးဆောင်းတို့ စကားများ ဆူနေကြတာပါ။ ဘာမှ မဖြစ်ပါဘူး'

လို့ ရှင်းပြလိုက်ရပါတယ်။

အခုလို ဦးချစ်စုံ တစ်ဖြစ်လဲ ပရလောကသားက သူ သိလိုသည့်ကိစ္စ အကြောင်းအရာတို့ကို မေးပြီးတဲ့အခါ ဦးကျော်တင်က...

'ကဲ ခင်ဗျားတို့ မေးလိုရာကို မေးကြပါ'

လို့ ခိုင်းတဲ့အတွက် ကျွန်ုပ်က...

'အခု ဦးချစ်စုံ ဘယ်မှာနေရပါသလဲ၊ စားရသောက်ရ ရှိရဲ့လား'

လို့ မေးလိုက်တဲ့အခါ ဦးကျော်တင်က တစ်ဖက်က ပရလောကသား ပြောမယ့်စကားကို အာရုံပြု နားထောင်အပြီးမှာ ပြန်လည် ပြောပြတာက...

'အခုနေရတာက သူ့အိမ် တောင်ဘက်က ဝိုင်းလယ်ထဲမှာ နေရပါတယ်တဲ့။ ပြီးတော့ သူ့သမီးက ဆွမ်းတော်ကပ်ပြီး စွန့်တာကို စားရ သောက်ရပါသတဲ့ဗျား'

လို့ ပြောပြီး ဆက်ပြောပြတာက...

'လူပြန်ဖြစ်ဖို့ ဝင်စားခွင့် ရပါတယ်တဲ့။ လူဝင်စားဖြစ်တော့ အိပ်မက်ပေးမယ်တဲ့။ စောင့်ရှောက်ကြပါဦးတဲ့။ နေရာထိုင်ခင်းကတော့ မရှိသေးဘူးတဲ့။ အိမ်ကိုပဲ ပြန်နေချင်တာပဲတဲ့ဗျား'

လို့ ပြောတော့ ကျွန်ုပ် ဝမ်းနည်းမိပါတယ်။

'ဘာ ကုသိုလ်များ လုပ်ပေးရမလဲ'

လို့ မေးတဲ့အခါ...

'သင့်တော်ရာကုသိုလ် လုပ်ကြပါတဲ့။ သူ့ရဲ့ ပုဆိုးလုံချည်တွေကို နေရာထိုင်ချုပ်ပြီး ကျောင်းလှူမယ်လို့ ပြောနေကြတဲ့အသံ ကြားရပါတယ်တဲ့။ ကောင်းပါတယ်။ လှူကြပါတဲ့ဗျား။ ဟုတ်ကြရဲ့လား'

လို့ မေးတဲ့အခါ သတိရလာတဲ့အတွက်...

'ဟုတ်ပါတယ်။ သမီး မအုံးမြင့်က ပုဆိုးလုံချည်တွေကို နေရာထိုင် ချုပ်ဖို့ရာ ကျွန်ုပ်ကို တိုင်ပင်ပါတယ်။ အဲဒါကို ကြားလို့ သူသိနေတာ ထင်တယ်'

လို့ ပြောလိုက်ပါသေးတယ်။ နောက် ဦးကျော်တင်က...

'ပြောနေတယ်၊ သားသမီးမွေးချင်းတွေအိမ်ကို ရောက်တယ်တဲ့။ အဲဒါကို ခြောက်တယ်လို့ ပြောနေကြတယ်။ ခြောက်တာမဟုတ်ပါဘူးတဲ့၊ နှုတ်ဆက်တာပါတဲ့။ နောက်ဆုံး မှာချင်တာက တော့တဲ့ မွေးချင်းမောင်နှမတစ်တွေ သင့်အောင်နေကြပါတဲ့'



www.burmeseclassic.com

www.burmeseclassic.com

လို့ ပြောပြပြီးသည့်အခါမှာ ကျွန်ုပ်က…

'အခုပြောသမျှ အမှန်တွေချည်းပါပဲ။ ဒါပေမယ့် မွေးချင်းသားချင်းတွေ ယုံကြည်မှုရှိအောင် ထူးခြားတာရှိရင် ပြောပါဦး'

လို့ နိုင်းလိုက်တဲ့အခါမှာတော့…

'အားလုံး ယုံကြည်အောင် ပြောလိုက်မယ်။ သေဆုံးပြီးနောက်ညမှာ မြောက်အိမ် သမီးရှိရာကို ရောက်တယ်။ အိမ်ဝင်းအတွင်း အရောက်မှာ သတ္တဝါအကျားတစ်ကောင်က ဟောင်တယ်။ အဲဒီလိုဟောင်တော့ ဟောင်ရမလားဆိုပြီး ဆဲပါတယ်။ ရွာပြန်ရောက်တဲ့အခါ မေးကြည့်ပါတဲ့ဗျာ'

'ဟုတ်ကဲ့ ကောင်းပါပြီ၊ ရွာပြန်ရောက်ရင် မေးကြည့်ပါမယ်'

လို့ ကျွန်ုပ်က ဖြေလိုက်ပါတယ်။

"နောက်ခုနစ်ရက်ပြည့်လို့ ရက်လည်ဆွမ်းကပ်လှူနေ့ ရောက်တဲ့အခါ တရားနာပြီး သာဓုခေါ်ရအောင် လာခဲ့ပါ"

လို့ မှာလိုက်တော့…

'ခေါ်လိုက်ပါ လာခဲ့ပါမယ်တဲ့'

လို့ ပြောအပြီး ဦးကျော်တင် ဆက်ပြောတာက…

'ခါးတွေက နာတယ်တဲ့။ ပြန်တော့မယ်၊ နှုတ်ဆက်ပါတယ်တဲ့။

ပြန်ချင်ပြီတဲ့ဗျာ ပြောနေတယ်'

လို့ ဆိုတော့…

'ဟုတ်ကဲ့ပြန်ခွင့်ပြုလိုက်ပါတော့ဗျာ'

လို့ ကျွန်ုပ်က ပြောလိုက်တဲ့အခါ ဦးကျော်တင်က ပရလောကသား ဦးချစ်စုံကို…

'ကဲ ဦးချစ်စုံ ခင်ဗျား လိုရာခရီး ပြန်နိုင်ပါပြီ၊ သွားနိုင်ပါပြီ။ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ လိုရာ ပြည့်စုံပါစေဗျာ'

လို့ ဆုပေးပြီး ပြန်ခွင့်ပြုလိုက်ပါတယ်။



ကျွန်ုပ်တို့ မေးမြန်းပြောဆိုနေသည့် အချိန်မှာ ကျွန်ုပ်တို့လို မေးမြန်းဖို့ ရောက်ရှိနေကြတဲ့ ဧည့်သည်များ (၁၅) ယောက်ခန့်ကို မြင်တွေ့ရတဲ့အတွက် အချိန်ပို မနေတော့ဘဲ ဦးကျော်တင်နဲ့ ဖခင်ကြီး ဦးလေးဘတို့အား နှုတ်ဆက်ပြီး ကျွန်ုပ်တို့ ပြန်ခဲ့ကြပါတယ်။

ရွာပြန်ရောက်တဲ့အခါ မွေးချင်းမောင်နှမများ အားလုံးကို ခေါ်ပြီး အကျိုးအကြောင်းပြောပြအပြီး မြောက်အိမ်မှ သမီးအငယ် မအုံးတင်နဲ့ ခင်ပွန်းဖြစ်သူ မောင်မြင့်လွင်တို့ကို ဖခင်ကြီး ပရလောကသား ဦးချစ်စုံ မှာသည့်အတိုင်း မေးမြန်းရာ မောင်မြင့်လွင်က…

'အသုဘပို့ပြီး နောက်ညမှာ ကျွန်တော့်အိမ်က ခွေးကျားက အိမ်ဘက်လှည့်ပြီး အတင်းဆူနေအောင်ဟောင်နေလို့ ဆဲဆိုပြီး ဘာဟောင်နေတာလဲဟ ခေါက်ပြီး ကြည့်လိုက်တော့ လူရိပ်ပုံသဏ္ဌာန် မည်းမည်းကြီး အိမ်ထဲဝင်သွားတာ မြင်လိုက်ရတယ်။ အဲဒီအကြောင်းတွေကို ကျွန်တော်က ကြောက်ကြမှာစိုးရိမ်လို့ ဘယ်သူ့ကိုမှ မပြောခဲ့ဘူး'

လို့ ပြောလိုက်သည်တွင် ကျွန်ုပ်တို့ မွေးချင်းမောင်နှမတစ်တွေ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး မျက်ရည်စတွေ ဝေခဲ့ကြပါသေးတယ်။ အဲဒီနောက်တွင်…

ဘဝတစ်ပါးသို့ ပြောင်းသွားတဲ့ ဖခင်ကြီး ဦးချစ်စုံရဲ့ အဖြစ်အပျက်များကို ပြောကြပြီးတဲ့အခါ ကျွန်ုပ်က မောင်နှမတစ်တွေအားလုံး အပူငြိမ်းစေလိုတဲ့ ဆန္ဒနဲ့…

'ငါတို့ဖခင်ကြီးဟာ ငရဲတိရစ္ဆာန်ဘဝသို့ မရောက်ဘဲ သာဓုခေါ်နိုင်သော ဝေမာနိက ပြိတ္တာဖြစ်နေပြီလို့ ပြောရမှာပါပဲ။ ဒါကြောင့် ငါတို့မောင်နှမတစ်တွေက ဖခင်ကြီး သာဓု အနုမောဒနာခေါ်နိုင်ဖို့ ဖခင်ကြီးအတွက် ရည်မှန်းပြီး ဆွမ်း၊ ပန်း၊ ရေချမ်း ဘုရားကို ကပ်လှူပြီး အမျှပေးဝေကြရမယ်။

နောက် ရက်လည်ဆွမ်းကပ်လှူပြီး ဖခင်ကြီးရဲ့ အသိုးလုံကွင်းတွေကို နေရာထိုင် ချပြီး ကျောင်းကို ကပ်လှူကြမယ်။ အဲဒီ ဆွမ်းကပ်တဲ့နေ့မှာ ဖခင်ကြီးကို ခေါ်ပြီး တရားနာ မယ်၊ ရေစက်ချမယ် အားလုံးကို အမျှဝေမယ်'

စသဖြင့် ပြောပြီး…

"ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေး ထိုက်စေ၊ လှူမှုဝေ၍ ဆောင့်လေမျိုးနွယ် ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့သမီးတို့တာ"

ဆိုတဲ့ ဆုံးမစာကို ရွတ်ဆိုပြောပြီး နောက် ကျွန်ုပ် တတ်သိသမျှ အပူအေး ငြိမ်းစေမည့် တရားဓမ္မများကို ပြောပြ ကာ နောက်ကျလာမယ့် မျက်ရည်များ နှင့် ပူဆွေးသောက ပရိဒေဝမီးများကို ထိုက်တဲ့အားလျော်စွာ ချုပ်ငြိမ်းစေခဲ့ ပါတော့တယ်။

ဝန်ခံချက်

**ယခု ရေးသားဖော်ပြခဲ့သော အဖြစ်အပျက် အကြောင်းအရာများ သည် ကျွန်ုပ်ကိုယ်တိုင် တွေ့ကြုံ ခံစားခဲ့ရသည့် ဖြစ်ရပ်အမှန် ဖြစ် ကြောင်း ဝန်ခံပါသည်။**

***ဒါန၊ သီလ၊ ဘာဝနာ တရားများ တိုးပွားကြပါစေ။***

**မောင်မောင်မြ (ရေစကြို)**



www.burmeseclassic.com

www.burmeseclassic.com

မောင်နီ (ကျောက်မဲ)

# ဥစ္စာကို

## သိုက်တသာ ဝေးသည်မဟုတ်



လွန်ခဲ့သော နှစ်ပေါင်း (၅၀)ခန့်က ကျောက်ဆည် ခရိုင်၊ ပေါင်လောင် ရွာကြီးတွင် ကြုံတွေ့ခဲ့သော အဖြစ်အပျက် ဖြစ်ပါသည်။ ကျွန်ုပ်မှာ ငယ်ရွယ်စဉ်က သမထ အလုပ်များကို အထုံ ဝါသနာကြီးမားစွာ လေ့ကျင့်ရင်း ထို ပေါင်လောင်ရွာသို့ ရောက်ရှိသွားပါသည်။

အာနာပါနကို လေ့ကျင့်ခြင်း၊ ဂါထာများ ရွတ်ဆို ပွားများခြင်း၊ ဂုဏ်တော်များကို ပုတီးစိပ်ခြင်း၊ မေတ္တာပို့ အမျှဝေခြင်း ဟူသော ကျင့်စဉ်များကို နေ့ညဥ့် မပြတ် ကြိုးစားလေ့ကျင့် ဖြစ်ပါသည်။

ထိုသို့ အဆက်မပြတ် လေ့ကျင့်ခြင်း၊ သီလလုံခြုံမှု ရှိနေခြင်းကြောင့် ထင်ပါသည်။ မမြင်အပ်သော ပရလောကသား ပုဂ္ဂိုလ်များကို တစ်ခါတစ်ရံ ကိုယ်တိုင် တွေ့မြင်ခဲ့ဖူးပါသည်။

ထိုပရလောကသား ပုဂ္ဂိုလ်များကို ပထမဦးစွာ မြင်လိုက်ရစဉ်က ရိုးရိုး လူပုဂ္ဂိုလ်များဟုပင် ထင်မိပါသည်။ သို့ရာတွင် မျက်စိရှေ့မှောက်တွင် ပျောက်သွားခြင်း၊ သွင်ပြင် အမူအရာ ထူးခြားခြင်း၊ အနံ့ထူးခြားခြင်း၊ မိမိ ကိုယ်ခန္ဓာမှာ ကြက်သီးတဖြန်းဖြန်း ထခြင်း စသည့် အကြောင်းများကြောင့် ထိုမြင်တွေ့ရသော ပုဂ္ဂိုလ်မှာ ပရလောကသားဖြစ်ကြောင်း သိလာပါသည်။

အတွေ့အကြုံ များလာသည့်အခါတွင်မူ မည်သည့်ပုဂ္ဂိုလ်ဖြစ်ကြောင်း ချက်ချင်း သိနိုင်ပါသည်။

ထိုအထဲမှ အင်္ကျီအဖြူပေါ်မှာ စလွယ်စွပ်လျက် ပုဆိုးဖြူဝတ်ထားသော သန်မာထွားကျိုင်းသည့် ပုဂ္ဂိုလ်တစ်ဦးကို လမ်းလျှောက်သွားရင်း ရွာအရှေ့ဘက် မန်ကျည်းပင်ကြီး၏ မြောက်ဘက်ဘေးမှာ မကြာခဏ တွေ့ရပါသည်။ အထူးသဖြင့် မှောင်ရီဖျိုးဖျ အချိန်တွင် တွေ့ရတတ်ပါသည်။ အမှတ်မထင် ဖျတ်ခနဲ တွေ့ရတတ်ပါသည်။

တွေ့ရသည့်အခါတိုင်း မြင်နေကျ အဝတ်အစားနှင့်သာ ဖြစ်ပါသည်။ မကြာခဏ တွေ့နေရသဖြင့် သူ့ပုံပန်းကို မှတ်မိနေပါသည်။ ထိုပုဂ္ဂိုလ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ရက္ခစိုးကြီးဖြစ်ကြောင်းလည်း သိနေပါသည်။

တစ်နေ့သောအခါ ထိုမန်ကျည်းပင် အောက်ကို ဖြတ်ပြီး ပြန်လာစဉ် ကျွန်ုပ် သွားရာလမ်း ရှေ့တည့်တည့်မှာ ထိုရက္ခစိုးကြီး ဘွားခနဲ ရုပ်လျက် ပေါ်လာပါသည်။

နေဝင်ဖျိုးဖျအချိန်ဖြစ်၍ ပီပီပြင်ပြင် ထင်ထင်လင်းလင်း မမြင်ရသော်လည်း ရက္ခစိုးကြီးဖြစ်မှန်း သိပါသည်။ ထိုပုဂ္ဂိုလ်နှင့် ကျွန်ုပ်မှာ တစ်လံမျှ ဝေးပါသည်။ ထိုအချိန်၌ သစ်ရွက်ကြွေသံ တဖြောက်ဖြောက်ကိုပင် ကြားရအောင် တိတ်ဆိတ်နေလေ၏။

ကြောက်စိတ်မရှိသော်လည်း ဤသို့ အမှတ်မထင် ဘွားခနဲ ပေါ်လာသည်ကို တွေ့လိုက်ရ၍ ရင်မှာ တဒိတ်ဒိတ် မြည်သွားလေ၏။ ဘာကိစ္စရှိသလဲ၊ ဘာအကြောင်းရှိသလဲဟု တွေးနေဆဲတွင် ထိုရက္ခစိုးကြီးက...

'ဒီနေရာကို တူးယူပါ'

ဟု သူ့ရှေ့ မန်ကျည်းပင်၏ အရှေ့ဘက် တစ်တောင်အကွာကို ညွှန်ပြပါသည်။

ကျွန်ုပ်လည်း ညွှန်ပြသောနေရာကို သေသေချာချာ မှတ်သားထားလိုက်၏။ တူးယူရန်ကိုတော့ စိတ်မကူးသေးပါ။ ပိုင်ရှင်ရှိနေသေးလျှင် ကံငါးပါးထဲမှ အဒိန္နာဒါနာကံကို ကျူးလွန်သူ ဖြစ်သွားနိုင်ပေသည်။

အရှင် မပေးသော ဥစ္စာကို ယူလျှင် သီလပျက်ပေတော့မည်။ သီလပျက်လျှင် ကျင့်ထားသမျှ အလဟဿဖြစ်သွားပေတော့မည်။

သီလအလွန်စင်ကြယ်မှ သွားရာလမ်းဖြောင့်ကြောင်း သိထားပြီး ဖြစ်ပါသည်။ သီလရှိသူကို နတ်တို့ သိပါသည်။ သီလလျှင် စောင့်ရှောက်တတ်ပါသည်။

နတ်စောင့်ရှောက်မှ၊ ချစ်မှ ဂြိုဟ်များလည်း မ,ကြပါသည်။ ဂြိုဟ်များ မ,လျှင် လောကီကိစ္စရပ်များတွင် လိုတရသည်ဟုပင် ဆိုရပေတော့မည်။ ၎င်းသည်ပင် သိဒ္ဓိသဘော ဖြစ်လေ၏။

သီလမရှိလျှင်လည်း နတ်တို့ ချက်ချင်း သိပါသည်။ ထို့ကြောင့် သီလ အနည်းငယ်မျှ ပျက်လျှင်ပင် ပြင်းပြင်းထန်ထန် ကျင့်ကြံပါသော်လည်း သိဒ္ဓိတို့ တိုးတက်လာတော့မည် မဟုတ်ပေ။ "ပိုးသာကုန် မောင်ပုံ စောင်းမတတ်" ဆိုသကဲ့သို့ အချည်းနှီးသာ ဖြစ်ပေတော့မည်။

ထို့ကြောင့် မိမိအပင်ပန်းခံ ကျင့်ထားသောကြောင့် ရလာသော တန်ခိုးသိဒ္ဓိကို ပျက်စီး ဆုံးရှုံး မသွားရအောင် သတိကြီးစွာဖြင့် ထိန်းထားရပါသည်။

သို့သော် ထိုပုဂ္ဂိုလ် (ရက္ခစိုး)ကြီး ယခုညွှန်ပြသော ပစ္စည်းများသည် ပိုင်ရှင်မဲ့ ဖြစ်နေခဲ့လျှင် သာသနာအတွက် အကျိုးရှိရာရှိကြောင်း အသုံးချခွင့် ရပေမည်ဟု တွေးတောမိကာ ပိုင်ရှင်ရှိ၊ မရှိ သိချင်လာလေ၏။

ထို့ကြောင့် ထိုပုဂ္ဂိုလ်ကြီးကို မေးခွန်းတစ်ခု မေးရန် ပြန်ကြည့်လိုက်ပါသည်။

ထိုပုဂ္ဂိုလ်ကြီး မရှိတော့ပါ။ ပျောက်ကွယ်သွားလေပြီ။ သူ မရှိတော့သဖြင့် ကျွန်တော့် ရင်ထဲမှာ ရှိနေသည့် မေးခွန်း တစ်ခုကို မေးခွင့်မရတော့ပါ။

* * *

နောက်တစ်နေ့ ညနေတွင် သွားနေကျလမ်းလေးအတိုင်း ကျွန်ုပ်လျှောက်လာခဲ့ရာ မန်ကျည်းပင်အောက်တွင် (မနေ့ကအတိုင်း) ရပ်စောင့်နေသော ရက္ခစိုးကြီးကို တွေ့ရလေ၏။ လျှာရှည်နေလျှင် ပြန်ပျောက်ကွယ်သွားမှာ စိုးသဖြင့် အဓိကသိချင်နေသည့်အချက်ကို တန်းမေးလိုက်သည်။

'မနေ့ကပြတဲ့ နေရာက ပစ္စည်းဟာ ပိုင်ရှင်ရှိသလား'

'ရှိတယ်'

ဟု သူက တိုတို ပြန်ဖြေလေ၏။

ကျွန်ုပ်မှာ ပင်ကိုအားဖြင့် မာဆတ်ဆတ် စကားပြောတတ်ရကား သူ စိတ်တိုသွားမှာ စိုးသောကြောင့် သတိထား၍...

'ပိုင်ရှင်က ဘယ်သူပါလဲခင်ဗျာ'

ဟု ရိုရိုသေသေ မေးလိုက်၏။

'ရွာထဲက ဦးကျော်သာပဲ'

ဟု ပြောဆိုကာ ပျောက်ကွယ်သွားလေ၏။

ပိုင်ရှင်ရှိပါလျက် ပစ္စည်းရှိသည့်နေရာကို ညွှန်ပြခြင်းမှာ သူ၏ ပိုင်ဆိုင်သော စွမ်းအား(တန်ခိုး)ကို ပြသလို၍လော၊ ကျွန်ုပ်၏ သီလကို စမ်းသပ်လို၍လောဟု နှစ်ခုကွဲရာတွင် မည်သည့်အချက်က အဓိကဖြစ်ကြောင်း ကွဲပြားစွာ သိရှိရန် ကျွန်ုပ် မဆန်းစစ်တော့ပါ။

* * *

နောက်နေ့ ညနေ (၄)နာရီလောက်တွင် ရွာထဲသို့ သွားရောက် စုံစမ်းပတ်



www.burmeseclassic.com

www.burmeseclassic.com

ပါသည်။ နှစ်အိမ်ခန့် လည်ပတ်ပြီးနောက် ဦးကျော်သာ၏ အိမ်ဘက်ဆီ ကူးခဲ့ပါသည်။

ဦးကျော်သာတစ်ဦးတည်း ညှိခန်းကွပ်ပျစ်တွင် ထိုင်လျက် လက်ဖက်ရည်ကြမ်း သောက်နေသည်ကို မြင်ရလေ၏။ ယခင်ကတည်းက သိကျွမ်းပြီးသားဖြစ်၍ ကျွန်ုပ်ကို ဦးကျော်သာက ခရီးဦးကြိုပြုလေ၏။ ကျွန်ုပ်က ထိုင်ရန်ဟန်ပြုရင်း...

'အိမ်သားတွေလဲ မတွေ့ပါလား။ ဦးကျော်သာ တစ်ယောက်တည်းလား'

ဟု မေးလျှင်...

'တစ်ယောက်တည်းပဲ ဗျို့'

ဟု ဖြေလေ၏။

'တစ်ယောက်တည်း ဆိုရင်တော့ ဘယ်သူမှ မသိအောင် မေးခွန်းလေးတစ်ခု နှစ်ကိုယ်ကြား မေးချင်တယ်'

ဟု အသံနှိမ့်၍ ခပ်တိုးတိုး ဆိုလိုက်၏။

'မေးပါဗျာ၊ ဘာမှ အားမနာပါနဲ့'

ဟု ပြန်ပြောလေ၏။

'ဒီလိုဆိုရင် ခင်ဗျား ပစ္စည်းလေး ဘာလေး မြှုပ်ထားတာ ရှိသလားဟင်'

ဟု မေးလိုက်လျှင် ဦးကျော်သာက အံ့ဩဟန်နှင့် ဖျတ်ခနဲ ကျွန်ုပ်ကို ကြည့်ကြည့်ပြီးမှ...

'ရှိပါတယ်'

ဟု မဖြေချင့်ဖြေချင် ဖြည်းလေးစွာ ဖြေလေ၏။

'ဒီလိုဆိုရင် ရွာအရှေ့ဘက် ခြေကျင်လမ်းကြောင်းလေးဘေး မန်ကျည်းပင်ကြီးရဲ့ အရှေ့ဘက် တစ်တောင်ကွာမှာလား'

ဟု မေးလိုက်၏။ ထိုအခါ ဦးကျော်သာမှာ အံ့ဩထိတ်လန့်သွားဟန်ဖြင့်...

'မှန်လိုက်လေဗျာ'

ဟု ခပ်ကျယ်ကျယ် အသံဖြင့် ဝန်ခံပြီးမှ...



'ခင်ဗျား ဘယ်လိုလုပ် သိသလဲ'

ဟု ပြန်မေးလေ၏။

'ပြောတဲ့လူရှိလို့ပေါ့၊ ခင်ဗျား မြှုပ်ထားတာကို သိတဲ့သူက ပြောပြလို့ပေါ့ဗျ။ အဲဒါ ပြန်တူးယူထားလိုက်ပါ။ ကြာသွားရင် ခင်ဗျားပစ္စည်း ဆုံးရှုံးသွားနိုင်တယ်'

ဟု အကြံပြုလိုက်၏။

ပြောပြသူမှာ လူမဟုတ်ဘဲ ရုက္ခစိုးကြီးဖြစ်ကြောင်း၊ မှန်သည့်အတိုင်း လျှာရှည်ပြီး ပြောပြလိုက်လျှင် သာမန်လူများ နားလည်ရန် ခက်သည့် ကျယ်ဝန်းလှသည့် ဘုံလောကများ အကြောင်းကိုပါ ထည့်သွင်းပြောပြနေရလေဦးတော့မည်။

'အေးဗျာ ကျွန်တော် မြှုပ်ထားခဲ့တုန်းက တစ်ရွာလုံး အိပ်မောကျပြီးတော့ တိတ်ဆိတ်နေတဲ့ ည(၁၁)နာရီ အချိန်လောက်မှာပါ။ ဘယ်သူမှ မသိဘူးထင်နေတာ။ ဘယ်လိုလူက သိသွားတာပါလိမ့်။ အဲဒီ သိသွားတဲ့လူကရော တူးမယူဘူးလားဗျာ'

'မယူသေးတာ သေချာပါတယ်'

ဟု ပိုင်နိုင်စွာ ပြောလိုက်၏။

'ဒါဖြင့် အခု သွားတူးမယ်ဗျာ'

ဟု ဆိုကာ ဦးကျော်သာက တူးရွင်းတစ်ချောင်းကို ဆွဲယူလိုက်၏။ ဇောကပ်နေသောကြောင့် ထင်ပါသည်။ အသက်(၆၅)နှစ်ကျော်အရွယ် ဦးကျော်သာ၏ လှုပ်ရှားမှုများမှာ သွက်လက်နေလေ၏။ လိုအပ်သည့် အရာအားလုံးယူပြီးလျှင်...

'ခင်ဗျားပါ လိုက်ခဲ့ပါဗျာ'

ဟု ခေါ်လေ၏။

ရုက္ခစိုးကြီး ပြောသည့်စကား မှန်၊ မမှန် သိချင်နေသည်။ ကျွန်ုပ်လည်း လက်တွေ့ မြင်ရအောင် လိုက်သွားလေ၏။

မန်ကျည်းပင်ဆီ ရောက်လျှင် ဦးကျော်သာသည် ချက်ချင်း ဆောင့်ကြောင့်ထိုင်ကာ ပါလာသော တူးရွင်းဖြင့် တူးလေတော့၏။ သူ တူးသည့်နေရာမှာ ကျွန်ုပ်အား ရုက္ခစိုးကြီး ညွှန်ပြသောနေရာပင် ဖြစ်ပါသည်။

တစ်တောင်ခန့် နက်သွားသောအခါ သံပုံးငယ်တစ်ခုကို တွေ့ရလေ၏။ ၎င်းသံပုံးကို တွင်းထဲမှ လှမ်းနှိုက်ယူလိုက်ပြီး တူးထားသော မြေကြီးများကို ပြန်ဖို့လိုက်ပါသည်။

'ဒီပုံးက ခင်ဗျားမြှုပ်ထားတာလား'

'ဟုတ်ပါတယ်။ မြှုပ်ထားတာ နှစ်နှစ်လောက်ပဲ ရှိသေးတာမို့ အားလုံးကို မှတ်မိနေသေးတယ်'

'ဒါဖြင့် အထဲက ပစ္စည်းတွေ ပျောက်၊ မပျောက် သိရအောင် သံပုံးကိုလဲ ဖွင့်လိုက်ပါတော့ဗျာ'

ဟု လှုံ့ဆော်လိုက်၏။

ဦးကျော်သာလည်း သံပုံး၏ အဖုံးကို ချက်ချင်းဖွင့်၍ ပလတ်စတစ်ဖြင့် သေသေချာချာ စည်းနှောင်ထားသည့် အထုပ်တစ်ခုကို ယူလိုက်လေ၏။ ၎င်း ပလတ်စတစ်ထုပ်ကို ဖြေကြည့်လိုက်လျှင် ရွှေနှင့် လုပ်ထားသော လက်စွပ်နှစ်ကွင်း၊ နားကပ်တစ်ရန်နှင့် ဆွဲကြိုး



www.burmeseclassic.com

www.burmeseclassic.com

တစ်ကုံးတို့ကို တွေ့ရလေ၏။

'ခင်ဗျား မြှုပ်ထားခဲ့တုန်းကအတိုင်းပဲလား'

ဟု ကျွန်ုပ်က သိချင်ဇောနှင့် မေးရာ...

'အေးဗျ၊ ကျုပ် မြှုပ်ထားခဲ့တဲ့အတိုင်းပါပဲ။ အားလုံး တစ်ကျပ်သားလောက်တော့ ရှိတယ်'

ဟု ကျေနပ်ကြည်နူးစွာ ပြောပြလေ၏။

ရုက္ခစိုးကြီး ပြောပြချက် မှန်ကန်ကြောင်း လက်တွေ့မြင်ရသော ကျွန်ုပ်လည်း ကျေနပ်သွားလေ၏။ ကျွန်ုပ်၏ သီလမကျိုးမပေါက် မပျောက်မကြားသဖြင့်လည်း ဝမ်းမြောက် ကြည်နူးမိ၏။

'ကဲ ဦးကျော်သာ၊ ခင်ဗျားလဲ ခင်ဗျားပစ္စည်းတွေ စုံစုံစေ့စေ့ ပြန်ရလို့ ဝမ်းသာနေပြီဆိုတော့ ကျွန်တော်လဲ ဝမ်းသာပါတယ်။ ခင်ဗျားအိမ်တော့ ပြန်မလိုက်တော့ဘူး၊ ဒီကပဲ လှည့်ပြန်သွားတော့မယ်နော်'

ဟု နှုတ်ဆက်လိုက်၏။

'ကျေးဇူးတင်လိုက်တာဗျာ'

ဟူသော စကားကို ထပ်တလဲလဲ ပြောရင်း ကျွန်ုပ်၏ လက်မောင်းကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင် လှုပ်ယမ်းနေလေ၏။

* * *

ရုက္ခစိုးမှူပင်လျှင် ဤသို့ တတ်စွမ်းပါက သူ့ထက် ဘုံ(ဘဝ)မြင့်သော ပုဂ္ဂိုလ်ကြီးများမှာ ဒီထက် ပိုမို၍ ထက်မြက် တတ်စွမ်းမည်ကို အနုမာနဉာဏ်ဖြင့် သိလိုက်မိလေ၏။

ထို့ကြောင့် လုပ်နေကျ ဝတ္တရားများဖြစ်သော သက်သတ်လွတ်စားခြင်း၊ မေတ္တာပို့ အမျှဝေခြင်း၊ ဂါထာရွတ်ဆိုခြင်း၊ ဂုဏ်တော်ပုတီးစိပ်ခြင်း ဟူသော ပါရမီကျင့်စဉ်များကို ပိုမို အလေးထား လုပ်ဆောင်မိပါသည်။ သွားနေကျ လမ်းလေးအတိုင်း လမ်းလျှောက်ခြင်းကိုလည်း ဆက်လက် ကျင့်သုံးနေပါသည်။

ထိုရွာကလေးတွင် တစ်လခွဲခန့်ကြာအောင် ပါရမီအကျင့်များကို ကျင့်ကြံဖြစ်ပါသည်၊ ရုက္ခစိုးကြီးကိုမူ ထပ်မံမတွေ့ရတော့ပါ။

ပေါင်လောင်ရွာကလေးကို ကျွန်ုပ် နှုတ်ဆက် ထွက်ခွာခဲ့သည့် ရက်တွင် ဦးကျော်သာက လက်ဆောင်တချို့ ပေးလိုက်ပါသေးသည်။ ထိုအထဲတွင် ကျွန်ုပ်အမြတ်နိုးဆုံးမှာ ယောဂီရောင် တဘက်လေး ဖြစ်ပါသည်။

ယခုအခါ ထိုတဘက်ကလေးမှာ နှစ်ပေါင်းများစွာ ကြာညောင်းပြီ ဖြစ်၍ ဆွေးမြည့်သွားလေပြီ။ ကျွန်ုပ်မှာလည်း အိုမင်းမစွမ်းသော အရွယ်သို့ ရောက်လေပြီ ဖြစ်၏။ ဦးကျော်သာကား ကွယ်လွန်ခဲ့လေပြီ။

* * *

လူတချို့က (ရွှေ၊ ငွေ) ဥစ္စာတို့ကို ဥစ္စာစောင့် (သိုက်)ကသာ ပေးနိုင်သည်ဟု ပုံသေမှတ်ထားတတ်ကြပါသည်။ ဥစ္စာပစ္စည်းကို သိုက်ကသာ ပေးနိုင်သည် မဟုတ်ကြောင်း ဗဟုသုတလိုလားသူတို့ သိရှိကြရန် တစ်ချိန်က ကျွန်ုပ်ကိုယ်တိုင် တွေ့ကြုံခဲ့သည့် အဖြစ်ကလေးကို စေ့စေ့စပ်စပ် သုံးသပ်နိုင်ရန် ရေးသား တင်ပြလိုက်ရပေသတည်း။

**မောင်နိုး (ကျောက်မဲ)**


## စာရှုသူ သုတေသီနှင့် ဝါသနာရှင်များသို့ . . .

၂၀၁၃ ခုနှစ် ဇူလိုင်လထုတ်သည် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၏ (၂၇)နှစ်ပြည့် အမှတ်တရအထူးထုတ် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မည်သူမဆို ပါဝင်ရေးသားနိုင်ပါကြောင်း အသိပေး ဖိတ်ခေါ်အပ်ပါသည်။

*လေးစားစွာဖြင့်. . .*

ဦးကျော်မိုးသိန်း

စာတည်းချုပ်

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း

အမှတ်−၂၃၃၊ ၂၉−လမ်း၊ ပန်းဘဲတန်းစာတိုက်

ရန်ကုန်မြို့။ ဖုန်း−၀၁−၂၄၂၂၈၄




www.burmeseclassic.com


www.burmeseclassic.com

ထူးဆန်းသော

# မီးလုံးကြီး နှင့်

ပရလောကသား

ရွှေဇော်မြေ မောင်ကြည်သိန်း



အညာမြေ မကွေး အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန ရောက်တော့ တစ်ခါမှ မမြင်ဘူးတဲ့ ထနောင်းပင်ကို ရှာကြည့်မိတယ်။ လိုက်ပြပေးသူက တစ်ရုံးတည်းသား ခင်မောင်ဝင်း ယခု ဦးစီးအရာရှိ ဖြစ်နေပါပြီ။

အရွက်သေးသေး အရိပ်ကောင်းကောင်း၊ ပင်စည်ထွားထွားနဲ့ တွေ့ခဲ့ရပါပြီ။ ဒါကြောင့်လဲ နွေထနောင်း၊ ဆောင်းမန်ကျည်းရယ်လို့ စာဆိုရှိခဲ့တာပေါ့။

မှတ်မှတ်ရရ တိုက်တိုက်ဆိုင်ဆိုင် တစ်ရုံးတည်းမှာ အစ်ကို ဦးကြည်ဝင်းက မြို့နယ်မှူး၊ စာရေးသူက စာရေး၊ ဒုဦးစီးက ဒေါ်ဝင်းဝင်း၊ စာရေးကြီးက ဦးကြင်သိန်း၊ ညစောင့်က ပြုံးချို။

အညာမြေရဲ့ နွေညတစ်ည စာရေးသူရယ်၊ အစ်ကို ဦးကြည်ဝင်းရယ်၊ အစောင့် ပြုံးချိုရယ်က ရုံးမှာပဲအိပ်၊ ရုံးမှာပဲစားရင်း နှစ်တွေကုန်ဆုံးစေခဲ့ပါတယ်။

ရုံးရှေ့မှာ ထူးထူးခြားခြား မန်ကျည်းနှစ်ပင် ရှိပါတယ်။ တစ်ပင်က ချဉ်လိုက်တာမှ စုပ်စုပ်ကိုလန်၊ တစ်ပင်ကတော့ သကြားကပင် အဖေခေါ်လောက်အောင် ချိုမြနေပါတယ်။ အညာနွေရဲ့ အိုက်စပ်ပူလောင်မှုက အတော့်ကို အခံရခက်ပါတယ်။ ဒါကြောင့် အဖော်အဖြစ် ရေနွေးကြမ်းတစ်အိုး၊ ပဲလိပ်တစ်ထုပ်၊ မန်ကျည်းတော်ဖီလေးစားရင်း ညကို ကုန်လွန်စေပါတယ်။

တဖြည်းဖြည်း အမှောင်ထု လွှမ်းလာပြီး လူသံသူသံ တိတ်ဆိတ်နေပါပြီ။ ထိုစဉ် မန်ကျည်းပင်နားဆီမှ စူးစူးဝါးဝါး ခွေးအူသံကြောင့် အနည်းငယ် ထိတ်လန့်မိပါတယ်။

"အူ...အူ...အူ..."

စာရေးသူရော၊ အစ်ကိုရော၊ ပြုံးချိုပါ သုံးဦး ရှေ့တူရူကို ငေးကြည့်နေစဉ်...

'ဟာ...ဟာ...ဘာကြီးလဲဟ ကြည့်ပါဦး'

မီးလုံးကြီး ဆန်ကာလောက်ရှိမယ် ထင်ပါတယ်။ မီးတဖွားဖွားနဲ့ မန်ကျည်းပင်ကြီးပေါ် တက်လိုက်ဆင်းလိုက်။

'ဟို... ဟိုမှာ ကြည့်စမ်း'

'ဟုတ်ကဲ့ အားလုံးမြင်တယ် ဆရာ'

ပြုံးချိုက...

'ဆရာ... ဒါ သရဲမီးထင်တယ်။ ကျွန်တော် ဒီတစ်ခါပဲ မြင်ဖူးတာ'

ငါးမိနစ်လောက် အတက်အဆင်း လုပ်ပြီး ပျောက်ကွယ်သွားပါတယ်။ မီးဖွားတွေ ကျပေမယ့် ပင်ခြေ





www.burmeseclassic.com

www.burmeseclassic.com

မန်ကျည်းရွက်ခြောက်တွေ မီးစွဲမလောင်ပါဘူး။

'တော်… တော်… ထူးဆန်းတာပဲ။ တို့သုံးယောက်စလုံး မြင်ရတာ'

'ဒါဆို သုံးယောက်လုံး ကံနိမ့်လို့လား မသိဘူး အစ်ကို'

စာရေးသူမှ သုံးသပ်ပြောဆိုမိပါတယ်။ သုံးယောက်ရှိနေလို့ ကြောက်တဲ့စိတ် စိုးစဉ်းမျှ မရှိခဲ့ပါဘူး။

ဒီအဖြစ်အပျက်ကတော့ ၁၉၉၀ ပြည့်နှစ်၊ မတ်လ(၁၀)ရက်နေ့ည မင်္ဂလာလမ်း၊ ရုံးအမှတ်(ဂု)မှာ ဖြစ်ပါတယ်။ **ယခုအခါ အဲဒီတစ်ပိုက်က ရုံးတွေ၊ အိမ်တွေ မရှိတော့ပါဘူး။ ရောဝတီ မြစ်ကူးတံတား မကွေးစီမံကိန်းကြောင့် ဖော်ပြပါနေရာများ မရှိတော့ပါဘူး။**

စာရေးသူတို့ မြို့နယ်ရုံးနဲ့ နှစ်လမ်းကျော်မှာ တိုင်းဦးစီးမှူးရုံး ရှိပါတယ်။ တိုင်းမှူးအမည်က ဦးညွှန့်။ ကျွန်တော်တို့က ညီအစ်ကိုလို ခင်နေကြတော့ အန်ကယ်ညွှန့်လို့ ချစ်စနိုး ခေါ်ပါတယ်။

တိုင်းမှူးက အစ်ကို့ကို ဆရာဝင်းလို့ ခေါ်တယ် ညဘက် တစ်ခါတစ်ရံလာ အိပ်လေ့ရှိပါတယ်။ စာရေးသူတို့ ညီအစ်ကိုရော၊ အန်ကယ်ညွှန့်ပါ ရန်ကုန်မှာ နေကြသူတွေပါ။

'ဆရာဝင်း ဒီညစာ လာစားမယ်နော်၊ ပြီးရင် ညပါအိပ်မယ်နော်'

'ရပါတယ် အန်ကယ်ညွှန့်ရာ၊ ဒီညနေ ပွေးသားကြော်ရယ်၊ ဆူးပုပ်ရွက်ဟင်းချိုရယ် ရှယ်ချက်ထားတယ်'

ပွေးဆိုတာ ကြွက်သဏ္ဌာန်တူပါတယ်။ ဒါပေသိ မျက်စိ အလွန်မှေးပါတယ်။ ပွေးဆိုတာ မြေအောက်သစ်ဥသစ်ဖုပဲ စားလို့ ဆေးဖက်ဝင်တယ် ပြောပါတယ်။

အန်ကယ်ညွှန့် လာအိပ်တဲ့ညကဆောင်းည၊ ဘာအေးသလဲ မပြောနဲ့၊ အညာလေသံနဲ့ ပြောရရင် "အေးချက်ကတော့ ကမ်းကုန်ပဲဟေ့"လို့ ဆိုရလောက်အောင် ညဘက်ဆို အအေးဓာတ်က မင်းမူနေပါတော့တယ်။

'ကဲ ပွေးသားနဲ့ ဆူးပုပ်ရွက်ဟင်းချိုစားပြီး အိပ်တောင်ငိုက်လာပြီ ဆရာဝင်းရေ။ စောစောအိပ်ကြစို့'

ဒီညမှာတော့ (၄)ယောက်သား စောစော အိပ်ရာဝင်ခဲ့ကြပါတော့တယ်။

'ဆရာဝင်း… ဆရာဝင်း… ထပါဦး၊ ထပါဦး'

'ဟာ အန်ကယ်ညွှန့် ဘာဖြစ်တာလဲ'

'ပြီးမှ ပြောမယ်၊ ရေ…ရေ တစ်ခွက်လောက် တိုက်စမ်းပါ'

စာရေးသူလည်း ရေတစ်ခွက် ခပ်ပေးလိုက်တော့ "ဂလု ဂလု ဂလု" အသံမြည်အောင်သောက်ပြီး…

'ဒီလို ဆရာဝင်းရေ အပေါ့သွားချင်လို့ ရုံးနောက်က ဆူးပုပ်ပင်အောက် အပေါ့သွားနေတုန်း နည်းနည်းနောနောဟာကြီး မဟုတ်ဘူး ဆရာဝင်းရေ ထန်းပင်လောက်မြင့်တယ်။ တကယ့်လူပုံသဏ္ဌာန်ပဲ။ ဒါပေမယ့် ရုပ်တော့ သဲသဲကွဲကွဲ မမြင်ရဘူး။

တစ်တောင်လောက်လေးကနေပြီး တဖြည်းဖြည်း မြင့်တက်သွားလိုက်တာ၊ မီးခိုးငွေ့လို မြူတွေလိုပဲ။ ကြောက်လိုက်တာမှ လွန်ရော သမ္မာအွေ့ကျာတော် ဘယ်လိုရွတ်ရမှန်း မသိတူး'

'ဟား…ဟား… အန်ကယ်ညွှန့် ဆီးမှ သွားခဲ့ရသေးလား၊ ကျွန်တော်လဲ တစ်ခါတွေ့ဖူးတယ်။

ဒီလိုမျိုး အဖြစ်အပျက်တစ်ခု ကျွန်တော်တို့ရဲ့ ဂျိမ်း(စ်)ဘွန်းမင်းသားကြီး ရော်ဂျာမိုး(ROGER MORE)လဲ တွေ့ဖူးတယ်ဗျ။ ဘယ်လောက်ပဲ သတ္တိကောင်းပါတယ်ဆိုတဲ့ ရော်ဂျာမိုးဟာ ပရလောကသားနဲ့လဲတွေ့ရော ကြောက်လွန်းလို့ ကြက်သေ သေခဲ့ရတယ်'

ဒါကြောင့် ရော်ဂျာမိုးဟာ အပြင်မှာ ပရလောကသား တကယ်ရှိတယ်ဆိုတာ ယုံသွားတယ်ဆိုပဲ၊ အဲဒါက ၁၉၇၃ ခုနှစ် အင်္ဂလန်နိုင်ငံ ဂီးလ်ဖို့ဒ်(GULID FORDက အိန္ဒိုဂျယ်ဟိုတယ်မှာ တည်းခိုတုန်းက ဖြစ်ပျက်ခဲ့တာပါ။

ရော်ဂျာမိုး အခန်းထဲ အိပ်ပျော်နေတုန်း အသံဗလံတွေကြားလို့ အိပ်ရာမှ ထပြီး မီးဖွင့်ကြည့်လိုက်တော့ အရိပ်ဖြူဖြူဟာ သူ့ဆီ တရွေ့ရွေ့လာနေတာ တွေ့ရတယ်။

'ကျွန်တော်လဲ အဲဒီညာဉ်ကို အသေအချာမြင်ရတယ်။ လူအတိုင်းပဲ။ ခေါင်းခြေ အားလုံးလူအတိုင်းပဲ။ အဲ ဒါပေမယ့် မီးခိုးငွေ့လိုလိုမြူနှင်းငွေ့လိုလို ရုပ်မသဲကွဲဘူး'

တဲ့။ ဒီအဖြစ်အပျက်နဲ့ ကျွန်တော်တို့ရဲ့ တိုင်းမှူးကြီး အန်ကယ်ညွှန့်တွေ့တာ ထစ်ထပ်တည်း ကျမနေဘူးလား။ ဒါကြောင့်လဲ **ဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသက မြင်အပ်မမြင်အပ် နှစ်ရပ်များစွာ သတ္တဝါချမ်းသာကိုယ်စိတ် မြဲပါစေလို့** မေတ္တာပို့တာပါ။

ယခုအခါ အစ်ကို ဦးကြည်ဝင်းက လ/ထ ညွှန်ကြားရေးမှူးဘဝနဲ့ ပင်စင်ယူခဲ့သလို စာရေးသူကလဲ နိုင်ငံခြားသို့ သွားရောက် အလုပ် လုပ်ခဲ့ပါတယ်။ ယခု အန်ကယ်ညွှန့် တစ်ယောက်ရော ကျန်းမာပါလေစ။

***စာဖတ်သူအပေါင်း ကျန်းမာ ချမ်းသာပါစေ။***


**ရွှေမော်မြေ မောင်ကြည်ဘုန်း**

F.30B. June, 2013.



www.burmeseclassic.com

www.burmeseclassic.com



သီလ (ရေတံခွန်တောင်)

# ရှာပုံတော်ကျူး ကျူးလို့ရယ်

[၁]

နွေလဲနွေ၊ နေ့လယ်လဲ နေ့လယ်ဆိုတော့ ပူတာပေါ့။

အိမ်မှာက တစ်ယောက်တည်းမို့လို့ ဝင်းတံခါးပိတ်ပြီးသာ နေလိုက်တယ်။ အိမ်ထဲ ကြမ်းပြင်ပေါ် ဖျာကလေးခင်းထားပြီး ထိုင်လိုက်၊ လှဲလိုက်၊ ရေးလိုက်၊ စိပ်လိုက်နဲ့ပဲ အချိန်ကုန်နေတော့တာပေါ့။

အဲဒီမှာ ဝင်းတံခါးဆီကနေ...

'ဒကာကြီး... ဒကာကြီး'

ဘုန်းတော်ကြီးတစ်ပါးရဲ့ အသံကြားလိုက်မိလို့ ထကြည့်လိုက်ရတယ်။ ခေါင်းမြီးခြုံထားတဲ့ ဘုန်းတော်ကြီးတစ်ပါးက နေပူထဲမှာ ရပ်လို့။ ဒါနဲ့ ရေတံခွန်တောင်က ဦးပဥ္စင်းတစ်ပါးပါး မှတ်ပြီး အပြေးအလွှား တံခါးသွားဖွင့်ပေးလိုက်ရတယ်။

တံခါးပွင့်သွားတော့ ကျွန်တော် ထင်သလို မဟုတ်ဘဲ မသိကျွမ်းတဲ့ ဦးပဥ္စင်းတစ်ပါးဖြစ်နေတာ တွေ့လိုက်ရတယ်။

ဒါနဲ့ အလှူခံပုဂ္ဂိုလ်လို့ မှတ်ယူပြီး...

'ကြွပါဘုရား'

အိမ်ထဲပင့်လိုက်ရတယ်။ တန်းလျားပေါ် အခင်း,ခင်းပေးလိုက်တယ်။ အဲဒီမှာ ဦးပဥ္စင်းဆီက ပရဆေးအနံ့တွေ ရလိုက်တယ်။

နေရာမှာ ထိုင်ပြီးတာနဲ့လဲ ဦးပဥ္စင်းက...

'ဒကာကြီးမှာ အစောင့်ရှိတာ သိလား'

'ဗုဒ္ဓေါ'

ဘုရားသာ တ,လိုက်မိတော့တယ်။ အလှူခံပုဂ္ဂိုလ်မှတ်လို့ အိမ်ထဲ ပင့်လိုက်ပါတယ်။ စိတ်မနှံ့တဲ့ပုဂ္ဂိုလ် ဖြစ်နေပါရော့လား။ အမြန် ပြန်ကြွအောင် ဘယ်လိုလုပ်ရမှာတုန်းလို့သာ စိတ်ကူးလိုက်ရတော့တယ်။

'ဒကာကြီးနဲ့ အဆက်ရှိလို့လာတာ။ ကဲ...ကဲ ကြမ်းပြင်ပေါ်လှဲလိုက်'

ခက်နေပါပြီ။ နေ့လယ် နေပူပူဆိုတော့ လမ်းပေါ်မှာကလဲ လူသွားလူလာက မရှိသလောက် ဖြစ်နေတယ်။ ဆွဲပဲ ဆွဲထုတ်ရတော့မှာလေလား။

ကျွန်တော်ကသာ ကြံနေတာ ဦးပဥ္စင်းကတော့ အပေါ်ရုံကို ချွတ်ချလိုက်ပြီး မတ်တတ်ရပ်နေပြီ။ လက်မောင်းနှစ်ဖက်ကို မြှောက်ပြီး...

'ဒီမှာကြည့်...ခင်ဗျားနဲ့ ကျုပ်က အရွယ်လောက်ပဲ'

တင်းနေတဲ့ လက်မောင်းသားတွေ၊ ရင်ဘတ်တွေကို ပြတော့တယ်။ ပြီးတော့ လူတစ်ယောက်ကို လည်ပင်းကနေ ကိုင်မြှောက်ပြီး ပစ်ချတဲ့ပုံလဲ လုပ်ပြနေတယ်။

ဒါကို ကျွန်တော်က ငေးကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



တုန်းမှာပဲ ကျွန်တော့်လက်တစ်ဖက်ကို ဆွဲယူပြီး လက်ကောက်ဝတ်ကနေ သွေးစမ်းနေပြန်တော့တယ်။

'အင်း...ရင်ခေါင်းမှာ ရောဂါရှိတာပဲ'

'ဗုဒ္ဓေါ'

တ,မိပြန်ပါပြီ။ ဦးပဥ္စင်းမိန့်တဲ့အတိုင်း ကျွန်တော့်မှာက နှလုံးသွေးကြောကျဉ်းရောဂါနဲ့ ရင်ကျပ်ပန်းနာရောဂါက ရှိနေတာကိုး။

အဲဒီမှာ ကြမ်းပြင်ပေါ် ကျွန်တော့်ကို ဖိချထိုင်ခိုင်းရင်း ဟိုအကြော ဒီအကြောတွေကို လက်နဲ့ ထောက်ပြန်ပါတော့တယ်။ နာရီဝက်ကျော်လောက် ကြာပြီးတော့သာ...

'ကိုင်း... ကျုပ် ပြန်မယ်။ ဒကာကြီး ပြနေကျ ဆရာတွေနဲ့ စစ်လိုက်ပါဦး'

ဒီလိုပြောရင်းကမှ ပါးစပ်ထဲက ဓာတ်လုံးကို ထုတ်ယူပြီး...

'ကဲ...ဒါကတော့ လိုရင် သုံးဖို့။ လုံးတစ်ခါ ကျင်းရင် တစ်ပဲသားတော့ ရတယ်'

ဆိုပြီး လုပ်ပုံလုပ်နည်းကို ပြောပြပါတယ်။ ပြီးတော့ သင်္ကန်းကို ကောက်ရုံရင်း ရုတ်ခြည်းထွက်သွားတော့တယ်။

အဲဒီမှာ ဦးပဥ္စင်းက ဘာပဲဖြစ်နေဖြစ်နေ သင်္ကန်းက ရှိနေတော့ ကျွန်တော် မနေဝံ့တော့ပါဘူး။ ကြမ်းပြင်ပေါ် ပြားနေအောင် ထိုင်ချရင်းသာ ဦးတိုက်လိုက်ရပါတော့တယ်။

တိုက်တိုက်ဆိုင်ဆိုင် နှစ်ပတ်လည်ဆေးစစ်နေကျနဲ့ တိုက်ဆိုင်နေလို့လဲ ထုံးစံအတိုင်း အထူးကုနှစ်ယောက်နဲ့ စစ်ဆေးလိုက်တော့တယ်။

'သက်သာသွားပြီ။ ဆေးတွေ လျှော့ပေးလိုက်မယ်။ နောက်သုံးလကျရင် ထပ်လာပြလှည့်ဦး။ အဲဒီခါကျ ဒီအတိုင်းဆိုရင် ကုသခံစရာ မလိုတော့ဘူး'

ရင်ခေါင်းအထူးကု (ရင်ကျပ်ပန်းနာ)က ပြောတယ်။

'ဗုဒ္ဓေါ'

ကျွန်တော် တ,မိသွားပြန်ပါပြီ။

တစ်ခါ ဗိုလ်လဲရှိ နားလည်တဲ့ အိမ်နီးနားချင်းလဲ ဖြစ်တဲ့သူနဲ့ ပေါင်းပြီး ပြဒါးနဲ့ ဓာတ်လုံးထည့် လုံးကျင်းကြည့်လိုက်ပြန်တော့ ချော်ရပြီး၊ အဲဒီကမှ ဖက်လိပ်ရွှေဆိုတာကို ရပြန်ပါတယ်။

စဉ်းစားစရာတွေ တစ်ပုံကြီး ဖြစ်သွားရတော့တယ်။

[၂]

ခုနစ်ရက်လောက်နေတော့ ဦးပဥ္စင်းက တစ်ခါ ရောက်လာပြန်တယ်။

'ဒကာကြီး ကိုင်နိုင်အောင်(စိပ်နိုင်အောင်) လို့ ကုတာ၊ ကဲ...ရော့...ရော့'

ပြောပြောဆိုဆိုနဲ့ ရေသန့်ပုလင်းခွံထဲ ထည့်ယူလာတဲ့ မှိုကို ပေးတော့တယ်။ ဒါက **ကချင်ပြည်နယ် ရေခဲတောင်ပေါ်က ရတာဖြစ်ပြီး လက်ဖက်ခြောက်ပြုတ်ရည်၊ သကြားတို့နဲ့ စိမ်ထားပြီး ရေသောက်သလို သောက်ရမှာ ဖြစ်ကြောင်း**လဲ ရှင်းပြတယ်။

'ကဲ... နောက် ကျုပ်ကို မရှာနဲ့တော့ ခရီးထွက်ရဦးမယ်'

ဒီလိုနဲ့လဲ မခေါ်ဘဲ ရောက်လာပြီး မနှင်ဘဲ ထွက်ခွာသွားပါတော့တယ်။ ဒါအတွက် ဓာတ်လုံးကို ကမန်းကတန်း ပြန်လည် ပေးလှူရင်း...

'တပည့်တော်အတွက် မလိုပါဘူး ဘုရား။ ရန်များမှာကိုလဲ ကြောက်ပါတယ်ဘုရား'

လို့ လျှောက်တင်လိုက်ရတယ်။

ဒီလိုနဲ့ ဦးပဥ္စင်း ထားရစ်တဲ့ မှိုကို မိန့်တဲ့အတိုင်း သောက်ကြည့်လိုက်တော့ တစ်လလောက်အကြာမှာ အကြောနဲ့ အသားအရေတွေ ကောင်းသွားတယ်။ အရေပြား ရှုံ့တာတွဲတာတွေ ပြေပျောက်သွားတယ်။ မိုးမိတာ၊ နေပူခံရတာတွေ မကြောက်တော့ဘူး။ ခြောက်ဆယ်တွင်းအရွယ်ကနေ လေးဆယ်ကျော်၊ ငါးဆယ်တွင်း အရွယ်လို ဖြစ်သွားတော့တယ်။

[၃]

ကျွန်တော် အံ့သြမပြေသေးပါဘူး။ အကျိုးအကြောင်း ဂဃနဏသိချင်ပါသေးတယ်။

အဲ... ဦးပဥ္စင်းကြီးဘွဲ့က **ဦးတိက္ခ**ပါတဲ့။

တွေ့မိကြုံခဲ့ရင်သာ တဆိတ် အကြောင်းကြားစေချင်ပါတော့တယ်။

**သီလ (ရေတံခွန်တောင်)**



www.burmeseclassic.com

www.burmeseclassic.com

# နှိဗ္ဗာန်ယာဉ်မှ

ထိုမိန်းမ

ရွှေကံမြေ ဖိုးကော



ခါတ်ဘူးနဲ့ အဖော်တစ်ယောက် ရေးကြီးသုတ်ပြာနဲ့ ကျောင်းဝင်းထဲကို ဆိုင်ကယ်တစ်စီးနဲ့ ရောက်လာတယ် ဆိုရင်ပဲ ဆရာတော် ဦးဝိမလက...

'ဟကောင်... ဘာဖြစ်လို့လဲဟ'

'မိန်းမကြီးတစ်ယောက် ကားတိုက်သေလို့တဲ့ဘုရား'

'ဘယ်ကတဲ့တုံး'

'အရှေ့ဈေးကဆိုလားပဲ။ တပည့်တော်တို့လဲ သေသေချာချာတော့ မသိသေးဘူးဘုရာ့၊ ပွဲချင်းပြီးသေလို့ တပည့်တော်တို့ သွားလိုက်ဦးမယ် ဘုရား'

'ဩော် အေး... အေး... သွားသွား'

ဆရာတော် ဦးဝိမလက ပြောလိုက်တယ်ဆိုရင်ပဲ ခါတ်ဘူးနဲ့ သူ့အဖော်တို့ ကျောင်းနောက်ဘက်မှာထားတဲ့ နှိဗ္ဗာန်ယာဉ်ကို ထုတ်ပြီး တစ်ယောက်က နှိဗ္ဗာန်ယာဉ်နဲ့ တစ်ယောက်က ဆိုင်ကယ်နဲ့ မောင်းပြီး ထွက်သွားကြတာပေါ့။

တကယ်တော့ ဒီကျောင်းဟာ ကျွန်တော်တို့ ဝက်ထီးကန်မြို့၊ နဝင်းလမ်းရပ်ကွက်က လူတွေ ကိုးကွယ်ကြတဲ့ ကျောင်းနှစ်ကျောင်းအနက်က တစ်ကျောင်း၊ ကရဝိက်ကျောင်းက နဝင်းကွက်သစ်(၁)မှာရှိပြီး ဒီကျောင်းကတော့ ဝက်ထီးကန်မြို့အထွက်မှာရှိတဲ့ **ကံဖျားမဟာစည်သာသနာ့ရိပ်သာပေါ့။**

ကျောင်းရဲ့ အကျယ်အဝန်းက (၅) ဧကလောက်ရှိမယ်။ ကျောင်းထဲမှာ

www.burmeseclassic.com

ကျွန်း၊ ပိတောက်၊ အင် စတဲ့ သစ်ပင်ကြီးတွေချည်းပဲ။ အမျိုးကိုစုံလို့။ အရိပ်ကလဲကောင်းမှကောင်း။ နေတောင်ထိုးဖို့ မနည်း အားယူနေရလောက်အောင် အရိပ်က ကောင်းတယ်။

အခုလက်ရှိ ကျောင်းထိုင်ဆရာတော်က ဓမ္မကထိက ဗဟုဇနဟိတရေဘဒ္ဒန္တ ဝိမလတဲ့။ တကယ်တော့ ဒီဆရာတော် ကျောင်းထိုင်ဖြစ်လာပြီးမှ ကျောင်းက အရှိန်ကို ကြီးကျယ်ခမ်းနားလာခဲ့တာပေါ့။

အမျိုးသမီးယောဂီဆောင်၊ အမျိုးသားယောဂီဆောင်၊ ဓမ္မာရုံ၊ စေတီ၊ ရေစင် အားလုံး ဆရာတော်ရဲ့ ဘုန်းတန်ခိုးကြောင့် ဖြစ်တည်လာခဲ့တာ။ သူ့အရင်ဆရာတော်ကြီး အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ဩဘာသ တော့ ပျံလွန်တော်မူသွားပါပြီ။

အမှန်တော့ ကျွန်တော်ဟာ ဝက်ထီးကန်သားစစ်စစ်ပါ။ တိမ္မေးကုနဲ့ ကျောင်းပြီးလို့ ရန်ကုန်မှာ အိမ်ထောင်ကျ ဆေးကုမ္ပဏီမှာ ဝင်လုပ်ရင်း Branch Manager ဘဝနဲ့ မော်လမြိုင်ကို ရောက်နေတာ (၅)နှစ်လောက်ရှိသွားပြီဆိုတော့ ကိုယ့်ဇာတိမြို့လေးကို သတိရတာကတစ်ကြောင်း။ ကိုယ်ကိုယ်တိုင်လဲ ဘုရားရိပ်၊ တရားရိပ်မှာ ခေတ္တခိုလှုံချင်တာက တစ်ကြောင်း နောက်ဆုံး ကံဖျားမဟာစည်မှာ ပဥ္စင်းတက်ဖြစ်ခဲ့တာပေါ့။

အခု ကျွန်တော် တင်ပြမယ့် ဒီဖြစ်ရပ်လေးဟာ ကျွန်တော် ရဟန်းဘဝမှာ ကြုံတွေ့ခဲ့ရတဲ့ တကယ့်ဖြစ်ရပ်မှန်လေးဆိုရင် မမှားပါဘူး။ ကဲ ဇာတ်လမ်းလေး ပြန်ဆက်ကြရအောင်နော်။

တကယ်တော့ ဒီမိန်းမကြီး ကားတိုက်ပြီး သေဆုံးတာ မနက် (၁၀း၃၀) နာရီလောက်က ဘာကြောင့်လဲဆိုတော့ ဆရာတော်နဲ့ စာရေးသူတို့



ဆွမ်းဘုဉ်းပေးခါနီးအချိန်လေ။

ဒါနဲ့ ကိုယ်တော်နှစ်ပါး နေ့ဆွမ်းဘုဉ်းပေးပြီး ဆရာတော်ကတော့ ဆောက်လက်စ အမျိုးသားယောဂီဆောင်ဘက် ထွက်သွားလေရဲ့။

စာရေးသူကတော့ နေ့လယ် (၁း၀၀) နာရီမှာ တရားထိုင်ဖို့ရှိလို့ ခေတ္တနားနေလိုက်တယ်။ ဒီလိုနဲ့ (၁း၀၀)နာရီကနေပြီး (၄း၀၀)နာရီအထိ တရားထိုင်ပြီး ဓမ္မာရုံက ပြန်ထွက်လာတော့ ဆရာတော့်ကို မေးဖြစ်တယ်။

'အရှင်ဘုရား ဓာတ်ဘူးတို့ နိဗ္ဗာန်ယာဉ်ပြန်ရောက်ပြီလားဘုရား'

'အခုထိတော့ ရောက်မလာသေးဘူး'

ဒီလိုနဲ့ (၄း၄၅)နာရီလောက်မှ ကားက ပြန်ရောက်လာတယ်။ တဖုန်းဖုန်းတဒိုင်းဒိုင်းနဲ့ ဓာတ်ဘူးလဲ ကားသွားထားပြီး ပြန်ခါနီး ဆရာတော်ကို လာနှုတ်ဆက်တယ်။ ဒါနဲ့ ဆရာတော်က...

'ဓာတ်ဘူးရေ နောက်ကျလှချည့်လား'

'ဦးပဥ္စင်းရေ မပြောချင်ဘူး။ ဒီက မောင်းသွားတုန်းကတော့ ကားက အကောင်းပဲ။ အဲဒီမိန်းမကြီး သေတဲ့ နေရာ(ဝက်ထီးကန် အ.ထ.က‌ရှေ့) ရောက်မှ စက်ရပ်သွားပြီး ပြန်နှိုးလို့ကို မရတော့ဘူး'

'အဲဒီမိန်းမကြီးကကော ဘယ်လိုဖြစ်ပြီး ကားတိုက်ခံရတာတုံး'

လို့ ဆရာတော်က ဆက်မေးတယ်။

'အရှေ့ဈေးက မိန်းမလို့ ပြောတာပဲ။ သူ့ယောကျ်ား အလုပ် လုပ်တဲ့ဆီကို ထမင်းဘူးလာပို့တာတဲ့။ စက်ဘီးစီးပြီးလာတာ။ လမ်းမှာ ကျောက်ခဲကို ရှောင်လိုက်တော့ စက်ဘီးလက်ကိုင်ကို ကောင်းကောင်းမထိန်းနိုင်ဘူး ထင်ပါရဲ့။ ကားအောက်ထဲ တန်းဝင်သွားတော့တာတဲ့။

သူက ကျောက်ခဲကို ရှောင်တဲ့အချိန် ကျောက်ခဲတင်လာတဲ့ ကားကြီးသုံးစီးက အမြန်မောင်းလာတဲ့အချိန်၊ ဒုတိယကားနဲ့ ဝင်တိုက်မိတာ စက်ဘီးကောလူပါ တစ်ခါတည်း တက်ကြိတ်ပစ်တာ ပွဲချင်းပြီး သေတာပဲ'

ဓာတ်ဘူးခမျာ ပြောလဲပြော၊ မောလဲမောနေတယ်ထင်ပါရဲ့။ စာရေးသူတို့ထိုင်နေတဲ့ ဓမ္မာရုံရဲ့ရှေ့ ပိတောက်ပင်ရဲ့အောက်က ကွပ်ပျစ်ကလေးမှာ ဝင်ထိုင်ရင်း ရေနွေးကြမ်းတစ်ခွက်ကို တဖူးဖူးမှုတ်ပြီး သောက်နေလေရဲ့။ ဒါနဲ့ ဆရာတော်က ပြောပြန်တယ်။

'ခုတော့ မင်းကားက ကောင်းနေတာပဲဟ'

'ဒီလိုပဲ ဦးပဥ္စင်းရေ အလောင်းကို ဆေးရုံရောက်အောင် မနည်းကြီး ကြိုးစားပြီး ပြင်လိုက် မောင်းလိုက်၊ မောင်းလိုက် ပြင်လိုက်နဲ့ တစ်နေကုန်တော့တာပဲ။ အခုလဲ ကားသံက ကြားတဲ့အတိုင်း တဖုန်းဖုန်း တဒိုင်းဒိုင်းနဲ့ အတော့်ကို စိတ်ပျက်တယ်'

ဓာတ်ဘူးတစ်ယောက် အတော့်လေး မောနေရှာပြီ။ တကယ်တော့ ဓာတ်ဘူးဟာ နဝင်းကွင်းသစ်က



www.burmeseclassic.com

www.burmeseclassic.com

ကိုဝင်းတင့်ရဲ့သား၊ ကောင်လေးက တော်ပါတယ်။ သွက်လက်တယ်။ ကား အကြောင်းလဲ အတော်လေး နားလည် ပုံရတယ်။

ပြီးတော့ ဒီနိဗ္ဗာန်ယာဉ်နဲ့ ပတ်သက် လာရင် အတော်လေး ဂရုစိုက်တယ်။ ကျွန်တော်တို့ မြို့လေးမှာ နိဗ္ဗာန်ယာဉ် က ဒီတစ်စီးပဲရှိတာ။ ကားက ဟိုင်းလပ်။ ဘော်ဒီကတော့ တစ်ပတ်နွမ်းလေး။ တိုက်နယ်တစ်ခုရဲ့ နိဗ္ဗာန်ယာဉ်ဆိုတော့ လဲ ဒီလောက်ပဲပေါ့။ ဒါနဲ့ ဓာတ်ဘူးက ဆက်ပြောပြန်တယ်။

'အမှန်တော့ ပျက်လို့သာပျက်တာ။ အရင်ကတော့ အတော့်ကို ကောင်းတဲ့ ကား ပျက်ခဲတယ်။ ဘယ်လိုဖြစ်ပြီး ဒီနေ့ကျမှ ဒီလို ခဏခဏ ပျက်ရတယ် မသိပါဘူး။ တပည့်တော် နောက်နေ့ ကျမှ အေးအေးဆေးဆေး ပြန်စစ် ကြည့်ရဦးမယ်။ ကဲ အရှင်ဘုရား တပည့်တော်လဲ ပြန်လိုက်ဦးမယ် ဘုရား'

လို့ နှုတ်ဆက်ပြီး ပြန်သွားလေရဲ့။

ဒီလိုနဲ့ အဲဒီဖြစ်ရပ်ဖြစ်ပြီး (၃)ရက် မြောက်နေ့ မနက်ကြီးပေါ့။ အဲဒီနေ့က တိုက်တိုက်ဆိုင်ဆိုင် NLDဥက္ကဋ္ဌ ဒေါ်စုမွေးနေ့။ ဝက်ထီးကန်မြို့ရဲ့ NLD အဖွဲ့က ဒကာနှစ်ယောက် ဆရာတော့် ဆီကို ခေါက်ဆွဲကြော် အရူဏ်ဆွမ်း လာကပ်တာနဲ့ အာလာပသလ္လာပ ပြောနေကြတုန်း ဓာတ်ဘူးနဲ့ လူစိမ်း ဥပ္ပိသည်တစ်ယောက် ကျောင်းပေါ်ကို တက်လာကြတယ်။

အဲ သူတို့ရောက်လာတော့ NLDက ဒကာတွေလဲ ဆရာတော်ကို ခွင့်ပန်ပြီး ပြန်သွားကြတယ်။ ဒါနဲ့ ဆရာတော်က ဓာတ်ဘူးတို့ကို မေးလိုက်တယ်။

'ဟကောင်တွေ ဘာကိစ္စရှိလို့ မနက်အစောကြီး ရောက်လာကြတာ



တုံး'

ဓာတ်ဘူးနဲ့ ဥပ္ပိသည်လဲ တစ် ယောက်မျက်နှာတစ်ယောက် ကြည့်ပြီး မေးငေါ့နေကြတယ်ဆိုရင်ပဲ ဆရာ တော် ဦးဝိမလက...

'ဘာဖြစ်လို့တုန်းဟ'

လို့ နားလည်ရခက်တဲ့ မျက်နှာနဲ့ ထပ်မေးလိုက်တယ်။ ဒီတော့မှ ဓာတ်ဘူးက စ,ပြောတယ်။

'အရှင်ဘုရား သူ့နာမည် ကိုသူရတဲ့ ပြည်မြို့က။ တပည့်တော်တို့ ကားတွေ ကို ပြင်ပေးနေတဲ့ ကားဝပ်ရှော့က စက်ပြင်ဆရာပါဘုရား။ အခုလဲ တပည့် တော်တို့ နိဗ္ဗာန်ယာဉ်ကိုကူပြီး လာပြင် ပေးနေတာပါဘုရား'

'အေး ပြော'

'တပည့်တော်လဲ ဘယ်လို ပြောရ မှန်းကို မသိတော့ပါဘူး ဘုရား'

ဆိုပြီး ပြောရခက်နေတဲ့ပုံနဲ့ ဆက် ပြောတယ်။

'ဟိုတစ်နေ့က တပည့်တော် နိဗ္ဗာန် ယာဉ် ပြန်ပို့ပြီး နောက်တစ်နေ့ ဒီကား ကို စ,ပြင်ဖြစ်တယ်ဘုရား၊ အင်ဂျင် ကြောင့်လို့ထင်လို့ အင်ဂျင်ချပြီး ကောင်းကောင်းပြင်တယ်။ စိတ်တိုင်း မကျတာနဲ့ ကိုသူရကို အကူအညီ တောင်းပြီး ထပ်ကြိုးစားကြည့်တယ်။ ကားကို စက်နှိုးပြီး စမ်းကြည့်တယ်။ တစ်ခါတလေ နှိုးတယ်။ တစ်ခါတလေ မနှိုးဘူး။

စက်နှိုးသွားလို့ စမ်းမောင်းကြည့် မယ် လုပ်တော့လဲ မောင်းလို့ မရပြန် ဘူး။ စက်က သေသွားတယ်။ ဆီလိုင်း၊ မီးလိုင်း၊ ဂီယာ၊ ဘရိတ် အားလုံးကို စုံနေတာပဲ။ တစ်ခုပြီးတစ်ခု ပြင်လာ လိုက်ကြတာ။ နှစ်ရက်လောက်တော့ ရှိပြီ။ ဒီနေ့နဲ့ပါဆို သုံးရက်ပေါ့။ ဟုတ် တယ်နော် ကိုသူရ'

ဆိုပြီး ကိုသူရဘက် လှည့်ပြော တယ်။ ကိုသူရလဲ စိတ်လှုပ်ရှားနေတဲ့ မျက်နှာနဲ့ ခေါင်းညိတ်တယ်။ ဒါနဲ့ ဓာတ်ဘူးက စကားကို ဆက်တယ်။

'မနေ့ညကတော့ တပည့်တော် အိပ်မက် မက်တယ်ဘုရား။ အိပ်မက်ထဲမှာ မိန်းမကြီး တစ်ယောက် ပေါ်လာတယ်။ အဲဒီမိန်းမကြီး က ထူးတော့ ထူးဆန်းတယ်။ သူ့ရဲ့ကိုယ် လုံးကိုပဲ မြင်ရပြီး မျက်နှာမပါဘူး။

ဆိုလိုတာက မျက်နှာမရှိတဲ့ ကိုယ်လုံးကြီး နဲ့ မိန်းမကြီး။ သူက ပြောတယ်။ "နင်တို့ ကြိုက်သလိုပြင်၊ ကြိုက်သလောက်ပြင် မရစေရဘူး။ ဒီကားကို ငါကိုင်ထားတယ်" လို့ ပြောပြီး ချက်ချင်းပျောက်သွားတယ်။

မနက် အိပ်ရာကနိုးတော့ တပည့် တော်လဲ စဉ်းစားရခက်နေတယ်။ ဘယ်လိုအိပ်မက်လဲပေါ့။ ခဏနေတော့ ကိုသူရလဲ နိုးလာတယ်။ ဒါနဲ့ တပည့် တော်လဲ အိပ်မက် မက်တဲ့အကြောင်း ကိုသူရကို ပြောပြတယ်။

နားထောင်ပြီး သူလဲ အဲဒီလိုပဲ မက်တဲ့အကြောင်းပြောတယ်။ တပည့် တော်က မနောက်ဖို့ပြောတဲ့အခါကျ တော့ သူ တကယ်နောက်နေတာ မဟုတ်တဲ့အကြောင်း၊ ပြီးတော့ ဒီကား ကို ဆက်ပြင်ရမှာ ထိတ်လန့်နေတဲ့ အကြောင်း ပြောလာတယ်။ အဲဒါနဲ့ ဆရာတော့်ကိုတော့ အကျိုးအကြောင်း ပြောမှပဲဆိုပြီး ရောက်လာကြတာ ဘုရား။

တပည့်တော်တို့ ဘာဆက်လုပ်ရ



www.burmeseclassic.com

www.burmeseclassic.com

မလဲ၊ တော်တော်လေးတော့ လန့်နေတယ်ဘုရား’

လို့ပြောပြီး ဓာတ်ဘူးလဲ မောသွားတယ်ထင်တယ်။ ငြိမ်သွားတယ်။ ဒါနဲ့ ဆရာတော်က...

‘ဟိုတစ်နေ့က သေသွားတဲ့ မိန်းမကြီးပဲ ဖြစ်မှာပေါ့။ သူ့အတွက် ရည်စူးပြီး ဆွမ်းလေးကပ် အမျှဝေပေးကြမယ် ဆိုရင်တော့ ကောင်းတာပေါ့ ဒကာကြီးရယ်၊ ကဲ ကဲ ဦးပဥ္စင်းပဲ ကြည့်လုပ်လိုက်ပါ့မယ်’

လို့ ပြောလိုက်တယ်ဆိုရင်ပဲ ဓာတ်ဘူးတို့နှစ်ယောက် ဆရာတော့်ကို ကန်တော့ပြီး...

‘တပည့်တော်တို့ ခဏပြန်လိုက်ဦးမယ်ဘုရာ့၊ ဦးပဥ္စင်းကို ဒီအကြောင်းလေး လျှောက်ချင်လို့ မနက်စောစောလာခဲ့ကြတာ မနက်စာ မစားရသေးဘူး။ လက်ဖက်ရည်ဆိုင်ဘက် တစ်ချက်သွားလိုက်ဦးမယ်။ (၉)နာရီလောက်မှ ပြန်လာပြီး ဆက်ပြင်တော့မယ်ဘုရား’

‘အေး အေး’

လို့ ဆရာတော်က ပြန်ပြောလိုက်တယ်။

ဒါနဲ့ ဆရာတော်နဲ့ စာရေးသူတို့ အရုဏ်ဆွမ်း ဘုဉ်းပေးပြီး ဆရာတော်ကတော့ မနက်တိုင်း လုပ်နေကျ သူ့ကျောင်းတစ်ပတ် လမ်းလျှောက်ထွက်သွားလေရဲ့။ စာရေးသူကတော့ သိမ်ပတ်ဝန်းကျင်ကို တံမြက်စည်းလှဲရင်း နေခဲ့တယ်။ မနက် (၁၀း၀၀)နာရီလောက် ဓမ္မာရုံနားမှာ ဆရာတော်နဲ့ ပြန်တွေ့တော့ စာရေးသူက...

‘အရှင်ဘုရား ဓာတ်ဘူးတို့ ကားပြင်ကြတုန်းလား ဘုရား၊ ဘာထူးသေးလဲ၊ တပည့်တော် သိချင်လို့ပါဘုရား’

ဒီတော့ ဆရာတော်က...



‘အင်း ဒီလိုအစိမ်းသေ သေကြတဲ့အခါ ဝိညာဉ်တွေဟာ ကပ်မိကပ်ရာ ကပ်ကြလေတော့ ဒီအမျိုးသမီးလဲ ဒီနိဗ္ဗာန်ယာဉ်ကို လာကပ်တဲ့သဘောရှိတယ်လို့ ဦးပဥ္စင်း ယူဆတယ်။

ဒီတော့ ရိုးရိုးပဲ သွားလိုရာသွား ဒီကားကိုတော့ လာမကပ်နဲ့လို့ ပြောပြီး နှင်လိုက်ရင်တော့ ရတယ်။ ဒါပေမယ့် သိပ်တော့ မသေချာဘူး။ သူက သိပ်ခင်တွယ်ပြီး ဒီကားမှာပဲ ဆက်နေချင်ရင် နေနိုင်တယ်။

သေချာတဲ့နည်းတော့ ရှိတယ်။ နတ်မင်းကြီးလေးပါးကို တိုင်တည်ပြီး ကဲ နင်သွားချင်တဲ့နေရာကို သွားတော့ ကိုယ်နေရမယ့် နေရာကိုရှာထားဆိုပြီး သူ့ကို မောင်းထုတ်လိုက်ရင်တော့ရတယ်။

တစ်ခုတော့ရှိတာပေါ့။ ဒီနည်းက တကယ့်လို့ ကိုယ်က ကံနိမ့်နေတဲ့ အချိန်ဆိုရင်လဲ လူပဲဖြစ်ဖြစ် ဘုန်းကြီးပဲဖြစ်ဖြစ် ပြန်ပြီး ကန်တတ်တယ်။ ဆိုလိုတာက ကိုယ်လဲ တစ်ခုခု ဖြစ်တတ်တယ်’

လို့ အရှည်ကြီး ရှင်းပြတယ်။ စာရေးသူကလဲ...

‘အဲဒီတော့’

လို့ ထောက်ပေးလိုက်တဲ့အခါ ဆရာတော်က...

‘ကိုယ်တော်လဲ ဖြစ်ချင်ရာဖြစ်ဆိုပြီး နတ်မင်းကြီးလေးပါးကို တိုင်တည်လိုက်တယ်။ ပြီးတော့ ဦးပဥ္စင်း တောင်ဝှေးနဲ့ ကားကို လျှောက်ခေါက်ပစ်လိုက်တယ်။ အခြေအနေတော့ မသိရသေးဘူး။ ဓာတ်ဘူးတို့တော့ ရောက်နေကြပြီ လာ သွားစို့’

ဆိုပြီး ကားပြင်တဲ့ နေရာကို စာရေးသူတို့ အတူသွားကြတယ်။

ကားပြင်တဲ့နေရာကို ရောက်တော့ ဓာတ်ဘူးတို့နှစ်ယောက် ဟိုနှိုက်၊ ဒီနှိုက် ပြင်နေကြတုန်း ဆရာတော်က ပြောလိုက်တယ်။

‘ကဲ ငါတော့ သူ့ကို ဒီမှာ ကပ်မနေဖို့ ပြောထားပြီးပြီ။ မင်းတို့ ပြင်ပြီးလို့ လက်စသတ်ရင် စမ်းမောင်းကြည့်ကြဦးဟ’

‘တင်ပါ့ဘုရား’

ဆိုပြီး ပြင်လက်စတွေကို လက်စသတ်ပြီးတာနဲ့ ဓာတ်ဘူးက...

‘ကဲ စမ်းကြည့်မယ်ဟေ့’

လို့ အော်လိုက်ပြီး ကားစက်နိုးတော့ တာပဲ။ မနိုးချင် နိုးချင်နဲ့ နိုးလာလေရဲ့။ ဂီယာထိုးပြီး စမ်းမောင်းကြည့်လိုက်တော့ ကားက အိုကေနေပြီ။ ရှေ့မောင်းကြည့်တယ်။ နောက်ဆုတ်ကြည့်တယ်။ အားလုံး အဆင်ပြေသွားပြီ။

ဓာတ်ဘူးတို့ နှစ်ယောက်ကော စာရေးသူပါ အားလုံးပျော်နေကြတာပေါ့။ ဆရာတော်ကတော့ ပြုံးပြုံးကြီး ကြည့်နေလျက်...

**ကြိုးစားပါဦးမည်။**

**ရွှေကံမြေ ဖိုးဧော်**



www.burmeseclassic.com

www.burmeseclassic.com



ရွှေတောင် ကြည်မောင်ခြား

# မြသိပ်တောင်က ပုဂ္ဂိုလ်ရေး

လွန်ခဲ့တဲ့ နှစ်ပေါင်း (၃၀)ကျော် အချိန်ကာလ။ ဆောင်းရာသီရဲ့ နေ့တစ်နေ့။ မနက်ကတည်းက စိတ် မကြည် မလင် ဖြစ်နေတယ်။ ခေါင်းမူးတာလဲ မဟုတ်၊ ခေါင်းကိုက်တာလဲ မဟုတ်၊ ခေါင်းအုံတာလဲ မဟုတ်၊ စိတ်ထဲမှာ ဘာကိုမှ အလိုမကျတဲ့ အဖြစ်မျိုး တနုံ့နုံ့ ခံစားနေရတယ်။

မောင်ဖိုးဟန် မော်လမြိုင် ဆရာ အတတ်သင် သိပ္ပံကျောင်းတော်ကြီးမှာ အလယ်တန်းပြ ဆရာအဖြစ် ၁၉၈၁–၈၂ ပညာသင်နှစ်မှာ တက်ရောက် သင်ကြား သင်တန်းသားတစ်ဦး ဖြစ်ခဲ့တယ်။ အဲဒီအချိန်…

မနက်စောစော အိပ်ရာကထ ပြုဖွယ် ကိစ္စမှန်သမျှ ဆောင်ရွက်၊ အဆောင် အပြင်ထွက်ပြီး လေ့ကျင့်ခန်း ဆင်းရပြီ၊ ကာယလေ့ကျင့်ခန်း ဆင်းရပြီ။ ဆရာကြီး ဦးစိန်သန်းရဲ့ စီမံခန့်ခွဲမှုအောက်မှာ သင်တန်းသား, သင်တန်းသူ အသီးသီး ကျန်းမာပျော်ရွှင် ပညာသင်ယူနိုင်ကြဖို့ ကာယပညာကို လေ့ကျင့်ခန်း အဆင့်ဆင့်နဲ့ သင့်တင့်လျောက်ပတ်စွာ သင်ယူကြရတယ်။

ကာယချိန် ပြီးသွားပေမယ့် မောင်ဖိုးဟန်စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်နေပြန်တယ်။ သိပါပြီ။ စိတ်တွေ လေးနေတာ။ တစ်ခုခုတော့ တစ်ခုခုပဲ လို့ စိတ်ထဲမှာ ထင်လိုက်တယ်။

မနက်ပိုင်း ကျောင်းတက်လို့ စာသင်ချိန် တစ်ချိန်အပြီးမှာ ဆရာ ဦးချစ်သန်း ရောက်လာတယ်၊ လက်ထဲမှာလဲ စာတစ်စောင် ကိုင်လို့။ ကြေးနန်းစာ မောင်ဖိုးဟန်အတွက် ကြေးနန်းစာ။

**'အဖေ နေမကောင်း အမြန်ပြန်လာ'**

တဲ့။

ကြေးနန်းဖတ်ပြီး ဖိုးဟန် စိတ်မကောင်း ဖြစ်ရပြီ။ သောကရောက်ရပြီ။

ချက်ချင်းပဲ အဆောင်မှူး ဆရာ ဦးခိုင်စိုးကို ကြေးနန်းစာပြပြီး ခွင့်တောင်းရတယ်။ ဆရာက…

"မင့်အဖေ ဘာရောဂါလဲ"

တဲ့။



www.burmeseclassic.com

www.burmeseclassic.com

'မသိဘူးဆရာ'

လို့ ဖိုးဟန်က ဖြေတော့...

'မင်းဟာ မဟုတ်သေးဘူး။ ကိုယ့်အဖေရောဂါတော့ သိရမှာပေါ့'

'သင်တန်း လာတုန်းကတော့ အကောင်းပဲဆရာ။ ခုမှ ရောဂါရတာနဲ့ တူတယ်'

'မင်း အိမ်ပြန်ချင်နေတာလား'

'ဟာ... ဆရာကလဲ ကျွန်တော့်အိမ်က အဝေးကြီး ရွှေတောင်မှာ၊ အသွားအပြန် ခရီးစရိတ်နဲ့ ခရီးသွားမယ့် အသွားအပြန်ရက်နဲ့၊ အိမ်မှာနေရမယ့်ရက်နဲ့၊ သင်တန်းပျက်မယ့်ရက်နဲ့ တွက်ကြည့်လိုက်ရင် တမင်သက်သက် ပြန်လို့ အကျိုးမရှိဘူးဆရာ။ ကြေးနန်းစာက အမှန်ပါ'

လို့ ဖိုးဟန်က ရှင်းပြတော့...

'အေး... မင်းပြောတာလဲ ဟုတ်တာပဲ။ ဘယ်တော့ပြန်မလဲ'

'ကနေ့ပြန်မယ် ဆရာ'

'ရထား မီသေးတယ်ကွ ပြန်'

တဲ့။

ဖိုးဟန် ပစ္စည်းတွေသိမ်း၊ တချို့ကို သူငယ်ချင်းတွေအပ်၊ လက်ဆွဲအိတ်ကလေး လက်ကဆွဲပြီး မုတ္တမကို ဖက်နဲ့ ကူးရတယ်။

ဆရာအတတ်သင်သိပ္ပံက ဖက်ဆိပ်အသွား ဆိုက်ကားပေါ်မှာ မော်လမြိုင်ကနေ မုတ္တမကိုကူးတော့ ဖက်ပေါ်မှာ အဖေ ကျန်းမာပါစေကြောင်း၊ နေကောင်းပါစေကြောင်း ဆုတွေ တောင်းလိုက်ရတာ ဖိုးဟန်ရင်ထဲမှာ လှိုက်လှိုက်ပြီး မောလာတယ်။ ကတုန်က ယင်ကြီး ငိုကြီးချက်မ မဖြစ်ရုံတမယ်။ ခံစားချက်က ပြင်းတယ်။

ရတနာသုံးပါး ဦးထိပ်ထားလို့ အရဟံဂုဏ်တော်ကို မနေမနား တရစပ်ရွတ်၊ သမ္ဗုဒ္ဓေဂါထာတော်ကိုရွတ်၊



ဂါထာတော်ပေါင်းစုံကို အလှည့်နဲ့ ရွတ်လိုက်ဖတ်လိုက်တာ မုတ္တမကို ဘယ်လို ရောက်သွားမှန်းတောင် မသိလိုက်ဘူး။

ကြိုတင်လက်မှတ် ယူထားတာလဲ မဟုတ်၊ ရထားထွက်ချိန်ကလဲ ကပ်နေ၊ ကသောကမျော အပြေးအလွှား လာခဲ့ရတော့ ရထားလက်မှတ်က ထိုင်ခုံနဲ့ မရနိုင်တော့ဘူး၊ ကုန်သွားပြီ။ ထိုင်ခုံမဲ့နဲ့ ဖိုးဟန် လိုက်ရတော့မယ်။ ရှိစေ ကျေးဇူးရှင် ဖခင်ကြီးအတွက်...

ရထားတွဲတွေမှာ သက်သောင့်သက်သာ ထိုင်လိုက်လို့ ရမယ့်နေရာကို ရှာတော့ တွဲ(၃) နောက်ဘက် တံခါးပေါက်နားမှာ လွတ်နေတဲ့ နေရာလေး ရတယ်။ ဖိုးဟန် ထိုင်မယ်လို့ နေရာကို ရှင်းနေတော့ တံခါးပေါက်နဲ့ ကပ်လျက် ထိုင်ခုံမှာ အမျိုးသမီးနှစ်ယောက် ထိုင်နေကြတယ်။

အသားလတ်လတ်နဲ့ ထောင်ထောင်မောင်းမောင်း အမျိုးသမီးတစ်ယောက် ဖိုးဟန်အနားကို ရောက်လာတယ်။ လက်ထဲမှာ ပီနံအိတ်ခွံ တစ်လိပ်ကို ကိုင်ထားပြီး...

'ဒီအိတ်ခွံလေးတွေ ခင်းပြီးထိုင်ပါ။ ရန်ကုန်ရောက်မှ ပြန်ပေး'

လို့ ပြောတယ်။

ဖိုးဟန်မှာလေ ကျေးဇူးတင်လွန်းလို့ ဘာပြန်ပြောရမှန်း မသိဘူး။ နေရာမဲ့သူကို နေစရာပေးတော့ ဝမ်းသာပီတိ ဂွမ်းဆီထိသလို။

နောက်တော့မှ...

'ကျေးဇူးတင်ပါတယ်ဗျာ'

လို့ပြောပြီး ကျကျနန ထိုင်တော့တယ်။

ဖိုးဟန် နေရာပြင်ပြီးလို့မှ မကြာမတင်မှာ ရထားကြီး ထွက်ပြီ။ ရထားထွက်ကတည်းက နံရံကို ကျောမှီပြီး မေတ္တာသုတ်၊ မင်္ဂလသုတ်၊ ရတနသုတ် ပရိတ်တော်တွေကို အဆက်မပြတ် ထပ်ကာထပ်ကာ အကြိမ်ကြိမ် ရွတ်တယ်။ အဖေ့ရဲ့ သေရေးရှင်ရေးရောဂါ သက်သာဖို့အရေး အမြဲ ရှေးရှု ဂရုတစိုက် ရွတ်ရတယ်။

ဖိုးဟန်ကလဲ ဂုဏ်တော် ပရိတ်တော်တွေကို ရွတ်လို့။

ရထားကြီးကလဲ ဘူတာစဉ်တွေကို ဖြတ်သန်းကျော်လွှား မောင်းနှင်လို့။

သထုံဘူတာကိုရောက်တော့ ရထားရပ်နားတာ နည်းနည်း ကြာတယ်။ ရထားထွက်ပြီးလို့ (၅)မိနစ်လောက်ကြာတော့ ရထားတွဲ ရှေ့ပိုင်းကနေပြီး ဖိုးဟန်ထိုင်နေတဲ့ နေရာဆီကို အဘိုးကြီးတစ်ယောက် ရောက်လာတယ်။ ခေါင်းမှာ တဘက် နွမ်းနွမ်းတစ်ထည် ပေါင်းထားတယ်။ စွပ်ကျယ်အကျႌလက်စက၊ ကွက်ထောက်ကွက်ကျဲ ပုဆိုး တစ်ပတ်ရစ် အရောင်မှိန်မှိန် တစ်ထည် ဝတ်ထားတယ်။

အပိုပစ္စည်း ဘာတစ်ခုမှ ပါမလာဘူး။ ရထားလက်မှတ်လဲ ပါပုံမရဘူး။ တစ်ကိုယ်ရေ တစ်ကာယသမား အတောင်သာပါတဲ့ ငှက်တစ်ကောင်လို။





www.burmeseclassic.com

www.burmeseclassic.com

ဖိုးဟန်အနားကို အဘိုးကြီး ရောက်လာတော့...

'လူလေး... ထိုင်ပါရစေ'

တဲ့။

'ဘကြီး ထိုင်ပါ။ ဒီအိတ်ခွံတွေက ဟိုအစ်မတွေ ပေးထားတာလို့'

ပြောပြီး ဖိုးဟန်က နေရာပေးတယ်။ အိတ်ပိုင်ရှင် အစ်မနှစ်ယောက်ကလဲ ပြုံးပြီး ခေါင်းတွေ ညိတ်ပြတယ်။ ကုသိုလ်ရကြပြီ။

အဘိုးကြီး ဝင်ထိုင်ပြီးတဲ့နောက် ဖိုးဟန်က ဂုဏ်တော်တွေကို ရွတ်ပြန်တယ်။ အသံတော့ မထွက်ဘူး။ စိတ်ထဲက ရွတ်တာ။ အဘိုးကြီးက ဖိုးဟန်ကို ကြည့်တယ်။ နောက် ကြည့်တယ်။ ဘာမှတော့ မမေးဘူး၊ မပြောဘူး။ မောင်ဖိုးဟန် မသိဟန်ဆောင်နေလိုက်ရတယ်။

ခဏကြာတော့ ဖိုးဟန်က...

'အဘ ဘယ်ကလာတာလဲ'

လို့ မေးတော့ အဘိုးကြီးက...

'မြသပိတ်တောင်က'

လို့ ပြောတယ်။


'သထုံ မြသပိတ်တောင်လား'

လို့ ထပ်မေးတော့...

'ဟုတ်တယ်'

တဲ့။

သထုံ မြသပိတ်တောင်ကို ဖိုးဟန် ရောက်ဖူးတယ်။ မော်လမြိုင် ဆရာအတတ်သင်သိပ္ပံက လေ့လာရေးခရီး ထွက်တုန်းက ကျိုက်ထီးရိုး စေတီတော်ကို ဖူးမြော်အပြီး သထုံကို ဝင်တော့ မြသပိတ်တောင်တော်မြတ်ကို ရောက်တယ်။ ဖူးမြော် ကန်တော့ရတယ်။ အလံတစ်ရာစေတီတော်ကြီးကိုလဲ ဖူးခဲ့ရတယ်။ မြို့ထဲရောက်တော့ ရွှေစာရံ စေတီ စေတီတော်မြတ်ကြီးကို အကြာ



ကြီး ဖူးမြော် ကန်တော့ကြတယ်။

ဆောင်းနေအပူက ရွှေစာရံ စေတီတော်ရဲ့ ထီးရိပ်အောက်မှာ ပျောက်သွားတယ်။ အေး...လို့၊ မြတ်ဗုဒ္ဓရဲ့ အရိပ်အာဝါသ ချမ်းမြေ့လှပါဘိ။ ဂုဏ်ကျေးဇူးတော်။

ဖိုးဟန် တွေးတယ် မြသပိတ်တောင်က အမြင့်ကြီးပဲ။ ကုန်းတော်ပေါ်ရောက်တော့ ဖိုးဟန်ဆိုတာ မဟန်နိုင်ဘူး။ တုံးလုံးလှဲပြီး အပန်းဖြေရတယ်။ လှေကားထစ်ပေါင်းများစွာ တက်လိုက်ရတာ။ တမောတခေါ မသက်သာဘူး။ ဖိုးဟန် ကိုယ်ချင်းစာလို့ မေးလိုက်တယ်။

'အဘ တောင်ပေါ်ကို တက်နိုင်လား'

'တက်နိုင်တာပေါ့'

အဘိုးကြီးက ပေါ့ပေါ့ပါးပါးလေး ပြန်ပြောတယ်။

ဖိုးဟန်မှာတော့ တက်လိုက်ရတာ ဖတ်ဖတ်ကို မောလို့။

'မမောဘူးလား'

လို့ ဖိုးဟန်က မေးတော့...

'မောပါဘူးဗျာ'

တဲ့။

မဖြစ်နိုင်ဘူးလို့ ဖိုးဟန် တွေးတယ်။ အဘိုးကြီး အသက်က (၇၀)ကျော်လောက်ရှိပြီ မြသပိတ်တောင်တော်ပေါ်ကို တက်ဖို့ ဘယ်လွယ်မတုန်း။ အတွေးမဆုံးဘူး အဘိုးကြီးက...

'မင်း... မယုံဘူးလား'

တဲ့။

ဖိုးဟန် ဘာမှ ပြန်မပြောဘူး၊ ခေါင်းငုံ့လိုက်တယ်။ အဖြေခက်လို့ ခေါင်းပြန်အမော့မှာ ဖိုးဟန် မျက်စိက အဖိုးကြီးရဲ့ ဘယ်လက်ကို တန်းခနဲ ကြည့်မိတယ်။ အလို လက်စွပ်တစ်ကွင်း ဘက်ဘက် လက်သူကြွယ်မှာ ဝတ်ထားပါလား။ ဖိုးဟန် မအောင့်နိုင်ဘူး။ မေးလိုက်မိတယ်။

'အဘ လက်စွပ်က ဓာတ်သားလား'

'ဟုတ်တယ်'

'အဘ ဓာတ်ကစားသလား'

'ဟိုတုန်းက ကစားတယ်'

တဲ့။

အဘရယ် ကြည့်ပါရစေဆိုတော့ လက်စွပ်ကို သူ့လက်က ချွတ်ပြီးတော့ ဖိုးဟန်ကို ပေးတယ်။

ကောင်းလိုက်တဲ့ ဓာတ်သား၊ စပ်သားမဟုတ်ဘူး။ လက်လွတ်အပြီး မယွင်း၊ ကိတ်...

ဟိတ်ကိုက သက်တံရောင် ပြေးနေတယ်။ တံခါးပေါက်က ဝင်လာတဲ့ နေရောင်အောက်မှာ ဖိတ်ဖိတ်တောက်နေတယ်။ ရောင်စုံ ရောယှက် ဝင်းလက်နေတယ်။ ဖိုးဟန်က...

'တစ်မတ်သား လောက်တော့ရှိမယ်'

ပြောတော့...

'ဟုတ်တယ်'

တဲ့။

ဖိုးဟန် အဂ္ဂိရတ်သမား အဲဒီအခါ



www.burmeseclassic.com

www.burmeseclassic.com



က မီးကစားခဲ့တာ (၈) နှစ်ရှိပြီ။

'သွပ်က ဖြစ်တာလား'

လို့ မေးတော့...

အဘိုးကြီးက ဖိုးဟန်ကို သေသေချာချာ ကြည့်တယ်။ စူးစူးစိုက်စိုက် ခဏပဲ။ ပြီးတော့...

'အေး...'

တဲ့။

ဖိုးဟန်အသိက သွပ်သေ ရွှေကြည့် ဆိုကိုးဗျ။

သွပ်သေလက်စွပ် ပြောင်ကွင်းကို စိတ်ရှိလက်ရှိ အားပါးတရ အချိန်အကြာကြီး ကြည့်ပြီးတော့ ဖိုးဟန်က အဘိုးကြီးကို လက်စွပ် ပြန်ပေးတယ်။ အဲဒီအခါမှာတော့ အဘိုးကြီးက...

'ဝတ်ကြည့်စမ်း'

တဲ့။

ဘယ်နေမလဲ ဖိုးဟန် ဝတ်ကြည့်တာပေါ့။ ဘယ်ဘက် လက်သူကြွယ် စွပ်လိုက်တာ ချွတ်မရတော့ဘူး။ မနည်းချွတ်ရတယ်။ ကျွတ်ခါနီးမှာ...

'မချွတ်နဲ့'

အဘိုးကြီးက တားတယ်။ ဖိုးဟန်က ထပ်ချွတ်တော့...

'မချွတ်နဲ့ မင်းယူ'

လို့ ပြောတယ်။

ဖိုးဟန် ဘယ်ယူလို့ ဖြစ်ပါ့မလဲ။ သွပ်ကဖြစ်တဲ့ရွှေ၊ သွပ်သေ ရွှေဖြစ်ဖို့ဆိုတာ လုံတစ်ရာအထက်မှာ ရှိတယ်။ အဲဒါ အနည်းဆုံး။ ပါရမီသာ မပါလို့ကတော့လား လုံတွေသာ ရာချီသွားမယ် ဖြစ်ကို မဖြစ်ဘူး။ မူးကို မြစ်မထင်လေနဲ့။ အဲဒီတော့ ကိုယ်ချင်းစာပြီး မယူရက်ဘူး။ ပြီး ပြီးရော ထိုးလို့မရဘူး။ ဖြစ်ကတတ်ဆန်း ထိုးလို့ မရဘူး။ အဂ္ဂိရတ် အထွတ်အမြတ်လေ။

အဘိုးကြီး အဂ္ဂိရတ်မီးအတတ်နဲ့

ကိတ်ဓာတ်မြတ်မဟာ ထွက်ပေါ်၍လာအောင် လုံတစ်ရာကတော့ အသေအချာပဲ။ ကျော်ရင်သာ ကျော်မယ် မလျော့ဘူး။

မီးပူတာရယ်၊ ညှောင်းတာရယ်၊ လုံဖိုးရယ်၊ ဓာတ်ဖိုးရယ်၊ မီးသွေးဖိုးရယ်၊ လုပ်အားခရယ် ပေါင်းလိုက်ရင် ဖိုးဟန် ဘယ်ယူရက်တော့မလဲ။

ဖိုးဟန်က အဂ္ဂိရတ်သမားလေ။ ကိုယ်တိုင် ဖိုခွင်ဝင်ပြီး ဓာတ်ကစားနေတဲ့သူလေ။ သိတာပေါ့။ ဓာတ်ပြောင်းအောင် ထိုးဖို့တောင် မလွယ်ဘူး။ ရှုံးသွားမယ်။

ဓာတ်ခိုင်ပြီးတည်ဖို့ ဓာတ်လုံးဖြစ်ဖို့ ဝေးသေး။ လုံချောင်ဖို့၊ ချော်ကတော့ ထိုးဖို့၊ ချော်လေးစိတ်ကွဲဖို့၊ ချော်နီဖို့၊ ချော်ဖြူဖို့။

အဂ္ဂိရတ်မီးအတတ်မှာ ဆိုရိုးစကားအရှိသားကလား။

ဆေးကောင်းတော့ အင်းစောင်း၊ အင်းကောင်းတော့ ဓာတ်ပြောင်းတဲ့။

ဆေးကောင်းတယ်ဆိုတာ အင်းစောင်းသလောက်ပဲ ရှိတယ်။ အင်းကောင်းတယ်ဆိုတာလဲ ဓာတ်ပြောင်းသလောက်ပဲ ရှိတယ်။ အဂ္ဂိရတ်မီးအတတ် အထွတ်အမြတ်ပညာ၊ လောကီပညာတို့ရဲ့ ထိပ်။

ဘိုးတော် ဦးပိုင်းလက်ထက်က ထွက်ရပ်စခန်း မြန်းခဲ့တဲ့ ပထမ ဘိုးဘိုးအောင် အင်းနဲ့ တွက်တာပဲ၊ အင်းဝိဇ္ဇာပဲ။ အများအသိ ပကတိအခြေ။

အင်းဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ ဂါထာဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာ၊ စမဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ ဝိဇ္ဇာတွေမှာ သက်တမ်းကာလ အသက အသက ရှိကြတယ်။ သက်တမ်းကို ဆွဲဆန့်တော့ အကန့်အသတ် ရှိကြပြန်တယ်။ ဝိဇ္ဇာဆိုတာ တစ်ဆင့်ထက် တစ်ဆင့် မြင့်သထက်မြင့် ရင့်သထက်ရင့်အောင် ကြံဆောင်ကြိုးကုတ် အားထုတ် လုပ်ဆောင်ကြရတယ်။

မင်းတုန်းဘုရင် ပဥ္စမ သင်္ဂါယနာတင်တော့ နန်းတွင်းက ဖိုရုံတော်အသစ်မှာ ပထမ ဘိုးဘိုးအောင်က ဒယ်အိုးကြီးတွေနဲ့ သိဒ္ဓိတွေ ပေးခဲ့တယ်။ ဣဒ္ဓိအစွမ်း, မဟိဒ္ဓိအစွမ်းတွေကို ပညာခန်းပြခဲ့တယ်။ အဲဒါ အဂ္ဂိရတ်၊ မီးအတတ်၊ ဓာတ်။

ဖိုးဟန်က သူ့လက်က လက်စွပ်ကို ကျွတ်အောင်ချွတ်ပြီး ပေးတော့...

'ဒီလက်စွပ် ငါ့ကို တောင်းတဲ့သူတွေ အများကြီး။ ငါ မပေးခဲ့ဘူး။ ဒါပေမယ့် မင်းကိုတော့ ပေးမယ်။ ယူ'

'အဘရယ် အဘပေးတဲ့ လက်စွပ်ရဲ့ တန်ဖိုးကို သိလို့ မယူတာပါ'

အဘိုးကြီးက ထပ်ပေးပြန်တယ်။ ဖိုးဟန်က မယူပါဘူးဆိုတော့...

'အေး... မင်းကိုပေးတယ် မင်းယူတာ။ ဒါ မင်းအကြောင်း ငါနဲ့ မဆိုင်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



ပြောလို့မဆုံးဘူး လက်စွပ်ကို ပြန်ယူပြီး သူ့လက်မှာ စွပ်လိုက်တယ်။

နှစ်ယောက်သား ခဏကြာအောင် နှုတ်ဆိတ်နေကြတယ်။ မပြောဖြစ်ကြဘူး။ ရထားကြီးကတော့ အရှိန်အဟုန်ကြီးစွာနဲ့ တရိပ်ရိပ် ဖြတ်သန်းမောင်းနှင်နေတယ်။ ရုတ်တရက် ကောက်ကာငင်ကာ အဘက...

'မင်း ကိစ္စပြီးမြောက် ခရီးရောက်တဲ့ ဓာတ်လုံး တွေ့ဖူးသလား'

'မတွေ့ဖူးဘူး အဘ'

ဖိုးဟန်က မှန်ရာကို ဝန်ခံတယ်။

'ကူးလမ်းဖြောင့် ရောက်လွယ်၏။ ဓာတ်နဲ့ ဓာတ်ကူး ဖြစ်ဖူးများစွာ ပဒေသာတဲ့ကွ'

'......'

'ကိစ္စပြီးမြောက် ခရီးရောက်တဲ့ ဓာတ်လုံး၊ ထိုးထားတဲ့ လုံ့ခွံထဲမှာ နာ, ချော်, သံ, ဘင်, ပြဒါး, သွပ်, ဒန်, ဘော်, ရွှေ ဓာတ်မကိုးပါး တစ်ပါးပါးကို ထည့်ပြီးထိုးရင် ဆယ်လုံနဲ့ သိဒ္ဓိပြီးတယ်၊ မိတူ ဖတူ လိုက်တယ်။ လုံပေါင်းများစွာ မလိုဘူး၊ လုံတစ်ရာ မလိုဘူး လူလေးရဲ့'

ဖိုးဟန် အကြီးအကျယ် အံ့သြသွားတယ်။ လုံတစ်ရာ ဆိုတဲ့စကား ကြားတော့ ကြောက်လန့်သွားတယ်။ ပြီးတော့ တုန်လှုပ်သွားတယ်။ အဘိုးကြီး လူသာမန် မဟုတ်ပါလားလို့ တွေးမိတယ်။ ဘယ်လို ပုဂ္ဂိုလ်ကြီးလဲ။

မှားပြီ။ ဖိုးဟန် မှားပြီ။ သွပ်သေ ရွှေလက်စွပ် မယူမိတာ မှားပြီ။ ပေးပါလျက်မယူ ငြင်းခဲ့လေတော့ အခုဖြင့် မောင်ဖိုးဟန်...

အလိုရမ္မက်ကြောင့် ထွက်လာတဲ့ သူ့လောဘကို ဖိုးဟန် ပြန်ပြီး မနည်း သိမ်းဆည်းရတယ်။ လွဲချက်ကယ်နာပေါ့။

အဘိုးကြီး မနော ပိုင်မယ်ထင်လို့ ဖိုးဟန်က...

'အဘ မနောပိုင်လား'

ဖျတ်ခနဲ မေးပြီး အဘိုးကြီးကို ကြည့်လိုက်တော့...

အဘရဲ့ ပကတိ ကြည်လင်နေတဲ့ မျက်နှာဟာ ဝင်းပလာတယ်။ မျက်လုံးက အရောင်တွေ တောက်လာတယ်။ ဖိုးဟန် မျက်နှာလွှဲထားရတယ်။ အဘကြည့်တဲ့ မျက်လုံးဒဏ် ဖိုးဟန် မခံနိုင်ဘူး။

'ကြိုးစားတုန်းပါ လူလေးရယ်'

အဘရဲ့ နှုတ်ထွက်စကား ဖိုးဟန် နားနှစ်ဖက်မှာ ကြားလိုက်ရတယ်။ ပြော ပြောဆိုဆို ဖြုတ်ခြည်း ရုတ်ခြည်း အဘ ထပြီး မတ်တတ်ရပ်လိုက်တယ်။ မားမားမတ်မတ်ကြီး ဖိုးဟန်လဲ ရောရောင်ပြီး အဘနဲ့ အတူလိုက်ပြီး ရပ်လိုက်တယ်။ ရှေ့ဘူတာက ရထားဝင်ရင် အဲဒါ ကျိုက်ထိုဘူတာပဲ။ ဝေးတော့ ဝေးသေးတယ် ခရီး မနီးဘူး။ တောတန်းအလယ်။

'လူလေး မင်း အခု သွားမယ့်ခရီးက စိတ်ချမ်းမြေ့ဖွယ်ခရီး မဟုတ်ဘူး။ စိတ်ဆင်းရဲမှု အတိုင်းပြီးတယ်။ မင်းအဖေ နေမကောင်းဘူး။ ရောဂါက လွန်နေပြီ။ မြစ်ပွားရောဂါ သေမယ်။ လောလောဆယ် မဟုတ်ဘူး။ တစ်နှစ်လောက်တော့ ခံမယ်။ နောက်ခရီးတစ်ခု ဆက်ဖို့ မင်းမှာရှိတယ်။ စာမေးပွဲဖြေမယ် အောင်မယ်' လို့ပြောပြီး ပြုံးတယ်။ ချက်ချင်းပဲ...

'အဘ သွားမယ်'

လို့ ပြောပြောဆိုဆို ရထားပေါ်က ခုန်ချသွားတယ်။ မှင်တက်မိနေတဲ့ ဖိုးဟန် ညာလက်နဲ့ လှမ်းဆွဲလိုက်တာတောင် မမီလိုက်ဘူး။ တစ်ချိန်တည်း ဖိုးဟန် တံခါးပေါက်လက်ရန်းကို ကိုင်ပြီး ခေါင်းပြူကာ ထွက်ကြည့်လိုက်တော့...

အဘိုးကြီး ရထားပေါ်ကနေ တလိမ့်ခေါက်ကွေး ကျသွားတာ မဟုတ်ဘူး။ ဖိုးဟန် ငယ်ငယ်က ကြည့်ဖူးတဲ့ ဇာတ်ပွဲထဲက ဇော်ဂျီတွေ တောင်ဝှေးကိုထမ်းကောင်းကင်ယံမှာ လမ်းသလားလို့ ဇက်ကြိုးစီးပြီး မြေပြင်ကိုအဆင်း အဲသလိုမျိုး၊ လူတစ်ကိုယ်လုံး ပေါ့နေတယ်လို့ ထင်ရတယ်။

အဘ ခုန်ချတဲ့ဘက်က တွဲတိုင်း, တွဲတိုင်း လူတွေ ထွက်ကြည့်ကြတယ်။ အော်ဟစ်ဆူညံသံတွေ ပွက်လောရိုက်သွားတယ်။

ပြောရင် မယုံနိုင်ကြပေမယ့် အဲဒီနေ့က ကြုံလိုက်ကြသူတွေကတော့ မေ့နိုင်ကြမယ် မထင်ဘူး၊ ရထားတစ်စီးလုံး စိတ်လှုပ်ရှားကြရတဲ့ ဖြစ်ရပ်၊ ရထားတွဲ တော်တော်များများက လူ တော်တော်များများ ထွက်ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သန္တာစိုး
(ဖင်းကျိုက်မြို့)

# ကုလားမတောင်မှ

## ထူးဆန်းသောမှု

လွန်ခဲ့သော တစ်ပတ်ကျော်ခန့်က ဖြစ်ပါသည်။ စာရေးသူ၏ ခင်ပွန်းသည် အစ်မဖြစ်သူ ဖင်းကျိုက်ရွာမှ မမြင့်ကြည်အိမ် ရောက်သွားခဲ့ရာ စိတ်ဝင်စားဖွယ်ရာ သတင်းထူးလေး ကြားခဲ့ရသည်။ နက္ခတ္တရောင်ခြည် မဂ္ဂဇင်း စာမျက်နှာပေါ်၌ နာမည်ကြီး နေသော ဖင်းကျိုက်မြို့မှ ဂမ္ဘီရပြတိုက်ကြီးသဖွယ်ဖြစ်သည့် ကုလားမတောင်ပေါ် တစ်နေရာမှ ဖြစ်ရပ်ဆန်းလေး တစ်ပုဒ်ကို သိရှိခဲ့ရလေသည်။

ထို့ကြောင့် ယင်းဖြစ်ရပ်ဆန်းလေး သည် မှန်,မမှန် သိရှိနိုင်ရန်အတွက် အခွင့်ကြုံသော တစ်မနက်တွင် မမြင့်ကြည်မှ ကုလားမတောင်သို့ သွားရန် လာပြောလေသည်။ တောင်တက်ကားလည်း အသင့်ရှိနေသည့်အတွက် စာရေးသူ လိုက်ပါခဲ့လေသည်။

ကားပေါ်တွင် ဖင်းကျိုက် အထက်တန်းကျောင်းမှ ဆရာမဒေါ်အန်ကြည်နှင့် တပည့် ကျောင်းသူကျောင်းသားများ၊ ဘုရားဖူးခရီးသည်များ၊ အလှူရှင်များ စီးနင်းလိုက်ပါလာခဲ့ကြလေသည်။ ကုလားမတောင်ပေါ်တွင် ဓမ္မာရုံဆောက်နေသည့်အတွက် ကျောင်းပိတ်ရက်နှင့် ဆုံ၍ ခဲသယ်၊ အုတ်သယ်ရန်အတွက် ကျောင်းသူကျောင်းသားများမှာ လုပ်အားကုသိုလ် လာယူကြခြင်းဖြစ်ကြောင်း ဆရာမ ဒေါ်အန်ကြည်မှ ရှင်းပြပါသည်။

စာရေးသူသည်လည်း ကုလားမတောင်သို့ လာရောက်ချင်တာ ကြာခဲ့ပါပြီ။ ဆရာတော်ကို ဖူးတွေ့ချင်တာရယ်၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာမျက်နှာပေါ်၌ ကုလားမတောင်ပေါ်မှ ထူးဆန်းသော ဖြစ်ရပ်မှန်များကြောင်း စာရေးသူ



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာချင်တာ အခုမှ အဆင်က ပြေတော့၏။ ခြေကျင်ခရီးဆို မလွယ်လှ။

စာရေးသူ အပါအဝင် စီးနင်းလိုက်ပါလာသော ကားလေးသည် တဖြည်းဖြည်း တက်လာခဲ့ရာ တောင်တစ်ဝက်ကျော်လာခဲ့လေပြီ။ ကျွဲမင်းတောင်၊ တောင်လေးတောင်ကြီး သဲပုံရေစိမ့်၊ ညောင်ပင်လမ်းလွန်တာနှင့် ကုလားမတောင်ကို လှမ်းမြင်နေရပြီ။ ရှေ့နားဆို ကုလားမတောင်နယ်နိမိတ်ထဲ ရောက်ပြီဟု ခရီးသည်တစ်ဦးမှ ပြောလိုက်ခြင်းဖြစ်၏။

သစ်ပင်၊ ဝါးပင်တို့ဖြင့် စိမ်းလန်းစိုပြည်နေသော ကုလားမတောင်၊ ဂမုန်းအင်း၊ သစ်ခွ၊ ဖယောင်းပန်း၊ သစ်ယားပန်းရနံ့တို့ဖြင့် ထုံသင်းမွှေးကြိုင်နေသော ကုလားမတောင်၊ ကျေးငှက်သာရကာသံတို့ဖြင့် သာယာနာပျော်ဖွယ်ကောင်းလှသော ကုလားမတောင်။

ထို့ကြောင့် ကုလားမတောင်သည် ဝိဇ္ဇာဇော်ဂျီ တပသီပျော်စံရာ နေရာတစ်ခု ဖြစ်ခဲ့သည်ဆိုတာကို ယုံမှားသံသယမရှိပေ။ ကုလားမတောင်နယ်နိမိတ်ထဲသို့ စ,ရောက်သည်နှင့် စာရေးသူ၏ စိတ်ထဲမှာပင် လန်းဆန်းသွားသည်။ ကန်အလယ်တွင် ရှင်ဥပဂုတ္တရုပ်ပွားတော်ကို ဦးစွာမြင်တွေ့ရပါသည်။

'ဒီနေရာက ဟိုအရင်ကလဲ ရေကန်ကြီးပဲ။ ဆရာတော် ရောက်လာမှ ကန်ကိုပြုပြင်ပြီး ရေလယ်ကောင်မှာ ရှင်ဥပဂုတ္တရုပ်ပွားတော် တည်လိုက်တာ။ တချို့ဆရာတွေ ရောက်လာပြီး ဒီကန်ရဲ့ အလယ်ဗဟိုနေရာမှာ သေတ္တာရှိတယ်ဆိုပြီး တူးဖို့လာကြတယ်။ ဆရာတော် လက်မခံလို့ပြန်သွားတာ အများကြီးပဲ'

ကားပေါ်မှ ပါလာသော လူကြီးတစ်ဦးမှ ပြောပြလေသည်။

ဆန်းတော့ အဆန်းသား၊ ပင်လယ်ရေ မျက်နှာပြင်ထက် ပေပေါင်း(၃၀၀၀)ကျော် မြင့်မားမတ်စောက်သော တောင်ထိပ်ပေါ်၌ သဘာဝ ရေကန်ကြီးဖြစ်နေသည်ဆိုတာ အဆန်းသား။ ရေကန်၏ အရှေ့တည့်တည့် တောအုပ်ထဲတွင် **ကုလားမမှို့ရာ (ခေါ်) ကျောက်ဖျာကို**လည်း တွေ့ခဲ့ရပါသည်။ အလျား(၆)ပေ၊ အနံ(၃)ပေခန့်ရှိမည်ဟု ခန့်မှန်းရပါသည်။

ခေါင်းအုံးကာအစ ဖြစ်နေသော ကျောက်မွေ့ရာမှာ အံ့ဩစရာကောင်းလှလေသည်။ ထိုကျောက်မွေ့ရာကို ကုလားမမွေ့ရာဟု သိရပါသည်။ [ယင်းကျောက်မွေ့ရာကို နောက်တစ်ခေါက် ရောက်ခဲ့လျှင် ဓာတ်ပုံနှင့်တကွ ဖော်ပြပေးမည်။]

သတင်းကြီးနေသော ငရုတ်သီးမိုးမျှော်ပင်မှာ ယင်းမွေ့ရာနှင့် မလှမ်းမကမ်းမှာ ရှိသည်ဟု ဇင်းကျိုက်ရွာ (ယခုဇင်းကျိုက်မြို့)မှ ငရုတ်မိုးမျှော်ပင်ကို တွေ့ခဲ့သူ၏ ပြောစကား ဖြစ်၏။

စာရေးသူတို့စီးလာသော ကားလေးသည် ဆရာတော့်ကျောင်းရှေ့၌ ထိုးရပ်လိုက်လေသည်။ ကားပေါ်၌ ပါလာကြသော ဘုရားဖူးသူများ အားလုံးဆင်းပြီး ဆရာတော့်ကျောင်းဆီသို့ သွားရောက်ကာ ဆရာတော်အား ဖူးမြော်ပြီး လှူဖွယ်ပစ္စည်းများ လှူဒါန်း၍ ဘုရားဖူးသူ၊ သဲခဲရှက်သူ သူနေရာနှင့်သူ ခွဲထွက်ကြတော့၏။

စာရေးသူမှာ တစ်ခေါက်မှ မရောက်ဘူးသော ကုလားမတောင်ပေါ်ရှိ ဘုရားများကို ဖူးမြော်ကန်တော့ကြည်ညိုနေမိ၏။ တိတ်ဆိတ်ငြိမ်သက်သော အရပ်လေး ဖြစ်သည်မို့ တရားမေ့နှင့် မွေ့လျော်သော ပုဂ္ဂိုလ်များအတွက် စိတ်ငြိမ်ရာအရပ် ဖြစ်ပေသည်။

'အရင်က ဒီတောင်ပေါ်မှာ စေတီနှစ်ဆူပဲ ရှိတယ်။ ဆရာတော်ရောက်မှ အခုလို စေတီတော်တွေ၊ ဗုဒ္ဓရုပ်ပွားတော်တွေ များလာတာ'

မမြင့်ကြည်မှ ရှင်းပြပေးပါသည်။

သို့ဖြင့် စာရေးသူနှင့် မမြင့်ကြည်သည် ဆောက်လုပ်ဆဲ ဓမ္မာရုံဘက်သို့ ရောက်လာကြသည်။ မမြင့်ကြည်မှ သူ၏ အသိမိတ်ဆွေကို လှမ်းခေါ်လိုက်လေသည်။ အရိပ်ကောင်းသော



www.burmeseclassic.com

www.burmeseclassic.com

သစ်ရာပင်အောက်မှာ ထိုင်ပြီး မမြင့်ကြည်မှ စကားဦးသန်းလိုက်၏။

'နှင် မှိုရလာခဲ့တဲ့အကြောင်း ပြောပြလိုက်ပါဦး'

'ပြောရရင်တော့ ဘယ်က စ,ပြောရမလဲဆိုတော့ လွန်ခဲ့တဲ့ တစ်ပတ်ကျော်ကျော်လောက်က ကျွန်တော် ရေချိုးဖို့ စမ်းချောင်းကို တစ်ယောက်တည်း ရောက်သွားတယ်။ ရေချိုးပြီး ကျွန်တော်ပြန်လာတော့ လမ်းမှာ မှိုတစ်ပွင့် တွေ့တယ်။ အပွင့်က ဆန်ကောနီးပါးခန့်ရှိမယ်။ စားလို့ရတဲ့ မှိုတော့ မဟုတ်မှန်းသိတယ်။ ထူးဆန်းတယ်ဆိုပြီး ကျွန်တော် နုတ်ယူခဲ့တယ်။

ကျွန်တော့်ဆရာကို ပြကြည့်တော့ သူလဲ ထူးဆန်းတယ်လို့သာ ပြောတယ်။ ညကိုရောက်လာတော့ ကျွန်တော့်နားထဲမှာ အသံတစ်သံကြားလိုက်ရတယ်၊ **“ငါ့မှို လာပြန်ထား”**တဲ့၊ အိပ်တော့လဲ အိပ်မက်ထဲမှာ လူကောင်ခပ်ကြီးကြီးက မျက်နှာကို တင်းမာပြပြီး မှိုပဲ လာတောင်းတယ်။

မိုးလင်းတော့ ဆရာ့ကို ကျွန်တော် ပြောပြတယ်။ ဆရာက **“မင်းမယူရဲရင် ငါ့ကိုပေး”**လို့ပြောပြီး ယူလိုက်တယ်။ အဲဒီညမှာပဲ ကျွန်တော့်ဆရာလဲ အိပ်မက်မက်တယ်။ လူနီတစ်ယောက် သူ့မှို လာတောင်းတယ်တဲ့။

မနက်လင်းတော့ သူ့နေရာမှာ ပြန်ထားပေးလိုက်တယ်။ ညနေ အလုပ်သိမ်းပြီး ရေချိုးသွားရင်း ကြည့်တော့ မရှိတော့ဘူး။ ဆန်းတော့ အဆန်းသား'

ဟု မှိုရခဲ့သူမှ အကျိုးအကြောင်း ရှင်းပြပေးပါသည်။

ထိုမှိုပွင့်ကြီးသည် သိဒ္ဓိဝင်မှိုတစ်ပွင့်များ ဖြစ်ရောနေသလား။ စိတ်တော့ ဝင်စားဖို့ ကောင်းလှပါသည်။ ကုလားမတောင်သည် ဂမ္ဘီရပြတိုက်ကြီးတစ်ခုဟု ပြောရလျှင် မှားမည်မဟုတ်ပါ။ ထို့ကြောင့် ကုလားမတောင်သည် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာမျက်နှာများပေါ်၌ သတင်းကြီးနေခဲ့၏။

**သန္တာစိုး(ဖင်းကျိုက်မြို့)**

**ဝန်ခံချက်**

**[မှိုကြီးကို တွေ့ခဲ့သော သူများကို အလုပ်အကိုင် ပြောင်းရေးထားပါသည်။]*(စာရေးသူ)***

စာမျက်နှာ (၂၄၅)မှ အဆက်

မြင်လိုက်ကြတဲ့ ဖြစ်ရပ်၊ အံ့မခန်း ဖြစ်ရပ်။

ဖိုးဟန် ကြည့်လိုက်တော့ အဘက ဘာမှမဖြစ်သလိုပဲ၊ မြေပြင်မှာ ခြေတင်လို့။ မယိုင်မလဲ ခိုင်ခိုင်မြဲမြဲ ခြေစုံရပ်နေတယ်။ ရထားကြီး သူ့ဘေးက ဖြတ်မောင်းသွားတာကို ကြည့်နေတယ်။

အဘတော့ လေဟပ်ပြီး ရထားဘီးအောက် ရောက်သွားပြီ၊ ကိုယ်ခန္ဓာတစ်ခုလုံး တစ်ပိုင်းတစ်စစီ ဖြစ်သွားပြီ။ ရထားအကြိတ်ခံရပြီ။ မမြင်ရက်စရာ သွေးသံရဲရဲထဲမှာ အဘ ဒီလိုထင်ထားတာ ဘာတစ်ခုမှ ဖြစ်မလာတော့...

ရှုမြင်ကြသူအပေါင်း အံ့သြကြ ဝမ်းသာကြနဲ့ ရင်မှာ ချမ်းမြေ့သွားကြတယ်။ လက်ခုပ်လက်ဝါးတီးပြီး အဘကို နှုတ်ဆက် ဂါရဝပြုကြတယ်။ အဘကလဲ သူ့ညာလက်ကို မြှောက်ပြတယ်။

ရထားပေါ်ကနေ အဘ ခုန်ချတဲ့ နေရာလေးမှာ လူနေအိမ်ခြေ မရှိဘူး။ လုပ်ခင်း ကိုင်းခင်း၊ လယ်မြေ ယာမြေကလဲ ကျဉ်းတယ်။ လူသူတစ်ယောက်မှ မရှိဘူး။ ကျွဲ၊ နွား တိရစ္ဆာန်တွေတောင် မမြင်ရဘူး။ အဲဒီနေရာလေးကိုမှ အဘက ရွေးပြီး ခုန်ချတာ။

ရထားရဲ့ ညာဘက်ဘေးမှာ စဉ်နေတဲ့ တောင်ကုန်းလေးတွေရှိတယ်။တောပန်း တောင်ပန်းလေးတွေဝေလို့။ ဘယ်ဘက်ဘေးမှာတော့ စပါးပင်တွေစိမ်းစိုနေတဲ့ လယ်ကွင်းလေးတွေ၊ လေပြည်အနော့မှာ ဘယ်ညာတိမ်းလို့ ယိမ်းကစားနေကြတယ်။

ကြည့်ရင်း ကြည့်ရင်းနဲ့ ရထားပေါ်မှာ ပါလာတဲ့ ဖိုးဟန်တို့နဲ့ အဘ ဝေးဝေးသွားတယ်။

ဩော်... အဘ ထွက်ရပ်ပုဂ္ဂိုလ် ဘယ်ပုဂ္ဂိုလ်...

**ရွှေတောင် ကြည်မောင်အေး**

**စာ**
**မူ**
**ပို့**
**လို**
**က...**

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၃၃၊ (၂၉)လမ်း၊
ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း-၀၁ ၂၄၂၂၄၇



www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းသိ (မြဝတီ)

# ကိုယ့် အ,သုဘတရား

## ကိုယ်တိုင်နာသော ဝိညာဉ်

ကျွန်တော် နက္ခတ္တရောင်ခြည် မဂ္ဂဇင်းတစ်အုပ်တွင် ကလောင်ရှင် ကောင်းသော်၏ **"ကိုယ်တွေ့ဝိညာဉ်"** ဆောင်းပါးကို ဖတ်လိုက်ရ၏။ သေဆုံးသူ အ,သုဘကို သေဆုံးသူ ဝိညာဉ်က လိုက်ပို့ကြောင်း ရေးသားထား၏။

အမှန်အတိုင်း ဝန်ခံရလျှင် "ဟုတ်ပါ့မလား" ဟု ကျွန်တော် သံသယဝင်မိ၏။ အခုတော့ ကိုယ်တွေ့ကြုံ၍ ယုံပါပြီ။ ဆရာကောင်းသော်ရေ ခွင့်လွှတ်နိုင်ပါစေ...

ကျွန်တော်တို့ မြဝတီမြို့နှင့် (၂)မိုင်ကျော်ဝေးသော မယ်တော်သလေးကားလမ်းဘေးတွင် စိုက်ပျိုးရေးခြံများ ရှိသည်။ ထိုခြံများ၏ အချက်အချာကျသော လမ်းဆုံတစ်နေရာတွင် ကုန်စုံဆိုင်လေး တစ်ဆိုင်ရှိ၏။ ထိုဆိုင်တွင် ကွမ်းယာ၊ ဆေးလိပ်ကစ၍ မီးဖိုဆောင် ပစ္စည်း အကုန်ရောင်း၏။ ဆိုင်ရှင်က ကိုအောင်တိုးနှင့် မခင်မျိုးတို့ဖြစ်၏။

ကျွန်တော်တို့ ခြံသမားများ နေ့စဉ် ချက်ပြုတ်ရာတွင် လိုအပ်သော ပစ္စည်းများကို ကိုတိုး၊ မမျိုးတို့ဆိုင် ပြေးဝယ်ကြရ၏။ နှစ်ပေါင်းအတန်ကြာလာသည်နှင့်အမျှ ကျွန်တော်တို့ခြံသမားများနှင့် ဆိုင်ရှင် ကိုတိုး၊မမျိုးတို့ လင်မယား အတော်လေး ခင်မင်ရင်းနှီးကြ၏။

ကျွန်တော် ကိစ္စတစ်ခုရှိ၍ မြို့ပြန်လာရာ အိမ်မှာ နှစ်ရက်ကြာသွား၏။ နောက်တစ်နေ့မှာတော့ မမျှော်လင့်ဘဲ မခင်မျိုး တစ်ယောက် သေဆုံးသွားကြောင်း သတင်းကြားရ၏။ ကျွန်တော် ဆိုင်ကယ်တစ်စီးဖြင့် ခြံထဲပြေးခဲ့၏။

'ဘယ်လိုဖြစ်တာလဲ ကိုတိုး'

'ကိုညိုရေ သူ့မှာ သွေးတိုးရှိတယ်ဗျ။ မနေ့က အိမ်မှာ အုန်းနို့ခေါက်ဆွဲ ချက်ရောင်းတယ်။ သူ နည်းနည်းစားလိုက်တယ်။ တိုက်ဆိုင်မှုပဲ ပြောရတော့မှာပေါ့ဗျာ။ သူ့သူငယ်ချင်း အိမ်မှာ ဆွမ်းကျွေးရှိလို့သွားတယ်။ ဝက်သားစားမိသတဲ့ဗျာ။

အိမ်ပြန်ရောက်တော့ ခေါင်းမူးတယ်၊ မူးတယ်နဲ့ ဖြစ်ပါလေရော။ သတိပါ လစ်သွားလို့ ဆေးရုံပို့ရတယ်။ ဆရာဝန်တွေလဲ ကြိုးစားကုသကြပါတယ်။ ဒါပေမယ့် ည(၂)နာရီလောက်မှာ ဆုံးတာပါပဲဗျာ။ သူ့ကုသိုလ်ပေါ့ဗျာ'





www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့မှာတော့ မခင်မျိုး ရုပ်ကလာပ်ကို လှလှပပပြင်ဆင်၍ ဟေမာန်ဦးသုသာန်ပို့၍ သဂြိုဟ်ရန် စီစဉ်ကြ၏။ စီစဉ်ဆောင်ရွက်စရာများ စီစဉ်ဆောင်ရွက်ပြီး နေ့လယ်(၁)နာရီချိန် အ,သုဘပို့ဆောင်ရန် စတင်ထွက်ခဲ့ကြ၏။

ဟေမာန်ဦး သုသာန်ရောက်တော့ သံဃာတော်(၅)ပါး တရားနာဇရပ် သံဃာစင်ထက်တွင် တစ်ပါးသော သံဃာတော်က တရားဟောပလ္လင်ထက်တွင် ထိုင်၏။ ကျန်လေးပါးက ဘေးဘယ်,ညာနှစ်ဖက်တွင် နှစ်ပါးစီ ထိုင်ကြ၏။

တရားဟောမည့် ဆရာတော်၏ ရှေ့တည့်တည့်တွင် ကိုအောင်တိုး၊ ကန်တော့ပွဲရေစက်ခွက်ဟာ အသင့်။ ကိုအောင်တိုးဘေးမှာ လိပ်ပြာခေါ်ပြန်မည့်သူကလည်း ထိုင်လျက်ပါ။

ကျွန်တော်က ရှေ့ဆုံးအတန်း၊ ကိုအောင်တိုး၏ နောက်တည့်တည့်မှာထိုင်။ ကျွန်တော့်ညာဘက်မှာ ယောက်ျားများထိုင်၏။ ကျွန်တော့်၏ ဘယ်ဘက်မှာ မိန်းကလေးများ ထိုင်ကြ၏။ အမျိုးသားတစ်ခြမ်း၊ အမျိုးသမီး ခွဲခြားထိုင်ခြင်း ဖြစ်ပါ၏။

အလယ်တွင် လမ်းသဖွယ် ခြားထား၏။ ကျွန်တော့်၏ ဘယ်ဘက် အမျိုးသမီးများဘက်တွင်တော့ သေဆုံးသူ မခင်မျိုး၏ အစ်မကြီးဖြစ်သူ ဒေါ်ချိုတင် ထိုင်နေ၏။

ကျွန်တော် မှတ်မိပါသေးသည်။ ထိုနေ့က မိုးကောင်းကင်တစ်ပြင်လုံး ညိုမှိုင်းအုံ့ဆိုင်းလျက် မိုးကြီးသည်းထန်စွာ ရွာတော့မည့်အလား လေပြင်းများလည်း တိုက်ခိုက်လျက်ရှိ၏။

တရားဟောမည့် ဆရာတော်ကြီး ကောင်းကင်ကို တစ်ချက်မော့ကြည့်ပြီး



"ကဲ တရားနာကြရအောင်ရှိခိုးကြ"

ဟု မိန့်ကြားတော်မူ၏။

ကျွန်တော်တို့လည်း လက်အုပ်ချီ ဦးသုံးကြိမ်ချ ဩကာသအစချီ၍ ကန်တော့ကြ၏။ ဆရာတော်ကြီးလည်း သီလပေး၊ ဆုတောင်းမေတ္တာပို့ ရေစက်ချ အမျှဝေကာ တိုတိုဖြင့် အကျဉ်းချုပ် အဆုံးသတ် လိုက်ပါတော့သည်။ ကျွန်တော်တို့လည်း သံဃာတော်များအား ပြန်ကန်တော့ကြပါ၏။

သံဃာတော်များ ပြန်ရန် မတ်တတ်ထရပ်ချိန်မှာ ကျွန်တော်၏ ဘယ်ဘက်ဘေးတွင် ထိုင်နေသော သေဆုံးသူ မခင်မျိုး၏အစ်မကြီး ဒေါ်ချိုတင် တစ်ယောက် လက်ဆယ်ဖြာယှက် နဖူးကို သွက်သွက်ရိုက် နတ်ကျသကဲ့သို့ တစ်ကိုယ်လုံး ယိမ်းထိုးနေပါတော့၏။

သံဃာတော်များလည်း မတ်တတ်ရပ်လျက် ကြည့်နေပါ၏။

ဘေးနားရှိ အမျိုးသမီးကြီးများမှ...

'မချိုတင်... မချိုတင်... ဘာဖြစ်တာလဲ'

ကိုအောင်တိုးကလည်း...

'အစ်မကြီး သတိထား... သတိထားလေ'

ဟု ပြောနေကြ၏။ လူအများလည်း ဝိုင်းအုံကြည့်နေကြပါသည်။

ထိုအချိန်တွင် အမျိုးသမီးကြီးတစ်ဦးက ဒေါ်ချိုတင်၏ ပခုံးနှစ်ဖက်ကို ကိုင်ပြီး...

'ချိုတင် သတိထား... သတိထား'

ဟု လှုပ်၍ ပြောလိုက်မှ "ဟင်" ခနဲ သက်ပြင်းတစ်ချက်ပြူးပြီး သတိရသွားပါတော့သည်။

မျက်စိလေး ပေကလပ် ပေကလပ်ဖြင့် ဟိုဟိုဒီဒီ လိုက်ကြည့်ပြီး သံဃာတော်များ တွေ့တော့မှ ဦးသုံးကြိမ်ချပါ၏။ ပြီးတော့ ကျွန်တော်တို့ဘက် လှည့်ကြည့်ပြီး...

'တရားနာပြီးပြီလား'

တဲ့။

တရားဟောသည့် ဆရာတော်ကြီးက ဒေါ်ချိုတင်ကိုကြည့်ပြီး...

'ဒကာမကြီး ဒေါ်ခင်မျိုးကတော့ သူ့တရား သူနာပြီး သူ့ရေစက် သူရသွားပြီကွဲ'

ဟု မိန့်ဆိုကာ ပြန်ပို့မည့်ကားဆီသို့ ကြွသွားပါတော့သည်။

ကျွန်တော်တို့လည်း ပြန်ခဲ့ကြ၏။ အ,သုဘအိမ်ရောက်တော့ ကျွန်တော် ဒေါ်ချိုတင်ကို ရှာမိ၏။ မတွေ့ပါ။ မေးကြည့်တော့ ခေါင်းမူး၍ အိမ်ပြန်ပို့လိုက် သည်ဟု သိရပါ၏။ ထိုနေ့မှစ၍ ဒေါ်ချိုတင်နှင့် ကျွန်တော် မဆုံဖြစ်ခဲ့ပါ။

ငါးရက်ဖြင့် ရက်လည်ဆွမ်းကပ်ပါသည်။ ဒေါ်ချိုတင်နှင့် ကျွန်တော် ပြန်ဆုံကြရပါပြီ။ ကျွန်တော် သိချင်နေသည်များ မေးရပါတော့၏။

'ဒေါ်ချိုတင် ဟိုနေ့က ဘယ်လိုဖြစ်တာလဲ၊ ကျွန်တော့်ကို ပြောပြစမ်းပါ'

'မပြောပါနဲ့တော့ ကိုညိုရယ်... ကျွန်မ ရှက်လဲ ရှက်မိတယ်။ တစ်ခါမှလဲ ဒီလို မဖြစ်ဖူးပါဘူး။ အဲဒါကြောင့်





www.burmeseclassic.com

www.burmeseclassic.com

ဇော်ဇော်
(ပန်းတောင်း)

# တာမလျှန်မှ ကာယ်တာင်ရှင်



လောကကြီးတွင် အကြောင်းတရား မျိုးစုံဖြင့် ကျင်လည်ကျက်စား သွားလာ လှုပ်ရှားနေကြသော ယောက်ျား မိန်းမ ကြီးငယ်မဟူ ရှိကြပါသည်။ အယုတ် အလတ် အမြတ်မရွေး သူ့အကြောင်း နှင့်သူ အရေးကြီးသည်လည်း ရှိသည်။ အရေးမကြီးသည်လည်း ရှိသည်။

အတွေးကိုယ်စီ အငေးကိုယ်စီတို့ ဖြင့် ခရီးတို ခရီးရှည် သွားကြသည် လည်းရှိသည်။ လှုပ်ရှားလုပ်ကိုင်လျက် လည်းကောင်း၊ ထိုင်လျက်လည်း ကောင်း ကာယကံမြောက် လုပ်ဆောင် မှု မရှိသော်လည်း စိတ်အလုပ်ကိုကား လုပ်ဆောင်နေကြသည်။

ထိုအခါ အခြားသို့ အာရုံမရောက် ရည်မှန်းရာသို့ ရောက်ရန်သာ စိတ်စော နေမိကြသည်။ ဤသို့သော အကြောင်း ခြင်းရာများမှာ လူတို့၏ သဘော သဘာဝဟု ဆိုသော်ငြားလည်း အကောင်းချည်းဟု မပြောသာပါပေ။

ပတ်ဝန်းကျင် အခြေအနေအရပ်ရပ် ကို လျစ်လျူရှု သတိမမူခြင်းအားဖြင့် ဆိုးကျိုးတရားများကိုလည်း တွေ့ကြုံ ရတတ်သည်ကို ဆင်ခြင်သင့်လှပေ သည်။

* * *

နံနက် မိုးလင်းသည်နှင့် ငယ်ငယ် တစ်ယောက် ကိုယ်လက်သန့်စင် ရေမိုး ချိုးပြီးနေပေပြီ။

ကျောင်းဝတ်စုံအကျီ အဖြူလက်ရှည်ရင်ဖုံးနှင့် လုံချည်အစိမ်းကို ဝတ်ဆင်ပြီးလေသည်။

မေမေ အဆင်သင့်ပြင်ပေးထား သော ပဲပြုတ်ဆီဆမ်းနှင့် ထမင်းကြမ်း ကို စားသောက်ပြီးသောအခါ ထမင်း ချိုင့်ကိုယူ ကျောင်းလွယ်အိတ်ကောက် လွယ်လိုက်သည်။ ထို့နောက် စက်ဘီး လေး စီးကာ မြို့သို့ကျောင်းတက်ရန် ထွက်လာခဲ့သည်။

ငယ်ငယ်မှာ ဒီနှစ် နဝမတန်းသို့ ကျောင်းတက်ရမည်ဖြစ်သည်။ ရွာနှင့် (၅)မိုင်ခန့်ဝေးကွာသော မြို့နယ် ကျောင်းတွင် ငယ်ငယ်ကဲ့သို့ပင် စက်ဘီး ကိုယ်စီဖြင့် ရွာမှ ကျောင်းတက်သူများ ရှိကြသည်။ သူ့အဖွဲ့နှင့်သူ စကားတွေ ဖောင်ဖွဲ့ပြောရင်း သွားရသည်မှာ ပျော်စရာပင် ဖြစ်သည်။

ငယ်ငယ်တို့အဖွဲ့တွင် နွယ်နီ၊ သူဇာ လှိုင်၊ ခင်လေးမွန်တို့က အခင်မင်ဆုံး သူငယ်ချင်းများဖြစ်ကြသည်။ လမ်း တစ်လျှောက်လုံး ညက ကြည့်ခဲ့ရသော တီဗွီမှ ကိုရီးယားဇာတ်လမ်းတွဲ အကြောင်း မနားတမ်းပြောလာကြ သည်။ တစ်လမ်းလုံး ရယ်ကာမောကာ ဖြင့် ပြောဆိုလာကြရင်း ကျောင်းသို့ ရောက်လာကြသည်။

ငယ်ငယ်တို့တစ်သိုက်မှာ ကျောင်း တက်ပြီဖြစ်၍ စာသင်နေကြရသော်



www.burmeseclassic.com

www.burmeseclassic.com

လည်း စိတ်များက စာထဲသို့ သိပ်မရောက်လှပေ။ အားမရနိုင်သေးသော ကိုရီးယားဇာတ်ကားထဲမှ မင်းသားချောချောလေးအကြောင်းနှင့် မင်းသမီးချောချောလေးအကြောင်းကို ဆက်ပြောချင်နေကြသေးသည်။

ကျောင်းဆင်းခါမှ အားရပါးရ ဆက်ပြောလိုက်ဦးမည်ဟု စိတ်ကူးကိုယ်စီ ရှိနေကြသည်။ ထို့ကြောင့် ငယ်ငယ်တို့၏ စိတ်အာရုံများမှာ ကျောင်းမြန်မြန်ဆင်းရန်နှင့် ကိုရီးယား မင်းသား မင်းသမီးအကြောင်း ဆက်ပြောရန်သာ ဇောကပ်နေကြလေသည်။

ဤသို့ဖြင့် အချိန်တွေ ကုန်ဆုံးလာခဲ့သည်။ မကြာမီ ညနေ ကျောင်းဆင်းချိန်ပင် ရောက်လာတော့မည်။ လက်တွင် ပတ်ထားသော နာရီလေးတွေ တကြည့်ကြည့်နှင့် ဖြစ်နေကြပေသည်။

‘ဂလောင် ဂလောင် ဂလောင်’

‘ဟေး ဟေး’

ကျောင်းဆင်းကလိုင် ခေါက်သည်နှင့် ငယ်ငယ်တို့အုပ်စု၏ ဟေးခနဲ အော်သံများ ထွက်ပေါ်လာလေသည်။ ကပျာကယာ လွယ်အိတ်ထဲသို့ စာအုပ်များ၊ ဘောလ်ပင်၊ ခဲတံ စသည်တို့ကို ထည့်၍ လွယ်လိုက်သည်။

တစ်ယောက်နှင့်တစ်ယောက် အချိန်းအချက် အဓိပ္ပာယ်ပါသော အကြည့်များဖြင့် ကြည့်ကာ စာသင်ခန်းထဲမှ ထွက်လိုက်ကြသည်။

‘ဟေး နွယ်နီ မနက်ကဟာ ဆက်ပြောကြမယ်’

‘အေးဟဲ့ ငါလဲ ပြောချင်နေတာ’

‘တို့လဲ နင်တို့လိုပါပဲနော်၊ စာသာ သင်နေရတာ စိတ်က ကိုရီးယားမင်းသားလေးဆီ ရောက်နေတာ’

‘ဟင်းနော် ကောင်မတွေ မပြောလိုက်ချင်ဘူး’



‘ခိ ခိ ခိ’

လမ်းတစ်လျှောက်လုံး စက်ဘီးကိုယ်စီနင်းပြီး ငယ်ငယ်တို့အုပ်စုမှာ တွတ်ထိုးလာလိုက်ကြသည်။ အပျော်တွေတစ်လှေကြီးနှင့် ရယ်ကာမောကာ ဆိုသောအခါ ဘေးဘီပတ်ဝန်းကျင်ကို သတိမထားမိကြတော့ပေ။

အသံလေးတွေ တစာစာနှင့် ကျောင်းသူတစ်သိုက်ကို တချို့လမ်းသွားလမ်းလာများ သတိထားကြည့်မိပြီး ပြုံးသွားကြသည်။

ညနေ ကျောင်းဆင်းချိန်ဆိုတော့ လမ်းမကြီးပေါ်မှာ ကျောင်းပြန်ကျောင်းသား ကျောင်းသူတွေက စက်ဘီးနှင့်တစ်မျိုး၊ ခြေကျင်က တစ်ဖုံနှင့် ပြည့်နေသည်။ ထို့ကြောင့်လည်း လူရှုပ်ချိန်မို့ ယာဉ်ထိန်းတာဝန်ရှိသူတွေက ကြပ်မတ်ထိန်းသိမ်းပေးနေရသည်။

ထို့အတူ စည်းကမ်းထိန်းသိမ်းရေး အလှည့်ကျ ဆရာ ဆရာမများကပါ ကူညီအားဖြည့်လျက် ရှိနေကြရသည်။ ကျောင်းအဝင်ပေါက်မှ ကိုက်(၁၀၀) အကွာလောက်တွင်လည်း “ကျောင်းရှိသည် ဖြည်းဖြည်းမောင်း” ဟူသော သတိပေးဆိုင်းဘုတ်များက အထင်းသား စိုက်ထူထားသည်။

ထို့ကြောင့်လည်း အဝေးပြေးကားများ၊ လိုင်းကားများနှင့် ဆိုင်ကယ် ဆိုက်ကား၊ စက်ဘီးစီးနင်းမောင်းနှင် သူများအနေဖြင့် မတော်တဆမှုများ မဖြစ်စေရန် သတိထားကြရလေသည်။

‘ဝရော ဖျော’

‘ဒုန်း ဘုန်း’

‘အမယ်လေး လုပ်ကြပါဦး’

ရုတ်ရက် လူရှင်းပြီ အထင်နှင့် အရှိန်ပြင်းပြင်း မောင်းဝင်လာသော ဆိုင်ကယ်တစ်စီးက စက်ဘီးတစ်စီးအား ဝင်တိုက်လိုက်သည်။

လူရော စက်ဘီးပါ ကစဉ့်ကလျား လွင့်စဉ်ထွက်သွားပြီး အသံတွေ ထွက်ပေါ်လာသည်။ တိုက်သော ဆိုင်ကယ်မှာလည်း လမ်းဘေးတစ်နေရာသို့ ထိုးဆင်းသွားပြီး မှောက်နေလေသည်။

‘ဟာ လုပ်ကြပါဦး၊ ဘာတွေ ဖြစ်ကုန်ပြီလဲ’

ထိတ်လန့်တကြား အော်ဟစ်ပြောဆိုသံတွေနှင့်အတူ လဲကျသွားသော စက်ဘီးစီးသူထံ ပြေးသွားကြသည်။ တချို့က ဆိုင်ကယ်သမားဆီ ပြေးသွားကြသည်။

‘ကလေးမလေးတွေက တစ်လမ်းလုံးပြည့်အောင် စီးလာကြတာ၊ ရယ်လိုက်မောလိုက်နဲ့ စကားတွေ ပြောလာကြတာပဲ။ နည်းနည်းပါးပါး ဘေးမှ ချမစီးတာ’

‘ဘာဖြစ်ဖြစ်ပေါ့၊ ဒါ ကျောင်းဆင်းချိန်ပဲ။ ဆိုင်ကယ်တွေက ကြည့်မောင်းကြပေါ့။ ဆိုင်ကယ်စီးတဲ့ သူတွေက လွန်လွန်းပါတယ်’

‘အို ဒါတွေက နောက်မှ ပြောကြစမ်းပါ။ ဆိုင်ကယ်အတိုက်ခံရတဲ့ ကလေးမလေးကို ကြည့်ကြပါဦး’

တစ်ယောက်တစ်ပေါက် ပြောဆိုသံတွေကြားမှာ မြင်တွေ့လိုက်ရသည်မှာ



www.burmeseclassic.com

www.burmeseclassic.com

လမ်းမပေါ်တွင် သွေးအလိမ်းလိမ်းဖြင့် ခွေလဲကျနေသော ယယ်ယယ်ပင်ဖြစ်သည်။

ချက်ချင်းဆိုသလိုပင် တာဝန်ရှိသူတွေ ရောက်ရှိလာပြီး ယယ်ယယ့်အား ဆေးရုံပို့လိုက်ရသည်။ ဆိုင်ကယ်မောင်းသူမှာလည်း ထိခိုက်ဒဏ်ရာရသဖြင့် သက်ဆိုင်ရာမှ ဆိုင်ကယ်ရောလူပါ ယူဆောင်သွားကြလေသည်။

စောစောက ရယ်ကာမောကာဖြင့် ပျော်မြူးလာကြသော နွယ်နီ၊ သူဇာလှိုင်၊ ခင်လေးမွန်တို့မှာလည်း အပျော်တွေ ဘယ်ရောက်ကုန်ပြီမသိပေ။ သုံးယောက်သား မျက်ရည်လေးတွေ ကိုယ်စီဝဲ၍ ကြောက်ရွံ့ထိတ်လန့်နေကြလေသည်။

ဆေးရုံသို့ သယ်ဆောင်သွားကြသော ယယ်ယယ်၏ မျက်နှာလေးကိုသာ မြင်ယောင်နေကြလျက် "ဘုရားဘုရား ယယ်ယယ်သာ တစ်ခုခု ဖြစ်သွားခဲ့ရင်" ဟူ၍ ရင်တထိတ်ထိတ် ဖြစ်နေကြတော့သည်။

* * *

ယယ်ယယ့်စိတ်တွေ ရွှင်လန်းတက်ကြွနေသည်။ မရောက်ဘူးသော အရပ်ဒေသဖြစ်၍လည်း မြင်သမျှ တွေ့သမျှ အထူးအဆန်း အံ့ဩဖွယ်ရာများသာ ဖြစ်သည်။

လူတွေ၊ ကားတွေကလည်း များမှများ၊ တိုက်တာအဆောက်အအုံတွေကလည်း ခမ်းနားသစ်လွင်လျက် မိုးထိအောင် မြင့်မားလှသည်။ သွားလာနေကြသော လူတွေနှင့် ရောနှောကာ ယယ်ယယ်လည်း ဟိုငေးဒီငေးဖြင့် သွားနေသည်။

တစ်နေရာအရောက်တွင် "အမှတ် (...)အထက်တန်းကျောင်း" ဟူသော ဆိုင်းဘုတ်ကို မြင်တွေ့လိုက်ရသဖြင့်



ရပ်ကာကြည့်လိုက်မိသည်။ ကျောင်းကြီးမှာ နှစ်ထပ်ဖြစ်ပြီး ထည်ဝါလှသည်။ စာသင်ခန်းအချို့မှ စာသင်သံများကိုပင် သဲ့သဲ့ ကြားလိုက်ရပြန်သည်။

ထိုသရောအခါ ယယ်ယယ့်စိတ်ထဲတွင် ကျောင်းအတွင်းသို့ ဝင်ရောက်ကြည့်ချင်စိတ်များ တဖွားဖွားပေါ်ပေါက်လာလေသည်။ သို့သော် မိမိနေသော ကျောင်း မဟုတ်သဖြင့် ဝင်ဖို့ရန် မရဲဖြစ်နေသည်။

အပြင်မှနေ၍ စာသင်သံများကိုလည်း နားထောင်နေရင်းကပင် အားမလို အားမရ ဖြစ်လာသည်။ တဖြည်းဖြည်း ရှေ့သို့ တိုး၍တိုး၍ နားထောင်လျက်က ကျောင်းဝင်းအတွင်း ရောက်မှန်းမသိ ရောက်သွားလေသည်။ ထို့နောက်တွင် မထူးတော့ဟု ဆုံးဖြတ်ကာ အနီးစပ်ဆုံး စာသင်ခန်းတစ်ခုအတွင်းသို့ အရဲစွန့် ဝင်လိုက်လေသည်။

'ဟယ် ကျောင်းသားတွေ အများကြီးပါပဲလား၊ သူတို့ စာသင်နေတာ အားကျဖို့ကောင်းလိုက်တာ'

ယယ်ယယ့်စိတ်ထဲတွင် အားကျစိတ်တွေ ဝင်လာသည်။ စာသင်ခန်းမကြီးမှာ ကျယ်ဝန်းပြီး သန့်ရှင်းသပ်ရပ်လှသည်။ ရှေ့မှ သင်ကြားပို့ချနေသော ဆရာနှင့် နာယူမှတ်သားနေကြသော တပည့်များမှာ သင်ခန်းစာမှလွဲ၍ ဘာကိုမှ အာရုံစိုက်ဟန်မတူပေ။ စာသင်ခန်းထဲသို့ ယယ်ယယ်ဝင်လာသည်ကိုပင် ဂရုမစိုက်ကြဘဲ ရှိနေကြသည်။

ယယ်ယယ်လည်း စာသင်ခန်းအတွင်း စာသင်နေသူများကို အနှောင့်အယှက် မဖြစ်စေလိုသဖြင့် ခဏအကြာတွင် ပြန်ထွက်လာခဲ့သည်။

စာသင်ခန်းများ တစ်ခုပြီးတစ်ခု ဝင်ပြီးကြည့်သော်လည်း စာသင်ခန်းတိုင်းလိုလိုပင် ယယ်ယယ် ဝင်လာသည်ကို ဂရုမစိုက်ကြပေ။ သင်သူကသင်၍ နာယူမှတ်သားသူတွေက နာယူမှတ်သားနေကြသည်။ ယယ်ယယ့်ကို ဖုတ်လေသည့်ငါးပိ ရှိသည်ဟုပင် မထင်မှတ်ထားကြပေ။

'အိမ်ပြန်ရောက်ရင် ဒီကျောင်းမှာ ပြောင်းထားပေးဖို့ ပူဆာရမယ်။ ဒီကျောင်းကြီးမှာသာ ငါတက်ရရင် သိပ်ကောင်းမှာပဲ'

ယယ်ယယ်၏ စိတ်ထဲတွင် သူရောက်ရှိနေသော ကျောင်းတွင် ကျောင်းတက်လိုစိတ်တွေ ဖြစ်ပေါ်လာသည်။ ထို့ကြောင့် ကျောင်းဝင်းထဲမှ ထွက်ကာ ပြန်လာခဲ့သည်။ အိမ်အပြန်တွင် စိတ်ကူးအတွေးဖြင့် ပျော်ရွှင်နေသည်။

လာမည့်နှစ် ကျောင်းဖွင့်ချိန်တွင် ဤကျောင်းသို့ပြောင်းထားရန် အမေ့ကို ပူဆာရဦးမည်။ ယခုကျောင်းတွင် တက်နေကြသော သူငယ်ချင်းများကိုလည်း ဒီကျောင်းကြီး ကောင်းကြောင်း၊ ပျော်ရွှင်စရာ ကောင်းကြောင်းများကို တဝကြီး ပြောပြရဦးမည်ဟုလည်း စိတ်ထဲ တေးမှတ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com

'ဟော ဟိုမှာ သူဇာလှိုင်ပါလား။ သူတို့ညီအစ်မတွေ စကားကောင်း လာလိုက်ကြတာ ငါတစ်ယောက်လုံး ကိုတောင် မမြင်ဘူး။ ဘာရမလဲ၊ ငါ အတင်းသွားပြီး နှုတ်ဆက်ရင်းနဲ့ ငါ ရောက်ခဲ့တဲ့ကျောင်းကြီး အကြောင်းကို ကြွားပြလိုက်ဦးမယ်'

ငယ်ငယ်မှာ သူ့အတွေးနှင့်သူ သဘောကျလျက် သူဇာလှိုင်တို့ ညီအစ်မရှိရာ လမ်းတစ်ဖက်သို့ ဖြတ်ကူး လိုက်သည်။ ငယ်ငယ် အနားရောက် လာသည်အထိ မြင်ဟန်မတူကြပေ။ ညီအစ်မတစ်တွေ ရယ်ကာမောကာဖြင့် ဘာတွေ သဘောကျနေသည်မသိပေ။ ငယ်ငယ်က အနည်းငယ် စိတ်တိုသွား ပြီး သူဇာလှိုင်အား...

'ဟဲ့ သူဇာလှိုင် ငါတစ်ယောက်လုံး ကိုတောင် မမြင်ရအောင် နင့်မျက်စိ ကန်းနေသလား'

ငယ်ငယ်က ဒေါသစိတ်ကလေးဖြင့် အော်ပြောသော်လည်း မြင်ဟန် ကြားဟန် မတူဘဲ သူဇာလှိုင်က သူ့ညီအစ်မ တွေနှင့် စကားတွေ ဖောင်ဖွဲ့နေလေ သည်။

'ဟင် ငါက သူငယ်ချင်းကောင်း တစ်ယောက်အနေနဲ့ နင့်ကို သတင်း ကောင်းပြောမလို့ဟာ နင်က အရေး တောင်မလုပ်ဘူး'

ငယ်ငယ်က ပြောလည်းပြော လက် ကလည်း သူဇာလှိုင်လက်မောင်း တစ်ဖက်အား လှမ်းဆွဲ၍ သူ့ဘက်သို့ ဆွဲလှည့်လိုက်လေသည်။ သို့သော် လေကိုသာ ဖမ်းဆုပ်ဆွဲလိုက်ရသလို ဖြစ်ပြီး သူဇာလှိုင်တို့မှာ သူ့ကိုကျော်၍ သွားလေသည်။

ငယ်ငယ်မှာ သူ့ကို အရေးမလုပ် သော သူဇာလှိုင်ကို မကျေမနပ်ဖြင့် ကြည့်ကာ ကျန်ခဲ့လေသည်။ ငယ်ငယ့်



စိတ်ထဲတွင် သူဇာလှိုင်အား ''ကျောင်း ရောက်မှ တွေ့မယ်'' ဟူ၍သာ ကြိမ်းဝါး နေပါသည်။

ငယ်ငယ်အိမ်ရောက်တော့ ည မီးထွန်းချိန်ပင် ရောက်နေချေပြီ။ လမ်းတစ်လျှောက်လုံး အသိတွေနှင့် တွေ့၍ ငယ်ငယ်က ပြုံးပြီး နှုတ်ဆက် သော်လည်း အားလုံးက မသိသလို မမြင်သလို လှည့်၍ပင် မကြည့်ကြပေ။ ဒီနေ့ကျမှ ထူးထူးခြားခြား ဘာတွေ ဖြစ်နေမှန်း ငယ်ငယ်မသိတော့ပေ။ ဒါကြောင့် ငယ်ငယ် စိတ်ထဲတွင်မတော့ မကျေနပ်ချက်တွေ ဒုနှင့်ဒေး ရှိနေပါ သည်။

ထို့ကြောင့် နှုတ်ခမ်းလေးစူကာ ခြေလေးဆောင့်ပြီး အိမ်ပေါ်တက်ရန် ပြင်လိုက်လေသည်။

'ဟင်'

ငယ်ငယ့်နှုတ်မှ ဟင်ခနဲ အာမေဋိတ် သံထွက်သွားလေသည်။ အိမ်တံခါးက ပိတ်ထားသည်။ သော့ခလောက် ခတ်လျက်ကြီးနှင့် ဖြစ်လေသည်။

'မေမေ ဘယ်သွားလို့ပါလိမ့်၊ အခါ တိုင်း ခုလို တစ်ခါမှ မဖြစ်ဖူးခဲ့ပါဘူး'

ဘေးအိမ်တွေ သွား၍ မေးကြည့် ပြန်သည်။ အားလုံးက တံခါးတွေ ပိတ်ထားပြီး ခေါ်၍ မရပေ။ ငယ်ငယ် စိတ်ညစ်သွားကာ အိမ်ဘက် ပြန်လှည့် လာပြီး လှေကားရင်းတွင် ထိုင်၍ မေမေပြန်အလာကို စောင့်လိုက်သည်။

တော်တော်ကြာသည်အထိ မေမေ ရောက်မလာသောအခါ ငယ်ငယ် စိတ် ထဲထင့်လာသည်။ တစ်ယောက်တည်း မို့ အားငယ်စိတ်တွေလည်း ဝင်လာ သည်။ အိမ်ရှေ့တွင် တစ်ယောက်တည်း မနေရဲတော့သဖြင့် လမ်းပေါ်သို့ ပြန် ထွက်လာပြန်သည်။

လမ်းပေါ်ရောက်သောအခါ မေမေ့ ကို ရှာရန် စိတ်ကူးရလာသောကြောင့် မြို့ထဲသို့ ထွက်လာခဲ့လေသည်။ မြို့ထဲ ရောက်တော့ လျှပ်စစ်မီး တထိန်ထိန် ဖြင့် ညဥ့်နက်အထိရောင်းသော ဈေးဆိုင် များနှင့် သွားလာ စားသောက်နေသူ များကြောင့် စည်ကားနေသည်။

ဟိုငေးဒီငေးဖြင့် လူစုစုမြင်တိုင်း မေမေ့ကို တွေ့ရလေမလားဟု ငယ်ငယ် ရှာသည်။ သို့သော် အမောသာ အဖတ် တင်သည်။ မေမေ့ကိုကား ငယ်ငယ် လုံးဝရှာမတွေ့ပါချေ။ ထိုအခါ အားငယ် စိတ် ဝမ်းနည်းစိတ်တွေဖြင့် ငယ်ငယ် ငိုလိုက်မိသည်။

တဖြည်းဖြည်း ညဥ့်နက်လာပြီဖြစ်၍ လူသွားလူလာ နည်းပါးလာပြီဖြစ်ပြီး ဆိုင်အချို့မှာလည်း သိမ်းဆည်းစ ပြုလာချေသည်။ အားငယ်စိတ်တွေ ကြောက်ရွံ့စိတ်တွေကြောင့် ငယ်ငယ် တုန်လှုပ် ချောက်ချားလာလေသည်။

ဒီအတိုင်း ဆက်နေ၍ မဖြစ်တော့ မှန်း ငယ်ငယ်တွေးမိလာသည်။ ထို့ ကြောင့် အိမ်ဘက်သို့ ပြန်ရန် ခြေဦး လှည့်လိုက်သည်။ ခရီးသွားများ ဖြစ်ဟန် တူသော အသက်ကြီးကြီး မိန်းမကြီး သုံးလေးယောက်ကို တွေ့လိုက်ရသော အခါ ငယ်ငယ် အားတင်းလျက် ထို မိန်းမကြီးတွေနောက်မှ အဖော်အမှီပြု လျက် လျှောက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

'ဟဲ့ နင် အေးကြည်မသမီးလေး မဟုတ်လား'

'အမယ်လေး'

ရုတ်တရက် နောက်ကျောဘက်မှ မေးသံ ထွက်ပေါ်လာသဖြင့် ငယ်ငယ် လန့်ဖျပ်သွားသည်။ မေးသူမှာ ချက်ချင်း ဆိုသလိုပင် ငယ်ငယ်ရှေ့သို့ ရောက် လာလေသည်။

'ဟင်'

'ငါမေးနေတာ မကြားဘူးလား။ နင် အေးကြည်မသမီးလေး မဟုတ်လား။ ညကြီးအချိန်မတော် ဘယ်တွေ လျှောက်သွားနေတာလဲ'

'ဟို ဟို'

ငယ်ငယ်မှာ ဘာပြန်ပြောရမှန်း မသိ လောက်အောင် ဖြစ်သွားသည်။ ငယ်ငယ်မှာ အံ့သြထိတ်လန့် ကြောက်ရွံ့ စိတ်တွေက ပိုမိုလွှမ်းမိုးလာလေသည်။ ငယ်ငယ်ကို မေးလာသူမှာ ငယ်ငယ် ၏ဘကြီး ဦးလွန်းကြွယ်ပင် ဖြစ်နေ သည်။

ငယ်ငယ်၏ အသိစိတ်ထဲ မှတ်မိနေ သည်မှာ ဘကြီး ဦးလွန်းကြွယ် သေဆုံး ခဲ့ပြီဖြစ်ပြီး ကာလအားဖြင့် (၅)နှစ်ပင် ကျော်ခဲ့ပြီဟူ၍ ဖြစ်ပါသည်။ လွန်ခဲ့ သော (၅)နှစ်ကျော် အချိန်ကာလက သေဆုံးပြီးခဲ့သူက ယခု မိမိရှေ့တွင် ကိုယ်တိုင် စကားလာပြောနေသော အခါ ငယ်ငယ် လိပ်ပြာလွင့်မတတ် ဖြစ်သွားသည်။ တစ်ကိုယ်လုံး ကြက်သီး မွေးညင်းတွေထလျက် ခြေဖျားလက်ဖျား တွေ အေးစက်လာသည်။

'မိန်းကလေးဖြစ်ပြီး အထိတ်အလန့် မရှိ လျှောက်သွားနေတယ်။ ဟိုမှာ တော့ နင့်အမေက နင့်ကို တကြော် ကြော် ခေါ်နေလိုက်တာ။ လာ နင့် အမေဆီကို ငါနဲ့ လိုက်ခဲ့'

'မေမေ မေမေ ဘယ်မှာလဲဟင်'



'ဘာ အခုမှ မေးမနေနဲ့၊ ငါ့မလဲ အသက်အရွယ်ကြီးကာမှ နင်တို့သား အမိ သံယောဇဉ်နဲ့ ဘယ်မှ မသွားနိုင် ဘူး။ ခုလဲ နင့်အမေအဖြစ်ကို မကြည့် ရက်လွန်းလို့ အချိန်မတော်ကြီး ထွက် ရှာရတာ လာသွားမယ်'

ဘကြီး ဦးလွန်းကြွယ်ကပြောပြီး ရှေ့မှ ထွက်သွားသဖြင့် ငယ်ငယ်လည်း ဘာမှ မပြောနိုင်တော့ဘဲ လိုက်သွားရ လေသည်။ ဘူတာရုံရောက်တော့ ရထားဆက်စီးကြပြန်သည်။ ငယ်ငယ့် မှာ ဘာမှ ထပ်မမေးတော့ဘဲ ဘကြီး ဦးလွန်းကြွယ် လုပ်သမျှကိုသာ အံ့သြ ပြီးနေလေသည်။

ရထားလက်မှတ်ကို ဝယ်တာလည်း မတွေ့ရ၊ ရထားစီးပြန်တော့လည်း ဘယ်သူမှ လက်မှတ်မစစ်။ ဒီလိုနှင့် နောက်ဆုံး ဘူတာကြီးကို ရောက်လာ သည်။ မိုးလင်းရန် သိပ်မလိုတော့ပေ။

ရထားဆိုက်သည်နှင့် ကြုံရာ အငှား ကားတစ်စီးပေါ် တက်ကာ စီးမည်ဟု လုပ်သဖြင့် ငယ်ငယ်ကို ဘကြီးက လှမ်းဆွဲထားလိုက်သည်။

'ဘာလုပ်မလို့လဲ၊ လာ ဒီဘက်ကို လိုက်ခဲ့'

ဘကြီးက ငယ်ငယ်ကို ဆွဲခေါ်ပြီး ခပ်သွက်သွက် လျှောက်နေသည်။ ဘကြီးဆွဲခေါ်ရာသို့ ပါသွားရင်းက ပတ်ဝန်းကျင်ကို သတိထားမိသည်။

ငယ်ငယ်တို့ ရောက်နေသည်မှာ မြို့ကြီးတစ်မြို့ဖြစ်ကြောင်းနှင့် ငယ်ငယ် မရောက်ဘူးသော အရပ်ဒေသဟု သိလိုက်သည်။ ငယ်ငယ် စိတ်ထဲ၌ "မေမေ ဘာကြောင့်များ ဒီမြို့ကို ရောက်နေတာပါလိမ့်" ဟု စဉ်းစားမရ ဖြစ်နေသည်။

'အချိန် သိပ်မရှိတော့ဘူး။ မြန်မြန်လာ နောက်ကျရင် အခက်တွေ့ကုန်လိမ့်မယ်'

ဘကြီး ဦးလွန်းကြွယ် ဘာကို ဆိုလို ၍ ပြောသည်ကို မသိပေမယ့် အရေး ကြီးမှန်းတော့ ငယ်ငယ် ရိပ်မိပါသည်။ ဆွဲခေါ်ရာသို့ ကသောကမျော ပါသွား ရင်း အဆောက်အအုံကြီးတစ်ခုအတွင်း ဝင်ရောက်သွားသည်။

အခန်းတစ်ခုထဲတွင် မေမေ့ကို တွေ့ လိုက်ရသည်။ ငယ်ငယ်က မေမေ့ဆီ အပြေးသွားလိုက်သည်။ "မေမေ" ဟု ခေါ်ကာ ပြေးဖက်လိုက်သည်။ သို့သော် မေမေ့ကို မဖက်မိခင် ဘကြီးက ဖမ်းဆွဲ လိုက်သည်။

'ဘာလုပ်နေတာလဲ၊ အချိန်မရတော့ဘူး။ ဟိုမှာတွေ့လား၊ ငေးမနေနဲ့ အဲဒီအထဲကို ချက်ချင်းဝင်တော့ သွား... သွား'

ဘကြီး ဦးလွန်းကြွယ်က ပြောလည်း ပြော တွန်းလည်းတွန်းလိုက်သဖြင့် ခုတင်ပေါ်တွင် ပက်လက် ဖြစ်နေသော ခန္ဓာကိုယ်တစ်ခုပေါ်သို့ ငယ်ငယ် ပစ်လဲ ကျသွားသည်။ ငယ်ငယ် လဲကျသွား သော အရှိန်ကြောင့် အောက်မှ ခန္ဓာ ကိုယ်မှာ အနည်းငယ် လှုပ်သွားလေ သည်။

'ဟော ဟော သမီးလေး လှုပ်လာ ပြီ၊ လှုပ်လာပြီ'

'အင်... အီး... ကျွတ် ကျွတ် ကျွတ်'

'သမီးလေး ညည်းတယ်။ သတိရ လာပြီ၊ သမီး သတိရလာပြီ။ ဝမ်းသာ လိုက်တာ သမီးလေးရယ်'

စောစောက တရှုပ်ရှုပ်ငိုနေသော



www.burmeseclassic.com

www.burmeseclassic.com

မေမေက ချက်ချင်းဆိုသလို ရွှင်လန်းတက်ကြွသော မျက်နှာပြောင်းသွားသည်။ ခုတင်ပေါ်တွင် လဲလျောင်းနေသော သမီးဖြစ်သူ ငယ်ငယ်၏ နဖူးမှ ဆံစလေးများကို တယုတယ ညင်သာစွာ သပ်တင်ပေးလိုက်သည်။

'သမီး သတိကောင်းကောင်း ရပြီပေါ့နော်၊ မေမေဖြင့် သတိမေ့နေတုန်းက စိုးရိမ်ပြီး ငိုလိုက်ရတာ၊ မသေကောင်း မပျောက်ကောင်း သမီးလေးရယ်'

ငယ်ငယ်မှာ မေမေ ပြောသမျှကို သာ ငေးပြီးနားထောင်နေမိသည်။ ယခုလောလောဆယ်တွင် ဦးခေါင်းက နာကျင်မှုဝေလျက် ရှိနေသေးသည်။ အခြား ဘာကိုမှ မစဉ်းစားချင်သေးပေ။ မိုးလင်းနေပြီဖြစ်၍ အလင်းရောင်ဖြင့် အခန်းတွင်းရှိ သက်ရှိသက်မဲ့ အရာဝတ္ထုများကို သဲကွဲရှင်းလင်းစွာ မြင်နေရသည်။

သူ့ကို ခေါ်လာသော ဘကြီး ဦးလွန်းကြွယ်မှလွဲ၍ အခန်းထဲမှ လူများကို မြင်တွေ့နေရသည်။ ထိုအခါ ငယ်ငယ်က သူ တွေ့ကြုံခဲ့ရသမျှတွေကို ပြောပြလေသည်။

'သမီးဘကြီးက မေမေတို့သားအမိကို သိပ်ချစ်ခဲ့တာ၊ သူ့ခမျာ ဒီသံယောဇဉ်အစွဲတွေကြောင့် တခြားကို မသွားနိုင်ဘဲ မေမေတို့သားအမိကိုပဲ အမြဲတမ်းစောင့်ရှောက်နေတယ် ထင်ပါရဲ့ကွယ်၊ အခုလဲ သမီးဘကြီးရဲ့ ကျေးဇူးကြောင့် သမီး အသက်မသေဘဲ အချိန်မီ သတိပြန်ရခဲ့တာပေါ့ သမီး'

ထို့နောက်မှ ငယ်ငယ် သိရသည်မှာ ဆိုင်ကယ်တိုက်ခံရ၍ ဆေးရုံသို့ရောက်ပြီးနောက် ထိခိုက်ဒဏ်ရာ ပြင်းထန်လွန်းသဖြင့် ထိုဆေးရုံမှတစ်ဆင့် ရန်ကုန်မြို့ အထူးကုဆေးရုံကြီးသို့ အရေးပေါ်ရောက်ရှိပြီး ကုသခဲ့ရကြောင်း သိရသည်။

မေ့မြော သတိလစ်နေချိန်တွင် ခေတ္တ လွင့်စဉ်သွားသော စိတ်ဝိညာဉ်က နေရာအနှံ့ ပျံ့သွားလျက် တွေ့ခဲ့ကြုံခဲ့ရကြောင်း သိလိုက်ရသည်။

ပို၍ထူးခြားသည်မှာ ငယ်ငယ် မေ့မြောနေရာက သတိပြန်လည်မလာပါ (၅)မိနစ်ခန့်သာ အချိန်ကျန်တော့ကြောင်း၊ ထို(၅)မိနစ်ထက်ကျော်ပါက အသက်မရှင်နိုင်တော့ကြောင်း ယခု အချိန်မီ သတိပြန်ရလာသောကြောင့် စိုးရိမ်ဖွယ် လုံးဝမရှိတော့ကြောင်း ဆရာဝန်ကြီး ပြောစကား ကြားရခြင်းပင် ဖြစ်ပါသည်။

ငယ်ငယ်မှာလည်း ကောင်းစွာ သတိရနေပြီဖြစ်ပြီး ဦးခေါင်းနာကျင်မှုလည်း သက်သာလာပြီ ဖြစ်သည်။ ပက်လက်ကလေးမှ ရင်ဘတ်ပေါ်သို့ လက်အုပ်ကလေးချီတင်လျက် ဆေးဝါးကုသပေးသော ဆရာဝန်ကြီးနှင့် ပရလောကမှ ကယ်တင်ရှင် ဘကြီး ဦးလွန်းကြွယ်တို့အား ရည်မှန်းကာ ကန်တော့လိုက်ပါတော့သည်။

**မှတ်ချက်** ။ ။ **ဖြစ်ရပ်မှန်တစ်ခုအား ပြန်လည်ခံစား ရေးဖွဲ့ထားပါသည်။**

***စေတနာဟံ ကမ္မံ ဘိက္ခဝေ***

**အေးဆွေ** ***(ပန်းတောင်း)***

---

စာမျက်နှာ (၂၅၀)မှ အဆက်

ကျွန်မ မလာတာ။ အခုတောင် မလာမဖြစ်လို့ ကျွန်မ လာရတာ တကယ်ပဲ'

'ထားပါတော့ အဲဒါတွေ။ ကျွန်တော် မေးတာကို ပြောပြစမ်းပါဗျာ'

'ကိုညို ဒီလောက် သိချင်နေမှတော့လဲ ပြောပြပါ့မယ်...

အဲဒီနေ့က ဘုန်းကြီးက တရားနာကြရအောင်လို့ ပြောလိုက်တော့ ကျွန်မ လက်အုပ်ချီတဲ့အထိ မှတ်မိသေးတယ်။

လက်အုပ်လဲ ချီလိုက်ရော ကျွန်မကိုယ်တွေ အေးစက်လာပြီး ကြက်သီးတွေ ဖြန်းခနဲ ဖြန်းခနဲ ထလိုက်တာရှင်... နောက်တော့ ကျွန်မ ဘာမှကို မသိတော့ပါဘူး။ ဘာကို ဘာမှ မသိတော့တာပါ'

'ဒါဆို ဒေါ်ချိုတင် ရှိခိုးတာတွေ၊ တရားနာ ရေစက်ချတာတွေရော မသိဘူးလား'

'ကိုညိုရယ် ဘာဆိုဘာမှ မသိတော့တာ အမှန်ပါပဲ။ ဘယ်လို ဖြစ်သွားတယ်ဆိုတာကိုလဲ မပြောတတ်တော့ပါဘူး'

'ဒေါ်ချိုတင် ဘယ်လိုဖြစ်တယ် ဆိုတာကိုလဲ စဉ်းစားမနေနဲ့၊ ရှက်လဲရှက် မနေနဲ့ ခင်ဗျားညီမ မမျိုး ခင်ဗျားကို ဝင်ကပ်ပြီး သူ့အ,သုဘတရား သူနာ၊ သူ့ရေစက် သူချသွားတာပဲ။ အဲဒီနေ့က ဆရာတော်ကြီးကလဲ ဒီအတိုင်း မိန့်ကြားသွားခဲ့တယ်'

'ဩော်... ဟုတ်လား ဝမ်းသာလိုက်တာရှင်'

မခင်မျိုးတစ်ယောက် ကောင်းရာ သုဂတိ ရောက်ပါစေ။

**မှတ်ချက်**

**၂၀၁၀ ပြည့်နှစ် (၃)လပိုင်းက ကိုယ်တွေ့အား ရေးသားပါသည်။ အမည်များ ပြောင်းလဲထားပါသည်။**

**ဦးမင်းညို** ***(မြဝတီ)***



www.burmeseclassic.com

www.burmeseclassic.com

# ဘကြီးမှုံနှင့်

## ထူးဆန်းသော အဝုလုံးကြီး

ဟသ်ာတ
သန်းလှိုင်ကျော်
(ရွှေပန်းချီ)



ပူပြင်းခြောက်သွေ့လှသော နွေရာသီ တပေါင်းလ လေရူးက တစ်ချက်ဝှေ့ တိုင်း ရော်ရွက်ဝါကြွေ မြေမှာလူး၍ နွေကိုကြိုဆိုသည့် ဥသြငှက်ကလေးများ ကလည်း သာယာသော တေးသံစဉ်တွေ သီကြွေး၍ နွေအလှကို ဖော်ကျူး ကြလေပြီ။

ထိုနွေလမှာမှ အိမ်ပြောင်းလာကြ သည့် ဘကြီးမှုံနှင့် ဇနီးသည် ဒေါ်လုံးလုံး နေ့လယ်တစ်ချက်တီး ပူပြင်းသည့် အချိန်မှာ ခွေးတလုံး လုံးနှင့် လင်ကိုယ် မယားနှစ်ယောက် ငွန်ဒေါင်းသုံးဘီး တစ်စီးပေါ်မှ မိမိတို့ အိပ်ရာပစ္စည်းနှင့် ပန်းကန်ခွက်ယောက် စားပွဲသေတ္တာ စသည်တို့ကို ယခုနေ မည့် အိမ်ဂေဟာပေါ်သို့ တင်နေပါ သည်။

အိမ်ဂေဟာ ဆိုပေမယ့် သုံးပင်နှစ် ခန်း၊ ဓနိမိုး၊ ထရံကာ၊ ဝါးပိုးကြမ်းခင်း ဝါးအိမ်အဟောင်းလေးသာ။

ဘကြီးမှုံနှင့် ဒေါ်လုံးလုံးတို့တွင် သားကြီးတစ်ယောက်သာ ထွန်းကား ခဲ့သည်။ သို့သော် အဖော်မရရှာ။ အထက်ရွာ အညာသူမနှင့် ဝေးလံစွာ အိမ်ထောင်ကျသွားသဖြင့် အမိအဖဆီ စိတ်ကသာ လာချင်ရှာပေမည့် ကိုယ် ကမပါ။ သူ့မှာလည်း သားနှင့်သမီးနှင့် ဆိုတော့ ဘဝအတွက် ရုန်းကန်လှုပ်ရှား ရရှာသည်။

ယခုလည်း ဘကြီးမှုံနှင့် ဒေါ်လုံးလုံး တို့သည် ပထမဆုံး နေထိုင်ခဲ့သော မင်္ဂလာလမ်း၊ သန့်ရှင်းရပ်ကွက်မှ ပြောင်း၍ ယခုနေထိုင်မည့် ရွှေပလုံး ရပ်ကွက်၊ မောင်ကံကြီးလမ်းသို့ ပြောင်းရွှေ့ရခြင်းမှာ အကြောင်းရှိပါ သည်။

ယခင်နေ ရပ်ကွက်တွင် ဝက်သတ် ရုံနှင့် (၁)လမ်းကျော် နေထိုင်ရသဖြင့် ညစဉ်လိုလို လူခြေတိတ်ချိန် အိပ်ကောင်းသည့်အချိန် ညစဉ် (၁၂) နာရီဆို သားသတ်ရုံမှ ဝက်များကို သတ်သည့်အခါ စူးစူးဝါးဝါး ဝက် အော်သံများ၊ ခုတ်သံထစ်သံများနှင့် တစ်ခါတလေ သေပြီထင်ပြီး သတ် ထားသော ဝက်က မသေမရှင်နှင့် ကမူးရှူးထိုး ထွက်ပြေး၍ မိမိခြံနား အထိ ရောက်လာပါသည်။

သို့နှင့် သားသတ်သမားများက လုံ နှင့် လိုက်ထိုးကြ၍ ကမ္ဘာပွက်သံတမျှ ဆူညံထိတ်လန့်ခဲ့ရ၊ နားမချမ်းသာခဲ့ရ သဖြင့် ယခုကွက်သစ်သို့ ပြောင်းရွှေ့ လာခဲ့ကြခြင်းဖြစ်သည်။

ဘကြီးမှုံအလုပ်က တောင်းပလုံး၊ ဆန်ကာ ရက်ခြင်းဖြင့် အသက်မွေးမြူ မှုပြုသလို ဇနီးသည် ဒေါ်လုံးလုံးက လည်း ရပ်ကွက်တကာမှ အဝတ် အထည်များကို လျှော်ဖွပ်ခြင်း အလုပ် ဖြင့် အသက်(၆၀)ကျော် ဇရာအရွယ် မှာ ဘဝပေးကုသိုလ်ကံ နည်းလှတာ ကြောင့် ဆင်းရဲခြင်းဘဝကို ချမ်းသာသူ သက်ကြီးပင်စင်စားများလို ငြိမ်းအေး မနေရ။ လက်လှုပ်မှ ဝမ်းဝ ဘဝသမား များပေ။

သို့သော် လင်မယားနှစ်ယောက် စလုံး ဘာသာတရား ကိုင်းရှိုင်းသည်။ အေးချမ်းမှုကိုရှာသည်။ ဆူပူလွန်းသော





www.burmeseclassic.com

www.burmeseclassic.com

ရပ်ကွက်နှင့် သူတို့နှင့်မဖြစ်၊ ထို့ကြောင့် ပထမနေသော ရပ်ကွက်မှ အိမ်နှင့်ခြံလေးအား ရရာနှင့် ဒီရပ်ကွက်မှ လွတ်လျှင်ပြီးရော အေးငြိမ်းရာသဘောနှင့် ရောင်းချပြီး ပြောင်းလာခဲ့ကြတာ ဖြစ်သည်။

ယခုနေသော အိမ်လေးပေါ်သို့ ပစ္စည်းပစ္စယများ နေသားတကျထားပြီး ဘုရားခန်းလေး ရှင်းလင်း၍ ပြုလုပ်စရာရှိတာ ပြုလုပ်ပြီး မောမောနှင့် တိတ်ဆိတ်နေသော ရပ်ကွက်ကို ကြည့်၍ ဝါးပိုးတိုင်လေးမှီရင်း ဇနီးဖြစ်သူအား...

'မယ်လုံးရယ် တို့များ အခုမှ အေးဆေးတိတ်ဆိတ်တဲ့နေရာ ရောက်ရတယ်။ မယ်လုံးကော ဒီရပ်ကွက်၊ ဒီလမ်းကိုကြည့်ပြီး စိတ်မချမ်းသာဘူးလား'

'စိတ်ချမ်းသာပါ့တော်၊ အခုမှ ဝက်သံ လူသံဆူသံ လွတ်တော့တယ်'

ထိုလမ်းမှာ နေကြသော ရပ်ကွက်သူရပ်ကွက်သားများမှာ နေ့ခင်းနံနက်မှစ၍ အလုပ်လုပ်ကြပြီး ညနေ စောစောပြန်သူရှိသလို ညကြီးမိုးချုပ်သည်အထိ ဆိုက်ကားနင်း ကုန်စိမ်းထမ်း လုပ်ကြသဖြင့် အိမ်သားများကို မတွေ့ရခြင်း ဖြစ်သည်။

ထို့ပြင် တဲအိမ်အချို့နှင့် သစ်နှင့်ဆောက်ထားသော အိမ်ကြီးအိမ်ကောင်း လေး,ငါးလုံးသာရှိကြပြီး တဲအိမ်များသာ များကြသည်။

ညမိုးချုပ်၍ ညဉ့်နက်ခြင်းအချိန်သို့ ရောက်ခဲ့သည်။ ဘကြီးမှုံသည်ပင် ပုံမှန်ဘုရားဝတ်ပြုခြင်းအချိန် ရောက်ခဲ့ပြီမို့...

'မယ်လုံးရယ်...ငါ အခုမှပဲ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ ဖြစ်တော့တယ်။ ဘာလို့လဲဆိုတော့ အခု ည(၁၀)နာရီထိုးတာတောင် တို့ခြေရင်း ခေါင်းရင်းက အိမ်မှာ အိမ်သားတွေ အသံမကြားရဘူး။ ဒီလို တိတ်ဆိတ်ငြိမ်သက်တဲ့ လမ်းမှာ နေရတဲ့အချိန်လေးမှာ တို့များ ဘုရားဝတ်ပြုကြစို့'

'ကောင်းပါပြီတော်'

သို့နှင့်...

'ဩကာသ၊ ဩကာသ၊ ဩကာသ ကာယကံ၊ ဝစီကံ၊ မနောကံ သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်တို့မှ ပျောက်ပါစေခြင်း အကျိုးငှာ...'

'ဖြောင်း... ဗုန်း... ဂွမ်း... သေနာမကောင်မ ငါ ပြန်လာတာကို ဘာလို့ တံခါးဖွင့်မပေးတာလဲ၊ ဟေ...ဟေ... ကဲ ဖွင့်မပေးဦး ဗုန်း... ဗုန်း... ဖြန်း'

'အမယ်လေးတော့ သေပါပြီတော့၊ လာကြပါဦးတော့၊ ဟဲ့ သေနာကောင်ကြီး အရည်သောက် မူးလာပြီး ငါ့ကို ရိုက်တယ်'

ခြေရင်းအိမ်မှ လင်မယားနှစ်ယောက်၏ အသံကြောင့် ဘကြီးမှုံ ဘုရားဝတ်တက်ခြင်းကို ခဏရပ်ပြီး...

'ဘုရား...ဘုရား...ဘုရား... မယ်လုံးရေ တို့တော့ ဒီလမ်း ပြောင်းလာတာ မှားပြီထင်တယ်'

'ကိုမှုံကလဲတော် ဝက်သံမကြားရတာ တော်တာပေါ့။ ရှင်ကလဲ တရားသမား ဖြစ်နေပြီး သည်းခံမှပေါ့ ဒီလောက်ကလေးဟာကို ဘုရားပြီးအောင်ရှိခိုး'

'ဩော် အေး အေး'

'ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ ရတနာမြတ်သုံးပါးအား အရိုအသေ အလေးအမြတ်...'

ဘကြီးမှုံ နောက်တစ်ကျော့ ဘုရားရှိခိုးသံနှင့်အတူ မကြာမီ ခြေရင်းအိမ်မှ တိတ်ဆိတ်သွားပြီး တစ်ဖန် ခေါင်းရင်းအိမ်ဘက်မှ...

'အေ့...ဝေါ့...ဟိတ်ကောင်မ ဒီနေ့ ငါစားဖို့ ဘာဟင်းချက်ထားလဲ၊ အခု ထမင်းခူးပေးစမ်း'

'အံမယ် သေနာကောင်က အချိန်မရှိ သောက်စားလာပြီးမှ...'

'နင်က ငါ့ကို ခံပြောတယ်။ အံမယ် ငါလုပ်လိုက်ရ နာတော့မယ်'

'နာမှာက ရှင်... ကဲဟယ် ဘုန်း... ဘုန်း... ကဲဟယ် ဖြန်း... ကဲဟာ ဗိုး... ဂေါင်'

'အမယ်လေးဗျ သေပါပြီ'

'မှတ်ထား မူးရင်ငြိမ်ငြိမ်နေ၊ အသံမထွက်နဲ့ မကြားချင်ဘူး'

ခေါင်းရင်းအိမ်ဘက်မှ သူ့ယောကျ်ားအား မိန်းမဖြစ်သူမှ တဗုန်းဗုန်း တဖြန်းဖြန်းရိုက်ရင်း အားမရသည်ထင့် မီးဖိုချောင်မှ ဝါးမီးပြောင်းဖြင့် လှမ်းပစ်လိုက်သည်ထင့်။ ဂေါင်ခနဲ အသံကြားလိုက်ရသည်ခဏ...

'ကဲ မယ်လုံးရယ် ဒီညတော့ ဘုရားရှိခိုး ဖျက်လိုက်ပါစို့'

နံနက်မိုးသောက် အလင်းရောက်သော် ဘကြီးမှုံတစ်ယောက် ဆေးတံသောက်ရင်း ဇနီးသည် ဒေါ်လုံးလုံးဘက် လှည့်ရင်း...

'မယ်လုံးရယ် တို့အိမ်ပြောင်းလာတာ မှားပြန်ပြီ။ ဘာလို့လဲဆိုတော့ ဒီရပ်ကွက်၊ ဒီလမ်း ကောင်းပေမယ့် ခြေရင်းခေါင်းရင်းအိမ် စတာတွေ အကျင့်စရိုက်တွေ မလေ့လာဘဲ အိမ်နဲ့ခြံ တန်တာတစ်ခုတည်းကြည့်ပြီး ဝယ်ခဲ့တာ အတော် မှားသွားပြီ'

'ဟုတ်ပ့ါတော် အခု ဒီလမ်းမှာလဲ ဝက်တွေ မွေးကြတာလဲ ဝက်တန်းဖြစ်နေပြီ'

'အေးလေ ဘာပဲဖြစ်ဖြစ် သည်းခံခြင်းမေတ္တာတရားနဲ့ နေရမှာပေါ့လေ။ ပတ်ဝန်းကျင်နဲ့ ရေလိုက်ငါးလိုက်ပေါ့'





www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ဖြင့် ဘကြီးမှုံနှင့် ဒေါ်လုံးလုံးတို့ ဓလေ့စရိုက် သဟာဇာတ ဖြစ်မလာခဲ့သည်မှာ တစ်လအကြာ... ဘကြီးမှုံ တစ်ယောက် တစ်ဖက်က တောင်းပလုံး ချက်သလို ကျန်သည့်အချိန်မှာ တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ အရှင်သူမြတ် ရေးသားသော ဘဝနေနည်းနှင့် သေနည်း သင်တန်းစာအုပ်ထဲမှ ရေမေတ္တာပို့သ နည်းကျင့်စဉ်အားဖတ်ပြီး မေတ္တာကမ္မဋ္ဌာန်းကို ပွားများပါတော့သည်။

သို့နှင့် တစ်နေ့သည်နေ ဇနီးဖြစ်သူ ဒေါ်လုံးလုံးသည် အိမ်နောက်ဖေးဘက် တန်းပေါ်တွင် လှမ်းထားသော ထဘီ အင်္ကျီများ ရုပ်၍ ရေချိုးပြီး လဲလိုက်စဉ်...

'အမယ်လေးတော့ အသားတွေ ယားလိုက်တာ၊ တစ်ကိုယ်လုံးပါပဲ လုပ်ပါဦးတော် ခွေးလှေးယားသီးအမှုန့်ထင်တယ်'

ထိုကဲ့သို့သော ဇနီးသည်အသံကြောင့် ခြေရင်းအိမ်ဘက်မှ ခစ်ခနဲ ရယ်သံကို ဘကြီးမှုံ ကြားလိုက်ရသဖြင့် ဘကြီးမှုံတစ်ယောက် မေတ္တာ၏ ဆန့်ကျင်ဘက် ဒေါသစိတ်များ ထိန်းမရ သိမ်းမရ ဝင်လာပြီး 'တောက်'တစ်ချက် ပြင်းပြင်းခေါက်ရင်း...

'မိုက်ရိုင်းစုတ်ပဲ့လိုက်တဲ့ စိတ်ဓာတ်သမားတွေ၊ ငါတို့ အဘိုးအဘွား အရွယ်တွေကို ဒီလိုလုပ်ရသလား၊ သင်းတို့ကို ငါတို့က သဟာလုပ်လို့လား၊ ဒီလောက်တောင် ယုတ်မာလှချည့်လား... ငါ တယ် ဘာဖြစ်ဖြစ်'

'အို ကိုမှုံ ရှင်ကလဲတော် အသက်ကြီးမှ သည်းခံစမ်းပါ။ ရှင်လဲ မေတ္တာကမ္မဋ္ဌာန်း ပွားနေတာပဲဟာ။ မသိလို့တဲလုပ်လုပ် သိလို့ပဲလုပ်လုပ် မေတ္တာပြန်ထားလိုက်ပါ'

ဒေါ်လုံးလုံးစကားကြောင့် တုန်တုန်ယင်ယင် ဖြစ်နေသော ဘကြီးမှုံ၏ ဒေါသကြောင့် နီမြန်းမာထန်နေသော မျက်နှာမှာ ချက်ချင်းပြောင်းသွားပြီး...

'ငါမှားသွားပြီ၊ ငါဟာ မေတ္တာပွားနေသူတစ်ယောက်။ ငါ ဒေါသဖြစ်လိုက်တာနဲ့ ငါ့ နှလုံးခုန်သံ မြန်နေပါပကော။ ငါ မေတ္တာကမ္မဋ္ဌာန်း ချက်ချင်းပွားမှ'

ဘကြီးမှုံ မေတ္တာကို ချက်ချင်း မေတ္တာဓာတ်ကို ပွားလိုက်ပါသည်။

'မင်းတို့ ကျန်းမာပါစေ... ချမ်းသာပါစေ... ကိုယ်စိတ်နှလုံး အေးမြပါစေ... ငါတို့ ခွင့်လွှတ်ပါတယ်'

ဟု စိတ်ထဲမှ လှိုက်လှိုက်လှဲလှဲ ပွားလိုက်ပါသည်။

ပွက်ပွက်ဆူနေသော ရေနွေးအပူကြီးကို ရေအေးအေးထဲ ချက်ချင်း လောင်းချလိုက်သလို အေးအေးဓာတ်ကြီးက အပူခိုးကို ချက်ချင်းသတ်လိုက်သဖြင့် မေတ္တာ၏ ဆန့်ကျင်ဘက် ဒေါသကို ဖြည်းဖြည်းချင်း မငြိမ်းသတ်ဘဲ ချက်ချင်းကြီး ဒေါသကို အေးမြအောင် လုပ်ယူလိုက်သဖြင့် ထူးဆန်းစွာ ဘကြီးမှုံ၏ ခန္ဓာကိုယ်ကြီးသည် ရုတ်ခြည်း ရေခဲတုံးပမာ အေးသွားပြီး မေးခိုက်ခိုက်တုန်နေပါသည်။ တုန်ယင်သောအသံဖြင့်...

'မယ်လုံး ငါ့...ငါ့...ငါ့ကို ရေနွေးပူပူလေးတစ်ခွက် ပေးပါ။ ငါ ချမ်းတယ်'

ဒေါ်မယ်လုံးလည်း ပျာပျာသလဲ ရေနွေးပူပူ တစ်ခွက် ငှဲ့ပေးရင်း ဘကြီးမှုံ၏ ခြေဖျား လက်ဖျားများကို ကိုင်ကြည့်ရာ...

'ဟုတ်ပါ့တော် ရေခဲတုံးလို အေးစက်နေတာပဲ'

ဟု စိုးရိမ်စွာ ပြောဆိုရင်း ဘကြီးမှုံအား စောင်ထူထူခြုံပေးပြီး ခြေလက်တို့အား ရေနွေးပူကပ်ပေးပြီး ပုံမှန်အပူဓာတ်ရအောင် နှစ်နာရီလောက် လုပ်ယူလိုက်ရပါသည်။

ခဏအကြာ ဘကြီးမှုံမှ...

'မယ်လုံးရယ် ငါတော့ မေတ္တာစွမ်းအားရဲ့ ဆန့်ကျင်ဘက် ဒေါသကို သိသွားပြီ၊ သိပ်ထူးဆန်းတယ်။ ငါ ဒေါသကို ချက်ချင်း မေတ္တာဓာတ်ပွားခြင်းနဲ့ လုပ်ယူလိုက်တော့ ငါ့ခန္ဓာကိုယ် အေးခဲပြီး ခိုက်ခိုက်တုန်သွားတာဟာ မေတ္တာဓာတ်ရဲ့ စွမ်းအားပဲ။

အင်း အရာရာ သည်းခံမှ ငြိမ်းအေးမယ်။ မေတ္တာကို အမြဲတမ်း ပွားများတာ အကောင်းဆုံးပဲ၊ ဒေါသဖြစ်မှ ချက်ချင်းကြီး ပွားခြင်းဟာ နေပူပူထဲက ပြန်လာပြီး ချက်ချင်း ရေခဲရည် ချိုးသလိုဆိုတော့ ဒုက္ခတွေ့တာပေါ့။ နောက်ဆို အမြဲပွားတော့မယ်'

'ကောင်းတာပေါ့တော်၊ ရှင် သက်သာရင် ကျုပ်ကိုလဲ ယားလို့ ကုတ်ဖဲ့ထားတဲ့ အနီဖုတွေကိုလဲ နံ့သာဖြူရည် ကျဲကျဲလိမ်းပေးပါဦး။ အင်း ပြုသူက အသစ်၊ ခံရသူက အတိတ်ဝဋ်ပေါ့တော်။ သူတို့ အပြစ်မကြောက်လို့



www.burmeseclassic.com

www.burmeseclassic.com

လုပ်တာ လုပ်ပါစေ’

ခြေရင်းအိမ်ဘက်မှ ဘကြီးမှုံတို့ ပြောဆိုနေပုံကို ချောင်းနားထောင်နေသော ခွေးလေ့းယားသီးမှုန့်ဖြူးသော မိသားစုလင်မယားမှာ တဟားဟား ရယ်လျက် ပျော်ရွှင်လျက်။

သို့နှင့် ဘကြီးမှုံတစ်ယောက် အလုပ်အားလျှင် အားသလို မေတ္တာကိုသာ ပွားများနေသဖြင့် အရာရာ သည်းခံလာနိုင်သလို ညဘက် ခြေရင်းခေါင်းရင်း ဆူသံပူသံ၊ ဝက်သံ၊ ကြက်သံမှအစ မမှုတော့။ ကြာလေ ငြိမ်းအေးလေ ဖြစ်လာတော့သည်။

တစ်နေ့ညနေ တာကြီးတန်းဘက် အညောင်းပြေ လမ်းထွက်လျှောက်ရင်း မေတ္တာပွားနေမိစဉ် ဘကြီးမှုံ၏ ရှေ့တစ်ခေါ်လောက် မရှိတရှိတွင် ယောကျ်ားနှင့်မိန်းမ အော်ကြီးဟစ်ကျယ် ရန်ဖြစ်နေသည်။

မိန်းမဖြစ်သူက သူ့ယောကျ်ားဖြစ်သူကို...

‘သေနာကောင်၊ မယားငယ်နေတဲ့ အကောင် နင် နေဦး ဗုန်း...ဗုန်း... ဖြန်း...ဖြန်း...’

‘ဟ...ဟ...သေနာမငါ့ကိုရိုက်တယ်၊ ကဲ ရိုက်ဦးဟ ကဲ ဗုန်း...ဖြန်း...ဖြန်း...’

‘အမယ်လေးတော့ သေနာကောင်’

ယောကျ်ားဖြစ်သူက မိန်းမဖြစ်သူကို တွန်းကန်ရိုက်နှက်ပြီး ထွက်ပြေးသွားသည်။ မိန်းမဖြစ်သူကလည်း လဲနေရာက ကုန်းရုန်းထပြီး ထဘီပြင်ဝတ်ရင်း၊ ထိုနေရာမှ အယုတ္တ အနတ္တ ဆဲဆိုရင်း ယောကျ်ားနောက် ပြေးလိုက်သွားသည်။ ဘကြီးမှုံတစ်ယောက် ထိုနေရာသို့မေတ္တာပွားရင်း ရောက်အသွား...

‘အား... ပူလိုက်တာ ဟာ... ဘာ အလုံးကြီးလဲ’

နွတ်မှ ရေရွတ်ရင်း အံ့ဩခြင်း



အမူအရာနှင့်

နောက်ပြန် ဆုတ်လိုက်သည်။ အံ့ဩစရာပေ။ ထိုမိန်းမနှင့် ယောကျ်ား အကြိတ်အနယ် ဆဲဆိုသတ်ပုတ်သွားသော နေရာမှ နှစ်တောင်ပတ်လည်ခန့်ရှိ အပူလုံးကြီး ဖြစ်နေသည်ကို ဘကြီးမှုံ တွေ့ထိခံစားမိသည်။

ထို့ကြောင့် မယုံကြည်နိုင်သဖြင့် တစ်ဖန်ရှေ့သို့ တိုးကြည့်ပြန်ရာ ထိုအပူလုံးကြီးသာ ထပ်တိုးမိသည်။

‘အင်း တော်တော် ထူးဆန်းဖွယ်ရာပါလား၊ လူတွေရဲ့ဒေါသအပူလှိုင်းကြီးက ကြီးမားလှပါလား။ ဒီလင်မယားနှစ်ဦးရဲ့ ဒေါသအပူလုံးတောင် ဒီလောက်ကြီးနေရင် တစ်ဖက်နဲ့တစ်ဖက်၊ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ဒေါသကြောင့် တိုက်ခိုက်သတ်ဖြတ်မှု၊ မုန်းတီးမှု အပူလှိုင်း၊ အပူလုံးကြီးတွေဆိုရင် ပိုလို့တောင် ကြီးနိုင်ပါလား။

လောကကြီးကို လူတိုင်း တစ်နေ့မှာ စွန့်ခွာရမယ့်သူအချင်းချင်း မစွန့်ခွာခင် တစ်ယောက်နဲ့တစ်ယောက် တစ်နိုင်ငံနဲ့ တစ်နိုင်ငံ တစ်မိသားစုနဲ့ တစ်မိသားစု မေတ္တာတရားထားနိုင်ကြရင် ကောင်းမှာပဲ’

ဟု ဘကြီးမှုံ တွေးမိသည်။

‘အင်း ငါလဲ မေတ္တာကို စိတ်ထဲက မေတ္တာဖြစ်အောင် ပွားခြင်းနဲ့သာ ဒီလေထဲက မမြင်တွေ့ရတဲ့ အပူလုံးလောက်သာ သိရတာပါလား’

ဟု ဘကြီးမှုံတွေးရင်း နောက်ကြောင်းပြန်လှည့်ခဲ့ရလေသည်။

ထိုညှ ထူးဆန်းသော အပူလုံးကြီးကို မေတ္တာပွားရင်း ဝင်တိုးမိသည့် အကြောင်း ဇနီးဖြစ်သူ ဒေါ်လုံးလုံးအား ပြောပြရင်း ဒေါသကြောင့် အပြစ်ကြီးပုံကိုလည်း ဘကြီးမှုံက တိပိဋကဓရ ဆရာတော်ကြီး အရှင်ဦးဝိစိတ္တသာရ ဘိဝံသ၏ ‘**အမျက်မထွက်ကြလေနှင့်**’ ဆိုသော ဆုံးမစာအား ရွတ်ပြလိုက်ပါ တော့သည်။

‘ဤသည်လောက၊ ဘုံဘဝ၌၊ မိန်းမ ယောကျ်ား၊ မျက်ထွက်ငြားမူ၊ ဖောက်ပြား ယွင်းကွက်၊ ရုပ်ဆင်းပျက်၏၊ အိမ်စက်သော မချမ်းသာဘူး။

ပြုရာကိစ္စ အဝဝ၌၊ ကောဓလွှမ်းမိုး၊ အမျက် ဆိုးကြောင့်၊ ကျိုးမဲ့ကိုစဉ်၊ ကျိုးရှိထင်လျက် ကျိုးပင်ရှိလတ်၊ မရှိမှတ်၍၊ ချော်ချွတ်ပြုမှား ကျိုးမများတည့်။

စီးပွားယုတ်လျက် ဂုဏ်သိန့်ပျက်၍ မိတ်ဖက် ကင်းကွာ၊ သေသောခါလည်း၊ လေးဖြာပါယ် သို့ ရောက်တုံမြဲ၏၊ ဤသို့ဖြစ်မူ၊ တစ်ဖက် လူဟု ရန်သူနှစ်ထောင်း အားရကြောင်းလျှ မကောင်းတရား၊ ခုနစ်ပါးတို့၊ ယောကျ်ား မိန်းမ၊ မျက်ထွက်ကြသား၊ ထိုမှုလှူဌာန် ရောက်၏မှန်ကြုံ ဘုန်းကံမွစက်၊ ယောဖော် မြွက်သည် အမျက်မထွက်ကြလေနှင့်’

**[ယခု အဖြစ်အပျက်လေးအား ပြည်ဘက် ခရီးသွားစဉ် ရှိုးမကား ပေါ်၌ အတူပါသော ခရီးသည်ကြီး ဘကြီးမှုံမှ စိတ်ပါလက်ပါ ပြောပြ ချက်များကို ဇာတ်လမ်းရေးဖွဲ့ ရေးသားရပါကြောင်း...]**

***အရာအားလုံး သည်းခံခြင်း မေတ္တာ စိတ်ထားဖြင့် အေးမြနိုင်ကြပါစေ။***

ဟသ်ာတ သန်းလှိုင်ကျော်
(ရွှေပန်းချီ)



www.burmeseclassic.com

www.burmeseclassic.com



# ငရဲပြည်မှ ကျောက်ခဲမိုးချ

ဘဝသစ် စ,ခဲ့သူ

မသင်းသင်းဝေ(ခေါ်)တရုတ်မ

ခိုင်သန်းညွန့်
(ပညာရေး)

ကြာတော့ ကြာခဲ့ပြီ ဖြစ်သည်။ ယခုပြောပြသည်မှာ တရုတ်မ အသက်က (၄၅)နှစ်ရှိပြီ။ သူမ ငရဲပြည်ရောက်ခဲ့စဉ်က အသက်(၁၉)နှစ် ဖြူဖြူထွားထွား အပျိုမအရွယ် ဖြစ်သည်။ နှစ်ပေါင်းက (၂၆)နှစ် ရှိခဲ့ပြီ။

သို့သော် သူကလည်း ကျွန်တော် ရေးခဲ့သည့် **၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ၊ အမှတ်(၃၁၇)၊ စာမျက်နှာ (၂၇၄) ထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းပါ "မသင်းကြည်ဆိုတဲ့ ယာမာမိုတို"** ဝတ္ထုတိုကို ဖတ်ပြီး သူမအဖြစ်လေးကို ပြောပြလိုသည်ဆို၍ နားထောင်မိခြင်း ဖြစ်သည်။

ယုတ္တိယုတ္တာကလည်း ပြည့်စုံနိုင်လုံမှုလည်းရှိဟု ယူဆ၍ မူလက လူဝင်စားဝတ္ထု(ကိုယ်တွေ့များ) ရေးမည်ဟု ရည်ရွယ်ထားသော်လည်း ယခု ငရဲပြည်မှ ကျောက်ခဲမိုးချ ဘဝသစ် စ,ခဲ့သူ မသင်းသင်းဝေ (ခေါ်) တရုတ်မ ဝတ္ထုတို(ကိုယ်တွေ့ဇာတ်လမ်း)လေးကို တင်ပြရခြင်း ဖြစ်ပါသည်။

မသင်းသင်းဝေ (ခေါ်) တရုတ်မ အသက်က (၁၉)နှစ်အရွယ် ဖြူဖြူထွားထွား အပျိုမအရွယ်ဖြစ်သည်။ ကျွန်တော်ရေးခဲ့သည့် မသင်းကြည်ကဲ့သို့ မှတ်ဉာဏ်ကောင်းသည်။ မသင်းကြည်က ဘဝဟောင်းကို မှတ်မိသကဲ့သို့ တရုတ်မကက အပျိုဘဝက အဖြစ်အပျက်ကို မှတ်မိနေခြင်းသာ ကွာပါသည်။

ယခု တရုတ်မ ပြောသည့်အချိန်မှာ (၂၆)နှစ် ကြာခဲ့ပြီ။ ယခု တရုတ်မသည် အသက်(၄၅)နှစ်အရွယ် ခင်ပွန်း ကိုမြင့်စိုး၊ သားကြီး ဖိုးတရုတ် (ခေါ်) သက်နိုင်နှင့် သားငယ် (၃)ယောက် ရှိနေပြီ။ သို့သော် ယခုအချိန်ထိ ထင်ထင်ရှားရှား မှတ်မိနေကြောင်း လုံးစေ့ပတ်စေ့ ပြောပြနေသည်။

တရုတ်မ ငယ်ငယ်က ဖြူဖြူထွားထွား ရေဆေးငါးကြီးသဖွယ် ဖြစ်သည်။ နာမည်အရင်းက မသင်းသင်းဝေ သူမ



www.burmeseclassic.com

www.burmeseclassic.com

ဖေဖေ လက်သမားဆရာကြီး ဦးစိန်ဝင်း၊ မေမေ ဒေါ်လှကြူးတို့ကစ၍ မှည့်ထားသော နာမည်မခေါ် တရုတ်မဟုသာ ခေါ်ကြသည်။

ကျွန်တော်တို့ ငါးရာပြား တစ်ရွာလုံးကလည်း တရုတ်မဟူ၍သာ ချစ်စနိုး ခေါ်ကြသည်။ ခေါ်လည်း ခေါ်ချင်စရာပင် ဖြူဖြူထွားထွားကြီးမို့ တရုတ်မများနှင့် တူလှသည်။

သို့သော် ခက်တာက တရုတ်မသည် ခန္ဓာကိုယ်အင်အား ကြီးသည်၊ ကြမ်းတမ်းလှသည်။ ကစားလျှင်လည်း ယောကျ်ားလေးများနှင့် ကစားသည်။ စိတ်ကိုက ယောကျ်ားလေးစိတ်မျိုး ဖြစ်သည်။

မည်သူနှင့်မျှ နပန်းသတ်ဖို့ဝန်မလေး။ ကျား,မ မရွေး၊ ဗိုလ်မထား။ စိတ်ကကြမ်းသလို ခန္ဓာကိုယ်ကလည်း ဖွံ့ဖြိုးလှသည်။ အသက်အရွယ်နှင့်စာလျှင် ခန္ဓာကိုယ်ဖွံ့ဖြိုးမှုက ပိုကဲနေသည်။

မူလတန်း ကျောင်းသူဘဝကပင် ကျား,မ မရွေး ရန်ဖြစ်ဖို့ ဝန်မလေး။ (၂)တန်းနှစ်မှာပင် ပြဿနာပေါင်း သောင်းခြောက်ထောင်နှင့် တောင်းပန်ခဲ့ရသည်က အကြိမ်ကြိမ်။ ကြာတော့ မိဘများ ဆလံသ ဩချရတော့သည်။

ပညာရေးလည်း စိတ်မဝင်စား ကျောင်းမသွားဘဲ ယောကျ်ားလေးများနှင့်အတူ ကန်စွန်းရေငုပ် လိုက်ငုပ်သည်။ ပုစွန်လုံးဖမ်းသည်။ မန်ကျည်းစိမ်းခူး၊ ခွေးတောက်ရွက်ခူး၊ ပုစွန်လုံးနှင့်အတူ ဗန်းတွင်ထည့်ကာ မရှက်မကြောက် ရွာထဲလည်ရောင်းသည်။

ဒီလိုနှင့် (၂)တန်းမှပင် ကျောင်းထွက်ပြီး အသီးအရွက်များရောင်းသည်။ ဈေးရောင်းဝါသနာပါသည်။ မိဘများ အလိုလိုက်ထား၍ ပေပေတေတေ နေလာသည်။

ဘယ်သူ့စကားမှ နားမထောင်ချင်။ ဒီလိုနှင့် ခပ်ကြမ်းကြမ်းနေလာရင်း အပျိုဘဝရောက်လာသည်။ ရုပ်ကချောသော်လည်း မည်သူမျှ တရုတ်မကို မစရဲ၊ ကျား,မ မရွေး၊ လူမရွေး ဘယ်သူမှ ဗိုလ်မထားခဲ့။

ဒီလိုနှင့် (၁၉)နှစ်အရွယ် ရောက်လာသည်။ တရုတ်မ အမည်သာမက မိုက်ခဲမ၊ နလပိန်းတုံးမ စသည်ဖြင့် ကွယ်ရာမှာ အမည်အမျိုးမျိုး ဘွဲ့တပ်တာ ခံရသည်။ သင်းသင်းဝေဆိုသော ငယ်နာမည်သည် ခပ်ရေးရေးသာ ကျန်တော့သည်။ အမေဖြစ်သူ မလှကြူးက...

'ငါ့သမီးရယ် ညည်းလဲ မငယ်တော့ဘူး အပျိုကြီးဖားဖားဖြစ်နေပြီ။ အပျိုဆိုတာ ဗိုင်းကောင်းကျောက်ဖိ နေရတယ်'

ဟု ဆုံးမသည့်အခါ...

'အိုအမေကလဲ မနေနိုင်ပေါင်။ ကျောက်ဖိတာခံရင် ပြားသွားမှာပေါ့။ ကိုယ်ဖိလာရင် ပြန်ချမှာပေါ့။ ဘယ်သူမှ ဖိတာမခံနိုင်ပေါင်'

ဟူ၍ ပြန်ပြောသည်။ ဆိုလိုသည့် အဓိပ္ပာယ်လည်း ကောင်းစွာမသိခဲ့။ ဒါကိုပင် ဖခင်လက်သမားဆရာကြီး ကိုစိန်ဝင်းက မြှောက်ပေးသေးသည်။

'ဟုတ်တယ်၊ ဟုတ်တယ် ဒါမှ ငါ့သမီးကွ။ ဖေဖေ အားကိုးရမယ့် သမီးကွ ဟဲဟဲဟဲ'

ဟု ဆိုလာသေးသည်။

ဆိုလည်း ဆိုလောက်သည်။ ထိုအချိန်က လက်သမားဆရာကြီး ကိုစိန်ဝင်းသည် ငါးရာပြားရွာတွင် လက်သမားဆရာကြီး ဦးစိန်ဝင်း''ဟူ၍ တစ်ရွာတွင် တစ်ယောက် ထွန်းပေါက်သူဟု ဆိုနိုင်သည်။

မန္တလေးနှင့် ငါးရာပြား ဘီအက်စ်အေ ဆိုင်ကယ်ကြီးဖြင့် သွားသွားပြန်ပြန် နေနိုင်သူဖြစ်သည်။ တစ်ခါတစ်ရံ မန္တလေးသို့ အလုပ်သွားရင်း သမီးတရုတ်မကို ခေါ်သွားတတ်သည်။

အဝတ်အစား ဝယ်ပေးတတ်သည်။ ယောကျ်ားအကျီများ ဝယ်ပေးကာ ယောကျ်ားအသွင် ခပ်ကြမ်းကြမ်း နေထိုင်သည်ကို သဘောကျသည်။ သားအကြီး အောင်မြင့်က သိမ်သိမ်မွေ့မွေ့နေသည်ကို သဘောမကျ။ မိတရုတ်မကိုသာ အားထားသည်။

ဒီအချိန်တွင် တရုတ်မ တရှောင်ရှောင် ဖြစ်လာသည်။ အစားအသောက်ပျက် အဖျားဝင်ပြီး စစ်ကိုင်းဆေးရုံ တက်ရသည်။ ဆေးရုံတက်ပြီး ရှစ်ရက်အကြာ စစ်ကိုင်းမှာ တရုတ်မ ဆုံးပြီဟု ကြားရသည်။ အမေ မလှကြူးမှာ နှလုံးအားနည်းသူဖြစ်၍ အိမ်မှာပင် ငိုကြီးချက်မနှင့် တက်၍နေသည်။

ကိုစိန်ဝင်းက သား အောင်မြင့်နှင့်အတူ စစ်ကိုင်းသို့ ဧရာဝတီမြစ်ကို ဖြတ်ကူး၍ လိုက်လာသည်။

ဆေးရုံဝတွင် မိတရုတ်မကို ပြုစုနေသူ မိတရုတ်မ၏အဒေါ် မသန်းစိန် (မလှကြူး၏ ညီမ)က ပြုံးရွှင်စွာ ကြိုဆိုရင်း...

'အစ်ကိုစိန်ဝင်းရေ... သေတာမဟုတ်ဘူး။ မိတရုတ်မက မေ့သွားတာ၊ ဖဲပြည်ရောက်ခဲ့သတဲ့ တော်ရေ'

ဟု ပြောပြတော့မှ ကိုစိန်ဝင်းတို့မှာ ရင်ထဲက အလုံးကြီးကျသွားသည်။

ဆေးရုံထဲ မိတရုတ်မ အခန်းထဲ ဝင်လိုက်တော့...

'ဟော... အဖေက ခုမှလာတယ်။ မောင်အောင်မြင့်လဲ ပါတယ်ပေါ့။ သမီးကတော့ ဖဲပြည်ကတောင် တစ်ခေါက် ပြန်ခဲ့ပြီ'

ဟု ပြောသည်။ မကြာမီ...



www.burmeseclassic.com

www.burmeseclassic.com

'ဗိုက်နာတယ် အဒေါ်။ ဝမ်းသွားချင်တယ်။ ပြီးတော့ ခြေထောက်က ဆူးတွေလဲ ထွင်ပေးပါဦး'

ဟု ပြောသည်။

မသန်းစိန်က...

'ဟာ ဒီအခန်းထဲသွားလို့ ဘယ်ဖြစ်မှာလဲ။ အိမ်သာသွားရမှာပေါ့။ အောင့်ထားဦး'

ဟု ပြောရာ တရုတ်မက...

'ဟာ မအောင့်နိုင်တော့ဘူး။ အဒေါ် စောင်ကာပေးကြ၊ ဒီမှာပဲ သွားမယ်'

ဟု ဆိုသဖြင့် ကိုစိန်ဝင်းနှင့် မောင်အောင်မြင့်တို့က စောင်ကာပေးရာ ဝမ်းလုံးဝမသွားဘဲ ကျောက်ခဲအဖြူ(ကျပ်ပြားဝိုင်းခန့်) တစ်လုံးသာ ပါပြီး...

'အဖေ ရပြီ၊ ဒါမထွက်သေးလို့ ဗိုက်နာနေတာ။ ခုတော့ ဗိုက်မနာတော့ဘူး'

ဟု ပြောရင်း ကျောက်ခဲလေး ကိုင်ပြရာ အားလုံး အံ့အားသင့်နေကြသည်။


ထိုအချိန်တွင် တစ်ဖက်ခုတင်မှ လူမမာမိန်းကလေး သေဆုံးသွားသည်။ ထိုမိန်းကလေးမှာ အခြားရွာမှဖြစ်၍ တရုတ်မနှင့် ရွယ်တူချင်းဖြစ်သည်။ တရုတ်မ မျောသွားစဉ်က ပြုံးပြုံးရွှင်ရွှင်စကားပြောနေခဲ့သည်။

'အမယ်လေး သမီးရဲ့... ခုနက အကောင်းကြီးပါတော်။ ဘာလို့ ဒီလိုဖြစ်ရတာလဲဟင်'

ဟု ပြောပြောဆိုဆို အော်ဟစ်ငိုတော့သည်။

တရုတ်မက သူ့အဖေ ကိုစိန်ဝင်းကို တိုးတိုးပြောနေသည်။

'သမီးကို ငရဲမင်းကြီးက မှားခေါ်သွားတာတဲ့ အဖေ။ သမီးကို မှာလိုက်တယ်။ ခု ညည်း ငရဲပြည်ရောက်လာတာ (၁)နာရီ (၁၅)မိနစ်



ရှိပြီ။ ညည်း သတိရရင်ကြည့်လိုက်။ ညည်းဘေးက ကောင်မလေးကို အရင်ခေါ်ရမှာတဲ့။ ခု သူက သေသွားပြီ။ ဖေဖေ ဝယ်ပေးထားတဲ့ သမီးရဲ့နာရီလေး ကြည့်လိုက်ဦးမယ်။ မှန်စမ်း ဟုတ်တယ် အဖေ သမီးသတိလစ်သွားတာ ငရဲမင်းကြီးပြောတဲ့အတိုင်းပဲ (၁)နာရီနဲ့ (၁၅)မိနစ်ရှိပြီ'

မသန်းစိန်ကလည်း သူမလက်မှ နာရီကို ကြည့်လိုက်ရင်း...

'ဟုတ်တယ် မိတရုတ်... ညည်း သတိလစ်သွားတာ (၁)နာရီကျော်ကြာပြီ'

ဟု ပြောသည်။

'အဲဒါ ဟုတ်မှာ။ သူက လူကောင်းကြီးကနေ ခုသေသွားပြီ။ သမီးက မာလာပြီ။ ခုန ကျောက်ခဲလေးက ငရဲမင်းကြီးက ဒါ ဝါးစားသွား။ ညည်း မာတော့မှာ။ ရှေ့လျှောက်လဲ ကောင်းတာလုပ်။ ကောင်းမှုကုသိုလ်နဲ့လမ်းသွား၊ အမှားတွေပြင်၊ မကြာခင် အဆင်ပြေရမယ်လို့ ပြောပြီး ပြန်ပို့လိုက်တယ်။

အပြန်ကျတော့ လမ်းကောင်းက ပြန်ပို့တယ်။ တရား ထိုင်နေကြတာလဲ တွေ့ရတယ်။ ရွာက ဘယ်သူများ ပါလဲလို့ ရှာကြည့်တယ်။ ဘယ်သူမှ မတွေ့ဘူး။

ခေါ်သွားတုန်းကတော့ လမ်းတွေကလဲဆိုး၊ ဆူးတွေကလဲစူးနဲ့ ခုထိ ဆူးတွေ ရှိသေးတယ်။ အဒေါ် ဆူးထွင်ပေးဦး'

ဆို၍ ခြေဖဝါးနှစ်ဖက်ကို ထုတ်ပြနေသည်။

သမီးချစ်ဖအေ ကိုစိန်ဝင်းက...

'ပြစမ်း သမီး... ဆူးတွေ ဖေဖေ ထွင်ပေးမယ်။ သန်းစိန် အပ်ချိတ်ပေးစမ်း'

ဟု အပ်ချိတ်ယူ၍ ခြေထောက်တွေကို ရှာကြည့်ရာ ဆူးစူးသည့် အရာများ မတွေ့ရပေ။

ကိုစိန်ဝင်းက အံ့အားသင့်နေသည်။

'ပြောစမ်းပါဦး... သမီး ငရဲပြည် အကြောင်း'

ဟု မေးရာ သင်းသင်းဝေ (ခေါ်) တရုတ်မက...

'ဟာ ကြောက်စရာကြီးတွေပါ အဖေရာ။ လာခေါ်တာ (၂)ယောက်။ လူဝကြီးတွေ။ ပေါင်မှာလဲ အနက်ကွက်အကြီးကြီးတွေ (ထိုးကွင်း မင်ကြောင် ဖြစ်ဟန်ရှိ)နဲ့ ပေါင်လုံးကြီးတွေကလဲ နည်းတဲ့ အတုတ်ကြီးတွေ

www.burmeseclassic.com



မဟုတ်ဘူး။

သမီးကို လာလိုက်ခဲ့ဆိုပြီး ဆူးတွေကြားက လမ်းကြမ်းကြီးပေါ်ကနေ အတင်းခေါ်သွားတယ်။ ဆူးတွေကလဲ တအားစူးတာပဲ။ သူတို့လက်ထဲမှာလဲ လှံကြီးတွေနဲ့ဆိုတော့ သမီးကြောက်ပြီး လိုက်သွားရတယ်။

အဲဒါနဲ့ ငရဲပြည်ဆိုတာ ရောက်သွားပြီး လူတွေ ငရဲခံနေတာ မြင်ရတယ်။ အချို့ဆိုရင် ခွေးနက်ကြီးတွေက ကိုက်စားလို့၊ တချို့ကျတော့ ဒယ်အိုးကြီးတွေထဲ ဆီတွေနဲ့ ကြော်နေကြတယ်။

အဲဒီ လူဝကြီးတွေက...

"ညည်းလဲ အဲဒါကြည့်ထား။ အဲဒီလို လုပ်ရမှာပဲ ကြည့်စမ်း။ ဒီလူတွေထဲမှာ ညည်းတို့ရွာက ဘယ်သူတွေပါလဲလို့"

ဆိုပြီး ကြည့်ခိုင်းတော့ ကြောက်ကြောက်နဲ့ ကြည့်လိုက်တာ ဟာ ဟုတ်တယ် အဖေ။ ကို...တို့၊ မ...တို့၊ ဟာ ဒေါ်...တွေ၊ ဟာ ဟိုမှာလဲ ဘကြီး...တို့ အားလုံးအော်ဟစ်ပြီးနေကြတာ တွေ့ရတယ်။

"အေး... အဲဒါကြည့်ထား ညည်းလဲ အဲလို ခံရမယ်သိလား"

လို့ လူဝကြီးတစ်ယောက်က သမီးကို လှံကြီးနဲ့ရွယ်ပြီး အဲဒီရှေ့ကိုသွားလို့ ပို့လိုက်တယ်။ သမီးရှေ့မှာတော့ လူကြီးတစ်ယောက်က ခေါင်းမှာအချွန်အတက်ဆောင်းပြီး စက္ကူချပ်ကြီးကို ဟိုဘက်ဒီဘက် လှန်ကြည့်နေတယ်။ (ပုရပိုက်ကို ဆိုလိုဟန်ရှိ။)

"ဟ... ဒီကောင်မလေး မပါသေးဘူးဟ။ သွားကြ၊ ပြန်ခေါ်သွားကြ။ နင့်ကို နောက်မှခေါ်မယ်။ ခုတော့ ငရဲကောင်တွေ ဘယ်လို ခံစားနေရတာ မြင်ပြီ မဟုတ်လား။ ရှေ့ နင် ဒါ ဝါးစားသွား။ ကောင်းအောင်လဲနေနော် ကြားလား။ ဥပုသ်စောင့် အလှူတွေလုပ်နင် မာဦးမှာပါ"

လို့ ပြောပြီး ကျောက်ခဲဝါးခိုင်းလို့ ကြောက်ကြောက်နဲ့ မျိုချခဲ့ရတယ်။

အဲဒါနဲ့ သမီး လမ်းကောင်းကပြန်ခဲ့ရတယ်။ တော်ပါပြီ အဖေရယ်။ နောက်ဆိုရင် မကောင်းတာ မလုပ်တော့ပါဘူး။ ကောင်းကောင်းနေပါ့မယ်'

တရုတ်မက ကြောက်လန့်ကြီးစွာဖြင့် ကိုစိန်ဝင်းလက်ကို ဆုပ်ကိုင်သည်။

'အေး ဟုတ်ပါပြီ။ သမီးကို ပြောထားရဦးမယ် ညည်းလဲ ကုသိုလ်ကောင်းမှု များများလုပ်၊ ကြားလားလိမ္မာတော့၊ မိဘစကား နားထောင်တော့နော်။ နောက်ပြီး ငရဲမှာ ရွာထဲက ဘယ်သူတွေကို တွေ့တယ်ဆိုတာ ရွာကျရင် မပြောနဲ့၊ မကောင်းဘူး သိလား'

'ဟုတ်ကဲ့ပါ အဖေ'

တရုတ်မက နောင်တဖြင့် သံဝေဂယူ၍ ပြောခဲ့သည်။

မသင်းသင်းဝေ ခေါ် တရုတ်မက လွန်ခဲ့သည့် (၂၆)နှစ်က အဖြစ်အပျက်ကို ခရေစေ့တွင်းကျ ပြောပြနေသည်။ ကျွန်တော် ခိုင်သန်းထွန်း(ပညာရေး) က...

'နေပါဦး မိတရုတ်ရ... ငါ သိပ်မယုံသေးတာ ရှိနေတယ်။ အဲဒီ နင်ပြောတဲ့...'

'ဘာတုန်း ဘကြီးသန်းညွန့်က ကျောက်ခဲကို ပြောတာလား။ ကျွန်မ သေသေချာလေး သိမ်းထားတာပါနော်။ ဒါပေမယ့် ခုတော့ မရှိတော့ဘူး'

'ဘာရယ်... အေး အဲဒါကြောင့် ငါမယုံတာပဲ။ သက်သေခံပစ္စည်း မပါဘဲ ဒီအဖြစ်အပျက်ကို ဟုတ်ပါတယ်လို့ ဘယ်လို သက်သေပြမလဲဟင်...'

'အဲဒါတော့ မတတ်နိုင်ဘူး ဘကြီးသန်းညွန့်။ ကျွန်မ သေတ္တာထဲ သေချာသိမ်းထားတာကို အကြီးကောင် တရုတ်ကြီး (၆)နှစ်လောက်မှာ ယူပြီး ဒိုးပစ်တမ်းကစားတာတဲ့လေ ပျောက်သွားတယ်။ ကျွန်မ တရုတ်ကြီးကို တော်တော် ရိုက်ပစ်လိုက်တယ်'

မိတရုတ် အပြောကလည်း ယုတ္တိရှိနေ၍ ကျွန်တော် သက်သေခံပစ္စည်း (သမိုင်းဝင်) မပြနိုင်သော်လည်း ဒီဇာတ်လမ်းကို မှတ်တမ်းတင်မိပါသည် ခင်ဗျား။

ခိုင်သန်းညွန့်(ပညာရေး)

www.burmeseclassic.com

ဝှပ်ထား၊ နာမ်ခွာ (သို့မဟုတ်)

# လိပ်ပြာလွင့်ခြင်းဧဟ

အောင်လှသန်း
(မင်းဘူး)



တန်ဆောင်မုန်းလတွင် ဆီးနှင်းတစ်ပြိုက် မိုးတစ်လိုက် တန်ဆောင်မုန်းမိုးဖွဲလေး ရွာနေပါသဖြင့် ကျွန်တော်မှ ကော်ဖီပူပူတစ်ခွက်ကို သောက်ရင်း ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အထူးထုတ်ကို ဖတ်မိပါ၏။

ကျွန်တော်ရေးသော မြွေပျံဆောင်းပါးကိုဖတ်၍ မိမိ၏ စာအရေးအသားအားနည်းချက်များကို ရှာ၏။ "**သီကုံးပန်းသွင်စာကိုစဉ်**"ဟူသောဆရာကြီးများ၏ နည်းပြလမ်းညွှန်ချက်ကို လိုက်နာရပေမည်။

မြွေပျံဆောင်းပါး၏ နောက် ရသဂမ္ဘီရကျော်ဝင်းအောင် (ပြည်–ဆည်မြောင်း)၏ "**ရှိုးရှိုးလေးနဲ့တန်ခိုးထက်တဲ့ အရဟံ ဂုဏ်တော်ပွားများသူရဲ့ဖြစ်ရပ်ဆန်း**"နှင့် စာမျက်နှာ (၂၆၅) မိုးမိတ်–မိုးကျော်၏ "**ကျွန်ုပ်နှင့် ထူးဆန်းသည့် ဂန္ဓာရီအဘိုးအို**" ဆောင်းပါးကို ဖတ်မိပါ၏။

ဆောင်းပါးနှစ်ပုဒ်တွင် လိပ်ပြာလွင့်ခြင်း၊ လိပ်ပြာကိုခေါ်ခြင်း စသည့် ဝေါဟာရကိုသုံး၍ ရေးသားထားသည်ကို ဖတ်ရ၏။

လိပ်ပြာဆိုသည်မှာ ဘာပါလိမ့်၊ အဘယ်ပုဂ္ဂိုလ်ကများ လိပ်ပြာကို လွင့်နိုင်၊ ခေါ်နိုင်ပါသနည်း။ ဤကဲ့သို့ ကျွန်တော် အတွေးကို ဆန့်မိပါသည်။ ဤကဲ့သို့ ကျွန်တော် အတွေးဆန့်နေရင်း လွန်ခဲ့သော (၂၀)နှစ်ကျော်ကာလက **ကန်ရှေ့ရွာ ဘုန်းတော်ကြီးကျောင်းတွင် ဆုံစည်းခဲ့ရသော ဦးပဥ္စင်းလေး ဦးဝိမလနှင့် သမထဘာဝနာအကြောင်းကို ဆွေးနွေးမိရင်း** ဦးပဥ္စင်းလေးမှ သူ၏ ဆရာတော်ကြီး ဘဇာ (ဘွဲ့တော်အပြည့်အစုံကို မပြောပါ။ ဆရာတော်ကြီးမှ တားမြစ်ထားပုံရသည်။) ရုပ်ပြောင်းနာမ်ခွာ ကျင့်စဉ်ဝင်ချိန်က သူမှ စောင့်ရှောက်ခဲ့ရပုံများအကြောင်း ပြောပြသည်များကို ယနေ့တိုင် ကြားယောင်လျက် ရှိပါတော့သည်။

'အကာကြီး ကျုပ်တို့ဆရာတော် အာနာပါနသသတိကမ္မဋ္ဌာန်းကို အားထုတ်ပြီး ရုပ်ပြောင်း နာမ်ခွာ ကျင့်စဉ်ဝင်တဲ့ဂူက ကျောင်းတော်ရာ ဒိုင်နယ်ကုန်းဘုရားကျောင်းရဲ့ ဂူအဝင်အဝကနေ တောင်ဘက်ကို





www.burmeseclassic.com

www.burmeseclassic.com

မြေပြင်ညီ ဥမင်လျှောက်လမ်း ငါး တောင်အလျား ရှိပါတယ်။ ဂူအဝင် ဝကတော့ နှစ်တောင်အကျယ်၊ အမြင့် လူတစ်ရပ်လွတ်ပေါ့။

တောင်ဘက်သွားတဲ့ မြေပြင်ညီ ဥမင်လျှောက်လမ်းဆုံးတာနဲ့ အရှေ့ ဘက်လျှောက်ဖို့ လှေကားထစ်သုံးထစ် ထွင်းထားပါတယ်။ အရှေ့ဘက်ကို ဥမင်လျှောက်လမ်းအလျား ခုနစ်တောင် ရှိပါတယ်။ အရှေ့ဘက် ဥမင်လျှောက် လမ်းဆုံးတာနဲ့ မြောက်ဘက်လှည့်ပြီး လှေကားငါးထစ် တူးထားပါတယ်။

လှေကားငါးထစ်ဆုံးတာနဲ့ အရှေ့ အနောက် လူတစ်ကိုယ်စာ ချောင်ချောင် လဲလျောင်းဖြစ်အောင် တစ်ရပ်လွတ် အတွင်းလိုဏ်ဂူ တူးထားပါတယ်။

အဲဒီလိုဏ်ဂူမှာ ကျုပ်ရဲ့ ဆရာတော် အရှေ့အနောက် လဲလျောင်းပြီး ပက် လက်စန့်စန့်နဲ့ အာနာပါနသတိ ကမ္မဋ္ဌာန်း ကျင့်စဉ်ဝင်ပြီး ရုပ်ပြောင်း နာမ်ခွာ ကျင့်နေတာကို ကျုပ်နဲ့ ဦးပဥ္စင်းကြီးတစ်ပါးက ဂူအတွင်း ဥမင်လမ်းက စောင့်ရတယ်။ ဂူအဝင်ဝ အပြင်မှာတော့ သီလရှင် ဒေါ်ပညော အသက် (၄၀)ကျော်နဲ့ မစန္ဒာသီရိတို့က စောင့်ရပါတယ်။

ခြောက်ရက်မြောက် မနက်မှာ ကျုပ် က ဆရာတော်ကြီးသေမှာ (ပျံတော်မူ မှာ)စိုးလို့ အစိုးရိမ်ကြီးပြီး ဆရာတော် ကို သွားကြည့်ပါတယ်။

ဆရာတော်ကြီးက ကျင့်စဉ်ဝင်တုန်း ငါးရက်လောက်ပဲ စောင့်ခိုင်းတာပါ။ ခု ငါးရက်က ကျော်လာတော့ ကျုပ်လဲ စိုးရိမ်ကြီးတာပေါ့လေ။

ကျင့်စဉ်ဝင်တဲ့ လိုဏ်ဂူလေးအတွင်း မှာ အသက်ရှူရတာ မွန်းကျပ်ကျပ်ပါ။ ခြေထောက်စမ်းကြည့်တော့ သွေးမ လျှောက်ပါ။ နဖူး စမ်းကြည့်တော့လဲ အေးခေါက်ခေါက် (ဦးပဥ္စင်းလေး၏ အသုံး) ဝင်သက်ရှိုက်တာကိုတောင် မတွေ့ရတော့ပါဘူး။

ရင်ချိုင့်စမ်းကြည့်တော့လဲ မလှုပ်၊ နည်းနည်းနွေးတယ်။ ဘယ်ဘက်ရင်အုံ အောက် စမ်းကြည့်တော့ ဒုတ်...ဒုတ် ...ဒုတ်ဒုတ်နဲ့ လက်မှာ သွေးလာ တိုး တာကို တွေ့ရပါတယ်'

ဦးပဥ္စင်းလေးမှ ပြောပြနေစဉ် ကျွန် တော်မှလဲ ကျမ်းတစ်စောင်မှ ဖတ်မှတ် ထားသော အသက်မရှူသူ (၈)ဦးကို ပြန်၍ စဉ်းကြည့်နေပါသည်။ အသက် မရှူသူ (၈)ဦးမှာ...

၁။ အမိဝမ်းတွင်း ကိန်းအောင်းနေသူ
၂။ မြားဆိပ်သင့်၍ မိန်းမောနေသူ
၃။ ရေ၌ကိန်းသောပုဂ္ဂိုလ်
၄။ သေသောသူ
၅။ စတုတ္ထစျာန် ဝင်စားသူ
၆။ ရူပဗြဟ္မာ
၇။ အရူပဗြဟ္မာ
၈။ နိရောဓသမာပတ် ဝင်စားသူ

တို့ ဖြစ်ကြပါသည်။

ဦးပဥ္စင်းလေးမှ ဆက်လက်ပြီး...

'အဲ နောက်နေ့နံနက် (၈)နာရီ လောက်မှာ ကမ္မဋ္ဌာန်းသိမ်းပြီးတော့ ဂူအပြင်ဘက် ထွက်လာတာကို တွေ့ရ တော့တာပါပဲ။ နောက် ပဲထောပတ် ပြုတ်နဲ့ ဆွမ်းကို ရေနွေးထည့်မွှောပြီး ဘုဉ်းပါတယ်။ မျက်နှာကလဲ ကြည် ကြည်လင်လင်ပါပဲ။

ဆွမ်းဘုန်းပေးပြီးတဲ့အခါ ဆရာ တော်ကြီးမှ...

ငါလိုကျင့်ချင်လျှင် သစ်တစ်ပင်အောက်မှာ တစ်နေ့ ကျင့်စဉ် နံနက်(၆း၀၀)နာရီမှ ညနေ (၆း၀၀)နာရီထိ (၇)ကြိမ် ကျင့်စဉ်ဝင်ရတယ်။ ပြီးရင် ဂူဝင်ပေါ့၊ ရုပ်ကြမ်းခန္ဓာကိုယ်ကြီးကို ကျင့်စဉ်ဝင်နေစဉ် စောင့်ရှောက်ဖို့ တပည့် ကောင်း ရှာရတယ်။

'ရုပ်ပြောင်းနာမ်ခွာ ကျင့်စဉ်မှာ ပထမ သမထပညတ်အဖြစ်ကို (ပညတ်အဖြစ်ကို) ကျင့်ရတယ်။ သမာဓိ ရင့်ကျက်လာရင် နာမ်ခွာလို့ ရတယ်'

လို့ ဆရာတော်ကြီး မိန့်ကြားချက် များကို ဦးပဥ္စင်းလေး ဦးဝိမလမှ ပြန် လည် မိန့်တော်မူပါသည်။

ကျွန်တော်လည်း ဦးပဥ္စင်းလေး ဦးဝိမလမှ ပြန်လည်ပြောပြသည်များ ကို သဒ္ဓါတရားထက်စွာဖြင့် စိတ်ဝင် တစား နားထောင်ရင်း ရုပ်ကြမ်းဝဋ်ခန္ဓာ ကိုယ်ကြီးဖြင့် ရင့်သောသမာဓိရအောင် ထူ ထောင်ပြီး ယင်းသမာဓိစိတ်ဖြင့် ဥပါဒါန်၏အာရုံဖြစ်သော **ရုပ်နုခန္ဓာ (ရုပ်နုခန္ဓာ)** တချို့က လိပ်ပြာလို့ ခေါ်ကြတယ်။ ရုပ်ကြမ်းခန္ဓာကြီးမှ ခွာ၍ စေလေရော့သလားဟု ဉာဏ်မီ သလောက် အတွေးကို ဆန့်မိပါတော့ သည်။

ဦးပဥ္စင်းလေး ဦးဝိမလကို ယနေ့ အချိန်ထိ နောက်ပိုင်း မတွေ့မကြုံမိရ တော့ပါ။ ဦးပဥ္စင်းလေးနှင့် ယင်း၏ ဆရာ ဆရာတော်ဘဇာတို့ တောကြီး တောင်ကြီးများ၌ အဓိဋ္ဌာန်ကြီး စခန်း ကြီး ကျင့်စဉ်တော်များကို ဆက်လက် ဝင်နေရော့သလား။

ဆရာတော်ဘဇာနှင့် တပည့် ဦးပဥ္စင်းလေး ဦးဝိမလတို့ ကျန်းမာ ချမ်းသာကြ၍ ကျင့်စဉ်တော်များကို ဆက်လက် အားထုတ် ပွားများနိုင်ကြ ပါစေဟု မေတ္တာစေတနာသိက်နိမိတ်ကို စေလွှတ်၍ မေတ္တာပို့လိုက်ရပါကြောင်း။

**(လွန်ခဲ့သော (၂၀)နှစ်ကျော် ကာ လက အတွေ့အကြုံတစ်ခုကို ဤ စာစုဖြင့် မှတ်တမ်းပြုပါသည်။)**

**အောင်လှသန်း** *(မင်းဘူး)*

F.34B, June, 2013.




www.burmeseclassic.com

# ပရိတ်တရားတော် နှင့်

## ကျွန်တော်၏ အတွေ့အကြုံများ

အေးချမ်းအောင်
(ရမည်းသင်း)



**[ယခု ရေးသားတင်ပြမည့် ဆောင်းပါးပါ အကြောင်းအရာတို့သည် (၁၀)နှစ်တာ ကာလအတွင်း ကြုံတွေ့ခဲ့ရသည်များကို ရေးသား တင်ပြထားခြင်း ဖြစ်ပါသည်။ *စာရေးသူ*]**

နယ်မြို့ကြီးတစ်မြို့၌ ကျွန်တော် ဈေးဝယ်လေ့ရှိသော လူမျိုးခြား ဗုဒ္ဓဘာသာ ကုန်စုံဆိုင်ကြီးတစ်ဆိုင်သည် ဆိုင်ဖွင့်ချိန်မှ ဆိုင်ပိတ်သည်အထိ ဈေးဝယ်သူများနှင့် လက်မလည်အောင် ရောင်းချနေရလေ့ရှိသည်။

ဘယ်အချိန်သွား ဈေးဝယ်ဝယ် ဝယ်သူ ပြည့်နေလေ့ရှိသည်။ အရောင်းဝန်ထမ်း (၉)ယောက် ရှိသော်လည်း နားနေရသူဟူ၍ မရှိချေ။

အရောင်းဝန်ထမ်း အားလုံးတို့သည် စိတ်ရှည်သည်းခံလေ့ ရှိကြသည်။ စကားပြောရာတွင် ရည်မွန်ပြီး ပြုံးရွှင်နေသည်ကို အမြဲမြင်တွေ့ရသည်။

ရောင်းချသည့် ပစ္စည်းများမှာလည်း အခြားဆိုင်များထက် ဈေးလည်း သက်သာသည်။ ထူးခြားသည်က ဆိုင်အတွင်း၌ မတိုးမကျယ် နေ့စဉ်ဖွင့်ထားသော ပရိတ်တရားတော်သည် ဆရာတော်ကြီးများ၏ ပရိတ်ကြီး(၁၁)သုတ်နှင့် ပဋ္ဌာန်းဒေသနာများကိုသာ ဖွင့်ထားသည်ကို ဈေးဝယ်ရင်း ကြားနေရလေသည်။

လူမျိုးခြား ဗုဒ္ဓဘာသာဆိုင်၌ ထူးထူးခြားခြား ဖွင့်ထားသော ပရိတ်တရားတော်ကြောင့် ကျွန်တော် စိတ်ဝင်စားမိသွားလေသည်။

(၂)နှစ်ခန့်အကြာ၌ အခြားဆိုင်ခွဲများ တိုးချဲ့ဖွင့်လာပြန်ပါသည်။ ထိုဆိုင်ကြီးတွင် ဈေးစောင့်ဝယ်ရ၍ ယင်းဆိုင်ခွဲတွေမှာပင် ဝယ်ယူခဲ့သည်။ ဆိုင်ခွဲတွေကလည်း ကျွန်တော် နေထိုင်ရာနှင့် နီးလေသည်။

ထိုဆိုင်ခွဲတို့တွင်လည်း ဈေးဝယ်သူ ဆိုင်ကြီးလောက် မများပေမယ့် တကယ်ပဲ ရောင်းချနေရလေသည်။ ပရိတ်တရားတော်ကို ထိုဆိုင်ခွဲများတွင်လည်း ဖွင့်ထားခြင်းကို တွေ့ရပြန်ပါသည်။ အကြောင်းမဲ့ ဖွင့်ထားခြင်း မဟုတ်ဟု ကျွန်တော် တွေးမိလေသည်။

သို့နှင့် ကျွန်တော်နှင့် မျက်နှာတန်းမိနေသော အရောင်းဝန်ထမ်း ကောင်လေးအား မေးမြန်းကြည့်ရာ...

'ပရိတ်တရားတော်ကို ဆိုင်ဖွင့်ချိန်ကစပြီး ဆိုင်ပိတ်ချိန်အထိ အမြဲ ဖွင့်ထားရမယ်။ ယဉ်ကျေးသိမ်မွေ့စွာ စကားပြောဆိုဆက်ဆံရမယ်။ ဈေးဝယ်လာသူတွေကို ကိုယ့်ကို ထမင်းကျွေးတဲ့ ကျေးဇူးရှင်လို သဘောထားရမယ်။ ဈေးဝယ်သူနဲ့ ဆက်ဆံရာမှာ ဝယ်သူကို စိတ်ရှည်ရမယ်။ စကားပြောရိုင်းရင် အလုပ်လုပ်ခွင့်မရှိတော့ဘူး။

ဒီလို စည်းကမ်းတွေ ကျွန်တော်တို့ကို ပေးထားတာပဲ အစ်ကို။ ပရိတ်တရားတော်တွေ အချိန်တိုင်း ဘာကြောင့် ဖွင့်တယ်ဆိုတာတော့ ကျွန်တော် မသိဘူး'

ဟု အရောင်းဝန်ထမ်း ကောင်လေးက ပြောပြလေသည်။

ကုမ္ပဏီလုပ်ငန်း ကျွန်တော် လုပ်ကိုင်ခဲ့စဉ်က အမြဲပင် ခရီးသွားလာနေရလေ့ရှိသည်။ ကုမ္ပဏီကားနှင့် ကုန်ပစ္စည်းများပို့ရန် သွားခဲ့စဉ်က အတွေ့အကြုံကိုလည်း တင်ပြချင်ပါသည်။

တစ်ရက်တွင် အရေးတကြီး ပို့ပေးရမည့် ကုန်ပစ္စည်းများ တင်ဆောင်၍ တစ်နေ့လုံး ကားမနားဘဲ ထွက်လာခဲ့ကြရာ ညနေ(၃)နာရီလောက်တွင်တော့ ထမင်းဆိုင်တစ်ဆိုင်ရှေ့တွင် ကားနားရင်း ထမင်းစားကြသည်။

ဆိုင်က သိပ်ပြီး ခမ်းနားလွန်းသည်တော့မဟုတ် သို့သော် ဆိုင်ရှေ့တွင် ခရီးသည်တင်ယာဉ်များ၊ ကုန်တင်ယာဉ်ကြီးများနှင့် ပြည့်ကျပ်နေလေသည်။

ဆိုင်အတွင်း မဝင်ခင်ကတည်းက **''အဖျော်ယမကာများ မရောင်းပါ''**



www.burmeseclassic.com

www.burmeseclassic.com

ဆိုသည့် ဆိုင်းဘုတ်ကို တွေ့ရလေသည်။ ဟင်းလျာများ အအေးသောက်ရင်း မေးမြန်းမှာကြားပြီး စားသောက်နေကြသူတွေကို ကြည့်နေမိရင်းက ကောင်တာစားပွဲဆီမှ ပရိတ်တရားတော် ခပ်တိုးတိုး ဖွင့်ထားသံကို သတိထားမိလိုက်သည်။

မှာထားသော ထမင်းဟင်းများ လာချပေးသည့် လူငယ်စားပွဲထိုးကောင်လေးကို ကျွန်တော် မေးကြည့်မိသည်။

'ပရိတ်တရားခွေက ဒီအချိန် ဖွင့်တာပဲလား'

'မဟုတ်ဘူး အစ်ကို၊ ဆိုင်ဖွင့်ချိန်ကနေ ဆိုင်သိမ်းချိန်အထိ အမြဲဖွင့်ထားတာ'

'ဒီလိုဖွင့်တာ နေ့စဉ်ပဲလား'

'ဟုတ်တယ် အစ်ကို၊ ကျွန်တော် အလုပ်ဝင်တာ (၃)နှစ်ရှိပြီ။ တစ်ရက်မှ မဖွင့်တဲ့ရက် မရှိဘူး'

'ဆိုင်က ရောင်းရတယ်နော်'


'ရောင်းရတာတော့ မပြောနဲ့အစ်ကိုရေ၊ ဒါ ဆိုင်ခွဲ၊ ဖွင့်တာလဲ မကြာသေးဘူး။ ဒီလို ဆိုင်ခွဲတွေ ဒိပြင်နေရာတွေမှာလဲ ရှိသေးတယ်'

'အစ်ကိုတို့ ဘာမှာစရာရှိသေးလဲ'

ဟု စားပွဲထိုးကောင်လေးက စကားစဖြတ်ကာ ထွက်သွားလေသည်။ ကျွန်တော့် အတွေးစများကတော့ အဦးဆုံး စတင်တွေ့ခဲ့သည့် ကုန်စုံဆိုင်ကြီးနှင့် သူ့ဆိုင်ခွဲများ အတွေးပုံရိပ်တို့က သတိတရ ဖြစ်သွားစေခဲ့သည်။

လွန်ခဲ့သည့် တစ်နှစ်လောက်ကမှ ရင်းနှီးခဲ့ရသည့် မိတ်ဆွေတစ်ဦး အကြောင်းကိုလည်း သတိရဖြစ်သွားပြန်ပါသည်။

ထိုမိတ်ဆွေကတော့ ဆိုင် ဈေး



ရောင်း မထွက်ခင် ပရိတ်တရားတော် (၁၁)သုတ်ကို နံနက်စောစော နာယူပြီးမှ ဆိုင်ထွက်လေ့ ရှိသည်။

ယင်းအကြောင်းနှင့် ပတ်သက်ပြီး သူ ပြောပြသည်က...

'မနက်စောစော အိပ်ရာထ၊ အိမ်သူအိမ်သားတွေနဲ့ တစ်ယောက်နဲ့မှ စကားမပြောရသေးခင် ပရိတ်တရားတော်ကို သေသေချာချာ အာရုံစူးစိုက်ပြီး နာယူသွားရင် ဈေးရောင်းရတာလဲ အဆင်ပြေဗျာ၊ အခက်အခဲဆိုတာတွေလဲ မရှိဘူးဗျ။ သိပ်အဆင်ပြေတာ။ ခင်ဗျား အဲဒီလို ပရိတ်တရားတော် နာယူပြီး မှ အလုပ် လုပ်ပါလား'

ဟု ကျွန်တော့်အား ထိုမိတ်ဆွေက အကြံပြုပါသည်။

မိတ်ဆွေတစ်ဦးကတော့ တစ်ဖက်က ဈေးရောင်း၊ နှုတ်ကလည်း ပရိတ်တော်တွေရွတ်ဆိုနေလေ့ ရှိသည်။

'အချိန်ပြည့် အာရုံမရောက်နိုင်ပေမယ့် ဈေးရောင်းတာလဲကောင်း၊ တန်ရာတန်ရာကြေး ရောင်းလို့လောဘလဲ ထပ်မဖြစ်ဘူး။ တစ်ဦးနဲ့ တစ်ဦး ဆက်ဆံရာမှာလဲ မေတ္တာနဲ့ယှဉ်တော့ လူမှုရေးမှာလဲအဆင်ပြေ အတ္တ၊ ပရမ္မလို့ နောက်ဆုံးမှာ ကုသိုလ် မရနိုင်ဘူးဆိုရင်တောင် ကျွန်တော်ဟာ အကုသိုလ် မဖြစ်တာ သေချာတယ်ဗျာ'

ဟု ဂုဏ်ယူစွာ ပြောပြလေသည်။

'ပရိတ်ရွတ်ရင်း ဈေးရောင်းတော့ အလွဲအမှားတွေ မဖြစ်ဘူးလား'

မေးကြည့်တော့...

'တစ်စတစ်စ နှုတ်ကျင့်ရလာတော့ ကြာတော့လဲ အမှားမရှိတော့ပါဘူး'

ဟု စတိုးဆိုင်ပိုင်ရှင် မိတ်ဆွေက ပြောပြလေသည်။

ပရိတ်တရားတော်နှင့် ပတ်သက်ပြီး ဆက်ပါဦးမည်။

အကြွေအခက်အခဲရှိ၍ တစ်ရက်တွင် ဟိုင်းဝေးကားလမ်းဘေးမှ ဖွင့်တာ မကြာသေးသည့် ကွမ်းယာဆိုင်ကလေးတွင် တစ်ထောင်ကျပ်တန် ငွေစက္ကူပေး၍ ထုံးဆေးနှစ်ရာဖိုးဟု မှာလိုက်ပါသည်။

'ကျေးဇူးတင်ပါတယ် အစ်ကို။ ခဏတော့စောင့်ပေးပါ'

ဟုရည်မွန်စွာဖြင့် အသက်(၃၀)ခန့်ရှိ ကွမ်းယာရောင်းသော လူငယ်လေးက ပြောလာပါသည်။

ထိုတော့မှ ကွမ်းယာဆိုင်ရှေ့တွင် စီတန်းစောင့်နေကြသော ကွမ်းယာဝယ်သူတွေကို သတိထားလိုက်မိပါသည်။ ဆယ်ဦးခန့် ရှိလေသည်။

တစ်ယောက်ပြီး တစ်ယောက် ကွမ်းယာထုပ်လေးတွေကိုင် ထွက်သွားကြသော်လည်း ကွမ်းယာဝယ်သူတွေကတော့ လျော့မသွား၊ ထပ်,ထပ် ရောက်လာသည်။

ကွမ်းယာခုံတွင်မှီ၍ လက်ကိုင်ဖုန်း (ဟန်းဆက်)လေးမှ ညင်သာစွာဖြင့် ပရိတ်တရားတော်များ ဖွင့်ထားပါသည်။

ကျွန်တော် စိတ်ဝင်စားသွားလေသည်။ ကွမ်းယာနေသော လူငယ်လေးကို အကဲခတ်ကြည့်လိုက်မိသည်။ အလုပ်ကို အာရုံစိုက်နေခြင်းကြောင့် စကားတော့ သိပ်မပြော။ ပြုံးခြားသည်က အမြဲပင်ပြုံးနေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဝယ်သူတစ်ဦး ကွမ်းယာထုပ်ပြီး၍ ပေးလိုက်တိုင်း...

'စားလို့ အဆင်မပြေရင် ပြောပါ။ ဟုတ်ကဲ့ကျေးဇူးတင်ပါတယ်'

ဟု သိမ်မွေ့လွန်းစွာ ဝယ်ယူသူတိုင်းကို ထိုကဲ့သို့ ပြောလေ့ရှိပါသည်။

ကျွန်တော် ကွမ်းမစားတတ်ပါ။ သို့သော် နောက်ရက်တွေတွင်လည်း စိတ်ဝင်စားမိ၍ ကွမ်းယာဆိုင် ရောက်ဖြစ်ခဲ့သည်။ ဟန်းဆက်လေးနှင့် ဖွင့်ထားသော ပရိတ်တရား ဘာကြောင့် ဖွင့်သလဲဆိုတာ သိချင်နေ၍ သွားခြင်းဖြစ်သည်။

သို့သော် ကျွန်တော်မေးဖို့ အချိန်မရပါ။ ဝယ်သူကွေ ရှုပ်နေသောကြောင့် လက်လျှော့ပြန်ခဲ့ရသည်။

တစ်ရက်တွင်တော့ ဒီနေ့ လူရှုပ်လည်း စောင့်ပြီး သိချင်တာမေးမယ်ဟု ဆုံးဖြတ်ချက်နှင့် ရောက်သွားခဲ့သည်။ ကျွန်တော် ရောက်သွားချိန်တွင် ဝယ်သူနှစ်ယောက်သာရှိသည်၊ နောက်ထပ် ဝယ်သူမလာတော့ပါ။

ကောင်လေးက ကွမ်းရွက်တွေ ကွမ်းယာခုံတစ်ခုလုံး ဖြန့်စီခင်းပြီး ထုံး,ဆေး ထည့်ခြင်းများ ပြုလုပ်ပြီး ကွမ်းယာဆိုင်တံဆိပ်ပါ ပလတ်စတစ်အိတ်လေးတွေထဲ ထည့်နေလေသည်။ ထိုတော့မှ အော်ဒါမှာထားသူများတွက်ဆိုတာ ကျွန်တော် သဘောပေါက်သွားသည်။

ကွမ်းမဝါးတတ် ဝါးတတ် ကျွန်တော် ကွမ်းဝါးရင်း စကားစဖို့ ပြင်နေချိန်တွင် ပရိတ်တရားတော် ဆုံးသွား၍ နောက်ဆရာတော်တစ်ပါး ရွတ်ပွားပူဇော်သည့် ပရိတ်တော်ဖွင့်နေစဉ်...

'ညီလေး ပရိတ်တရားတော် အချိန်တိုင်း ဖွင့်ထားတာလား'

ဟု တဲ့တိုးပဲ မေးလိုက်မိသည်။

'ဟုတ်တယ်အစ်ကို ဆိုင်ဖွင့်ချိန်ကစ ဆိုင်သိမ်းချိန်အထိပဲ'

'အချိန်တိုင်း ဖွင့်ထားတာဆိုတော့ ရည်ရွယ်ချက်တော့ ရှိမှာပေါ့နော်'

'ပရိတ်တရားတော်ဟာ မင်္ဂလာရှိတယ်လေ အစ်ကို။ မကောင်းတဲ့ ဘေးအန္တရာယ်တွေ ကလဲ ကာကွယ်တယ်။ အထူးသဖြင့် အစ်ကို ရာ မင်္ဂလာရှိတဲ့နေရာ လူတိုင်းလာချင်ကြတာ သဘာဝပဲလေ'

'တစ်နေ့ ကွမ်းဘယ်နှစ်ပိဿာ ကုန်လဲ'

ဟု မေးကြည့်တော့...

'တစ်နေ့ ပိဿာ(၃၀)လောက် ကုန်တယ်။ ဆိုင်ဖွင့်တာ တစ်လပိုပိုပဲ ရှိသေးတယ်ဆိုတာ သိခဲ့ရသည်။ ကွမ်းယာဝယ်သူများ ရောက်လာ၍ စကားစပြတ်သွားသည်။ သိလိုတာတွေ ရှိနေသေးသော်လည်း ဝယ်သူတွေ ဝိုင်းဝိုင်းလည်နေ၍ မဖြစ်နိုင်တော့ဟု တွေးမိပြီး နှုတ်ဆက်ထွက်ခွာခဲ့လေသည်။

ယခုတင်ပြခဲ့သော အကြောင်းအရာတို့သည် ကျွန်တော် တွေ့ကြုံခဲ့ရသော အကြောင်းများစွာထဲမှ တစ်စိတ်တစ်ဒေသပင် ဖြစ်ပါသည်။

ပရိတ်တရားတော်အား နာယူခြင်း၊ ရွတ်ပွားခြင်းနှင့် မိမိကိုယ်တိုင် မရွတ်ပွား မပူဇော်နိုင်လျှင် ဆရာတော်ကြီးများ၏ ရွတ်ပွားပူဇော်ထားသော ပရိတ်တရားတော်များအား မိမိတို့လုပ်ကိုင်ရာ အလုပ်ရုံ၊ ဈေးဆိုင် စသည်တို့တွင် ပရိတ်တရားတော်များ ဖွင့်ထားခြင်းဖြင့် မင်္ဂလာကောင်းကျိုးနှင့် လောကီ၊ လောကုတ် နှစ်ဖြာအကျိုး ရစေသည်ကို အတွေ့အကြုံများအား ရေးသားတင်ပြပေးလိုက်ပါသည်။

**အေးချမ်းအောင်(ရမည်းသင်း)**


စာရှုသူ၊ သုတေသီနှင့်

စာရေးသူ

ဆောင်းပါးရှင်များသို့ . . .

နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြပါရှိသော ရောင်ခြည်ကဏ္ဍအသီးသီးရှိ ဆောင်းပါးများမှ သင့်လျော်သည်များကို ရွေးချယ်၍ **ဆောင်းပါးပေါင်းချုပ်**များ ထုတ်ဝေနေပါသည်။

သို့ဖြစ်၍ စာရေးသူဆောင်းပါးရှင်များမှ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြခံရပါက **ဆောင်းပါးပေါင်းချုပ်များတွင် ထည့်သွင်းမည်ကို သဘောတူညီပြီးဖြစ်သည်ဟု** နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတိုက်မှ မှတ်ယူပါသည်။

အကယ်၍ ဆောင်းပါးပေါင်းချုပ်များတွင် **ပါဝင်လိုခြင်းမရှိသူ စာရေးသူဆောင်းပါးရှင်များအနေနှင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းသို့ ဆောင်းပါးများကို မူလကပင် ပေးပို့ခြင်း မပြုကြပါရန်** မေတ္တာရပ်ခံအပ်ပါသည်။

အကယ်၍ ပေးပို့ပါက ဆောင်းပါးပေါင်းချုပ်များတွင် ထည့်သွင်းမှုကိုပါ သဘောတူညီပြီးဖြစ်သည်ဟု နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတိုက်မှ မှတ်ယူပါမည်။

**ထပ်မံပြီး ရွေးချယ်ဖော်ပြခံရပါက သင့်လျော်သောစာမူခနှင့် စာအုပ်လက်ဆောင်ပါ ပေးပို့ပေးပါမည်။**

*လေးစားစွာဖြင့်...*

**ဦးကျော်မိုးသိန်း**

**စာတည်းချုပ်**

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**

**ပါရမီမဂ္ဂဇင်း**

**အမှတ် ၂၃၃၊ (၂၉)လမ်း၊**

**ပန်းဘဲတန်းစာတိုက်၊ ရန်ကုန်မြို့**




www.burmeseclassic.com

www.burmeseclassic.com



ချစ်ဆိုင်

# အမှတ်တရ ပြန်လည်ကြည့်ခဲ့သော

ပ်ရှလောကသား

ကျွန်ုပ်သည် ဝန်ထမ်းဖြစ်၍ မွေးရပ်မြေနှင့် ကင်းကွာခဲ့ရသည်မှာ (၁၅)နှစ်ခန့် ရှိခဲ့ချေပြီ။

ယခုမှသာ တာဝန်ထမ်းဆောင်ရာ ရခိုင်ပြည်နယ် ရသေ့တောင်မြို့ကနေပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့သို့ ပြန်ရောက်ခဲ့ရတော့သည်။ ထိုအခါ ကျွန်ုပ်၏ ဇာတိမွေးရပ်မြေဖြစ်သော ရေလဲ(မြင်သာ)ရွာသို့ ချင်းတွင်းမြစ်ကြောင်းအတိုင်း စက်လှေဖြင့် ဆန်တက်သွားမည်ဆိုလျှင် နေ့ဝက်ခရီးမျှလောက်သာ ရှိတော့သည်။

သို့ဖြစ်၍ တစ်နေ့တွင် ကျွန်ုပ်၏ မွေးရပ်မြေသို့ အလည်သွားရန် စက်လှေအကြုံဖြင့် လိုက်ပါလာခဲ့တော့သည်။ စက်လှေမှာ မင်းယား၊ တုံ့ဟဲ၊ နောင်ဆန်းကျင် စသည့် ရွာများအား ကျော်လာခဲ့ပြီးနောက် မဲဇလီရွာသို့ ရောက်သောအခါ စက်ပျက်လေသည်။ ထိုရွာသို့ကျော်လျှင် ကျွန်ုပ်ဇာတိမြေသို့ ရောက်ပေပြီ။

စက်လှေမှာ တော်တော်နှင့်ပြင်၍ မရ။ နောက်ထပ် ဆန်တက်လာမည့် စက်လှေနှင့် ပြောင်းပြီးစီးလျှင်လည်း ရပါသည်။ သို့သော် ပြောင်းပြီးမစီးလိုတော့။ အဆိုပါ မဲဇလီရွာနှင့် ရေလဲ (မြင်သာ)ရွာဆိုသည်မှာလည်း ဘာမှဝေးကွာလှသည်မဟုတ်။ လှမ်းပြီးကြည့်လျှင်ပင် မြင်နေရပါသည်။ ကျွန်ုပ်ငယ်စဉ်အခါက ထိုနှစ်ရွာအကြားရှိ လမ်းကြောင်းပေါ်တွင် အခါပေါင်း ထောင်ချီပြီး သွားခဲ့ဖူးပါသည်။

သို့ဖြစ်၍ ကျွန်ုပ်က ခြေကျင်ခရီးဖြင့် သွားရန် ဆုံးဖြတ်ချက်ချပြီး ရွာပေါ်သို့ တက်ခဲ့လိုက်သည်။ ရွာပေါ်သို့ရောက်လျှင် ရေလဲရွာဘက်ကိုသွားသော လမ်းကြောင်းအတိုင်း ကျွန်ုပ်တစ်ဦးတည်း ခရီးဆက်ခဲ့ပါတော့သည်။

မဲဇလီရွာက ကျော်သောအခါ နောင်ဂရောင်းချောင်း ရှိသည်။ နောင်ဂရောင်းချောင်းအား တံတားပေါ်မှ ကျော်ပြီး ကုန်းပေါ်သို့ တက်လာသော အခါ ကျွန်ုပ်ငယ်စဉ်အခါက ကျွဲ၊ နွား... လာရှာရင်း သူငယ်ချင်းများနှင့် ဆီးသီး... ကောက်စားခဲ့သော နေရာကို ရောက်... သည်။ ဆီးသီးပင်များမှာလည်း မူလ... အတိုင်းရှိနေဆဲ၊ ကုက္ကိုပင်သည်လည်း ... ရှိနေဆဲပါ။

အဆိုပါ ဆီးပင်အောက်သို့ ရောက်... သောအခါ ကျွန်ုပ်သည် မျက်ရှုယ်ချက်...



www.burmeseclassic.com

www.burmeseclassic.com

ညီမည်ရရမရှိပါဘဲ ချင်းတွင်းမြစ်ဘက်မှ တိုက်ခတ်လာသော လေနုအေးကလေးများကို ခံစားရင်း ဆီးပင်အောက်တစ်နေရာတွင် ဝင်ပြီး ခဏအိပ်ကာ နားမိလေသည်။

* * *

ထိုအခါ နောင်ဂရောင်းချောင်းကမ်းပါးဘေးအတိုင်း ထွက်လာသော အသက် (၂၀)ခန့်ရှိ လူငယ်တစ်ဦး ကျွန်ုပ်ထံသို့ လာနေသည်ကို တွေ့ရလေသည်။ ကျွန်ုပ်ကလည်း အတော်ပါပဲ။ ဒီသူငယ်က ရေလဲရွာသားဖြစ်နေလျှင် ရွာအကြောင်း နည်းနည်းပါးပါးလေး မေးဦးမှဆိုပြီး အပြုံးဖြင့် ဆီးကြိုလိုက်သည်။ သူသည် ကျွန်ုပ်အနီးသို့ ရောက်သည်နှင့်...

'ဘဘက ရေလဲဘက်ကို သွားမယ်ထင်တယ်'

ဟု ပြောလေသည်။ ထိုအခါ ကျွန်ုပ်က...

'အေး ဟုတ်တယ်ကွယ့်၊ ဘဘက ဒီရွာသားပါပဲ။ ခုမှပဲ ပြန်ရောက်လာတာပါ'

ဟု ပြောလိုက်ရာ အဆိုပါ လူငယ်က ကျွန်ုပ်အား အတန်ကြာအောင် စိုက်ပြီးကြည့်လေတော့သည်။ ကျွန်ုပ်အား မြင်ဖူးပုံ မပေါ်သောအခါ...

'ဘဘကို ကျွန်တော် တစ်ခါမှ မမြင်ဖူးပါဘူး'

ဟု ပြောလေတော့သည်။ ထိုအခါ ကျွန်ုပ်က...

'မြင်ဖူးကောင်း မြင်ဖူးခဲ့မှာပါ။ ဒါပေမယ့် မမှတ်မိလို့နေပါလိမ့်မယ်။ ဘဘ ဒီရွာက ထွက်သွားတာ (၁၅)နှစ်ကျော်လာပြီလေ။ ဝန်ထမ်းဆိုတော့ တစ်မြို့ပြီးတစ်မြို့ ပြောင်းနေရတာကိုး။ နောက်ဆုံးနေခဲ့တဲ့ မြို့ကိုပဲကြည့်ဦး



ရသေ့တောင်မြို့မှာပါ။ ရသေ့တောင်မြို့ဆိုတာ ရခိုင်ပြည်နယ်ဘက်မှာပါ။ အဝေးကြီးပေါ့။ ဒါကြောင့် ရွာကို ပြန်မရောက်ဖြစ်ခဲ့တာပါ။ အခုတော့ ဖောင်းပြင်မြို့ဘက်ကို ပြန်ရောက်ခဲ့ပါပြီ။

ဘဘ ဒီရွာကနေ ထွက်သွားတုန်းက ငါ့တူတို့က ပုစုခရုအရွယ်တွေပဲ ရှိကြဦးမှာပေါ့။ ဒါကြောင့် မမှတ်မိတာပဲ ဖြစ်မှာပါ။ ဒီရွာက ဒေါ်အုန်းညွန့်ဆိုတာ ဘဘရဲ့မိခင်ပေါ့။ ဘဘရဲ့ညီမလေးတွေက ရွှေရင်တို့၊ ခင်မေသိန်းတို့၊ ခင်မေကြည်တို့၊ ခင်မေရီတို့ပေါ့'

ဟု ပြောလိုက်လျှင် လူငယ်က...

'ဩော် ကြားတော့ကြားမိတယ်ဗျ။ ဘဘအကြောင်းကို ပြောတာပါ'

'ဒါနဲ့ ငါ့တူရယ်၊ ခုနက ဘဘပြောခဲ့တဲ့သူတွေကော နေကောင်းကြရဲ့လား'

ဟု မေးလိုက်လျှင် လူငယ်လေးက...

'ဘွားဘွား ဒေါ်အုန်းညွန့်ကတော့ ကျန်းမာရေးကောင်းနေဆဲပါပဲ။ သူ့သမီးတွေကတော့ အိမ်ထောင်ကျကုန်ကြပါပြီ။ အားလုံး နေကောင်းကြပါတယ်'

'အေး အေး ငါ့တူရယ်၊ ခုလိုကြားရတာ ဘဘ ဝမ်းသာလို့ မဆုံးတော့ပါဘူးကွယ်။ ဒါနဲ့ ငါ့တူကကော ဒီရွာကပဲ မဟုတ်လား'

ဟု မေးလိုက်ရာ လူငယ်က...

'ဟုတ်ပါတယ် ဘဘရဲ့၊ ဒါကြောင့် မှာစရာလေးတစ်ခုရှိလို့ စကားအမှာပါးဖို့ ဘဘဆီ လာတွေ့တာပါ'

'ပြောစမ်းပါဦး ဘာတွေများ မှာစရာရှိလို့လဲ'

'ဒီလိုပါဘဘ၊ ရွာကိုရောက်ရင် ကျွန်တော့်ဇနီး မမွေးဆိုတာရှိပါတယ်။ အဲဒါ သူ့ကို ပြောပေးစေလိုပါတယ်။ သူ့ရဲ့ နားကပ်တစ်ရန်ကို ကျွန်တော် ဘူးထဲမှာထည့်ပြီး အိမ်ခေါင်းရင်းရဲ့ တိုင်ထိပ်ပေါ်မှာ တင်ထားခဲ့တဲ့ အကြောင်း ပြောပေးစေလိုပါတယ်။ ကျွန်တော်က သူ့ရဲ့ယောက်ျားပါ။ မြမောင်လို့ ခေါ်ပါတယ်။ ပြောဖြစ်အောင် ပြောပေးပါနော် ဘဘ'

ဟု အမှာစကား ပါးလေတော့သည်။ ထိုအခါ ကျွန်ုပ်က...

'နေစမ်းပါဦး ငါ့တူရဲ့၊ မင်းက ကိုယ့်ဟာကိုယ် သွားပြောလဲ ရရဲ့သားနဲ့ ဘာပြုလို့ ငါ့ကိုလာပြီး မှာရသတုံး။ ပြီးတော့ မင်းကကော ရွာကို မပြန်တော့ဘူးလား'

ဟု ပြောလိုက်လျှင် လူငယ်က မျက်နှာငယ်လေးနှင့် ခေါင်းကို အနည်းငယ်မျှ လှုပ်ယမ်းကာ...

'တော်ပါပြီ ဘဘ၊ ဘဘ မပြောချင်လဲရပါတယ်။ ကျွန်တော် သွားလိုက်ပါဦးမယ်'

ဟု ဆိုကာ သူ ထွက်လာသော နောင်ဂရောင်းချောင်းအတိုင်း ပြန်ပြီးဝင်သွားပါတော့သည်။ ထိုစဉ် ကျွန်ုပ်လည်း အိပ်ရာမှ လန့်နိုးလာပါတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။ အိပ်မက်ပါတကား။ ဒီအိပ်မက်က တကယ်လိုလိုပါလား။ ဘာများပါလိမ့်ဟု စဉ်းစားရင်း ခရီးဆက်ခဲ့သည်။

ထို့နောက် ကျွန်ုပ်သည် ရွာဘက်ဆီသို့ ချင်းတွင်းမြစ်ကမ်းဘေးရှိ လမ်းအတိုင်း ဆက်ပြီးထွက်ခဲ့ပါတော့သည်။ လမ်းတွင်တွေ့ရသော လူငယ်အချို့ကို ကျွန်ုပ်က မမှတ်မိတော့။ သူတို့ကလည်း ကျွန်ုပ်အား မှတ်မိပုံမရ။ အချို့သောသူများက ကျွန်ုပ်အား ငဲ့စောင်းပြီး ကြည့်သွားကြသည်။ ဇဝေဇဝါ ဖြစ်နေပုံရပါသည်။ နှုတ်ဆက်မေးမြန်းခြင်းကား မရှိကြ။

သို့ဖြင့် ကျွန်ုပ်သည် ရွာထဲသို့ တဖြည်းဖြည်းချင်း ဝင်ရောက်ခဲ့ပါတော့သည်။

ရွာထဲသို့ ရောက်သောအခါ ကျွန်ုပ်၏မိခင်နှင့်တကွ ဆွေမျိုးသားချင်းများက ဝမ်းပန်းတသာကြိုကြပြီး ပျော်ရွှင်လျက်ရှိကြပါသည်။ ကျောင်းနေဖက်သူငယ်ချင်းများလည်း ရောက်လာကြပါသည်။ ကျွန်ုပ်တို့အနေဖြင့် ထိုနေ့တစ်ညလုံး ပြောကြဆိုကြဖြင့် ပြော၍မဝနိုင်အောင် ဖြစ်ကြရသည်။

နေအတော်စောင်းသောအခါ ရွာဦးက ဘုန်းကြီးကျောင်းဘက်ဆီသို့ သူငယ်ချင်းများနှင့် ထွက်ခဲ့ကြပါသည်။ ထိုကဲ့သို့ ထွက်လာရင်း နောင်ဂရောင်းချောင်းနားတွင် အိပ်ပျော်သွားရာမှ အိပ်မက်ထဲတွင် တွေ့လိုက်ရသော လူငယ်တစ်ယောက် မှာလိုက်သော စကားကို သတိရမိရာက သူငယ်ချင်းများအား ဒီရွာမှာ 'မမွှေးဆိုတဲ့ မိန်းကလေးရှိလား'ဟု မေးရာ သူတို့က ရှိပါကြောင်း၊ ရှေ့မှာ ကလေးတစ်ယောက်နှင့် ဆော့ကစားနေသည်မှာ မမွှေးပင်ဖြစ်ကြောင်း ပြောကြပါသည်။

ထိုအခါ ကျွန်ုပ်က မမွှေးဆီသွားပြီး...

'ဟဲ့ ကလေးမ မင်းရဲ့ နားကပ်တစ်ရန်ကို အိမ်ခေါင်းရင်းတိုင်ရဲ့ထိပ်မှာ ဘူးကလေးထဲထည့်ပြီး တင်ထားတယ်တဲ့။ မင်းယောက်ျားက ငါ့ကို မှာလိုက်တယ်'

ကျွန်ုပ်၏စကားကို မမွှေးနှင့် အခြားသူများက နားမလည်နိုင်သော အကြည့်များနှင့်ကြည့်ပြီး သူငယ်ချင်းတစ်ယောက်က...

'ဟာ မင်းများနေပြီ သူငယ်ချင်း။ သူ ယောက်ျားဆုံးတာ (၃)လလောက်ရှိပြီ ယောက်ျားမရှိဘူး'

ဟု ပြောလေသည်။ ထိုအခါ ကျွန်ုပ်မှာ အလွန်အံ့ဩသွားပြီး စင်းလုသော အိပ်မက်ကို အံ့ဩနေမိပါသည်။

'ငါ ဘယ်သိမလဲကွာ၊ အိပ်မက်ထဲမှာ သူက မှာလိုက်လို့သာ ပြောနေရတာပေါ့ကွ။ အသားခပ်လတ်လတ်၊ မျက်ခုံးကောင်းကောင်း အသက်က (၂၀)လောက်ပဲ ရှိဦးမယ်ထင်တယ်'

ဟု ပြောလိုက်ရာ မမွှေးဆိုသူက မျက်လုံး ကလယ်ကလယ်ဖြင့် ရှိနေရာကနေ...

'အောင်မယ်လေး ကိုမြမောင်ရေ ကျွန်မဖြင့် ရှာလိုက်ရတာ ခေါင်းကို တောက်နေတာပဲ။ အဟီး... ဟီး... ဟီး...'

ဟူ၍ အော်ဟစ်ငိုယိုပြီး သူမ၏ နေအိမ်ပေါ်သို့ ပြေးတက်သွားလေတော့သည်။

ကျွန်ုပ်တို့ကလည်း လမ်းမပေါ်မှာ ရပ်ပြီး ပဟေဠိဆန်သော ဖြစ်ရပ်တစ်ခုအား အဖြေညှိနိုင်ရန် မမွှေးအား စောင့်ကြည့် အကဲခတ်နေကြပါတော့သည်။

ယင်းနောက် တစ်ယောက်တစ်ပေါက် ထင်ကြေးတွေ အမျိုးမျိုးပေးပြီး ဝေဖန်ပြောဆိုနေကြစဉ် အဆိုပါ မမွှေးဆိုသော ကလေးမလေးသည် ပရုတ်ဆီဘူးထဲထည့်ထားသော နားကပ်တစ်ရန်အား ကိုင်ပြီး အိမ်အောက်သို့ မျက်ရည် စမ်းစမ်း စမ်းစမ်းဖြင့် ဆင်းလာလေတော့သည်။

ကျွန်ုပ်တို့အနားဆီ ရောက်သောအခါ...

'ဟောဒီမှာရှင့်။ ကျွန်မရဲ့ နားကပ်တစ်ရန်ကို သူက ကျွန်မ မသိအောင် သွားဝှက်ထားတာ။ ကျွန်မ ရောင်းစားမှာ စိုးလို့တဲ့လေ။ ကျွန်မမှာတော့ သူသေသွားပြီးတဲ့နောက်ပိုင်း ရှာလိုက်ရတာ ဖတ်ဖတ်ကို မောနေတာပဲ။ အခု လူကြီးနဲ့ အမှာစကား ပါးလိုက်တော့မှပဲ ပြန်တွေ့ရတော့တယ်။ အောင်မယ်လေး ကိုမြမောင်ရဲ့ ကျွန်မကို ခုထိ သတိရနေတုန်းပါပဲလား ဟီး... ဟီး... ဟီး...'

ကျွန်ုပ်တို့နှင့်တကွ လိုက်ပါလာကြသော သူငယ်ချင်းများအားလုံးက အံ့ဩမဆုံး ဖြစ်ကြရပါတော့သည်။

ကျွန်ုပ်လည်း ထိုအခါကျမှ နောင်ဂရောင်းချောင်း အိပ်မက်ထဲတွင် တွေ့ခဲ့ရသော လူငယ်ကလေးမှာ ပရလောကသားဖြစ်ပြီး အဆိုပါ ပရလောကသားသည် ကျွန်ုပ်အား အမှာစကား ပါးလိုက်မှန်း သိရပါတော့သည်။

ချစ်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



မေဒိုးမြယ်နှင်း (ဘဏ်)

# ရုက္ခစိုးနတ်ပင်ကြီးနှင့်

## ကျွန်မ၏ ကိုယ်တွေ့ဖြစ်ရပ်များ

ဝန်ထမ်းတစ်ဦးဖြစ်သည့် ကျွန်မသည် ကျေးရာတာဝန်ဖြင့် တောင်ပေါ်မြို့လေးတစ်မြို့သို့ မိသားစုနှင့် ခွဲခွာ၍ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ခဲ့စဉ်က ဖြစ်ပါသည်။

ကျွန်မတို့ဌာနတည်ရှိရာ အဆောက်အအုံသည် အလွန်ကျယ်ဝန်းသော ခြံကြီးတစ်ခြံအတွင်း၌ တည်ရှိပါသည်။

သစ်ပင်၊ဝါးပင်ကြီးများဖြင့် အုပ်ဆိုင်းနေကာ ကျွန်မနေသည့်အဆောက်အအုံမှာ သီးခြား တည်ရှိနေပြီး အဆောက်အအုံအနီး၌ နှစ်ကာလ ကြာမြင့်ပြီဖြစ်သော လူသုံးဖက်စာခန့် အလွန်ကြီးမားသော ညောင်ပင်ကြီးတစ်ပင် ရှိပါသည်။

တုတ်ခိုင်ကြီးမားသော နွယ်ကြိုးကြီးများ တွဲလွဲကျနေသဖြင့် **"ညောင်မုတ်ဆိတ်"**ဟု ခေါ်ကြကြောင်း သိရှိရပြီး ညောင်ကိုင်းကြီးများလည်း တစ်ကိုင်းပြီးတစ်ကိုင်း အထပ်ထပ် ထိုးထွက်နေသဖြင့် တချို့က **"ညောင်လှေကား"** ဟူ၍လည်း ခေါ်ဆိုကြကြောင်း သိရှိရပါသည်။

ညောင်ပင်ကြီးအား မြင်တွေ့ရသည်မှာ ထူးဆန်းအံ့သြဖွယ်ရာ ကောင်းပြီး နက်နဲသိမ်မွေ့ပြီး ဂမ္ဘီရဆန်သည့် အပင်ကြီးနှင့် တူပါသည်။

ညောင်ပင်ကြီးပေါ်တွင် ကျေးငှက်မျိုးစုံ လာရောက်ခိုနားနေကြပြီး ညအခါတွင် ခိုညည်းသံများ၊ ညဉ့်ငှက်အော်သံများဖြင့် ဆူညံနေပြီး စိတ်ချောက်ချားစရာ ကောင်းလှပါသည်။

ညောင်ပင်ကြီးတွင် ရုက္ခစိုးနတ်စင်ကြီးရှိ၍ ကျွန်မနေ့စဉ် ပန်း၊ ဆီမီး။





www.burmeseclassic.com

www.burmeseclassic.com



အမွေးတိုင်များ ကပ်လှူပူဇော်ပေးခြင်း ရေချမ်းများ လှူဒါန်း ပက်ဖျန်းပေးခြင်းများ ပြုလုပ်ပေးပါသည်။

ညောင်ပင်ခြေရင်း ပတ်ဝန်းကျင်အားလည်း တံမြက်စည်းလှည်း၍ သန့်ရှင်းစေပါသည်။

အိပ်ရာထ မျက်နှာသစ်ပြီးတိုင်း ညောင်ပင်ကြီးရှိရာ မျက်နှာမူ၍ မေတ္တသုတ်ပရိတ်တော်အား ရွတ်ဖတ်ပူဇော်ပေးပြီး မေတ္တာဘာဝနာများ ပွားများပေးပါသည်။

အိပ်ရာဝင်သောအချိန်တွင် ဘုရားရှိခိုး၍ ပရိတ်တရားတော်များ ရွတ်ဖတ်ခြင်း၊ တရားထိုင်ခြင်း၊ ဂုဏ်တော်ပွားများခြင်းများဖြင့် တရားအားထုတ်၍ မေတ္တာပို့ပြီး အမျှအတန်းများ ပေးဝေပါသည်။ အမျှအတန်း ပေးဝေရာတွင် (ကြေးစည်ထု၍) အမျှပေးဝေလေ့ ရှိပါသည်။

တစ်ခါတစ်ရံတွင် ကျွန်မ တရားထိုင်နေစဉ် လေ့ကားပေါ်သို့ လူများတက်လာသကဲ့သို့ ခြေသံလိုလို ကြားရပါသည်။ ကျွန်မ၏ မေတ္တာဘာဝနာ ကမ္မဋ္ဌာန်းထိုင်ခြင်းကြောင့် အာရုံ မပျက်ခဲ့ပါ။ စိတ်နှလုံးအေးချမ်းမှုလည်း ရှိပါသည်။ တရားတန်ခိုးကြောင့် စိတ်အေးချမ်းမှုနှင့်အတူ စိတ်ဓာတ်ကြံ့ခိုင်နေပါသည်။

ကျွန်မ နေမကောင်းဖြစ်ခဲ့သော ညတစ်ညတွင် ထူးဆန်းသော အိပ်မက် မြင်မက်ပါသည်။ အိပ်မက်ထဲ၌ ရဟန်းပုဂ္ဂိုလ်ကြီးတစ်ဦး ကြွရောက်လာသည်ကို ထင်ထင်ရှားရှား ဖူးတွေ့ရပါသည်။ ရဟန်းပုဂ္ဂိုလ်ကြီးက ကျွန်မ၏ ဦးခေါင်းပေါ်သို့ လက်ဖြင့် သပ်၍ ပျောက်ကွယ်သွားပါသည်။

ကျွန်မ အိပ်ရာမှ နိုးလာသောအခါ စိတ်မှာ အလိုလို ကြည်လင်နေသဖြင့် နေကောင်းသွားပါသည်။

နောက်တစ်နေ့တွင် ကျွန်မအိမ်သို့ အကြားအမြင် ဗဟုသုတ အတွေ့အကြုံရှိသော မိတ်ဆွေတစ်ဦး မမျှော်လင့်ဘဲ ရောက်ရှိလာပါသည်။ ကျွန်မ နေမကောင်းဖြစ်ခဲ့သည်ကို ကြိုတင်သိမထားဘဲ...

'အစ်မကြီး နေမကောင်းဖြစ်နေတာ ကြာပြီ မဟုတ်လား။ အခု နေကောင်းသွားတာ ရုက္ခစိုးနတ်မင်းကြီးက စောင့်ရှောက်ခဲ့တာ' ဟု ပြောပါသည်။

ကျွန်မ အံ့သြစွာဖြင့် ကျွန်မ၏ အိပ်မက်ကို ပြောပြမိပါသည်။

'ရုက္ခစိုးနတ်တွေဟာ သူတို့ကို ကြည်ညိုတဲ့ ပုဂ္ဂိုလ်တွေကို ကိုယ်ထင်ကိုယ်ယောင် ပြတတ်တယ်'

တဲ့။ နောက်ပြီး...

'ဒီခြံဝင်းကြီးထဲမှာ ပရလောကသား ညီနောင်လဲ ရှိတယ်'

ဆိုသည့် စကားကို ထပ်မံကြားရပြန်သောအခါ ကျွန်မ ကြက်သီးထမိပါသည်။

မည်သို့ပင်ဖြစ်စေ ကျွန်မ တစ်ယောက်တည်း နေရသော်လည်း ရတနာမြတ်သုံးပါး ဂုဏ်ကျေးဇူးကြောင့် အားငယ်စိတ်များ၊ ကြောက်လန့်သည့် စိတ်များ မရှိခဲ့ခြင်းမှာ အမှန်ပင်ဖြစ်ပါသည်။

မြတ်စွာဘုရား၏ ဂုဏ်တော်၊ တန်ခိုးတော်များနှင့် မေတ္တာဘာဝနာ ပွားများခြင်းအကျိုးကြောင့် ကျွန်မ အလိုလို အားရှိနေပါသည်။

**"ဘုရား၏ ဂုဏ်တော်တွေကို အမြဲပွားများ အားထုတ်နေသည့်အတွက် ဘုရားနှင့် အတူတူ နေရသည်မည်၏။ ဘုရားဂုဏ်တွေ အားထုတ်သူသည် စေတီထိုက်သည်"** ဟု ကျမ်းဂန်များမှာ အားပေးချီးကျူးထားကြောင်းကို လေ့လာ မှတ်သားရပါသည်။

အချိန်ပိုင်း၊ နာရီပိုင်းလေး အဓိဋ္ဌာန် ပါရမီမြောက်အောင် ကြိုးစားပွားများသွားမယ်ဆိုလျှင် ရက်ပိုင်း,လပိုင်း အတွင်းမှာ စိတ်ချမ်းသာကြည်လင်မှု အကျိုးတွေ ခံစားရလိမ့်မည်ဟူ၍လည်း **သာကီနွယ်၏ (ဂုဏ်တော်ကျင့်စဉ်)** စာအုပ်များမှလည်း လေ့လာမှတ်သားရပါသည်။

ဤလောကကြီးတွင် ပရလောကသားများနှင့် ရုက္ခစိုးနတ်များ၊ မကျွတ်မလွတ်သေးသည့် ပုဂ္ဂိုလ်များ အမှန်တကယ် ရှိနေနိုင်ကြသေးသဖြင့် သူတို့အတွက် ရည်မှန်း၍ ကုသိုလ်ကောင်းမှု အစုစုတို့ကို ပြုလုပ်ပေးနိုင်ကြပါရန် လေးစားစွာဖြင့် ကျွန်မ၏ ဖြစ်ရပ်မှန်များနှင့်အတူ ရေးသားတင်ပြလိုက်ရပါသည်။

***သတ္တဝါအားလုံး မေတ္တာနှလုံး ကိုယ်စီသုံး၍ ရွှင်ပြုံးချမ်းမြေ့ကြပါစေ။***

**မေမိုးမြင့်ပန်း (ဘဏ်)**





www.burmeseclassic.com

www.burmeseclassic.com

အောင်ဇေနိုင်
(B.Sc)

# ငါ့ကြယ်သီး ပြန်ပေး



၁၉၇၆ ခုနှစ်၊ ပတ်ဝန်းကျင်က ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံဒေသရှိ၊ မိုင်းယန်းမြို့ကလေးမှာ စိုက်ပျိုးရေး လုပ်ငန်းများ၊ အရောင်းအဝယ်လုပ်ငန်းများဖြင့် စည်ကားလျက် ရှိပေသည်။ ဤကဲ့သို့ စည်ကားသာယာသည့် မိုင်းယန်းမြို့လေး၏ ပတ်ဝန်းကျင်ကို ထိုစဉ်က သူပုန်များက ဝင်ရောက်နှောင့်ယှက်ပစ်ခတ်မှုများ မကြာခဏပြုလုပ်လေသည်။

သူပုန်များ အင်အားတောင့်တင်းသည့် အချိန်ကာလဖြစ်၍ တပ်မတော်စစ်ကြောင်းများက နေ့မအား၊ ညမအား ထိုးစစ်ဆင် ကာကွယ်ပေးလျက် မြို့ကို လုံခြုံအောင် ဆောင်ရွက်နေရလေသည်။ ကျိုင်းတုံမြို့မှနေ၍ ဝမ်တာပုံကျေးရွာ၊ မိုင်းခက်မြို့၊ မိုင်းလွေကျေးရွာတို့ကို ဖြတ်ကျော်ပြီးပါက မိုင်းယန်းမြို့ကလေးသို့ ရောက်ရှိမည်ဖြစ်ပါသည်။

ကျိုင်းတုံနှင့် မိုင်းယန်းမြို့သည် ခရီးမိုင်(၆၅)မိုင်ခန့်သာ ကွာဝေးသော်လည်း ထိုစဉ်အခါက လမ်းပန်းဆက်သွယ်ရေးမကောင်းခြင်း၊ လုံခြုံရေးအရ ဂရုတစိုက်သွားလာရခြင်းတို့ကြောင့် နှစ်ညအိပ်သုံးရက်ခန့်ကြာအောင် ထိုခရီးကို သွားခဲ့ရလေသည်။ တစ်ခါတစ်ရံ ထိုကျိုင်းတုံ၊ မိုင်းယန်းခရီးစဉ်သည် ထို့ထက်ပင် ရက်ကြာကြာ သွားခဲ့ရသည်များလည်း ရှိခဲ့သည်။

မိုင်းယန်းမြို့လေး၏ အစွန်တွင် ဘောလုံးကွင်း (၃)ကွင်းစာမျှ ကျယ်ဝန်းသည်။ ''ရဲကုန်း''ဟု ခေါ်တွင်သည့် တောင်ကုန်းမြင့်မြင့်လေးတစ်ခု ရှိလေသည်။ ထိုရဲကုန်းတွင် တပ်မတော်စစ်ကြောင်းများမှ တပ်ခွဲတစ်ခွဲ အခြေပြု တပ်စွဲထားလေသည်။ တစ်နေ့တွင် ထောင်ဂဏန်းမျှ များပြားသည့် သူပုန်တို့သည် ထိုရဲကုန်းစခန်းကို အကျအဆုံးများစွာ စတေးပြီး တိုက်ခိုက်သိမ်းလိုက်ပါတော့သည်။

www.burmeseclassic.com



ရန်သူ့လက်သို့ ကျရောက်သွားသည့် ရဲကုန်းစခန်းကို လက်နက်ကြီးများ ပစ်ကူဖြင့် တပ်မတော်စစ်ကြောင်းများက စုစည်းတိုက်ခိုက်ရာ သူပုန်များ ကစဉ့်ကလျား ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။ သူပုန်များ နောက်သို့ လက်နက်ကြီးများဖြင့် ထပ်မံပစ်ခတ်တိုက်ခိုက်သောကြောင့် မိုင်းယန်း၊ ရဲကုန်းစခန်း တိုက်ပွဲသည် သူပုန်တို့ အထိနာခဲ့သည့် တိုက်ပွဲကြီးတစ်ခုဟု ဆိုရမည်ဖြစ်ပါသည်။

ရဲကုန်းတပ်စခန်းတွင် သူပုန်အလောင်းများ မြင်မကောင်းအောင် ကျန်ရစ်ခဲ့ပါသည်။ ရန်သူ့အလောင်းများကို သတ်မှတ်ထားသည့် နေရာသို့ ပို့ဆောင်ဖယ်ရှားပြီးနောက် တပ်ခွဲတစ်ခွဲ တပ်စွဲနေရာယူ လိုက်ပါသည်။ ရဲကုန်းစခန်းတွင် ရင်ခေါင်းခန့်အနက်ရှိပြီး အကျယ် (၃)ပေခန့်ရှိသည့် ဆက်သွယ်ရေမြောင်းကြီးများကို ပတ်ပတ်လည် ကွေ့ကာကောက်ကာ တူးဖော်ထားလေသည်။

တိုက်ပွဲကြီးပြီးခါစဖြစ်သော ရဲကုန်းစခန်းတွင် ယမ်းခိုးယမ်းနံ့များ၊ မီးလောင်ကျွမ်း၍ ပေါ်ထွက်လာသည့် မီးခိုးပြာပူအနံ့များ၊ သွေးညှီနံ့များဖြင့် မွန်ထူလျက်ရှိနေပါသည်။ တပ်ကြပ်ကြီး မင်းဆွေသည် ကတုတ်ကျင်းတစ်ခုအတွင်း ဆောက်လုပ်ထားသည့် တဲကြီးတစ်ခု၌ နေထိုင်ခွင့်ရခဲ့သည်။

ကင်းစောင့်ရမည့် ကင်းတဲနေရာ၊ မီးဖိုတဲနေရာတို့နှင့်လည်း မနီးမဝေးဖြစ်၍ တပ်ကြပ်ကြီး မင်းဆွေအဖို့ ရဲကုန်းစခန်းမှာ နေထိုင်ရသည်မှာ အဆင်ပြေလှပါသည်။

ရဲကုန်း တပ်စခန်းအတွင်း လှည့်လည်ကြည့်ရှုရင်း ဆက်သွယ်ရေးမြောင်း၏ ထောင့်တစ်နေရာတွင် သူပုန်များ အကျီ၌ တပ်ဆင်အသုံးပြုသည့် စိမ်းပြာရောင် ကြယ်သီးတစ်လုံးကို အမှတ်မထင် တွေ့လိုက်ရသည်။ တပ်ကြပ်ကြီးမင်းဆွေသည် ထိုကြယ်သီးလေးကို ကောက်ယူကြည့်လိုက်ပြီး နောက်တစ်ချိန် လိုလျှင်သုံးရအောင်ဟူသည့် စိတ်ကူးဖြင့် မိမိအိပ်ဆောင်တဲသို့ ယူလာခဲ့မိသည်။

စစ်သုံးမျက်နှာသုတ်ပဝါ အကြီးဖြင့် စစ်ဝတ်များ၊ အရပ်ဝတ်များကို ရစ်ပတ်ပြီး ခေါင်းအုံးသဖွယ် ပြုလုပ်ထားသည့် အဝတ်ထုပ်အောက်တွင် ထိုစိမ်းပြာရောင်ကြယ်သီးလေးကို ထားလိုက်သည်။

ညဥ့်ဦးပိုင်း တာဝန်ပြီးဆုံး၍ အိပ်ရန် တဲအတွင်းသို့ ပြန်လာပြီး အိပ်စက်နားနေရန် ပြုလုပ်စဉ် ထူးထူးခြားခြား အိပ်၍မရ မျက်စိကြောင်နေသလိုဖြစ်နေသည်ကို ဂရုထားမိလေသည်။

'ဒီည ဘာကြောင့် အိပ်လို့မရတာပါလိမ့်'

ဟုလည်း စဉ်းစားလိုက်မိပြန်သည်။ ညသည် လမသာသော်လည်း ကြယ်ရောင်များဖြင့် အလင်းအားကောင်းလျက် ရှိပါသည်။

ညဥ့် သန်းခေါင်ယံအချိန်ခန့်တွင် အပုပ်နံ့တစ်မျိုး စူးစူးရှရှ နှာခေါင်းထဲဝင်လာ၍ ကြက်သီးမွေးညင်းများ ထခဲ့မိပါသည်။

'အရင်ညတွေက ဒီအပုပ်နံ့ မရဘဲ အခုမှ ဘာလို့ ဒီအနံ့ ထွက်လာရပါလိမ့် ဘယ်ကနေ ထွက်လာတာလဲ'

ဟု တွေးတောနေစဉ် အနံ့ဆိုး ပျောက်သွားပြန်သည်။ တဲအပြင်သို့ ထွက်ကြည့်ခဲ့သော် အနံ့ဆိုးကို မရ တော့။

တပ်ကြပ်ကြီး မင်းဆွေတစ်ယောက် အိပ်၍မရမည့်အတူတူ လမ်းလျှောက်တာက ကောင်းမယ်ဟူသော အတွေးဖြင့် တဲအပြင် ဆက်သွယ်ရေးမြောင်းအတိုင်း ခြေဆန့်လက်ဆန့် လမ်းလျှောက်လိုက်သည်။ မိမိတဲအတွင်းသို့ ပြန်ဝင်စဉ် တစ်စုံတစ်ယောက်၏ ခြေသံက ကပ်ပါလာပြီး လှည့်ကြည့်ရာ ဘာမှ မတွေ့ဘဲဖြစ်နေ၍ ခြေသံထူးခြားလှပါ တကားဟု စဉ်းစားရပြန်သည်။

တဲအတွင်း ကွပ်ပျစ်ပေါ် လှဲအိပ် လိုက်ရင်း တဲဝသို့ လှည့်ကြည့်လိုက်မိ



www.burmeseclassic.com

www.burmeseclassic.com

ရာ လူရိပ်သဏ္ဌာန်တစ်ခုကို တွေ့လိုက်ရသည်။ ဘယ်သူဖြစ်မလဲဆိုပြီး တဲဝသို့ ထွက်ကြည့်သော်လည်း မည်သူကိုမျှ မတွေ့ရ။ တဲအတွင်း ကွပ်ပျစ်ပေါ် ထိုင်လိုက်သည်နှင့် လူရိပ်သဏ္ဌာန်က ပေါ်လာပြန်သည်။

'မင်း ဘာသာမင်း ဘာကောင်ဖြစ်ဖြစ်၊ ငါတော့ အိပ်ပြီကွာ'


ဟု စိတ်ကူးပြီး အိပ်လိုက်သော်လည်း အိပ်၍ မရဖြစ်ပြန်သည်။ တဲဝတွင် လူရိပ်သဏ္ဌာန်က ယခင်ထက်ပို၍ ပီပီပြင်ပြင် ပေါ်လာပြန်သည်။

တပ်ကြပ်ကြီးမင်းဆွေသည် "လူရိပ်ကို မကြည့်တော့ဘူး၊ ငါ့ဘာသာ ငါပဲ ကြိုးစားအိပ်တော့မယ်" ဟု စိတ်ကူးပြီး တဲဝကို ကျောပေး၍ အိပ်လိုက်သည်။ သူ့ရဲတစ္ဆေ မကြောက်တတ်သူ တပ်ကြပ်ကြီး မင်းဆွေတစ်ယောက် အသံတစ်ခုကို ထပ်မံကြားလိုက်ပြန်သည်။ နောက်ကျော တဲဝမှ ထွက်လာသည့် အသံသည် ပထမတိုးတိုးဖြစ်၍ ဘာပြောနေမှန်းမသိ ဖြစ်ရသည်။

တဖြည်းဖြည်းနှင့် အသံမှာ ကျယ်လာသည်။ လေးလေးပင်ပင်နှင့် ခပ်အစ်အစ်အသံ ဖြစ်သည်။ သေသေချာချာ နားထောင်ကြည့်လိုက်တော့ **"ငါ့ကြယ်သီးပြန်ပေး"** ဟူသော အသံကြီး ဖြစ်နေသည်။ အသံမှာ ရပ်လိုက်၊ ပေါ်လာလိုက် ဖြစ်နေသည်။ တပ်ကြပ်ကြီး မင်းဆွေလည်း ဒေါသအနည်းငယ်ဖြစ်လာ၍ "မပေးဘူးကွာ၊ ဘာဖြစ်သေးလဲ" ဟု နှုတ်မှ ခပ်တိုးတိုး ပြောလိုက်သည်။

ထိုအခါ "ငါ့ကြယ်သီး ပြန်ပေး" ဟူသော အသံကြီးမှာ မရပ်မနား၊ ခပ်လေးလေး၊ ခပ်အစ်အစ် ပြောဆိုလာပါတော့သည်။

'ဒီအတိုင်းဆိုရင်တော့ ငါ အိပ်လို့ရ



မှာ မဟုတ်တော့ဘူး။ ဒီကြယ်သီးကို ပြန်ပေးမှ ကောင်းမယ်'

ဟူသော အတွေးဖြင့် အဝတ်ထုပ် ခေါင်းအုံးအောက်ကို နှိုက်လိုက်ရာ ကြယ်သီးကို တစ်ခါတည်း စမ်းမိပါတော့သည်။

ကြယ်သီးကို လက်ထဲဆုပ်ကိုင်ထားစဉ် "ငါ့ကြယ်သီး ပြန်ပေး" ဟူသော အသံကြီးမှာ ခပ်ညြညြကြီးဖြင့် ထွက်ပေါ်နေပြန်သည်။ တဲအတွင်း ကွပ်ပျစ်ပေါ် ပက်လက်အိပ်သည့် အနေအထားမှ "ရော့ကွာ မင်းကြယ်သီး" ဟု နှုတ်က ဆိုပြီး တဲအဝသို့ ကြယ်သီးကို ပစ်ပေါက်ပေးလိုက်သည်။

အချိန်မှာ ညဉ့်တစ်နာရီခန့်ဖြစ်သည်။ ကြယ်သီးကို တဲအဝသို့ ပစ်ပေါက်လိုက်သည်နှင့် "ငါ့ကြယ်သီး ပြန်ပေး" ဟူသော အသံကြီးလည်း ပျောက်ကွယ်သွားလေသည်။ ထိုအခါကျမှ တပ်ကြပ်ကြီး မင်းဆွေလည်း အိပ်၍ရသွားခဲ့တော့သည်။

နံနက်မိုးလင်းသည်နှင့် ညက ကြယ်သီး ပစ်ပေါက်ပေးလိုက်သည့် တဲအဝကို ရှာကြည့်ရာ ကြယ်သီးကို လုံးဝ ရှာမတွေ့ ဖြစ်နေသည်။ နှံ့နှံ့စပ်စပ် အသေးစိတ် ထပ်မံရှာကြည့်သော်လည်း ကြယ်သီးကို မတွေ့ရ၍ ထူးဆန်းလှပါတကားဟု တပ်ကြပ်ကြီး မင်းဆွေ တွေးလိုက်သည်။ ဘယ်ကိုများ ဒီကြယ်သီး ရောက်သွားပါလိမ့်။

ဤသို့ဖြင့် တပ်ကြပ်ကြီးမင်းဆွေ တစ်ယောက် ဆက်သွယ်ရေးမြောင်း အတိုင်း လမ်းလျှောက်ခဲ့ရာ ဆက်သွယ်ရေးမြောင်း၊ ထောင့်ချိုးအကွေ့ မူလ နေရာတွင် စိမ်းပြာရောင်ကြယ်သီးကို ပြန်တွေ့လိုက်ရလေသည်။

'ငါ့တဲအဝနဲ့ ဒီနေရာဟာ ကိုက်တစ်ရာလောက် ဝေးတာပဲ။ တဲထဲက ပစ်လိုက်တာ ဘယ်လိုလုပ်ပြီး ဒီကြယ်သီးက ဒီနေရာကို ပြန်ရောက်လာပါလိမ့် တော်တော်ကို ထူးဆန်းလှပါတကား'

ဟူသော အသိစိတ်ကူးဖြင့် ကြယ်သီးကို သေသေချာချာ ငုံ့၍ကြည့်လိုက်သည်။

'ငါ မနေ့ညနေက ကောက်ယူခဲ့တဲ့ ကြယ်သီးလေးပဲ။ မနေ့ညက အိပ်ရေးပျက်အောင် ဒုက္ခပေးခဲ့တဲ့ ဒီကြယ်သီးကို တော်ပြီ လက်ဖျားနဲ့တောင် မထိတော့ဘူး'

ဟု တပ်ကြပ်ကြီး မင်းဆွေတစ်ယောက် စိတ်ကူးရင်း ထိုကြယ်သီး နေရာမှ မိမိအိပ်စင်တဲနေရာသို့ ခပ်သွက်သွက် ခြေလှမ်းများဖြင့် ထွက်ခွာလာခဲ့ရပါတော့သည်။

**(မနုဖြူမြို့၊ ခ.မ.ရ(၁၀၈)မှ တပ်ကြပ်ကြီးမင်းဆွေ သူရဲကောင်း မှတ်တမ်းဝင်၏ ကိုယ်တွေ့ ဇာတ်လမ်း ဖြစ်ပါသည်။)**

*သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ*

**အောင်ရန်နိုင်** *(B.Sc)*



www.burmeseclassic.com

www.burmeseclassic.com

# အိမ်ဆောက်က သစ်ငုတ်တို

မောင်ဖြိုး (ရာမည)



အိမ်ဆောက်မည်ဆိုလျှင် ဆောက်မည့် မြေကွက်လပ်ကို အရင်ဆုံး မြေလှန်ရ၏။ အိမ်တစ်လုံးစာ ကွက်လပ်ကို ပေါက်တူးဖြင့် စတီသဘော ရှုပ်ပေါက်လည်း ရပါသည်။ ပြီးလျှင် ပရိတ်ရေ၊ သဲတို့ဖြင့် ကြဲပက်ရ၏။ တတ်နိုင်ပါက သံဃာများ ပင့်ဖိတ်ပြီး ပရိတ်ရွတ် မြေသန့်နိုင်လျှင် ပိုကောင်းပါသည်။


အိမ်ဆောက်မည့် မြေကွက်လပ် အတွင်းရှိ သစ်ငုတ်၊ ဝါးငုတ်များကို မဖယ်ဘဲ ငုံ၍ ခွ၍ မဆောက်ကောင်းသည့် အကြောင်းကို ဖြစ်ရပ်မှန်တစ်ခုနှင့် သက်သေပြ၍ တင်ပြပါမည်။ စာရှုသူများထဲတွင် ယုံသူ၊ မယုံသူတော့ ရှိပါမည်။

မည်သို့ဆိုစေ ဘဝအတွေ့အကြုံ တစ်စိတ်တစ်ဒေသကို အများအတွက် ရည်သန်၍ မျှဝေချင်သည်က ကျွန်တော်တို့လို စာရေးသူတွေ၏ စေတနာပဲ ဖြစ်ပါသည်။ ကိုယ့်စာလေးတစ်ပုဒ်ကြောင့် သူတစ်ပါး အသိရှိသွားလျှင်၊ ပိတ်သည့်မျက်စိ ပွင့်လျှင် ကြိုးစားရေးသားရကျိုးနပ်၍ ပီတိနှင့်ပင် ဝမ်းပြည့်ချင်ပါသည်။

ကျွန်တော့်အဖေဘက်က အမျိုးများရှိရာ နယ်စပ်ဒေသတွင် အတော်ကြာကြာ ကျင်လည်ခဲ့စဉ်က အတွေ့အကြုံတွေဖြစ်သည်။ ထိုစဉ်က နယ်မြေအနေအထားမှာ ယခုလို အေးအေးချမ်းချမ်းမဟုတ်။ လက်နက်ကြီးသံ တဒိန်းဒိန်း၊ လက်နက်ငယ်သံ တဖျောက်ဖျောက်နှင့် ဖြစ်သည်။

သစ်လုပ်၊ ဝါးခုတ်ဖို့ တောတက်

www.burmeseclassic.com



သူတွေ မိုင်းထိခံရတာလည်း နေ့စဉ်လိုလို။ တချို့ဆို ကယ်သူမတွေ့၍ တောထဲတွင် သွေးလွန်သေဆုံးရသူတွေပင် ရှိသည်။

ထို့ကြောင့် အဒေါ်တွေက ကျွန်တော့်ကို တောထဲမသွားခိုင်းပါ။ အဒေါ့်အိမ်တွင်ရှိသည့် အိမ်အလုပ်နှင့် စီးပွားရေးအလုပ်ကို ဝိုင်းကူစေပါသည်။အဒေါ့်အိမ်ခေါင်းရင်းတွင် ဗီဒီယိုရုံတစ်ရုံ ရှိသည်။

အိမ်တွင် ထမင်းဟင်းချက်၍ ဆိုင်ဖွင့်သည်။ ဈေးထဲတွင် ကြက်သားရောင်းသည်။ လုပ်ငန်းကများ၍ လူကနည်းလှ၏။ တစ်နေ့ ကျွန်တော် ဗီဒီယိုရုံအဝင်ဝတွင် ပိုက်ဆံကောက်သည်။ ညပွဲဖြစ်သည်။ လူအလာကျဲ၍ ဟိုတွေးဒီတွေး ရှိသည့်အခိုက် ရိပ်ခနဲ ဖြူဖြူကြီး မြင်ရ၍ သတိထားကြည့်မိရာ လူသဏ္ဌာန် ဖြူဖြူတစ်ခု ရုံထဲမှနေ၍ အပြင်ထွက်လာသည်။

ရုံမီးမှိတ်၍ ပထမကား ပြနေစဉ် အခိုက်မှာ ဖြစ်သည်။ လမ်းလျှောက်လာသည်နှင့် မတူဘဲ လေထဲ လွင့်လာသလိုမို့ တအံ့တသြ ကြည့်နေစဉ်မှာပင် ရုံအဝင်ဝမှ လိုက်ကာ ယမ်းသွားကာ အပြင်ရောက်တော့ ပျောက်သွားသည်။

ဘာမှန်းလဲ မသိတာမို့ အဒေါ်လာသည်နှင့် မေးမိသည်။ အဒေါ်က မအံ့သြဟန်နှင့်"**ဖိုးသူတော်**"ဟု ဖြေသည်။ ခဏခဏ တွေ့နေကျဖြစ်သည်။ ဗီဒီယိုရုံထဲရှိ သစ်ငုတ်နှင့် တောင်ပို့တွင် နေသည်ဟု ဖြေသည်။

နံနက်ကျတော့ ရုံတွင်း သန့်ရှင်းရေးလုပ်ရင်း ကျွန်းငုတ်ကြီးကို ငုံထားသော တောင်ပို့နားသွားကာ သေချာကြည့်ဖြစ်သည်။ နည်းတာကြီး မဟုတ်ပါ။ တစ်ခါမှ အတွင်းပိုင်းထိ မဝင်ဘူး၍ မမြင်တာဘဲ ဖြစ်သည်။

ခြတောင်ပို့ပတ်လည်တွင် ကျွန်းငုတ်၏ အစပေါ်နေတာတွေ တွေ့ရသည့်အပြင် အမွှေးတိုင်၊ ဖယောင်းတိုင်၊ ကွမ်းယာ စသည်တို့ကို တင်မြှောက်ထားတာတွေကို တွေ့ရသည်။

အမွှေးတိုင် တုတ်ချောင်းတိုတွေဆို မနည်းလှ။ ယုံယုံကြည်ကြည်နှင့် လုပ်လျှင် အဆင်ပြေသည်ဟု ညက အဒေါ်ပြောပြ၍ ဘွားခနဲ ဖိုးသူတော်ကြီးများ ပေါ်လာလေမလားဟု မြင်ယောင်ကြည့်မိသေး၏။

ဒီလိုနှင့် ဗီဒီယိုခေတ် မှိန်လာခါစပြု၍ အဒေါ် ဗီဒီယိုရုံဖြုတ်သည်။ ဟိုဘက်ကမ်း အဆက်အသွယ်ရ၍ လက်သမားရုံထောင်ဖို့ ပြင်သည်။ အရင်ဆုံး အိမ်ကိုဖျက်ကာ ဗီဒီယိုရုံနေရာတွင် ဆောက်သည်။ ထိုတလော အဒေါ့်စကားတွေ နည်းနည်းကြမ်းလာသည်။ စီးပွားရေးကလည်း ကျွန်တော့်အသိထက် များစွာ တာသွားနေသည်ကို ကျွန်တော် မရိပ်မိသေးပါ။

ကြက်လည်း မရောင်း၊ ထမင်းဟင်းလည်း မရောင်းဘဲ ခရီး ခဏခဏ ထွက်နေသည်ကိုတော့ သတိထားမိသည်။ ပြန်လာလျှင် ငွေက ဖောခြင်းသောခြင်းမို့ တော်ရုံ စီးပွားရေးသမားဆို အဒေါ်က စကားပင် လက်ခံမပြောချင်သည့်ပုံ။

လက်သမားရုံကလည်း ဆောက်လက်စတန်းလန်းနှင့် ရပ်ထားခိုင်းသည်။ သစ်တွေကတော့ ကျွန်းရော၊ ပျဉ်းကတိုးရော ခွဲသားတွေ အပုံလိုက် အပ်ထည်တွေကလည်း တစ်နေ့ သုံး, လေးဦး လာ,လာဆက်သွယ်နေ၏။ အဒေါ်တို့ကတော့ ထုံးစံအတိုင်း ခရီးထွက်နေကြစမြဲ။

နယ်စပ်ရွာမို့ ပရိဘောဂလုပ်ငန်းနှင့် ဤရွာ အတော်လေး အောင်မြင်တာ ကျွန်တော့်မျက်မြင်ပဲ ဖြစ်ပါသည်။ ဘယ်လမ်းပဲသွားသွား တူသံ၊ လွှသံ တညံညံနှင့်ရှိလည်း ဟိုဘက်ကမ်းကို ပို့မလောက်ပါ။

ထိုတလောမှာပဲ ကျွန်တော့်မိဘဆီ ပြန်ခဲ့သည်။ အဒေါ် တားနေလျက်က ကျွန်တော် မပျော်တော့၍ ပြန်လာခဲ့ခြင်း ဖြစ်ပါသည်။ လက်နက်ကြီးသံ တဒိန်းဒိန်းကြောင့် နေ၍ မပျော်တော့တာလည်းပါ၏။

ကျွန်တော် ရှိစဉ်ကလည်း ရွာကို စွန့်၍ တစ်ဖက်ကမ်းကို နေ့ခင်းကြီး ပြေးရတာ သုံးခါတောင်ရှိပြီ ဖြစ်သည်။ သောင်ရင်းမှာ နွေဆို ပေါင်ရင်းသာသာ ပဲနက်၍ တော်သေး၏။ ရွာထဲမှာတော့ တစ်ခါမှ ပစ်ကြခတ်ကြ မရှိသေးပါ။

မိဘအိမ်တွင် သုံးနှစ်လောက် နေဖြစ်စဉ်မှာတော့ အဒေါ်တို့ သတင်းကြားရ၏။ အဘွားကိုယ်တိုင် ဆင်းလာ



www.burmeseclassic.com

www.burmeseclassic.com

ပြီး မော်လမြိုင်ထောင်သွားရင်း လာပြောခြင်းဖြစ်သည်။

အဒေါ့်ယောက်ျား ဆုံးသွားပြီး အဒေါ်နှင့် အငယ်ဆုံးအဒေါ် နှစ်ယောက်စလုံး ထောင်တွင် မူးယစ်ဆေးဝါး ရောင်းဝယ်မှုနှင့် နှစ်ရှည်ထောင်ကျနေရသည်တဲ့။ လူမမည်ကလေးတစ်အုပ်နှင့် အဘွား ကျန်ခဲ့သည်မို့ ကျွန်တော် နယ်စပ်ကို တစ်ခါရောက်ခဲ့ရပြန်၏။

ရွာကတော့ ကျွန်တော်နေစဉ်က အတိုင်း ဘာမှ မပြောင်းလဲပါ။ လက်သမားတွေ မရှိသည့် ဆောက်လက်စလက်သမား ရုံကြီးကလည်း ဒီအတိုင်း လူသစ်တွေ နည်းနည်း တိုးလာတာကလွဲ၍ ရွာသည် ဟိုတုန်းကလိုပင်။

ဒီလိုနှင့် အားလပ်ချိန်တွင် အဘွားက ဇာတ်ကြောင်းပြန်ပြသည်။ အဒေါ်မိုက်သည်တဲ့။ သိလျက်နှင့် မိုက်တာတဲ့။ အိမ်ဆောက်လိုက်စဉ်မှာ ဖြစ်ချင်တော့ အဒေါ်တို့လင်မယား အိပ်ခန်းအောက်တည့်တည့် သစ်ငုတ်နှင့် တောင်ပို့ရှိသည်။

မရည်ရွယ်ပေမယ့် အိမ်သစ် လူစ,တက်စဉ်က စ,ပြီးနေထိုင်ရတာ တစ်မျိုးကြီးဟု အဘွားက ပြောပြသည်။ မကြာ အဒေါ်ကို တောင်ပို့ကနေ အိပ်မက်လာပေးသည်။

'မလုပ်သင့်ဘူး။ ငါရှိနေတာကို သိသိကြီးနဲ့ နင်မိုက်တယ်။ ငါ့ကို တူးဆွဖယ်ထုတ်ပြီး နေရာပေးပါ။ ဒီမှာ ငါ တစ်နေ့မှ နေလို့မရဘဲ အပြင်ထွက်ရပ်နေရတယ်'

ဟု အိပ်မက်ပေးသည်။

တစ်ကြိမ်,နှစ်ကြိမ်တော့ အဒေါ် မဖြုပါ။ အဘယ်စိတ်ကြောင့် အရင်လို မယုံကြည်တော့သလဲဟု မတွေးတတ်တော့ပါ။ ငွေကလည်း ဒီရေအလား တိုးတက်နေချိန်။ စားချိန်အိပ်ချိန် တောင် မမှန်တော့ဘဲ ရခိုက်မှာ ယူလိုက်



မည်ဆိုသည့်အတိုင်း။

မကြာ ဒီရေဆုတ်ချိန် ရောက်လာ၏။ တတိယအကြိမ် အိပ်မက်ထဲတွင် အဘိုးကြီးတစ်ဦး မျက်ထောင့်နီနှင့် စိတ်ဆိုးမာန်ဆိုး လာကြိမ်းကြောင်း အဒေါ်က အဘွားကို ပြောပြ၏။ ပြီးတော့ အလုပ်ရှိရာ ခရီးထွက်သည်။

ထိုနေ့ပဲ အဒေါ့်ယောက်ျား ဆုံးသည်။ သတင်းကြား၍ ပြန်အလာမှာ တာဝန်ရှိသူတွေက လမ်းတင် ဆီးဖမ်းသည်။ စစ်သည်။ ဒီတော့မှ မည်သူမှမသိဘဲ လုပ်နေသည့် အလုပ်တွေ ပေါ်သည်။ စိတ်ကြွဆေးပြား ရောင်းဝယ်မှုနှင့် အဒေါ် ထောင်ကျချိန်မှာတော့ ကလေးတစ်အုပ်ကျန်ခဲ့သည်။ ကားတွေ၊ ဗီဒီယိုတွေ၊ ရွှေ,ငွေတွေ ဖြုန်းကာပြာကျ မလှမပဇာတ်သိမ်းမှာ ကျွန်တော် ရောက်ခဲ့ရပြန်ခြင်းပါတည်း။

တကယ်တော့ လောဘဇောတိုက်ချိန်မှာ မောဟပါ ဖုံးလာ၍ ဘာကိုမျှ မမြင်မကြား မသိချင်တော့ခြင်းရယ်ဟု ကျွန်တော်ထင်ပါသည်။ အရင်ယခင်က တကူးတက ပူဇော်မှုပြုသည့် တောင်ပို့နှင့် သစ်ငုတ်ကို စီးပွားစနစ် အပြောင်းမှာ အဒေါ်က အဟောင်းဟု၍ ပစ်ပယ်ခဲ့သည်။ ပယ်ရုံတင်မကဘဲ မထီမဲ့မြင်နှင့် တားသည့်ကြားက အိမ်ပါ ခွဆောက်ပစ်ခဲ့သေး၏။

ဖြစ်ချင်တော့ ထိုကာလတွေမှာ မီးလောင်ရာ လေပင့်ဆိုသလို ငွေတွေကလည်း ထိုတစ်လမ်းမှာမှ လိှမ့်ဝင်နေတော့ တခြားအရာကို အသာထားပြီး ရွာလွှန် ရွက်တိုက် ခရီးနှင်ခဲ့ခြင်းပါပေ။

ရသေ့ကို တံတွေးနှင့်ထွေး၍ အလုပ်ပြန်ရသော ပြည့်တန်ဆာနှင့် အမတ်။ သူတို့လုပ်ရပ်ကြောင့် အလုပ်ပြန်ရသည်အထင်နှင့် တစ်တိုင်းပြည်လုံး အဆင်မပြေတိုင်း ရသေ့ကို တံတွေးနှင့် ဝိုင်းထွေး၍ ထိုတိုင်းပြည် ပြာပုံမိုး ရွာခဲ့ရသည့် ဇာတ်တော်တစ်ခုကို ဖတ်မိသူ ကျွန်တော်ကတော့ စာတွေ့လက်တွေ့ နားလည်သွားရပါသည်။

ယခုတော့ အဒေါ်လည်း အပြင်မှာ တခြား ကောင်းရောင်းကောင်းဝယ် အလုပ်နှင့် ကြီးပွားနေပါပြီ။ ပြီးခဲ့သည့် မြန်မာနှစ် ၁၃၇၃ ခုနှစ်၊ တော်သလင်းလဆုတ်(၂)ရက်နေ့မှာ အဖေ ဆုံးပါး၍ ထိုရွာကို တစ်ခေါက် ထပ်ရောက်ရပါသေး၏။


အရင်ကနှင့် မတူတော့သည့် ရွာ၊ အရင်ကနှင့် မတူသော တောင်ကတုံးတွေကို အံ့သြစွာ မြင်ဖြစ်ခဲ့ရ၏။ အဒေါ့်ခွင့်ပြုချက်ယူ၍ ဤအကြောင်းကို ရေးဖြစ်ခြင်းရယ်မို့ ဦးစွာပထမ ဤစာမူလေးအတွက် ကျေးဇူးတင်ရှိပါသည်။

*လေးစားလျက်...*

**မောင်ရော (ရာမည)**

www.burmeseclassic.com

www.burmeseclassic.com



ကိုရွှေမိုး

# ပြောင်လှဲခြင်း

## ကိုယ်တွေ့ဖြစ်ရပ်မှန်

မုဆိုးကြီး ဦးလှကျော်နှင့် အဖွဲ့သားများ တောတက်ကြပါတော့မည်။ မုဆိုးအဖွဲ့သားများ စုစုပေါင်း ငါးယောက် ဖြစ်ပါသည်။ အဖွဲ့၏ ဆရာကြီးမှာ ဦးလှကျော် ဖြစ်ပါသည်။ ဦးလှကျော်၏ လက်ထောက် မုဆိုးအောင်ဒင်၊ ကျွန်တော်နှင့် လယ်ဒကြီးရွာသား လူငယ်နှစ်ဦးဖြစ်ရာ စုစုပေါင်း ငါးယောက်တိတိ ပါဝင်သော တောပစ်အဖွဲ့ ဖြစ်ပါသည်။

ဦးလှကျော်မှာ မိုးစွေရွာသား မုဆိုးကြီးဖြစ်ပြီး ဦးအောင်ဒင်မှာ လယ်ပြင်မရွာသား ဖြစ်ပါသည်။ တောပစ်အဖွဲ့တွင် ကိုင်ဆောင်သော လက်နက်များမှာ စုစုပေါင်း သုံးလက်ဖြစ်ပြီး တောကောင်ကြီးများကို လှဲရန်အတွက် ဒသမလေးသုညလေး (ဖိုးနော့ဖိုး)၊ သူကြီးသေနတ် ခေါ် မောင်းဖုံး နှစ်လုံးပြူးတစ်လက်နှင့် စစ်သုံး ဒသမသုံးသုညသုံး (၀.၃၀၃) အမေရိကန်ရိုင်ဖယ် တစ်လက်တို့ ဖြစ်ကြပါသည်။

ဖိုးနော့ဖိုးအတွက် ကျည်ရှစ်တောင့် ယူဆောင်ခဲ့ပါသည်။ နှစ်လုံးပြူး သေနတ်အတွက် စရိတ်ကျည် ဆယ်တောင့်နှင့် ကိုးလုံးကျည် ဆယ်တောင့် ဖြစ်ပါသည်။ အမေရိကန်ရိုင်ဖယ်မှာ ကျွန်တော်ကိုင်သော လက်နက်ဖြစ်ပါသည်။ ၎င်းအတွက် ကျည်များမှာ ကျည်အိမ်အတွင်း ဆယ်တောင့်နှင့်



www.burmeseclassic.com

www.burmeseclassic.com

ကျည်အပိုနှစ်ဆယ် ယူဆောင်ခဲ့ပါသည်။

ဖိုးနော့ဖိုးမှာ စလုတ်အတွင်း ကျည်လေးတောင့် ထည့်သွင်းပစ်ခတ်နိုင်ပါသည်။ ယမ်းအား ပြင်းထန်လှသဖြင့် ဆင်ကြီးများကိုပင် တုန်းခနဲလဲစေနိုင်သော သဘောရှိပါသည်။ ကျွန်တော်၏ ရိုင်ဖယ်ကိုမူ စီးနေသော သေနတ်ဟု အများက ယုံကြည်နေကြပါသည်။

သက်မဲ့သေနတ် ဖြစ်သော်ငြားလည်း သူ့မှာ နာမည်ရှိနေပါသည်။ “ငစိန်”ဟုခေါ်ကြပါသည်။ တိုက်ပွဲကျသွားသော ရဲဘော်ငစိန် ကိုင်တွယ်သွားသော ရိုင်ဖယ်ဖြစ်ပါသည်။

ကျွန်တော်တို့ စတင်ထွက်မည့်နေရာမှာ လယ်ဒကြီးရွာ၏ အထက်ဘက် ဦးတလုပ်ဖြူတဲစုမှ စတင်ခဲ့ပါသည်။ တောတက်ရန်အတွက် ရိက္ခာများမှာ ဆန်တစ်ခွဲနှင့် ဆားငါးဆယ်ကျပ်သားသာ ဖြစ်ပါသည်။ ထမင်းဟင်းချက်ရန်အတွက် ဒန်အိုးကြီးနှစ်လုံး မပါမဖြစ် ပါဝင်ပါသည်။ ခုတ်ရန်ထစ်ရန်အတွက် ဓားမကြီးနှစ်ချောင်းနှင့် ဓားမောက်ကိုယ်စီ ပါခဲ့ကြပါ သည်။ နွေဦးရာသီဖြစ်၍ ခြောက်သွေ့နေရာ မီးခြစ်ဆောင်လေ့ မရှိကြပါ။ မီးကို ပွတ်မီးဖြင့် ရယူနိုင်ပါသည်။

ကျွန်တော်တို့ တောတက်မည့်ဒေသမှာ လယ်ဝေးမြို့ (ယခု နေပြည်တော် လယ်ဝေးမြို့)၏ အနောက်ဘက် ပုလွေးချောင်းကြီး၏ ချောင်းဖျားပိုင်း ဖြစ်ပါသည်။ ဦးတလုပ်ဖြူတဲစုမှ နံနက်စောစော နေမထွက်မီ လက်နှိပ်ဓာတ်မီးများကို အသုံးပြုပြီး ထွက်ခွာခဲ့ကြပါသည်။

အထမ်းသမားများက အလယ်က လိုက်ကြပြီး မုဆိုးအောင်ဒင်နှင့် ကျွန်တော်က ရှေ့မှ ထွက်ကြပါသည်။ ဦးလှကျော်က ဆင်ပစ်သေနတ်ကြီး ဖိုးနော့ဖိုးကို ထမ်းပြီး နောက်မှပိတ်ပြီး လိုက်လာပါသည်။

အလင်းရောင် သန်းလာသည်နှင့် ဘုတ်ကလူးငှက်များ၏ အော်ညည်းသံကြီးများမှာ အကြောင်းမသိသူများဆိုလျှင် ထိတ်လန့်ဖွယ်ရာပင်။ အော်မည်ပုံများမှာ လူမမာညည်းသကဲ့သို့ “ဟင်း ဟင်း ဟင်း ဟင်း”ဟု အသံနိမ့်မှ အသံမြင့်သို့ တက်သွားကာ အော်လေ့ရှိပါသည်။

မွန်းလွဲလောက်တွင် ပန်းညိုစမ်း အဝသို့ ရောက်ရှိပြီး ခေတ္တနားကြပါသည်။ အနားယူကြရင်း အသင့်ယူဆောင်လာခဲ့သော ကောက်ညှင်းပေါင်းကို စားကြရပါသည်။ တစ်နာရီခန့် အနားယူကြပြီး ပုလွေးချောင်းဖျားရှိ **“ဘိုးတော်တောက်တဲ့”**သို့ ဆက်လက် လာခဲ့ကြပါသည်။

တောကလည်း နက်လာပြီဖြစ်၍ သတိထားပြီး သွားနေရပါသည်။ ဤနေရာ ဤဒေသသည် တောကြမ်းသည်။ အမှားမခံဟု လူသိများသော နေရာများမို့ အထူး သတိထား နေကြရပါသည်။

အလင်းရောင် ရှိနေသဖြင့် ကျားကိုကြောက်စရာမလိုပါ။ တောဆင်များကလည်း ချောင်းချောက်အတွင်း မရှိနိုင်သဖြင့် စိုးရိမ်ရန် မရှိပါ။ ကျွန်တော်တို့ စိုးရိမ်သည်မှာ ဒေသအခေါ် “ဝံ”ဟုခေါ်သော ဝက်ဝံများသာ ဖြစ်ပါသည်။

ဝက်ဝံများမှာ အသိတရား နည်းလှပြီး လူနှင့်တွေ့လျှင် အတင်းဝင်ပြီး ကုတ်လေ့ရှိသောကြောင့် ဖြစ်ပါသည်။ အသားရိက္ခာအတွက် ပြောင်ပစ်မည့် မုဆိုးများမှာ ဝက်ဝံကဲ့သို့ အသားလည်း စားမရသော အကောင်မျိုးများကို အလုပ်အရှုပ်ခံပြီး မပစ်ချင်ကြပါ။

ချောင်းကို ဆန်တက်ကြရင်းနှင့် ချောင်းအကွေ့ တစ်နေရာတွင် ဖုန်းဆိုးဆန်ဆန် ဆင်ခြေလျှောအရောက် သဘာဝကပေးသော အသိကြောင့် ကျွန်တော်တို့ မတိုင်ပင်ကြဘဲ တုံ့ခနဲရပ်လိုက်ကြပြီး ၎င်းဖုန်းဆိုး မြေထိပ်ဆီသို့ ကြည့်လိုက်ရာ မည်းမည်းလုံးလုံးကြီး သုံးခုကို မြင်လိုက်ရသည်။

‘ခြောက်ပြီဟာ ခြောက်ပြီဟာ’

ဟု အထမ်းသမားများဆီမှ အသံနှင့် အတူ မည်းမည်းကြီးများ ကျွန်တော်တို့ဆီသို့ လိမ့်လာသလို မြင်နေရပါသည်။ ဖြစ်ပျက်နေသည်မှာ မျက်စိတစ်မှိတ်လျှပ်တစ်ပြက်အတွင်းမှာ ဖြစ်ပါသည်။

‘ဝံဟာ ဝံဟာ ဝံဟာ’

ဟု နောက်ထပ် မုဆိုးကြီးဦးလှကျော်ဆီမှ အသံနှင့်အတူ ရှေ့ဆုံးမှ အကြီးဆုံး မည်းမည်းကြီး နောက်ခြေနှစ်ချောင်းတွင်ရပ်ပြီး တိုက်ခိုက်ရန် မာန်သွင်း အော်ဟစ်ရင်း တစ်ဟုန်ထိုး ပြေးဝင်လာပါသည်။

‘ဝံဟာ’ အော်သံအဆုံး ဝက်ဝံထအရပ် ပြေးအဝင်နှင့် တစ်ပြိုင်နက် ‘ဒိုင်း’ခနဲ ပေါက်ကွဲသံကြီး ထွက်ပေါ်လာပြီး ဝက်ဝံကြီးမှာ နောက်ဘက် တစ်လံခန့် လွင့်သွားပါသည်။ နောက်ပိတ် လိုက်လာသော ဦးလှကျော် တန်းထိုး အမြန်ပစ်လိုက်ခြင်းပင်။ ကျည်ဆန်ထိပ်ဖူးမှာ ကျွန်တော့်ညာဘက် ခပ်လှမ်းလှမ်းမှ ဖြတ်သွားသံမှာ “ရှီး ဟီး ဟီး”အသံရှည်ကြီး အသည်းယားစရာ ကြားလိုက်ရပါသည်။

ကျွန်တော်လည်း ကျည်ထိုးမောင်းတင်ပြီး ဖြစ်နေပြီဖြစ်၍ ပစ်ကွင်းသို့ တန်းထိုးအချိန် ကျန်နှစ်ကောင်က မတ်တတ်အနေအထားဖြင့် ပြေးဝင်



www.burmeseclassic.com

www.burmeseclassic.com



လာနေကြပါသည်။ ရှေ့ဆုံးမှ အကောင်ကို ထိုးပစ်,ပစ်လိုက်ရာ လည်ထွက်သွားပြီး ပြန်ထလာပါသည်။

သို့သော် အောက်မေးတစ်ခုလုံး တွဲလောင်းကြီး ဖြစ်နေပါသည်။ ကျန် တစ်ကောင်ကတော့ နောက်ကြောင်းလှည့်ပြီး ပြေးထွက်သွားပါတော့သည်။

'ကောင်လေး ဆက်ပစ်လိုက်ပါကွာ'

ဟု ဦးလှကျော်က ဆိုနေသဖြင့် ဝက်ဝံနာကြီးကို အသေအချာချိန်ပြီး မောင်းဖြုတ် လိုက်ရပါတော့သည်။ ဝက်ဝံသေနှစ်ကောင်ကို အထမ်းသမားများ ဆွဲချလာပြီး ဦးလှကျော်တို့၊ မုဆိုးအောင်ဒင်တို့ ပြောပြချက်အရ အကြီးဆုံးဝက်ဝံကြီးမှာ အမေဖြစ်ပြီး၊ ကျန်နှစ်ကောင်မှာ သားခွဲလုလု အထီးတစ်ကောင်၊ အမတစ်ကောင်ဖြစ်ကြောင်း သိရပါတော့သည်။

ကျွန်တော်တို့သာ လက်မဦးပါက ကျွန်တော်တို့အဖွဲ့ တောစောင့်ဘိုးဘိုးကြီးများ ဖြစ်သွားနိုင်ပါသည်။ ဦးလှကျော်ကမူ ခပ်ပြုံးပြုံးနှင့်...

'ငါတို့ကို ဘိုးတော်တောက်တဲ့ကြီးက ကျီစားလိုက်တာကွ'

ဟု ဆိုပါသည်။ သူ၏တပည့် အထမ်းသမားများကိုလည်း ဝက်ဝံနှစ်ကောင်၏ ခေါင်းများကို ဖြတ်ခိုင်းပြီး ကျောက်တုံးများပေါ် တင်ပြီး ပွစိပွစိနှင့် ရွတ်ဆိုနေပါသည်။

ဝက်ဝံသားကို ကျွန်တော်တို့ မစားကြပါ။ ထို့ကြောင့် ဝက်ဝံနှစ်ကောင်ကို တောခွေးစားဖို့အစာဟု ထားခဲ့ကြပြီး ဆက်လက် ထွက်ခွာခဲ့ကြပါသည်။

ထိုညအဖို့ စခန်းချ ရပ်နားလိုက်သည်ဆိုသော်လည်း ဝက်ဝံအသေကောင်များနှင့် တစ်တိုင်ခန့် အကွာအဝေးရောက်အောင် သွားပြီးမှ အနားယူ အိပ်စက်ကြရပါသည်။ ညစာအတွက်ကိုမူ ကြိုတင်ယူလာခဲ့သော ကောက်ညှင်း တင်းဝါးမီးဖုတ် တစ်ယောက်တစ်ပိုင်းစီ စားကြခြင်း ဖြစ်ပါသည်။

ညဦးပိုင်းတွင် **'ဝက်၊ ကြက်ခြောက်ကောင်၊ ရိုက်ပုတ်ထုတ်လိုက်'**ဟု အော်မြည်တတ်သော ညငှက်သံကြောင့် တော်တော်နှင့် အိပ်မပျော်ပါ။

တော၏သဘာဝ ငြိမ်းချမ်းနေလျှင် ရေစပ်စပ်ရှိ ကျောက်ဖားများ အော်နေခြင်း၊ ပုစဉ်းရင်ကွဲသံများ မပြတ်အော်မြည်နေသဖြင့် တောကောင်ကြီးများ အနီးအနားတွင် လာရောက်ခြင်းမရှိဟု ယူဆရပါသည်။

စိုးရိမ်စိတ်နှင့်ပင် အိပ်ပျော်ခြင်းသို့ ရောက်ပြီး နောက်တစ်နေ့ စောစော အလင်းရောင်လာချိန်တွင် အားလုံးနိုးလာကြပါသည်။ အနီးအနားမှ ရေလက်ကျန်လေး စီးဆင်းနေသည့်နေရာမှ ရေဖြင့်ပင် မျက်နှာသစ်ကြ၊ အာလုတ်ကျင်းကြနှင့် ထွက်ခွာရန် အသင့်ဖြစ်ပြီး ထွက်ခွာလာခဲ့ကြပါသည်။

ထိုမှ ထွက်ခွာလာပြီး နေထန်းတစ်ဖျားခန့် ရောက်ချိန်တွင် ပြောင်ခြေရာများ၊ ပြောင်ချေးပုံများ စတင်တွေ့ရှိလာရပါသည်။ တောမှာ ပို၍ ပိတ်ပိန်းလာပြီး မြေပြင်တွင်၊ တောင်စောင်းတွင် ပြောင်စာမြက်ဟု ခေါ်သော မြက်ပင်ရှည်ကြီးများ ထူထဲစွာ ပေါက်နေသည်ကို တွေ့ရပါသည်။

ပြောင်ခြေရာမှာ ကျွဲခြေရာနှင့် အလွန်တူပါသည်။ ကျွန်တော် ပထမအကြိမ် မြင်ဖူးခြင်း ဖြစ်ပါသည်။ ရွယ်တူခြေရာများအပြင် ခြေရာအသေးနှင့် အလတ်များပါ တွေ့ရသောကြောင့် ပြောင်ငယ်များပါသောအုပ်ဟု ယူဆရပါသည်။

'ပြောင်ကတော့ ငါးကောင်အုပ်၊ ခြောက်ကောင်အုပ် ဖြစ်မယ်။

ပြောင်က လူကိုမကြောက်တူးကွ၊ ရှောင်သာရင်တော့ ရှောင်သွားတတ်ပါတယ်၊ တည့်တည့်တိုးရင်တော့ ထွက်ပြေးလိမ့်မယ် မထင်နဲ့၊ အတင်းဝင်ခတ်မယ်၊ ခြေနဲ့နင်းမယ်၊ ဒါကြောင့် မင်းတို့ အထမ်းတွေ၊ ပလိုင်းတွေကို ကင်ပလင်းပင်လေးတွေပေါ် တင်ပြီး ချိတ်ထားခဲ့ကြ။ ပြောင်နဲ့ အချိန်မရွေး တွေ့နိုင်တယ်'

မုဆိုးကြီး ဆိုစကားကြောင့် စောင်နှင့် ကောက်ညှင်းပါသော ပလိုင်းအပြင် ခါးချပ်စားပါ ကင်ပလင်းပင်များ ခွဆုံတွင် တင်ထားခဲ့ကြပါသည်။

ကင်ပလင်းပင် ဆိုသည်မှာ အမြင့် လူတစ်ရပ်ကျော်ကျော်ခန့်သာ ရှိပြီး အကိုင်းအခက်များ ဖြာထွက်နေတတ်သော အပင်မျိုး ဖြစ်ပါသည်။

ရိက္ခာထမ်းသမားများလည်း သူတို့၏ဓားမကြီးများပါ ထားခဲ့ကြပါသည်။ စတင်ထွက်ခွာသည်နှင့် ချောင်းမကြီးမှ ဖယ်ကာ မြေအတော်အတန် ပြန့်သော



www.burmeseclassic.com

www.burmeseclassic.com

နေ…လေးများအတိုင်း ခြေသံလုံလုံနှင့် သ…ကြီးစွာ ထားပြီး သွားလိုက်၊ အသံ…ထောင်လိုက်ဖြင့် အလွန်နှေးစွာ ခရီးဆက်နေကြပါသည်။ တစ်ခါတစ်ရံ ချောင်းမကြီးဘက်သို့ ပြန်ရောက်သည့်အခါ ရောက်ပါသည်။

ဦးလှကျော်က ချောင်းမကြီးထဲ ဆင်းပြီး ခြေရာကောက်စမ်းဟု ဆိုသဖြင့် ဆင်းကြည့်ရာ ကျွဲခြေရာ အကြီးစားကြီးများမှာ ကမ်းပါးမှ တစ်ဆင့် အပေါ်တက်သွားကြောင်း၊ ခွာသေး၊ ခွာလတ်နှင့်ခွာကြီးတချို့မှာ ချောင်းအတိုင်း ဆန်တက်သွားကြောင်း၊ ခြေရာများကျဲနေသဖြင့် လွတ်ကင်းရာ ပြေးနေကြောင်း ခြေဟန်လက်ဟန်ဖြင့် ပြောပြရာ ပြန်တက်ခဲ့ရန် လက်ပြခေါ်သဖြင့် ပြန်တက်ပြီး ဦးလှကျော် အနားရောက်သည်နှင့် လေသံဖြင့်...

'ဟော့ကောင် ပြောင်တွေက ငါတို့အနံ့ရပြီး သိသွားလို့ပြောင်မကြီးတွေနဲ့ ပြောင်လေးတွေ ချောင်းအတိုင်း တက်သွားတာ ငါတို့ကို ပြောင်တိုက်မှာ သေချာတယ်၊ သတိရှိကြ'

ဟု ဆိုပြီး ဆက်ထွက်လာပြီး မကြာမီပင် ရှေ့တည့်တည့် ပြောင်စာပင်များအတွင်းမှ နှာမှုတ်သံကြီးများကို ကြားရပါတော့သည်။

သေချာပါပြီ။ အနည်းဆုံး ပြောင်ထီးကြီးနှစ်ကောင် ဖြစ်ရမည်။ မထူးတော့သည်မို့ ဦးလှကျော်က...

'လူချင်းခွဲပြီး နီးရာ ကင်ပလင်းပင်ပေါ် တက်ကြဟေ့'

ဟု အော်သံအဆုံးတွင် ကြီးမားလှသော သတ္တဝါကြီးနှစ်ကောင် ဘေးချင်းယှဉ်လျက် ကျွန်တော်တို့ဆီ ပြေးဝင်လာပါသည်။

ဝင်လာပုံမှာ ခေါင်းကို အနည်းငယ် ငုံ့ထားသယောင်ယောင် ထင်ရသည်။ ဦးလှကျော်က မြေပြင်တွင် ဝပ်ပြီး



သေနတ်ကို ပိုက်ပြီး ဘေးတိုက်လှိမ့်သွားသည်ကို ရိပ်ခနဲ မြင်လိုက်ရသည်။

ဦးလှကျော် ပျောက်သွားသဖြင့် ကင်ပလင်းပင်ပေါ် ဆွဲခိုတက်သွားသော အထမ်းသမား ကိုအုန်းမောင်နောက်ကို တစ်ကောင် ဒေါသဖြင့် ပြေးဝင်လိုက်သွားသည်။ အတွေ့အကြုံနည်းသူ ကျွန်တော်သာ မတ်မတ်ရပ်လျက် ကျန်နေပါသည်။

ပြောင်သိုးကြီးမှာ ကျွန်တော့်ဆီ တည့်တည့်ပြေးဝင်လာသည်မှာ နှစ်လံခန့်ရှိမှ သတိဝင်ပြီး ပြောင်သိုးကြီး၏ ဦးကင်း တည့်တည့်သို့ ပစ်ချလိုက်ရာ သေနတ်သံနှင့်အတူ ပြောင်ကြီးမှာ တုံ့ခနဲဖြစ်သွားပြီး ဘေးတိုက် လဲကျသွားပါတော့သည်။

ကျည်ဆန်သာ မီးမကူးလိုက်လို့ကတော့ ကျွန်တော် ငယ်ငယ်ရွယ်ရွယ်နှင့် သေပါမည်။ ပထမတစ်ချက်ပစ်ပြီးလျှင် ပြီးချင်း ကျည်ခွံပြန်ထုတ်၊ ကျည်အသစ်ထိုး မောင်းတင်ပြီး ပစ်ရန် အသင့်ဖြစ်နေပါပြီ။

ကျန်ပြောင်တစ်ကောင်မှာ ကင်ပလင်းပင်ကို ခေါင်းနှင့်ဝင်တိုက်ပြီး နောက်ပြန်ဆုတ်ပြီး ခပ်လှမ်းလှမ်းမှ ကြောက်လန့်တကြား ပြေးနေသူနောက်သို့ လိုက်ပြန်ပါသည်။ ကျွန်တော် ဘာမှစဉ်းစားချိန် မရပါ။ ပြောင်ကြီးကို နောက်ပိုးထိပ် ပစ်လိုက်ရပါသည်။ ထိချက်မကောင်းသဖြင့် အနည်းငယ် ဟန်ပျက်သွားသော်လည်း တိုက်ခိုက်နိုင်စွမ်း အပြည့်အဝ ရှိနေပါသေးသည်။

ရှေ့ကလူကို မလိုက်တော့ဘဲ သွေးရူးသွေးတန်းဖြင့် ကျွန်တော့်ဆီ ပြေးဝင်လာပြန်ပါသည်။ သူက ဒေါသမုန်တိုင်းထန်နေသူ၊ ကျွန်တော်က ယခုအခါမှာ သွေးအေးအေးဖြင့် ပြန်လှည့်လျှင်လှည့်ချင်း ဦးကင်းကျယ်ကြီးကို ပစ်သွင်းလိုက်ရာ ဒေါသအိုးကြီး ဖင်ထိုင်ကျသွားပါတော့သည်။ ကျွန်တော့်အနီးတွင် ယမ်းခိုးနှင့် ယမ်းနံ့များ ဝေနေပါသည်။

ပြောင်ကြီးများနှင့် အမှတ်မထင်တိုက်ပွဲ၊ သတ်ပွဲကြီး တစ်မိနစ် မပြည့်ခင်လေးအတွင်း ပြီးဆုံးခဲ့ပါပြီ။ ဤပွဲမှာ "ငစိန်"ကို ကိုင်စွဲသူ လူသားက အနိုင်ရပြီး သားရဲကြီးများ အသက်ပေးခဲ့ကြရပါသည်။

ပွဲအပြီး စစ်ဆေးကြည့်တော့ မုဆိုးအောင်ဒင်က သေနတ်တခြား လူတခြား၊ ဦးလှကျော်က ဆင်ပစ်သေနတ်ကြီးပိုက်လျက် ပက်လက်အနေအထားဖြင့် ဘေးကင်းစွာရှိနေသည်ကို တွေ့ရသဖြင့် စိတ်အေးသွားပါတော့သည်။ လူပြန်စုမိချိန်တွင် ဦးလှကျော်က...

'ကောင်လေး မင်းသိပ်လက်မြန်တယ်ကွာ'

ဟု အရှက်ပြေ ပြောလာရာ...

'ဘကြီးလဲ မြေပြင်မှာ အလှိမ့်တော်ပါ့ဗျာ'

ဟုသာ ပြန်ဆိုလိုက်ရပါတော့သည်။

ကျွန်တော်၏ "ငစိန်"မှာ လူသတ်ဆင်ဆိုးကြီး "ကုလား"အမည်ရှိဆင်ကြီးကို အသက် နုတ်ယူခဲ့သော ရိုင်ဖယ်ပါခင်ဗျား။

**ကိုရွှေမိုး**



www.burmeseclassic.com

www.burmeseclassic.com

# တွေ့ရကြုံရ ကျောက်သမားဘဝ

(၆)

ရွှေကာသစ်
(ကျောက်မျက်)



## ကိုခင်မောင်ချစ်ကို စတင် သိရခြင်း

မန္တလေးမြို့၊ (၈၈)လမ်း၊ (၃၆)နဲ့ (၃၇)လမ်းကြား ပဲပုတ်တန်းဆိုတဲ့ ရပ်ကွက်ထဲမှာ ကိုချမ်းသာရဲ့ ပင်တိုင် ကျောက်ပွဲစားတစ်ယောက် ဖြစ်တဲ့ ကိုဘိုတင်ဆိုတာ ရှိပါတယ်။ အဲဒီ ကိုဘိုတင် ဆိုတာက အရပ်ရှည်ရှည် ဆံပင်က ကောက်ကောက်မှာ ဘိုကေကို နောက်ပါးညှပ်ထားတော့ သူ့ထိပ်ပေါ်မှာ ဘုတ်စုစုလေး ဖြစ်နေတာပါ။

သူတို့မိသားစုဟာ ပဲပုတ်တန်း ရပ်ကွက်ထဲမှာရှိတဲ့ ခြံတစ်ခြံမှာ တဲလေး ထိုးနေပြီး ခြံစောင့်အဖြစ်နေရတာပါ။ ရေထမ်းပြီး အသက်မွေးရသူဆိုတော့ ကိုဘိုတင်ဟာ လုံချည်ကို အမြဲပဲ ဒူးဆစ်နားထိ ဝတ်ထားတာ အမြဲလို တွေ့ရပါတယ်။

အလွန်ရိုးသားပြီး သွားကခေါ်ခေါ် စကားကပေါ်ပေါ်နဲ့ ပျော်ပျော်နေတတ်သူပါ။ စောစီးစွာ ကွယ်လွန်သွားလို့ ကိုချမ်းသာ အင်မတန်မှ ဝမ်းနည်းပါတယ်။

ကိုဘိုတင်က တစ်နေ့မှာ ကျောက်ကြည့်ဖို့ ကိုချမ်းသာကို လာခေါ်ပါတယ်။ ကိုချမ်းသာဟာ ကိုဘိုတင်နဲ့ လိုက်ခဲ့ပြီး (၈၈)လမ်း၊ (၃၃×၃၄)လမ်း ပဲလှော်ချောင်ရပ်မှ အိမ်တစ်အိမ်ကို ရောက်ခဲ့တော့ မှော်ထဲက ကျောက်ယူလာသူမှာ အရပ်ပုပု နဖူးပြောင်ပြောင် စကားသွက်သွက် ပြောတတ်သူက သူ့ကျောက်ကိုပြတော့ အချိန်(၇၀)ပိသာ ခန့်ရှိတဲ့ ဖားကန့်ကြီး ကျောက်ခါး ချိုးထားသလို ပြင်လိုက်ပဲ့နေတဲ့ ပဲဝါ သားတွင် ဝလုအနည်းငယ် တက်နေတဲ့ ကျောက်တစ်တုံးကို ကြည့်ရပါတယ်။

အဲဒီအချိန်ကတော့ ကျောက်ဝယ်လို့ရရင် မြတ်တဲ့အချိန်မို့ ကိုချမ်းသာ ဒီကျောက်တုံးကို အရဝယ်ဖို့ စိတ်ကူးထားတာပါ။ **(ကျောက်အပဲ့မှာ ဝလုတက်တယ်ဆိုတာ ပဲ့နေတာကြာပြီ ဖြစ်လို့ ချေး(ဂျေး)တက်နေတာကို ဝလုတက်တယ်လို့ ကျောက်သမားများ ခေါ်ကြတာပါ။ နှစ်တွေကြာလာရင်တော့ ဝလုဟာ အခွံပြန်ဖြစ်သွားတော့တာပါ။)**

ကျောက်စိမ်းဆိုတာ အင်မတန် ဆန်းကြယ်တဲ့ သယံဇာတပါ။ ကျောက်တုံးမှာ အနာပါခဲ့ရင်လဲ အဲဒီကျောက်ဟာ အနာထဲ ရေစိမ့်ဝင် အခွံဖြစ်ပြီး တစ်တုံးက နှစ်တုံး ဖြစ်သွားတတ်တာပါ။ ထူးဆန်းပုံက ခွံ့ပါတဲ့ ကျောက်



www.burmeseclassic.com

www.burmeseclassic.com

ဆိုရင်လဲ အချိန်ကြာလာရင် ခုံ့ပါပြ ဖြစ်သွားတတ်တာပါ။

**(ခုံ့ ဆိုတာကတော့ ကျောက်အခွံနဲ့ အသားကြားမှာ အလွှာတစ်ထပ်ကို ခေါ်တာပါ။ စပါးကို ကြိတ်ခွဲလိုက်တဲ့အခါမှာ စပါးခွံနဲ့ ဆံကြားမှာရှိတဲ့ ဖွဲနုလို အထပ်ပါ။ ကျောက်တိုင်းမှာတော့ ခုံ့မပါတတ်ပါဘူး။ ခုံ့ပါတဲ့မှော်၊ ခုံ့မပါတဲ့မှော်ဆိုပြီး ရှိတာပါ။)**

ကျောက်တစ်တုံးကို မှတ်နဲ့တိုက်လို့ ကွမ်လို့ ခုံ့ပါပြီး ခုံ့ခြောက်မယ်၊ ခုံ့နီမယ်ဆိုရင် ကျောက်သားဟာ လန့်ဖြစ်ပြီး ပြာတတ်ပါတယ်။ အရည်ကျောက်မှာတော့ ပျားရည်ခုံ့(ဝါကြည်)ဘဲဥခုံ့အဖြူဆိုရင် ကျောက်သမားများ အကြိုက်များပါတယ်။ ဒီကျောက်မျိုးဟာ အပွေး–မန်းပါရင် အောင်တတ်ပါတယ်။

ကျောက်သမားဆိုတာ ကိုယ်စားဖူးတဲ့ ကျောက်ကိုသာ ကြိုက်တတ်ကြတာပါ။ အရည်ကျောက်မှာ ပဲကတက်တဲ့ အရည်က ဝါပြီး(စိမ်းဝါ) လူတိုင်း ကြိုက်တတ်ပါတယ်။ ဒါပေမယ့် ပဲတက်ဆို အပြစ်များတတ်ပါတယ်။ ဆံရှိခြင်း၊ အသားချွဲခြင်း ဖြစ်တတ်ပါတယ်။

လန့်ကတက်တဲ့ အရည်ကတော့ သန့်ပြီး အောင်ပြီဆိုရင် တစ်တုံးလုံး အောင်တတ်တာပါ။ ကျောက်တိုင်းဟာ ကျောက်သက်ရင့်မှ လန့်တတ်ဖြစ်တာပါ။ လန့်သမားကို ပဲတက် သွားမပြနဲ့ မကြိုက်သလို၊ ပဲသမားကိုလဲ လန့်သွားပြလို့ မကြိုက်ကြပါဘူး။

ကျောက်ကို သေချာကြည့်ပြီး ဈေးစကား ပြောကြဖို့ ပိုင်ရှင်ဆိုသူကို ခေါ်လိုက်တော့ အရပ်ပုပု နှုဖူးပြောင်ပြောင် စကားသွက်သွက် ပြောတတ်တဲ့ လူတစ်ယောက်က ထွက်လာပြီး…

'ကျွန်တော့်နာမည် ခင်မောင်ချစ်ပါ မုံရွာမှာ နေပါတယ်'

ဆိုပြီး မိတ်ဆက်ပါတယ်။

'ကျွန်တော်က ချမ်းသာပါ။ ခင်ဗျား ကျောက် ဘယ်ဈေးရောင်းချင်လဲ'

ဆိုတော့ သူ့ကျောက် ဘယ်လောက်ကောင်းတဲ့ အကြောင်းတွေ ညွှန်းပြီး တစ်ပိဿာ တစ်ရာဈေး ရချင်တယ်လို့ ဆိုပါတယ်။

'ရှည်ရှည်ဝေးဝေး မပြောတော့ဘူးဗျာ တစ်ပိဿာ ငါးဆယ်ပေးမယ်'

'မရပါဘူးဗျာ'

ပြောပြီး ပွဲစား ကိုဘိုတင်ဘက် လှည့်၍…

'မှော်ထဲရောက်နေတဲ့ ကိုသိန်းထွန်းက မှာလိုက်တယ်။ ဒီကျောက်ရောင်းမယ်ဆိုရင် ကိုချမ်းသာကို ခေါ်ရောင်းပါတဲ့'

ဆိုတော့ ကိုဘိုတင်က…

'ဒါ ကိုချမ်းသာပဲလေ'

လို့ တရုတ် ကိုချမ်းသာလို့ ပြောလိုက်တယ်။ ကိုဘိုတင်ကလဲ…

'ဒါ တရုတ် ကိုချမ်းသာပဲ'

လို့ ပြောလိုက်တော့မှ ကျောက်ဈေးကို ဆက်ညှိကြတာ ခုနစ်ဆယ်ကျပ်ဈေးနဲ့ ဈေးပြတ်သွားတော့တယ်။

ခင်မောင်ချစ်ပြောတဲ့ တရုတ်ကိုချမ်းသာဆိုသူမှာ တရုတ်နာမည် ''ကောလင်းခေါ်''လို့ခေါ်တဲ့ တရုတ်ဖြစ်ပါတယ်။ ကိုဘိုတင်က ရောရိုက်ခဲ့လို့ ကျောက်ဈေးပြတ်သွားခြင်း ဖြစ်ပါတယ်။

ကိုချမ်းသာက ကျောက်လောကထဲ ဝင်ခါစ တပည့်များအား အမြဲဆုံးမလေ့ရှိတာက…

'ကျောက်သမားဆိုတာ ကံထလာရင် ငွေအစုလိုက်အပုံလိုက် ရတတ်တာနော်။ ငွေရလာတိုင်း ချမ်းသာကြတာ မဟုတ်ဘူး။ ငွေရလာရင် ကိုယ်စိတ်ကို ထိန်းချုပ်နိုင်မှ ချမ်းသာတာကွ။

ကျောက်လောကမှာ ငွေရလာတဲ့လူကို ဒုက္ခပေးတဲ့ စည်းသုံးစည်းရှိတယ်။ အဲဒီစည်းတွေကို ကျော်နိုင်မှ မင်းတို့ ချမ်းသာမယ်။ မူးယစ်ဆေး၊ လောင်းကစားနဲ့ မိန်းမယယ် ထားကြတဲ့ ကိစ္စတွေပဲ။

တို့ ကျောက်လုပ်စက မှော်ထဲမှာ ရွှေကို အိမ်ဆောက်နေနိုင်လောက်အောင် ချမ်းသာတဲ့ လူတွေရှိတယ်။ ကိုယ့်စိတ်ကို မချုပ်တည်းနိုင်လို့ မိန်းမယယ်တွေယူပြီး ဘယ်ချောင်ကြိုချောင်ကြားမှာ လူမသိသူမသိ မထင်မရှား သေသွားကြရတဲ့ ကျောက်သမားကြီးတွေ ရှိခဲ့ဖူးတယ်။ လူဆိုတာ ကိုယ့်စိတ်ကို နိုင်သလောက် ချမ်းသာမှုကို ရနိုင်တာ'

လို့ ဦးချမ်းသာက သူ့ဆီမှာ တပည့်ခံလာတဲ့ သူအပေါင်းကို အမြဲဆုံးမခဲ့တာပါ။

နောက်ပိုင်း ယခု ကျောက်အရောင်းအဝယ်ဖြင့် စတင်သိခဲ့ရတဲ့ ကိုချမ်းသာရဲ့မိတ်ဆွေ ဖြစ်လာရသူ ခင်မောင်ချစ်အကြောင်းကို အလျဉ်းသင့်တိုင်း ရေးပါဦးမယ်။ နောက်ပိုင်း ခင်မောင်ချစ် စွဲစွဲလမ်းလမ်း လိုက်စားခဲ့တာက လောင်းကစားနဲ့ မိန်းမပါပဲ။

ဒီလူကလဲ အသက်ရှည်တယ်ဗျ။ ခုထိရှိနေသေးတာ။ မိန်းမရှုပ်ခဲ့တဲ့အတွက် ငွေမရှာနိုင်တော့တဲ့ ယခုအချိန်မှာ သူ့မိန်းမနဲ့ သားသမီးများရဲ့ စွန့်ပစ်ခြင်း ခံနေရပါတော့တယ်။ သာယာမှုကို လိုချင်ခဲ့လို့ ဆင်းရဲခြင်းနဲ့ ပေးဆပ်ရတာပါ။

***ခထာရောက်ရ လူ့ဘဝ သုခချမ်းသာ ပြည့်ပါစေ။***

**ရွှေကသစ် (ကျောက်မျက်)**



www.burmeseclassic.com

www.burmeseclassic.com



# မြွေဖမ်းကြသူများ

ရဲရဲထွန်း
(ဟင်္သာတ)

ရောဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့သည် တစ်ချိန်က မြွေပွေးအလွန်ပေါများခဲ့သည်။

လယ်ထွန်ရင်း ပျိုးနုတ်ရင်း ပိုးထိ (မြွေကိုက်)၍ သေဆုံးသူတို့၏ ပုံရိပ်တွေကို ပြန်လည်မြင်ယောင်မိသည်။ ထိုအချိန်က ဆေးရုံဆေးပေးခန်းတို့ အလှမ်းဝေးကြသည်။

စိန်ပိုင်းရွာမှ ဦးဖိုးမှတ် ဖားထွက်ရိုက်ရင်း မြွေပွေးကြီးတစ်ကောင် ရိုက်၍ ပုဆိုးနှင့် ပိုက်ယူလာခဲ့သည်။ ရွာသို့အပြန် ဝမ်းဗိုက်တစ်ဝိုက် "စစ်ခနဲ... စစ်ခနဲ" နာကျင်ခဲ့သော်လည်း သတိမမူခဲ့။ အိမ်အရောက်တွင် လဲကျသေဆုံးခဲ့သည်။

ဒီတော့ ပုဆိုးထုပ်ကို ဆွဲယူကြည့်ရာ မြွေပွေးမကြီး ဝမ်းဗိုက်ကို ဖောက်၍ ထွက်လာသော မြွေပွေးပေါက်များကို အထွေးလိုက် တွေ့ရသည်။ ဘကြီးလည်း နာမည်ကြီးသွားတော့သည်။ ဦးဖိုးမှတ်ကြီး မြွေပွေး(၂၅)ကောင် ကိုက်၍ သေဆုံးရသည် ဟူ၏။

မြွေပွေးများ အကုသိုလ်ဝင်ချင်တော့ မည်သူက ဆေးညွှန်းလိုက်သည် မသိ။ မြွေပွေးသည်းခြေသည် ကင်ဆာရောဂါ ပျောက်သည်ဆိုပြီး မြွေပွေးအသားမှာလည်း အားရှိသည်ဟု ဆို၏။

ထိုအချိန်မှစ၍ မြွေဖမ်းသမားများ ပေါ်ထွက်လာတော့၏။ မြွေဖမ်းသမားများမှာ လည်ရှည်ဖိနပ်ကြီးစီး၍ ခက်ရင်းခွကို ကိုင်ဆွဲထားကြသည်။ ခါးတွင် ထက်မြက်သော ဓားတစ်လက်ကို ချိတ်ဆွဲထားသည်။ ဖမ်းမိသော မြွေပွေးများကို ခေါင်းဖြတ်၍ ကြိုးဖြင့်သီပြီး ကျောတွင် တွဲလွဲဆွဲ၍ မြို့တွင်းသို့ ဝင်ရောက်ရောင်းချကြသည်။

ထိုမြွေဖမ်းသူများ တစ်နေ့လျှင် ဆယ်ကောင်ထက် မနည်းရကြသည်။ တစ်ကောင်လျှင် တစ်ထောင်ကျပ် ဈေးရသည်။ မြွေဖမ်းသူများမှာ တဖြည်းဖြည်း အတင့်ရဲလာကြသည်။ လည်ရှည်ဖိနပ်ကြီးကိုလည်း မစီးကြတော့ပေ။ ခက်ရင်းခွအစား သစ်သားခွများကို ကိုင်ဆောင်လာကြသည်။

မြွေပွေးကို ငယ်နိုင်လို သဘောထား၍ မကြောက်မရွံ့ အပြိုင်အဆိုင် ဖမ်းလာကြသည်။

မြွေဖမ်းအတွေ့အကြုံများလာသည်နှင့်အမျှ မြွေတို့၏ ဓလေ့စရိုက်နှင့် လမ်းကြောင်းကို သိလာကြသည်။

အချို့မြွေဖမ်းသမားများမှ မြွေ၏အနံ့ကိုခံ၍ မြွေရှိ မရှိသိနိုင်သော မြွေဖမ်းဆရာကြီးများ ဖြစ်လာကြသည်။

'ဖိုးထောင်... ဟို ဆောက်ကုလားချုံထဲမှာ ဒီကောင်ရှိတယ်ကွ'

မြွေဖမ်းဝိဇ္ဇာ ဦးစိုးမောင်မှ သားဖြစ်သူ ဖိုးထောင်ကို မြွေဖမ်းပညာ လက်တွေ့ သင်ကြားပေးသည်။

'အဖေ ဘယ်လိုလုပ်သိလဲဟင်'

ဖိုးထောင်က ပညာယူသည့် မေးခွန်းမေးသည်။

'သိတာပေါ့ကွ၊ ဒီမှာကြည့် အဲဒါ မနက်စောစောက ဒီကောင်ဖြတ်သွားတာ ဖြစ်မယ်။ တစ်ပိဿာလောက်ရှိမယ့် အကောင်ကြီးပေါ့ကွ။ အနံ့ကလဲ ညှီစို့နေတာပဲ။ ဒါကြောင့် ရှေ့က ဆောက်ကုလားချုံထဲမှာ ရှိတယ်လို့ အတပ်ပြောနိုင်တာပေါ့ကွာ'

သားအဖနှစ်ဦး မြွေခြေရာကောက်၍ ရှေ့သို့ တိုးသွားပြီး ဆောက်ကုလား



www.burmeseclassic.com

www.burmeseclassic.com



ချုံကို ခက်ရင်းခံဖြင့် ထိုးရှာရာ အခွေ ပေါ်ခေါင်းတင်၍ သူ့ကိုထိလျှင် ကိုက်ရန် အသင့်အနေအထားဖြင့် စောင့်နေသော မြွေပွေးကြီးတစ်ကောင်ကို တွေ့ရသည်။

မြွေပွေးဆိုသည်မှာ သူ့ကို မထိနှင့် ယင်နားလျှင်တောင် မလွတ်ဟု ဆိုစကားရှိသည်။ သို့သော် ဦးစိုးမောင်နှင့် တွေ့သောအခါ ထိုမြွေပွေးမှာ ကံဆိုးရှာသည်။ ကိုက်ရန်မဆိုနှင့် ယင်း၏ လည်ပင်းကို ခက်ရင်းခွ လာထောက်မှ ဒေါသတကြီး ရှုန်းကန်ရတော့သည်။

'ခေါင်းကို ဖြတ်လိုက်'

ဦးဖိုးမောင်၏ စကားအဆုံး ရဲရင့်တက်ကြွနေသော ဖိုးထောင် ဓားချက်ဖြင့် ထိုမြွေပွေးမှာ အသက်ထွက်ရတော့သည်။

ဦးစိုးမောင်မှာ အသက်အရွယ် ထောက်လာပြီး မြွေပွေးသားများ စားလွန်းသည်ထင့် မျက်စိများ ပြာလာသဖြင့် မြွေဖမ်း မထွက်နိုင်တော့ပေ။ သားဖြစ်သူ ဖိုးထောင်တစ်ဦးတည်း မြွေဖမ်းထွက်ရပါတော့သည်။

ဖိုးထောင်ခေတ်တွင် မြွေဖမ်းစံချိန်များ ပိုတင်နိုင်ခဲ့သည်။ ကျင်းထဲ ဝင်ပုန်းသော မြွေကိုပင် တူး၍ရအောင် ဖမ်းနိုင်ကြသည်။ မိုးဦးကျအချိန်များတွင် တစ်နေ့ မြွေပွေး(၁၅)ကောင် ဖမ်းနိုင်သော ဖိုးထောင်မှ ထိုဒေသတွင် မြွေဖမ်းသူရဲကောင်း ဖြစ်သွားတော့သည်။

ဖိုးထောင်မှာ မြွေဖမ်း ကျွမ်းကျင်လာသည်နှင့်အမျှ မြွေဖမ်းမုဆိုးများ အကာအကွယ်ဖြစ်သော လည်ရှည်ဖိနပ်ကြီးကိုပင် မစီးတော့ပေ။ တစ်ခါတစ်ခါ အရက်သေစာ သောက်စားပြီးမှ မြွေဖမ်းထွက်လေ့ရှိသည်။ မြွေပွေးဆိုသည်မှာလည်း အဆိပ်ပြင်းထန်ပြီး ထိလိုက်သည်နှင့် ဆတ်ခနဲ တွယ်လိုက်သော မြွေပွေး၏ လျင်မြန်တိကျမှုနှင့် အစွမ်းထက်မှုကိုလည်း အမှုမထား မကြောက်ရွံ့တော့ပေ။

**ထိုမြွေများမှာလည်း မြွေဖမ်းသမားများ၏ အနံ့အသက်ကို ရသည်နှင့်** ချုံများအောက်တွင် မနေရဲတော့ပေ။ နီးစပ်ရာကျင်းနှင့် ရေမြောင်းများထဲသို့ ဆင်းပြေး ပုန်းခိုကြတော့သည်။

ဖိုးထောင်တို့ မြွေဖမ်းမုဆိုးများကလည်း မြွေပွေးအနံ့အသက်ကို အဝေးမှ ကြိုတင်အနံ့ခံနိုင်စွမ်း ရှိလာကြသည်။ မြွေပွေးတစ်ကောင်ကို ကြက်ကလေး ငှက်ကလေး ဖမ်းသလို ဖမ်းနိုင်လာကြသည်။ စည်းကမ်း ထုံးတမ်း အစဉ်အလာပျက်၍ အကာအကွယ်မဲ့ အထင်သေးစွာ ဖမ်းကြသည့် အနေအထားကို ရောက်လာကြတော့သည်။

'ဝါကျွတ်ရင် လက်ထပ်ကြရအောင် ကိုဖိုးထောင်ရယ်'

တစ်ရွာတည်းသူ မမြိုင်၏ ခရာတာတာ ပူဆာသံကို ကြားယောင်ရင်း ထုံးစံအတိုင်း ဖိုးထောင် မြွေဖမ်းထွက်လာခဲ့သည်။ စိန်ပိုင်းရွာလေးကို ဖြတ်သန်းစီးဆင်းနေသော စိန်ပိုင်းချောင်းအရောက် ဖိုးထောင် ရပ်လိုက်သည်။ နှာခေါင်းကို တောထဲ မော့၍ အနံ့ခံလိုက်သည်။

ဖိုးထောင် ကျေနပ်သွားသည်။ သေချာပြီ ချောင်းစပ်ချုံထဲတွင် မြွေပွေးနံ့ကို သူရလိုက်ခြင်း ဖြစ်သည်။ သို့သော် ထူးခြားနေသည်မှာ အနံ့က နှစ်မျိုးဖြစ်နေသည်။ ဘာပဲဖြစ်ဖြစ် ဖိုးထောင် ချုံထဲသို့ တိုးဝင်လိုက်သည်။

တွေ့လိုက်ရသည့် မြင်ကွင်းက အဆန်းတကြယ် ဖြစ်သည်။ မြွေပွေးနှစ်ကောင် မိတ်လိုက်နေကြသည်ကို တွေ့လိုက်ရသည်။ တစ်ကောင်နှင့်တစ်ကောင် လိမ်ယှက်လူးလွန့်နေကြသည်။

ဖိုးထောင်အဖို့ တစ်ချက်တည်းနှင့် ငှက်နှစ်ကောင်ထိသည့်ကိန်း ဆိုက်နေသည်။ ဖိုးထောင် ပြုံးလိုက်သည်။ ပြီး အသင့်ပါလာသော ခက်ရင်းခွဖြင့် မြွေတစ်ကောင်၏ ဦးခေါင်းကို မိမိရရ ဖိထောက်လိုက်သည်။ ထို့နောက် အသင့်ပါလာသော ဓားဖြင့် ထိုမြွေပွေး၏ ဦးခေါင်းကို ဖြတ်ချနိုင်ခဲ့သော်လည်း...

ကျန်သော မြွေပွေးတစ်ကောင်၏ အမျက်ဒေါသဖြင့် တွယ်(ကိုက်)လိုက်သော အစွယ်တစ်ချက်သည် လည်ရှည်ဖိနပ်ကြီး စီးမထားသော ဖိုးထောင်၏ ခြေကျင်းဝတ်ကို စူးဝင် နစ်မြုပ်သွားတော့သည်။

မျက်လုံးများ ပြာဝေနေသည့်ကြားက အဖေ့စကားသံကို ပြန်လည် ကြားယောင်မိသည်။

'ဖိုးထောင် မိုးကျရင် ဒီကောင်တွေ မိတ်လိုက်တတ်တယ်ကွ၊ လည်ရှည်ဖိနပ်ကြီး စီးသွားနော်'

သို့သော် ဖိုးထောင်၏ အသိတရားတို့ နောက်ကျသွားခဲ့ပြီဖြစ်သည်။

စိန်ပိုင်းချောင်းနံ့ဘေးတွင် ဖိုးထောင်၏ အလောင်းနှင့်အတူ မြွေပွေးတစ်ကောင်ကို ညနေပိုင်းတွင် ရွာသားများက တွေ့မြင်ခဲ့ကြလေသည်။

'ဩော် မြွေဖမ်းကြသူများလဲ သနားစရာ လစ်တာနဲ့...'

ရဲရဲထွန်း (ဟင်္သာတ)



www.burmeseclassic.com

www.burmeseclassic.com



# နာတစ်ဆယ် ဝဲကတော့

ရွှေတောင် ဆင်မောင်ကြည်

နိုင်ငံကိုသိမ်း၊ သီပေါကိုယ်တော်
ကို ထိန်း၊ အကျယ်ချုပ်ထောင်ချ၊
ရသမျှ အကုန်သိမ်းကျုံးယူ၊
ပြည်သူတွေကို နှိပ်စက်၊
ထောင်ချလို့ရက်စက်၊
သတ်ဖြတ်ချက်လဲပြင်း။
လက်ငင်းကြီး လတ်တလော
တိုင်းတစ်ခွင်၊ ပြည်အနှံ့
ဘုရင်စနစ် ကုန်ဆုံး
လုံးလုံးကြီးကျွန်ဖြစ်၊
ယူကျုံးမရ အပူလုံးကြွ
လူလုံးမလှ ဖြစ်ခဲ့ကြ…
သူ့ကျွန်ဘဝ။

ကျုပ်တို့ ဆရာတော်က သီပေါဘုရင်နဲ့ စုဖုရားလတ်တို့ တံဆိပ်တော်ကပ် ထွတ်ထွတ်မြတ်မြတ် ကိုးကွယ်ခဲ့တဲ့ ဆရာတော်၊ သံဃာတော်။ စာပြန်ပွဲမှာ တစ်ဂဏန်းက ပြေးခဲ့တဲ့ ပုဂ္ဂိုလ်။ ရွှေတိုက်တော်စာရင်းဝင်။

အင်္ဂလိပ်နယ်ချဲ့က အဆက်အနွယ်တော်တွေ စာရင်းမှတ် ညှဉ်းဆဲကာ သတ်ဖြတ်မယ့်အရေးကြောင့် အောက်ပြည်ကို ပြေးခဲ့ရတာ။ ရောဝတီမြစ်ရိုးတစ်လျှောက်မှာ သီတင်းမသုံး။ စခန်းဖြတ်၊ လမ်းဖြတ်၊ အဆက်ဖြတ်။ ကုန်းခေါင်ခေါင်အရပ်ကိုကြွချီ၊ ဝေးသည်ထက် ဝေးရာဆီသို့…

ကျုပ်နာမည် ဦးမြိုင်။ အသက်က (၆၀)။ (၁၀)ပတ်လည်ကလေးတွေက အဘမြိုင်လို့ခေါ်ကြတယ်။ နောက်တော့ အဘမြိုင်လို့ ခေါ်ရတာ ထောင့်တောင့်တောင့် ဖြစ်နေတယ် ထင်ပါရဲ့။ (အ)ပစ္စည်းကို ဖြုတ်ပြီး ဘမြိုင်လို့ ခေါ်ကြပါလေရော။

ဒီနာမသမုတ်ချက်က အမည်သစ်တစ်လုံး ဖြစ်သွားတယ်။ ကျုပ်ထက်ကြီးတဲ့သူတွေကလဲ ဘမြိုင်၊ ရွယ်တူတန်းတူတွေကလဲ ဘမြိုင်၊ ငယ်သူတွေကလဲ ဘမြိုင်။

ခြောက်ဆယ်ကျော် အသက်က ဘအမည်သစ်ထွန်းပြောင် "မောင်"၊ "ကို"၊ "ဦး"တွေ ပြုတ်သွားတယ်။ ပျောက်သွားတယ်။ ခေါ်ကြပါစေ၊ ခေါ်ပါစေ… ဘမြိုင် ကျုပ် ကျေနပ်တယ်။

မကျေနပ်တာက နယ်ချဲ့အင်္ဂလိပ် အစိုးရ။ အတင်းအဓမ္မ စားပြတိုက်သလို

တောင်ကွယ်ကွယ်၊ တောကျကျ



www.burmeseclassic.com

www.burmeseclassic.com

လမ်းမတွေနဲ့ဝေးဝေး ဆေးအေးစွာ သီတင်းသုံးတော်မူခဲ့။ မန်းနေပြည်တော် အထက်အရပ်က စာတတ်ပေတတ်အကျော် ဆရာတော်တစ်ပါးရယ်လို့ ယောင်လို့များတောင် နှုတ်တော်ကမဟ။ မြုပ်အောင်ကို မြှုပ်ထားတဲ့ ဇာတိမာန၊ ဂုဏ်မာန... ဩချရလောက်ရဲ့။

ကျုပ်တို့ ရွာကလေးက ဆင်းရဲတယ်။ ဆင်းရဲသားတွေ များတယ်။ စားနိုင်သောက်နိုင် အိုးပြည့်ခွက်ပြည့်တွေက လက်တစ်ဆုပ်စာ (၅)ယောက်တောင် မပြည့်ဘူး။

အိမ်ခြေလေးက (၃၀)ကျော်၊ အလယ်ရိုးမအစပ် တောင်ခြေမှာ ကပ်တည်ထားတဲ့ရွာ။ ဆွမ်းရေးထက် ဝမ်းရေးခက်တဲ့ရွာ... ကျုပ်တို့ရွာ။

ကိုးကွယ်စရာ . ဘုန်းကြီးမရှိ၊ ကျောင်းမရှိ။ စာပေပညာ ဟာတာတာ ဗလာနတ္ထိ သင်စရာမရှိ။

ဒါပေမယ့်ဗျာ... ဆရာတော် ကြွရောက်တော်မူလာတော့ ရွာအပြောင်းအလဲက ဝမ်းပန်းတသာ လူ သာဓုခေါ်၊ နတ် သာဓုခေါ်။

'သြော်... အဖြစ်က...'

တစ်နေ့တော့ နေ့ဆွမ်း ဆွမ်းခံဝင်ချိန် ရွာထိပ်ကနေပြီး ဘုန်းကြီးတစ်ပါး ကြွလာတယ်။ သပိတ်တော်ကို ပိုက်လို့... ကျုပ်တို့က ရွာလယ်လမ်းမမှာ ကစားနေကြတာ။ ကျုပ်တို့အသက်က (၁၄)နှစ်၊ (၁၅)နှစ် ကြီးကောင်ဝင်စ၊ လူပျိုကြီးဖားဖားတော့ မဖြစ်သေး။ အရိုန်ယူစ။

လူလားမြောက်တော့မယ့် ကျုပ်တို့ ဘာတစ်လုံးမှ မတတ်ဘူး။ သေစာရှင်စာ ဖတ်တတ်ဖို့ဝေးလို့ ကကြီးကို ပုတ်လောက်ပြူးပြတာတောင် ကကြီးမှန်းမသိဘူး။

ဒါပေမယ့် ဘဝမှာ ပျော်တာပဲ။ ကလေးဆိုတာ ဘာသိမှာတုန်း၊ နလပိန်းတုံး။

အရပ်တော်က လေးတောင်ပြည့်ယောကျ်ား၊ အသားက မည်းချိပ်ချိပ်၊ နက်တဲ့ဘက်တောင် ပါတော့မလိုလို။ မျက်နှာတော်ကတော့ ပြုံးလို့။ ဘယ်နဲ့ညာ ခြေဖဝါးနှစ်ဖက်မှာ ကွဲအက်တဲ့ ဒဏ်ရာတွေနဲ့။ ဖိနပ်မပါ။ ဗလာထီးတည်း။ သင်္ကန်းတော်က နွမ်းဖတ်ဖတ်၊ ချေးအထပ်ထပ်။

တံခါးမရှိတဲ့ ရွာအဝင်လမ်းကို ဆရာတော် ခြေလှမ်းလိုက်တာနဲ့ ကျုပ်ကစပြီး ဆရာတော့်ဆီကို ပြေးတယ်။ ကစားဖော်တွေ ကျုပ်နောက်က လိုက်လာကြတယ်။ တစ်ပြုံကြီး တစ်အုပ်တစ်မ။

ဆရာတော့်အနားကို ရောက်တော့ လက်အုပ်ချီမိုး ရှိခိုးဦးချ ကန်တော့လိုက်ကြပြီ။

ဆရာတော်က ပြုံးပြီးကြည့်တယ်။ ဆုတွေပေးတယ်။ ကလေးဆိုတော့ ဘာတွေပေးမှန်းမသိ။ ပေးတဲ့ဆုအဆုံးမှာ ကျုပ် ထိုင်ရာကထ အသံကုန်ဟစ်လို့ အော်လိုက်ပြီ...

'ဆွမ်းတော်ဗျို့'

ကျုပ်တို့က ရှေ့ကအော် ဆရာတော်က နောက်ကအကြွ။ အိမ်တိုင်း အိမ်တိုင်းက ထွက်အကြည့်။ ရှိစုမဲ့စု ဟင်းလျာကလေးတွေနဲ့ ဆွမ်းတော်ကို လောင်းတော်မူကြ၊ လှူလိုက်ကြတာ သူငါအပြိုင် အနိုင်ကြမတတ်။

ရွာသူရွာသားတွေဆိုတာ ဝမ်းသာနေလိုက်ကြတာ... ကျုပ်တို့ အော်တာနဲ့တင် မနေကြသေးဘူး။ သဒ္ဓါယိုဖိတ် စိတ်နောက်ကိုယ်ပါ။ သူသူငါငါ တူမကွာ လှုကြဖို့...

'ဘယ်သူရေ... ဘယ်ဝါရေ... ဆွမ်းတော်ဟေ့'

လို့ တစ်အိမ်ကျော်၊ နှစ်အိမ်ကျော် နာမည်တွေ ခေါ်,ခေါ်ပြီး အသံပြုလိုက်ကြတာ။ ရွာလုံးကျွတ် ဆူညံ ဘဝင် အထိလှုံ့။

ဆရာတော် ဆွမ်းခံကြွတာ ရွာမဆုံးသေးဘူး သပိတ်တစ်လုံးလျှံလို့... နောက်ကြောင်း ပြန်ကြွရပြီ။ ဆရာတော့် နောက်ကနေ ကျုပ်တို့တစ်သိုက် လိုက်သွားကြတယ်။

ရွာအဝင်လမ်းက ပြန်ထွက် လယ်နှစ်ကွက်ကျော်လောက်က အင်ပင်ကြီးရဲ့ အောက်မှာ ဆွမ်းဘုဉ်းပေးတယ်။ ဆွမ်းမဘုဉ်းပေးမီ သပိတ်တော်ကို လက်နှစ်ဖက်နဲ့ ကိုင်မြှောက်ပြီး နှုတ်တော်က တတွတ်တွတ် ရွတ်တယ်။

ဆရာတော် ဆွမ်းဘုဉ်းပေးနေတုန်း ရပ်ပေါ်ရွာပေါ် ဩဇာရှိတဲ့ လူကြီး(၃)ယောက် ရှေ့ဆုံးက ရောက်လာတယ်။ ဘကြီးသာအောင်ရယ်၊ ဘထွေးချစ်ငွေရယ်၊ ဦးကြီးသန်းမောင်ရယ် နောက်မှာလဲ ရွာသားတွေ လိုက်လာကြတယ်။ မိန်းမကြီးတွေလဲ ပါတယ်။

ဒွေးလေးညွှာက်သေး ခေါင်းပေါ်မှာ သောက်ရေအိုးတစ်လုံး၊ အဖုံးနဲ့ ရေခွက်လဲ ပါရဲ့။

ဆရာတော်ကို ဝတ်ဖြည့်ကြပြီ။ သင့်ရာကထိုင်ကြ လယ်ကန်သင်းရိုးဘေးမှာ ကျုံ့ကျုံ့ကလေးတွေ၊ လက်အုပ်တွေ တချီချီနဲ့... ဟိုကြည့်ဒီကြည့် ဆရာတော်ကို တကြည့်ကြည့် သိမှမသိဘဲ။ ပီတိတွေကတော့ တဝေဝေ။

ဆွမ်းဘုဉ်းပေးပြီးတော့ ဆရာတော်က သပိတ်ကို ရေဆေးပြီး အင်ပင်ရင်းမှာ မှောက်ထားတယ်။ သင်္ကန်းစ လက်သုပ်ပဝါနဲ့ လက်တော်ကို သုတ်တယ်။ ဆွမ်းဘုဉ်းပေးတဲ့ နေရာမှာ ပြန်ထိုင်တယ်။ သပ္ပာယ မှုန်ွှားတော့မှ





www.burmeseclassic.com

www.burmeseclassic.com

ဘကြီးသာအောင်က စတင်ပြီး လျှောက်ထားတယ်။

'ဆရာတော် ဘယ်အရပ်ဒေသက ကြွတော်မူလာတာလဲ ဘုရား'

'ဟို... အဝေးကြီးက'

မြောက်အရပ်ကို လက်ညှိုးညွှန်ပြတယ်။

'အထက်အညာကလား ဘုရား'

'ဟုတ်ပ့ါ'

ဘယ်အရပ် ဘယ်ဒေသက ကြွတော်မူလာတယ်ဆိုတာ မိန့်တော်မမူဘူး။ ဒကာ,ဒကာမတွေလဲ မသိကြတော့ဘူး။

'ဘယ်အရပ်ဒေသကို ကြွမြန်းတော်မူမှာလဲ ဘုရား'

'မသိသေး'

'တပည့်တော်တို့ရွာကို ဝေါစရဂါမ် ပြုတော်မူပါဘုရား။ ပစ္စည်းလေးပါး ဒကာ;ဒကာမများအဖြစ် တာဝန်ယူလှူဒါန်းပါ့မယ်ဘုရား'

'အိမ်း'

တစ်ခွန်းတည်း နှုတ်တော်ကထွက် လက်ခံလိုက်တယ်။

နေ့သန့်စင် သီတင်းသုံးဖို့ ဘကြီးသာအောင် သူ့အိမ်ကို ပင့်တယ်။ လက်မခံဘူး။ ငြင်းတယ်။ မကြွဘူး။ အင်ပင်အောက်မှာပဲ သီတင်းသုံးမယ်။ ညကျိန်းမယ်။

ပင့်လျှောက်လို့ မရကြတော့ တစ်ထောက်တစ်နားနေပြီး ရွာကို ပြန်ကြရပြီ။

ညစာ စားပြီးတာနဲ့ ရွာကလူကြီးတွေ ဘကြီးသာအောင်အိမ်မှာ စုကြတယ်။ တစ်အိမ် တစ်ယောက်မက လာကြတယ်။ ရပ်ရေးရွာရေး ဘာသာရေး၊ သာသနာရေး။

ရွာဦးရွာထိပ် ရွာအရှေ့ဘက် ပဒုမ္မာကြာပွင့်တဲ့ ရေကန်ကြီးနားမှာ ကျောင်း



လေးတစ်ဆောင် ဆောက်မယ်။ ဆရာတော်ကို ပင့်မယ်။ သီတင်းသုံးစေမယ်။ တစ်ရွာလုံး ညီညီညာညာ သဘောတူကြ၊ တစ်သံတည်း သံဃာတော်အရှင်မြတ်ကို ကိုးကွယ်ကြမယ်။

မနက် အရုဏ်တက်သာသာမှာ ဆရာတော် ဆွမ်းခံဝင်တယ်။ အရုဏ်ဆွမ်းကို လောင်းကြ၊ လှူကြ။ သပိတ်တစ်လုံး ဖြိုးမောက်လျှံကျ။ သဒ္ဓါစိတ်တွေ ယိုဖိတ်ကြ။

ဒကာကြီး,ဒကာမကြီးတွေ ဆရာတော့်နောက်က လိုက်သွားကြတယ်။ ချက်ချင်းကြီးတော့ မဟုတ်ဘူး။ အရုဏ်ဆွမ်း စားပြီးချိန်လောက် ဆရာတော့်ဆီ အရောက် လျှောက်ထားကြတာက ကျုပ်တို့ရွာမှာ သီတင်းသုံးဖို့၊ ကျုပ်တို့တွေကို ပြောဆိုဆုံးမလမ်းညွှန်ပြဖို့။

ဆရာတော်က ခေါင်းညိတ်တော်မူတယ်။ လက်ခံတယ်။

ဝမ်းသာလိုက်ကြတာ... တစ်ရွာလုံး ပျော်မဆုံး မော်မဆုံး ရွှေတုံးကြီးကောက်ရကြသလို။

ဒကာ,ဒကာမတွေ ချက်ချင်းပဲ ရွာကိုပြန် ဘုန်းကြီးကျောင်းတစ်ကျောင်း ဖန်ဆင်းကြတော့မယ်။ ဓား, ပုဆိန်, ကြိုး, လွှ စတာတွေကို ယူ။

ယောက်ျားသူအားလုံး အိမ်ကထွက် ရွာအရှေ့ဘက် အလယ်ရိုးမဆီကို ချီတက်။ တောက မနက် လယ်ကွင်းအစပ် သာသာကလေး။ နီးနီးကလေး မဝေး။

ကျောင်းတိုင် ထုပ်,လျှောက်, ဒိုင်း, မြား, မျော, ကြံတိုင်, အဆင့်, အခင်း နေ့ချင်းပြီးစီစဉ်။ သစ်ပင်တွေခုတ်၊ ဝါးတွေခုတ်။

ရွာကို ပြန်အရောက် လူတိုင်း ယောက်ယက်ခတ်မျှ။ အလုပ်ကကိုယ်စီ။ နှီးဖြာ၊ တိုင်ဖြတ်၊ ဝါးကြောသပ်၊ ထိပ်တိ၊ ဝါးတွေခြမ်း၊ ကပ်တွေရက်။ တစ်နေ့တစ်ရက်နဲ့တော့မပြီး၊ ချွေးဒီးဒီးကျ။ မညည်းမညူ။ နောက်တစ်နေ့ဆက် ကုသိုလ်ရေးအတွက်။

ဘကြီးသာအောင် မြို့ကိုတက်၊ လိုအပ်ချက်တွေ အကုန်ဝယ်။ အမည်ကမများ။ မနက်သွားလို့ ညနေပြန်။ ရက်တစ်ရက်အချိန်ပေး။ လှည်းယာဉ်လေး ကြော့ကြော့နဲ့ နွားညီနောင် ခြူသံပေး မနားတမ်း ပြေးလွှား။

ရွာသားများကတော့ နောက်နေ့လဲ လုပ်ငန်းဆက် (၃)ရက်နဲ့ပင် ကျောင်းငယ်တစ်ဆောင်ဖြစ်မြောက်။ ဗုဒ္ဓသာသနာတော်ကို စောင့်ရှောက်၊ မြေပြင်က ထပေါက်တဲ့ ဘုံဗိမာန်၊ နတ်တို့ဖန် ရေကန်အသင့် ကြာအသင့်။

လုပ်ငန်း အဆင့်ဆင့်ပြီးမြောက် (၄)ရက်မြောက်နေ့မှာတော့ နေ့ကလဲကောင်း၊ ရက်ကလဲကောင်း၊ နေ့ကောင်းရက်သာ ရွေးစရာမလို အလိုလိုတိုက်ဆိုင် ကျောင်းသစ်အပ်ပွဲ၊ ကျောင်းသ



www.burmeseclassic.com

www.burmeseclassic.com

တက်ပွဲ၊ ကျောင်းအလှူ ရေစက်ချပွဲ ကျင်းပ။

မြတ်ဗုဒ္ဓရဲ့သာဝက ကိုးကွယ်ကြရပြီ။

အဲဒီနေ့ ရွာနီးချုပ်စပ် နီးစပ်ရာရွာအသီးသီးက ကျောင်းထိုင်ဆရာတော်တွေကိုပင့် အရုဏ်မုန့်ဟင်းခါးဆွမ်းလုပ်ကျွေး။ ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ကပ်လှူ၊ ပူဇော်သက္ကာရပြုလိုက်ကြတာ ကြီးကြီးငယ်ငယ် အရွယ်မရွေး။

တစ်ရွာလုံး မီးခိုးတိတ် ကြိတ်လိုက်ကြ မုန့်ဟင်းခါး။ အရုဏ်မုန့်ဆွမ်းသံဃာတွေကပ်၊ နေ့ဆွမ်းတစ်ထပ်ထပ်ပြီးကပ်ပြန်။ နှစ်တန်နှစ်ဝ ကုသိုလ်ရ။

နောက်တစ်နေ့ မနက်မှာတော့ ဆရာတော်ထံမှောက် ရောက်လာလိုက်ကြတဲ့ ကျောင်းသားတွေ အများကြီး။ သားတွေလက်ဆွဲ မိဘတွေလဲပါ။ လှူဖွယ်တွေ စုံအညီနဲ့။

ကျောင်းသားတွေက အသက်စုံ၊ အရွယ်စုံ။ (၅)နှစ်၊ (၆)နှစ်ပါတယ်။ (၁၀)နှစ်ပတ်လည်တွေလဲ ပါတယ်။ ကျုပ်တို့လို တစ်ဆယ်ကျော်၊ သုံးနှစ်ပတ်လည်၊ လေးနှစ်ပတ်လည်တွေလဲ ပါတယ်။

ဆရာတော့်ရှေ့မှာ အတန်းလေးတွေစီလို့၊ လက်အုပ်ကလေးတွေချီလို့၊ ကျောင်းကလေးက ကျဉ်းတော့ မြေပြင်ဆင်းပြီး ထိုင်ကြ၊ ဝတ်ဖြည့်ကြ။

'ဩကာသ... ဩကာသ... ဩကာသ...'

ကျောင်းစအပ်တဲ့နေ့ ဆရာတော်က ဘာစာတစ်လုံးမှ မသင်ဘူး။ ကျောင်းဝေယျာဝစ္စလဲ မလုပ်ခိုင်းဘူး။ မိဘတွေနဲ့ ပြန်ထည့်လိုက်တယ်။ နောက်နေ့မှလာကြ ပြန်ကြ။



ကျောင်းစ,တက်တဲ့နေ့ ဝ,လုံးတန်း။ ကျောင်းရှိလူကုန် ဝ,လုံးတန်း။ တန်းခွဲမရှိ။ တစ်ပြေးညီ ဝ,လုံးတန်း။ လေထဲမှာ လက်တန်းပြီး ရမ်းရော်လို့ မှန်းဆရေးလိုက်ကြရတယ်။ ဝ,လုံး။

ဆရာတော်က ကျုပ်တို့ကို ကျောခိုင်းပြီး ရပ်တယ်။ လေထဲမှာ ညာလက်နဲ့ ရေးပြတယ်၊ ကျုပ်တို့ကလဲ လိုက်ရေးတယ်။

'မနက်ဖြန် ကျောင်းလာရင် ပျဉ်ပြားတစ်တောင်လောက် ဖြတ်ခဲ့ကြ။ ကနေ့ကျောင်းကနေ အိမ်ပြန်ရောက်တာနဲ့ မိဘတွေကိုပြော မနက်ဖြန်ပါအောင်ယူခဲ့ကြ'

ဆရာတော် အဆိုအမိန့်အရ တစ်တောင်လောက်ပျဉ်ပြား၊ တစ်တောင်မရှိတရှိပျဉ်ပြား ကျောင်းသားတိုင်း ပါလာကြတယ်။

အောင်မယ် ဆရာတော်မှာလဲ တစ်တောင်လောက် ပျဉ်ပြားတစ်ချပ်နဲ့ သူ့ဘေးမှာတော့ တောင်းကလေးတစ်တောင်း... မီးသွေးခဲတွေ အပြည့်။

မီးသွေးခဲ တစ်ယောက်တစ်ခဲစီ ယူခိုင်းတယ်။ ဆရာတော်ကလဲ တစ်ခဲ။

လယ်ထဲက မီးသွေးခဲနဲ့ တစ်တောင်လောက်ပျဉ်ပြားလေးပေါ်မှာ ဝ,လုံးရေးပြတယ်။ အားလုံးကိုရေး။ လိုသေးရင် လိုက်ပြင်ပေး။ လက်ကလေး အုပ်ကိုင်ပြီး ရေး,ရေးပြ။ ဝ,ဝလေး ဝိုင်းဝိုင်းရေး။

ကံ့ကူလက်လှည့်ဆရာမဟုတ်၊ မီး သွေးခဲလက်လှည့်ဆရာ နမာမိ အာစရိယဆရာ။

ကျောင်းအိပ်ကျောင်းစား ဘုန်းကြီး ကျောင်းသား စစ်စစ်တွေရှိသ ဘုန်းကြီးကျောင်းမှာစာသင်၊ အချိန် တန်ရင် အိမ်ပြန်စား၊ ည အိမ်မှာပြ အိပ်။ အဲဒီလို ကျောင်းသားတွေက နှစ်ဆယ် အစိတ်လောက် ရှိတယ်။

ကျုပ်ကတော့ ဘုန်းကြီးကျောင်း သားစစ်စစ်။ ဆရာတော်ရဲ့ အချစ်တော် ဖင်ပေါ့ါတယ်။ ခိုင်းချင်တာခိုင်း။ သွက် သွက်လက်လက်၊ ချက်ချက်ချာချာ ဖျတ်ဖျတ်လတ်လတ် ပေကပ်ပြီး အနား မနေ။ စာချိန်မှာ စာအံစာကျက် ဆွမ်းခံ ထွက်တဲ့အချိန် ဆွမ်းခံ။

ကျောင်းအရာမ်ထဲမှာ လှည်းကျင်း ရေ,မီး,ထင်းကအစ တာဝန်ယူ။ ကျုပ် လိုလူ (၅)ယောက်ရှိတယ်။ အတူနေ၊ အတူစား၊ အတူသွား၊ အတူလာ ဆရာတော် မပူမပင်စေရ။ ကြောင့်ကြ ကင်းစေ အလုပ်တွေ ဒိုင်ခံလုပ်။

ကျုပ်တို့ ဆရာတော် အသင်အပြ ကောင်းတာကြောင့် ကျုပ်တို့တစ်တွေ (၂)နှစ်ကျော်ကျော်မှာ စာတော်တော် တတ်ပြီ။ ဝ,လုံးတန်း ညက်ညက်လေး ကကြီးက အ,အထိ ဗျည်း(၃၃)လုံး မတ်တတ်၊ တုံးလုံး၊ မှောက်ခုံ ဘေး တိုက် တရွတ်ဆွဲ အက္ခရာအစုံ အလွတ်ရ နေ့ကျေ။



www.burmeseclassic.com

www.burmeseclassic.com

သချ်ာဆိုလဲ နဝဒွေကုတ်။ အပေါင်း၊ အနှုတ်၊ အမြှောက်၊ အစား၊ စပါးတွက်၊ ဈေးတွက်၊ သစ်တန်တွက် ရှေ့ဆက်ပြီး သင်။

အပြင်အောင်ခြင်း၊ အတွင်းအောင်ခြင်း၊ နမက္ကာရဘုရားရှိခိုး၊ ပရိတ်ကြီး (၁၁)သုတ်၊ သဒ္ဒါ၊ သင်္ဂြိုဟ်ပါဠိကို မွှေနှောက်လို့ ကျမ်းကြီးတွေကို ဖောက်ဖို့ အခြေခံ အဖန်ဖန်လေ့ကျက်။ လက်နက်တွေစုံပြီ။

ကိုင်း စမ်းချင်သလိုစမ်း ဆရာတော်ရဲ့ သင်ကြားပြသမှုအစွမ်း။


တောကြိုအုံကြားက တောသားလေးတွေ။ မြို့ကြီးတွေ ဘယ်လိုသွား၊ ဘယ်ကျောင်းများမှာ စာသင်ကြမယ်။ ဆက်ဆက်ပြီး စာဝါတက်ကြမယ်။

မြို့ကြီးတွေက စာသင်တိုက်ကြီးတွေကိုမရောက်၊ ကျမ်းကြီးတွေကို မပေါက်မြောက်ပေမယ့် တတ်သင့်သလောက်တော့ တတ်ကြပြီ။

ကျုပ်လဲ ကျောင်းထွက်။ အဖေနဲ့ ဒိုးတူပေါင်ဖက် လယ်ယာလုပ်ငန်းခွင်ဝင်။ နေ့စဉ်ရက်ဆက် ဝတ်မပျက်တော့ ဆရာတော်ထံ အဖူးအမြော်ရောက်။ တစ်ပတ် တစ်ခေါက်။ ဥပုသ်နေ့တိုင်း တစ်သီတင်းမပျက်။ လိုအပ်သလောက် ဝေယျာဝစ္စတွေလုပ်ပေး။ ကုသိုလ်ရေးလေး...ဖက်။

ဆရာတော် ကျောင်းထိုင်တာ နှစ်ကာလကလဲ ကြာလာပြီ။ ရွာလုံးကျွတ် ဆွမ်းဒကာ,ဆွမ်းအစ်မ၊ ကျောင်းဒကာ, ကျောင်းအစ်မတွေ ဖြစ်ကြပြီ။

ဗုဒ္ဓသာသနာတော်အကျိုး သယ်ပိုးထမ်းဆောင်ကြတဲ့ ဒကာ,ဒကာမတွေ ဆင်းဆင်းရဲရဲ နွမ်းနွမ်းပါးပါး လုပ်စားကိုင်စားတွေ။ ဆင်းရဲတဲ့ကြားထဲက နှစ်ပြားတစ်ပဲ စွန့်ကြလို့ လှူဒါန်း။ ဝမ်းပန်းဖူလုံဖို့ မတွေး။ သာသနာရေး



ကို ဦးထိပ်ရွက်ပန်ဆင်။

အမြဲအစဉ် ဒီဒကာ,ဒကာမတွေရဲ့ ဖြစ်အင်ကို ဆရာတော်က စောင့်ကြည့် အကဲခတ် မေတ္တာဓာတ်တွေပွား၊ ကရုဏာတရားတွေထား။

ဒီတော့ ဒကာ ဒကာမတွေ ဆင်းရဲနေတာ ဆရာတော်က မကြည့်ရက်ဘူး။ ဆင်းရဲခြင်း ဒုက္ခတွင်းထဲက ကယ်မမှ တော်မယ်။ ချမ်းသာကြစေ၊ ချမ်းသာကြစေ။

ဆရာတော်က အဂ္ဂိရတ်မီးအတတ်နဲ့ ထွက်ရပ်မြန်းဖို့ မှန်းနေတဲ့ ကိုယ်တော်။ တော်တော်လဲ ခရီးရောက်လို့ ပြီးမြောက်နေပြီ ဆိုပါတော့။

ဘုန်းကြီးကျောင်းသားဘဝ ဆရာတော့် တပည့်တွေထဲမှာ ကျုပ်က တပည့်ဦး,တပည့်ကြီး။ ဖိုခွင်ဆို ကျုပ်ပါဝင်ရတာ။ ဖိုဆွဲလေ။ ဖိုဆွဲငမြိုင်... ငမြိုင်ဖိုဆွဲ...

တစ်နေ့တော့ ဆရာတော်က ကျောင်းသားလွှတ်ပြီး ကျုပ်ကို ခေါ်ခိုင်းတယ်။ ဒီနေ့ကို ကျုပ် ကောင်းကောင်းမှတ်မိတယ်။ ကျုပ် အသက် (၂၀)ပြည့်ပြီးတဲ့ နောက်တစ်နေ့ပဲ။ (၂၁)နှစ်ထဲအဝင်။

အိမ်အလုပ်တွေကို ကျုပ် ပြင်ဆင်ချိန်တောင် မရလိုက်ပါဘူး။ ကမန်းကတန်း ထလိုက်သွားရတယ်။ ဆရာတော်က စိတ်မြန်တယ်။ ခုဆိုခုပဲ။ အချိန်မဆိုင်းဘူး။ တုံးဆိုတိုက် ကျားဆိုကိုက်။

တပည့်မိုက်ရာ မကျအောင် အမြန်လိုက်သွားရတယ်။ တစ်ခဏချင်း။

ကျောင်းကို ရောက်တော့ လျှောက်ပတ်တဲ့ နေရာမှာထိုင်၊ ဝတ်ဖြည့်ဦး။ သုံးကြိမ်စေ့တော့...

'မင်း မနက်ဖြန် အလုပ်ရှိသလား။ ရှိရင်လဲ အလုပ်ဖျက်။ မနက်ဖြန်မနက် နေမကြွခင် ကျောင်းဘက်ကိုလာခဲ့။ ဆရာတော် ခေါ်ထားတယ်လို့ မင့်အဖေကို ပြော'

'မှန်ပါ့ ဘုရား'

ဆရာတော့် မိန့်စကားမှာ အလုပ်အမျိုးအစား မပါဘူး။ ဘာများပါလိမ့်လို့ ကျုပ်တွေးတယ်။ ကျောင်းဝေယျာဝစ္စ အဖြာဖြာ (၇)ရက်တစ်ခါ၊ (၈)ရက်တစ်ခါ ဥပုသ်နေ့တိုင်း လုပ်နေကျ။ ထူးခြားတယ်။ တော်တော်ထူးခြားတာ။ ဆရာတော် ကျောင်းကို ခေါ်တဲ့ မိန့်စကား။ တွေးလို့တောလို့ မရပါလား။

နောက်နေ့မှာတော့ အရုဏ်ဆွမ်းခံပြန်သွားကြပြီ။ ဆရာတော် အရုဏ်ဆွမ်း ဘုဉ်းပေးပြီးချိန် ရောက်ပြီ။ အချိန်မှန်းပြီး ကျုပ် ကျောင်းကို ရောက်သွားတယ်။ ဆရာတော် ရေနွေး ဘုဉ်းပေးနေတယ်။ ကျုပ် လက်အုပ်ချီမိုး ရှိခိုးလို့ အပြီးမှာတော့...

'လာ လိုက်ခဲ့'

လို့ တစ်ခွန်းတည်း မိန့်ပြီး ဆွမ်းစားကျောင်းပေါ်က ဆင်းကြွသွားတယ်။ ကျုပ်လဲ နောက်တော်ပါးက တစ်ဖဝါး မကွာ ခပ်မြန်မြန်လေး အပြေးတစ်ပိုင်း။

ဆရာတော် ကြွမြန်းတာက ဖိုခွင်ဆီကို တန်းတန်းမတ်မတ်။

ဖိုရုံလေးက စံကျောင်းတော်ရဲ့ ခေါင်းရင်းဘက်မှာ။ စံကျောင်းတော်လို့



www.burmeseclassic.com

www.burmeseclassic.com

ပြောရတာက သက်ငယ်မိုးတဲ့ နှစ်ထပ်ကျောင်း။ ပျဉ်ထောင်ပျဉ်ခင်း တံခါးတပေါင်အစုံ။ အတက်အဆင်းအတွက် ထုထည်ကြီးမားတဲ့သစ်သား၊ လှေကားတပ် နှစ်ထပ်ကျောင်းဆောင်။

ရေကန်ဘေးနားမှာက ဇရပ်နှစ်ဆောင်၊ ညီနောင် ဆွမ်းစားကျောင်းနဲ့ စားဖိုဆောင်။ တဲကျောင်းလေး ကွယ်ပျောက် အဆောင်အဆောင်တွေ တိုးလို့ ပေါ်ပေါက်။

ကျုပ် ခဏခဏရောက်နေကျ ဖိုခွင်လေး။ မစိမ်းဘူး၊ ရင်းရင်းနှီးနှီး။ ကျောင်းသားကြီးဘဝ ဖိုဆွဲငမြိုင်။ ထိုင်ထိုင်ပြီး ဖိုဆွဲခဲ့ရတာ တညောင်းကြီး။

ကျုပ် သိလိုက်ပြီ၊ ဖိုဆွဲရပေဦးရော့မယ်။


အခုတစ်ခါက အရင်ဟိုတုန်းက ထိုးတာတွေနဲ့ မတူဘူး။ ပစောက်ပုံ သံကြွပ်ဒယ်အိုးတစ်လုံး ဘေးနှစ်ဖက်မှာ လက်ကိုင်ကိုင်း နားရွက်(၂)ခုနဲ့၊ ဒယ်အိုးအလယ်ကောင်မှာ ဘာနဲ့ တိုက်ထားသလဲ မသိဘူး။ ပြောင်နေတာပဲ။ သံသားအရောင်။

ကျုပ်ကို ညှပ်တိုတစ်ချောင်းပေးတယ်။ ဆွမ်းစားကျောင်းဘေးက စားဖိုဆောင်က မီးခဲတစ်ခဲ ယူခိုင်းတယ်။

ဆရာတော်က ဖိုခွင်ထဲကို မီးသွေးထည့်၊ ကျုပ် ယူလာတဲ့ မီးခဲကလေးကို ထည့် မီးမွှေးတယ်။

ဖိုကြိုးကို ကျုပ်ဆွဲပြီး လေအေးလေးနဲ့ မီးရှိန်ပေးတယ်။

ဆရာတော်က ဖားဖိုလေးရဲ့ ဖိုခွင်နှုတ်ခမ်းပေါ်မှာ အရွယ်တူ ကျောက်စရစ်ခဲ(၃)လုံးကို တင်တယ်။ ဖိုခုံလောက်ဆိုင်လေး။ ဆရာတော် ကျောက်စရစ်ခဲ(၃)လုံးကို လှမ်းအယူ ကျုပ်ကြည့်လိုက်တော့ ကျောက်စရစ်ခဲ တင်ထားတဲ့ ဖိုစင်ဘေးကပ်ရိုက်ထားတဲ့ ပျဉ်ပြားလေးပေါ်မှာ နားဖာကလော်လေးတစ်ချောင်းနဲ့ သဘော်ရိုးအစိမ်းလေးတစ်ချောင်းလဲ ရှိနေတာ မြင်ရတယ်။



မီးရှိန်နည်းနည်းမြင့်တော့ ကျောက်စရစ်ခဲ(၃)လုံးအပေါ်မှာ သံကြွပ်ဒယ်အိုးကို တင်တယ်။ အဲဒီ ဒယ်အိုးထဲကို အဖြူသားတွေ ထည့်တယ်။ ညအခါ မြစ်ထဲက သဲသောင်ကို လရောင်ထိုးလို့ မြင်ရတဲ့ အရောင်မျိုး။ ဖွေးနေတာပဲ။

'ဆရာတော် ဘာခတ်လဲ ဘုရား'

လို့ လျှောက်ထားမေးမြန်းတော့...

'နာခဲကို သန့်စင်လိုက်လို့ ဖြစ်သွားတဲ့နာ'

တဲ့။

ခဲ နဲ့ နာ ကွဲပြားသွားပုံက မယုံကြည်နိုင်စရာ ဘာနဲ့များ သန့်လိုက်ပါလိမ့်။

'ဆရာတော် ဘယ်လို သန့်လိုက်တာလဲ ဘုရား'

'လုံနံ့ပါတ် အကြီးအသေးအလိုက် နာကို သန့်အောင်ထည့်၊ လုံပိတ်ဖော်မံပြီး ခါးတိုက် မီးပြင်းထိုးထားတာပဲ။ တစ်လုံထက် တစ်လုံ ဘော်ရောင်အဆင်း ဝင်းလာတယ်။ ခဲက နာတစ်ဖြစ်လဲ ရုပ်ပြောင်းသွားတာပဲ။ ဘော်နဲ့ အပြိုင် အရောင်ခိုင်လာတယ်'

ကျုပ်ဆိုတာ သိချင်တာတွေ မေးနေလျက်က ဖိုချက်ကိုလဲ မှန်မှန်ဆွဲလို့။

ဒယ်ထဲက နာလဲ အရည်ပျော်ပြီ။ ပျော်ရုံမက အရည်တောင် လည်နေပြီ၊ လေမှန်ပဲ ဆွဲခိုင်းတော့ မီးမှန်ပဲသွားနေတယ်။ နာပျော်နှုန်းနဲ့ အပြိုင်။ မီးရောင်က အဝါရင့်မှာ မီးခိုးရောင်ကွပ်လို့ မီးဖျားစွတ်စွတ်ကလေး ဖြာခနဲ့.ဖြာခနဲ။ မီးမှန်ပဲ ဆက်ဆွဲလို့ ပြောပြီး ဆရာတော် ကျောင်းပေါ် တက်သွားတယ်။

ခဏနေတော့ ကျောင်းပေါ်က ပြန်ဆင်းလာပြီ။ ဆရာတော့်လက်ထဲမှာ ငွေကြုတ်ကလေးတစ်လုံး။ အရှည်က လက်နှစ်လုံး၊ လုံးပတ်က လက်ညှိုးလုံးလောက်ရှိမယ်။ ငွေကြုတ်အရှည်လေး။ ငွေသားအဖုံးလေးစွပ်လို့။

ဆရာတော် ဖိုခွင်နားမှာ လာထိုင်တယ်။ ဒယ်အိုးထဲကနာ ပျော်နေတာကို ကြည့်တယ်။ စူးစူးစိုက်စိုက်ကြီး မျက်လုံးကြီးကို ပြူးလို့။ ပြီးတော့...

'နာ ပျော်နေတာကို ကြည့်ထား နာပျော်ရည်ဟာ လည်တယ်၊ လှည့်တယ်၊ လက်ယာရစ် လှည့်တယ်၊ လက်ဝဲရစ်လဲ လှည့်တယ်၊ တလူးလူးတလဲလဲ တစ်လှည့်စီ လှည့်တယ်၊ လက်ဝဲရစ်လိုက် လက်ယာရစ်လိုက် အဲဒီ အလှည့်ကို သိရမယ်။

လက်ယာရစ်လှည့်ရင် မှတ်တယ်၊ တွန်းအနိုထုတ်တယ်၊ လက်ဝဲရစ်လှည့်ရင် အဲဒ္ဓါတယ်၊



www.burmeseclassic.com

www.burmeseclassic.com

စုပ်တယ်။ သေသေချာချာ ကြည့်ထား’

လို့ ပြောပြီး မီးသွေးအမှုန့်တွေ ချထားတဲ့ အပုံထဲက မီးသွေးစလေး တစ်စကို ကောက်ယူလိုက်တယ်။ ညှပ်အတိုလေးနဲ့ ညှပ်တယ်။ ကြည့် နော်လို့ပြောပြီး ဒယ်အိုးထဲမှာ ပျော်နေတဲ့ နာပျော်ရည် အလယ်တည့်တည့်ကို နှမ်းစေ့လောက် မီးသွေးခဲလေး ထည့်လိုက်တယ်။

နာပျော်ရည် အလယ်တည့်တည့်ကို ထည့်လိုက်တဲ့ မီးသွေးခဲလေးက မီးခဲ ဖြစ်မသွားဘူး။

ထည့်ထည့်ချင်းပဲ နာပျော်ရည် အလယ်ဗဟို အခွက်ကလေးထဲကို ရောက်သွားတဲ့ မီးသွေးခဲလေးက လည် နေတယ်။ (၅)ပတ်,(၆)ပတ်လောက် လဲ လည်ပြီးရော နာပျော်ရည် မျက်နှာပြင်ပေါ် တက်လာတယ်။

လက်ယာရစ် လှည့်,လှည့်ပြီး တက်လာလိုက်တာ။ နာပျော်ရည် နှုတ်ခမ်းဘေးအစပ် ဒယ်အိုးအတွင်းသားကပ်ပြီး ရပ်သွားတယ်။ ဒယ်နှုတ်ခမ်းသားနဲ့ ချိတ်ပြီး နိမ့်လိုက်မြင့်လိုက်၊ နိမ့်လိုက်မြင့်လိုက် ဖြစ်နေတယ်။ နာပျော်ရည်ပေါ်မှာ ဖောင်စီးနေတယ်။

မီးသွေးခဲလေးက နာပျော်ရည်ထဲမှာ မျောပါမသွားဘူး။ ရောက်တဲ့ နေရာမှာလဲ ငြိမ်မနေဘူး။ မြောက်တက်သွားလိုက် အောက်ကိုပြန်ကျလိုက်။ နိမ့်တုံ့မြင့်တုံ့ တက်လိုက်ကျလိုက်။

ဆရာတော်က စကားစ,လို့ ပညာပေးပြီး...

‘ငမြိုင် ကြည့်ထား၊ မှတ်ထားကွ၊ စုပ်ချော်လား၊ မှုတ်ချော်လား သိချင်ရင်လဲ အဲဒီလိုလုပ်ရတယ်၊ လုံထဲမှာ မီးနာပြီး ချော်ရည်လည်နေတဲ့အထဲ မီးသွေးခဲသေးသေးလေး ထည့်ကြည့်၊

အခု ဒယ်အိုးနှုတ်ခမ်းကို ပြေးပြီး ကပ်သလို



လုံနှုတ်ခမ်းကို ပြေးကပ်ရင်တော့ အဲဒါ မှုတ်ချော်ပဲ၊ ချော်လက်ယာရစ်လည်တာဟ’

ကျုပ်မှာ ပါးစပ်အဟောင်းသား ပြောစရာ စကားမရှိ။

‘ချော် လက်ယာရစ်လှည့်ပြီး မှုတ်ချော်ဖြစ်နေတဲ့အချိန် အားရဝမ်းသာနဲ့ ချော်တော့ ပျော်နေပြီ ဓာတ်ဖမ်းတော့မယ်ဆိုပြီး မင်းဖမ်းချင်တဲ့ ဓာတ်တစ်မျိုးမျိုးကို ထည့်လိုက်လို့ကတော့ကွာ ဘာပြောကောင်းမလဲ “ဖရှတ်” ဆိုပြီး ထွက်သွားမယ်။ ချော်က ကန်ထုတ်လိုက်တာကို၊ မှုတ်ထုတ်လိုက်တာကို သွပ်သာဆို ခေါင်းတယမ်းလွတ်မှာ မဟုတ်ဘူး’

‘...’

‘ဆိုရစေတော့ သွပ်နဲ့ ခေးဒန်းဖမ်း ကြည့်စမ်း သွပ်ကတော့ “ဒိုင်း”ခနဲ ကန်ထွက်သွားမယ်’

‘ကြောက်စရာကြီး ဘုရား’

‘ဒါပေမယ့် ချော် လက်ဝဲရစ်လည်ပြီဆိုရင်တော့ ဖိုခွင်ထဲက လုံကို ညှပ်နဲ့ညှပ်၊ ဆွဲတင် သဲခွက်ထဲကို လုံငြိမ်အောင်ထည့် ချော်မျက်နှာပြင် တင်းစအချိန် လုံနှုတ်ခမ်းက နီညိုရောင်ရစ်လာတဲ့အချိန် သွပ်ကို ထည့်လိုက်၊ “စွပ်”ခနဲ မြုပ်သွားမယ်။ မထွက်ဘူး။ သွပ်မိပြီ။ ဘာမှ ဆက်မလုပ်လေနဲ့၊ လုံ အလိုချမ်းတဲ့အထိ သဲခွက်ထဲမှာ ပစ်ထားလိုက်။

နောက်နေ့ကျတော့ သွပ်မိထားတဲ့ လုံကို ဖိုခွင်ထဲထည့်၊ လုံငှားဖုံးလေးဖုံး၊ ဖိုခွင်ထဲက လုံငှားဖုံးက နှာတိုက် ဖြစ်နေပါစေ၊ မီးလျှံထိုး ချော်ပျော်အောင်နား,နားပြီးထိုး ချော်ပျော်ရင် ဓာတ်ပျော်ပြီ။

မကြာဘူး။ မီးလိမ္မာလေးနဲ့ ကျုံးသွင်းပြီး တေဖောသွင်းပေးရင် သွပ်ဆိုတာ မီးရင့်လာမယ်။ မီးနေလာမယ်။ မီးလျှံနဲ့သာ ဆက်ကြဲပေရော့’

ကျုပ်ကလဲ ဖိုချက် မှန်မှန်ဆွဲနေတုန်း၊ ဆရာတော်ကလဲ လက်တွေ့နဲ့ဟပ်ပြီး ပညာပေးစကားတွေ မိန့်ကြားနေတုန်း မြုန်းခနဲဆို မီးသွေးခဲလေး ဒယ်အိုးနှုတ်ခမ်းနဲ့ ချိတ်ပြီး နာဖောင်စီးနေတဲ့ မီးသွေးခဲလေး နာပျော်ရည် အလယ်တည့်တည့်ကို လျှောပြီး ဆင်းလာတယ်။

ဆရာတော်က တစ်ချက်ပြုံးတယ်။ အပြုံးမှာ အဖုံးပါတော့ ကျုပ်ဆိုတာ ဘာမှမသိပါဘူး။ မြင်ကာမတ္တတစ်ခဏ။

‘ငမြိုင် မီးသွေးခဲလေး အောက်ကို ဆင်းလာပြီ နာပျော်ရည် အလယ်တည့်တည့်မှာ ထိုင်ပြီဆိုရင် လက်ဝဲရစ်လည်တာပဲ။ စုပ်တာပဲ။ ချော်ဆိုရင် စုပ်ချော်ပဲ၊ မှတ်ထားကွ’

ဟုတ်ပါ့ဘုရား။ လက်ယာရစ်နဲ့ လက်ဝဲရစ် မှုတ်တာနဲ့ စုပ်တာ။ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ဖီလာကြီး။

ဆရာတော် ဘယ်လက်နဲ့ သဘော်ရိုးအစိမ်းလေးကိုကိုင် ပါးစပ်နဲ့တေ့ပြီး မီးသွေးခဲလေးကို မှုတ်လိုက်တာ။ ဒယ်နှုတ်ခမ်းကို ကျော်ပြီး ဖိုခွင်ဘေးကို ကျသွားတယ်။

ဆရာတော်ဆိုတာ မြန်လိုက်တာ။ ချက်ချင်းပဲ ငွေကြုတ်ကလေးကို အဖုံးဖွင့်။ ဆတ်ခနဲ။ အဖုံးက ဝက်အူရစ်မဟုတ်ဘူး။ ငွေကြုတ်ကို အပေါ်ကနေငုံပြီး အံကျဖုံးထားတဲ့ ငွေသားအဖုံး။ ပွင့်သွားပြီ။

ဖိုခွင်ဘေး ပျဉ်ပြားတန်းလေးပေါ်က နားဖာကလော်လေးကို လှမ်းယူတယ်။



www.burmeseclassic.com

www.burmeseclassic.com

ငွေကြုတ်ကလေးထဲက ဖြူဖြူအမှုန့်တွေကို နားဖာကလော်လေးနဲ့ ကော်ယူ။

လက်တစ်ဖျစ်အတွင်း အချိန်လေးမှာ ကျုပ်ကို ဖိုဆွဲတာရပ်ခိုင်း၊ ဒယ်အိုးထဲက နာပျော်ရည်ထဲကို ထည့်လိုက်တယ်။ အလယ်ဗဟိုတည့်တည့်ကို ဖြိုးခနဲ၊ ဖျတ်ခနဲ၊ ဘိုးခနဲ၊ ဘတ်ခနဲ။

ဖြူဖြူနုနု အမှုန့်တွေက နာပျော်ရည်ထဲမှာ လက်ဝဲရစ် ကတော့ထိုးပြီး မြုပ်သွားတယ်။

အသံတစ်သံ ထွက်လာတယ်။ ကျယ်တော့မကျယ်ဘူး။ ရောဂါဖိစီး ဝေဒနာကြီးလို့ အသည်းအသန် ငိုညည်းလိုက်တဲ့ အသံမျိုး။ ဆောင့်ကြီးအောင့်ကြီးနဲ့ ဖျစ်ညှစ်ထုတ်လိုက်လို့ ထွက်လာတဲ့အသံ။ တိုးတိုးလေး။

ကြည့်နေရင်း၊ ကြည့်နေရင်း နာပျော်ရည်က အရောင်တက်လာတယ်။ ပိုပိုဖြူလာတယ်။ ဖွေးနေတာပဲ။ ဘော်ရောင်အဆင်း တင့်တယ်ခြင်းအပြည့်။

မီးဖိုပေါ်က ဒယ်အိုးကို နားရွက်ကိုင်းနှစ်ဖက်ကိုင်ပြီး မြေပြင်မှာ ပြုပြင်ထားတဲ့ အခွက်ရာကလေးပေါ်မှာ တည်တယ်။ မရွဲ့မစောင်း။ မပျောင်းမန္တဲ့။ တည့်တည့်။

နာပျော်ရည်တွေ တဖြည်းဖြည်းအပူလျော့နည်း အေးအေးပြီး ခဲခဲသွားပြီ။

'ငမြိုင် နာက ငွေဖြစ်သွားပြီ။ ရာဇတ'

နာကနေ ငွေဖြစ်သွားတာကို လက်တွေ့မြင်ရတာပဲ။ ဆန်းကြယ်လိုက်တာ။

'ဘယ်လိုလုပ်လိုက်တာလဲ ဘုရား'

ဆရာတော်က ညာလက်နဲ့ ဆုပ်ထားတဲ့ ငွေကြုတ်ကလေးကို မြှောက်ပြတယ်။

'ဘော်ပြာ'

နာကို အရည်ကျို ဘော်ပြာ ပစ်, ပစ်ပြီး ငွေတွေ ဖြစ်,ဖြစ်လာလိုက်တာ။ ရက်ကနေလ၊ လတွေကိုနင်း နှစ်တွေချဉ်းလို့။ ရာသီတွေညှောင်း ဒကာဒကာမတွေရဲ့ ဘဝတွေလဲ ပြောင်းခဲ့ပြီ။

ကျုပ်တို့ တစ်ရွာလုံး အိမ်ပေါက်စေ့၊ လူတိုင်းစေ့ ဆရာတော်က ချီးမြှင့်လို့ စွန့်ကြဲ။ ဒကာ ဒကာမတွေ မရမရှိ တန်းညှိလို့ တစ်ယောက်မကျန် အကုန်ရ။

အဆင်းရဲဆုံး မိသားစုကို ဒုက္ခဆင်းရဲတွင်းက ပထမဆုံးကယ်မ။ စားနိုင်သောက်နိုင် စီးပွားခိုင်ကြတဲ့သူတွေအထိ တစ်ဆင့်စီ၊ တစ်ရစ်စီ အလီလီအခါခါ ပေးပါများတော့ စီးပွားဖြစ်။

စားဝတ်နေရေး ဆိုတာများ ဘေးဖယ်ထား။ အိမ်တိုင်းကို လျှောက်ကြည့်လိုက်။ ဆီအပြည့်၊ ဆန်အပြည့် ဘယ်နှိုက်နှိုက်၊ ညာနှိုက်နှိုက် ထွက်လာလိုက်တဲ့ငွေတွေ အတုံးလိုက်၊ အတစ်လိုက် မားနဲ့ခုတ်ထစ် သုံးစွဲရစ်ကြ။

နယ်ချဲ့အင်္ဂလိပ်ခေတ်၊ ကျွန်ဖြစ်နေတဲ့အချိန် လွတ်လပ်ရေး ဝေးသေးတဲ့ကာလ။

ပေးလို့မကုန် လှူလို့မခန်း။ မောင်တစ်ထမ်း၊ မယ်တစ်ရွက်။ အလုပ်နဲ့လက်နဲ့ကလဲ နေ့စဉ်ရက်ဆက်။ မပျက်ဖယ်ဆက်သလို တက်လိုက်တဲ့ စီးပွား။

'ဆရာတော်တစ်ပါး အားထားကိုးကွယ်ရာ ကျုပ်တို့ရွာ... ငွေပေါ်'

ရွှေတောင် ခင်မောင်ကြည်


○စာရှုသူ
သုတေသီနှင့်
ဝါသနာရှင်များသို့...

၂၀၁၃ ခုနှစ်
ဇူလိုင်လထုတ်သည်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၏
(၂၇)နှစ်ပြည့်
အမှတ်တရ
အထူးထုတ် ဖြစ်ပါသည်။
သို့ဖြစ်၍ မည်သူမဆို
ပါဝင်
ရေးသားနိုင်ပါကြောင်း
အသိပေးအပ်ပါသည်။

လေးစားစွာဖြင့် ...
ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၃၃၊ (၂၉)လမ်း၊
ပန်းဘဲတန်းစာတိုက်၊ ရန်ကုန်မြို့။
ဖုန်း--၀၁-၂၄၁၅၄၇




www.burmeseclassic.com

www.burmeseclassic.com

ဦးတင်ဝင်း (အောင်လံ)

# နှုတ်ဆက်ခံရသော

## ဂျပန်လူဝင်စားကလေးတစ်ဦး



ဇာတိချက်ကြွေ မွေးရပ်မြေ

စာရေးသူ၏ ဇာတိမှာ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ အောင်လံမြို့နယ်၊ မြို့လှကျေးရွာ ဖြစ်ပါသည်။ အောင်လံမြို့မှ (၁၅)မိုင်ခန့် ဝေးကွာပါ၏။ ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမအစည်းအဝေးသို့ တက်ရောက်နေခဲ့ရရာ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ (၂၃)ရက်နေ့တွင် ပြီးစီးခဲ့ပါသည်။ ရွာသို့ ပြန်လည် မရောက်ရှိခဲ့သည်မှာ အတော်ကြာခဲ့လေပြီ။

ဦးဝင်းမောင်၊ ဒေါ်တင်တင်လှ၊ ဒေါ်မကြင်နှင့် သားသမီးတစ်စုတို့မှ ဘုရားကိုးဆူ ပူဇော်ရန် အစီအစဉ်ရှိကြောင်း၊ အားလပ်ပါက ရွာသို့ လည်ပတ်ရင်း လာစေလိုကြောင်း ညီမဝမ်းကွဲတော်စပ်သူ ဒေါ်ခင်အုန်းဝင်းမှ တယ်လီဖုန်းဖြင့် ဖိတ်ကြားလာပါသဖြင့် အချိန်အနည်းငယ် အားလပ်ခွင့်ရှိနေခြင်း၊ ဒေသအခြေအနေ ကြည့်ရှုလေ့လာလိုခြင်း စသည့် အချက်များကြောင့် မြို့လှရွာသို့ သွားရောက်ရန် ဆုံးဖြတ်လိုက်ပါသည်။

အရီးကြီးတော်စပ်သူ ဒေါ်မကြင်မှာ အသက်အရွယ် ကြီးရင့်လာ၍ လက်ရှိနှစ်တွင် ကျန်းမာရေး သိပ်မကောင်းသူကိုယ်သူ သေမည်ထင်နေ...

F.38A.June, 2013.



www.burmeseclassic.com

www.burmeseclassic.com

မသေခင် အလှူလုပ်လိုကြောင်း သိရှိရပါသည်။


မိမိ၏ ဆွေကြီးမျိုးကြီးများထဲတွင် အတော်များများမှာ သေဆုံး ကွယ်လွန်ကြကုန်ပြီဖြစ်ရာ အသက်ရှည်သူ ဒေါ်မကြင်၊ ဘထွေးလေးတော်စပ်သူ ဦးကြည်တို့သာ ကျန်ပါတော့၏။ သူတို့ လှူမည့်အလှူတွင် လူစုံတက်စုံ ဖြစ်စေချင်ကြောင်း ပြောဆို၏။ ထို့ကြောင့် တစ်ချက်ခုတ် နှစ်ချက်ပြတ် ဆိုသလို မြို့လှရွာသို့ အောင်လံ–ရွှေပန်းတောမှန်လုံကားဖြင့် လိုက်ပါလာခဲ့သည်။

မကြာမီ ကျောက်ပန်းတောင်းကျေးရွာသို့ ရောက်ရှိလာ၏။ ကျောက်ပန်းတောင်းကျေးရွာသည် အိမ်ခြေနည်းသော်လည်း တိုက်နယ်ကျေးရွာဖြစ်ပြီး ရွှေပန်းတောကားလမ်းနှင့် သမ္မုလကျေးရွာ ကားလမ်းများဆုံရာ ကျေးရွာဖြစ်သည်။ တည်နေရာ အချက်အချာကျသည်။ ကျေးရွာကြီးများက ပတ်ဝန်းကျင်တွင် ဝန်းရံနေပါသည်။

ထို့ကြောင့် စာရေးသူသည် ကျောက်ပန်းတောင်းကျေးရွာတွင် ဆက်သွယ်ရေးတာဝါတိုင်နှင့် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံများ ရရှိရေးအတွက် အမျိုးသားလွှတ်တော်သို့ တင်ပြတောင်းခံပေးခဲ့ပါသည်။

သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ခွင့်ပြုချက်များ ရရှိလာပြီဖြစ်၍ သက်ဆိုင်ရာ ရပ်မိရပ်ဖများနှင့် ခေတ္တတွေ့ဆုံပြီး ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းများကို စတင် ဆောင်ရွက်ထားရန် ဆွေးနွေးညှိနှိုင်းနိုင်ခဲ့ပါသည်။

ထို့နောက် ဘွက်ကြီးချောင်းကို ဖြတ်ကူးပြီး မြို့လှရွာသို့ ဆက်လက်ထွက်ခွာလာခဲ့ပါသည်။ ချောင်းမကူးမီ စာရေးသူတို့ငယ်စဉ်ဘဝက ကျတ်များ အလွန်



ပေါသည်ဆိုသော ဒေသအခေါ် မထုံးကြီး ခုန်မြေကို ဖြတ်သန်းရပါသည်။ ယင်း မထုံးကြီးခုန်မြေတွင် မိဘများပိုင်မြေကွက်၌ မိမိတို့ကိုယ်တိုင် ထွန်ယက်စိုက်ပျိုးခဲ့ရသည်ကို ပြန်လည် သတိရမိပါ၏။

ယင်း မထုံးကြီးခုန်မြေတစ်ဝိုက်တွင် ယာဝင်ယာထွက် ကျတ်ကျွေးကြရသည်။ မိမိတို့မှာ ငယ်စဉ်ဘဝ အကြောက်အလန့် နည်းပါးခဲ့ရာ ကျတ်မကျွေးမိကြပါ။ ညီအစ်ကိုနှစ်ယောက်စလုံး ဘာမှမဖြစ်ခဲ့ပါ။ သီးနှံကတော့ အောင်မြင်ဖြစ်ထွန်းမှုမရှိခဲ့။ သို့သော် ကျန်တောင်သူများကမူ ယာဝင်ယာထွက်တွင် ကြက်သားဟင်းချက်၍ ယနေ့အထိ ကျွေးမွေးနေမြဲပင် ဖြစ်လေသည်။

ကျတ်ဖမ်းသည် ဆိုသည်မှာ ဟုတ်မှဟုတ်ပါလေစ။ ပရလောကတွင် ကျတ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ မိမိငယ်စဉ်က ကျင်လည်ကျက်စားခဲ့သော နေရာတစ်ခု ဖြစ်သဖြင့် ကုသိုလ်အမျှကိုမူ ပေးဝေခဲ့ပါ၏။

ဘွက်ကြီးချောင်းကို ဖြတ်ကူးပြီးနောက် ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ၊ အမှတ်(၃၁၆)၊ စာမျက်နှာ(၃၀၁) နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ရေးသားတင်ပြခဲ့သည့် "ရွှေမောင်းသံတဒူး" ခေါင်းစီးပါ ဂမ္ဘီရဖြစ်စဉ်တစ်ရပ်တွင် ပါဝင်သော ဒေသအခေါ် တံတားကွေ့နေရာသို့ ရောက်ရှိပါ၏။

ကျတ်များ အလွန်ပေါသည်ဟု ရှေးလူကြီးတို့ ပြောဆိုခဲ့သော နေရာပင် ဖြစ်လေသည်။ အမျှကုသိုလ် လိုချင်၍ မောင်းသံတဒူးဖြင့် အသံပေးကာ တောင်းခံကြခြင်း ဖြစ်ပါ၏။ ပရလောကသားတို့သည် အမျှကုသိုလ်ရ၍ နိမ့်ကျဆင်းရဲလှသည့် ဘဝတစ်ခုမှ အေးချမ်းသာယာသည့် မြင့်မြတ်သော ဘဝတစ်ခုခုကို ရောက်သွားနိုင်ကြသည်ဖြစ်ရာ ယင်းမောင်းသံကို **"ရွှေမောင်းသံ"**ဟု စာရေးသူ အမွှမ်းတင်ခဲ့ခြင်း ဖြစ်သည်ကို ပြန်လည်သတိရမိပါသည်။ ထပ်မံ၍ပင် အမျှပေးဝေခဲ့ပါ၏။

ရွာသို့ရောက်သည်နှင့် တစ်ပြိုင်နက် ညီဖြစ်သူ ဦးတင်ထွန်း၊ ဦးကျော်ဝင်းစိန်၊ ညီ့ညီမများ၊ တူ၊ တူမများ လာရောက်နှုတ်ဆက်ကြကုန်၏။ ဆွေမျိုးပေါင်းစုံ ပြန်လည် တွေ့ဆုံရပြီး စကားလက်ဆုံ ပြောရသည်မှာ ငယ်စဉ်ဘဝကို ပြန်လည် သတိရမိပါစေတော့သည်။

## ဂျပန်ခေတ်ပုံရိပ်များ

များမကြာ ဦးလေးငယ်တော်စပ်သူ ဦးတင်ငွေ ရောက်လာ၏။ အရက်အနည်းငယ် သောက်ထားဟန်တူပြီး အနည်းငယ် ရီဝေနေဟန် ရှိနေပါသည်။ ဦးလေး တော်စပ်သည်ဟု ဆိုသော်လည်း စာရေးသူတို့ထက် အသက် တစ်လပင် ငယ်သေး၏။ ယင်း၏ ညီအငယ်ဆုံးဖြစ်လေသည်။ ဦးကျော်



www.burmeseclassic.com

www.burmeseclassic.com

ဝင်းစိန်မှာ မိမိထက် (၂)လခန့် ငယ်ပါသည်။

မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ် ကုန်ခါနီးတွင် တစ်လစီ ခြားပြီး မွေးဖွားခဲ့ကြခြင်း ဖြစ်ပါ၏။ မြန်မာနိုင်ငံ လွတ်လပ်ရေးရခါနီး(၂)လခန့် အလိုတွင် မွေးဖွားခဲ့ကြခြင်း ဖြစ်ပါသည်။

ဦးတင်ငွေသည် ဂျပန်လူဝင်စား ဖြစ်ပါ၏။ ဂျပန်ခေတ်က မြို့လှရွာ ပတ်ဝန်းကျင်တွင် မြန်မာ့တော်လှန်ရေး တပ်မတော်သားများနှင့် ဂျပန်တို့၏ စစ်မြေပြင်ဖြစ်ခဲ့ကြသည်။ မြို့လှရွာ၏ အနောက်တောင်ဘက် (၃)မိုင်ခန့် အကွာဒေသအခေါ် **"ပေါက်ရင်း"** ကုန်းမြေတွင် တိုက်ပွဲများ အပြင်းအထန် ဖြစ်ခဲ့ကြသည်ဆို၏။ ဂျပန်များစွာ ကျဆုံးကြကုန်သည်။ မိမိရွာဘက်မှ အချို့ တိုက်ပွဲကျ၏။

ယခုအချိန်အထိ အသက် ထင်ရှားရှိနေသူ ဒေါ်သိုက်မြစ်၏ ခင်ပွန်းသည် ထိုတိုက်ပွဲတွင် ကျဆုံးခဲ့သည်။ သူတို့၏ သားဖြစ်သူ ဦးလှထွန်းပင် ကွယ်လွန်ခဲ့သည်မှာ အချိန်အတော်ကြာလေပြီ။ ဘယ်ခေတ် ဘယ်ကာလက တည်ခဲ့မှန်းမသိသော စေတီတော်တစ်ဆူ ပေါက်ရင်းကုန်းမြေတွင် ရှိပါ၏။ နှစ်တွေကြာ၍ အတော် ယိုယွင်းပျက်စီးနေလေပြီ။ ယခုအခါ ဘုရားဆိုးဟု ဒေသခံလူများက ခေါ်ဝေါ်ကြသည်။ အလှူရှင် မူလဒကာ ရှိခဲ့သော်လည်း သားစဉ်မြေးဆက် အဆက်ပြတ်ခဲ့သဖြင့် ဘုရားဒကာလည်း ပေါ်မလာတော့ချေ။

ဂျပန်များ ကျဆုံးခဲ့ရာ ဒေသဖြစ်သဖြင့် လည်းကောင်း၊ ချုံနွယ်များ ပိတ်ဖုံးနေသော ဘုရားဆိုးတည်ရှိ၍ ဥစ္စာစောင့်များ ရှိကြသည်ဟု ယူဆကြသဖြင့်လည်းကောင်း၊ ရွာနှင့် အတော်



ဝေးလံသဖြင့် လည်းကောင်း ရွာသူရွာသားအတော်များများ ထိုနေရာသို့ ရဲရဲဝံ့ဝံ့ မသွားရဲကြချေ။

## ဂျပန်လူဝင်စားလော

အထက်ဖော်ပြပါ ဂျပန်တော်လှန်ရေးကာလ ပြီးဆုံးပြီး မကြာမီ ဦးတင်ငွေကို မွေးခဲ့၏။ သူ ငယ်စဉ် စကားပြောတတ်ခါစတွင် **"တိုကျိုပြန်မယ်၊ တိုကျိုပြန်မယ်"**ဟု မကြာခဏ အော်လေ့ရှိကြောင်း စာရေးသူ၏ အမေကြီးဖြစ်သူ ဦးတင်ငွေ၏မိခင်ဖြစ်သူ ဒေါ်မြစိန် မကွယ်လွန်မီက စကားစပ်မိတိုင်း ပြန်လည် ပြောပြလေ့ရှိပါသည်။

အသက်အနည်းငယ် ကြီးသောအခါ ယင်းသို့ မပြောတော့ကြောင်း သိရှိရပါ၏။ ဦးတင်ငွေသည် ဂျပန်ဘဝက ဦးခေါင်းတွင် သေနတ်ကျည်ဆန် ထိမှန်၍ တိုက်ပွဲကျခဲ့ကြောင်း သူကိုယ်တိုင် ပြောပြခဲ့ပါသည်။ လက်ရှိ ဦးတင်ငွေဘဝတွင် ဦးခေါင်းထိပ် အလယ်တည့်တည့်၌ ကျည်ဆန်ခန့် အကျယ်အဝန်းရှိသည့် (ကျပ်လုံးခန့်) ဒဏ်ရာ အမာရွတ်ပါလာ၏။ ထင်ရှားစွာ တွေ့မြင်နိုင်ပါသည်။

အတိတ်ဘဝက ဒဏ်ရာသည် ဘဝပြောင်း၍ ပစ္စုပ္ပန် လက်ရှိ ဘဝခန္ဓာကိုယ်တွင် အမာရွတ်အဖြစ် ပါရှိလာသည်မှာ အံ့သြဖွယ်ရာ ဖြစ်ပေသည်။ အတိတ်ဘဝခန္ဓာသည် ပုပ်သိုးဆွေးမြည့်သွားပြီဖြစ်ရာ လက်ရှိခန္ဓာသစ်သို့ အမာရွတ်အဖြစ် ကူးပြောင်းရောက်ရှိလာသည်မှာ စိတ်စွဲလမ်းမှု သမုဒယကြောင့်သာ ပေါ်ထွန်းလာသည်ဟုသာ ယူဆရပါတော့သည်။

## ဂျပန်လူဝင်စား နတ်ဝှက်ထားပြီ

စာရေးသူတို့ ကလေးဘဝ တစ်ညနေတွင် အထက်ဖော်ပြပါ ဦးတင်ငွေ၊ ဦးကျော်ဝင်းစိန်၊ ဦးတင်ထွန်း၊ ဦးအောင်ဆန်းဝင်း၊ ဦးခင်မောင်ရွှေတို့ အမေကြီး ဒေါ်မြစိန်အိမ်ရှေ့ မန်ကျည်းပင်ကြီးအောက်တွင် စုစည်းမိကြ၏။ အခြားကစားဖော်များ ပါသော်လည်း မမှတ်မိတော့ပါ။

ထုံးစံအတိုင်း ကလေးများ စုမိသည့်အခါ ကစားနည်းတစ်ခုခုဖြင့် အပျင်းပြေကြရန် တိုင်ပင်ကြပါသည်။ နောက်ဆုံး အားလုံးသဘောတူ တူတူပုန်းတမ်း ကစားကြရန် ဆုံးဖြတ်ကြပါ၏။ တူတူပုန်းတမ်း ကစားနည်းမှာ ရှာဖွေသူ တစ်ဦး အလှည့်ကျ တာဝန်ယူရပြီး ကျန်သူများက သင့်ရာနေရာတွင် ပုန်းအောင်းနေကြရ၏။ အလှည့်ကျ ရှာဖွေသူမှ လှည့်လည် ရှာဖွေရသည်။ "ပန်းပေးပြီ"ဟု ဆိုသည်မှာ အရှုံးပေးပါပြီဟု ဆိုလိုပါသည်။

ထိုအခါ ပုန်းအောင်းသူက တစ်နေရာမှ အသံပေးပြီး ထွက်လာပါတော့သည်။ ဤသို့ဖြင့် တစ်ယောက် တစ်လှည့် တာဝန်ယူပြီး ရှာဖွေပေးရသည့် ကစားနည်း ဖြစ်ပါသည်။

ထိုသို့ ကလေးငယ်များ ပျော်ရွှင်စွာ ပုန်းအောင်းကြရာတွင် အိမ်ပေါ်ထပ် တံခါးများကြားတွင် လည်းကောင်း၊ အိမ်အောက်ထပ် စပါးပုတ်များကြားတွင် လည်းကောင်း၊ ဝါဂွမ်းဖတ်စက် အတွင်းတွင်လည်းကောင်း၊ မန်ကျည်းပင်ကြီးနောက်ကွယ်တွင် လည်းကောင်း၊ အိမ်ခြံမြေအတွင်း ကျည်ကွယ်မျက်ကွက် ကောက်ရိုးပုံများ အကြားတွင် လည်းကောင်း၊ စပါးကျီများထဲတွင်



www.burmeseclassic.com

www.burmeseclassic.com

လည်းကောင်း အသီးသီး သင့်တော်ရာတွင် ပုန်းအောင်းကြကုန်၏။

အလှည့်တစ်လှည့်တွင် ဦးတင်ငွေကို ရှာမရသဲဖြစ်နေ၏။ အသံကျယ်ကျယ်ဟစ်၍ ပန်းပေးပြီ ဖြစ်ကြောင်း ကြေငြာသော်လည်း အချိန်အတော်ကြာသည်အထိ ထွက်မလာချေ။

မိမိအပါအဝင် ကလေးများ အားလုံးစိုးရိမ်လာသဖြင့် လူကြီးများသို့ ဦးတင်ငွေကို ရှာမတွေ့ကြောင်း သတင်းပို့ပါတော့သည်။ ရာသီမှာ မိုးကျခါနီး မေလကာလဖြစ်သဖြင့် အနောက်တောင်ထောင့်မှ မိုးသားတိမ်လိပ်တို့ တက်လာပြီး မည်းမှောင်လာပြန်သည်။

အမေကြီး ဒေါ်မြစိန်အပါအဝင် အရီးလေးမတင်၊ အရီးလေးကြည်အုန်း၊ အရီးလေးစံကြိုင်တို့သာမက အိမ်နီးချင်းလူကြီးများ၍ ဝိုင်းဝန်း ရှာဖွေကြပါ၏။ တော်တော်နှင့် ရှာမတွေ့။ လူကြီးများ စိတ်ပူလာကြပြီး ကျွန်ကစားဖော်ကလေးများကို ဆူဆဲပါတော့သည်။

## နတ်ကိုးပြီ

BURMESE CLASSIC .com

အမေကြီး ဒေါ်မြစိန်ကမူ ဦးနှောက်အေးအေးနှင့် စဉ်းစားနေဟန်တူ၏။ မကြာမီ လက်ဖက်ရည်အမြည်းနှင့် မုန့်အချို့ရောင်းသော ဒေါ်အေးခြည်နေအိမ်သို့ လက်ဖက်အနည်းငယ် သွားဝယ်ရန် အရီးကြီးမကြင်အား တာဝန်ပေးအပ်သံ ကြားလိုက်ပါသည်။ မကြာမီ လက်ဖက်ထုပ်ရောက်လာပြီး အမေကြီးဒေါ်မြစိန်သည် ထိုလက်ဖက်ထုပ်နှင့်အတူ အိမ်အပေါ်ထပ်သို့ တက်သွားတော့၏။

စာရေးသူလည်း အမေကြီးဒေါ်မြစိန် ဘာလုပ်မည်ကို စိတ်ဝင်စားသဖြင့် လူကြီးများ ဆူနေသည့်ကြားမှ မသိ



မသာ အိမ်ပေါ်တက်လိုက်သွားပါသည်။ အမေကြီးဒေါ်မြစိန်သည် လက်ဖက်ပြင်ပြီးနောက် နတ်အုန်းသီး ဆွဲထားရာ အဂ်ဂါထောင့်သို့ သွားရောက်ပြီး လက်ဖက်ပွဲ ဆက်သနေသည်ကို တွေ့ရှိရပါ၏။ ဒေသအခေါ် "နတ်ကိုးသည်"ဟု ခေါ်လေသည်။

သားငယ်ဖြစ်သူ မောင်တင်ငွေ ပျောက်ဆုံးနေပါသဖြင့် ရှာဖွေတွေ့ရှိရေး အကူအညီပေးရန် နတ်များထံ အကူအညီတောင်းခံခြင်းပင် ဖြစ်ပါ၏။ မိမိလည်း အိမ်ထောင့်တစ်နေရာတွင် ခေတ္တထိုင်ကာ အကဲခတ် လေ့လာနေလိုက်ပါသည်။

အချိန်အနည်းငယ်အတွင်း အိမ်အောက်ထပ်မှ "တွေ့ပြီ တွေ့ပြီ" ဟူသော ဆူညံသံများ ကြားလိုက်ရ၏။ ဦးတင်ငွေသည် ဂွမ်းဖတ်စက်ထဲမှ ထွက်လာသည်ဟု ဆိုလေသည်။ အံ့သြဖွယ်ကောင်းလေစွ။ အော်ခေါ်၍ လည်း မကြား၊ ရှာဖွေသူများ တစ်ယောက်ပြီး တစ်ယောက် ဂွမ်းဖတ်အတွင်း ငုံ့ကြည့်ရှာဖွေသော်လည်း မမြင်ကြရ။ အနည်းငယ် မှောင်နေသည်ဟု ဆိုသော်လည်း လုံးဝ မမြင်ရလောက်အောင် မည်းမှောင်နေခြင်းမရှိ။

အချိန်တန်တော့လည်း ယင်းဂွမ်းဖတ်ထဲမှ ထွက်လာသည်ကို တွေ့ရသည်မှာ မထူးဆန်းသော်လည်း အံ့သြဖွယ်ရာဖြစ်နေသည်ကို လေ့လာတွေ့ရှိရမည် ဖြစ်လေသည်။

ဦးတင်ငွေအား မေးမြန်းကြည့်ရာတွင်မူ သူ့အနေဖြင့် ရှာဖွေသူများကို မြင်နေရကြောင်း၊ အော်ခေါ်သံကို ကြားရသော်လည်း မထူးမိကြောင်း၊ ခေတ္တ သတိမေ့နေသလို ဖြစ်နေကြောင်း စသည်ဖြင့် ပြောကြားသွားပါ၏။ လူကြီးများကမူ "နတ်ဝှက် ထားခြင်းဖြစ်သည်" ဟူ၍သာ အမိုးအမာ ပြောဆိုနေသည်ကို ကြားရလေသည်။

ဤဖြစ်စဉ်ကို လေ့လာသုံးသပ်ရာတွင် သိပ္ပံနည်းကျ တင်ပြရန် ခက်ခဲမည် ဖြစ်ပါ၏။ ရှာဖွေသူများသည် အလင်းမှလာ၍ အမှောင်ထဲကြည့်ရသဖြင့် ခေတ္တ မျက်စိပြာပြီး မမြင်ရသည်လော၊ ပတ်ဝန်းကျင်တွင် မှောင်ကျနေ၍ အရာဝတ္ထုတစ်ခုခုကို မြင်နိုင်စွမ်းသော အလင်းဓာတ်မရှိ၍လော၊ ရူပဗေဒပညာအရ ရှာဖွေသူ၏ မျက်စိတွင် အလင်းတန်းဆုံချက်များကို ယိုယွင်းစေသည့် မျက်စိမှန်ဘီလူးခုံများ ချို့ယွင်းနေလော တိတိကျကျ ပြောပြရန်မှာ အလွန်ခက်ခဲလှပေသည်။

ကျယ်လောင်စွာ အော်ဟစ်ခေါ်၍ ဦးတင်ငွေ ကြားသော်လည်း မထူးဖြစ်ပါဟု ဆိုလေသည်။ ယင်းကမူ လာရောက်ရှာဖွေသူများကို မြင်ရကြောင်း ပြောပြခဲ့ပါ၏။ ပုန်းနေစဉ်ကာလအတွင်း နှစ်ခြိုက်စွာ အိပ်ပျော်သွားခြင်းလည်း ဖြစ်နိုင်လေသည်။

သို့သော် လူကြီးများကမူ ဒေသအခေါ် နတ်ဝှက်ထားခြင်းဖြစ်ကြောင်း၊ နောင်တွင် တူတူပုန်းတမ်း ကစားခြင်း မပြုကြရန် အထပ်ထပ်သာ ပြောနေပါတော့၏။

လူသားတို့နေထိုင်ရာ ဤကမ္ဘာမြေပြင်တွင် လူသားတို့ ဝန်းကျင်တွင် တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ စသည်တို့



www.burmeseclassic.com

www.burmeseclassic.com

ရှိကြကုန်၏။ ပရလောကသားများ၊ မြေပြင်နတ်များလည်း ရှိကြကုန်သည်။ လူသားတို့ မျက်စိဖြင့် မမြင်ကြရသော်လည်း အမှန်တကယ် ရှိနေကြကြောင်း ဘုရားဟောကျမ်းဂန်များတွင် အခိုင်အမာ ပါရှိနေလေသည်။ (၃၁)ဘုံသား အချင်းချင်း ရောနှောနေထိုင်ကြရပါကုန်၏။

ထို့ကြောင့် သုံးလောကထွတ်ထားရှင်တော်ဘုရားက မည်သူမဆို နိဗ္ဗာန်မရမီကာလစပ်ကြား (၃၁)ဘုံတွင်သာ အဖန်ဖန်အထပ်ထပ် လည်ပတ်နေကြသည်ဖြစ်ရာ အချင်းချင်း မေတ္တာတရားဖြင့် နေထိုင်သွားကြရန်လိုကြောင်း၊ အချင်းချင်း၏ ဆင်းရဲမှုကို အလိုမရှိအပ်ကြောင်း စသဖြင့် မေတ္တသုတ်တွင် ဟောကြားခဲ့ပါ၏။

ဤတွင် မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သော မေတ္တာတန်ခိုး၊ မေတ္တာအကျိုးကို သတိရမိပြန်ပါသည်။ **"တစ်နေ့သုံးခါ အိုးတစ်ရာဖြင့် ချက်ခါထမင်း ကျွေးမွေးခြင်းထက် မယွင်းစင်စစ် နို့တစ်ညှစ်စာ မေတ္တာပွားများ ကျိုးကြီးမားသည် မြတ်စွာဘုရား မိန့်ခွန်းတည်း"**ဟု ပညာရှင်အဆင့်ဆင့် လက်ဆင့်ကမ်းခဲ့ပါ၏။

ဤဖြစ်စဉ်သည် မထူးဆန်းသော်လည်း အံ့သြဖွယ်တော့ ဖြစ်လေသည်။ သဘာဝတရားထက် ကျော်လွန်ဖြစ်ပေါ်နေသည်ကို တွေ့ရလေသည်။ စာရေးသူအနေဖြင့် ဘာသာရေးသတိ ဘာသာရေးအသိများ စတင် ရရှိလာချိန်တွင် ဤဖြစ်စဉ်ကို သတိရတိုင်း ပတ်ဝန်းကျင်ရှိ မြင်အပ်,မမြင်အပ် ပုဂ္ဂိုလ်များအားလုံးအတွက် မေတ္တာအအေးဓာတ် ကြိုတင်ဖြန့်ဝေထား၍ ကြိုတင်ကာကွယ်ရန် လိုအပ်သည်ဟု ထင်မြင်ယူဆမိပါသည်။

တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ ဟောကြားတော်မူခဲ့သော နတ်ချစ်ဂါထာတော်ကို နေ့စဉ် ရွတ်ဖတ်ပူဇော်ပါသည်။ ပရိတ်တော်အချို့ကို ရွတ်ဖတ်ပူဇော်ပြီးနောက် မြတ်စွာဘုရားရှင်၏ အာဝေဏိက ဂုဏ်တော်(၁၈)ပါးနှင့် နတ်ချစ်ဂါထာတော်ကို အချိန်ရသရွေ့ မပျက်မကွက် ရွတ်ဖတ်ပူဇော်ပါသည်။ နောက်ဆုံးမှ အမျှဝေပါ၏။

ထိုအခါ နတ်အပေါင်းတို့က ရွတ်ဖတ်သူအား ပြန်လည် ချစ်မြတ်နိုးပါလိမ့်မည်ဟု အခိုင်အမာ ခံယူပါသည်။ ထိုအခါ သက်ရောက်မှု ကောင်းမွန်သဖြင့် ပြန်လည်သက်ရောက်မှု မလွဲမသွေ ကောင်းမွန်လာပါလိမ့်မည်။ ရူပဗေဒသိပ္ပံပညာရှင် နယူတန်၏ နိယာမအတိုင်းပင် ဖြစ်ပါ၏။

မိမိအိမ်တွင် ယခုကဲ့သို့ နတ်ဝင်ခံရခြင်း စိတ်ဒုက္ခဖြစ်စေခြင်းများ ပေါ်ထွန်းလာလိမ့်မည် မဟုတ်တော့ပါ။ စမ်းသပ်၍ ယုံကြည်စွာ ရွတ်ဖတ်ကြည့်ကြစေလိုပါသည်။ ချစ်စွာသော စာဖတ်ရှုသူများအနေဖြင့် မလွဲမသွေသော ကောင်းကျိုးတရားများကို ခံစားရလိမ့်မည် ဖြစ်ပါကြောင်း မိမိကိုယ်တွေ့ အတွေ့အကြုံများအရ အလေးအနက် အကြံပြုအပ်ပါသည်။

**ဦးတင်ဝင်း (အောင်လံ)**

စာမျက်နှာ (၁၀၂)မှ အဆက်

ရအောင် မီးသီး၊ မီးချောင်း လှူပါ။

❋ **ဝါယောဓာတ်ပျက်ရင်** လေ,လှူရမယ်။ ဘုရားဆင်းတုတော် တစ်ဆူဆူအား ယပ်လှူပါ။ ဒါထက် စွမ်းလျှင် ရဟန်းများကို ယပ် (၆)ခု လှူပေးပါ။ ဒါမှ မဟုတ် ပန်ကာလှူပါ။

**ကဲ နေ့သားအလိုက် အာယုအရပ်များကတော့...**

၁ နွေသား → တနင်္လာအရပ်
၂ လ်ာသား → အင်္ဂါအရပ်
၃ ဂါသား → ၄ ဟူးအရပ်
၄ ဟူးသား → စနေအရပ်
၅ တေးသား → ရာဟုအရပ်
၆ ကြာသား → တနင်္ဂနွေအရပ်
၇ နေသား → ကြာသပတေးအရပ်

တို့ဖြစ်ပါတယ်။

**စကားချပ်။ ။ ဘေသဇ္ဇမုဒြာ (ဆေးဘုရား) ရုပ်ပွားတော် ရှေ့၌လည်း ဆောင်ရွက်နိုင်ပါတယ်။**

***အေးမြ ရင်မှာ ရှိပါစေ။***

**သန်းခေါင် (ပညာရေး)**

နောက်လ...
၂၀၁၃ ခုနှစ်
ဇူလိုင်လ
ထုတ်သည်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၏
(၂၇)နှစ်ပြည့်
အထူးထုတ်လ



www.burmeseclassic.com

www.burmeseclassic.com

## ကျန်းမာရေးမကောင်းလို့ ယတြာလုပ်ချင်ကြရင်

သန်းဝင်း
(ပညာရေး)

ကျန်းမာရေးမကောင်းလို့ ယတြာလုပ်ချင်ကြတဲ့ ခုနစ်ရက် သားသမီးတွေအတွက် ပါရမီဖြည့်ပေးလိုက်ပါ။

ဦးစွာ...

တွက်နည်းကို ကြည့်ပါ။

❋ မိမိတို့ရဲ့ရောက်သက်ကို (၂၀)ဖြင့် ပေါင်းပြီး (၄)ဖြင့် စားပါ။ သုညကြွင်းရင် ပထဝီဓာတ် ပျက်ပါတယ်။

❋ ရောက်သက်ကို (၁၂)ဖြင့် ပေါင်းပြီး (၄)ဖြင့် စားပါ။ သုညကြွင်းရင် အာပေါဓာတ် ပျက်ပါတယ်။

❋ ရောက်သက်ကို (၄)ဖြင့် ပေါင်းပြီး (၄)ဖြင့် စားပါ။ သုညကြွင်းရင် တေဇောဓာတ် ပျက်ပါတယ်။

❋ ရောက်သက်ကို (၆)ဖြင့် ပေါင်းပြီး (၄)ဖြင့် စားပါ။ သုညကြွင်းရင် ဝါယောဓာတ် ပျက်ပါတယ်။

ကဲ တွက်ကြည့်ရအောင်။

* * *

❖ အသက် ၃၉ နှစ်
+၂၀
၄ | ၅၉ | ၁၃
၄
၁၉
၁၂
၃

(ပထဝီဓာတ် မပျက်၍ ယတြာ မလိုပါ။)

❖ ၃၉ နှစ်
+၁၂
၄ | ၅၁ | ၁၁
၄
၁၁
၈
၃

(အာပေါဓာတ် မပျက်၍ ယတြာ မလိုပါ။)

❖ ၃၉ နှစ်
+ ၆
၄ | ၄၅ | ၁၀
၄၀
၁

(ဝါယောဓာတ် မပျက်၍ ယတြာ မလိုပါ။)

❖ ၃၉ နှစ်
+ ၄
၄ | ၃၉ | ၉
၃၆
၃

(တေဇောဓာတ် မပျက်၍ ယတြာ မလိုပါ)

ဒါဆိုရင် ဒီနှစ် ကျန်းမာရေးအတွက် စိတ်ချရပါမယ်။ ကဲ သုညကြွင်းဘယ်လို ဆောင်ရွက်ရမယ် ဆိုတာကို တင်ပြပါမယ်။

သူတစ်ပါးအတွက် ဆောင်ရွက်ပေးတာ ဆိုရင်တော့ လူနာရဲ့ **အာယုအရပ်မှာ** ဓာတ်လေးပါးယတြာကို ဆောင်ရွက်ပေးရမယ်။ **မောဇွင်သုတ်တို့၊ နတ်သား အသက်ရှည်ဂါထာတို့၊ အဠာနမေတံ ဂါထာတို့** စတဲ့ ဂါထာတွေ ရွတ်ပေးရမယ်။

**ဥပမာ စနေသားသမီးဆိုပါစို့။**

စနေရဲ့ အာယုအရပ်ဖြစ်တဲ့ ကြာသပတေးအရပ်မှာ အလင်းတိုင်၊ သစ်သီး၊ ပန်း၊ နံ့သာတိုင်၊ ရေကို သက်စေ့ထက် တစ်ခုပိုပြီး လှူပေးပါ။ ပြီးရင် ရတဲ့ဂါထာတွေ ရွတ်ပြီး ဆုတောင်းပေးပါ။

ပြီးရင်...

❋ **ပထဝီဓာတ်ပျက်ရင်** ဖောဓိပင်၌ သဲ ခွက်(၂၀)လောင်းပါ။ ဒါမှ



◆ ဘောသန္ဓုနီ (ဆေးဘုရား)

မဟုတ်ရင် တည်ဆောက်ဆဲစေတီ တစ်ဆူဆူအတွက် သဲ (၂၀)ပြည် စသည်ဖြင့် လှူပါ။

❋ **အာပေါဓာတ်ပျက်ရင်** ဗောဓိပင်၌ ရေ (၁၂)ခွက်လောင်းပါ။ ဒါမှမဟုတ်ရင် မွေးနံဂြိုဟ်တိုင်မှာ ရေ (၁၂)ခွက် သပ္ပာယ်ပါ။

❋ **တေဇောဓာတ်ပျက်ရင်** လျှပ်စစ်မီး အချိန်ပိုင်းဖြင့် လှူပါ။ (၄)နာရီ လှူရပါမယ်။ ဒါမှမဟုတ်ရင် မှောင်တဲ့လမ်းမှာ အလင်းရောင်

စာမျက်နှာ (၃၀၁) သို့

www.burmeseclassic.com



◆ ဆပ်သွားဖူးအပင်များ

စင်ကြော်

# အသည်းခြောက်

BURMESE CLASSIC .com

## ရေဖျဉ်းစွဲခြင်းအတွက် ဆေးကောင်းတစ်လက်

**ပါလီပါလဲ့ကျွန်း၊ ဟိုင်းကြီးကျွန်း မြို့နယ်ခွဲတွင်** တာဝန်ထမ်းဆောင်ခဲ့စဉ်က ဖြစ်ပါသည်။ တစ်နေ့ ကျွန်းပတ်လမ်းခင်းရန် ကျောက်ထုတ်နေသောနေရာသို့ သွားရောက်ကြည့်ရှုစဉ်တွင် ကျောက်ထုတ်လုပ်ငန်း ကြီးကြပ်ရေးမှူး ဆရာခင်မောင်တစ်ယောက် ကမ်းစပ်တစ်နေရာသို့ စူးစိုက်ကြည့်ရှုနေသည်ကို တွေ့ရှိရသဖြင့်...

'ဆရာခင်မောင် ဘာတွေ ဒီလောက် စူးစမ်းလေ့လာနေတာလဲဗျ'

'ဪ... ဒီကျွန်းမှာ ဆပ်သွားဖူးပင်ကြီးတွေ အလေ့ကျ ဖြစ်ထွန်းနေတာ သဘောကျလို့ပါ'

'ဆပ်သွားဖူးပင်ပဲဗျာ၊ ဒီကျွန်းပတ်လည်မှာ ဆပ်သွားဖူးပင်တွေချည်းပါပဲ။ ဘာထူးဆန်းလို့'

ဟု ကျွန်တော်က ပြောလိုက်သည်။ ဆရာခင်မောင်က...

'ထူးဆန်းတာတော့ မဟုတ်ပါဘူး။ ဒါပေမယ့် ဒီအပင်ရဲ့အမြစ်က အသည်းခြောက်တဲ့ရောဂါ သက်သာပျောက်ကင်းတယ်လေ'

'ဟုတ်လို့လား ဆရာခင်မောင်'

'ဟုတ်ဆို ကျွန်တော့်ရဲ့ညီအစ်ကိုဝမ်းကွဲတစ်ယောက် အသည်းခြောက်ရောဂါနဲ့ ဆေးရုံတက်ခဲ့ရပြီး နောက်ဆုံးသွေးတွေအန်လာလို့ ဆရာဝန်တွေက လက်လျှော့ပြီး အိမ်ကို ပြန်နိုင်းလိုက်ပြီ။ ဒါပေမယ့် ဒီအမြစ်နဲ့ပဲ ပျောက်သွားတာ။ နောက်ပြီး ကျွန်တော့်ယောက်ဖတစ်ယောက်လဲ အသည်းခြောက်လို့ ရေဖျဉ်းတောင်စွဲနေပြီ။ သူလဲ ဒီဆပ်သွားဖူးပင်ရဲ့ အမြစ်နဲ့ပဲ ရောဂါပျောက်သွားတယ်လေ'

'ဟာ တယ်စွမ်းတာပဲ။ အသုံးပြုပုံနည်းကိုလဲ ဗဟုသုတဖြစ် ပြောပြပေးပါဦး ဆရာခင်မောင်'

'အသုံးပြုနည်းကလဲ ဘာမှ မခက်ပါဘူး။ ဆပ်သွားဖူး အပင်သေးရင် အမြစ်ကို မြေကြီးကိုတူးယူရပြီး၊ ပေ (၂၀)၊ (၃၀)မြင့်တဲ့ အပင်ကြီးဆိုရင် အပင်ခြေရင်း မြေကြီးပေါ်မှာပဲ အမြစ်တွေ ဖျာထွက်နေတတ်တယ်။

အဲဒီ အမြစ်တွေကို ဓားနဲ့ခုတ်ယူ၊ အပေါ်ယံအခွံတွေကိုခွာပြီး အတွင်းသားကို ရေစင်အောင်ဆေး၊ ပြီးရင် ဓားနဲ့ ကွမ်းသီးစိတ်လောက် အစိတ်ကလေးတွေ ရအောင်ခုတ်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com

အသားကတော့ နည်းနည်းမာတယ်။ အဲဒီအစိတ်ကလေးတွေကို (၁) လီတာ ရေသန့်ဘူးခွံထဲကို (၂)လက်မလောက် ထုရောက်အောင် ထည့်ပြီးရင် သောက်ရေကို ရေဘူး အပြည့်ထည့်ပြီး စိမ်ထားရတယ်။

အဲဒီလိုမျိုး ရေဘူးတွေ များများစိမ်ထားပြီး တစ်နေ့ကို နှစ်ဘူးလောက် သောက်ရုံပါပဲ။ သောက်ပြီးရင်တော့ ဘူးထဲက ဆပ်သွားဖူးအမြစ် အစိတ်ကလေးတွေကို အသစ်လဲပြီး သောက်ရေ ပြန်စိမ်ပေါ့။ စိမ်ထားတဲ့ရေကလဲ ဘာအရောင်၊ ဘာအနံ့မှလဲ မရှိပါဘူး။ ရိုးရိုးရေကို သောက်ရသလိုပါပဲ'

'ဩော် နည်းသိတော့လဲ အလွယ်လေးပါလား ဆရာခင်မောင်'

'ဟုတ်ပါတယ်၊ သိသူဖော်စား မသိသူကျော်သွားဆိုတဲ့ စကားပုံတောင် (ဆိုရိုးစကား) ရှိသေးတာပဲ။ သိဖို့ပဲ အရေးကြီးပါတယ်'

'အေးဗျာ ကျွန်တော်တော့ ဗဟုသုတ တစ်ခုတိုးသွားပြီ။ တခြားသူတွေလဲ ဗဟုသုတရအောင် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကနေ တစ်ဆင့် ရေးသားဖြန့်ဝေပေးလိုက်ရင် ကောင်းမယ်ထင်တယ်'

'ကောင်းတာပေါ့ဗျာ၊ ရဲရဲဝံ့ဝံ့သာ ရေးသားဖြန့်ဝေပေးလိုက်ပါ'

**မှတ်ချက် ။ ။ ထိုဆပ်သွားဖူးပင်၏အရွက်မှာ နာနတ်ရွက်နှင့် ဆင်တူပြီး နာနတ်သီးကဲ့သို့ အသီး(စားလို့မရ) သီးပါသည်။**


**ဆေးနည်း ပြောပြသော တပ်ကြပ်ခင်မောင်အား ကျေးဇူး အထူးတင်ရှိပါသည်။**

*သစ္စာ သိမြင်နိုင်ကြပါစေ။*

**စင်ရော်**

---

၂၀၁၃ ခုနှစ်၊ ဖွန်လ





**အတွက် ရွေးချယ်ပါ ဤဂဏန်း**

၂၀၁၃ ခုနှစ်၊ ဖွန်လ (၁)ရက်နေ့တွင် ဖွင့်လှစ်မည့် အောင်ဘာလေထီဖွင့်ပွဲတွင် ထွက်ပေါ်လာနိုင်သည့် ထီဂဏန်းတွဲများအား အောက်ပါအတိုင်း တွက်ချက်ဖော်ပြအပ်ပါသည်။

**အကြိမ်** ၂၉၃
**ဖွန်လ** ၆
**ခုနှစ်** ၂၀၁၃
၂၃၁၂ = ၈

**အကြိမ်၊ လ၊ ခုနှစ်** ဂဏန်းများအား တစ်လုံးတည်းဖြစ်အောင် ပေါင်းပါက **(၈)** ဂဏန်း ရသည်။ သို့ဖြစ်၍ **၂၊ ၃၊ ၅၊ ၈** ဂဏန်းများများပါအောင် ရွေးချယ်ပါ။

အထူးသဖြင့် **၂၊ ၃၊ ၅၊ ၈** ဂဏန်းများအား ရှေ့ဆုံးမှထား၍ ကံစမ်းနိုင်ကြပါသည်။

ဥပမာ

**စ...ဆုံး စ...ဆုံး စ...ဆုံး စ...ဆုံး**

၂...၂ ၃...၂ ၅...၂ ၈...၂
၂...၃ ၃...၃ ၅...၃ ၈...၃
၂...၅ ၃...၅ ၅...၅ ၈...၅
၂...၈ ၃...၈ ၅...၈ ၈...၈

မှတ်ချက် ။ ။ (...)ကွင်းအတွင်း ပြထားသော အလယ်ဂဏန်းများကို **၂၊ ၅၊ ၈** ဂဏန်းများများပါအောင် ရွေးချယ်ပါ။

"**အကြိမ်**"ဂဏန်း မပါဘဲ "**လ**"ဂဏန်း နှင့် "**နှစ်**"ဂဏန်းကိုသာ ပေါင်းပါက (၆ + ၂ + ၀ + ၁ + ၃) = ၁၂ = ၃ ဂဏန်းရသည်။ သို့ဖြစ်၍ '**၃**'ဂဏန်းမှာ အထူး အားကောင်းပါသည်။

သို့ဖြစ်၍...

**စ... ဆုံး**

၂...၂၊ ၃၊ ၅၊ ၈ ဤလတွင် **အင်္ဂါသားသမီးနှင့် ဗုဒ္ဓဟူးသားသမီး**
၃...၃၊ ၅၊ ၈၊ ၂ **များ** ထီကံပွင့်နေပါသည်။
၅...၅၊ ၈၊ ၂၊ ၃ သို့ဖြစ်၍ တန်ခိုးကြီးဘုရားတစ်ဆူဆူ၏ ရင်ပြင်တော်ကို
၈...၈၊ ၂၊ ၃၊ ၅ မိမိမွေးနေ့မှစ၍ (၅)ရက်တိတိ သန့်ရှင်းရေး ပြုလုပ်ပေးပါ။

ထို့နောက် ရင်ပြင်ရှိ ဗောဓိပင် (သို့မဟုတ်) သစ်ပင်ကြီးတစ်ပင်ကို ရေလောင်းပေးပြီး ထိုအပင်အောက်တွင် သရဏဂုံသုံးပါးကို (၁၀၈)လုံးပုတီးဖြင့် မိမိသက်စေ့ စိပ်ပွားရန်ဖြစ်သည်။

အထက်ပါအဓိဋ္ဌာန် အောင်မြင်ပြီးနောက် မိမိပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အို (၅)ဦးအား ဆေးဝါးအာဟာရ လှူဒါန်းပြီးမှ မိမိစိတ်ကြိုက်ဆိုင်တွင် ထီကံစမ်းနိုင်ပါသည်။

အထူးဂဏန်း

◆ ၃၅၅၈၂၈ ◆ ၅၃၂၈၃၅ ◆ ၈၈၃၂၅၈

*ထီကံ ပွင့်ပါစေ။*

ဆရာရဲထက် *(သုတေသီ)*